အတား:လ်ဗာ့ဂ်ပါယီသည် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ် ရာထူးကို ရယူပြီးနောက် တိုင်းပြည်သို့ ပထမဆုံး မိန့်ခွန်းပြောကြား သည်။ ထိုသို့ ပြောကြားရာတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ပို၍မြန်မြန်ထက်ထက်လုပ်ဆောင်ကာ အကြမ်းဖက်မှုနှင့် လာဘ်စားမှုကို ချေဖျက် သွား မည်ဟု ကတိပေး လိုက်သည်။

၁၈ တရုတ် သမ္မတ ကျန်ဇီမင်း သည် တရုတ်နိုင်ငံ၏ အကြီးအကဲအဖြစ် ပထမဆုံးအကြိမ် ဗြိတိန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိသည်။ လူ့အခွင့်အရေး အခြေခံတစ်ခုတည်းဖြင့် ဗြိတိန်နှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးကို ဗြိတိန်နိုင်ငံက အကဲဖြတ် ဆုံးဖြတ်မည်မဟုတ် ဆိုသော ဗြိတိန်၏ အာမခံချက်ကို သမ္မတကျန်ဇီမင်း ရရှိလိုက်သည်ဟု ရိုက်တာက ရေးသား သည်။

၁၉ အသက်အရွယ် ကြီးရင့်ပြီဖြစ်သော ဗီယက်နမ် အမျိုးသမီးကြီး တစ်ဦး သည် ၃၂ နှစ် မအိပ်ဘဲ နေခဲ့သော်လည်း တစ်နေ့တာ အိမ်အလုပ်များကို ဆောင်ရွက်နိုင်ဆဲရှိကြောင်း တရား၀င် သတင်းစာတစ်စောင်က ရေးသား ဖော်ပြသည်။

၂၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးသည် ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ညောင်ကိုင်းရေလှောင်တမံ ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြား သည်။

အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတသစ် အဗ္ဗဒူရာမန်ဝါဟစ်သည် ကျကာတာမြို့တွင် ကျင်းပသည့် ပြည်သူ့အတိုင်ပင်ခံလွှတ်တော် (အမ်ပီအာ) စုံညီအစည်းအဝေး၌ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၂၁ ရာစုအတွင်း အာရှ-ပစိဖိတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများနှင့် ပတ်သက်၍ ပြဿနာမျိုးစုံကို ဆွေးနွေး ညှိနှိုင်းရေးအတွက် ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ပီအီးစီစီ)၏ (၁၃)ကြိမ်မြောက် အထွေထွေညီလာခံကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသည်။

၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး ကယား:ပြည်နယ်၊ လွိုင်ကော်မြို့သို့ သွားရောက်သည်။ လွိုင်ကော်မြို့ရွှေတောင် ပရိယတ္တိ စာသင်တိုက်တွင် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လွိုင်ကော်မြို့၊ မြို့တော်ခန်းမတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ အမှာစကား ပြောကြား သည်။

သတ္တမ အကြိမ် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့မြို့မကျောင်းလမ်းရှိ အမျိုးသားကစားတ်ရုံ၌ ကျင်းပသည်။ သတ္တမ အကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် မိန့်ခွန်းပြောကြား သည်။

ဥရောပတွင် မူးယစ်ဆေးဝါးမှောင်ခိုကြီးထွား လာနေကြောင်း မကြာမီတွင် အမေရိကန်ပြည်ထောင်စု နေရာတွင် အစားထိုး နေရာယူလာနိုင်ပြီး တောင်အမေရိက အခြေစိုက် မူးယစ်ဆေးဝါး



အင်ဒိုနီးရှားသမ္မတသစ် အဗ္ဗဒူရာမန်ဝါဟစ် ကျမ်းသစ္စာကျိန်ဆိုစဉ်



အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်အား ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်

မောင်ခို ရောင်းဝယ်သူများအတွက် လုံခြုံစိတ်ချရဆုံးသော နေရာဖြစ်လာလိမ့်မည်ဟု အမေရိကန်နှင့် ဗြိတိန်မှ ထိပ်တန်းမူးယစ်ဆေးဝါးဆန့်ကျင်ရေးအရာရှိများက သတိပေးပြောကြားလိုက်သည်။

၂၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် အင်းလေးဒေသ နမ့်ဟူးကျေးရွာ ဖောင်တော်ဦး ဘုရားဌိ ကျင်းပသည့် အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ စံကျောင်းတော်တက်ပွဲသို့ တက်ရောက်ကြည်ညိုပူဇော်ပြီး ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကာ စံကျောင်းတော်တက်ပွဲ အထိမ်းအမှတ် ရိုးရာလေ့ပြိုင်ပွဲတွင် ဆုများချီးမြှင့်သည်။ ဗိုလ်ချုပ်ကြီး မောင်အေးသည် ပင်းလောင်းမြို့နယ်၊ တီကျစ်ဌိ တည်ဆောက်သည့် တစ်နေ့တန် ၂၀ ကျ ဘိလပ်မြေစက်ရုံအား ကြည့်ရှုစစ်ဆေးပြီး ညောင်ရွှေမြို့၊ ကန်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးနှင့် သံဃာတော်များအားဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

ဗြိတိန်၊ ပြင်သစ်နှင့် ပေါ်တူဂီ နိုင်ငံ
၂၈ များသို့ အလည်အပတ် သွားရောက်ခဲ့သော တရုတ်သမ္မတ ကျန်းဇီမင်း၏ နိုင်ငံတော်ခရီးစဉ်သည် အလုံးစုံပြီးမြောက်အောင်မြင်မှုရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးကျန်ကျိုယူက ပုံမှန်သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ပြောသည်။

တောင်အာဖရိက နိုင်ငံသည် ကုလ
၂၉ သမဂ္ဂတွင် ပူးတွဲကမကထပြုသည့် ၇၄ နိုင်ငံကို ကိုယ်စားပြုလျက် လက်နက်ငယ်များ တရားမဝင်မှောင်ခိုရောင်းဝယ်သည့်ကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို တင်သွင်းလိုက်သည်ဟု တောင်အာဖရိက နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

နိုဝင်ဘာလ

စီးပွားရေး ယိုယွင်းနေပြီး လာဘ်ပေး
၁ လာဘ်ယူမှုများပြားသည့် ပါကစ္စတန်နိုင်ငံအား ချမ်းသာကြွယ်ဝပြီး နျူကလီးယားစွမ်းအင်ပိုင်ဆိုင်သည့် နိုင်ငံအဖြစ်ပြုပြင်ပြောင်းလဲရန် ပါကစ္စတန်စစ်ခေါင်းဆောင်သစ် ဗိုလ်ချုပ်ကြီး ပါဗက်ဖ်မူရာရက်ဖ် က ကတိပြုပြောကြား လိုက်သည်။

သီရိလင်္ကာနိုင်ငံရှိ ဒုစရိုက် ကမ္ဘာမှ
၄ ဂိုဏ်းများကို အရှိန်မြှင့် နှိမ်နင်းရန်အတွက် လိုအပ်သော အဆင့်မြင့်အရာရှိများအား သီရိလင်္ကာ သမ္မတ ချန်ဒရိကာကုမာရတွန်ဂါက ညွှန်ကြားထားကြောင်း သမ္မတ အတွင်းဝန်များရုံးမှ ပြောသည်။

ဒေသဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုး
၅ တိုးတက်မှု လွယ်ကူချောမွေ့စေရန်အတွက် တရားဥပဒေကြောင်းအရ ပူးပေါင်းဆောင်ရွက်သွားကြရန် အရှေ့တောင်အာရှနိုင်ငံများကို စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်က တိုက်တွန်းလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီးမစ္စတာအဗ္ဒုရာမန်ဝါဟစ်နှင့် ဇနီး မဒမ်စင်တာနရီယာ အဗ္ဒုရာမန်ဝါဟစ် တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး

လည်ပတ်ရန်အတွက် အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

၉ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဗဟို ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄)သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

၁၁ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၉၉) ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက် အမှာစကားပြောကြားသည်။

၁၂ သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာဘက္ကသိုလ် ပထမအကြိမ် ဗုဒ္ဓဓမ္မဒီပလိုမာဒေါင်လက်မှတ် ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ သိရိမင်္ဂလာကမ္ဘာအေးဂုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် ဘက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ကမ္ဘာ့လူဦးရေအထူထပ်ဆုံး နှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် အာရှ၌ဖြစ်ပွားနေသော အေအိုင်ဒီအက်စ်ရောဂါကို ထိန်းချုပ်ဟန်တားနိုင်ခြင်း ရှိမည်သို့မဟုတ် အာဖရိကတိုက် အချို့အစားကို ကျော်လွန်ပြီး ကပ်ဘေးကြီးအဖြစ် ပေါက်ကွဲထွက်ခြင်းရှိမည်ကို ဆုံးဖြတ်ကြမည်ဟု နိုင်ငံတကာဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များက ပြောကြားကြသည်။

၁၃ ကာကွယ်ရေးဝန်ကြီးဌာန (၄၆)ကြိမ်မြောက် မိသားစု မဟာဘုံကထိန် အလှူတော် မင်္ဂလာ အခမ်းအနားကို ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဆရာတော်ကြီးများအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယူကရိန်း သမ္မတ လီယိုနစ်ကုချ်မာသည် ပြိုင်ဘက်ကွန်မြူနစ်ပါတီ ခေါင်းဆောင် ပီထရိုဆီမိုနင်ကိုအား မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိလိုက်သည်။



ယူကရိန်းသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသော လီယိုနစ်ကုချ်မာ မဲဆန္ဒရှင်များအားနှုတ်ဆက်စဉ်



ဗိုလ်မြတ်ထွန်းတံတား (ညောင်တုန်း) ဖွင့်ပွဲမြင်ကွင်း

၁၅ အရှေ့ဘက်ကမ်း ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ သောင်တန်းကျေးရွာမှ ဧရာဝတီမြစ်ကိုဖြတ်၍ အနောက်ဘက်ကမ်း၊ ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ ကြိမ်ပင်ဆည်ရွာအနီးသို့ ဆက်သွယ်တည်ဆောက်ထားသည့် ဗိုလ်မြတ်ထွန်းတံတား (ညောင်တုန်း) ဖွင့်ပွဲအခမ်းအနားကို အရှေ့ဘက်ကမ်း၊ ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ် သောင်တန်းကျေးရွာ၊ ဗိုလ်မြတ်ထွန်းတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

၁၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် အားပေးပြီး ဧရာဝတီတိုင်း၏ တည်ဆောက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း မော်ဘီမြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်ပြည်ထောင်စု ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၆)နှင့်အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၀)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းဒေါ်ဒစကားမြွက်ကြားသည်။

၁၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဦးဆောင်ကော်မတီပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ–တရုတ်စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေးဦးဆောင် ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

၁၉ ၂၀ရာစု၏ကမ္ဘာ့အားကစား အကျော်အမော်များကို ထိပ်တန်း အဆင့် နိုင်ငံတကာဂျူရီအဖွဲ့က ရွေးချယ်ခဲ့ရာဘောလုံးကြယ်ပွင့် ဘရာဇီးမှ ပီလိနှင့်ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ သမား ဟောင်း မိုဟာမက်အလီတို့သည် ဂျူရီလူကြီးများက ရွေးချယ်သည့် ၁၁ ဦး တွင်ပါဝင်ခဲ့ကြသည်။

၂၂ ဝရဒါဌာ မာတုစေတီယစွယ်တော်မြတ် စေတီတော်(ရန်ကုန်) စတုတ္ထအကြိမ် မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဒုတိယနေ့အခမ်းအနားအစီအစဉ်များကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝမ္မပါလကုန်းမြေရှိ စွယ်တော်မြတ် စေတီတော်(ရန်ကုန်)၏ဂန္ဓကုဋိတိုက် အတွင်း၌ ကျင်းပရာနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား ရွှေကြာသင်္ကန်းကပ်လှူပူဇော်ကြပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

၂၇ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုးဇက်အီ ဟာစီတို အက်စ်ထရာဒါနှင့် ဇနီးတို့၏ ဖိတ်ကြား

ချက်အရ ၁၉၉၉ ခုနှစ်၊ နိဝင်ဘာ ၂၈ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့.၌ ကျင်းပမည့် တတိယအကြိမ် အာဆီယံထိပ်သီး အလွတ်သဘော အစည်းအဝေးနှင့် အာဆီယံနိုင်ငံ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ.သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအစိုးရအကြီးအကဲများ ဆွေးနွေးသည့် အစည်းအဝေးသို့တက် ရောက်ရန် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို.မှ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ ထွက်ခွာသွားကြ သည်။

၂၈ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးသည် ဘေလည်ကျွန်းတံတားများ တည်ဆောက်ရေးစီမံကိန်း၏ ဘေလည်မြစ်တံတား(ရေပေါ်သောင်)နှင့် လှိုင်မြစ်တံတား(မြို့ချောင်း)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အမှတ်(၂) ဘဝသစ် စိုက်ပျိုးထုတ်လုပ်မှုစခန်း၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဝင်ဝန်နိုင်ငံမှ ခေါင်ဆောင်များသည် အလွတ်သဘော ထိပ်သီးအစည်းအဝေးကို မနီလာမြို့၌ စုဝေးကျင်းပကြသည်။ ထိုသို့ကျင်းပရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကိစ္စများကို အဓိကထား သည်။

၂၉ ပြည်တောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမစ္စတာ ဂျိုးဇက် အီဗာစီကိုအက်စ် ထရာဒါး၏ ဖိတ်ကြားချက်အရ ၁၉၉၉ ခုနှစ်၊ နိဝင်ဘာလ ၂၈ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် တတိယအကြိမ် အာဆီယံထိပ်သီး အလွတ်သဘော အစည်းအဝေးနှင့် အာဆီယံနိုင်ငံ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ.သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအစိုးရအကြီးအကဲများ ဆွေးနွေးသည့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဖိလစ်ပိုင် သမ္မတနိုင်ငံ မနီလာမြို့မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြ သည်။

၃၀ အင်ဒိုနီးရှား သမ္မတ အဗ္ဒဒူ ရာမန် ဝါဟစ်နှင့် ဂျကာကာမြို့သို့ ရောက်ရှိနေသော အရှေ့တီမောအမျိုးသားကော်လှန်ရေးကောင်စီ (စီအင်နအာတီ) ခေါင်းဆောင် ဆာနာနာဂတ်စမောတို့သည် နှစ်ဦးနှစ်ဖက် ဆက်ဆံရေး ပိုမိုခိုင်မာ တောင့်တင်းအောင် ဆောင်ရွက်သွားရန်သဘောတူညီကြသည်။

ဒီဇင်ဘာလ

၁ တရုတ်ပြည်သူ.သမ္မတနိုင်ငံသို့အင်ဒိုနီးရှားသမ္မတ အဗ္ဒဒူရာမန်ဝါဟစ်၏ သုံးရက်ကြာခရီးစဉ်မှ အပြီးသဘော ဆောင်သော အကျိုးအမြတ်များရရှိလာလိမ့်မည်ဟု မျှော်လင့်ကြောင်း အင်ဒိုနီးရှားအောက်လွတ်တော်(ဒီပီအာ)က ထုတ်ဖော်ကြေညာသည်။



အင်ဒိုနီးရှားသမ္မတသစ် အဗ္ဒဒူရာမန်ဝါဟစ်တရုတ်ပြည်သူ.သမ္မတနိုင်ငံ အရောက်သမ္မတကြီးကျန်ဇမင်းနှင့်တွေ့.ဆုံစဉ်

၂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသ ဘက်စုံ ဖွံ့ဖြိုး တိုးတက်မှု ဗဟိုဌာန၏ (၁၂)ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်းရှိအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ မိန့်ခွန်း ပြောကြား သည်။

၄ အရှေ့တောင်အာရှတွင် လည်ပတ်ခဲ့သော တရုတ်ဝန်ကြီးချုပ်ကျူရုံကျိ၏ အလည်အပတ်ခရီးသည် အလွန်တရာ အရေးပါပြီး အောင်မြင်မှုအပြည့်ရရှိသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး တန်ကျီဟွမ်က သတင်းထောက်များအား ပီကင်း၌ပြောကြား လိုက်သည်။

၅ မလေးရှားနိုင်ငံ၏ အတိုက်အခံပါတီဖြစ်သော ကက်ဒီလင်နေရှင်နယ်ပါတီနှင့်အခြားပါတီများသည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်စေကာမူ ယင်းတို့အား ချီးကျူးထောမနာပြုရန် အမေရိကန်ပြည်ထောင်စုကဆုံးဖြတ်ခဲ့ခြင်းသည် မလေးရှားနိုင်ငံနှင့် ပတ်သက်၍ အမေရိကန်အစိုးရတွင် ဖုံးကွယ်ထားသောလှို့ဝှက်အစီအစဉ် ရှိနေသည်ဆိုသည်ကို ပြသခြင်းပင်ဖြစ်ကြောင်းဖြင့် မလေးရှားနိုင်ငံက ကြေညာသည်။

၆ တရုတ်သမ္မတ ကျန်ဇီမင်းနှင့် ပီကင်း၌အလည်အပတ်ရောက်ရှိနေသော ကျော်ဒန်ဘုရင်ဒုတိယမြောက်အဗ္ဒဒူလာဘင်အယ်လ်ဟူစိန်တို့သည် တရုတ်၊ ကျော်ဒန် နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာဆိုင်ရာ ပြဿနာများကို ပီကင်းမြို့၌ဆွေးနွေးကြသည်။

၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် တပ်မတော်အရာရှိကြီးများနှင့်ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဒီဇင်ဘာ (၇) ရက်တွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာကြရာ ရှမ်းပြည်နယ် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြပြီး ဟဲဟိုးလေဆိပ်မှ ရဟတ်ယာဉ်များဖြင့် ညောင်ရွှေမြို့သို့ ရောက်ရှိပြီး (၁၅) ကြိမ်မြောက် သာသနာတော်လုံးဆိုင်ရာရွှေကျင်နိကာယ သံဃာ့အစည်း အဝေးကျင်းပမည့် ကန်ကြီးပရိယတ္တိ စာသင်တိုက်အတွင်းရှိ ကျောင်းဆောင်များ၌ ကြိုတင်ပြင်ဆင်ထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကွန်ဟိန်းမြို့သို့ ရောက်ရှိကြကာ ကွန်ဟိန်းမြို့တွင် တည်ထားလျက်ရှိသော မဟာကမ္ဘာဧ ပြည်ငြိမ်းအေးစေတီတော်ထီးတော်၊ စိန်ဖူးတော်၊ ငွက်မြတ်နားတော် ကင်လှူပွဲနှင့် ဗုဒ္ဓဝါဘိသေက အနေကဇာတင် အခမ်းအနား ကျင်းပရေးနှင့်စပ်လျဉ်း၍ စေတီတော် ပရိဝုဏ်အတွင်း လှည့်လည် ကြည့်ရှု စစ်ဆေးသည်။ ထိုမှ မိုင်းရှုးမြို့နယ်၊ မိုင်းရှုးရတနာမြေလွယ်ဆောင်ထောက်ဒေသသို့ ရောက်ရှိသည်။ တူးဖော်လျက်ရှိသော ကျောက်မျက် ထုတ်လုပ်မှု လုပ်ငန်းများကို



၁၃ဖေဖော်ဝါရီလ ၁၄ ရက်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲတွင်ကန်တော့ခံစာပေပညာရှင်ကြီးများအား အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူငွေနှင့်ကန်တော့ပစ္စည်းပေးအပ်စဉ်

လည်လည်ကြည့်ရှုစစ်ဆေးပြီး နမ့်ဆန်မှတစ်ဆင့် တပ်မတော် လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

၉ ပြန်ကြား:ရေး:ဝန်ကြီး:ဌာန ဝန်ကြီး:ဗိုလ်ချုပ်ကြည်အောင်က ၁၉၉၈ ခုနှစ်အတွက် အမျိုး:သား:စာပေဆု၊ ဒသမအကြိမ် အမျိုး:သား:ရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆုနှင့် ၁၉၉၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ချီး:မြှင့်ခံရသူများနှင့် ဆုရွေး:ချယ်စီစစ်ရေး:ကော်မတီဝင်များအား ရန်ကုန်မြို့ကန်တော် ကြီး ကရဝိက်ဟိုတယ်၌ ဂုဏ်ပြုညစာစား:ပွဲ ဖြင့် တည်ခင်း ကျေး:ဇူးတင်ခဲ့ပွဲ ကျင်း:ပသည်။ အတွင်း:ရေး:မှူး (၁)၊ အတွင်း:ရေး:မှူး (၃) နှင့် အစိုး:ရအဖွဲ့ဝင် ဝန်ကြီး:များ တက်ရောက် ချီး:မြှင့်သည်။

တရုတ်သမ္မတ ကျန်ဇီမင်:နှင့် ရုရှား သမ္မတ ဘောရစ်ယဲလ်ဆင် တို့နှစ်ဦး သည် တရုတ်-ရုရှား:နှစ်နိုင်ငံ ချစ်ကြည် ရင်း:နှီး:စွာ ပူး:ပေါင်း ဆက်ဆံရေး:နှင့် ကျယ်ကျယ်ပြန့်ပြန့် တစ်စိတ်တစ်ဝမ်း:တည်း သဘောတူညီမှု ရရှိရေး:အတွက် အတည်ပြုချက်ရရန် ပီကင်း:မြို့၌ အလွတ်သဘော ဒုတိယ အကြိမ် ထပ်မံဆွေး:နွေး:ကြသည်။

၁၁ ၁၃ဖေ ခုနှစ်၊ မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ အခမ်း အနား ကို ရန်ကုန်မြို့၊ မြို့တော်ခန်း:မ အစည်း:အဝေး:ခန်း:မ၌ကျင်း:ပရာ နိုင်ငံတော်အော်:ချမ်း သာယာရေး:နှင့်ဖွံ့ဖြိုး:ရေး:ကောင်စီ အတွင်း:ရေး:မှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ သက်ကြီး စာပေပညာရှင်ကြီး:များ:အား လက်အုပ်ချီမိုး: ကန်တော့်ကာ အလှူငွေများ နှင့် ကန်တော့ ပစ္စည်း:များ ပေး:အပ်သည်။

၁၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် အော်:ချမ်း:သာယာရေး:နှင့်ဖွံ့ဖြိုး:ရေး:ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦး:စီး:ချုပ်၊ ကာကွယ်ရေး:ဦး:စီး:ချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး:သည်ရှမ်း:ပြည်နယ်၊ ညောင်ရွှေမြို့၊ ကန်ကြီး ပရိယတ္တိ စာသင်တိုက်၌ ကျင်း:ပသည့် ပန္နရသမ (၁၅) ကြိမ်မြောက် သာသနာတော်လုံး:ဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်း:လုံး:ကျတ် သံဃာ အစည်း:အဝေး:ကြီး:သို့ တက်ရောက် ကြည်ညို၍ လှူဖွယ်ဝတ္ထု ပစ္စည်း:များ ဆက်ကပ်လှူဒါန်း:သည်။

ယူဂိုဆလား:ဗီး:ယား:နိုင်ငံ ဘဲဂရိတ်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး:အား မြောက်အတ္တလန္တိတ်စာချုပ် အဖွဲ့ (နေတိုး) က ဗုံး:ကြဲတိုက်ခိုက်ခဲ့ခြင်း:ကြောင့် ဖြစ်ပေါ်လာခဲ့ရသော ပျက်စီး ဆုံး:ရှုံး:မှုများနှင့် ယင်း:ကဲ့သို့ ဗုံး:ကြဲတိုက်ခိုက်ခဲ့ပြီး: နောက်ပိုင်း:တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အမေရိကန် သံတမန် မစ်ရှင်အဖွဲ့အား: အပြင်:အထန် ဆန့်ကျင် ကန့်ကွက်ဆန္ဒပြမှုများ:နှင့် ပတ်သက်၍ တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု အစိုး:ရအရာရှိများ: ပဉ္စမအကြိမ် ဆွေး:နွေး:ပွဲကို စတင်ကျင်း:ပသည်။

၁၅ ဆောက်လုပ်ရေး:ဝန်ကြီး:ဌာန ပြည်သူ့ဆောက်လုပ်ရေး:လုပ်ငန်း:က တည်ဆောက်ပြီး:သွား:သော ရခိုင်ပြည်နယ်မင်း:ပြား မြို့နယ် ရန်ကုန်-စစ်တွေ ကား:လမ်း:ပေါ်ရှိ ရာမောင်တံတား:ဖွင့်ပွဲ အခမ်း:အနား:ကို အဆိုပါတံတား:အနီး:ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်း:ပရာ နယ်စပ်ဒေသနှင့် တိုင်း:ရင်း:သား လူမျိုး:များ:၏ ဖွံ့ဖြိုး:တိုး:တက်မှု အကောင်အထည်ဖော်ရေး:လုပ်ငန်း:ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အော်:ချမ်း:သာယာရေး:နှင့် ဖွံ့ဖြိုး:ရေး ကောင်စီ အတွင်း:ရေး:မှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကား:ပြောကြား:သည်။

၁၆ ယူဂိုဆလား:ဗီး:ယား:နိုင်ငံကို မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ (နေတိုး) ကလေကြောင်:မှတိုက်ခိုက်ခဲ့စဉ်တွင် ဘဲဂရိတ်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး:အား ဖျက်ဆီး:ခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စုက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လျော်ကြေး:ငွေ အမေရိကေါလာ ၂၈

သန်းပေးလျော်ရန် အမေရိကန်ပြည်ထောင်စုက သဘောတူလိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြလိုက်သည်။

၁၇ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ရန်ကုန်မြို့၊ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည်။ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက် မိန့်ခွန်း ပြောကြား၊သည်။

၁၈ ရန်ကုန်တိုင်းတာမွေမြှုနယ်နတ်ချောင်းရပ်ကွက်၌ ဆောက်လုပ် ပြီးစီးသွား၍ ဖွင့်လှစ်ခဲ့သော မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို အဆိုပါ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး ဧရာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဧနီး ဒေါ်ကြိုင်ကြိုင် တို့ တက်ရောက်ပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်း သည်။

၁၉ ရွှင်မြူးပျော်ရွှင်နေကြသောပီကင်းမြို့တော်သူ မြို့တော်သား ၃၀၀၀၀ တို့သည် မိခင်တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကာအိုကို လွှဲပြောင်းသည့် အခမ်းအနား ကျင်းပနိုင်ရေးအတွက် ရေခဲလှုမတက် အေးမြသည့် အအေးဒဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ကာ ပီကင်းမြို့တီယန်နာမင်ရင်ပြင်သို့ စုရုံးရောက်ရှိလာကြသည်။ တီရန်နာမင်ရင်ပြင်တွင် မီးလုံးမီးပန်း ထောင်ပေါင်းများစွာဖြင့် ခမ်းနားထည်ဝါစွာ ထွန်းညှိထား သဖြင့် လင်းထိန်တောက်ပလျက် ရှိသည်။

၂၁ ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်သည် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံ နိုင်မှုအခြေအနေ တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်လျက် ကမ္ဘောဒီးယားအစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ ဆွေးနွေးပွဲ ဖိုရမ်တွင် ရင်းနှီးမြှုပ်နှံရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

၂၂ ရွှေတိုဂုံ စေတီတော်မြတ်ကြီးတွင် လွန်ခဲ့သော ၁၂၈ နှစ်က မင်းတုန်းမင်းကြီး တင်လှူပူဇော်ခဲ့သော မူလထီးတော်ဟောင်းကို အများပြည်သူတို့ လေ့လာဖူးမြော် ကြည်ညိုနိုင်စေရန်အတွက် စေတီတော်၏ ရင်ပြင်တော် တနင်္ဂနွေထောင့်ရှိ အောင်မြေဌာန၌ ထီးတော်စေတီတော် တည်ထားပူဇော်ခဲ့ပြီး ယင်းစေတီတော်၏ ရွှေထီးတော်တင်လှူပူဇော်ပွဲ၊ အထက်ဌာပနာတော်သွင်း၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားတို့ကို ရွှေတိဂုံရင်ပြင်တနင်္ဂနွေထောင့်ရှိအောင်မြေတန်းဆောင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဧနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ ဆရာတော်ကြီးများထံ စေတီတော်တွင် ဌာပနာမည့် ဓာတ်တော်မွေတော်များကို ဆက်ကပ်၍ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင် မွမ်းမံ တည်ဆောက်ရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ဌာပနာပစ္စည်းများကို စေတီတော်၏ အထက်ဌာပနာတိုက်တွင် သွင်းလှူပူဇော်ကာ စေတီတော်၏ ထီးတော်ကိုတင်လှူပူဇော်သည်။


၂၃ ရှမ်းပြည်နယ် (တောင်ပိုင်း)ကွန်းဟိန်းမြို့၊ မဟာဓမ္မောဒယကုန်းတော်မြတ်၌ တည်ထားကိုးကွယ်သည့် မဟာကမ္မောဇပြည်ငြိမ်းအေး စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ရင်ပြင်ရှိ ဗဟိုမင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)၊ ဗိုလ်ချုပ်ကြီး မောင်အေး နှင့် ဧနီး ဒေါ်မြမြစန်းတို့ တက်ရောက် ကြည်ညိုစိန်ပူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို တင်လှူပူဇော်ကြသည်။

၂၄ ရန်ကုန် အနောက်ပိုင်း ခရိုင်ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ကိုးထပ်ဆွမ်းစားကျောင်းဆောင်သစ်ကြီး တည်ဆောက်ရေးအတွက် တတိယအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မဟာသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ဌာပနာပစ္စည်းများကို ဆက်သွယ်သော အဓိကလမ်းကြောင်းကို သိမ်းပိုက်နိုင်ရန် သီရိလင်္ကာမြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်းတစ်ခုကို အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်ဟု စစ်ဘက်အရာရှိများက ပြောကြား၊သည်။


၂၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ချောင်မာလေဆိုင်ရာဆန်၏ ဖိတ်ကြား၊ချက်အရ လာအို ပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွား၊ရောက်ခဲ့ပြီး နောက် ဗီယန်ရှင်းမြို့မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည် ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) စစ်ဆင်ရေး အထူးအဖွဲ့မှူးနှင့် စစ်ဦးစီး အရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

၂၅ တမီးလ်ကျား သူပုန်တို့သည် ၄င်းတို့ ကျက်ဖ်နာ အခိုင်အမာ စခန်းဟောင်းနှင့် ပြည်ပကို ဆက်သွယ်သော အဓိကလမ်းကြောင်းကို သိမ်းပိုက်နိုင်ရန် သီရိလင်္ကာမြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်းတစ်ခုကို အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်ဟု စစ်ဘက်အရာရှိများက ပြောကြား၊သည်။

၂၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ချောင်မာလေဆိုင်ရာဆန်၏ ဖိတ်ကြား၊ချက်အရ လာအို ပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွား၊ရောက်ခဲ့ပြီး နောက် ဗီယန်ရှင်းမြို့မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည် ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) စစ်ဆင်ရေး အထူးအဖွဲ့မှူးနှင့် စစ်ဦးစီး အရာရှိချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးအား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။



အလှူရှင် ပြည်သူတို့ ဆက်ကပ်ပူဇော်ထားသည့် ရတနာ ပစ္စည်းများနှင့် စီခြယ်ထားသော ငှက်မြတ်နားတော်ကို မြတ်ဘုရား ရွှေတိဂုံ ထီးတော်တင်ပွဲ ကာလအတွင်း ဤသို့ အနီးကပ် ကြည်ညိုသာဓုခေါ် နိုင်သည်။



ရွှေတိဂုံ စေတီတော်ကြီး၏ ထိပ်ဆုံးရှိ ၇၆ ကာရက်စိန်ဖူးတော်ကြီးကို အနီးကပ် ဖူးတွေ့ရစဉ်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံသို့
ချစ်ကြည်ရေးရောက်ရှိခဲ့ရာ ထိုင်းနိုင်ငံဘုရင်မင်းမြတ်အား ဒူးဆစ်နန်းတော်တွင် တွေ့ဆုံနှုတ်ဆက်စဉ်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး ဝဲကြီးရေလှောင်တမံ ရာပြည့်ဆည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်



၁၉၉၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် အကောင်ဆုံး အမျိုးသမီးဇာတ်ပို့ဆုရ နန္ဒာလှိုင်အား
ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ရွှေစင်ရုပ်ဆု ချီးမြှင့်စဉ်



ဗိုလ်မြတ်ထွန်းတံတားဖွင့်ပွဲ မြင်ကွင်း



ရွှေဟောင်း လက်ဝတ်ရတနာများနှင့် အနုပညာ လက်ရာမြောက် ရွှေဟောင်းပစ္စည်းများ ပြပွဲတွင် ပြသထားသော နှစ်ပေါင်းရာကျော် သက်တမ်းရှိ မြန်မာ့ယဉ်ကျေးမှုပြယုဂ် မှန်စီရွှေချ ယွန်းဆွမ်းအုပ်များ



ရှေးဟောင်းလက်ဝတ်ရတနာများနှင့် အနုပညာ လက်ရာမြောက် ရှေးဟောင်းပစ္စည်းများပြပွဲတွင် တွေ့မြင်ရသော ပျူ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်ခေတ်များအလိုက် လှပျိုဖြူတို့၏ ဝတ်စားဆင်ယင်ဟန်

အပိုင်း - ၂

ဘာသာသာသနာ၊လူမှုရေး၊ယဉ်ကျေးမှု၊တည်ဆောက်ပြုပြင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ကျန်းမာရေးနှင့်အခြားနှစ်ချုပ်ဆောင်းပါးများ

မြတ်ဘုရားရွှေတိုက် ထီးတော်တင်ပွဲ ..... ကျော်ဖုန်းမြင့်(ဓာတုဗေဒ) ၃၄

အပြည်ပြည်ဆိုင်ရာ..... မောင်ငွေဌေး(လူမှုဝန်ထမ်း)..... ၄၆

သက်ကြီးရွယ်အိုများနေ့

တိုးတက်ပြောင်းလဲလာသည့် ..... ဦးမင်းနိုင် ၅၄

လက်မှုအနုပညာ

တည်ဆောက်ဖွင့်လှစ်ပြီး စီမံကိန်းဝင်..... ကံမြင့် ၆၀

တံတားကြီးများ

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ..... ချမ်းငြိမ်းမြင့် ၇၀

မြန်မာနိုင်ငံ ငါးလုပ်ငန်း ..... လေ့လာသူတစ်ဦး ၇၆


လာမည့် ဂုဏ်နှစ်များအတွက် ..... ဆရာဝန်တင်ရွှေ ၈၂


ကျန်းမာရေးမိတ်ဆက်


နှစ်၅၀အတွင်း မြန်မာဝတ္ထုများတွင် ..... ဦးသန်းထွတ်(တိုက်စိုး) ၉၄

မြန်မာ့လူအဖွဲ့အစည်းနှင့် ဦးသော်ကောင်း

လူမှုဓလေ့များထင်ဟပ်ချက်







မြတ်ဘုရား ရွှေတိဂုံ ထီးတော်တင်ပွဲ

သိဂုံတွင်ရှိ ကုန်းတော်ပေါ်မှ ရွှေတောင်ကြီးအလား သပ္ပါယ်စွာ တည်ရှိသော ရွှေတိဂုံစေတီတော်ကြီးသည် မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓသာသနာ ထွန်းလင်းပုံဖော်ညွှန်းလျက်ရှိပါသည်။ ကမ္ဘာအဲ့ဖွယ်များတွင် တစ်ခုအပါအဝင် ဖြစ်သော ရွှေတိဂုံစေတီတော်ကြီးသည် မြန်မာနိုင်ငံအထိမ်းအမှတ် ဗုဒ္ဓအဆောက်အအုံလည်းဖြစ်သည်။ ဗုဒ္ဓသာသနာတော်တွင် ရွှေတိဂုံစေတီတော်သည် ပထမဆုံးစေတီဖြစ်သည်။

ဘုရားရှင် လေးဆူတို့၏ ဓာတ်တော် မွေတော်များကို ဌာပနာ၍ သိကြား၊ ဗြဟ္မာ၊ နတ်အပေါင်းတို့နှင့် ဥက္ကလာမင်း၊ ကုန်သည်ညီနောင် အပါအဝင်ပြည်သူပြည်သား လူအများတို့ပေါင်းစည်းအားဖြင့် ရွှေတိဂုံစေတီတော်ကြီးကို တည်ထားပူဇော်ခဲ့သည်။

ရွှေတိဂုံစေတီတော်ကြီး၏ ဗုဒ္ဓဝေယျာဝစ္စအဝဝတို့ကို ဥက္ကလာပမင်းဆက် ၃၂ ဆက်တို့ ဆက်ခံတာဝန်ယူခဲ့သည်။ မင်းဆက်ပြတ်သောအခါ ဥက္ကလာပနေပြည်တော်ကြီး တစ်စတစ်စ တိမ်ကောခဲ့ရသည်။ သာသနာတော်နှင့်အတူ နေပြည်တော်ကြီး မှေးမှိန်ခဲ့သည်။ စေတီတော်ကြီးကို ခြင်္သေ့ယဉ်ပိတ်ပေါင်း သစ်ကြီးဝါးကြီးများ ဖုံးလွှမ်းသည်။

သာသနာတော် သက္ကရာဇ် ၂၃၅ ခုနှစ်တွင် အသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးကို အမှူးပြု၍ ရဟန္တာ ၁၀၀၀ ဖြင့် တတိယအကြိမ် သင်္ဂါယနာတင်တော်မူသည်။ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန် စေလွှတ်သည်။ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ (သထုံ) သို့ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ခေါင်းဆောင်သည့် မထေရ်ငါးပါးကို စေလွှတ်တော်မူသည်။ ယင်းမထေရ်ကြီးများက ဘုရင်သီရိဓမ္မာသောကနှင့် ပြည်သူတို့အား ရွှေတိဂုံစေတီတော်၏ သမိုင်းကို မြွက်ကြားသဖြင့် ခြင်္သေ့ယဉ်ပိတ်ပေါင်းအကြား မှ ရွှေတိဂုံစေတီတော်မြတ် ပြန်လည်ပေါ်ထွန်းလာပြီး ပူဇော်လှူဒါန်းဖူးမြော်သူများ စဉ်ဆက်မပြတ်ရှိလာရသည်။

ရွှေတိဂုံစေတီတော် ပြန်လည်ပေါ်ထွန်းလာပြီးနောက် သရေခေတ္တရာ ပြည်ကိုအစိုးရသော ဒွတ္တဘောင်မင်းကြီးသည်လည်းကောင်း၊ ပုဂံပြည့်ရှင် အနော်ရထာမင်းသည်လည်းကောင်း သဒ္ဓါကြည်ညိုပူဇော်ဖူးမြင်သည်။ ခရစ်နှစ် ၁၃၇၂ ခုနှစ် ဟံသာဝတီတွင် နန်းစံသည့် ဗညားဉီးမင်းသည် ပျက်စီးယိုယွင်းနေသည့် စေတီတော်ကို ပြုပြင်မွမ်းမံရာ ဗညားဉီးနှင့်အတူ ဒဂုံ၊ ဒလ၊ သန်လျင်၊ မုတ္တမတို့မှ ပြည်သူများပါဝင်ကြသည်။

ခရစ်နှစ် ၁၄၃၆ ခုနှစ်တွင် ပြင်းထန်သော မြေငလျင်ကြောင့် ရွှေတိဂုံစေတီတော်သည် ခေါင်းလောင်းတော်အထိ ပြိုကျပျက်စီးသွားသည်။ ရာဇာဓိရာဇ်မင်း၏သား တော်ဗညားရန်ခိုက်မင်း (ခရစ်နှစ် ၁၄၂၆–၁၄၄၆) သည်စေတီတော်ကို ပြုပြင်မွမ်းမံသည်။ စေတီတော်ငယ်၍ ကုန်းတော်ကျယ်နေသဖြင့် စေတီတော်တိုးချဲ့တည်ရန် စီစဉ်သည်။

ခရစ်နှစ် ၁၄၄၃ ခု၊ မြန်မာသက္ကရာဇ် ၈၀၅ ခုနှစ်တွင် တိုးချဲ့တည်ထားသည်။ ဦးစွာပထမ စေတီတော်၏ ပန်းခုံတော်မူလ ၂၂ တောင်မှ အကျယ် ၁၃၀ တောင်ဖြစ်စေရန် တစ်ဖက်လျှင် ၅၄ တောင်စီ တိုးချဲ့သည်။ ကုန်းတော်ကို ဖြို၍ မြေညှိသည်။ အတောင် ၁၃၀ ဖြင့်ပန္နက်တော်တင်ပြီး ရင်ပြင်တော်ကို အဆင့်ငါးဆင့်ပြုပြင်လျက် မူလစေတီတော်ကိုင်ကာ ဘာဏ်တော် ၃၀၂ ပေအထိတိုးမြှင့်ရန်စတင်သည်။ ထိုစဉ် ဗညားရန်ခိုက်မင်းနတ်ရွာစံလေသည်။

ဗညားရန်ခိုက်မင်းကို ဆက်ခံသော ဗညားဗရူးမင်း (ခရစ်နှစ် ၁၄၄၆– ၁၄၅၀) ကဆက်လက်တည်၍ မပြီးစီးမီ နတ်ရွာစံ ကဲတော်ကုန်သည်။ ထိုမင်းဆက်ခံသည့် ဗညားကင်းဒေါမင်း (ခရစ်နှစ်၁၄၅၀–၁၄၅၃) လက်ထက်တွင် ဘာဏ်တော်အမြင့် ၃၀၂ ပေထိ တည်တော်မူနိုင်သည်။

ရှင်စောပုသည် မွန်ဘုရင်ရာဇာဓိရာဇ်၏ သမီးတော်၊ ဗညားရန်ခိုက်မင်း၏ နှမတော်၊ ဗညားဗရူးမင်း၏ မယ်တော်ဖြစ်သည်။ ဘုရင်မကြီးရှင်စောပု (ခရစ်နှစ် ၁၄၅၃–၁၄၆၀) သည် ဟံသာဝတီထီးနန်းကို ခုနစ်နှစ်ခန့်သာ စိုးစံပြီး သမက်တော် အိမ်ရှေ့မင်း ဓမ္မစေတီကို ထီးနန်းလွှဲအပ်ကာ နောက်လိုက်နောက်ပါများဖြင့် ဒဂုံမြို့သို့ပြောင်းရွှေ့သည်။ ရှင်စောပုသည် ရွှေတိဂုံစေတီတော်မြတ်နှင့် မနီးမဝေးဌာ မြို့သစ်နန်း

တည်လျက် စံတော်မူပြီး စေတီတော်ကြီး၏ ဝေယျာဝစ္စကုသိုလ်တော်အတွက် စနစ်တကျစီမံသည်။

စေတီတော်ပတ်လည်မြေကို ဝတ္တကံပရိစ္ဆဒပြုလွှဲဒါန်းသည်။ ရွှေတိဂုံကုန်းတော်နှင့် ပစ္စယာမျာ:ကို ပြုပြင်သည်။ အုတ်တံတိုင်း နှစ်ထပ်ကာသည်။ စောင်းတန်းလေးဘက်တွင် စာသုံးပင်မျာ:စိုက်၍ ဥယျာဉ်ကြီးမျာ:ပြုလုပ်သည်။ စေတီတော်ရင်ပြင်တွင် လိုအပ်သမျှပြင်ဆင်သည်။ ဘုရင်မကြီး၏ကိုယ်အလေးချိန်အတိုင်း ရွှေ ၂၅ ပိသာကို ရွှေမျက်ပါးခတ်ပြီး စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူသည်။

ဓမ္မစေတီမင်းသည် စေတီတော်ကို ဆက်လက်စောင့်ရှောက်သည်။ အဝ ၈ တောင်၊ စောက် ၁၂တောင် ခန့်ရှိ အလေးချိန်ပိသာ တစ်သောင်းကျော်ရှိ ကြေးစင်ခေါင်းလောင်းတော်ကြီး သွန်းလှူပူဇော်သည်။ ဓမ္မစေတီခေါင်းလောင်းတော်ကြီးဟု အမည်ထင်ရှား:ခဲ့သည်။

ဓမ္မစေတီမင်း၏ သား:တော်ဗညား:ရန်စည်မင်း: ခရစ်နှစ် (၁၄၉၂-၁၅၂၆) လက်ထက် ခရစ်နှစ် ၁၄၉၄ တွင် လေပြင်းမုန်တိုင်း: တိုက်ခိုက်၍ ထီးတော်မြေခသည်။ ထီးတော်ကောက်ယူ၍ ထီးတော်အသစ်ပြုလုပ်ပြီး: တင်လှူခဲ့သည်။ ဗညား:ရန်စည်သည် မိမိအသက် (၄၈) နှစ်မြောက်သက်စောင့်အလှူအဖြစ် ရွှေတိဂုံစေတီတော် ပထမပစ္စယာပလ္လင်တော်ထက်၌ စေတီရံ ၄၈ ဆူကိုလည်: တည်တော်မူသည်။

ပေ ၁၉၀ ခန့်မြင့်သော သိဂုံတ္တရကုန်းတော်ပေါ်တွင် ရွှေတိဂုံစေတီတော် တည်ထား:ခဲ့ခြင်း:ဖြစ်သည်။ သိဂုံတ္တရကုန်းမြေ၏ အရှေ့ဘက် ပေ ၁၆၀ ခန့်အကွာတွင် တောင်နှင့်မြောက်တန်းနေသော မြေအောက်ရွှေ့ပြတ် တစ်ခုတည်ရှိနေသည်။ ၄င်းသည် မြေငလျင်လှုပ်ရခြင်း:၏ အဓိကအကြောင်း:ရင်း:ဖြစ်ကြောင်း: ဘူမိဗေဒပညာရှင်မျာ:က ဆိုကြသည်။

မြေငလျင်ဒဏ်ကြောင့် ကုန်းတော်ပေါ်ရှိ စေတီတော်မြတ်ကြီး အကြိမ်ကြိမ် ပျက်စီး:ယိုယွင်း:မှုမျာ: ဖြစ်ပေါ်ရသည်။ ဖြစ်ပွာ:တိုင်း:ပင်ထိုစဉ်က တိုင်း:ပြည် အုပ်ချုပ်မင်း:လုပ်ကြသော မင်း:အဆက်ဆက်တို့က ကြီး:မှူး:၍ ပြုပြင်မွမ်း:မံလှူဒါန်း:ခဲ့ကြသည်။

ခရစ်နှစ် ၁၅၄၂ ခုတွင်မင်း:တရာ:ရွှေထီး:သည် စေတီတော်ကြီး:ကို မကိုင့်တင်လှူလျက် မိမိကိုယ်လေး:တော်နှင့်ဆက်၍ ရွှေမျာ:ပေါင်း:စပ်ပြီး: လုံး:တော်ပြည့် ရွှေသင်္ကန်း: ကပ်လှူသည်။

ခရစ်နှစ် ၁၅၆၄ ခုတွင် ဘုရင့်နောင်မင်း:တရာ:ကြီး: သည် မြေငလျင်ကြောင့် စေတီတော်ကြီး ပြိုလဲရာပြုပြင်တည်ထား:သည်။ ထီး:တော်မကိုင့်တော်တင်လှူ၍ လုံး:တော်ပြည့်ရွှေသင်္ကန်း:ကပ်သည်။

ခရစ်နှစ် ၁၅၈၂ ခုတွင် ဘုရင့်နောင်မင်း:တရာ:ကြီး:၏ သား:တော်နန္ဒဘုရင်လက်ထက်၌ ရွှေထီး:တော်ကြီး:ကို ထီး:တော် သစ်တင်လှူပြီး: ၄ က်ပေျာဖူး:အထက်ပိုင်း:ကို ရွှေသင်္ကန်း:ကပ်လှူခဲ့သည်။

ခရစ်နှစ် ၁၆၀၈ ခုတွင် မြေငလျင်ကြောင့် စေတီတော်ကြီး:၏ ချယာ:သီး:ဖောင်း:လုံး:ဖောင်း:မတို့ မြေသို့ကျ၍ ခေါင်း:လောင်း:ပုံသာကျန်ရှိသည်။ ၁၆၁၀ ပြည့်နှစ်၌ အင်္ဂပုတ်ဆရာတော်ကြီး: ကြီး:မှူး:လျက် စေတီတော်မူလပုံသဏ္ဌာန်အတိုင်း: ထီး:တော်သစ်တင်လှူခဲ့သည်။

ခရစ်နှစ် ၁၆၁၉ ခု၌ အနောက်ဘက်လွန်မင်း:က ရွှေထီး:သစ်တင်လှူသည်။ ခရစ်နှစ် ၁၆၂၀ ငလျင်ကြောင့် စေတီတော်အထွတ်ပြုတ်ကျလေရာ အနောက်ဘက်လွန်မင်း:က ၁၆၂၂ ခုနှစ်တွင် ထီး:တော်သစ်တင်လှူပြန်သည်။

ခရစ်နှစ် ၁၆၄၉ တွင် ထီး:တော်ကြီး:တိမ်း:စောင်း: သွား:၍ ပင်:တလဲမင်း:က ပြင်ဆင်ခဲ့သည်။ ခရစ်နှစ် ၁၆၅၂ ခု၌ မြေငလျင်ကြောင့် ထီး:တော်ကြီး:မြေခသဖြင့် ပဲခူး:သို့ပို့ပြီး: ပြင်ဆင်တင်လှူခဲ့ရသည်။

ခရစ်နှစ် ၁၆၆၁ ခု၌ မြေငလျင်နှင့် လေပြင်း:မုန်တိုင်း: ကြောင့် ထီး:တော်သုံး:ဆင့်မြေခရာ ထီး:တော်ကို အင်း:ဝသို့ ယူဆောင်ပြီး: ၁၆၆၃ ခုနှစ်တွင် ပြည်မင်း:က မွမ်း:မံပြီး: ထီး:တော်ကိုတင်လှူသည်။

ခရစ်နှစ် ၁၆၆၄ ခု၌ မြေငလျင်ကြောင့်ထီး:တော် အနောက်မြောက်သို့ လျှောကျပြီး: စိန်ဖူးနှင့်၄က်မြတ်နား:မှာ ထီး:တော်ထိပ်ပိုင်း: အတူဆိုင်းကြိး:မျာ:၌ တွဲလွဲရှိလေသည်။ တစ်နှစ်ခန့်ကြာအောင် စေတီတော်ကြီး: လုံး:တော်ပြည့် အင်္ဂတေသင်္ကန်း:ကပ်လှူပြီး: ခရစ်နှစ် ၁၆၆၇ ခုတွင်မှ ထီး:တော်သစ်ကိုတင်လှူနိုင်သည်။ ခရစ်နှစ် ၁၆၇၉ တွင် ငလျင်ကြောင့် ပျက်စီးပြန်ရာ ပြည်သူတို့ ပြုပြင်လှူဒါန်း:ရ၏။

အလောင်း:မင်း:တရာ:ကြီး:သည် ခရစ်နှစ် ၁၇၅၅ နှင့် ၁၇၅၇ တွင် စေတီတော်ကြီး:ကို ဖူး:မြင်ကြည်ညို၍ ဇရပ်ကြီး: လေး:ဆောင်ကို ဆောက်လုပ်လှူဒါန်း:သည်။



ရွှေထီးတော် မတင်လှူမီ ရွှေတိဂုံစေတီတော်ရင်ပြင်ရာဟုထောင့်မင်္ဂလာမဏ္ဍပ်၌
ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ပြည်သူများကိုးပါးသီလ ဆောက်တည်ကြစဉ်

၉– ၆– ၁၇၆၈ ရက်နေ့တွင် တုန်လှုပ်သောငလျင် ကြောင့် ပျက်စီးမှုကို ဆင်ဖြူရှင်မင်းတရားက ပြုပြင်သည်။ ပျက်စီးသွားသောမူလပန်းတင်ခုံ စတုရန်းသဏ္ဌာန် ၉၀၀ ကို ဖွင့်ပြီး ပန်းတင်ခုံအသစ်ကို ပြုပြင်မွမ်းမံသည်။ ဉာဏ်တော်အမြင့် ၃၂၆ ပေအထိတည်ဆောက်သည်။ ခြောက်နှစ်ကြာ စေတီတော်ကို ပြုပြင်မွမ်းမံပြီး ဆင်ဖြူရှင်မင်းသည် ရွှေကိုယ်အလေးချိန် ၄၇ ပိဿာနှင့် ၃၅ ကျပ်သားကို မျက်ပါးခတ်လျက် လုံးတော်ပြည် ရွှေသင်္ကန်းဆက်လေသည်။ ၁၅– ၃– ၁၇၇၅ တွင် ဆင်ဖြူရှင်မင်းတရားကြီး ကိုယ်တော်တိုင် စေတီတော်ကြီးကို ရွှေထီးတော်တင်သည်။

ခရစ်နှစ် ၁၇၇၆ ခုတွင် ဆင်ဖြူရှင်၏သားတော်စဉ်ကူးမင်း လက်ထက်၌ ရွှေတိဂုံစေတီတော်မြတ်ကို လှူဒါန်းရန်ခမည်း တော်ရည်စူးသွန်းလုပ်၍ မပြီးစီးခဲ့သည့် ခေါင်းလောင်းတော် ကြီးကို အပြီးသွန်းလုပ်လှူဒါန်းတော်မူသည်။ စဉ်ကူးမင်း ခေါင်းလောင်းတော်ကြီးဟုထင်ရှားသည်။ ခေါင်းလောင်း တော်ကြီးမှာအချင်းငါးတောင်၊ အမြင့်ခုနစ်တောင်နှစ်မိုက်၊ လုံးပတ် ၁၅ တောင်နှင့် ထုအထူနှစ်မိုက်ငါးသစ်ရှိသည်။ အလေးချိန် ၁၅၅၅၅ ပိဿာရှိသည်။

ခရစ်နှစ် ၁၇၆၉ ခုနှစ်တွင် ဆင်ဖြူရှင်မင်းတရားကြီး ကွယ်လွန်သွားသဖြင့် သားတော်စဉ်ကူးမင်းသည် ရန်ကုန် မြို့သို့ ရောက်တော်တော်ဝင်းခင်း၌ ယာယီနန်းစံသည်။ ထိုအချိန်တွင် နယ်ချဲ့ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးဖြစ်သည်။ ရွှေချိန် ၃၂၀၀ ကျပ်သားကို မျက်ပါးခတ်၍ စေတီတော်ဖိနပ် အောက်မှ ငှက်မနားတော် ထိ ရွှေသင်္ကန်းကပ်လှူသည်။ သာယာဝတီမင်းသည် အမြင့် ကိုးတောင် တစ်မိုက်သုံးသစ်၊ အနားလုံးပတ်တော် ၁၅ တောင်၊ ခါးစည်းလုံးပတ် ၁၃ တောင်တစ်မိုက်လက်လေးသစ် အဝအချင်း ငါးတောင်၊ ထုအထူ လက်လေးသစ် ရှိသော ခေါင်းလောင်းတော်ကြီးကို ခရစ်နှစ် ၁၈၄၄ ခုနှစ်၌ စေတီတော်ရင်ပြင် အရှေ့မြောက်ဘက်တန်ဆောင်၌ တန်ဆောင်ပြာ သာဒနှင့်တကွ လှူဒါန်းသည်။ သာယာဝတီမင်း ခေါင်းလောင်းဟု ထင်ရှားသည်။

ခရစ်နှစ် ၁၇၇၅ ခုနှစ်က ဆင်ဖြူရှင်မင်းတရားကြီး တင်လှူခဲ့သော ရွှေထီးတော်ကြီးသည် ၁၈၆၉ ခုနှစ်တွင် သက်တမ်း ၉၅ နှစ်မျှ ရှိခဲ့ချေပြီ။ ယိုယွင်းပျက်စီးလာ သဖြင့် ထီးတော်သစ်တင်ရန် အခြေအနေသို့ရောက်ရှိလာသည်။ အင်္ဂလိပ်လက်အောက်ကျရောက်နေသော အောက်မြန်မာ နိုင်ငံမှ မြန်မာတို့သည် အထက်မြန်မာနိုင်ငံရှိ မင်းတုန်းမင်း

တရား:ထဲသို့ ထီး:တော်ပြုပြင်ရန် လျှောက်ထား:လွှာ ပေး:ဆက်ကြသည်။

မင်း:တုန်း:မင်း:ကြီး:သည် သံချက်ဝန်ဦး:မှူကိုတာဝန်ပေး:သည်။ မန္တလေး:နေပြည်တော်တွင် ထီး:တော်ကြီး:ကို ဘုံခုနစ်ဆင့်ဖြင့် စီမံသည်။ ထီး:တော်ကြီး:ကို ရွှေသား:အလေး:ချိန် ၂၀၂၂၉ ကျပ်ကို:မူး:သား:နှင့် ကျောက်မျက်ရတနာလုံး:ရေ ၃၆၄၁၁ လုံး:ဖြင့် မွမ်း:မံခြယ်ထား:သည်။


ခရစ်နှစ် ၁၈၇၁ အောက်တိုဘာ ၂ ရက်နေ့တွင် ရွှေထီး:တော်ကြီး: ပြုလုပ်ပြီး:စီး:၍ မင်း:တရား:ကြီး: ကိုယ်တော်တိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး:ကို ရည်မှန်း:လျက် ရေစက်ချလှူဒါန်း:လေသည်။

ဆင်ဖြူရှင်မင်း:တရား: လှူဒါန်း:သော ရွှေထီး:တော်ကြီး:ကို (၁၄-၁၁-၁၈၇၁) ၌ ကရဝိက် ၄က်ရုပ်ယန္တရား:ဖြင့် တင်ချယ်ကြရာ (၁၈-၁၁-၁၈၇၁) တွင် အောင်မြင်စွာပြီး:စီး:သည်။

မင်း:တုန်း:မင်း:ကြီး:လှူဒါန်း:သော ရွှေထီး:တော်သစ်ကို ၂၁-၁၁-၁၈၇၁ တွင် ပထမဘုံကို စတင်လှူဒါန်း:နိုင်သည်။ ၂၂-၁၁-၁၈၇၁ တွင် ထီး:တော် ဒုတိယဘုံနှင့် စတုတ္ထဘုံကို လှူဒါန်း:ခဲ့သည်။ ၂၃-၁၁-၁၈၇၁ တွင်လည်း ဘုံများ လှူဒါန်း:သည်။ ၂၆-၁၁-၁၈၇၁ တွင် အဓိကဖြစ်သော စိန်ဖူး:တော်၊ ၄က်မြတ်နား:တော်အပါအဝင် ထီး:တော်ကြီး: တစ်ခုလုံး:ကို အောင်မြင်စွာ တင်လှူပူဇော်နိုင် ခဲ့သည်။

မြန်မာ့သမိုင်း:တွင် ထူး:ခြား:ကြီး:ကျယ် ခမ်း:နား:စွာ ပူဇော်တင်လှူခဲ့ကြသော ဆင်ဖြူရှင်မင်း:တရား:ကြီး:နှင့် ဘဝရှင်မင်း:တုန်း:မင်း:တရား:ကြီး:တို့၏ ရွှေထီး:တော်ကြီး: များ:၏ ထီး:တော်ပုံစံများ:ကို ရွှေတိဂုံရင်ပြင်တော်ရှိ အရှေ့.မုခ်နှင့် တနင်္ဂနွေထောင့်အကြား:၌ ထီး:တော်ပုံစေတီများ:အဖြစ် တည်ထား:သည်။

ရက်ကိုလစား:၊ လကိုနှစ်ဖြစ်နှင့် အချိန်ကာလကြာညောင်း:သော်အခါ မင်း:တုန်း:မင်း:ကြီး:တင်လှူသော ရွှေထီး:တော်ကြီး:သည် တဖြည်း:ဖြည်း:ဟောင်း:နွမ်း: လာခဲ့သည်။ လေဒဏ်၊ မိုး:ဒဏ်၊ ငလျင်ဒဏ်နှင့် သဘာဝဘေး:ဒဏ် အမျိုး:မျိုး:ကို ခံခဲ့ရသည်။ ခရစ်နှစ် ၁၉၉၉ ခုနှစ်တွင် ရွှေထီး:တော်ကြီး:၏ သက်တမ်း:သည် ၁၂၈ နှစ်ပြည့်ခဲ့.ပြီး:ဖြစ်သည်။ ထို့ကြောင့် ရွှေထီး:တော်သစ်တင်လှူရန် နိုင်ငံတော်အေး:ချမ်း:သာယာရေး:နှင့် ဖွံ့.ဖြိုး:ရေး:ကောင်စီသည် ကြိုး:ပမ်း:ဆောင်ရွက်ခဲ့ပြီး: ရွှေထီး:တော်ကို အောက်ပါအတိုင်း: တင်လှူခဲ့



၄က်မြတ်နား: နောက်ထိန်း:တိုင်တွင် လက်ဝတ်ရတနာများ: စီခြယ်မွမ်း:မံထား:သည်

ပါသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီး:၏ ရွှေထီး:တော်တင်လှူပွဲ မင်္ဂလာအခမ်း:အနား:ကို ရွှေတိဂုံစေတီရင်ပြင်တော်ရာဟုထောင့် အောင်မြေရှိ မင်္ဂလာမဏ္ဍပ်၌ ၁၉၉၉ ခုနှစ်၊ ဧပြီလ ၄ ရက်မှ ၆ ရက်ထိ ၁၃၆၀ ပြည့်နှစ် နှောင်တန်ခူး လပြည့်ကျော် ၄ ရက်မှ ၆ ရက်ထိ သုံး:ရက်တိုင်တိုင် ကျင်း:ပခဲ့သည်။

ရွှေထီး:တော်တင်လှူပွဲ ပထမနေ့အခမ်း:အနား:

၁၉၉၉ ခုနှစ်၊ ဧပြီလ ၄ ရက်၌ ရွှေတိဂုံစေတီတော်ထာဝရဘုံကိုစုံပြုပြင်မွမ်း:မံတည်ဆောက်ရေး:နာယကနိုင်ငံတော် အေး:ချမ်း:သာယာရေး:နှင့် ဖွံ့.ဖြိုး:ရေး:ကောင်စီအတွင်း:ရေး:မှူး: (၁) ဒုတိယဗိုလ်ချုပ်ကြီး:ခင်ညွန့်.သည် စေတီတော် တောင်ဘက်မုခ် ဂန္ဓကုဋိတိုက်တွင် သီတင်း:သုံး:စံပယ်တော်မူလျက်ရှိသော ကောဏာဂုံမြတ်စွာဘုရား: ရုပ်ပွား:တော်ရှေ့.တွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေး: နံ့သာတို့ဖြင့် ကပ်လှူပူဇော်သည်။ ယင်း:နောက် အထက်

မြတ်ဘုရားရွေတိဂုံ ထီးတော်တင်ပွဲ



ထီးတော်တင်လှူပွဲ ပထမနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့. ထီးတော်ပထမဘုံဆင့်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းနေစဉ်

ပစ္စယံရှိ ဆုတောင်းပြည့် ပတ္တမြား၊ မျက်ရှင်တော် ဘုရား၊ အား ဖူးမြော်ကြည်ညိုသည်။ အထက်ပစ္စယာတွင် အသင့်ပြင်ဆင် ထား သည့် သာသနာပွဲများ၊ ခဲဖွယ်များဖြင့် သိကြား၊ မင်း၊ ဖြဟ္မာမင်း၊ နတ်မင်းတို့ အား ကပ်လှူပူဇော်ပြီး ဆုတောင်းမှု များပြုသည်။

တိ ကြား၊ ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့ က ခရာသင်း ကြေး၊ မောင်း၊ စည်တော်များကို တီး၊ မှုတ်ရိုက်ခတ်လိုက်ပါ လျက် စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံး ပတ် လှည့်လည် သည်။ ရတနာရွှေမိုး၊ ငွေမိုးနှင့် ဆန်စပါး၊ ကောက်ပဲ သီးနှံများဖြင့် ရွာသွန်းပူဇော်ကြသည်။ အတွင်းရေးမှူး (၁) သည် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွား တော်များကို ဆီမီးအလင်းတိုင်းများ ထွန်းညှိပူဇော် ကန်တော့သည်။ ယင်းအချိန်နှင့် တစ်ပြိုင်တည်းမှာပင် ရဟန်းရှင်လူ ပြည်သူများတို့ကလည်း အသင့်ပြင်ဆင် ထားသော သစ်သီးပန်း ဆီမီး ၉၀၀၀ စီနှင့် မုန့်ခဲဖွယ်များကို ဘုရား၊ ရှင်အား လှူဒါန်းခဲ့ ကြသည်။

ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား သို့ နိုင်ငံတော် သြဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့.ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မြင်းခြံကိုးဆောင်တိုက် ဆရာတော် ဘဒ္ဒန္တ သောဘိတ အမှူးပြုသော အဖွဲ့.ဝင် ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့.၏ သြဝါဒစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် အရှင်သူမြတ်တို့ ကြွရောက် ချီးမြှင့်တော်မူကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦးနှင့်ဇနီး ဒေါ်ခင်သန်းနွဲ့၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်နှင့်ဇနီး ဒေါ်ခင်ချိုဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညွန့်သိန်း၊ ကာကွယ်ရေးဦးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း၊ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်

ခင်မောင်သန်း၊ ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း နှင့်ဒုတိယဝန်ကြီးချုပ်နှင့် တပ်မတော်ရေးရာဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်လှ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လှော့ချင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးကိုလေး၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ သံတမန်များ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဆင့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီးဖေငြိမ်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ မြန်မာအင်ဂျင်နီယာ ပညာရှင်များ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ သင်တန်းသားသင်တန်းသူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့နှင့် ဝတ်ရွတ်စဉ်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ရဟန်းရှင်လူပြည်သူထောင်သောင်းများစွာ တက်ရောက်ပူဇော်ကြည်ညိုကြသည်။

နံနက် ၇နာရီ မိနစ် ၂၀ အချိန်တွင် နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရွှေထီးတော်တင်လှူပူဇော်ပွဲ ရေစက်ချ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်လိုက်သည်။ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌအဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မြင်းခြံကိုးဆောင်တိုက် ဆရာတော် ဘဒ္ဒန္တသောဘိတထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ အလှူရှင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက်ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖွာချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေထီးတော်တင်လှူ ပူဇော်ရခြင်းနှင့် စပ်လျဉ်းလျော်ကာထား သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်မှန်း၍ မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတထံသို့ မှန်ကင်းတော်နှင့် စိန်တောင်တို့ကို ဆပ်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး



ထီးတော်ဘုံများလှည့်လည်အပူဇော်ခံစဉ်

ခင်ညွှန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းတွေ၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦးနှင့် ဇနီးဒေါ်ခင်သန်းနွဲ့၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်နှင့် ဇနီးဒေါ်ခင်ချိုဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။


ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် အဘိဝံဇ မဟာရဋ္ဌဂုရု အဘိဝံဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာ တရားဟောကြားတော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြ၏။

ယင်းနောက် ခုနစ်ရက်သား သမီးများ အလှူရှင်များ ကိုယ်စား တိုက်ကြီးကုသိုလ်တော်ဖြစ် ထီးတော်တင်အဖွဲ့မှ ဦးသန်းလှက အမျှပေးဝေပြီး အခမ်းအနားကို ထမြောက်အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ထို့နောက် ရွှေထီးတော်ကြီးကို ပင့်ဆောင်လျက် ရွှေတိုက်စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်၍ အပူဇော်ခံကြသည်။

ရွှေထီးတော်ကြီး၏ ပထမဘုံဆင့်ကို ရာဟုထောင့်အောင်မြေ၌ မင်္ဂလာမဏ္ဍပ်မှ စတင်ပင့်ဆောင်ကြရာ အတွင်းရေးမှူးချုပ်(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များက မှန်ကင်းတော်နှင့် စိန်တောင်များတင်ဆောင်ထားသည့် မင်္ဂလာဝေါဟာဉ်ကို ပင့်ဆောင်ကြသည်။

ဆက်လက်၍ ရွှေထီးတော်တင် ပညာရှင်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ ရွှေထီးတော်တင် ပညာရှင်များလုပ်ငန်းအဖွဲ့၊ ဟံသာဝတီသာသနာပြုအဖွဲ့နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် အင်ဂျင်နီယာအဖွဲ့တို့က ထီးတော်ပထမဘုံအစိတ်အပိုင်းများ တင်ဆောင်ထားသည့် မင်္ဂလာဝေါဟာဉ်အသီးသီးကို ပင့်ဆောင်ကြသည်။ တိုက်ကြီးကုသိုလ်တော်ဖြစ်ထီးတော်တင်အဖွဲ့က ခရာသင်း၊ ငြားမောင်း၊ စည်တော်များ ရိုက်ခတ်လျက် ရှေ့ပွင့်တော်မူပြီး မြတ်ဘုရား၌ရှင်လေးဆူတို့၏ကိုယ်စား ကိုယ်ဟွာ်းတော်အဖြစ်



မိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အတွင်းရေးမှူး (၁) တို့ ဘေးမဲလွတ်မည့် တိရစ္ဆာန်များအား အမွေးနုံ့သာရည်များ သွန်းလောင်းကာ ဓိဝိတဒါန အလှူပွဲဆင်နွှဲစဉ်

စံပယ်ပန်းတို့ဖြင့် ထူးခြားကြည်ညိုဖွယ် တည်ထားအပ်သော စံပယ်ပန်းမြတ် ပန်းစေတီတော်လေးဆူတို့ကို ပင့်ဆောင်လျက် ဗြဟ္မာမင်း၊ သိကြားမင်း၊ လောကပါလနတ်၊ သေနာပတိနတ်၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘကာ၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ ဝိသကြုံ၊ မာတလိ၊ ပဉ္စသိခ်၊ ဝသုန္ဓရစသောနတ်ဒေဝါများ ပါဝင်သည့် ဒေဝါဝင်း၊ သိုင်းကိုင်၊ ကျိုင်းကိုင်၊ ဥက္ကလာပမင်းကြီးနှင့် မိဖုရား၊ ရှင်ဘုရင်နှင့် မိဖုရား၊ အိမ်ရှေ့မင်းသားနှင့် မင်းသမီး၊ သက်တော်ရှည်အမတ်ကြီး၊ လွှတ်တော်ဝန်ကြီး၊ စစ်သူကြီး၊ လူပျိုတော်၊ အပျိုတော်၊ သူဌေးကြီးနှင့် သူဌေးကတော်၊ တဖုဿနှင့်ဘလ္လိက၊ လေးသည်တော်၊ ဓားလံ့ကိုင်ရဲမက်များ ပါဝင်သည့် ရာဇာဝင်းများခင်း၍ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်ရွတ်စဉ်အဖွဲ့များ၊ အလှူရှင်ပြည်သူများ လိုက်ပါလျက် မင်္ဂလာမဏ္ဍပ်မှ စေတီတော်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ခဲ့ကာ ထီးတော်ပထမဘုံကို ရွှေတိဂုံစေတီတော် မြတ်ကြီးသို့ တင်လှူပူဇော်ရန် ပင့်ဆောင်ကြသည်။

မင်္ဂလာဝေါဟာရများက တနင်္ဂနွေထောင့်သို့ အရောက်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ပထမဘုံနှင့် မှန်ကင်းတော်၊ စိန်တောင်တော်တို့ကို မင်္ဂလာဝေါဟာရပေါမှ ရထားပျံပေါသို့ပင့်ဆောင်ကြကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးမှ ဦးအောင်တင်ဝင်းက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကြီးအား ဗုဒ္ဓစည်း၊ ဓမ္မစည်း၊ သံဃာ့စည်းနှင့် ဒေဝါစည်းမည်သော ရွှေစည်းတော်ချ အောင်ဂါထာလေးဂါထာကိုရွတ်ဖတ်ရာ တစ်ကြိမ်ပြီးတုံးတိုင်းတွင် မင်္ဂလာငွေခရုနှင့်အောင်စည်အောင်မောင်းတီးမှုတ်ပူဇော်ကြသည်။ ယင်းနောက် မင်္ဂလာအခါတော်ပေးနှင့် နိုင်ငံတော်ပြကွဒိန်အကြံပေးပညာရှင် ဦးကျော်က ရွှေထီးတော်တင်လှူပူဇော်ခွင့်ပြုပါရန် ပန်ကြားလျှောက်ထားသည်။

မင်္ဂလာအချိန်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ရဟန်းရှင်လူပြည်သူများက ရထားပျံ၏ကြိုးကိုပြုင်တူဆွဲကြကာ ရွှေထီးတော်မြတ် ပထမဘုံနှင့် မှန်ကင်းတော်၊ စိန်တောင်တော်တို့ကို ရထားပျံဖြင့် ၁၁ ကြိမ်တိုင်အောင် စေတီတော်မြတ်ကြီးပေါ်သို့ ပင့်ဆောင်ကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်များ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ကြီး ထီးတော်ပေါ်သို့ တက်ရောက်နေရာယူကြပြီး ရထားပျံဖြင့် အကြိမ်ကြိမ် ပင့်ဆောင်တင်ပို့လာသည့် ထီးတော်ပထမဘုံ အစိတ်အပိုင်းများနှင့် မှန်ကင်းတောင်၊ စိန်တောင်တော်တို့ကို အစိတ်အပိုင်းအလိုက် မြန်မာအင်ဂျင်နီယာများ ပါဝင်လျက် တပ်ဆင်ပူဇော်ကြသည်။

ရွှေထီးတော် ပထမဘုံ အစိတ်အပိုင်းများကို အပိုင်းလိုက် တင်လှူရာတွင် တစ်ကြိမ်ပင့်ဆောင်တိုင်း အလှူရှင်များ ရဟန်းရှင်လူပြည်သူများတို့က ရထားပျံကြီးကို ပြုံတူဆွဲကြကာ တင်လှူကြသည်။ ရထားပျံ ငြမ်းစင်တော်မုခ်ဦးသို့ ရောက်ရှိသော် တီကြားကုသိုလ်တော်ဖြစ် တာဝန်ကျအဖွဲ့က ရထားပျံထက်မှ ဆီးကြိုပင့်ဆောင်သည်။ ဓာတ်လှေကား အသွင် စီစဉ်ထားသော မြန်မာ့သင်္ဘောကျင်း တာဝန်ကျအဖွဲ့ပင့်ဆောင်ယာဉ်ပေါ်သို့ လက်ဆင့်ကမ်းရသည်။ ပင့်ဆောင်ယာဉ်တွင် ထပ်ဆင့်ချိတ်ဆွဲတပ်ဆင်လျက် အထက်ပေ ၆၀ ခန့် အမြင့်နေရာရှိမူလထီးတော်ကြီးအနီး ယာဉ်ဆိုက်ရောက်ရာနေရာသို့ စက်သီးဖြင့် ပင့်ဆောင်ရသည်။

သံမဏိအမာခံဖြင့် တည်ဆောက်ထားသော ထီးတော်ကြီးတွင် အသင့်နေရာယူစောင့်ဆိုင်းနေသည့် အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များ၊ မြန်မာ အင်ဂျင်နီယာများက ပင့်ဆောင်ယာဉ်ပေါ်မှ ထပ်ဆင့်ပင့်ဆောင်ရ ပြန်သည်။ ထို့သို့အဆင့်ဆင့် ပင့်ဆောင်ပြီးမှ ရွှေထီးတော် ပထမဘုံဆင့် သံမဏိခွေ၏ သတ်မှတ်ထားသောနေရာတွင် တပ်ဆင်တင်လှူ ပူဇော်နိုင်ကြသည်။

ထို့နောက် ရွှေထီးတော် ပထမဘုံကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ တင်လှူပြီးစီးသည်။ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များက ရတနာရွှေမိုးငွေမိုး ရွာသွန်းကြသည်။ “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ပထမနေ့ မင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ —

ရွှေထီးတော်တင်လှူပွဲ ဒုတိယနေ့အခမ်းအနား

၁၉၉၉ ခုနှစ် ဧပြီလ ၅ ရက် နံနက် ၅ နာရီအချိန်တွင် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိုက်စေတီတော်တောင်ဘက်မုခ် ဂန္ဓကုဋိတိုက်တွင် ကောဏဂုံမြတ်စွာဘုရား၏ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်သည်။

ထိုနောက် ရွှေတိုက်စေတီတော် အထက်ပစ္စယာရှိ ပတ္တမြား၊မျက်ရှင်ဘုရား၏ ပူးမြော်ခြင်း၊ အထက်ပစ္စယာရှိ သာသနာပွဲများတွင် သိကြား၊ ဗြဟ္မာ၊ နတ်မင်းတို့အား ကပ်လှူပူဇော်ခြင်းပြုသည်။ ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် တိ ကြား၊ကုသိုလ်ဖြစ်ထီးတော်တင်အဖွဲ့က ခရုသင်း၊ ကြေးမောင်း၊ စည်တော်များကို တီးခတ်လိုက်ပါလျက် ရွှေတိုက်စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်၍ ရတနာ ရွှေမိုးငွေမိုးနှင့်ဆန်စပါး၊ ကောက်ပဲသီးနှံများဖြင့် ရွာသွန်းပူဇော်ကြသည်။

ထိုနောက် ရွှေတိုက်စေတီတော်ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွား၊တော်များကို သစ်သီး ၉၀၀၀ ၊ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀နှင့် မုန့်ခဲဖွယ်ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ရွှေထီးတော် တင်လှူပူဇော်ပွဲ ဒုတိယနေ့အဖြစ် ရွှေတိုက်စေတီတော် ရင်ပြင်ရာဟုထောင့် အောင်မြေရှိ မဂီလာမဏ္ဍပ်၌ ကျင်းပရာ မဂီလာအခမ်းအနား၌ ရွှေတိုက်စေတီတော် ဂေါပကအဖွဲ့၊ ဩဝါဒစရိယဆရာတော်ကြီးများနှင့် ပင့်သဲ့ယာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဇနီး၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဇနီး၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်နှင့် ဇနီး၊ အမှူးပြု၍ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ပညာရှင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ မှုပုဂ္ဂိုလ်များနှင့် ပြည်သူထောင်ပေါင်းများစွာတို့ တက်ရောက်ကြသည်။

နံနက် ၇ နာရီ ၂၀ မိနစ်တွင် နမောတဿသုံးကြိမ်ရွတ်ဆို၍ ရွှေထီးတော် ဒုတိယ၊ တတိယနှင့် စတုတ္ထဘုံတင်လှူပူဇော်ပွဲကိုဖွင့်လှစ်သည်။ နိုင်ငံတော်ဩဝါဒစရိယ၊ ရွှေတိုက်စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒစရိယ သီရိမင်္ဂလာစံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာဘိဝံသထံမှ ဧည့်သည်တော်များ၊ အလှူရှင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ရွှေတိုက်စေတီတော်မြတ်ကြီးကို ရည်စူး၍ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာဘိဝံသထံသို့ မှန်ကင်းတော်နှင့် စိန်တောင်တော်တို့ကို ဆက်ကပ်လှူဒါန်းသည်။ ရွှေထီးတော်ဒုတိယ၊ တတိယနှင့် စတုတ္ထဘုံတို့ကို စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးကြိမ် လှည့်လည်ပင့်ဆောင် အပူဇော်ခံရန် ဂုဟာထောင့် အောင်မြေရှိ မဂီလာမဏ္ဍပ်မှ စတင်ပင့်ဆောင်ကြသည်။ မှန်ကင်းတော်နှင့် စိန်တောင်တော်များ၊ တင်ဆောင်ထားသည့် မဂီလာဝေါဟာရကို ပင့်ဆောင်ကြသည်။

ဆက်လက်၍ ရွှေထီးတော်တင်ပညာရှင်များ၊ ကွပ်ကဲကြီးကြပ်ရေးအဖွဲ့နှင့် ပညာရှင်များ၊ လုပ်ငန်းအဖွဲ့တို့က ထီးတော်ဒုတိယဘုံ အစိတ်အပိုင်းများတင် မဂီလာဝေါဟာရ၊ ဟံသာဝတီသာသနာပြုအဖွဲ့က ထီးတော် ဒုတိယဘုံအစိတ်အပိုင်းများတင် မဂီလာဝေါဟာရ၊ ဟံသာဝတီသာသနာပြုအဖွဲ့နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် အင်ဂျင်နီယာအဖွဲ့တို့က ထီးတော်ဒုတိယဘုံအစိတ်အပိုင်းများ၊ တင်ဆောင်ထားသည့် မဂီလာဝေါဟာရ၊ ရွှေတိုက်စေတီတော် ဂေါပကအဖွဲ့က ထီးတော်ဒုတိယဘုံအစိတ်အပိုင်းများ၊ တင်ဆောင်ထားသည့် မဂီလာဝေါဟာရများ၊ ပင့်ဆောင်သည်။

ဧည့်သူကြီးပြားအဖွဲ့က ထီးတော်တတိယဘုံ အစိတ်အပိုင်းများ၊ တင်ဆောင်ထားသည့် မဂီလာဝေါဟာရ၊ တိ ကြား၊ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့က စတုတ္ထဘုံအစိတ်အပိုင်းများ၊ တင်ဆောင်ထားကြသည့် ဝေါဟာရ အသီးသီးကို တိ ကြား၊ကုသိုလ်တော်ဖြစ်အဖွဲ့က ခရုသင်း၊ ကြေးမောင်း၊ စည်တော်များ၊ ရိုက်ခတ်လျက် ဓဝယ်ပန်း၊ မြတ်ပန်း၊ စေတီတော်လေးဆူတို့ဖြင့် ပင့်ဆောင်သည်။ ဒေဝါဝင်း၊ ရာဇာဝင်းများ၊ ခင်း၍ စေတီတော်အား လက်ယာရစ်သုံးပတ်လှည့်လည် အပူဇော်ခံကာ ရွှေထီးတော်ဒုတိယ၊ တတိယနှင့် စတုတ္ထဘုံတို့ကို ပင့်ဆောင်ကြသည်။ ထိုအချိန်တွင် ယ ဉ်ကျေးမှု

ဝန်ကြီးဌာန မဂ်လာဆိုင်းအဖွဲ့၊ တိနိဉပဌာကအလှူရှင်များအဖွဲ့၊ စေတီတော်မုခ်လေးမုခ်ရှိ စည်တော်အဖွဲ့များကတီးမှုတ်သီဆို ပူဇော်ကြသည်။

ရွှေထီးတော်ကြီးဘုံ အစိတ်အပိုင်းများနှင့် စိန်တောင်တော်မှန်ကင်းတော်တို့ လှည့်လည်အပူဇော်ခံသည့် မဂ်လာဝေါဃာဉ်များ ရဟန်းရှင်လူပြည်သူတို့ရှေ့ဖြတ်သန်းရောက်ရှိလျှင်ရွှေငွေ့ကျောက်သံပတ္တမြာ၊ လက်ဝတ်ရတနာများနှင့် ငွေစက္ကူများကို ဝေါဃာဉ်ထက်ရှိရွှေထီးတော် အစိတ်အပိုင်းများနှင့် အလှူခံငွေဖလားအတွင်းသို့ အပြေးအလွှားတိုးဝှေ့ကာ လှူဒါန်းကြသည်။ လက်ယာရစ်သုံးပတ် လှည့်လည်အပူဇော်ခံပြီး ဝေါဃာဉ်များ တနင်္ဂနွေထောင့်သို့ ရောက်သောအခါ ငွေဖလားများအတွင်း၌ ပြည်သူတို့လှူဒါန်းသောလက်ဝတ်ရတနာများ အပြည့်အနှက်ဖြစ်နေတော့သည်။

ရွှေထီးတော် အစိတ်အပိုင်းများ သတ်မှတ်နေရာရောက်ရှိသော် ဗိုလ်ချုပ်ကြီး မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများနှင့်အဖွဲ့က မဂ်လာဝေါဃာဉ်ပေါ်မှ ရုထားပျံပေါ်သို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

မဂ်လာအချိန်တွင် မဂ်လာရုထားပျံဖြင့် ကိုးကြိမ်တိုင်တိုင်ထီးတော်ကြီး၏ အစိတ်အပိုင်းများကို ပင့်ဆောင်ကြသည်။ ထိုအချိန်တွင် မဂ်လာဆိုင်းအဖွဲ့နှင့် ဓမ္မတေးများသီကျူးကာ မုခ်လေးမုခ်တို့မှ စည်တော်ရွှမ်း ပူဇော်ကြသည်။

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒိစရိယဆရာတော်ကြီးများ၊ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ထီးတော်ပေါ်သို့ တက်ရောက်နေရာယူကြပြီး ဒုတိယ၊ တတိယနှင့် စတုတ္ထဘုံတို့ကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် စေတီတော်မြတ်ကြီးသို့ အောင်မြင်စွာ တင်လှူပူဇော်ကြ သည်။

ရွှေထီးတော်ဘုံများကို အောင်မြင်စွာ တင်လှူနိုင်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ဒုတိယနေ့ မဂ်လာအခမ်းအနားကို ရုပ်သိမ်းသည်။

ရွှေထီးတော်တင်လှူပွဲ တတိယနေ့အခမ်းအနား

၁၉၉၉ ခုနှစ် ဧပြီလ ၆ ရက်၊ နံနက် ၅ နာရီ အချိန်တွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်တောင်ဘက်မုခ် ဂန္ဓကုဋိတိုက်တွင် ကောဏဂုံမြတ်စွာဘုရား၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် အထက်ပစ္စယာရှိဆုတောင်းပြည့် ပတ္တမြာများမျက်ရှင်ဘုရား၊ ဖူးမြော်ကြည်ညိုကြသည်။ အထက်ပစ္စယာတွင် ပြင်ဆင်ထားသည့် သာသနာပွဲများ၊ စာသောက်ဖွယ်ရာများဖြင့် သိကြားမင်း၊ ဗြဟ္မာမင်း၊ နတ်မင်းတို့အား ကပ်လှူပူဇော်သည်။

အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် တိကြားကုသိုလ်တော်ဖြစ်ထီးတော်တင်အဖွဲ့နှင့် ယမန်နေ့ကအတိုင်း တီးမှုတ်ပူဇော်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ယာရစ် သုံးကြိမ် လှည့်လည်သည်။ ရွှေမိုးငွေမိုးကောက်ပဲသီးနှံ ဆန်စပါးမိုး ရွာသွန်းပူဇော်ကြသည်။ ယင်းအချိန်တွင် ရဟန်းရှင်လူပြည်သူများက စေတီတော်ရင်ပြင်ပတ်လည်တွင် ဆွမ်း၊ ခဲဘွယ်၊ ပန်း၊ ဆီမီး ၉၀၀၀ လှူဒါန်းကြသည်။

ရွှေထီးတော်တင်လှူပွဲ တတိယနေ့တွင် ရာဟုထောင့်အောင်မြေရှိ မဂ်လာမဏ္ဍပ်သို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒိစရိယဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော် မူကြသည်။ ဗိုလ်ချုပ်ကြီးမောင်အေးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်နှင့်ဇနီး အမှူးပြု၍ တာဝန်ရှိသူများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့များနှင့် ဝတ်ရွတ်စဉ်အဖွဲ့ဝင်များ အလှူရှင်များနှင့် ရဟန်းရှင်လူ ပြည်သူလူထုထောင်သောင်း တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ရွှေထီးတော်တင်လှူပူဇော်ပွဲ ရေစက်ချအခမ်းအနားကို နံနက် ၇ နာရီမိနစ် ၂၀ တွင် ပြုလုပ်သည်။ နိဂုံးတော်ဩဝါဒိ

စရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒစရိယ သီရိမင်္ဂလာစံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ ဗိုလ်ချုပ်ကြီးမောင်အေးအမှူးပြုသော ပရိသတ်ကြီးက ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ဖွားတော်မူကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်စူး၍ ဗိုလ်ချုပ်ကြီး မောင်အေးက မှန်ကင်းတော်၊ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က စိန်တောင်တော်တို့ကို ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံ ဆက်ကပ်လှူဒါန်းသည်။ ထိုနောက် အလှူရှင်များက သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ထိုနောက် ရွှေထီးတော်ပဋ္ဌမ၊ ဆဋ္ဌမနှင့် သတ္တမဘုံတို့ကို ယမန်နေ့များကအတိုင်း ရာဟုထောင့်အောင်မြေရှိ မင်္ဂလာမဏ္ဍပ်မှစ၍ ရွှေတိဂုံစေတီတော်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်အပူဇော်ခံသည်။ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. ဦးဆောင်လျက် တိုင်းမှူးများ၊ ဝန်ကြီးများ ပညာရှင်များနှင့် ဥပသကာအသင်းအဖွဲ့တို့သည် မှန်ကင်းတော်နှင့် စိန်တောင်မင်္ဂလာဝေါဟာဉ်၊ တံ ကြာကုသိုလ်တော်ဖြစ် ထီးတော်တင်အဖွဲ့က ခရာသင်း၊ ကြေးမောင်း၊ စည်တော်များ တီးမှုတ်ရိုက်ခတ်လျက် ဖွင့်တော်မူပြီး မြတ်ဘုရား၌လေးဆူတို့၏ ကိုယ်စားစံပယ်ပန်းမြတ် ပန်းစေတီတော်လေးဆူတို့ကို ပင့်ဆောင်ကြသည်။ ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ ဝတ်အသင်းများက ဝတ်ရွတ်ကြသည်။ မင်္ဂလာဆိုင်းအဖွဲ့နှင့် စည်တော်အဖွဲ့များစွာတို့ကလည်း တီးမှုတ်သီကျူးပူဇော်ကြသည်။ မြန်မာနိုင်ငံ သဘင်၊ ဂီတ၊ ရုပ်ရှင်အစည်းအရုံးတို့မှ ပညာရှင်များနှင့် တိပိဋကနိကာယ ဥပဇ္ဈာကအဖွဲ့တို့က ဓမ္မတေးများဖြင့် သီဆိုပူဇော်ကြသည်။

ရွှေထီးတော်ပဋ္ဌမ၊ဆဋ္ဌမနှင့် သတ္တမဘုံ အစိတ်အပိုင်းများ လှည့်လည်ပူဇော်ပြီးနောက် စေတီတော်တန်ဂီနွေထောင့်သို့ အရောက်တွင် သတ်မှတ်ထားသည့် မဂ်လာနေရာများ၌ ခေတ္တအပူဇော်ခံသည်။


ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်တည်ဆောက်ရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့က ရွှေထီးတော်ပဋ္ဌမ၊ ဆဋ္ဌမနှင့် သတ္တမဘုံ မှန်ကင်းတော်နှင့် စိန်တော်တောင်တို့ကို မဂ်လာဝေါဟာဉ်ပေါ်မှ မဂ်လာရထားပျံပေါ်သို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ထို့နောက် ဩဝါဒစရိယ ဆရာတော်ကြီးများ၊ အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များသည် မြန်မာအင်ဂျင်နီယာများနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်ပေါ်သို့ တက်ရောက်နေရာယူပြီး ရွှေထီး ပဋ္ဌမ၊ ဆဋ္ဌမ၊ သတ္တမဘုံနှင့် မှန်ကင်းတော်စိန်တောင်တော်တို့ကို တပ်ဆင်ပူဇော်လှူဒါန်းရာ မွန်းလွဲ ၁၂ နာရီ ၃၉ မိနစ်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။

ရွှေထီးတော်အောင်မြင်စွာ တင်လှူပွဲကြီးကို ဗုဒ္ဓသာသနစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းခြင်းဖြင့် အောင်မြင်စွာ ရုတ်သိမ်းလိုက်သည်။ မဂ်လာအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့က အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးသည်။

ဤကုသိုလ်ပွဲ၊ သဒ္ဓါပွဲ၊ နိဗ္ဗာန် ဆုယူပွဲကြီးကို ဆဲတော်ရှင် စေတီရိပ်တွင် နိုင်ငံနှင့်ပြည်သူ ကြည်ဖြူလက်တွဲ ခြိမ့်ခြိမ့် သဲသဲဆင်နွဲပူဇော်နိုင်ခြင်းမှာ မြန်မာနိုင်ငံတော် ချမ်းမြေ့သာယာ၍ သာသနာတော် အရှည်ဖွံ့ဖြိုးတည်တံ့မည့် နိမိတ် ပင် ဖြစ်ပါတော့သည်။

ကျော်ဖုန်းမြင့် (စာတုဗေဒ)


不分年龄人人共享的社会
1999年国际老年人年
towards a society for all ages
International Year of Older Persons 1999

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

နိဒါန်း

ကမ္ဘာ့ကုလသမဂ္ဂသည် ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်(Internationl Year of Older Persons) အဖြစ် သတ်မှတ်ခဲ့ပါသည်။


ကလေး၊ လူငယ်၊ မသန်စွမ်းသူ၊ အမျိုးသမီးများစသည့် လူမှုရေးအုပ်စုများအတွက် လုံခြုံဆော်အကျိုးကျေးဇူးပြုနိုင်စေရန် ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နေ့နှင့် အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နှစ်များကို သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကလေး၊ လူငယ်၊ မသန်စွမ်း သူများ၊ အမျိုးသမီးများစသည့် လူမှုရေး အုပ်စုများအတွက် အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ် နှစ်များသည် ကမ္ဘာ့ပြက္ခဒိန်ဝယ် ပေါ်ထွန်းခဲ့ပြီး ဖြစ်ပါသည်။

သက်ကြီးရွယ်အို လူမှုရေးအုပ်စုအတွက်မူ အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နေ့ကို ၁၉၉၂ ခုနှစ်မှ စတင်၍ နှစ်စဉ်အောက်တိုဘာ (၁) ရက်နေ့ကို ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ပေးခဲ့ရာ ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် သတ်မှတ်ပေးခဲ့ခြင်းဖြင့် သက်ကြီးရွယ်အို လူမှုရေး အုပ်စုအတွက် အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နှစ်ပါ ကမ္ဘာ့ပြက္ခဒိန်ဝယ် ပေါ်ထွန်းလာခဲ့စေပြီး ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် နှစ်စဉ် အောက်တိုဘာလ (၁) ရက်နေ့၌ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ပေးခဲ့သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် (၁၉၉၉) ခုနှစ်နှင့် တိုက်ဆိုင်စွာ မွန်မြတ်လေးနက်သည့် ရည်ရွယ်ချက်များ ချမှတ်ကျင်းပ နိုင်ခဲ့ပါသည်။ နောင်နှစ်များ၌လည်း နှစ်စဉ် အောက်တို ဘာလ (၁) ရက်နေ့တိုင်း အပြည်ပြည်ဆိုင်ရာ



အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး(၂)၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက အဘိုးအဘွားများအား လူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်



ဂုက်ပြုခံ သက်ကြီးပုဂ္ဂိုလ်ဖြစ်သည့် စာရေးဆရာ၊ ဒါရိုက်တာ ဆရာဦးသုခက ကျေးဇူးတင်စကားနှင့် ဆုတောင်းမေတ္တာ ပို့သစဉ်

သက်ကြီး ရွယ်အိုများနေ့အခမ်းအနားကို ကျင်းပပြုလုပ်သွားရန် စီစဉ် ထားပြီး ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နှစ်များ

ကလေး၊ လူငယ်၊ မသန်မစွမ်းသူများနှင့် အဖျိုးသမီးစသည့် လူမှုရေးအုပ်စုများအတွက် အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နေ့နှင့် အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နှစ်များကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံများက ဆုံးဖြတ်သတ်မှတ်ပေးခဲ့ပါသည်။ ကလေး၊ လူငယ်၊ မသန်စွမ်းသူနှင့် အဖျိုးသမီးများ စသည်လူမှုရေးအုပ်စုများအတွက် သာမက ဤလူမှုရေးအုပ်စုအားလုံးအကျိုးဝင်သည့် မိသားစုများအတွက် အပြည်ပြည်ဆိုင်ရာမိသားစုများနေ့နှင့် အပြည်ပြည်ဆိုင်ရာမိသားစုနှစ်ကိုပါ သတ်မှတ်ပေး နိုင်ခဲ့ပါသည်။

ကလေး၊ သူငယ်အုပ်စုဆတွက် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးသူငယ်များနေ့ (Universal Children's Day) အဖြစ်လည်းကောင်း၊ ၁၉၇၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ကလေးများနှစ်အဖြစ် လည်းကောင်း သတ်မှတ်ပေးခဲ့ပါသည်။

လူငယ်အုပ်စုဆတွက် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့နှင့် ၁၉၈၅ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနှစ်အဖြစ် လည်းကောင်း၊ မသန်စွမ်းသူများ အုပ်စုဆတွက် နှစ်စဉ် ဒီဇင်ဘာလ (၃) ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Disabled Person) နှင့် ၁၉၈၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ်အဖြစ် လည်းကောင်း၊ အဖျိုးသမီးများ အုပ်စုအတွက် နှစ်စဉ် မတ်လ (၈)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဖျိုးသမီးများနေ့အဖြစ် လည်းကောင်း သတ်မှတ်ခဲ့ပြီး နှစ်စဉ်မေလ (၁၅) ရက်ကို အပြည်ပြည်ဆိုင်ရာ မိသားစုများနေ့ (International Day of Families) နှင့် ၁၉၉၄ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ မိသားစုနှစ် (IYF- International Year of Family) များအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

နိုင်ငံတကာ မိသားစုများထဲမှ သက်ကြီးရွယ်အိုများဘဝ

ကမ္ဘာ့ကုလသမဂ္ဂသည် ၁၉၉၄ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ မိသားစုနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး၊ မိသားစုဝင်များထဲမှ ကလေးများ၊ အဖျိုးသမီးများနှင့် သက်ကြီးရွယ်အို အုပ်စုများကို ဂရုတစိုက်၊ တင် လုံ့ဆော်မှု ပြုခဲ့ပါသည်။

ပြန်ဟမိသားစုနည်းတူ နိုင်ငံတကာ မိသားစုများတွင်သွေး၊ ချစ်ခြင်းပေတွာ၊ လေးစားမှုနှင့် ပီဂိုးဖလာ ထုံးတမ်းစဉ်လာတို့သည် တစ်ဦးနှင့်တစ်ဦး တွယ်တာနောင်ပွဲ့မိစေရန် ရစ်ပတ်ထားကြပါသည်။

သို့ရာတွင် လူမှုရေးပုံသဏ္ဌာန်များ ပြောင်းလဲလာခြင်း၊ စုစည်းနေထိုင်သည့် မိသား (extened family) သည် ပြောင်းလဲပြိုကွဲလာခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့လာရသဖြင့်

မိသားစုအတွင်း ချစ်ခင်ရင်းနှီး စည်းလုံးမှုများ လျော့နည်းလာခြင်း၊ တစ်ဦးပေါ်တစ်ဦးတာဝန်မကျေပွန်ခြင်း၊ လျစ်လျူ ရှုခြင်းနှင့် မိသားစုဝင်အချင်းချင်းအပေါ် အမြတ်ထုတ်ခြင်း များကို လူ့အဖွဲ့အစည်းများရှိ မိသားစုများတွင် ရင်ဆိုင်လာ ရပါသည်။ ထို့ကြောင့်လည်း ကမ္ဘာ့အဖွဲ့အစည်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ မိသားစုများနေ့နှင့် အပြည်ပြည်ဆိုင်ရာ မိသားစုနှစ်ကို သတ်မှတ်ကြေညာခဲ့ပြီး မိသားစုဝင်များထဲမှ သက်ကြီးရွယ်အိုများအတွက် ရှေ့တန်းတင် လှုံ့ဆော်မှုပြု ခဲ့ခြင်းဖြစ်ပါသည်။

ဆေးသိပ္ပံပညာ၏ အောင်မြင်မှု၊ တိုးတက်မှုအဖြစ် လူ့သက်တမ်း (life expectancy) တိုးတက်ရှည်လျားလာခြင်းသည်လည်း လူ့အဖွဲ့အစည်းများတွင် သက်ကြီးရွယ်အို လူဦးရေများပြားလာမှုကို ဖြစ်ပေါ်စေပါသည်။ သက်ကြီးရွယ်အို လူဦးရေများပြားလာမှုသည် လူ့အဖွဲ့အစည်းများကို သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုဆိုင်ရာ ပြဿနာများကို ပေါ်ပေါက်စေခဲ့ပါသည်။

ကုလသမဂ္ဂ၏သက်ကြီးရွယ်အိုဆိုင်ရာဆောင်ရွက်မှုများ

(၄၅)ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံက အောက်တိုဘာလ (၁) ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အဖြစ် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၄၅/၁၀၆ ဖြင့် သတ်မှတ်ပေးခဲ့ပါသည်။ ကုလသမဂ္ဂသည် ၁၉၈၂ ခုနှစ် သက်ကြီးရွယ်အိုများဆိုင်ရာ ကမ္ဘာညီလာခံ (World Assembly on Ageing)က ချမှတ်ခဲ့သည့် သက်ကြီးရွယ်အိုများဆိုင်ရာ ဗီယင်နာအပြည်ပြည်ဆိုင်ရာ လုပ်ငန်းစီမံချက်(International Plan of Action on Ageing)ကဲ့သို့သော စီမံချက်ကို (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ဆုံးဖြတ်ချက်အမှတ် ၄၇/၈၆ ဖြင့် ထောက်ခံ တင်ပြပေးခဲ့ပါသည်။

သက်ကြီးရွယ်အိုများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဆင်းရဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးအထီးကျန်ဆန်မှုတို့ကို လူ့အဖွဲ့အစည်းများအား သိရှိလှုံ့ဆော်ပေးရန် ရည်ရွယ်ချက်ဖြင့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကို ၁၉၉၂ ခုနှစ်မှစတင်၍ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများတွင် ကျင်းပလာခဲ့ပါသည်။



အလှူရှင်တစ်ဦးက အသက်ရာဇော်အဘိုးအဘွားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်

(၄၇) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံအနေဖြင့် ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် ၄၇/၅ ဖြင့် သက်ကြီးရွယ်အိုများအတွက် ကြေညာချက်ကို ချမှတ်ခဲ့ရာ ဤကြေညာချက်တွင် ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနှစ် အဖြစ် ကျင်းပပြုလုပ်သွားရန် ပါရှိခဲ့ပါသည်။

၁၉၉၅ ခုနှစ်တွင် ကျင်းပခဲ့သည့် (၅၀) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆုံးဖြတ်ချက် ၅၀/၁၄၁ ဖြင့် ၁၉၉၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်အတွက် အခြေခံမူဘောင်စည်းမျဉ်းများ ချမှတ်ခဲ့ပြီး၊ ၁၉၉၇ ခုနှစ် (၅၂) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပသွားရန် တိုက်တွန်း မေတ္တာရပ်ခံခဲ့ပါသည်။

ထို့ပြင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၈) ရက် ရက်စွဲပါစာ အေ/၅၂/၃၂၅ ဖြင့် ၁၉၉၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် ကျင်းပရေးမူဘောင်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ဖြန့်ဝေပေးအပ်ခဲ့ပါသည်။

ကုလသမဂ္ဂ အာရှနှင့် ပဖိစိတ်ဒေသ စီးပွားရေး၊ လူမှုရေး ကော်မရှင်သည် (၅၄) ကြိမ်မြောက် အစည်းအဝေးဌာန ဆုံးဖြတ်ချက်အမှတ် ၄၅/၁၃ ဖြင့် "International Year of Older Person: towards a society for ages" ကို အမည်ပေး ချမှတ်ခဲ့ပါသည်။

အဆိုပါ "towards a society for ages" ကို ပြည်ထောင်စုမြန်မာနိုင်ငံက "သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့" ဟု ဘာသာပြန်ဆိုကာ ဆောင်ပုဒ် သတ်မှတ်ခဲ့ပါသည်။

မြန်မာ့လူမှု ယဉ်ကျေးမှုနှင့် သက်ကြီးရွယ်အိုများ

မြန်မာ့လူမှု ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကို အခြေခံသည့် ယဉ်ကျေးမှုဖြစ်သဖြင့် "ဂါရဝ၊ နိဝါတ" တရားများ ကျင့်သုံးပွားများကြပါသည်။ မြန်မာ့ဆိုရိုးနယ်ပယ်ရှိ "ကြီးသူကို ရိုသေ၊ ရွယ်သူကို လေးစား၊ ငယ်သူကို သနား" ဆိုရိုးသည် မြန်မာလူမျိုးတို့၏ အခြေခံဗီဇစရိုက်အဖြစ် ဖြစ်တည်လျက်ရှိပြီး အသက်အရွယ်ကြီးသူတို့ကို ရိုသေလေးစားခြင်း၊ မိမိထက်တစ်နာရီ၊ တစ်မိနစ်၊ တစ်စက္ကန့်ကြီးသူကို ရိုသေခြင်း၊ လူကြီးသူမများအား ပူဇော်ကန်တော့ခြင်း စသည့်ကောင်းမြတ်သော အစဉ်အလာတို့ကို မပျက်မယွင်း လက်ဆင့်ကမ်း သယ်ဆောင်လျက်ရှိပါသည်။

မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်လွန်မြောက်၍ နှစ်သစ်ရောက်သည့် မြန်မာနှစ်ဆန်း(၁) ရက်နေ့တွင် သက်ကြီးပူဇော်ပွဲများ ကျင်းပခြင်း၊ သက်ကြီးဝါကြီး အဘိုးအဘွားများကို ကန်တော့ခြင်းနှင့် ခေါင်းလျှော်ခြင်း၊



အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ပြသထားသော စာတမ်းပုံပြခန်းငယ်



အပြည်ပြည်ဆိုင်ရာ ၁သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ဦးစိန်အောင်မင်း၏ ဧကပိုဒ်ရတု သီဆိုမှု

ခြေသည်း၊ လက်သည်းညှပ်ခြင်း စသည့်ဝေယျာဝစ္စပြုကုသိုလ်ယူမှုများကို မြန်မာလူမှုနယ်ပယ်တွင် ယနေ့တိုင်ထင်ထင်ရှားရှား ပြုမူဆောင်ရွက်နိုင်ဆဲ ဖြစ်ပါသည်။ ထို့အပြင် ဝါလကင်းလွတ် သီတင်းကျွတ်အခါတွင် မိမိတို့ အဘိုး၊ အဘွား၊ အမိ၊ အဘ၊ ဆရာသမား တို့အား သား သမီး၊ မြေး၊ မြစ်၊ တပည့်များက ပူဇော်ကန်တော့ခြင်း၊ ရပ်ကွက်၊ ကျေးလက်များအတွင်း သက်ကြီးဝါကြီး ပူဇော်ပွဲများ ကျင်းပခြင်းတို့ကို သား စဉ်မြေးဆက် လက်ဆင့်ကမ်း လျက် ကျင်းပဆောင်ရွက်လျက်လည်း ရှိပါသည်။

ယနေ့ကမ္ဘာတွင် လူမှုရေးပုံသဏ္ဌာန်များ ပြောင်းလဲလာခြင်းကြောင့် စုစည်းနေထိုင်သည့် မိသား စု (extened family) ပုံသဏ္ဌာန်သည် ပြောင်းလဲပြီကွဲလာပြီး မိသားစုဝင် အချင်းချင်း ချစ်ခင်ရင်နှီးစည်းလုံးမှု လျော့နည်းလာခြင်း၊ တစ်ဦးပေါ်တစ်ဦး တာဝန်မကျေပွန်ခြင်း၊ လျစ်လျူရှုခံရခြင်း၊ မိသားစုဝင်ပေါ် အချင်းချင်းအပေါ် အမြတ်ထုတ်ခြင်း စသည့် လူမှုရေးဆိုးပြစ်များကို လူအဖွဲ့ အစည်းများ၌ မိသားစုများနှင့် မိသားစုဝင်များသည် ရင်ဆိုင်လာနေရပြီ ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုတွင် လူမှုရေးတည်ဆောက်မှုများ ခေတ်နှင့်အညီ ပြောင်းလဲမှု အနည်းငယ်ရှိခဲ့သော်လည်း စုစည်းနေထိုင်သော မိသားစုပုံသဏ္ဌာန်သည် ယေဘုယျအားဖြင့် ခိုင်မြဲလျက် ရှိနေသေးသည်ဟု ဆိုနိုင်ပါသည်။ အဘိုး၊ အဘွား၊ မိခင်၊ ဖခင်များနှင့် သား သမီး၊ မြေးမြစ်များ အတူတကွ ချစ်ချစ်ခင်ခင် စုစည်း နေထိုင်ခြင်း၊ အဘိုး၊ အဘွား၊ အမိ၊ အဘတို့အား သား သမီး မြေးမြစ်များက မြတ်နိုးရိုသေလေးစားခြင်း၊ အမိ၊ အဘ တို့အား အနန္တာအနန္တ ကျေးဇူးရှင်များအဖြစ် ဦးထိပ်ပန်ဆင်ခြင်း၊ ဘာသာတရား အဆုံးအမ၊ သား သမီး ဝတ်ဝါးပါးနှင့် လျော်ညီစွာ ကျေးဇူးဆပ်ခြင်း၊ ပြန်လည် ပြုစုစောင့်ရှောက်ခြင်း စသည့် ဓလေ့စရိုက်များသည် မယိုင်မလဲ ခိုင်မြဲလျက် ရှိနေပြီး ဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာ့လူမှု ယဉ်ကျေးမှုနယ်ပယ်တွင် သက်ကြီးရွယ်အိုများ၏ဘဝသည် ခေတ်နှင့်အညီ ကမ္ဘာ့လူမှုရေးပုံသဏ္ဌာန် ပြောင်းလဲမှုဒဏ်ကို မခံရပါ။ ထို့နည်းတူ သက်ကြီးရွယ်အိုဆိုင်ရာ ပြဿနာများသည်လည်း မြန်မာ့လူ့အဖွဲ့အစည်းတွင် ပြောပလောက်အောင် မရှိပါ။ မြန်မာ့ လူ့ယဉ်ကျေးမှုစနစ်၏ သက်ကြီးရွယ်အိုများအပေါ်ထား ရှိသည့် မေတ္တာတရား၊ ရိုသေလေးစားမှု၊ သွေး၊ မိရိုးဖလာ ထုံးတမ်းစဉ်လာတို့သည် သား စဉ်မြေးဆက်

လက်ဆင့်ကမ်းလျက် ၂၀ ရာစုနှစ်မှသည် ရှေ့ရာစုနှစ်များတိုင် မယိုင်မလဲ ခိုင်မြဲနေမည်သာ ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

ပြည်ထောင်စု မြန်မာနိုင်ငံသည် ယခင်နှစ်များက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားများကို အမျိုးသားအဆင့် ကျင်းပပြုလုပ်နိုင်ခြင်း မရှိခဲ့သော်လည်း ၁၉၉၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်တွင်မူ အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နှစ်နှင့် တိုက်တိုက်ဆိုင်ဆိုင် ပထမဦးစွာ အမျိုးသားအဆင့် ကျင်းပနိုင်ခဲ့ပါသည်။

သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့် လူမှုဝန်ထမ်းဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပရေးအတွက် ဦးဆောင်ဆောင်ရွက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေးအတွက် မွန်မြတ်လေးနက်သော ရည်ရွယ်ချက်များကို ချမှတ်ခဲ့သည်။ "towards a society for all ages" ကို "သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့" ဟု ဘာသာပြန်ဆိုကာ သက်ကြီးရွယ်အိုများနေ့အတွက် ရည်ရွယ်ချက်များ ချမှတ်ခဲ့ရာတွင်–

- သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့ (towards a society for all ages) ဟူသော ဆောင်ပုဒ်နှင့်အညီ သက်ကြီးရွယ်အိုများ အခြေအနေကို ပြည်သူများသတိပြုစေရန်
- ၁၉၉၉ ခုနှစ်နှင့် နောက်ပိုင်းကာလများတွင် သက်ကြီးရွယ်အိုများအတွက် ရေးရွဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများနှင့် အစီအစဉ်များကို တိုးတက်ဆောင်ရွက်ရန် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းဖြန့်ချိသူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူငယ်များစသည်များက သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာစေရန်

စသည့် ရည်ရွယ်ချက်များကို မွန်မြတ်လေးနက်စွာ ချမှတ်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် အထိမ်းအမှတ်နှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးသက်ရွယ်အိုများနေ့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းအား မီးမောင်းထိုးပြ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤအစဉ်အလာကောင်းများမှာ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့သည့် အစဉ်အလာဖြစ်ပြီး အသက်ရာကျော် အဘိုးအဘွားများအား ဂုဏ်ပြု ကန်တော့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ အသက်ရာကျော် အဘိုးအဘွားများအား ကန်တော့နိုင်ရန်အတွက် ၁–၁၀–၉၉ နေ့၌ အသက် ၁၀၀ ပြည့်ပြီးသည့် ဘိုးဘွားများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများမှ တစ်ဆင့်ကြေညာ၍ စာရင်း ကောက်ယူခဲ့ပြီး ပြည်နယ်၊ တိုင်းအလိုက် ရရှိသည့် အသက်ရာကျော် ဘိုးဘွားစာရင်းအရ ဂုဏ်ပြုကန်တော့ခဲ့သည်။ ဘိုးဘွားဦးရေမှာ –

ကချင်ပြည်နယ်	... ၂	ဦး
ကရင်ပြည်နယ်	... ၈	ဦး
စစ်ကိုင်းတိုင်း	... ၁၃	ဦး
တနင်္သာရီတိုင်း	... ၅	ဦး
ပဲခူးတိုင်း	... ၁	ဦး
မကွေးတိုင်း	... ၂	ဦး
မန္တလေးတိုင်း	... ၁၅	ဦး
မွန်ပြည်နယ်	... ၁၁	ဦး
ရန်ကုန်တိုင်း	... ၄၃	ဦး
ရှမ်းပြည်နယ်	... ၆	ဦး
ဧရာဝတီတိုင်း	... ၁၁	ဦး

စုစုပေါင်း ၁၁၇ ဦး ဖြစ်ပြီး ဘိုးဘွားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ ဂုဏ်ပြုကန်တော့ရာတွင် ရန်ကုန်မြို့ရှိ ဘိုးဘွားများကို ကျင်းပရေးကော်မတီနှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ကန်တော့ခဲ့ပါသည်။ ပြည်နယ်၊ တိုင်းများရှိ အသက်ရာကျော် ဘိုးဘွားများကို ပြည်နယ်၊ တိုင်း လူမှုဝန်ထမ်း ဦးစီးမှူးရုံးများမှ တစ်ဆင့် ကန်တော့ခဲ့ပါသည်။ ရန်ကုန်မြို့ရှိ အသက်ရာကျော် ဘိုးဘွားများထဲတွင် အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်နိုင်သည့် ဘိုးဘွားများကိုမူ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့ ဖိတ်ကြားကာ အခမ်းအနားတွင် ဂုဏ်ပြုကန်တော့ခဲ့ပါသည်။

၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ စီးပွားရေးလုပ်ငန်း ဗဟိုဌာနဒွဲမြတ်နိုးစရာ၊ မြန်မာ့ယဉ်ကျေးမှုနှင့်လျော်ညီစွာ ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့ပါသည်။ ဤအခမ်းအနားတွင် အခမ်းအနားတက်ရောက်နိုင်သည့် အသက်ရာကျော် ဘိုးဘွားများကို ဂုဏ်ပြုကန်တော့ခဲ့သည့် သာမက စာပေ၊ သဘင်၊ ရုပ်ရှင်၊ ပန်းချီ၊ ဂီတ၊ စစ်မှုထမ်းဟောင်း စသည့် နယ်ပယ်

အသီးသီးတွင် ထူးခွန်သက်ကြီးပုဂ္ဂိုလ်များအား ဂုဏ်ပြုဆုမျာ: ချီးမြှင့်ကန်တော့ခြင်း၊ ရန်ကုန်မြို့ ဘိုးဘွားရိပ်သာများမှ ထူးခွန်အဘိုးအဘွားများကို ဂုဏ်ပြုဆုများ ချီမြှင့်ကန်တော့ခြင်းများကို ချစ်မြတ်နိုးစရာ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရန်ကုန်မြို့ရှိ ဘိုးဘွားရိပ်သာများ ဖြစ်သည့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ သီလရှင်လေးများ ဘိုးဘွားသုခရိပ်သာ၊ မွတ်ဆလင်သက်ကြီးဂေဟာ၊ မွတ်ဆလင်အဘွားသုခရိပ်သာ၊ ရွှေသံလွင် ဘိုးဘွားရိပ်သာတို့တွင် သောကကင်းကာ စိတ်ချမ်းသာစွာ နေထိုင်လျက်ရှိသည့် ဘိုးဘွားများထဲမှ ထူးခွန်ဘိုးဘွားများကို သက်ဆိုင်ရာ ဘိုးဘွား ရိပ်သာကြီးကြပ်မှု ကော်မတီများက ရွေးချယ်ခဲ့ပြီး ဤဘိုးဘွားရိပ်သာများမှ ထူးခွန်ဘိုးဘွားများကိုကျင်းပရေးကော်မတီက အခမ်းအနားတွင် ဂုဏ်ပြုကန်တော့ခဲ့ခြင်း ဖြစ်ပါသည်။ ထိုနည်းတူ ဘာသာရပ်နယ်များမှ ထူးခွန်သက်ကြီး ပုဂ္ဂိုလ်များအား ဂုဏ်ပြုကန်တော့ရာတွင် သက်ဆိုင်ရာအဖွဲ့.အစည်း၊ အစည်းအရုံးများက ရွေးချယ်ပေးခဲ့ပါသည်။

- စာပေ ဦးအုန်းဖေ(ဆရာတက်တိုး)
- ရုပ်ရှင် ဦးသုခ
- သဘင် ဦးစိန်ဖေအောင်မင်း
- ဂီတ ဦးစိန်မြမောင်

တို့အား အခမ်းအနားတွင် ခမ်းနားစွာ ဂုဏ်ပြုကန်တော့ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေးလုပ်ငန်းကော်မတီသည် မွန်မြတ်လေးနက်သည့် ရည်ရွယ်ချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် အခမ်းအနားကို ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုနှစ်တွင် စတင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုနှစ်နှင့်တိုက်ဆိုင်စွာ လေးနက်ခြင်း၊ မြန်မာ့လူမှု ယဉ်ကျေးမှုကို ထင်ဟပ်စေခြင်း၊ လူမှုယဉ်ကျေးမှု အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းသယ်ဆောင်ရင်း သတိပြုစေခဲ့ခြင်း၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဘဝ အခြေအနေကိုပြည်သူများ အာရုံပြုမိစေခြင်း၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အဖွဲ့အစည်းများကို နှိုးဆော်နိုင်ခဲ့ခြင်းစသည့် ဝိသေသများဖြင့် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့် အခမ်းအနားကို ကျင်းပနိုင်ခဲ့သည်သာမက ပြည်နယ်၊ တိုင်းများရှိ မြို့နယ်များ၊ ဘိုးဘွားရိပ်သာများတွင်လည်း အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။

နိဂုံး

သက်ကြီးရွယ်အိုများတွင် အသက်အရွယ်အိုမင်းလာသဖြင့် နာတာရှည်ရောဂါ ခံစားရခြင်း၊ အမြင်နှင့်အကြား အာရုံများ နည်းပါးလာခြင်း စသည့် အားနည်းချက်များကြောင့် ကျန်းမာရေးစောင့်ရှောက်မှုသည် ပိုမိုလိုအပ်လာပါသည်။ အိုမင်းမစွမ်းဘဝ ရောက်ရှိသဖြင့် စီးပွားရေးအရ ဝင်ငွေနည်းပါးသွားခြင်း၊ အလုပ်အကိုင် မလုပ်ကိုင်နိုင်ခြင်း၊ မိသားစုဝင်များက စီးပွားရေးနှင့် အိမ်မှုကိစ္စများရှုန်းကန်ရင်ဆိုင်နေရ၍ ဘိုးဘွားများအတွက် တရင်းတနှီးဖော်ရွေဆက်ဆံနိုင်ရန် အချိန်မပေးနိုင်ခြင်း စသည်တို့ကြောင့် လူမှုရေးအထီးကျန်ဆန်မှုနှင့် အားနည်းမှုများကို ခံစားလိုက်ရခြင်းတို့ ရှိလာနိုင်ပြီး ယင်းသို့သော လူမှုရေးအထီးကျန်ဆန်မှုများကို ကူညီဆောင်ရွက်ပေးရန် ရှိလာပါသည်။

ထို့အပြင် အလုပ်လုပ်ကိုင်နိုင်သော အရွယ်များတွင် ဆင်းရဲနွမ်းပါးမှုဒဏ်မှာ မသိသာလှသော်လည်း အိုမင်းမစွမ်းဘဝတွင် ပိုမိုခံစားရတတ်သဖြင့် ဆင်းရဲနွမ်းပါးသော သက်ကြီးရွယ်အိုများအတွက် ကူညီစောင့်ရှောက်မှုများပေးအပ်သင့်ပါသည်။

ယင်းသို့ သက်ကြီးရွယ်အို ရင်ဆိုင်ရသည့် ဆင်းရဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးအထီးကျန်ဆန်မှုကို လူအဖွဲ့အစည်းများရှိအစိုးရများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘိုးဘွားရိပ်သာများနှင့် စေတနာဝန်ထမ်းပုဂ္ဂိုလ်များက ကူညီဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် သက်ကြီးရွယ်အိုများ၏ ဘဝစိုပြည်သာယာရေးအတွက် ပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့သွားရမည်သာ ဖြစ်ပါသည်။

မြန်မာ့လူ့အဖွဲ့အစည်း၏ ကောင်းမြတ်သော ဓလေ့ဖြစ်သည့် သက်ကြီးဝါကြီး၊ အဘိုးအဘွားများအပေါ်ထား၍ သည့်ယဉ်ကျေးမှုအစဉ်အလာကောင်းများကိုလက်ဆင့်ကမ်းသယ်ဆောင်၍ အမိ၊ အဘ၊ အဘို့ အဘွားများ အပါအဝင် သက်ရွယ်ကြီးမား ဘိုးဘွားများ၏ ဘဝစိုပြည်သာယာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်သာ ဖြစ်ပါသည်။

မောင်ငွေငွေး (လူမှုဝန်ထမ်း)



အာကလိုင်းလစ်ပန်းချီ



စားပွဲတင်ရုပ်လုံးတွက် ပွတ်ခံခြင်း



ဈေးကွက်ဝင်လက်မှုပညာများ

တိုးတက်ပြောင်းလဲလာသည့် လက်မှုအနုပညာ


အနုပညာဟူသည် လက်မှုပညာတွင် အခြေခံလေသည်။ လက်မှုပညာမှတစ်ဆင့် အနုပညာသို့ ပြောင်းလဲလာသည့် သဘောရှိပေသည်။ လူသား တို့ တီထွင်ကွန့်မြူးနိုင်သည့်အမျှ လက်မှုအနုပညာရပ်တို့သည်လည်း တိုးတက်ပြောင်းလဲရစမြဲ ဖြစ်ပေသည်။ ကျောက်၊ ကြေး၊ သံ၊ သတ္တု၊ ဆင်စွယ်၊ သစ်၊ ဝါး၊ စဉ့် စသည်ဖြင့် သတ္တုပစ္စည်းအမျိုးမျိုး ရှိရာတွင် ကျောက်သည် ရှေးအကျဆုံးဖြစ်ပြီး ဝါးသည် လူထုနှင့်အနီးစပ်ဆုံး ပစ္စည်းဖြစ်ပေသည်။ သမိုင်းစဉ်အား ဖြင့် ကျောက်သည် သက်တမ်းရှည်ကြာသော်လည်း လူထုနှင့် အနီးစပ်ဆုံး၊ အလွယ်ဆုံး အများသုံးပစ္စည်းမှာ ယနေ့ထက်တိုင် ဝါးဟုပင် ဆိုရပေမည်။

သမိုင်းအရပြောရလျှင် ကျောက်ခေတ်ကတည်းက လက်မှုအနုပညာရပ်များ ထွန်းကားခဲ့သည်ဟု ဆိုရမည်။ ကျောက်ခေတ်၊ မြေပုတီး၊ ကျောက်ကွင်း၊ ပုဆိန် စသည်တို့သည် ထင်ရှားသည်။ ထို့အတူ ပျူခေတ်၊ သန္တာ၊ ဥဿဖရား၊ အစိမ်း၊ အဝါ၊ အဖြူ၊ အပြာ ပုတီးစေ့များ၊ အရုပ်ပုတီးများသည်လည်း ထင်ရှားပေသည်။ ပျူခေတ်လက်ရာများအနက် ဝါဂီနစ်ပညာရှင်များ သရုပ်ဖော်ကြေးရုပ် (၅)ရုပ်သည် ထူးခြား၍ လက်ရာမြောက်သည့်နှင့်အမျှ ရှားပါးလက်ရာများတွင် အပါအဝင်ဖြစ်ပေသည်။

ပုဂံခေတ်တွင် တွေ့ရသည့် ဗုဒ္ဓဝင် (၈) ခန်း သရုပ်ဖော် ကြေးကြာဖူးသည်လည်း လက်မှုအနုပညာမြောက်သည့် ကြေးထည်ပစ္စည်းများတွင် ထိပ်ဆုံးမှပါဝင် ပေသည်။ ကြာဖတ်များအတွင်း ဗုဒ္ဓဝင် (၈) ခန်းကို သရုပ်ဖော်သွန်းထားသည့်အပြင် ဖွင့်၍ပိတ်၍ရသည့် ကြာဖူးမျိုးဖြစ်သဖြင့် လက်မှုပညာမြောက်သလို အနုပညာမြောက်သည့် ပစ္စည်းမျိုးဟု ဆိုရပေမည်။

ကြေးကြာဖူးကဲ့သို့သော ပစ္စည်းမျိုးသည် ကြေးခြူ၊ ဆည်းလည်း၊ သဲလွင်၊ ပန်းအိုး၊ ဆီမီးခွက်၊ ခေါင်းလောင်း၊ ကလပ်၊ လင်ပန်း၊ ကရား၊ ပန်းခိုင် စသည့် လူသုံးပစ္စည်းများကို ပြုလုပ်ရာမှ တစ်ဆင့် တိုးတက်ပြောင်းလဲလာသည့် ပစ္စည်းဖြစ်ပေသည်။ အဆင့်ဆင့် ကြိုးပမ်း အားထုတ်လုပ်ဆောင်ရာမှ လက်ရာမြောက် အနုပညာပစ္စည်းအဖြစ် ပေါ်ထွက်လာသည်ဟု ဆိုနိုင်ပေသည်။

ထို့အတူ ကျောက်အမျိုးမျိုးရှိသည်။ ဂဝံကျောက်၊ သဲကျောက်၊ ထုံးကျောက်၊ စကျင်ကျောက်၊ အင်းကြင်းကျောက်စသည်ဖြင့် အမျိုးမျိုး တွေ့ရသည်။ ပုဂံခေတ်ဆင်းတုတော်များ ထုလုပ်ရာတွင် ထုံးကျောက်နှင့် သဲကျောက်များကို အသုံးပြုပြီး ရှေးမွန်များက ဂဝံကျောက်များကိုပါ အသုံးပြုပုံရကြသည်။ အန္တကူကျောက်ဖြင့် ထုလုပ်



ပန်းချီပညာရှင်နှင့်လုပ်ငန်းခွင်



နံရံချိတ်အလှဆင် ရွှေချည်ထိုး

သည့် ဆင်းတု၊ ရုပ်တုများလည်း အတော်အသင့်ရှိသည်။ စက္ကူင်ကျောက်ကိုမူ မြန်မာပညာသည်များအနေဖြင့် အင်းဝခေတ်လောက်မှ စတင်သုံးစွဲပုံ ရသည်။ စက္ကူင်ကျောက်ဖြင့် ဆင်းတုတော်၊ ရုပ်ပွားတော် အမျိုးမျိုးနှင့် ကျောက်စာတိုင်များ၊ မော်ကွန်းတိုင်များကို ထုလုပ်ခဲ့ရာမှ (၂၀) ရာစုခေတ်တွင် ရုပ်တု၊ ရုပ်လုံးအမျိုးမျိုး၊ အသုံးအဆောင်အမျိုးမျိုး၊ တံဆိပ် အမျိုးမျိုး ပြောင်းလဲ ထုလုပ် လာသည်ကို တွေ့ရပေသည်။

ဖြည့်၍၊ ကပ်၍မရနိုင်သည့် ပစ္စည်းမျိုးတွင် ကျောက်သည် ထိပ်ဆုံးမှ ပါဝင်သည်။ ကွမ်ရင်မယ်တော်၊ သူရဿတီဒေဝီ၊ တာရာဒေဝီ၊ ဗိဿနိုးနတ်မင်းကြီး၊ ခြင်္သေ့၊ မကာရ်စသည့်တို့ကို ကျောက်ဖြင့် ထုလုပ်သလို ပုံတူ ရုပ်လုံးထုလုပ်မှုမျိုးလည်း ရှိပေသည်။

လက်ဝတ်ရတနာ ပြုလုပ်သည့် ကျောက်များထဲမှ အညှစ်စား၊ အဖြူန်း (ကျောက်ဖြူန်း) များ၊ အမှုန့်များကို အရောင်အမျိုးမျိုး၊ အသွေးအမျိုးမျိုး၊ အတုံး၊ အမှုန့်၊ အကြီးအသေးအမျိုးမျိုး ရွေးချယ်၍ ကော်ဖြင့်ကပ်ပြီး ပန်းချီကား

အဖြစ် ဖန်တီးသည့် ပညာတစ်ရပ် ပေါ်ထွက်လာသည်။ ယင်းပညာရပ်မျိုး ပေါ်ထွန်းလာသည်မှာ နှစ်ပေါင်း (၂၀) ခန့် မျှသာ ရှိပေသေးသည်။ ယင်းကို "ကျောက်မှုန့်စီပန်းချီ" ဟု ခေါ်ဆိုသည်။ ထိုင်းနိုင်ငံနယ်စပ်သို့ တင်ပို့ရောင်းချနေသည်မှာ ကြာပေပြီ။ ယင်းလက်ရာမျိုးကို ၁၉၉၆ ခုနှစ်က မန္တလေးမြို့တွင် ကျင်းပသည့် မြန်မာနိုင်ငံရိုးရာ ပန်းဆယ်မျိုးပြပွဲ ပြိုင်ပွဲကြီးတွင် တွေ့ရပေသည်။ ဆေးရေးခြယ်မှုန်းသည့် ပန်းချီမှတစ်ဆင့် ပြောင်းလဲတိုးတက်လာသည့် ပညာရပ်တစ်ရပ် ဖြစ်ပေသည်။

နောက်တစ်မျိုးရှိသေးသည်။ "အာကရိုင်းလစ်ပန်းချီ" ဖြစ်သည်။ အမှုန့်နှင့် အတောင့် (ဘူး) (TUBE) သွားတိုက်ဆေးဘူးကဲ့သို့သော (၂)မျိုးထွက်သည်။ ရေနှင့်လည်း ဖျော်စပ်၍ရသည်။ ဆီနှင့်ရေလည်း ဖျော်စပ်၍ရသည်။ အခြောက်မြန်သည်။ မြန်မာနိုင်ငံတွင် "အာကရိုင်းလစ်"ကို အသုံးပြုသည်မှာ နှစ်ပေါင်း ၃၀ ခန့် ရှိပေပြီ။ ပြောင်းလဲ တိုးတက်လာသည့် ပန်းချီရေးခြယ်နည်းတွင် "အာကရိုင်း လစ်"ကို ချန်လှပ်ထား၍ မဖြစ်ပေ။ နောက်တစ်မျိုး ရှိသေးသည်။ သွားစိုက်ဆရာများသည် ရှေးအခါက သွားအတုပြုလုပ်ရာတွင် အံကပ်များပြုလုပ်သည့်အခါ "ပလာစတာ" အမှုန့်မျိုးကို သုံးခဲ့ရာမှ ယခုအခါ "အာကရိုင်းလစ်" အမှုန့်များကို ရေနှင့်ဖျော်စပ်ပြီး သုံး၍နေကြပေပြီ။ နောက်တစ်မျိုး ဆက်လက်ဖော်ပြပါ ဦးမည်။




ထီးကြာခံအတွက် ပွတ်ခံနေပုံ



ထီးခရိုင်ထီးခွင်နှင့် ကြာခဲတွဲနေပုံ

မျက်လုံးအတုလုပ်နည်းဖြစ်သည်။ လွန်ခဲ့သည် နှစ်ပေါင်းရာကျော်က ပုံတူရုပ်လုံးများ (ကျောက်၊ ကြေး၊ ကွန်ကရစ်၊ ပလာစတာ၊သစ်) များဖြင့် ထုလုပ်သည့်အခါ မျက်စိနှစ်လုံးမှ အကြည်ဓာတ် (အလင်းဓာတ်)နေရာ အတွက် မျက်လုံးအိမ်ကို ထွင်းရာ၌ အစက်(၂) နေရာကွက်၍ချန်ပြီး ထုထွင်းလေ့ရှိသည်။ ကျောက်မျက်လုံးများ၊ ဖန်လုံးများ အစားထည့်တတ်ကြ သည်။အချို့က မျက်လုံးနေရာတွင် ဆေးခြယ်တတ်ကြ သည်။ ယခု ထိုသို့ မဟုတ်တော့ပေ။ မျက်လုံးနေရာ တစ်ခုလုံးကို ထွင်းပြီး အာကရိုင်းလစ်အမှုန့်ကို တေ၍ မျက်လုံးအစားထိုးသည်။ ပြီးလျှင် မျက်လုံးကို ဆီဆေးဖြင့် ခြယ်မှုန်းသည်။ ခြောက်ပေအကွာမှ ကြည့်လျှင် မျက်လုံးအစစ်နှင့် မခြား၊ပေ။ ယခုပေါက်စျေး မျက်လုံးတစ်စုံလျှင် (၈၀၀၀)ကျပ်ခန့် ပေးရသည်။ ယင်းမျက်လုံးမျိုးကို အတုလုပ်သည့် ပညာရှင်များ(ခြေတု၊ လက်တု၊ သွား အတုပြုလုပ်သူများ)က ပြုလုပ်ကြသည်။

တိုးတက်ပြောင်းလဲလာသည့် လက်မှုအနုပညာရပ်များတွင် ကောက်ရိုးကပ်ပန်းချီလည်း အပါအဝင် ဖြစ်သည်။ ကောက်ရိုးအမျှင် အမျိုးမျိုးကိုကပ်ပြီး ပုံဖော်နေကြရာမှ ယခုအခါ အသေးစိတ်၊ အနုစိတ်လက်ရာမျိုး ပေါ်ထွက်လာပေပြီ။ သာမန်အရုပ်များ၊ ရှုခင်းများကို ကောက်ရိုးကပ်ပြီး သရုပ်ဖော်နေကြရာမှ ပုံတူများကို တစ်ဆင့်တက်ပြီး ဖန်တီးသည့် အခြေသို့ ရောက်ရှိ လာပေပြီ။



စားပွဲတင်ရုပ်လုံးများ ဖန်တီးနေသည့်ကျောင်းသား

ပုံတူများအတွက် ကောက်ရိုးအရွယ်အစား အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အသွေးအမျိုးမျိုးကို စုဆောင်းရွေးချယ်ပြီးကာမှ နမူနာဓာတ်ပုံနှင့်တူအောင် စုစည်း၍ ကော်ကပ်ရသည့် လုပ်ငန်းဖြစ်သည်။ ပုံတူပန်းချီအခြေခံ မတက်ကျွမ်းဘဲနှင့် သရုပ်ဖော်၍ မရပေ။ စိတ်ရှည်ရှည်နှင့် ပြုလုပ်ရသည့် လုပ်ငန်းမျိုးဖြစ်ပြီ တစ်တောင်ပတ်လည်(၁၈×၂၀)လက်မ အရွယ် ကောက်ရိုးပန်းချီ ပုံတူတစ်ချပ်လျှင် အနည်းဆုံး ၅၀၀၀၀ (ငါးသောင်းကျပ်)ခန့် ဈေးပူဇော်ရပေသည်။

ပြည်တွင်းပြည်ပ အများဆုံးတွင် ကျယ်လျက်ရှိသည့် လက်မှုအနုပညာရပ်များတွင် ပန်းချီ၊ ပန်းပုနှင့် ရွှေချည်ထိုးပညာရပ်များသည် ထိပ်ဆုံးမှ နေရာယူလျက် ရှိပေသည်။ မြန်မာမင်းများ ဘုန်းမီး နေလပမာ တောက်ပထွန်းလင်းစဉ် အခါက ရွှေချည်ထိုးပစ္စည်းများကို ထီးရိပ် နန်းရိပ်နှင့် သာသနိကအဆောက်အအုံတို့တွင်သာ တွေ့မြင်ရတတ်ပြီး ယခုပြည်သူတို့ခေတ်ရောက်ရှိလာသည့်အခါ ရွှေချည်ထိုးလက်ရာတို့သည် ရှေးကထက် ဆန်းသစ်လာကြပြီး ပြည်သူများကလည်း အမျိုးမျိုးအဖုံဖုံ မွမ်းမံဆင်ယင်၍ အသုံးချလာကြပေပြီ။ နံရံကပ် အလှဆင်မွမ်းမံသည့် ပစ္စည်းများတွင် ရွှေချည်ထိုးများက တစ်စတစ်စ နေရာယူလျက် ရှိပေပြီ။ ကုလသမဂ္ဂခန်းမကြီးတွင် မြန်မာ့ရွှေချည်ထိုးလက်ရာများဖြင့် မွမ်းမံဆင်ယင်ထားသလို ပုဂံယဉ်ကျေးမှု ပြတိုက်ကြီး၏ မျက်နှာကျက်တွင်လည်း ရွှေချည်ထိုးလက်ရာများဖြင့် မွမ်းမံထားရှိရာ အနုပညာပန်းများ ဝေဆာလျက် ရှိပေသည်။

ပန်းချီလက်ရာအချို့ကို ရွှေချည်၊ ငွေချည်ဖြင့် သရုပ်ဖော်သလို ချည်ရောင်စုံဖြင့် ရက်လုပ်ပြီး သရုပ်ဖော်မှုမျိုးလည်းရှိပေသည်။ ထို့အတူ ယပ်တောင်ကြီးငယ် အမျိုးမျိုးတွင် ရှုခင်းများ၊ အရုပ်များ၊ သစ်သီးသစ်ပင်များ၊ ဒီဇိုင်းများ ရေးခြယ်၍ ခင်းကျင် ပြသမှုများကိုလည်း မြင်တွေ့ရပေသည်။ "ယပ်တောင်ပန်းချီ" ပြပွဲဟူ၍ သီးခြား ပြသခဲ့ဖူးပေသည်။ ပန်းချီပညာကို နည်းအမျိုးမျိုးဖြင့် အသုံးချခြင်း ဖြစ်ပေရာ "ယပ်တောင်ပန်းချီ"နည်းစနစ်မျိုးကိုလည်း မှတ်တမ်းတင်ကြရပေမည်။

သစ်စေ့၊ ချိတ်စေ့၊ ဘူး၊ ဖရုံ၊ သခွါးစေ့၊ ဖရုံစေ့များ အပါအဝင် သစ်စေ့အမျိုးမျိုး၊ ပဲအမျိုးမျိုး၊ အကိုင်းအခက်၊ နွယ်အမျိုးမျိုးဖြင့် တန်ဆာဆင်ထားသည့် နံရံကပ်ပန်းချီကားမျိုးလည်း ရှိသေးသည်။ ယင်းပန်းချီလက်ရာတို့တွင် ပန်းပုံ၊ ပန်းခြင်းပုံနှင့် စိတ်ကူးယဉ်ပုံ အမျိုးမျိုးကို တွေ့မြင်ရပေ သည်။ တစ်ခြမ်းဖောင် : တစ်ခြမ်းရုပ်ကြွများ အပါအဝင် နံရံကပ်ပုံများလည်း ရှိသေးသည်။ နံရံတစ်ချပ်ရှိလျှင် ပန်းချီကား တစ်ချပ် သို့မဟုတ် နံရံကပ်ပန်းပုတစ်ရပ်ချိပ်ဆွဲ သင့်သည်ဟူသော အယူအဆ သို့မဟုတ် အတွေးအခေါ် တစ်ရပ်ကိန်းအောင်းလာသည့် သဘောပင် ဖြစ်သည်။

အနုပညာတစ်ရပ် တိုးတက် ထွန်းကားရေးမှာ ပညာသည်များအပိုင်းမှ ထုထွင်းရေးခြယ်နေရုံဖြင့် မပြီးသေးပေ။ အစိုးရပိုင်းမှ အားပေးကူညီစောင့်ရှောက်မှု လိုအပ်



ကျောက်မှန့်စီကပ် ပန်းချီ

တိုးတက်ပြောင်းလဲလာသည့် လက်မှုအနုပညာ



လက်မှုအနုပညာပြပွဲ စုံညီပွဲတော်


သလို ပြည်သူများအပိုင်းမှလည်း သိတတ်၊ မြင်တတ်၊ ခံစားတတ်ဖို့လည်း လိုပေသေးသည်။ ပုလင်းပန်းချီ ရေးခြယ်နည်းကို လွန်ခဲ့သည့် ၂၅ နှစ်ခန့်က ဦးညိုလေး တစ်ဦးတည်း သာတတ်ကျွမ်းခဲ့ရာမှ ယခုအခါ ပုလင်းပန်းချီ ရေးခြယ်သူ နှစ်ဦး၊ သုံးဦး တိုးပွားလာပြီဖြစ်ရာ ဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။

သစ်သားပန်းပုသည်လည်း ကျောက်နှင့် ဆင်စွယ်ကဲ့သို့ ဖြည့်၍ ဖို့၍မရသောပစ္စည်းမျိုးဖြစ်ပေသည်။ ပခုက္ကူမှ (၈)ထပ်ပန်းကဲ့သို့ အထပ်ပန်းများ တိုးတက်ထွန်းကား မလာသော်လည်း အရုပ်တို့၏ ပုံပန်းသွင်ပြင်နှင့်အချိုးအစားများသည် ရှေးကထက်ပို၍ မှန်ကန်လာသဖြင့် ဝမ်းမြောက်ဖွယ် ဖြစ်ပေသည်။ ပန်းချီပန်းပုကျောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်နှင့် "ဒါးပိန်"ကဲ့သို့သော ပန်းပုရွာများ ပေါ်ထွန်းလာခြင်းမှာ ပန်းချီ ပန်းပု လောကအတွက် အလားအလာကောင်းသည်ဟု ဆိုရပေမည်။

ဝါးခမောက်နှင့် ပုသိမ်ထီးများ အပါအဝင် ကျေးလက်ဒေသများတွင် နှီး၊ ဝါး၊ ကြိမ်တို့ဖြင့် ရက်လုပ်သည့်လုပ်ငန်းများ အထိုက်အလျောက်ရှိရာ ယင်းလုပ်ငန်းတို့ကို စနစ်တကျ မြေတောင်မြှောက်ပေးနိုင်ပါက ယခုထက်ပိုမို၍ တိုးတက်လာစရာ ရှိပေသည်။ ပွတ်ခံ ပွတ်ထိုး၍ အုတ်၊ ခွက်၊ ကလပ်၊ အစ်ပြုလုပ်သော ပညာများလည်း ရှိသေးသည်။ စားပွဲတင်အလှဆင်ပစ္စည်းများတွင် ယင်းပစ္စည်းများလည်း ပါဝင်ပေသည်။ ဆင်စွယ်ဖြင့် ပြုလုပ်ထားသည့် ယပ်၊ လှေ၊ လှည်း၊ စစ်တုရင် ရုပ်လုံး၊ ဝင်းခင်းပုံရုပ်လုံးများ၊ ဟင်္သာကွမ်းအုပ်များ၊ ကိန္နရီ၊ ကိန္နရာများနှင့်အကအခုန် ရုပ်လုံးများလည်းရှိသေးသည်။

ကြေးသွန်းပညာ တိုးတက်လာသည့် အတွက် လောကနတ်၊ ဖားစည်၊ ဝသုန္ဓေ၊ နယား၊ ဂဠုန်၊ ခြင်္သေ့စသည့် ရုပ်လုံးကြီးငယ်များကို မြင်တွေ့ရသည်။ တစ်ပဲထုလောက် ခပ်ပါးပါးသွန်းလုပ်နိုင်ပါက ယခုထက်ပိုမို၍ အလေးချိန်ပေါ့ပြီး ကြေး၊ သတ္တု အကုန်အကျ သက်သာနိုင်ဖွယ်ရာ ရှိပေသည်။ လက်မှုအနုပညာ တိုးတက်ထွန်းကားရေးတွင် ပြုပြင်ဆောင်ရွက်စရာများ များစွာရှိပေသည်။

ဦးမင်းနိုင်



ဒုတ္တရုတံတား(မုန်ပြည်နယ်)



ရာမောင်တံတားစိမ်းကိုန်း(ရခိုင်ပြည်နယ်)

တည်ဆောက်ဖွင့်လှစ်ပြီး စိမံကိန်းဝင် တံတားကြီးများ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်မိုလ်ချုပ်မှူးကြီးသန်းရွှေ မင်းချောင်းတံတားတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်စစ်ဆေးစဉ်


တပ်မတော်သည် နိုင်ငံတော် အာဏာအရပ်ရပ်ကို ၁၈.၉.၈၈ နေ့တွင် မလွဲမရှောင်သာ ထိန်းသိမ်းခဲ့ရသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် မင်းမဲ့စရိုက် ဆန်လာခြင်း၊ အုပ်ချုပ်ရေးယန္တရား ယိုယွင်းလာခြင်းများသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာခြင်းဟု ကြောင့် သမိုင်း၏ အပ်နှင်းချက်အရ နိုင်ငံတော်အာဏာအရပ်ရပ်ကို ထိန်းသိမ်း ခဲ့ရခြင်းဖြစ်သည်။

သို့ဖြင့် တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရသည်။ ယင်းသို့ ဖွဲ့စည်းပြီးသည်နှင့် တပ်မတော်အစိုးရသည် ချက်ချင်း လက်ငင်းဆောင်ရွက်ရမည့် ပဓာနတာဝန်လေးရပ်ကို ချမှတ်ခဲ့လေသည်။

ပဓာနတာဝန်ကြီးလေးရပ်အနက် ဒုတိယတာဝန်မှာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (တပ်မတော်)သည် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို အလေးအနက်ထား ဦးစားပေး ဆောင်ရွက်အကောင်အထည်ဖော်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို သွေးသစ်လောင်းကာ (၁၅-၁၁-၉၇) နေ့၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖြစ် ပြောင်းလဲဖွဲ့စည်းပြီးသည့် နောက်၌လည်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မနားတမ်း စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိနေသည်။

လမ်းပန်းဆက်သွယ်ရေးဆိုသည်နှင့် တံတားကြီးများ အကျဉ်းဝင်လာသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဦးစီးဆောင်ရွက်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်းထားသည်။ အဆိုပါအဖွဲ့အပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်သည့်လမ်းပန်းဆက်သွယ်မှု



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်မိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်အကြီးအကဲများ ဗလမင်းထင်တံတားစိမ်ကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်

လုံခြုံချောမွေ့စေရေး ဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်းထားသေးသည်။

ယင်းအဖွဲ့များ၏ ဦးဆောင်လမ်းညွှန်ကြီးကြပ်မှုများကိုခံယူကာ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စီမံကိန်းဝင်တံတားကြီးများကို တည်ဆောက်လျက်ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်သည့်စီမံကိန်းဝင်တံတားကြီးများရှိသည့်နည်းတူ သက်ဆိုင်ရာလုပ်ငန်းသဘောအရ နီးနွယ်နေသည့် ဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဝင်တံတားကြီးများလည်းရှိသည်။

လမ်းပန်းဆက်သွယ်မှု အဓိကကျပုံနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လမ်းပန်းဆက်သွယ်မှုသည် အဓိကကျကြောင်း၊ လွယ်လင့်တကူဆက်သွယ်သွားလာနိုင်မှသာ စီးပွားရေး၊ လူမှုရေးတို့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း"ဟူ၍ ၈.၃.၉၇ နေ့ မအူပင်တံတားတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်စစ်ဆေးကြည့်ရှုစဉ်က မိန့်ကြားခဲ့သည်။

ထို့အတူတံတားကြီးများ တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းကြောင့်ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟရခြင်းတို့မဖြစ်စေလိုသည့်အတွက် တံတားကြီးများကိုတည်ဆောက်နေရခြင်း ဖြစ်ကြောင်း" ဟူ၍လည်း ၁၄-၄-၉၆ နေ့ အနော်ရထာတံတား(ချောက်)တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်စစ်ဆေးစဉ် လမ်းညွှန်မှုပြုခဲ့သည်။

သို့ဖြင့် ဆောက်လုပ်ရေး ပန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် ၁၉၈၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလအထိ ပေ ၁၈၀ အထက်

တံတားကြီးပေါင်း (၁၀၄)စင်းကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်လေသည်။

ယင်းတံတားကြီးများကို ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကရင် ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ချင်းပြည်နယ်စသည်တို့တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် ဧရာဝတီမြစ်ကူးတံတားကြီး (၅) စင်းကို တည်ဆောက်ခဲ့သည်။ ယင်းတို့မှာ (၁) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဗလမင်းထင်တံတား၊ (၂) မကွေးတိုင်း၊ ချောက်မြို့အနော်ရထာတံတား၊ (၃) ပဲခူးတိုင်း၊ပြည်မြို့–နဝေးဒေးတံတား၊ (၄) ဧရာဝတီတိုင်း၊ မအူပင်မြို့ မအူပင်တံတားနှင့် (၅) ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့ ဗိုလ်မြတ်ထွန်းတံတားတို့ဖြစ်ကြသည်။ ယင်းမှာတံတားကြီးများအနက် မကွေးတိုင်း–ချောက်မြို့–အနော်ရထာ တံတားမှအပ ကျန်ဧရာဝတီမြစ်ကူးတံတားကြီး (၄) စင်းမှာ တည်ဆောက်ဖွင့်လှစ်ပေးပြီး ဖြစ်လေသည်။

ဧရာဝတီမြစ်ကူး ပဲခူးတိုင်း နဝဒေးတံတားမှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး အရှည် ၄၁၈၃ ပေ၊ တည်ဆောက်သည့်နေ့မှာ (၁–၃–၉၄) ဖြစ်ပြီး၊ ဖွင့်လှစ်သည့်နေ့မှာ (၁၈–၉–၉၇) နေ့ဖြစ်သည်။

ဧရာဝတီမြစ်ကူး ဧရာဝတီတိုင်း မအူပင်တံတားမှာ သံမဏိသံပေါင်တံတားဖြစ်ပြီး အရှည် ၂၃၆၂ ပေ၊ စတင် တည်ဆောက်သည့်နေ့မှာ (၁.၃.၉၄) ဖြစ်ပြီး၊ ဖွင့်လှစ်သည့်နေ့မှာ (၁၀.၂.၉၈) ဖြစ်သည်။

ဧရာဝတီမြစ်ကူး ကချင်ပြည်နယ် မြစ်ကြီးနား ဗလမင်းထင်တံတားမှာလည်း သံမဏိသံပေါင်အမျိုးအစားဖြစ်ကာ (၁.၃.၉၄) နေ့တွင် စတင်တည်ဆောက်၍ (၁၄.၁၁.၉၈) နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး အရှည်မှာ ၂၆၈၈ ပေ ဖြစ်သည်။

ဧရာဝတီမြစ်ကူး ဧရာဝတီတိုင်း ညောင်တုန်းမြို့ ဗိုလ်မြတ်ထွန်းတံတားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး (၁၅.၆.၉၆) နေ့တွင် စတင်တည်ဆောက်ကာ (၁၅.၁၁.၉၉) နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး အရှည်မှာ ၈၅၄၉ ပေ ဖြစ်သည်။

ဤသို့ဖြင့် ဧရာဝတီမြစ်ကူးတံတားကြီး (၅) စင်းအနက် မကွေးတိုင်း ချောက်မြို့နယ် အနော်ရထာတံတားမှအပ ဖော်ပြပါတံတားကြီးများကို တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့ပြီး ဖြစ်လေသည်။

ဧရာဝတီမြစ်ကူးတံတားကြီးများအဖြစ် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းကို ဆက်သွယ်သည့် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်



မိုလ်မြတ်ထွန်းတံတား

တည်ဆောက်ဖွင့်လှစ်ပြီး စီမံကိန်းဝင် တံတားကြီးများ



ဆင်ဖြူရှင်တံတား

တံတားမှာလည်း တည်ဆောက်ဖွင့်လှစ်ပြီး ဖြစ်သည်။ ဆင်ဖြူရှင်တံတားမှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး အရှည်မှာ ၄၉၅၇ ပေ၊ စတင်တည်ဆောက်သည့်နေ့မှာ (၁.၃.၉၄)၊ ဖွင့်လှစ်သည့်နေ့မှာ (၁၈.၉.၉၉) ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ၁၉၈၈ ခုနှစ်မှစ၍ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလအထိ တံတားကြီးမျာ်းတည်ဆောက်ခဲ့ရာ တည်ဆောက်ပြီးစီးသော တံတားကြီးပေါင်း (၁၀၄) စင်းရှိပြီ ဖြစ်သည်။ ဧရာဝတီမြစ်ကူး ဧရာဝတီတိုင်း ဗိုလ်မြတ်ထွန်းတံတားကြီးမှာ အရှည်ပေ ၈၅၄၉ ဖြင့် အရှည်ဆုံးဖြစ်ပြီး၊ စစ်ကိုင်းတိုင်း ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားမှာ အရှည်ပေ ၄၅၉၇ ဖြင့် တပ်မတော်အစိုးရလက်ထက် (၁၀၀) တိတိမြောက် ဖွင့်လှစ်သည့်တံတားကြီး ဖြစ်လေသည်။

ထို့အတူ ရန်ကုန်တိုင်းအတွင်း (၁) သုံးခွမြို့တွင်း တံတား၊ (၂) ဒဂုံမြို့သစ်တံတား၊ (၃) သခွတ်မြစ်ကူးတံတား၊ (၄)ခနောင်ချောင်းတံတား၊ (၅)ကဒ္ဒပွနတံတား၊ (၆) တော်ပုလဲတံတား၊ (၇) ဒရယ်ဘိုတံတား၊ (၈) ငမိုးရိပ်တံတား (သဃ်ိန်းကျွန်း)၊ (၉) ငမိုးရိပ်တံတား (ပါရမီ) စသည့် ပေ ၁၈၀ ကျော်အထက် တံတားများကိုလည်း ဖွင့်လှစ်နိုင်ခဲ့သည်။

အထူးသဖြင့် ယခင်ဆောက်လုပ်ဆဲဖြစ်သော ရန်ကုန်–သန်လျင်တံတားကြီးကိုလည်း တပ်မတော်အစိုးရအနေဖြင့် ဆက်လက်တည်ဆောက်ခဲ့ပြီး (၁၃.၇.၉၃) နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ရန်ကုန်–သန်လျင်တံတားမှာ သံပေါင်အမျိုးအစားဖြစ်ပြီး အရှည်မှာ ၅၉၇၇ ပေ ဖြစ်ကာ နိုင်ငံတော်တွင် ဒုတိယအရှည်ဆုံး ဖြစ်သည်။

ထိုတံတားကြီးများအပြင် ကရင်ပြည်နယ် သံလွင်တံတား (ဘားအံ)၊ ကရင်ပြည်နယ် ကျိုင်း (ဇာသပြင်) တံတား၊ ကရင်ပြည်နယ် ကျိုင်း (ကော့ကရိတ်)တံတား စသည့် ပေ ၁၈၀ ကျော် စီမံကိန်းဝင် တံတားကြီးများ ကိုလည်း တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ်၌ သံလွင်တံတား (တာကောအက်)၊ ချင်းပြည်နယ်တွင် ဗား၊ရ်တံတား၊ တနင်္သာရီတိုင်း၌ ပုလောတံတား၊ ပုလောက်တံတား စသည်တို့ကိုလည်း တည်ဆောက်ခဲ့ပြီးဖြစ်လေသည်။

အထူးသဖြင့် ရခိုင်ပြည်နယ် စစ်တွေနှင့် ရန်ကုန်မြို့တော်ကို ဆက်သွယ်ပေးသည့် ပေ ၁၈၀ အထက် တံတားကြီးပေါင်း (၁၀) စင်းကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။ ရခိုင်ပြည်နယ် ရာမောင်တံတားကို (၁၅–၁၂–၉၉) နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ကစ္ဆပနဒီတံတားကိုမူ (၂–၁–၂၀၀၀) ပြည့်နှစ်တွင် လည်းကောင်း၊ မင်းချောင်း တံတားကို (၂၅–၁–၂၀၀၀) ပြည့်နှစ်တွင် လည်းကောင်း အောင်မြင်စွာ ဖွင့်လှစ် နိုင်ခဲ့လေသည်။ ဤသို့ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ ရန်ကုန်မြို့တော်သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်လေသည်။

ဤသို့တံတားကြီးများကို တည်ဆောက်ရာတွင် မြန်မာအင်ဂျင်နီယာများ၊ အတတ်ပညာရှင်များက တည်ဆောက်

ထို့အတူ စီမံကိန်းဝင်တံတားကြီးပေါင်း (၁၀၀) ကျော် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် လက်ယှက်ထိုး တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ မြန်ဆန်ခဲ့လေသည်။ တစ်ဆက်တည်းတွင် ကုန်စည်စီးဆင်းမှု အဆင်ပြေသွက်လက်ကာ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် တည်ငြိမ်ရေးကို အထောက်အကူပြုလျက်ရှိသည်။ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ပြည်သူများ ဆက်သွယ်မှု လွယ်ကူလာပြီး ပိုမိုရင်းနှီးချစ်ကြည်ကာ ပြည်ထောင်စု စိတ်တစ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စိတ်တို့ ပိုမိုရင့်သန်ခိုင်မာလာနိုင်လေသည်။

ထို့အတူ အဆိုပါတံတားကြီးများကြောင့် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ကာ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော် ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးများမှသည် နိုင်ငံတော် အေးချမ်းရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည်သာ ဖြစ်ပေသည်။

ကံမြင့်

ခြင်းဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက "မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာသည် ကမ္ဘာ့အဆင့်အတန်းမီကြောင်း ပြသနိုင်ရန်၊ အသေးအဖွဲလုပ်ငန်းမှစ၍ စေ့စပ်သေချာစွာ စီမံကိန်းတစ်ခုလုံး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ စံချိန်စံညွှန်းပစ္စည်းများကို အပြည့်အဝမှန်မှန်ကန်ကန် အသုံးပြုသွားရန် အရေးကြီးကြောင်း" ဖြင့် (၉-၁၀-၉၄) နေ့က ဧရာဝတီတံတား (ပြည်) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်စစ်ဆေးကြည့်ရှုစဉ်က လမ်းညွှန်မှာကြား ခဲ့လေသည်။

(၁၈-၉-၈၈) မှ ခရစ်နှစ် ၂၀၀၀ ပြည့်ဇန်နဝါရီလ အထိပေ ၁၈၀ အထက်တံတားကြီးပေါင်း (၁၀၄) စင်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ရာ တံတားတည်ဆောက်ရေး ဆိုင်ရာ အင်ဂျင်နီယာ အတတ်ပညာများ၊ နီးနွယ်ဆက်စပ်နေသည့် အတတ်ပညာများ၊ အတွေ့အကြုံများ ရရှိခဲ့ပေရာ ယင်းတို့မှာ တန်ဖိုးဖြတ်၍မရသော အကျိုးတရားများ ဖြစ်လေသည်။



၁၉၈၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်ဇန်နဝါရီလအထိပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက် ပြီးစီးခဲ့သော ပေ (၁၈၀) နှင့်အထက်တံတားများ

စဉ်	တံတားအမည်	တည်ရှိရာ ဒေသ	အရှည် (ပေ)	တံတားအမျိုးအစား	စတင် တည်ဆောက် သည့်နေ့	ဖွင့်လှစ် သည့်နေ့
၁	ပသွယ်တံတား	ဧရာဝတီတိုင်	၄၂၀	သံမဏိသံပေါင်+သံကူကွန်ကရိ	၁-၁-၈၇	၃၁-၁-၈၉
၂	ကျောင်းကုန်းတံတား	ဧရာဝတီတိုင်	၆၀၀	သံမဏိသံပေါင်+သံကူကွန်ကရိ	၁-၁-၈၇	၃၁-၃-၈၉
၃	သုံးခွမြို့တွင်းတံတား	ရန်ကုန်တိုင်	၂၂၄	ကြိုတင်အားဖြည့်ကွန်ကရိ	၂၅-၁၂-၈၅	၃၁-၃-၈၉
၄	ကျုံကနောင်တံတား	ဧရာဝတီတိုင်	၂၄၀	သံကူကွန်ကရိနှင့် သံပေါင်	၁၅-၃-၈၉	၃၀-၆-၈၉
၅	သယုချောင်းတံတား	ရခိုင်ပြည်နယ်	၃၂၀	ဘေလီကြိုးတံတား	၁၉-၁၁-၈၇	၁-၇-၈၉
၆	ဘုံချောင်းတံတား	စစ်ကိုင်းတိုင်	၃၀၀	ကြိုတင်အားဖြည့်ကွန်ကရိ	၆-၁၂-၈၄	၃၀-၁၁-၈၉
၇	အမ်းချောင်းတံတား	ရခိုင်ပြည်နယ်	၅၄၀	ဘေလီကြိုးတံတား	၂-၂-၈၉	၂၇-၃-၉၀
၈	ဗောဓိတံတား	ဧရာဝတီတိုင်	၁၈၀	သံကူကွန်ကရိ	၁-၄-၈၉	၃၁-၃-၉၀
၉	မဲဇလီတံတား	ဧရာဝတီတိုင်	၂၄၀	သံကူကွန်ကရိနှင့်သံပေါင်	၁-၄-၈၉	၃၁-၃-၉၀
၁၀	ကျောက်ချောင်းတံတား	ဧရာဝတီတိုင်	၂၄၆	သံကူကွန်ကရိ	၃-၁၁-၈၆	၁၁-၁၁-၉၀
၁၁	ငဝန်မြစ်ကူးတံတား	ဧရာဝတီတိုင်	၁၁၆၄	ကြိုတင်အားဖြည့်သေတ္တာပုံ	၂၄-၄-၈၆	၁၂-၄-၉၁
၁၂	သုံးခွမြို့ထွက်တံတား	ရန်ကုန်တိုင်	၂၂၄	ကြိုတင်အားဖြည့်ကွန်ကရိ	၂၅-၁၀-၈၅	၃၀-၁၂-၉၁
၁၃	ဒဂုံမြို့သစ်တံတား	ရန်ကုန်တိုင်	၆၀၀	ကြိုတင်အားဖြည့်ကွန်ကရိ	၁၂-၆-၈၉	၂၅-၃-၉၂
၁၄	မမြချောင်းတံတား	ဧရာဝတီတိုင်	၃၂၈	ကြိုတင်အားဖြည့်ကွန်ကရိ	၁၅-၁-၉၀	၃၁-၃-၉၂
၁၅	ကညင်ချောင်းတံတား	ဧရာဝတီတိုင်	၃၂၈	ကြိုတင်အားဖြည့်ကွန်ကရိ	၁၅-၁-၉၀	၃၁-၃-၉၂
၁၆	သဲဖြူချောင်းတံတား	ဧရာဝတီတိုင်	၂၄၆	ကြိုတင်အားဖြည့်ကွန်ကရိ	၁၅-၉-၉၀	၃၁-၃-၉၂
၁၇	နသိုးချောင်းတံတား	မကွေးတိုင်	၁၈၀	သံကူကွန်ကရိ	၁-၁၀-၉၀	၃၁-၃-၉၂
၁၈	ဇော်ဂျီမြစ်ကူးတံတား	မန္တလေးတိုင်	၂၁၀	သံပေါင်တံတား	၂၉-၇-၉၁	၁၂-၉-၉၂
၁၉	သဲဖြူချောင်းတံတား	မွန်ပြည်နယ်	၁၈၀	သံကူကွန်ကရိ	၁၅-၁၁-၉၁	၃၁-၉-၉၂
၂၀	သခွတ်မြစ်ကူးတံတား	ရန်ကုန်တိုင်	၄၉၅	ကြိုတင်အားဖြည့်ကွန်ကရိ	၁၅-၁၀-၉၀	၃၁-၁၂-၉၂
၂၁	ဒရယ်ဘိုတံတား	ရန်ကုန်တိုင်	၂၂၀	ကြိုတင်အားဖြည့်ကွန်ကရိ	၇-၁၁-၉၂	၂၉-၄-၉၃
၂၂	ရန်ကုန်-သန်လျင်တံတား	ရန်ကုန်တိုင်	၅၉၇၇	သံပေါင်တံတား	၁၉၈၅-၈၆	၁၃-၇-၉၃
၂၃	ရွှေလှေတံတား	ရခိုင်ပြည်နယ်	၆၀၀	ကြိုတင်အားဖြည့်ကွန်ကရိ	၁၅-၁၂-၈၉	၁၈-၉-၉၃
၂၄	ညောင်ပင်ဝန်းတံတား	စစ်ကိုင်းတိုင်	၆၀၀	ကြိုတင်အားဖြည့်ကွန်ကရိ	၁၀-၁၂-၉၀	၄-၁-၉၄
၂၅	ပဲခူးမြို့တွင်းတံတား	ပဲခူးတိုင်	၂၉၀	စီအိပ် (၍) သံဘောင်	၁-၄-၉၂	၂၆-၃-၉၄
၂၆	အိမ်မဲတံတား	ဧရာဝတီတိုင်	၂၇၆	သံကူကွန်ကရိ+ဘေလီ	၁-၁၀-၉၂	၂၇-၃-၉၄
၂၇	သနပွင်ရိုးတံတား	ဧရာဝတီတိုင်	၁၈၀	သံကူကွန်ကရိ	၁-၁-၉၃	၃၁-၃-၉၄
၂၈	အပင်နှစ်ဆယ်တံတား	ဧရာဝတီတိုင်	၂၂၀	သံကူကွန်ကရိ	၁-၂-၉၃	၃၁-၃-၉၄
၂၉	လီလုတံတား	ရှမ်းပြည်နယ်	၃၀၀	ဘေလီ	၁၉၉၁-၉၂	၁၄-၇-၉၄
၃၀	ဘုရင့်နောင်တံတား	ရန်ကုန်တိုင်	၁၆၄၀	သံပေါင်တံတား	၁-၄-၉၁	၂၃-၇-၉၄
၃၁	ဝက်ပုတ်တံတား	ပဲခူးတိုင်	၁၈၀	ကြိုတင်အားဖြည့်ကွန်ကရိ	၁-၂-၉၃	၃၀-၇-၉၄

၁၉၈၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်ဇန်နဝါရီလအထိပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက် ပြီးစီးခဲ့သော ပေ (၁၈၀) နှင့်အထက်တံတားများ


စဉ်	တံတားအမည်	တည်ရှိရာဒေသ	အရှည် (ပေ)	တံတားအမျိုးအစား	စတင်တည်ဆောက်သည့်နေ့	ဖွင့်လှစ်သည့်နေ့
၃၂	တာပိန်မြစ်ကူးကြိုးတံတား	ကချင်ပြည်နယ်	၃၂၀	ဘေလီကြိုးတံတား	၂၁-၁-၉၄	၂၄-၁၁-၉၄
၃၃	တိမ်ညိုတံတား	ရခိုင်ပြည်နယ်	၃၀၀	သံပေါင်တံတား	၁၉၉၁-၉၂	၁၉၉၄-၉၅
၃၄	သိုက်ချောင်းတံတား	ပဲခူးတိုင်း	၁၉၈	သံကူကွန်ကရိ	၁၉၉၂-၉၃	၁၉၉၄-၉၅
၃၅	ဘမောင်တံတား	ပဲခူးတိုင်း	၂၂၆	သံကူကွန်ကရိ	၁၉၉၂-၉၃	၁၉၉၄-၉၅
၃၆	ကျိန္တလီမြစ်ကူးတံတား	ရခိုင်ပြည်နယ်	၇၀၀	ကြိုတင်အားဖြည့်ကွန်ကရိ	၂၁-၂-၉၂	၁-၁-၉၅
၃၇	လှိုင်မြစ်ကူးတံတား	ရန်ကုန်တိုင်း	၇၈၀	ဘေလီ	၂၅-၃-၉၃	၁-၄-၉၅
၃၈	စိုင်းဒူးတံတား	မကွေးတိုင်း	၆၀၀	ဘေလီ	၁၇-၆-၉၃	၁၆-၆-၉၅
၃၉	ကမ္ဘာနီတံတား	စစ်ကိုင်းတိုင်း	၅၉၅	ကြိုတင်အားဖြည့်ကွန်ကရိ	၁၉၉၄-၉၅	၁၆-၆-၉၅
၄၀	ခနောင်ချောင်းတံတား	ရန်ကုန်တိုင်း	၁၈၀	သစ်သား	၂၈-၄-၉၅	၃၀-၁၂-၉၅
၄၁	ကဒွပွနတံတား	ရန်ကုန်တိုင်း	၁၈၀	သစ်သား	၂၈-၄-၉၅	၃၀-၁၂-၉၅
၄၂	တော်ပုလဲတံတား	ရန်ကုန်တိုင်း	၁၈၆	ကြိုတင်အားဖြည့်ကွန်ကရိ	၁-၄-၉၄	၅-၂-၉၆
၄၃	ဖိုင်လင်းတံတား	စစ်ကိုင်းတိုင်း	၂၅၀	ဘေလီ	၁၉၉၅-၉၆	၂၂-၅-၉၆
၄၄	ယုချောင်းတံတား	စစ်ကိုင်းတိုင်း	၃၂၀	ဘေလီ	၁၉၉၅-၉၆	၂၂-၅-၉၆
၄၅	လှိုင်ဝတံတား	ကရင်ပြည်နယ်	၂၄၀	သံကူကွန်ကရိတံတား	၁၂-၉-၉၄	၉-၇-၉၆
၄၆	သမရိုးတံတား	စစ်ကိုင်းတိုင်း	၇၄၈	ဘေလီ	၁၇-၂-၉၂	၁၄-၈-၉၆
၄၇	မြောင်းမြတံတား	ဧရာဝတီတိုင်း	၁၂၇၀	ဘေလီကြိုးတံတား	၁-၃-၉၄	၁၈-၉-၉၆
၄၈	ပုဇွန်ဖြေတံတား	ရခိုင်ပြည်နယ်	၃၀၀	ကြိုတင်အားဖြည့်ကွန်ကရိ	၁-၂-၉၅	၁၈-၉-၉၆
၄၉	တဘက်ချောင်းတံတား	ကချင်ပြည်နယ်	၅၀၀	ဘေလီ	၁၉၉၄-၉၅	၁၉၉၅-၉၆
၅၀	ယောချောင်းတံတား	မကွေးတိုင်း	၅၃၀	ဘေလီ	၁၉၉၁-၉၂	၂-၁-၉၇
၅၁	နတ်ချောင်းတံတား	ဧရာဝတီတိုင်း	၃၀၀	ဘေလီ	၂၆-၇-၉၄	၂၁-၁-၉၇
၅၂	သံလွင်တံတား(တကော်အက်)	ရှမ်းပြည်နယ်	၆၀၀	ဘေလီကြိုးတံတား	၁-၄-၉၅	၁၂-၂-၉၇
၅၃	ဒေးဒလူတံတား	ဧရာဝတီတိုင်း	၄၀၀	ဘေလီ	၂၇-၇-၉၄	၂၁-၃-၉၇
၅၄	မန်းချောင်းတံတား	မကွေးတိုင်း	၉၀၀	ဘေလီ	၁၉၉၅-၉၆	၃၀-၃-၉၇
၅၅	နွယ်တမယ်တံတား	မကွေးတိုင်း	၁၂၀၀	ဘေလီ	၂၆-၁-၉၅	၃၁-၃-၉၇
၅၆	ဆိတ်မချောင်းတံတား	ဧရာဝတီတိုင်း	၂၈၀	ဘေလီ	၂၇-၇-၉၄	၂၉-၄-၉၇
၅၇	ဥယျာဉ်ချောင်းတံတား	ဧရာဝတီတိုင်း	၃၀၀	ဘေလီ	၁၉၉၄-၉၅	၃-၆-၉၇
၅၈	ခတ္တိယတံတား	ဧရာဝတီတိုင်း	၄၂၀	ဘေလီ	၄-၄-၉၄	၂၄-၇-၉၄
၅၉	သံလွင်တံတား (ဘား:အံ)	ကရင်ပြည်နယ်	၂၂၅၂	သံမဏိသံပေါင်	၁-၃-၉၄	၃-၈-၉၇
၆၀	အုန်းတည်ချောင်းတံတား	ရခိုင်ပြည်နယ်	၂၇၀	ဘေလီ	၇-၁၁-၉၆	၃၁-၈-၉၇
၆၁	ငမိုးရိပ်တံတား (ပါရမီ)	ရန်ကုန်တိုင်း	၆၆၄	သံမဏိသံပေါင်	၁၆-၆-၉၄	၉-၉-၉၇
၆၂	နဝဒေးတံတား	ပဲခူးတိုင်း	၄၁၈၃	သံမဏိသံပေါင်	၁-၃-၉၄	၁၈-၉-၉၇

၁၉၈၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်ဇန်နဝါရီလအထိပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက် ပြီးစီးခဲ့သော ပေ (၁၈၀) နှင့်အထက်တံတားများ

စဉ်	တံတားအမည်	တည်ရှိရာ ဒေသ	အရှည် (ပေ)	တံတားအမျိုးအစား	စတင် တည်ဆောက် သည့်နေ့	ဖွင့်လှစ် သည့်နေ့
၆၃	မြောင်းဘွေတံတား	ရခိုင်ပြည်နယ်	၇၄၀	ဘေလီ	၁၈-၉-၉၆	၂၅-၁၀-၉၇
၆၄	ပြည်ရေးဆင်းတံတား	ပဲခူးတိုင်း	၁၈၃	သံကူကွန်ကရစ်	၁၉၉၅	၁၉၉၇
၆၅	လပွတ္တာ (ပင်လယ်လေး)	ဧရာဝတီတိုင်း	၁၃၀၀	ဘေလီကြိုးတံတား	၂၁-၁၀-၉၆	၃-၁-၉၈
၆၆	မအူပင်တံတား	ဧရာဝတီတိုင်း	၂၃၆၂	သံမဏိသံပေါင်	၁-၃-၉၄	၁၀-၂-၉၈
၆၇	ဗာ:ရိတံတား	ချင်းပြည်နယ်	၃၄၀	ဘေလီ	၁၉၉၅-၉၆	၁-၃-၉၈
၆၈	ယိုးချောင်းတံတား	ရခိုင်ပြည်နယ်	၄၂၀	ဘေလီ	၇-၁၁-၉၆	၁၈-၃-၉၈
၆၉	အတွာရံတံတား	မွန်ပြည်နယ်	၁၄၂၀	သံမဏိကြိုးဆိုင်းတံတား	၂၈-၁၁-၉၅	၂၆-၃-၉၈
၇၀	ဝင်းဝတံတား	တနင်္သာရီတိုင်း	၅၀၀	ဘေလီ	၂၈-၇-၉၅	၅-၄-၉၈
၇၁	မုန်းချောင်းတံတား	မကွေးတိုင်း	၁၃၀၀	ဘေလီ	၂-၁-၉၇	၁၅-၄-၉၈
၇၂	ကင်းချောင်းတံတား	ရခိုင်ပြည်နယ်	၄၄၀	ဘေလီ	၇-၁၀-၉၆	၂၂-၄-၉၈
၇၃	ဒွါရာဝတီမြို့ဦးတံတား	ရခိုင်ပြည်နယ်	၅၄၀	သံကူကွန်ကရစ်	၁-၄-၉၅	၂-၆-၉၈
၇၄	ပွန်ချောင်းတံတား	ရှမ်းပြည်နယ်	၂၂၀	ဘေလီ	၁-၅-၉၆	၃၀-၉-၉၈
၇၅	ဗလမင်းထင်တံတား	ကချင်ပြည်နယ်	၂၆၈၈	သံမဏိသံပေါင်	၁-၃-၉၄	၁၄-၁၁-၉၈
၇၆	ပုလောတံတား	တနင်္သာရီတိုင်း	၆၀၀	ဘေလီ	၁-၁-၉၇	၂၂-၁၂-၉၈
၇၇	ပုလောက်တံတား	တနင်္သာရီတိုင်း	၅၀၀	ဘေလီ	၁၁-၉-၉၇	၂၂-၁၂-၉၈
၇၈	မဲကနယ်တံတား	ကရင်ပြည်နယ်	၁၈၂	သံကူကွန်ကရစ်	၁၅-၂-၉၈	၁၀-၁-၉၉
၇၉	ဒုဌဝတီတံတား	မန္တလေးတိုင်း	၇၀၀	ကြိုတင်အား:ဖြည့်ကွန်ကရစ်	၄-၃-၉၆	၂၆-၁-၉၉
၈၀	သံလွင်တံတား: (တာဆန်း)	ရှမ်းပြည်နယ်	၉၀၀	ဘေလီကြိုးတံတား:	၁-၄-၉၇	၂၀-၂-၉၉
၈၁	တုန်ဟုန်တံတား:	ရှမ်းပြည်နယ်	၂၄၀	သစ်သား:	၁၀-၉၈	၃-၉၉
၈၂	ငမိုးရိပ်တံတား: (သယ်နန်းကျွန်း)	ရန်ကုန်တိုင်:	၇၀၀	သံကူကွန်ကရစ်	၁-၁-၉၈	၁၉-၃-၉၉
၈၃	ဂျိုင်း(ဇာသပြင်) တံတား:	ကရင်ပြည်နယ်	၂၉၀၀	သံပေါင်ကြိုးတံတား:	၂၈-၁၁-၉၅	၂၄-၃-၉၉
၈၄	တံတား:အမှတ် ၂/၈၃	ပဲခူးတိုင်း	၁၈၀	သံကူကွန်ကရစ်	၇-၁၂-၉၇	၃-၄-၉၉
၈၅	မြစ်မခတံတား:	ပဲခူးတိုင်း	၁၅၂၀	ကြိုတင်အား:ဖြည့်ကွန်ကရစ်	၁-၁-၉၄	၃-၅-၉၉
၈၆	ဘဲဇာအင်းတံတား:	ဧရာဝတီတိုင်း	၃၆၀	ဘေလီ	၁-၄-၉၈	၁၁-၅-၉၉
၈၇	ဂျိုင်း(ကော့ကရိတ်)တံတား:	ကရင်ပြည်နယ်	၁၂၀၀	ဘေလီကြိုးတံတား:	၂၆-၆-၉၇	၂၂-၅-၉၉
၈၈	နမ့်မြစ်ခတံတား:	ကချင်ပြည်နယ်	၂၆၀	ဘေလီ	၁-၉၇	၆-၉၉
၈၉	ဒါ:လက်ချောင်းတံတား:	ရခိုင်ပြည်နယ်	၉၉၀	ဘေလီ	၁၇-၈-၉၇	၁၄-၆-၉၉
၉၀	ပီကောက်တံတား:	ရခိုင်ပြည်နယ်	၃၆၀	ဘေလီ	၁၆-၁-၉၈	၅-၇-၉၉
၉၁	ယောချောင်းတံတား:	ရခိုင်ပြည်နယ်	၁၁၀၀	ဘေလီ	၁၇-၈-၉၇	၁၄-၇-၉၉
၉၂	ဥတိုချောင်းတံတား:	ဧရာဝတီတိုင်း	၉၀၀	ဘေလီ	၁၅-၁-၉၇	၂၉-၁-၂၀၀၀
၉၃	မလိယန်တံတား:	ကချင်ပြည်နယ်	၃၂၀	ဘေလီ	၁-၂-၉၉	၁၅-၈-၉၉


၁၉၈၈ ခုနှစ်မှ ၂၀၀၀ ပြည်နှစ်ဇန်နဝါရီလအထိပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက် ပြီးစီးခဲ့သော ပေ (၁၈၀) နှင့်အထက်တံတားများ

စဉ်	တံတားအမည်	တည်ရှိရာ ဒေသ	အရှည် (ပေ)	တံတားအမျိုးအစား	စတင် တည်ဆောက် သည့်နေ့	ဖွင့်လှစ် သည့်နေ့
၉၄	ပန်းလောင်တံတား	မန္တလေးတိုင်	၃၀၀	သံကူကွန်ကရိ	၂-၉၈	၉-၉၉
၉၅	ချောင်းတွင်းတံတား	ဧရာဝတီတိုင်	၂၃၆	သံကူကွန်ကရိ	၁-၅-၉၈	၁၉၉၉
၉၆	အင်းလန်တံတား	ရန်ကုန်တိုင်	၂၀၅	ဘေလီ	၇-၅-၉၈	၁၉၉၉
၉၇	ခုံဗျိုက်အင်းတံတား	ရန်ကုန်တိုင်	၂၀၀	ဘေလီ	၉-၅-၉၈	၁၉၉၉
၉၈	လင်းလွန်းပင်တံတား	ဧရာဝတီတိုင်	၁၈၀	သံကူကွန်ကရိ	၁၉၉၈	၁၉၉၉
၉၉	အောက်စုတံတား	ဧရာဝတီတိုင်	၁၈၀	သံကူကွန်ကရိ	၁၉၉၈	၁၉၉၉
၁၀၀	ဆင်ဖြူရှင်တံတား	စစ်ကိုင်းတိုင်	၄၉၅၇	သံမဏိသံပေါင်	၁-၁-၉၄	၁၈-၉-၉၉
၁၀၁	ဗိုလ်မြတ်ထွန်းတံတား	ဧရာဝတီတိုင်	၈၅၄၉	သံမဏိသံပေါင်	၁၅-၆-၉၆	၁၅-၁၁-၉၉
၁၀၂	ရာမောင်တံတား	ရခိုင်ပြည်နယ်	၁၃၀၀	ဘေလီကြိုးတံတား	၂၂-၈-၉၇	၁၅-၁၂-၉၉
၁၀၃	ကစ္ဆပနဒီတံတား	ရခိုင်ပြည်နယ်	၂၅၁၃	သံမဏိသံပေါင်	၇-၁၀-၉၆	၂-၁-၂၀၀၀
၁၀၄	မင်းချောင်းတံတား	ရခိုင်ပြည်နယ်	၂၀၀၃	သံမဏိသံပေါင်	၂၂-၈-၉၇	၂၅-၁-၂၀၀၀



လပွတ္တာ(ပင်လယ်လေးမြစ်ကူး) တံတား စိမ်ကိန်း

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေ
လုပ်ငန်းတည်နေရာ



အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး

နိုင်ငံတော်၏ အကျယ်အဝန်းမှာ စရိယာစတုရန်းမိုင်ပေါင်း ၂၆၀၀၀၀ ကျော်ရှိသည်။ ယင်းအကျယ်အဝန်းအတွင်း တသွင်သွင်စီးဆင်းနေသော ချောင်းငယ်များ၊ မြောင်းငယ်များ၊ စမ်းချောင်းများနှင့် တဝေါဝေါတသောသောစီးဆင်းနေသော မြစ်ကြီးများ၊ ရေတံခွန်များလည်းရှိသည်။

မတ်စောက်မြင့်မားသောရေခဲပုံးလွှမ်းသည့် လွှမ်းမောပွယ်ရာ တောင်ထွတ်ကြီးများ၊ ကျောက်တောင်ကြီးများ၊ ကျွန်း၊ ပျဉ်ကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်းစသည့် သစ်ပင်မျိုးစုံ ပုံးလွှမ်းထားသော တောင်စွယ်၊ တောင်ငူများလည်း ရှိသည်။

ရွာမောမဆုံးသည့် ပြန့်ပြောသော လွင်ပြင်ကြီးများသည်လည်းအများအပြားရှိနေသည်။ ဌား၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြား၊ နီလာစသည့် တွင်းထွက်ရတနာများရှိသည့်နည်းတူ မြန်မာ့ပိုင်နက် ပင်လယ်ရေပြင်၌လည်း အမျိုးမျိုးသော ငါး၊ ပုစွန်များ တန်ဖိုးကြီးမားသည့် ပုလဲများ၊ သဘာဝတတ်ငွေ့သိုက်များလည်း ရှိနေသေးသည်။

ယင်းတို့အနက် နိုင်ငံတော်၏ စရိယာထက်ဝက်ကျော်ကို စိမ်းစိုမြမှိုင်းနေသည့် သစ်တောကြီးများက လွှမ်းခြုံထားရာသစ်တောကြီးများသည် ပထဝီသဘောအရ အဝိကကျနေလေသည်။

ထို့အပြင် သစ်တောထွက်ပစ္စည်းများက နိုင်ငံတော်အတွက် နိုင်ငံခြားငွေဖြည့်ဆည်းပေးသည်။ နိုင်ငံတော်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအတွက် ကုန်ကြမ်းများကို ပံ့ပိုးပေးသည်။ သစ်ပင်၊ သစ်တောကြီးများက မျှတမှုနှင့်ကန်သော ရာသီဥတုကို ဖန်တီးပေးသည်။ တစ်နည်းအားဖြင့် စိုက်ပျိုးရေးကိုများစွာ အထောက်အကူပြုသည်။

ထို့အတူမြစ်များ၊ ချောင်းများ မတိမ်ကောရန်နှင့် ရေစီး၊ ရေလာကောင်းရန် အထောက်အကူပြုနေပြန်သည်။ ထို့ထက် သစ်ပင်၊ သစ်တောထွက်ပစ္စည်းများက နေအိမ်၊ တိုက်တာဆောက်လုပ်ရေးမှသည် လမ်း၊ တံတား ဆောက်လုပ်ရေးမှသည် မီးဖိုချောင်သုံးလောင်စာအထိ အကျိုးပြုနေလေသည်။

ထို့ကြောင့် သစ်ပင်၊ သစ်တောများသည် ပထဝီသဘောအရသာမက နိုင်ငံတော်၏စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ လုပ်ငန်းများကိုပါ များစွာအထောက်အကူပြုနေလေရာ အရည်အချင်းသဘောအရပါ နိုင်ငံတော်အတွက် အဝိကကျနေလေသည်။

ယနေ့နိုင်ငံတော်၌ လူဦးရေသန်း ၅၀ နီးပါးရှိသည်။ တစ်နှစ်လျှင် ဖွမ်းမျှခြင်းအားဖြင့် လူဦးရေ ၂ ရာခိုင်နှုန်းနီးပါး တိုးပွားလျက်ရှိနေသည်။ လူဦးရေတိုးပွားခြင်းကြောင့် အိမ်ခြေများ၊ ကျေးရွာများ၊ မြို့ကြီး၊ မြို့ငယ်များ စဉ်ဆက်မပြတ် တိုးပွားလျက်ရှိနေသည်။


တစ်ဖြိုနတည်းတွင်ကျောင်း၊ ဆေးရုံများ၊ အလုပ်ရုံများ၊ စက်ရုံများ၊ လမ်းတံတားများသည်လည်း တိုးပွားလာသည်။ ယာဉ်၊ ရထားများသည်လည်း တိုးပွားလာပြန်ရာတတ်ငွေ့များ၊ စွန့်ပစ်ပစ္စည်းများ၊ အသစ်အကြေးများ၊ များပြားလာပြီး ပတ်ဝန်းကျင်မှာ ယိုယွင်းလာသည်။ ပတ်ဝန်းကျင်ယိုယွင်းခြင်း၊ အထူးသဖြင့် သစ်တောများ ပြုန်းတီးလာခြင်းတို့ကြောင့် ရာသီဥတုဖောက်ပြန်လာတော့သည်။

ဝိသေသအားဖြင့် မိုးခေါင်လာခြင်း၊ ရေရှားလာခြင်း၊ အပူရှိန်မြင့်မားလာခြင်းတို့ရှိလာရာနိုင်ငံတော်၏လူမှုရေး၊ စီးပွားရေးကို အတိုင်းအတာတစ်ခုအထိ ထိခိုက်စေသည်။

သစ်တောများ သိသိသာသာနည်းပါးလာခြင်းကြောင့် (၁) ရာသီဥတုဖောက်ပြန်ခြင်း၊ (၂) ရေရှားပါးခြင်း၊ (၃) မြေဆီလွှာခန်းခြောက်ခြင်း၊ (၄) သီးနှံထွက်ယုတ်လျော့ခြင်း၊ (၅) လူနေမှုအဆင့်အတန်းနိမ့်ကျခြင်း စသည့်ဆိုးကျိုးများ ဖြစ်ရတော့သည်။

ဤသည်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အလေးအနက်ထားကာ သစ်တောများပြန်လည်ထိန်းသိမ်းရေးအတွက် လက်တွေ့ကျကျ လမ်းညွှန်ခဲ့သည်။

ယင်းလမ်းညွှန်ချက်နှင့်အညီ ၁၉၉၄ ခုနှစ်မှစ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ တစ်နည်းအားဖြင့် အထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးကို သစ်တောရေးရာဝန်ကြီးဌာနက စတင်အကောင်အထည်ဖော်ခဲ့သည်။



ထင်း လောင်စာတောင့် ထုတ်လုပ်နေပုံ

(က) မကွေးတိုင်းတွင်(၁)မကွေးခရိုင်၊ (၂) သရက်ခရိုင်၊ (၃) မင်းဘူးခရိုင်၊(၄)ပခုက္ကူခရိုင်၊ (ခ) မန္တလေးတိုင်းတွင် (၁) ရမည်းသင်းခရိုင်၊ (၂) မြင်းခြံ ခရိုင်၊ (၃)မိတ္ထီလာခရိုင်၊ (ဂ) စစ်ကိုင်းတိုင်းတွင် (၁)စစ်ကိုင်းခရိုင်၊ (၂)မုံရွာခရိုင်တို့၌ စတင်အကောင်အထည်ဖော်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၁၉-၄-၉၇)နေ့ ပုပ္ပားအရှေ့ခြမ်းခရီးစဉ်တွင် "မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို စီမံကိန်းချမှတ်၍ အလေးထားဖော်ချလုပ်ကိုင်သွားရန်အတွက် ဘက်စုံပြီးပြည့်စုံသည့် စီမံကိန်း (Comprehensive Plan) ရေးဆွဲရန်၊ မိမိတို့တာဝန် ယူသည့်ကာလတွင် အပူပိုင်းဒေသအတွင်း နောင်သားစဉ်မြေးဆက်ရရှည်အကျိုးရှိစေမည့် စီမံကိန်းလုပ်ငန်းကို ကြီးပမ်းအကောင်အထည်ဖော်ရန် ဒေသခံပြည်သူများအား လည်းနား လည်သိရှိပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားရန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ပီပီပြင်ပြင် အကောင်အထည် ဖော်နိုင်ရေးအတွက် ဦးစီးဌာနကြီးတစ်ခု အဖြစ် ဖွဲ့စည်းရန်" ဟူ၍ လမ်းညွှန်ခဲ့သည်။

ယင်းလမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၂-၇-၉၇) ရက်စွဲပါစာအမှတ် ၁/၁၈၀ (က)(၆)/(၆၂၀/၉၇)ဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနကို ဖွဲ့စည်းခဲ့သည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် ယခင်မကွေးတိုင်း လေးခရိုင်တွင် ဂန့်ဂေါ ခရိုင်တိုးကာ



ရေကန်တူးဖော်နေပုံ

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး



အောင်မြင်နေသော စိုက်ခင်းပုံ

(၅) ခရိုင်၊ယခင်မန္တလေးတိုင်း (၃) ခရိုင်ကို ညောင်ဦးခရိုင် နှင့် ကျောက်ဆည်ခရိုင်တို့ကာ (၅) ခရိုင်၊ စစ်ကိုင်းတိုင်းတွင် ယခင် (၂) ခရိုင်ကို ရွှေဘိုခရိုင် တို့ကာ (၃) ခရိုင်စုစုပေါင်း (၁၃) ခရိုင်အထိ တိုးချဲ့ပြီး အကောင်အထည်ဖော်လျက် ရှိနေသည်။

စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းရှိ ခရိုင် (၁၃) ခရိုင်၊ မြို့နယ် (၅၇) မြို့နယ်တွင် ဆောင်ရွက်နေခြင်း ဖြစ်သည်။ အဆိုပါ (၅၇) မြို့နယ်တွင် ပါဝင်သည့် ကြိုးဝိုင်း ဧရိယာ ၃,၇၇၇,၄၇၉ ဧက ကြိုးပြင် ဧရိယာ ၈,၁၀၁,၅၆၉, ဧကနှင့် အခြားစိုက်ပျိုးမြေ ၉,၆၇၈,၄၁၁ ဧက စုစုပေါင်း ၂၁,၅၅၇,၄၅၉ ဧကအတွင်း စိမ်းလန်းစိုပြည်ရေး လုပ်ငန်းနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ဤသို့အကောင်အထည်ဖော်ရာတွင်လည်း ရည်ရွယ်ချက်များ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းကြီးများ၊ မူဝါဒများ စသည်တို့ကို ချမှတ်ပြီး စနစ်ကျနစွာ အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ရည်ရွယ်ချက် (၈) ရပ်

(၁) အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပစေရန်၊

(၂) ရေမြေသဘာဝဝန်းကျင်ကို ထိန်းသိမ်းရန်၊

(၃) ကျေးလက်နေပြည်သူများ၊ အခြေခံသစ်တောထွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊

(၄) ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွား ထာဝစဉ် ဖွံ့ဖြိုးတိုးတက်စေရန်၊

(၅) သစ်တော၊ သစ်ပင်များ၏ တန်ဖိုးနှင့် အနှစ်သာရကို ဒေသနေပြည်သူများ၊ သိရှိနားလည်စေရန်၊

(၆) သဘာဝဝန်းကျင် ထိန်းသိမ်းရေး ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာမြှင့်တင်ရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကို တိုးတက်ရရှိစေရန်၊

(၇) ရာသီဥတုမျှတကောင်းမွန်ခြင်းနှင့် စိုက်ပျိုးရေးကိုအထောက်အကူဖြစ်စေရန်၊

(၈) သဲကန္တာရ ဖြစ်ထွန်းမှုပေါ် ကာကွယ်စေရန်တို့ ဖြစ်သည်။

အဓိကဆောင်ရွက်ရမည့် လုပ်ငန်းကြီးလေးရပ်

(၁) စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေး အတွက် စိုက်ခင်းများ တည်ထောင်ခြင်း၊ (စ)

(၂) သဘာဝတောကျန်များကိုထိန်းသိမ်းကာကွယ်ခြင်း၊ (ထ)

(၃) ထင်းအစား:ထိုးလောင်စာ အသုံးချရေးလုပ်ငန်း:များ: တိုးချဲ့.ဆောင်ရွက်ခြင်း၊ (ထ)

(၄) ရေရှိရေး:အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း:(ရ)

တို့ဖြစ်ကြသည်။ အတိုကောက် အား:ဖြင့် (စ–ထ–ထ–ရ) ဖြစ်သည်။

မူဝါဒ(၆) ရပ်

(၁) ကာကွယ်ခြင်း: (Protection)

(၂) အခြေခံစား:ဝတ်နေရေး:လိုအပ်ချက်များ:ဖြည့်ဆည်း:ပေး:ခြင်း: (Basic Needs)

(၃) စွမ်:ဆောင်ရည် တိုး:တက်:မြင့်:မား:စေခြင်း: (Efficiency).

(၄) ထာဝစဉ်တည်တံ့စေခြင်း: (Sustainability)

(၅) ပြည်သူတို့က ပူး:ပေါင်း:ပါဝင် ဆောင်ရွက်လာစေခြင်း: (Participation)

(၆) ပြည်သူအတွင်: နိုး:ကြား:တက်ကြွသည့်အသိရှင်သန်နေစေခြင်း: (Public Awareness) တို့ ဖြစ်ကြသည်။

ဤသို့ဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး:အတွက် ရည်ရွယ်ချက်များ၊ အဓိကဆောင်ရွက်ရမည့်လုပ်ငန်းကြီးများ၊ မူဝါဒ(Policy) ချမှတ်ထား:ရုံမျှမက နှစ်တိုနှစ်ရှည် စီမံကိန်း:များ: (Plan) ကိုလည်: ချမှတ်ထား:သေး:သည်။

ပထမလေး:နှစ် စီမံကိန်း:ကာလအဖြစ် ၁၉၉၇–၉၈ ခုနှစ်မှ ၂၀၀၀–၂၀၀၁ ကိုသတ်မှတ်ထား:သည်။ ယင်:ပထမလေး:နှစ် စီမံကိန်း:ကာလများ:အနက် ၁၉၉၇– ၉၈ ခုနှစ်နှင့် ၁၉၉၈–၉၉ ခုနှစ်တည်:ဟူသော (၂) နှစ်တာကာလအတွင်: အပူပိုင်:ဒေသ စိမ်းလန်းစိုပြည်ရေး:အတွက် အဓိက ကျလှသည့် အောက်ပါလုပ်ငန်း:များ:ကို အကောင်အထည်ဖော်ခဲ့ရာ –

၁။ သစ်တော စိုက်ခင်: စုစုပေါင်: (၅၄,၈၁၇) ဧက စိုက်ပျိုး:ခဲ့ခြင်း:။

၂။ သဘာဝတောကိုထိန်:သိမ်:ခြင်:ကို (၁,၈၀,၅၆၀) ဧက လုံ:ပဆောင်နိုင်ခဲ့ခြင်:နှင့် ဓမ္မတာ မျိုး:ဆက်ခြင်: (၁၁,၆၅၀) ဧက လုပ်ဆောင်နိုင်ခဲ့ခြင်:။

၃။ ထင်:အစား: အခြာ:လောင်စာ အသုံ:ချရေး: လုပ်ငန်:များ: အနေဖြင့် (၁) စွမ်:အား:မြင့် မီး:ဖို (၅၆,၇၆၀) လုံ:ဖြန့်ဖြူး:ပေး:ခြင်း၊(၂)မီး:သွေး:တောင့် (၆၈,၄၆,၃၀၀) ဖြန့်ဖြူး:ပေး:ခြင်း၊ (၃) ဝါရိုး၊ နှမ်:ရိုး၊ ပဲရိုး စသည့်စွန့်ပစ်ပစ္စည်:တန်ချိန် (၁၄,၉၇၀) သုံ:စွဲစေခြင်:။

၄။ ရေရှိရေး: ကဏ္ဍတွင်လည်: (၁) ရေကန်ငယ်/တစ်ဖက်ရပ်ဆည် (၂၀၂) ခုတူး:ဖော်စေခဲ့ခြင်:၊ (၂) အဝိစိတွင်: (၇) တွင်:တူး:ဖော်ပြီ:ခြင်:၊ (၃) မြစ်ရေသွယ်ယူခြင်:လုပ်ငန်:(၁)ခု(တန်ခြေကြည်တောင်) အကောင်အထည်ဖော်ခဲ့ခြင်: တို့ဖြစ်သည်။

အပူပိုင်:ဒေသ စိမ်:လန်:စိုပြည်ရေး လုပ်ငန်:များ:ကို အား:ကောင်:မောင်:သန်ဖြင့် စဉ်ဆက်မပြတ် အကောင်အထည် ဖော်လျက်ရှိပြီ: (၁–၄–၉၉ နေ့မှ ၃၁–၁၂–၉၉) ကာလ အတွင်:၌လည်: လုပ်ငန်:ရပ်များ: ခွဲခြား:သတ်မှတ် လုပ်ကိုင်ခဲ့ရာ–

(က) စိုက်ခင်:တည်ထောင်ခြင်: လုပ်ငန်:၌ ကျင်:တူးခြင်:၊ ကျင်:ဖို့ခြင်:၊ ပျို:ထောင်ခြင်:၊ ဖာထေး:ခြင်:တို့အပြင် အဓိက အား:ဖြင့်–စိုက်ပျို:ခြင်: လုပ်ငန်:၌ သစ်ပင်မျို:စုံကို ဧက (၃၅၀၄၀) ကျော်တွင် စိုက်ပျို:နိုင်ခဲ့သည်။

(ခ) ထိန်:သိမ်:ခြင်:လုပ်ငန်:၌ ဓမ္မတာမျို:ဆက်ခြင်: ပေါင်:သင်ရှင်:လင်:ခြင်:၊ မီး:ကာကွယ်ခြင်:၊ ကြိုးဝိုင်:/ ကာကွယ်တောနယ်နမိတ်ပြင် ဆင် ခြင်:၊ စိုက်ခင်:နယ်သတ်မှတ်ခြင်:၊ စစ်ဆေး: လမ်: (သဘာဝတော) ဖောက်လုပ်ခြင်:တို့ အပြင် အဓိကကျသည့် သဘာဝတော ကာကွယ်ထိန်:သိမ်:ခြင်:တို့ကို ဧက (၉၇၄၄၁) ကျော် ဆောင်ရွက်နိုင်ခဲ့ သည်။

(ဂ) ထင်:အစား:– အခြာ: လောင်စာသုံ:စွဲခြင်: လုပ်ငန်:၌ စွမ်:အား:မြင့် မီး:ဖို (၃၂၆၆၉) ခု ဖြန့်ဖြူး:ခြင်:၊ လောင်စာတုံ: သုံ:စွဲခြင်: (မီး:သွေး:တောင့်) –၅၆၂၀၀၅၈– ဖြန့်ဖြူး:ပေး:ခြင်:၊ စိုက်ပျို:စွန့်ပစ်ပစ္စည်:တန်ချိန် (၁၃၇၄၂)ကျော် သုံးစွဲစေခြင်:တို့ကို ဆောင်ရွက် နိုင်ခဲ့သည်။

(ဃ) ရေရှိရေး: အကောင်အထည်ဖော်ရာတွင် ရေကန်ငယ် (၁၆၄) ကန်တူး:ဖော်ခဲ့ခြင်:၊ နွန်:တား:ဆည် (၁၂၄) ဆည်တည်ဆောက်ပေး:ခြင်:နှင့် မြေအောက်ရေ တူး:ဖော်ခြင်:ကို(၅)ကန်အထိ အကောင်အထည်ဖော် နိုင်ခဲ့လေသည်။

ဤသို့ဖြင့် အပူပိုင်:ဒေသ စိမ်:လန်:စိုပြည်ရေး:ကို ၁၉၉၇–၉၈မှ ၃၁–၁၂–၉၉ အထိနေ့မအား:ညမနာ:

ဘက်စုံထောင့်စုံဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရုံမျှသာမက အထူးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုလည်း ဦးစားပေး ဆောင်ရွက်လျက်ရှိနေသည်။

အထူးဦးစားပေးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများမှာ –

(၁) ရေနံချောင်းမြို့နယ် ဖန်ခါးစန်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်း၊

(၂) မကွေးမြို့နယ်ဒေါင်းနေဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်း၊

(၃) မြင်းခြံခရိုင် ရေဝေတောင်တန်းဒေသများ စိမ်းလန်းစိုပြည် အထူးလုပ်ငန်း စီမံကိန်းတို့ ဖြစ်သည်။

သစ်တောရေးရာ ဝန်ကြီးဌာနအပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် လုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ ဝန်ထမ်းများအား ကျွမ်းကျင်စေရန် မျှသာမက ပြည်သူ့အကျိုး နိုင်ငံတော်၏ အကျိုးကို စေတနာပါပါ လက်တွေ့ကျကျ ဆောင်ရွက်ရေးအတွက်လည်း လေ့ကျင့် ပညာပေးလျက်ရှိသည်။

ပြည်တွင်းပြည်ပ သင်တန်းများကို တက်ရောက်စေခြင်း၊ ပြည်တွင်းပြည်ပ လေ့လာရေး ခရီးစဉ်များ ဆွေးနွေးပွဲများသို့ စေလွှတ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုမျှသာမက ပြည်ပပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများလည်း အကောင်အထည်ဖော်လျက်ရှိသည်။ ဂျပန် နိုင်ငံ (Yomiuri Shinbun)အဖွဲ့ နှင့် ပူးပေါင်းကာ ညောင်ဦးမြို့နယ်၌ သစ်တော ဧက ၁၂၀၀ တည်ထောင်ခြင်း Japan International Forestry Promotion and Co-operation Agency(JIFPRO) နှင့် ပူးပေါင်း၍ ဧက ၁၉၃၀ တွင် ဒဟတ်စီးကာကွယ် တောစိမ်းလန်းစိုပြည်ရေးစီမံကိန်း (Korea International Co-operation Agency(KOICA) နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်း ဧက ၃၀၀ စီမံကိန်း၊ ဂျပန်နိုင်ငံ Organization for Industrial Spiritual and Cultural Advancement International (OISCA International) နှင့် ပူးပေါင်း၍ ရေစကြိုမြို့နယ်၊ ကျောက်ထက်တောင် စိမ်းလန်းစိုပြည်ရေး သစ်တော စိုက်ခင်း ဧက ၆၀၀ ကိုလည်း စီမံကိန်းချမှတ် အကောင်အထည်ဖော်လျက်ရှိနေသည်။

ဤသို့ဆောင်ရွက်ရာတွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ "သစ်ပင်သစ်တောတို့မှာ တန်ဖိုးဖြတ်၍ မရသော အမျိုးသားရေး အမွေအနှစ်များဖြစ်သည်။ အဆိုပါ အမျိုးသားရေး အမွေအနှစ်များကို အမျိုးသားရေးအမြင်၊ သမိုင်းပေးတာဝန်တို့ဖြင့် အကောင်အထည်ဖော် ထိန်းသိမ်းစောင့်ရှောက်ကြရမည်"ဟူသည့် လမ်းညွှန်ချက်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကာ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

အထူးအားဖြင့် နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။"ဆောင်ပုဒ်အပါအဝင် "ဥတုရာသီတောကိုမှီ၏" "စိမ်းလန်းသာယာ ပြည်မြန်မာ" ၊"သယံဇာတတောမှရ၏"၊ "သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရထိမ်းသိမ်းကြ" ၊ကမ္ဘာအဝန်းတောတွေ ခန်းလည်း စိမ်းလန်းတို့ ပြည်တောနှင့်စည်၏""သစ်တော၊ သစ်ပင် ချစ်ခင်လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" စသည့်ဆောင်ပုဒ်များ ချမှတ်၍ ပြည်သူလူထုကို ပညာပေးစည်းရုံးကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်း ဖြစ်သည်။

ထိုမျှသာမကသေး ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်များမှလည်း ဆောင်းပါးများ၊ ကဗျာများ၊ တေးသီချင်းများ၊ ဇာတ်လမ်းများ၊ ထုတ်လွှင့်ကာနည်းလမ်းမျိုးစုံဖြင့် ပြည်သူလူထုကို စည်းရုံးပညာပေးကာ အကောင်အထည်ဖော်နေခြင်းလည်း ဖြစ်သည်။

ထို့ကြောင့်ပင် ယခုအခါ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး(၁၃) ခရိုင်၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယူကလစ်၊ မဲဇလီ၊ မြန်မာရွာ၊ ဘောစကိုင်း၊ မြန်မာကုက္ကို၊ တမာ၊ ထနောင်း၊ ဖျောက်ဆိပ်၊ ယင်းမာ၊ မန်ကျည်းစသည့် အမျိုးမျိုးသော သစ်ပင်ကြီးငယ်များ သာမက ကျေးရွာလူထု ဝင်ငွေရရှိစေသည့် သနပ်ခါး၊ လဲမို့၊ ဇီးစသည့် အမျိုးမျိုးသော သစ်ပင်ကြီးငယ်များတို့ဖြင့် စိမ်းလန်းစိုပြည် သာယာလျက်ရှိနေပေသည်။

ချမ်းငြိမ်းမြင့်


အပြည်ပြည်ဆိုင်ရာ ပါဝေးဖွင့်ပွဲ (မြင်ကွင်း)

မြန်မာနိုင်ငံ ငါးလုပ်ငန်း

လူသားတစ်ဦးချင်းစီမှသည် လူသားအားလုံးအတွက် လိုအပ်ချက် မြောက်မြားစွာရှိသည်။ ယင်းတို့နက် အဝိုက အကျဆုံးမှာ အသက်ရှင်ရပ်တည်ရေးဖြစ်သည်။ အသက်ရှင်ရပ်တည်ရန်မှာ စားစရာများ၊ ဝတ်စရာများ၊ နေစရာများ လိုအပ်သည်။ ထို့ကြောင့် လူသားထုတစ်ရပ်လုံးအသက်ရှင်ရပ်တည်ရေးအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့မှာ ပဓာနကျနေသည်။

စားရေး၊ ဝတ်ရေး၊ နေရေးအနက် အဝိုကအကျဆုံးမှာ စားရေးပင် ဖြစ်သည်။ မြတ်ဗုဒ္ဓကပင် "သမ္မေ သတ္တာ အာဟာရဋ္ဌိတိကာ" သတ္တဝါအားလုံးသည် စားစရာတည်းဟူသော အာဟာရပေါ်တွင် တည်နေသည်ဟု ဟောကြားမိန့်မြွက်တော်မူခဲ့သည်။

နိုင်ငံတော် အစိုးရသည်နိုင်ငံရေးဦးတည်ချက် (၄) ရပ်၊ စီးပွားရေး ဦးတည်ချက် (၄) ရပ်၊ လူမှုရေးဦးတည်ချက် (၄) ရပ် တည်းဟူသော အမျိုးသားရေးဦးတည်ချက် (၁၂) ရပ် ချမှတ်ကာ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်အောင် နေ့မအား၊ညမနား အကောင်အထည်ဖော်လျက် ရှိနေပေသည်။

ဤသို့ အကောင်အထည်ဖော်ရာတွင် ပြည်သူတစ်ရပ်လုံး သာယာဝပြောရေး တစ်နည်းအားဖြင့် ကာယသုခ စိတ္တသုခ ပြည့်ဝရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ သို့ဖြင့် စားရေးသောက်ရေး ပြည့်ဝဖူလုံရေးကိုလည်း စနစ်ကျကျ စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်လျက် ရှိနေပေသည်။

နိုင်ငံတော်တွင် စိမ်းစိုမြိုင်နေသော သစ်တောကြီးများ၊ ရေခဲမုံလွှမ်းနေသော တောင်ထွတ်ကြီးများ၊ ကျယ်ဝန်းပြန့်ပြူးသော လယ်ယာများ၊ မြစ်ကြီးမြစ်ငယ်များ ရှိကြသည်။ ပင်လယ်ပြင်ပိုင်နက်များလည်း ရှိနေသည်။ ယင်းသဘာဝတောတောင်မြေပြင် မြစ်ချောင်း၊ ပင်လယ်သမုဒ္ဒရာများတွင် တန်ဖိုးကြီးမားလှသည့် သယံဇာတပစ္စည်းများ အလျဉ်ပယ် တည်ရှိပေါထွန်းလျက်ရှိသည်။

ပင်လယ်ပြင်များ၊ ချောင်းများ၊ မြစ်များနှင့် အင်းအိုင်များတွင် ရေထွက်ပစ္စည်းများမှာ နိုင်ငံတော်၏ အဖိုးထိုက်သဘာဝရတနာများ ဖြစ်ကြသည်။ အဆိုပါအဖိုးထိုက်ရတနာများတွင် ငါးအမျိုးမျိုး ပုစွန်အမျိုးမျိုးတို့မှာ အဝိုကအခန်းမှ ပါဝင်နေလေသည်။

အမျိုးမျိုးသောငါးများ ပုစွန်များကို ခွဲခြမ်းစိတ်ဖြာလိုက်ပါက အကြမ်းအားဖြင့် ရေငန်ငါး၊ ရေချိုငါးနှင့် ရေငန်ပုစွန် ရေချိုပုစွန်များ ဟူ၍ခွဲခြားရနိုင်သည်။ အခြားသောအသုံးဝင်သည့် ရေသတ္တဝါများလည်း ရှိနေသေးသည်။

အဆိုပါ ရေထွက်ပစ္စည်း ငါး၊ ပုစွန်စသည်တို့ကို စနစ်တကျ ခေတ်မီစွာ မွေးမြူထုတ်လုပ်အသုံးပြုရေးအတွက် နိုင်ငံတော်အစိုးရသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းထားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် သယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာ ထုတ်ယူအသုံးပြုရေးအတွက် အခြေခံမူဝါဒများ ချမှတ်ထားသည်။ ယင်းတို့မှာ -

၁။ ငါးလုပ်ငန်းဆိုင်ရာ ကဏ္ဍများတွင် ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊

၂။ ပြည်တွင်းစားသုံးမှုအတွက် လုံလောက်အောင် ထုတ်လုပ်၍ ပိုလျှံက ပြည်ပတင်ပို့ရေး၊

၃။ ငါး၊ ပုစွန်တိုးချဲ့မွေးမြူရေးကို တွန်းအားပေးဆောင်ရွက်ရေး၊

၄။ ရေလုပ်သားများ၏ လူမှုစီးပွားရေး၊ အခြေအနေတိုးတက်အောင် ဆောင်ရွက်သွားရေးတို့ ဖြစ်ကြသည်။

အဆိုပါအခြေခံမူဝါဒများကိုလက်တွေ့ကျကျ ထိထိမိမိ အကောင်အထည်ဖော်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လက်အောက်တွင် ငါးလုပ်ငန်းဦးစီးဌာနကို သီးသန့်ဖွဲ့စည်းကာ စနစ်တကျ ဆောင်ရွက်လျက်ရှိနေလေသည်။



အတွင်းရေးမှူး(၂) ဒုတိယမိုလ်ချုပ်ကြီးတင်ဦး ရေထွက်ပစ္စည်း တတ်ခွဲခန်းအား စစ်ဆေးစဉ်

ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ရေချိုရေငန်ပါနှစ်ကဏ္ဍ တိုးတက်အောင်ဆောင်ရွက်နေပေသည်။

နိုင်ငံတော်တွင် ရေနက်ကွင်းများ၊ အင်အုင်ချောင်းမြောင်း၊ သဘာဝရေကန်ကြီးများ၊ မြစ်ကြီးမြစ်ငယ်များ၊ မြစ်လက်တက်များနှင့် ရေလှောင်ဆည်ကြီးများ စသည်တို့ရှိကြသည်။ ယင်းတို့မှာ ရေချိုငါးများ ကျက်စားကြီးပြင်းရာပေါက်ဖွားရာ မွေးမြူရာ နေရာဖြစ်ကြသည်။ တစ်နည်းအားဖြင့် ရေချိုငါးများ မွေးမြူရေး၊ ထုတ်လုပ်ရေးအတွက် အကောင်းဆုံးသော သဘာဝရေပြင်များဖြစ်သည်။ နိုင်ငံတော်တွင် အဆိုပါ ရေအနေအထား၊ မြေအနေထား အကျယ်အဝန်းမှာ ဧရိယာပမာဏ ဟက်တာ (၈ ဒသမ ၂) သန်း ရှိနေသည်။

ဤမျှ ကျယ်ဝန်းသည့် ဧရိယာအတွင်းမှ ၁၉၉၇-၉၈ ခုနှစ်တွင် (၁) အင်းအိုင်များမှ တန်ချိန် ၆၄၆၇၇ တန်၊ (၂) သဘာဝရေပြင်မှ တန်ချိန် ၈၆၆၁၃ တန်၊ စုစုပေါင်း တန်ချိန် ၁၅၁၂၉၀ ရှိသော ရေချိုငါးပုစွန်များ ထုတ်လုပ်နိုင်ခဲ့သည်။

သဘာဝရေချိုငါးပုစွန်ထုတ်လုပ်ရေး ကဏ္ဍကြီးတွင် အဓိကကျသည့်မှာ ရေချိုငါးပုစွန်မွေးမြူရေးကဏ္ဍဖြစ်သည်။ နိုင်ငံတော်တွင် ရေချိုငါး၊ ပုစွန်မွေးမြူသော ဧကမှာ ၁၁၄၄၇-၉၈ ခုနှစ်တွင် ၁၁၄၄၄၉ ဒသမ ၈ ဧက ရှိသည်။ ယင်းမျှသော အကျယ်အဝန်းတွင် ရေချိုငါး၊ ပုစွန်မွေးမြူရေးကန် ဧက ၅၆၃၈၄ ဧက လည်း ပါဝင်နေသည်။

၁၉၉၇-၉၈ ခုနှစ်ကိန်းဂဏန်းများအရ ရေချိုငါးပုစွန်ထုတ်လုပ်မှုသည် တန်ချိန် ၂၄၁၄၅၀ ဖြစ်ပြီး ရေချိုငါးပုစွန်မွေးမြူရေးကဏ္ဍမှ တန်ချိန် ၉၀၁၆၁ တန်ဖြစ်ရာ ရေချိုငါးပုစွန် မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုသည် ရေချိုငါးပုစွန်ထုတ်လုပ်မှု၏ ၃၇% ရှိနေသည်ကို လေ့လာသိရှိရသည်။ ထို့ကြောင့် နေရာကျဉ်းကျဉ်းကလေးမျှနှင့် ပိုမိုထုတ်လုပ်ပေးနိုင်သည့် ရေချိုငါးပုစွန် မွေးမြူရေးသည် ငါးပုစွန်ထုတ်လုပ်ရေးကဏ္ဍတွင် အရေးပါလျက်ရှိနေပေသည်။

ယခုအခါ ရေငန်ပုစွန်များကို ပြည်ပမှ အားတက်သရော ဝယ်ယူလိုနေကြသည်။ ဝယ်လိုအားမြင့်မားနေသည်။ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် တိုင်းနှင့်ပြည်နယ်များတွင် ဧက ၁၂၀,၀၀၀ အထိ ရေချိုရေငန်ပုစွန်များ တိုးချဲ့မွေးမြူထုတ်လုပ်ရေးကို လမ်းညွှန်ထားသည်။

ယင်းလမ်းညွှန်ချက်နှင့်အညီ ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုရေငန်ပုစွန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိနေသည်။

လောလောဆယ် နိုင်ငံတော်၌ ပုစွန်မွေးဧက ၆၄၈၅၆ ရှိနေသည်။ ယင်းတို့အနက်သမားရိုးကျ မွေးမြူသည့်ကန်များလည်းပါရှိနေသေးသည်။ အဆိုပါကန်များကို ရေရှည်လည်းအကျိုးရှိ ပိုမိုလည်းထုတ်လုပ်နိုင်မည့် သဘာဝန်းကျင်လည်း မပျက်စီးသည့် သဟဇာတ မွေးမြူရေးစနစ် (Sustainable Shrimp Culture) နှင့် (Improved Extensive) တို့ကို ငါးလုပ်ငန်းဦးစီးဌာနက တိုးချဲ့အကောင် အထည်ဖော်လျက်ရှိနေသည်။

တစ်ချိန်တည်းတွင် ယခုအခါ ငါးလုပ်ငန်းဦးစီးဌာနသည် ရေငန်ငါးပုစွန်ထုတ်လုပ်ရေးကို စီမံချက်များစနစ်တကျချမှတ်ကာ အရှိန်ကောင်းကောင်းဖြင့် အကောင်အထည်ဖော်နေသည်။

နိုင်ငံတော်၏ပင်လယ်ကမ်းရိုးတန်းမှာ ၂၈၃၂ ကီလိုမီတာရှိပြီး သုတေသနများပြုထားချက်အရ ဆိုရပါမူ ကမ်းဦးရေတိမ်ပိုင်း ရေနက်မီတာ ၂၀၀ အတွင်း ငါးထုထည်တန်ချိန်

ာ ဒသမ ၈ သန်းရှိနေသည်။ နှစ်စဉ် ငါးပုစွန်မျိုး မတုံးစေဘဲ ဖမ်းဆီးနိုင်သည်။ ပမာဏ (MSY)မှာ ရေအောက်ငါးတန်ချိန် ၅ ဒသမ ၅ သိန်း ရေပေါ် ငါးတန်ချိန် ၄ ဒသမ ၉ သိန်း စုစုပေါင်း တန်ချိန် ၁၀ ဒသမ ၄ သိန်းဖြစ်သည်။

၁၉၉၈–၉၉ ခုနှစ် ရေငန်ငါးထုတ်လုပ်မှု ကုန်တက်စာရင်းအရ ရေပေါ်ငါးထုတ်လုပ်မှု ၂၄၇၇၉၀ ဒသမ ၂၂ တန်နှင့် ရေအောက်ငါးထုတ်လုပ်မှု ၄၈၃၈၈၃ ဒသမ ၁၂ တန် စုစုပေါင်း ၇၃၁၆၇၃ ဒသမ ၃၄ တန် ခန့်သာဖြစ်သည်။ ထို့ကြောင့် ရေငန်ငါးပုစွန်ထုတ်လုပ်မှုမှာ များစွာတိုးချဲ့နိုင်သော အခြေအနေရှိနေလေသည်။

ထို့ကြောင့် ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုငါးပုစွန်နှင့် ရေငန်ငါးပုစွန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံ နယ်ပယ်စုံမှ မနားတမ်းဆောင်ရွက်နေရာ ၁၉၉၈–၉၉ တွင် ပြည်ပသို့ ငါးပုစွန်နှင့် အခြားတင်ပို့မှုတွင် တန်ချိန်စုစုပေါင်း ၁၂၆၈၇၃ ဒသမ ၈၅ တန် ထိတင်ပို့နိုင်ခဲ့ပြီး ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၃၂ သန်းဖြစ်သည်။

ဤသို့ နိုင်ငံခြားဝင်ငွေရရှိအောင် ထုတ်လုပ်မှုမကျဆင်းဘဲ ပိုမိုထုတ်လုပ်သွားနိုင်ရေးမှာ လွန်စွာအရေးကြီးသည်။ ဥပမာအားဖြင့် ရေချိုကဏ္ဍတွင် ယခင် ဂရန်အင်းပေါင်း ၃၄၄၃ အင်းရှိနေရာမှ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ၃၇၂၂ အင်းသာ ရှိတော့ရာ ထုတ်လုပ်မှု မကျဆင်းစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝရေပြင်တွင် ၁၉၉၈–၉၉ ခုနှစ်၌ ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၁၁၀၃ သိန်း မျိုးထည့်ပေးခြင်း၊ ဂရန်အင်း



အတွင်းရေးမှူး(၂) ဒုတိယမိုလ်ချုပ်ကြီး တင်ဦး ပုစွန်မွေးမြူရေးစခန်း စစ်ဆေးစဉ်



ငါး၊ ပုစွန် မွေးမြူရေးကို ဤသို့စနစ်တကျဆောင်ရွက်သည်

လုပ်ကိုင်သူများကို နှစ်ရှည်ကြေးတိုင်စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း၊ ငါးရစ်ငါးသန်များကို မဖမ်းဆီးစေခြင်း၊ သတ်မှတ်ကာလများတွင် ငါးဖမ်းဆီးခြင်းကို စစ်ဆေးပိတ်ပင်ခြင်း စသည်တို့ကို လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မလစ်ဟင်းရအောင် ဆောင်ရွက်လျက်ရှိနေသည်။

ထို့အတူ သဘာဝ အင်းအိုင်၊ ချောင်းမြောင်းများ၊ ရေနက်ကွင်းများ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားပါကလည်း မြေ၊ ရေနေရာကျဉ်းကျဉ်ဖြင့် ငါးပုစွန် မွေးမြူထုတ်လုပ်နိုင် ရေးကို ကြိုးစားဆောင်ရွက်နေရာ၊ ခြံခတ်မွေးသည့် စနစ်(PenCulture) နှင့် ကြောင်အိမ်ဖြင့် မွေးမြူခြင်း စနစ်(Cage Culture) တို့ကိုပါ ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်နေပြီဖြစ်သည်။

ဤသို့ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးပုစွန် တိုးတက်ထုတ်လုပ်ရေး၊ မပြုန်းတီးရေး၊ ရေရှည်ထုတ်ယူစားသုံးနိုင်ရုံမျှမက မျိုးမပြုန်းတီးရေးအတွက် ဆောင်ရွက်နေစေကာမူ အကြောင်း ကြောင်းကြောင့်ပြုန်းတီးသွားနိုင်သည်။ ယင်းတို့မှာ

၁။ ငါးပုစွန်များ ပေါက်ပွားကြီးထွားသည့် လမုဒီရေတောများ ပြုန်းတီးခြင်း၊

၂။ ငါးသားပေါက်များ၊ ငါးသေးငါးငယ်များ ကျက်စားကြီးပြင်းရာ ရေတိမ်ပိုင်းတွင် ဝင်ရောက်ငါးဖမ်းခြင်း၊

၃။ ငါးအထိအမိကောင်းသော ငါးဖမ်းကွက်များတွင် ရေယာဉ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ငါးဖမ်းခြင်း၊

၄။ သေးငယ်သော ပိုက်ကွက်များကို အသုံးပြုဖမ်းဆီးသဖြင့် ငါးသားပေါက်နှင့် ငါးငယ်များ အလဟဿ သေကြေပျက်စီးရခြင်း၊

၅။ ခေတ်မီ ငါးဖမ်းကိရိယာများ သုံးစွဲ၍ ဖမ်းဆီးသဖြင့် ယခင်က ရေပေါ်တက်မှ မြင်ရသော ငါးအုပ်များ ထိုခေတ်မီ စက်ကိရိယာ အကူအညီဖြင့် မလွတ်တမ်းဖမ်းဆီးနိုင်ခြင်း(ဥပမာ- ငါးသလောက်၊ ကကူရုံ၊ ငါးရောင်းပကတူး၊ ပလာလန်) များကို (Fish Finder)ဖြင့် အလွယ်တကူ သိရှိဖမ်းဆီးနိုင်ခြင်း

၆။ ဒိုင်းနမိုက် ဖောက်ခွဲခြင်း၊ အဆိပ်ချငါးဖမ်းခြင်း၊ ကယ်လ်စီယံကာဘိုက် စသည့် ဓာတုဗေဒပစ္စည်းများကို အသုံးပြု ဖမ်းဆီးခြင်း၊

၇။ တရားမဝင် ငါးခိုးလှေများ၊ သဘော်များက ဝင်ရောက်ခိုးယူဖမ်းဆီးခြင်း စသည့်တို့ဖြစ်သည်။

ယင်းတို့ကို တားဆီးကာကွယ်ရေးနှင့် ငါးပုစွန် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ၁၉၈၉ ခုနှစ်တွင် ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ ထို့အတူမြန်မာ့ရေချိုငါးလုပ်ငန်း ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကိုလည်း ငါးလုပ်ငန်းဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။

ထိုမျှသာမက၊ ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးသယံဇာတ မပြုန်းတီးရေးနှင့် ထိန်းသိမ်းရေးအတွက် အသေးစိတ် စနစ်ကျကျ လုပ်ဆောင်လျက်ရှိရာ ယင်းတို့မှာ-

၁။ ငါးဖမ်းကိရိယာ အမျိုးအစား အလိုက်စည်းကမ်းချက်များ ကန့်သတ်ပေးခြင်း၊

၂။ ခွင့်ပြုငါးဖမ်းကိရိယာများ အလိုက်အသုံးပြုရမည့် ငါးဖမ်းပိုက်ကွန်များ သတ်မှတ်ခြင်း၊

၃။ ငါးဖမ်းလိုင်စင်များကို ကန့်သတ်ထုတ်ပေးခြင်း၊

၄။ မြန်မာ့ငါးဖမ်း ရေပြင်တွင် ငါးမဖမ်းရသည့် ဇုံရိယာ (Closed Area) သတ်မှတ်ခြင်း၊ ငါးမဖမ်းရသည့် ရာသီ (Closed Season) သတ်မှတ်ပေးခြင်း၊

၅။ လမုဒီရေတောများ မပျက်စီးရန် ဒေသခံရေလုပ်သားများအား ပညာပေးခြင်း၊ ဟောပြောခြင်း၊ ဆွေးနွေးခြင်းများကို သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

၆။ မိုင်းခွဲ ငါးပစ်ခြင်း၊ အဆိပ်ချ ငါးဖမ်းခြင်းများ မပြုလုပ်ရန်နှင့် ကျူးလွန်ပါက ပြဋ္ဌာန်း(၁၁) ဥပဒေ အရ ထိရောက်စွာ အရေးယူခြင်း စသည်တို့ဖြစ်ကြသည်။

ထိုသို့သော လုပ်ငန်းများသာမက ရေချိုရေငန် ငါးပုစွန်များစနစ်တကျ မွေးမြူ၊ ထုတ်လုပ်နိုင်ရေးအတွက်ငါးလုပ်ငန်းရှိစီဌာနသည် သိပ္ပံဘွဲ့(သတ္တဗေဒ)နှင့်

မဟာသိပ္ပံဘွဲ့(သတ္တဗေဒ)ဘွဲ့ ရသူများကို အဆင့်မြင့် သင်တန်းများ ပို့ချလေ့ကျင့်ခြင်း၊ သင်တန်းအမျိုးအစား ပေါင်း ၁၅ ခုကျော်တွင် သင်တန်းသား (၇၀၀၀)ကျော် တက်ရောက်သင်ကြားလေ့လာစေခဲ့ခြင်း စသည့်လုပ်ငန်း များကိုလည်း ဆောင်ရွက်ခဲ့၊ ဆောင်ရွက် ဆဲဖြစ်သည်။

ထို့မျှသာမက ငါးပုစွန်များ ပြည်ပသို့ပို့ရာတွင် လည်းကောင်း၊ ပြည်တွင်း၌ စားသုံးရာတွင် လည်းကောင်း သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်စေရန် ခေတ်မီအဆောင်းခန်းများကိုလည်း တည်ဆောက်ထားပေး သည်။ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ခေတ်မီအဆောင်းခန်း (၅၀)ခန့် တည်ဆောက်အသုံးပြုလျက် ရှိနေသည်။

ထို့အပြင် ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်ပ ပို့ကုန်တိုးမြှင့်ရေးအတွက် ဥရောပသမဂ္ဂ E.U နိုင်ငံများ၏ မေးမြန်းချက်များကို ဖြေကြားခြင်း E.U ၏သတ်မှတ်ချက်၊ ပြန်ကြားချက်များနှင့်အညီရေထွက်ပစ္စည်းများ ဖမ်းဆီး ရမိသည့်မှ ကုန်ချောထွက်သည်အထိ ကုမ္ပဏီများ ရေယာဉ် များ လိုက်နာရမည့်စည်းကမ်းများ သတ်မှတ်ခြင်း E.U နိုင်ငံ များသို့ ငါးပုစွန်တင်ပို့ရေးအတွက် ငါးပုစွန်ပြုပြင်ထုတ်လုပ် ရေး စက်ရုံ (၇၉) ရုံအနက် (၂၅) ရုံကို upgrade ပြုလုပ်ပြီး E.U မှ စစ်ဆေးနိုင်ရန်စီစဉ်ထားခြင်း ယခင်က(Microbiology Test) တစ်မျိုးတည်းသာရှိရာ ယခုအခါ လတ်ဆတ်မှု စစ်ဆေးခြင်း (Quality Test) ၊ ဓါတုပစ္စည်း စစ်ဆေးမှု ဆိုင်ရာ စစ်ဆေးခြင်း (Contaminant Test) ကပ်ပါးဆိုင်ရာ စစ်ဆေးခြင်း(Parasite Test) သဘာဝ အဆိပ်ဆိုင်ရာ စစ်ဆေးခြင်း (Toxicology Test) ထပ်ဖြည့် ဓါတုဆိုင်ရာ စစ်ဆေးခြင်း(Food Additive Test) တို့ကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိနေလေသည်။


ယခုအခါမြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကို ဖွဲ့စည်း ထား၏။ စိတ်ရှည်၊ ဇွဲသန်၊ ဘယ်ညည်းညည်းခံ၊ ကြိုစည်အား ထုတ်၊ ပညာပေး အလုပ် ဟူသည့်ဆောင်ပုဒ်နှင့်အညီ တည်ထောင် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် အာဆီယံငါးလုပ်ငန်းအဖွဲ့ချုပ်ကို ရည်ရွယ်ချက် (၉) ရပ်ဖြင့် ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်သည်လည်း အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်နေ လေရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အနေနှင့် အာဆီယံ ငါးလုပ်ငန်းအဖွဲ့ကြီးနှင့် တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်နိုင်ပြီး၊ နိုင်ငံသိက္ခာမြှင့်တင်နိုင်ရေး ကိုလည်း ငါးလုပ်ငန်းဦးစီးဌာနက ဘက်စုံအကူအညီပေး လျက်ရှိနေလေသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး၏ လမ်းညွှန်ကြီးကြပ်မှုတို့ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကာ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၁၉၉၈-၉၉ ခုနှစ်အတွင်း ငါးပုစွန်ကဏ္ဍမှ နိုင်ငံခြားငွေဒေါ်လာ ၂၀၁ ဒသမ ၃၂ သန်း ရရှိဖွေပေးနိုင်ခဲ့သည်။ တစ်နည်းအားဖြင့် နိုင်ငံတော်အတွက် ငါးလုပ်ငန်းဦးစီးဌာနက နိုင်ငံခြားငွေ တတိယအများဆုံး ရရှိဖွေပေးနိုင်ခဲ့သည်။

သို့ဖြင့် ငါးပုစွန်ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်သူများ အာဟာရပြည့်ဝရေးအတွက် ပဓာနကျနေရုံမျှမက နိုင်ငံတော်၏ ဝန်အင်အားတောင့်တင်းရေးတွင်လည်း အဝိုက ကျနေကြောင်းပေါ်လွင်သည်။

သို့ဖြစ်လေရာ ငါးပုစွန်များမပြုန်းတီးရေး၊ ပိုမိုမွေးမြူ ပေါက်ပွားစားသုံးထုတ်လုပ်ပြီး ပြည်ပကိုလည်း ပိုမိုတင်ပို့နိုင် ရေးတို့အတွက် ပြည်သူပြည်သားများ ရေလုပ်သားများ၊ ငါးပုစွန်မွေးမြူရေးနှင့် ဆက်နွယ်နေသည့် အဖွဲ့အစည်းများ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကြီးနှင့် အဖွဲ့ဝင် များသည် ငါးလုပ်ငန်းဦးစီးဌာနနှင့် လက်တွဲကာ စေတနာ ပါပါ အသိရှိရှိ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ကြရန်ပင်ဖြစ်ပေသည်။

လေ့လာသူတစ်ဦး


Female
Eye Color
Creativity
Strength
Health
Longevity

လာမည့်ရာစုနှစ်များအတွက် ကျန်းမာရေးမိတ်ဆက်

ယနေ့မဂ္ဂင်းမျိုးစုံ၌ပါရှိသော ဆေးပညာဆောင်းပါးတို့ကိုကြည့်လျှင် လွန်ခဲ့သောရာစုနှစ်များအတွင်း အထူးသဖြင့် လွန်ခဲ့သော နှစ် ၅၀အတွင်း-

- ရောဂါကာကွယ်ဆေးသစ်များ ပေါ်ပေါက်လာခြင်း
- ပဋိဇီဝဆေးများ ဆက်တိုက်ပေါ်ထွန်းလာခြင်း
- ကွန်ပျူတာများနှင့်တွဲဖက်သုံးစွဲသော ဆေးရုံသုံးကိရိယာ တန်ဆာပလာ အသစ်အဆန်းများ တိုးတက်လာခြင်း။

စသည်တို့ကြောင့် ကမ္ဘာတစ်ခွင်လုံးမှ လူသားတို့သက်တမ်းရှည်သည်ထက်ရှည်လျက်ရှိကြ၏။ ဤနှုန်းအတိုင်းဆက်သွားနေပါက မြို့တိုင်း ရွာတိုင်းမှာ အသက် ရာကျော်သူတွေ ပေါ်ပေါက်လာတော့မည် ဖြစ်သည်။ မကြာတော့သောတစ်ချိန်မှာ လူသားတို့၏ သက်တမ်းမှာ နှစ် ၁၂၀ အထိ ဖြစ်လာလိမ့်မည်ဟု ဖတ်ရှုကြရပါလိမ့်မည်။

ထို့အပြင် ယခုခေတ်တွင် လူပြောများလာသော အကြောင်းအရာတစ်ခုမှာ သက္ကရာဇ် ၁၈၉၇- ခုနှစ်တွင် ရူပဗေဒပညာရှင်များက အီလက်ထရွန်းနစ် နျူးကလီးယားပညာကိုတွေ့ရှိရာက ကွန်ပျူတာထိအောင် တစ်မှုတ်ချင်း ကမ္ဘာကြီး၌ အပြောင်းအလဲ တွေဖြစ်လာသလို၊

၁၉၅၃ ခုနှစ်တွင် ဝါဒ်ဆင်နှင့် ခရစ်အမည်ရှိ ပညာရှင်နှစ်ဦးက မျိုးရိုးဗီဇ ဒီအင်အေမော်လီကျူးကိုတွေ့ရှိရာက လူသားတို့၏ကလာပ်စည်းတိုင်းတွင် ပါရှိသော ဗီဇပေါင်း တစ်သန်းကို ဖော်ထုတ်ပေးနိုင်တော့မည် ဖြစ်ပါသည်။ ဤအတိုင်းသာ မော်လီကျူးအဆင့် ဇီဝဗေဒပညာသည် တိုးတက်သွားမည်ဆိုပါက ၁၉၉၂ ခုနှစ်တွင် ကိုယ်ဝန်ရှိစဉ်ကာလ ပါရှိလာမည့်မကောင်းသော မျိုးရိုးဗီဇ (သွေးထွက်သော ဟီမိုဖီးလီးယား) ရောဂါ ပါရှိခြင်းရှိ မရှိကြိုတင် ပြောကြားနိုင်ခြင်း၊

၁၉၉၃ ခုနှစ်တွင် မိန်းမလျာဖြစ်ရခြင်းမှာ ဗီဇနှင့် ဆက်စပ်နေခြင်း၊

၁၉၉၃ ခုနှစ်တွင် မျိုးရိုးဗီဇပညာဖြင့် ပြုပြင်ထားသော ဝက်များ၏ နှလုံးကို မျောက်ဝံများထဲသို့ အစားထိုးပေးခြင်း၊



ကလာပ်စည်းတစ်ခုတည်းမှ
မိတ္တူပွားသလိုပွားလာသည့်ဒေါ်လီအမည်ရှိ သိုးငယ်

၁၉၉၇ ခုနှစ်တွင် သိုးတစ်ကောင်မှ ကလာပ်စည်းကိုယူပြီး ဒေါ်လီအမည်ရှိ ဗီဇလုံးဝမတူသော သိုးငယ်ကို မိတ္တူပွားပေးနိုင်ခြင်း၊

၁၉၉၈ ခုနှစ်တွင် ကြွက်တစ်ကောင်မှ ပုံတူကလေးများ ဖိုတိုကော်ပီကူးသလို ကူးပေးနိုင်ရုံသာမက သားသမီး၊ မြေးမြစ်အထိ ဤပွားများမှုပညာကို ဆောင်ရွက်နိုင်ခြင်း၊

၁၉၉၈ ခုနှစ်တွင် ကမ္ဘာကျော် သမ္မတကြီးတစ်ဦး၏ ဖိုမကိစ္စ၊ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဂါဝန်ထဲတွင် ကျန်ရစ်သော သုက်ရည်ကို သမ္မတကြီး၏ သုက်ရည်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခြင်းအဆင့်ထိ ရောက်လာရာက၊ ၂၀၀၀ ပြည့်နှစ်တွင် ခေတ်စားနေသော လူသားတို့၏ မျိုးရိုးဗီဇအားလုံးကို မှတ်တမ်းတင်ခြင်းလုပ်ငန်းအောင်မြင်နိုင်အောင် ငွေကြေးအကူအညီ အလုံအလောက်ရခြင်း စသည်တို့ကြောင့် ယင်းလုပ်ငန်းကို သိပ္ပံပညာရှင်များအားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ယနေ့ မိဘများက မိမိမွေးဖွားလာမည့်ကလေးငယ်၏ လိင်ကို ကြိုက်သလို ပြုပြင်ယူ၍ ဗီဇမကောင်းတာတွေ ပါရှိနေပါက ကြိုတင်ဖျက်ချခြင်း၊ မကြာတော့သော တစ်ချိန်၌ ဦးနှောက်၊ ရုပ်ရည်ကိုပါ ရွေးချယ်ခွင့်ရတော့မည် ဖြစ်ခြင်း၊ မကြာတော့သောတစ်ချိန်မှာ ယနေ့လူသားတို့က အင်ဆူလင် ဆီးချိုရောဂါကဲ့သို့ ဆေး၊ အသား၀ါအသည်းရောင်ရောဂါ ကာကွယ်ဆေး စသည့် ဆေးတို့ကို လက်တွေ့ ထုတ်လုပ်နိုင်ပြီးဖြစ်သလို ဗီဇပညာဖြင့် ဆေးကုသခြင်း၊ ဆေးသစ်၀ါးသစ်များဖော်ထုတ်ပေးခြင်း၊ ရောဂါကာကွယ်ဆေးများ ထုတ်လုပ်ပေးခြင်း စသည့်လုပ်ငန်းများမှတစ်ဆင့် အိုမင်းပျက်စီး ဆွေးမြည့်လာသော ခန္ဓာကိုယ် အစိတ်အပိုင်းများကို ပြုပြင်လိုပါက ဆေးတစ်လုံး ထိုးခဲ့လိုက်ရုံဖြင့် အဖြေရတော့မည့်ခေတ် မဝေးတော့ပါ။

အထက်ပါ မစား၀ခမန်း တွေ့ရှိချက်တွေကို လာမည့်ရာစုနှစ်အတွင်း အကျိုးကျေးဇူးတွေ စတင်ခံစားရတော့မည်ဖြစ်၏။ ဤသို့ ကမ္ဘာလူသားများ အသက်ရှည်လာကြသလို ယနေ့ မြန်မာတို့ကလည်း အသက်ရှည်ရအောင် မည်ကဲ့သို့ ကျင့်ကြံ အားထုတ်ရမလဲ၊ လက်ပိုက်နေ၍ ရနိုင်သော ကိစ္စမဟုတ်ပါ။ မြန်မာပြည်သူတိုင်း လာမည့် ရာစုနှစ်များ၌ လိုက်နာကြရမည့် အချက်များကို ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက မြန်မာနိုင်ငံ ဆရာ၀န်အသင်းက ဦးဆောင်ပြီး “လာမည့်ထောင်စုနှစ်အတွက် လူနေမှုစရိုက်” ခေါင်းစဉ်ဖြင့် ပညာရှင်ကြီး ပါမောက္ခဒေါ်မြင့်မြင့်၊ ပါမောက္ခဦးမောင်မောင်၀င့်တို့ ဦးဆောင်ကာ ပညာရှင် ၅ ဦးက ဆွေးနွေးသွားရာ ယင်းတို့ကို အခြေပြု၍ ဤဆောင်းပါးကို ရေးပါသည်။

လူနေမှုစရိုက်

လူသားတို့၏ သမိုင်းကို လေ့လာကြည့်လျှင် ပလိပ်၊ ကျောက်ကြီး၊ ကာလ၀မ်း စသည် ကူးစက်ရောဂါသစ်များ ပေါ်ပေါက်ခဲ့ရာက လူများ ထောင်နှင့်ချီပြီး သေဆုံးခဲ့ကြရပြီး ယနေ့တွင်မူ ထိုရောဂါများ ပျောက်ကွယ်သွားကြသည်။

ရာစုနှစ်များတစ်လျှောက် လူသားတို့ရင်ဆိုင်ကြရသည့် ရောဂါများကနှလုံး၊ သွေးကြောကျဉ်း၊ ဆီးချို၊ သွေးတိုးစသည်ဖြစ်သည်။ ၂၀ ရာစုနှစ်ကုန်ခါနီးကာလတွင် ဤရောဂါများသည် တိုးတက်ပြီး နိုင်ငံများ၌ အမြင့်ဆုံးနေရာကို ယူခဲ့ရာက ယခုတဖြည်းဖြည်းကျနေစဉ် တိုးတက်ဆဲနိုင်ငံများ၌ တစ်ရှိန်ထိုး တိုးတက်လျက် ရှိ၏။

ယင်းကဲ့သို့ ရောဂါအတက်အကျဖြစ်ခြင်းမှာ မျိုးရိုးဗီဇ ပြောင်းလဲသွားလို့လား၊ ဒါလဲမဟုတ်ပါ။ မျိုးရိုးဗီဇ ပြောင်းလဲဖို့ဆိုသည်မှာ နှစ်ပေါင်းထောင်နှင့်ချီပြီး အချိန်ယူရမည့်ကိစ္စဖြစ်၏။ တကယ်တမ်း ဤရောဂါတို့ကို အားပေးနေသည်မှာ လူနေမှုစရိုက်ဖြစ်၏။

ယနေ့ လူနေမှုစရိုက် အပြောင်းအလဲသည် ၁၉၅၀ ပြည့်နှစ်လောက်ကမှ ကမ္ဘာတစ်ခွင်လုံး၌ အပြောင်းအလဲဖြစ်ခဲ့သည်။ ဖော်ပြပါ ဇယားကိုရှုပါ။


သိပ္ပံ + နည်းပညာတိုးတက်ပြောင်းလဲမှု
စက်မှုထွန်းကားလာခြင်း
နေရာတိုင်းခေတ်မီလာသည်။
ကျေးလက်ဒေသများမှ လူအများက မြို့.ကြီးများသို့ ပြောင်းရွှေ့.နေထိုင်လာကြသည်။
ဆက်သွယ်ရေးနည်းပညာ တော်လှန်ရေးဖြစ်လာ။
အချိန် ကာလခရီးအကွာအဝေးလျော့နည်းသွား။
ကမ္ဘာတစ်ခွင်လုံး လူနေမှုစရိုက်/အတွေးအခေါ် အယူအဆတူညီလာ။
လူနေမှုစရိုက် ပြောင်းလဲကုန်သည်။

၁၉၅၀ နောက်ပိုင်းတွင် အဓိက သိပ္ပံ + နည်းပညာထွန်းကားလာရာက စက်မှုတော်လှန်ရေး၊ ခေတ်မီသော အယူအဆအတွေးအခေါ် + ကျေးလက်မှ မြို့.ပေါ်သို့ လူများ ပြောင်းရွှေ့.လာခြင်းတို့သည် အဓိက အပြောင်းအလဲဖြစ်ခဲ့၏/ ဖြစ်နေ၏။

လူသားတို့ ကျန်းမာရေး တိုးတက်မှု/ဆုတ်ယုတ်မှု

လာမည့် ရာစုနှစ်ကာလတွင် အောက်ပါ တိုးတက်မှုများရှိလာမည် ဖြစ်သလို ဆုတ်ယုတ်မှုများလည်းရှိလာမည်။

လာမည့်ရာစုနှစ်များအတွက် ကျန်းမာရေးမိတ်ဆက်



မျိုးရိုးဗီဇ ဒီအင်အေမော်လီကျူးကို ရှာဖွေတွေ့ရှိကြသော ဝါဒ်ဆင်(ဝဲ) နှင့် ခရစ်


အခြေခံအကျဆုံး အပြောင်းအလဲက မြို့နေလူဦးရေ အချိုးအစား မြင့်တက်လာခြင်းဖြစ်၏။ ကမ္ဘာတွင် သက္ကရာဇ် ၂၀၀၀ ၌ မြို့နေလူဦးရေမှာ ၄၇ ဒသမ ၄ % ဖြစ်လာ၍ မြန်မာနိုင်ငံတွင် အောက်ပါဇယား အရ သက္ကရာဇ် ၂၀၃၀ တွင် မြို့နေလူဦးရေ အချိုးအစားမှာ ၄၆ ဒသမ ၆% အထိ မြင့်တက် လာလိမ့်မည်ဟု ခန့်မှန်းရပါသည်။ ဇယား တွင် ရှုပါ။

တိုးတက်မှု	ဆုတ်ယုတ်မှု
* ကျန်းမာရေးတိုးတက်မှု လူသက်တမ်းရှည်ခြင်း၊ * ကလေးအသေအပျောက် နှုန်းကျဆင်းသွားခြင်း၊ * အစာအာဟာရ ပိုမိုပြည့်စုံရာက အသက် ၅ နှစ် အထက်ကလေး အသေအပျောက်နည်းသွားခြင်း၊ * လူနေမှု အဆင့်အတန်း တိုးတက်လာခြင်း၊ * မွေးဖွားမှုနှုန်းကျဆင်းမှုနည်းသွားခြင်း * ပညာတတ် လူဦးရေ ပေါများလာခြင်း	* ပတ်ဝန်းကျင် ကျန်းမာရေး အဆင့် အတန်း ကျခြင်း၊ * လေထုညစ်ညမ်းခြင်း၊ * အသက်ကြီး သူများ တိုးတက် လာခြင်း * လုပ်အားပေးနိုင်သူ အရေအတွက်ထက် မှီခိုသူဦးရေ တိုးလာခြင်း၊ * လူသားတို့၏ စိတ် လူမှုရေး ဖိစီးခံရမှုတိုးလာခြင်း၊ * ချမ်းသာသူနှင့် ဆင်းရဲသူ ကွာခြားမှုကြီးထွားလာခြင်း၊ * ရောဂါသစ်များ ပေါ်လာခြင်း၊

မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ခွင်မှ မြို့ပေါ်နေ လူဦးရေအချိုးအစား

သက္ကရာဇ်	၁၉၅၀ %	၁၉၉၀ %	၁၉၉၅ %	၂၀၀၀ %	၂၀၃၀ %
မြန်မာ	၁၆.၂	၂၄.၆	၂၅.၈	၂၇.၇	၄၆.၆
တိုးတက်ပြီးနိုင်ငံ	၅၄.၉	–	–	၇၆.၁	၈၁.၇
တိုးတက်ဆဲနိုင်ငံ	၁၇.၈	–	–	၄၀.၅	၅၇.၃
မတိုးတက်သေး သောနိုင်ငံ	၇.၁	–	–	၂၅.၄	၄၄.၀
ကမ္ဘာတစ်ခွင်လုံး	၂၉.၇	–	–	၄၇.၄	၆၁.၁

တစ်နည်းအားဖြင့် ယနေ့ ကမ္ဘာကြီးတွင် လူဦးရေ သန်း ၆၀၀၀ ကျော်ရှိရာ တစ်ဝက်လောက်မှာ မြို့ပေါ်၌ နေထိုင်လျက်ရှိသည်။



မြန်မာတို့၏ သက်တမ်းပို၍ရှည်လာသည်ကို ညွှန်ပြသောအခြေပြဇယား

ယနေ့ လူနေမှုစရိုက် ပြောင်းလဲရသော အခြားတွန်းအားပေးနေသည့်အချက်များမှာ–

- စက်မှုတိုးတက်မှု၊
- လုပ်အားပေးနိုင်သော လူငယ်စု၊ လူလတ်ပိုင်းမှ လူသားများကို သက်ကြီးရွယ်အိုများနှင့် ယှဉ်ပါက လျော့ကျလျက်ရှိခြင်း၊
- မြို့များပေါ်သို့ ပြောင်းရွှေ့ နေထိုင်ကြရာက မိသားစုအနေအထားအပြောင်းအလဲ၊ အိမ်ထောင်ပြုသက်နောက်ကျခြင်း၊ ရိုးရာအစဉ်အလာကို သွေဖည်လျက် မိဘသက်ကြီးရွယ်အိုများအား ထောက်ပံ့လိုစိတ်နည်းလာခြင်း၊
- ကမ္ဘာတစ်ခွင်လုံး၌ ရုပ်မြင်သံကြား စသည့် ဆက်သွယ်ရေးတိုးတက်ခဲ့ရာက အစားအသောက် စသည် ပြောင်းလဲသွားခြင်း၊ အမူအကျင့် ပြောင်းလဲသွားခြင်း၊ ဆေးလိပ် သောက်သူတွေများလာခြင်း၊ မူးယစ်ဆေးသုံးစွဲသူတွေ ပေါလာခြင်း၊

အထက်ပါအချက်များကြောင့်လာမည့်ကာလတွင်–

- နေ့စဉ်သွားလာမှုစရိုက်– စက်မှုထွန်းကားမှုအရ ပြောင်းလဲလာသောကြောင့် လျော့ကျသွားခြင်း၊
- အစားအသောက်– မိမိနှင့်မသင့်တော်သည်များစားသောက်လာခြင်း၊ ဥပမာ– သကြားကိတ်မုန့် အမျိုးမျိုးတို့ကို ပိုမိုစားသောက်လာကြခြင်း၊




အေဆိုင်ဒီအက်စ်ရောဂါ
ဖြစ်စေသောမိုင်းရပ်စ်ကို
တွေ့ရှိပြီဟုဆိုကြသော
အမေရိကန်နိုင်ငံ
National Cancer Institute မှ
ဒေါက်တာရောဘတ်ဂယ်လို(ယော)
နှင့်ပြင်သစ်နိုင်ငံ
Pasteur Institute မှ
ဒေါက်တာလတ်စ်မွန်တပ်ဂနာ(ဝဲ)




- ဆေးလိပ်၊ အရက်တိုးတက်သောက်သုံးလာခြင်း၊
- ကုလားထိုင်ပေါ်ထိုင်ပြီး အလုပ်လုပ်သူတွေ ပေါလာ ရာက လူပ်ရှားမှုနည်းလာခြင်း၊
- လူသားအချင်းချင်းထားရှိရမည့် ခင်မင်မှု၊ စာနာမှု စသည် ဓလေ့တို့ ယုတ်လျော့သွားခြင်း၊ အချိန်ပို မရှိအောင် အလုပ်ပိနေခြင်း၊

အထက်ပါအချက်များအနက် အစားအသောက် ပြောင်းလဲ၊ ဆေးလိပ် အရက်၊ လူပ်ရှားမှုနည်းလာခြင်း၊ ပူပင်သောကဆိုသော အချက်လေးချက်သည် လာမည့် တစ်ခေတ်၏ရောဂါများနှလုံး၊ ဆီးချို၊ သွေးတိုး စသည်တို့၏ အခြေခံဖြစ်လာပါလိမ့်မည်။ ယင်းအချက် (၄) ခုအနက် (၂) ခုမက ပေါင်းစပ်မိပါက ရောဂါဖြစ်ဖို့ အတော်ကလေး သေချာပါလိမ့်မည်။



ရောဂါများဖြစ်ပြီးက ရှင်းရှင်း ပြန်ပျောက်ကင်းရန် တာဝန်မယူနိုင်သေးသော်လည်း ယင်းရောဂါတို့ကို ကာကွယ်ရန်လမ်းရှိ၏။ တစ်စိတ် တစ်ဒေသ ကာကွယ်ပေးလို့ရ၏။

ဤရောဂါစု၏ ထူးခြားချက်မှာ ကူးစက်ရောဂါများကဲ့သို့ ထိတွေ့ရာမှ လူတစ်ဦးမှ နောက်တစ်ဦးစီသို့ ကူးစက်သည်သဘောမျိုးမဟုတ်ဘဲ ရောဂါသည်တစ်ယောက်၏ ဘေးမှာ ရောဂါဖြစ်နိုင်သူတွေက စုဝေးနေပြီး ယင်းအပြင်က ရောဂါကင်းစင်သူ၊ သို့သော် နောင်တစ်ချိန်ချိန်၌ ရောဂါဖြစ်လာနိုင်သူတွေက ဝိုင်းရံထားရှိသည့် သဘော ဖြစ်၏။



သို့ကြောင့် ဤအနေအထိုင်ဝလေ့ထုံးစံနှင့် ဆက်စပ်နေသောရောဂါများကိုယခင်ကူးစက်ရောဂါများပေါများစဉ် ခေတ်ကာလနှင့် ယှဉ်ကြည့်လျှင်-

လူ (မျိုးရိုးဗီဇ + ခန္ဓာကိုယ်)

ရောဂါပိုး –
ဘက်တီးရီးယား
ဗိုင်းရပ်စ်
ဘေးပတ်ဝန်းကျင်

ပတ်ဝန်းကျင်
– ပတ်ဝန်းကျင်သန့်ရှင်းရေး
– ရေကောင်းရေသန့်ရရှိရေး

Physical agents ဆိုသည့် မူလရောဂါ Epidemology ဖြစ်ရိုးဖြစ်စဉ် သဘောက ယခုအောက်ဖော်ပြပါ ရောဂါဖြစ်ရခြင်း အကြောင်းသို့ တဖြည်းဖြည်းနှင့် အသွင်ကူးပြောင်း လျက် ရှိ၏။

လူ

လူနေမှုစရိုက်


ပတ်ဝန်းကျင်
– ပတ်ဝန်းကျင်ညစ်ညမ်းမှု
– လေထုညစ်ညမ်းမှု
– ကျန်းမာရေးစောင့်ရှောက်မှု
တိုးတက်သော်လည်း ငွေကြေး
မလိုက်နိုင်

ထို့ကြောင့် ယခင်ရှိပြီး အယူအဆ စိတ်ပျိုကိုယ်နှစ်ကျန်းမာမှု ကိုယ်ကျန်းမာမည် ဆိုသည့် အယူအဆ အပြင် ကျန်းမာသော ပတ်ဝန်းကျင်ထဲက ကျန်းမာရေး လူနေမှုစရိုက်လည်း အရေးကြီးသည်ဆိုသည့် စကားကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပါသည်။

ယနေ့မြန်မာတို့၏အခြေအနေ

ယနေ့ မြန်မာနိုင်ငံ၏ အသွင်သည် လေ့လာကြည့်လျှင် တိုးတက်ပြီးနိုင်ငံများအဆင့်သို့လည်း မရောက်သေး၊ တိုးတက်ဆဲနိုင်ငံအဆင့်မှ အထက်ကို ကျော်လွှားနေဆဲ အသွင်ကူးပြောင်းရေးကာလမှာ ရောက်နေသည်။ တစ်နည်း ကူးစက်ရောဂါများကို ကုန်စင်အောင် တိုက်ဖျက်နေဆဲတွင် လူနေမှု စရိုက်ပေါ်မူတည်သော ရောဂါသစ်တွေက တိုးဝင်လျက်ရှိ၏။ တစ်နည်းအားဖြင့် တာဝန် (၂) ခုကို တစ်ပြိုင်တည်း ထမ်းဆောင်နေရသောပုဂ္ဂိုလ်နှင့် တူနေ သည်။

အမေရိကန်၊ နယူးဇီလန်၊ ဩစတေးလျ၊ ဗြိတိန် စသည့် နိုင်ငံများတွင် နှလုံးရောဂါဖြစ်သည့် နှုန်းသည် အရှိန်နှင့်မြင့်တက်ခဲ့ရာက ယနေ့ဤရောဂါသည် တန့်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်မူ သမားရိုးကျ အစားအသောက် ဓလေ့ထုံးစံမှ ထောပတ်မလိုင်၊ သကြား စသည့် အရသာရှိသည်ဆိုသော ခေတ်ပေါ်အစားအစာတို့ကို ပြောင်းလဲမှီဝဲကြရာက နှလုံးရောဂါရလာသည်။ ယင်းမှာ မြန်မာတို့အတွက် အခက်အခဲ အစသာ ရှိသေး၏။ လာမည့် ဆယ်စုနှစ် နှစ် ၂၀ ကာလများ၌ ပိုပြီး ပြဿနာက ကြီးထွားလာစရာရှိပါသည်။ သို့ဖြစ်လျှင် မြန်မာပြည်တွင် ရောဂါကာကွယ်ရေးကိုသာ အားပေးနေမည့်အစား ရောဂါမဖြစ်အောင် လူနေမှုစရိုက်တိုးမြှင့်ပေးရေးဘက်ကို အလေးထား အလေးပေးကြရဖို့ အချိန်ကျရောက်လာပါပြီ။



နောင်တွင်သားသမီးမွေးဖွားလျှင် မိမိကြိုက်နှစ်သက်သလို ပြုပြင်မွေးယူနိုင်မည့်ခေတ်ကို
ဤသို့ သရုပ် ဖော်ထားသည်

ကျန်းမာသော လူနေမှုစရိုက်ဟူသည်

ယင်းမှာ နောင်တစ်ခေတ် အလေးထားကြရမည့် ကျန်းမာရေးစနစ် (၀၊) ယည်ကျေးမှုတစ်ရပ်ဟု ခေါ်လိုရသည်။

ခေတ်သစ်ကာလမှာ ရောဂါတစ်ခုကို ခံစားရပြီဆိုပါက မိမိ၏ စရိုက်ကို ပြုပြင်ကြရပါမည်။ ဥပမာ- ဆီးချိုရောဂါသည်အား ချိုသောအစားအစာကို လုံးဝရှောင်စေပြီး ကျန်းမာရေးလေ့ကျင့်ခန်းမှန်မှန် ယူစေခြင်းမျိုးကို ဆိုလိုသည်။ ဤလိုရောဂါဖြစ်ပါမှ ဝလေ့ပြောင်းခြင်းကို ရောဂါအပေါ် ဒုတိယအဆင့် ကာကွယ်ခြင်း၊ ၇ သတ်မှတ်နိုင်သည်။ ပထမအဆင့် ကာကွယ်ခြင်းက ရောဂါမဖြစ်မီ လူကို မဝရအောင် ကျန်းမာရေးလေ့ကျင့်ခန်း မှန်မှန် ယူစေခြင်း စသည်တို့ကို ဆိုလိုပါသည်။

လူသား၀တ်ယောက်၏ စရိုက်ကို ပြုပြင်ဖို့ဆိုသည်မှာ အပြောလွယ်သလောက် လက်တွေ့ကျတော့ အလွန်ခက်ခဲသောကိစ္စဖြစ်၏။ ထမင်းချက်သည့်အခါ ဗိုက်တာမင်များ လျော့မပါသွားရအောင် ဆန်တန်ရေတန် ချက်စားသင့်သည်ဟု ဆိုကြ၏။ လက်တွေ့က စရိုက်ကို ပြောင်းဖို့ဆိုသည်မှာ အလွန်မလွယ်ကူလှသော ကိစ္စဖြစ်၏။ ဆေးလိပ်သောက်သည့် ဝလေ့စရိုက်ပြီးသော် လာမည့်နှစ်သစ်များမှာ ကြုံရမည့် ပြဿနာများက-


* အသက်သေဆုံးလုနီးနီး သေဆုံးလိုသူ လူနာများကို သေဆုံးခွင့်ပေးခြင်း၊
* သန္ဓေတာခွင့်၊ ကလေးဖျက်ချခွင့်၊
* မျိုးရိုးဗီဇ နည်းမျိုးစုံ ပြုပြင်ပြောင်းလဲခြင်း၊ မိတ္တူကူးယူခြင်း၊
* ဇီဝအင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ အသစ်အဆန်းများ၊
* ဆေး၀ါး သုတေသနနှင့် သက်ဆိုင်သော ETHICAL ISSUE လူမှုကျင့်ဝတ် ဆိုင်ရာကိစ္စများ၊
* ကလေး/ကိုယ်ဝန်တို့၏ကိစ္စအဝဝနှင့် ဆက်စပ်နေသော အမျိုးအမိုးတို့၏ ကျန်းမာရေး၊
* အလုပ်အကိုင်နှင့် ပတ်သက်သောရောဂါ/ဒဏ်ရာ အသစ်အဆန်းများ၊
* အာဟာရချို့တဲ့ခြင်း/ကူးဆက်ရောဂါများ ဖြစ်ကြသော တီဘီ၊ ငှက်ဖျား၊ အိပ်ချိန်အိုင်ဗိုနှင့် ပတ်သက်သော ကိစ္စအဝဝကို ဖြေရှင်းရန်လိုနေသေးခြင်း၊
* တစ်ချိန်တည်းမှာ ကူးစက်ရောဂါမဟုတ်သော သွေးတိုး၊ နှလုံးသွေးကြောကျဉ်း၊ လေဖြတ်၊ဆီးချို၊ ကင်ဆာ စသည်များ။

လူစရိုက်ကို ပြုပြင်ရန်ဆိုသောစကား၊သည် လွန်စွာကျယ်ဝန်းသလို ရှိသော်လည်း တကယ်တော့-

- ဆေးလိပ်သောက်သည့်ဝလေ့၊
- အစားအသောက်ဝလေ့၊
- ကိုယ်လက်လှုပ်ရှားမှု၊
- ဖိုမ ကျန်းမာရေး၊
- ကလေးသူငယ် ဘဝ ဝလေ့ထုံးစံ၊
- သောကဖိစီးခြင်းမှ ကင်းဝေးစေခြင်း ဆိုသည့် အချက် အလက်သာအရေးကြီးပါသည်။

ဆေးလိပ်သောက်သည့် ဝလေ့

ကျန်းမာရေးအရ လူမှုရေးအရ စီးကရက်သည် လူသားတို့ကို အကျိုးမပြုပါ။ ၁၉၈၀ ပြည့်နှစ်ကစပြီး စီးကရက်က အကျိုးမပြုသည့် အကြောင်းကို အမေရိကန်ပြည်ထောင်စုမှ အစားအစာ သုတေသနစာတမ်းထောင်နှင့် ချီပြီး ပေါ်ထွန်းခဲ့ပြီဖြစ်သည်။ ၁၉၉၀ ပြည့်တွင်မူ ဆေးလိပ်သောက်သူများကိုသာမက အနီးဘွဲ့အတူနေပုဂ္ဂိုလ်များကိုလည်း အပြစ်ရှာလာသည်ကိုတွေ့ရှိကြသည်။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ်ကစပြီး ဆေးလိပ်သောက်ခြင်းကို တားမြစ်ဖို့



စီးကရက်သောက်ခြင်း၏ဆိုးကျိုးကို
ဤသို့.သော ရုပ်ပုံများဖြင့်သတိပေးသည်မှာ

ဆေးလိပ်ကင်းသောဇုန် စသည်တို့ကို ကမ္ဘာတစ်ဝန်းလုံး၌ တိုးချဲ့နေကြရသည်။

ယနေ့ဆေးလိပ်နှင့် ပတ်သက်သည့် သုဇတသန စာတမ်းပေါင်း ၅၀,၀၀၀ ကျော်ကို စုပေါင်းစစ်ဆေးလိုက်သောအခါ–

* အမေရိကန်ပြည်ထောင်စု၌ နှစ်စဉ် ဆေးလိပ်သောက်ရာက ရသောရောဂါများကြောင့် အသက် သေဆုံးရသူ ၄၃၄,၀၀၀ ရှိသည်။
* ဆေးလိပ်ကြောင့် ဖြစ်ရသည့် ရောဂါများက အေအိုင်ဒီအက်စ်ရောဂါ၊ ဘိန်းဖြူ၊အရက်ယာဉ်တိုက်မှု စသည်တို့ကြောင့် အသက် သေဆုံးကြရခြင်းထက်ပိုသည်။
* နောက်ဆုံးတွေ့ရှိချက်က ဆေးရွက်ကြီးတွင် ပါရှိသော နီကိုတင်းသည်ကိုကင်း၊ ဘိန်းဖြူတို့နှင့် မခြား လူကို စွဲစေတတ်၏။
* ၁၉၉၈ ခုနှစ် တွေ့ရှိချက်အရ အဆုတ်ကင်ဆာဖြစ်ပွားသည့်နှုန်းသည် ရင်သားကင်ဆာထက် ပိုပြီးမြင့်သွားပြီဖြစ်သည်။
* ဆေးလိပ်ကြောင့် ဆီးအိမ်နှင့် လည်ချောင်းကင်ဆာဖြစ်နိုင်သည့်အပြင် ကျောက်ကပ်၊ ပန်ခရိ၊ သားအိမ်နှင့်၊ အစာအိမ်ရောဂါတို့သည် ဆေးလိပ်နှင့်ဆက်နွယ်သည်။
* နှလုံးရောဂါနှင့် လူသားတို့ ရုတ်တရက်သေဆုံးမှု
* အဆုတ်ရောဂါအမျိုးမျိုး၏ ၈၂%
* ၂၁–၃၉ ရာခိုင်နှုန်း ကလေးပေါင်မပြည့်ဘဲ မွေးဖွားလာသော ကိစ္စတို့သည် ဆေးလိပ်၏ လက်ချက်များဖြစ်သည်ဟု သိရသေးသည်။

အထက်ပါ အကြောင်းများကြောင့် အမေရိကန်နိုင်ငံမှ ဆေးလိပ်အတွက် ကုန်ကျစရိတ် ထောင်ပေါင်း ၅၂ သန်း၊ တစ်နည်း လူတစ်ဦးအတွက် ကုန်ကျသည့်ငွေက ၂၂၁ဒေါ်လာ ရှိသည်ဟုသိရသေးသည်။

ဆေးလိပ်ဖြတ်လိုက်သောအခါ

အမေရိကန် ဆေးမှုးချုပ်က ဆေးလိပ်ရပ်လိုက်ရာက ရနိုင်သော အကျိုးကျေးဇူးတို့ကို စုပေါင်းတင်ပြထားသော စာအုပ်ထွက်လာပြီဖြစ်သည်။ ယင်းစာအုပ်တွင်ပါရှိသော အရေးကြီးသည့်အချက်အလက်များက–

* ဆေးလိပ်သောက်ရာက ရတတ်သောရောဂါ ဝေဒနာအား လုံး ဆေးလိပ်ဖြတ်နိုင်က ကျား၊ မ နှစ်ဦးစလုံးတွင် သိသိသာသာသက်သာမှု ရစေသည်။
* ဆေးလိပ်ဖြတ်ပြီးသူများကို မဖြတ်ရသေးသော သက်တူရွယ်တူ ပုဂ္ဂိုလ်ချင်းယှဉ်ပါက အသက် ပြန်ရှည်သည်။ ဥပမာ– အသက် ၅၀ အရွယ်ရှိ ယောကျ်ား တစ်ယောက်သည် ဆေးလိပ်ဖြတ်လိုက်ပါက နောက် ၁၅ နှစ်ကာလအတွက် ဆေးလိပ်သောက်သူများထက် အသက်သေဆုံးဖို့ကိန်း ၅၀% အထိ လျော့ကျသွားလေ့ရှိသည်။
* ဆေးလိပ်ဖြတ်သူများအတွက် အဆုတ်ကင်ဆာ၊ နှလုံးသွေးကြောကျဉ်း၊ လေဖြတ်ခြင်း၊ အဆုတ်ရောဂါမျိုးစုံနှင့် ကင်ဆာရောဂါမျိုးစုံ ရဖို့ကိန်းမှာများစွာလျော့ကျသွားသည်။
* ကိုယ်ဝန်တည်စကာလ ၃–၄ လတွင် ဆေးလိပ်ဖြတ်နိုင်ပါက မွေးလာသည့်ကလေး၌ ပေါင်မပြည့်သည့် ဝေဒနာ တွဲဖက်လာခြင်းမရှိ။

သို့ရာတွင် ကျွန်တော်တို့မြန်မာပြည်တွင် လူငယ်များအကြား ဆေးလိပ်သောက်သူ အရေအတွက် တိုးလျက်ရှိ၏။

အစားအသောက်ဓလေ့ထုံးစံ လူဝကြခြင်း

လူသားများအသက်ရှည် ဖို့ရာ သင့်တော်သောအစားအသောက်ကို စားသုံးဖို့လိုသည်။

ယနေ့ခေတ်မြန်မာတို့မှိုဝဲနေကြသော အစာအစားတွင် သကြားဓာတ်ပါသော အစာအစားကို နှစ်ခြိုက်ကြသလို ဆားဓာတ် အများအပြားပါရှိသည့် ငပိ၊ငါးခြောက်ကိုလည်း

ပိုမိုသုံးစွဲလျက် ရှိသည်။ စားသုံးဆီကိုလည်း လိုသည်ထက် ပို၍ ကဲနေသေးသည်။

ထိုကြောင့် မြန်မာ့ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ အဆိုဆားနှင့် သကြားကိုလျှော့စားကြဖို့ သတိပေးနေရခြင်းဖြစ်ပါသည်။

ယနေ့ အမေရိကန်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျန်းမာရေးဌာနတို့က သတိပေးထားသော လမ်းညွှန်ချက် တွေက –

* အစားအစာကို မျိုးစုံအောင်စားကြပါ၊ မိမိနှစ်ခြိုက်ရာတစ်မျိုးကောင်း နှစ်မျိုးကောင်းမစား၊ရ။
* ကိုယ်အလေးချိန် မတိုးရအောင် ထိန်းပါ။
* အဆီဓာတ် (သိပ်သည်းဆမြင့်သောအဆီ) လျှော့ပါဝင်သော အစားအစားကိုစားကြပါ။
* နေ့စဉ်စားသုံးသော အစားအစာတွင် ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပေါပေါများများပါပါစေ။
* သကြားနှင့်ပြုလုပ်ထားသော အစားအစာကို တတ်နိုင်သမျှ လျှော့ပါ။
* ဆားကိုနည်းနိုင်သမျှ နည်းနည်းသာစားပါ။
* အရက်သေစာကို သင့်တင့်စွာ သောက်သုံးပါ။

ယနေ့လူသားတို့ကြားကို တိုးပြီးဝင်လာနေသော နှလုံးသွေးကြောလေဖြတ်၊ ဆီးချို၊နှင့် ကင်ဆာရောဂါ အမျိုးမျိုးကို အစားအသောက်ဖြင့် အကာအကွယ် ပေးပြီဆိုသည့် အထောက်အထားများ အလုံအလောက်ရှိနေပါပြီ။

ကိုယ်လက်လှုပ်ရှားမှု

ကိုယ်လက်လှုပ်ရှားမှု မပြုသူများတွင်–

* လူကြီးအရွယ်ဖြစ်သောဆီးချို
* သွေးတိုးနှင့် နှလုံးသွေးကြောပိတ်၊ လေဖြတ် ရောဂါစုတို့နှင့်ဆက်နွယ်နေမှာ သေချာသည်။

ကျန်းမာရေးဆို၍ လက်ဝှေ့ထိုးခြင်း၊ ဘောလုံးကစားခြင်း မဆိုလိုပါ။ အချို့ပြုလုပ်သလို ၂၅ မိုင်ကို အပြေးလေ့ကျင့် တာမျိုးလည်းမဖြစ်သင့်ပါ။ အေရိုးဗစ်၊ ရေကူး၊ တင်းနစ်၊ ဘက်တမင်တန် စသည့် အန္တရာယ်မရှိသောကစားနည်းအားလုံး သင့်ပါ၏။

အထိရောက်ဆုံး၊ လက်တွေ့အကျဆုံး၊ လူတိုင်းလက်လှမ်းမီသောနည်းက–

ရက်သတ္တပတ်တစ်ပတ်လျှင် ၃ ကြိမ်၊ တစ်ကြိမ်လျှင် ၁ မိုင်ခရီးကို မိနစ် ၃၀–၄၀ အတွင်းလျှောက်ပေးနိုင်ပါက လုံလောက်၏။ သွေးသွားသွေးလာကောင်းရုံမက ကိုယ်စိတ်နှလုံးကိုလည်း နုပျိုစေပါသည်။

ဖိုမဆက်ဆံရေး

လူတိုင်းက ဖွင့်မပြောလိုသော ဤကိစ္စသည်လည်း ကျန်းမာရေးအတွက် အရေးကြီး၏။ ဤကိစ္စကျေနပ်မှုမရပါက –

စိတ်ကျရောဂါစု
ဒေါသဖြစ်ခြင်း
မနာလိုဝန်တိုခြင်း
လုပ်ငန်းခွင်၌ စိတ်မပါခြင်း
လူမှုဆက်ဆံရေးထိခိုက်စေခြင်းတို့အပြင်
မိသားစုအပြင်ကိုထွက်မပြီဆိုပါက အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါဝင်လာမှာ စိုးရသေးသည်။

ကျန်းမာစွာ အိုရခြင်း

ယနေ့နိုင်ငံတိုင်း လူမျိုးတိုင်းမှ သက်တမ်းပိုပြီးရှည်လျက် ရှိကြသည်။ အသက်ရှည်ခြင်းနှင့်အတူ မသန်မစွမ်းမှု၊ မေ့မေ့လျော့လျော့ဖြစ်ခြင်း၊ လူကြားထဲမဝင်ဆံ့ခြင်းတို့ဖြစ်ကြရာက–

* မိမိကိုယ်မိမိ မရပ်တည်နိုင်ခြင်း
* အပေါင်းအသင်းနည်းလာခြင်း
* ပစ်ပယ်ခံရခြင်း
* နေရာတကာမှာ မိမိသည် အသုံးမဝင်တော့ဟုထင်မြင်လာခြင်း

စသည့် ဆိုးကျိုးများပေါ်လာသည်။

ထို့အပြင် လေဖြတ်ခံရပြီး အယ်ဒိုင်းမား:တို့လို စိတ်မေ့မေ့လျော့လျော့ရောဂါ စသည်တို့ဝင်လာပါက အခြေအနေကို ပိုပြီး:ဆိုး:ဝါး:စေပါသည်။

ထို့ကြောင့် လူတိုင်း:လူတိုင်း: ပင်စင်ယူပြီး:ချိန် အသက်ကြီး:ချိန် ဘာလုပ်လို့ ဘာကိုင်မလဲဆိုတာကို ကြိုတင်ပြင်ဆင်ထား:ရန် လိုသည်။

မြန်မာလူမျိုး:တို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ: ဖြစ်ကြသည်နှင့်အညီ (၁) သာ:သမီး:၊ မြေး:မြစ်တို့က မိဘတို့ကို ဘုရား:တစ်ဆူ၊ ဂူတစ်လုံး:ကဲ့သို့ ပြုစုကိုး:ကွယ်ထား:တတ်ခြင်း:နှင့် (၂) ဖြစ်လာသော ကြုံလာသော ပြဿနာကို တရား:သဘောဖြင့် ဖြေရှင်း:သည့်နည်း:သည် အသက်ရှည်စေသည့် လက်တွေ့နည်း:ဖြစ်ပါသည်။

ကလေး:ငယ်များကိစ္စ

လူကြီး:ရောဂါ အတော်များများ:သည် ကိုယ်ဝန်ဆောင်စဉ် ကာလမှ အစချီသည်။

- မျှတသော အစာ:အစာကို မှီဝဲခြင်း:၊ နို့ချိုအေး:ကို ရင်သွေး:ငယ်အား: တိုက်ကျွေး:ပေး:ခြင်း:၊
- မွေး:စကလေး: မသန်မစွမ်း: ဖြစ်လာတတ်သော ကိစ္စများ:ကို ရှောင်ရှား:ခြင်း:၊
- အရက်ရှောင်ခြင်း:၊
- ကျန်း:မာရေး:လေ့ကျင့်ခန်း: မှန်မှန်ယူခြင်း:၊
- ပူပင်သောကနည်း:အောင် နေထိုင်ခြင်း:၊
- ကဖိန်း:ပါသော လက်ဖက်ရည်၊ ကော်ဖီ၊ ကိုကာကိုလာ အဖျော်ရည်များ: လျော့သုံး:ခြင်း:၊
- ဆေး:လိပ်ဖြတ်ခြင်း:၊
- လိင်မှတစ်ဆင့်ကူး:စက်သောရောဂါများ: မဖြစ်ပွား:ရအောင် ရှောင်ကြဉ်ခြင်း:

ဆိုသည့် အချက်များ:ကို တိကျစွာ လိုက်နာဖို့လိုသည်။

မွေး:လာသောကလေး:၏ ကျန်း:မာရေး:ကို ငယ်စဉ်တောင်ကျေး: ကလေး:ဘဝမှ ပြုပြင်ပေး:ဖို့လိုပြန်သည်။ လက်ဦး:ဆရာမည်ထိုက်စွာ ပုပ္ပာစရိယ မိနှင့်ဘ ဆိုသည့် အတိုင်း: မိဘက ကလေး:ငယ်၏ ပထမဆုံး:ဆရာလည်း: ဖြစ်သည်နှင့်အညီ မိဘက ကောင်း:သော အပြုအမူ အနေအထိုင် အကျင့်များ:ကို ပြုစုပျိုး:ထောင်ပေး:ကြရပါမည်။

စာသင်ကျောင်း:မှ ဆရာသမား:တို့၏ မေတ္တာ၊ စေတနာ သွန်သင်မှုကိုလည်း: အလေး:ထား:ရပါမည်။ မိဘ/ဆရာသမား:တို့က ကျန်း:မာရေး:အမူအကျင့် ဥပမာ-ဆေး:လိပ်သောက်ခြင်း:ကို ပြုပြင်ပေး:နိုင်ပါက အရွယ်ရောက်လာသောအခါ ရောဂါများ:အပေါ် တစ်ဝက်အနိုင်ရရှိပြီဟု မှတ်ချက်ချလို့ ရပါသည်။

ပူပင်သောက စိတ်ပင်ပန်း:နွမ်း:နယ်ခြင်း:

ယခုခေတ်တွင် ပူပင်သောက ဖြေဖျောက်ရေး:သည် အထူး:အလေး:ပေး:ရမည့် ကိစ္စတစ်ခုဖြစ်ပါသည်။

စိတ်ထောင်း:ကိုယ်ကျေဆိုသော မြန်မာစကား:မှာ ယနေ့ကမ္ဘာတွင် ခေတ်စား:လာသော စကား:လုံး:ဖြစ်နေပါသည်။ ရောဂါအမျိုး:မျိုး:မှာ စိတ်တွင် အရင်း:ခံသောကြောင့် ဖြစ်၏။ ပူပင်သောက ရောဂါများ:အနက် သွေး:တိုး:၊ အစာအိမ် ရောဂါစသည်တို့မှာ ထင်ရှား:သည်။ နှလုံး:ရောဂါ စသည်တို့ကိုလည်း: နောက်ဆွယ်မှ အား:ပေး:နေတတ်၏။

ပင်ပန်း:နွမ်း:နယ်ခြင်း:ကို-

(၁) ခန္ဓာကိုယ်ပင်ပန်း:ခြင်း:၊ လုပ်ငန်း:ခွင်၌ ပင်ပန်း:သော အလုပ်ကြမ်း:ကို လုပ်ကိုင်ခြင်း:၊

(၂) ဇီဝနွမ်း:နယ်ခြင်း:၊ ခန္ဓာကိုယ် မီး:လောင်ခံရခြင်း:၊ ထိခိုက်ဒဏ်ရာ ရခြင်း:၊ နာတာရှည်ဖျား:နာခြင်း:၊

(၃) စိတ်ပင်ပန်း:မှု၊ ဆွေး:မျိုး:အရင်း:ထဲမှ ကွယ်လွန်ခြင်း:

ဟူ၍ သုံး:မျိုး:သုံး:စား: ခွဲခြား:နိုင်သည်။

အခြား:တစ်နည်း:အား:ဖြင့် ပူပင်သောကကို နေ့စဉ်တွေ့ကြုံနေရသော သောကအသေး:အဖွဲများ:နှင့် ဘဝမှာ တစ်ကြိမ် နှစ်ကြိမ်လောက်သာ ခံရသော အကြီး:စား:ဟူ၍ ခွဲခြား:လို့ရပါသေး:သည်။ ပူပင်သောက အသေး:အဖွဲဆိုသည်မှာ လုပ်ငန်း:ခွင်၌ အထက်လူကြီး:နှင့် မပြေလည်ခြင်း:၊

မိသား:စုတွင် မပြေမလည်ဖြစ်သည့်ကိစ္စမျိုး:တွေကို ဆိုလိုသည်။ ယခုခေတ်တွင် ဤအသေး:စား ပူပင်သောကများက တိုး:ပွား:လျက်ရှိ၏။

တစ်သက်ကွင်တစ်ကြိမ် နှစ်ကြိမ်လောက်သာ ကြုံရသော သောကမီး:ဆိုတာက လင်မယား:ကွဲခြင်း:၊ သေဆုံး:ခြင်း:၊ ထောင်ကျခြင်း:၊ အလုပ်ထုတ်ခံရခြင်း:၊ အလုပ်အကိုင်ပြောင်း:ရွှေ့ရခြင်း:ကို့ကို ဆိုလိုပါသည်။

ယခုခေတ်တွင် ပူပင်သောက ဖြစ်စေသော အကြောင်း:ရင်း:များက-

* မြို့ကြီး:များ:၏ ပတ်ဝန်း:ကျင်အနေအထား:
* ပုဂ္ဂိုလ်တစ်ဦး:နှင့် နောက်တစ်ဦး: ဆက်ဆံရေး:
* လုပ်ငန်း:ခွင်

ဆိုပြီး: သုံး:ချက်သာရှိပါသည်။

ပူပင်သောက ဖြစ်ရခြင်း:သည် အသက်အရွယ် အလိုက်၊ လူမျိုး:အလိုက်၊ ဒေသအလိုက် ကွာခြား:မှု ရှိတတ်သေး:သည်။ ဥပမာ- ကလေး:ငယ်များ: ကြုံရတတ်သော ကျောင်း:မှ စိတ်ညစ်စရာ၊ လူကြီး:များ:၌ ကြုံရတတ်သော ဆန်အိုး:ထဲ ဆန်မရှိသည့်ကိစ္စ၊ လူငယ်များ:တွင် ကြုံရတတ်သော ပစ်ပယ်ထား:ခြင်း:ခံရသော ကိစ္စတို့သည် မိသား:စုတစ်စုထဲမှာ အကြောင်း:အမျိုး:မျိုး: ကွာခြား:လျက် ရှိနေပါသည်။

ပူပင်သောက၏ လက္ခဏာများ

ခန္ဓာကိုယ်တွင် ပူပင်သောကကြောင့် ခေါင်း:အုံ၊ ခေါင်း:ကိုက်၊ နာ:ထဲလေထွက်၊ အစာ:အသောက်ပျက်ကာ ရင်တုန်၊ ရင်ထဲနေလို့မကောင်း:၊ ဗိုက်ထဲနာနေသလိုလို၊ ဝမ်:ပျက်လိုက်၊ ဝမ်:ချုပ်လိုက်၊ ခြေတုန်လက်တုန်ခြင်း:။

စိတ်တွင် ဖိစီး:ခံရသော သောကကြောင့် အိပ်မရ၊ စိတ်ဓာတ်ကျ၊ ပူပင်သောက၊ ငိုချင်သလိုလို၊ လုပ်ငန်း:မှာ စိတ်ဝင်စား:မှုမရှိ၊ မှတ်ဉာဏ်လျော့ကျ၊ မေ့လွယ်၊ ဒေါသဖြစ်လွယ်ခြင်း:တို့ ဖြစ်သည်။

တကယ်တော့ သောကနည်း:နည်း:ရှိတာ ကောင်း:၏။ လိုတာထက် သောကပိုပြီဆိုပါက ရောဂါအမျိုး:မျိုး:ကို ဖြစ်လာရအောင် အား:ပေး:၏။ ထွက်ပေါက်မပေး:နိုင်ပါက စိတ်ဝေဒနာအမျိုး:မျိုး:၊ သွေး:တိုး:၊ နှလုံး:ရောဂါ ရလာတတ်၏။

ထွက်ပေါက်ပေး:နည်း:များ

- မိမိနှင့်သင့်တော်ရာ အပန်း:ဖြေနည်း: တစ်ခုခုကို လေ့ကျင့်ထား:ပါ။
- အလုပ်သိပ်ပင်ပန်း:နေပါက အနား:ယူပါ၊ မိသား:စုပင်လယ်ကမ်း:ခြေသို့ အပျော်ခရီး:၊ ဘုရား:ဖူး: ထွက်လိုက်ပါ။
- မိမိဝါသနာပါရာ ပျော်ရွှင်စေသော အလုပ်ကို အား:လပ်ချိန်မှာ လုပ်ပါ။ ဥပမာ- တံဆိပ်ခေါင်း: စုခြင်း:၊ ကျန်း:မာရေး:လေ့ကျင့်ခန်း:ယူခြင်း:၊ လမ်း:လျှောက်ခြင်း:တို့သည် စိတ်ကို ထွက်ပေါက်ပေး:ပါသည်။
- ကော်ဖီ၊ လက်ဖက်ရည်၊ အရက်၊ ကိုကာကိုလာ စသည့် လူကို လန်း:ဆန်း:စေသော ယမကာများ:ကို အမြဲ မမှီဝဲသင့်၊
- လိုအပ်က ဆရာဝန်၏ ဆေး:အကူအညီ ယူပါ၊
- တစ်နေ့ကို ၁၀-၁၅ မိနစ် စိတ်လျော့လေ့ကျင့်ခန်း: များ:ကို ယူပါ၊
- တရား:ထိုင်ပါ၊ စိတ်တည်ငြိမ်သွား:ပါလိမ့်မည်။

ပူပင်သောက နည်း:နည်း:ရှိနေခြင်း:သည် လူအတွက် တိုး:တက်စရာဖြစ်စေသည်။ များ:လွန်း:တော့ မကောင်း:၊ ဘဝမှာ စစ်ပွဲတစ်ရာ အောင်ပွဲတစ်ရာ ရရအောင် ချိန်ဆပြုပြင် နေထိုင်ပါ။

ဆရာဝန် တင်ရွှေ

ဘိန်းဖေဖြင့်

ဒီတာမြို့

—၂၂—

ဓောင်ရွောင်ဓောင်ဓလော်ဝတ္ထု။

ကိုရင်မောင်ထားခဲ့သောစာများမှ

မောင်လွင်ကျော်စိုရင်သည်။

—ဘ—

ဓလာဘ်

လူငယ်ကိုယ်တိုင်

ဓောင်ဓစီ

(ကျွဲဓရွာကြီး ပဋိဘိန်ဓရေဝတ္ထု)

ဓန်ဓရာ်ဓရာ်သည်

ဓေဓီဓွန်း

ဟံသာဝတီ

ဆုဓက ပြည်သို့

အမျိုးသားစာပေ (ဝတ္ထုတို) ဆု

မဂ္ဂဇင်း ဝတ္ထုရှည်

မိုးမိုး (အင်းလျား

ဗမာအဆွေ

ပန်းဓရဲ့ဓန်အိုးစင်

ဓယောက်သောလမ်းမှာ စ

ဓန်ဓရဲ့ဓန်အိုးစင်

ဓဒါ့ဓပြီ

ဓူးဓဆက်တို့တမျက်နှာ

နှစ် (၅၀) အတွင်း မြန်မာဝတ္ထုများတွင် မြန်မာ့လူအဖွဲ့အစည်းနှင့် လူမှုဓလေ့များ ထင်ဟပ်ချက်

ဤစာတမ်းတွင် ရာစုနှစ်ဝက်အတွင်း ထုတ်ဝေခဲ့သော မြန်မာဝတ္ထုများမှ ကိုလိုနီခေတ်နှောင်း လူအဖွဲ့စည်း၏ ပုံရိပ်များကို လေ့လာတင်ပြပါသည်။ သို့ရာတွင် နှစ် ၅၀ အတွင်း ထုတ်ဝေသမျှ မြန်မာဝတ္ထုများကို လေ့လာခြင်း မဟုတ်ပါ။ မြန်မာတို့၏ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေများကို ထင်ဟပ်စေသော လက်ရာများကိုသာ ရွေးချယ်ဖော်ပြခြင်းဖြစ်ပြီး လွတ်လပ်ရေးခေတ်နောက်ပိုင်း နိုင်ငံ၏ ဖြစ်ပေါ်မှု အခြေအနေများကို ကာလ ရှေ့နောက် စဉ်လျက် တင်ပြပါသည်။

စစ်ပြီးခေတ်ဝတ္ထုများတွင် ပေါ်လွင်ထင်ဟပ်နေသော အကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) လွတ်လပ်ရေးရပြီးနောက် ကွန်မြူနစ်များနှင့် လူမျိုးစု အချို့ အုံကြွမှု ဆူပူမှုများကြောင့် တွေ့ကြုံရသော လူမှုရေး ပြဿနာများ၊

(၂) တိုင်းပြည်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို အားထုတ် ကြိုးပမ်းသော အမျိုးသား ကာကွယ်ရေး အင်အားစုများ၏ ပုံရိပ်များ၊

(၃) အနောက်တိုင်းနှင့်တိုင်းခြား ယဉ်ကျေးမှု သြဇာများ စတင်ဝင်ရောက်သဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုများကို စောင့်ရှောက်ထိန်းသိမ်းရမှုများ၊

(၄) အမျိုးသားရေး လက္ခဏာများ ပီပြင်စေရန် အတွက် နိုင်ငံတော်တွင် အားထုတ် တည်ဆောက် မှုများ၊

(၅) ခေတ်သစ် လူနေမှုဘဝကို ထူထောင်ကြရာ တွင် တွေ့ကြုံရသည့် လူမှုရေး အပြောင်းအလဲများ ဟူ၍ ဖြစ်ပါသည်။

နောက်ကြောင်းပြန်လျှင် ဝတ္ထု (နော်ဘယ်)ဟူသော အရေးအသားမှာ အင်္ဂလန်နိုင်ငံတွင် ၁၇ ရာစု၌ ပေါ်ပေါက်ခဲ့ပြီး ၁၈ ရာစုအတွင်း၌ လူကြိုက်များသော စာပေပုံသဏ္ဌာန်တစ်ခု ဖြစ်လာခဲ့သည်။ မြန်မာ စာဖတ်ပရိသတ်အတွက် ၁၉၀၄ ခုနှစ်တွင် ဂျိမ်း(စ်)လှကျော် က ထိုပုံစံကို တင်ဆက်သည်။ မြန်မာစာရေးဆရာကြီး ဦးကြီးသည် ထိုသို့သော ဝတ္ထုပုံစံကို ရေးသားသူတစ်ဦး ဖြစ်သည်။ လျင်မြန်စွာ လူကြိုက်များသည့် အလျောက် ၁၉၂၀ ပြည့် ဝန်းကျင်သို့ ရောက်သောအခါ ထိုစာပေ အရေးသားသည် မြန်မာစာပေ၌ အမြစ်တွယ်ခဲ့သည်။ ထို့သို့အမြစ်တွယ် လူကြိုက်များရသည်မှာ ဘဝအမှန် တရား၊ နှင့် မူလအခြေခံ ခံစားမှုများကို အကြောင်းပြု၍ ဘဝပုံရိပ်ကို ထင်ဟပ်နိုင်သော အကြောင်း တစ်ကြောင်း ဖြစ်ကြောင်း ဆရာဇော်ဂျီက ဖော်ပြခဲ့သည်။



(၁)အရေးကြီးပြီ သွေးစည်းကြစို့ ဝတ္ထုရေးခဲ့သူ ကျော်အောင်

(၂) မြန်မာဝတ္ထုရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသန ပြုခဲ့သူဇော်ဂျီ

(၃) မင်းမှုထမ်းဝတ္ထုကိုရေးခဲ့သူတက်တိုး

အစောဆုံး မြန်မာဝတ္ထုများတွင် နိုင်ငံရေး အကြောင်းအရာ ပါလေသည်။ ဦးလတ်၏ "ရွှေပြည်စိုး" (၁၉၁၄)မှာ အနောက်တိုင်းပညာရေးနှင့် စက်မှုနည်းပညာများ ဝင်ရောက်လာမှုကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု နှင့် ဂုဏ်သိက္ခာတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ပြဆိုခဲ့သည်။ မြန်မာနိုင်ငံသည် ရာစုနှစ်ပေါင်း များစွာပင် တိုင်းရင်းသားလူမျိုးစုများ စုပေါင်းနေထိုင်၍ စာပေ အနုပညာကို အားပေးချီးမြှောက်သော ဗုဒ္ဓဘာသာဝင် ဘုရင်များ အုပ်စိုးသည့် နိုင်ငံဖြစ်ခဲ့ပြီး မြေပြန့်နေဗမာများနှင့် မွန်များသည် တောင်ပေါ်နေ ရှမ်း၊ ကချင်၊ ချင်းတို့နှင့်အတူ အေးအတူပူအမျှ နေထိုင်ခဲ့ကြသည်။

မြန်မာ့လူအဖွဲ့စည်းသည် အခြေခံအားဖြင့် ကျေးလက် လူအဖွဲ့အစည်းဖြစ်သည်။ ရန်ကုန် ဘဆွေ၏

"မြန်မာပြည်သား:"ဝတ္ထု(၁၉၆၆) မှာ ရှေးမြန်မာများတို့ ရိုးသားအေးချမ်းစွာဖြင့် နေထိုင်ကြကာ ရိက္ခာဖူလုံသဖြင့် ရောင့်ရဲတင်းတိမ်သည့်ဘဝကို သရုပ်ဖော်သည်။ ရာသီအလိုက် စိုက်ပျိုးရိတ်သိမ်းရာတွင် ကျေးလက်တေးများကို စပ်ဆိုလျက် လောကီလောကုတ္တရာ ကိစ္စတို့အတွက် ပွဲလမ်းသဘင်များကို ဆင်နွှဲကြသူများဖြစ်သည်။ စစ်မက်ကာလ ကြုံ၍နိုင်ငံအတွက် တိုက်ခိုက်ရသောအခါ သူတို့သည် ခါးတောင်းကျိုက်မဖြုတ်ဘဲ လက်တွဲ၍ တိုက်ခိုက်ခဲ့ကြသည်။

အချိန်ကာလ ရွှေ့လျားလာသောအခါ သီပေါဘုရင်၏ သက်ဦးဆံပိုင်ကာလတွင် မြန်မာတို့သည် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသဖြင့် အနောက်တိုင်းနိုင်ငံ များ၏ ရုပ်ဝတ္ထုတိုးတက်မှုကို မမီနိုင်ဘဲ ဖြစ်ခဲ့ကြသည်။ တိုအချိန်က မန္တလေးနန်းတွင်း အရှုပ်အထွေးကို ဒဂုန် ခင်ခင်လေး၏ "စာဆိုတော်" ဝတ္ထု (၁၉၅၀) ၌ တစ်စိတ် တစ်ပိုင်း တွေ့ရသည်။ ခရစ်နှစ် ၁၈၇၈ မင်းတုန်းမင်း နတ်ရွာစံ၍ တိုင်းပြည်ရုပ်ထွေးနေသော အခြေအနေများကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။

မြန်မာတို့ ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်သောအခါ ဗြိတိသျှတို့က အခွင့်အာဏာကြီး သောရာထူးများကိုယူ၍ သာမန်ရာထူးငယ်များကို မြန်မာတို့အား ခန့်အပ်သည်။ တောင်သူလယ်သမား တို့မှာ ဗြိတိသျှနှင့် အိန္ဒိယ မြေရှင်တို့စနက်ကြောင့် မြေယာမဲ့ ဖြစ်ကြရသည်။ တက်တိုး၏ "မင်းမူထမ်း" (၁၉၅၀)တွင် ဗြိတိသျှ အရာရှိများက တိုင်းရင်းသားလက်အောက်ခံ အရာရှိများ အပေါ် မည်သို့ ချိုးနှိမ်၍ မိမိတို့ကိုယ်ကို သခင်ဟု ခေါ်ဆိုကြောင်းကို ဖော်ပြထားသည့်အပြင် အမှုထမ်း လောကၠ၌ လာဘ်ပေးလာဘ်ယူ အကျင့်ပျက်ခြင်း တို့ပေါ်ပေါက်လာခြင်းတွင် သူတို့သာ လက်သည် ဖြစ်ကြောင်း ဖော်ပြထားသည်။ မင်းအောင်၏ "မိုးအောက်မြေပြင်" (၁၉၄၈) ဝတ္ထု၌ ဆင်းရဲနုံချာသောဘဝသို့ ရောက်ရှိနေသည့် ကျေးလက်နေ တောင်သူလယ်သမား တို့၏ဘဝကို ဖော်ပြ၍ မြေယာမဲ့တို့အား လယ်ယာမြေ ဝေခြမ်းပေးရေး အစီအစဉ်ကို မျှော်မှန်းခဲ့ကြောင်း ရေးဖွဲ့ထားသည်။

ကိုလိုနီခေတ်အတွင်း၌ မြန်မာစာ၊ မြန်မာဘာသာ စကားနှင့် ယဉ်ကျေးမှု အနုပညာအရပ်ရပ်တို့ကို အာဏာပိုင်တို့က ဝတ်ကျေတန်းကျေသာလျှင် အားပေးခဲ့ကြသည်။ ၂၀ ရာစု အစပိုင်းနှစ်များသို့ရောက်သောအခါ ရန်ကုန်ကောလိပ်မှ ထက်သန်သော မျိုးချစ်လူငယ်တစ်စုတို့သည် အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာကို မြှင့်တင်ရန်အတွက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးကို တည်ထောင်ခဲ့ကြသည်။ သူတို့သည် မြန်မာဗုဒ္ဓဘာသာ ယဉ်ကျေးမှု တန်ဖိုးများကို အရေးထားသော ပညာတတ်လူငယ်များ ဖြစ်ကြပြီးလျှင် တိုင်းခြားစာပေများမှတစ်ဆင့် ဖတ်ရသည်။ တရားဥပဒေ စိုးမိုးရေးနှင့် ဒီမိုကရေစီ စနစ်သဘောကို နှစ်သက်ခဲ့ သူများ ဖြစ်ကြ၏။ ဝိုင်အမ်ဘီအေခေါ်ထိုအသင်းကြီးသည် ပြည်သူလူထုကို နိုင်ငံရေးအားဖြင့် နိုးကြားစေခဲ့သည်။ တိုင်းပြည်တွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ဆုံးဖြတ်ခွင့် ရရှိရန် အတွက် ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်ရန်လည်း လှုံ့ဆော်ခဲ့ကြလေသည်။



(၁) အရှေ့.ကနေဝန်းထွက်သည်ပမာ ဝတ္ထုရေးခဲ့သူ သိန်းဖေမြင့် (၃) အရှိုင်းစံပယ်ဝတ္ထုရေးခဲ့.သူ အောင်လင်း

(၂) မြစိမ်းရောင်ရင်ခွင်သို့.အပြန်ဝတ္ထုရေးခဲ့သူထင်လင်း (၄) နှင်းငွေ့.တထောင့်မိုးတမှောင့် ဝတ္ထုရေးခဲ့သူ တက္ကသိုလ်ဘုန်းနိုင်

နယ်ချဲ့.သမားတို့၏ လက်အောက်တွင် တိုင်းပြည်သည် နှစ်ပေါင်း ၆၃ နှစ်မှ ၁၂၂ နှစ်အတွင်း ကျရောက်သိမ်ငယ်နေခဲ့ရသည်ကို အည့်မခံလိုကြသောကြောင့် တို့ဗမာအစည်းအရုံးကြီးက လွတ်လပ်ရေးအတွက် တိုက်ပွဲ

ဝင်ရာတွင် ခေါင်းဆောင်၍ နောက်ပိုင်း၌ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်က ထိုတာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။ ထိုခေတ်ကာလ ရုန်းကန်လှုပ်ရှား နိုးကြားခဲ့သော မြန်မာ့ လူ့အဖွဲ့အစည်းနှင့် မြန်မာလူနေမှုစရိုက်များသည် ကိုလိုနီခေတ်နှောင်း ဝတ္ထုများတွင် ထင်ရှားခဲ့လေသည်။ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် အလံတော်အောက်တွင် အမျိုးသားရေး ဝါဒီများ၊ ဆိုရှယ်လစ်ဝါဒီများ၊ ကွန်မြူနစ်ဝါဒီများ၊ တပ်မတော်သား၊ နှင့် တိုင်းရင်းသားများသည် လက်တွဲ၍ ဖက်ဆစ်ဝါဒီ ဂျပန်တို့အား တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် အချုပ်အခြာအာဏာပိုင်ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ ပေါ်လာပြီး ငြိမ်းချမ်းသာယာသော အနာဂတ်ကို မျှော်မှန်းခဲ့ကြလေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီအချိန်၌ အစိုးရက မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း သို့မဟုတ် စာပေဗိမာန်ဟူသော အဖွဲ့စည်းတစ်ရပ်ကို ထူထောင်ဖွဲ့စည်း၍ စာပေရေးသားခြင်း၊ ဘာသာပြန်ဆိုခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းတို့အပြင် စာကောင်းပေမွန်များနှင့်အတူ ပြည်သူ့လူထု အသိဉာဏ် ဖွံ့ဖြိုးရေးအတွက်ပါ ဆောင်ရွက်ခဲ့လေသည်။ ထိုအဖွဲ့အစည်း၏ လုပ်ငန်းများတွင် စာပေဆု ချီးမြှင့်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။ ဆုရွေးချယ်ချီးမြှင့်ရန် ဘာသာရပ်များတွင် အကောင်းဆုံးဝတ္ထုရှည်ဆု၊ အကောင်းဆုံး ဘာသာပြန်(ရသ) စာပေဆုနှင့် အကောင်းဆုံး စာပဒေသာဆုတို့ကို ချီးမြှင့်ရန် သတ်မှတ်ချက် ပါရှိသည်။

၁၉၄၈ ခုနှစ်မှစ၍ စာပေဗိမာန်က နှစ်အလိုက် ချီးမြှင့်သော ဝတ္ထုရှည်ဆုများတွင် မင်းအောင်၏ “မိုးအောက်မြေပြင်” (၁၉၄၈)၊ သာဓု၏“တပ်ထဲကမြတ်ကိုကို” (၁၉၅၁)၊ သိန်းဖေမြင့်၏ “အရှေ့ကနေဝန်းထွက်သည့်ပမာ”(၁၉၅၈)တို့ပါဝင်သည်။ ထိုအချိန်အတွင်း၌ ထိုစာအုပ်များ ဆုဆွတ်ခူးနိုင်သော်လည်း ဆုချီးမြှင့်နိုင်ခြင်း မရှိသော စာပေလက်ရာများလည်း ရှိခဲ့သည်။ “အရှေ့ကနေဝန်းထွက်သည့်ပမာ”ဝတ္ထုရှည်မှာ ၁၉၃၆ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း ဗြိတိသျှနယ်ချဲ့တို့အား ဆန့်ကျင်မှုကို ဇာတ်လမ်းဖွဲ့ထားသည်။ အဓိကဇာတ်ဆောင် တင်ထွန်း ပါဝင်၍ အမျိုးသားရေးလှုပ်ရှားမှုတွင် အရှိဇာတ်ကောင်နှင့် လက်တွေ့ရောစပ်၍ အဆုံးသတ် ပေးထားလေသည်။

မောင်ထင်၏ “ငဘ” (၁၉၄၇)မှာ မြန်မာနိုင်ငံတွင် ဖက်ဆစ်ဂျပန်တို့ ဆိုးဝါးစွာ အုပ်ချုပ်မှုနှင့် ဂျပန်ငွေစက္ကူကို သုံးမရတော့သဖြင့် ဆင်းရဲမွဲ အကျပ်အတည်းနှင့် တွေ့ရသော လယ်သမားတို့၏ဘဝကို ဇာတ်ကောင်ငဘအဖြစ် ပုံဖော်ထားသည်။

ဌေးမောင်၏ “တိုက်ပွဲခေါ်သံ”(၁၉၆၅)မှာ ဖက်ဆစ်တော်လှန်ရေးကာလအတွင်း ဂျပန်စစ်ဘက်ဌာန၏ အချုပ်စခန်းများအကြောင်းကို ရေးဖွဲ့ ထားသည့်အပြင် ရဲရင့်စိတ်ရှိသော အထက်အညာဒေသမှ အမျိုးသား၊ အမျိုးသမီးတို့၏ အကြောင်းကိုလည်း ရေးဖွဲ့ထားကာ ခေတ်ကာလအလျောက်ပေါ်ပေါက်သော အခွင့်အရေးသမားတို့၏ ရုပ်ပုံကိုလည်း ပေါ်လွင်စေသည်။ စစ်ကြီးပြီးသည့်နောက်ပိုင်း ဖဆပလအဖွဲ့အတွင်း၌ ထိုသူများ နေရာလုနေကြပုံမှာ တော်လှန်ရေးကာလအတွင်း တိုက်ပွဲဝင်ခဲ့သော ရဲဘော်ဟောင်းတို့အတွက် စိတ်ညစ်ညူးစရာဖြစ်ရပုံကိုလည်း တွေ့ရသည်။

လင်းယုန်သစ်လွင်၏ “ဓမ္မဝိလာသ”(၁၉၇၁)မှာ အောက်မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် တံငါရွာလေး၌ ဇာတ်အိမ်ပြု၍ အိမ်ထောင်မရှိသော သားသည်အမေနှင့် ကျောင်းထိုင်ဘုန်းကြီးတို့အား နီးစပ်လေဟန် သံသယဖြစ်စေလျက် ရွာတွင် ဂျပန်ဖက်ဆစ်တို့အား လျှို့ဝှက်တော်လှန်ရန် အားထုတ်ကြပုံကို ဖော်ပြထားသည်။ တစ်ဆက်တည်းပင် သိန်းဖေမြင့်၏ “လမ်းစပေါ်ပြီ” (၁၉၄၉)မှာ ဖဆပလအဖွဲ့ချုပ်အတွင်း နေရာလုနေကြသော ဆိုရှယ်လစ်နှင့် ကွန်မြူနစ်တို့၏ အဖြစ်ကို ပုံဖော်ထားပြီး ပြည်သူ့ရဲဘော်တို့မှာ မည်သူ့ဘက်လိုက်ရမည်ကိုဝေခွဲမရဘဲ ရှိကြကာ နိုင်ငံတွင်း၌ တောင်သူလယ်သမားနှင့် အလုပ်သမားအစည်းအရုံးများ အပြိုင်အဆိုင် ဖွဲ့စည်းကြပုံကို ရေးဖွဲ့သည်။

၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အစိုးရက ဆိုရှယ်လစ်စနစ်ကို ရည်မှန်းကြောင်း ထုတ်ပြန်ကြေညာခဲ့သော်လည်း လက်ဝဲသမား မျာ်းနှင့် မျိုးချစ်ပုဂ္ဂိုလ်အချို့အတွက် ထိုဆိုရှယ်လစ်စနစ်မှာ စရိုက်သဘာဝနှင့် အကျယ်အပြောအား ဖြင့် ငြင်းခုန်စရာ ဖြစ်ခဲ့လေသည်။ နိုင်ငံ၏ အုပ်ချုပ်မှုယန္တရားတည်ဆောက်ပုံကိုလည်း ဆီလျော်ခြင်းမရှိဟု ဆွေးနွေးခဲ့ကြသည်။ ကွန်မြူနစ်ဝါဒီ တို့က ဖဆပလအစိုးရသည် အင်္ဂလိပ်၊ အမေရိကန် အရင်းရှင်းနှင့် မြေရှင်ဟောင်းတို့၏ အလိုကျဆောင်ရွက်ပေးသော လက်ကိုင်တုတ်ဟူ၍ စွပ်စွဲခဲ့ကြသည်။



(၁) မြကြာဖြူဝတ္ထုရေးခဲ့သူ ခင်နှင်းယု

(၂) တို့.တိုင်းဌာနီဝတ္ထုရေးခဲ့.သူ ခင်ဆွေဦး

(၃) မုန်းခြင်မဟူ ဝတ္ထုရေးခဲ့သူဂျာနယ်ကျော်မမလေး

(၄) နွမ်းလျအိမ်ပြန်ဝတ္ထုရေးခဲ့သူ ကြည်အေး

အမြင် မတူသော ကရင်တိုင်းရင်းသားအချို့က ပိုမို ကျယ်ပြန့်သော သီးခြားအုပ်ချုပ်ခွင့်ကို လိုလားကြသည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီး သုံးလအကြာ၌ ကွန်မြူနစ်တို့ တောခိုကြသည်။ ထို့နောက် ကရင် တပ်ရင်း အချို့နှင့် ကွန်မြူနစ်လိုလားသော တပ်သား အချို့က လက်နက်ကိုင်၍ တောခိုသွားခဲ့ကြသည်။ ထိုအခါ အစိုးရအဖို့ ချမှတ်ထားသော လူမှုရေးနှင့် စီးပွားရေး စီမံကိန်းကို အာရုံစူးစိုက်၍ အကောင်အထည်ဖော်နိုင်သည့် အခြေအနေ မရှိတော့ပေ။ ပထမဦးစွာ တိုင်းပြည်တွင် ကသောင်းကနင်း ဖြစ်နေသည်ကို စုစည်းရန် လိုအပ်သည်။ ထိုအချိန်၌ပင် ချန်ကေရှိတ် တရုတ်အမျိုးသား၏ ကြွင်းကျန်သော အစိတ်အပိုင်းအချို့သည် တရုတ်ပြည်သူ လွတ်မြောက်ရေး တပ်မတော်၏ရန်ကို တိမ်းရှောင်ရင်း မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းနယ်စပ်သို့ ဝင်ရောက် လာကြသော ကရင်သောင်းကျန်းသူများနှင့် လက်တွဲမိ ကြသည်။

ထိုအချိန်တွင် ပြည်တွင်းရေး လုံခြုံမှုအတွက် အထူး တလည် အန္တရာယ်ရှိနေသည်။ ထို့ကြောင့် တရားဥပဒေ စိုးမိုးရေးကို တည်ဆောက်နိုင်ရန်အလို့ငှာ နိုင်ငံတော်ကို ကာကွယ်ရင်း တပ်မတော်ကို ဖိတ်ခေါ်လွှဲအပ်ရသည်။ မြန်မာ့တပ်မတော်သည် နယ်ချဲ့.ဆန့်ကျင်ရေးမှ ပေါက်ဖွား လာပြီး အမျိုးသားနိုင်ငံရေးတပ်ဦးတွင် ပါဝင်ခဲ့သော အဖွဲ့အစည်း ဖြစ်၏။ ထို့ကြောင့် စစ်ပြီးခေတ် ရေးသားသော ဝတ္ထုအများအပြားတွင် တပ်မတော်နှင့်စပ်လျဉ်းသော အကြောင်းအရာများ ပါခဲ့လေသည်။

သဝဏ်၏ "တပ်ထဲက မြတ်ကိုကို" တွင် တပ်မတော်သားများ၏ စွမ်းဆောင်ပုံကို ဖွဲ့.ဆိုထားသည်။ ဇာတ်လိုက် အမျိုးသမီးသည် မယ်ဘွဲ့.ရသူတစ်ဦးဖြစ်၍ သူကို ဖူးစာရှင် ဖြစ်လိုသူများလှသော်လည်း သူက တပ်မတော်သားကိုမှ လက်ထပ်ယူမည်ဟု လူသိရှင်ကြား ပြောဆိုထားသည်။ နောက်ဆုံးတွင် ရာထူးအဆင့်အတန်းကို ပဓာနမထား ဘဲ စွန့်စားတတ်သော စိတ်ဓာတ်ရှိသည့် တပ်မတော်သားကလေး တစ်ဦးကို လက်ထပ်လိုက်လေသည်။ စာရေးဆရာက တပ်နှင့်ပြည်သူ ချစ်ကြည်နှိုင်ရန်အတွက် ပြောဆိုရေးဖွဲ့. ထားသော စာသားများလည်း ပါဝင်လေသည်။ စကားပြော များက ထက်သန်ပြတ်တောက် ၍ စာမျက်နှာတိုင်း စိတ်ဝင်စားဖွယ်ဖြစ်ရာ ထိုနှစ်က ရောင်းကောင်းသော စာအုပ်ဖြစ်လျက် ၁၉၅၁ ခုနှစ်အတွက် စာပေဗိမာန် ဝတ္ထုရှည်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးလျှင် နှစ်ပေါင်း အတော် ကြာအောင်ပင် ကျောင်းသုံးစာအုပ် ဖြစ်ခဲ့လေသည်။

ခင်ဆွေဦး၏ "တို့တိုင်းဌာနီ" ဝတ္ထုရှည်မှာ ဒုတိယ ကမ္ဘာစစ် အစပိုင်းတွင် မြန်မာ့လွတ်လပ်ရေး တပ်မတော် သားများက ဗြိတိသျှ ဆန့်ကျင်ရေးတွင် ပါဝင်ခဲ့ ပုံနှင့် တော်လှန်ရေးတွင် ဆက်လက်ပါဝင်လျက်လွတ်လပ်ရေး ရရှိပြီး နောက်ပိုင်း၌ သောင်းကျန်းသူများနှင့်အတူ နယ်စပ်ရှိ ကူမင်တန်တပ်များကိုပါ တိုက်ထုတ်လိုက်နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ ဇာတ်လိုက် မင်းသမီး၏ ချစ်သူရည်းစား မှာ ရှမ်းပြည်တစ်နေရာတွင် ကျဆုံးသွားပြီးနောက် ထိုချစ်သူ၏ အစ်ကိုဖြစ်သူ တပ်မတော်သားကောင်းတစ်ဦး အား လက်ထပ်ယူလိုက်သော ဇာတ်လမ်း ဖြစ်လေသည်။

မြန်မာဝတ္ထုဆရာများသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်စွာ ပူးတွဲနေထိုင်ကြသော နိုင်ငံကြီးဌ စည်းလုံးညီညွတ်ခြင်း၏ အရေးပါပုံကို သဘောပေါက်ကြသည့်အလျောက် ထိုကိစ္စကို ရှေ့တန်းတင်၍ ဖွဲ့ဆိုခဲ့ကြခြင်းဖြစ်သည်။ ထိုအကြောင်းကို မောင်ထင်၏ "ငဘ"၊ စောဦး၏ "တစ်မိုးသောက်သော်" နှင့်ရောင်နီ၏ "ဆောင်း" တို့တွေ့ရသည်။

နာဂတောင်တန်း မောင်ကြည်ဇင်၏ "တောင်ပေါ်မြေနှင့် မြေပြန့်ပန်း" ဝတ္ထုတွင် မြေပြန့်မှ စေတနာဝန်ထမ်းလုပ်အား၊ပေး မြန်မာများသည် နာဂတောင်တန်းတွင် ဆေးခန်းနှင့် စာသင်ကျောင်းများ သွားရောက်ဖွင့်လှစ်ခဲ့ကြပုံကို ရေးဖွဲ့ထားသည်။ ရန်ကုန်ဘဆွေ၏ "နန်းဟာဗီး" ဝတ္ထုတွင် နာဂလူမျိုး သူနာပြုဆရာမကလေးက ကျန်းမာရေးတာဝန်များကို ထမ်းဆောင်ရင်း တိုင်းရင်းသားချင်း သွေးကွဲလိုသော ဇာတ်လိုက်အမျိုးသားကိုစည်းရုံးဖျောင်းဖျနိုင်ခဲ့သည်။

စိန်စိန်၏ "ရိုးမတောင်ကြီးသာ ဖြိုလိုက်ချင်တော့" ဝတ္ထုထဲ၌ ချင်းတောင်၏ အထက်အောက်ဒေသတစ်ဝိုက်၌ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက အယူသည်းမှုများ ပပျောက်စေရန် တရားဝမ္မများကို ဖြန့်ချိခဲ့သည့်အကြောင်း ရေးသားထားသည်။ ဤလက်ရာများသည် စိတ်ကူးယဉ်ဝတ္ထုပင်ဖြစ်သော်လည်း အချက်အလက်အခြေအနေအမှန်များ၊ ဓလေ့ထုံးစံများ၊ တိုင်းရင်းသားတို့၏ စရိုက်များ အသိသိုကို သဘာဝကျစွာ ထည့်သွင်းရေးဖွဲ့ထားလေသည်။

မြန်မာလွတ်လပ်ရေး ရရှိပြီးနောက် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် နိုင်ငံတကာနှင့်တန်းတူညီတူ ရှိလာသောအခါ နိုင်ငံဝန်ထမ်းရာထူးများတွင် ထိပ်ဆုံးမှ အောက်ဆုံးအထိ မြန်မာတိုင်းရင်းသားများဖြင့်သာ ဖွဲ့စည်းတာဝန်ပေးထားခဲ့သည်။ နိုင်ငံခြားသို့ ကိုယ်စားလှယ်များ၊ လေ့လာရေးအဖွဲ့များ သွားရောက်ကာ စီးပွားရေးကုန်သွယ်မှုအဆက်အသွယ်များကိုလည်း ပြုလုပ်ခဲ့ကြသည်။ ပို့ကုန်သွင်းကုန်လုပ်ငန်း၌ မြန်မာတိုင်းရင်းသားတို့ လုပ်ကိုင်ရန်အခွင့်အရေးများ ရရှိလာခဲ့ကြသည်။ ကျောင်းသားကျောင်းသူများမှာ ဗြိတိသျှနှင့် အမေရိကန် တက္ကသိုလ်များတွင် ဝိဇ္ဇာသိပ္ပံပညာရပ်များကို သွားရောက်သင်ကြား ခွင့်ရရှိခဲ့ကြ သဖြင့် ပြင်ပကမ္ဘာနှင့် အထိအတွေ့များလာခဲ့လေသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံအစိုးရသည် ခြားနားပုန်ကန်ရန် ပြုလုပ်သောသူများအား လည်း ထိန်းသိမ်းရမည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ၁၉၅၀ ပြည့်စွန်းချိန်သို့ ရောက်သောအခါ အစိုးရသည် သောင်းကျန်းမှု



(၁) ဘယ်သူပြိုင်လို့.လှပါတော့နိုင် ဝတ္ထုရေးခဲ့သူ မင်းကျော်

(၂) ကြာပန်းရေစင် ဝတ္ထုရေးခဲ့သူ ဒဂုန်တာရာ

(၃) ငဘ ဝတ္ထုရေးခဲ့သူ မောင်ထင်

အန္တရာယ်ကို မကျယ်ပြန့်အောင် တားဆီးနိုင်ခဲ့ပြီးနောက် ကေအမ်တီ ကျူးကျော်သူများကိုလည်း တွန်းလှန် တားဆီးနိုင်သဖြင့် လူမှုရေး၊ စီးပွားရေး နယ်ပယ်တို့၌ အားပေးနိုင်ခဲ့သည်။ ထိုအချိန်တွင် ပြည်သူလူထု၏ စိတ်ဓာတ်မြင့်တင်ရေး လုပ်ငန်းများကိုလည်း စတင် ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရသည် ရိုသမျှ ငွေကြေးသယံဇာတများနှင့် နည်းပညာများကို သုံးစွဲလျက် ငွေကြေးအကူအညီ၊ နည်းပညာ အကူအညီများကိုလည်း ပြည်ပမှ ရရှိရန် အားထုတ်နိုင်ခဲ့သည်။ ရေနံနှင့် သတ္တုလုပ်ငန်း၌ ဗြိတိသျှကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်နိုင်ခဲ့၍ နိုင်ငံခြားအထောက်အပံ့အချို့ကိုလည်း ရခဲ့လေသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာအလယ်တွင် ဝင်ရောက်ကျက်စားစနိုင်ငံငယ်တစ်ခုဖြစ်သဖြင့် မည့်သည့်ကမ္ဘာ့နိုင်ငံရေးအင်အားအုပ်စုဘက်သို့မှ မတိမ်းညွတ်ဘဲ နိုင်ငံခြားရေးတွင် ကြားနေရေးဝါဒကို ကျင့်သုံးခဲ့လေသည်။ ၁၉၅၀ ပြည့်နှစ်တွင် ကိုရီးယားစစ်ပွဲ ဖြစ်ပွားသောအခါ မြန်မာတို့သည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ဖြစ်သော ကျူးကျော်သူမြောက်ကိုရီးယား နိုင်ငံအား ရှုတ်ချတိုက်ခိုက်ရန် အဆိုကို ထောက်ခံခဲ့လေသည်။ သို့သော် အုပ်စုဖွဲ့ထားသော နိုင်ငံကြီးတို့က မြန်မာနိုင်ငံကို စိတ်ဝင်စားကြ၏။ မြန်မာစာရေးဆရာများအား လည်း စာအုပ်စာစောင်များ ရေးသားထုတ်ဝေရန် အထောက်အပံ့ပြုခဲ့လေသည်။

ထိုအထောက်အပံ့ပြုမှုသည် မြန်မာစာပေနှင့် ဝတ္ထုလောကတွင် အကျိုးသက်ရောက်မှုအတော်အတန်ရှိခဲ့လေသည်။

ကြာပန်းရေစင်ကို ရေးခဲ့သော ဆရာဒဂုန်တာရာသည် မြန်မာအမျိုးသမီးများ ပွတ်သဘင်ခေါ် ကပွဲသို့တက်ရောက်ခြင်းကိုလည်း ရှုတ်ချရေးသားခဲ့ဖူးလေသည်။

ထိုကာလတစ်ဝိုက်၌ မြန်မာဝတ္ထုရေး ဆရာများ သည် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော တန်ဖိုး များကို ဝေဖန်၍ ရေးသားခဲ့ကြသည်။ သို့ရာတွင်အနောက်တိုင်း၏ အလေ့အထ စည်းစနစ်အချို့ကိုလည်း ချီးကျူးရေးသား ခဲ့ကြသည်။ အနောက်တိုင်း ကစား နည်းဖြစ်သော ဘောလုံး ကစား နည်းကိုလည်း မြန်မာတို့ နှစ်သက်စွဲလမ်းခဲ့ကြ လေသည်။

ရိုးရာအယူအဆနှင့် အနောက်တိုင်း ယဉ်ကျေးမှုတို့ ဖီလာဆန့်ကျင် ရင်ဆိုင်တွေ့ ရပုံအကြောင်းကို ကျာနယ်ကျော် မမလေး၏ "မုန်း၍မဟူ" တွင် တွေ့ ရသည်။ ကိုလိုနီခေတ် ကို နောက်ခံပြုလျက် ဗြိတိသျှ စပါးအဝယ်တော်ဖြစ်သော အဓိက ဇာတ်ကောင်သည် တော သူမိန်းကလေးတစ်ဦးနှင့် လက်ထပ်ဖြစ်ခဲ့သည်။ သူသည်ဇနီးသည်အား များစွာဂရုစိုက် သော်လည်း သူ့၏အကျင့်ပါသော အနောက်တိုင်းအလေ့ အထများနှင့် အစားအသောက်များကိုလည်း မစွန့်လွှတ်နိုင်ပေ။ ထို့ကြောင့် ငယ်ရွယ်သောဇနီးသည်မှာ တစ်ကိုယ်တည်းဖြစ် လျက် ဖခင်ကြီးဆီသို့လည်း မရောက်နိုင်အောင် ဖြစ်လေသည်။ ထိုဇနီးသည် နေထိုင်မကောင်းဖြစ်သောအခါ ခေတ်ဆန်သော ခင်ပွန်းသည် ဖြစ်သူသည် ရိုးရာတိုင်းရင်းဆေးများကို မှီဝဲခွင့် မပေး ချေ။ သို့ဖြင့်ဂျပန် ခေတ်အတွင်း သို့ ရောက်သောအခါ တီဘီရောဂါစွဲကပ်လျက် စစ်အတွင်း ရတတ်သမျှ အနောက် တိုင်း ဆေးများဖြင့်သာ ကုသခဲ့ရာ ဆေးဝါးမပြည့်စုံသဖြင့် အသက်ရှူးခဲ့ရလေသည်။ တိုင်းရင်းဆေးများဖြင့်သာ ကုသ နိုင်ခဲ့လျှင် ဇနီးသည်အား ထိုသို့လက်လွှတ်ရစရာ အကြောင်း မရှိချေဟု ရေးဖွဲ့ထား လေသည်။

"မုန်း၍မဟူ" ဝတ္ထုသည် ရှာ ရှာ ပါး ပါး အင်္ဂလိပ် ဘာသာဖြင့် လုံးစေ့ပတ်စေ့ ဘာသာပြန်ခြင်း ခံရသော ဝတ္ထု ဖြစ်သည်။ အင်္ဂလိပ်ဘာသာစာအုပ်၏ နိဒါန်းတွင် ရေးသားသော အင်နာအဲလော့က "ဒေါ်မမလေးသည် ၁၉၅၀ ပြည့်နှစ်များ အလယ်တွင် ဤဝတ္ထုကို ရေးသားသော်လည်း မြန်မာ့ ယဉ်ကျေးမှုနှင့် ရိုးရာမိသားစုဆက်ဆံရေးတွင် အနောက်တိုင်း အလေ့အထများ၏ အန္တရာယ်ကို ပို၍သိသာစေလိုသော ကြောင့် ၁၉၃၉-၄၂ ခုနှစ်အတွင်းဖြစ်သော ကိုလိုနီ ကာလကို တမင်ရွေးချယ်ခဲ့ခြင်း ဖြစ်သည်" ဟု မှတ်ချက်ပြု ထားသည်။

"ကြာပန်းရေစင်" ဝတ္ထုထဲ၌ ပါဝင်သော ဇာတ်ကောင် များမှာ စာကြည့်တိုက်မှူးများ၊ စာရေးဆရာများ၊ သတင်းစာ ဆရာများ၊ ထုတ်ဝေသူများ၊ ဆိပ်ကမ်းအလုပ်သမားများနှင့် ကောလိပ်ကျောင်းသူများ ပါလေသည်။ ထိုအထဲတွင် စီးပွား ကုန်သွယ်သမားများနှင့် အရာရှိ အရာခံများ၊ သတင်းစာပိုင်းမှ ပုဂ္ဂိုလ်များသာ ဖိုနှင့်မ ရင်းနှီးခွင့်ကို ရကြလေဟန် ရေးသား ထား၏။ အောင်လင်း၏ "အရိုင်းစံပယ်" ဝတ္ထုတွင် ရှေ့နေကြီး၊ ဇနီးနှင့် သမီးများမှာ ထို့သို့ခေတ်မီသော အနေအထိုင်ကို နှစ်သက်သူများ ဖြစ်သည်ဟု ဖော်ပြထား သည်။ မြန်မာတို့ ရိုးရာ ဓလေ့ထုံးစံ၌ အမျိုးသားနှင့် အမျိုးသမီးတို့ ဆက်ဆံရေး၌ ယဉ်ကျေးမှု ရှိရသည်။ အိမ်ထောင်လျက်သား ကျသောအခါ ၌လည်း စွဲမြဲမှုရှိရသည်။ ဇနီးနှင့်ခင်ပွန်းတို့သည် ဘဝ ကြင်ဖော်များဖြစ်ကြလေသည်။ မောင်တစ်ထမ်း မယ်တစ်ရွက် ဟူသော အသုံးအနှုန်းမှာ မြန်မာတို့ အသုံးအနှုန်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး နောက်ပိုင်းသို့ ရောက်သောအခါ ထိုဆက်ဆံရေးများသည် လျော့ရဲ၍လာခဲ့၏။ အိမ်ထောင်ရှင် တို့သည် မိသားစုတာဝန်၌ ပေါ့ပေါ့တန်းတန် ဖြစ်လာကြသည်။ လှေကား သုံးထစ်ဆင်းသွား သော လင်ယောကျ်ား သည် အိမ်ဦးနတ်အဖြစ် အိမ်မှ ခွာပြီး နောက် စိတ်လိုလက်ရ လိုက်စား တတ်သည်လည်း ရှိသည်။ ထိုစရိုက်မျိုးကို ခင်နှင်းယု၏ "မြကြာဖြူ" တွင် အဓိကဇာတ်ကောင် အမျိုးသား၌ တွေ့ ရလေသည်။ သူသည်ဇနီး အပေါ်တွင် သစ္စာရှိသူ မဟုတ်ပေ။ ဝတ္ထု၏ အဓိကအကြောင်းမှာ အိမ်ထောင်ပျက် ပြား သွားပြီး နောက် ကျန်ရစ်သော သား နှင့်သမီးတို့ကို ရဲဝံ့စွာ ဘဝကို ရင်ဆိုင်လျက် ပြုစုပျိုးထောင်သော အမျိုးသမီး တစ်ဦးအား ချီးမွမ်းဖွဲ့ဆိုချက် ဖြစ်လေသည်။

အိမ်ရှင်မတစ်ဦး၏ အခန်းကဏ္ဍမှာ ရှေးကနှင့်စာ လျှင် သိသာပေါ်လွင်ခြင်း မရှိတော့ပေ။ အထူးသဖြင့် လွတ်လပ်ရေးခေတ်ဦးတွင် အရာရှိအရာခံကြီး များ၊ စီးပွားရေးသမားများ၏ ဇနီးသည်များနှင့် ကိုယ်ဝမ်း ကိုယ်ကျောင်းရသော အမျိုးသမီးများအတွက် မှန်နေလေ သည်။ မင်းကတော် ဆိုသူတို့မှာ အိမ်ကို အလုပ်အကျွေး ပြုရန်နှင့် သားသမီးများ ကို စောင့်ရှောက်ရန် အိမ်ဖော်များ ရှိပြီးဖြစ်သည်။ သူကအိမ် အလုပ်ကို သာမန်ကာလျှံကာ မျှသာပြုလုပ်ရန် လိုတော့သည်။ အား လပ်ချိန်ကိုပါတီ များနှင့် ဖဲဝိုင်းတို့၌ ဖြုန်းတတ်လေသည်။ သို့ မဟုတ် ကိုယ်ပိုင်ဝင်ငွေ ရှိရှာန်အတွက် လူနေမှု အဆင့်အတန်း မြှင့်တင်ရေးအလို့ငှာ သီးခြားဝင်ငွေရသော စီးပွားကုန်သွယ်မှုကိုလည်း ပြုလုပ် လေသည်။ အချို့ဇနီးသည်များမှာ ပညာတတ် ဘွဲ့ထူး ဂုဏ်ထူး ရထား သူများဖြစ်သော ကြောင့် အသက်မွေးမှု တစ်မျိုးမျိုးကို လုပ်ကိုင်ကြသည်။ ထိုအခြေ အနေကြောင့် မိဘက သား သမီးအပေါ် စောင့်ရှောက်မှုတို့ အား နည်း လာသည်ဟု ဗန်းမော်တင်အောင် ၏ "မမကြီး" ဝတ္ထုတွင် ရေးဖွဲ့ထား သည်။ ထိုဝတ္ထုထဲ၌ သား သမီး များမှာ အဒေါ်ဖြစ်သူနှင့် လွဲအပ်ထား ရသည်။ ကြည်အေး၏

"နွမ်းလျအိမ်ပြန်" တွင် သမီးဖြစ်သူ အထက်တန်းကျောင်းသူသည် အိမ်ကထွက်၍ ချစ်သူနှင့် ခဏခေတ္တ အတူသွားရောက်နေထိုင်ပုံကို ဖော်ပြထား၊သည်။

တက္ကသိုလ်ဘုန်းနိုင်၏ "တစ်ပြည်သူ့မရွှေထား" မှာ သားဖြစ်သူသည် ဆုံးမ မနိုင်သော လူငယ်တစ်ဦးဖြစ်လာလေသည်။ အောက်တွင်ဖော်ပြမည့် ဝတ္ထုနှစ်ပုဒ်တွင် ဇာတ်ကောင်စရိုက်တို့၏ စိတ်ထား၊အခြေအနေများ၊သည် ကြေးရတတ် အသိုင်း၊အဝိုင်း၏ လောကဌ စိတ်ကိုဖိစီး၊သော လက္ခဏာများကို တွေ့နိုင်လေသည်။ ထိုအဖြစ်အပျက်များကို ဖဆပလခေတ်ကို နောက်ခံပြု၍ ရေးဖွဲ့ထား၊သည်ကို တွေ့ရသည်။ တက္ကသိုလ်ဘုန်းနိုင်၏ "နှင်းငွေ့တထောင့်မိုးတမှောင့်" တွင် မိဘများ၏ အိမ်ထောင်ရေး ဖောက်ပြန်မှုကြောင့် သမီးဖြစ်သူမှာ စိတ္တဇရောဂါ စွဲကပ်ရသည်။ မောင်သာရ၏ "ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း" ဝတ္ထုတွင် အဓိကဇာတ်ကောင်အမျိုးသမီး၊သည် သူ၏လုပ်ငန်းနှင့် သူ၏ညီမများအတွက် ပူပန်ကြောင့်ကျရသောကြောင့် ပင်ကိုစိတ်ထား၊တွင် ကစဉ့်ကလျား ရောဂါများဖြစ်ရသည်။ တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုမှာ ၁၉၇၂ ခုနှစ်အတွက် အမျိုးသား၊စာပေဆု ရရှိခဲ့၍ "ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း" ဝတ္ထုမှာ စာဖတ်ပရိသတ်အကြိုက်ဖြစ်ပြီး၊လူကြိုက်များ၊သော ရုပ်ရှင်ကား၊လည်း ဖြစ်ခဲ့လေသည်။

အထက်ဖော်ပြပါဝတ္ထုများ၌ အိမ်ပိုင်ကားပိုင်ဖြစ်သော ကြေးရတတ်လူတန်းစား၊များအကြောင်းကို ရေးဖွဲ့ခြင်းဖြစ်၍ အိမ်ဦးခန်းတွင် စနှစ်ရာ သို့မဟုတ် မြန်မာ့စောင်းကို အလှအပထား၊နိုင်သူများဖြစ်ကြသည်။သူတို့သည် သား၊သမီး၊များကို သင်ပေး၊ရန် စနှစ်ရာ၊ဆရာ သို့မဟုတ် စောင်း၊ဆရာကို ငှား၊ရမ်း၊ပြီး လူမှုရေး အဆင့်မြင့်စေရန် ဖန်တီး၊နိုင်ကြသည်။

မြန်မာတို့အဖို့ ရိုး၊ရာတေး၊ဂီတနှင့် အကတို့ကို တန်ဖိုး၊ထား၊ကြသူများဖြစ်၏။ တစ်ချိန်တည်း၊မှာပင် ဂီတသမား၊နှင့် ကချေသည်တို့ကို အလွှာတစ်လွှာအဖြစ် သဘော၊ထား၊ကာ လူရာမသွင်း၊လိုခဲ့ကြပေ။ ဇာတ်နိမ့်သူများ၊သဖွယ် သဘော၊ထား၊ကြ၏။ အောင်လင်း၏ "အရိုင်း၊စံပယ်" ဝတ္ထုတွင် ရွှေ့နေကြီး၊အိမ်၌ စနှစ်ရာ၊သင်ပေး၊ရသူအဖြစ် လုပ်ကိုင်ကာ ရွှေ့နေကြီး၏ ဒုတိယသမီး၊နှင့် ချစ်ကြိုက်မိ၍ စနှစ်ရာ၊ဆရာအလုပ် ပြုတ်သွား၊ခဲ့သည်။ ရွှေ့နေကြီး၏သမီး၊မှာ ချစ်သူနောက်သို့ ကောက်ကောက်ပါအောင်လိုက်ပြီး၊ဆင်း၊ဆင်း၊ရဲရဲဖြင့် နေထိုင်သည်။ သို့သော် နောက်ဆုံး၊တွင် သမက်ဖြစ်သူမှာ လုပ်စား၊ကိုင်စား၊မဟုတ်ဘဲ မိုး၊ကုတ်ကျောက်တွင်း၊သူဌေး၏ သား၊ဖြစ်ကြောင့်၊ သိရသဖြင့် ဇာတ်ပေါင်း၊ကောင်း၊ခဲ့လေသည်။ ဇာတ်လိုက်မှာ မိမိ၏ ပထမချစ်သူ ကွယ်လွန်ခြင်း၊အပေါ် ဖခင်ဖြစ်သူနှင့် စကား၊များ၊ခဲ့ပြီး၊နောက် ရန်ကုန်သို့ဆင်း၊ခဲ့၍ ဂီတပြိုင်ပွဲတွင် အနိုင်ရခဲ့သူဖြစ်လေသည်။

တက္ကသိုလ်မြစိမ်း၏"နောက်တိုး" မှာ ဂီတသမား၊သဘင်သမား၏ ဘဝကို သရုပ်ဖော်သည်။ ဇာတ်လိုက်သည် အစိုး၊ရအရာရှိတစ်ဦးနှင့် အငြိမ့်သမတစ်ဦး၊တို့မှ လူမသိ သူမသိ မွေး၊ဖွား၊သောသား၊ဖြစ်၏။ သူ့ဖခင်တွင် တရား၊ဝင်ဇနီးဖြင့် သား၊သုံး၊ယောက်၊ သမီး၊တစ်ယောက် ထွန်း၊ကား၊ခဲ့၏။ ဇာတ်လိုက်နှင့် သူ၏ ဝမ်းကွဲညီအစ်ကိုများကို ဖခင်ဘက်က အဒေါ်က ကျွေး၊မွေး၊စောင့်ရှောက်လာခဲ့ပြီး၊ နေရာထိုင်ခင်း၊နှင့် ကျောင်း၊နေရခြင်း၊အတွက် တစ်ကျောင်း၊တည်း၊မထား၊ခဲ့ပေ။ ညီအစ်ကိုဝမ်းကွဲများက သူ့ကိုနိပ်စက်ကြသောကြောင့် ဇာတ်လိုက်သည် အမေ့ဘက်မှ အဒေါ်နှင့် သွား၍ နေထိုင်သည်။ ထိုအဒေါ်သည် အငြိမ့်သမ ဖြစ်လေသည်။ သူသည် ကျောင်း၊ပညာကို အတန်အသင့် ရခဲ့သော်လည်း၊ ဂီတသမား၊ဖြစ်အောင် ကြိုး၊စား၊သည်။ ထိုဘဝ၌ပင် ဇာတ်လိုက်သည် ဆိုင်း၊ခေါင်း၊ဆောင်အဖြစ် အောင်မြင်အောင် အား၊ထုတ်ခဲ့ပုံကို စာရေး၊ဆရာက ကျွမ်း၊ကျင်စွာ ဖွဲ့ဆိုသည်။

ယခုအခါ၌မူကား၊ ဂီတသမား၊များ၊နှင့် ကချေသည်များ၊အပေါ် ပရိသတ်၏သဘော၊ထား၊မှာ ပြောင်း၊ခဲ့ပြီဖြစ်သည်။ ဂီတနှင့်အနုပညာများကို သင်ကြား၊ပေး၊သော ပန်တျာကျောင်း၊နှင့်နောက်ပိုင်း၊တွင် ယဉ်ကျေး၊မှုတက္ကသိုလ်တို့ ပေါ်လာခဲ့သည်။ နိုင်ငံတော်က ဇာတ်သဘင်အနုပညာကို အား၊ပေး၊လာခဲ့သည့်အလျောက်လည်း၊ မြန်မာ့လူမှုအလွှာတွင်အခြေခံအလွှာတစ်ခုအဖြစ် လက်ခံနေပြီဖြစ်လေသည်။

လူ့အဖွဲ့အစည်း၊က သုဘရာဇာနှင့် စက္ကာလများကိုသာ အထင်အမြင်အဆက်အဆံ နည်း၊ပါး၊တော့သည်ဟု ဆိုဖွယ်ရှိလေသည်။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်မြို့နိုစပါယ်အဖွဲ့သည် ထိုသူတို့အား ပြည်သူ့ကျန်းမာရေး၊လုပ်သား၊များ၊

အဖြစ် လွှဲပြောင်းယူကာ လခစား၀န်ထမ်းများအဖြစ် ခန့်အပ်ခဲ့သည်။ သိန်းဖေမြင့်၏ သီတာပြု (၁၉၆၈) တွင် သုဘရာဇာခေါင်းကြီး ဦးပြုးချိုသည် မိမိကိုယ်ကို လူ့အဖွဲ့အစည်းအပြင်က လူသားတစ်ဦးအဖြစ် စိတ်ငယ်၍နေခဲ့ပြီး သမီးကလေး သီတာပြုးအား မိတဆိုးအဖြစ် ဘုရင်ကျိမယ်သီလရင်ကျောင်းတွင် မွေးစားရန် အပ်နှံထား၏။ တစ်ချိန်တည်းမှာပင် မိမိသည် လူ့အဖွဲ့အစည်း၌ လိုအပ်သည့် လုပ်ငန်းတာဝန်ကို တရား၀င်လုပ်ကိုင်နေသူဟု သဘောပေါက်ထား၏။ မကောင်းမှုဆိုသည်မှာ အများအကျိုးကို ဆန့်ကျင်မှုသာဖြစ်ရလိမ့်မည်ဟုလည်း သဘောပိုက်သည်။

မြသန်းတင့်၏ "အမှောင်ရိပ်ဝယ်" (၁၉၆၂) နှင့် လူထုဦးလှ၏ "လေနှင့်အတူ" (၁၉၅၇) တို့မှာ ကိုလိုနီခေတ်နောက်ပိုင်းတွင် မွေးဖွားခဲ့ပြီး ဂျပန်ခေတ်အတွင်း ကြီးပြင်းလာခဲ့ရသော လူငယ်များ၊ ခိုးဆိုးတိုက်ခိုက်မှုများတွင် ပါဝင်ကျူးလွန်ခဲ့ရာမှ အကျဉ်းကျခဲ့ပြီးနောက် ဝါရင့်ရာဇ၀တ်သားကြီးများသဖွယ် ဖြစ်လာခဲ့ရသည့် မနှစ်သက်ဖွယ် ဇာတ်လမ်းတို့ကို ဖော်ပြထား၏။ တိုင်းရေးပြည်ရာ မငြိမ်မသက်ဖြစ်နေပြီး၊ ပညာလည်းမသင်ရ၊ မိဘစောင့်ရှောက်မှု အရိပ်နှင့် ဝေးခဲ့ရသော လူငယ်တို့သည် အရက်သေစာ၊ လောင်းကစား၊ ကျူးလွန်ကြလျက်၊ အလွယ်ဖြင့် ငွေရနည်းရာကြရာမှ၊ ဥပဒေစက်ကွင်းသို့ သက်ဆင်းရတော့သည်။ ထို့ကြောင့် ရာဇ၀တ်ပြစ်ဒဏ်ထားခြင်းနှင့် လူမှုစောင့်ရှောက်ရေးလုပ်ငန်းများသည်ပင် အဆီးအတားပြု၍ မဖြစ်ရှင်းနိုင်တော့သလောက်ဖြစ်ခဲ့ရသည်ကို ပုံဖော်၍ထား၏။

၁၉၅၀ ပြည့်နှစ်များ၊ ကုန်ဆုံးချိန်သို့ရောက်သောအခါ၊ နိုင်ငံရေးအခြေအနေများ၊ ယိုယွင်းလာခဲ့သည်။ ဖဆပလ အဖွဲ့အတွင်း၌၊ သန့်ရှင်းနှင့် တည်မြဲဟူ၍ အုပ်စုနှစ်ခုကွဲပြားသွားပြီး အောက်ခံအဖွဲ့အစည်း အဆင့်ဆင့်၌ ကွဲပြားကြပြန်ကာ၊ ပြည်သူလူထု၏ ယုံကြည်လေးစားမှု ပျက်ပြယ်လျော့ပါးစေလေသည်။ တစ်ချိန်တည်းမှာပင်၊ ကေအမ်တီ တရုတ်ဖြူအန္တရာယ်မှာ၊ နယ်စပ်ဒေသတွင် ခေါင်းထောင်၍လာပြီး၊ တိုင်းရင်းသားအချို့နှင့် ပူးပေါင်းကာ မူးယစ်ဆေး၀ါး စိုက်ပျိုးခြင်းနှင့် ဖောက်ကားခြင်းတို့ကို ပြုလုပ်ကြပြန်သည်။ နောက်ထပ် အရေးကြီးသောအချက်မှာ ရှမ်းပြည်နယ်မှတိုင်းရင်းသားများက ဖက်ဒရယ်မူကို အပြည့်အ၀တောင်းဆို၍ ပြည်ထောင်စုမှ ခွဲထွက်ရန် အားထုတ်လျက်ခြိမ်းခြောက် လာခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရန် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တပ်မတော်က အာဏာကို သိမ်းပိုက်ရယူခဲ့သည်။

တော်လှန်ရေးကောင်စီ ဖွဲ့စည်းပြီးနောက် တစ်ပါတီစနစ်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်၍ ပြည်တွင်းအင်အားဖူလုံမှုကို တည်ဆောက်သည်။ ပြည်ပနှင့်လိုအပ်သော ကိစ္စများကိုသာ ဆက်သွယ်သည်။ ဘဏ်များနှင့် စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်သည်။ စိုက်ပျိုးထုတ်ကုန်နှင့် ရိက္ခာများကို အစိုးရက ချုပ်ကိုင်ဖြန့်ဖြူးသည်။ စာပေမူဝါဒနှင့် ညီညွတ်စေရန် စာပေစိစစ်ရေးဌာနခွဲကို ဖွဲ့စည်း၍ စိစစ်ပေးသည်။ ပြည်သူလူထု၏ ရုပ်ပိုင်းဘ၀နှင့် စိတ်ပိုင်းဘ၀ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆိုရှယ်လစ်စီးပွားရေး စီမံကိန်းများချမှတ်၍ ဆောင်ရွက်ခဲ့လေသည်။

ထို အချိန်ကကျော်အောင်၏ "အရေးကြီးပြီသွေးစည်းကြစို့" (၁၉၇၀) သည် ရေမြေခက်ခဲ ကြမ်းတမ်းသောအရပ်၌ ပြည်သူတို့အတွက် တံတားတည်ဆောက် မှုအတွေ့အကြုံနှင့် အခက်အခဲများကို ဝတ္ထုရေးဖွဲ့ခဲ့သည်။ မင်းကျော်၏ "ဘယ်သူပြိုင်လို့လှပါတော့နိုင်" (၁၉၇၁) တွင် နိုင်ငံနှင့်အဝန်း စာတတ်မြောက်ရေးလှုပ်ရှားမှုများ ပြုလုပ်ရာ၌ တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကျေးလက်ဒေသများသို့ ဆင်း၍ လူထုအကြား၌ ချစ်ကြည်ရင်းနှီးစွာ လုပ်အားပေးခဲ့ကြပုံကို ရေးဖွဲ့သည်။ "မတ်တပ်ရပ်လို့လမ်းမှာငို" (၁၉၆၉) တွင် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဝန်ထမ်းများစည်းကမ်းနှင့် အညီဝင်ငွေရအောင်ရှာပြီး ပြည်သူလူထု၏ အဆင်ပြေမှုကို ကူညီရေးအတွက် လက်တွေ့လုပ်ငန်းခွင်တွင်ကွင်းဆင်းလေ့လာပြီး သိုင်းဝိုင်းရေးဖွဲ့သည်။

မြသန်းတင့်၏ "စားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်" (၁၉၇၃) တွင် မာ့စ်ဝါဒ အမြင်ဖြင့် အလုပ်သမားလူတန်းစားကို ချီးကျူးရေးဖွဲ့သည်။ မြိတ်ဒေသတနင်္သာရီကမ်းရိုး နောက်ခံပြုလျက် နယ်စပ်မှ စက်ပစ္စည်းအစိတ်အပိုင်းများကို ဥပဒေမဲ့မှောင်ခိုသော စက်လှေပိုင်ရှင်က လုပ်သားများအပေါ် ခေါင်းပုံဖြတ်သည်။ ထိုအထဲမှ ကဗျာဆရာ ပညာတတ်လူတန်းစား ဇာတ်ကောင်တစ်ဦးမှာ လူပျောက်ကိုရှာရင်း စက်လှေတွင် လိုက်ပါခဲ့ရာ အရေးကြုံသော် စာတွေ့မျှသာရှိသော ထိုသူသည် လက်တွေ့မဖြေရှင်းနိုင်သဖြင့် ဒုက္ခရောက်ရကြောင်း ဇာတ်ကောင်စရိုက်ကို ရေးဖွဲ့သည်။ တတိယဇာတ်ကောင်မှာ အိမ်ကထွက်ပြေးသော စာမလိုက်နိုင်၍ စာမေးပွဲကျခဲ့သည့် လူငယ်ဖြစ်ပြီး မူးယစ်ဆေး၀ါးနွံတွင် နစ်မွန်းရပုံစရိုက်ဖြစ်သည်။ ဤတွင် သံချောင်းအမည်ရှိ စတုတ္ထဇာတ်ကောင်က ဒုက္ခရောက်နေသူများကို လက်တွေ့အတွေ့အကြုံအရ ကျွမ်းကျင်စွာ ကူညီနိုင်ခဲ့ပုံ ဇာတ်လမ်းဖြစ်သည်။

ဆိုရှယ်လစ် စီးပွား‌ရေးစနစ်အောက်တွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဖြန့်ချိမှုတို့ကို ဗဟိုဦးစီးစနစ်ဖြင့် ရည်မှန်းဆောင်ရွက်ခဲ့သော်လည်း အကောင်အထည်ဖော်ကြိုးကြပ်မှုအား‌နည်းသဖြင့် ပြည်သူတို့မှာ ကုန်ပစ္စည်းရှား‌ပါး‌သော အခက်အခဲ ငွေကြေး‌ဖောင်းပွမှု အခက်အခဲတို့နှင့် ကြုံရသည်။ နိုင်ဝင်း‌ဆွေ၏ "မသိန်းရှင်ဆီ ပို့ပေး‌ပါ" (၁၉၇၁) တွင် ကျေး‌လက်မှ အရောင်းအဝယ် လုပ်ရသူတို့သည် မိမိတို့၏ တား‌မြစ်ကုန်များကို အနိုး‌အနား‌မြို့များသို့ ပို့ဆောင်နိုင်ရန် ရထား‌ဝန်ထမ်းများကို လက်ဆောင်ထုး‌ရပုံ၊ မှောင်ခိုရောင်း ဝယ်မှု လောကတွင် အမျိုး‌သမီး‌များ ကိုယ်နှင့်ရင်းနှီး‌ရသည် အထိ ပျက်စီး‌ခဲ့ရပုံတို့ကို ဖတ်ရှုရသည်။

မိုး‌မိုး‌(အင်း‌လျား) ၏ "ပျောက်သောလမ်း‌မှာ စမ်း‌တဝါး‌" (၁၉၇၃) ၌ လက်ထပ်ပြီး‌စ လူငယ်ဇနီး‌မောင်နှံ နှစ်ဦး‌တို့ ကိုယ်ပိုင်နေအိမ်ခန်းနှင့် မနေနိုင်သော ဝင်ငွေမလောက်သည့် ဘဝကို ဖွဲ့ဆိုသည်။ ယောကျ်ား‌ကလေး‌အိမ်သို့ လိုက်နေသော ဇနီး‌သည်မှာ ဆွေမျိုး‌အသိုင်း‌အဝိုင်း‌၏ စော်ကား‌ဖိစီး‌မှုဒဏ်ကို မခံနိုင်ဘဲရှိရာမှ သမီး‌မိန်း‌ကလေး‌တစ်ဦး‌ ရရှိလာသောအခါ ပို၍အခက်အခဲတွေ့ရသဖြင့် အဆုံး‌တွင် ခင်ပွန်း‌သည်ကို သူ့မိဘများနှင့် ထား‌ခဲ့၍ သမီး‌ကလေး‌ကို မိမိ၏ မိခင်ဖြစ်သူရှိရာ ရန်ကုန်မှ မိုင် ၅၀ ဝေး‌သော အရပ်သို့ ပို့၍ ထိန်း‌ကျောင်း‌မွေး‌မြူစေပြီး‌ မိမိမှာ ကောလိပ်တွင် ရင်းနှီး‌ခဲ့ရသော သူငယ်ချင်း‌၏ အခန်း‌သို့သွား‌ပြီး‌ ပူး‌ပေါင်း‌နေထိုင်ရသည့် ဇာတ်လမ်း‌ဖြစ်သည်။

လွတ်လပ်ရေး‌ရပြီး‌ ၂၆ နှစ်မျှ အကြာတွင် နိုင်ငံ၌ အကျပ်အတည်း‌များ ကြုံရပြီး‌ နိုင်ငံရေး‌၊ စီး‌ပွား‌ရေး‌ကိစ္စ အရပ်ရပ် ယိုယွင်း‌လာပြီး‌နောက် ဆိုရှယ်လစ်ဝါဒကို နိုင်ငံတော်ဝါဒ လမ်း‌စဉ်အဖြစ်မှ စွန့်လွှတ်ခဲ့ရသည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြား‌မှုတည်ဆောက်ရေး‌အဖွဲ့က တပ်မတော်အစိုး‌ရအဖြစ် တာဝန်ယူပြီး‌နောက် စီမံကိန်း‌စီး‌ပွား‌ရေး‌စနစ်ကို ဈေး‌ကွက်စီး‌ပွား‌ရေး‌စနစ်သို့ ရွေး‌ရှုပြီး‌ အသွင်ပြောင်း‌လဲပေး‌ခဲ့သည်။ နိုင်ငံတော်အစိုး‌ရက လမ်း‌ကြီး‌များ၊ တံတား‌ကြီး‌များ၊ ဆည်ကြီး‌များနှင့် ဟိုတယ်ကြီး‌များကို ကုန်သွယ်ရေး‌နှင့် ဖွံ့ဖြိုး‌ရေး‌အတွက် ပြုပြင်တည်ဆောက်ပေး‌ခဲ့သည်။ ထိုအခါ စီး‌ပွား‌ရေး‌လုပ်ငန်း ကုမ္ပဏီအသိုး‌သိုး‌ ပေါ်ပေါက်လာပြီး‌ နိုင်ငံတော်က ပြည်ပအရင်း‌အနှီး‌များကိုလည်း ဖိတ်ခေါ်ခဲ့သည်။ ကမ္ဘာလှည့် ခရီး‌ သွား‌လုပ်ငန်း‌ကို အား‌ပေး‌မြှင့်တင်သည်။ သွား‌လာမှု အဆီး‌အတား‌ အခက်အခဲများကိုလည်း ရှင်း‌လင်း‌လျော့ပေါ့အောင် စီစဉ်ပေး‌သည်။

မြို့ပြအိုး‌အိမ်သစ်များသို့ မိသား‌စုများ၊ တစ်ဦး‌ချင်း‌ပုဂ္ဂိုလ်များ ပြောင်း‌ရွှေ့နေထိုင်ကြရာ တစ်မိုး‌တည်း‌အောက်တွင် ထိကပ်ရင်း‌နှီး‌စွာ နေထိုင်ကြရသော အဖြစ်၏ လက်တွေ့ဖိစီး‌မှု အတွေ့အကြုံကို မစန္ဒာ၏ "ဘဝအိပ်မက်ပန်း‌အိပ်မက်" (၁၉၉၄) နှင့် နန္ဒရည် (အင်း‌ဝ) ၏ "မြစိမ်း‌ပြာ ကမာရွတ်" (၁၉၉၅) တို့တွင် သရုပ်ဖော်ရေး‌သား‌ထား‌သည်။ နန္ဒရည်၏ဝတ္ထုတွင် အညာဒေသကျေး‌လက်မှ သား‌ဖြစ်သူ၏ အိမ်ထောင်တွင် လာရောက်ပူး‌ပေါင်း‌နေထိုင်ရသော အသက် ၇၅ နှစ်အရွယ် ဖခင်ကြီး‌မှာ အကျယ် ၁၄ ပေ၊ အနံပေ၄၀ ရှိသော အခန်း‌ကျဉ်း‌ကလေး‌တွင် နေထိုင်ရသော အဖြစ်နှင့် အညာဒေသ အစား‌အသောက်တို့ကို တမ်း‌တရသော အဖြစ်ကိုတွေ့နိုင်သည်။ အဆစ်အမြစ်နာတတ်သော အနောက်တိုင်း‌ဆန်သည့် ကျူ‌ရှင်ဆရာကြီး‌သည် အထပ်တိုက်လှေကား‌ပေါ်သို့ နာနာကျင်ကျင်ဖြင့်တက်ရသော ဒုက္ခကို ညည်း‌ညူပြီး‌ သူ့အခန်း‌သို့ တစ်ဖက်ခန်း‌ ဝရန်တာမှ ခုန်ဝင်လာလေ့ရှိသော ကြောင်များကို အော်ဟစ်မောင်း‌မဲရလေ့ရှိသည်။ မီး‌ဖိုတွင် မနက်တိုင်း‌ဆရာကြီး‌အတွက် နံနက်စာပြင်ဆင်ချက်ပြုတ်ရသော အရွယ်ကောင်း‌သည့်ဇနီး‌သည်မှာ အိမ်တွင် မကြာခဏ လျှပ်စစ်မီး‌ပြတ်သည်ကို သည်း‌မခံနိုင်ဖြစ်ရသည်။ ထိုတိုက်တွင် နေထိုင်သော ဈေး‌ထွက်သူအပျို‌ကြီး‌ တူဝရီး‌တို့မှာ လာဘ်ရှင်စေရန် နတ်ကို‌း‌ရသော အလုပ်ကို မှန်မှန်လုပ်ပြီး‌ ကိုယ်အခန်း‌တွင် ရေလုံလောက်စေရန် အတွက် လက်ဦး‌ပြီး‌ ရေမော်တာ ဆွဲလေ့ရှိကြသဖြင့် အခြား‌အခန်း‌မှ ရေမရဘဲဖြစ်ရပုံ စသည်ပါပင်သည်။

မစန္ဒာ၏ ဝတ္ထုရှည်တွင် ခင်မင်တတ်သော အိမ်သား‌သုံး‌ယောက်ရှိသည့် မိသား‌စုနှင့် အခြား‌သုံး‌ဦး‌ပါသော မိသား‌စုတို့သည်တစ်တိုက်တည်း‌အတူနေပြီး‌ လေ့ကား‌အတက်အဆင်း‌တွင် မျက်နှာချင်း‌ဆိုင်မိကြသော သူတို့နှင့် မေး‌ထူး‌ခေါ်ပြော ရင်းနှီး‌လိုကြသည်။ အခြား‌အခန်း‌တစ်ခန်း‌၌ နေသော နိုင်ငံခြား‌တွင် သား‌သမီး‌များ အလုပ်လုပ်နေကြသဖြင့် တစ်ကိုယ်တည်း‌ဖြစ်သည့် အငြိမ်း‌စား‌အရာရှိကြီး‌မှာ ဆေး‌ဖော်ကြောဖက် လုပ်မည့်သူမရှိဘဲ ဘာသာလဝါ စိတ်ထား‌ဖြင့် ခပ်မှန်မှန်တိုတောင်း‌စွာ ဆက်ဆံလေ့ရှိ၏။ ကိုယ့်အခန်း‌တံခါး‌ကိုယ်ပိတ်၍ နေကြလေ့ရှိသော တိုက်ခန်း‌နေတို့အဖို့ လေ့ကား‌အဆင်း‌၊ အတက်၌သာ တွေ့နိုင်ကြပြီး‌ အလှူအတန်း‌နှင့် ဒမာရေး မကျန်း‌ရေး‌ရှိလျှင် ကူညီဖို့ လက်မနေး‌တတ်ကြဘဲရှိရာမှ ရင်း‌နှီး‌စွာပူး‌တွဲနေထိုင်ရသော အပြန်အလှန်ကူညီ မှု အနှစ်သာရရှိပုံကို ရေး‌ဖွဲ့သည်။

မြို့ပြနေတို့အဖို့ လူမှုရေး၊ ပတ်ဝန်းကျင်ရေး ပြဿနာများ အမျိုးမျိုးရှိတတ်ကြ၏။ လူသားအချင်းချင်း ရင်းနှီး ပွန်းတီးခြင်းမဖိမဝလေ ပေါ်ပေါက်တတ်သည့်အခါမရည်ရွယ်ဘဲ ဝမ်းနည်းဖွယ် အဖြစ်မျိုးနှင့်လည်း ကြုံရတတ်သည်။ ခင်စန်းမွန်၏ "တံလျှပ်၏တစ်ဖက်ကမ်းမှာ" (၁၉၉၆) တွင် ဖြူစင်သော မိန်းမပျိုကလေးတစ်ဦးသည် အနေအထိုင် မကျစ်လျစ်သော သူ့ကျေးဇူးရှင်ထံမှ ကိုယ်ခံအားကျဆင်းမှု ရောဂါရရှိခဲ့ပြီးဘဝကိုနိဂုံးချုပ်ရသည့် အကြောင်းဖြစ်သည်။

မြို့ပြတွင် နေထိုင်စားသောက်မှု စရိတ်ကြီးလေးခြင်းက ဆင်းရဲသူဆင်းရဲသားများအဖို့ ကံစွပ်လိုစွပ်ငြား တစ်ဖက်နိုင်ငံမှ ဖွင့်လှစ်သည့် ချဲထီထိုးမိသော သူတို့အကြောင်းကိုတင်မော် (စာတု) ၏ "ချဲထိုးရင် တဲထိုးရမယ်" (၁၉၈၉) တွင် တွေ့နိုင်သည်။ အမှန်စင်စစ် ဒုတိယကမ္ဘာစစ်ကြီးကိုဖြတ်သန်းလာခဲ့ရသည့် နောက်ပိုင်းတွင် ဘေလုံးပွဲများ၌ အလောင်းအစားပြုလုပ်ကြသော အလေ့အထလည်း ဖြစ်လာခဲ့သည်။ အသင်းအပင်းဖြင့် ဖွဲ့စည်းယှဉ်ပြိုင်ရသော ဘေလုံးကစားနည်းမှာ လူမှုရေးသဘော ဖြစ်သော်လည်း ပွဲကြည့်ပရိသတ်တို့က ကိုယ်အားပေးလိုသောအသင်းကို အနိုင်ရယူလိုသောစိတ်ဖြင့် ဘေလုံးသမားများကိုပါ မက်လုံးပေး၍ ဖျက်ဆီးရာရောက်ခဲ့သည်။ ကမ္ဘာနှင့်အဝန်းအဂတိလိုက်စားမှုရှိတတ်သော ကစားနည်းတွင် အားကစားစိတ်ဓာတ် ဖျက်ပြယ်ရပုံအကြောင်းကို ဗဟိုသိမ်းဆောင်၏ "တိမ်မည်းလွှမ်းသော ငွေစင်ကြယ်" (၁၉၇၉) တွင် ဖတ်ရသည်။

အမှန်စင်စစ် ဝတ္ထုရေးဆရာတို့က ရသဖြင့် ရေးဖွဲ့ကြသလို သမိုင်းဆရာတို့က သမိုင်းမော်ကွန်း ထိုးကြရမြဲဖြစ်သည်။ ဝတ္ထုရေးဆရာတို့သည် ဖြစ်ပျက်ပြီးသမျှတို့ကို စိတ်ကူးဖြင့် ဖန်တီးရေးဖွဲ့လျက် လူ့အဖွဲ့အစည်း၏ အပြောင်းအလဲနှင့် ဝလေ့စရိုက်တို့အတွက် မှတ်တမ်းတင် ထင်ဟပ်ရမြဲပင်ဖြစ်သည်။ ထိုအခါလူမှုအပြောင်းအလဲ၊ ဝလေ့စရိုက်အပြောင်းအလဲတို့လည်း ပါဝင်လေသည်။

လွန်ခဲ့သည့်ရာစုနှစ်ဝက်အတွင်း၌ မြန်မာ့လူနေမှုဘဝအကြောင်းကို ပြည့်စုံအောင်ရေးသား မှတ်တမ်းတင်သော ရသပုံစံမဟုတ်သည့် သုတစာပေများ ပေါ်ထွက်မှုအလွန်နည်းပါးခဲ့လေသည်။ လုံးချင်းစာအုပ်ပုံစံ၊ ဆောင်းပါးပုံစံတို့ဖြင့် အတွေ့ရနည်းလှသည်။ လေ့လာရေးဖွဲ့ တင်ပြစရာ အကြောင်းများစွာတို့တွင် မြို့ပြလူနေမှုအပြောင်းအလဲကို အခြေပြုချက်များ၊ ခေတ်သစ်အနေအထိုင်သို့ကူးပြောင်းမှုအလေ့အထများ၊ သို့တည်းမဟုတ် ကျေးလက်တွင် လူမှုအပြောင်းအလဲများလည်း ပါဝင်မည်ဖြစ်လေသည်။ မကြာသေးမီက ကမ္ဘာလုံးဆိုင်ရာ အသွင်သို့ ပြောင်းလဲမှုနှင့် ခေတ်သစ်အသွင်ကူးပြောင်းမှုတို့ကြောင့် မြန်မာ့ယဉ်ကျေးမှုလူမှုတန်ဖိုးများကို ထိပါးစရာ အကြောင်းရှိလာနေသည်။ ယခုဖော်ပြခဲ့သော ရသစာပေဖြစ်သည့် ဝတ္ထုအချို့၌ ထင်ဟပ်မှုမှာ သုတစာပေဖြစ်သော လက်တွေ့အကြောင်းအရာတို့ ရေးသားထုတ်ဝေမှုနည်းပါးဆဲကာလ၌ မြန်မာ့လူ့ဘောင်နှင့် ယဉ်ကျေးမှုဝလေ့တို့ အပြောင်းအလဲကိုလေ့လာရန်နှင့် အမှတ်အသားပြုရန်အပြင် ဆင့်ပွားပေါ်ပေါက်သည့် ပြဿနာများကို သိရှိနိုင်ရန် အထောက်အကူပြုနိုင်ဖွယ်ဖြစ်ပါသည်။

ဝတ္ထုရေးဆရာတို့က လူ့အဖွဲ့အစည်း၏ မျက်နှာစာအားလုံးတို့ကို စိတ်ကူးဖြင့်ရေးဖွဲ့ရာ၌ ပါဝင်သော ဇာတ်ကောင်တို့က သက်ရှိအလား သက်ဝင်လှုပ်ရှားစေမည် ဖြစ်သည်။ သို့သော် တာဝန်ကျေပွန်သော ဝတ္ထုရေးဆရာတစ်ဦးသည် မိမိဇာတ်လမ်းကို ရေးဖွဲ့ခြင်းမပြုမီ ဒိဋ္ဌဓမ္မ ဖြစ်ပျက်သောချင်းရာတို့ကို နောက်ခံပြုရန်အတွက် မိမိရေးဖွဲ့ရန် အကြောင်းအရာတို့ကို သေချာစွာ လေ့လာရမည်ဆိုသော အချက်မှာလည်း ငြင်းဆိုရန်မရှိသော အကြောင်းပင် ဖြစ်လေသည်။

ဤသို့ဖြင့် ရသစာပေ လက်ရာတို့သည် ဇာခတ်သစ်မြန်မာ့ လူ့အဖွဲ့အစည်းကို လေ့လာနိုင်ရန် အတွက် အခြေခံအချက်များ ပေးနိုင်သော လက်ရာများဖြစ်ပေသည်။

(ဤစာတမ်းမှာ 'တိုက်စိုး' အမည်ခံ မြန်မာ့ သမိုင်းအဖွဲ့ဝင်၊ ဦးသန်းထွတ် (အငြိမ်းစား) ယဉ်ကျေးမှုဗိမာန်ညွှန်ကြားရေးမှူးချုပ်နှင့် ဦးသော်ကောင်းအမည်ခံ မြန်မာ့သမိုင်း အဖွဲ့ဝင်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး (အငြိမ်းစား) တို့ ပူးတွဲရေးသား၍ နိုင်ငံတကာစီးပွားရေး ဗဟိုဌာနတွင် ဖတ်ရှုခဲ့သော ***Post Colonial Society and Culture, Reflections in Myanmar Novels of The Last 50 Years*** *အမည်ရှိအင်္ဂလိပ် ဘာသာစာတမ်းကို စာရေးသူတို့၏ ခွင့်ပြု ချက်ဖြင့် ဦးမျိုးသန့် (မောင်ဆုရှင်) က ပြန်ဆိုပြုစု ရေးသားပါသည်။)*

ဦးသန်းထွတ် (တိုက်စိုး)

ဦးသော်ကောင်း

အပိုင်း - ၃

၁၉၉၉ - ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား ရေးသားထားပါသည်။ အကြောင်းရပ်များကို ကမ္ဘာ့အထိ အကွက်ရာစဉ်၍ ဖော်ပြထားပါသည်။

ကနေဒါနိုင်ငံ။ ။ပြင်သစ်ဘာသာ စကား:ကို အဓိကပြောကြား:သော ကွိဘက်ပြည်နယ်မှအပ ကနေဒါဖက်ဒရေး:ရှင်း:၏ ဖက်ဒရယ်အစိုး:ရနှင့် ပြည်နယ်နှင့်နယ်စပ်ဒေသအစိုး:ရ အဖွဲ့.များ:အကြား: လူမှုရေး:ဆိုင်ရာ ယူနီယံအဖွဲ့.သဘောတူညီမှုကို ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့တွင် အော့တိုဝါမြို့၌ လက်မှတ်ရေး:ထိုး:ခဲ့သည်။ သုံး:နှစ်သက်တမ်း:ရှိသည့် အဆိုပါ သဘောတူညီမှုတွင် ကျန်:မာရေး:နှင့် အခြား:လူမှုရေး:လုပ်ငန်း:များ:အတွက် အများ:ပြည်သူဆိုင်ရာ အသုံး:စရိတ်နှင့်စပ်လျဉ်း:ပြီး ပြည်နယ်အစိုး:များနှင့် ဖက်ဒရယ်အစိုး:ရတို့၏ အခွင့်အရေး:များ:နှင့် တာဝန်များ:ကို ပြဋ္ဌာန်း:ထား:သည်။

ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် ဘဏ္ဍာရေး:ဝန်ကြီး:ပေါလ်မာတင်က ၁၉၉၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် စတင်မည့် ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေး:နှစ်အတွက် ဘတ်ဂျက်ကို အောက်လွတ်တော်သို့တင်သွင်း:ခဲ့သည်။ ယင်း:ဘတ်ဂျက်တွင် ဝင်ငွေနှုန်း: လျှော့ချမှု မပါဝင်ခဲ့ချေ။ သို့ရာတွင် ၁၉၉၉ ခုနှစ် မတ်လ ၃၀ ရက်မှ ၂၀၀၂ ခုနှစ် ဘဏ္ဍာရေး:နှစ်အတွင်း: ဘဏ္ဍာရေး:နှစ် သုံး:နှစ်အတွက် ကနေဒါဒေါ်လာ ၇ ဒဿမ ၇ ဘီလီယံအထိရှိမည့် အခွန်သက်သာခွင့် ဆောင်ရွက်မှုများ:ကို ဘဏ္ဍာရေး:ဝန်ကြီး:ပေါ်လ်မာတင်က ကြေညာသွား:ခဲ့သည်။

ပေါ်လ်မာတင်က အင်အား:ကောင်း:မွန်သည့် နိုင်ငံစီး:ပွား:ရေး:ကို နောက်ခံပြုလျက် ၄င်း:၏ ဘတ်ဂျက်ကို လွှတ်သို့ တင်သွင်း:ခဲ့ခြင်း:ဖြစ်သည်။ ကနေဒါနိုင်ငံစာရင်း:အင်း:အဖွဲ့.များ:၏ ကိန်း:ဂဏန်း:များ:အရ အလုပ်လက်မဲ့နှုန်း:မှာ ၁၉၉၉ ခုနှစ် ဇန်နဝါရီလတွင် ၇ ဒဿမ ၈ ရာခိုင်နှုန်း:သို့ ကျဆင်း:ခဲ့ပြီး ငွေကြေး:ဖောင်း:ပွမှုနှုန်း:မှာလည်း: ၁၉၉၉ ခုနှစ် ဇန်နဝါရီလတွင် ၀ ဒဿမ ၆ ရာခိုင်နှုန်း:သို့ လျှော့ကျ သွား:ခဲ့သည်ဟု သိရှိရသည်။

လိင်တူချင်း ပေါင်း:ဖက်မှုဆိုင်ရာ တရား:လွှတ်တော်ချုပ် ဆုံး:ဖြတ်ချက်– လိင်တူချင်း:ပေါင်း:ဖက်မှုကို ဇနီး:ခင်ပွန်း:အဖြစ် သတ်မှတ်နိုင်သည်ဟု ကနေဒါနိုင်ငံ တရား:လွှတ်တော်ချုပ်က ရှစ်မဲတစ်မဲဖြင့် မေလ ၂၀ ရက်နေ့က ဆုံး:ဖြတ်လိုက်ခြင်း:ဖြင့် လက်ထပ်ခြင်း: မပြုသော်လည်း: ပေါင်း:ဖက်နေထိုင်မှု အကျိုး:ဆက်ကြောင့် အများ:နှင့်ဆိုင်သော ဥပဒေကပေး:ထား:သည့် အခွင့်အရေး:အတိုင်း: လိင်တူပေါင်း:ဖက်နေထိုင်သူစုံတွဲများ: အနေဖြင့်တူညီသော အခွင့်အရေး:များ:ကို ရရှိစေနိုင်မည် ဖြစ်သည်။ ယောကျာ်:ချင်း: လိင်တူဆက်ဆံသူများ:နှင့် မိန်း:မချင်း: လိင်တူဆက်ဆံသူများ:ကြာရှင်း: ပြတ်စဲ ကြသောအခါ လင်က မယား:ကို ပေး:ရသော စရိတ်တောင်း:ဆိုမှုကို ပိတ်ပင်တား:မြစ်ထား:သည့် အွန်တာရီယိုပြည်နယ် ဥပဒေကို ထိုး:နှက်လိုက်သည့် အထက်ပါ ဆုံး:ဖြတ်ချက်သည် ယင်း:ပြည်နယ်မှ ကွန်ဆာဗေး:တစ်ပါတီဝန်ကြီး:ချုပ် မိုက်ဟာရစ်အတွက် ရုံး:နိမ့်မှုတစ်ခု ဖြစ်ခဲ့ပေသည်။ ဝန်ကြီး:ချုပ်မိုက်ဟာရစ်က တရား:လွှတ်တော်ချုပ်၏ ဆုံး:ဖြတ်ချက် လေး:စား:လိုက်နာရန် ဝေဖန်ဆန်း:စစ်ခြင်း:ခံနေရသည့် ယင်း:ဥပဒေကို အဆောတလျင် ပြန်လည်သုံး:သပ်မည်ဟု ကတိပြုခဲ့သည်။ တရား:လွှတ်တော်ချုပ်၏ ဆုံး:ဖြတ်ကြေညာပြီး:နောက် ယင်း:နှင့် လိုက်လျောညီထွေဖြစ်စေရန် လွှတ်တော်မှ အတည်ပြုခဲ့သော ဥပဒေပြဋ္ဌာန်း:ချက် ၅၈ ခုကို ပြင်ဆင်ရန် အစီအစဉ်များ:ကို အစိုး:ရက ကြေညာခဲ့သည်။

မသမာမှုနှင့်စပ်လျဉ်းပြီး တရား:ရုံး ပြင်ပကျေအေး:မှု– ကနေဒါနိုင်ငံ ဖက်ဒရယ်အစိုး:ရသည် အစိုး:ရ အနေဖြင့် (Pierre Trudeau) အစိုး:ရအဖွဲ့.ဝင် ဝန်ကြီး:ဟောင်း: တစ်ဦး:ဖြစ်သူ ဂျွန်မန်ရိုအား: လျော်ကြေး:ငွေအဖြစ် ကနေဒါဒေါ်လာ ၈၀၀,၀၀၀ ပေး:မည့် ကန့်သတ်ချက်အရ တရား:ရုံး ပြင်ပကျေအေး:မှုကိုသဘောတူညီပြီး:ဖြစ်ကြောင်း: သိရှိရသည်။ မန်ရိုသည်၁၉၈၄ ခုနှစ် ရွေး:ကောက်ပွဲ မဲဆွယ်ပွဲတွင် ကျူး:လွန်ဖောက်ဖျက်မှုများ: ရှိခဲ့သည်ဟု ပြဿနာတက်ခဲ့ရာ ၁၉၈၉ ခုနှစ်တွင် စွဲချက်တင်ခံခဲ့ရသည်။ ထို့ပြင် မန်ရိုသည် အင်ဒီယန်း:လူမျိုး:ရေး:ရာနှင့် မြောက်ပိုင်း:ဒေသဖွံ့.ဖြိုး:ရေး:ဝန်ကြီး:အဖြစ် တာဝန်ထမ်း:ဆောင်ခဲ့စဉ်က အင်ဒီး:ယန်း:အမျိုး:သား: ညီအစ်ကိုနောင်ရင်း:အဖွဲ့.သို့ကနေဒါဒေါ်လာ ၁ ဒဿမ ၅ သန်း: ခွင့်ပြုချက်ကို အတည်ပြုခဲ့ပြီး: အပြန်အလှန်အနေဖြင့် ယင်း:အဖွဲ့.က ၄င်း:ပြန်လည်ရွေး:ချယ်တင်မြှောက်ခြင်း:ခံရရေး:ကို ပံ့ပိုး:ရန်ငွေများ: လှူဒါန်း:ခဲ့သည်ဟု စွပ်စွဲမှုများ:ကလည်း: ရှိနေခဲ့သည်။ သို့ရာတွင် ၄င်း:၏ အမှုကို သက်သေမခိုင်လုံသည့်အတွက် ၁၉၉၁ ခုနှစ်တွင် ပလပ်ခဲ့သည်။ သို့ဖြစ်ရာ ဂျွန်မာရိုက သူ့.အပေါ် တရား:စွဲဆိုချက်မှာ အာဃာတဖြင့် လုပ်ဆောင်ခဲ့မှုသာဖြစ်ကြောင်း: ပြောကြား:လျက် နစ်နာခဲ့ရမှုများ:အတွက် ကနေဒါဒေါ်လာ ၅ဒဿမ ၇ သန်း:ပြန်လည်ရရှိရန် အစိုး:ရကို ဥပဒေကြောင်း: အရ တရား:စွဲဆိုခဲ့သည်။ သို့ရာတွင် တရား:ရေး:ကုန်ကျစရိတ်လျော်ကြေး:အတွက် တရား:ရုံး ပြင်ပကျေအေး:မှုကို လက်ခံသဘော တူညီခဲ့သည်။

ပြည်နယ်အစိုး:ရအဖွဲ့. ရွေး:ကောက်ပွဲများ:– ဝန်ကြီး:ချုပ်မိုက်ဟာရစ် ဦး:ဆောင်သော၊ တိုး:တက်သော ကွန်ဆာဗေး:တစ်ပါတီသည် ဇွန် ၃ ရက်နေ့က ကျင်း:ပသော အွန်တာရီယို

ပြည်နယ် အစိုးရအဖွဲ့. ရွေးကောက်ပွဲတွင် ပြန်လည် အနိုင်ရရှိခဲ့သည်။ ကနေဒါပြည်နယ်များအနက် လူဦးရေ အထူထပ်ဆုံး ဖြစ်သည့် ယင်းပြည်နယ်တွင် ယခုကဲ့သို့အောင်ပွဲဆင်လိုက်ခြင်းမှာ ၁၉၉၃ ခုနှစ် ဖက်ဒရယ်ရွေးကောက်ပွဲတွင် မျက်နှာပမ်းမလှဖြစ်ခဲ့ပြီး နောက်ပိုင်းပါတီ၏ နိုင်ငံရေးပင်မအခြေခံ ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းနေသည့် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီအတွက် အားသစ်တစ်ရပ်ဖြစ်ပေသည်။ ရွေးကောက်ပွဲရလဒ်မှာ လစ်ဘရယ်ပါတီအတွက်လည်း အားတက်စရာ ဖြစ်ခဲ့ပေသည်။ လစ်ဘရယ်ပါတီသည် အမတ်နေရာ ပိုမိုရရှိခဲ့သည်။ လက်ဝဲဂိုဏ်းဖြစ်သည့် နယူးဒီမိုကရက်တစ်ပါတီမှာမူ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ် ကာလအတွင်း ၄င်းတို့ စိုးမိုးအုပ်ချုပ်ခဲ့သော ယင်းပြည်နယ်တွင် နေရာရှစ်နေရာ ရှုံးနိမ့်ခဲ့ရာ ပြင်းထန်သည့် အရေးနိမ့်မှုတစ်ခု ဖြစ်ခဲ့သည်။ တိုးတက်သော ကွန်ဆာဗေးတစ်ပါတီသည် အမျာ်းပြည်သူဆိုင်ရာ အသုံးစရိတ်ထိန်းချုပ်ခြင်းနှင့် အခွန်နှုန်းဖြတ်တောက်မှုကို ဆက်လက်ဆောင်ရွက်ခြင်းဟူသည့် နိုင်ငံရေးလမ်းစဉ်အပေါ် အခြေခံကာ ပြန်လည်ရွေးချယ်တင်မြှောက်ခံရအောင် လုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဝန်ကြီးချုပ် မိုက်ဟာရစ် ဦးဆောင်သည့် အစိုးရအဖွဲ့က ပြည်နယ်များမှ ဝင်ငွေခွန်ကို ၁၉၉၅ ခုနှစ်မှစပြီး ၃၀ ရာခိုင်နှုန်း ဖြတ်တောက်လျှော့ချခဲ့သည်။ ထို့အပြင် အစိုးရအဖွဲ့သည် ဖေဖော်ဝါရီလက ဖက်ဒရယ် ဘတ်ဂျက်တင်သွင်းခဲ့ပြီး နောက်ပိုင်းကျန်းမာရေးတွင် အသုံးစရိတ်ဖြတ်တောက်မှုကိုပြန်လည်ပြင်ဆင်ပြီး မူလအတိုင်းဖြစ်အောင် ကဲကောင်းထောက်မစွာ ဆောင်ကြဉ်းနိုင်ခဲ့သည်။

တစ်ဖန် ဇူလိုင်လ ၂၇ ရက်နေ့က ကျင်းပသော နိုဗာစကိုရှား ပြည်နယ်ရွေးကောက်ပွဲတွင်လည်း ဂျွန်ဟမ်းဦးဆောင်သည့် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီက မမျှော်လင့်ဘဲဝန်ကြီးချုပ်ရပ်ဆယ်မက်လဲလန်ဦးဆောင်သည့် လက်ရှိအာဏာရလစ်ဘရယ်ပါတီအပေါ် အနိုင်ရရှိခဲ့သည်။ တိုးတက်သော ကွန်ဆာဗေးတစ်ပါတီသည် ဘဏ္ဍာရေးထိန်းချုပ်မှုနှင့် မိသားစုတန်ဖိုးများဟူသည့် ပါတီနိုင်ငံရေးလမ်းစဉ်အပေါ် အခြေခံကာ မဲဆွယ်စည်းရုံး လှုပ်ရှားခဲ့ခြင်း ဖြစ်သည်။ အစိုးရအဖွဲ့ဖွဲ့စည်းနိုင်မည့်အလားအလာရှိသည်ဟု မူလက ထင်မြင်ယူဆခဲ့သော ရောဘတ်ချိစ်ဟုမ်းဦးဆောင်သည့် နယူးဒီမိုကရက်တစ်ပါတီမှာမူ ဒုတိယနေရာကသာ လိုက်ခဲ့သည်။ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားသည့် နောက်ဆုံးရက်များတွင် တစ်ချိန်က ချိစ်ဟုမ်းသည် အရက်မူးပြီး ကားမောင်းခဲ့ဖူးသည်ဆိုသည့် ကိစ္စများပေါ်ပေါက်ခဲ့ရာ ပါတီအနေဖြင့် ထိခိုက်ခဲ့ရသည်။ ၁၉၉၃ ခုနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ကို အုပ်ချုပ်ခဲ့သည့် လစ်ဘရယ်ပါတီကမူ တတိနေရာက လိုက်ခဲ့သည်။ နိုဗာစကိုရှား ပြည်နယ်တွင် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီက အနိုင်ရရှိလိုက်ခြင်းမှာ ဇွန် ၇ ရက်နေ့က နယူးဘရမ်းစ်ဝစ် ပြည်နယ်ရွေးကောက်ပွဲတွင် လစ်ဘရယ် ပါတီအပေါ် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီက အပြတ်အသတ် အနိုင်ရရှိခဲ့မှုကို ထပ်ဆင့် အောင်ပွဲခံလိုက်ခြင်း ဖြစ်သည်။

ဩဂုတ် ၃ ရက်နေ့တွင် ကနေဒါနိုင်ငံ ဖက်ဒရယ် ဗဟိုအစိုးရအဖွဲ့ဝန်ကြီးချုပ် ဂျင်းခရက်ရှန်က အစိုးရအဖွဲ့အတွင်း ပြင်ဆင်ဖွဲ့စည်းမှုကို ကြေညာခဲ့သည်။ ၄င်းအနေဖြင့် ၂၀၀၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ကျင်းပရန်ရှိသည့် အထွေထွေရွေးကောက်ပွဲကာလအထိ လစ်ဘရယ်ပါတီ အစိုးရအဖွဲ့ကို ဦးဆောင်သွားရန် ရည်ရွယ်သည်ဟု ပြောကြားခဲ့သည်။ ယခုကဲ့သို့ အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းကို အငယ်တန်းအဆင့်ရာထူးများ၌ အစိုးရအဖွဲ့ ပုံစံကို ပြန်လည်ပြုပြင်ခြင်း လုပ်ဆောင်ချက်အဖြစ် ရှုမြင်သုံးသပ်ကြသည်။ ယခု ပြင်ဆင်ဖွဲ့စည်းမှုတွင် အစိုးရအဖွဲ့ အထက်တန်းရာထူးများကို ထိခိုက်ခြင်း မရှိပေ။ အငယ်တန်းဝန်ကြီးများကိုသာ ဖယ်ရှားခဲ့ခြင်း ဖြစ်သည်။

ရှေ့ဆင့် နောက်ဆင့်ဆိုသလိုပင် အောက်တိုဘာ ၄ ရက်နေ့တွင် ဝန်ကြီးချုပ် ဂျင်းခရက်ရှန်က ဘားနဒ်ဘိုးဒရီယောအား အထက်လွှတ်တော်၏ အစိုးရအဖွဲ့ ခေါင်းဆောင်အဖြစ် ခန့်အပ်မှုကို ကြေညာခဲ့သည်။ အထက်လွှတ်တော်အမတ် ဘားနဒ်အလစ်တဲယား ဂရေဟမ်၏ နေရာတွင် အစားထိုးခန့်အပ်ခြင်း ဖြစ်သည်။ ဤသို့ အစားထိုး ခန့်အပ်ခြင်းမှာ ၁၉၉၃ ခုနှစ် အထွေထွေရွေးကောက်ပွဲ ပြီးသည့် နောက်ပိုင်း ၄၅ ဦး မြောက် အစားထိုးခန့်အပ်ခြင်း ဖြစ်သည်။ အထက်ပါ ပုဂ္ဂိုလ်နှစ်ဦးစလုံးမှာ လစ်ဘရယ်ပါတီမှပင် ဖြစ်ကြသည်။


ဤအတောအတွင်း လူအခွင့်အရေးဆိုင်ရာ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ဖက်ဒရယ် ဗဟိုအစိုးရက အယူခံဝင်ခဲ့ရာ ဖက်ဒရယ်တရားရုံးတွင် အောက်တိုဘာလ ၁၉ ရက်နေ့ ပယ်ချခဲ့သဖြင့် အစိုးရ အထိနာခဲ့သည်။ လူအခွင့်အရေးဆိုင်ရာ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်တွင် အစဉ်အလာအရ အမျိုးသမီးအများစု လုပ်ကိုင်သော လုပ်ငန်းများတွင် လုပ်ကိုင်ကြသော်လည်း အမျိုးသားအများစု လုပ်ကိုင်သော လုပ်ငန်းများတွင်ရှိ အမျိုးသားအလုပ်သမားများထက် လစာပို၍ နည်းပါးစွာ ရရှိကြသော လက်ရှိနှင့် ယခင် အမျိုးသမီးအလုပ်သမား ၂၃၀,၀၀၀ တို့အား လုပ်ခနှင့် အကျိုးအမြတ်

ပေးငွေအဖြစ် ကနေဒါ ဒေါ်လာ ၅ ဘီလီယံကို အစိုးရက ပေးရမည်ဟု ဖော်ပြထား၊သည်။ ယခုကဲ့သို့ တရား၊ရုံး၊က ပယ်ချခဲ့သော် အမျာ်း၏ ဝေဖန်မှုကို ခံနေရသည့် လုပ်ခလစာ ကွာခြား၊မှုပြဿနာတွင် ကနေဒါ ဖက်ဒရယ်ဗဟိုအစိုးရအာ၊ဥပဒေအရ တန်း၊တူဖြစ်စေရန် အမျာ်း၊ဆုံး၊ ပြန်လည်ပေး၊ဆပ်ရယူမှုကို ဖြစ်စေသည်ဟု ဆိုသည်။

ဒီဇင်ဘာ ၂၂ ရက်နေ့တွင် ဝန်ကြီး၊ချုပ် ကျင်း၊ခရက်ရှန်က ကိုဘတ်ပြည်နယ် အယူခံတရား၊ရုံး၊ တရား၊သူကြီး၊လူ၊ဝစ်လီဘယ်လ်ကို တရား၊လွှတ်တော်ချုပ် တရား၊သူကြီး၊အဖြစ် ခန့်အပ်လိုက်ကြောင်း၊ ကြေညာခဲ့သည်။

ကလေး၊သူငယ်အခွင့်အရေး၊များဆိုင်ရာ သဘောတူစာချုပ်။ ။ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုပြဋ္ဌာန်း၊ခဲ့သည့် အပြည်အပြည်ဆိုင်ရာ သဘောတူစာချုပ်တစ်ခုဖြစ်သည့် ကုလသမဂ္ဂ ကလေး၊သူငယ်အခွင့်အရေး၊များဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child)ကို ၁၉၈၉ ခုနှစ်၌ ကုလသမဂ္ဂ အထွေထွေညီလာခံတွင်လက်ခံ၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ၊များက စတင်ပါဝင် လက်မှတ်ရေး၊ထိုး၊ခဲ့ကြရာ ၁၉၉၉ ခုနှစ်၌ ၁၀ နှစ်မြောက် နှစ်ပတ်လည်သို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံသည် ကလေး၊သူငယ်အခွင့်အရေး၊များဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၁ ခုနှစ်



ကလေး၊သူငယ်အခွင့်အရေး၊များဆိုင်ရာ
ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်(၁၀)နှစ်မြောက်
နှစ်ပတ်လည်အခမ်း၊အနား

တွင် ပါဝင်လက်မှတ်ရေး၊ထိုး၊ခဲ့သည်။ ကလေး၊သူငယ် အခွင့်အရေး၊များဆိုင်ရာ သဘောတူစာချုပ် (၁၀)နှစ်မြောက် နှစ်ပတ်လည်အခမ်း၊အနား၊ကို ၂၄-၁၁-၉၉ နေ့၌ ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ စီး၊ပွား၊ရေး၊လုပ်ငန်း၊ဗဟိုဌာနတွင် ကျင်း၊ပနိုင်ခဲ့သည်။

ကလေး၊သူငယ် အခွင့်အရေး၊များဆိုင်ရာ သဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေး၊ထိုး၊ပြီး၊နောက် ပြည်ထောင်စုမြန်မာနိုင်ငံသည် ကုလသမဂ္ဂ သဘောတူစာချုပ်ပါ ပြဋ္ဌာန်း၊ချက်များကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် ကလေး၊သူငယ် ဥပဒေသစ်ကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်း၊ခဲ့သည်။ ကလေး၊သူငယ်ဥပဒေအရ ကလေး၊သူငယ် အခွင့်အရေး၊များဆိုင်ရာ အမျိုး၊သား၊ကော်မတီ(NCRC- National Committee on the Rights of the Child)ကို ဖွဲ့စည်း၊ဆောင်ရွက်ခဲ့သည်။ လုပ်ငန်း၊များ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန် အမျိုး၊သား၊ကော်မတီသည် ကလေး၊သူငယ်အခွင့်အရေး၊များဆိုင်ရာ ပြည်နယ်၊ တိုင်း၊ အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ကော်မတီများကို ဆက်လက်ဖွဲ့စည်း၊ခဲ့သည်။ ကလေး၊သူငယ်များ၏ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုး၊တိုး၊တက်ခွင့်နှင့် လူ့အဖွဲ့အစည်း၊အတွင်း ပါဝင်ဆောင်ရွက်ခွင့် စသည့် အခွင့်အရေး၊များအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊များနှင့် ညှိနှိုင်း၊ပေါင်း၊စပ်စီစဉ်ဆောင်ရွက်ခဲ့သည်။

ကလေး၊သူငယ်အခွင့်အရေး၊များဆိုင်ရာ သဘောတူစာချုပ် (၁၀) နှစ်မြောက် နှစ်ပတ်လည် အခမ်း၊အနား၊ကို ကျင်း၊ပရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံအနေဖြင့် ရည်ရွယ်ချက်(၃)ရပ်ကို ချမှတ်ကျင်း၊ပခဲ့သည်။ ထို ရည်ရွယ်ချက်များ၊မှာ-

- ကလေး၊သူငယ်အခွင့်အရေး၊များဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ပေါ်ထွက်လာခြင်း၊အား၊ ဂုဏ်ပြုရန်၊
- ကလေး၊သူငယ်အခွင့်အရေး၊များဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ပါ ပြဋ္ဌာန်း၊ချက်များ၊အပေါ် လိုက်နာဆောင်ရွက်မှုမှ အကောင်အထည်ဖော် ဆောင်ရွက်မှုသို့ တိုး၊မြှင့်ရန်၊
- အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာအစိုးရဌာနများနှင့် လူမှုရေး၊အဖွဲ့အစည်း၊များ၊အား၊လုံး၊ ဦး၊တည်ချက်များ၊အား၊ သဘောပေါက် နား၊လည်ပြီး၊ စုစည်း၊မှုရှိစေရန် တို့ဖြစ်သည်။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်သည် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှစ၍ နိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး၊ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂ ရက်နေတွင် စတင်အကျိုးသက်ရောက်ခဲ့သည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ဆိုမာလီရာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုမှအပ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၁ နိုင်ငံက လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ထိုကြောင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်သည် လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များအနက် နိုင်ငံရေးအရ အကျယ်ပြန့်ဆုံး ပံ့ပိုးမှုရခဲ့သည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတို့တွင် ပါရှိသည့် လူသားအားလုံး၏ တန်ဖိုးနှင့်ဂုဏ်သိက္ခာကိုလေးစားသည့်အနေဖြင့် လူမျိုး၊ အသားအရောင်၊ ကျား၊ မ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးအမြင်၊ နိုင်ငံသားအမျိုးအစား၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားမှုနှင့် အခြားအခြေအနေ



ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် (၁၀)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား

အရပ်ရပ်တို့ကို ခွဲခြားခြင်းမရှိဘဲ လွတ်လပ်မှုနှင့် အခွင့်အရေးအာလုံးကို ဖော်ဆောင်ခြင်းဖြင့် အစပြုခဲ့သည်။ စာချုပ်သည် ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကာကွယ်စောင့်ရှောက်ရာတွင် လူသား



ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် (၁၀)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် မူလတန်းကြိုကျောင်းရင်သွေးငယ်များ၏ အကစွမ်းရည်

အား:လုံး၏ ယဉ်ကျေး:မှု၊ ဓလေ့ထုံး:စံဆိုင်ရာ တန်ဖိုး:ထား:မှု အရေး:ကြီး:ပုံကိုလည်း စာချုပ်ပါဝင်ဖက် နိုင်ငံများ:က ဂရုပြုကြရန် ညွှန်ပြထား:သည်။ စာချုပ်တွင် စည်း:မျဉ်း ဥပဒေသ(၅၄)ခု ပါဝင်သည်။

စာချုပ်တွင် ကလေး:သူငယ် သတ်မှတ်ချက်အား: "မိမိနှင့် သက်ဆိုင်သည့် ဥပဒေအရ အရွယ်စေ့စွာရောက် သည်မှအပ အသက် ၁၈ နှစ်အောက် လူသား:တိုင်း:ကိုဆိုလို သည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထား:သည်။ စာချုပ်တွင် အဓိက အခြေခံမူ ၂ ရပ်ရှိရာ ခွဲခြား:မှုမရှိရေးနှင့် ကလေး:သူငယ်၏ အကျိုး:ကို အများ:ဆုံး:ဖြစ်ပေါ်စေရေး:ပင်ဖြစ်သည်။ စာချုပ် ပြဋ္ဌာန်း:ချက်ဥပဒေများ:အရ သက်ဆိုင်ရာ ပါဝင်ဖက်နိုင်ငံ များ:သည် ကလေး:သူငယ်များ:၏ အသက်ရှင်သန်ရေး:နှင့် ဖွံ့ဖြိုး တိုး:တက်ရေး:တို့အတွက် အများ:ဆုံး:ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ စာချုပ်တွင် ကလေး:သူငယ် များ:၏ အသက်ရှင်သန်ခွင့်၊ လူမျိုးဆိုင်ရာရပိုင်ခွင့်၊ ထင်မြင် ယူဆချက်ဖော်ပြခွင့်၊ စဉ်:စား:တွေး:ခေါ်ခွင့်နှင့် ဘာသာ တရား:ဆိုင်ရာ အခွင့်အရေး:များ:ပါဝင်သည်။ ကလေး:သူငယ် များ:အား: ထိပါး:ခြင်း:၊ အလွဲသုံး:မှု၊ လိင်မှုဆိုင်ရာ လွဲမှား:စွာ ပြုကျင့်မှုများ:မှ ကာကွယ်စောင့်ရှောက်ရန်နှင့် အပြစ်ပေး: အရေး:ယူရန်တို့အတွက် ပါဝင်ဖက်နိုင်ငံများ:က ဆောင်ရွက် ရမည်ဖြစ်သလို၊ ကလေး:သူငယ်များ:အား: ရောင်း:ဝယ် ဖောက်ကား:မှုကိုလည်း တား:မြစ်ပိတ်ပင်ရမည်ဖြစ်သည်။ ကလေး:သူငယ်များ:အား: ညှဉ်း:ပန်း:နှိပ်စက်ခြင်း:၊ လူသား: မဆန်စွာဆက်ဆံခြင်း:၊ ပြင်:ထန်စွာအပြစ်ပေး:ခြင်း: စသည် တို့မှ ကာကွယ်ရန်အတွက်လည်း ပါဝင်ဖက်နိုင်ငံများ:က ဆောင်ရွက်ရမည်ဖြစ်သည်။

စာချုပ်ပါဝင်ဖက် နိုင်ငံများ:သည် ကလေး:များ:ကို ကျန်းမာရေးဆိုင်ရာ ခံစား:ခွင့်၊ လူမှုလုံခြုံရေး:ရရှိခွင့်၊ ကလေး: များ:၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ ဘက်စုံဖွံ့ဖြိုး:တိုး:တက် မှုအတွက် လုံလောက်သော လူနေမှုအဆင့်အတန်း ခံစား:ခွင့်စသည့် အခွင့်ရေး:များ: ရရှိစေရန် အသိအမှတ်ပြု ဆောင်ရွက်ရမည်။ စာချုပ်တွင် ကလေး:သူငယ်၏ ပညာရေး: အခွင့်အလမ်း:များ:ရရှိစေရန် အသေး:စိတ်ဆောင်ရွက်ရမည့် အချက်အလက်များ:ကိုလည်း ဖော်ပြထား:သည်။ ကလေး: တစ်ဦး:ရရှိသင့်သော အခွင့်အရေး၊ အား:လပ်မှုနှင့် အပန်း:ဖြေ အနာ:ယူမှုဆိုင်ရာ အခွင့်အရေး၊ ယဉ်ကျေး:မှု၊ အနုပညာ ဆိုင်ရာနှင့်အပန်း:ဖြေဆိုင်ရာ လှုပ်ရှား:မှုများ:အတွက် ပါဝင် ဆင်နွှဲရန် အခွင့်အရေး:များ:ရှိရမည်ကို ဖော်ပြထား:သည်။

ထို့အပြင် စာချုပ်တွင် ကလေး:သူငယ်များ:အား: စီး:ပွား:ရေး:ဆိုင်ရာ အမြတ်ထုတ်ခေါင်း:ပုံဖြတ်ခြင်း:ကို အလေး: အနက် တား:မြစ်ထား:ပြီး:၊ စာချုပ်ပါဝင်ဖက် နိုင်ငံများ: အနေဖြင့် ကလေး:သူငယ်များ:အား: စီး:ပွား:ရေးခေါင်း:ပုံဖြတ်မှုမှ ကာကွယ်မှုရရှိရေး:၊ ကလေး:သူငယ်များ:၏ ပညာရေး:ကို အနှောင့်အယှက်ဖြစ်စေသော ဘေး:ရန်မကင်း:သည့် အလုပ်များ:၊ ကလေး:သူငယ်များ:၏ ကျန်း:မာရေး:၊ ကာယ၊ ဉာဏ၊ စိတ်၊ ဘာသာရေး:၊ စာရိတ္တ၊ လူမှုရေး:ဆိုင်ရာ တိုး:တက်ဖွံ့ဖြိုး:မှုအတွက် အန္တရာယ်ရှိသော မည်သည့်အလုပ် များ:ကိုမဆို လုပ်ကိုင်ခြင်း:မှ ကာကွယ်မှုပေး:ရေး:တို့ကို ထည့်သွင်း ဖော်ပြထား:သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကလေး:သူငယ် အခွင့်အရေး:များ:ဆိုင်ရာ သဘောတူစာချုပ် ၁၀ နှစ်မြောက် နှစ်ပတ်လည် အခမ်း:အနား:ကို ရန်ကုန်မြို့၊ အပြည်ပြည် ဆိုင်ရာ စီး:ပွား:ရေး:လုပ်ငန်း: ဗဟိုဌာနတွင် ကျင်း:ပရာ အခမ်း:အနား:တွင် လူမှုဝန်ထမ်း:ဦး:စီး:ဌာန မူလတန်း:ကြို ကျောင်း:များ:မှ မူကြိုအရွယ်ကလေး:များ:၏ အကစွမ်း:ရည်ဖြင့် တင်ဆက်ဖျော်ဖြေခြင်း:၊ ကလေး:သူငယ် လှုပ်ရှား:မှုဆိုင်ရာ ဓာတ်ပုံပြပွဲ ခင်း:ကျင်း:ပြသခြင်း: စသည်တို့ကို စီစဉ် ဆောင်ရွက်ခဲ့သည်။

ဤအခမ်း:အနား:ကျင်း:ပဆောင်ရွက်ခြင်း:ဖြင့် ကလေး: သူငယ်အခွင့်အရေး:များ:ဆိုင်ရာ သဘောတူစာချုပ်ကို အများ:ပြည်သူများ: ပိုမိုသိရှိနား:လည်ပြီး၊ ကလေး:သူငယ်များ:၏ အကောင်ဆုံး: အကျိုး:စီး:ပွား:အတွက် ဆောင်ရွက်ရာတွင် ပူပေါင်း:ဆောင်ရွက်မှုများ: ပိုမိုရရှိလာမည် ဖြစ်ပေသည်။

ကုလသမဂ္ဂ ။ ။ ဒုတိယကမ္ဘာစစ်ကြီး ပြီး:သည့်နောက် နိုင်ငံတကာမိသား:စုအဖွဲ့ကြီး ဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ကြီး:ကို (၂၄.၁၀.၄၅) နေ့တွင်အောင်မြင်စွာဖွဲ့စည်း နိုင်ခဲ့ကြ လေသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး အနေဖြင့် အဖွဲ့ကြီး:၏ ရည်မှန်:ချက်များ:ကို ပေါက်မြောက်အောင်မြင်အောင် အကောင် အထည်ဖော်နိုင်ရေး:အတွက် ပင်မအဖွဲ့ခွဲကြီး (၆) ခုဖွဲ့စည်း ထား:သည်။ ယင်း:တို့မှာ

၁။ အထွေထွေညီလာခံ (U.N.G.A United Nations Greneral Assembly)

၂။ လုံခြုံရေးကောင်စီ(U.N.S.C. United Nations Security Council)

၃။ စီးပွားရေးနှင့် လူမှုရေးကောင်စီ (E.C.O.S.O.C Economic and Social Council)

၄။ အပြည်ပြည်ဆိုင်ရာ တရားရုံးချုပ် (UNICJ United Nations International Court of Justice)

၅။ အထွေထွေအတွင်းရေးမှူးချုပ်ရုံး (Secretary)

၆။ ထိန်းသိမ်းရေးကော်မတီ (Trusteeship) တို့ဖြစ်ကြသည်။

အထွေထွေညီလာခံ – ကုလသမဂ္ဂအဖွဲ့ကြီးတွင် အဓိကအကျဆုံး၊ အရေးအကြီးဆုံးနှင့်၊ ပဓာနအကျဆုံးမှာ အထွေထွေညီလာခံကြီး ဖြစ်သည်။ (၅၄) ကြိမ်မြောက် အထွေထွေညီလာခံကြီးကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ၁၉၉၉ ခုနှစ် စက်တင်ဘာလ (၁၄) ရက်နေ့မှ ဒီဇင်ဘာလ (၂၃) ရက်နေ့ အထိကျင်းပခဲ့သည်။

ညီလာခံသဘာပတိ – ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကျင်းပနေချိန်တွင် ညီလာခံကြီးကို ဦးဆောင်သွားနိုင်ရန် အထက်သဘာပတိရွေးချယ်တင်မြှောက်ရသည်။ ပထဝီဒေသအလိုက် ရွေးချယ်တင်မြှောက်ရခြင်း ဖြစ်လေရာ (၅၄) ကြိမ်မြောက် အတွက် သဘာပတိကို အာဖရိကနိုင်ငံများ အုပ်စုက ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ ယင်းဒေသရှိအဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံတင်ပြချက်အရ နမီဘီးယား နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး မစ္စတာသီအိုဘင်ဂူရက်(ဖ) **H.E. Mr.Theo Ben Gurab** ကို ညီလာခံသဘာပတိ အဖြစ် တစ်ညီတစ်ညွတ်တည်း ရွေးချယ်တင်မြှောက် ခဲ့ကြသည်။

အထွေထွေအတွင်းရေးမှူးချုပ် – ကုလသမဂ္ဂအဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ်မှာ သတ္တမမြောက်အတွင်းရေးမှူးချုပ် တာဝန်ယူနေရသည့် ဂါနာနိုင်ငံသား မစ္စတာကိုဖီအန်နန် ဖြစ်သည်။

အဖွဲ့ဝင်များ တိုးတက်လာခြင်း – (၅၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ကာလအတွင်း အဖွဲ့ဝင်နိုင်ငံသစ် (၃) နိုင်ငံဝင်ရောက်ခွင့် ရခဲ့သည်။ ယင်းတို့မှာ (၁) ကိရိဘာတီ သမ္မတနိုင်ငံ (The Republic of Kiribasi) (၂) နော်ရူး (Nauru) နှင့် (၃) တွန်ဂါး (The King of Tanga) တို့ဖြစ်ကြသည်။ ထို့ကြောင့် (၅၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပချိန်တွင် အဖွဲ့ကြီး၌ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၈၈) နိုင်ငံ ရှိသွားပြီး ဖြစ်လေသည်။

လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ – ကုလသမဂ္ဂအဖွဲ့ကြီး၏ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင် (အမြဲတမ်းမဟုတ်သောအဖွဲ့ဝင်) (၅) နိုင်ငံပါရှိသည်။ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင် (၅) နေရာကို အာဖရိကဒေသမှ (၂) နိုင်ငံ၊ အာရှဒေသမှ (၁) နိုင်ငံ၊ လက်တင်အမေရိကဒေသမှ (၁) နိုင်ငံနှင့် အရှေ့ဥရောပဒေသမှ (၁) နိုင်ငံတို့ ပါဝင်ရမည် ဖြစ်သည်။

ထို့ကြောင့် အာရှဒေသမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အာဖရိကဒေသမှ မာလီနိုင်ငံနှင့် တူနီးရှားနိုင်ငံ၊ လက်တင်အမေရိကဒေသမှ ဂျာမေကာနိုင်ငံ၊ အရှေ့ဥရောပဒေသမှ ဆလိုဗက်ကီးယားတည်းဟူသော (၅) နိုင်ငံတို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော (၅) နိုင်ငံတို့၏ သက်တမ်းမှာ သက္ကရာဇ် (၂၀၀၀) ပြည့် ဇန်နဝါရီလ (၁) ရက်နေ့မှ စတင်ပြီး (၂) နှစ်တာကာလ ဖြစ်သည်။

ကောင်စီအဖွဲ့ဝင်များနှင့် တရားရုံးချုပ်တရားသူကြီးများ ရွေးချယ်ခြင်း – ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ အဖွဲ့ဝင် (၁၈) ဦးအတွက် (၂၉–၁၀–၉၉) နေ့တွင် လည်းကောင်း၊ ကုလသမဂ္ဂ၏ ပတ်ဝန်းကျင်အစီအစဉ် အုပ်ချုပ်မှုကောင်စီဝင် (၂၉) ဦးအတွက် (၂၅–၁၀–၉၉) နေ့တွင် လည်းကောင်း မျက်နှာစုံညီအစည်းအဝေး၌ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ထို့အတူအပြည်ပြည်ဆိုင်ရာ တရားရုံးချုပ် တရားသူကြီး အဖွဲ့ဝင် (၅) ဦးလစ်လပ်မည်ဖြစ်ရာ ယင်း (၅) နေရာအတွက် လည်း ရွေးချယ်တာဝန်ပေးခဲ့ကြသည်။

အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ – အတွင်းရေးမှူးချုပ်သည် လုပ်ငန်းနှင့် ပတ်သက်သည့် နှစ်စဉ်အစီရင်ခံစာကို (၂၀–၉–၉၉) နေ့တွင် တင်သွင်းခဲ့သည်။ အစီရင်ခံစာတွင် အတွင်းရေးမှူးချုပ်က အဖွဲ့ကြီး၏ ဆောင်ရွက်မှုများ၊ ကူညီထောက်ပံ့မှုများ အပါအဝင် ဘဏ္ဍာရေးတွင် များပြားနေသည့် ပြောင်းလဲမှုများကို ကိုင်တွယ်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဖော်ပြထားသည်။

အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာနှင့် အတူမိန့်ခွန်း၌ လူသားချင်းစာနာထောက်ထားမှုကို အကြောင်းပြု၍ နိုင်ငံ့အရေးများတွင် စွက်ဖက်သင့်သည်ဆိုသော အယူအဆသစ်တစ်ရပ်ပါခဲ့ရာ ယင်းအယူအဆသည် ကိုယ်စားလှယ်အများစုကို စိုးရိမ်စိတ်ပွားစေခဲ့ပြီး အယူအဆသစ်ကို သေချာစွာ စိစစ်၊ စဉ်းစားဆွေးနွေး ရန်လိုကြောင်းလည်း သဘောရကြသည်။

မူဝါဒရေးရာမိန့်ခွန်းများ – (၅၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် သက်ဆိုင်ရာ နိုင်ငံများ၏ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက မူဝါဒရေးရာ မိန့်ခွန်းများကို (၂၀–၉–၉၉) နေ့မှ (၂၅–၉–၉၉) နေ့များတွင် လည်းကောင်း၊ (၂၉–၉–၉၉) နေ့မှ (၂–၁၀–၉၉) နေ့အထိ လည်းကောင်း မိန့်ကြားခဲ့ကြသည်။

လုံခြုံရေးကောင်စီ၏ အစီရင်ခံစာ – လုံခြုံရေးကောင်စီ အနေနှင့်လည်း ဆောင်ရွက်ချက် အစီရင်ခံစာကို တင်သွင်းခဲ့သည်။ အစီရင်ခံစာ၌ အဝိကအား ဖြင့် နိုင်ငံတကာ လုံခြုံရေး ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးကိစ္စရပ်များ၊ အထူးအား ဖြင့် အာဖရိကတိုက်တွင် ဖြစ်ပေါ်နေသည့် ကိစ္စရပ်များ စသည်တို့ ပါဝင်သည်။

ဘာသာရပ်အလိုက်ကော်မတီများ ဖွဲ့စည်းခြင်း – (၅၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် ဘာသာရပ် အလိုက်ကော်မတီများ ဖွဲ့စည်းဆွေးနွေးခဲ့ရာ ကော်မတီ (၆) ခု ရှိသည်။ ယင်းတို့မှာ

၁။ လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာ လုံခြုံရေး ကိစ္စရပ်များ (ပထမကော်မတီ)

၂။ စီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များ (ဒုတိယကော်မတီ)

၃။ လူမှုရေး၊ လူသားချင်း စာနာထောက်ထားမှုနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ (တတိယကော်မတီ)

၄။ အထူးနိုင်ငံရေးနှင့် ကိုလိုနီစနစ် ဖျက်သိမ်းရေးဆိုင်ရာ ကိစ္စရပ်များ (စတုတ္ထကော်မတီ)

၅။ အုပ်ချုပ်ရေးနှင့် ရသုံးငွေ ကိစ္စရပ်များ (ပဉ္စမကော်မတီ)

၆။ ဥပဒေရေးရာကိစ္စများ (ဆဋ္ဌမကော်မတီ) တို့ ဖြစ်ကြသည်။

အခြားဆွေးနွေးစဉ်းစားမှုများ

(၅၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် အောက်ပါကိစ္စရပ်များကိုလည်း ဆွေးနွေးစဉ်းစားခဲ့ကြသည်။

၁။ အမေရိကန် ပြည်ထောင်စုက ကျူးဘားနိုင်ငံအပေါ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးများ ပိတ်ဆို့ ထားခြင်းကို အဆုံးသတ်ရေးကိစ္စ၊

၂။ ကမ္ဘာ့ ယဉ်ကျေးမှုများအကြား အပြန်အလှန် ဆွေးနွေးမှုများပေါ်ပေါက်ရေးကိစ္စ၊

၃။ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးကိစ္စ၊

၄။ ပေါ်ထွန်းစ ဒီမိုကရေစီနိုင်ငံများအား၊ အားပေးကူညီရေးနှင့် အခြေခိုင်မာစေရေးအတွက် အစိုးရများ၏ ကြိုးပမ်းမှုများကို ကုလသမဂ္ဂ စနစ်မှ အကူအညီပေးရေး ကိစ္စ၊

၅။ ယူဂိုဆလားဗီးယားနိုင်ငံအား ကုလသမဂ္ဂမှ ထုတ်ပယ်ရန် ကြိုးပမ်းအားထုတ်မှုကိစ္စ၊

၆။ ကဆုန်လပြည့်နေ့အား နိုင်ငံတကာက အသိအမှတ်ပြုရေး စသည်တို့ ဖြစ်ကြသည်။

· ဤသို့ဖြင့် နိုင်ငံတကာမိသားစုအဖွဲ့ကြီး ဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် (၅၄) ကြိမ်မြောက် အထွေထွေညီလာခံကြီးကို (၁၄-၉-၉၉) နေ့မှ (၂၃-၁၂-၉၉) နေ့အထိ ကျင်းပကာ နိုင်ငံတော်ရေးရာ ပြဿနာပေါင်းစုံကို စဉ်းစားတွေးခေါ်ဆောင်ရွက် ခဲ့ကြသည်။

ကိုရိုးယားသမ္မတနိုင်ငံ။ ။၁၉၅၈ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကိုရိုးယားနိုင်ငံ၏ တစ်ခုတည်းသော ဥပဒေပြုလွှတ်တော်ဖြစ်သည့် အမျိုးသားလွှတ်တော်မှ အတိုက်အခံအမတ်များက လွှတ်တော်အဆောက်အအုံ၏ တစ်စုံတစ်ရာ အမှတ်အသားရေးမထား ဘဲ ပိတ်ထားသည့်အခန်းအမှတ် ၅၂၉ အတွင်းသို့ ချိုးဖျက်ဝင်ရောက်ခဲ့ရာ ယင်းအခန်းကို



တောင်ကိုရိုးယားသမ္မတ ကင်မ်ဒေးယုံ

အမျိုးသားလုံခြုံရေး စီမံကိန်းအေဂျင်စီက ဥပဒေပြုအမတ်များကို ထောက်လှမ်းရန်အတွက် အသုံးပြုလျက်ရှိနေခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည်။ ဥပဒေပြုအမတ်များက ပုဂ္ဂိုလ် ၄၄ ဦး၏ မှတ်တမ်းများကို ဖယ်ရှားခဲ့သည်။ နောက်တစ်နေ့ တွင် ဆန့်ကျင်ကန့်ကွက်ပွဲများပြုလုပ်ကာ အမျိုးသား လွှတ်တော်ကို ပိတ်ဆို့ထားခဲ့သဖြင့် ဥပဒေကျမ်း ၇၀ အတည်ပြုချက် ပေးရန်ကိစ္စနောင့်နေးကြန့်ကြာခဲ့ရသည်။

ယင်းသို့ သပိတ်မှောက်မှုဖြစ်ပွားနေစဉ်အတွင်း ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၇ ရက်များတွင် အစိုးရက ဥပဒေကြမ်း ၁၃၀ နှင့် အဆိုတင်သွင်းမှုများကို အချေအတင် ဆွေးနွေးမှုမပြုတော့ဘဲ လွှတ်တော်သို့ဖိအားပေးကာ



ကမ္ဘာတွင်အရှည်ကြာဆုံး ထောင်ဒဏ်ကျခံရသူဟုယူဆထားသည့် ဂူယောင်ဂက်ကိုအကျဉ်းထောင်မှ လွှတ်ပေးအပြီးကြိုဆိုသူများအတူ တွေ့.ရစဉ်

တင်သွင်းစေခဲ့သည်။ ထို့ပြင် အတိုက်အခံအမတ် ၁၁ ဦး၏ ပြည်ပသွားလာခွင့်ကို ရပ်ဆိုင်းခြင်းဖြင့် အစိုးရကတုံ့ပြန်ခဲ့သည်။

အတိုက်အခံပါတီဖြစ်သည့် ဂရင်းအမျိုးသားပါတီ (Grand National Party)က အမျိုးသားလုံခြုံရေးစိမ်ကိန်းအောျင်စီသည် ၄င်းတို့၏ အဖွဲ့ဝင်များ နိုင်ငံရေးသစ် အမျိုးသား ကွန်ဂရက်ပါတီ (National Congress For New Politics) သို့ ဘက်ပြောင်း ရောက်ရှိသွားမှုသတင်းကို ထောက်လှမ်းစုံစမ်း နေသည်ဟု စွပ်စွဲခဲ့သည်။ ယင်းပါတီမှာ လက်ရှိအာဏာရည္ဆန့်ပေါင်းအစိုးရအဖွဲ့တွင် ဩဇာလွှမ်းမိုးသောပါတီဖြစ်သည်။သို့ရာတွင်အချို့ဝေဖန်ခွဲခြား စိတ်ဖြာသူများက အမျိုးသားလုံခြုံရေးစိမ်ကိန်း အောျင်စီသည် နိုင်ငံရေး ပါတီအားလုံးမှ နိုင်ငံရေးသမားများ၏ သတင်းကို စုဆောင်းရယူလျက် ရှိသည်ဟု ယုံကြည်ကြသည်။

ယင်းသို့ဖြစ်ပေါ်နေစဉ်အတွင်း သမ္မတ ကင်မ်ဒေးယုံ၏ နိုင်ငံရေးသစ် အမျိုးသားကွန်ကရက်ပါတီ (အင်စီပီစီ)မှ ခေါင်းဆောင်များက ပါလီမန်အစိုးရအဖွဲ့အဖြစ် ပုံဖော်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန် အစီစဉ်များကို ဧွန်ဆိုင်းရန် ဇန်နဝါရီ ၁၈ ရက်နေ့တွင် ဆုံးဖြတ် ခဲ့သည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ကျင်းပရန်ရှိသည့် ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုအချိန်မီပြောင်းလဲရန် ကတိပြုမှုသည် အင်စီပီစီပါတီကို ယူနိုက်တက် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ(ယူအယ်ဒီ)နှင့် ၁၉၉၇ ခုနှစ်နောက်ပိုင်းတွင် ရွေးကောက်ပွဲမဟာမိတ်ဖြစ်စေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၈-စာ၊ ၁၆၇၊ ၁၆၈ – ရှ။)

ဤအတောအတွင်း အစိုးရက မြောက်ကိုရိုးယားလှို့ဝှက်အဖွဲ့အစည်းများနှင့် မြောက်ကိုရိုးယားကို ကရာဏာသက်သူ ၁၇ ဦးကို သမ္မတကင်မ်ဒေးယုံ အစိုးရအဖွဲ့ တစ်နှစ်ပြည့်မြောက်သည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပရာတွင် ကျယ်ပြန့်သည့် အကျဉ်းသား လွှတ်ငြိမ်းချမ်းသားခွင့်ပေးရေး လုပ်ဆောင်မှု တစ်စိတ်တစ်ပိုင်းကို ပြသသည့်အနေဖြင့် လွှတ်ပေးခဲ့သည်။ လွှတ်ပေးသူများတွင် ကမ္ဘာတွင် အရှည်ကြာဆုံး ထောင်ဒဏ်ကျခံနေရသည့် အကျဉ်းသားအဖြစ် ယူဆနိုင်မည့် အသက် ၇၁ နှစ် အရွယ်ရှိ ဂူယောင်ဂက် ပါဝင်သည်။ ၁၉၉၈ ခုနှစ်က လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးခဲ့သော သူများနှင့်မတူဘဲ ယခုလွှတ်ပေးလိုက်သည့် ၁၇ ဦးတွင် မည်သူကမျှ ကွန်မြူနစ်ဝါဒကို စွန့်လွှတ်ပါမည်ဟု ကျမ်းကျိန်လက်မှတ်ထိုးခြင်း မပြုခဲ့ချေ။ တောင်ကိုရိုးယား

နိုင်ငံကိုလည်း သစ္စာခံပါမည်ဟု ကတိမပြုခဲ့ချေ။ တောင်ကိုရိုးယားနိုင်ငံတွင် ယခုတိုင် နိုင်ငံရေးအကျဉ်းသား ၂၅၉ ဦး ရှိနေဆဲဟု သိရှိရပါသည်။

ယင်းသို့ ရှိနေခဲ့ရာမှ ဖေဖော်ဝါရီ ၄ ရက်နေ့တွင် နိုင်ငံရေးမသမာမှု အမှုတစ်ခုကို ဥပဒေဆိုင်ရာ ဂျူရီအဖွဲ့ ရှေ့မှောက်တွင် ကြားနာစစ်ဆေးခဲ့သည်။ ဟန်ဘိုကုမ္ပဏီ ဥက္ကဋ္ဌဖြစ်သူ ချမ်းတိုင်ဆူးက ၄င်းအနေဖြင့် ယခင် သမ္မတ ဟောင်းကင်မ်ယောင်ဆမ်အား ဝမ်ငွေ ၁၅ ဘီလီယံကို ၁၉၉၂ ခုနှစ် မဲဆွယ်ပွဲတွင် မဲဆွယ်ပွဲရန်ပုံငွေအဖြစ် တရားမဝင် ပေးကမ်းခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ယခင် သမ္မတဟောင်း ကင်မ်ယောင်ဆမ်ကလည်း ၄င်းအနေဖြင့် ချမ်းတိုင်ဆူး ထံမှလည်းကောင်း သို့မဟုတ် အခြားသော လုပ်ငန်းရှင်များ ထံမှလည်းကောင်း မည်သည့်အခါကမျှ ရန်ပုံငွေ လက်ခံ ရယူခြင်းမရှိကြောင်း ထပ်ကာတလဲလဲ ပြောကြားခဲ့ပြီး ဖြစ်သည်။ ချမ်းတိုင်ဆူးမှာ ယင်းကိစ္စကြောင့် ၁၉၉၇ ခုနှစ် ဇွန်လတွင် ထောင်ဒဏ် ၁၅ နှစ် ကျခံရန် စီရင်ခြင်း ခံခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၈- စာ၊ ၁၇၀၊ ၁၇၁-ရှု။)

အခြားတစ်ဖက်တွင် ကုန်သွယ်ရေး သမဂ္ဂနှင့် အငြင်းပွားမှုကလည်း ဖြစ်ပေါ်ခဲ့ရသည်။ စစ်သွေးကြွ ကိုရိုးယားကုန်သွယ်ရေးသမဂ္ဂများ ကွန်ဖက်ဒရေးရှင်းအဖွဲ့ (ကေစီတီယူ)က အလုပ်သမားရေးရာ၊ စီမံခန့်ခွဲရေးရာနှင့် အစိုးရအဖွဲ့ရေးရာ သုံးပွင့်ဆိုင်ကော်မတီအဖွဲ့မှ နုတ်ထွက်ခဲ့ပြီး အစိုးရကို အစွမ်းကုန် ဆန့်ကျင်တိုက်ခိုက်သွားရန် ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ကတိသစ္စာပြုခဲ့ကြသည်။ အဆိုပါ သုံးပွင့်ဆိုင်ကော်မတီအဖွဲ့ကို စီးပွားရေးပြန်လည် ဖွဲ့စည်း တည်ဆောက်မှုကာလအတွင်း မလိုအပ်ဘဲ အပို အလျှံဖြစ်နေမှုများကို စီမံကွပ်ကဲရန် ၁၉၉၈ ခုနှစ် ဇန်နဝါရီလက ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကော်မတီသည် အလုပ်သမားများ၏ အခွင့်အရေးကို လုံလောက်စွာ အကာအကွယ် မပေးဘဲ ရှိနေခဲ့သည်ဟု ကေစီတီယူက ပြောကြား ခဲ့သည်။ ပိုမိုကြီးမားပြီး ပိုမိုသဘောထားပျော့ပျောင်းသည့် ကိုရိုးယားအလုပ်သမားသမဂ္ဂ ဖက်ဒရေးရှင်းအဖွဲ့ (FKTU) ကလည်း ယင်းကော်မတီမှ နုတ်ထွက်ရန် ခြိမ်းခြောက်ခဲ့သည်။ အထက်ပါ အလုပ်သမားသမဂ္ဂအဖွဲ့ နှစ်ဖွဲ့စလုံးက သပိတ်မှောက်ရန် စီစဉ်ခဲ့ကြသည်။



မြောက်ကိုရိုးယားရှိအစာရေစာငတ်မွတ်မှုဒဏ် ခံနေရသည့် ကလေးသူငယ်များကျန်းမာချမ်းသာစေရန် ဆုတောင်းနေကြသည့် တောင်ကိုရိုးယားသီလရှင်များ



မြောက်ကိုရီးယားက ဇီဝဓာတု လက်နက်ဖြင့်
တိုက်ခိုက်လာပါက ကာကွယ်နိုင်ရန် ဆိုးလ်မြို့တွင်
လေ့ကျင့်နေသည့်စစ်သည်တစ်ဦးအား တွေ့ရစဉ်

ဤသို့ဖြင့် မေလ ၁၂ ရက်နေ့တွင် ကိုရီးယား အလုပ်သမား သမဂ္ဂများ ဖက်ဒရေးရှင်းအဖွဲ့(ကေစီတီယူ)က သမ္မတ ကင်မ်ယောင်ဆမ် အစိုးရလက်ထက်က စီးပွားရေးပြုပြင်ပြောင်းလဲမှု အကျိုးဆက်ကြောင့် ဖြစ်ပေါ်ခဲ့ရသော မလိုအပ်သည့် အပိုအလျှံဖြစ်မှုများကို ဆန့်ကျင်သည့် ကန့်ကွက်ဆန္ဒပြပွဲများပြုလုပ်ရန် လှုံ့ဆော်တိုက်တွန်းခဲ့သည်။ ယင်းတိုက်တွန်းချက်ကို သယ်ယူပို့ဆောင်ရေးနှင့် ဆေးရုံအလုပ်သမား သမဂ္ဂအဖွဲ့တို့က ထောက်ခံခဲ့ကြသည်။ နောက်ထပ် ကန့်ကွက်ဆန္ဒပြမှုများကို ရှေ့ဆိုင်းထားရန် အလုပ်သမားသမဂ္ဂတွင် ပါဝင်သည့် အလုပ်သမားအများစုက မေလ ၁၄ ရက်နေ့တွင် သဘောတူညီခဲ့ကြသည်။ ကန့်ကွက်ဆန္ဒပြရန် တောင်းဆိုမှုအပေါ် ထောက်ခံမှုနည်းပါးခဲ့ရခြင်းက ကေစီတီယူအနေဖြင့် ၄င်းတို့၏တင်းမာသည့် မူဝါဒများကို ပြန်လည်ဆန်းစစ်ရန် ဖြစ်စေခဲ့သည်ဟု နိုင်ငံရေးလေ့လာဆန်းစစ်သူများက ကောက်ချက်ချကြသည်။

ယင်းသို့ဖြစ်ပေါ်လျက်ရှိနေဆဲမှာပင် မေလ ၂၄ ရက်နေ့တွင် သမ္မတကင်မ်ဒေးယုံက ၄င်း၏ အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းကို ကြေညာခဲ့သည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီး ၁၈ ဦးအနက် ၁၁ ဦး၏ နေရာများတွင် ပြောင်းလဲ ခန့်ထားခဲ့သည်။ ၁၉၉၈ ခုနှစ်ဖေဖော်ဝါရီလတွင် သမ္မတ ရာထူး စတင်ထမ်းဆောင်ပြီး နောက်ပိုင်းပထမဆုံးအကြိမ် အစိုးရအဖွဲ့ပြင်ဆင် ဖွဲ့စည်းခြင်းပင်ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်သည်မှာ စီးပွားရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကို ထိန်းထားရန် ကြိုးပမ်းသည့် လုပ်ရပ်အဖြစ် နိုင်ငံရေးအကဲခတ်သမားများက ရှုမြင်ကြသည်။

ဤသို့အစိုးရအဖွဲ့ကို ပြောင်းလဲပြင်ဆင်ဖွဲ့စည်းပြီးရက်အနည်းငယ် အတွင်းမှာပင် သမ္မတကင်မ်ဒေးယုံသည် အတိုက်ခံတို့၏ တောင်းဆိုမှုကို လိုက်လျောသည့် အနေဖြင့် တရားရေးဝန်ကြီးသစ်ကင်မ်တေးကျောင်ကို ဇွန်လ ၈ ရက်နေ့တွင် ရာထူးမှ ဖြုတ်ပစ်ခဲ့သည်။ အကြောင်းမှာ ကင်မ်တေးကျောင်သည် နိုင်ငံပိုင်ကော်ပိုရေးရှင်း တစ်ခု၏ ကန့်ကွက်ဆန္ဒပြမှုကို အားပေးအားမြှောက်ပြုခဲ့သည်ဟု သံသယရှိသောကြောင့် ဖြစ်သည်။ ၄င်းကိုရာထူးမှ မဖယ်ရှားမီ ရက်အနည်းငယ်အတွင်းက သမ္မတကင်မ်ယောင်ဆမ်မှာ သမ္မတ၏ဇနီးသည်နိုင်ငံရေး မဲဆွယ်သူများထံမှ လာဘ်လာဘငွေ ရယူခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် ဖိအားပေးခြင်း ခံနေခဲ့ရသည်။

သမ္မတကင်မ်ယောင်ဆမ်နှင့် ရင်းနှီးမှုရှိသည်ဟု Korea Herald သတင်းစာက ဖော်ပြရေးသားခဲ့သည့် တစ်ချိန်က မင်းသမီးဖြစ်ခဲ့သူ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဆွန်ဆုသည် ဇွန်လ ၂၄ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ သူမသည် မေလ ၂၉ ရက်နေ့က မော်စကိုမြို့တွင် ကပြသောကပွဲတစ်ခု ပြီးသည့်နောက် လုပ်ငန်းရှင်များထံမှ လက်ဆောင်ငွေ အမေရိကန်ဒေါ်လာ ၂၀,၀၀၀ လက်ခံခဲ့မှုနှင့် ပတ်သက်ပြီး အများ၏ ဝေဖန်မှုကို ခံနေရစဉ် ယင်းသို့ နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

ဇွန်လအတွင်း လွှတ်တော်ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပခဲ့ရာ အတိုက်အခံပါတီဖြစ်သည့် ဂရင်းအမျိုးသားပါတီ (Grand National Party) က ဒုနေရာ နှစ်နေရာ အနိုင်ရရှိခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ တရားရေးဝန်ကြီး ကင်မ်တေးကျောင်နှင့် ပတ်သက်သည့် မသမာမှုကိစ္စက အတိုက်အခံတို့အား အောင်မြင်မှုရအောင် အထောက်အကူ ဖြစ်စေသည်ဟု အစိုးရပြောရေးဆိုခွင့် ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲရေးမှာ ကိုရီးယားအစိုးရ၏ ပြဿနာတစ်ရပ် ဖြစ်နေခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကိုရီးယားသမ္မတကင်မ်ဒေးယုံက ၄င်းနှင့်ညွှန့်ပေါင်းအစိုးရအဖွဲ့ဝင်ပါတီတစ်ခု ဖြစ်သည့် ယူနိုက်တက် လစ်ဘရယ် ဒီမိုကရက်ပါတီ (ယူအယ်ဒီ) မှ ဝန်ကြီးချုပ်ဖြစ်သူ ကင်မ်ဂျုံပီးလ်တို့သည် သမ္မတအုပ်ချုပ် ရေးစနစ်မှ ဝန်ကြီးချုပ်အုပ်ချုပ်သည့် အစိုးရအဖွဲ့ ပုံစံသို့ ပြောင်းလဲရန် ၁၉၉၉ ခုနှစ်က ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲပြင်ဆင်မှု လုပ်ဆောင်ရန်ကို မပြုလုပ်ရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း ဇူလိုင်လ ၂၂ ရက်နေ့သတင်းစာ ရှင်းလင်းပွဲတွင် ကြေညာခဲ့သည်။ ဆက်လက်ပြီးသမ္မတ ကင်မ်ဒေးယုံက အစိုးရအဖွဲ့၏ လောလောဆယ် ဦးစားပေး လုပ်ငန်းများမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် မြောက်ကိုရီးယား နိုင်ငံနှင့် ဆက်ဆံရေးများဖြစ်သဖြင့် ယင်းသို့ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြုပြင်ရေး ပြဿနာမှာ သမ္မတကင်မ်ဒေယုံ၏ နိုင်ငံရေးသစ် အမျိုးသားကွန်ဂရက်ပါတီ (အင်စီအင်ပီ) နှင့် ယူနိုက်တက်လစ်ဘရယ် ဒီမိုကရက်ပါတီ (ယူအယ်ဒီ) တို့အကြား သဘောထားကွဲလွဲမှု ဖြစ်စေသည့် မူလအရင်းခံ အကြောင်းတစ်ရပ် ဖြစ်နေခဲ့သည်။ ယူအယ်ဒီပါတီမှ ထိပ်တန်းပုဂ္ဂိုလ်တစ်ဦးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စကို ဆိုင်းငံ့ထားရန်ကြေညာချက်ကို ကန့်ကွက်သည့် အနေဖြင့်ပါတီမှ နတ်ထွက်ခဲ့သည်။

ယင်းသို့ အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိနေဆဲမှာပင် လက်ရှိသမ္မတကင်မ်ဒေးယုံသည် ၁၉၉၈ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံမှ အစပြုခဲ့သော အမေရိကန် ဒေါ်လာ ၁၀,၀၀၀ ပေးကမ်းမှုကို သိလျက်နှင့် လက်ခံရယူခဲ့သည်ဆိုသော စွဲချက်ကို ပြန်လည်စုံစမ်းစစ်ဆေးမှု ပြုမည်ဟု ဆိုးလ်မြို့ရှိ ဒီစတြိတ်တရားစွဲဆိုရေးရုံးက နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထိုစဉ်က ကင်မ်ဒေးယုံမှာ အတိုက်အခံ ပါတီဖြစ်သည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပါတီ၏ ခေါင်းဆောင်ဖြစ်ခဲ့ပြီး အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားဌေကြေးဆိုင်ရာဥပဒေများအရ စွဲချက်တင်ခံခဲ့ရသည်။ သို့ရာတွင် ၁၉၉၁ ခုနှစ်တွင် ယင်းစွဲချက်များကို ပလပ်ခဲ့သည်။ ဤသို့ရှိနေခဲ့ရာမှ ဂရင်းအမျိုးသားပါတီ (Grand National Party) မှ ဥပဒေပြုအမတ်ဖြစ်သူ ချမ်းဟောင်ကွမ်းက မူလစွဲဆိုချက်အတိုင်း ပြန်လည်စွဲချက်တင်ခဲ့ရာ ၄င်းအား အသေရေဖျက်မှုဖြင့် လက်ရှိအာဏာရနိုင်ငံရေးပါတီသစ် အမျိုးသားကွန်ကရက်ပါတီ(အင်စီအင်ပီ)က ပြန်လည်တရားစွဲဆိုခဲ့သဖြင့်



အငြင်းပွားနေသည့်ရေပိုင်နက်အတွင်းဝင်လာသည့်မြောက်ကိုရီးယားကင်းလှည့်ရေယာဉ်ကို
တောင်ကိုရီးယားရေတပ်သားများကတိုက်ခိုက်ရန်ဒုံသင့်ချိန်ရွယ်ထားစဉ်

ယခုကဲ့သို့ အသစ်တစ်ဖန် ပြန်လည်စုံစမ်းစစ်ဆေးမှု ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

စီးပွားရေး– အာရှဒေသကြေး ဂယက်ကြောင့် အာရှနိုင်ငံများ ဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်းကြုံတွေ့ခဲ့ရလေရာ ကိုရီးယားနိုင်ငံသည်လည်း ယင်းရိုက်ခတ်မှုကို ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ပထမဆုံး ခံစားရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ သို့ဖြစ်ရာ ရှေ့ဆောင်ဥရောပ ချေးငွေနှုန်းထား သတ်မှတ်ရေး အေဂျင်စီတစ်ခု ဖြစ်သည့် Fitch IBCA က နှုန်းထားဆိုင်ရာ ရင်နှီးမြှုပ်နှံမှု အဆင့် သတ်မှတ်မှုကို ပြန်လည်လုပ်ဆောင် ခဲ့ရသည်။

မရွေးမနှောင်းကာလမှာပင် ကိုရီးယားနိုင်ငံ၏ စီးပွားရေးမှာ ပြန်လည်ကောင်းမွန်လာသည်ကို တွေ့လာရသည်။ အမျိုးသားစာရင်းရုံးက ဇွန်လ ၁၈ ရက်နေ့တွင် ထုတ်ပြန်သော ကိန်းဂဏန်းများအရ ၁၉၉၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အလုပ်လက်မဲ့ဦးရေမှာ ၁၉၉၉ ခုနှစ် မေလတွင် ၁၀သမ ၄၁ သန်းအထိ ကျဆင်းသွားခဲ့သည်။ ယင်းမှာလုပ်သားအင်အား၏ ၄ ရာခိုင်နှုန်း ဖြစ်သည်။ ၁၉၉၈ ခုနှစ် ဧပြီလတွင် အလုပ်လက်မဲ့ဦးရေ ၁ ဒသမ ၅၅ သန်း (၇ ဒသမ ၂ ရာခိုင်နှုန်း) နှင့် မေလတွင် ၁ ဒသမ ၄၉ သန်း (၆ဒသမ ၉ ရာခိုင်နှုန်း) ရှိခဲ့သည်။ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလတွင် အလုပ်လက်မဲ့နှုန်း စံချိန်တင်ပြီး အမြင့်ဆုံး ဖြစ်ခဲ့ရာ ၇ ဒသမ ၉ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ဇွန်လ ၁၈ ရက်နေ့မှာပင် အစိုးရက စီးပွားရေး နာလန်ထူရေး အစီအစဉ်ကို မြှင့်တင်ရန်အတွက် ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ တန်ဖိုးရှိ အစီအစဉ်ကို ကြေညာစေခဲ့သည်။ လုပ်ငန်းအစီအစဉ်တွင် အခွန်နှုန်းထားများ ဖြတ်တောက်ခြင်းနှင့် လာမည့် နှစ်နှစ်အတွင်း အလုပ်အကိုင်များ ဖန်တီးခြင်းတို့ပါဝင်သည်။ အစိုးရ၏ ကိုရီးယားစက်မှုစီးပွားရေးဆိုင်ရာ ဌာနက ၁၉၉၉ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၅ ဒသမ ၇ ရာခိုင်နှုန်းရှိလိမ့်မည်ဟု ခန့်မှန်းပြောကြားခဲ့သည်။

သြဂုတ် ၁၆ ရက်နေ့တွင် ဒုက္ခကြုံတွေ့နေရတဲ့ ဒေဝူးကုမ္ပဏီလုပ်ငန်းစုကြီး၏ မြို့ရှင်များက ပြန်လည်ဖွဲ့စည်းတည်ဆောက်ရေး အစီအစဉ် တစ်ရပ်ကို ကြေညာခဲ့သည်။ ယင်းအစီအစဉ်အရ ကုမ္ပဏီ၏ မော်တော်ကားနှင့် မော်တော်ကားနှင့်ဆက်စပ်နေသော လုပ်ငန်းများမှအပ ကျန်လုပ်ငန်းအားလုံးကို ဖြုတ်သိမ်းမည်ဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာ သုံးသပ်သူများ၏ အဆိုအရ ဒေဝူးကုမ္ပဏီသည် အကြွေးပိလာရာ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံရှိသည်ဟု ခန့်မှန်းထားသည်။ သို့ဖြစ်ရာ ဒေဝါလီခံရမည့် အရေးမှ ရှောင်ရှားနိုင်ရန် မြို့ရှင်များထဲ အရေးပေါ်ငွေရရှိရေးအတွက် မဖြစ်မနေ ချဉ်းကပ် ရတော့မည်ဟု ဆိုသည်။ အစိုးရကလည်း ဒေဝူးကုမ္ပဏီလုပ်ငန်းစုကြီး ပြိုကွဲမှုကြောင့် ထိခိုက်ခံရမည့် စီးပွားရေး အဖွဲ့အစည်းများအတွက် ငွေကြေးထောက်ပံ့မှုကို ကြေညာခဲ့သည်။ ဤသို့ အစိုးရ၏ လုပ်ဆောင်မှုကို ခွဲခြားစိတ်ဖြာ သုံးသပ်သူများက ကြိုဆိုပြီး နိုင်ငံ၏အင်အားကောင်းသည့် ကုမ္ပဏီလုပ်ငန်းစုကြီးများ ပြန်လည်ပြုပြင်ခြင်းအတွက် အပြုသဘောဆောင်သည့် လုပ်ရပ်အဖြစ် သဘောထားကြသည်။ ဒေဝူးကုမ္ပဏီသည် နိုင်ငံ ၈ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့ပြီး ကိုရီးယားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ၅ ရာခိုင်နှုန်းအထိ ထုတ်လုပ်ရန် တာဝန်ရှိနေသည်။ သြဂုတ် ၂၅ ရက်နေ့တွင် သမ္မတကင်မ်ဒေယုံက ကုမ္ပဏီလုပ်ငန်းစုကြီး၏ လုပ်ပိုင်ခွင့်အာဏာများကို ကြေညာခဲ့သည်။ ယင်းအစီအစဉ်များတွင် ကုမ္ပဏီလုပ်ငန်းစု ပိုင်ရှင်များအပေါ် လုပ်ငန်းဆက်ဆံခွင့်ဆိုင်ရာ အကောက်ခွန်တိုးမြှင့်ရန်၊ ကုမ္ပဏီလုပ်ငန်းစုချင်း ဆက်သွယ်လုပ်ကိုင်သည့် တရားမဝင် လုပ်ရပ်များအတွက် ပြစ်ဒဏ်များကို တိုးမြှင့်ရန်နှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်များအပေါ်တွင် ကုမ္ပဏီ



စစ်ရေးပြအခမ်းအနားတစ်ခုတွင်တွေ့ရသည့် မြောက်ကိုရီးယားတပ်ဖွဲ့မှ စစ်သည်တော်များ

လုပ်ငန်း:စုများ:၏ ဩဇာလွှမ်း:မှုကို လျှော့ချရန်တို့ ပါဝင်သည်။

ဒေဝူး:ကုမ္ပဏီ၏ အကြွေး:ပြဿနာဂယက်ကြောင့် စတော့ရှယ်ယာ ဈေး:ကွက်တွင်လည်း: အတော်လှုပ်လှုပ်ရှား:ရှား:ဖြစ်ကာ စိုး:ရိမ်ပူပန်မှုများ: ဖြစ်ပေါ်ခဲ့ရသည်။ တောင်ကိုရီး:ယား:နိုင်ငံ၏ ဘဏ္ဍာရေး:ကြီး:ကြပ်ကွပ်ကဲမှုအဖွဲ့အကြီး:အကဲလီဟန်ကျိုင်း:က နိုင်ငံ၏ဘဏ္ဍာရေး:ဆိုင်ရာအဖွဲ့.အစည်း:အများ:စုသည် ဒေဝူး:ကုမ္ပဏီ တင်ရှိနေသည့် အကြွေး:အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံ၏ ထက်ဝက်ကို အခက်အခဲကြီး:ကြီး:မား:မား: မရှိဘဲ ချေဖျက်ပေး:နိုင်စွမ်း:ရှိသည်ဟု ပြောကြား:ကာ စတော့ရှယ်ယာ ဈေး:ကွက် စိုး:ရိမ်ပူပန်မှုများ:ကို သက်သာအောင် ကြိုး:ပမ်း:ခဲ့သည်။

ယင်း:သို့ ရှိနေခဲ့ရာမှ ဒေဝူး:ကုမ္ပဏီလုပ်ငန်း:စုကြီး:ကို စတင် တည်ထောင်ခဲ့သူနှင့် ဥက္ကဋ္ဌဖြစ်သူ ကင်မ်ဝူ:ချန်း:သည် နိုဝင်ဘာ ၁ ရက်နေ့တွင် ကုမ္ပဏီမှနုတ်ထွက်ခဲ့သည်။ အခြား:သော ထိပ်တန်း:ဒေဝူး:ကုမ္ပဏီ အမှုဆောင်အရာရှိများ:သည်လည်း:နှုတ်ထွက်ခဲ့ကြသည်။ ခွဲခြမ်း:စိတ်ဖြာသုံး:သပ်သူများ:၏ အဆိုအရ ကင်မ်ဝူ:ချန်း:သည် ဒေဝူး:ကုမ္ပဏီကို အလွန်အကျွံ ချဲ့.ထွင်ခဲ့ခြင်း:နှင့်တောင်ကိုရီး:ယား:နိုင်ငံ စီး:ပွား:ရေး အကျပ်အတည်း: အမြင့်မား:ဆုံး:အချိန်တွင် ကုမ္ပဏီကို ပြန်လည်ဖွဲ့.စည်း:တည်ဆောက်ရန် ပျက်ကွက်ခဲ့ခြင်း:များ:အတွက် တာဝန်အရှိဆုံး:ဖြစ်သည်ဟု သုံး:သပ်ကြသည်။

ကာကွယ်ရေး– တောင်ကိုရီး:ယား:အစိုး:သည် Theatre Missile Defence (T M D) စနစ်ကို တောင်ကိုရီး:ယား:နိုင်ငံ၌ ဖြန့်.ကျက်ချထား:ရန် အမေရိကန်ပြည်ထောင်စု၏ အစီအစဉ်ကို ကန့်.ကွက်ကြောင်း: မေလ ၂ ရက်နေ့တွင် အတည်ပြုပြောကြား:ခဲ့သည်။ အမေရိကန် ပြည်ထောင်စုကလည်း: တောင်ကိုရီး:ယား:နိုင်ငံ ကန့်.ကွက်နေသည့်ကြား:မှ အဆိုပါ ခုံး:ကျည်ဖြန့်.ကြက် ချထား:ရေး: အစီအစဉ်ကို ဇူလိုင် ၂၉ ရက်နေ့တွင် ကြေညာခဲ့ပြီး:ဖြစ်သည်။ မတ်လ အတွင်း:ကလည်း: တောင်ကိုရီး:ယား:နိုင်ငံ ကာကွယ်ရေး: ဝန်ကြီး:ဌာနအရာရှိများ:က အဆိုပါ ခုံး:ကျည်စနစ်မှာ မြောက်ကိုရီး:ယား:၏ ခြိမ်း:ခြောက်မှုကို လက်တုံ့.ပြန်သည့် ဖြစ်နိုင်သည့် ဖြေရှင်း:ချက်တစ်ရပ် မဟုတ်ကြောင်း:၊ အကြောင်း:မှာ မြင့်မား:သည့် နည်း:ပညာဆိုင်ရာ လိုအပ်ချက် များ:နှင့် ယင်း:စနစ်ကို အကောင်အထည်ဖော်ရန် စီး:ပွား:ရေး: အရကုန်ကျစရိတ်များ:ပြား:သောကြောင့်.ဖြစ်ကြောင်း: ထောက်ပြဝေဖန်ခဲ့သည်။

ဇူလိုင်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ အမေရိကန်ပြည်ထောင်စုသို့ တောင်ကိုရီး:ယား:သမ္မတ ကင်မ်ဒေး:ယုံသွား:ရောက် လည်ပတ်ခဲ့သည့် ခရီး:စဉ်အတွင်း: မြေပြင်မှ မြေပြင်ပစ် ခုံး:ကျည်များ:ကို အကွာအဝေး: ၁၈၀ ကီလိုမီတာအထိသာ သတ်မှတ်ထား:သည့် ၁၉၇၉ ခုနှစ်က အမေရိကန်ပြည်ထောင်စုနှင့် သဘောတူညီချက်ကို ပြန်လည် သုံး:သပ်သင့်ကြောင်း: အမေရိကန်သမ္မတ ဘိလ်ကလင်တန်အား: အကြံပြုပြောကြား:ခဲ့သည်။ သို့မှသာ တောင်ကိုရီး:ယား:နိုင်ငံအနေဖြင့် ၃၀၀ ကီလိုမီတာ အကွာအဝေး:အထိ ပစ်ခွင်း:နိုင်မည့် ခုံး:ကျည်များ:ကို တီထွင်ထုတ်လုပ်သွား:ခွင့် ရရှိစေနိုင်မည်ဟု ဆိုသည်။ ယင်း:အကြံပြုချက်ကို မြောက်ကိုရီး:ယား:နိုင်ငံ၏ ခုံး:ကျည်တီထွင်ထုတ်လုပ်မှု အစီအစဉ်များ:အတွက် စိုး:ရိမ်ပူပန်မှု ဖြစ်နေခဲ့ရသည့် နောက်ခံအကြောင်း:အရင်း:များ:နှင့် ယှဉ်တွဲလျက် ထုတ်ဖော်ပြောကြား:ခဲ့ခြင်း:ဖြစ်သည်။ အမေရိကန် ကာကွယ်ရေး:ဝန်ကြီး: ဝီလျံကိုဟင်ကလည်း: တောင်ကိုရီး:ယား:နိုင်ငံသို့ သုံး:ရက်ကြာ လာရောက်လည်ပတ်သည့် ခရီး:စဉ်အတွင်း: ခုံး:ကျည်နည်း:ပညာထိန်း:သိမ်း:ရေး:အဖွဲ့.သို့ ဝင်ရောက်ပူပေါင်း:လိုသည့် သမ္မတကင်မ်ဒေး:ယုံ၏ ဆန္ဒကို ၄င်း:အနေဖြင့် ထောက်ခံကြောင်း:၊ ယင်း:သို့ လုပ်ဆောင်ခြင်း:ဖြင့် တောင်ကိုရီး:ယား:နိုင်ငံသည် တာဝေး:ပစ် ခုံး:ကျည်များ: တထွင်ထုတ်လုပ်ခွင့်ကို ရရှိစေမည်ဖြစ်ကြောင်း: ပြောကြား:ခဲ့သည်။

ယင်း:သို့ ဖြစ်ပေါ်တိုး:တက်လျက် ရှိစဉ် အမေရိကန်လက်ထောက်နိုင်ငံခြား:ရေး:ဝန်ကြီး: ရောဘတ်အင်း:ဟွန်း:သည် တောင်ကိုရီး:ယား:နိုင်ငံ ဆိုး:လ်မြို့သို့ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ရောက်ရှိလာခဲ့သည်။ လာရင်း:ကိစ္စမှာ တောင်ကိုရီး:ယား:နိုင်ငံက မြောက်ကိုရီး:ယား:နိုင်ငံတစ်နိုင်ငံ၏ မည်သည့်နေရာမဆို တိုက်ခိုက်နိုင်စွမ်း:ရှိသည့် တာဝေး:ပစ်ခုံး:ကျည်များ:ကို လျှို့.ဝှက်စွာ တီထွင်ထုတ်လုပ်နေသည်ဆိုသည့် စိုး:ရိမ်ပူပန်မှုနှင့် စပ်လျဉ်း:ပြီး: ဆွေး:နွေး:ရန်ဖြစ်သည်။ ဂြိုဟ်တုမှ ဖမ်း:ယူရရှိနိုင်သောဓာတ်ပုံများ:က ယခင်က ထုတ်ဖော်ကြေညာခြင်း: မရှိခဲ့သည့် အဆိုပါခုံး:ကျည်များ: စမ်း:သပ်ပစ်ခွင်း:ခဲ့သည့် နေရာနှစ်နေရာကို ထုတ်ဖော်ပြသခဲ့သည်။ ထို့အပြင် မြောက်ကိုရီး:ယား:နိုင်ငံက ၄င်း:၏ ခုံး:ကျည်များ: စမ်း:သပ်ပစ်ခွင်း:မှုကို ရပ်ဆိုင်း:ထား:သည့်အချိန်တွင် တောင်ကိုရီး:ယား:နိုင်ငံက ၄င်း:တို့၏ ခုံး:ကျည်များ: စွမ်း:ရည်တိုး:တက်အောင် ဆောင်ရွက်နေခြင်း:ကို ဖျောင်း:ဖျရန် အမေရိကန်ပြည်ထောင်စုက ကြိုး:ပမ်း:နေခဲ့ခြင်း:ဖြစ်သည်။ တောင်ကိုရီး:ယား:

နိုင်ငံသည် ၄င်းတို့၏ ခုံးကျည်ပစ်ခွင်းနိုင်သည့် အကွာအဝေးကို ၁၈၀ ကီလိုမီတာအထိသာ သတ်မှတ်ထား သည့် နာလည်မှု စာချွန်လွှာကို ၁၉၇၉ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးလည်း ဖြစ်သည်။ သို့ဖြစ်လင့်ကစား ခွဲခြမ်းစိတ်ဖြာ သုံးသပ်သူများ၏ အဆိုအရ တောင်ကိုရီးယား သမ္မတ ကင်မ်ဒေးယုံသည် အမေရိကန်သမ္မတ ဘီလ်ကလင်တန်နှင့် အမေရိကန် ကာကွယ်ရေးဝန်ကြီး ဝီလျံကိုဟင်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် တောင်ကိုရီးယားနိုင်ငံသည် ကလိုမီတာ ၃၀၀ အကွာအဝေးအထိ ပစ်ခွင်းနိုင်သည့် ခုံးကျည်များကို တိတ်တဆိတ် ထုတ်လုပ်နိုင်သည်နှင့် ကီလိုမီတာ ၅၀၀ အကွာအဝေးအထိ တိုးချဲ့ရန် နည်းပညာဖွံ့ဖြိုးတက်အောင် ဆောင်ရွက်နိုင်သည် ဆိုသည့် ယေဘုယျ နာလည်မှုကို ရရှိခဲ့သည်ဟု သဘောထားမျိုး ရှိနေသည်။ ယင်းကိစ္စနှင့် စပ်လျဉ်းပြီး နှစ်နိုင်ငံဆွေးနွေးပွဲများကို နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရပ်ဆိုင်းခဲ့သည်။

နိုင်ငံတကာ ဆက်ဆံရေး– တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီးဟုန်ဆွန်ယောင်သည် မြောက်ကိုရီးယားနှင့် ဆက်ဆံရေး အတွက် ပူးတွဲမဟာဗျူဟာတစ်ရပ် ညှိနှိုင်း ဆောင်ရွက်ရန် အမေရိကန်ပြည်ထောင်စုသို့ ငါးရက်ကြာ ခရီးစဉ်ကို မေလ ၁၃ ရက်နေ့တွင် စတင် သွားရောက်ခဲ့သည်။ မေလ ၁၄ ရက်တွင် ဟုန်ဆွန်းယောင်သည် အမေရိကန် ကာကွယ်ရေးဝန်ကြီး ဝီလျံကိုဟင်နှင့် လည်းကောင်း၊ မေလ ၁၆ ရက်နေ့တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးမက်ဒလင်း အောဘရိုက်နှင့် လည်းကောင်း တွေ့ဆုံ ဆွေးနွေးခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံနှင့် စပ်လျဉ်းပြီး တောင်ကိုရီးယားနိုင်ငံ၏ အပြုသဘောဆောင်သည့် မူဝါဒကို အမေရိကန်က ထောက်ခံကြောင်း ကတိပြုခဲ့သည်။ တောင်ကိုရီးယားသမ္မတ ကင်မ်ဒေးယုံသည်လည် ရုရှားနိုင်ငံသို့ မေလ ၂ ရက်နေ့မှ ၃၀ ရက်နေ့အထိ သွားရောက်လည်ပတ်ခဲ့ပြီး ရုရှားသမ္မတ ဘောရစ်ယဲလ်ဆင်နှင့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံ အပြန်အလှန် စီးပွားရေး ပူပေါင်းဆောင်ရွက်မှုချဲ့တွင်ရန် နည်းလမ်းကို ဆွေးနွေးခဲ့ကြပြီး တောင်ကိုရီးယားသမ္မတ ကင်မ်ဒေးယုံက မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်ပြီး တောင်ကိုရီးယားနိုင်ငံ၏ အပြုသဘောဆောင်သည့် မူဝါဒကို ရုရှားသမ္မတ ဘောရစ်ယဲလ်ဆင်က ထောက်ခံရန် ကြိုးပမ်းခဲ့သည်။

မုန်တိုင်းဒဏ် ခံရခြင်း– အိုဂလာတိုင်ဖုန်းမုန်တိုင်းသည် သြဂုတ်လ ၃ ရက်နှင့် ၄ ရက်နေ့များတွင် တောင်ကိုရီးယား

နိုင်ငံသို့ တိုက်ခိုက်သွားရာ အပျက်အစီးများပြီး ဒေသအများအပြား ရေလွှမ်းမိုးခြင်း ခံခဲ့ရသည်။ တရားဝင် စာရင်းများအရ ရေကြီးခြင်းကြောင့် လူ ၅၄ ဦး သေဆုံးရပြီး လူပေါင်း ၁၉,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ဦးခင်မောင်လေး


ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့်နေ့

။ ။ ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA- United Nations Population Fund)၏ခန့်မှန်းသည့် ကိန်းဂဏန်းများအရ ကမ္ဘာ့လူဦးရေသည် ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် သန်း ၆၀၀၀ ပြည့် ခဲ့သည်။

ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့်နေ့

The Day of 6 Billion

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်



ဆန်း ၁၁၁ ပြည့် လူသားနေ့ ညှိနှိုင်းပြည်သူ့ဆား လူ့စွမ်းအား

သန်း ၆၀၀၀ ပြည့် လူသားနေ့ရည်ရွယ်ပြည့်ထား လူ့စွမ်းအား

ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့်နေ့

ကမ္ဘာ့လူဦးရေ သန်း ၆၀၀၀ ပြည့်သည့် ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့်နေ့ (The Day Of Six Billion) ကို ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပခဲ့သည်နည်းတူ ပြည်ထောင်စု မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့်နေ့ အခမ်းအနားနှင့် လှုပ်ရှားမှုများကို စီစဉ်ကျင်းပဆောင်ရွက် ခဲ့သည်။

ကမ္ဘာ့လူဦးရေသည် လွန်ခဲ့သည့် ၁၂ နှစ်အတွင်း တစ်ဘီလီယံကို ပေါင်းစပ်ထည့်ခြင်းနှင့် အတူ လွန်ခဲ့သည့် နှစ် ၄၀ အတွင်း နှစ်ဆတိုးပွားခဲ့ကြောင်း၊ ကုလသမဂ္ဂက ၁၉၉၉ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သည့် ကိန်းဂဏန်းများ၌ ဖော်ပြထား သည်။ တစ်နာရီတိုင်း၊ ကမ္ဘာပေါ်တွင်ကလေး ၁၀၀၀၀ နီးပါး မွေးဖွားမှုနှင့်အတူ ကမ္ဘာကြီးသည် တစ်နှစ်လျှင် နောက်ထပ်လူဦးရေ ၇၈ သန်းကို နေရာပေးထားရပြီး ယင်းကဲ့သို့ဆက်လက် တိုးပွား နေပါက လာမည့်နှစ် ၅၀ တွင် ကမ္ဘာ့လူဦးရေ ၁၀ ဘီလီယံ ဖြစ်လာနိုင်ကြောင်း၊ ကုလသမဂ္ဂက ဖော်ပြခဲ့သည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာမှုအတွက် ကမ္ဘာ့ လူဦးရေဆိုင်ရာ လုပ်ငန်းရပ်များကို လှုံ့ဆော်အားပေးရန် လူဦးရေသန်းပေါင်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နှစ်စဉ်ဇူလိုင်လ ၁၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့ (World Population Day) အဖြစ် သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ် လှုပ်ရှားမှု များ ဆောင်ရွက်ရန် ကမ္ဘာ့ကုလသမဂ္ဂက လှုံ့ဆော်တိုက်တွန်း ခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့လူဦးရေသန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ ကမ္ဘာ့လူဦးရေနေ့အဖြစ် နှစ်စဉ်ဇူလိုင်လ ၁၁ ရက်နေ့ကို သတ်မှတ်ခဲ့ပြီး သန်း ၆၀၀၀ ပြည့်သည့် ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့ကိုလည်း "The Day Of Six Billion "အဖြစ် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ သတ်မှတ်ခဲ့သည်။ ကမ္ဘာ၏သန်း ၆၀၀၀ ပြည့် လူသားကိုလည်း ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ မိနစ် အနည်းငယ်အတွင်း ဘော့စနီးယား ဖြို့တော် ဆာရာယေဗိုဖြို့ ဆေးရုံ၌မွေးဖွားသည့် ကလေးတစ်ဦးအား သတ်မှတ် ရွေးချယ်ခဲ့ကာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအန်နန် ကိုယ်တိုင် အဆိုပါကလေးငယ်အား ကမ္ဘာ့သန်း ၆၀၀၀ မြောက်လူသား အမှတ်သင်္ကေတ ဂုဏ်ပြုချီးမြှင့်ပေး ခဲ့သည်။


ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆင်ဟွာသတင်းဌာနက ထုတ်ပြန်သည့်သတင်းတစ်ရပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လွန်ခဲ့သည့်နှစ် ၂၀ က မိသားစုတစ်စုလျှင် ကလေးတစ်ယောက်မူဝါဒကို ပြဋ္ဌာန်းကျင့်သုံးခြင်းမရှိလျှင် ကမ္ဘာ့လူဦးရေသည် ယခုထက်ဆောလျင်စွာ သန်း ၆၀၀၀ ရှိလိမ့်မည်ဟု တရုတ်ပြည်က အောက်တိုဘာလ ၁၂ ရက်နေ့တွင် ပြောကြားသည်ကို ဖော်ပြထား သည်။ တရုတ်၏လူဦးရေလျှင်မြန်စွာ တိုးတက်သည့်နှုန်းကို ထိန်းချုပ်ရန်ထိရောက်သည့် စီမံဆောင်ရွက်မှုများ မပြုလုပ်ခဲ့လျှင် တရုတ်၏လူဦးရေသည် လက်ရှိသန်း ၁၂၄၈ ထက် သန်း ၃၀၀ ပိုသွားမည်ဖြစ်ကြောင်း၊ ထိုအခါကမ္ဘာ့လူဦးရေသန်း ၆၀၀၀ နေ့သည်များစွာစောပြီး ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ မိသားစုစီမံကိန်း အဆင့်မြင့်အရာရှိဒုဇင်ဝေကွင်းက ပြောဆိုခဲ့သည်ကို ဆင်ဟွာသတင်းက ကိုးကားရေးသားဖော်ပြခဲ့သည်။

ကမ္ဘာပေါ်တွင် သန်း ၆၀၀၀ မြောက် လူသားအဖြစ် ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ မိနစ်အနည်းငယ်တွင်ဆာရာယေဗိုဆေးရုံ၌ မွေးဖွားသည့်ကလေးငယ်ယောကျ်ားလေးအား ရွေးချယ်သတ်မှတ်ခဲ့သည်။ အဆိုပါ ပထမဦးဆုံးကလေး၏မိခင်မှာ အသက် ၂၉ နှစ်ရှိဖာတိမာမိဗစ် ဖြစ်ပြီး ဖခင်မှာ ဂျက်စ်မင်ကိုမိဗစ် ဖြစ်ကာ မိဘများမှ သားဦးမွေးဖွားခဲ့ခြင်းဖြစ်သည်။ ၄င်းတို့သည် ဘော့စနီးယားမြို့တော် အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ ဗစ်ဆိုကိုတွင်နေထိုင်ကြသည်။ ဘဂရိတ်မှ လာသည့်သတင်းအရ ကလေးငယ်မှာ အလေးချိန် ၃ ဒသမ ၅၅ ကီလိုဂရမ်ရှိသည်။

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့၌ ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့်မည်ကို ကုလသမဂ္ဂက ခန့်မှန်းခဲ့ရာ ဆာရာယေဗိုတွင် အဆိုပါပထမဦးဆုံး မွေးဖွားခဲ့သည့်ကလေးငယ် အဒ်နန်နဲဗစ် (Adnan Nevic) အား ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့် သင်္ကေတ အထိမ်းအမှတ်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Nafis Sadik ၏ ထုတ်ဖော်ပြောဆိုချက်အရ ထိုနေ့တွင်ကမ္ဘာပေါ်၌ကလေးပေါင်း ၃၅၆၀၀၀ မွေးဖွားခဲ့သည်။

ကမ္ဘာ့သန်း ၆၀၀၀ ပြည့် လူသားသင်္ကေတကို ကုလသမဂ္ဂက ရွေးချယ်သတ်မှတ်ခဲ့ခြင်း၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ တိုက်တွန်းချက်အရ ကမ္ဘာ့နိုင်ငံ

မျာ:တွင် (The Day Of Six Billion) အထိမ်:အမှတ်မျာ: ကျင်:ပပြုလုပ်ပေ:ခြင်:။ ကမ္ဘာ့ နိုင်ငံမျာ:တွင်သန်: ၆၀၀၀ ပြည့်လူသာ: (Baby 6 Billion) ကိုရွေ:ချယ်ခြင်:မျာ: ဆောင်ရွက်ခဲ့သည့် နည်:တူ ပြည်ထောင်စုမြန်မာနိုင်ငံသည်လည်: ကမ္ဘာ့လူဦးရေသန်: ၆၀၀၀ ပြည့်နေ့ အထိမ်:



ကမ္ဘာ့လူဦးရေသန်: ၆၀၀၀ပြည့် မြန်မာနိုင်ငံသား အဖြစ် ရွေးချယ်ခြင်:ခံရသော ၁၉၉၉ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အစောဆုံးမွေးဖွားသည့် အဘဦးသောင်:နိုင် အမိဒေါ်မြင့်မြင့်သန်:တို့.၏ သမီးပိန်းကလေးအား တွေ့.ရစဉ်

အမှတ် အခမ်:အနာ:ကျင်:ပခြင်:၊ လူပ်ရှာ:မှုမျာ:ဆောင်ရွက်ခြင်:၊ ကမ္ဘာ့လူဦးရေ သန်: ၆၀၀၀ ပြည့် မြန်မာနိုင်ငံသား: ရွေးချယ်ခြင်:တို့ကို သက်ဆိုင်ရာဌာနဖြစ်သည့် လူဝင်မှုကြီ:ကြပ်ရေ:နှင့် ပြည်သူ့အင်အား:ဝန်ကြီ:ဌာန၊ ပြည်သူ့အင်အား:ဦ:စီ:ဌာနနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်:ပခဲ့သည်။

ယင်:သို့ကျင်:ပဆောင်ရွက်နိုင်ရန် ပြည်သူ့အင်အား:ဦ:စီ:ဌာနသည် ကမ္ဘာ့လူဦးရေသန်: ၆၀၀၀ ပြည့်နေ့ အထိမ်:အမှတ်အခမ်:အနာ: ကျင်:ပရေးကော်မတီကို လူဦးရေနှင့် နီ:နွယ်ဆက်စပ်နေသည့် အစိ:ရဌာနမျာ:၊ အဖွဲ့အစည်:မျာ:၊ အစိ:ရမဟုတ်သည့် အဖွဲ့အစည်:မျာ:မှ ကိုယ်စာ:လှယ်မျာ:ဖြင့် ဖွဲ့စည်:ဆောင်ရွက်ခဲ့သည်။ အဆိုပါ ကျင်:ပရေးကော်မတီသည် အထိမ်:အမှတ်လူပ်ရှာ:မှုမျာ: အလိုက် ဆပ်ကော်မတီမျာ:ဖွဲ့စည်:ခဲ့ရာ ကမ္ဘာ့လူဦးရေသန်: ၆၀၀၀ ပြည့်မြန်မာနိုင်ငံသား:ရွေ:ချယ်ရေ: ဆပ်ကော်မတီကိုလည်: ဖွဲ့စည်:ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့လူဦးရေသန်: ၆၀၀၀ ပြည့်နေ့ အထိမ်:အမှတ်အတွက် ဆောင်ပုဒ်အဖြစ် "သန်: ၆၀၀၀ ပြည့်၊ လူသား:နေ့၊ ရည်ရွယ်ဖြည့်ထား:၊ လူစွမ်:အား:" ဟူ၍ ကျင်:ပရေးကော်မတီမှ ရွေ:ချယ်သတ်မှတ်ခဲ့သည်။

အထိမ်:အမှတ်လူပ်ရှာ:မှုမျာ:အဖြစ် အလွတ်တန်:ဆောင်:ပါ:ပြိုင်ပွဲ၊ အခြေခံပညာအထက်တန်:အဆင့်နှင့် အလယ်တန်:အဆင့် စာစီစာကုံ:ပြိုင်ပွဲ၊ အခြေခံပညာအထက်တန်:အဆင့်၊ အလယ်တန်:အဆင့်နှင့် မူလတန်:အဆင့် ပိုစတာပြိုင်ပွဲမျာ:ကျင်:ပပြုလုပ်ခြင်:၊ ကမ္ဘာ့လူဦးရေသန်: ၆၀၀၀ ပြည့်နေ့ တေ:သိချင်:နှင့် တွေ့ဆုံမေ:မြန်:ခန်:တို့ကို ရုပ်မြင်သံကြာ:မှ ထုတ်လွှင့်ပြသခြင်:တို့ကို ဆောင်ရွက်ခဲ့သည်။

ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ စီ:ပွာ:ရေ:လုပ်ငန်:ဗဟိုဌာနတွင် ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့၌ ကမ္ဘာ့လူဦးရေနေ့သန်: ၆၀၀၀ ပြည့်နေ့ အထိမ်:အမှတ်အခမ်:အနာ:ကို ကျင်:ပပြုလုပ်ခဲ့ပြီ:၊ အခမ်:အနာ:တွင် ဆောင်:ပါ:ပြိုင်ပွဲ၊ စာစီစာကုံ:ပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲတို့၌ ဆုရရှိသူမျာ:ကို ဆုမျာ:ချီ:မြှင့်ခြင်:၊ လူဦးရေဆိုင်ရာ တတ်ပုံပြခန်:ငယ်ပြသခြင်:တို့ကို ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့လူဦးရေသန်: ၆၀၀၀ ပြည့်မြန်မာနိုင်ငံသား: ရွေ:ချယ်ခြင်:ကို စီစဉ်ဆောင်ရွက်ခဲ့ရာ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့ အစောပိုင်:တွင် မွေ:ဖွား:ခဲ့သည့် ကလေ:မျာ:ထဲမှ ရွေ:ချယ်ရန်အတွက် ကမ္ဘာ့လူဦးရေသန်: ၆၀၀၀ ပြည့်မြန်မာနိုင်ငံသား: ရွေ:ချယ်ရေ:ဆပ်ကော်မတီကို ပြည်သူ့အင်အား:ဦ:စီ:ဌာန၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၊ ကျန်:မာရေး:ဦ:စီ:ဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုး:တိုး:တက်ရေ:နှင့် စည်ပင်သာယာရေး:ဦ:စီ:ဌာန၊ သူနာပြုတက္ကသိုလ်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်:နှင့် မြန်မာနိုင်ငံလုံ:ဆိုင်ရာအမျိုး:သမီ:ရေ:ရာ လုပ်ငန်:ကော်မတီတို့မှ ကိုယ်စာ:လှယ်မျာ:ဖြင့် ဖွဲ့စည်:ဆောင်ရွက်ခဲ့သည်။

ဤဆပ်ကော်မတီအနေဖြင့် ကမ္ဘာ့လူဦးရေသန်: ၆၀၀၀ ပြည့်မြန်မာနိုင်ငံသား:ရွေ:ချယ်ရန်အတွက် သတ်မှတ်ချက်မျာ:ကို သတ်မှတ်ခဲ့ပြီ:၊ ဤသတ်မှတ်ချက်မျာ:မှာ-

- သဘာဝအလျောက် မွေးဖွားသူဖြစ်ခြင်း
- မွေးစတွင်ငိုခြင်း
- ကိုယ်ဝန်ဆောင်ပြီး ၃၇ ပတ်ကျော်မှ မွေးသူဖြစ်ခြင်း
- ၁၁-၁၀-၉၉ နေ့ည သန်းခေါင်ကျော် (၁၂:၀၀) နာရီတိတိ နောက်ပိုင်းမှ ၁၂-၁၁-၉၉ နေ့ နံနက် (၀၁:၀၀) နာရီအတွင်း မွေးသူဖြစ်ခြင်း
- ဆေးရုံ၌မွေးသူဖြစ်ခြင်း တို့အပြင် မိဘနှစ်ပါးစလုံး မြန်မာနိုင်ငံသားဖြစ်ရန်နှင့် အမြဲမွေးဖြစ်ပါက ပထမဆုံးကလေးကိုသာ သတ်မှတ်ရန်ဟူ၍ ဖြစ်သည်။

ကမ္ဘာ့လူဦးရေသန်း၆၀၀၀ ပြည့် မြန်မာနိုင်ငံသား ရွေးချယ်ရေး ဆပ်ကော်မတီသည် ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ စတင်ချိန်မှ ၀၁:၀၀ နာရီအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အစိုးရဆေးရုံများတွင် မွေးဖွားသောကလေးများထဲမှရွေးချယ်ရန်စာရင်းများကို အောက်တိုဘာလ ၂၀ ရက်နေ့နောက်ဆုံးထား ပေးပို့ရန် တောင်းခံခဲ့သည်။ သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာန၊ ရုံးတို့၏အတည်ပြုချက်ဖြင့်ပေးပို့လာသော ကလေးများစာရင်းမှ ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးတွင် မိခင်ဒေါ်မြင့်မြင့်သန်းက ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ ၀၀ နာရီ ၀၃ မိနစ် ၀၀ စက္ကန့်အချိန်၌မွေးဖွားသည့် မိန်းကလေးတစ်ဦးအား ရွေးချယ်ခဲ့သည်။ကလေး၏မိခင်ဒေါ်မြင့်မြင့်သန်းနှင့် ဖခင်ဦးသောင်းနိုင်တို့မှာရန်ကုန်တိုင်း၊ သာကေတမြို့နယ်တွင်နေထိုင်ကြသည်။

ကမ္ဘာ့လူဦးရေသန်း၆၀၀၀ ပြည့် မြန်မာနိုင်ငံသား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၂၇ရက်နေ့တွင်ပြည်သူ့အင်အားဦးစီးဌာန၌ ကျင်းပခဲ့သည်။ ဂုဏ်ပြုဆုချီးမြှင့်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဒွေကျပ်ငါးသောင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေ အဖွဲ့၌ နေကိုယ်စားလှယ်ရုံးမှ Chief Technical Advicer ဖြစ်သူ Dr. R. S. Sarma က ဒွေကျပ်ငါးသောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌပါမောက္ခ ဒေါ်ကြူကြူဆွေက ဒွေကျပ်တစ်သောင်းနှင့် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးဆေးရုံ အုပ်ဒေါက်တာဦးကြည်သိန်းတို့က ဒွေကျပ်ငါးသောင်းတို့ကို ချီးမြှင့်ကြရာ ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့် မြန်မာနိုင်ငံသားဆုရ သမီးငယ်၏မိဘများက လက်ခံရယူခဲ့ကြသည်။

ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့်ခြင်းနှင့်အတူ စိန်ခေါ်မှုအသစ်များ ပါလာသကဲ့သို့ အကောင်းဘက်မှ ကြည့်မြင်လျှင် အနာဂတ်အတွက် ကောင်းမြတ်သည့် အလားအလာသစ်များကို တဲ့ခါးဖွင့်ပေးရာရောက်သည်။ စိန်ခေါ်မှုအသစ်များတွင် လူဦးရေတိုးပွားလာခြင်းကြောင့် စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရန် လိုအပ်လာခြင်း၊ အလုပ်လုပ်ကိုင်နိုင်ရန်သည့် အသက်အရွယ်ရှိသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးရန် လိုအပ် လာခြင်း၊လူသားအားလုံးအတွက် အဆင့်မီသော ပညာရေးနှင့် ကျန်းမာရေးပံ့ပိုးမှုပြည့်စုံသည့် လူနေမှုဘဝများရရှိရေး ဆောင်ရွက်ရန် လိုအပ်လာခြင်းတို့ ဖြစ်ကြသည်။ ဤစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုသည် အရေးပါလျက်ရှိပြီး ကုလသမဂ္ဂအဖွဲ့ အနေနှင့် အဆိုပါစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းဆောင် ရွက်လျက်ရှိသည်။

ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့်ချိန်ကာလအတွင်း ကမ္ဘာပေါ်တွင် အသက် ၁၅ နှစ်နှင့် ၂၄ နှစ်ကြား လူငယ်များသည်သန်း ၁၀၀၀ ကျော်ရှိသည်။ ကမ္ဘာ့လူဦးရေဆိုင်ရာအထိမ်းအမှတ်နေ့အခမ်းအနား ကျင်းပခြင်းဖြင့် မျိုးဆက်သစ်လူငယ်များအပေါ်တွင် ကျရောက်လာမည့်တာဝန်များကို ကြိုတင်တွေ့ရှိပြီး အေးချမ်းသာယာဝပြောသည့် ကမ္ဘာကြီးတည်ဆောက်ရန် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်သွားနိုင်မည်လည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ၁၉၉၉ ခုနှစ်၌ လူဦးရေ ၄၈ သန်းကျော်အနက်လူငယ်မျိုးဆက်သစ်မှာ ၁၉ ရာခိုင်နှုန်းရှိသည်။ ယင်းမျိုးဆက်သစ်လူငယ်များ သိရှိသဘောပေါက်စေရန် ရည်ရွယ်ပြီး ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့်နေ့ အခမ်းအနားကို အထိမ်းအမှတ်လုပ်ရှားမှုများဖြင့် တက်ကြွစွာကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ပြည့် အခမ်းအနားကျင်းပနိုင်ခဲ့ခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံအားလုံး၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြင့်တင်သွားရင်း ကမ္ဘာ၏လူဦးရေပြဿနာများကို ကိုင်တွယ် ဖြေရှင်းရာတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ပေသည်။

မြတ်လေးခိုင်

ကမ္ဘောဒီးယားနိုင်ငံ။ ။ဝန်ကြီးချုပ်ဟွန်ဆန်သည် လူမဆန်စွာကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် ယခင်ခမာနီခေါင်းဆောင်ဟောင်းများအား ရုံးတင် စစ်ဆေးရန် တောင်းဆိုမှုများကို ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင်ထောက်ခံခဲ့သည်။ တစ်ချိန်တည်းမှာပင် ယင်းတောင်းဆိုမှုကိုထောက်ခံသူများသည်လည်း တရားနည်းလမ်းအရသာဖြစ်သင့်သည်ဟု ပြောကြားခဲ့သည်။



ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်

ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ဤကဲ့သို့ရုံးတင်စစ်ဆေးရန် တောင်းဆိုကြသည့် အမေရိကန်နှင့် အခြားနိုင်ငံများမှ ပုဂ္ဂိုလ်များက စစ်ဆေးမှုပြုလုပ်သည့်အခါ ခမာနီအုပ်ချုပ်ခဲ့သည့်ကာလဖြစ်သည့် ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ် ကာလအထိအတွင်းကျူးလွန်ခဲ့မှုများကို အလေးထားလုပ်ဆောင်သင့်သည်ဟု အကြံပြုပြောကြားသည်။ ဟွန်ဆန်ကမူ စုံစမ်းစစ်ဆေးမှုကို ၁၉၇၀ မှ ၁၉၉၈ခုနှစ် ကာလအထိဖြစ်ပျက်ခဲ့သမျှတို့နှင့် ပတ်သက်ပြီးစစ်ဆေးရန် တောင်းဆိုခဲ့သည်။ ဤသို့ဆိုပါက ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ကမ္ဘောဒီးယားကို အမေရိကန်က ဗုံးကြဲခဲ့ခြင်းနှင့် ၁၉၇၉ခုနှစ်တွင် ဗီယက်နမ်တပ်ဖွဲ့များက ခမာနီတို့အား အာဏာဖြုတ်ချခဲ့ပြီး အမေရိကန်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့က ထောက်ခံခဲ့ကြသည့် နှစ်ကာလများ ပါဝင်နေပေမည်။

ခမာနီ ထိပ်တန်းခေါင်းဆောင်နှစ်ဦး ဖြစ်သည့် ခီယူးဆန်ဖန်နှင့် နူအွန်ချီးယားတို့ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလတွင် လက်နက်ချပြီး ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လာသည့်အခါ ဝန်ကြီးချုပ်ဟွန်ဆန်က ၄င်းတို့နှစ်ဦးအား ကြိုဆိုသည့် သဘောနှင့် ကျူးလွန်ခဲ့မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုသည့် သဘောရှိခဲ့သည်။ သို့ရာတွင် နိုင်ငံတကာနှင့် ပြည်တွင်းမှ ဝေဖန်မှုများနှင့် ရင်ဆိုင်လာရသည့် အခါယင်း အနေအထားကို ပြန်လည်သုံးသပ်ခဲ့သည်။ ယင်းကိစ္စနှင့် စပ်လျဉ်းပြီး ဝေဖန်ရေးသားခဲ့သူများတွင် ကမ္ဘောဒီးယားနိုင်ငံ အကြီးအကဲ ဘုရင်သီဟနုလည်း ပါဝင်ပေသည်။ ခမာနီများ အာဏာရရှိစဉ် အစပိုင်းကာလက နိုင်ငံအကြီးအကဲ အဖြစ် ခဏတာ တာဝန်ထမ်းဆောင်စဉ် ခမာနီတို့ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများအတွက် ၄င်းကိုယ်တိုင် ရုံးတော်တွင် ထွက်ဆိုအစစ်ခံရန် အသင့်ရှိသည်ဟု ဘုရင်သီဟနုက ဖော်ပြရေးသားခဲ့သည်။

ယင်းသို့ ရှိနေခဲ့ရာမှ ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ် **The Far Eastern Economic Review** စာစောင်တွင် ၁၉၉၈ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ခမာနီခေါင်းဆောင်ဟောင်း ပိုပေါ့သေဆုံးရခြင်းမှာ ကိုယ့်ကို ကိုယ်သေကြောင်းကြံသောကြောင့် ဖြစ်သည်ဟု ရေးသားဖော်ပြချက်ပါရှိခဲ့သည်။

ယခင် ခမာနီများအသိုင်းအဝန်း၏ အဆိုအရ ပိုပေါ့သည် ၄င်း၏စစ်ဘက်ရေးရာ တပ်မှူးတစ်ဦးဖြစ်သည့် တာမုတ်က ၄င်းအား ရုံးတင်စစ်ဆေးရေးအတွက် လွှဲပြောင်းပေးရန် အမေရိကန်ပြည်ထောင်စုနှင့် စေ့စပ်ညှိနှိုင်းလျက်ရှိသည်ဟု သိရှိသည့်အခါဆေးအလွန်အကျွံသောက်ခဲ့ခြင်းသာဖြစ်သည်ဟု သာဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ပိုပေါ့အား ဖမ်းဆီး ထိန်းသိမ်းထားရန် ဥပဒေဆိုင်ရာ စီစဉ်ဆောင်ရွက်မှုအသင့် မဖြစ်သေးသည့်အတွက် တာမုတ်၏ကမ်းလှမ်းချက်ကို တုံ့ပြန်ရန် နှေးကွေးခဲ့သည်ဟု **The Far Eastern Economic Review** စာစောင်က ဖော်ပြခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၉-စာ၊ ၁၂၈၊၁၂၉၊ ၁၃၀-ဂ)

ဝန်ကြီးချုပ်ဟွန်ဆန်သည် တော်ဝင် ကမ္ဘောဒီးယားလက်နက်ကိုင် တပ်ဖွဲ့များ၏ ဦးစီးချုပ် ရာထူးမှ နုတ်ထွက်လွှာကို ဘုရင်သီဟနထံသို့ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် တင်ခဲ့သည်။တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆေးကုသမှုခံယူရေးအတွက် ပြန်စာရရှိခဲ့ပြီး နောက်တစ်နေ့တွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ လက်နက်ကိုင်တပ်ဖွဲ့ များ၏ ဦးစီးချုပ် နေရာတွင် ယခင် ဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဟောင်း ဗိုလ်ချုပ်ကြီးကိကင်မ်ရန်းကို ခန့်ထားခဲ့သည်။ ဤသည်မှာ လက်နက်ကိုင်တပ်ဖွဲ့များ၏ ကြားနေမှုကို ပြသရန် ရည်ရွယ်သည်ဟု ဟွန်ဆန်က

ပြောကြား:ခဲ့သည်။ ထို့ပြင် စစ်ဘက်နှင့် ရဲဘက် လက်နက်ကိုင် အင်အား: အရေအတွက်ကို ၂၀၈, ၀၀၀ မှ ၇၉,၀၀၀ သို့ လျော့ချရန် အစီအစဉ်မှာ ပိုလျှံသည့် ကာကွယ်ရေး: ဝန်ထမ်း:များ:အတွက် လစာပေး:ရန် အမေရိကန်ဒေါ်လာ ၁၅၀ သန်း:အတွက် ပြည်ပနိုင်ငံ အလှူရှင်များ: ထံမှ ရရှိမည့် ငွေကြေး:အပေါ် တည်မှီနေသည်ဟု ၄င်း:က ဖြည့်စွက် ပြောကြား:ခဲ့သည်။

ဖေဖော်ဝါရီလအတွင်: တွင် ယခင်ခမာနီတပ်ဖွဲ့မှ စစ်သား:များ: လက်နက်ချ အလင်း:ဝင်လာသည်ကို တွေ့ရှိရသည်။ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နောက်ဆုံး: အသုတ်ဖြစ်သည့် ခမာနီတပ်ဖွဲ့မှ စစ်သား: ၄,၃၃၂ ဦး:သည် ၄င်း:တို့ ၏ ယခင် အမာခံ ခြေကုပ်စခန်း: ဖြစ်သည့် အန်လောင်း:ဗင်း:ခရိုင်တွင် လက်နက်ချခဲ့ရာ အမျိုး:သား: ကာကွယ်ရေး: တွဲဖက်ဝန်ကြီး:များ:ဖြစ်သည့် ဗိုလ်ချုပ်ကြီး: တီး:ဗန်း:နှင့် မင်း:သား: ဆီဆိုဝတ်ဆာရေး:ရုတ် တို့က ကြီး:မှူး:ဆောင်ရွက်ခဲ့သည်။ အဆိုပါ လက်နက်ချခဲ့သည့် စစ်သား:များ:အနက် ၁,၇၀၀ ဦး:တို့အား: ဝတ်စုံအသစ်များ: ထုတ်ပေး:ခဲ့ပြီး: ၄င်း:တို့ကိုတော်ဝင် ခမာ လက်နက်ကိုင်တပ်ဖွဲ့တွင် ထည့်သွင်း:ဖွဲ့စည်း:မည်ဖြစ်သည်။ ကျန်ရှိသည့် စစ်သား: ၂,၆၃၂ ဦး:တို့အား: မိမိတို့ မိသား:စုများ:ထံ ပြန်နိုင်ရန်အတွက် တစ်ဦး:လျှင် ကမ္ဘောဒီး:ယား: နိုင်ငံသုံး: ငွေ ၁၀၀,၀၀၀ ရီရယ် (အမေရိကန် တစ်ဒေါ်လာ= ၃,၇၈၀ ရီရယ်) ထုတ်ပေး:မည် ဖြစ်သည်။

ယင်း:သို့ဖြစ်ပေါ်လျက်ရှိနေရာမှ မေ ၆ ရက်နှင့် မေ ၁၃ ရက်နေ့ထုတ် The Far Eastern Economic Review စာစောင်တွင် ယခင် ခမာနီအမျို:သား:လုံခြုံရေး: အကြီး: အကဲဟောင်: ကန်ကက်လီယူနှင့် အသေ:စိတ် တွေ့ဆုံ မေး:မြန်း:ချက် အကြောင်:ကို ရေး:သား:ဖော်ပြခဲ့သည်။ ၄င်း:ကို အဆိုပါစာစောင်မှ သတင်း:ထောက် Nate Tayer က ကမ္ဘောဒီး:ယား:နိုင်ငံအနောက်မြောက်ပိုင်း:ရှိ ရွာတစ်ရွာတွင် တွေ့ရှိခဲ့ခြင်း:ဖြစ်သည်။ Nate Tayer မှာယခင် ခမာနီ ခေါင်း:ဆောင်ဟောင်: ပိုပေါ့ကို တွေ့ဆုံမေး:မြန်း:ခဲ့သူလည်း: ဖြစ်သည်။

အသက် ၅၆ နှစ် အရွယ်ရှိ ဒတ်ချ်ဟု ခေါ်ဆိုသည့် ကန်ကက်လီယူမှာ နာမည်ဆိုး:ဖြင့် ကျော်ကြား:ခဲ့သော ခမာနီအကျဉ်း:စခန်း:နှင့် စစ်ဆေး:ရေး:ဌာနကို အုပ်ချုပ်ခဲ့သူ ဖြစ်သည်။ယင်း:အကျဉ်း:စခန်း:တွင် လူ ၁၄,၀၀၀ ကျော် သေဆုံး:ခဲ့ရသည်ဟု ထင်မြင်ယူဆခဲ့သည်။ တွေ့ဆုံ မေး:မြန်း:ခန်း:တွင် ဒတ်ချ် က ညှဉ်း:ပန်း:နှိပ်စက်ခဲ့မှု များ:နှင့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ:အတွက် တာဝန် ရှိကြောင်း: ဝန်ခံပြောကြား:ပြီး: ဒုက္ခရောက်ခဲ့ရသူများ: အတွက် နောင်တကြီး:စွာရကြောင်း: ထုတ်ဖော်ဖွင့်ဟခဲ့သည်။ ထို့ပြင် တရား:ရုံး:တွင် အစစ်ခံရန် ဆန္ဒရှိကြောင်း:ကို လည်း: ကြေညာခဲ့သည်။ ၄င်း:၏ ရှင်း:လင်း:ပြောဆိုချက်များ:က ၁၉၇၅-၇၉ ခုနှစ် ကမ္ဘောဒီး:ယား:နိုင်ငံ၌ အစုလိုက် အပြုံလိုက် သတ်ဖြတ်သုတ်သင်မှုတွင် ခမာနီခေါင်း:ဆောင်မှု



ကမ္ဘောဒီး:ယား:နိုင်ငံ ဝန်ကြီး:ချုပ် ဟွန်ဆန်နှင့် ဇနီး:အား: ၄င်း:တို့၏ သမီး: လက်ထပ်မင်္ဂလာပွဲတွင် ပျော်ပျော် ရွှင်ရွှင် တွေ့ရစဉ်

တစ်ခုလုံးကို ရှုပ်ထွေးစေခဲ့သည်။ အထူးသဖြင့် ၁၉၉၈ ခုနှစ် ဒီဇင်ဘာလက အစိုးရထံသို့ လက်နက်ချခဲ့သော ခမာနီခေါင်းဆောင်ဟောင်း နုအွန်ချီးယားနှင့် မတ်လတွင် ဖမ်းဆီးရမိခဲ့သော တာမုတ်တို့ ၏ ခေါင်းဆောင်မှု အခန်းကဏ္ဍကို ရှုပ်ထွေးစေခဲ့သည်။


ဤသို့ဖြင့် ဒတ်ချ်၏ ထုတ်ဖော်ပြောဆိုမှုများ၊ ခမာနီခေါင်းဆောင်ဟောင်းများအား တရားစွဲဆိုရန် ဖိအားပေးမှုကို တိုးပွားစေခဲ့သည်။ မေလ ၉ ရက် နေ့တွင် အစိုးရပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဒတ်ချ်အား ဖန္နမ်းပင်မြို့တော်တွင် အကာအကွယ်ပေး ထိန်းသိမ်းထားပြီး ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့် စပ်လျဉ်းပြီး အတည်မပြုရသေးသည့် အသိုင်းအဝန်းများ၏ အဆိုအရ ဝန်ကြီးချုပ်ဟွန်ဆန်သည် ခမာနီခေါင်းဆောင်ဟောင်းများဖြစ်ကြသည့် အီယမ်ဆရီ၊ ခီယူးဆန်ဖန်နှင့် နုအွန်ချီးယားတို့အား ကမ္ဘောဒီးယားနိုင်ငံတွင် ခုံရုံးတင်စစ်ဆေးလိမ့်မည် မဟုတ်သည့်အကြောင်း အာမခံပြောကြားရန် ၄င်း၏အကြံပေးပုဂ္ဂိုလ်တစ်ဦးကို



မကွယ်လွန်မီကတွေ့ရှိရသည့်ခမာနီခေါင်းဆောင်ဟောင်း ပိုပေါ့

ခမာနီတို့၏ ယခင်ဘာနချုပ်ဖြစ်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ အနောက်ပိုင်းရှိ ပိုင်လင်းမြို့သို့ စေလွှတ်ခဲ့သည်ဟု သိရှိရသည်။ ခမာနီခေါင်းဆောင်များမှာ ဟွန်ဆန်က တာမုတ်



ပိုပေါ့လက်ထက်က အစုလိုက်အပြုံလိုက် သတ်ဖြတ်ရာတွင် သေဆုံးခဲ့ရသူများ၏ အရိုးခေါင်းများနှင့်အရိုးစုများ

၏အမှုကို စစ်ဆေးရာတွင် အပြည်ပြည်ဆိုင်ရာ တရား သူကြီးများအား ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်မည်ဟု အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်ကာရီအား ပြောကြား ခဲ့သည်ဆိုသည့်သတင်းကြောင့် စိတ်အနှောက် အယှက်ဖြစ်နေခဲ့ရသည်။ခီယူးဆန်ဖန်နှင့် နှအွန်ချီးယား တို့သည်ထိုင်းနိုင်ငံနယ်စပ်အနီးရှိတောတွင်းတစ်နေရာတွင် ခမာနီတပ်သား ရာပေါင်းများစွာ၏ အကာအကွယ်ပြုမှုကို ယူလျက် နေထိုင်လျက်ရှိသည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။

ဇွန်လ ၇ ရက်နေ့တွင် ခမာနီတပ်ဖွဲ့တပ်မှူးဟောင်း နှအွန်ပါယက်ကို ၁၉၉၄ ခုနှစ် ဇူလိုင်လက နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် သုံးဦးအား ဖမ်းဆီးခေါ်ဆောင်ပြီး သတ်ဖြတ်ခဲ့မှုအတွက် ဖနွမ်းပင်မြို့တွင် အမှုစစ်ဆေးပြီး စီရင်ချက်ချမှတ်ခဲ့သည်။ အမှုမှာ ဩစတြေးလျ၊ဖြိတ်နှင့် ပြင်သစ်လူမျိုး ကမ္ဘာလှည့် ခရီးသည် သုံးဦးအား မီးရထား တစ်စင်းပေါ်မှ ပြန်ပေးဆွဲကာ ခမာနီတို့က နှစ်လကြာ ထိန်းသိမ်းထားပြီးနောက် သတ်ဖြတ်ခဲ့သည့် အမှုဖြစ်သည်။ အသက်၅၃နှစ်အရွယ်ရှိ နှအွန်ပါယက်က ယင်းရာဇဝတ်မှုတွင် ၄င်းပါဝင် ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။ ၄င်းအားထောင်ဒဏ်တစ်သက်စီရင်ချက်ချခဲ့သည်။နေ့ချင်းပြီး စစ်ဆေးသည့် အဆိုပါ စီရင်ချက်ကို တရား၏ဆွေမျိုးများက အလျင်စလို နိုင်လွန်းသည့် အမှားအယွင်းတစ်ခုအဖြစ် ရှုတ်ချခဲ့ပြီး ကုလသမဂ္ဂဆိုင်ရာ လေ့လာသူများကလည်း တရားခံအပေါ် အပြစ်ပုံချရန် အသုံးချခဲ့ခြင်းသာ ဖြစ်သည်ဟု ရှုမြင်ခဲ့ကြသည်။

ယင်းသို့ဖြစ်ပေါ်ခဲ့မှုကြောင့် ဝန်ကြီးချုပ်ဟွန်ဆန်က ခမာနီခေါင်းဆောင်ဟောင်းများအား ခုံရုံးတင်စစ်ဆေးမှုများကို အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ဥပဒေရေးရာ အကူအညီပေးရန် တောင်းဆိုထားသည့် စာတစ်စောင်ကို ကမ္ဘောဒီးယားနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်လှယ် သောမတ်စ်ဟမ်မာဘတ်ထံသို့ ပေးပို့ခဲ့သည်ဟု ဇွန်လ ၂၁ ရက်နေ့ထုတ် သတင်းစများက ရေးသားဖော်ပြခဲ့သည်။

ဇူလိုင်လတွင် တာမုတ်အမှုနှင့် ပတ်သက်၍ သတင်းများ ထွက်ပေါ်လာခဲ့ပြန်သည်။ စစ်ခုံရုံး၏ စုံစမ်းစစ်ဆေးရေး တရားသူကြီးဖြစ်သူ ငင်ဆမ်အန်က ခမာနီစစ်ရေးခေါင်းဆောင်ဟောင်းဖြစ်သူ တာမုတ်သည် ခုံရုံးတင်စစ်ဆေးမှုနှစ်ခုနှင့် ရင်ဆိုင်ရမည်ဟု ဇူလိုင် ၁၅ ရက်နေ့တွင် ပြောကြား ခဲ့သည်။ ပထမစစ်ဆေးမှုမှာ ခမာနီတို့အား တာမြစ်ပိတ်ပင်ထားသည့် ၁၉၉၄ ခုနှစ်ဥပဒေအရဖြစ်ပြီး သြဂုတ်လ သို့မဟုတ် စက်တင်ဘာလတွင် စတင်စစ်ဆေးမည် ဖြစ်ကြောင်း၊ အကြောင်းမှာ ဥပဒေအရ တရားခံတစ်ဦးအား စစ်ဆေးမှုမပြုဘဲ ခြောက်လထက်ပိုပြီး ထိန်းသိမ်းထားနိုင်သောကြောင့် ဖြစ်ကြောင်းရှင်းလင်း ပြောကြား ခဲ့သည်။ ဒုတိယအမှုမှာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုပင် ဖြစ်ကြောင်း၊ သို့ရာတွင် ၂၀၀၀ ပြည့်နှစ် စောစောပိုင်း မတိုင်မီစတင် စစ်ဆေးရန် မဖြစ်နိုင်ကြောင်း အကြောင်းမှာ ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် အပြည်ပြည်ဆိုင်ရာ တရားသူကြီးများနှင့် တရားစွဲဆိုသူများကို အမှုစစ်ဆေးမှုတွင် ထည့်သွင်းဆောင်ရွက်ရန် လိုအပ်သော ဥပဒေများ သို့မဟုတ် ဥပဒေဆိုင်ရာ အခြေခံမူဘောင် မရှိသေးသောကြောင့် ဖြစ်ကြောင်း ဆက်လက်ပြောကြား ခဲ့သည်။

သြဂုတ်လ ၁၇ ရက်နေ့တွင် ဝန်ကြီးချုပ် ဟွန်ဆန်က အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် လူမဆန်စွာ ကျူးလွန်မှုများအတွက် ခမာနီခေါင်းဆောင်ဟောင်းများအား စစ်ဆေးရန် ခုံရုံးဖွဲ့စည်းမှု အစီအစဉ်နှင့် စပ်လျဉ်းပြီး ကုလသမဂ္ဂ၏ အဆိုပြုချက် တစ်ရပ်ကို ပယ်ချခဲ့သည်။

ကုလသမဂ္ဂ၏ အဆိုပြုချက်အရ ခုံရုံးအဖွဲ့ကို ကမ္ဘောဒီးယားနိုင်ငံသား နှစ်ဦးပါဝင်သည့် တရားသူကြီး ငါးဦးဖြင့်လည်းကောင်း၊ သို့မဟုတ် ကမ္ဘောဒီးယားနိုင်ငံသား သုံးဦး ပါဝင်သည့် တရားသူကြီးခုနှစ်ဦးဖြင့် လည်းကောင်း ဖွဲ့စည်းရန် ဖြစ်သည်။ နိုင်ငံခြားသား တရားသူကြီးဦးရေပိုများသည့် မည်သည့်ခုံရုံးအဖွဲ့မဆို ကမ္ဘောဒီးယားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင် ရပ်တည်မှုအနေအထားကို ဆိုးဝါးစွာ သေးသိမ်စေမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။ အကယ်၍ ကုလသမဂ္ဂသည် ၄င်း၏ရပ်တည်ချက်ကို လက်မခံပါက ကမ္ဘောဒီးယားနိုင်ငံသည် မိမိတို့ ကိုယ်ပိုင်ခုံရုံးဖြင့် သာ ဆက်လက်ဆောင်ရွက် သွားမည်ဟုလည်း ရှင်းရှင်းလင်းလင်း ထုတ်ဖော် ပြောကြား ခဲ့သည်။ ထို့ပြင်ဟွန်ဆန်က တရားသူကြီးတစ်ဦးဖြင့်သာ ခုံရုံးဖွဲ့စစ်ဆေးရန် ကုလသမဂ္ဂ၏ အဆိုပြုချက်ကိုလည်း ပယ်ချခဲ့ပြီး လာမည့်ကာလတွင် ခုံရုံးတင် စစ်ဆေးမှုများကို ကမ္ဘောဒီးယားနိုင်ငံ တရားရေးစနစ်၏ ပုံမှန်လုပ်ကိုင်ဆောင်ရွက်မှု အရသာဖြစ်စေရမည်ဟု ရှင်းလင်း ပြောကြား ခဲ့သည်။

ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများကို အကြောင်းပြုလျက် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်သည် အစုလိုက်

ကမ္ဘောဒီးယားနိုင်ငံ



အန်ကာဝပ်ဘုရားကျောင်းကို တွေ့ရစဉ်

အပြုလိုက် သတ်ဖြတ်မှု သို့မဟုတ် လူမဆန်စွာ ကျူးလွန်မှုများနှင့် စွပ်စွဲခြင်း ခံထားရသူများအား အမှုမစစ်မီ ထိန်းသိမ်းထားသည့်ကာလကို သုံးနှစ်အထိ တိုးမြှင့်သည့် ဥပဒေကို ဩဂုတ်လ ၁၁ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ယင်းသို့ဥပဒေ ပြင်ဆင်ချက်မတိုင်မီက အကျဉ်းသားများကို အမှုမစစ်မီ ခြောက်လထက်ပိုပြီး ချုပ်ထားခွင့်မရှိပေ။ ဤဥပဒေ ပြင်ဆင်ချက်ကြောင့် ခမာနီစစ်ရေး ခေါင်းဆောင်တာမုတ်မှာ အမှုစစ်ဆေးရန် သို့မဟုတ် စက်တင်ဘာလ စောစောပိုင်းတွင် လွှတ်ပေးရန် ရှိနေပေသည်။

ယင်းသို့ ရှိနေခဲ့ရာမှ အောက်တိုဘာ ၂၀ ရက်နေ့တွင် အေပီသတင်းဌာနက သတင်းပေးပို့ရာတွင် လပေါင်းများစွာ စေ့စပ်ညှိနှိုင်းမှုများကို ဆိုင်းငံ့ခဲ့ပြီးနောက် ဝန်ကြီးချုပ် ဟွန်ဆန်သည် ခမာနီ ခေါင်းဆောင်ဟောင်းများအား ခုံရုံးတင်စစ်ဆေးရန် ခုံရုံးဖွဲ့စည်းမှုနှင့် စပ်လျဉ်းပြီး အမေရိကန် ပြည်ထောင်စု၏ အဆိုပြုချက် တစ်ရပ်ကို သဘောတူညီခဲ့ပြီးသည်ဟု ရေးသား ဖော်ပြခဲ့သည်။ အဓိကဖြစ်နေသည့် ပြဿနာမှာ ခုံရုံး ဖွဲ့စည်းရာတွင် နိုင်ငံခြားသားဦးရေ ပါဝင်မှု အတိုင်းအဆပင် ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု၏ အဆိုပြုချက်အရ ခုံရုံး အဖွဲ့တွင် ကမ္ဘောဒီးယားတရားသူကြီး သုံးဦးနှင့် ကုလသမဂ္ဂက ခန့်ထားသော တရားသူကြီးနှစ်ဦး ပါဝင်မည်ဖြစ်ပြီး မည်သည့်ဆုံးဖြတ်ချက်မဆို ခုံရုံးအဖွဲ့ဝင် အနည်းဆုံး လေးဦး၏ သဘောတူညီမှု ရရှိစေမည်ဖြစ်သည်။ သို့ဖြစ်ရာ အပြီးတိုင် အမိန့်ချမှတ်နိုင်ရေးအတွက် ကုလသမဂ္ဂက ခန့်အပ်သော တရားသူကြီးတစ်ဦး၏ သဘောတူညီမှုကို အနည်းဆုံး လိုအပ်မည် ဖြစ်သည်။ ထို့ပြင် အယူခံရုံးအဖွဲ့ကို ကမ္ဘောဒီးယားတရားသူကြီးလေးဦးနှင့် နိုင်ငံခြားသားတရားသူကြီး သုံးဦးတို့ဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်ချရာတွင် ငါးဦး၏ သဘောတူညီမှု လိုအပ်မည်ဖြစ်သည်။

အလှူရှင်နိုင်ငံများနှင့် အစည်းအဝေး– ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂတို့ ပါဝင်သော အလှူရှင်နိုင်ငံများနှင့် အကူအညီပေးရေး အေဂျင်စီများမှ ကိုယ်စားလှယ်များသည် ဇွန်လ ၁၄

ရက်နေ့က ဖနွမ်းပင်မြို့တွင် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့် ပတ်ဝန်းကျင်ရေးရာ ပြုပြင်ပြောင်းလဲမှုများနှင့် လက်နက်တိုင်တပ်ဖွဲ့အင်အားနှင့် အရပ်ဝန်ထမ်းအင်အား အရွယ်အစား လျှော့ချသည့် ကြိုးပမ်းမှုများ တိုးတက်မှု ရှိခဲ့သည်ကို အားရကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြား ကြသည်။ ဤအစည်းအဝေးမှာ ဖေဖော်ဝါရီလက တိုကျိုမြို့တွင် ဆုံးဖြတ်ခဲ့သော အမေရိကန်ဒေါ်လာ ၄၇၀ သန်း တန်ဖိုးရှိ အကူအညီပေးရေး အစီအစဉ်အရ ကမ္ဘောဒီးယားနိုင်ငံက အကူအညီရယူသည့်အခါ အစိုးရက ဆောင်ရွက်မည်ဟု ကတိပြုခဲ့သော လုပ်ငန်းဆောင်တာများကို ပြန်လည်သုံးသပ်သည့် သုံးလတစ်ကြိမ် အစည်း အဝေး တစ်ခုဖြစ်သည်။

အန်ကာဝပ်ဘုရားကျောင်းအတွက်အလှူငွေ–အောက်တိုဘာလ ၇ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက တရုတ်နိုင်ငံက ၁၂ ရာစုနှစ် အန်ကာဝပ် ဗုဒ္ဓဘာသာဘုရားကျောင်းတော် ပရဝဏ်ပြန်လည်မွမ်းမံပြင်ဆင်ရေးအတွက် တရုတ်ယွမ်ငွေ ၁၀ သန်းလှူဒါန်းမည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ အန်ကာဝပ်ဘုရားကျောင်း ထိန်းသိမ်းရေးအတွက် အလှူငွေထည့်ဝင်ကြသည့် နိုင်ငံများတွင် ပြင်သစ်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့လည်း ပါဝင်သည်။သြဂုတ်လ ၅ ရက်နေ့ထုတ် The Far Eastern Economic Review စာစောင်က ဘုရင်သီဟာနု သည် အန်ကာဝပ်ဘုရားကျောင်း နောက်ထပ် ဖျက်ဆီးခံရမှုမှ ကာကွယ်တားဆီးရန်အတွက် နိုင်ငံတကာ အကူအညီကို တောင်းခံရန် အစိုးရကို တိုက်တွန်းခဲ့သည်ဟု ရေးသားဖော်ပြခဲ့သည်။ အဆိုပါ စာစောင်၏ ရေးသားချက်အရ ဗုဒ္ဓဘာသာ ဘုရားကျောင်းများမှာ နိုင်ငံတကာ မှောင်ခိုစျေးကွက်တွင် ရွှေဟောင်း ပစ္စည်းများရောင်းချရန် ကြံစည်သူများ၏ လက်ချက်ကြောင့် ဆိုးဆိုးရွားရွား ပျက်စီးလျက်ရှိကြောင်း သိရှိရသည်။

မျိုးကျော်ဝေ

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ။ ။ ၁၉၉၉ ခုနှစ် အတွင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အခြေအနေမှာ ပြည်တွင်းစစ်မီးတောက်လောင်ဆဲပင် ဖြစ်ခဲ့ပါသည်။ သမ္မတ လောရင့်ကာဘီလာ အစိုးရအဖွဲ့ကို တိုက်ခိုက်နေသော သူပုန်တပ်ဖွဲ့များသည် ဧန်နဝါရီလ ၃ ရက်နေ့တွင် နိုင်ငံမြောက်ပိုင်းရှိ ဗဟို အာဖရိကသမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ဂွန်ဂိုမြို့ကို သိမ်းပိုက်နိုင်ခဲ့ကြောင်း၊ အနောက်ဘက်သို့ ဆက်လက်ချီတက်နေကြောင်း

ကြေညာခဲ့ပါသည်။ ကိဗူးတောင်ပိုင်းဒေသရှိ မာကိုဘိုလာရွာအနီးတွင် သူပုန်တပ်ဖွဲ့များက အရပ်သား ၅၀၀ ကျော်တို့အား သတ်ဖြတ်ပစ်ခဲ့ကြောင်း ရိုမန်ကက်သလစ်သာသနာပြုသတင်းဌာနက ဧန်နဝါရီလ ၅ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

ပြည်တွင်းစစ်အခြေအနေမှာ ရှုပ်ထွေးလျက်ရှိရာ သတင်းအမျိုးမျိုးထွက်ပေါ်ခဲ့သည်။ အာဏာ(စ်)ဝမ်ဘာဒီယာဝမ်ဘာ ဦးဆောင်သော သူပုန်တပ်ဖွဲ့များက အစိုးရဘက်သား ပြည်သူ့စစ်တပ်ဖွဲ့ဝင်အမြောက်အမြားကို သတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။ ကြွင်းကျန်ရစ်သူရွာသားအချို့ကလည်း အစိုးရတပ်ဖွဲ့ဝင်များက ၄င်းတို့အား လိုက်လံပစ်ခတ်သည်ဟုလည်း ဆိုသည်။ အစိုးတပ်ဖွဲ့များက ဂွန်ဂိုတွင် အရပ်သား ၁၂၀ ကျော်၊ လူဘင်ဂေးတွင် လူပေါင်း ၂၀၀ ကျော်တို့ကို သတ်ဖြတ်ခဲ့သည်ဟုလည်း ဆိုသည်။

ဧန်နဝါရီလ ၁၁ ရက်နေ့တွင် အစိုးရလေတပ်ဖွဲ့က သူပုန်များသိမ်းပိုက်ထားသော ကီဆန်ဂနီမြို့ကို ဗုံးကြဲတိုက်ခိုက်သဖြင့် လူပေါင်း ၄၀ ကျော်သေဆုံးသွားခဲ့သည်။ ကတန်ဂါပြည်နယ်၏ အနောက်မြောက်ဒေသတွင် အစိုးရဘက်မှ အကူအညီပေးနေသော နမ်မီးဘီးယားရဟတ်ယာဉ်ကို သူပုန်တို့က ပစ်ချနိုင်ခဲ့ကြောင်း သူပုန်တို့ဘက်မှ ကြေညာခဲ့သည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်တွင်းစစ်၌ ပါဝင်ပတ်သက်နေသော အာဖရိကနိုင်ငံများသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ခုကို ပြုလုပ်ကြရန် ဧန်နဝါရီလ ၁၈ ရက်နေ့က သဘောတူညီခဲ့ကြသည်။ နမ်မီးဘီးယားနိုင်ငံသမ္မတ ဆမ်နျူးမားက ဒီမိုကရေစီရေးအတွက် ကွန်ဂိုအမျိုးသားစုစည်းရေးအဖွဲ့အမည်ခံ သူပုန်တပ်ဖွဲ့ကလည်း သီးခြားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပြုလုပ်ရန် သဘောတူပြီးဖြစ်ကြောင်း၊ သမ္မတကါဘီလာကလည်း သူပုန်တို့နှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်သဘောတူကြောင်း ကြေညာခဲ့သည်။

ကာဘီလာအစိုးရအဖွဲ့ကို တိုက်ခိုက်နေသည့် ဒီမိုကရေစီရေးအတွက် ကွန်ဂိုအမျိုးသားစုစည်းရေးအဖွဲ့တွင် အုပ်စုနှစ်ဖွဲ့ကွဲသွားခဲ့သည်။ မေလ ၁၇ ရက်နေ့တွင် ၄င်းအဖွဲ့ကလက်ရှိခေါင်းဆောင် ဝမ်ဘာဒီယာဝမ်ဘာကို ထုတ်ပယ်၍ အီမီလေအီလွန်ဂါအား ခေါင်းဆောင်သစ်အဖြစ် တင်မြှောက်ခဲ့သည်။ သူပုန်တပ်ဖွဲ့အတွင်းအုပ်စုကွဲသွားသော်လည်း

အစိုးရနှင့်သူပုန်တို့အကြား တိုက်ပွဲများမှာ ဆက်လက်ဖြစ်ပွားဆဲပင်ရှိနေခဲ့သည်။

သူပုန်တို့ကိုထောက်ခံအားပေးနေသော ယူဂန်ဒါအစိုးရသည် ဧပြီလအတွင်းက ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လစ်ဗျားနိုင်ငံသို့သွား၍ တစ်ဖက်သတ်ကြေညာခဲ့သည်။ ထိုပြည်တွင်းစစ်၌ မိမိတို့နိုင်ငံကပါဝင်ပတ်သက်မှုမပြုလုပ်လိုတော့ကြောင်း သဘောထားကို ထုတ်ဖော်ပြသည့်အနေဖြင့် မေလ ၉ ရက်နေ့တွင် ကွန်ဂိုသူပုန်စစ်သား ၁၅၀၀ ကျော်တို့အား သင်တန်းပေးလေ့ကျင့်နေမှုကို ရပ်ဆိုင်းပစ်ခဲ့သည်။

ကင်ညာနိုင်ငံ နိုင်ဂျီးရီးယား၊ ဂမ်ဘီယာနိုင်ငံတို့ကလည်း၊ ထိုနိုင်ငံငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဇွန်လ ၂၄ ရက်နေ့က ဂမ်ဘီယာနိုင်ငံ၊ လူဆာကို မြို့တော်၌ ထိုပဋိပက္ခတွင် တိုက်ရိုက်ပါဝင်နေကြသော အင်ဂိုလာ၊ နမ်မီးဘီးယား၊ ဧင်ဘာဘွေ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ရဝမ်ဒါနှင့်ယူဂန်ဒါနိုင်ငံတို့မှ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် မူကြမ်းရေးဆွဲရေးအတွက် ညှိနှိုင်းရေးဆွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲသို့ တောင်အာဖရိကနှင့်ဂမ်ဘီယာနိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများလည်း တက်ရောက်ခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရပါက တောင်အာဖရိကနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့က ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များကို စေလွှတ်ပေးမည်ဟု ကတိပြုခဲ့ကြသည်။ သို့ရာတွင် အပစ်အခတ်ရပ်စဲရေးအပြီးသတ်စာချုပ်မှာ ဇွန်လကုန်အထိ ထွက်ပေါ်မလာနိုင်ခဲ့ပေ။

ဤအတောအတွင်း ဇွန်လ ၈ ရက်နေ့တွင် ဒီမိုကရေစီရေးအတွက် ကွန်ဂိုအမျိုးသား စုစည်းရေးအဖွဲ့အမည်ခံသူပုန်တပ်ဖွဲ့များနှင့် ရဝမ်ဒါတပ်များက သမ္မတ ကာဘီလာ၏ဇာတိမြို့ဖြစ်သော မာနိုနိုမြို့ကိုသိမ်းပိုက်လိုက်ကြသည်။ နိုင်ငံ၏အရှေ့တောင်ဒေသရှိ မာနိုနိုမြို့မှာ အချက်အချာကြသောကြောင့် ထိုပြည်တွင်းစစ်အတွက် အရေးပါသော အလှည့်အပြောင်းဖြစ်လိမ့်မည်ဟု အကဲခတ်သမားများက ပြောဆိုနေကြသည်။ မာနိုနိုမြို့ကို အကာအကွယ်ပေးနေသော ဧင်ဘာဘွေတပ်တို့သည် သူပုန်နှင့်ရဝမ်ဒါတပ်များက ထိုမြို့ကို သိမ်းပိုက်လိုက်သော အခါ မြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြသည်ဟုဆိုသည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ဧင်ဘာဘွေတပ်သား ပေါင်း ၁၃၀၀၀ ရှိနေသည်ဟုဆိုသည်။

သမ္မတ ကာဘီလာအစိုးရအဖွဲ့၏ ကိုယ်စားလှယ်များနှင့် သူပုန်တို့အား အားပေးသူများသည် ဂမ်ဘီယာနိုင်ငံ၊ လူဆာကိုမြို့တော်၌ သီတင်းနှစ်ပတ်ကြာ ဆွေးနွေးပြီး ဇူလိုင်လ ၁၁ ရက်နေ့တွင် ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ လက်မှတ်ရေးထိုးရာတွင် ကာဘီလာအစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ ကာဘီလာကိုထောက်ခံသော ဧင်ဘာဘွေ၊ အင်ဂိုလာ၊ နမ်မီးဘီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ သူပုန်တို့ကိုထောက်ခံအားပေးနေသည့် ယူဂန်ဒါနှင့်ရဝမ်ဒါတို့မှ ကိုယ်စားလှယ်များပါဝင်ခဲ့ကြ

သူပုန်တို့အကြား တိုက်ပွဲများမှာ ဆက်လက်ဖြစ်ပွားဆဲပင်ရှိနေခဲ့သည်။

သူပုန်တို့ကိုထောက်ခံအားပေးနေသော ယူဂန်ဒါအစိုးရသည် ဧပြီလအတွင်းက ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လစ်ဗျားနိုင်ငံသို့သွား၍ တစ်ဖက်သတ်ကြေညာခဲ့သည်။ ထိုပြည်တွင်းစစ်၌ မိမိတို့နိုင်ငံကပါဝင်ပတ်သက်မှုမပြုလုပ်လိုတော့ကြောင်း သဘောထားကို ထုတ်ဖော်ပြသည့်အနေဖြင့် မေလ ၉ ရက်နေ့တွင် ကွန်ဂိုသူပုန်စစ်သား ၁၅၀၀ ကျော်တို့အား သင်တန်းပေးလေ့ကျင့်နေမှုကို ရပ်ဆိုင်းပစ်ခဲ့သည်။

ကင်ညာနိုင်ငံ နိုင်ဂျီးရီးယား၊ ဂမ်ဘီယာနိုင်ငံတို့ကလည်း၊ ထိုနိုင်ငံငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဇွန်လ ၂၄ ရက်နေ့က ဂမ်ဘီယာနိုင်ငံ၊ လူဆာကိုမြို့တော်၌ ထိုပဋိပက္ခတွင် တိုက်ရိုက်ပါဝင်နေကြသော အင်ဂိုလာ၊ နမ်မီးဘီးယား၊ ဧင်ဘာဘွေ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ရဝမ်ဒါနှင့်ယူဂန်ဒါနိုင်ငံတို့မှ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် မူကြမ်းရေးဆွဲရေးအတွက် ညှိနှိုင်းရေးဆွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲသို့ တောင်အာဖရိကနှင့် ဂမ်ဘီယာနိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများလည်း တက်ရောက်ခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရပါက တောင်အာဖရိကနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့က ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များကို စေလွှတ်ပေးမည်ဟု ကတိပြုခဲ့ကြသည်။ သို့ရာတွင် အပစ်အခတ်ရပ်စဲရေးအပြီးသတ်စာချုပ်မှာ ဇွန်လကုန်အထိ ထွက်ပေါ်မလာနိုင်ခဲ့ပေ။

ဤအတောအတွင်း ဇွန်လ ၈ ရက်နေ့တွင် ဒီမိုကရေစီရေးအတွက် ကွန်ဂိုအမျိုးသား စုစည်းရေးအဖွဲ့အမည်ခံသူပုန်တပ်ဖွဲ့များနှင့် ရဝမ်ဒါတပ်များက သမ္မတ ကာဘီလာ၏ဇာတိမြို့ဖြစ်သော မာနိုနိုမြို့ကိုသိမ်းပိုက်လိုက်ကြသည်။ နိုင်ငံ၏အရှေ့တောင်ဒေသရှိ မာနိုနိုမြို့မှာ အချက်အချာကြသောကြောင့် ထိုပြည်တွင်းစစ်အတွက် အရေးပါသော အလှည့်အပြောင်းဖြစ်လိမ့်မည်ဟု အကဲခတ်သမားများက ပြောဆိုနေကြသည်။ မာနိုနိုမြို့ကို အကာအကွယ်ပေးနေသော ဧင်ဘာဘွေတပ်တို့သည် သူပုန်နှင့်ရဝမ်ဒါတပ်များက ထိုမြို့ကို သိမ်းပိုက်လိုက်သော အခါ မြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြသည်ဟုဆိုသည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ဧင်ဘာဘွေတပ်သား ပေါင်း ၁၃၀၀၀ ရှိနေသည်ဟုဆိုသည်။

ကာဘီလာအစိုးရအဖွဲ့၏ ကိုယ်စားလှယ်များနှင့် သူပုန်တို့အား အားပေးသူများသည် ဂမ်ဘီယာနိုင်ငံ၊ လူဆာကိုမြို့တော်၌ သီတင်းနှစ်ပတ်ကြာ ဆွေးနွေးပြီး ဇူလိုင်လ ၁၁ ရက်နေ့တွင် ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ လက်မှတ်ရေးထိုးရာတွင် ကာဘီလာအစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ ကာဘီလာကိုထောက်ခံသော ဧင်ဘာဘွေ၊ အင်ဂိုလာ၊ နမ်မီးဘီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ သူပုန်တို့ကိုထောက်ခံအားပေးနေသည့် ယူဂန်ဒါနှင့်ရဝမ်ဒါတို့မှ ကိုယ်စားလှယ်များပါဝင်ခဲ့ကြ

သည်။ သို့ရာတွင် ထိုပြည်တွင်းစစ်၌အစိုးရကို တိုက်ခိုက်နေသည့် ဒီမိုကရေစီရေးအတွက် ကွန်ဂိုအမျိုးသားစုစည်းရေးအဖွဲ့နှင့်ကွန်ဂိုလွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့တို့က ပါဝင်လက်မှတ်ရေးထိုးခြင်း မပြုခဲ့ကြပေ။

ထိုသူပုန်နှစ်ဖွဲ့သည် ဆက်လက်တိုက်ပွဲဝင်နေလျက် ကာဘီလာဖြုတ်ချရေးကိုသာ ဦးတည်ဆောင်ရွက်နေခဲ့ကြသည်။ ကွန်ဂိုလွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့က အရေးပါသော ဂဘိုဒိုလိုက်မြို့နှင့် ဂေးမေးနားမြို့များကို သိမ်းပိုက်ခဲ့သည်။ ဒီမိုကရေစီရေးအတွက် ကွန်ဂိုအမျိုးသားစုစည်းရေးအဖွဲ့က စိန်ထွက်သော အမ်ဘူဂျီ-မာယီမြို့ကို သိမ်းပိုက်ခဲ့သည်။

ကာဘီလာအစိုးရအဖွဲ့က သူပုန်အားလုံးတို့အတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပေးခဲ့သော်လည်း သူပုန်များကလက်မခံဘဲ ဆက်လက်တိုက်ပွဲဝင်နေကြဆဲဖြစ်သည်။

အောက်တိုဘာလ ၁၂ ရက်နေ့ထုတ် သတင်းစာများပါအဆိုအရ လူမွန်ဘာရှိမြို့တော်၌ မြောက်ကိုရီးယားစစ်သည်များက အစိုးရတပ်ဖွဲ့ဝင်များအား စစ်ရေးလေ့ကျင့်ပေးနေကြောင်း၊ ယူရေနီယမ်သတ္ထုထုတ်လုပ်ရေးဒေသဖြစ်သော ရှင်ဘိုလိုဘွေ၌လည်း မြောက်ကိုရီးယားတပ်ဖွဲ့ဝင်တို့အား တွေ့မြင်ရကြောင်းသတင်းများထွက်ပေါ်လာသည်။ အဏုမြူလက်နက်များထုတ်လုပ်ရာတွင် ယူရေနီယမ်ကို ရရှိအသုံးချနိုင်ရေးအတွက် မြောက်ကိုရီးယားတို့သည် အစိုးရတပ်ဖွဲ့ဝင်များအား စစ်ရေးလေ့ကျင့်ပေးခြင်းဖြစ်သလောဟု အနောက်တိုင်းနိုင်ငံများတွင် စိုးရိမ်စိတ်များ ဖြစ်ပေါ်စေခဲ့သည်။

ဧင်ဘီယားနိုင်ငံ၊ ကူဆာကာမြို့၌ ဩဂုတ်လအတွင်း ကချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေး သဘောတူညီချက်အရ အာဖရိက ညီညွတ်ရေးအဖွဲ့သည် ပူးတွဲစစ်ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ပူးတွဲစစ်ကော်မရှင်သည် အောက်တိုဘာလ၁၁ရက်နေ့တွင် ပထမအကြိမ် အစည်းအဝေးကို ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ ကာဘီလာအစိုးရအဖွဲ့ဘက်မှ ပါဝင်သော နိုင်ငံများနှင့် အဖွဲ့များ၊ သူပုန်များဘက်မှ ပါဝင်သော နိုင်ငံများနှင့်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။ ထို့ပြင် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အာဖရိကညီညွတ်ရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ဧမ်ဘီယာနိုင်ငံမှ ကိုယ်စားလှယ်တို့လည်း တက်ရောက်ခဲ့ကြသည်။ ပူးတွဲစစ်ကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သော အယ်လ်ဂျီရီးယား စစ်တပ်မှ ဗိုလ်ချုပ်ကြီး လာကိုင်ရာရှစ်က ပါဝင် ပတ်သက်နေသော အဖွဲ့များအနေဖြင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်အတိုင်း လိုက်နာစောင့်ထိန်းကြရန် အသိပေးခဲ့သည်။

ယူဂန်ဒါနိုင်ငံ၏ ထောက်ခံအားပေးမှု ရရှိနေသော ဝမ်ဘာဒီယာဝမ်ဘာက ၄င်းတို့၏ အဖွဲ့အစည်းကို ဒီမိုကရေစီရေးအတွက် ကွန်ဂိုအမျိုးသား စုစည်းရေးလှုပ်ရှားမှုအဖွဲ့ဟု အမည်ပြောင်းလဲခေါ်တွင်စေခဲ့သည်။ အရှေ့မြောက်ပိုင်း ဒေသရှိ ဘူနီယာမြို့ကို အခြေခံလျက် ဝမ်ဘာက မိမိကိုယ်မိမိ သမ္မတအဖြစ် တင်မြှောက်လျက် အစိုးရအဖွဲ့ကို ဖွဲ့စည်း လိုက်ကြောင်း ကြေညာခဲ့သည်။ ၄င်း၏ အစိုးရအဖွဲ့တွင် ပါဝင်သူများ၏ အမည်စာရင်းကိုလည်း ကြေညာခဲ့သည်။

နိုဝင်ဘာလ ၂ ရက်နေ့တွင် အနောက်မြောက်ဒေသရှိ အီကွေတာပြည်နယ်တွင် ကာဘီလာအစိုးရတပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များအကြား အပြင်းအထန်တိုက်ပွဲများ စတင်ဖြစ်ပေါ်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို စတင်ချိုးဖောက်မှုအတွက် အစိုးရနှင့် သူပုန်နှစ်ဘက်စလုံးတို့က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအတိုင်း လိုက်နာစောင့်ထိန်းနေကြပါသည်ဟု ပြောဆိုကြေညာနေကြသော်လည်း လက်တွေ့တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။

နိုဝင်ဘာလ ၅ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၂၇၃ (၁၉၉၉) ကို အတည်ပြုပေးလိုက်သည်။ထိုဆုံးဖြတ်ချက်အရ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကုလသမဂ္ဂ၏ စစ်ရေးဆက်စပ်ညှိနှိုင်းမှုအရာရှိများကို ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁၅ရက်နေ့အထိ ဆက်လက်နေထိုင်ခွင့်ကို တိုးမြှင့်ပေးခဲ့သည်။ ထို့ပြင်ကုလသမဂ္ဂမှ အခြားသောဝန်ထမ်းအမျိုးအစားများကိုလည်း ထိုနိုင်ငံ၌ ဆက်လက်နေထိုင်တည်ရှိရန် အတွက် အချိန်ကာလတိုးမြှင့် သတ်မှတ်ပေးခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ အမြဲတမ်းကိုယ်စားလှယ် ရစ်ချဒ်ဟိုးလ်ဘရု (ခ်) က ဒီဇင်ဘာလ ၆ ရက်နေ့တွင် တောင်အာဖရိကမြို့တော် ပရီတိုးရီးယားသို့ ရောက်ရှိခဲ့သည်။ ထိုမြို့တော်တွင် ရောက်ရှိနေခိုက် ဟိုးလ်ဘရု (ခ်)က ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဖြစ်ပွားနေသော ပြည်တွင်းစစ်သည် အာဖရိကတိုက်၌ ကုလသမဂ္ဂအဖို့ အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်ကြောင်း၊ ထိုနိုင်ငံ၌ ဆက်လက်တိုက်ခိုက်

နေမှုမျာ:ကိုလည်: ရွှတ်ချကြောင်: ပြောကြား:ခဲ့သည်။ ထိုနိုင်ငံ ငြိမ်:ချမ်:ရေ:ကိုလည်: ၂၀၀၀ ပြည့်နှစ် နှစ်ဦ:ပိုင်:တွင် ကုလသမဂ္ဂ၌ ဆွေ:နွေ:မည်ဖြစ်ကြောင်: ကိုလည်: ပြောကြား:ခဲ့သည်။ ထိုနိုင်ငံ၌ အခွင့်အလမ်: ကောင်: ဖန်တီ:ပေ:သူတစ်ဦ:အာ: ခန့်ထာ:ပြီ:မှသာ ငြိမ်:ချမ်:မှုထိန်:သိမ်:ရေ:အဖွဲ့.မျာ:ကို စေလွှတ်ပေ:နိုင်မည်ဖြစ်ကြောင်:ကိုလည်: ပြောကြား:ခဲ့သည်။

ကွန်ဂိုဒီမိုကရစ်တစ် သမ္မတနိုင်ငံတွင် ပါဝင်ပတ်သက် တိုက်ခိုက်နေသော အဖွဲ့,ဝင်မျာ:၊ နိုင်ငံမျာ: နှင့် ညှိနှိုင်:ပြီ:နောက် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ၄င်:တို့ အာ:လုံ:၏ သဘောတူညီချက်ကို အခြေခံလျက် ဘော့ဘွာ:နာ: သမ္မတဟောင်: ဆာကေတုဗိုင်:မိဆိုင်: ယာ:အာ: အခွင့်အလမ်:ကောင်: ဖန်တီ:ပေ:သူအဖြစ် အာဖရိကညီညွတ်ရေ:အဖွဲ့.က ခန့်အပ်တာဝန်ပေ:ခဲ့သည်။

ဝမ်ဘာဒီဟာဝမ်ဘာ ခေါင်:ဆောင်သော သူပုန်အဖွဲ့.နှင့် ယွန်မီယာဘင်ဘာ ခေါင်:ဆောင်သော သူပုန်အဖွဲ့.တို့သည် သမ္မတ ကာဘီလာဆန့်ကျင်ရေ: မဟာမိတ်အဖွဲ့.အဖြစ် ပူ:ပေါင်:ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ အစို:ရနှင့်.သူပုန်တပ်ဖွဲ့.တို့.အကြာ:တွင်လည်: ဒေသအနှံ့.အပြာ:၌ တိုက်ပွဲမျာ: ဆက်လက်ဖြစ်ပွာ:လျက်ပင် ရှိသေ:သည်။ သူပုန်အင်အာ:စု အချင်:ချင်:လည်: သီ:ခြာ:စီလှုပ်ရှာ:လျက်ပင်ရှိသေ:သည်။

ဦ:ခင်မောင်မြ

ကွယ်လွန်သူ ထင်ရှာ်းသော ပုဂ္ဂိုလ်မျာ:(၁၉၉၉)။ ။

ပြည်ထောင်စု မြန်မာနိုင်ငံနှင့် နိုင်ငံတကာတွင် သာသနာအကျို: သယ်ပိုးထမ်:ရွက်တော်မူရင်: ပျံလွန်တော်မူသွာ:ကြသည့် ရဟန်:တော်မျာ:နှင့် နိုင်ငံရေ:၊ လူမှုရေ:၊ စီ:ပွာ:ရေ:၊ စာပေ၊ အနုပညာနှင့် သိပ္ပံနယ်ပယ်အသီ:သီ:တွင် ထူ:ချွန်ထင်ရှာ်:ခဲ့ကြပြီ: ကွန်လွန်သွာ:ကြသော လူပုဂ္ဂိုလ်မျာ: ရှိသည်။

ရဟန်:တော်မျာ:

ကုမာရ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၆) ဝါ
မဟာဂန္ဓဝါစကပဏ္ဍိတ၊ မုံရွာမြို့နယ် သံဃနာယက ဒုတိယ ဥက္ကဋ္ဌ၊ ရန်ကင်:ကျောင်:တိုက် ပဓာနနာယက
(၁၃၆၁ ခုနှစ်၊ ပထမဝါဆိုလဆန်: ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကုသလ၊ ဘဒ္ဒန္တ
သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၂) ဝါ
နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဟောင်း၊ ပေါင်မြို့နယ် ဘန့်ဘွေးကုန်:ကျေးရွာ ရွှေဘုံသာ ကျောင်:တိုက် ပဓာနနာယက
(၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်: ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။

ကုသလမဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၇) နှစ်၊ သိက္ခာတော် (၇၇) ဝါ
ရေနံချောင်းမြို့ ဘေ:မဲ့ကန်တော်မင်ကျောင်: ဆရာတော်
(၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်: ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကေလာသ၊ ဘဒ္ဒန္တ
သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၄) ဝါ၊
အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကြို့ပင်ကောက်မြို့ တိုက်ကျောင်:၊ ပါဠိတက္ကသိုလ်ကျောင်:တိုက် ဦ:စီ:ပဓာနနာယက
(၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလဆုတ် ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကေလာသာ ဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါ
အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မဟာမုနိဘုရာ:ကြီ: ဂေါပကအဖွဲ့၊ ပရိယတ္တိ သာသနာ့ဟိတအသင်:၊ ချမ်:သာကြီ:ဆန်လူအသင်:၊ မန္တလေ: ဗုဒ္ဓဘာသာဗဟိုအဖွဲ့.ချုပ်၊ မန္တလေးမြို့.မြတောင်ကျောင်:တိုက် တို့၏ သြဝါဒစရိယ၊ ယခင်နိုင်ငံတော်အစို:ရ တိပိဋကဓရ ရွှေ:ချယ်ရေ: သြဝါဒါစရိယ အဖွဲ့.ဥက္ကဋ္ဌ၊ မြတောင်ကျောင်:တိုက် သမ္မတစာချကျောင်:ဆရာတော်
(၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်: ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကောဏ္ဍည၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ရွှေကျင်ဂိုဏ်: ရတ္တညုမဟာနာယက၊ ပဲခူ:တိုင်: သံဃနာယက အဖွဲ့.ဥက္ကဋ္ဌ (ရွှေကျင်)၊ ပဲခူ:၊ဝေါ၊ ဒိုက်ဦ:၊ သနပ်ပင်၊ ကဝမြို့.နယ်တို့၏ အရည်ဝါသီရွှေကျင်နိကာယ မဟာနာယက၊ ပဲခူ:မြို့.ဝေဘူဓမ္မရိပ်သာ

(၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

စကြိန္ဒ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၁၀၂)နှစ်၊ သိက္ခာတော် (၈၂) ဝါ
မော်လမြိုင်မြို့ ရွှေကျင်နိကာယ မဟာနာယက၊ရွှေကျင်ဂိုဏ်း လုံးဆိုင်ရာ ရတ္တညူ မဟာနာယက၊ ဇေယျသိဒ္ဓိမင်္ဂလာ ကျောင်းတိုက် ပဓာနနာယက
(၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

စန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ
ကမာရွတ်မြို့နယ် သံဃနာယကအဖွဲ့၊ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်း၊ ဆူးလေစေတီ အဘိဓမ္မာ ပြန့်ပွားရေး အသင်းတို့၏ ဩဝါဒါစရိယ၊ ကမာရွတ်မြို့နယ် ပြည်လမ်း ပဌာန်းကျောင်းတိုက် ပဓာနနာယက
(၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့၌ ပျံလွန်တော်မူသည်။)

စန္ဒသိရိ၊ ဘဒ္ဒန္တ
သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) နှစ်
အဘိဓဇ မဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မုဏ္ဍမြို့ မဟာဇေတိကာ ရာမတိုက် ဦးစီးပဓာန နာယက
(၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

စန္ဒာဝရ၊ ဘဒ္ဒန္တ
သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ချောက်မြို့နယ် စလေမြို့ ဒက္ခိဏာဝဲတောင်တိုက် မင်္ဂလာမာရ်အောင် ကျောင်းဆရာတော်
(၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဓာဂရ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
ဧရာဝတီတိုင်း သံဃနာယက အဖွဲ့ဝင် (မဟာဒွါရ) ၊ ကြံ့ခိုင်မြို့နံဝင်းဂုဏ်းကျောင်းတိုက် ဦးစီးပဓာန နာယက (၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဉာဏဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ထား၀ယ်မြို့ကြက်စား:ပြင်ကျောင်းကြီးတိုက် လူငယ်ဖွဲ့ဖြိုးရေး ပရဟိတဂေဟာ ဦးစီးပဓာန နာယက
(၁၃၆၁ ခုနှစ်၊ သီတင်းကျွတ် လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဉာဏိန္ဒ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ တောင်ကုတ်မြို့ ကံပိုင်မဟာဝိဟာရ ကျောင်းတိုက် ဦးစီးပဓာနနာယက
(၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တိလောက၊ ဘဒ္ဒန္တ
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သထုံမြို့နယ် တောင်ကြား:ကျေးရွာ ရေတွင်း:ကြီး:ကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်း လကွယ်နေ့၌ ပျံလွန်တော်မူသည်။)

ဒေဝိန္ဒက၊ဘဒ္ဒန္တ
သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၂) ဝါ
မဟာဂန္ဓဝါစက ပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ ရောဝတီတိုင်း သံဃနာယက အဖွဲ့ဝန်ဆောင်၊ ကြဲခင်းမြို့နယ်သံဃနာယက အဖွဲ့ အကျိုးတော်ဆောင်၊ ကြဲခင်းမြို့စံရာတိုက်ရေဝန်း ကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နန္ဒဝံဘ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၅) ဝါ
နိုင်ငံတော် ဩဝါဒါစရိယ၊ တောင်သာမြို့ မဟာဝိသုကာရာမိက ရေလယ်ကျောင်းတိုက် ပဓာနနာယက၊ သမ္မုတိဂိုဏ်း မဟာနာယက
(၁၃၆၁ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နန္ဒသိရိ၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါ
ပဲခူး၊ ဝေါ၊ ကဝ၊ သနပ်ပင်၊ ဒိုက်ဦး ငါးမြို့နယ် အရည၀ါသီ ရွှေကျင်နိကာယမဟာနာယက၊ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ရတ္တညူ မဟာနာယက၊ ပဲခူးမြို့နယ် တာ၀ဘူတာရွာဇလက်ထော် ကျောင်းတိုက် ပဓာန နာယက
(၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညဝါ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပဲခူးမြို့ မဟာစည်သာသနာရိပ်သာ ပဓာန နာယက

(၁၃၆၁ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာမဟာထေရ်၊ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၉) ဝါ
ဆဋ္ဌသင်္ဂါယနာပါဠိတိုဝသောဓက၊ ဆဋ္ဌသင်္ဂီတိကာရက၊ ပြည်နယ်ဩဝါဒါစရိယ၊ ကျောက်ဖြူမြို့နယ် စနဲ– ကံပြင်စုကျောင်း ဆရာတော်
(၁၃၆၀ ပြည့်နှစ်၊ တန်ခူးလဆုတ် ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၃) နှစ်၊သိက္ခာတော် (၅၃) ဝါ
အဂ္ဂမဟာ ဂန္ဓဝါစက ပဏ္ဍိတ၊ မုံရွာမြို့နယ် သံဃနာယက အဖွဲ့ဝင်၊ မုံရွာမြို့ အရှေ့လယ်တီတိုက် ဇေယျသီတာကျောင်း ဆရာတော်
(၁၃၆၁ ခုနှစ်၊တော်သလင်း လပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာသာရ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၅၄) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ကချင်ပြည်နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ မြစ်ကြီးနား၊မြို့ မဟာစည်အောင်နန်းရိပ်သာကျောင်းတိုက်ပဓာနနာယက၊ အောင်ဇေရန်အောင်စေတီတော်၊ ဆုတောင်းပြည့်စေတီတော်၊ အောင်ချမ်းသာစေတီတော်များ၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယ
(၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာသီဟ၊ဘဒ္ဒန္တ
သက်တော် (၆၉) နှစ်၊သိက္ခာတော် (၄၉) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယအဖွဲ့တွဲဖက်အကျိုးတော်ဆောင်၊မင်းကွန်းတောင်ရိုးမိုးမိတ်ကုန်းမြေတိပိဋကနိကာယသာသနာပြု ဥပဒ္ဒာကအဖွဲ့စီမံအုပ်ချုပ်မှု မဟာနာယက၊ သာသိဝ အင်္ဂုတ္တရနိကာယပါဠိပါရဂူ၊ ပြင်ဦးလွင်မြို့ ရတနာမာန်အောင်ကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၆) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယ ရတ္တညုမဟာနာယက၊ ပရိယတ္တိသာသနဟိတဓရ ရွှေကျင်နိကာယ မဟာဗောဓိဝိနည်းပြန်အဖွဲ့ ဥက္ကဋ္ဌ၊ မအူပင်မြို့ မဟာဗောဓိကျောင်းတိုက် ဆရာတော်
(၁၃၆၁ ခုနှစ်၊ကဆုန်လဆန်း ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဍဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနာဓဇ သိရိပဝရ၊ ဓမ္မာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကျောက်တန်းမြို့နယ် အသောကာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက
(၁၃၆၁ ခုနှစ်၊ နယုန်လဆန်း ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဍိတ ၊ ဘဒ္ဒန္တ
သက်တော် (၁၀၀) နှစ်၊ သိက္ခာတော် (၇၈) ဝါ
ရွှေဘိုမြို့နယ်၊ ယင်းပကန်းကျေးရွာ ယခင် ပထမကျောင်းထိုင်ဆရာတော်၊ အလယ်တောရုစ်ပြစာသင် တိုက် ခရေပင်ကျောင်းဆရာတော်
(၁၃၆၁ ခုနှစ်နှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်နေ့ ပျံလွန်တော် မူသည်။)

ပဏ္ဍိတ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၂) ဝါ
ပုလောမြို့နယ်၊ တိုကျေးရွာ ကျောင်းသစ်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့ ပျံလွန်တော် မူသည်။)

ဝါယမ၊ ဘဒ္ဒန္တ
သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ
အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ မော်ဘီမြို့နယ် ဩဝါဒါစရိယ၊ မော်ဘီမြို့နယ် နောကုန်းကျေးရွာ၊ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်နှင့် ဘီလင်းမြို့နယ် (ပ) သုံးလုံးလေသာစာသင်ကျောင်းတိုက်၊ဦးစီးပဓာနနာယက၊ ဒုတိယသဲအင်းဂူဆရာတော်
(၁၃၆၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်နေ့ ပျံလွန်တော် မူသည်။)

ဝါယမ၊ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ သထုံမြို့ မိုးညှင်းကျောင်းတိုက်၊ဦးစီးပဓာနနာယက၊
(၁၃၆၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်နေ့ ပျံလွန်တော် မူသည်။)

ဝိမလမဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၄) ဝါ
မွန်ပြည်နယ်ဩဝါဒါစရိယ၊ ပဲခူးမြို့.မ စာသင်တိုက်

ဩဝါဒါစရိယ၊ ပြည်တွင်းပြည်ပ မဟာစည် သာသနာ့ရိပ်သာများ၏ ဦးဿောင် ဩဝါဒါစရိယ၊ ပေါင်မြို.နယ် ရင်းငြိမ် သုဓမ္မာနိယာယပဝါရကာ ဂိုဏ်းအုပ်၊ ရင်းငြိမ် ဓမ္မိကာရုံမဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက
(၁၃၆၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့ ပျံလွန်တော်မူသည်။)

ဝိရိယ၊ ဘဒ္ဒန္တ
သက်တော် (၁၀၀) နှစ်၊ သိက္ခာတော် (၈၀) ဝါ
တောင်ကုတ်မြို.နယ်၊ ပဒါကျေးရွာကျောင်းဆရာတော်
(၁၃၆၁ ပြည့်နှစ်၊ တော်သလင်းလဆန်း ၃ ရက်နေ့ ပျံလွန်တော်မူသည်။)

သုဇာတ၊ ဘဒ္ဒန္တ
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၆) ဝါ
အဂ္ဂမဟာ ပဏ္ဍိတ၊ ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မကွေးတိုင်း၊ မင်းလှမြို.၊ ရတနာက်ကျောင်းတိုက်၊ ဦးစီးပဓာန နာယက
(၁၃၆၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်နေ့ ပျံလွန်တော်မူသည်။)

သုတာလင်္ကာရ၊ ဘဒ္ဒန္တ
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၄၇) ဝါ
အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ရွှေဘိုမြို.စတုဘုမ္မိက ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက၊ စတုဘုမ္မိက နိယာက ဂဏာဓိပတိ
(၁၃၆၁ ခုနှစ်၊ကဆုန်လဆန်းကျော် ၁၄ ရက်နေ့ ပျံလွန်တော်မူသည်။)

သုမေဓ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ
ကြံခင်းမြို့နယ် သံဃနာယကအဖွဲ့ ဩဝါဒါစရိယ၊ စပါးအိုးကျေးရွာ ကျောင်းဆရာတော်
(၁၃၆၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သူရိယ၊ ဘဒ္ဒန္တ
သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ
မဟာကမ္မဋ္ဌာနာစရိယ၊ မိတ္ထီလာမြို.နယ် ဩဝါဒါစရိယ၊ ဝမ်းတော်ပြည့် ကျောင်းတိုက်၊ ပဓာနနာယက၊ သိမ်တောင်နိကာယ နာယကချုပ်
(၁၃၆၁ ခုနှစ်၊တော်သလင်းလဆန်း ၃ ရက်နေ့ ပျံလွန်တော်မူသည်။)

အာစိဏ္ဏ၊ ဘဒ္ဒန္တ
သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၆၉) ဝါ
ပဲခူးမြို.ရွှေဂူကျောင်းတိုက်ဦးစီးပဓာနနာယက၊ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ရတ္တညူ မဟာနာယက၊ ရွှေမော်ဓောစေတီတော် ဝိနယတံခွန်စာမေးပွဲ ဝိနယသာကစ္ဆာအဖွဲ့.၊ သမဂ္ဂဝတ္တဒါယီအသင်းတိုက်၏ ဩဝါဒါစရိယ၊ သာသနာ့မဏ္ဍိုင်စာပြန်ပွဲ မဟာနာယက
(၁၃၆၀ပြည့်နှစ်၊ တပေါင်းလဆုတ် ၅ ရက်နေ့ ပျံလွန်တော်မူသည်။)

ညြာဘသာဘိဝံသ မဟောဌေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ
အဂ္ဂမဟာ ပဏ္ဍိတ၊ကမ္မဋ္ဌာနစရိယ နိုင်ငံတော်ဩဝါဒါစရိယ၊ပထမအကြိမ်နိုင်ငံတော် သံဃမဟာနယကအဖွဲ့. ဒုတိယဥက္ကဋ္ဌ၊ သုတေသန သရုပ်ပြအဘိဓာန်ကျမ်းပြုဆရာတော်၊ ဆဋ္ဌသင်္ဂါယနာပါဠိဝိဓိသောဓက၊ ရွှေတိုက်စေတီတော်ဂေါပကအဖွဲ့.၊ ဆူးလေစေတီတော်ဂေါပကအဖွဲ့.၊ စေတိယင်္ဂဏ ပရိယတ္တိသာသန နဂ္ဂဟအသင်းတို့၏ ဩဝါဒါစရိယ၊ အဘိဓမ္မာပြန်ပွားရေးအသင်း၊ ဝေနေယျသုခ ရေချမ်းစင်အသင်း၊ မင်္ဂလာဗျူဟာအသင်းတို့၏ ဩဝါဒါ စရိယ၊ လမ်းမတော်မြို.နယ် သရက်တော ကျောင်းတိုက်၊ ဖျာပုံတိုက်သစ်ကျောင်း ဦးစီးပဓာနနာယက
(၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်နေ့ ပျံလွန်တော်မူသည်။)

ဥတ္တမသာရ၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၆) ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနိစ္ဆယအဖွဲ့.ဝင်၊ နိုင်ငံတော်ဝိနည်းဓိရ်၊ မင်္ဂလာဒုံမြို.နယ်၊ ကျိုက္ကလော့စေတီ တော်ဩဝါဒါစရိယ၊ သီရိရတနာကျိုက္ကလော့ကျောင်းတိုက်ဦးစီးပဓာန နာယက
(၁၃၆၁ ခုနှစ်၊ကဆုန်လပြည့်ကျော် ၉ ရက်နေ့ ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

ကိုကြီး၊ ဦး
အသက် (၇၃) နှစ်
အငြိမ်းစား ဒုတိယကာကွယ်ရေးဦးစီးချုပ် (လေ)၊
အငြိမ်းစား ဗိုလ်ချုပ်
(၁၉-၄-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ကျော်ကျော်သက်
အသက် (၂၆) နှစ်
သရုပ်ဆောင် ကျော်သက်
(၂၅-၁-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ကျော်ဖေ၊ ဦး
အသက် (၇၈) နှစ်
ရုပ်ရှင်သရုပ်ဆောင် မင်းသားကြီး၊ မာလာဦး ရုပ်ရှင် ပိုင်ရှင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ (၁)
(၃-၂-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ကျော်မြင့်လေး၊ ဦး
အသက် (၈၆) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) B.A,B.L၊ စက်မှုသတ္တုတွင်း အမျိုးသားစီမံကိန်းနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဟောင်း (၁၉၄၈-၅၃)၊ အာရှလူငယ်အစည်းအရုံးဒုတိယဥက္ကဋ္ဌ၊ စစ်ပြီးခေတ် ပြည်ထောင်စု လူငယ်အဖွဲ့ဥက္ကဋ္ဌ၊ လူငယ်မျာကြီးပွားရေးအသင်းဥက္ကဋ္ဌ၊ ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယနုဂ္ဂဟအသင်းဥက္ကဋ္ဌ
(၁၂-၃-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်ညို၊ ဦး (စည်သူ)
အသက် (၈၂) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)
အငြိမ်းစားဗိုလ်မှူးကြီး
(၆-၈-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မောင်၊ ဦး
အသက် (၈၀) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) A.I.A (London)၊ အငြိမ်းစား အနုပညာကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံရုပ်ရာပန်းပညာရှင်မျာ အစည်းအရုံး (၈ဟိုး) နာယက၊ အင်းစိန်မြို့နယ်ရုပ်ရာပန်းပညာရှင်မျာ အစည်းအရုံး နာယက
(၃၁-၁-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မျိုးချစ်၊ ဒေါ
အသက် (၈၄) နှစ်
စာရေးဆရာမကြီး၊ လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)
(၂-၁-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်လှိုင်၊ ဦး
အသက် (၇၀) နှစ်
စာရေးဆရာ ကောက်လှိုင်း
(၁၇-၃-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

စောကြာဒိုး၊ဦး
အသက် (၉၂) နှစ်
မဟာသီရိသုဓမ္မဘွဲ့၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မတီ အဖွဲ့ဝင်၊ အငြိမ်းစားဗိုလ်မှူးချုပ်
(၁၂-၁-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

စံထွန်း၊ ဦး
အသက် (၉၃) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊ B.Sc., M.S (Columbia)
(၂၁-၃-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

စိုးလွင်လွင် (ပိုပို)
အသက် (၃၇) နှစ်
တေးသံရှင်
(၂၅-၇-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

စန်းလေး၊ ဒေါ
အသက် (၆၇) နှစ်
စာရေးဆရာမ စန်းလေး (အိမ်တွင်းမှု)၊ ခင်အိမ်သူ၊ အမျိုးသားညီလာခံ၊ ကိုယ်စားလှယ်(နိုင်ငံ့ဝန်ထမ်း)၊မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အကြံပေးပုဂ္ဂိုလ်နှင့် ဂုဏ်ထူးဆောင်နာယက၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အကြံပေးအရာရှိ၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း အငြိမ်းစားကျောင်းအုပ်ကြီး
(၃၀-၅-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ညွန့်တင်၊ ဦး
အသက် (၅၇) နှစ်
လူရွှင်တော် သရုပ်ဆောင်ဦးစွပ္ပရာ၊ရွှေလမင်း (မြဝတီ) အငြိမ့်
(၂၅-၅-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

တင်တင်မူ၊ ဒေါ
အသက် (၇၅) နှစ်
ရုပ်ရှင်မင်းသမီးကြီး၊ မြတ်မော်ဦး ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်
(၁၁-၇-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ဒူဝါဝဘော်ဓော်ရစ်
အသက် (၈၁) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့(ပထမဆင့်)၊ကချင်ပြည်နယ်ဥက္ကဋ္ဌဟောင်း
(၁-၁၂-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ဒေါ်အုန်း၊ ဒေါ် (မိုးကုတ်)
အသက်(၈၀) နှစ်
အဂ္ဂမဟာသီရိသုဓမ္မသိဂီ၊ လူမှုထူးချွန် (ပထမဆင့်)
(၁၅-၈-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ဘကြိုင်၊ ဦး (ဦးကြိုင်)
အသက် (၈၆) နှစ်
စာရေးဆရာကြီး ရဲသမိန်၊ လွတ်လပ်ရေးမော်ကွန်းဝင်
(တတိယဆင့်)
(၁၈-၈-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ဘသောင်း၊ ဦး
အသက် (၈၇) နှစ်
စာရေးဆရာကြီး မောင်လှိုင်ဝင်း၊ တိုင်းချစ်ကျောင်းနှင့်
စိန်ပိတာကျောင်းဆရာဟောင်း၊ လုပ်သားပြည်သူ့နေ့စဉ်
သတင်းစာ အငြိမ်းစားအယ်ဒီတာ B.A,D.M.A
(၁၃-၆-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

မေနု၊ဒေါ်
အသက် (၈၀နှစ်)
ရုပ်ရှင်မင်းသမီးကြီး
(၉-၆-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

မျိုးညွန့်၊ ဦး
အသက် (၆၂) နှစ်
အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး
(၁)၊ပြည့်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ
အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အငြိမ်းစားဗိုလ်မှူး
(၁၄-၇-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

မျိုးသက်နောင်
အသက် (၂၇) နှစ်
တေးသံရှင် နောင်၊ B.Sc (Botany)
(၁၉-၃-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

မြဦး၊ဦး
အသက် (၅၈) နှစ်
ဂီတစာဆို စန္ဒရားမြဦး
(၃၀-၅-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ရာမန်း၊ ဦး
အသက် (၇၈) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ချင်းရေးရာဝန်ကြီးဟောင်း
(၉-၂-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

လင်းအောင်၊ ဦး
အသက် (၆၀) နှစ်
ရုပ်ရှင်သရုပ်ဆောင်၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်း
ရေးမှူး
(၁၆-၂-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

လွန်ပုမ်၊ ဦး
အသက် (၈၀) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လယ်ယာမြေ နိုင်ငံပိုင်
ပြုလုပ်ရေးဌာန ဝန်ကြီးဟောင်း၊
အငြိမ်းစား အထက်တန်းပြဆရာ B.A, B.Ed, B.E.S
(၁၃-၉-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ဝင်းနောင်
အသက် (၃၉) နှစ်
တေးသံရှင် အောင်သူ
(၂၁-၉-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

သိဟန်၊ ဦး (သီရိပျံချီ)
အသက် (၈၇) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်
(ပထမဆင့်)၊ Yugoslav Banner အငြိမ်းစား နိုင်ငံခြားရေးဝန်ကြီး
(၁၇-၅-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

သောင်း၊ ဦး (ပန်းတနော်)
အသက် (၈၆) နှစ်
သီရိပျံချီ၊စည်သူ၊ အငြိမ်းစား အတွင်းဝန်၊ ESCAP (UN)
အကြံပေးပုဂ္ဂိုလ်ဟောင်း၊ B.A,B.C.S
(၃-၆-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

သန်းမောင်၊ ဦး (မဉ္ဇူသက)
အသက် (၈၅) နှစ်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) ဥက္ကဋ္ဌ၊
B.A,B.L
(၁၉-၁၂-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

သိန်းတန်၊ တွံတေး
အသက် (၅၈) နှစ်
တေးရေး၊ အဆိုတော်၊ စာရေးဆရာ၊ ဒါရိုက်တာ၊ ရုပ်ရှင်မင်းသား
(၁၁-၁-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

သိန်းမောင်၊ သခင် (ရေနံမြေ)
အသက် (၈၁) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်
(ပထမဆင့်)၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အငြိမ်းစား

အယ်ဒီတာအဖွဲ့ဝင်
(၂၄-၅-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ဟန်သိန်း၊ ဦး (ဇေယျကျော်ထင်)
အသက် (၇၅) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ဂျပန်ခေတ်စတုတ္ထပတ်ဗိုလ်သင်တန်းကျောင်းဆင်း၊ စားဖျော်ရှင်၊ အငြိမ်းစား ဦးဆောင်ညွှန်ကြားရေးမှူး၊ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး
(၂၂-၅-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

အေဝမ်း၊ ဦး (ဦးထွန်းစိန်)
အသက် (၈၂) နှစ်
လူရွှင်တော် ဦးအေဝမ်း၊ အလုံမြို့နယ်သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ
(၁-၄-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

အောင်ခင်တင့်၊ဦး
အသက် (၇၁) နှစ်
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အကြံပေး ပုဂ္ဂိုလ်၊အငြိမ်းစား စာရင်းစစ်ချုပ်
(၁၀-၂-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

အောင်သန်း၊ ဦး
အသက် (၆၉) နှစ်
စာရေးဆရာ အောင်သန်း (မန္တလေး)၊ အမျိုးသားစာပေဆုရှင်၊ ဗိုလ်ကြီးဟောင်း
(၁၄-၇-၉၉ ရက်နေ့၌ ကွယ်လွန်သည်။)

ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ
နိဒါန်း

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှု အနုပညာ၊ အားကစား သပ္ပါ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးစသည့် နယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ၁၉၉၉ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်းဖော်ပြပါသည်။ အကွက်ရာစဉ်လိုက် ဖော်ပြထားပါသည်။

ကဲလာဟန်, ဟာရီ (၈၆) နှစ်

ထင်ရှားကျော်ကြားသည့် စာတိုပုံဆရာတစ်ဦးဖြစ်သည်။ ၄င်းရိုက်ကူးခဲ့သည့် စာတိုပုံများမှာ သာမန်ဘဝ၏ ဂုဏ်သိက္ခာအလှကို ဖော်ပြထားသည်။ စာတိုပုံ


ဟာရီကဲလာဟန်

ပညာနှင့် ပတ်သက်ပြီး စနစ်တကျ သင်တန်းတက်ရောက်ခဲ့ဖူးခြင်း မရှိခဲ့ပေ။ လူလတ်တန်းစား အမေရိကန်လူမျိုးလယ်သမား တစ်ဦး၏ သားတစ်ဦးမျှသာ ဖြစ်သည်။ နေ့စဉ်ဘဝ၏ ပုံရိပ်များ ဖြစ်သည့် ပင်ပန်းနွမ်းနယ်နေသော လမ်းလျှောက်နေသူ တစ်ဦး၊ လွင့်မျောနေသော တိမ်တိုက်များ အပါအဝင် ယုတ်စွာအဆုံး မိမိဇနီးသည်၏ ပုံများကို ရိုက်ကူးခြင်းဖြင့် စာတိုပုံဆရာတစ်ဦး၏ ဘဝကို အစပြုကာ တစ်စတစ်စ တည်ဆောက်ခဲ့သည်။ ထို့နောက် အမေရိကန်ပြည်ထောင်စုတွင်ရှိ အနုပညာသင်ကျောင်းများတွင် ဆရာတစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း အနုပညာလောကမှ နာမည်ကြီး အနုပညာသမားများ ဝန်းကျင်တွင် နေရာတစ်နေရာရရှိကာ ပုံမှုထင်ရှား လူသိများအောင် စွမ်းဆောင်နိုင်ခဲ့သည်။ အက်လန်တာတွင် ကွယ်လွန်သည်။

ဂျန်ချာဖီး



ချာဖီး, ဂျန် (၇၇) နှစ်

ရိုဒီကျွန်းမှ လူသိများထင်ရှားသည့် အမေရိကန်အထက် လွှတ်တော် အမတ်တစ်ဦးဖြစ်သည်။ အထက်လွှတ်တော်တွင် ၄င်းတာဝန်ထမ်းဆောင်ခဲ့သည့် ၂၃ နှစ်တာကာလအတွင်း မျှတခဲ့သည့် ၄င်း၏ ဆောင်ရွက်မှုများက ဒီမိုကရက်ပါတီနှင့် ၄င်း၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ရီပတ်ကန် ပါတီတို့မှ လေးစားမှုကို ရရှိခဲ့သည်။ ရေး



ဂရိနိုင်ငံ သမ္မတဟောင်း
ပိုင်ဒွန်ဂစ်ဖ်ကစ်

ကောလိပ်တွင် တက်ရောက်သင်ကြား၊ခဲ့ပြီး၊နောက် ၁၉၅၀ ပြည့်နှစ်တွင် ဟား၊ဗတ်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့ သည်။ ထို့နောက် ပြည်နယ်အုပ်ချုပ်ရေး၊မှူး၊အဖြစ် သက်တမ်း သုံး၊ကြိမ် ထမ်း၊ဆောင်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် အထက် လွှတ်တော်၌ အမတ်တစ်ဦး၊ဖြစ်လာခဲ့သည်။ သေနတ် ထိန်း၊သိမ်း၊မှု၊ ကိုယ်ဝန်ဖျက်ချခွင့်နှင့် ကျန်း၊မာရေး၊ စောင့်ရှောက်မှုစနစ် တို၊ချဲ့ ဆောင်ရွက်ခြင်း၊ကို ထောက်ခံ အဆို၊ပြုခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် သမ္မတဘိလ်ကလင်တန် အား၊ တရား၊စွဲဆိုသည့်ပုဒ်မ နှစ်ခုစလုံး၊ တွင် ကလင်တန်အား၊ အရေး၊မယူသင့်ကြောင်း၊ ထောက်ခံမဲ ပေး၊ခဲ့သည်။ မေရီလန် ပြည်နယ် ဘီတက်စ်ဒါတွင် ကွယ်လွန်သည်။

ချော်နီမီး၊လ်, ဗရာချက်စ်လက်မ် (၆၁)နှစ်

ဆိုဗီယက် ပြည်ထောင်စုမှ ယူကရိန်း၊ပြည်နယ် လွတ်လပ်ရေး၊အတွက် ဦး၊ဆောင်တိုက်ပွဲဝင်ခဲ့သူ တစ်ဦး၊ ဖြစ်သည်။ ဥပဒေပြု အမတ်တစ်ဦး၊ဖြစ်ရာ ၁၉၉၁ ခုနှစ် သမ္မတ ရွေး၊ကောက်ပွဲတွင် ဆန္ဒမဲလေး၊ပုံသုံး၊ပုံ ရရှိခဲ့လင့် ကစား ရုံး၊နိမ့်ခဲ့ရသည်။ ယူကရိန်း၊ပြည်နယ် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရရှိရေး၊အတွက် လှုပ်ရှား၊ဆောင်ရွက်မှုကြောင့် ဆိုဗီယက်ပြည်ထောင်စု အကျဉ်း၊ထောင်များ၊တွင် ၁၂ နှစ်ကြာ အကျဉ်း၊ကျခဲ့ပြီး၊ ဆိုက်ဗေး၊ရီး၊ယား၊တွင် ငါး၊နှစ်ကြာ ခိုလှုံခဲ့ ရသည်။ ၄င်း၊သည် စာနယ်ဇင်း၊သမား၊ဟောင်း၊ တစ်ဦး၊လည်း၊ ဖြစ်ရာ ၁၉၉၂ ခုနှစ်တွင် ပါတီ၏ ဥက္ကဋ္ဌအဖြစ် ရွေး၊ချယ် တင်မြှောက် ခံရသည်။ ယာဉ်တိုက်မှုကြောင့် ယူကရိန်း၊ ပြည်နယ် ဘေရစ်ပူး၊လ်မြို့အနီး၊ တွင် ကွယ်လွန်ခဲ့သည်။

ဂေါ်ဘာချော့, ရိုင်ဆာ (၆၇) နှစ်

ယခင်ဆိုဗီယက်ပြည်ထောင်စု သမ္မတဟောင်း၊ မိခေး၊ ဂေါ်ဘာချော့၏ဇနီး၊ဖြစ်သည်။ မီး၊ရထား၊သံလမ်း၊ အလုပ်သမား၊ မိသား၊စုတွင် မွေး၊ဖွား၊ခဲ့သူဖြစ်သည်။ မော်စကိုတက္ကသိုလ်တွင် ဒဿနိကပညာကို သင်ယူခဲ့သည်။ ထို့နောက် ၁၉၅၄ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ခေါင်း၊ဆောင်ဖြစ်ခဲ့သူ ဂေါ်ဘာချော့နှင့် လက်ထပ်ခဲ့သည်။ ခင်ပွန်း၏ကံကောတာ တက်လာသည့်အချိန်တွင် ရိုင်ဆာဂေါ်ဘာချော့သည် ဆိုဗီယက်ခေါင်း၊ဆောင်ဇနီး၊များ၏ အစဉ်လာအား၊ဖြင့် ဖုံး၊ကွယ်သိုသိပ်တတ်သည့် အပြုအမူကို ရှောင်ရှား၊ပြီး၊ ခေါင်း၊ဆောင်တစ်ဦး၏ ခန့်ညား၊လောက်သည့် ဇနီး၊မယား၊ အဖြစ် နေပြခဲ့သည်။ သွေး၊ကင်ဆာရောဂါဖြင့် ဂျာမနီနိုင်ငံ မန်စတာမြို့တွင် ကွယ်လွန်သည်။

ဂစ်စ်ကစ်, ဖိုင်ဒွန် (၈၂) နှစ်

ဂရိနိုင်ငံ သမ္မတဟောင်း၊ဖြစ်သည်။ ၄င်း၏စစ်ဘက် ဆိုင်ရာ အစိုး၊ရအဖွဲ့ဝင်များ၊နှင့် လမ်း၊ခွဲကာ ဒီမိုကရေစီ လမ်း၊ကြောင်း၊ကို စတင်ဖော်ဆောင်ခဲ့သူဖြစ်သည်။ ၁၉၇၄ ခုနှစ် အာဏာရှင်စနစ် အဆုံး၊သတ်ခဲ့သည့် ခေတ်နောင်း၊ ကာလတွင် ပထမဆုံး၊အကြိမ်အဖြစ် ဝန်ကြီး၊ချုပ်အဖြစ် တာဝန်ယူခဲ့ဖူး၊ရာ ယင်း၊လုပ်ရပ်ကို ထောက်ရှု၍ တရား၊ စွဲဆို၊ခြင်း၊မှ အကာအကွယ်ပေး၊မူ ရရှိခဲ့သည်။ ၄င်း၏ အပေါင်း၊အဖော်များ၊ဖြစ်သည့် အခြား၊သောစစ်ဘက်ဆိုင်ရာ ခေါင်း၊ဆောင်များ၊မှာ သစ္စာဖောက်မှုဖြင့် အပြစ်ပေး၊ခြင်း၊ ခံခဲ့ရသည်။ ဂရိနိုင်ငံ အေသင်မြို့တွင် ကွယ်လွန်ခဲ့သည်။

စပရင်း၊ဖီး၊လ်, ဒပ်စ်တီ (၅၉) နှစ်

စိတ်ဓာတ်အင်အား၊ကြီး၊မား၊သော ဗြိတိသျှပေါ့တော်၊ဂီတ အမျိုး၊သမီး၊ အဆိုတော်တစ်ဦး၊ ဖြစ်သည်။ ရွှေရောင်ပျား၊အုံ ပုံသဏ္ဌာန် ဆံပင်နှင့် မျက်ခွံကို ဆေး၊ရောင်ဆိုး၊ထား၊ တတ်သူ စပရင်း၊ဖီး၊လ်သည် အမျာ၊အား၊ဖြင့် တည်ငြိမ်မှုမရှိဘဲ ပြောင်း၊လဲလွယ်သည့် ပေါ့တော်၊ဂီတ ကမ္ဘာတွင် နှစ်နှစ် ခြိုက်ခြိုက်ကျင်လည် ကျက်စား၊ရင်း၊ သက်တမ်း၊ကြာရှည်စွာ ရပ်တည်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဗြိတိသျှနိုင်ငံ ပေါ့ တော်၊ဂီတ အကောင်း၊ဆုံး၊စာရင်း၊ တွင် ထိပ်တန်း၊ဝင်တစ်ဦး၊ ဖြစ်လာခဲ့သည်။ ယင်း၊အချိန်က နာ၊သောတဆင်ရသူ မျက်ရည်မဆည်နိုင်အောင် ခံစား၊ရစေမည့် " You Don't Have to Say You Love Me " သီချင်း၊ဖြင့် အထူး၊ကျော်ကြား၊ ခဲ့သည်။ တစ်ဖန် ၁၉၉၄ နှစ်တွင် Son of Preacher Man သီချင်း၊ဖြင့်တစ်ကျော့ ပြန်ကျော်ကြား၊ခဲ့ပြန်သည်။ အင်္ဂလန် နိုင်ငံ သိမ်း၊စ်မြစ်ပေါ်ရှိ ဟင်လေတွင် ကွယ်လွန်သည်။

ဆက်ချာ, ပေါလ် (၉၃) နှစ်

ချမ်း၊သာကြွယ်ဝသည့် ဆွစ်လူမျိုး၊တူရိယာတီး၊ဝိုင်း ခေါင်း၊ဆောင်နှင့် စက်မှုလုပ်ငန်း၊ရှင် တစ်ဦး၊ဖြစ်သည်။ ၄င်း၏ ခေတ်ဟောင်း အစောပိုင်း၊ကာလ ဂီတလေ့လာ ဆည်း၊ပူး၊မှုနှင့် ခေတ်သစ်ကာလ တေး၊သီချင်း၊ရေး၊ဖွဲ့သူများ၊ကို ကူညီပံ့ပိုး၊မှုများ၊ကြောင့် ကျော်ရာစုနှစ်၏ သြဇာအရှိဆုံး၊ဂီတဆိုင်ရာ အကြီး၊အကဲများ၊ အနက် တစ်ဦး၊အပါအဝင် ဖြစ်စေခဲ့သည်။ အသက်ခြောက်နှစ် အရွယ်တွင် တယောစတီး၊ခဲ့ပြီး၊

ဘာဆယ်မြို့၏ **Chamber Orchestra** နှင့် **Chamber Choir** တီးဝိုင်းအဖွဲ့များကို ၁၉၂၀ ပြည့်လွန်နှစ်များတွင် ထူထောင်ခဲ့သည်။ **Hoffman- La Roche** ဆေးဝါးထုတ်လုပ် ရေးကုမ္ပဏီကြီးကို တစ်ဦးတည်းပိုင် အမွေဆက်ခံထား သည့် မုဆိုးမတစ်ဦးကို လက်ထပ်ခဲ့ပြီးနောက် ယင်းကုမ္ပဏီ၏ ညွှန်ကြားရေးမှူးဖြစ်လာခဲ့သည်။ နှစ်ပေါင်းခြောက်ဆယ် ကျော် ယင်းရာထူးတွင် လုပ်ကိုင် ခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ ဘာဆယ်မြို့တွင် ကွယ်လွန်သည်။

ဆန်ဒါကျီ, ခရစ်ရှ်နားဆွာမီ(၇၀) နှစ်

အိန္ဒိယနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဖြစ်သည်။ ၁၉၈၄ ခုနှစ်ဘွင် ဆစ်ခ်လူမျိုးတို့၏ ဘာသာရေးဝတ်ပြု ကျောင်းတော်ကို ဝင်ရောက်စီးနင်း တိုက်ခိုက်မှုကြောင့် သွေးစွန်းခဲ့ရသည့် ဖြစ်ရပ်တွင်သူ၏ ဦးစီးလုပ်ဆောင်ခဲ့မှုက ၄င်း၏ အချိန်ကြာရှည်စွာ အမှုထမ်းခဲ့သည့် စစ်ဘက်ဆိုင်ရာ အလုပ်ကို အမြဲတစေ ခြောက်လှန့်နေစေခဲ့သည်။ အဆိုပါ ဆစ်ခ်လူမျိုးတို့၏ ရွှေကျောင်းတော်ကို ဝင်ရောက်စီးနင်းရာ တွင် လူ ၅၀၀ သေဆုံးခဲ့ရသည်။ ယင်းဖြစ်ရပ်မှာ ဆန်ဒါကျီ ဦးဆောင်ခဲ့သည့် တစ်ခုတည်းသော ဝင်ရောက်စီးနင်းမှု မဟုတ်ချေ။ ၁၉၈၆ ခုနှစ်ကလည်း အိန္ဒိယစစ်တပ်က စစ်ဘက်လေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြင့် ပါကစ္စတန်နိုင်ငံကို ရန်စခဲ့ဖူးသည်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကွယ်လွန်သည်။



တန်ဇားနီးယားနိုင်ငံ
သမ္မတဟောင်း
ဂျူလီယပ်စ်ညီရေးရေး

ညီရေးရေး, ဂျူလီယပ်စ် (၇၇) နှစ်

၁၉၆၁ ခုနှစ်တွင် ဖြိတိန်ထံမှ လွတ်လပ်ရေးရရှိအောင် တန်ဇားနီးယားနိုင်ငံကို ဦးဆောင်ခဲ့သည့် နိုင်ငံရေးသမား ဖြစ်သည်။ ထို့နောက် ၁၄ နှစ်ကြာ တန်ဇားနီးယားနိုင်ငံ၏ သမ္မတသစ် အဖြစ်အမှုထမ်းခဲ့သည်။ သူ၏ဆိုရှယ်လစ် စီးပွားရေးမူဝါဒများသည် နိုင်ငံကြွယ်ဝချမ်းသာအောင် မလုပ်ဆောင်နိုင်ခဲ့သော်လည်း အခြေအနေ ရှုပ်ထွေးနေသည့် အာဖရိကတိုက်တွင် တန်ဇားနီးယားနိုင်ငံကို တည်ငြိမ်မှုရအောင် လုပ်ဆောင်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် သမ္မတရာထူးမှ အနားယူခဲ့ပြီးနောက်ပိုင်းတွင် ကမ္ဘာ့အလေးထားရဆုံး ခံရသည့် အသက်အရွယ်ကြီးရင့်သည့် နိုင်ငံရေးသမား တစ်ဦး ဖြစ်လာခဲ့သည်။ မကွယ်လွန်မီ မကြာသေးခင်ကလည်း ဘုရွန်ဒီနိုင်ငံ လူမျိုးရေးနှင့် နိုင်ငံ ရေးပဋိပက္ခ အဆုံးသတ်စေရေးအတွက် ကြားဝင်စေ့စပ်ပေးခဲ့သေးသည်။ လန်ဒန်မြို့တွင် ကွယ်လွန်သည်။

စပိန်ဝတ္ထုရေးဆရာ
တော်ရဲန့်တီဘဲလက်စ်တာ



တော်ရဲန့်တီဘဲလက်စ်တာ, ဂွန်ဇာလို (၈၈) နှစ်

စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် စာရေးတတ်သည့် စပိန်လူမျိုး ဝတ္ထုရေးဆရာတစ်ဦး ဖြစ်သည်။ သရုပ်မှန်ဝါဒနှင့် စိတ်ကူးကို စွမ်းအားရှိစွာ ပေါင်းစပ်ထား သည့် ၄င်း၏လက်ရာများမှာ ပြည်တွင်းစစ်ကာလ အတွင်းက အဖြစ်အပျက်များနှင့် စပ်လျဉ်းပြီး စိတ်ကူးယဉ်ဖန်တီးမှု ရသကို ဖမ်းစားထားနိုင်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် **Cenvantus prize** စာပေဆုကို ရရှိခဲ့ သည်။ ယင်းဆုမှာ စပိန်ဘာသာစကားပြော ဝန်းကျင်တွင် ထိပ်တန်းစာပေဆု ဖြစ်သည်။ တော်ရဲန့်တီ ဘဲလက်စ်တာမှာ အတွဲသုံးတွဲ ထုတ်ဝေခဲ့သည့် ၄င်း၏လက်ရာ တစ်ခုဖြစ်သည့် “ **The Delights and the Shadow's** ”ဝတ္ထုတွင် တစ်ချိန်က သြဇာတိက္ကမ ကြီးမားခဲ့သော လူတစ်စုအကြောင်းကို အတွင်းကျကျ ထိုးထွင်းမွှေနှောက် ရေးသားထားခြင်း ဖြစ်သည်။ စပိန်နိုင်ငံ ဆာလာမန်ကာမြို့တွင် ကွယ်လွန်သည်။

ထရက်တစ်, စတန်လေ (၇၇) နှစ်

အမေရိကန်လူမျိုး စာတ်ပုံဆရာ တစ်ဦးဖြစ်သည်။ ပထမတွင် **'Look'** မဂ္ဂဇင်းအတွက် လုပ်ကိုင်ခဲ့ပြီးနောက်ပိုင်းတွင် **'People'** မဂ္ဂဇင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ သူ၏စိတ်ကူးစိတ်သန်းအမျိုးမျိုးဖြင့် လက်စွမ်းပြထား သော စာတ်ပုံများသည် အမေရိကန် သမ္မတဟောင်း

ဂျွန်အက်ဖ်ကနေဒီလုပ်ကြံသတ်ဖြတ်ခြင်း မခံရမီတစ်လ အလိုတွင် ကနေဒီမိသားစု၏ နုပျိုသစ်လွင်သော စိတ်ဓာတ်ကို ဓာတ်ပုံဖြင့်ဆွဲယူဖမ်းစား ပုံဖော်နိုင်ခဲ့သည်။ ၄င်းရိုက်ကူးခဲ့သော ဂျွန်အက်ဖ်ကနေဒီဂျူနီယာ၏ မေ့ပျောက်၍ မရနိုင်သော ပုံရိပ်များအနက် တစ်ခုမှာ အိမ်ဖြူတော်ရှိ ဖခင်၏ အလုပ်စားပွဲမှနေ၍ အပြင်သို့ လမ်းလျှောက်ခါစ ကလေးငယ်တစ်ဦးအဖြစ် ချောင်းမြောင်း ကြည့်ရှုနေပုံ ဖြစ်သည်။ သို့ဖြစ်ရာ ဂျွန်အက်ဖ်ကနေဒီ ဂျူနီယာသေဆုံးသည့်အခါတွင် ယင်းပုံကို အများအာရုံဖမ်းစားနိုင်မည့် စူးရှသည့် လက်ရာတစ်ခုအဖြစ် ပြန်လည်ဖော်ပြခြင်း ခံရသည်။



ဘရာဇီးစာရေးဆရာ

ဒီးယက်စ် ဂိုမက်စ်

ဒီးယက်စ် ဂိုမက်စ် , အယ်ဖရက်ဒို (၇၇)နှစ်

စာအရေးများသည့် ဘရာဇီးလူမျိုး စာရေးဆရာတစ်ဦးဖြစ်သည်။ ကွေ့ကောက်လှည့်ပတ်သည့် ရုပ်မြင်သံကြားနှင့် ရေဒီယိုဇာတ်လမ်းတွဲများမှသည် ရုပ်ရှင်ဇာတ်ညွှန်းများအထိ စာမျိုးစုံရေးသည်။ ၁၉၆၂ ခုနှစ်တွင် **The Payer of Vows** ရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ညွှန်းဆုကို ရရှိခဲ့သည်။ ယင်းသို့ ပေါ့ပေါ့ပါးပါး စွန့်စားလုပ်ဆောင်မှုများ အပြင် စွယ်စုံကျွမ်းကျင်နှံ့စပ်ပြီး စကားအသုံးအနှုန်း ကျွမ်းကျင်ကြွယ်ဝသည့် ဒီယက်စ်ဂိုမက်စ်သည် ၁၉၆၄ -၈၅ ခုနှစ်က ဘရာဇီးနိုင်ငံ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင် ကန့်ကွက်ရေးသားခဲ့ရာ ၄င်း၏စာအရေးအသားများ မကြာခဏ ဖြတ်တောက်ခြင်းခံရသည်။ အခြားတစ်ဖက်တွင် စစ်အာဏာရှင်စနစ်ကြောင့် ကြောက်ရွံ့နေကြသည့် နိုင်ငံသားများ၏ ကြည်ညိုလေးစားမှုကို ခံရသည်။ ဆွာပေါလိုမြို့တွင် ကွယ်လွန်သည်။

နိယမ်ဘီ, ဒေါ်ရိုသီ (၆၇) နှစ်

ချုပ်တီးချိုးနှိမ်၍ မရသော တောင်အာဖရိကမှ အသားအရောင် ခွဲခြားမှု ဆန့်ကျင်ရေးတက်ကြွသူတစ်ဦးဖြစ်သည်။ ၁၉၅၆ခုနှစ်တွင်လူမျိုးအားလုံး လွတ်လပ်ရေးပဋိညာဉ်စာတမ်းအတွက် ထောင်ပေါင်းများစွာသော ကျေးလက်အသားမဲအမျိုးသမီးများစွာကို စုစည်းပြီး အသားအရောင်ခွဲခြားမှုကို ကျယ်လောင်ပြင်းထန်စွာ ဆန့်ကျင်တိုက်ပွဲဝင် ခဲ့သူဖြစ်သည်။ ယင်းလှုပ်ရှားမှုကြောင့် သူမ၏ အယူအဆမှာ လူဖြူများကြီးစိုးမှုကို ဆန့်ကျင်လှုပ်ရှားမှုအတွက် တောင်အာဖရိကအမျိုးသားကွန်ဂရက် (အေအင်စီ) ၏ ကြေညာစာတမ်းတစ်ခု ဖြစ်လာခဲ့သည်။ ဒေါ်ရိုသီနိယမ်ဘီမှာ မြေအောက်လှုပ်ရှားမှုများကြောင့် ထောင်ငါးနှစ်ကျခဲ့သည်။ ၁၉၉၄ ခုနှစ် ရွေးကောက်ပွဲများတွင် အေအင်စီအဖွဲ့၏ ပါလီမန်အမတ်တစ်ဦး ဖြစ်လာခဲ့သည်။ ယင်းနှစ်မှာပင် တောင်အာဖရိကနိုင်ငံ၏ လူဖြူလူမည်း သားအရောင် ခွဲခြားမှု ခေတ်ကို တရားဝင် အဆုံးသတ်နိုင်ခဲ့သည်။ ဂျိုဟန်နက်စ်ဘတ်မြို့တွင် ကွယ်လွန်သည်။



ကျော့ပါပါဒိုပိုးလော့စ်

ပါပါဒိုပိုးလော့စ်, ကျော့ (၈၀) နှစ်

တချိန်က ဂရိနိုင်ငံတွင် အာဏာအရှိဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် စစ်ဘက်မှအာဏာသိမ်းကာ သက်တမ်း ခုနစ်နှစ်ကြာရှည်သည့် ဖိနှိပ်သည့် စစ်ဘက်ဆိုင်ရာ အာဏာရှင် အုပ်ချုပ်မှုကို ထူထောင်ခဲ့သည်။၄င်း၏ လက်ယာဂိုဏ်း စစ်အစိုးရကို အာဏာရရှိအောင် ဦးဆောင်ခဲ့ပြီးနောက် ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့သည်။ သဘောထားကွဲလွဲသူအများအပြားကိုလည်း ထောင်သွင်းအကျဉ်းချခြင်း မုတ်ဆိတ်မွေးများထားခြင်းနှင့် ဂါဝန်တိုများ ဝတ်ခြင်းကို တားမြစ်ပိတ်ပင်ခဲ့သည်။ ဂရိနိုင်ငံကို သံမဏိကန့်လန့်ကာ၏ မှားယွင်းသော ဘက်ဆီသို့ လမ်းချော်ရောက်သွားစေမည့် အရေးမှကာကွယ်ရန် အကြောင်းပြချက်ဖြင့် ဤသို့လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ကျော့ပါပါဒိုပိုးလော့စ်မှာ ဤသို့လုပ်ဆောင်ရာတွင် အောင်မြင်ခဲ့သော်လည်း ၄င်း၏ နောက်ဆုံးနေ့များဖြစ်သည့် နှစ်ပေါင်းများစွာတွင် အကျဉ်းကျခံရင်း ၄င်း၏ အချိန်များကို ကုန်လွန်စေခဲ့ရသည်။ သစ္စာဖောက်မှု၊ ပုံကန်မှု

တို့ဖြင့် အကျဉ်းကျခံရခြင်း ဖြစ်သည်။ ဤသို့ဖြင့် သူ၏ ဘဝနောက်ဆုံးနေ့တိုင်အောင် နောင်တမရဘဲ နိဂုံးချုပ်သွားခဲ့ရသည်။ အေသင်မြို့တွင် ကွယ်လွန်သည်။



အဲလီဇောက်
ဗင်းနစ်

ဗင်းနစ်, အဲလီဇောက် (၉၇) နှစ်

'မိတ်ဆွေများအသင်းအပင်း' ဟု သိထားကြသည့် ခရစ်ယာန် အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အဲလီဇောက်ဗင်းနစ်သည် ဂျပန်ဧကရာဇ် အကီဟီတိုကို စာသင်ကြားပေးသည့် ကျောင်းဆရာမတစ်ဦးဖြစ်သည်။ စစ်ပွဲရှုံးနိမ့်သဖြင့် ဒုက္ခရောက်နေသည့် ကာလဖြစ်သည့် ၁၉၄၆ ခုနှစ်တွင် ဂျပန်ဧကရာဇ်နန်းတော်သို့ သူမရောက်ရှိခဲ့သည်။ ယင်းအချိန်က အိမ်ရှေ့မင်းသားကို သူ၏ အဆောင်မှ အပြင်သို့ ခေါ်ထုတ်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ သို့ဖြစ်ရာ အကီဟီတိုမှာ အထီးကျန် ဖြစ်နေခဲ့ရသည်။ အကီဟီတိုသည် လူသားတစ်ဦးဦးထက် သူ၏ အလှမွေးမြူထားသော ငါးများကိုသာ ပိုမိုခင်တွယ်ပုံပေါ်သည်ဟု သူမက သတိတရ ပြန်လည်ပြောပြခဲ့သည်။ သို့ရာတွင် သူမ၏ လေးနှစ်ကြာ ဇွဲရှိရှိဖြင့် မဆုပ်မနစ် ကြိုးပမ်းမှုများမှာ အရာထင်ခဲ့သည်။ အဲလီဇောက်ဗင်းနင်းသည် အကီဟီတိုနှင့် အနောက်နိုင်ငံများအကြား ဆက်သွယ်ရေးပေါင်းကူးတံတားဖြစ်လာခဲ့သည်။ ဤသို့ဖြင့် ၁၉၉၅ ခုနှစ်တွင် အကီဟီတိုနှင့် သာမန်အရပ်သူတစ်ဦးတို့ လက်ထပ်ကြသည့် အခါတွင် အဲလီဇောက်ဗင်းနစ်မှာ တစ်ဦးတည်းသော နိုင်ငံခြားသားဧည့်သည်တော် တစ်ဦးဖြစ်ခဲ့သည်။ ပင်ဆိုင်ဗန်နီးယား ပြည်နယ် ကင်နက်စကွဲယား တွင် ကွယ်လွန်သည်။

ဘာဟာနဒင်, ကာရိုးယား (၈၇) နှစ်


မလေးရှားနိုင်ငံ၏ ပထမဆုံးဘုရင်မ ဖြစ်သည်။ သူမ၏ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ကုသိုလ်ဖြစ်လုပ်ငန်းများက နိုင်ငံ၏ တော်ဝင်အကြီးအကဲတစ်ဦးထက် သူမကို လူသိများထင်ရှားစေခဲ့သည်။ ၁၉၅၅ခုနှစ်တွင် မလေးရှားနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် နန်းတက်ခဲ့သည့် ကာရိုးယားသည် သူမ၏ တန်ခိုးအာဏာကို အသုံးမပြုခဲ့ဘဲ မလေးရှား အစ္စလာမ္မစ်အမျိုးသမီးများ လူမှုဖူလုံရေး ဘုတ်အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများ နေထိုင်မှုဘဝ တိုးတက်စေရန် လုပ်ဆောင်ခဲ့သည်။ ယင်းအဖွဲ့ကို အမျိုးသမီးများတူညီသည့် အခွင့်အရေးများ တိုးတက်ရရှိရေးအတွက် ၁၉၆၁ ခုနှစ်တွင် သူမဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကွယ်လွန်သည်။

ဘင်ဓင်း (၉၉) နှစ်

စိတ်အပြောင်းအလဲ ဖြစ်တတ်လေ့ရှိသည့် တရုတ်စာရေးဆရာမ တစ်ဦး ဖြစ်သည်။ သူမရေးသားခဲ့သော ဝတ္ထုများထဲမှ တရုတ်နိုင်ငံအတွက် ပထမဆုံး စာပေဆိုင်ရာ နိဗဲဆုပင် ရရှိလိမ့်မည်ဟု မျှော်လင့်ခံထားရသူ ဖြစ်သည်။ ၁၉၆၆ –၆၇ ခုနှစ်များအတွင်း ပေါ်ပေါက်ခဲ့သည့် အသိပညာရှင်၊ အတတ်ပညာရှင်ဆန့်ကျင်ရေးဖြစ်သည့်ယဉ်ကျေးမှုတော်လှန်ရေး လှုပ်ရှားမှုကာလတွင် ဖယ်ရှားသန့်စင်ခြင်းခံခဲ့ရသည်။ သို့ရာတွင် နောက်ပိုင်း၌ ဘင်ဓင်းမှာ ကလေးစာပေများ ရေးသားမှုအတွက် ချီးမွမ်းခြင်း ခံခဲ့ရသည်။ ယင်းတို့အနက် 'Ode to a Cherry Blossom'စာအုပ်မှာ ထင်ရှားခဲ့သည်။ ယင်းအတွက်ကြောင့်ပင် တရုတ်သမ္မတကြီး ကျန်ဇီမင်းကိုယ်တိုင် သူမ၏ ၉၉ နှစ်မြောက်မွေးနေ့တွင် သူမ၏ အိမ်သို့လာရောက်ခဲ့သည်ဟု ပြောဆိုမှုများ ထွက်ပေါ်ခဲ့သည်။ ပီကင်းမြို့တွင် ကွယ်လွန်သည်။

မဲလွန်,ပေါလ် (၉၁) နှစ်

အတ္တစွဲကို ဖျောက်ကာ အများအကျိုးအတွက် အလှူဒါနပြုတတ်သူ အမေရိကန်လူမျိုး ဖြစ်သည်။ မိသားစုပိုင် ဥစ္စာဓနကို အမေရိကန် ပြည်ထောင်စုရှိ အများပြည်သူအတွက် ပန်းခြံများပြုလုပ်ရန် မြေနေရာများ တိုးချဲ့ရန်နှင့် အမျိုးသားအနုပညာလက်ရာများ စုဆောင်းခြင်းများအတွက် အသုံးပြုခဲ့သည်။ ဘဏ်စာရေးအဖြစ် ခဏတာ လုပ်ကိုင်ခဲ့ဖူးသည်။ ပေါလ်မဲလွန်သည် အလှူဒါနပြုခြင်းနှင့်သာ အလုပ်များလျက်ရှိရာ အခြားအလုပ်များကို မလုပ်ကိုင်နိုင်ခဲ့ချေ။ သို့ဖြစ်ရာ မိသားစု ဘဏ္ဍာရေးအတွက် အထောက်အကူ မပြုခဲ့ပေ။ ဗာဂျီးနီးယားပြည်နယ် အပ်ပါဗီလီမြို့တွင် ကွယ်လွန်သည်။



စပိန်လူမျိုး
ဆိုရှယ်လစ်ဝါဒီ
ရူဘီယယ်ကာမီယာ



ဝေါလ်တာ လီနီ

ရူဘီယယ်ကာမီယာ, ရေမွန် (၉၂) နှစ်

မယိမ်းမယိုင်သည့် စပိန်လူမျိုး ဆိုရှယ်လစ်ဝါဒီ တစ်ဦး ဖြစ်သည်။ ဆိုရှယ်လစ်အရေးအတွက် သူ၏ သစ္စာရှိမှုက စပိန်ဆိုရှယ်လစ် အလုပ်သမားပါတီကို စပိန်နိုင်ငံ ပြည်တွင်းစစ်နှင့် ရက်စက်ကြမ်းကြုတ်သည့် ဗိုလ်ချုပ်ကြီး ဖရန်စစ်ကို ဖရန်တို၏ အာဏာရှင် စနစ်တို့ကို ကျော်လွှားလွန်မြောက်ကာ ဆက်လက်ရှင်သန်စေရန် အထောက်အကူပြုခဲ့သည်။ ၄င်း၏ ယင်းကြိုးပမ်းမှုများ အတွက် ရူဘီယယ်ကာမီယာမှာ ထောင်ထဲတွင် အနှစ် ၂၀ နီးပါး နေခဲ့ရသည်။ သို့ဖြစ်လင့်ကစား ထောင်မှလွတ်လာပြီးနောက် မြေအောက်လှုပ်ရှားမှုဖြင့် ပါတီကို ဦးဆောင်ခဲ့သည်။ နောက်ပိုင်းတွင် စပိန်နိုင်ငံမျိုး ဆက်သစ်ဆိုရှယ်လစ်ခေါင်းဆောင်များ ပေါ်ထွန်းလာစေရန် အထောက်အကူပြုခဲ့သည်။ ယင်းတို့အထဲတွင် နောင်တွင် ဝန်ကြီးချုပ် ဖြစ်လာမည့် ဖဲလစ်ဂွန်ဇာလက်ဇ်လည်း ပါဝင်သည်။ ရူဘီယယ်ကာမီယာသည် ကွယ်လွန်သည် အထိ ပါတီ၏ သဘာပတိ ဖြစ်ခဲ့သည်။ စပိန်နိုင်ငံ ဘီလ်ဘာယိုမြို့တွင် ကွယ်လွန်သည်။

လီနီ, ဝေါလ်တာ (၅၆) နှစ်

တောင်ပစိဖိတ်ဒေသမှ မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ အင်္ဂလိပ်နှင့် ပြင်သစ် လက်အောက်ခံ ကိုလိုနီ နိုင်ငံအဖြစ်မှ ၁၉၈၀ ပြည့်နှစ် တွင် ဗာနူယာတူ သမ္မတနိုင်ငံအဖြစ် ပေါ်ထွန်းလာအောင် ပြောင်းလဲလုပ်ဆောင်ခဲ့သူ ဖြစ်သည်။ ဗာနူယာတူ နိုင်ငံ၏ ကျွန်းပေါင်း ၈၀ တွင် မှီတင်းနေထိုင် ကြသည့် အင်္ဂလိပ် စကားပြောနှင့် ပြင်သစ်စကားပြော သူတို့ အကြား ခိုက်ရန်ဖြစ်ပွားရသည့် ကစဉ့်ကလျား ဖြစ်နေသော အုန်းသီးစစ်ပွဲ (**Coconut War**) ကို အဆုံးသတ်ရေးအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေး ခဲ့ပြီးနောက် ဝေါ်လ်တာလီနီသည် ဝန်ကြီးချုပ်အဖြစ် ၁၁ နှစ်ကြာ အုပ်ချုပ်ခဲ့သည်။ သို့ရာတွင် နောက်ပိုင်း၌ တစ်စတစ်စ အာဏာရှင်ဆန်လာပြီး သံခင်းတမန်ခင်း ဆက်ဆံရေးများတွင်လည်း အဆောတလျင်မှားမှား ယွင်းယွင်းဆုံးဖြတ်လုပ်ကိုင်မှုများ ရှိလာခဲ့သည်။ ဝေါ်လ်တာလီနီသည် ဗြိတိန်၊ ပြင်သစ်တို့နှင့် သံတမန် အဆက်အသွယ် ဖြတ်တောက်ခဲ့ပြီး သြစတြေးလျနိုင်ငံကိုလည်း သူလျှိုအဖြစ် စွပ်စွဲခဲ့သည်။ ယင်းလုပ်ဆောင်မှုများကြောင့်ပင် ၄င်း၏ အစိုးရအဖွဲ့မှာ ၁၉၉၁ ခုနှစ်တွင် အယုံအကြည်မရှိ အဆိုဖြင့် ပြုတ်ကျခဲ့သည်။ ဗာနူယာတူနိုင်ငံ ပိုဗီလာတွင် ကွယ်လွန်သည်။

ဟူယန်ရှင်ချီးယဲ့ (၇၂) နှစ်

ထိုင်ဝမ်အတိုက်အခံပါတီဖြစ်သည့် ဒီမိုကရက်တစ်တိုးတက်သောပါတီကိုစတင်ထူထောင်ခဲ့သူတစ်ဦး ဖြစ်သည်။ ထိုင်ဝမ်ကျွန်းကို အာဏာရှင်အုပ်ချုပ်မှုစနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် တွန်းအားပေး ကူညီပံ့ပိုးခဲ့သူ ဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဟူယန်သည် ဌာနေထိုင်ဝမ်ကျွန်းလူထုအား ခွဲခြားအုပ်ချုပ် မှုပြုသည့်အစိုးရ၏ အပြုအမူကို အစဉ်အမြဲဆန့်ကျင် စိမ်ခေါ်ခဲ့သည်။ ၁၉၇၉ ခုနှစ် တွင် လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို ကန့်ကွက်သည့် ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မှုအတွက် ထောင်ခုနစ်နှစ် ကျခံခဲ့ ရသည်။ ထို့နောက်တွင် ၄င်း၏ ပါတီဖြစ်သည့် ဒီမိုကရက်တစ် တိုးတက်သောပါတီသည် အာဏာရကုမင်တန်၏ လက်မှ အစိုးရအဖွဲ့များတွင် အများစုနေရာ ရရှိနိုင်ရေးအတွက် အားပြိုင် လှုပ်ရှားခဲ့သည်ကို ဟူယန်က စောင့်ကြည့်အကဲခတ် ခဲ့သည်။ တိုင်ပေတွင် ကွယ်လွန်သည်။

ဟက်စ်ဆန် (မော်ရော့ကို ဘုရင်) (၇၀) နှစ်

မော်ရော့ကို ဘုရင် ဟက်စ်ဆန်မှာ ဒေသဆိုင်ရာ ငြိမ်းချမ်းရေး ဖော်ဆောင်သူအဖြစ် အနောက်နိုင်ငံ အသိုင်းအဝန်းတွင် ချီးမွမ်းခြင်းခံရသူ ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် အစ္စရေးနှင့် အီဂျစ်တို့အကြား ငြိမ်းချမ်းရေးသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် လမ်းခင်းကာ ကူညီဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ပြည်တွင်းတွင်လည်း လက်ဝဲဝါဒီ အာဏာသိမ်းရန် ကြံစည်သူများနှင့် အစွန်းမစ် အခြေခံဝါဒီများအား တွန်းလှန်ကာ

မော်ရော့ကိုဘုရင်
ဟက်စ်ဆန်



တည်ငြိမ်မှုရအောင် လုပ်ဆောင်နိုင်ခဲ့သည်။ သို့ဖြစ်ရာ ဟက်စ်ဆန်မှာ အာဏာရှင်ဆန်သည့်နည်းလမ်းများ အသုံးပြုခဲ့သူ၊ လူ့အခွင့်အရေး ဖောက်ဖျက်သူ အဖြစ်လည်းကောင်း၊ နိုင်ငံစီးပွားရေး မညီမမျှဖြစ်မှု အတွက်လည်းကောင်း ဝေဖန်ခြင်း ခံရသည်။ နှလုံးရောဂါခံစားရပြီး ရာဘတ်တွင် ကွယ်လွန်သည်။

ဟတ်ဖ်မန်း, ဝါနာ (၈၇) နှစ်

ပညာဉာဏ်ထက်မြက်၍ ခွဲခြားသိမြင်နိုင်စွမ်းရှိသော ဂျာမန်လူမျိုး ပန်းချီအနုပညာဆိုင်ရာ သမိုင်းပညာရှင်တစ်ဦး ဖြစ်သည်။ ၁၉၅၄ ခုနှစ်က ၄င်းရေးဆွဲခဲ့သော **Painting of the 20 th Century** မှာ ယနေ့ခေတ် ပန်းချီအနုပညာကျောင်းသားများအတွက် လမ်းညွှန် ကိုးကားစရာ အနုပညာလက်ရာအဖြစ် ကျန်ရစ်ခဲ့သည်။ ၄င်း၏ နိုင်ငံသားများမှာ ခေတ်သစ်ပန်းချီ အနုပညာအကြောင်းကို စိုးစဉ်မျှ မသိရှိသည်ကို လေ့လာတွေ့ရှိခဲ့ပြီး နောက်ပိုင်းတွင် ဝါနာဟတ်ဖ်မန်းမှာ ယင်းအကြောင်း ကျမ်းကြီးတစ်စောင်ရေးသားရန် နှိုးဆွပေးခြင်း ခံခဲ့ရသည်။ စင်စစ်အားဖြင့် ခေတ်သစ်ပန်းချီအနုပညာကို ဂျာမန် နာဇီတို့က ဆုတ်ယုတ်ညံ့ဖျင်းသည့် လက်ရာအဖြစ် သဘောထားခဲ့ကြသည်။ ယင်းအယူအဆကို တွန်းလှန်ကာ ဝါနာဟတ်ဖ်မန်းသည် ခေတ်သစ်ပန်းချီအနုပညာဆိုင်ရာ ဖိုရမ်တစ်ခုပေါ်ပေါက်လာရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ယင်းစွမ်းဆောင်မှုကြောင့် ၁၉၅၅ ခုနှစ်မှစပြီး ခေတ်သစ်အနုပညာဆိုင်ရာ ဖိုရမ်ကိုလေးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပလာနိုင်ခဲ့သည်။ သို့ဖြစ်ရာ အဆိုပါဖိုရမ်မှာ ပီကာဆိုနှင့် မာတစ်ဆီကဲ့သို့သော ထိပ်သီးပန်းချီအနုပညာလက်ရာရှင်များ၏ လက်ရာများကို ပြသထားသည့် နေရာတစ်ခု ဖြစ်လာခဲ့သည်။ ဂျာမနီနိုင်ငံ ဝါးကားချင်တွင် ကွယ်လွန်သည်။

အဲလိုင်း, ကားခ် (၈၈) နှစ်

ငွေရောင်ပိတ်ကားပြင်ကို တင့်တယ်စေခဲ့သည့် ပထမဆုံး စူပါမင်း ဖြစ်သည်။ မူလက ကချေသည်အဖြစ် လုပ်ကိုင်ခဲ့သည်။ ကိုလံဘီယာရုပ်ရှင်ကုမ္ပဏီက အပိုင်း ၁၅ ပိုင်း ပါဝင်သော ရုပ်ရှင်ဇာတ်လမ်းတွဲ ရိုက်ကူးရေးအတွက် သရုပ်ဆောင် ရှာဖွေခဲ့ရာ စိတ်ကြိုက်မတွေ့ဘဲ သရုပ်ဆောင် ၃၀၀ မျှ ပယ်ချခံခဲ့ရသည်။ အဆိုပါ သရုပ်ဆောင်နေရာကို ကားခ်အဲလိုင်းက ဝင်ရောက်နိုင်ခဲ့သည်။ အကြောင်းမှာ ၄င်းသည် ဇာတ်ရုပ်အဝတ်အစားနှင့် အလွန်ကြည့်ကောင်းကာ လိုက်ဖက်သောကြောင့် ဖြစ်သည်။ ၁၉၄၈ ခုနှစ်နှင့် ၁၉၅၀ ခုနှစ်များတွင် **The Man of Steel** ဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် ကားခ်အဲလိုင်းသည် မဟာသူရဲကောင်းအဖြစ် ဇာတ်ရုပ်နှင့် လိုက်ဖက်ကာ အောင်မြင်စွာ သရုပ်ဆောင်နိုင်သဖြင့် ထင်ရှားကျော်ကြားခဲ့သည်။ ထို့နောက် ရုပ်ရှင်လုပ်ငန်းကို စွန့်ခွာခဲ့ပြီး ဘရော့ဝေးနှင့် စီးပွားရေးလုပ်ငန်းများတွင်နှစ်ပေါင်း ၂၀ မျှ လုပ်ကိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ရုပ်ရှင်ဘက်သို့ပြန်လည် ခြေဦးလှည့်ခဲ့ပြီး ခရစ်တိုဖာရီးဗီ ပါဝင်သည့် ဇာတ်လမ်းတွဲ ရုပ်ရှင်များတွင် တွဲဖက်သရုပ်ဆောင်ခဲ့သည်။ တက္ကဆက် ပြည်နယ် ဝုဒ်လဲန့်စ် တွင် ကွယ်လွန်သည်။


အယ်ခါလီဟာ , ရိုတ်အီဆာဘင် ဆော်လမန် (၆၅) နှစ်

ဘာရိန်းနိုင်ငံ စော်ဘွားဖြစ်သည်။ စကားပြောဆိုရာတွင် ညင်သာပျော့ပျောင်းသော်လည်း ပါရှင်းပင်လယ်ကွေ့နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘာရိန်းနိုင်ငံကို ၃၇ နှစ်ကြာ အုပ်ချုပ်ခဲ့စဉ်ကာလအတွင်း တင်းတင်းမာမာ အုပ်ချုပ်ခဲ့သူ ဖြစ်သည်။ ရိုတ်အီဆာသည် ၁၉၉၁ ခုနှစ်က ဖြစ်ပွားသော ပင်လယ်ကွေ့စစ်ပွဲတွင် အနောက်အုပ်စု၏ အဓိက မဟာမိတ်တစ်ဦး ဖြစ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု ရေတပ်အတွက် အခြေစိုက်စခန်းတစ်ခု ပြုလုပ်ရန် ခွင့်ပြုခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် မရပ်မနား တရစပ် လူပ်ရှားနေသော ရှီယိုက် မူဆလင်များက နိုင်ငံကို အုပ်ချုပ်နေသည့် လူများစု ဖြစ်သည့် ဆွန်နီမူဆလင်များကို တော်လှန်ပုန်ကန်သည့် အခါတွင် ၄င်းအတွက် အကြီးမားဆုံး အားပြိုင်မှု ပေါ်ပေါက်ခဲ့သည်။ လူ့အခွင့်အရေး အုပ်စုများက ၄င်းအား ပုန်ကန်ထကြွမှုများကို နှိမ်နှင်းရာတွင် ရုံးတင်စစ်ဆေးခြင်း မရှိဘဲ အတိုက်အခံများကို ထိန်းသိမ်းထားခဲ့သည်ဟု စွပ်စွဲခဲ့ကြသည်။ နှလုံးရောဂါဖြင့် ၄င်း၏ နန်းတော်တွင် ကွယ်လွန်သည်။

ဦးခင်မောင်လေး

ခင်မျိုးချစ်၊ ဒေါ် (ခရစ် ၁၉၁၅ – ၁၉၉၉) ။ ။ စာရေးဆရာမကြီးဒေါ်ခင်မျိုးချစ် ကလောင်အမည်ဖြင့် ထင်ရှားခဲ့သော ဒေါ်ခင်မျိုးချစ်ကို အဘ ရာဇဝတ်ဝန်ထောက်မင်းဦးတင်၊ အမိဒေါ်သန်းတင်တို့က စစ်ကိုင်းမြို့တွင် ၁၉၁၅ ခုနှစ်၊ မေလ (၁) ရက်နေ့၌ မွေးဖွားသည်။ ဒေါ်ခင်မျိုးချစ်၏ အဘိုးဖြစ်သူမှာ မြန်မာပညာရှိဦးဘေဖြစ်သည်။

ဆရာမကြီးဒေါ်ခင်မျိုးချစ်သည် ၁၉၃၂ ခုနှစ် တွင် မိတ္ထီလာမြို့၊ အမျိုးသားအထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်သည်။ ၁၉၃၂ ခုနှစ်တွင် ဝသန္တစာစောင်၊ တက္ကသိုလ်မဂ္ဂဇင်းများတွင် တေးထပ်များ စတင်ရေးသားသည်။ ဆာဝေါ်လတာစကော့၏ မျိုးချစ်စိတ်အကြောင်းကဗျာကို တေးတပ်ဖြင့် ဘာသာပြန်စပ်ဆိုခဲ့သည်။ တိုးတက်ရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် အယ်ဒီတာ၊ စနေနဂါးနီဂျာနယ်တွင် ပင်တိုင်ဆောင်းပါးရှင် ဖြစ်ခဲ့သည်။



စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်

ဒေါ်ခင်မျိုးချစ်သည် ၁၉၃၉ ခုနှစ်တွင် ဦးခင်မောင်လတ်နှင့် လက်ထပ်သည်။ တိုင်းရင်းသူဂျာနယ်တွင် အမျိုးသမီးသဘာဝများအကြောင်းရေးသားသည်။ စစ်အတွင်းတွင် ဘီဒီအေစစ်ရုံးဌ အမှုထမ်းဆောင်ရင်း ၁၉၄၅ ခုနှစ်တွင် "သုံးနှစ်တာဂျပန်လက်အောက်ခံဘဝ" (Three Years Under The Japan) အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ဒေါ်ခင်မျိုးချစ်သည် ၁၉၄၇-၁၉၄၈ ခုနှစ်အထိ စာပေဗိမာန်တွင် အမှုထမ်းခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် B.A E. Litt ဘွဲ့ရသည်။ ၁၉၅၅ ခုနှစ်တွင် Guardian Magazine တွင် ပင်တိုင်ဆောင်းပါးများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည်။

၁၉၅၇ ခုနှစ်၌ ဒေါ်ခင်မျိုးချစ် ရေးသားသော "၁၃ ရတီ စိန်ကြိုး" ဝတ္ထုတိုသည် နိုင်ငံခြား Atlantie Monthly မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရသည်။ ၁၉၅၈-၆၀ ခုနှစ်အထိ ဂါးဒီးယန်းသတင်းစာအယ်ဒီတာ အဖွဲ့ဝင်ဖြစ်သည်။ Asia Magazine တွင် ဝတ္ထုများရေးသားသည်။ "မြန်မာပြည်မှ အနော်ရထာ" (Anawratha Of Burma) ကို ရေးသားသည်။

ဒေါ်ခင်မျိုးချစ်သည် လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်သတင်းစာ) တွင် (Heroes Of Old Burma) အခန်းဆက်ကို ၁၉၆၃ မှ ၁၉၆၈ ခုနှစ်အထိ အယ်ဒီတာတာဝန်ထမ်းဆောင်ရင်း ရေးသားသည်။ ၁၉၇၀ ပြည့်နှစ်တွင် စာပေဗိမာန်က စာအုပ်အဖြစ်ထုတ်ဝေခဲ့သည်။ ဒေါ်ခင်မျိုးချစ် ဘာသာပြန်ဆိုသော 'မိုက်ကယ်အင်ဂျလို' စာမူကို စာပေဗိမာန်က စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။

၁၉၇၂ ခုနှစ်တွင် "ပျော်တော်ဆက်" စာစောင်၌ စာစောင်အယ်ဒီတာအဖြစ် တာဝန်ယူသည်။ ဒေါ်ခင်မျိုးချစ် ရေးသားခဲ့သော အခြားစာအုပ်များမှာ ဥရောပစာပေမိတ်ဆက်၊ သတင်းစာပညာ၊ Colourful Burma, Burmese Scenes And Sketches တို့ဖြစ်သည်။

ဒေါ်ခင်မျိုးချစ်သည် အခြားစာစောင်မဂ္ဂဇင်းများတွင်လည်း ဆောင်းပါးများရေးသားသည်။

မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် စာပေများရေးသားခဲ့သော စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်သည် ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ။

ချီချင်ညာအရေးအခင်း။ ။ရုရှား:ဖက်ဒရေးရှင်း၏ မြောက်ပိုင်း ကော့ကေးရပ်ဒေသတွင် သီးခြားလွတ်လပ်သော အစွမ်းသမွှေသမွှတနိုင်ငံ ထူထောင်ရန် ပုန်ကန်ထကြွနေသည့် သူပုန်များအား ခိုလှုံခွင့်ပြုထားခြင်းအတွက် ရုရှားသည် ချီချင်ညာဒေသကို ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။ ချီချင်ညာဒေသသည် ရုရှား:ဖက်ဒရေးရှင်းမှ ခွဲထွက်သွားသော သမွှတနိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။

ယခုအကြိမ် ထိုးစစ်ဆင်ခြင်းသည် ဒုတိယအကြိမ် ဖြစ်သည်။ ပထမအကြိမ်ထိုးစစ်ဆင် တိုက်ခိုက်ခြင်းကို ၁၉၉၄-၉၆ ခုနှစ်က ဆင်နွှဲခဲ့သည်။

ချီချင်ညာအရေးအခင်း

ထိုစဉ်က ချီချင်ညာဒေသမှ ခွဲထွက်ရေးအင်အား စုများနှင့် ရုရှား တပ်ဖွဲ့များ တိုက်ခိုက်ခဲ့ကြရာ ရုရှား တပ်ဖွဲ့များသည် ချီချင်ညာ ခွဲထွက်ရေး ပြောက်ကျားများကို ရှုံးနိမ့်ခဲ့ရသည်။

တိုက်ပွဲများကြောင့် အရပ်သူ၊အရပ်သား ၁၀၀,၀၀၀ ခန့်ထိ သေဆုံးခဲ့သည်။ ရုရှား တပ်ဖွဲ့အင်အား ၄,၀၀၀ ကျော်လည်း သေဆုံးခဲ့ရသည်။

ပထမအကြိမ် ချီချင်ညာ ထိုးစစ်တွင် ကိုယ်တိုင်ပါဝင်ကြီးကြပ်ဆင်နွှဲခဲ့သူ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး စတီပါရှင်က ယခုအကြိမ် ချီချင်ညာ ထိုးစစ်သည်နိုင်ငံရေးထိုးစစ် တစ်ရပ်ဆီသို့ဦးတည်နိုင်ကြောင်း ပြောခဲ့သည်။

စစ်ရေး – ရုရှားက ချီချင်ညာဒေသကို ယခုအကြိမ် ထိုးစစ်ဆင်ခြင်းသည် စက်တင်ဘာလက မော်စကိုနှင့် အခြား ရုရှားမြို့ကြီးများတွင် လူနေအဆောက်အအုံများအား အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု အပါအဝင် ဒါဂက်စတန်ကို ဝင်ရောက်တိုက်ခိုက်သည့် လုပ်ရပ်များအတွက် တုံ့ပြန်ခြင်းဖြစ်သကဲ့သို့ ရုရှားဖက်ဒရေးရှင်းမှ ခွဲထွက်ရန် ချီချင်ညာဒေသက ပိုင်းဖြတ်ထားခြင်းသည်လည်း ယခုကဲ့သို့ ထိုးစစ်ဆင်ရသည် ပစ်မှတ်တစ်ခု ဖြစ်ဖွယ်ရှိသည်။

အောက်တိုဘာလတွင် ရုရှားဖက်ဒရေးရှင်း မြေပြင်တပ်ဖွဲ့များသည် ချီချင်ညာတောင်ပိုင်းခရိုင်နှစ်ခုကို သိမ်းပိုက်ရန် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည်။ တစ်ချိန်တည်းတွင် ရုရှားကွန်မန်ဒိုတပ်ဖွဲ့များက ချီချင်ညာ၏ အရှေ့မြောက်ဒေသကို ထိုးဖောက်ဝင်ရောက်သည်။ ထိုစဉ်အတွင်း ရုရှား တ်ပ်ဖွဲ့ဝင်အင်အား ခန့်မှန်းခြေ ၅၀,၀၀၀ မှ ၆၀,၀၀၀ အထိ သည် ချီချင်ညာ နယ်စပ်တစ်လျှောက်တွင် အင်အားစုစည်း လျက် ရှိသည်။

ရုရှားလေတပ်ကမူ မြေပြင် ထိုးစစ်ကြီးအတွက် ချီချင်ညာဒေသ၏ အရေးပါသော ဆက်သွယ်ရေးစနစ်များ၊ လမ်းတံတားများ၊ သူပုန်စခန်းများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်ပြီးနောက် မြေပြင်တပ်ဖွဲ့များနှင့် သံချပ်ကာတင်ကားတပ်ဖွဲ့များက တဖြည်းဖြည်းချင်း ထိုးဖောက်လာရာ ချီချင်ညာဒေသ၏ ပိုင်နက်နယ်မြေအများစုကို ရုရှားတပ်ဖွဲ့များက ထိန်းချုပ်ထားနိုင်ခဲ့သည်။

ရုရှားလေတပ် တပ်မှူး ဗိုလ်ချုပ်ကြီး အနာတိုလီကော်နူကော့ဗ်က ၄င်း၏ လေကြောင်းမှ ထိုးစစ်ဆင်မှုသည် ရက်သတ္တတစ်ပတ်မှ ၁၀ ရက်အထိ အချိန်ယူရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ရုရှားအစိုးရက ချီချင်ညာသမ္မတနိုင်ငံ တစ်ခုလုံးတွင် ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး အပြည့်အဝ ပြန်လည်



ချီချင်ညာဒေသတွင် ထိုးစစ်ဆင်နေသော ရုရှားတပ်ဖွဲ့.ကို တွေ့.ရစဉ်



ကင်းလှည့်နေသည့် ရဂ္ဂားစစ်သားများ

ရရှိစေရမည်။ ချီချင်ညာသည် ခွဲထွက်ရေးသူပုန်များ၊ ခိုးဆိုးလုယက်တိုက်ခိုက်သူများ ခိုအောင်းရာနေရာ မဖြစ်စေရဟု ကြိမ်းဝါးခဲ့သည်။

ထို့ပြင်ချီချင်ညာ၌ အကြမ်းဖက်သမားများ၊ ဘာသာရေးအစွန်းရောက်များအား ရဂ္ဂားကနှိမ်နင်းခြင်းသည် နိုင်ငံတကာ အကြမ်းဖက်ဝါဒကို ချေမှုန်းခြင်းလည်း ဖြစ်သည်။ တစ်နည်း အားဖြင့် နိုင်ငံတကာမိသားစုကြီးအား အကြမ်းဖက်ဝါဒအန္တရာယ်မှ ကာကွယ်ပေးခြင်းလည်း ဖြစ်သည်ဟု ပြောဆို ခဲ့သည်။

ရဂ္ဂား၀န်ကြီးချုပ်ဗလာဒီမာပူတင်က ရဂ္ဂားဖက်ဒရယ်တပ်ဖွဲ့များသည် ချီချင်ညာ၌ မွတ်စလင်ခွဲထွက်ရေး အစွန်းရောက် စစ်သွေးကြွများ၊ သူပုန်များ လုံးဝကင်းရှင်းသည် အထိဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်သွားမည်ဟု အတိအလင်း ပြောကြား ခဲ့သည်။

သို့သော် ချီချင်ညာ စစ်ဆင်ရေးနှင့် ပတ်သက်၍ ရဂ္ဂားဖက်ဒရေးရှင်း၏ လက်နက်ကိုင်တပ်ဖွဲ့တပ်မှူးများနှင့် ရဂ္ဂားနိုင်ငံရေးသမားများအကြား သဘောကွဲလွဲမှုများ ထွက်ပေါ်လာသည်။

မြို့တော်ဂရိုဇနီအား တိုက်ခိုက်သိမ်းပိုက်ရန် လက်တစ်ကမ်းသာလိုတော့သည့် အချိန်တွင် နိုင်ငံရေးသမားများက ထိုးစစ်ဆင်မှုကို ရပ်ဆိုင်းပြီး ချီချင်ညာအာဏာပိုင်များနှင့် စေ့စပ်ဆွေးနွေးဖြေရှင်းရန် လိုလားကြသည်။

ရဂ္ဂားတပ်မှူးများကမူ မိမိတပ်ဖွဲ့များအား ထိုးစစ်ဆင်မှုကို ရပ်ဆိုင်းရန် အမိန့်ပေးမည်ဆိုလျှင် ရဂ္ဂားဖက်ဒရေးရှင်းတပ်ဖွဲ့မှ အရာရှိ၊ အကြပ်၊ တပ်သားများ အစုလိုက်အပြုံလိုက် နုတ်ထွက်ကြဖွယ်ရှိကြောင်း သတိပေးခဲ့သည်။

ရဂ္ဂားတပ်ဖွဲ့များသည် ၁၉၉၄-၉၆ ခုနှစ် ပထမအကြိမ် ချီချင်ညာစစ်ပွဲတွင် အရေးနိမ့်ကာ ထွက်ခွာခဲ့ရခြင်း အတွက် ပြန်လည်လက်စားချေရန်နှင့် ရဂ္ဂား၏ စစ်ရေးစွမ်းရည်ကို ပြသရန်လိုလားကြသည်။



မြို့တော် ဂရိုဇနီ အလယ်ခေါင်ရှိ စွန့်ပစ်သွားသော ဘဏ်အဆောက်အအုံတစ်ခုအတွင်းသို့ဝင်ရောက်နေရာယူနေကြသည့် ချီချင်ညာတပ်ဖွဲ့များကို တွေ့ရစဉ်

ချီချင်ညာအရေးအခင်း



ချီချင်ညာဒေသစစ်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်ကြသည့် စစ်ပြေးဒုက္ခသည်များ

ထို့ကြောင့် ဝန်ကြီးချုပ်ဟူတင်သည် အောက်တိုဘာ ၈ ရက်နေ့တွင် ရုရှား သံချပ်ကာတပ်ဖွဲ့နှင့် လေထီးတပ်ဖွဲ့များကို ချီချင်ညာဒေသတွင်းသို့ ဝင်ရောက်စေပြီး ချီချင်ညာနယ်မြေတွင်းရှိ မဟာဗျူဟာ အချက်အချာကျသော သူပုန်များ၏ စခန်းများကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ရုရှားတပ်များသည် ချီချင်ညာနယ်မြေ၏ သုံးပုံတစ်ပုံကို သိမ်းပိုက်ထားပြီးဖြစ်သည်။ သို့သော်ရုရှားသည် ချီချင်ညာတွင် ရေရှည်စစ်ပွဲဆင်နွှဲရန် မလွယ်ကူပေ။ ၁၉၉၄ ခုနှစ်က ဖြစ်ပွားခဲ့သော ပထမအကြိမ်စစ်ပွဲတွင် ၂၁ လအကြာ၌ ရုရှားတပ်များ ချီချင်ညာမှ ပြန်လည်ဆုတ်ခွာခဲ့ရသည်။ ဤသို့ ဆုတ်ခွာခဲ့ရခြင်းအတွက် သိက္ခာဆည်သောအားဖြင့် ချီချင်ညာဒေသအား လွတ်လပ်ရေးပေးရန်ဆုံးဖြတ်မည့်ကိစ္စကိုငါးနှစ်ကြာ ဆိုင်းငံ့ထားရန် သဘောတူညီမှုရယူခဲ့ရသည်။

သို့သော် ရုရှားနိုင်ငံက ချီချင်ညာ စစ်ဆင်ရေးကို နောက်မဆုတ်ဘဲ ပို၍ပြင်းထန်အောင်ဖန်တီးခဲ့သည်။ စစ်ရေးအရှိန် တိုးမြှင့်ခဲ့ပြီး ချီချင်ညာဒေသ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဂူဒါမက်စ်မြို့ကြီးကိုပင် အလွယ်တကူသိမ်းပိုက်နိုင်ခဲ့သည်။ မြို့တော် ဂရိုဇနီကိုလည်း ရုရှားတပ်ဖွဲ့များ ဝိုင်းပတ်ပိတ်ဆို့ခဲ့သည်။

ချီချင်ညာသူပုန် ၅,၀၀၀ ခန့်သည် ရုရှားတို့၏ အပြီးသတ်ထိုးစစ်မဆင်မီ ခံတုတ်များတွင်းက ဂရိုဇနီမြို့အားခုခံရန်ပြင်ဆင်နေကြသည်။ သို့သော် လက်နက်အင်အား၊ လူအင်အားချင်းကမူ မမျှတပေ။

ဆက်လက်၍ ရုရှားတပ်ဖွဲ့များသည် ချီချင်ညာ၏ တတိယမြောက် မြို့ကြီးတစ်မြို့ဖြစ်သော အာဂန်မြို့ကို သိမ်းပိုက်ခဲ့သည်။ မြို့ကိုသိမ်းပိုက်ရာတွင် ဒေသခံများက ရုရှားတပ်ဖွဲ့များကို ကူညီခဲ့ကြသည်။

ရုရှား၏ ထိုးစစ်ကို ခုခံလိုကြသည့် ပြောက်ကျားများအားခုခံခြင်းမပြုဘဲ စွန့်ခွာထွက်ပြေးသွားကြရန်ဒေသခံများက ကြိုးပမ်းခြင်းဖြင့် ရုရှားတပ်ဖွဲ့များကို ကူညီခဲ့သည်။ ထို့ကြောင့် အာဂန်မြို့ကို သိမ်းပိုက်ရာတွင် ပြောက်ကျားအနည်းငယ်သာ ခုခံမှုရှိခဲ့သည်။

အာဂန်မြို့သည် ချီချင်ညာမြို့တော် ဂရိုဇနီအရှေ့ဘက်ခြောက်မိုင်ခန့်သာဝေးသည့် နေရာတွင်ရှိသဖြင့် ရုရှားတပ်ဖွဲ့များသည် ဂရိုဇနီမြို့တော်ကို သိမ်းပိုက်ရန် လက်တစ်ကမ်းသာလိုတော့သည်။

ချီချင်ညာဒေသ၏ မြေပြန့်လွင်ပြင်အများစုကို ရုရှားတပ်ဖွဲ့များက ထိန်းချုပ်ထားပြီး သူပုန်များမှာ တောင်ပေါ်စခန်းများကိုခြေကုပ်ပြုကာ ကြံ့ကြံ့ခံတိုက်ခိုက်နေရသည်။

ရုရှားတပ်ဖွဲ့များသည် အော်သိုဒေါ့ခရစ်ယာန်ဘာသာဝင်များ၏ နှစ်သစ်ကူးပွဲနှင့် ရာမာဒန် ဥပုသ်လပြီးဆုံးမှ ပွဲတော်တို့ကို လေးစားသမှုပြုသည့်အနေဖြင့် သုံးရက်တာမျှ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲထားခဲ့ပြီးနောက် မြို့တော်ဂရိုဇနီတွင် ပိတ်မိနေသော သူပုန်တပ်ဖွဲ့ဝင်များကို ချေမှုန်းနိုင်ရန် အမြောက်လက်နက်ကြီးများဖြင့် မြို့တော်အားပစ်ခွင်းခဲ့ရာ မြို့တော်မှာ စိစိညက်ညက် ပျက်သုဉ်းခဲ့ရသည်။ ဖက်ဒရယ်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အရပ်သားများသေဆုံးမှု တိုးလာနေပေသည်။

သူပုန်များကလည်း ပြောက်ကျားစစ်ပွဲဆင်နွှဲလာခဲ့ကြသည်။ အရပ်သားအတွင်း ကိုယ်ယောင်ဖျောက်နေထိုင်ပြီး အဆောက်အအုံများအကြား ဥမင်များဖောက်ကာ လူနေတိုက်ခန်းများတွင် အပေါက်များ ဖောက်ထားကြသည်။ အဆောက်အအုံများကို ထောင်ချောက်ဆင်ထားသော မိုင်းကွင်းများ အဖြစ်သို့ပြောင်းလဲထားကြသည်။

ချီချင်ညာ သူပုန်တို့သည် မြို့များကို သိမ်းပိုက်ထားသော ရုရှားတပ်ဖွဲ့ဝင်များကို ချုံခိုတိုက်ခိုက်ရန်နှင့် ပြောက်ကျား တိုက်ခိုက်ရန် စီစဉ်ညွှန်ကြားသူမှာ ချီချင်ညာသမ္မတ အက်စ်လန်မာစခါဒေါ့ဗ် ဖြစ်သည်။

ဗိုလ်ချုပ်ကြီး မာစခါဒေါ့ဗ်သည် ရုရှား-ချီချင်ညာစစ်ပွဲတွင် ရုရှားတို့ကို အောင်နိုင်ခဲ့သည့် ချီချင်ညာတပ်ဖွဲ့ကို ဦးဆောင်နိုင်ခဲ့ခြင်းအတွက် ၁၉၇၉ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော ချီချင်ညာသမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲ ၆၅ ရာခိုင်နှုန်းရရှိပြီး သမ္မတအဖြစ် ရွေးကောက်ခံခဲ့ရသူဖြစ်သည်။ ၄င်းသည် ဆိုဗီယက်ခေတ်က ကြည်းတပ်ဗိုလ်မှူးကြီး တစ်ဦးလည်းဖြစ်ခဲ့သည်။

သို့သော် ၄င်း၏ သဘောထားပျော့ပျောင်းသော ချီချင်ညာအစိုးရသည် ရွေးကောက်ပွဲနောက်ပိုင်းတွင် အရှိန်အဝါ လျော့ကျလာပြီး စစ်ခေါင်းဆောင်များကို ထိန်းချုပ်နိုင်ခြင်း မရှိဖြစ်ကာ အရှိန်အဝါကင်းမဲ့သွားခဲ့သေးသည်။

နိဒါန်းရေး – ချီချင်ညာသည် ရုရှားဖက်ဒရေးရှင်း၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်သဖြင့် ချီချင်ညာ၌ မွတ်ဆလင် သူပုန်များအား ချေမှုန်းသုတ်သင်ခြင်းသည် ရုရှား၏ ပြည်တွင်းရေးကိစ္စ ဖြစ်သည်ဟု ရုရှားတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြား သည်။

ဒါဂက်စတန်တွင် နေထိုင်ကြသောတိုင်းရင်းသားလူမျိုးစု ၃၄ မျိုးကလည်း ချီချင်ညာ မွတ်စလင် အခြေခံဝါဒီများကို မလိုလားသူများ ဖြစ်သည်။

မာဟိမီဒါလီမာဟိမီဒေါ့ဗ် ဦးဆောင်သော ဒါဂက်စတန် သမ္မတနိုင်ငံ အစိုးရက ရုရှား-ဖယ်ဒရေးရှင်းတွင်ပင် ဆက်လက် ရပ်တည်သွားမည်ဟု ကတိပြုထားသည်။

ချီချင်ညာအရေးအခင်း



ဤသို့တွေ့.မြင်ရသည့် စစ်အနိုင်ရာရုံမှာ ရွံမုန်းစရာကောင်းကာ အ ကျည်းတန်လှပေသည်

ချီချင်ညာသမ္မတ အက်စလန်မာဒေါ်ဗ်က ဂရိုဇနီမြို့တော်ကို ရုရှားက အလုံးအရင်းဖြင့်ထိုးစစ်ဆင် တိုက်ခိုက်မှု မပြုရေး ဟန့်တား ပေးရန်အတွက် အမေရိကန်သမ္မတ ကလင်တန်က ၄င်း၏ အရှိန်အဝါကိုသုံးပြီး ဆောင်ရွက်ပေးရန်တောင်းဆိုခဲ့သည်။

ရုရှားကကွယ်ရေးဝန်ကြီး အိုင်ဂေါဆာဂျိယက်ဗ်ကမူ အမေရိကန်နှင့် အနောက်အုပ်စုသည် ရုရှားကိုအင်အား ချည့်နဲ့စေလိုပြီး ရုရှားမြောက်ပိုင်း၊ ကော့ကေးရပ်ဒေသတစ်ခုလုံးကို ၄င်းတို့ဩဇာလွှမ်းမိုးရန် ကြိုးပမ်းနေသည်ဟု ပြစ်တင်ဝေဖန်ခဲ့သည်။

အမေရိကန် သံတမန်များက ချီချင်ညာသို့ အကဲခတ်သမားများပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ရုရှားက ဝင်ခွင့်ပြုရမည်ဟုပြောကြား ခဲ့သည်။ ထို့ပြင် ချီချင်ညာဒေသ အရေးသည် အချိန်ယူ၍ ဖြေရှင်းရမည့် ပြဿနာဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အောဘရိုက်ကဆိုသည်။

ရုရှားအစိုးရကလည်း အသက် (၁၀) နှစ်မှ နှစ် (၆၀) အထိဖြစ်သော ချီချင်ညာအမျိုးသားမှန်သမျှကို သူပုန်များအား ထောက်ခံအား ပေးမှုရှိ–မရှိစစ်ကြောမေးမြန်းရန် ရုရှားတပ်ဖွဲ့များတွင် လုပ်ပိုင်ခွင့်ရှိသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ထိုထုတ်ပြန်ကြေညာချက်သည် ပြင်းထန်လွန်းသည်ဟု ဆိုကာ အနောက်နိုင်ငံများက ကန့်ကွက်မှုများ ပြုလုပ်ခဲ့သဖြင့် ရုရှားအစိုးရက အသက် (၁၀) နှစ်အစား (၁၅) နှစ်ဟု ပြင်ဆင်ပေးခဲ့ရသည်။

စီးပွားရေး – ရုရှားအစိုးရက အစွန်လမ်းစ အစွန်းရောက် ပြည်သူ့စစ်အဖွဲ့များသို့ ဆော်ဒီပြည်ပြေး အစွန်းရောက် သန်းကြွယ်သူဌေး အိုစမာဘင်လာဒင်ကိုယ်တိုင် ဌေးကြေးထောက်ပံ့နေသည်ဟု ပြောခဲ့သည်။

ဗလာဒီမာပူတင်ကမူ ချီချင်ညာဒေသ တည်ရှိရာ ကော့ကေးရပ်ဌ စစ်ပွဲအတွက် အမေရိကန်ဒေါ်လာ ၁၁၅ သန်း နီးပါးထိ သုံးစွဲခြင်းကို ကျေနပ်အားရနေပေသည်။

ချီချင်ညာဒေသအား ရုရှားတို့က တိုက်ခိုက်မှုကြောင့် ဒုက္ခသည်အများအပြား ထွက်ပြေးကြသည်ကို ရပ်မြင်သံကြား တွင် တွေ့မြင်ရသည့်အနောက်အုပ်စု ခေါင်းဆောင်များက ရုရှားသို့ စီးပွားရေးအကူအညီပေးမှုကို တင်းကျပ်မည်ဟု ခြိမ်းခြောက်လာသည်။

အမေရိကန်နိုင်ငံတွင် ရိပတ်ဗလိကင်သမ္မတလောင်းကလည်း အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် ရုရှားက ဗုံးကြဲနေသမျှကာလပတ်လုံး စီးပွားရေးအကူအညီပေးမှုကို ရပ်ဆိုင်းထားရန် တိုက်တွန်းလိုက်သည်။

ထို့ပြင် ချီချင်ညာစစ်ပွဲကြောင့် ရုရှား၏ ဘတ်ဂျက်လျော့နည်း ကျဆင်းလာမည်ဆိုလျှင် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့ကလည်း ရုရှားသို့ စီးပွားရေးအတွက်ချေးငွေ အထောက်အပံ့ပေးနေခြင်းကို ရပ်ဆိုင်းကောင်း ရပ်ဆိုင်းရဖွယ်ရှိကြောင်း သတိပေးထားသည်။

နန်းယဉ်

ခွန်ထီး၊ ဦး (ခရစ် ၁၉၂၀–၁၉၉၈) ။ ။ သမိုင်းဝင်ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သော ရှမ်းတိုင်းရင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခွန်ထီးကို အဘ ဦးလုံးခွန်ဇံ၊ အမိဒေါ်ပါနှံန်းစံတို့က ၁၉၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း လဲချားမြို့၌ ဖွားမြင်သည်။ ငယ်နာမည်အိုက်စိုင်းဖြစ်ပြီး မွေးချင်းငါးဦးအနက် တတိယမြောက်သားဖြစ်သည်။



သမိုင်းဝင်
ပင်လုံစာချုပ်
ချုပ်ဆိုရာတွင်
ပါဝင်ခဲ့သော
ဦးခွန်ထီး

ဦးခွန်ထီးသည်ငယ်စဉ်က ပင်လုံ၊ တောင်ကြီးနှင့် ရန်ကုန်ကူရှင် အထက်တန်းကျောင်းများတွင် ပညာသင်ယူသည်။ ကူရှင်အထက်တန်းကျောင်းတွင် ဘောလုံး၊ တင်းနစ် ကစားသည်။ ဘောလုံးတွင် ကျောင်းလက်ရွေးစင်အပြင် ရန်ကုန် ဝိုင်၊ အမ်၊ စီ၊ အေ လက်ရွေးစင်ဖြစ်သည်။ ရန်ကုန် ကူရှင် (အလုံ အထက - ၄) မှ ၁၀တန်းအောင်မြင်ပြီး ရန်ကုန်ယူနီဘာစီတီတက္ကသိုလ်သို့ ဆက်လက်ပညာသင်ယူရာ ပထမနှစ်ဥပစာသိပ္ပံ (I.S.C) အောင်မြင်ပြီး ဒုတိယကမ္ဘာစစ် အတွင်း ဂျပန်များဝင်ရောက်လာသောကြောင့် ကျောင်းပိတ် လိုက်သဖြင့် ပညာဆက်လက်မသင်ခဲ့ရချေ။

ဦးခွန်ထီးသည် အာရှလူငယ်အစည်းအရုံးတွင် ပါဝင်ခဲ့ပြီး ၁၉၄၃ ခုနှစ် ဇွန်လအတွင်း ရန်ကုန်မြို့ ကိုယ့်မင်းကိုယ်ချင်းလမ်းရှိ အာရှလူငယ်ဌာနချုပ်တွင် ဖွင့်လှစ်သော စည်းရုံးရေးတာဝန်ခံ သင်တန်းသို့ တက်ရောက်သည်။ သင်တန်းဆင်းပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့တောင်ပိုင်း (လွယ်လင်ခရိုင်) အာရှလူငယ်ခရိုင် စည်းရုံးရေးတာဝန်ခံ အဖြစ်ဆောင်ရွက်သည်။

ဦးခွန်ထီးသည် ၁၉၄၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်မှ ၂၅ ရက်ထိ တောင်ကြီးမြို့တွင် ကျင်းပသောရှမ်းပြည်လုံးဆိုင် ရာ အာရှလူငယ်ညီလာခံသို့ တက်ရောက်ခဲ့ပြီး တောင်ကြီး မြို့ အာရှလူငယ်အစည်းအရုံး တာဝန်များထမ်းရွက်သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင်ကျင်းပသော ဖ.ဆ.ပ.လ ညီလာခံသို့ ရှမ်းပြည်နယ် လူငယ်လေ့လာသူအဖြစ် တက်ရောက်သည်။ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဖ.ဆ.ပ.လ အဖွဲ့ချုပ်၏ဗဟိုကော်မတီဝင်များနှင့် ဌာနချုပ်တွင် လွတ်လပ်ရေး အရေးတော်ပုံနှင့် ရှမ်း-ဗမာချစ်ကြည်ရေးများဆွေးနွေးသည်။

ဦးခွန်ထီးသည် ရှမ်းပြည်လွတ်လပ်ရေး အဖွဲ့ချုပ် တွင် အလုပ်အမှူဆောင်တာဝန်ယူသည်။ ထို အချိန်မှစ၍ ဦးခွန်ထီးသည် ရှမ်းတိုင်းရင်းသားများအား ပြိတိသျှအစိုးရကို ဆန့်ကျင်၍ ဗမာတို့နှင့်ပူးပေါင်းကာ လွတ်လပ်ရေးရယူရန် စည်းရုံးလှုပ်ရှားသည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်မှ ၁၂ ရက်နေ့အထိ ရှမ်းပြည်နယ်၊ ပင်လုံမြို့တွင်ကျင်းပသော ပင်လုံညီလာခံသို့ ရှမ်းတိုင်းရင်းသားများ၏ ကိုယ်စားလှယ်အဖြစ်တက်ရောက်ပြီး သမိုင်းဝင်ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာတွင် ပါဝင်လက်မှတ်ထိုးသည်။

ဦးခွန်ထီးသည် တောင်ပိုင်း ရှမ်းပြည်နယ်ကို အခြေခံသော ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့နှင့် မြောက်ပိုင်း ရှမ်းပြည်နယ်ကိုအခြေခံသော ရှမ်းပြည်ကွန်ကရက်အဖွဲ့များကို ဖျက်သိမ်းပြီး ရှမ်းပြည်၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းသည်။ အဆိုပါအဖွဲ့တွင် ဦးဆောင်တာဝန်ယူရသော အမျိုးသားစည်းရုံးရေးတာဝန်ခံ အမှူဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးခွန်ထီးသည် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး မေလဆန်းတွင် ဖ.ဆ.ပ.လ အဖွဲ့ချုပ် အဝေွထွေအတွင်းရေးမှူး ဦးဗဆွေ၏တာဝန်ပေးချက်အရ ဦးတင်အေး (နိုင်ငံတော်ကောင်စီဝင်ဟောင်း)နှင့်အတူ ပြင်သစ်နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးအရေးတော်ပုံအတွက် တော်လှန်ရေးဆင်နွှဲနေသော ဗီယက်နမ်ပြည်သူများအား တတ်စွမ်းနိုင်သော အကူအညီပေးရန် ကျိုင်းတုံမှတစ်ဆင့် ဘန်ကောက်သို့ လှုံ့ဝှက်စွာသွားရောက်ခဲ့သည်။


ဦးခွန်ထီးသည် ၁၉၄၄ ခုနှစ်၊ နိဝင်လာ ၁၁ ရက်တွင် ဒေါမမကြီးနှင့်အိမ်ထောင်ပြုခဲ့သည်။ ဦးခွန်ထီးနှင့် ဒေါမမကြီးတို့တွင် သားနှစ်ဦးထွန်းကားသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးအတွက် အဓိကတိုက်ပွဲများအနက် တစ်ခုဖြစ်သောပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသူ တစ်ဦးဖြစ်သောကြောင့် ဦးခွန်ထီးအား နိုင်ငံတော်က နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ၁၉၈၀ ပြည့်နှစ် ဇွန်လ ၇ ရက်တွင် ချီးမြှင့်အပ်နှင်းသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်းမှု များတွင်ပါဝင်ခဲ့ပြီး ပင်လုံစာချုပ် ချုပ်ဆိုရာတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ ဦးခွန်ထီးသည် ၁၉၉၈ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီးဒေါမမကြီးနှင့်သား ဦးစိုင်းခမ်းပန်နှင့် ဦးစိုင်းခမ်းလိုင်တို့ ကျန်ရစ်သည်။

ဂုဏ၊ ဘဒ္ဒန္တ (မွန်ပြည်နယ်၊ နီးပဒေါကျေးရွာ၊ ကျောင်းသစ်ကျောင်း ပရိယတ္တိ စာသင်တိုက်) (မြန်မာ ၁၂၈၂–၁၃၆၁) ။ ။

ဘဒ္ဒန္တဂုဏာကို သက္ကရာဇ် (၁၂၈၂) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာတွင် မိုးရွာသန့်စင်ဖွားမြင်သည်။ ခမည်းတော် နိုင်စိန်မောင်၊ မယ်တော် မိပျော့ဖြစ်သည်။ မွေးချင်း (၄) ယောက်ရှိသည့်အနက် ဒုတိယမြောက်သား ရတနာဖြစ်၍ "မင်းခင်" ဟူသော အမည်တွင်သည်။



နိုင်ငံမတော် သံဃမဟာနာယက အဖွဲ့ဝင် ဘဒ္ဒန္တဂုဏ

သက္ကရာဇ် (၁၂၉၈) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက်နေ့၌ ဆရာတော် ဘဒ္ဒန္တပညာဇောတိကကို ဥပရွာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကော့ဒွတ်ကျေးရွာ၊ မဟာဝိဟာရကျောင်းကြီးကျောင်းတွင် ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူသည်။ သာမဏေ၏ ဘွဲ့မှာ "ရှင်ဂုဏ" ဖြစ်သည်။

သက္ကရာဇ်(၁၃၀၂)ခုနှစ်၊ကဆုန်လပြည့်ကျော်(၄)ရက်နေ့ မွန်းလွဲ (၁) နာရီအချိန်တွင် ဆရာတော် ဘဒ္ဒန္တပညာဇောတကို ဥပရွာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကော့ဒွတ်ကျေးရွာ၊ မဟာဝိဟာရကျောင်းကြီးကျောင်း ခဋ္ဌသိမ်တော်၌မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်တော်မူသည်။

ကော့ဒွတ်ကျေးရွာ၊ ကျောင်းကြီးကျောင်း ဆရာတော် ဘဒ္ဒန္တပညာဇောတ၊ ရေးမြို့နယ်သောင်ပြင်ကျေးရွာ၊ ကျောင်းကြီး ဆရာတော် ဘဒ္ဒန္တပဖွရမ္မ၊ စာချဆရာတော် ဘဒ္ဒန္တကေသရ၊ ဘဒ္ဒန္တပါလိတို့၏ အထံတော်၌ ပိဋကတ်အခြေခံစာပေများ သင်ကြား ဆည်းပူးခဲ့သည်။

(၁၅) နှစ်သာ အရွယ်ရောက်ချိန်တွင် ရေးမြို့နယ်၊ လမိုင်းကျေးရွာ၊ အလယ်တန်းကျောင်း၌ လောကီပညာကို သတ္တမတန်းအထိသင်ကြားခဲ့ပြီး၊ ပဲခူးမြို့၊အလွတ်ပညာသင်ကျောင်း၌ အင်္ဂလိပ်စာကိုဒသမတန်းအထိ သင်ကြားခဲ့သည်။

တို့နောက် မန္တလေးမြို့သို့တက်ရောက်၍၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ) သာသနဇောတိကာရုံကျောင်းဆရာတော် ဦးကြယ်၊ ဆရာတော် ဘဒ္ဒန္တအရိယဝံသ၊ ဆရာတော် ဘဒ္ဒန္တဥက္ကံသတို့ထံ၌ အဆင့်မြင့် ပိဋကတ်စာပေပညာများကို သင်ကြားခဲ့သည်။ ရေးမြို့နယ်ဂုဏ်းကြီးပဝါရဏာအသင်းက ကျင်းပသော ပရိယတ္တိစာပြန်ပွဲတွင် အဆင့်မြင့်ဆုံး ပထမဆုကို ရရှိတော်မူခဲ့သည်။

ရဟန်းဘဝ (၄) ဝါရသည့်အချိန်တွင်၊ ၎ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ၊ မဟာဝိဟာရကျောင်းကြီးကျောင်း၌ ပရိယတ္တိစာပေများကို ပို့ချတော်မူသည်။ သက္ကရာဇ် (၁၃၁၅) ခုနှစ်မှစ၍ (၁၃၆၁) ခုနှစ်၊ ကဆုန်လဆန်း (၅) ရက်၊ တနင်္လာနေ့အထိ၊ မုဒုမြို့နယ်၊နီးပဒေါကျေးရွာ၊ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်၌ ရဟန်းသာမဏေများနှင့် ဒါယကာများအား ပရိယတ္တိသာသနာကို ဟောပြောပြသ သင်ကြားပို့ချတော်မူသည်။ စာသင်သားများအား စာပေပို့ချနေသည့် အချိန်၌ပင် ကျမ်းစာများကိုအောက်ပါအတိုင်း ရေးသားခဲ့သည်။

(၁) ပဌာန်းအရကောက်ကျမ်း

(၂) ယမိုက်အရကောက်ကျမ်း

(၃) မာတိကာ ဓာတုကထာအရ ကောက်ကျမ်း

(၄) အဘိဓါန်၊ အလင်္ကာ၊ ဆန်းနိသယကျမ်းများ ဖြစ်သည်။

မုဒုမြို့နယ်စာဖြေဌာနရသည်မှစ၍ နာယကတာဝန်ကိုဆောင်ရွက်တော်မူသည်။ မော်ဘီသဲယာအစည်းအဝေး၌ မော်လမြိုင်ခရိုင် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခဲ့သည်။ ပထမအကြိမ်ဂုဏ်းပေါင်းစုံဖြစ်မြောက်ရေးအတွက်မုဒုမြို့နယ်

ဆိုင်ရာ သံဃဦးဿောင်ဆရာတော်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖြစ် သာသနာ့ကိစ္စကို အားကြိုးမာန်တက်ဆောင်ရွက်တော်မူခဲ့သည်။

ရဟန်းရှင်လူတို့ အဓိကရုဏ်းမှုခင်းများ ဖြစ်ပေါ်လာလျှင် ခန္ဓိတရားလက်ကိုင်ထား၍ ရှင်းလင်းအောင် (ပြေလည်မှုရအောင်)ဖြေရှင်းပြောကြားခဲ့သည်။ ဘုရားရဟန္တာတို့ စက်ဆုတ်ရွံရှာသည့် အကျင့်ဖြစ်သော အတ္တာကြ်ဥသနပရဝမ္ဘနကိစ္စကိုမပြုမိအောင်၊ မပြောဆိုမိအောင် အမြဲနှလုံးသွင်းတော်မူသည်။ မိမိ စိတ်သန့်ရှင်းအောင်လည်း အမြဲသတိထားစောင့်ထိန်းတော်မူသည်။ နှစ်စဉ်နှစ်တိုင်းနွေရာသီအချိန်ရောက်လျှင် စာမတတ်သူများစာတတ်အောင် ဘာသာ သာသနာတော်အတွက် ယဉ်ကျေးလိမ္မာအောင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

· ဘဒ္ဒန္တဂုဏမဟာထေရ်အားရဟန်းရှင်လူတို့ ကြည်ညိုလေးစားမှုစသောဂုဏ်အပေါင်းနှင့်ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ ပရိယတ္တိဝိသာရဒ ပဋိပတ္တိမာမကဂုဏ်နှင့်ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ စာသင်သား၊တို့အားပရိယတ္တိသာသနာ့စာပေများပို့ချပေးတော်မူခြင်းကြောင့်လည်းကောင်း ကျမ်းစာများကို ရေးသားပြုစုခြင်းတို့ကြောင့်လည်းကောင်း၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးဖြာ စသောဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း သက္ကရာဇ် (၁၃၅၂) ခုနှစ်၊ (၁၉၉၁) ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းအပ်နှင်းခဲ့သည်။

ဖြစ်ပြီးလျှင်ပျက်ရမြဲဖြစ်သော သခ်ၤါရတရားသဘောကြောင့် သက္ကရာဇ် (၁၃၆၁) ခုနှစ်၊ ကဆုန်လဆန်း (၅) ရက်၊ တနင်္လာနေ့ညနေ (၅) နာရီအချိန်၌ ဆရာတော်ဘဒ္ဒန္တဂုဏ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်သည်၊ နှီးပဒေါကျွးရွာ၊ ကျောင်းသစ်ကျောင်းတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဖြူစင်

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၉၉)။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ဓဓူရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓူရပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်း

နည်းပြဆရာတော်များ၊ နယ်လှည့် ဝမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ရွပ်ရွပ်ခွၤခွၤထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ထူးခွၤန်စွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား စစ်မှုထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ အငြိမ်းစား ပြည်သူများ၊ တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းများ၊ အငြိမ်းစား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ထမ်းဆောင်ဆဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းများ ပြုလုပ်သည်။

ယင်းသို့ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများပြုသည့်နှင့်အညီ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့များဆက်ကပ်လှူဒါန်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့အမည်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဘွဲ့အမည်များ၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ ချီးမြှင့်အပ်နှင်းခံရသော ပုဂ္ဂိုလ်များ၏ စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဇန်နဝါရီလ ၄ ရက်၊ ၅၁ နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၉၉ အရ အဘိဓမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ

ဂါရိုက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး နှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၄၆ ပါး၊ နေပြည်တော်မှ ၁၂ ပါး၊ ဓမ္မကထိကဗဟုဇနဟိတရဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၂ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၃ ပါးနှင့် သီလရှင်ဆရာကြီး သုံးပါး စုစုပေါင်း ၂၆ ပါး၊ အဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး အပါး ၃၀ နှင့် သီလရှင်ဆရာကြီးသုံးပါး စုစုပေါင်း ၃၃ ပါး၊ စူဠဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၀ ပါးနှင့် သီလရှင်ဆရာကြီး သုံးပါး စုစုပေါင်း ၁၃ ပါး၊ အဂ္ဂကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၄ ပါး၊ မဟာဋ္ဌာနာစရိုက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီး ကိုးပါး၊ စူဠကမ္မဋ္ဌာနာစရိုကဃ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီး နှစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၃၁ ပါး၊ အမေရိကန်နိုင်ငံမှ တစ်ပါး၊ အင်္ဂလန်နိုင်ငံမှ နှစ်ပါး၊ နီပေါနိုင်ငံမှ တစ်ပါး၊ သီရိလင်္ကာနိုင်ငံမှ တစ်ပါးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး စုစုပေါင်း ၃၇ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီး ၁၈ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၁ ပါး၊ သီလရှင် ဆရာ ကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၁၃ ပါး၊ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီဟသုဓမ္မသိဂီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ သုဓမ္မမဏိဇောတိကဓရဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ဆရာတော်ကြီး အပါး ၂၂၀၊ သီလရှင်ဆရာကြီး ၁၀ ပါးနှင့် လူပုဂ္ဂိုလ် ၁၆ ဦး ပါဝင်သည်။

အမိန့်ကြေညာစာအမှတ် ၃/၉၉ အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်များတွင် သူရဲကောင်း မှတ်တမ်း၀င်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်နှစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် တစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၁ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၃၈ ဦး၊ စိမ်းထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၉ ဦး၊ စိမ်းထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၃၁ ဦး၊ စိမ်းထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၄ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်ဦးရေ ၂၀၊ လူမှုထူးချွန်တံဆိပ် ထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၃၉ဦး လူမှုထူးချွန် တံဆိပ်(တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၁၆ ဦး၊ ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၁ဦး၊ ရဲသူရဲတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် နှစ်ဦး၊ ရဲသူရဲနှင်တံဆိပ် ချီးမြှင့်ခြင်းခံရသော ပုဂ္ဂိုလ် တစ်ဦး၊ ရဲကျော်စွာတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်လေးဦး စုစုပေါင်း၃၉၀ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၄/၉၉ အရ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၃၈ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂,၆၈၄ ဦး စုစုပေါင်း ၂,၇၂၂ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၉၉ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၃၆၇ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၇, ၂၆၈ ဦး စုစုပေါင်း ၇,၆၃၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၉၉ အရ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၆၂ ဦး စုစုပေါင်း ၇၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၉၉ အရ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစားလေးဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၃၈ ဦး စုစုပေါင်း ၁၄၂ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၉၉ အရပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များဟွင် အငြိမ်းစား ဦးရေ ၁၄၀ နှင့် တာဝန်ထမ်းဆောင်ဆဲ ၁၄,၇၅၉ ဦး စုစုပေါင်း ၁၄,၉၁၉ ဦး၊ ငြိမ်ဝပ်ပိပြာရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၃၈ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၄,၇၆၆ ဦး စုစုပေါင်း ၂၄, ၉၃၄ ဦး ပါဝင်သည်။

ဆရာတော်ဦးဥတ္တရ၊ အမရပူရမဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသနှင့် စာချဆရာတော်များ၊ မုံရွာမြို့၊ ပဇ္ဇောတာရုံဆရာတော် ဘဒ္ဒန္တနာဂဝံသနှင့် စာချဆရာတော်များ၊ မင်းကွန်းတိပိဋကဆရာတော်နှင့် နာယကဆရာတော်များ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တို့ထံတွင် စာပေပရိယတ်များကို သင်ယူတော်မူခဲ့သည်။

အောင်မြင်ခဲ့သောစာမေးပွဲများ

အရှင်ဂန္ဓမာလာလင်္ကာရသည် ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲတို့ကို အောင်မြင်တော်မူခဲ့သည်။

ထို့ပြင် ရန်ကုန်နိကာယပဇ္ဇောတကဓမ္မဝိသာရဒဘွဲ့ ဆွတ်ခူးခဲ့သည့်အပြင် မိုးကုတ် နိကာယ်ဝိနယ ကောဝိဒ၊ ဒီဃနိကာယ ကောဝိဒ တို့ကိုလည်း အောင်မြင်ခဲ့ပါသည်။

တစ်ဖန် တိပိဋကဓရ စာမေးပွဲကြီးတွင်

၁၃၁၁ ခုနှစ်တွင် ဝိနယဓရဘွဲ့.

၁၃၁၄ ခုနှစ်တွင် ဝိနယ ကောဝိဒဘွဲ့.

၁၃၁၅ ခုနှစ်တွင် ဒီဃဘာဏကဘွဲ့.

၁၃၁၆ ခုနှစ်တွင် ဒီဃနိကာယ ကောဝိဒဘွဲ့.

၁၃၁၈ ခုနှစ်တွင် မူလ အာဘိဓမ္မိကဘွဲ့.

၁၃၁၉ ခုနှစ်တွင် မူလ အာဘိဓမ္မိက ကောဝိဒဘွဲ့.

တို့ကို ရရှိတော်မူသည်။

၁၃၆၁ ခုနှစ်၊ (၅၂) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် အာဘိဓမ္မာ ဒုတိယပိုင်း ၂ ကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် အရှင်ဂန္ဓမာလာလင်္ကာရသည် အာဘိဓမ္မိကနှင့် တိပိဋကဓရဘွဲ့တံဆိပ်တော် အောင်လက်မှတ်၊ အရိုးနီကနက္ကဒဏ် ထိုးဖြူ တော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များအပြင် ရထား၊ သင်္ဘောအထက်တန်း အခမဲ့ခရီးသွားလက်မှတ်၊ ဆွမ်းဆန်တော်စသည်တို့ကို ဆက်ကပ်ခြင်း ခံတော်မူရသည် ဖြစ်သည်။

ထို့ပြင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား အမှုထမ်းဆောင်ခဲ့သော စစ်မှုထမ်းသုံးဦးအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်သော စစ်မှုထမ်း ၂၁ ဦးအား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်များ ချီးမြှင့်သည်။

ဂန္ဓမာလာလင်္ကာရ။ ။အရှင်ဂန္ဓမာလာလင်္ကာရသည် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကျောင်းကုန်းရွာ၊ ခမည်းတော် ဦးတင်ပေါ် မယ်တော် ဒေါ်ဖွားတို့က ၁၃၂၉ ခုနှစ်၊ တစ်ပေါင်းလဆန်း (၆) ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။



တိပိဋကဓရ
အရှင်ဂန္ဓမာလာ
လင်္ကာရ

ဥပသမ္ပဒ မင်္ဂလာ

၁၃၄၉ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက်နေ့တွင် မုံရွာမြို့၊ အောင်ချမ်းသာရုပ်၊ ပဇ္ဇောတာရုံဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဒါယကာ ဒါယကာမများမှာ မန္တလေးမြို့၊ လမ်း (၈၀) (၃၄/၃၅) လမ်းကြား၊ အမှတ် ၂၈၉ နေ ဒေါ်စိန်သမီး မစန်းရီ မိသားစုတို့ဖြစ်သည်။

ကျေးဇူးရှင်ဆရာတော်ကြီးများ

အရှင်ဂန္ဓမာလာလင်္ကာရသည် မြင်းခြံမြို့၊ လေးအိမ်တန်းရွာ၊ ရွှေညောင်ပင်ကျောင်းဆရာတော် ဦးသုန္ဒရနှင့် ဦးဝိသုဒ္ဓ၊ ရေစကြိုမြို့နယ်၊ မဲကုန်းရွာ ညောင်ပင်ကျောင်း

ကျာမနီနိုင်ငံ။ ။အာဏာရ ညွှန့်ပေါင်းအစိုးရ အဖွဲ့တွင် ပါဝင်နေသော အစိမ်းရောင်အဖွဲ့(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ငြိမ်းချမ်းရေးကိုဦးစားပေးသော ဂရင်းအမည်ရှိပါတီ)မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးယူးရ်ဂင်ထရစ်တင်က ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစပြီး အာကုမြူစွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်



ကျာမနီဝန်ကြီးချုပ် ရှရိုဒါ

ထုတ်လုပ်ရေး အစီအစဉ်ကို ရပ်စဲပစ်ရန် အဆိုပြုထားသည်။ ယင်းအဆိုပြုချက်အရ ကျာမနီရှိအာကုမြူဓာတ်ပေါင်းဖို ၁၉ ခုကို အလျင်အမြန်ပိတ်ပစ်ရ မည်ဖြစ်သည်။ ယင်းအစီအစဉ်ကို ရပ်စဲပစ်လိုက်ပါက ပြင်သစ်၊ ယူနိုက်တက်ကင်းဒမ်း(ဖြတိန်)တို့နှင့် ချုပ်ဆိုထားသောစာချုပ်များအရ ကျာမနီက လျော်ကြေးပေးရမည် ဖြစ်သည်။ ဤသို့လျော်ကြေးပေးရမည်ကိုလည်း ကျာမနီဝန်ကြီးချုပ် ရှရိုဒါက စိုးရိမ်မှုရှိသည်ဟုလည်း ဆိုသည်။

ဤသို့သော အခြေအနေတွင် ညွှန့်ပေါင်းအစိုးရအဖွဲ့က အာကုမြူစွမ်းအားများ အဆင့်ဆင့်လျော့ချရေးနှင့် ပတ်သက်၍ အချိန်ဇယားနှင့် လိုက်နာရမည့် အချက်များကို ထပ်မံထုတ်ပြန် အဆိုပြုလိုက်သည်။ ဤအဆိုပြုချက်ကို အကြောင်းပြု၍ ဇန်နဝါရီလအတွင်းတွင် ညွှန့်ပေါင်းအစိုးရအဖွဲ့ အတွင်းအကြီးအကျယ် အငြင်းအခုံ ဖြစ်ပွားခဲ့သည်။ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် ပြည်ပဖိအားပေးမှုကြောင့် ကျာမနီဝန်ကြီးချုပ် ရှရိုဒါသည် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် မစိမ်းရောင်အဖွဲ့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီး၏ အဆိုပြုချက်ကို ပယ်ချလိုက်သည်။ အသစ်ပြုပြင်ပြန်လည်ရေးဆွဲထားသော ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်(အောက်လွှတ်တော်)သို့မတ်လတွင် တင်သွင်းမည် ဖြစ်ကြောင်းအချိန် ရွှေ့ဆိုင်းလိုက်သည်။

ပြုပြင်ပြီး ပြည်ထောင်စုဘတ်ဂျက် တင်ပြခြင်း– ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးအော်စကာလာဖွန်တိန်းက ၁၉၉၉ ခုနှစ်အတွက် ပြုပြင်ပြီး ပြည်ထောင်စုဘတ်ဂျက်ကို တင်ပြခဲ့သည်။ ထိုဘတ်ဂျက်၏ ရည်မှန်းချက်မှာ အစိုးရကဏ္ဍမှ သုံးစွဲမှုနှင့် ငွေချေးယူမှုများကို လျှော့ချရန် ဖြစ်သည်။ရေရှည်မျှော်မှန်းချက်အရ ၂၀၀၂ ခုနှစ်တွင် အစိုးရကဏ္ဍမှ လိုငွေပြမှုအရ ပြည်တွင်းစုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၁ ရာခိုင်နှုန်းအထိ လျှော့ချရန် ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဤဘတ်ဂျက်သည် ပြည်ထောင်စု အစိုးရ၏ အသုံးစရိတ်ကို တမင်သက်သက် တိုးထားခြင်းဖြစ်သည်။ ဝေဖန်ရေးသမားတို့ကို အလေးမထားဘဲ ဘဏ္ဍာရေး ဝန်ကြီးသည် ပြည်တွင်းဝယ်လိုအားတက်လာရေးနှင့် အလုပ်အကိုင်သစ်များ ဖန်တီးရေးတို့အတွက် ဤသို့လုပ်ဆောင်ခြင်း ဖြစ်သည်။


ဤဘတ်ဂျက်သစ်အရ ညွှန့်ပေါင်းအစိုးရအဖွဲ့သည် ကျာမန်စာတိုက်၊ ကျာမန်တယ်လီကွမ်းနှင့် လေဆိပ်ကြီးသုံးခုတို့ကို သုံးနှစ်ကာလအတွင်း ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲပေးတော့မည်ဖြစ်သည်။ကျန်းမာရေးဝန်ဆောင်မှုနှင့် အလုပ်လက်မဲ့များ ထောက်ပံ့ရေးတို့၌ တိုးချဲ့ သုံးစွဲတော့မည် ဖြစ်သည်။ ဤလုပ်ငန်းများ၌ အစိုးရအဖွဲ့၏ အသုံးစရိတ်စုစုပေါင်း ကျာမန် ဘတ်ငွေ ၄၈၈ ဘီလီယန်၏ ၇ ရာခိုင်နှုန်းနီးပါး အထိ အသုံးပြုမည် ဖြစ်သည်။

အဆင်းရဲဆုံး နိုင်ငံများ၏ ကြွေးတင်မှုပြဿနာပြေလည်ရေး– ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဝန်ကြီးချုပ်ရှရိုဒါသည် ဖွံ့ဖြိုးဆဲ နိုင်ငံများအပေါ် ကျာမနီနိုင်ငံ၏ မူဝါဒများအပြောင်းအလဲကို ဖော်ထုတ်ပြသလိုက်သည်။ အဆင်းရဲဆုံးနိုင်ငံများ ကြွေးတင်မှု ပြဿနာပြေလည်ရေးအတွက် နိုင်ငံတကာ အတိုင်းအတာဖြင့် စတင်ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း၊ ကျာမန်တို့၏ နည်းတူ ဖွံ့ဖြိုးပြီးအခြားနိုင်ငံများကလည်း လိုက်နာဆောင်ရွက်ကြရန် အဆိုပြုလိုက်သည်။ ဒီနေ့လတွင် ကျင်းပမည့် ဂျီ-၈ ထိပ်သီးအစည်းအဝေးဌာနကိစ္စကို တင်ပြမည်ဟု ပြောကြား‌လိုက်သည်။ ထို့ပြင် အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့အနေဖြင့် ဖွဲ့စည်း တည်ဆောက်မှုကို ပြန်လည်တည့်မတ်ပြုပြင်ရာ၌ တိုးချဲ့ ကုန်ကျမည့် စရိတ်များအတွက်လည်း ကျာမန်တို့ ဘက်မှ ရန်ပုံငွေကို တိုးမြှင့်ပေးသွင်းမည်ဟုလည်း ကြေညာခဲ့သည်။

နိုင်ငံသားပြုမှုဥပဒေပြင်ဆင်ရေး– နိုင်ငံသားပြုမှုဥပဒေပြင်ဆင်ချက် ဥပဒေအကြမ်းကို ဥပဒေပြုလွှတ်တော်

သတ္တုအလုပ်သမားများ၏ သပိတ်တိုက်ပွဲ– ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဂျာမန် စက်မှုအလုပ်သမား နှစ်သိန်းခန့်သည် လေးနာရီကြာ စတိသပိတ်မှောက် ဆန္ဒပြခဲ့ကြသည်။ ဂေဆမ်မက်တယ်(လ်)အမည်ရှိလုပ်ငန်းရှင်များအသင်းက လုပ်ခ ၂ ရာခိုင်နှုန်းတိုးပေးမည်ဆိုသည့် ကြေညာချက်ကို မကျေနပ်သဖြင့် သပိတ်မှောက်ခဲ့ကြခြင်းဖြစ်သည်။ အလုပ်သမားများက ၆ ဒသမ ၅ ရာခိုင်နှုန်း လုပ်ခ တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ကြသည်။ ဤသို့အလုပ်သမားက လုပ်ခတိုးမြှင့်တောင်းခံခြင်းကြောင့် မော်တော်ကား၊ထုတ်လုပ်ရေး၊လုပ်ငန်းရှင်ကြီးများအဖို့ ထိခိုက်ဆုံးရှုံးမှုရှိမည်ဖြစ်သည်။ အလုပ်သမားများ၏ တောင်းဆိုချက်ကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့ကို နောက်ဆုံးထား၍ လိုက်လျောမှုမရှိလျှင် ဖေဖော်ဝါရီလကုန် ၌ ကြီးကျယ်သော သပိတ်တိုက်ပွဲ ဆင်နွှဲမည်ဟု ရာဇသံပေးထားသည်။

လုပ်ခတိုးမြှင့်ပေးရေးသည် ယူရိုရှိငွေကြေးဇုန်အတွက် အရေးကြီးသည်။ လုပ်ခတိုးနှုန်းများ မြန်ဆန်လွန်းပါက ဥရောပဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းများကို လျှော့ချ



ဘာလင်မြို့ ညအလှရှုခင်း

၁၅၆

၌ ဆက်လက်တင်သွင်းရန် အစိုးရအဖွဲ့က ဇန်နဝါရီလ ၁၃ ရက်နေ့တွင် သဘောတူကြောင်း ပြောကြားခဲ့သည်။ ဤပြင်ဆင်ချက်ဥပဒေကြမ်းအရ ဂျာမနီနိုင်ငံတွင်ရောက်ရှိနေပြီးဖြစ်သော နိုင်ငံခြားသားပေါင်း ၇ ဒသမ ၅ သန်းအနက် ၃ သန်းခန့်သည် နိုင်ငံသားပြုခွင့်ရသွားကြတော့မည်ဖြစ်သည်။ဤဥပဒေသစ်အရ ဂျာမနီနိုင်ငံတွင် နိုင်ငံခြားသား မိဘများမှ မွေးဖွားသော ကလေးငယ်တို့သည် အလိုအလျောက် နိုင်ငံသားဖြစ်ခွင့် ရရှိသွားကြမည်ဖြစ်သည်။ ဂျာမနီနိုင်ငံတွင် ရှစ်နှစ်ဆက်တိုက် နေထိုင်ပြီးသော နိုင်ငံခြားသားများသည်လည်း နိုင်ငံသားပြုခွင့်ရသွားကြမည်ဖြစ်သည်။ ယင်းသို့သော နိုင်ငံခြားများသည် နိုင်ငံသားလက်မှတ်နှစ်ခုကို ကိုင်ဆောင်ထားခွင့်ရှိကြမည်ဖြစ်သည်။ ဤဥပဒေကြမ်းကို လက်ယာ အတိုက်အခံပေါင်းစုံတို့က ပြင်းထန်စွာ ဆန့်ကျင်ကြသည်။ နိုင်ငံသားလက်မှတ် နှစ်မျိုးကိုင်ဆောင်ခွင့်ပြုထားမည့် ဤဥပဒေကြမ်းကို ဆန့်ကျင်ရေးအတွက် ခရစ်ယာန် ဒီမိုကရက်တစ်ယူနီယံပါတီ(CDU) သည် နိုင်ငံတစ်ဝန်းလုံးမှ ဂျာမန်ပြည်သူတို့၏ ပန်ကြားချက်များ တင်သွင်းရေးကိုလှုံ့ဆော် စည်းရုံးလျက်ရှိသည်။

ပေးဖွယ်မရှိဟု ဆိုနေသည်။ ဥရောပစီးပွားရေး ထုတ်လုပ်မှု၏ သုံးပုံတစ်ပုံမှာ ကျာမန်နိုင်ငံမှဖြစ်ရာ ဤသို့ ဘဏ်တိုးနှုန်းများ လျှော့မပေးလျှင် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးတို့ချဲ့နိုင်မှု အလားအလာကို ထိခိုက်မည် ဖြစ်သည်။


ဟတ်ဇေးပြည်နယ်ရွေးကောက်ပွဲ – ကျာမန်နိုင်ငံတွင် အရေးပါသော ပြည်နယ်တစ်ခုဖြစ်သည့် ဟတ်ဇေးပြည်နယ်လွှတ်တော်ရွေးကောက်ပွဲကို ဖေဖော်ဝါရီလ ၇ ရက်နေ့က ကျင်းပသည်။ ထိုရွေးကောက်ပွဲ၌ ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံပါတီက အမတ် ၅၀ နေရာ၊ အာဏာရဆိုရှယ်ဒီမိုကရက်တစ်ပါတီက အမတ် ၄၆ နေရာ၊ အစိမ်းရောင်အဖွဲ့က အမတ် ၈ နေရာ အသီးသီး ရရှိခဲ့သည်။ ထိုပြည်နယ်လွှတ်တော်၌ အာဏာရ ဆိုရှယ်ဒီမိုကရက်တစ်ပါတီဦးဆောင်သော ညွှန့်ပေါင်းအစိုးရအဖွဲ့ကပင် အမတ်အများစု ရရှိဆဲ ဖြစ်နေသေးသည်။

သို့ရာတွင် ထိုရွေးကောက်ပွဲ၌ လက်ယာဂိုဏ်းသားများ၊ လူမျိုးစွဲသန်သူများ၊ စက်မှုလုပ်ငန်းရှင်များ၏ ဩဇာပိုမိုကြီးထွားလာနေကြောင်း တွေ့ရသည်။ ထိုပြည်နယ်လွှတ်တော်ကနိုင်ငံသားလက်မှတ် နှစ်စောင်တစ်ပြိုင်တည်း ကိုင်ဆောင်ခွင့်ပေးမည့် ဥပဒေကြမ်းကို လက်မခံကြောင်း ငြင်းဆန်လိုက်သည်။ အဏုမြူစွမ်းအားကို အဆင့်ဆင့် လျှော့ချရေး အစီအစဉ်ကိုလည်း ပယ်ချလိုက်သည်။

ပြည်နယ်ရှိ အခြေခံဥပဒေဆိုင်ရာ တရားရုံးက အလုပ်သမားများအတွက် လူမှုရေးအကျိုးခံစားခွင့်များကို ပိုပေးသင့်ကြောင်း စီရင်ထုံးများ ချမှတ်ခဲ့သည်။ ဤသို့ဖြင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ လူမှုရေးအသုံးစရိတ်များမှာ ပိုမိုများပြားလာမည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတသစ် – မေလ ၂၃ ရက်နေ့က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းဂျိုဟန်းနက်(စ်)ရောင်းသည် ရွေးကောက်ပွဲ ပွဲ အနိုင်ရရှိခဲ့သည်။ သမ္မတရွေးကောက်ပွဲ တစ်ဆင့်ခံဆန္ဒမဲပေးသည့် စနစ်ဖြင့် ကျင်းပခဲ့သည်။ ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်)ကိုယ်စားလှယ် ၆၆၉ ဦးနှင့် ပြည်နယ်လွှတ်တော်များမှ ကိုယ်စားလှယ် ၆၆၉ ဦးတို့ကို ပေါင်းစပ်ဖွဲ့စည်းထားသော ပြည်ထောင်စုလွှတ်တော်က သမ္မတကို ရွေးကောက်တင်မြှောက်သည့်စနစ် ဖြစ်သည်။

ဤရွေးကောက်ပွဲတွင် သမ္မတလောင်း သုံးဦးတို့သည် အဓိက ယှဉ်ပြိုင်ခဲ့ကြသည်။ ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ ဂျိုးဟန်းနက်(စ်)၊ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီမှ ဒါ့(ဂ်)ဟာ ရှိပန်စကိုနှင့် ဒီမိုကရက်တစ်ဆိုရှယ်လစ်ပါတီ (ယခင် အရှေ့ကျာမန်မှ ကွန်မြူနစ်ပါတီ)မှ အူတာရန်ကာဟိုင်းနိမန်းတို့ ဖြစ်ကြသည်။ မဲမပြတ်၍ ဆန္ဒပေးပွဲနှစ်ကြိမ်ပြုလုပ်ခဲ့ရသည်။ ဒုတိယအကြိမ်တွင် ရောင်းက မဲ ၆၉၀၊ ရှိပန်စကိုက ၅၇၂ မဲ၊ ဟိုင်းနိမန်းက ၆၂ မဲ အသီးသီး ရရှိခဲ့သည်။ ဇူလိုင်လ ၁ ရက်နေ့တွင် အနားယူသွားသော သမ္မတဟောင်း ရိုဟန့် ဟားဇော(ဂ်)၏ နေရာတွင် သမ္မတသစ် ဂျိုဟန်းနက်(စ်) ရောင်းက ဆက်ခံမည် ဖြစ်သည်။



ခရစ်ယာန် ဒီမိုကရက်တစ် ယူနီယံပါတီခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း ဟဲလ်မွတ်ခိုးလ်

ဗဟိုဘဏ် ဥက္ကဋ္ဌလောင်း – မေလ ၁၁ ရက်နေ့တွင် ညွှန့်ပေါင်းအစိုးရအဖွဲ့က ဗဟိုဘဏ်ဥက္ကဋ္ဌလောင်း၏ အမည်စာရင်းကို တင်သွင်းခဲ့သည်။ ဗဟိုဘဏ်ဥက္ကဋ္ဌလောင်းအဖြစ် လျာထားခြင်းခံရသူမှာ အန်းနက်(စ်)ဗဲလ်တေကေ ဖြစ်သည်။ သူသည် ဆိုရှယ်ဒီမိုကရက်တစ်ပါတီဝင် တစ်ဦးဖြစ်ပြီး လက်ရှိအခြေအနေတွင် ဟက်ဇေးပြည်နယ်ဘဏ်၏ ဥက္ကဋ္ဌလည်းဖြစ်၍ ဗဟိုဘဏ်ကောင်စီဝင်လည်းဖြစ်သည်။ သူသည် သြဂုတ်လ ၃၀ ရက်နေ့တွင် အနားယူသွားမည့် ဗဟိုဘဏ်ဥက္ကဋ္ဌလောင်း

ဟန်း(စ်)တီယက်မယ်ယာ၏ နေရာကို ဆက်ခံမည် ဖြစ်သည်။ ဗဲလ်ကေကေနှင့် လက်ရှိဘဏ္ဍာရေးဝန်ကြီး ဟန်း(စ်)အိုက်ခဲလ်တို့သည် ခင်မင်ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်များ ဖြစ်သည်။

နိုင်ငံသားပြုမှု ဥပဒေအတည်ပြုပြဋ္ဌာန်းခြင်း– နိုင်ငံသားပြုမှု ဥပဒေကြမ်းကို အောက်လွှတ်တော်က မေလ ၇ ရက်နေ့တွင် လည်းကောင်း၊ အထက်လွှတ်တော်က မေလ ၂၁ ရက်နေ့တွင် လည်းကောင်း အသီးသီးအတည်ပြု ပြဋ္ဌာန်း ပေးခဲ့သည်။ အယူသည်းအတိုက်အခံများ၏ အပြင်းအထန် ကန့်ကွက်မှုကြောင့် ဥပဒေသစ်တွင် အလျှော့ပေးလိုက်လျောမှုများ ပြုလုပ်ထားရသည်။ ဥပဒေသစ်သည် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အသက်ဝင်လာမည် ဖြစ်သည်။ ယခင်က နိုင်ငံသားပြုမှုကို ကျာမန်သွေး၊ ကျာမန်လူမျိုးဖြစ်မှသာ ခွင့်ပြုခဲ့သည်။ ယခုမူ ထိုသို့မတင်းမာတော့ဘဲ နိုင်ငံခြားသွေး၊ တို့ကိုလည်း နိုင်ငံခြားသားပြုခွင့် ပေးတော့မည် ဖြစ်သည်။

အရှေ့ကျာမနီတွင် နှိပ်စက်ခံရသူများအတွက် လျော်ကြေး – အရှေ့ကျာမနီတွင် မတရားနှိပ်စက်ခံနေရသူများအတွက် ကျာမန်နိုင်ငံ ပေါင်းစည်းပြီးနောက်ပိုင်းတွင် ကျာမန်အစိုးရက လျော်ကြေးပေးခဲ့သည်။ ယင်းသို့ လျော်ကြေးခံစားခွင့် ရှိသူ အရေအတွက်နှင့် လျော်ကြေးပမာဏကို တိုးချဲ့ပေးမည် ဖြစ်ကြောင်း အစိုးရအဖွဲ့က မေလ ၂၈ ရက်နေ့တွင် ကြေညာခဲ့သည်။ ထို့ကြောင့် အစိုးရအဖွဲ့၏ အသုံးစရိတ်သည် နှစ်စဉ် ကျာမန်မတ်ငွေ သန်း ၃၀၀ တိုးချဲ့ကုန်ကြမည် ဖြစ်သည်။ ဤကြေညာချက်အရ အရှေ့ကျာမနီတွင် နှိပ်စက်ခံခဲ့ရသော ထောင်ကျခဲ့ရသော နိုင်ငံရေးအကျဉ်းသားများ၊ ဘာလင်တံတိုင်းကိုဖြတ်ကျော်ရင်း သေဆုံးခဲ့ရသူတို့၏ မိဘများ၊ သားသမီးများသည် လျော်ကြေးငွေ တိုးချဲ့ရရှိကြတော့မည် ဖြစ်သည်။

ဘက်စုံ စီးပွားရေးပြုပြင်မှုများ– ဇွန်လ ၂၃ ရက်နေ့တွင် အစိုးရအဖွဲ့က ရည်မှန်းချက်ကြီးမားသော ဘက်စုံစီးပွားရေး ပြုပြင်မှုများ အစီအစဉ်ကို ထုတ်ဖော်ကြေညာခဲ့သည်။ ဤအစီအစဉ်အရ ၂၀၀၀ ပြည့်နှစ်တွင် အသုံးစရိတ်ကို ကျာမန်မတ်ငွေ ၃၀ ဘီလီယန်အထိ လျော့ချပေးမည် ဖြစ်သည်။ လုပ်ငန်းအဖွဲ့အစည်းကြီးများတွက် အခွန်သက်သာခွင့်ကို ကျာမန်မတ်ငွေ ၈ ဘီလီယန်အထိ နှစ်စဉ် ပြုလုပ်ပေးမည် ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် အစိုးရ အသုံးစရိတ်သည် ၁.၅ ရာခိုင်နှုန်း လျော့ကျသွားရန် ရည်ရွယ်ထားသည်။ အစိုးရအသုံးစရိတ်၌ လူမှုဖူလုံရေးရန်ပုံငွေများအတွက် လျော့ချပေးမှုကို ကာမိစေရန် ဓာတ်ဆီနှင့် လျှပ်စစ်နှုန်းထားများကို ၂၀၀၃ ခုနှစ် တိုင်အောင် အဆင့်ဆင့်တိုးမြှင့်သွားမည်ဖြစ်သည်။ ၁၉၉၉ ခုနှစ် နှောင်းပိုင်းတွင် ဤအစီအစဉ်နှင့် ပတ်သက်၍ လွှတ်တော်က အဆုံးအဖြတ်ပေးမည် ဖြစ်သည်။

မြို့တော်သစ် ဘာလင်၏ ပွဲဦးထွက် – လူကြိုက်မများသော ခြိုးခြံချွေတာမှုကို ကျင့်သုံးမည့် ဘက်စုံစီးပွားရေး ပြုပြင်မှုများကို သြဂုတ်လ ၂၅ ရက်နေ့တွင် အစိုးရအဖွဲ့က အတည်ပြုလိုက်သည်။ ဘွန်း မြို့မှ ဘာလင်မြို့တော်သစ်သို့ သြဂုတ်လ ၂၇ ရက်နေ့တွင် ပြောင်းရွှေ့အပြီး အစိုးရအဖွဲ့က ပထမဆုံး အတည်ပြုလိုက်သော အစီအစဉ် ဖြစ်သည်။ ဤအစီအစဉ်ကို စက်တင်ဘာလတွင် ကျင်းပမည့် လွှတ်တော် အစည်းအဝေးသို့ တင်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

ဘာလင်ရွေးကောက်ပွဲ ရလဒ် – အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဘာလင်မြို့တော်၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲအာဏာရ ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို ထောက်ခံ ဆန္ဒမဲပေးမှုသည် ၂၂.၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ ၄င်းပါတီနှင့် ပြောင်းပြန် ဒီမိုကရက်တစ် ဆိုရှယ်လစ်ပါတီ (ယခင်အရှေ့ကျာမနီမှ ကွန်မြူနစ်ပါတီ) သည် ၁၇.၇ ရာခိုင်နှုန်းအထိ ထောက်ခံဆန္ဒမဲရရှိပြီး ဘာလင် အနောက်ပိုင်းတွင်လည်း ထိုးဖောက်တိုးဝင်နိုင်ခဲ့သည်။ ထိုရွေးကောက်ပွဲများ၌ ခရိယာန်ဒီမိုကရက် ယူနီယံသည် ထောက်ခံမဲ ၄၁ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်။ ခရိယာန် ဒီမိုကရက်တစ် ယူနီယံပါတီနှင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ တို့သည် ညွှန့်ပေါင်းအစိုးရအဖြစ် ဆက်လက်ရပ်တည်သွား ကြမည် ဖြစ်ကြောင်း သိရသည်။

တူရကီသို့လက်နက်ရောင်းချရေး အငြင်းပွားမှု – တူရကီနိုင်ငံသို့ လက်နက်ရောင်းချရေးနှင့် စပ်လျဉ်းပြီး အာဏာရ ညွှန့်ပေါင်းအစိုးရအဖွဲ့အတွင်းတင်းမာမှုများသည် အောက်တိုဘာ လလယ်ပိုင်းတွင် ပေါ်ပေါက်ခဲ့သည်။ အမေရိကန်ဒေါ်လာ ၈ ဘီလီယံ တန်ဖိုးရှိတင့်ကား ၁၀၀၀ ကို တူရကီသို့ ရောင်းချရန် အစီအစဉ်ရှိခဲ့သည်။ သို့ရာတွင် ညွှန့်ပေါင်းအစိုးရအဖွဲ့၌ ပါဝင်နေသော အစိမ်းရောင်အဖွဲ့က တူရကီနိုင်ငံ၏ လူ့အခွင့်အရေးကို ကန့်ကွက်ခဲ့သည်။

သို့ရာတွင် ဧစ္စပ်ညိုနှိုင်းမှုအရ လက်နက်ရောင်းချထုတ်လုပ်ပေးသော ခရော(ခ်)မတ်ပေးဝက်(ဂ်)မန်းကုမ္ပဏီသည် လက်ပတ်-၂ ဟု အမည်ပေးထားသော တင့်ကားတစ်စီးကိုသာ စမ်းသပ်ကြည့်ရေးအတွက် ရောင်းချခွင့် ရခဲ့သည်။



ခရစ်ယာန် ဒီမိုကရက်တစ် ယူနီယံပါတီ၏ ပါတီရန်ပုံငွေအရှုပ်တော်ပုံကိစ္စကို ဆန့်ကျင်ဆန္ဒပြနေသူအချို့အား တွေ့ရစဉ်

ဆိုရှယ်ဒီမိုကရက်တစ်ပါတီတွင် ညီညွတ်ရေးပျက်ပြားနေမှုကြောင့် လည်းကောင်း၊ ရွေးကောက်ပွဲများ၌ ၄င်းပါတီအနေဖြင့် ထောက်ခံဆန္ဒမဲကျဆင်းနေမှုများကြောင့် လည်းကောင်း၊ ဝန်ကြီးချုပ် ဂျရိဒါသည် စေ့စပ်ညှိနှိုင်းလိုက်လျောမှုများကို ပြုလုပ်ပေးနေရသည်။ ၄င်းပါတီတွင်းလက်ဝဲအင်အားစုများ၏ တောင်းဆိုချက်အရ ချမ်းသာသူများထံမှ အခွန်တိုးမြှင့် ကောက်ခံရေးကို ပါတီလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် လက်ခံလိုက်ရသည်။ "နိုင်ငံရေးဗဟိုသစ်" ဟု အမည်ပေးထားသော သူအယူအဆများနှင့် ပတ်သက်၍ အမှားများရှိခဲ့ပါကြောင်း ဝန်ချတောင်းပန်နေရသည်။ ဂျာထူးမှ နှုတ်ထွက်သွားသော ဘဏ္ဍာရေးဝန်ကြီး လာဖွန်တိန်က ဝန်ကြီးချုပ်ဂျရိဒါ၏ အရည်အချင်းများကို ဝေဖန်စွပ်စွဲထားသည့် စာအုပ်ကို ရေးထုတ်ခဲ့သည်။ ခြိုးခြံချွေတာရေးစီးပွားရေးအစီစဉ်များကို မကျေနပ်သည့် လူထုဆန္ဒပြပွဲကြီးများလည်း ရှိနေသည်။

စီးပွားရေးဝါးမြိုမခံသည့် ကျာမန်ဈာတိမာန်– ဗိုဒါဖုန်းအဲယားတတ်(ချ်)အမည်ရှိ ဗြိတိသျှမိုဘိုင်းလ်ဖုန်းကုမ္ပဏီကြီးသည် မန်းနက်(စ်)မန်းအေဂျီအမည်ရှိ ကျာမန်တယ်လီဖုန်းကုမ္ပဏီကို စတာလင်ပေါင် ၇၉ ဘီလီယံဖြင့် ဝယ်ယူရန် ကမ်းလှမ်းခဲ့သည်။ စီးပွားရေးဝါးမြိုရန်အတွက် ကမ္ဘာတွင် အကြီးမားဆုံး ကြိုးပမ်းချက်ဖြစ်နသည်။ ယင်းကမ်းလှမ်းချက်ကို ၄င်း ကျာမန်ကုမ္ပဏီဘုတ်အဖွဲ့နှင့် ကျာမန်အစိုးရတို့က ဖယ်ရှားခဲ့သည်။ ရန်လိုမုန်းထားသောအားဖြင့် ကျာမန်ကုမ္ပဏီတစ်ခုအား အခြားနိုင်ငံက ဝယ်ယူရန်လုပ်ဆောင်ချက်မှန်သမျှကို ကျာမန်တို့က လက်မခံခဲ့ပေ။

ဟော့လ်(ဒ်)မန်း ဆောက်လုပ်ရေးလုပ်ငန်း ကယ်တင်ရေး– ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ကျာမနီနိုင်ငံတွင် ဒုတိယအကြီးဆုံးဖြစ်သော ဟော့လ်(ဒ်)ကုမ္ပဏီသည် ကျာမန်မတ်ငွေ ၂.၄ ဘီလီယံ လိုငွေပြခဲ့သည်။ ထိုကုမ္ပဏီ ပြိုကွဲသွားလျှင် အလုပ်လက်မဲ့များစွာ ထွက်ပေါ်လာနိုင်သည်။ သို့ဖြစ်၍ ဝန်ကြီးချုပ် ဂျရိဒါကိုယ်တိုင် ပါဝင်ပြီး ၄င်းကုမ္ပဏီအားအစိုးရ အထောက်အပံ့ဖြင့် ကယ်တင်ရန် နိုဝင်ဘာလ ၂၄ ရက်နေ့က ဆုံးဖြတ်ခဲ့သည်။ အကြွေးရှင်များအား ပေးဆပ်ရမည့် ငွေကြေးပမာဏဖြင့် အစိုးရက ထောက်ပံ့ပေးခဲ့သည်။ ယင်းသို့ ဆောင်ရွက်မှုကို လူကြိုက်များသော်လည်း

လုပ်ငန်းရှင်အဆိုင်းအဝန်းကစီးပွားရေးတွင် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှု ဝေဖန်လျက်ရှိသည်။

၁၀ နှစ်မြောက် ဘာလင်တံတိုင်းဖြိုချပွဲ– နိုဝင်ဘာလ ၉ ရက်နေ့တွင် ဘာလင်တံတိုင်းဖြိုချမှု ၁၀ နှစ်မြောက် အခမ်းအနားပွဲသို့ အဓိက နိုင်ငံရေးခေါင်းဆောင်ကြီးများ တက်ရောက်ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များသည် ဥရောပ၌ ကွန်မြူနစ်ဝါဒ ကျဆုံးရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သူများ ဖြစ်ကြသည်။ ယင်းအခမ်းအနားသို့ ဆိုဗီယက် ပြည်ထောင်စု၏ နောက်ဆုံးခေါင်းဆောင် ဂေါ်ဘာချော့(ပ်)၊ အမေရိကန်သမ္မတဟောင်း ကျော့ဘွတ်(ရ်)၊ ဂျာမန်ဝန်ကြီး ချုပ်ဟောင်း ဟဲလ်မွတ်ခိုးလ်တို့ အပါအဝင် အခြား ခေါင်းဆောင် များလည်း တက်ရောက်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားကို အသစ်ဆောက်လုပ်ပြီးစ အောက်လွတ်တော် အဆောက်အအုံ၌ ကျင်းပခဲ့သည်။ ထိုအခမ်းအနား၌ ဂျာမန်ပြန်လည် ပေါင်းစည်းရေး၏ အကျိုးကျေးဇူးများနှင့် စစ်အေးတိုက်ပွဲ ပြီးဆုံးသွားမှုကြောင့် တစ်ကမ္ဘာလုံး၌ အကျိုးသက်ရောက်မှုများ အကြောင်းကို ပြောဆိုဆွေးနွေးခဲ့ကြသည်။

ဒေသဆိုင်ရာ ဘဏ္ဍာရေးစနစ်ပြန်လည်ပြင်ဆင်ရေး– ချမ်းသာသော ပြည်နယ်များနှင့် ဆင်းရဲသောပြည်နယ်တို့အကြား အခွန်ငွေ မျှဝေရယူရေးလက်ရှိစနစ်သည် ရှုပ်ထွေးလွန်းလှသဖြင့် ပြန်လည်ပြင်ဆင်သင့်ကြောင်း နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပြည်ထောင်စု အခြေခံဥပဒေဆိုင်ရာ တရားရုံးက စီရင်ထုံး ချမှတ်ခဲ့သည်။ ဤစီရင်ထုံးကြောင့် ဒေသဆိုင်ရာ ဘဏ္ဍာရေးစနစ် ကျင့်သုံးမှုအတွက် ရှုပ်ထွေးသွားစေခဲ့သည်။ အချမ်းသာဆုံးပြည်နယ်ကြီးသုံးခုဖြစ်ကြသည့် ဂုရုတင်းဘာ့(ဂ်)၊ ဘာဗေးရီးယားနှင့် ဟက်ဇေးတို့က လက်ရှိအခွန်ငွေခွဲဝေမှုစနစ်သည် အခြေခံဥပဒေနှင့် မညီညွတ်ကြောင်း ကြေညာခဲ့သည်။

၁၉၉၃ ခုနှစ်ကစတင်ချမှတ်ခဲ့သည့် လက်ရှိကျင့်သုံးပုံစနစ်အရ ချမ်းသာသောပြည်နယ်များသည် ဆင်းရဲသောပြည်နယ်များသို့ ၄င်းတို့၏ အရင်းအမြစ်များကို ခွဲဝေပေးကြရသည်။ ဤစနစ်သည်ပြည်နယ် ၁၆ ခုတို့အကြားလွတ်လပ်စွာ ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို ပိတ်ဆို့ထားရာရောက်ကြောင်း ချမ်းသာသော ပြည်နယ်များက အပြစ်တင်နေကြသည်။

အာရီယန်သခင်မျိုးနွယ်သန့်မွေးထုတ်ရေးစိမံကိန်း – နာဇီတို့၏ လက်ထက်တွင် ၁၉၃၅ ခုနှစ်မှ ၁၉၄၅ခုနှစ်အထိ ကာလအတွင်းလေဘင် (စ်)ဘွန်းစိမံကိန်းကို ချမှတ်ခဲ့သည်။ ထိုစိမံကိန်းအရ "သခင်မျိုးနွယ်" (Master race) ဖြစ်သော အာရိယန်မျိုးနွယ်သန့်မွေးထုတ်ရေးကိုဆောင်ရွက်ခဲ့သည်။ ယင်းစိမံကိန်းအရ မွေးထုတ်လိုက်သော ကလေးများစွာတို့မှာ မွေးစာကလေးများ ဖြစ်သွားခဲ့ကြ သည်။ ထိုစိမံကိန်း အသေးစိတ်မှတ်တမ်းများကို ၁၉၄၅ ခုနှစ်တွင် အမေရိကန် တပ်များက ဖျက်စီးပစ်ခဲ့ကြသည်။ ထို့ကြောင့် ယင်းကလေးများ၏ မျိုးရိုးဗီဇကွင်းဆက်များကို ဖော်ထုတ်ရေး၌ အခက်ပေါ်ခဲ့သည်။

သို့ရာတွင် ဘာလင်ရှိအစိုးရရုပ်မြင်သံကြားဌာနက နိုဝင်ဘာလ ၁၈ ရက်နေ့တွင် သတင်းတစ်ရပ် ထုတ်ပြန်ခဲ့သည်။ ထိုသတင်းအရ ပြည်ထောင်စုမော်ကွန်းတိုက်သည် ထိုကလေးငယ်အချို့နှင့် ပတ်သက်သော အညွှန်းကပ်ပြားကို ရရှိထားပြီဟု ဆိုသည်။ ကလေးငယ်ပေါင်း ၇၀၀၀ ကျော် အနက် ၁၀၅၀ ဦးတို့နှင့် မိဘများကို ဖော်ထုတ် ဆက်စပ်ပေးနိုင်တော့မည်ဟု ဆိုသည်။

ပါတီရုံပွဲငွေ အရှုပ်တော်ပုံ– အာဏာရပါတီအဖြစ်မှ အတိုက်အခံပါတီအဖြစ်သို့ ရောက်သွားခဲ့သော ခရိယာန် ဒီမိုကရက်တစ်ယူနီယံပါတီတွင် ကြေညာခြင်းမပြုသော ရန်ပုံငွေများ ရရှိမှုဖြင့် အရှုပ်တော်ပုံ ပေါ်ပေါက်နေသည်။ ဒီဇင်ဘာလအတွင်း ဤရန်ပုံငွေ အရှုပ်တော်ပုံသည် ကမ္ဘာ့ထိပ်တန်း သတင်းဖြစ်နေခဲ့သည်။ ခရိယာန်ဒီမိုကရက်တစ်ယူနီယံပါတီနှင့် ဝန်ကြီးချုပ်ဟောင်း ဟဲလ်မွတ်ခိုးလ်၏ ဂုဏ်သိက္ခာတို့ပါထိခိုက်နေသည်။ ယခုအခါ အစိုးရရှေ့နေရုံးက ခိုးလ်အပေါ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်မှုဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ ပြစ်မှုထင်ရှားလျှင် ငွေဒဏ်သာမက ထောင်ဒဏ်ပါကျခံရဖွယ် ရှိသည်။ စီဒီယူပါတီသည် ဒဏ်ငွေပေးဆောင်နိုင်ရေးအတွက် ဂျာမန်မတ်ငွေ ၇.၃ သန်းကို အရံသင့်ဆောင်ထားကြောင်း ဒီဇင်ဘာလ ၃၁ ရက်နေ့က ထုတ်ဖော်ကြေညာခဲ့သည်။ အရင်းရှင်စနစ်တွင် ငွေနှင့်အာဏာ၊ အစိုးရပါတီနှင့် အရင်းရှင်တို့သည် ထွေးယှက် ပွေလိန်နေကြသည်။

ဦးခင်မောင်မြ

စောကြာဒိုး၊ ဦး (ခရစ် ၁၉၀၇– ၁၉၉၉)။ ။ဦးစောကြာဒိုးကို ဖခင်ကျောင်းဆရာ မန်းကြာဒိုး၊ မိခင်ဒေါ်အုန်းပွင့်တို့က ၁၉၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် မြောင်းမြမြို့၌ ဖွားမြင်သည်။

ဦးစောကြာဒိုးသည် ငယ်စဉ်ကမြောင်းမြမြို့နှင့် ပုသိမ်မြို့ရှိ အစိုးရအထက်တန်းကျောင်းများတွင် ပညာ



မဟာသီရိသုဓမ္မ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဦးစောကြာဒိုး

သင်ယူသည်။ ကျောင်းထွက်လက်မှတ်ရစာမေးပွဲ အောင်မြင်သည်။ ၁၉၂၄ ခုနှစ် အသက် ၁၆ နှစ်အရွယ်တွင် စစ်ထဲသို့ စတင် ဝင်ရောက်ခဲ့ပြီး မေမြို့ (ယခုပြင်ဦးလွင်မြို့) ၌ သင်တန်း တက်ရောက်သည်။ သင်တန်းတက်ရောက်ပြီး နောက် မလေးရှားနိုင်ငံ၊ တိုင်ပင် (Taiping) မြို့ရှိ 2nd Burma Rifle တွင်တာဝန် ထမ်းဆောင် သည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ယင်းတပ်၌ ဒုတပ်ကြပ်၊ တပ်ကြပ်၊ တပ်ကြပ်ကြီး၊ ဂျမဒါ အဆင့်ဆင့် ရာထူး တိုးမြှင့်ပေး ခြင်းခံရသည်။

ဦးစောကြာဒိုးသည် ၁၉၃၀ ပြည့်နှစ် အသက် ၂၃ နှစ် အရွယ်တွင် ဆင်းဟတ် (Sandhurst) အင်္ဂလန်ဘုရင့် စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ၁၉၃၂ ခုနှစ်တွင် King's Commission ရရှိသည်။ သီးသန့်ဖွဲ့စည်းထား သော အိန္ဒိယ စစ်တပ်တွင် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၃၈ ခုနှစ် တွင် မြန်မာနိုင်ငံသို့ ပြန်လာပြီး Burma Military Police ၌ ဒုတပ်မှူး (ဗိုလ်ကြီး) အဆင့်ဖြင့် တာဝန်ထမ်းဆောင်သည်။

ဦးစောကြာဒိုးသည် ဘီအိုင်အေ (ဗမာ့လွတ်လပ်ရေး တပ်မတော်) နှင့် ဂျပန်များ မြန်မာပြည်သို့ မဝင်ရောက်မီ အချိန် ၁၉၃၉ ခုနှစ် Burma Military Police နှင့် Civil Police ပူးပေါင်း၍ 7th Burma Rifle Police Battalion ဖွဲ့စည်းခဲ့ရာ ထိုတပ်တွင် ဒုတပ်မှူး(ဗိုလ်မှူး) အဆင့် တာဝန်ပေးအပ်ခြင်း ခံရသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစဉ် မြန်မာနိုင်ငံမှ အင်္ဂလိပ်စစ်တပ်များ ထွက်ပြေးဆုတ်ခွာရာတွင် အင်္ဂလိပ် စစ်တပ်များနှင့် လိုက်ပါသွားခြင်း မပြုဘဲ မြန်မာနိုင်ငံတွင် နေရစ်သည်။

ဦးစောကြာဒိုးသည် ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန် ပေးချက်အရ ဘီဒီအေ (ဗမာ့ကာကွယ်ရေးတပ်မတော်) တွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်သည်။ ဂျပန်တော်လှန်ရေးတွင် တိုင်းအမှတ် (၃) စစ်ရေး ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ တော်လှန်ရေးစတင်မည့် နေ့ရက်မတိုင်မီ ဝါးခယ်မမြို့တွင် ဂျပန်ကင်ပေတိုင်တို့၏ ဖမ်းဆီးခြင်းခံရ သည်။ ဂျပန်တပ်မှာဆုတ်ခွာရာတွင် မော်လမြိုင်မြို့သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးမှ ပြန်လည်လွတ်မြောက်သည်။

ဦးစောကြာဒိုးသည်ကမ္ဘာစစ်ကြီးပြီးဆုံး၍ အင်္ဂလိပ်မှာ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့်အခါ မေမြို့ (ယခုပြင်ဦးလွင်မြို့) ၌ ဖွင့်လှစ်ထား သည့် အင်္ဂလိပ်စစ်တပ် Burma Regimental Centre တွင် ဒုတပ်ရင်းမှူး (ဒုတိယ ဗိုလ်မှူးကြီး) အဆင့်ဖြင့် ပြန်လည်တာဝန်ထမ်းဆောင် သည်။ ထို့နောက် ဗိုလ်မှူးချုပ်အဆင့်ဖြင့် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလမှ ၁၉၄၈ ခုနှစ်၊ ဧပြီလအထိ တောင်ပိုင်းတိုင်း တိုင်းမှူးအဖြစ် လည်းကောင်း၊ ၁၉၄၈ ခုနှစ်၊ ဧပြီလမှ ဇူလိုင်လအထိ ဒုတိယစစ်ဦးစီးချုပ်အဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၄၉ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူသည်။

ဦးစောကြာဒိုးသည် မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့ခြင်း၊ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ချီးမြှင့်သော မဟာသီရိသုဓမ္မဘွဲ့နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ရရှိသည်။

ဦးစောကြာဒိုးသည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်အဖြစ် ကွယ်လွန်ချိန်အထိ ထမ်းဆောင်ခဲ့သည်။ ဦးစောကြာဒိုးသည် ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

စောဝိလျံပေါ၊ ဦး (ခရစ် ၁၉၂၀ –၁၉၉၈)။ ။ ရန်ကုန်စိုးပွားတက္ကသိုလ် ပါမောက္ခချုပ် အဆင့်အထိ တာဝန် ထမ်းဆောင်ခဲ့သူ ဦးစောဝိလျံပေါကို ၁၉၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်နေ့၌ ရွာမ်းပြည်နယ် အရှေ့ပိုင်းဒေသ ကျိုင်းတုံမြို့တွင် ဖခင် Saw Boo Paw မိခင် Daw Nang Seng တို့က မွေးဖွား သည်။

ဦးစောဝိလျံပေါသည် ၁၉၄၃ ခုနှစ်၌ ရန်ကုန် တက္ကသိုလ်မှ ဘီကွမ်း (B. Com) ဘွဲ့ကို ရရှိခဲ့ပြီး ၁၉၄၆ ခုနှစ်



စီးပွားရေးတက္ကသိုလ်
အငြိမ်းစား ပါမောက္ခချုပ်
ဦးစောဝိလျံပေါ

ဦးစောဝိလျံပေါသည် မြန်မာနိုင်ငံ သုတေသနအသင်း (Burma Research Society) တွင် အဖွဲ့ဝင်၊ အမေရိကန် ပြည်ထောင်စုရှိ Management Academy ၏ အဖွဲ့ဝင်၊ မာ:တက္ကသိုလ် Business School Associatnin အဖွဲ့ဝင်၊ စသည့်တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။

ဦးစောဝိလျံပေါသည် ၁၉၄၇ ခုနှစ် ဇွန်လ ၁၄ ရက်နေ့၌ Naw Andrew Zan နှင့် အိမ်ထောင်ပြုခဲ့သည်။ သား:သုံး:ယောက်ထွန်း:ကာ:ခဲ့သည်။ စီးပွား:ရေး:တက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်း:စား:) ဦးစောဝိလျံပေါသည် ၁၉၉၈ ခုနှစ် နိဝင်ဘာလ ၃၀ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။

ဦးစောဝိလျံပေါသည် ၁၉၄၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့၌ Naw Andrew Zan နှင့် အိမ်ထောင်ပြုခဲ့သည်။ သား:သုံး:ယောက်ထွန်း:ကာ:ခဲ့သည်။ စီးပွား:ရေး:တက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်း:စား:) ဦးစောဝိလျံပေါသည် ၁၉၉၈ ခုနှစ် နိဝင်ဘာလ ၃၀ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။

စင်ကာပူနိုင်ငံ။ ။စင်ကာပူနိုင်ငံတွင် သက်ကြီး:ရွယ်အို များ:အား ပြုစုစောင့်ရှောက်ရေးကိစ္စသည် သက်ဆိုင်ရာ မိသား:စုများ:အပေါ်တွင် အဓိကမူတည်နေသည်ဟု စင်ကာပူ နိုင်ငံ ဆက်သွယ်ရေး:ဝန်ကြီး:ဌာန ဝန်ကြီး:နှင့် ဝန်ကြီး: ဌာနချင်း သက်ကြီး:ရွယ်အိုများ:ဆိုင်ရာ ညှိနှိုင်း:ဆောင်ရွက် ရေး:ကော်မတီ ဥက္ကဋ္ဌ မစ္စတာမာဘောတန်ဝက မတ်လ ၂၂ ရက်နေ့ နံနက်ပိုင်း:ကပြုလုပ်သော သတင်း:စာ ရှင်း:လင်း:ပွဲ တွင် အလေး:ထား:ပြောကြား:သွား:သည်။ သက်ကြီး:ရွယ်အို များ:အား ပြုစုစောင့်ရှောက်ရေး:ကိစ္စသည် မိသား:စု၀င်များ: အတွင်း တစ်ဦး:ချင်း:တွင် တာဝန်ယူဆောင် ရွက်ရမည့် ကိစ္စ ဖြစ်သည်ဟု စင်ကာပူအစိုး:ရက လက်ခံယုံကြည်ထား:သည်။ သက်ကြီး ရွယ်အိုများ:အား သက်ဆိုင်ရာမိသား:စုများ:က တာဝန်ယူ ပြုစုစောင့်ရှောက်နိုင်ခြင်း မရှိသောအခါ သို့မဟုတ် အကူအညီလိုအပ်လာသော အခါမျိုး:တွင် ပတ်ဝန်း:ကျင်အသိုင်း:အဝိုင်း ရပ်ကွက်ကျေး:ရွာများ:မှ ပုဂ္ဂိုလ်များ:က သက်ကြီး:ရွယ်အိုများ:အား ပြုစုစောင့် ရှောက်ရေး:တာဝန်ကို ဝိုင်း:ဝန်း:ထမ်း:ဆောင် သွား:လိမ့်မည်။ စင်ကာပူနိုင်ငံသည် သက်ကြီး:ရွယ်အိုများ:အား ပြုစုစောင့် ရှောက်ရေး:ကိစ္စကို ဗဟိုထောက်ပံ့ရေး အစီအစဉ်နှင့် ဆက်သွယ်ကာ ကိုယ့်အား:ကိုယ်ကို: ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည် စသဖြင့် မစ္စတာမာဘောတန်က ဆက်လက်ပြောကြား:သည်။ သက်ကြီး:ရွယ်အိုများ: ပြဿနာ ဖြေရှင်း:ရေး:ဆိုင်ရာ စင်ကာပူနိုင်ငံ၏ တွေး:ခေါ်ယူဆချက် ဒဿနအမြင်မှာ အနောက်တိုင်း:နိုင်ငံများ:၏ ဒဿန အမြင်နှင့် ခြား:နား:နေသည်။ အနောက်တိုင်း:နိုင်ငံများ:ကမူ နိုင်ငံတော်အစိုး:ရ၏ ရန်ပုံငွေအပေါ် အခြေခံသော သက်သာချောင်ချိရေး:စနစ်ကို ကျင့်သုံး:လျက်ရှိသည်။

ဦးစောဝိလျံပေါသည် ၁၉၄၂ ပြည့်နှစ်မှစ၍ တက္ကသိုလ် ပညာရေး:လောကသို့ ဝင်ရောက်အမှုထမ်း:ခဲ့ရာ ၁၉၈၁ ခုနှစ် အထိ တာဝန်အဆင့်ဆင့် ထမ်း:ဆောင်ခဲ့သည်တွင် ရန်ကုန် တက္ကသိုလ် ဘောဂဗေဒဌာနတွင် ကထိက၊ တစ်ဖန် စီးပွား:ရေး ပညာဌာန ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ် လူမှုရေး:သိပ္ပံ မဟာ ဌာနမှူး (Dean of Faculty of Social Sciences) အဖြစ် အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်။ထို့နောက် ရန်ကုန် စီးပွား:ရေး တက္ကသိုလ်ပေါ်ပေါက်လာသော အခါ ဝါဏိဇ္ဇဗေဒ ဌာန ပါမောက္ခ၊ ထိုမှ စီးပွား:ရေး တက္ကသိုလ်ပါမောက္ခချုပ် အထိ တာဝန်ထမ်း:ဆောင်ခဲ့သည်။ ပါမောက္ခချုပ်ဦးစောဝိလျံပေါသည် ရန်ကုန်တက္ကသိုလ် စာပေ:စာယူ သင်တန်း Economic Studies မဟာဌာန၏ မဟာဌာနမှူး အဖြစ်လည်း တာဝန်ထမ်း:ဆောင်ခဲ့သည်။

ဦးစောဝိလျံပေါသည် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် အထိ ကာလများ:၌ ရှမ်း:ပြည်နယ်၊ သီပေါမြို့ ငွေစုငွေချေး: ဘဏ် (Credit and Saving Bank) တွင် စာရင်း:ကိုင်အဖြစ်လည်း:ကောင်း၊ သီပေါအစိုး:ရကျောင်း:များ: စစ်ဆေး:ရေး:အရာရှိ (Inspector of Hsipaw State Schools) အဖြစ်လည်း:ကောင်း၊ခေါင်း:ဆောင်မှု သင်တန်း:ကျောင်း: (Leadership Training School) ကျောင်း:အုပ်ကြီး:အဖြစ် လည်း:ကောင်း၊ သီပေါမြို့နယ်၊ မြို့ပြကာကွယ်ရေး:မှူး: (Chief of Civil Defence- Hsipaw State) အဖြစ် လည်း:ကောင်း: အမှုထမ်း:ခဲ့သည်။

ထို့နောက် ၁၉၄၅ မှ ၁၉၄၇ ခုနှစ်အထိ ရန်ကုန်မြို့ မောင်ခိုင်လမ်း:ရှိ Koe Choong Bai & Song Rice Miller and General Merchant ကုမ္ပဏီတွင်(general assistant)အဖြစ် ဆောင်ရွက်ခဲ့သည်။

အနာဂတ်ကောင်းဖို့မဟုတ်၊ ဆိုးဖို့ဖြစ်လိမ့်မည်ဟု ဝါရင့်ဝန်ကြီး လီကွမ်ယုက ပြောကြား:သည်။ စင်ကာပူသည် နည်:ပါ:လှသော လူဦ:ရေသုံ:သန်:အနက်မှ လုံလုံလောက်လောက် အရည်အချင်:ရှိသူများကို မဖော်ထုတ်နိုင်သောကြောင့် ပြည်ပမှပညာရှင်များ လိုအပ်သည်။ အဖွဲ့အစည်:တစ်ခု သို့မဟုတ် တိုင်:ပြည်တစ်ပြည် အောင်မြင်၊ မအောင်မြင်ဆိုသော အချက်မှာ ယင်:နိုင်ငံ၌ ပညာပါရမီ၊ အရည်အချင်:ရှိသူတို့ ရှိ၊ မရှိအပေါ် မူတည်သည်ဟု စင်ကာပူအမျို:သား:နေ့ ညစာစား:ပွဲတွင် လီကွမ်ယုက ပြောကြား:ခဲ့သည်။ စင်ကာပူနိုင်ငံသည် ပညာရေး:ဗဟို အချက်အချာတစ်ခုဖြစ်ပြီး ပြည်ပမှ ပညာရှင်များကို ဆွဲဆောင်နိုင်ခဲ့သောကာလမှာထက် ယခုအချိန်တွင် ထိုသို့ဆွဲဆောင်မှုပြုရန် အရေး:ကြီး:လှသည်။ ပထမဆုံ: အစို:ရအဖွဲ့တွင် ပါဝင်သောဝန်ကြီ: ၁၀ ဦ: အနက် ၉ ဦ:မှာ ပြည်ပတွင် မွေး:ဖွာ:ခဲ့သူများဖြစ်ကြောင်: လီကွမ်ယုက ထောက်ပြသည်။ ၁၉၇၀ ပြည့်နှစ်ကာလမှ စ၍ စင်ကာပူသည် ဝန်:ကျင်ဒေသမှ ပညာရှင်များ:ကို မဆွဲဆောင်နိုင်တော့ချေ။ ထို့ကြောင့် ယခုအခါတွင် ကမ္ဘာအနှံ့ဖြန့်ကြက်၍ မိမိလိုချင်သော အရည်အချင်:ရှိသူကို ရှာမည်ဟု ဆိုသည်။ ထို့ပြင် လီကွမ်ယုသည် ပညာရှင်အများ:အပြား ရရှိရေး၊ ကြောင်:ကျို:တရာ:အချို့.ကို သာဓကဆောင်ပြီ: ပြောကြား:သွား:ခဲ့သည်။ ဉာဏ်ပညာ ထက်မြက်သည်ဟုနာမည်ကြီ:သော ရှန်ဟိုင်:သား:တို့သည် ယန်စီမြစ်ဝကျွန်:ပေါ်ဒေသရှိ လူဦ:ရေသန်: ၂၀၀မှ ၃၀၀ အနက် အရည်အချင်:ရှိသူများကို ရှာဖွေဖော်ထုတ်ရန် အခွင့်အရေး ရရှိကြသည်။ အရည်အချင်:ရှိသူတို့အား: တံခါ:ဖွင့်ပေ:မှသာ ကမ္ဘာတစ်ဝန်:တွင် ပြိုင်နိုင်မည်ဟု လီကွမ်ယုက ဆိုသည်။

စင်ကာပူနိုင်ငံသုံ: အင်္ဂလိပ်ဘာသာစကား:ကို စွန့်လွှတ်ပြီ: အဆင့်အတန်:ရှိသော အင်္ဂလိပ်စကား:ကို ပြောဆိုသုံ:စွဲကြရန် စင်ကာပူနိုင်ငံသား:များအား: ဝန်ကြီ:ချုပ်




စင်ကာပူနိုင်ငံတွင် အင်တာနက်မှ တစ်ဆင့် ဆက်သွယ်လုပ်ကိုင်နေသော စခန်:တစ်ခုကို တွေ့ရစဉ်

လာမည့် ထောင်စုနှစ်တွင် စင်ကာပူနိုင်ငံ၏ အနာဂတ်အောင်မြင်မှု ရရှိရေးအတွက် ပြည်သူများဖွဲ့ဖြိုးတိုးတက်ရေးမှာ အလွန်အရေးပါပြီး မိမိတို့၏ လူမှုအနှောင်အဖွဲ့များ ခိုင်မာ တောင့်တင်းရေးသည်လည်း အဓိကလိုအပ်ချက်ဖြစ်သည်ဟု စင်ကာပူသမ္မတသစ် အက်စ်နာသန်က အောက်တိုဘာလ ၄ ရက်နေ့တွင် ပြောကြားသည်။ (၉) ကြိမ်မြောက် စင်ကာပူပါလီမန် ဒုတိယအစည်းအဝေး၌ မိန့်ခွန်း ပြောကြားရာတွင် နာသန်က ပြည်သူများသည် မိမိ၏အစိုးရမူဝါဒ အဓိကစူးစိုက်ရာ ဖြစ်မည်။ စင်ကာပူနိုင်ငံသား တို့ ပြည့်ပြည့်ဝဝ ဖွဲ့ဖြိုး တိုးတက်စေရန် အနာဂတ်ကို ပုံဖော်ရာတွင် စင်ကာပူ နိုင်ငံသားတို့ ပြည့်ပြည့်ဝဝ ပါဝင်ဆောင်ရွက်နိုင်ရန် စင်ကာပူနိုင်ငံ၏ အောင်မြင်မှုများကို လူတိုင်းပါဝင် ဆောင်ရွက်ခံစားနိုင်ရန် မိမိအစိုးရက အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးသွားမည်။ အသိပညာ အခြေခံဖြစ်သော စီးပွားရေးအတွက် လာမည့် မျိုးဆက်သစ်ကို ပြင်ဆင်ရန် ပညာရေးစနစ်ကို မိမိအစိုးရက ပြန်လည်စူးစိုက် လုပ်ဆောင်မည်။ သဘာဝကို လေ့လာဆည်းပူးခြင်းအတွက် အမျိုးသား ရေးစနစ် ဖွဲ့ဖြိုးစေရန်နှင့် နိုင်ငံခြားကျွမ်းကျင်မှု စွမ်းရည်ကို ဆက်လက်ဆွဲဆောင်ရန် လုပ်ဆောင်သွားမည်။ သို့မှသာ စင်ကာပူနိုင်ငံသည် အခွင့်အလမ်း၏ ဗဟိုချက် ပြည်သူများအတွေးအခေါ်များနှင့် ငွေကြေးများ စုစည်းပေါင်းဆုံရာ ကမ္ဘာ့အချက်အချာ ဖြစ်လာမည်ဟု ပြောကြား၊သည်။

မြို့ပြနိုင်ငံဖြစ်သော စင်ကာပူနိုင်ငံ၏ နောက်ထပ် ရွေးကောက်ပွဲ ကျင်းပပြီးသည်အထိ စင်ကာပူနိုင်ငံအား မိမိ ဦးဆောင်သွားမည်။ သို့သော် ၂၀၀၂ ခုနှစ်နောက်ပိုင်း၌ ဒုတိယဝန်ကြီးချုပ် လီရှင်လွန်က ဝန်ကြီးချုပ်ရာထူးကို ဆက်ခံမည်ဟု မျှော်လင့်ရသည် စသည်ဖြင့် အသက် ၅၈ နှစ် အရွယ်ရှိ ဝန်ကြီးချုပ် ဂိုချောက်တောင်က ပြောကြား၊သည်။ မစ္စတာဂိုချောက်တောင်သည် စင်ကာပူနိုင်ငံကို တည်ထောင်ခဲ့သော မစ္စတာလီကွမ်ယု၏ ဝန်ကြီးချုပ်ရာထူးကို ၁၉၉၀ ပြည့်နှစ်တွင် ဆက်ခံခဲ့ပြီးနောက် စင်ကာပူနိုင်ငံ၏ ထိပ်တန်း ရာထူးအတွက် ပြုလုပ်သော ရွေးကောက်ပွဲနှစ်ကြိမ်ကို ကြုံတွေ့ခဲ့ရသည်။ မစ္စတာလီကွမ်ယုသည် စင်ကာပူနိုင်ငံ အား ၁၉၅၉ ခုနှစ်မှစ၍ အုပ်ချုပ်လာခဲ့၍ ယခုအခါ သက်ကြီး ဝါရင့် ဝန်ကြီးရာထူးကို ယူထား၊သည်။ မစ္စတာလီရှင်လွန်မှာ မစ္စတာလီကွမ်ယု၏ အကြီးဆုံးသားဖြစ်၍ အသက် ၄၇ နှစ် ရှိပြီဖြစ်သည်။ သူသည် ဂိုချောက်တောင်၏ ရာထူးကို ဆက်ခံရမည့်သူ ဖြစ်သည်ဟု အများက ရှုမြင်နေကြသည်။

ဂိုချောက်တောင်က အမျိုးသားနေ့ ညစာစားပွဲတွင် တိုက်တွန်းပြောကြား၊ခဲ့သည်။ အမျိုးသားနေ့ ညစာ စားပွဲ၌ မိန့်ခွန်းပြောကြားရာတွင် အဆင့်အတန်းရှိသော အင်္ဂလိပ်စကား ပြောဆိုသုံးစွဲရေးအတွက် နှစ်ပတ်လည်လှုပ်ရှားမှု တစ်ရပ်ဆင်နွှဲရန် အဆိုပြုခဲ့ပြီးဖြစ်သည်။ ယင်းလှုပ်ရှားမှုကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ရန် ပြန်ကြားရေးနှင့် အနုပညာဝန်ကြီးဌာနအား ညွှန်ကြား၊ထား၊ပြီးဖြစ်သည်။ စင်ကာပူနိုင်ငံ၏ အင်္ဂလိပ်ဘာသာစကား အဆင့်အတန်းကို မြှင့်တင်ရန် ၁၀ နှစ်မှ ၁၅ နှစ်အထိ ကြာမြင့်ဖွယ်ရှိသည်။ ထိုအချိန်တွင် စင်ကာပူနိုင်ငံသည် ကမ္ဘာ့အဆင့်မီနိုင်ငံဖြစ်လာလိမ့်မည်။ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ကနေဒါနှင့် ဩစတြေးလျ စသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အင်္ဂလိပ်ဘာသာစကား၊သည် အများ၊သုံး၊ဘာသာစကား၊ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကား၊သည် ကူးသန်းရောင်းဝယ်ရေး၊ သိပ္ပံနှင့်နည်းပညာ တို့တွင် သုံးစွဲသောဘာသာစကား၊ ဖြစ်သောကြောင့် အရေးကြီး၊သည်။ ကမ္ဘာ့အဆင့်အတန်းမီ အင်္ဂလိပ်ဘာသာစကား၊ကို ပြောဆိုသုံးစွဲဆက်သွယ်ပြီး ကမ္ဘာတွင် လူသန်းပေါင်းများစွာနှင့် စီးပွားရေးလုပ်နိုင်လျှင် ကြီးမား၊သော အကျိုးစီးပွား ဖြစ်နိုင်သည် စသဖြင့် ဂိုချောက်တောင်က ပြောကြား၊ခဲ့သည်။

စင်ကာပူနိုင်ငံ၏ ဝါရင့်သံတမန်ကြီးဖြစ်သူ အက်စ်အာရ်နသန်သည် စင်ကာပူနိုင်ငံ၏ ဆဋ္ဌမမြောက် သမ္မတအဖြစ် ခြောက်နှစ်သက်တမ်း တာဝန်ထမ်းဆောင်ရန် စင်ကာပူသမ္မတနန်းတော်တွင် စက်တင်ဘာလ ၁ ရက်နေ့က အခမ်းအနားဖြင့် ကျမ်းသစ္စာကျိန်ဆိုသည်။ ယင်းကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား၊သို့ စင်ကာပူနိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် အလှာစုံမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။ အခမ်းအနား၊တွင် သမ္မတသစ် နသန်က ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး မိန့်ခွန်းပြောကြား၊သည်။ သမ္မတသစ် မိန့်ခွန်း မပြောကြား၊မီ စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်က သမ္မတသစ်အား ကြိုဆိုနှုတ်ခွန်းဆက် စကား၊ပြောကြား၊သည်။ ထိုသမ္မတသည် နိုင်ငံတော်အကြီးအကဲ ဖြစ်သကဲ့သို့ နိုင်ငံ၏အထိမ်းအမှတ် သင်္ကေတလည်းဖြစ်ကြောင်း ဂိုချောက်တောင်က ပြောကြား၊သည်။ သမ္မတသည် ဂို၊သမား၊ကဲ့သို့ပင် မိမိတို့၏ နောက်ဆုံးအကာအကွယ်ပေး၊သူ ဖြစ်ကြောင်း၊လည်း ထည့်သွင်းပြောကြား၊သွား၊သည်။



စီးပွားရေးအင်အားကောင်းနေသည့် စင်ကာပူနိုင်ငံ မြို့တော်ရှုခင်း

စင်ကာပူနိုင်ငံသည် မလေးရှားနှင့် ဆက်ဆံရေးယခင် အတိုင်းပြန်ကောင်းရန် ဆန္ဒရှိကြောင်း၊ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အတွင်း ပေါင်းစည်းသွားရန် အာမခံကြောင်း ဝန်ကြီးချုပ်ဂိုချောက်တောင်က ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ ထုတ်ဖော်ပြောကြားခဲ့သည်။ စီးပွားရေးအကျပ်အတည်းကြောင့် အာဆီယံသည်အကျပ် အတည်းတစ်ခုကို ဖြတ်သွားနေရသည်။ ပေါင်းစည်း ညီညွတ်သော အဖွဲ့အစည်းအဖြစ် အာဆီယံသည်အတူတကွ ပေါင်းစည်းလုပ်ဆောင်ခြင်း မရှိလျှင် နိုင်ငံတကာအဆင့်အတန်းအချို့ကို လက်လွတ်ဆုံးရှုံးမည်ဖြစ်သည်။ မကြာမီက တင်းမာမှုများ ဖြစ်ခဲ့ပြီးနောက် စင်ကာပူသည် မလေးရှားနှင့် ဆက်ဆံရေးပြန်ကောင်းရန် ဆန္ဒရှိသည်။ ယခုအခါ ဆက်ဆံရေး အခြေအနေ ပိုကောင်းလာကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်၏ ပြောဆိုဝေဖန်ချက်ကို မိမိသဘောတူသည်။ ဟန်ခိုင်မြို့တွင် ဒီဇင်ဘာလလယ်၌ ကျင်းပမည့် အာဆီယံထိပ်သီးဆွေးနွေးပွဲ၌ အာဆီယံခေါင်းဆောင်များအာဆီယံကို မည်မျှပေါင်းစည်းအောင် လုပ်ဆောင်နိုင်ပြီး အာဆီယံ၏ အရှိန်အဝါကို မည်မျှထိန်း ထားကြောင်းကို မိမိတင်ပြဆွေးနွေးလိုသည်စသည်ဖြင့် ဂိုချောက်တောင်က ပြောကြားခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး – မလေးရှားနှင့် စင်ကာပူနိုင်ငံတို့၏ ဆက်ဆံရေးသည် ၁၉၉၈ ခုနှစ်က အခြေအနေဆိုးရွားခဲ့ပြီးနောက် ပြန်လည်ကောင်းမွန်လာကြောင်း ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မလေးရှားနိုင်ငံက ကြေညာသည်။ မီးရထားဘူတာရုံနှင့် ပတ်သက်၍ အချိန်ကာလကြာမြင့်စွာ နှစ်နိုင်ငံအငြင်းပွားနေသော်လည်း ပဋိပက္ခဖြစ်ပွားရန် အကြောင်းမရှိဟု မလေးရှားနိုင်ငံက ရှုမြင်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။ မီးရထားဘူတာရုံတစ်ခု တည်ဆောက်ထားခြင်းကိစ္စနှင့် ပတ်သက်၍ စင်ကာပူလွှတ်တော်တွင် လွန်ခဲ့သောသီတင်းပတ်က ဆွေးနွေးမှုများ ထပ်မံပြုလုပ်ခြင်းသည် မလေးရှားနှင့် စင်ကာပူတို့ ထပ်မံအငြင်းပွားစရာဖြစ်အောင် ဖန်တီးရာရောက်သည်ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီးသစ် ဆယက်ဟာမစ်ဆယက်အယ်လ်ဘာက ပြောကြားသည်။ ယခင်နှစ် နိုဝင်ဘာက ဖြစ်ပွားခဲ့သော တင်းမာမှုများမှာ ပြီးဆုံးသွားပြီဟု မိမိယူဆသည်။ ယခုအခါ နှစ်နိုင်ငံဆက်ဆံမှု ပိုမိုကောင်းမွန်လာသည့်ပြင် နားလည်မှု ပိုမိုရရှိလာသည်။ ရင်းနှီးမှုလည်း ပိုမိုရရှိလာသည် စသည်ဖြင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီးသစ်က ပြောကြားသည်။ စင်ကာပူနိုင်ငံအလယ်ပိုင်း တန်ဂျန်ပေဂါဘူတာရုံ၌ အခွန်ကောက်ခံရေးလုပ်ငန်းနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်ရန် စင်ကာပူနိုင်ငံက တရားဝင်တောင်းဆိုထားသည်ကို မလေးရှားနိုင်ငံက လက်ခံဖို့ တစ်လအချိန် ပေးထားကြောင်း စင်ကာပူ နိုင်ငံခြားရေးဝန်ကြီး ရှန်မူဂင်ဂျာ ယာကူမာက စင်ကာပူလွှတ်တော်တွင် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် ယခုအခါဒုတိယနှစ်သို့ဝင်ရောက်ရှိနေပြီဖြစ်သော မြို့ပြဝန်ထမ်းများအပြန်အလှန်စေလွှတ်ရေး အစီအစဉ်အရ မြို့ပြဝန်ထမ်းများရေးရာကိစ္စ၊ တက္ကသိုလ်များရေးရာကိစ္စ၊ အခွန်ကောက်ခံရေးကိစ္စများနှင့် ကုန်းလမ်းပို့ဆောင်ရေးကိစ္စရပ်များ အထိနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကိုတိုးချဲ့ပြုလုပ်သွားရန် သဘောတူညီခဲ့ကြကြောင်း ဖေဖော်ဝါရီလ ၇ ရက်နေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ရေးသားဖော်ပြထားသည်။ ယင်းအစီအစဉ်အရ ပူးပေါင်းဆောင်ရွက်ချက်ပေါင်း ၁၂ မျိုးအထိ ရှိသွားပြီဖြစ်သည်။ အခြားကဏ္ဍများမှာ ပညာရေး၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း၊ ကုန်သွယ်ရေး၊ ဆက်သွယ်ရေး၊ ပြန်ကြားရေးနည်းပညာထုတ်လုပ်ရေး၊ စက်မှုလက်မှု၊ ကြားနိုင်ငံများအတွက် လေ့ကျင့်ပေးရေး ကဏ္ဍတို့ဖြစ်ကြသည်။ ယင်းအစီအစဉ်မှာ ထိုင်းနှင့်စင်ကာပူတို့အကြား ကျစ်လျစ်ခိုင်မာသော ဆက်ဆံမှုရှိသည်ကို ပြသလျက်ရှိကြောင်း၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့သည် နိုင်ငံရေး စီးပွားရေးတို့နှင့် ပတ်သက်သော ပဋိပက္ခများကင်းရှင်းကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံမှုပြေပြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရင်ပစ်ဆူဝမ်က ပြောကြားသည်။ ထိုင်းနှင့် စင်ကာပူနိုင်ငံခြားရေး ဝန်ကြီးများသည် ထိုင်းနိုင်ငံအမျိုးသားအိုလက်ထရွန်းနစ်နှင့် ကွန်ပျူတာ နည်းပညာဌာနနှင့် စင်ကာပူအမျိုးသား ကွန်ပျူတာဘုတ်အဖွဲ့တို့အကြား ချုပ်ဆိုသော ပြန်ကြားရေးနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးဝန်ကြီးများကောင်စီ (စီယာမက်) ၏ (၃၄) ကြိမ်မြောက် ညီလာခံကို စင်ကာပူမြို့တွင် ဖေဖော်ဝါရီလ ၈ ရက်နေ့က စတင်ကျင်းပ၍ အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးဝန်ကြီးများအဖွဲ့ (စီယာမိအို) လက်အောက်ရှိ ဒေသန္တရပညာရေးဌာနများမှ ဦးဆောင်အကောင်အထည်ဖော်နေသော စီမံကိန်း

များနှင့် ပြန်ကြား‌ရေးနည်းပညာများ အသုံးပြုသော ပူးပေါင်း‌ဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွား‌ရေးအပေါ် အလေး‌ထား‌ဆွေး‌နွေး‌ခဲ့ကြသည်။ စင်ကာပူသမ္မတ အွန်တန်ချန်က ညီလာခံကို ဖွင့်လှစ်ပေး‌၍ နှစ်ရက်ကြာကျင်း‌ပပေး‌ခဲ့သည်။ ညီလာခံဖွင့်ပွဲတွင် စီယာမက် ယာယီဥက္ကဋ္ဌ စင်ကာပူဝန်ကြီး တီအိုချီဟိန်း‌ကလည်း ကြိုဆိုနှုတ်ခွန်း‌ဆက် စကား‌ပြောကြား‌သည်။ ပညာ‌ရေး‌မှာ နိုင်ငံတစ်နိုင်ငံ၏ စီး‌ပွား‌ရေး‌ဖွံ့ဖြိုး‌တိုး‌တက်မှုကို အများ‌ဆုံး အထောက်အကူပြုကြောင်း စင်ကာပူသမ္မတက ပြောကြား‌သည်။ ညီလာခံသို့ ကိုယ်စား‌လှယ် ၁၂၄ ဦး တက်‌ရောက်ကြသည်။

စင်ကာပူ၌ ဧပြီလ ၂၃ ရက်နေ့က ကျင်း‌ပသော “အာရှဖိုရမ် ၁၉၉၉” တွင် နိုင်ငံ‌ရေး ပညာရှင်ဂါဠိုး‌က စာတမ်း‌များကို ဖတ်ကြား‌ရာ၌ ယခုနှစ်အာရှတိုက်၏ စီး‌ပွား‌ရေး အလား‌အလာနှင့် ပတ်သက်၍ အကောင်းမြင်ကြောင်း ဂါဠိုး‌လုံး‌က ထုတ်‌ဖော်‌ပြောကြား‌ကြသည်။ ယင်းဖိုရမ်ကို စင်ကာပူအ‌ရှေ့‌တောင်အာရှ လေ့လာ‌ရေး‌အဖွဲ့နှင့် ဂျပန်နိမ္မရာသုတေသနအဖွဲ့တို့က ကြိုး‌မှူး‌ကျင်း‌ပခြင်း‌ဖြစ်သည်။ အာရှစီး‌ပွား‌ရေး နာလန်ထူမှုနှင့် ငွေကြေး‌ပြုပြင် ပြောင်း‌လဲမှု အလား‌အလာများကို ဆွေး‌နွေး‌ခဲ့ကြသည်။

လွန်ခဲ့သော ၂ နှစ်‌ကာလအတွင်း ဖြစ်‌ပေါ်‌ခဲ့သော ဒေသဆိုင်ရာ စီး‌ပွား‌ရေး‌အကျပ်အတည်း‌ကြောင့် အခက်အခဲများ‌ရှိသော်‌လည်း အာဆီယံအဖွဲ့ကြီး‌သည် စီး‌ပွား‌ရေး ပြန်လည်ခိုင်မာ‌လာ‌ရန် ရှေ့သို့တွန်း‌အား‌ပေး‌ကြိုး‌ပမ်း‌ဆောင်ရွက်သွား‌မည်ဖြစ်‌ကြောင်း ဝန်ကြီး‌ချုပ် ဂိုချောက်တောင်က ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြောကြား‌ခဲ့သည်။ စင်ကာပူ၌ ကျင်း‌ပသော (၃၂) ကြိမ်‌မြောက် အ‌ရှေ့‌တောင်အာရှ နိုင်ငံများ‌အသင်း (အာဆီယံ) ဝန်ကြီး‌အဆင့် အစည်း‌အဝေး‌တွင် အဖွင့်မိန့်ခွန်း‌ပြောကြား‌ရာ၌ ဝန်ကြီး‌ချုပ် ဂိုချောက်တောင်က စီး‌ပွား‌ရေး‌အကျပ်အတည်း‌များ‌ဒဏ် ခံစား‌ရမှုကြောင့် အဖွဲ့ဝင်နိုင်ငံ၏ အစဉ်တစိုက်တိုး‌တက်မှုကို ထိခိုက်စေခဲ့‌ရပြီး အသင်း‌ကြီး‌၏ ထင်‌ပေါ်‌ကျော်‌ကြား‌မှုကိုလည်း သေး‌သိမ်သွား‌စေခဲ့သည်ဟု ပြောကြား‌ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများ‌အချင်း‌ချင်း‌တွင် တင်း‌မာမှုအသစ်များ ဖြစ်‌ပေါ်‌ခဲ့‌ရသည်။ ဆွေး‌နွေး‌ဖော်၊ ဆွေး‌နွေး‌ဖက် အခြား‌နိုင်ငံများ‌ကလည်း အဖွဲ့ကြီး‌၏ အနာဂတ်‌ရေး‌ရာနှင့် ပတ်သက်၍ စူး‌စမ်း‌မေး‌မြန်း‌မှုများ‌ရှိခဲ့သည်။ သို့သော် ယင်းသို့ စီး‌ပွား‌ရေး‌အဆို‌း‌ရှား‌ဆုံး ကျဆုံး‌မှုမှာ ပြီး‌မြောက် ကျော်‌လွှား‌နိုင်ခဲ့ပြီး‌ဖြစ်သည်။ အာဆီယံအဖွဲ့ကြီး‌သည် ယခုအခါ ပြန်လည် နာလန်ထူစ လမ်း‌ကြောင်း‌ပေါ်‌ရောက်ရှိနေသည်။ အာဆီယံ နိုင်ငံများ‌အချင်း‌ချင်း လက်တွဲအုပ်ချုပ်မှု တိုး‌ချဲ့ဆောင်ရွက်ခြင်း၊ ဘဏ်များ‌၌ ပြန်လည်ရင်း‌နှီး‌မြှုပ်နှံခြင်းနှင့် ဘဏ္ဍာ‌ရေး စနစ် ကြီး‌ကြပ်မှု တိုး‌ချဲ့ဆောင်ရွက်ခြင်း စသော အခြေခံပြုပြင်‌ပြောင်း‌လဲမှုများ ဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ အဖွဲ့ဝင်အများ‌အပြား‌တို့၌ ငွေပိုငွေလျှံများ ဖြစ်‌ပေါ်‌လာကာ နိုင်ငံခြား‌သီး‌သန့်ရန်ပုံငွေများလည်း တိုး‌တက်လာပြီး ဒေသဆိုင်ရာ စတော့ဈေး‌ကွက်များလည်း ထူး‌ခြား‌စွာ ပြန်လည်ရှင်သန်နေသည် စသဖြင့် ပြောကြား‌ခဲ့သည်။

စင်ကာပူမြို့တွင် ကျင်း‌ပသော အ‌ရှေ့‌တောင်အာရှ နိုင်ငံများ‌အသင်း (အာဆီယံ) နှင့် ဆွေး‌နွေး‌ဖက် ၁၀ နိုင်ငံတို့၏ အစည်း‌အဝေး‌များ အာဆီယံဒေသတွင်း‌နှင့် ကမ္ဘာလုံး‌ဆိုင်ရာ နိုင်ငံ‌ရေး၊ စီး‌ပွား‌ရေး‌နှင့် လုံခြုံ‌ရေး‌ကိစ္စရပ်များကို ဆွေး‌နွေး‌ညှိနှိုင်း‌ကြပြီး ဇူလိုင်လ ၂၈ ရက်နေ့တွင် ပြီး‌ဆုံး‌ခဲ့သည်။ အာဆီယံနိုင်ငံခြား‌ရေး‌ဝန်ကြီး‌များ အစည်း‌အဝေး‌ကျင်း‌ပပြီး‌နောက် အာဆီယံနိုင်ငံခြား‌ရေး‌ဝန်ကြီး‌များ နှစ်ရက်ကြာ အစည်း‌အဝေး ကျင်း‌ပနေစဉ်‌ကာလအတွင်း ဘဏ္ဍာ‌ရေး အကျပ်အတည်း‌ပြဿနာ၊ သဘာဝပတ်ဝန်း‌ကျင်‌ရေး‌ရာ ပြဿနာ၊ ဝိုင်တူး‌ကေ‌ပြဿနာ၊ နယ်စပ်ဖြတ်‌ကျော်‌မှုခင်း‌များ ပြဿနာ၊ မူး‌ယစ်ဆေး‌ဝါး မှောင်ခိုရောင်း‌ဝယ်မှုပြဿနာ အပါအဝင် အမျိုး‌သမီး‌များနှင့် ကလေး‌သူငယ်များ အကာအကွယ်‌ပေး‌ရေး‌ဆိုင်ရာပြဿနာတို့ကို အလေး‌အနက်ထား‌ညှိနှိုင်း‌ဆွေး‌နွေး‌ခဲ့ကြသည်။ အစည်း‌အဝေး‌သို့ တက်‌ရောက်ကြသော နိုင်ငံခြား‌ရေး‌ဝန်ကြီး‌များ‌မှာ ပီအင်စီ ဟုခေါ်‌သော အဆိုပါဝန်ကြီး‌အဆင့် အစည်း‌အဝေး‌၏ အနာဂတ်ဖွံ့ဖြိုး‌တိုး‌တက်မှုနှင့် ပတ်သက်၍လည်း ဆွေး‌နွေး‌ညှိနှိုင်း‌ခဲ့ကြကြောင်း၊ ပီအမ်စီသည် စိန်ခေါ်‌မှုအများ‌အပြား‌ကို ဆွေး‌နွေး‌ညှိနှိုင်း‌ဖြေရှင်း‌ရန် အလွန်အသုံး‌ဝင်သော ဆွေး‌နွေး‌မှုဖြစ်ကြောင်း စင်ကာပူနိုင်ငံခြား‌ရေး‌ဝန်ကြီး ရှန်မူဂင်ဂျာယာကူး‌မား‌က ပီအမ်စီ အစည်း‌အဝေး‌အပြီး သတင်း‌စာရှင်း‌လင်း‌ပွဲ၌ ပြောကြား‌ခဲ့သည်။ ပီအမ်စီသည် အာဆီယံဝန်ကြီး‌အဆင့် အစည်း‌အဝေး‌နှင့် အာဆီယံဒေသအတွင်း ဆွေး‌နွေး‌အပြီး‌တွင် ဆက်လက်ကျင်း‌ပသော နောက်ဆက်တွဲ အစည်း‌အဝေး‌ဖြစ်သည်။ ပီအမ်စီအစည်း‌အဝေး‌တွင် အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံလုံး‌နှင့် အာဆီယံဆွေး‌နွေး‌ဖက် (၁၀) နိုင်ငံဖြစ်သော ဩစတြေး‌လျ၊ ကနေဒါ၊ အိန္ဒိယ၊ နယူး‌ဇီလန်၊ တောင်‌ကိုရီး‌ယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်၊ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှား‌နိုင်ငံတို့ပါဝင် တက်‌ရောက်ခဲ့ကြသည်။

စီးပွားရေး – စင်ကာပူနိုင်ငံတွင် ၁၉၉၈ ခုနှစ်က ဒေဝါလီခံရသော စီးပွားရေးလုပ်ငန်းအရေအတွက်မှာ ၁၉၉၇ ခုနှစ်ကထက် လေးပုံတစ်ပုံမျှ ပိုများလာကြောင်း၊ စင်ကာပူလူအင်အား၀န်ကြီးဌာန ၀န်ကြီးလီဘွန်ယန်က ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြောကြား၊ခဲ့သည်။ စီးပွားရေး လုပ်ငန်းမှတ်ပုံတင်ဌာန (အာစီဘီ) မှပေးသော ကိန်းဂဏန်း တွင် ၁၉၉၈ ခုနှစ်အတွင်း စင်ကာပူနိုင်ငံတွင် လုပ်ငန်းရပ်စဲလိုက်ရသော စီးပွားရေးလုပ်ငန်း ၂၅၀၀၀ ကျော်ရှိသည်။ ၁၉၉၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ လုပ်ငန်းရပ်ဆိုင်းရသော စီးပွားရေးလုပ်ငန်းမှာ ပျမ်းမျှ ၂၀၀၀၀ မျှရှိသည်။ ဒေဝါလီခံရန် လျှောက်ထား အသနားခံမှုသည် ၄၀၇၃ အထိ ၁၉၉၈ ခုနှစ်က တိုးမြင့်ခဲ့ရာ ၁၉၉၇ ခုနှစ်ကထက် ၆၈ ရာခိုင်နှုန်း ကျော်ရှိသည်။ လျော့ပစ်ရသော အလုပ်သမား၊ဦးရေမှာ ၂၈၀၀ ကျော်မျှ စံချိန်မြှင့်တက်ခဲ့သည်။ အလုပ်အကိုင်လစ်လပ်မှုမှာ ၁၉၉၈ ခုနှစ် စက်တင်ဘာလအတွင်း ၁၅၄၀၀ ခန့်အထိ မကြုံဘူးအောင် လျော့ကျခဲ့သည်။ ယခင်နှစ်က လစ်လပ်သော အလုပ်အကိုင်မှာ ၄၅၀၀၀ ခန့်ဖြစ်သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ၌ အလုပ်လက်မဲ့ဦးရေ ၄ ဒသမ ၅ ရာခိုင်နှုန်း မြှင့်တက်ခဲ့ပြီး ၁၉၉၈ ခုနှစ် ဒီဇင်ဘာလအထိ မြှင့်တက်မြဲ တက်နေရာ စင်ကာပူ၌ စီးပွားရေးပြဿနာကျဆင်းမှု၏ ထင်ဟပ်ချက်ဖြစ်သည် စသဖြင့် စင်ကာပူ တရုတ်ကုန်သည်ကြီးများအသင်းနှင့် စက်မှုလုပ်ငန်းက ကျင်းပသော တရုတ်နှစ်သစ်ကူး အခမ်းအနားတွင် မိန့်ခွန်းပြောကြား၊ရာ၌ ဝန်ကြီး လီဘွန်ယန်က ပြောကြား၊ခဲ့သည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ၁၉၉၉ ခုနှစ် ပဲ့ထမသုံးလပတ်၌ စုစုပေါင်း တိုင်းပြည်ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) တိုးတက်နှုန်း ၁ ဒသမ ၂ ရာခိုင်နှုန်း ရရှိခဲ့ပြီး၊နောက် ယင်းအခြေအနေကို တာ၀န်ရှိပုဂ္ဂိုလ်များက အကောင်းဘက်မှ ရှုမြင်ကြောင်း ပြောကြသော်လည်း ဝေဖန်ဆန်းစစ်သူများကမူ ဖော်ပြပါ ဂျီဒီပီတိုးတက်မှုနှုန်းသည် စင်ကာပူစီးပွားရေး ပြန်လည်ဦးမော့လာပြီဖြစ်ကြောင်း ပြသသောလက္ခဏာဖြစ်သည်ဟု မေလ ၂၀ ရက်နေ့က ပြောကြား၊သည်။ မေလ ၂၀ ရက်နေ့က ထုတ်ပြန်သော ပထမသုံးလပတ် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များအရ ယင်းကာလတွင် ကုန်ချောထုတ်လုပ်သူကလွဲ၍ ကတိကဝတ်ပြုမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၉၉၄ သန်းဖိုးအထိရှိကြောင်း၊ စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ပြောကြား၊သည်။

စင်ကာပူအင်္ဂလိပ်စာ – အရှေ့တောင်အာရှ မလေးကျွန်းဆွယ်၏ အနောက်တောင်စွန်းတွင် တည်ရှိသောစင်ကာပူသည် ဧရိယာအား၊ဖြင့် စတုရန်းမိုင် ၂၅၀ မျှသာ ကျယ်ဝန်းသော ကျွန်းနိုင်ငံ သို့မဟုတ် မြို့ပြနိုင်ငံကလေး၊ဖြစ်သည်။ လူဦးရေ ၃ ဒသမ ၈ သန်းရှိပြီး လူမျိုးစုံနေထိုင်ရာ ဒေသဖြစ်၍ ယဉ်ကျေးမှုစံနစ်လည်း စုံလင်လှသည်။ စင်ကာပူနိုင်ငံသားလူမျိုးစုများတွင် တရုတ် ၇၆ ရာခိုင်နှုန်း၊ မလေး ၁၅ ရာခိုင်နှုန်း၊ အိန္ဒိယ ၆ ရာခိုင်နှုန်းပါဝင်သည်။ လူမျိုးစုပေါင်းစည်းနေထိုင်ကြသော်လည်း လူမျိုးရေးတင်းမာမှုမရှိပေ။ စင်ကာပူ၏စီးပွားရေးလုပ်ငန်းများကို လေ့လာသော အခါ ရေနံချက်လုပ်ငန်း၊ အီလက်ထရွန်းနစ်ပစ္စည်း ထုတ်လုပ်ခြင်း၊ စားသောက်ကုန်၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ၀န်ဆောင်မှုလုပ်ငန်း၊ ရော်ဘာပစ္စည်းအမျိုးမျိုး ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းနှင့် ဧ၀နည်းပညာလုပ်ငန်းများက အဓိကစီးပွားရေးလုပ်ငန်းကြီးများ ဖြစ်နေသည်ကို တွေ့ရှိရသည်။

စင်ကာပူဆိပ်ကမ်းသည် ကမ္ဘာတွင် အကြီးမား၊ဆုံး ဆိပ်ကမ်း ကုန်တင်ကုန်ချ အများ၊ဆုံး ဆိပ်ကမ်းကြီး၊ဖြစ်ခြင်း ကလည်း ကုန်သွယ်ရေးကြောင်း ၀န်ဆောင်မှုလုပ်ငန်း ပမာဏမည်မျှကြီးမား သည်ကို ခန့်မှန်းနိုင်သည်။ နိုင်ငံတကာအတိုင်း၊အတာဖြင့် ကူးစက်ပြန့်ပွား၊ခဲ့သော စီးပွားရေးအကျပ်အတည်းကို စင်ကာပူက အခြေအနေမပျက် ရင်ဆိုင်ကျော်လွှား၊နိုင်ခဲ့ခြင်းမှာ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများ စံနစ်ကျပြီး ခိုင်မာသောကြောင့်ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ ခိုင်မာသော အခြေခံအဆောက်အအုံများတွင် ပညာရေးကဏ္ဍ၏ အခြေခံအဆောက်အအုံသည် ခိုင်မာတောင့်တင်း၊ရုံမျှမက အမေရိကန်၊ ဗြိတိန်၊ ဂျပန်စသော စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများထက်ပင် အဆင့်အတန်းမြင့်သည်။ ဆိုလိုသည်မှာ စင်ကာပူကျောင်းသားများ၏ ပညာရည်နှင့် ဉာဏ်စွမ်းထက်မြက်မှုသည် ဖွံ့ဖြိုးပြီး နိုင်ငံများမှကျောင်းသားများထက် သာလွန်ခြင်းကိုဆိုလိုသည်။

အထူး၊သဖြင့် စင်ကာပူပညာရေးစံနစ်တွင် နိုင်ငံတကာဆက်သွယ်ရေး ဘာသာစကား အဆင့်အတန်းမြင့်မား၊ခြင်းနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ရာ၌ အောင်မြင်ခြင်း၊ဟူသော အချက်က အရေး၊ပါဆုံး၊ဖြစ်နေသည်။ စင်ကာပူတွင် တရုတ်၊ မလေး၊ တဲမီး၊လ်နှင့် အင်္ဂလိပ်ဘာသာစကား၊များကို တရား၀င်ဘာသာစကား၊အဖြစ် အသိအမှတ်ပြု၊ထား၊သော်လည်း နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကား၊နှင့် စာပေကို အဆင့်အတန်းမြင့်မြင့် တွင်တွင်ကျယ်ကျယ် အသုံး၊ပြု၊ခြင်း

ကြောင့် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ခြင်းပင်ဖြစ်သည်။ သို့ရာတွင် ယခုအခါလူမျိုးစုံပြီး ယဉ်ကျေးမှုစနစ်စုံလင်သော စင်ကာပူတွင် **Singlish** ဟုခေါ်သော ဘာသာစကားသစ်တစ်မျိုးပေါ်လာသည်။ ဒေသခံတရုတ်၊ မလေးနှင့် အင်္ဂလိပ်ဘာသာ၊ သုံးဘာသာရောနှော ပေါင်းစပ်ထားသော စကားပျက်၊ စင်ကာပူအင်္ဂလိပ်စာဖြစ်သော **Singlish** ကို ယခင်က စင်ကာပူ နိုင်ငံသားများအတွင်း၌ ရယ်စရာဘာသာစကား ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် အသုံးတွင်ကျယ်လာခြင်းကြောင့် စင်ကာပူရုပ်မြင်သံကြား အစီအစဉ်မှ ထုတ်လွှင့်သော ဇာတ်လမ်းတွဲများတွင်ပါ **Singlish** ဘာသာစကားဖြင့် ထုတ်လွှင့်ပြသသည်အထိ **Singlish** စင်ကာပူအင်္ဂလိပ် ဘာသာစကားက နေရာ ရလာသည်။

ထိုမှတစ်ဆင့် **Singlish** သည် စင်ကာပူ၏ စည်းကမ်းတင်းကျပ်သော စာသင်ကျောင်းများဆီသို့ ကူးစက်ပြီး တွင်တွင်ကျယ်ကျယ် နေရာယူလာခဲ့သဖြင့် ကျောင်းသားကျောင်းသူများ၏ အင်္ဂလိပ်ဘာသာရပ် သင်ကြားပို့ချမှုတွင်ပါ ထိခိုက်လာပြီး အရည်အသွေးညံ့ဖျင်းလာခဲ့သည်။ **Singlish** ဘာသာစကား တွင်ကျယ်လာခြင်းမှာ စင်ကာပူနိုင်ငံ၏ ဝတ္ထု၊ ကဗျာ စသော စာပေလောကအထိပါ ထိုးဖောက် ဝင်ရောက်လာခဲ့သည်။ စင်စစ် **Singlish** သည် စင်ကာပူတွင်သာသုံးရှိရသော ဘာသာစကားပျက် တစ်မျိုးသာဖြစ်သည်။ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်၌ မည်သို့မျှ အကျိုးမပြုသောအချက်ကို စင်ကာပူခေါင်းဆောင်များက သတိထားမိလာကြရာ **Singlish** ဘာသာစကား တိုက်ဖျက်ရေး၊ အင်္ဂလိပ်ဘာသာစကား အဆင့်အတန်းမြင့်မားရေးကို တိုက်တွန်းလမ်းညွှန်ခဲ့ကြသည်။

စင်ကာပူနိုင်ငံကိုထူထောင်ခဲ့သော ဝန်ကြီးချုပ်ဟောင်း နှင့် ဝါရင့်ဝန်ကြီး လီကွမ်ယုက သြဂုတ်လ လယ်ပိုင်းက စင်ကာပူအမျိုးသားနေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် **Singlish** ဘာသာစကားတွင်ကျယ်လာမှုကို တိုက်ဖျက်ရေးနှင့် အင်္ဂလိပ်ဘာသာစကားကို အဆင့်အတန်းမြင့်မြင့် စနစ်ကျကျ တိုးတက်အောင် ဆောင်ရွက်ရေး အလေးပေးပြောကြားခဲ့သည်။ စင်ကာပူသည် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အပြည့်အဝ ရင်ပေါင်တန်းလိုလျှင် **Singlish** ဘာသာစကားကို ထိထိရောက်ရောက် တိုက်ဖျက်ရန် လိုအပ်ကြောင်း ခေါင်းဆောင်ကြီး လီကွမ်ယုက သတိပေးခဲ့သည်။

လက်ရှိစင်ကာပူ ဝန်ကြီးချုပ် ဂိုချောက်တောင်ကလည်း အမျိုးသားနေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် အင်္ဂလိပ်ဘာသာစကား အရေးအပြော စနစ်ကျမှုသည် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံသည် အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ အသုံးပြုခဲ့ခြင်းကြောင့်လည်း မိမိတို့၏ စီးပွားပြိုင်ဖက်နိုင်ငံများကို သာလွန်ခဲ့ကြောင်း၊ စင်ကာပူစာသင်ကျောင်းများတွင် အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ ပြောဆိုရေးသားတတ်အောင် သင်ကြားပေးရန် အရေးကြီးကြောင်း၊ စင်ကာပူပညာရေးဝန်ကြီးဌာနက စာသင်ကျောင်းများ၌ အင်္ဂလိပ်ဘာသာရပ် အဆင့်အတန်း မြင့်မားရေးအတွက် ဆရာ၊ ဆရာမ ၈၀၀၀ ကို မွမ်းမံသင်တန်းများပို့ချပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ ။တရုတ် အစိုးရစစ်တမ်းကောက်ယူချက်အရ တရုတ်ပြည်တွင် ၁၉၉၇ ခုနှစ်က အင်တာနက်အသုံးပြုသူ ၆၇၀၀၀၀ ခန့်ရှိခဲ့ရာမှ ၁၉၉၈ ခုနှစ်ကုန်တွင် ၂.၁ သန်းအထိတိုးတက်များပြား လာကြောင်း သိရသည်။ အာဏာပိုင်တို့သည် အင်တာနက်ကိုမမှန်မကန် အသုံးချမှုများအား တားဆီးပိတ်ပင်ရန် ကြိုးပမ်းလျက် ရှိသည်။ လောင်းကစားမှု၊ ကာမဂုဏ် ညစ်ညမ်းမှု၊ အဖျက်အမှောင့် သတင်းများနှင့် အယူအဆများ ပြန့်ပွားအောင်လုပ်မှုတို့ကို



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ကျန်ဇီမင်း(ဝဲ) နှင့် ဝန်ကြီးချုပ် ကျူးရွန်ကျီ(ယာ)

တားဆီးရန် အထူးအဖွဲ့ကို တာဝန် အပ်နှင်းထားသည်။ ရှန်ဟိုင်းမြို့မှ လင်ဟိုင်းဆိုသူ ကွန်ပျူတာ လုပ်ငန်းရှင် သည် ကွန်ပျူတာပိုင်သူ ၃၀၀၀၀ တို့၏ နေရပ်လိပ်စာများကို အီးမေးလ်ဖြင့် "အရေးကြီး ပုဂ္ဂိုလ်များ ရည်ညွှန်းလွှာ" အမည်ရှိ ဒီမိုကရေစီ မဂ္ဂဇင်းသို့ ပေးပို့ခဲ့သည်။ ထို





တရုတ်ဝန်ကြီးချုပ် အမေရိကန်ပြည်ထောင်စုသို့
လည်ပတ်စဉ် အမှတ်တရပုံများ







စီးပွားရေးတိုးတက်မှုများ – နိုင်ငံတော်စာရင်းအင်း ဗျူရိုး၏ သတင်းထုတ်ပြန်ချက်အရ တရုတ်ပြည်၏ ပြည်တွင်းစုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) တိုးတက်မှုနှုန်းသည် ၇.၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ အစိုးရအဖွဲ့က မူလခန့်မှန်းထားသော တိုးတက်မှုနှုန်းမှာ ၈ ရာခိုင်နှုန်းဖြစ်သည်။ တရုတ်အစိုးရသည် အခြေပြုအဆောက်အအုံများ၊ တည်ဆောက်ရေးလုပ်ငန်းများ၌ ထုနှင့်ထည်နှင့် ချို၍ အစိုးရ အသုံးစရိတ်များကို အသုံးချခဲ့သည်။ ဤသို့သုံးစွဲခဲ့သဖြင့် ပြည်တွင်းဝယ်လိုအား၊ ကျဆင်းနေမှုနှင့် အာရှစီးပွားရေး အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို တွန်းလှန်နိုင်ခဲ့သည်။ ၁၉၉၉ ခုနှစ်အတွက် ဂျီဒီပီ တိုးတက်မှုနှုန်း ခန့်မှန်းထား၊ကြောင်း နိုင်ငံတော်စာရင်းအင်းဗျူရိုက ကြေညာထား၊သည်။

ဂြိုဟ်တုရောင်းချရေးပိတ်ပင်သည့် အမေရိကန် – စင်ကာပူအခြေစိုက် အာရှ-ပစိဖိတ် မိုဘိုင်းလ်အဝေးပြေး ဆက်သွယ်ရေး လုပ်ငန်းအဖွဲ့သည် အမေရိကန်ပြည်ထောင်စု ရှိ ဟူး(စ်)အီလက်ထရွန်းနစ် ကော်ပိုရေးရှင်းထံမှ ဂြိုဟ်တုကို ဒေါ်လာသန်း ၄၅၀ဖြင့်ဝယ်ယူရန် အဆိုပြုထား၊ခဲ့သည်။ စင်ကာပူတွင် အခြေစိုက်ထား၊သောထိုလုပ်ငန်းအဖွဲ့သည် တရုတ်စစ်ဘက်နှင့် အဆက်အသွယ်ရှိနေသူများထံမှ ရင်းနှီးမြှုပ်နှံမှုများကို လက်ခံခဲ့ကြောင်း၊ယင်းသို့လက်ခံခဲ့သဖြင့် တရုတ်တို့သည် ဒုံးကျည်ပစ်လွှတ်နိုင်စွမ်း ပိုမိုအား၊ကောင်း၊လာပြီး အမေရိကန်အမျိုး၊သား လုံခြုံရေးကို ထိခိုက်နိုင်ကြောင်း ဟူသောအကြောင်းများပြကာ ဂြိုဟ်တုရောင်း၊ချရေး အစီအစဉ်ကို အမေရိကန်အစိုးရက တား၊မြစ်ပိတ်ပင်ခဲ့ကြောင်း ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် သတင်း၊ပေါက်ကြား ထွက်ပေါ်လာခဲ့သည်။ ထိုလုပ်ငန်းအဖွဲ့တွင် ရင်းနှီးမြှုပ်နှံသူများမှာ တရုတ်စစ်ဘက်နှင့် တိုက်ရိုက်အဆက်အသွယ်ရှိသူများ ဖြစ်သည်ဟု အမေရိကန် အရာရှိများက ပြောဆိုနေသော်လည်း တရုတ်နိုင်ငံခြား၊ရေး၀န်ကြီး၊ဌာနမှ အမေရိကန်အစိုးရက ယခုကဲ့သို့ တား၊မြစ်ပိတ်ပင်ရန် ဆုံး၊ဖြတ်ချက်မှာ အခြေအမြစ်မရှိကြောင်း ချေပခဲ့သည်။

သတင်းပေါက်ကြား၊ထွက်လာသောပင်တွန်အစီရင်ခံစာ – ကန့်သတ်အဆင့် သတ်မှတ်ထား၊သော အမေရိကန်ကာကွယ်ရေး၊ဌာနမှ အစီရင်ခံစာသည် ဖေဖော်ဝါရီလ ၁၀ရက်နေ့တွင် သတင်းမီဒီယာများသို့ ပေါက်ကြား၊ပေါ်ထွက်လာခဲ့သည်။ ထိုအစီရင်ခံစာ၌ တရုတ်စစ်ဘက်သည် တောင်ပိုင်းကမ်း၊ခြေဒေသများတွင် ထိုင်ဝမ်ကျွန်း၊ကို ချိန်ရွယ်ထား၊သော ဒုံးကျည် ၁၅၀- ၂၀၀ တို့ကို တပ်ဆင်ထား၊ကြောင်း၊ဖော်ပြ

မဂ္ဂဇင်းသည် အမေရိကန် အခြေစိုက် တရုတ်သဘောထား၊ကွဲလွဲသူများက အင်တာနက်ကို အခြေခံလျက် ထုတ်ဝေနေသော မဂ္ဂဇင်းဖြစ်သည်။ နေရပ်လိပ်စာများကို ပေးပို့သူ လင်ဟိုင်း၊အား ရှန်ဟိုင်းပြည်သူ့ တရား၊ရုံး၊က ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့သည်။

အကျင့်ပျက်လာဘ်စား၊မှုနှင့် မှောင်ခိုတား၊ဆီး၊ရေး – တရုတ်အစိုး၊ရသည် အကျင့်ပျက်လာဘ်စား၊မှုနှင့် မှောင်ခိုလုပ်ငန်းတို့ကို ထိရောက်စွာ တား၊ဆီး၊ပိတ်ပင်ရန် အထူး၊ကြိုး၊ပမ်း၊လျက် ရှိသည်။ ပြည်သူ့လုံခြုံရေး၀န်ကြီး၊ဌာနမှ ဒုတိယ၀န်ကြီး လီကျိကျို၊အား လာဘ်စား၊မှုဖြင့် ဇနီးနဝါရီလ စောစောပိုင်း၊တွင် စည်း၊ကမ်း၊ထိန်း၊သိမ်း၊ရေး ဗဟိုကော်မရှင်က ဖမ်း၊ဆီး၊ထိန်း၊သိမ်း၊ခဲ့သည်။ နင်ပိုး၊မြို့ရှိ ပြည်သူ့ဘဏ်ခွဲမှ အုပ်ချုပ်ရေး၊မှူး စွန်မော်ဘင်ကိုလည်း ဇနီးနဝါရီလ ၁၀ ရက်နေ့တွင် တရား၊ရုံး၊က ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်။ စွန်မော်ဘင်သည် တာ၀န်ထမ်း၊ဆောင်ဆဲကာလအတွင်း ဘဏ်မှငွေချေး၊သူတို့ထံမှ လာဘ်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၀၀၀၀ တန်ဖိုး၊အထိ တောင်း၊ယူခဲ့မှုဖြင့် တရား၊စွဲဆို၊ထောင်ချလိုက် ခြင်း၊ဖြစ်သည်။

စီးပွားရေးတိုးတက်မှုများ – နိုင်ငံတော်စာရင်းအင်း ဗျူရိုး၏ သတင်းထုတ်ပြန်ချက်အရ တရုတ်ပြည်၏ ပြည်တွင်းစုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) တိုးတက်မှုနှုန်းသည် ၇.၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ အစိုးရအဖွဲ့က မူလခန့်မှန်းထား၊သော တိုးတက်မှုနှုန်းမှာ ၈ ရာခိုင်နှုန်းဖြစ်သည်။ တရုတ်အစိုးရသည် အခြေပြုအဆောက်အအုံများ၊ တည်ဆောက်ရေးလုပ်ငန်း၊များ၌ ထုနှင့်ထည်နှင့် ချို၍ အစိုးရ အသုံးစရိတ်များကို အသုံးချခဲ့သည်။ ဤသို့သုံးစွဲခဲ့သဖြင့် ပြည်တွင်းဝယ်လိုအား၊ ကျဆင်းနေမှုနှင့် အာရှစီးပွားရေး အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို တွန်းလှန်နိုင်ခဲ့သည်။ ၁၉၉၉ ခုနှစ်အတွက် ဂျီဒီပီ တိုးတက်မှုနှုန်း ခန့်မှန်းထား၊ကြောင်း နိုင်ငံတော်စာရင်းအင်းဗျူရိုက ကြေညာထား၊

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ
တည်ထောင်သည့် နှစ် ၅၀ မြောက်
ရွှေရတုသဘင်ပွဲမှ မြင်ကွင်းများ









ထား:သည်။ နောင်နှစ်အနည်:ငယ်အတွင်: ဒုံ:ကျည် ဖြ၅၀ အထိ တိုး:ချဲ့.နေရာချထား:ရန်လည်: တရုတ်စစ်ဘက်က စီမံထား:ပြီး ဖြစ်သည်ဟုလည်း ထိုအစီရင်ခံစာ၌ ဖေါ်ပြထား:သည်။

ဤသို့သော သတင်:ထွက်ပေါ်မှုများ:အရ တရုတ်နှင့် အမေရိကန်ဆက်ဆံရေး:မှာ ပိုမိုဆုတ်ယုတ်လာဖွယ်ရှိကြောင်: အကဲခတ်သမား:များ:က ပြောဆိုနေကြသည်။ အမေရိကန်သည် တောင်ကိုရီး:ယား:၊ ဂျပန်နှင့် ထိုင်ဝမ်ကျွန်:တို့အား: စစ်မျက်နှာဒုံ:ကျည်ကာကွယ်ရေး အစီအစဉ်အရ ထိုဒေသရှိ လေထုနှင့်အာကာသအတွင်: ဒုံ:ကျည်များ:ကို ထိ:ကဲ့သို့ ဖြန့်ကျက်မိုး:ကာထား:ရန် အစီအစဉ်ရှိသည်။ ယင်:အစီအစဉ်သည် တရုတ်ပြည်အား: ဝိုင်:ပတ်ပိတ်ဆို့ရေး:ဖြစ်ကြောင်း၊ တရုတ်တို့၏ အချုပ်အခြာအာဏာပိုင်မှုကို ကျူး:ကျော်ဖောက်ဖျက်ခြင်း:ဖြစ်ကြောင်: တရုတ်တို့က အပြင်:အထန် ဝေဖန်ကန့်ကွက်ထား:သည်။

ဝန်ကြီး:ချုပ် ကျူးရွန်ကျို၏ ရုရှား:ခရီး:စဉ် – ဝန်ကြီး:ချုပ် ကျူးရွန်ကျိုသည် ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၇ ရက်နေ့ အထိ ရုရှား:နိုင်ငံသို့ တရား:ဝင်ခရီး:သွား:ရောက်ခဲ့သည်။ ထိုခရီး:စဉ်အတွင်:တရုတ်ဝန်ကြီး:ချုပ်သည် ရုရှား:သမ္မတ ယဲ့ဆင်ဝန်ကြီး:ချုပ် ပရီမာကော့(ဗ်)တို့နှင့်တွေ့ဆုံဆွေး:နွေး:ခဲ့သည်။ ဖေဖော်ဝါရီလ ၂၅ ရပ်နေ့ တွင်ဝန်ကြီး:ချုပ်နှစ်ဦး:တို့သည် သဘောတူစာချုပ် ၁၁ ခုတို့အတွက် လက်မှတ်ရေး:ထိုး:ပွဲသို့ အတူတက္ခ တက်ရောက်ခဲ့ကြသည်။ ထိုသဘောတူစာချုပ်များ:မှာ နှစ်နိုင်ငံစီး:ပွား:ရေး:နှင့် ကုန်သွယ်မှု ပူး:ပေါင်း:ဆောင်ရွက်ရေး၊ ရေနံ၊ ဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား:ထုတ်လုပ်ရေး:တို့ အတွက်ဖြစ်သည်။

အခြေခံဥပဒေပြင်ဆင်ချက်များ – အမျို:သား:ပြည်သူ့ကွန်ဂရက် (ဥပဒေပြုလွှတ်တော်) ၏ အမြဲတမ်:ကော်မီတီသည် ဇန်နဝါရီလကုန်ပိုင်:က အခြေခံဥပဒေပြင်ဆင်ချက်မူကြမ်း အဆိုပြုချက်များ:ကို ထုတ်ပြန်လိုက်သည်။ အဆိုပါအခြေခံဥပဒေပြင်ဆက်ချက်မူကြမ်း အဆိုပြုချက်များ:ကို မတ်လတွင် ကျင်:ပသည့် စုံညီအစည်:အဝေး:သို့တင်သွင်:ကာ အတည်ပြုပြဋ္ဌာန်:တော့မည်ဖြစ်သည်။ အရေး:ကြီး:သော အခြေခံဥပဒေပြင်ဆင်ချက်များ:မှာ ပုဂ္ဂလိကနှင့် နိုင်ငံပိုင်မဟုတ်သော လုပ်ငန်း:များ:၏ အဆင့်အတန်း:ကိုမြှင့်တင်၍ ယင်:လုပ်ငန်း:များ:အား: " ဆိုရှယ်လစ်စျေး:ကွက်စီး:ပွား:ရေးစနစ်တွင် အရေး:ပါသော အစိတ်အပိုင်း:များ: " အဖြစ် အသိအမှတ်ပြုထား:ခြင်း၊ တရား:ဥပဒေစိုး:မိုး:ရေး:ကို စွဲမြဲစွာကျင့်သုံး:ရန် တိုက်တွန်း:ထား:ခြင်း၊ ပိုင်ဆိုင်မှုပုံသဏ္ဌာန်အမျို:မျို:ရှိနေမှုကို အသိအမှတ်ပြုထား:ခြင်း:နှင့် တိန့်ရောင်ဖိန်သဘောတရား: ကို အသိအမှတ်ပြုထား:ခြင်း:နှင့် တိန့်ရောင်ဖိန်သဘောတရား: ကို အခြေခံဥပဒေ၌ ထည့်သွင်:ထား:ခြင်း:တို့ဖြစ်သည်။

အကျုပြု:နည်း:ပညာခိုး:ယူမှုအစီရင်ခံစာ – အမေရိကန်ကွန်ဂရက်အောက်လွှတ်တော်မှ ကိုယ်စား:လှယ်များ:ဖြင့်ဖွဲ့စည်း:ထား:သော အထူး:ကော်မီတီသည် အမေရိကန်အကျုပြု:လက်နက်စမ်:သပ်တုတ်လုပ်ရေး:ဓါတ်ခွဲခန်း:များ: လျှို့ဝှက်ချက်များ:ကို ခိုး:ယူခဲ့ကြောင်: အစီရင်ခံစာကို ပြည်သူများ: ဖတ်ရှုနိုင်ရန်မေလ ၂၅ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ ထိုအထူးကော်မတီကို ရီပတ်ဘလီကန်အမတ် ခရစ္စတိုဖါကောက်(စ်)က ဦး:ဆောင်သဖြင့် ယင်:အစီရင်ခံစာကို " ကောက်(စ်) အစီရင်ခံစာ " ဟုလည်: ခေါ်တွင်သည်။ စာမျက်နှာ ၇၀၀ ပါသော ထိုအစီရင်ခံစာ၌ ၁၉၇၀ ပြည့်နှစ်နောင်:ပိုင်:မှ ၁၉၉၅ ခုနှစ်အလယ်ပိုင်:ကာလအတွင်: တရုတ်သူလျှို များ:က အမေရိကန်အကျုပြု:နည်း ပညာများ:ကို ခိုးယူခဲ့ကြသည်ဟု စွပ်စွဲထား:သည်။ တရုတ်သတင်:ပေး:တစ်ဦး:က စီအိုင်အေအဖွဲ့သို့ အကျုပြု:ထိပ်ဖူး:တတ်ဆင်ပုံ ဒီဇိုင်:ပုံစံများ:ကို ပေး:ပို့နေရာမှ ၁၉၉၅ ခုနှစ်အလယ်ပိုင်:တွင် ယင်:ကဲ့သို့ တရုတ်သူလျှို များ:က ခိုး:ယူခဲ့မှု သတင်:ပေါ်ထွက်လာခြင်:ဖြစ်သည်ဟု ဆိုသည်။ ယင်:ကဲ့သို့ ခိုး:ယူသွား:ခဲ့သော သတင်:အချက်အလက်များ:တွင် ညှုထရွန်ဗုံ:ပုံစံဒီဇိုင်:လည်:ပါသွား:သည်ဟုဆိုသည်။ ညှုထရွန်ဗုံ:သည် ဆောက်အအုံများ:ကို မပျက်စီး:စေဘဲ အဆောက်အအုံတွင်:နေ လူများ:ကို သေစေနိုင်သည့်ဗုံး:မျို:ဖြစ်သည်။ အကျုပြု:လျှို့ဝှက်ချက်များ:ရရှိသွား:ခြင်း:ကြောင့် တရုတ်တို့သည် နေရာရွှေ့ပြောင်: အသုံ:ချနိုင်သော တိုက်ချင်:ပစ်ဒုံ:ကျည်များ:တွင် အကျုပြု:ထိပ်ဖူး:ပဒေသာတပ်ဆင်၍ ပစ်လွှတ်နိုင်သော အစွမ်:ရရှိသွား:သည်ဟု စွပ်စွဲထား:သည်။

လော့(စ်)အာလာမော့(စ်)အကျုပြုလက်နက်ဓာတ်ခွဲခန်း:၌ အလုပ်လုပ်နေသော တရုတ်လူမျို:အမေရိကန်နိုင်ငံသား: သိပ္ပံပညာရှင် ဝိန်ဟိုလီ:ကို သူလျှိုလုပ်မှုဖြင့် စွပ်စွဲ၍ မတ်လအတွင်:က အလုပ်မှထုတ်ပစ်ခဲ့သည်။ ဝိန်ဟိုလီ:က စွပ်စွဲချက်မမှန်ကန်ကြောင်: ငြင်:ဆိုခဲ့သည်။

ယူဂိုဆလား:ဗီ:ယား:နိုင်ငံအပေါ် အမေရိကန်ဦး:ဆောင်သောနေတို:အဖွဲ့က လေကြောင်:တိုက်ခိုက်မှုများ:ပြုစဉ် ဘဲလ်ဂရိတ် ရှိ တရုတ်သံရုံး:ကိုပါ ဗုံး:ကြဲတိုက်ခိုက်ခဲ့သည်။ ယင်:သို့ တိုက်ခိုက်မှုကြောင့် တရုတ်တို့က အကြီး:အကျယ် မကျေ မနပ် ဖြစ်နေသည့်အပေါ် ယခုတစ်ဖန် သူလျှိုလုပ်မှုဖြင့် စွပ်စွဲလာပြန်ရာ တရုတ်နှင့် အမေရိကန်ဆက်ဆံရေး:မှာ ပိုမိုတင်:မာသွား:စေခဲ့သည်။ သမ္မတ ကလင်တန်က သူ့အနေ

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ




တရုတ်သံရုံးကို မှားယွင်း မုံးကြဲရာတွင် သေဆုံးသွားသူ အတွက် ပူဆွေးသောကရောက်နေစဉ်

ထိုင်ဝမ်သမ္မတ လီတိန်ဟွီးက "တစ်ခုတည်းသော တရုတ်နိုင်ငံ" ဟူသော တရုတ်တို့၏ မူဝါဒနှင့် ဆန့်ကျင်လျက် တရုတ်နှင့်ထိုင်ဝမ်တို့အကြား နိုင်ငံအချင်းချင်းဆက်ဆံရေး အခြေခံဖြင့် ဆက်သွယ်လိုကြောင်း ပြောကြားခဲ့သည်။ ယင်းကဲ့သို့ ပြောကြားအပြီး မကြာမီအတွင်းမှာပင် ယခုကဲ့သို့ တရုတ်ပြည်က ညှူထရွန်မုံးထုတ်လုပ်မှုနည်းပညာကို ရရှိထားပြီဟု ကြေညာလိုက်ခြင်းဖြစ်သည်။

သံရုံးမုံးကြဲမှုတွင် သေဆုံး၊ ဒဏ်ရာရသူတို့အတွက် လျော်ကြေး ။ ဘဲလ်ဂရိတ်ရှိ တရုတ်သံရုံးအပေါ် မုံးကြဲတိုက်ခိုက်ခဲ့ရာတွင် သေဆုံးသူသုံးဦးနှင့် ဒဏ်ရာရသူ ၂၀ တို့အတွက် ၄င်းတို့၏ မိသားစုများသို့ လျော်ကြေးငွေ ဒေါ်လာ ၄.၅ သန်းပေးရန် ဇူလိုင်လ ၃၀ ရက်နေ့တွင် အမေရိကန်အစိုးရက သဘောတူကြောင်း ကြေညာခဲ့သည်။ နှစ်ပေါင်းနှစ်ဆယ်အတွင်းတရုတ်နှင့် အမေရိကန်ဆက်ဆံရေးမှာ အနိမ့်ဆုံးအဆင့် အထိကျဆင်းသွားခဲ့မှုကို ကုစားနိုင်ရန် ဤကဲ့သို့ "လူသားချင်းစာနာထောက်ထားသည့်ပေးလျော်မှု" ကို နှင့် အစီရင်ခံစာပါ အချက်များစွာကို ယုံကြည်သော်လည်း တရုတ်တို့နှင့် အပြုသဘောဆောင်သော ဆက်ဆံရေးကို ဆက်လက်ပြုလုပ် သွားမည်ဟု ပြောကြား ခဲ့သည်။

သံရုံးမုံးကြဲမှုဖြရှင်းရေးအဖွဲ့. – သံတမန်များ၊ စစ်ဘက်နှင့် ထောက်လှမ်းရေးအရာရှိများ ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို လက်ထောက် နိုင်ငံခြားရေးဝန်ကြီး သောမာ့(စ်) ပစ်ကားရင်းက သမ္မတ၏ အထူးသံတမန်အဖြစ် ဦးဆောင်ကာ ဇွန်လ ၁၆–၁၇ ရက်နေ့များက ပေကျင်းသို့ သွားရောက်ခဲ့သည်။ ဘဲလ်ဂရိတ်ရှိ တရုတ်သံရုံးကို မုံးကြဲတိုက်ခိုက်မိခြင်းမှာ ဝမ်းနည်းဖွယ်ရာ အမှားဖြစ်ကြောင်း၊ လူ့မှားယွင်းမှု၊ သတင်းအချက်အလက်များချွတ်ယွင်းမှု၊ ခေတ်မမီသည့် မြေပုံအသုံးချခဲ့မှု၊ ပစ်မှတ်လွဲမှားခဲ့မှုတို့ကြောင့်ဖြစ်ကြောင်း ရှင်းပြ ခဲ့သည်။ သို့ရာတွင် တရုတ်တို့ဘက်က ထိုဖြရှင်းချက်ကို ပယ်ချခဲ့သည်။ ထိုကိစ္စအတွက် တာဝန်မကင်းသူတို့အား ပြင်းထန်စွာ အပြစ်ပေးရန် တောင်းဆိုခဲ့သည်။

ညှူထရွန်မုံးထုတ်လုပ်မှုနည်းပညာ။ အဆောက် အအုံများကို မထိခိုက်စေဘဲ လူများကိုသာ သေစေနိုင်သော ညှူထရွန်မုံးထုတ်လုပ်သည့် နည်းပညာကို တရုတ်တို့က ရရှိထားပြီဖြစ်ကြောင်း ဇူလိုင်လ ၁၅ ရက်နေ့တွင် ကြေညာ ခဲ့သည်။



မုံးကြဲခံရသော တရုတ်သံရုံးမှ ခုန်ဆင်းပြေးထွက်လာသည့်သံရုံးဝန်ထမ်းအချို့ကို တွေ့ရစဉ်

ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ လျော်ကြေးငွေ ပေးခြင်းမှာ တရားဥပဒေကြောင်းအရ တာဝန်ရှိမှုကို ဝန်ခံခြင်းမဟုတ်ဘဲ စေတနာအလျောက်ပေးခြင်းသာ ဖြစ်ကြောင်း အမေရိကန် တို့ကပြောကြားခဲ့သည်။ သံရုံးကို ဗုံးကြဲခဲ့မှု၊ တရုတ်ပြည်ရှိ အမေရိကန်သံရုံးများအား ထိခိုက်ပျက်စီးစေမှုများအတွက် ဩဂုတ်လတွင် ဆက်လက်ဆွေးနွေးကြဉီးမည် ဖြစ်ကြောင်း သိရှိရသည်။

တရုတ်ပြည်အပေါ် သာမန်ကုန်သွယ်မှုဆက်ဆံရေးအဆင့် သတ်မှတ်ချက်ကို တစ်နှစ်ထပ်မံတိုးချဲ့ရေးအတွက် သမ္မတကလင်တန်၏ ဆုံးဖြတ်ချက်ကို ဇူလိုင်လ ၂၇ ရက်နေ့တွင် ကွန်ဂရက်အောက်လွှတ်တော်က ၂၆၀ မဲ၊ ၁၇၀ မဲဖြင့် အတည်ပြုပေးလိုက်သည်။ တရုတ်ပြည်ကလည်း ဟောင်ကောင်တွင် အမေရိကန်စစ်လေယာဉ်များ ရပ်နားခွင့်ပိတ်ပင်ထားမှုကို ရုတ်သိမ်းပေးလိုက်သည်။

တရုတ်ပြည်သစ်တည်ထောင်မှုရွှေရတုသဘင် – တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်သည့် အနှစ် ၅၀ မြောက် ရွှေရတုသဘင်ပွဲကို အောက်တိုဘာလ ၁ ရက်နေ့က ဘေဂျင်းမြို့တော်တွင် ဆင်နွှဲခဲ့သည်။ တရုတ်စစ်သည် ၅၀၀၀၀၀ နှင့်အရပ်သားများသည် ဘေဂျင်းမြို့လယ်ခေါင်ကို ဖြတ်၍ ချီတက်လျှောက်လှမ်းခဲ့ကြသည်။ ထိုရွှေရတုသဘင်ပွဲ၌ အဓိကရုက္ခင်းပသာဒမှာ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဖြစ်သည်။ သိန်းချီ၍ များပြားလှသော တရုတ်စစ်သည်တို့သည် လျင်မြန်ဖျတ်လတ်တက်ကြွသည့် ဖွဲ့စည်းမှုပုံအသွင် ဖြင့်ကြွေးကျော်သံများကို ဟစ်ကြွေးကာ ချီတက်ခဲ့ကြသည်။ လက်နက် အသစ်အဆန်းများကိုလည်းစီတန်း ထုတ်ဖော်ပြသခဲ့သည်။ ကျား သစ်ပျံ ဗုံးကြဲလေယာဉ်၊ မကြာသေးမီကမှ စမ်းသပ်ခဲ့သော တုန်ဖိန်း ၃၁ တိုက်ချင်းပစ် ဒုံးကျည်တို့ကိုလည်း ပြသခဲ့သည်။ ထိုတိုက်ချင်းပစ်ဒုံးကျည်မှ အဏုမြူထိပ်ဖူးသည် အမေရိကန်ပြည်ထောင်စုအထိ အရောက် ပစ်လွှတ်နိုင်သည်။

စစ်သည်တော်များ၏ နောက်တွင် ဟော်ပွဲရွင်ပွဲလှည့်လည်မှုပုံအသွင် ဖြင့် သာမန်လူထုများ လိုက်ပါလာကြသည်။ ရောင်စုံအလှကားများ၊ တောက်ပြောင်သည့်ဝတ်စုံများကို ဆင်မြန်းထားသည့် ကချေသည်များ၊ အလံများကိုင်ဆောင်ဝှေ့ရမ်းလာသည့် လူငယ် ၁၀၀၀၀၀ တို့အစဉ်လိုက်တန်းစီချီတက်လာကြသည်။ လူထုကြီးအတွင်းမှ အချို့ပုဂ္ဂိုလ်များသည် ဥက္ကဋ္ဌမော်စီတုန်း၊ ခေါင်းဆောင်ကြီးတိန်ရောင်ဖိန်တို့ရုပ်ပုံကားချပ်ကြီးများနှင့်အတူ သမ္မတကျန်ဇီမင်း၏ ရုပ်ပုံကားချပ်ကြီးကိုလည်း မြှောက်ကိုင်လာကြသည်။ သမ္မတကျန်ဇီမင်း၏ ရုပ်ပုံကို ခေါင်းဆောင်ကြီးနှစ်ဦးတို့၏ ရုပ်ပုံများနှင့်အတူ ယှဉ်တွဲပြခဲ့သည်မှာ ယခုပွဲတွင် ပထမဆုံးအကြိမ်ဖြစ်သည်။

သမ္မတကျန်ဇီမင်းက လူထုကြီးအား မိန့်ခွန်းပြောကြားရာ၌ တရုတ်ကွန်မြူနစ်ပါတီအနေဖြင့် အာဏာကိုဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်သာလျှင် တရုတ်ပြည်ကို ကယ်တင်၍ ဖွံ့ဖြိုးတိုးတက်စေနိုင်မှုကို လက်တွေ့ဘဝက ပြသခဲ့ပြီဖြစ်ကြောင်း၊ နောက်ဆုံးတွင် ထိုင်ဝမ်နှင့်ပေါင်းစည်းရေးကို ဖေါ်ဆောင်သွားရန် ကတိပြုကြောင်းများကို ထည့်သွင်းရှင်းလင်းခဲ့သည်။

သမ္မတကျန်ဇီမင်း၏ ပြည်ပခရီးစဉ် – သမ္မတကျန်ဇီမင်းသည် အောက်တိုဘာလအတွင်းက မော်ရိုကို၊ အယ်လ်ဂျီးရီးယား၊ ဆော်ဒီအာရေးဘီးယား၊ ယူနိုက်တက်ကင်းဒမ်း၊ ပြင်သစ်နှင့် ပေါ်တူဂီနိုင်ငံများသို့ တရားဝင်ခရီးသွားရောက်ခဲ့သည်။ သမ္မတကျန်ဇီမင်းသည် ဗြိတိန်နိုင်ငံသို့ ပထမဆုံးရောက်ရှိသွားသော တရုတ်ခေါင်းဆောင်ဖြစ်သည်။ ကျန်ဇီမင်း၏ ဗြိတိန်ခရီးစဉ်တွင် လူအခွင့်အရေးကိစ္စ၊ တိဗက်အရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဆန္ဒပြမှုများနှင့် ကြုံကြိုက်ခဲ့သည်။ ဗြိတိန်ခေါင်းဆောင်များနှင့် အကျိုတ်အနယ် ဆွေးနွေးခဲ့ရသည်။ ပြင်သစ်ခရီးစဉ်တွင်မူ သမ္မတရှိရက်နှင့် လူအခွင့်အရေးအကြောင်း အကြာကြီး ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတကာဇာတ်ခုံတွင် နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်များ၌ အမေရိကန်ပြည်ထောင်စုတစ်ခုတည်းက ဩဇာပေးလွှမ်းမိုးနေမှုကို ချိန်ခွင်လျှာမျှတသွားစေရန် ဝင်ရိုးများစွာရှိသော ကမ္ဘာ့စနစ်ကို တည်ဆောက်ရန် လိုအပ်ကြောင်း ခေါင်းဆောင်ကြီးနှစ်ဦးတို့သည် သဘောတူ ညီမှုရရှိခဲ့ကြသည်။ ပေါ်တူဂီတွင် မကာအိုလွှဲပြောင်းရေးကို ငြင်သာချောမွေ့စွာ ဖြစ်လာရေးအတွက် ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

လေကြောင်းခံစစ်မှထိုးစစ်သို့ – အစ္စရေးသည် တရုတ်ပြည်သို့ လေယာဉ်ပေါ်တွင်တင်ယူသယ်ဆောင်သွားနိုင်သည့် ရေဒါပစ္စည်းကို ဒေါ်လာသန်း ၂၅၀ ဖြင့် ရောင်းချလိုက်ပြီဖြစ်ကြောင်း နယူးယောက်တိုင်း(စ်) သတင်းစာက နိုဝင်ဘာလ ၁၂ ရက်နေ့တွင်ထည့်သွင်းဖေါ်ပြလိုက်သည်။ ထိုရေဒါပစ္စည်းကို ရုရှားလေယာဉ်ပေါ်သို့တင်ဆောင်နိုင်ရေးအတွက်လည်း အစ္စရေးက အကူအညီပေးလျက်ရှိသည်။ ယင်းသို့ ရေဒါပစ္စည်းရောင်းချပေးလိုက်ခြင်းကို အမေရိကန်ကာကွယ်ရေးဌာနက အကြီးအကျယ်စိုးရိမ်သွားသဖြင့် ရောင်းချခြင်း မပြုရန် အမေရိကန်တို့က အစ္စရေးသို့ အပြင်းအထန်ပြောကြားထားသည်။ အစ္စရေးတို့ကလည်း

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ

ထိုရေဒါပစ္စည်းထုတ်လုပ်ရာ၌ အမေရိကန်နည်းပညာမပါသောကြောင့် အမေရိကန်တို့၏တောင်းဆိုမှုကိုလက်မခံဘဲ ဆက်လက်ရောင်းချမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ထိုရေဒါသည် အမေရိကန်လုပ်အေဝက်စနစ် (လေယာဉ်တင် သတိပေးနှင့် ထိန်းချုပ်စနစ်) ကဲ့သို့ ဆောင်ရွက်နိုင်စွမ်းရှိသည်။ တရုတ်နှင့် အစ္စရေးတို့သည် နဂိုကပင် လက်နက်များအရောင်းအဝယ်အတွက် အဆက်အသွယ်ရှိနေပြီးသားဖြစ်သည်။

တရုတ်လေတပ်၏ အကြီးအကဲဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး လူရွှန်းယောင်က လေတပ်၏ အခန်းကဏ္ဍမှာ ခံစစ်အနေအထားတွင် ရှိခဲ့ရာမှ ထိုးစစ်အနေအထားသို့ ကူးပြောင်းသွားတော့မည်ဖြစ်ကြောင်း နိဝင်ဘာလ ဂ ရက်နေ့ ကတိပေးပြောကြားလိုက်သည်။ ယင်းသို့ အသွင်ကူးပြောင်းရာတွင် အချက်ပြ သတိပေးထောက်လှမ်းရေးပစ္စည်းကိရိယာများသာမက အီလက်ထရွန်းနစ်စစ်လေယာဉ်များ၊ အမြန်နှုန်းမြင့်မားသော တိုက်လေယာဉ်များကိုလည်း ဝယ်ယူလိုကြောင်း ဆက်လက်ပြောကြားခဲ့သည်။

သံရုံးမုံးကြွမှုလျော်ကြေး – အမေရိကန် ဦးစီးသော နေတိုးအဖွဲ့က ယူဂိုဆလပ်နိုင်ငံအပေါ် လေကြောင်းတိုက်ခိုက်မှုများပြုရင်း ဘဲလ်ဂရိတ်ရှိ တရုတ်သံရုံးကိုလည်း မုံးကြဲပစ်ခတ်ခဲ့ကြသည်။ ယင်းအပြုအမူအတွက် တရုတ်၊ အမေရိကန်ဆက်ဆံရေးမှာ တင်းမာခဲ့ရသည်။ တရုတ်သံရုံးကိုမုံးကြဲဖျက်ဆီးခဲ့မှုအတွက် အမေရိကန်တို့က လျော်ကြေးငွေဒေါ်လာ ၂၈ သန်းပေးရန် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်သဘောတူညီခဲ့သည်။ တရုတ်ပြည်၌ အမေရိကန်သံတမန်အဆောက်အအုံများကို ခဲပေါက်ဖျက်ဆီးမှုတို့အတွက် အမေရိကန်သို့ တရုတ်တို့က လျော်ကြေးငွေ ဒေါ်လာ ၂.၈၇ သန်းပေးရန် သဘောတူခဲ့သည်။

ဦးခင်မောင်မြ

တင်တင်မူ၊ ဒေါ် (ရုပ်ရှင်မင်းသမီးကြီး) (ခရစ် ၁၉၂၄–၁၉၉၉) ။ ။မြန်မာ့ရုပ်ရှင် အနုပညာလောကတွင် နာမည်ကျော်ကြား လူကြိုက်များသော နိုင်ငံကျော်မင်းသမီးကြီး ဒေါ်တင်တင်မူကို ဦးချစ်ခိုင်၊ ဒေါ်အေးစိန် တို့က ၁၉၂၄ ခုနှစ်တွင် မုဒုံမြို့၌ ဖွားမြင်သည်။

ငယ်စဉ်က မော်လမြိုင်မြို့ အောဘိအမ် အထက်တန်းကျောင်းတွင် ပညာသင်ယူသည်။ အောဘိအမ်ကျောင်းသူဖြစ်၍ ငယ်စဉ်ကတည်းက အင်္ဂလိပ်စာအရေးအသားနှင့် အပြောအဆို ကျွမ်းကျွမ်းကျင်ကျင်ရှိသည်။ ၁၉၄၇ ခုနှစ်တွင် မုဒုံမြို့ လူငယ်အစည်းအရုံးဝင် တစ်ဦးဖြစ်ပြီး ကာယ

တင်တင်မူ၊ ဒေါ် (ရုပ်ရှင်မင်းသမီးကြီး)



ရုပ်ရှင်လောကတွင် ထင်ရှားခဲ့သော စွယ်စုံအနုပညာရှင် အကယ်ဒမီတင်တင်မူ

ဗလမှုးတာဝန်ကို ထမ်းဆောင်သည်။ ၁၉၄၈ ခုနှစ် မုဒုံမြို့တွင် ကျင်းပသော လွတ်လပ်ရေးနေ့အခမ်းအနားမယ်ရွေးပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရာ မုဒုံမယ်အဖြစ် အရွေးခံရသည်။

ဒေါ်တင်တင်မူသည် မုဒုံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်လည်ပတ်စဉ် ရုပ်ရှင်မင်းသမီး (ဒေါ်) မေချစ်နှင့် သိကျွမ်းခင်မင်ပြီး (ဒေါ်) မေချစ်၏ အကူအညီဖြင့် ဗြိတိသျှဘာမာရုပ်ရှင်မှ ဒါရိုက်တာ ဦးချန်ထွန်းနှင့် အဆက်အသွယ်ရရှိသည်။ ၁၉၄၈ ခုနှစ်တွင် ဒါရိုက်တာ ဦးချန်ထွန်းရိုက်ကူးသော "လင်နဲ့အပျို" ရုပ်ရှင်ဇာတ်ကား၌ ရုပ်ရှင်မင်းသားဇေယျနှင့် တွဖက်သရုပ်ဆောင်ကာ ရုပ်ရှင်အနုပညာလောကသို့ စတင်ခြေချဝင်ရောက်သည်။

ဒေါ်တင်တင်မူသည် ဗြိတိသျှဘာမာရုပ်ရှင်အတွက် ဒါရိုက်တာ ဦးဘဇင်ရိုက်ကူးသည့် "ညာလက်ရုံး" ရုပ်ရှင်ဇာတ်ကား၌ ရုပ်ရှင်မင်းသားကျော်ဝင်းနှင့် တွဲဖက်သရုပ်ဆောင်ခဲ့ရာမှ မေတ္တာမျှကာ ၁၉၄၈ ခုနှစ်တွင် လက်ထပ်သည်။ ၁၉၅၁ ခုနှစ်တွင် ဗြိတိသျှဘာမာရုပ်ရှင်အတွက် ဒါရိုက်တာ ရွှေဒုံးဘိအောင် ရိုက်ကူးသည့် "မာလာရီ" ရုပ်ရှင်ဇာတ်ကား၌ ကျော်ဝင်းနှင့် တွဲဖက် သရုပ်ဆောင်သည်။ ရုပ်ရှင်မင်းသား ကျော် ဝင်းသည် ထိုရုပ်ရှင်ဇာတ်ကား၌ ပီပြင်ပြောင်မြောက်စွာ သရုပ်ဆောင်ခဲ့ခြင်းကြောင့် ပထမဆုံးအကြိမ် ချီးမြှင့်သော အကောင်းဆုံးအမျိုးသားပညာရှင်ဆုကို ဆွတ်ခူးရရှိသည်။

ဒေါ်တင်တင်မူသည် ၁၉၅၁ ခုနှစ်တွင် ဦးဘကာ၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဦးချန်ထွန်းရိုက်ကူးသည့် "သူချစ်" ရုပ်ရှင်ဇာတ်ကား၌ အေဝမ်းညွှန့်မောင်၊ မေမြင့်၊ မောင်မောင်သန်း၊ မေလှမြိုင်တို့နှင့် တွဲဖက်သရုပ်ဆောင်သည်။ ထိုရုပ်ရှင်ဇာတ်ကားကိုတရုတ်နိုင်ငံတွင် ကျင်းပသော ၁၉၅၇ ခုနှစ် အာရှရုပ်ရှင်ပွဲတော်၌ ပြသသည့်အပြင် တရုတ်နိုင်ငံရှိ မြို့ကြီး ၁၀ မြို့သို့ လှည့်လည်ပြသရာ ပရိသတ်များ

အကြိုက်တွေ့ကြသည်။ တရုတ်နိုင်ငံက ထိုရုပ်ရှင်ဇာတ်ကား ကို စတာလင်ပေါင် ၂,၅၀၀ ဖြင့် ဝယ်ယူလိုက်သည်။

ဒေါ်တင်တင်မူသည် ၁၉၅၇ ခုနှစ်တွင် ခင်ဦးရုပ်ရှင် ကုမ္ပဏီကို တည်ထောင်၍ ၁၉၆၁ ခုနှစ်တွင် မြတ်မော်ဦး ရုပ်ရှင်ကုမ္ပဏီဟု အမည်ပြောင်းကာ ရုပ်ရှင်ဇာတ်ကား အများအပြားထုတ်လုပ်သည်။ ရုပ်ရှင်ရိုက်ကူးရင်း အခါအား လျော်စွာ ပြဇာတ်များလည်းကပြသည်။ ရုပ်ရှင်ဇာတ်ကား များနှင့် ပြဇာတ်များတွင် ကိုယ်တိုင်သီချင်းသီဆိုသည်။ သီဆိုခဲ့သော သီချင်းများအနက် "ရွှေလည်တိုင်" သီချင်း သည် ယခုတိုင်ထင်ရှားသည်။

ဒေါ်တင်တင်မူ ပါဝင်သရုပ်ဆောင် ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားများမှာ ချစ်၍ခေါ်ရာ၊ ချစ်သူမြတ်သူ၊ ကိုယ့်ရင်သွေး၊ ရတနာပုံ၊ ငယ်ကျွမ်းဆွေ၊ ချစ်သည်းညာ၊ ဘုန်းမောင့်သက်ဝေ၊ သွေးနဲ့နှင်းဆီ၊ မုန်းပန်းတစ်ပွင့်၊ ပျို့ဒါလင်၊ ဟေးဘုမ္မာ၊ ချစ်သွေးသစ္စာ၊ ချစ်ရေးမညီ၊ မိုးလုံးပတ်လည်၊ သခွပ်ပန်း၊ စိမ်း စသဖြင့် ရုပ်ရှင်ဇာတ်ကား ပေါင်း ၁၀၀ ခန့်ရှိသည်။ ထိုသို့ရုပ်ရှင်ဇာတ်ကား အမြောက် အမြားကို ဒါရိုက်တာများဖြစ်သည့် ဦးချန်ထွန်း၊ ဆရာခန့်၊ ရွှေဒုံးဘိအောင်၊ ဦးဘဇင်၊ ဦးချင်းစိန်၊ ဦးတင်မောင်၊ ဦးတင်ယု၊ ဘိုကလေးတင့်အောင်၊ ဦးသုခ၊ ဦးသက်လယ် စသော ဒါရိုက်တာများ၏ ညွှန်ပြမှုဖြင့် ရိုက်ကူးခြင်း ဖြစ်သည်။

ဒေါ်တင်တင်မူသည် ခေတ်အဆက်ဆက် ထင်ရှားခဲ့ သော ရုပ်ရှင်မင်းသား ခင်မောင်၊ မောင်တင်မောင်၊ ဇေယျ၊ ကျော် ဝင်း၊ ကျော် ဆွေ၊ တင်ညွန့်၊ ကျော်ဖေ၊ ရွှေဘ၊ ဖိုးပါကြီး၊ မြင့်အောင်၊ မောင်သင်း၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ဝင်းဦး၊ ကြည်စိုး၊ ဝင်းညွန့်၊ ထွန်းဝေ၊ ဗိုလ်ဗကို စသည့် ရုပ်ရှင်မင်းသားများဖြင့်လည်ကောင်း၊ ရုပ်ရှင် မင်းသမီး မေချစ်၊ မေမြင့်၊ မေသစ်၊ ခင်အုန်းမြင့်၊ မြင့်မြင့်ခင်၊ ကြည်ကြည်ဌေး၊ မြင့်မြင့်ဌေး၊ မေရီမြ၊ မေရီမြင့်၊ စံရွာတင်၊ ခင်ယုမေ၊ သင်းသင်းလဲ့၊ ဝါဝါဝင်းရွှေ၊ တင်တင်အေး၊ ဒေစီကျော် ဝင်း စသည့် ရုပ်ရှင်မင်းသမီး များဖြင့် လည်ကောင်း ရုပ်ရှင်ဇာတ်ကားများတွင် တွဲဖက် သရုပ်ဆောင် ရိုက်ကူးသည်။

ဒေါ်တင်တင်မူသည် မင်းသားသစ် ဘဆွေနှင့် လင်နဲ့ အပျိုဇာတ်ကား၊ မင်းသားသစ်မြတ်လေးနှင့် ပင်လုံထိပ်ထား ဦးဇာတ်ကား၊ မင်းသားသစ် မောင်သင်နှင့် ချစ်သွေးသစ္စာ ဇာတ်ကား၊ မင်းသားသစ် ဝင်းဦးနှင့် နှစ်ယောက်ထဲနေချင် တယ်ဇာတ်ကား၊ မင်းသားသစ် ဝင်းညွန့်နှင့် ရမ္မက်ဇာတ်ကား၊ မင်းသားသစ် ဗကျိအောင်စိုးနှင့် မိုးလုံးပတ်လည်ဇာတ်ကား တို့တွင် ပါဝင်သရုပ်ဆောင်ရိုက်ကူးသည်။ ထို့အပြင် မာမရှိန်း ဇာတ်ကားတွင် သန်းနွဲ့၊ ရမ္မက်ဇာတ်ကားတွင် ဇော်ခင်၊ ချစ်မိုးမြေဇာတ်ကားတွင် အောင်လွင်တို့ကို ဇာတ်ပို့အဖြစ်မှ ဇာတ်ဆောင်အဖြစ်သို့ မြှင့်တင်ပေးသည်။

ဒေါ်တင်တင်မူသည် သမီးဖြစ်သူ ရုပ်ရှင်မင်းသမီး ဒေစီကျော်ဝင်းနှင့်အတူ ချစ်တာသူ့ကို၊ နှစ်ယောက်ထဲနေ ချင်တယ်၊ သခွပ်ပန်း ဇာတ်ကားတို့တွင် တွဲဖက်သရုပ်ဆောင် ရိုက်ကူးသည်။ ဒေစီကျော်ဝင်းသည် ၁၉၇၁ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို "အားနွဲ့သူပါ ရှင့်" ဇာတ်ကားဖြင့် ဆွတ်ခူးရရှိသည်။ ဒေစီကျော် ဝင်း အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု ရရှိပြီး ကျော်ကြား နေစဉ် ဒေါ်တင်တင်မူသည် မုန်းမေ့ပါနိုင်၊ မတဲ့အတူနေ၊ စိမ်း၊ နှင်းပျောက်တဲ့နွေ စသည့် ရုပ်ရှင်ဇာတ်ကားများဖြင့် ပရိသတ်ကို ဖမ်းစားထားနိုင်သည်။

ဒေါ်တင်တင်မူသည် ဇမ္ဗူအေးရုပ်ရှင်မှ ဒါရိုက်တာ မောင်မောင်သောင်းရိုက်ကူးသည့် "သဲလွန်စ" ရုပ်ရှင်ဇာတ် ကားတွင် ကြည်စိုး၊ စမ်းစမ်းအေးတို့နဲ့ တွဲဖက်သရုပ်ဆောင် ခဲ့ရာ ၁၉၆၅ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ် ပို့ဆုကို ဆွတ်ခူးရရှိသည်။ ဖခင်ဦးကျော်ဝင်း၊ မိခင်ဒေါ်တင် တင်မူ၊ သမီးဒေစီကျော်ဝင်းတို့သည် မြန်မာ့ရုပ်ရှင်လောက တွင် အကောင်းဆုံး အမျိုးသားပညာရှင်ဆု၊ အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုနှင့် အကောင်းဆုံး အမျိုးသမီးဇာတ် ဆောင်ဆုများ ဆွတ်ခူးခဲ့ရာ စံပြုရမည့် မြန်မာ့ရုပ်ရှင် အကယ်ဒမီမိသားစုအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။

ဒေါ်တင်တင်မူသည် ၁၉၉၈ ခုနှစ်တွင် မြန်မာ့ရုပ်ရှင် သက်ကြီးအနုပညာရှင်များ ရန်ပုံငွေအတွက် ဒါရိုက်တာ ကျော်ဟိန်းရိုက်ကူးသည့် ပထမနိမိတ် ဗွီဒီယိုဇာတ်ကားတွင် နောက်ဆုံးအဖြစ် ပါဝင်သရုပ်ဆောင် ရိုက်ကူးသည်။

ငယ်ရွယ်နုပျိုစဉ်က ညို့မင်းသမီးအဖြစ် တင်စားခံခဲ့ ရပြီး ရုပ်ရှင်ဇာတ်ကားပေါင်း မြောက်မြားစွာတွင် ပါဝင် သရုပ်ဆောင်ခဲ့သည့် နိုင်ငံကျော် ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီဒေါ်တင်တင်မူသည် ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ခင်ပွန်းဖြစ် သူ ရုပ်ရှင်မင်းသားကြီး အကယ်ဒမီ ဦးကျော်ဝင်းမှာ ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ကွယ်လွန်ခဲ့ပြီးဖြစ်သည်။ ဒေါ်တင်တင်မူကွယ်လွန်ချိန်တွင် သမီးနှစ်ဦးဖြစ်သည့် ရုပ်ရှင်မင်းသမီး အကယ်ဒမီဒေစီကျော်ဝင်းနှင့် မေမီ ကျော်ဝင်းတို့ ကျန်ရစ်သည်။

စိုးအောင်

တောင်အာဖရိကနိုင်ငံ။ ။ဇန်နဝါရီလ ၆ ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် တောင်အာဖရိကနိုင်ငံသို့ ၄ ရက်ကြာခရီးသွားရောက်ခဲ့သည်။ သမ္မတမင်ဒဲလာ၏ နေရာကို ဆက်ခံမည့် ဒုတိယသမ္မတ သာဘိုအမ်ဘေကီနှင့် ပြန်လည်သင့်မြတ်ရေးအတွက် သွားရောက်ခြင်းဖြစ်မည်ဟု အများက ခန့်မှန်းကြသည်။ တိုနီဘလဲသည် သမ္မတ




တောင်အာဖရိကနိုင်ငံ သမ္မတသစ်ဖြစ်လာသည့် သာဘိုအမ်ဘီကီ

မင်ဒဲလာ၊ ဒုတိယသမ္မတ အမ်ဘေကီတို့နှင့် နိုင်ငံခြားရေး၊ စီးပွားရေးကိစ္စများကို တွေ့ဆုံဆွေးနွေးခဲ့သည်။ တိုနီဘလဲနှင့် အမ်ဘေကီတို့သည် ကြံ့ရွှယ်မှု ကြည်ချက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုကြည်ချက်အရ တောင်အာဖရိကသည် ဗြိတိန်မှ စစ်ပစ္စည်းများကို စတာလင်ပေါင် ၁ ဘီလီယံဖိုးဝယ်ယူရန်နှင့် ဗြိတိသျှကုမ္ပဏီများကလည်း တောင်အာဖရိကတွင် ပေါင် ၄ သန်းဖိုး တိုက်ရိုက် ရင်းနှီးမြှုပ်နှံရေးကို သဘောတူညီခဲ့ကြသည်။ တောင်အာဖရိကနှင့်ဗြိတိန်တို့အကြား နိုင်ငံရေးနှင့် စီးပွားရေး တို့တွင် တိုးချဲ့ဆက်သွယ်ရေးပြုလုပ်ရန် ညှိနှိုင်းခဲ့ကြသည်။

ဗြိတိန်၏ ဝန်ချတောင်းပန်မှုကို တောင်းဆိုသည့် ဘိုးဝါး – ၁၈၉၉–၁၉၀၂ ခုနှစ်များအတွင်းက ဖြစ်ပွားခဲ့သော ဘိုးဝါးစစ်ပွဲတွင် ဗြိတိသျှတို့၏ ကျူးလွန်ခဲ့မှုများနှင့် စပ်လျဉ်း၍ ဗြိတိသျှတို့က ချွင်းချက်မရှိ ဝန်ချတောင်းပန်ရန် လက်ယာဂိုဏ်းပါတီ ဖြစ်သည့် ပြုပြင်ပြီး အမျိုးသားပါတီခေါင်းဆောင် ဂျာ့(ပ်)မာရိုင်း(စ်)က ဇန်နဝါရီလ ၄ ရက်နေ့တွင် တောင်းဆိုလိုက်သည်။ ဇန်နဝါရီလ ၆ ရက်နေ့တွင် တိုနီဘလဲသည် ၄င်းပါတီခေါင်းဆောင် မာရိုင်း(စ်)နှင့် တွေ့ဆုံရန် ငြင်းဆန်ခဲ့သဖြင့် ပါတီဝင် ၅၀ ခန့်တို့သည် ပရိတိုရိးယားမြို့တော်ရှိ သမ္မတစည်ဝေဟာရှေ့တွင် ဆန္ဒပြခဲ့ကြသည်။

အပြန်အလှန်လူသတ်ပွဲများ – ဇန်နဝါရီလ ၂၃ ရက်နေ့ စောစောပိုင်းတွင် နေတယ်(လ်)ဒေသမှ နာမည်ဆိုးစစ်ဘုရင် ဆီဖိုအင်ကာဘင်ဒီသည် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည်။ သူသည်မကြာသေးမီကမှ ဖွဲ့စည်းလိုက်သည့် ညီညွတ်သောဒီမိုကရေစီလူပ်ရှားမှုပါတီ ၏ အတွင်းရေးမှူးလည်း ဖြစ်သည်။ ယင်းသို့ လုပ်ကြံသတ်ဖြတ်ခံလိုက်ရမှုကို လက်တုံ့ပြန်သောအားဖြင့် ထိုနေ့တွင်ပင် သေနတ်သမား ၄ ဦးတို့သည် အာဏာရအေအင်စီပါတီ၏ ဒေသခံ ခေါင်းဆောင်တစ်ဦး၏ နေအိမ်၌ ကျင်းပနေသော စျာပန အခမ်းအနားသို့ လာရောက်ပစ်ခတ်ခဲ့ကြသည်။ လူ၁၁ ဦးသေဆုံးသွားခဲ့သည်။ ထိုနေ့တွင်ပင် ညီညွတ်သောဒီမိုကရေစီလူပ်ရှားမှုပါတီမှ ဒေသခံခေါင်းဆောင်တစ်ဦးမှာ ပစ်သတ်ခံခဲ့ရပြန်သည်။ ဤကဲ့သို့ ခွါလူနေတယ်(လ်)ဒေသ၌ အပြန်အလှန် လူသတ်ပွဲများ ကျယ်ပြန့်လာမည်ကို အာဏာရ အေအင်စီပါတီက စိုးရိမ်နေသဖြင့် လုံခြုံရေးအင်အားများကို အမြန်ဆုံးဖြည့်တင်းပေးနေရသည်။

သမ္မတ မင်ဒဲလား၏ နောက်ဆုံးမိန့်ခွန်း – သမ္မတမင်ဒဲလားသည် သူ၏နောက်ဆုံး မိန့်ခွန်းကို ဖေဖော်ဝါရီလ ၅ ရက်နေ့က ပြောကြားခဲ့သည်။ ထို မိန့်ခွန်း၌ ရွေးကောက်ပွဲ အသစ်များ ကျင်းပမည့်နေ့ရက်တို့ကို ထုတ်ဖော်ပြောကြားခဲ့သည်။



ရာထူးမှ အနားယူသွားသည့် သမ္မတဟောင်း မင်ဒဲလား

ထို့ပြင်အေအင်စီပါတီအနေဖြင့် အာဏာရပြီးသည့် နောက်ပိုင်းတွင် အာဖရိကလူမည်းအများစုတို့ အတွက် စွမ်းဆောင်ပေးခဲ့မှုများကိုလည်း ချီးကျူးဖော်ပြခဲ့သည်။




လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် နာမည်ဆိုးစစ်ဘုရင် ဆီဖီကို အင်ကာဘင်ဒီ

လူပေါင်း သုံးသန်းအတွက် ရေကောင်းရေသန့် ရရှိရေး၊ နှစ်သန်းအတွက် လျှပ်စစ်စွမ်းအား ရရှိရေး၊ လူခုနှစ်သိန်းအတွက် နေအိမ်သစ်များ ရရှိရေးတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်းပြောကြားခဲ့သည်။ သို့ရာတွင် တောင်အာဖရိကဥ်အကျင့်ပျက်လာဘ်စားမှုများ၊ အကြမ်းဖက်ဒုစရိုက်မှုများ၊ ထူပြောနေသေးကြောင်း၊ လူမျိုးရေး တင်းမာမှုများလည်း ရှိနေသေးကြောင်းတို့ကို ပြောကြားခဲ့သည်။ အမျိုးသားချင်းပြန်လည်ပေါင်းစည်းညီညွတ်ကြမှသာလျှင် နောင်အနာဂတ်၌ တောင်အာဖရိကသည် ဒီမိုကရေစီနိုင်ငံ အဖြစ် အခိုင်အမာ ရပ်တည်နိုင်မည်ဖြစ်ကြောင်းသတိပေးပြောကြားခဲ့သည်။

ပြန်လည်စန်းပွင့်လာမည့် ဝင်နီမင်ဒဲလား – လာမည့်အထွေထွေရွေးကောက်ပွဲများ၌ ကိုယ်စားလှယ်လောင်းလျာထားသူများအနက် လိုလားအပ်သူများ၏ စာရင်းတွင် သမ္မတမင်ဒဲလား၏ ဇနီးဟောင်း ဝင်နီမင်ဒဲလားသည် အမှတ်စဉ် ၁၀ မှ ပါဝင်ကြောင်း ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အေအင်စီပါတီက ကြေညာခဲ့သည်။ ဤသို့ သတ်မှတ်ခံရခြင်းမှာ ဝင်နီမင်ဒဲလားအဖို့ နိုင်ငံရေးတွင် ပြန်လည်စန်းပွင့်လာခြင်းဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုနေကြသည်။ နောင်တက်လာမည့် သမ္မတ အမ်အေဘီ၏ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးရာထူးကို ရရှိသွားနိုင်ကြောင်း အတိုက်အခံများက ပြောကြားနေကြသည်။ အသားအရောင်ခွဲခြားမှုခေတ်တုန်းက ဝင်နီမင်ဒဲလားသည် သတ်ဖြတ်နှိပ်စက်မှုများကို သိရှိပြီး အကျုံးဝင်ပတ်သက်ခဲ့သည်ဟု အမှန်တရားကော်မရှင်က စွပ်စွဲရှုတ်ချခဲ့သည်။

ဘတ်ဂျက်သစ် – ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးထရီဗော မင်ညူယယ်က ၁၉၉၉–၂၀၀၀ ပြည့်နှစ်အတွက် ဘတ်ဂျက်အဆိုပြုချက်ကို ပါလီမန်သို့ တင်ပြခဲ့သည်။ ဘတ်ဂျက်သစ်တွင် အသုံးစရိတ်သည် ဝ.၅ ရာခိုင်နှုန်းတက်လာမည်ဖြစ်ပြီး လိုငွေပြမှုမှာ ဂျီဒီပီ၏ ၃.၅ ရာခိုင်နှုန်း ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။ စီးပွားရေး ကော်ပိုရေးရှင်းများအတွက် အခွန်ကို ၃၅ မှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပေးထားသည်။ ဝင်ငွေနည်းသူများအတွင်း ဝင်ငွေခွန်ကိုလည်း လျှော့ချထားသည်။ ဆင်းရဲမွဲတေသူများ၏ သက်သာချောင်ချိရေးနှင့် အလုပ်အကိုင်သစ်များ ဖန်တီးရေးတို့အတွက် သီးသန့်ရန်ပုံငွေအဖြစ် တောင်အာဖရိကသုံး ယမ်းငွေ တစ်ဘီလီယံ သတ်မှတ်ပေးထားသည်။

လက်နက်ဝယ်ယူရေးနှင့် ဝယ်အင်အားလျှော့ချရေး– ကာကွယ်ရေးဝန်ကြီး ဂျိုးမိုဒိုက်(စ်)သည် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကာကွယ်ရေးဆိုင်ရာ ကိစ္စများကို ကြေညာခဲ့သည်။ တောင်အာဖရိက အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ကို ခေတ်မီစေရေးနှင့် လက်နက်တပ်ဆင်ရေးတို့အတွက်



တောင်အာဖရိကနိုင်ငံရှိ စတော့ရှယ်ယာ အရောင်းအဝယ် ဌာနတစ်ခု

ဒေါ်လာ ၅ ဘီလီယံ သုံးစွဲမည်ဖြစ်ကြောင်း၊ နှစ်လယ်ပိုင်းတွင် ယင်းအစီအစဉ်ကို စတင် အကောင်အထည်ဖော်မည် ဖြစ်ကြောင်းပြောကြား‌ခဲ့သည်။ ဒုတိယကာကွယ်ရေးဝန်ကြီး‌ကလည်း လက်ရှိ တပ်အင်အား ၈၅၀၀၀ မှ ၇၀၀၀၀ အထိ မကြာမီ လျှော့ချမည် ဖြစ်ကြောင်း ပြောကြား‌ခဲ့သည်။

ဒေါ်လာဈေးကွက် အသက်ဝင်ရခြင်း – တောင်အာဖရိက ဒေါ်လာ‌မော်တော်ကား ကုမ္ပဏီဈေးကွက်၌ ယုန်ယူကွမ်သည် ဖေဖော်ဝါရီ လ ၃ ရက်နေ့က ဂျိုဟန်းနက်(စ်)ဘာ့(စ်)မြို့တွင် ပစ်သတ်ခံလိုက်ရသည်။ လူသတ်တရား‌ခံ မပေါ်သေး သော်လည်း ယုန်ယူကွမ်မှာ အငှား‌လူသတ်သမား‌၏ လက်ချက်ကြောင့် ဖြစ်နိုင်ကြောင်း တွက်ဆနေကြသည်။ ဒေါ်လာ‌ကုမ္ပဏီသည် တောင်အာဖရိက၌ မော်တော်ကား ထုတ်လုပ်မှုကို ဆောင်ရွက်နေသည်မှာ လပေါင်း ၃၀ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ယခုကဲ့သို့ အသတ်ခံလိုက်ရခြင်း‌ကြောင့် တောင်ကိုရီးယား‌၏ ရင်းနှီးမြှုပ်နှံမှုများ‌သည် ထိခိုက် ရပ်ဆိုင်း သွား‌နိုင်လေသည်။ အခြား‌နိုင်ငံများ‌မှ ကုမ္ပဏီတို့ ကလည်း တောင်အာဖရိကတွင် ဒုစရိုက်မှုများ ထူပြောနေသော‌ကြောင့် ဝန်ထမ်း‌အကြီး‌အကဲများ‌ကို စေလွှတ်တာဝန်ပေး‌ရန် အခက်အခဲရှိကြောင်း ပြောဆိုနေကြသည်။

နိုင်ငံရေးပါတီတို့၏အခြေအနေများ – ခွာဇူလူ-နေတယ်(လ်) ပြည်နယ်လွှတ်တော်မှ အမတ်တစ်ဦး‌ဖြစ်သူ ပေါင်ဝယ်(လ်)က အင်ကာသာ လွတ်လပ်ရေး‌ပါတီပိုင် လက်နက်တိုက်ကို ဖော်ထုတ်ညွှန်ပြလိုက်သည်။ မေလ ၁၂ ရက်နေ့တွင် ဖော်ထုတ်ချက်အရ ထိုလက်နက်တိုက်၌ လက်နက်နှင့် ကျည်ဆံအမျိုး‌မျိုး တန်ချိန် ၇ တန်အထိ ရှိကြောင်း တွေ့ရှိရသည်။ ထိုလက်နက်နှင့် ကျည်ဆံများ‌ကို လုံခြုံရေး‌ရဲတပ်မှ လူသတ်တပ်ဖွဲ့မှူး‌ဟောင်း ယူဂျင်း‌ဒီတောက်ထံမှ ရရှိခဲ့ခြင်း‌ဖြစ်ကြောင်း ပေါင်ဝယ်(လ်)က ပြောကြား‌ခဲ့သည်။

အောအင်စီပါတီတွင် လိုင်စင်ဖြင့် ကိုင်ဆောင်သော သေနတ် ၃၁၇ လက်ရှိကြောင်း မေလ ၁၁ ရက်နေ့တွင် ရဲတပ်ဖွဲ့က အတည်ပြုပြောကြား‌လိုက်သည်။ တောင်အာဖရိက၌ အောအင်စီပါတီသာလျှင် လိုင်စင်ဖြင့် လက်နက်ကိုင်ဆောင်ခွင့် ရရှိသည်။ လက်နက်ထိန်းချုပ်ရေး ရည်ရွယ်ချက်နှင့် ဆန်ကျင်လျက် အောအင်စီပါတီက လက်နက်ကိုင်ဆောင်နေခြင်း‌မှ နိုင်ငံရေး‌ပါတီတစ်ရပ်အဖို့ မသင့်လျော်ကြောင်း အတိုက်အခံပါတီများ‌က ဝေဖန်နေသော်လည်း အောအင်စီက မည်သို့မျှ ပြန်ကြား‌ခြင်း‌မရှိခဲ့ပေ။

ဤသို့သော် အခြေအနေများ‌ကို အကြောင်း‌ပြု၍ မေလ ၁၄ ရက်နေ့တွင် အောအင်စီပါတီနှင့် အင်ကာသာ လွတ်လပ်ရေး‌ပါတီတို့သည် ရွေး‌ကောက်ပွဲတွင် ကောင်း‌မွန်စွာ ပြုမူရေး‌အတွက် သဘောတူစာချုပ်ကို ချုပ်ဆို‌ခဲ့ကြသည်။ ခွာဇူလူ-နေတယ်(လ်)ဒေသ ရွေး‌ကောက်ပွဲများ‌တွင် အကြမ်း‌ဖက်မှုကို ရှောင်ရှား‌နိုင်ရေး‌အတွက် ဤသို့ ပြုလုပ်ခြင်း ဖြစ်သည်။

မင်ဒဲလား လာဘ်စား‌မှုသတင်း – နိုင်ဂျီးရီးနိုင်ငံပိုင် ရေနံကုမ္ပဏီနှင့် တောင်အာဖရိကမှ ပက်ထရိုအင်း‌နက် ကုမ္ပဏီတို့အကြား ရေနံအရောင်း‌အဝယ်စာချုပ်ကို ချုပ်ဆို‌ခဲ့သည်။ ယင်းသို့စာချုပ်ပြုလုပ်ရာတွင် စာချုပ်နှင့်အတူ အမေရိကန်ဒေါ်လာ ၁၃၄၀၀၀ တန် ချက်လက်မှတ် တစ်စောင် ပူး‌တွဲပါရှိလာသည်။ ထို့ပြင် ရေနံအရောင်း‌အဝယ်အတွက်အပြန်အလှန်ပေး‌စာများ‌နှင့်အတူ ထိုငွေပမာဏကဲ့သို့ပင် တန်ဖိုး‌ရှိသော ချက်လက်မှတ် တစ်စောင် ပါရှိခဲ့သည်။ ပက်ထရိုအင်း‌နက်ကုမ္ပဏီအနေဖြင့် ရေနံတင်သွင်း‌ခွင့် ကန်ထရိုက် ရရှိရေး‌အတွက် အဆိုပါ ချက်လက်မှတ်များ‌ကို သမ္မတ မင်ဒဲလား‌သို့ လာဘ်ငွေအဖြစ် ပေး‌ရခြင်း ဖြစ်သည့် သတင်း‌တစ်ရပ် ထွက်ပေါ်လာသည်။ မေလ ၂၁ ရက်နေ့တွင် ဤသတင်း‌သည် ဗြိတိသျှသတင်း‌စာများ‌သို့ ပေါက်ကြား‌သွား‌ခဲ့သည်။ ထိုသတင်း‌နှင့်စပ်လျဉ်း၍ မင်ဒဲလား‌၏ ရှေ့နေများ‌က ထိုချက်လက်မှတ်များ‌မှာ တောင်း‌ခံခြင်း‌မရှိဘဲ ပူး‌တွဲပါလာခြင်း‌ဖြစ်၍ အများ‌အကျိုး‌အတွက် အလှူငွေအဖြစ် လှူဒါန်း‌လိုက်ပြီး‌ဖြစ်ကြောင်း ဖြေရှင်း‌ကြသည်။

နာမည်ကြီး‌ကျာနယ်သမား‌ကို အလုပ်ဖြုတ်လိုက်ခြင်း – မက်(စ်)ဒူပရီး(ဇ်)သည် အာဖရိကနိုင်ငံသား လူဖြူကျာနယ်သမား တစ်ဦး‌ဖြစ်သည်။ အသား‌အရောင်ခွဲခြား‌မှုခေတ်အတွင်း‌က သူသည် လူဖြူများ‌ဖြင့် ဖွဲ့စည်း‌ထား‌သော လူသတ်တပ်ဖွဲ့တို့၏ ရက်စက်မှုများ‌ကို စုံစမ်း‌ဖော်ထုတ်ရေး‌သား‌ခဲ့ခြင်း‌ဖြင့် နာမည်ကျော်ကြား‌ခဲ့သူ ဖြစ်သည်။ တောင်အာဖရိက အသံလွှင့် ကော်ပိုရေး‌ရှင်း‌သည် မေလအတွင်း‌က သူအား အထက်အရာရှိများ‌ကို အကြီး‌အကျယ် မခန့်လေး‌စား‌ပြုမူဖြင့် ရာထူး‌မှ ထုတ်ပစ်ခဲ့သည်။ အဆိုပါ ကော်ပိုရေး‌ရှင်းသည် စုန်း‌အတတ်ပညာနှင့် ပတ်သက်သော မှတ်တမ်း‌တင် သတင်း‌ကို ထုတ်လွှင့်ခြင်း‌မပြုရန် ဆုံး‌ဖြတ်ခဲ့သည်။ ထိုဆုံး‌ဖြတ်ချက်ကို ဒူပရီး(ဇ်)က ဝေဖန်ခဲ့သည်။

ဤသို့ ဒူပရီး(ဇ်)အား ရာထူး‌မှ ထုတ်ပယ်လိုက်ခြင်း‌နှင့် စပ်လျဉ်း၍ အဆိုပါအသံလွှင့်ဌာနသည် အောအင်စီ၏ အသံဖြစ်နေပြီး‌ဟု စို့ရိမ်း‌မကင်း ဖြစ်လာနေကြသည်။ အောအင်စီဘည် သတင်း‌မီဒီယာများ‌အပေါ် သည်း‌ခံ

ခွင့်လွှတ်မှု လျော့ပါး၊လာနေပြီဟုလည်း ဝေဖန်နေကြသည်။ ဖိုင်နင်ရှယ်မေးလ် အမည်ရှိ မဂ္ဂဇင်း၏ ခေါင်းကြီးပိုင်းတွင် အတိုက်အခံပါတီဖြစ်သည့် ညီညွတ်သော ဒီမိုကရေစီလှုပ်ရှား‌မှုအဖွဲ့ကို ထောက်ခံရေး‌သား ခဲ့ကြသည်။ ယင်း‌သို့သော အရေး‌အသား‌အပေါ် မေလ ၁၂ ရက်နေ့တွင် အေအင်စီခေါင်း‌ဆောင် တစ်ဦး‌ဖြစ်သူ စီရယ်ရာမာပိုစာက အကြီး‌အကျယ် ပြစ်တင် ရှုပ်ချလိုက်သည်။

ရွေး‌ကောက်ပွဲ ရလဒ်များ – ဇွန်လ ၂ ရက်နေ့တွင် တောင်အာဖရိကနိုင်ငံ၌ အထွေထွေနှင့် ပြည်နယ်လွှတ်တော် ရွေး‌ကောက်ပွဲများ‌ကို ကျင်း‌ပခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ရွေး‌ကောက်ပွဲများ ကျင်း‌ပခဲ့စဉ်က အကြမ်း‌ဖက်မှုများ၊ မမှန်မကန် ပြုမှုများ ရှိခဲ့သော်လည်း ယခင် ရွေး‌ကောက် ပွဲများ‌တွင် အေး‌ချမ်း‌ငြိမ်သက်စွာ ဖြစ်ပေါ်ခဲ့သည်။ ဆန္ဒမဲပေး‌သူ အရေအတွက်လည်း မြင့်တက်လာခဲ့သည်။ ရွေး‌ကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သော နိုင်ငံရေး‌ပါတီအား‌လုံး‌က လွတ်လပ်၍တရား‌မျှတသော ရွေး‌ကောက်ပွဲများ‌ဖြစ်ကြောင်း ဝန်ခံပြော‌ကြား‌ကြသည်။ ယခု ရွေး‌ကောက်ပွဲများ‌၌ အေအင်စီပါတီသည် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ ထောက်ခံမဲပေါင်း ၆၆.၄ ရာခိုင်နှုန်း‌ရရှိ၍ အမတ်ဦး‌ရေစုစုပေါင်း ၄၀၀ အနက် အမတ်နေရာ ၂၆၆ ခုရရှိခဲ့သည်။ အခြေခံဥပဒေပြင်ဆင်ချက်ပြုနိုင်လောက်အောင် လွှတ်တော် တွင်း၌ ဆန္ဒမဲ သုံး‌ပုံနှစ်ပုံ ရရှိရန် တစ်မဲသာ လိုအပ်ခဲ့သည်။ အေအင်စီသည် အမတ်တစ်နေရာတည်း‌သာ ရရှိသော အိန္ဒိယလူနည်း‌စုပါတီ ဖြစ်သည့် လူနည်း‌စုတပ်ဦး‌နှင့် အာ‌ကာရ ညွှန်ပေါင်း‌အဖွဲ့‌ကို ဖွဲ့လိုက်သည်။ သို့ဖြစ်၍ အေအင်စီသည် လွှတ်တော် အတွင်း၌ အခြေခံဥပဒေ ပြင်ဆင်ချက်‌ကို တင်သွင်း‌သွား နိုင်ပြီ ဖြစ်သည်။

အင်‌ကာသာလွှတ်လပ်ရေး‌ပါတီသည် အမတ် ၃၄ ဦး‌အနိုင်ရရှိခဲ့ပြီး တတိယအင်အား‌အကြီး‌ဆုံး‌ပါတီ အနေအထား‌သို့ ရောက်ရှိသွား‌သည်။ အသား‌အရောင် ခွဲခြား‌မှုခေတ်က အာ‌ကာရပါတီဖြစ်ခဲ့သော အမျိုး‌သား‌ပါတီသည် ထောက်ခံမဲ ၆.၈၇ သာ ရရှိ၍ အမတ်ဦး‌ရေ ၂၈ ဦး‌သာ နေရာရရှိခဲ့သည်။ လူဖြူများ‌လွှမ်း‌မိုး‌သော အမျိုး‌သား‌ပါတီသစ်သည် တောင်အာဖရိကနိုင်ငံရေး ဇာတ်ခုံမှ မေ့ပျောက်သွား‌ဖွယ် အခြေအနေအထိ ကျဆင်း‌သွား‌သည်။ ထို့‌ကြောင့် ဒီမိုကရက်တစ်ပါတီသည် ထောက်ခံမဲ ၉.၈ ရာခိုင်နှုန်း‌ရရှိပြီး အမတ်နေရာ ၃၈ နေရာ ရခဲ့သဖြင့် ဒုတိယ အင်အား‌အကြီး‌ဆုံး ပါတီဖြစ်သွား‌သည်။

ပြည်နယ်လွှတ်တော်ရွေး‌ကောက်ပွဲများ‌တွင်လည်း အေအင်စီပါတီကပင် အမတ်နေရာအများ‌ဆုံး ရရှိခဲ့သည်။ ဆွာဇူလူ–နေတယ်(လ်)ပြည်နယ်တစ်ခုတည်း‌တွင် အင်‌ကာသာလွှတ်လပ်ရေး‌ပါတီက အမတ်နေရာ အများ‌ဆုံး‌ရရှိခဲ့သည်။



တောင်အာဖရိကနိုင်ငံအစိုး‌ရ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ကင်း‌လှည့် နေစဉ်

အနောက်ကိတ်(ပ်)ပြည်နယ်တွင် အေအင်စီသည် အမတ်နေရာ ၁၈ နေရာ ရရှိခဲ့သော်လည်း အမျိုးသားပါတီသစ် (အမတ် ၁၇ ဦး) နှင့် ဒီမိုကရက်တစ်ပါတီ (အမတ် ၇ ဦး) တို့က ညွှန့်ပေါင်းဖွဲ့လိုက်သဖြင့် ထိုပြည်နယ်၌ ညွှန့်ပေါင်းအဖွဲ့တွင် အမျိုးသားပါတီသစ်မှ ပြည်နယ်ဝန်ကြီးချုပ်နေရာကို ရယူသွားသည်။

သမ္မတသစ် အမ်ဘေကီ – ဇွန်လ ၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်က အတိုက်အခံမရှိဘဲ သာဘိုအမ်ဘေကီအား သမ္မတသစ်အဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြသည်။ ဇွန်လ ၁၆ ရက်နေ့တွင် ပရီတိုးရီးယားမြို့တော်၌ သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ နိုင်ငံအသီးသီးမှ သမ္မတပေါင်း ၃၀ နှင့်ဂုဏ်သရေရှိ လူကြီးများ အပါအဝင်ဧည့် ပရိသတ်ပေါင်း ၅၀၀၀ တက်ရောက်ခဲ့သည်။ ထိုကျမ်းသစ္စာကျိန်ဆိုပွဲတွင် သမ္မတသစ် အမ်ဘေကီက အလွန်အမင်း ဆင်းရဲစွာနေခဲ့ကြရသော တောင်အာဖရိက နိုင်ငံသား သန်းပေါင်းများစွာတို့အတွက် အမြန်ဆုံးချမ်းသာ ကြွယ်ဝလာအောင် လုပ်ပေးမည်ဖြစ်ကြောင်း၊ ၎င်း၏ အစိုးရအနေဖြင့် အေအိုင်ဒီအက်(စ်) ရောဂါပပျောက်ရေး၊ အကျင့်ပျက် လာဘ်စားမှုနှင့် ဒုစရိုက်မှုများကင်းရှင်းရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထည့်သွင်း ပြောကြား ခဲ့သည်။

သမ္မတအမ်ဘေကီ၏ အစိုးရအဖွဲ့တွင် ဝန်ကြီး ၃၀ ပါဝင်သည်။ ၎င်းတို့အနက် ၈ ဦးမှာ အမျိုးသမီးဝန်ကြီးများဖြစ်သည်။ ထိုအစိုးရအဖွဲ့သစ်၌ အင်ကာသာလွတ်လပ်ရေးပါတီမှ ခေါင်းဆောင် မန်ဂိုဆူသူ ဘူသေလေရိုက ဒုတိယသမ္မတရာထူးကို ငြင်းပယ်လိုက်ပြီး ပြည်ထဲရေးဝန်ကြီးနေရာကိုသာ ဆုပ်ကိုင်ထားသည်။ သို့ဖြစ်၍ အေအင်စီမှ ဒုတိယခေါင်းဆောင် ဂျက်ကော့ဗ်းမားသည် ဒုတိယသမ္မတအဖြစ် တာဝန်ယူလိုက်သည်။

သမ္မတဟောင်းဘိုသာအပေါ် စွပ်စွဲချက် – လူဖြူအုပ်စိုးမှုခေတ်က သမ္မတဟောင်းဘိုသာသည် ၁၉၈၅ ခုနှစ်က အသား:အရောင် ခွဲခြားမှုဆန့်ကျင်ရေးလှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ခဲ့သူ လူငယ် ၈ ဦးတို့အား သေစေခဲ့မှု၌ ပါဝင်ပတ်သက်မှုရှိကြောင်း သက်သေထွက်ဆိုချက်များအပေါ် အခြေခံလျက် အကွန်တရာကော်မရှင်က ဇူလိုင်လ ၁၅ ရက်နေ့တွင် ကြေညာခဲ့သည်။ ထိုကြေညာချက်အရ သမ္မတဟောင်းဘိုသာသည် တရားစွဲဆို ခံရဖွယ်ရှိသည်။

ဥရောပသမဂ္ဂနှင့်ကုန်သွယ်မှုစာချုပ် – လေးနှစ်ကြာအောင် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် အောက်တိုဘာလ ၁၁ ရက်နေ့တွင် တောင်အာဖရိကနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ သည် ကုန်သွယ်မှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ တောင်အာဖရိကနှင့် ဥရောပသမဂ္ဂတို့အကြား နှစ်စဉ် ကုန်သွယ်မှုတန်ဖိုးမှာ ဒေါ်လာဘီလီယံ ၂၀ ရှိသည်။ အဆိုပါ ကုန်သွယ်မှု၏ ၉၀ ရာခိုင်နှုန်း နီးပါးမျှအတွက် အခွန်ကောက်ခံမှုများကို ဖျက်သိမ်းလိုက်ကြမည်ဖြစ်သည်။ အဆိုပါ စာချုပ်သည် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အသက်ဝင်လာမည် ဖြစ်သည်။

ဒေါက်တာဘက်ဆွန်အမှုစတင်စစ်ဆေး – တောင်အာဖရိကရှိ မီဒီယာလောကမှ ဒေါက်တာမရကဟု ခေါ်တွင်သော ဒေါက်တာဘက်ဆွန်အပေါ် အမှုစတင်စစ်ဆေးကြားနာမှုကို အောက်တိုဘာလ ၄ ရက်နေ့က ပြုလုပ်လိုက်သည်။ လူသတ်မှု၊ မူးယစ်ဆေးဝါးရောင်းချမှု၊ လိမ်လည်လှည့်ဖျားမှုတို့ အပါအဝင် စွဲချက် ၆၁ ခုဖြင့် ၄င်းအပေါ် အမှုစစ်ဆေးနေခြင်းဖြစ်သည်။ အသားအရောင်ခွဲခြားမှုခေတ်ကသူသည် ဓာတုဗေဒနှင့် ပိုးမွှားလက်နက်များ ထုတ်လုပ်ရေးအစီအစဉ်ကို ၁၀ နှစ်မျှ ကြီးကြပ် အုပ်ချုပ်ခဲ့သူ ဖြစ်သည်။ ဓာတုဗေဒနှင့် ပိုးမွှားလက်နက်များထုတ်လုပ်ရေးအစီအစဉ်ကို တရားဥပဒေကြောင်းအရ စစ်ဆေးမှုတွင် တောင်အာဖရိကသည် ပထမဆုံးနိုင်ငံဖြစ်သည်။

အကျင့်ပျက်လာဘ်စားမှု ဆန့်ကျင်ရေး ကွန်ဖရင့် – ဘာလင်တွင် အခြေစိုက်ထားသော နိုင်ငံတကာ ထင်သာမြင်သာရှိရေးအဖွဲ့ (**Transparency International**) က ကြီးမှူးလျက် နဝမအကြိမ်မြောက် အကျင့်ပျက်လာဘ်စားမှုဆန့်ကျင်ရေး နိုင်ငံတကာ ကွန်ဖရင့်ကို ဒါဘန်မြို့၌ အောက်တိုဘာလ ၁၀–၁၅ ရက်နေ့များအကြား တွင် ကျင်းပခဲ့သည်။ အဆိုပါ ကွန်ဖရင့်၌ သမ္မတအမ်ဘေကီက ပြည်နယ်နှင့် ဒေသန္တရအောက်ခြေအဆင့်တို့တွင် အကျင့်ပျက်လာဘ်စားမှုများ ရှိကြောင်း ဝန်ခံပြောကြားခဲ့သည်။ အမ်ဘေကီက "အသားအရောင်ခွဲခြားကျင့်သုံးခဲ့တဲ့အတွက် နိုင်ငံဓရးနဲ့အကျင့်စာရိတ္တပိုင်းတွေမှာ တရားမဲ့မှုတွေဖြစ်ပေါ်ခဲ့ ပါတယ်။ ဆိုလိုတာကတော့ လူ့အဖွဲ့အစည်းအပြုအမူဆိုင်ရာ စံနှုန်းတွေကို လူတွေကပဲ သတ်မှတ်ပေးတယ်ဆိုတဲ့ အချက် ဖြစ်ပါတယ်" ဟု ဆက်လက် ရှင်းလင်း ပြခဲ့သည်။

နိုင်ငံတကာ ထင်သာမြင်သာ ရှိရေးအဖွဲ့၏ ညွှန်းကိန်းများအရကမ္ဘာပေါ်တွင် အကျင့်ပျက်လာဘ်စားမှုအဆိုးဆုံးဖြစ်ပေါ်နေသည့် နိုင်ငံပေါင်း ၈၅ နိုင်ငံရှိသည်။

၄င်းနိုင်ငံများအနက် တောင်အာဖရိကနိုင်ငံသည် အဆင့် ၃၂ နေရာ၌ ရှိပြီး ကင်မရွန်နိုင်ငံသည် ၈၅ ခုမြောက် နိုင်ငံဖြစ်သည်။

လက်နက်များရောင်းချမှုဝန်ခံချက်– အတိုက်အခံဖြစ်သော ဒီမိုကရက်တစ် ပါတီ၏ မေးမြန်းချက်ကို ပြန်လည် ဖြေကြား၍ အမျိုးသား သမားရိုးကျ လက်နက်များ ထိန်းချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီး ကာဒါအတ်(စ်)မားလ်က ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်တွင်းစစ်၌ ပါဝင် ပတ်သတ်နေသော နိုင်ငံများသို့ လက်နက်များရောင်းချခဲ့ကြောင်း နိဝင်ဘာလ ၂ ရက်နေ့က ဝန်ခံရှင်းလင်းခဲ့သည်။ ၂၀ မမ အမြောက်ဆံများနှင့် သံချပ်ကာ ကားများကို ရဝမ်ဒါနှင့်ယူဂန်ဒါသို့ ယမ်းငွေ ၄၃.၈ သန်းဖိုး ရောင်းချခဲ့ကြောင်း၊ ဆက်သွယ်ရေး ကိရိယာများ၊ မျက်ရည်ယိုဗုံးနှင့် မီးခိုးဗုံးများကို အင်ဂိုလာနှင့်ဇင်ဘာဘွေ နိုင်ငံသို့ ယမ်းငွေ ၁၃.၂ သန်းဖိုး ရောင်းချပေးခဲ့ကြောင်း ပြန်ကြားခဲ့သည်။

ကိတ်(ပ်)တောင်းမြို့ဗုံးခွဲမှုများ– ကိတ်(ပ်)တောင်းမြို့တွင် ဗုံးခွဲမှုပေါင်း ၈၀ ကျော် ဖြစ်ခဲ့သည်။ ထိုဗုံးခွဲမှုများအပေါ် ဆက်စပ်စုံစမ်းရာ အစွန်းရောက် အစ္စလာမ်ဝါဒီ ပဂဒ် အဖွဲ့ဝင်တစ်ဦး၏နေအိမ်၌ ဗုံးခွဲစနက်တံအဖြစ် အသုံးချသော မိုဘိုင်းလ်ဖုန်းများကို တွေ့ရှိခဲ့ရသည်။ ဗုံးခွဲမှုများ နှင့် ဆက်စပ်နေသော ကိရိယာများကိုလည်း တွေ့ခဲ့သည်။ သို့ဖြစ်၍ ပဂဒ်အဖွဲ့မှ ခေါင်းဆောင် ၄ ဦးအား ဒီဇင်ဘာလ ၂၉ ရက်နေ့က ဖမ်းဆီးလိုက်သည်။ ဖမ်းဆီး ခံရသူများတွင် ပဂဒ်အဖွဲ့ခေါင်းဆောင် အီဘရာဟင်လည်း ပါရှိသွားသည်။



ရုပ်ရှင်၊ ဂီတ ဓာတ်လောကတွင် အောင်မြင် ထင်ရှားခဲ့သော တွံတေးသိန်းတန်

တွံတေးသိန်းတန်၊ (ခရစ် ၁၉၄၂–၁၉၉၉)။ ။

မြန်မာ့ ဂီတလောကတွင် တွံတေးသိန်းတန်ဟု ထင်ရှားကျော်ကြားပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးက လူကြိုက်များခဲ့သော နိုင်ငံကျော် အဆိုတော် တွံတေးသိန်းတန်ကို ဖခင် မြန်မာသမားတော်ကြီး ဦးဖိုးဦး၊ မိခင် ဒေါ်ညိုတို့က ၁၉၄၂ ခုနှစ် (၁၃၀၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့)တွင် တွံတေးမြို့နယ် ရှမ်းစုကြီးကျေးရွာ အလယ်ပိုင်း၌ ဖွားမြင်သည်။ မွေးချင်းခြောက်ယောက်အနက် ပဉ္စမမြောက်သားဖြစ်သည်။

တွံတေးသိန်းတန်သည် ငယ်ရွယ်စဉ်ကပင် မြန်မာ့ရိုးရာတေးဂီတကို ဝါသနာအလျောက် လေ့လာဆည်းပူးသည်။ မြန်မာ့ရိုးရာတေးသီချင်းများကို မယ်ဒလင်ဖြင့် လေ့ကျင့်သီဆိုခဲ့သည်။ တွံတေးမယ်ဒလင် ဦးသန်းကြွယ်ထံတွင် တေးဂီတပညာ သင်ယူသည်။ ၁၉၅၉ ခုနှစ်တွင် တွံတေးမြို့ အစိုးရအထက်တန်းကျောင်းမှ နမဝတန်းအောင်မြင်ပြီးနောက် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ကာ ဂီတ လောကသို့ ဝင် ရောက်သည်။

တွံတေးသိန်းတန်သည် ၁၉၅၉–၆၀ ပြည့်နှစ်ဝန်းကျင်တွင် ဂီတာ ဦးသိန်းစိုးထံ၌ သီချင်းကြီးနှင့် ကာလပေါ် သီချင်းကြီးများ သီဆိုသည်။ စန္ဒရား မောင်မောင်အေး၏ မြင့်သီရိဝိုင်း၊ တေးနဝေ မောင်မောင်လေးအဖွဲ့၊ စန္ဒရား သိန်းစိုး၏ ဆန်းသစ်ဦး တူရိယာဝိုင်းအဖွဲ့တို့တွင် တေးရေးတေးဆိုအဖြစ် ကျင်လည် လှုပ်ရှားသည်။ တွံတေး မယ်ဒလင် ဦးသန်းကြွယ်၊ ဆန်းသစ်ဦး တေးဂီတအဖွဲ့ခေါင်းဆောင် ဦးသိန်းစိုးနှင့် ရေတပ်တီးဝိုင်းမှ ဦးသန်းမြင့်တို့သည် တွံတေးသိန်းတန်၏ ဂီတဆရာရင်းများ ဖြစ်သည်။

တွံတေးသိန်းတန်သည် ရန်ကုန်မြို့ရှိ အစိုးရပုံနှိပ်တိုက်တွင် တာဝန်ထမ်းဆောင်နေရာမှ ၁၉၆၁ ခုနှစ်တွင် မြန်မာ့အသံဓာတ်ပြား၊ ပိဋကတ်တိုက်၌ အောက်တန်းစာရေး၊ လက်ထောက်ဓာတ်ပြား၊ပိဋကတ်တိုက်မှူးအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့သို့ တာဝန်ထမ်းဆောင်ရင်း ဝါသနာပါရာ ဂီတပညာကို အပတ်တကုတ်ကြိုးပမ်းလေ့လာသည်။ ၁၉၆၂ ခုနှစ်တွင် ကိုယ်တိုင်ရေးသားသီဆိုသော “ထွေးညို” သီချင်းကို မြန်မာ့အသံမှ ထုတ်လွှင့်ခွင့် ရရှိသည်။

တွံတေးသိန်းတန်သည် ရေဒီယိုမှ ထွေးညိုသီချင်းထုတ်လွှင့်ပြီးနောက် လူကြိုက်အလွန်များကာ တေးရေးအဆိုတော်အဖြစ် နိုင်ငံတစ်ဝန်း ထင်ရှားကျော်ကြားသွားသည်။ ရောင်းတမ်းဓာတ်ပြားလောကက ထွေးညိုသီချင်းကို

ရောင်းတမ်းဓာတ်ပြား အဖြစ် ထုတ်လုပ်ရန် ကမ်းလှမ်းလာသည်။ ထွေးညိုသီချင်းကို ဓာတ်ပြားသီချင်းအဖြစ် ထုတ်လုပ်ရောင်းချခဲ့ရာအမြင့်ဆုံးအောင်မြင်မှု ရရှိသည်။ ထွေးညိုသည် တွံတေးသိန်းတန်၏ ပထမဆုံးအောင်မြင်မှု မှတ်တိုင်ဖြစ်ပြီး ထွေးညိုနှင့် တွံတေးသိန်းတန်၊ တွံတေးသိန်းတန် နှင့် ထွေးညို ခွဲခြားမရသည်အထိ အောင်မြင် ကျော်ကြားခဲ့သည်။

တွံတေးသိန်းတန်သည် ကိုယ်တိုင်ရေးသားသော သီချင်းများကို ဓာတ်ပြားပေါင်းမြောက်မြားစွာ သွင်းခဲ့ရပြီး တွံတေးသိန်းတန်၏ ဓာတ်ပြားရတေးသီချင်းများသည် ကျေးလက်ဒေသကို အများအပြား ကိုယ်စားပြုခြင်းကြောင့် စွဲးကွက်ဝင် အရောင်းရဆုံး အရောင်းသွက် ဓာတ်ပြားများဖြစ်ခဲ့သည်။ တွံတေးသိန်းတန် ကိုယ်တိုင်ရေးဓာတ်ပြားရတေးသီချင်းပေါင်း မြောက်မြားစွာ ရှိသည့်အနက် ၁၉၆၃ ခုနှစ်တွင် တောသားဧည့်သည်၊ ၁၉၆၄ ခုနှစ်တွင် ကွမ်းတောင်ကိုင်လေး ကိုယ့်ချစ်သူ၊ ၁၉၆၅ ခုနှစ်တွင် ပန်းနွယ်ကစိမ်း၊ ဘယ်ပန်းသာလိုယဉ်၊ မငိုပါနဲ့လှပါတယ်၊ နှမလက်လျှော့နေလေတော့၊ ၁၉၆၆ ခုနှစ်တွင် မောင်ရွှေရိုးနှင့် ချစ်စပယ်၊ ၁၉၆၇ ခုနှစ်မှ ၁၉၇၁ ခုနှစ်အတွင်း မြသီတာ အကြိုထောက်ပေမယ့်၊ အသံးတရာ အညာတစ်ခု၊ မေတ္တာမိုးအိမ်၊ မောင့်မမပန်းနွယ်၊ မျှော်ရပါကြောင်း နွေမိုးဆောင်း၊ ကိုယ်ရယ်မင်းရယ် ပိတောက်ရယ်၊ ဖိုးလမင်းကိုအောင်သွယ်ခိုင်းမယ်၊ အမေဆူရင် ငါဆီပြေးခဲ့၊ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ၊ ၁၉၇၂ ခုနှစ်တွင် မှုန်နဲ့သာ ခြယ်ကာသပါလို့၊ လူပျိုလိုချင်လျှောက်လွှာတင်၊ သီတင်းကျွတ်ရင် မင်္ဂလာဆောင်မယ်၊ ပန်းပန်တတ်အရွယ်၊ ၁၉၇၃ ခုနှစ်တွင် ချစ်ရက်တရာလွမ်းရက်တရာ၊ စိမ်းသင့်မှစိမ်း၊ ပျိုတိုဝ်ကြိုက်တဲ့နှင်းဆီခိုင်၊ ၁၉၇၄ ခုနှစ်တွင် တစ်ရွာသူမောင်ချစ်သဲ၊ ချိန်းတဲ့ည၊ သိပ်လှလို့စိတ်မချဘူး၊ ငယ်ချစ်ဦးနှင့် ၁၉၇၅ ခုနှစ်တွင် ချစ်တယ်ဆိုရင်မပြောတော့ဘူး စသည့် ဓာတ်ပြားသီချင်းများမှာ တေးဂီတလောကတွင် ထင်ရှားကျော်ကြားသည်။

တွံတေးသိန်းတန်သည် တေးရေးအဆိုတော် တွံတေးသိန်းတန်အဖြစ်သာမက ရုပ်ရှင်လောကတွင်လည်း ရုပ်ရှင်မင်းသားအဖြစ် အောင်မြင်မှုများ ရရှိသည်။ တွံတေးသိန်းတန်၏ ထွေးညိုသီချင်းအောင်မြင်မှု မှတ်တိုင်စိုက်ထူပြီးနောက် ၁၉၆၄ ခုနှစ်တွင် မြတ်ကဝိန်ရုပ်ရှင်မှ ဒါရိုက်တာဦးလှအောင်က အဆိုတော် တွံတေးသိန်းတန်ကို မင်းသားအဖြစ် တင်ကာ ခင်သန်းနု၊ စန်းစန်းဝင်းတို့ဖြင့် တွဲ ဖက်ကာ ထွေးညိုကို ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ရာ ပရိသတ်များ ကြိုက်နှစ်သက်ပြီး ရုပ်ရှင်မင်းသား တွံတေးသိန်းတန်ဟူ၍ နာမည် ကျော်ကြားလာသည်။

တွံတေးသိန်းတန်သည် ၁၉၆၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ရုပ်ရှင်ဇာတ်ကား ၆၇ ကားနှင့် ၁၉၈၂ ခုနှစ်တွင် ရုပ်ရှင်ဇာတ်ကား တစ်ကား စုစုပေါင်း ရုပ်ရှင်ဇာတ်ကား ၆၈ ကားတွင် ရုပ်ရှင်မင်းသားအဖြစ် သရုပ်ဆောင် ရိုက်ကူးသည်။ တွံတေးသိန်းတန် သရုပ်ဆောင်သော ရုပ်ရှင်ဇာတ်ကားများအနက် ထွေးညို၊ ချစ်သူပေးသော တေးတစ်ပုဒ်၊ ပန်းနွယ်ကစိမ်း၊ အညာသားလေး၊ ချစ်ရက်ကယ်နှောင်း၊ ချမ်းမြမြ သီတဂူ၊ တောင်ကုန်းအမှတ် ၁၉၉၊ မေတ္တာနှင့်သစ္စာ၊ သီတာသောင်ခြေဦး၊ လွမ်းစေတီနှင့် မာယာရှင်၊ နွေဦးကာလမြူထသောအခါ၊ ပိတောက်စိမ်း၊ မြခြူသံ၊ ကိုယ်ရယ်မင်းရယ် ပိတောက်ရယ်၊ စောင်းသံတိတ်မှ အိပ်ပါလား စသည့် ရုပ်ရှင်ဇာတ်ကားများမှာ အထူးကျော်ကြား လူကြိုက်များသည်။ ရုပ်ရှင်မင်းသားအဖြစ် သရုပ်ဆောင်ရာတွင် ကျေးလက်လူတန်းစားဘက်မှ ရပ်တည်သော ဇာတ်ကောင်အဖြစ် အများဆုံးပါဝင် သရုပ်ဆောင်ပြီး အပြော၊ အဆို၊ သရုပ်ဆောင်မှု ပိုင်နိုင်ခြင်းကြောင့် တောရောမြို့ပါ လူကြိုက်များသော ရုပ်ရှင်မင်းသား အဖြစ် ပရိသတ်အများစုက သတ်မှတ်ခဲ့သည်။

တွံတေးသိန်းတန်သည် ရုပ်ရှင်ဇာတ်ကားများဆက်တိုက် ရိုက်ကူး သရုပ်ဆောင်ခဲ့ရာ အညာသားလေး ဇာတ်ကားမှစ၍ ရုပ်ရှင်လောကတွင် တွံတေးသိန်းတန် ခေတ်တစ်ခေတ်အဖြစ် အောင်မြင်မှုများ ရရှိသည်။ တွံတေးသိန်းတန်နှင့် ခေတ်ပြိုင် ရုပ်ရှင်မင်းသားများမှ ကောလိပ်ဂျင်နေဝင်း၊ ညွှန့်ဝင်း၊ ထွန်းဝေ၊ ဝင်းဗိုလ်၊ ဇော်ဝမ်း၊ ဇော်လင်း၊ ခင်မောင်ထွေး၊ မောင်သန်းဝင်း၊ မောင်ယဉ်ထွေးတို့ဖြစ်ပြီး တွံတေးသိန်းတန်နှင့် အများဆုံးတွဲဖက်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသမီးများမှာ ခင်သန်းနု၊ ဝါဝါဝင်းရွှေ၊ မြင့်မြင့်ခိုင်၊ တင်တင်ညို၊ စန္ဒာ၊ ထား ထား နွယ်၊ တင်တင်နွဲ့၊ ဒေစီကျော်ဝင်း တို့ ဖြစ်သည်။

တွံတေးသိန်းတန်သည် ရုပ်ရှင်မင်းသားအဖြစ် အောင်မြင်ကျော်ကြားရုံသာမက သူပါဝင်သရုပ်ဆောင်သည့် ကိုယ်ရယ် မင်းရယ် ပိတောက်ရယ် ဇာတ်ကားတွင် ဝတ္ထု၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ကြီးကြပ် ရိုက်ကူးခဲ့ပြီး ဒီသူငယ်မအလှဆုံး ဇာတ်ကားမှာ တွံတေးသိန်းတန်၏ ဝတ္ထုနှင့် မောင်ရုပ်ဆိုး မိုးသူဇာ ခြံအမှတ် ၉ ဇာတ်ကားမှာ တွံတေးသိန်းတန်၏ ဇာတ်ညွှန်း ဖြစ်သည်။

တွံတေးသိန်းတန်သည် ရုပ်ရှင်မင်းသားအဖြစ် အောင်မြင်ကျော်ကြားရုံသာမက သူပါဝင်သရုပ်ဆောင်သည့် ကိုယ်ရယ် မင်းရယ် ပိတောက်ရယ် ဇာတ်ကားတွင် ဝတ္ထု၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ကြီးကြပ် ရိုက်ကူးခဲ့ပြီး ဒီသူငယ်မအလှဆုံး ဇာတ်ကားမှာ တွံတေးသိန်းတန်၏ ဝတ္ထုနှင့် မောင်ရုပ်ဆိုး မိုးသူဇာ ခြံအမှတ် ၉ ဇာတ်ကားမှာ တွံတေးသိန်းတန်၏ ဇာတ်ညွှန်း ဖြစ်သည်။

တွံတေးသိန်းတန်သည် တေးရေး၊ အဆိုတော်၊ ရုပ်ရှင်မင်းသား နှင့် ဒါရိုက်တာအဖြစ်သာမက သီချင်းဆိုရင်း၊ ရုပ်ရှင်ရိုက်ကူးရင်းဖြင့် ဝတ္ထုများလည်း ရေးသားသည်။ မခေါ်သာတော်ရာက ပြိုးပါ့မယ်၊ ချူမလွယ် ခွေမလွယ်၊ သောကမင်းသမီးနှင်း၊ ရွှေတံခါးကြီးဖွင့်ပါဆို၊ အချစ်ကစနေကိုယ်ကစနေ၊ ပန်းပန်တတ်တဲ့အရွယ်၊ ရွှေပေါ်မြတင်ထားချင်သော်လဲ စသည့် ဝတ္ထုစာအုပ်ပေါင်း ၃၀ ကျော် ရေးသားထုတ်ဝေခဲ့သော စာရေးဆရာတစ်ဦးဖြစ်သည်။ တွံတေးသိန်းတန် ရေးသားသော ဝတ္ထုများမှာ ထင်ရှားကျော်ကြားလူကြိုက်များသည်။

တွံတေးသိန်းတန်သည် ၁၉၇၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ တွံတေးသိန်းတန် ဂီတရုပ်ရှင်ပြဇာတ်သဘင် ဟူသောအမည်ဖြင့် ဇာတ်သဘင်အဖွဲ့ကိုတည်ထောင်ကာ အဖွဲ့သား ၁၀၀ ကျော်ဖြင့် မြန်မာ့ရိုးရာ ဇာတ်သဘင်ပညာပိုင်းမှ ကပြရပ်တည်ခဲ့သည်။ ဇာတ်သဘင်လောကဌ်လည်း ဇာတ်ဆရာ ဇာတ်မင်းသားအဖြစ် အောင်မြင်သည်။ ဇာတ်ကရင်း အသည်းခြောက်ရောဂါဖြစ်ခြင်းကြောင့် ဇာတ်သဘင်အလုပ်ကို ရပ်နားလိုက်ရသည်။

တွံတေးသိန်းတန်သည် ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် တေးသီချင်း စီးရီးခွေများ အသံသွင်းသီဆိုခြင်း၊ ဗီဒီယို ဇာတ်ကားများ ရိုက်ကူးခြင်းတို့ကို လုပ်ကိုင်သည်။ အိတ်ဖောင်းလို့ စိတ်ပြောင်းတာလား၊ လေးဆယ်ကျော် အချစ်စသည့် ဗီဒီယိုဇာတ်ကားပေါင်း ၂၈ ကား ရိုက်ကူး ခဲ့ရာ ပရိသတ်များ အကြိုက်တွေ့ပြီး အောင်မြင်မှု ရရှိခဲ့သည်။

တေးသီချင်းပေါင်း ထောင်ကျော်၊ ရုပ်ရှင်ဇာတ်ကား ၆၈ ကား၊ ဗီဒီယိုဇာတ်ကား ၂၈ ကား၊ ဝတ္ထုစာအုပ် ၃၀ ကျော်၊ စီးရီးခွေပေါင်း များစွာ ရေးသားသီဆို သရုပ်ဆောင်ခဲ့သော တေးရေး၊ အဆိုတော်၊ ရုပ်ရှင်မင်းသား၊ ဒါရိုက်တာ၊ စာရေးဆရာ၊ ဇာတ်ဆရာ တွံတေးသိန်းတန်သည် ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

စိုးအောင်



မွေးနေ့မင်္ဂလာအခမ်းအနားတွင် တွံတေးရသည့် ထိုင်းဘုရင်ဘူမိဘောအဒူလ်လျာဒက်၏

ထိုင်းနိုင်ငံ။ ။နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံတွင် အဓိကကျသောဥပဒေများ ပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် အထွေထွေရွေးကောက်ပွဲ စောစီးစွာ ကျင်းပပေးမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ဆွန်လိပိုင်က ထပ်မံအတည်ပြု ပြောကြားခဲ့သည်။ နှစ်သစ်ကူး မိန့်ခွန်းပြောကြားရာတွင် ယခင်ကပေးထားသောကတိအတိုင်း လေးနှစ်သက်တမ်း မပြည့်မီ ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ မိမိ၏အစိုးရအဖွဲ့သည်စီးပွားရေးပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရေးနှင့် အထွေထွေရွေးကောက်ပွဲသစ်တစ်ရပ် ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ လိုအပ်သော ဥပဒေများအားလုံးကို လာမည့် ပါလီမန်အစည်းအဝေးတွင် ပြည့်စုံစွာ ပြဋ္ဌာန်းသွားနိုင်မည်ဟု မျှော်လင့်သည်။ လာမည့် ဇွန်လနှင့် အောက်တိုဘာလများ၌ ပြုလုပ်မည့် ပုံမှန်ပါလီမန်အစည်းအဝေးများကို ရည်ညွှန်း၍ ဆွန်လီပိုင်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ အဓိကကျသောဥပဒေများသည် သက်တမ်း (၂) နှစ်ရှိလျှင်ဖြစ်စေ၊ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလတွင်ဖြစ်စေ အတည်ပြုပြီးဖြစ်သည်။ ယင်းဥပဒေများ၏ ၈၀ ရာခိုင်နှုန်းမှာ ပါလီမန်သို့ ဇရာက်ရှိနေကြပြီး အချို့မှာ ဆွေးနွေးပြီးဖြစ်သည်။ ညွှန့်ပေါင်းအစိုးရ မဟာမိတ်များက ဝန်ကြီးချုပ် ဆွန်လိပိုင်အား ၂၀၀၀ ပြည့်နှစ်အထိ သက်တမ်းပြည့် ရာထူးတွင် ဆက်လက် တာဝန်ယူသွားရန် တိုက်တွန်းလျက်ရှိနေကြပြီး အတိုက်အခံများကမူ ယင်းတိုက်တွန်းချက်ကို လက်မခံဘဲ ရှိနေကြသည်။ အတိုက်အခံများက ညွှန့်ပေါင်းအစိုးရအား

ထိုင်းအစိုးရအဖွဲ့ကို ဇူလိုင်လ ၁၀ရက်နေ့က ပြောင်းလဲဖွဲ့စည်းရာ၌ ဝန်ကြီးသစ်ခြောက်ဦးနှင့် ဒုတိယဝန်ကြီးရှစ်ဦးတို့ကို ခန့်ထားလိုက်သည်။ အာဏာရည်မှန်ပေါင်း ပါတီမှ ပါတီငယ်တစ်ခု နှုတ်ထွက်သွားခဲ့သဖြင့် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့် အစိုးရအဖွဲ့မူဝါဒရေးရာတို့ကို ထိခိုက်ဖွယ်မရှိဟု ဆိုသည်။ ထိုင်းအစိုးရအဖွဲ့ကိုပြင်ဆင်ဖွဲ့စည်းရာတွင် သြဇာအာဏာနည်းသော ဝန်ကြီးဌာနများသာ ဖြစ်ကြပြီး ယခင်က မျှော်လင့်ထားသည့်အတိုင်း လက်ရှိဝန်ကြီးချုပ် ချမ်းလီပိုင်၏အများစု ဒီမိုကရက်တစ်ပါတီဝင်များ ရယူထားကြသော အဓိကဌာနများ ဖြစ်ကြသည့် ဘဏ္ဍာရေး၊ ကူးသန်းရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ပြည်ထဲရေး၊ စက်မှုလုပ်ငန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနများတွင်မူ ထိခိုက်မှုရှိမည် မဟုတ်ဟုဆိုသည်။

ထိုင်းအစိုးရအဖွဲ့ ပြန်လည်ပြင်ဆင် ဖွဲ့စည်းခြင်းမှာ ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံး စီးပွားရေးကပ်ဆိုက်မှုမှ ဖေးမကယ်တင်ရန် ထိုင်းအစိုးရ၏ ကြိုးပမ်းဆောက်ရွက်မှုဖြစ်သော စီးပွားရေးပြုပြင် ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်သွားဖွယ်ရာရှိကြောင်း နိုင်ငံရေးသုတေသီများကပြောကြားသည်။ ဒီမိုကရက်တစ်ပါတီမှ ဝါရင့်ပုဂ္ဂိုလ်တစ်ဦး အယုံအကြည်မရှိအဆိုတင်သွင်းရန် စိုင်းပြင်းလျက်ရှိနေကြစဉ် ယင်းတိုက်တွန်းချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်ရာတွင် စုပေါင်းညီညွတ်မှုနှင့် စိတ်ရှည်သည်းခံနိုင်သော အရည်အသွေးကိုထိန်းသိမ်းစောင့်ရှောက်ရန် ထိုင်းပြည်သူများအား ထိုင်းဘုရင် ဘူမိဘောအာဒုလျာဒက်ချက တိုက်တွန်းလိုက်သည်။ ဘုရင်က ဇန်နဝါရီလ ၁ ရက်နေ့တွင် နှစ်သစ်ကူးမိန့်ခွန်းပြောကြားရာတွင် စီးပွားရေး မုန်တိုင်းနှင့်အခြားဖြစ်ပေါ်နေသော လက်ရှိပြဿနာများကို စုစည်းညီညွတ်စွာနှင့် သည်းခံစိတ်ရှည်ကြရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထိုင်းနိုင်ငံ၏ လူဦးရေမှာ ၁၉၉၈ ခုနှစ်တွင် ၆၀၈၁၆၂၇၇ ဦးရှိခဲ့ရာမှ ၁၉၉၉ ခုနှစ်ဆန်းပိုင်းတွင် လူဦးရေ ၆၁၄၆၆၁၇၈ ဦးရှိလာပြီး လူဦးရေ ၆၄၉၉၅၁ ဦးရေတိုးလာကာ ၁ ဒသမ ၀၆ ရာခိုင်နှုန်း တိုးလာကြောင်း ဒေသန္တရအုပ်ချုပ်ရေးဌာန စာရင်းများတွင် ဖေဖော်ဝါရီလ ၂ရက်နေ့က ဖေါ်ပြသည်။ ယင်းစာရင်းတွင် ယောကျ်ား ၃၀၅၉၃၆၀၂ ဦးရေရှိပြီး မိန်းမ ၃၀၇၄၅၇၆ ဦးရှိသည်။ ဗန်ကောက်မြို့တော်တွင် လူဦးရေထူထပ်စွာ နေထိုင်ပြီး စုစုပေါင်း ၅၆၄၇၉၉ ဦးရှိရာ ယောကျ်ား ၂၇၆၂၁၅ ဦးနှင့် မိန်းမ ၂၈၁၅၆၄၇ ဦးဖြစ်သည်။



ထိုင်းဘုရင်သည် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ဤသို့.ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်တတ်သည်



ကျေးလက်ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဤသို့ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းတတ်သည်

ဖြစ်သူ ထရာအီရွန်ဆုဝမ်စီရီကို ဒုတိယဝန်ကြီးချုပ်အဖြစ် အခြားဒီမိုကရက်တစ်ပါတီဝင် တစ်ဦးဖြစ်သူအာသစ်အူရိုင်ရတ်အား သိပ္ပံနည်းပညာနှင့် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ဝန်ကြီးချုပ်ချုန်သည် ဒုတိယရာထူးသက်တမ်းကို ၁၉၉၇ ခုနှစ် နိဝင်ဘာလတွင် စတင်ခဲ့ပြီး နောက် အစိုးရအဖွဲ့ကို ဒုတိယအကြိမ် ပြင်ဆင်ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

တစ်ပတ်ရစ်လေ့ကျင့်ရေးနှင့် တိုက်ခိုက်ရေးလေယာဉ် ၂၅ စင်းကို ဝယ်ယူရန် မိမိအစိုးရက ဆုံးဖြတ်ထားသည်ဟု ဝန်ကြီးချုပ် ချမ်လီပိုင်က ဩဂုတ်လ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ အစိုးရအဖွဲ့သည် လေယာဉ်များဝယ်ယူရန် ထိုင်းလေတပ်အား ဒေါ်လာ ၂၇သန်းကျော်ပေးကားသည်။ထိုင်းလေတပ်က ဝယ်ယူမည့် လေယာဉ်များမှာ ၁၉၉၉ ခုနှစ်တွင် ဂျာမနီက လုပ်ငန်းမဆောင်ရွက်နိုင်တော့သော လေယာဉ်များဖြစ် သည်ဟု ချမ်လီပိုင်က ပြောကြားသည်။ ဘတ်ဂျက်ခွင့်ပြုငွေအများစုကို ဂျက်လေယာဉ်များပြုပြင်ထိန်းသိမ်း ရန်အသုံးပြုမည်ဟု လေတပ်အရာရှိများက စောစောပိုင်းတွင် ပြောကြားခဲ့သည်။ ဂျာမနီအစိုးရနှင့် သဘောတူညီချက်အရ လေယာဉ်များကို ထိုင်းနိုင်ငံသို့ တစ်နှစ်သို့မဟုတ် နှစ်နှစ်အတွင်း ပို့ပေးမည်ဟု မျှော်လင့်ကြောင်း ချုန်က ပြောကြားသည်။ ယခု ဝယ်ယူသော အယ်ဖာဂျက်လေယာဉ်များကို သုံးလေးနှစ်အတွင်း လုပ်ငန်းမှ အနားပေးတော့မည့် အိုမို့ ၁၀ထောက်လှမ်း ရေးလေယာဉ်များနေရာတွင် အစားထိုးသုံးစွဲသွားမည်ဟု လေတပ်အရာရှိများကပြောကြားသည်။

ဘုရင်မင်းမြတ်ကိုယ်တိုင် ပံ့ပိုးကူညီမှုဖြင့် ပထမဆုံးအကြိမ် နိုင်ငံသားတစ်ဦး ရေးသားပြုစုခဲ့သော ထိုင်းဘုရင်ဘူမိဘောအဒူလ်လျာဒက်ရဲ့ အတ္ထုပ္ပတ္တိစာအုပ်ရောင်းချမှုကို ထိုင်းအာဏာပိုင်များက ဟန့်တားရန် ကြိုးစားနေသည်ဟု ဆိုသည်။ ထိုစာအုပ်ကို ပိတ်ပင်ရန် အလားအလာရှိသည်ဟု ယူဆရသည်။ နာမည်ကျော်တေးသံစုံ၊ ရုပ်ရှင် "ဘုရင်နှင့်ကျမ" ဇာတ်ကား၏ နောက်ဆက်တွဲအဖြစ် ကြော်ငြာပေးခဲ့သောဤ "တော်လှန်သောအမြင်နှင့်ဘုရင်" စာအုပ်ကို ၁၉၉၉ ခုနှစ် ဇူလိုင်လတွင် လန်ဒန်မြို့၌ ထုတ်ဝေဖြန့်ချိခဲ့သည်။ ထိုင်းတော်ဝင်မသား၊ စုထုတ်ဝေသမျှ စာအုပ်စာပေတို့တွင် ယခုစာအုပ်မှာ အတွင်းကျသော ပုံရိပ်တစ်ခု ဖြစ်သည်။ ထိုင်းစာအုပ်ဆိုင် အတော်များများက ထိုစာအုပ်ကိုမှာယူတင်သွင်းခြင်း မပြုကြချေ။ သို့ရာတွင် စာအုပ်ရောင်းချနေသော ဆက်သွယ်ရေး ကွန်ရက်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ရောက်ရှိလာနေသည်။ မိတ္တူလက်ရာ အတော်များများလည်း အတော်ပျံ့နှံ့နေသည်ဟု ဆိုသည်။ ထိုစာအုပ်ကို မဖတ်ရသေးသော်လည်း အစိုးရ၏ ငြိုငြင်ခြင်းမှာ စာအုပ်တွင် အချက်အလက်မှားယွင်းခြင်းနှင့် တော်ဝင်မိသားစုအား

ထိုက်တန်စွာ ဂါရဝပြုမှု ချို့တဲ့အား နည်းသောကြောင့် ဖြစ်သည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်မစွတာဒွန်က ပြောကြား သည်။ ထိုင်းနိုင်ငံတွင် ပြည်သူတို့က အာဏာတ်မြတ်ထား သော ဘုရင်၏ဂုဏ်သိက္ခာကို ထိပါးသောစကား လုံး အသုံးအနှုန်းများအတွက် ရာဇဝတ်မှု အဖြစ် သတ်မှတ်သော ပြင်းထန်သောဥပဒေများရှိသည်။ မိမိတို့တွင် ဤသို့တား ဆီးပိတ်ပင်မှုမျိုး ပြုလေ့မရှိပါကြောင်း၊ သို့သော် ပြုပြီဆိုလျှင် လေးလေးနက်နက် ကြပ်ကြပ် မတ်မတ်ပြုမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြား သည်။ စာအုပ်ကို ရေးသားပြုစုခဲ့သူ စိလီယံစတီဗင်ဆက် ကမူ ထိုင်းဘုရင်၏ ပန်ကြားချက်ကြောင့် သူဆောင်ရွက် ခဲ့သော ဤလုပ်ရပ်အပေါ် ဤသို့တုံ့ပြန်ခံရ၍ ဝမ်းနည်း သည်ဟု ဆိုသည်။ စာအုပ်တစ်အုပ်လုံးတွင် ဘုရင်အား စာရေးသူက အငယ်လေးဟု အဓိပ္ပာယ် တက်ရောက်သော အိမ်သုံးငယ်နာ မည်ဖြင့် ရည်ညွှန်ထား သည်။ ထိုင်းနိုင်ငံနှင့် တော်ဝင်မိသားစု သဘာဝကို ကောင်းကောင်းနားလည်ခဲ့၍ မည်သို့သုံးနှုန်းရမည်ကို သိသင့်သည်ဟု ဒွန်က ဆိုသည်။ ထိုနာမည်သုံးစွဲခြင်းတစ်ခုတည်းကပင် စာအုပ်ကို ပိတ်ပင် ရန်အကြောင်း လုံလောက်သည်ဟု ဒွန်က ထပ်လောင်း ပြောကြား သည်။

တရုတ်သမ္မတကြီး ကျန်ဇီမင်း ထိုင်းနိုင်ငံ ဗန်ကောက် မြို့သို့စက်တင်ဘာလ ၂ ရက်နေ့က အစိုးရဧည့်သည်တော် အဖြစ်ရောက်ရှိလာရာ တရုတ်သမ္မတကြီးအား ဂုဏ်ပြုသော အားဖြင့် ဗန်ကောက်မြို့တော် သော့ကို ပေးအပ်ခဲ့သည်။ ဗန်ကောက်မြို့အလယ်ပိုင်းရှိ မဟာဂျီ ဆာဒါဘိဒင်ခန်းမတွင် ဗန်ကောက်မြို့တော်အုပ်ချုပ်ရေး အရာရှိဘီဟိုချစ်ရက် တကူကသမ္မတကြီး ကျန်ဇီမင်းအား လွှဲသော့ပေးအပ်သည်။ သမ္မတကြီး ကျန်ဇီမင်း၏ခရီးစဉ်မှာ အလွန်အရေးပါအရာ ရောက်ပြီး ဗန်ကောက်မြို့သူမြို့သား များ၏ နှလုံးသား စိတ်အာရုံတွင် အစဉ်အမြဲ နက်ရှိုင်းစွာ စွဲထင်အမှတ်ရ စေမည်ဖြစ်သည်။ နှစ်နိုင်ငံ မြို့တော်များဖြစ်သော ဗန်ကောက်နှင့်ပိကင်းတို့သည် ညီအစ်မမြို့များ ဖြစ်လာ ကြသည် စသည်ဖြင့် ဘီဟိုချစ်က ထောက်ပြပြောကြား သည်။ အိမ်ရှင်၏ဧည့်ဝတ်ကျေမှု အတွက်ကျေးဇူးတင်ပါ သည်၊ မြို့တော်အတွင်းတည်ဆောက်မှုများနှင့် ပတ်ဝန်း ကျင်ဆိုင်ရာ ကာကွယ်မှုများကြောင့် ဗန်ကောက်မြို့သည် ခမ်းနားကြီးကျယ်သော အောင်မြင်မှု များရရှိထား သည် စသဖြင့် သမ္မတကြီး ကျန်ဇီမင်းက ပြောကြား သည်။ ထိုင်းနိုင်ငံသို့လာရောက်ခြင်း ဆွေမျိုးသားချင်းတစ်ဦးကဲ့သို့ လာရောက် လည်ပတ်ခြင်းဖြစ်သည်ဟု ထိုင်းဘုရင် ဘူမိဘော အဒှူလ်လျာဒက်ရှ်နှင့် နန်းတော်အတွင်း တွေ့ဆုံရာတွင် သမ္မတ ကျန်ဇီမင်း ကပြောကြား သည်။ ဘုရင်၏ဧည့်သည်တော် အဖြစ် လာရောက်လည်ပတ်ခြင်း အတွက် အလွန်တရာ စိတ် ကြည်နူးမှုဖြစ်ရသည်ဟု သမ္မတကြီး ကျန်ဇီမင်းက ပြော ကြား သည်။

ထိုင်းနိုင်ငံသား ထောင်ပေါင်းများစွာတို့သည် ကြည်ညိုလေးစားဖွယ်ကောင်းသော ဘုရင်ဘူမိဘောအဒှူလ်လျာဒက်ရှ်၏ ၇၂ နှစ်မြောက်မွေးနေ့မင်္ဂလာအခမ်းအနား သို့တက်ရောက်ရန် ဒီဇင်ဘာလ ၅ ရက်နေ့တွင် အခမ်းအနား ကျင်းပရာနေရာသို့ စုရုံးရောက်ရှိခဲ့ကြသည်။ နိုင်ငံလွတ်လပ်မှု၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝမှုတို့ အတွက် အာမခံချက်ရရှိစေရန် အချင်းချင်း ကရုဏာရှေ့ထား၍ သနားညှာတာသောစိတ်ဓာတ်ဖြင့် အလုပ်လုပ်ကြရန် မွေးနေ့ မင်္ဂလာအခမ်းအနား သို့ တက်ရောက်လာကြသော ထိုင်းနိုင်ငံသား များအား ထိုင်းဘုရင်မင်းမြတ်ကတိုက်တွန်းစကား မိန့်ကြား သည်။ ထိုင်းနိုင်ငံအတွက်အလုပ်လုပ်ကြမည်ဆိုပါက စိတ်ရောကိုယ်ပါနက်ရှိုင်းစွာ ဆုံးဖြတ်လုပ်ကိုင်သင့်ကြကြောင်း ခမ်းနားထယ်ဝါသော အနန္တာဆယ်မကွန်ပလွင်ခန်းမကြီးမှနေ၍ ထိုင်းဘုရင်မင်းမြတ်က သွန်သင်ဆုံးမစကား ပြောကြား သည်။ ထိုင်းပြည်သူပြည်သားများသည် အချင်းချင်းကရုဏာရှေ့ထား သနားညှာတာမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံး ညီညွတ်မှုရှိသော အခါများတွင် အမျိုးသားလွတ်လပ်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာသောအာမခံချက်ရရှိမည့် အပြုသဘောဆောင်သောနည်းလမ်းများကိုပြောဆိုဆွေးနွေး ကြ၊ တွေးခေါ်မြော်မြင်ကြမည်သာဖြစ်သည်ဟုလည်း ဘုရင် မင်းမြတ်က ဆက်လက်မိန့်ကြားတော်မူသည်။ ဤမွေးနေ့ မင်္ဂလာအခမ်းအနား၌ ထိုင်းပြည်သူပြည်သားအားလုံးကို မိမိသတိပေးလိုသည်မှာ နိုင်ငံတော်၏ စည်းလုံးညီညွတ်မှု နှင့် တည်ငြိမ်မှုကိုထိန်းသိမ်းထားနိုင်မည့် လုံလောက်ကောင်း မွန်သော လုပ်ဆောင်ချက်၊ ဂုဏ်ဒြပ်နှင့်ပြည့်စုံမှုရှိမရှိ မိမိ ကိုယ်ကိုမိမိပြန်လည်သုံးသပ်ကြရန်ပင်ဖြစ်ကြောင်း ဖြင့်လည်း ထိုင်းဘုရင်မင်းမြတ်က နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံးမိန့်ခွန်းပြောကြား ရာ၌ ထည့်သွင်းမိန့်ကြား သွား သည်။

စီးပွားရေး – ၁၉၉၈ ခုနှစ် ဧပြီလအတွင်း ကောက်ယူရရှိသော စူးစမ်းလေ့လာရေးအရ ဗန်ကောက်မြို့တော် ဝန်းကျင် ဒေသတွင် လူသူနေထိုင်ခြင်း မရှိသေးသော အိမ်ခန်းလွတ် ပေါင်း ငါးသိန်းခန့် ရှိနေပြီး ယမန်နှစ် ၁၉၉၇ ခုနှစ်စောစော ပိုင်းကမူ အိမ်ခန်းလွတ်ပေါင်း ၃၀၀၀၀၀ မှ ၄၀၀၀၀၀ ခန့်ထိ ရှိမည်ဟု ခန့်မှန်းထားကြောင်း ထိုင်းဒုတိယကာကွယ်ရေး

ဝန်ကြီး ပီဆစ်လီအာဟာတန်က ပြောကြား၊ခဲ့သည်။ သို့ဖြစ်၍ အိမ်ခန်း၊တစ်ခန်း၊လျှင် ဘတ်ငွေ တစ်သန်း၊ခန့်ဖြင့် တွက်ချက်မည်ဆိုပါက အိုး၊အိမ်လုပ်ငန်း၊ဌာနများ၊က ဘတ်ငွေ ၅၀၀ ဘီလီယန်ခန့် ဖြုန်း၊တီး၊ရာရောက်နေကြောင်း ထိုင်း၊ဒုတိယဘဏ္ဍာရေး၀န်ကြီး၊ကပြောကြား၊ခဲ့သည်။

ထိုင်းနိုင်ငံတွင် စီး၊ပွား၊ရေး၊ရုတ်တရက် ကျသွား၊ပြီး နောက်ပိုင်း ဖုန်မှုန့်ကျဆင်း၊မှုနှင့် အခိုး၊အငွေ့ ထုတ်လွှတ်မှုတို့ နည်း၊ပါး၊သွား၊ခြင်း၊ကြောင့် ဗန်ကောက် မြို့တော်ဒေသလေထုမှာ ပိုမိုသန့်စင်လာသည်ကို တွေ့ရ၊ကြောင်း ထိုင်း၊အမျိုး၊သား ပတ်၀န်း၊ကျင်ရေး၊ရာ သုတေသီ များ၊က ပြောကြား၊သည်။ ဆောက်လုပ်ရေး လုပ်ငန်း၊များ လျော့ကျသွား၊သဖြင့် လူနေရပ်ကွက်လေထုထဲ၌ ဖုန်မှုန့်ပါ၀င်မှုပမာဏလျော့ကျ စေသည်ဟု လေထုညစ်ညမ်း၊မှုထိန်း၊ချုပ်ရေး ဌာနမှ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ထုတ် ပြန်တမ်း၊တွင် ဖော်ပြ ထား၊သည်။ စက်တပ်ယာဉ်များ၊မှ မီး၊ခိုး၊ငွေ့ထုတ်လုပ်မှုမှာ သာမန်လက်ခံနိုင်သော စံချိန်စံညွှန်း၊ထက် နှစ်ဆမျှ ရှိနေဆဲပင်ဖြစ်သော်လည်း စီး၊ပွား၊ရေး အကျပ်အတည်း နောက်ပိုင်း၊တွင် အခြေနေမှာ သိသိသာသာတိုး၊တက်လာခဲ့သည်။ လွန်ခဲ့သော ၂ နှစ်ခန့်က မော်တော်ယာဉ်များ၊မှ မီး၊ခိုး၊ငွေ့ထုတ်လွှတ်မှုမှာ ပုံမှန်ထက်နှစ်ဆမျှ ပိုမိုခဲ့သည်။ စီး၊ပွား၊ရေး ရုတ်တရက်ကျဆင်း၊သွား၊မှုကြောင့် အများပြည်သူတို့ ကိုယ်ပိုင်ကား၊သုံး၊စွဲမှုနည်း၊ပါး၊ပြီး ဘတ်စ်ကား၊များ၊ဖြင့်သာ အလုပ်သွား၊ကြသဖြင့် လမ်း၊မများ၊ပေါ်တွင် ကား စီး၊ရေ လျော့ကျသွား၊သည်။ သို့သော် ဗန်ကောက်မြို့သူမြို့သား များ၊မှာ လွန်ခဲ့သော ၂ နှစ်ခန့်မှ စ၍ လေထုထဲ၌ အိုဇုန်း၊ဓာတ်ငွေ့ ပါ၀င်မှု တိုး၊တက်များ၊ပြား၊လာခြင်း၊ကိုခံစား၊နေရဆဲဖြစ်သည်စသည်ဖြင့် ပြန်တမ်း၊၌ ဖော်ပြပါရှိသည်။

ထိုင်းနိုင်ငံသည် ၂ နှစ်ကြာမျှ စီး၊ပွား၊ရေး၊အခြေအနေ အကြီး၊အကျယ်ကျဆင်း၊ခဲ့ရာမှ ပြန်လည်ခိုင်မာလာလျက်ရှိရာ စက်တင်ဘာ ၂ ရက်နေ့၌ လစဉ်ထုတ်ပြန်သော စီး၊ပွား၊ရေး၊အချက် အလက်ကိန်း၊ဂဏန်း၊များ၊က စီး၊ပွား၊ရေး၊ခိုင်မာလာကြောင်း ပြသထား၊သည်။ ထိုင်းနိုင်ငံ၏ပို့ကုန်များ၊မှာ ဇူလိုင်လအတွင်း ၌ နှစ်အလိုက် ၆၊ ဒသမ ၆ ရာခိုင်နှုန်း၊မြင့်တက်ခဲ့ပြီး၊ ဒေါ်လာ ၄ ဒသမ ၈၆ ဘီလီယံဖိုး၊ အထိတင်ပို့ခဲ့သည်။ သွင်း၊ကုန်များ၊ မှာ နှစ်အလိုက် ၈ ဒသမ ၂ ရာခိုင်နှုန်း၊မြင့်တက်ခဲ့ပြီး၊ ဒေါ်လာ ၃ ဒသမ ၈၈ ဘီလီယံဖိုး၊အထိ တင်သွင်း၊ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ ဗဟိုဘဏ်မှထုတ်ပြန်သောကြေညာချက်၌ ဖော်ပြထား၊သည်။ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလမှစ၍ လစဉ်ကုန်တင်ပို့ရာတွင် ဇူလိုင်လသည် အမြင့်ဆုံး၊စံချိန်တင်ခဲ့သည်။ တိုင်း၊ပြည်၏ ဘက်စုံကုန်သွယ်မှုအား၊လုံး၊မှ ဇူလိုင်လအတွင်း၌ ဒေါ်လာ ၉၇၆ သန်း၊ပိုမိုရရှိခဲ့ပြီး ဇွန်လအတွင်း၌ ဒေါ်လာ ၄၆၇ သန်း၊သာ ရရှိခဲ့သည်။

ထိုင်းနိုင်ငံအတွင်း ၁၉၉၈ ခုနှစ်တွင် စီး၊ပွား၊ရေး၊သိသိသာသာကျဆင်း၊ခဲ့သော်လည်း နိုင်ငံခြား၊တိုက်ရိုက်ရင်း၊နှီး၊မြှုပ်နှံမှုမှာ ထူး၊ထူး၊ခြား၊ခြား၊တိုး၊တက်ကောင်း၊မွန်လာကြောင်း ကုလသမဂ္ဂ၏ ၁၉၉၉ ခုနှစ်အတွင်း၊ကမ္ဘာ့ရင်း၊နှီး၊မြှုပ်နှံမှုဆိုင်ရာ အစီရင်ခံစာတွင်ဖော်ပြထား၊သည်။ ထိုင်းနိုင်ငံ၏ စုစုပေါင်း ပြည်တွင်း အသား၊တင်ထုတ်လုပ်မှု (ဂျီဒီပီ) ထို၊ကျစေကာမူ နိုင်ငံခြား၊တိုက်ရိုက်ရင်း၊နှီး၊မြှုပ်နှံမှုမှာ သမိုင်း၊တွင်လောက်အောင်တိုး၊တက်မြင့်မား၊ခဲ့ကြောင်း၊အစီရင်စာတွင်ဆက်လက်ဖော်ပြထား၊သည်။ ထိုင်းနိုင်ငံစီး၊ပွား၊ရေး အခြေအနေမှာ ၂ နှစ်ကျော်မျှကျဆင်း၊နေခဲ့ပြီး၊နောက်ယခု အခါအရှိန်အဟုန်ကောင်း၊မွန်စွာဖြင့် ပြန်လည်တိုး၊တက် ကောင်း၊မွန်နေပြီဖြစ်ကြောင်း စက်တင်ဘာလ ၃၀ ရက်နေ့က ထုတ်ပြန်ကာ ထိုင်း၊ဗဟိုဘဏ် ထုတ်ပြန်ကြေညာချက်၌ ဖော်ပြပါရှိသည်။

စီး၊ပွား၊ရေး၊နှင့် ဒုစရိုက်ကိုက်၊များ – “သေနတ်များ၊ မိန်း၊ကလေး၊များ၊၊ လောင်း၊ကစား၊မှု၊ ဆေး၊ခြောက်၊ ထိုင်း နိုင်ငံ၏ တရား၊မ၀င် စီး၊ပွား၊ရေး၊နှင့် အများပြည်သူဆိုင် ရာ မူ၀ါဒ” ခေါင်း၊စဉ်တပ်ထား၊သော လေ့လာချက်စာတမ်း၊ကို ၂၉ - ၁ - ၉၉ နေ့ထုတ် အရှေ့ဝိ(က်) ဂျာနယ်၌ သတင်း ဆောင်း၊ပါ၊အဖြစ် ဖော်ပြခဲ့သည်။ ထိုင်းနိုင်ငံ ချူလာလောင်ကောင်း၊တက္ကသိုလ်မှ စီး၊ပွား၊ရေး၊ပညာပါမောက္ခ ဆန်ဆစ် ပရိယ်နံနှင့် လုပ်ဖော်ကိုင်ဖက်များ၊က ၂ နှစ်ကြာမျှ ကွင်း၊ဆင်း၊လေ့လာမှုပြု၍ ယင်း၊သုတေသနစာတမ်း၊ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ခဲ့သည်။ စာမျက်နှာ ၂၈၄ မျက်နှာရှိ ထိုင်းနိုင်ငံသုံး၊ငွေ ၄၉၅ ဘတ်ဖြင့်ရောင်း၊ချသော ယင်း၊သုတေသနလေ့လာချက်စာအုပ်တွင် ထိုင်းနိုင်ငံရှိ ဒုစရိုက်ဂိုဏ်း၊များ လှုပ်ရှား၊ရာ၌ ရဲတပ်ဖွဲ့၊ အကြီး၊အကဲများ၊၊ အရပ်ဘက်အစိုး၊ရအရာရှိကြီး၊များ၊နှင့် အစိုး၊ရ၀န်ကြီး၊များ၊ ပင်မကျွန် ဒုစရိုက်သမား၊များ၊ထံမှ တံစို့လက်ဆောင်များ၊ ရယူနေပုံကို ဖော်ပြထား၊သည်။ မူး၊ယစ်ဆေး၀ါး ရောင်း၊၀ယ်ခြင်း၊ မှောင်ခိုတင်သွင်း၊သော လိုင်စင်မဲ့လက်နက်များ၊ ကုန်သွယ်ခြင်း၊၊ ဒီဇယ်ဆီမှောင်ခို ရောင်း၊၀ယ်ခြင်း၊၊ လူမှောင်ခိုသွင်း၊ခြင်း၊၊ ပြည့်တန်ဆာလုပ်ငန်း၊ လုပ်ကိုင်ခြင်း၊ ဟူသော ဒုစရိုက်လုပ်ငန်း၊ကဏ္ဍခြောက်ရပ်မှာ ချက်ချင်း သူဌေး၊ ဖြစ်နိုင်သော ဒုစရိုက်လုပ်ငန်း၊ဖြစ်၍ အဂတိလိုက်စား၊သော အစိုး၊ရတာ၀န်ရှိပုဂ္ဂိုလ်များ၊အား လာဘ်ပေး ခြင်း၊ ပူး၊ပေါင်း၊ကြံစည်ခြင်း၊ စသည်တို့ကို လေ့လာချက်၌ ဖော်ပြထား၊သည်။

ဘဏ္ဍာရေးနှင့်စီးပွားရေးကသောင်းကနင်းပြဿနာများကြုံတွေ့ရသော ထိုင်းနိုင်ငံတွင် ကာမစီးပွားရေးလုပ်ငန်းအပါအဝင်ဒုစရိုက်စီးပွားရေးလုပ်ငန်းမျိုးစုံတို့ကြောင့် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကို ထိခိုက်နိုင်သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ကြသည်။ ၁၉၉၃– ၉၅ ခုနှစ်များအတွင်း ဒုစရိုက်လုပ်ငန်းများမှ ရရှိသောဝင်ငွေမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံမှ ၁၇ ဘီလီယံအထိ ရှိရာ အမျိုးထုတ်ကုန်စုစုပေါင်း ဂျီအင်ပီ၏၈ မှ၁၃ ရာခိုင်နှုန်းနှင့်ညီမျှသည်။ ဒုစရိုက်လုပ်ငန်းဝင်ငွေတွင် တရားဥပဒေမဲ့သစ်ခိုးထုတ်ခြင်း၊ မူပိုင်ခွင့်ချိုးဖောက်ပြီး စာအုပ်ထုတ်ဝေခြင်းနှင့် တတိယနိုင်ငံများသို့ လူမှောင်ခိုထုတ်ခြင်းကဲ့သို့သော အခြားဒုစရိုက်လုပ်ငန်းများကိုပါ ထည့်သွင်းတွက်ချက်မည်ဆိုပါက ဒုစရိုက်သမားများ၏ ဝင်ငွေမှာ ဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်း အထိပင်ရှိမည်ဟုဆိုသည်။ ဒုစရိုက်ဂိုဏ်းများကဌာနရမ်းသုံးစွဲလျက်ရှိသော လုပ်သားအင်အားမှာ အလုပ်လုပ်နိုင်သော အင်အားအနက် လူငါးသန်းခန့်ရှိပေရာ အရွယ်ရောက်ပြီး လူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့်အထိနှင့် ညီမျှသည်။ မြေအောက် စီးပွားရေးသမားများနှင့် ဆက်ဆံသော လူဦးရေမှာ ထိုင်းနိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်အထိ ရှိနိုင်သည်ဟု ဆိုသည်။

လောင်းကစားဝိုင်းများ နှိမ်နင်းရာတွင် တာဝန်ယူကြီးကြပ်ရသော အရာရှိတစ်ဦး၏ ခန့်မှန်းချက်အရ ၁၉၉၆ ခုနှစ်က ဗန်ကောက်မြို့တွင် ကာစီနိုလောင်းကစားဝိုင်းပေါင်း ၁၈၇ မှ ၂၂၅ အထိ ရှိနေပြီး ရဲစခန်းတစ်ပိုင်းလျှင် လောင်းကစားဝိုင်း ၃ ဝိုင်းနီးပါးမျှ ရှိနေသည်ဟု ဆိုသည်။ ကာစီနိုပိုင်ရှင်တစ်ဦးကမူ ရဲစခန်းတစ်ပိုင်းတွင် လောင်းကစားဝိုင်း ၃ ဝိုင်းမှ ၄ ဝိုင်းအထိရှိပြီး ဗန်ကောက်တစ်မြို့လုံးတွင် ၂၂၅ ဝိုင်းမှ ၃၀၀ အထိ ရှိနိုင်သည်ဟု ခန့်မှန်းသည်။ ထို့ကြောင့် ထိုင်းသုတေသီများ၊ ဗန်ကောက်မြို့တွင် လောင်းကစားဝိုင်း အနည်းဆုံး ၁၈၇ မှ အများဆုံး၃၀၀ အထိ ရှိနိုင်သည်ဟု ခန့်မှန်းခဲ့သည်။ ယင်းလောင်းကစားဝိုင်းများအနက် တစ်ရက်လျှင် ဘတ်ငွေတစ်သန်းအောက် အလျော်အစားရှိသော ဝိုင်းကလေးပေါင်းများမှာ ၆၁ ဝိုင်းမှ ၁၁၀ ခန့်အထိ ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ တစ်ရက်လျှင် ဘတ် ၁ သန်းမှ ၁၀သန်းအထိ အလျော်အစားရှိသော အလယ်အလတ်အဆင့် ဝိုင်းအရေအတွက်မှာ ၁၂၂ မှ ၂၀၀အထိ ရှိမည်ဟု ခန့်မှန်းထားပြီး တစ်ရက်လျှင် ဘတ် ၁၀ သန်းအထက် အလျော်အစားရှိသော ဝိုင်းကြီး ၅ ဝိုင်းခန့်ရှိကာ ယင်းဝိုင်းများမှ သောကြာနှင့် စနေနေ့များတွင် ဘတ်ငွေ သန်း၄၀၀ မှ ၅၀၀ အထိ အလျော်အစားရှိသည်ဟု ဆိုသည်။ ယင်းအလျော်အစားငွေများအနက် အသားတင်အမြတ်ငွေမှာ ၁၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ရှိရာ စုစုပေါင်း တွက်ချက်လျှင် တစ်နှစ်လျှင် ဗန်ကောက်မြို့ရှိ လောင်းကစားဝိုင်းအားလုံး၏ ဝင်ငွေမှာ ဘတ်သန်းပေါင်း ၂၇၂၅၅မှ ၁၃၆၂၈၀ အထိ ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

၁၉၉၅ ခုနှစ် ထိုင်းလယ်သမားဘဏ်၏ သုတေသနပြုချက်အရ အလုပ်လုပ်နိုင်သော အသက် ၁၅ နှစ်မှ ၆၅ နှစ်အရွယ်ရှိသူ ၁၀ ဦးလျှင် ၇ ဦးမှာ ချဲမှန်မှန်ထိုးလေ့ရှိပြီး တစ်နိုင်ငံလုံးတွင် ချဲထိုးရန် သုံးစွဲသော ငွေပမာဏမှာ ဘတ်သန်းပေါင်း ၁၁၀ သို့မဟုတ် ဂျီအင်ပီ ၂ ဒသမ၅ ရာခိုင်နှုန်းရှိသည်ဟုခန့်မှန်းရသည်။ သို့ရာတွင် စီးပွားရေးသုတေသီများ၏ သုတေသနပြုချက်အရ ထိုင်းနိုင်ငံပြည်နယ်များတွင်နေထိုင်ကြသူများသည် တစ်ဦးကျဝင်ငွေ၏ ၈ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအကြား ချဲထိုးလေ့ရှိကြပြီး၁၉၉၅ ခုနှစ်တွင် ၃၂၅ ဘီလီယံ ရှိမည်ဟု ခန့်မှန်းရသည်။

မူးယစ်ဆေးဝါးအန္တရာယ် – အိမ်နီးချင်းနိုင်ငံများမှ မူးယစ်ဆေးဝါးများ ဝင်ရောက်မှုကိုတားဆီးဖြတ်တောက်ပစ်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကိုထိုင်းနိုင်ငံက အပြင်းအထန်ဆောင်ရွက်နေကြောင်း စစ်ဘက်သတင်းရပ်ကွက်က ဇန်နဝါရီလ ၃ ရက်နေ့တွင်ပြောကြားသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအနေဖြင့် ထိုင်းကြည်းတပ်က မူးယစ်ဆေးဝါးတင်ပို့မှုကိုတိုက်ဖျက်ရေးအတွက်နယ်စပ်စစ်ဆေးရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျှက်ရှိသည်။ မူးယစ်ဆေးဝါးရောင်းဝယ်ရေးဂိုဏ်းများသည် ထိုင်းနိုင်ငံမြောက်ဘက်ပိုင်းတွင် မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်ရာလမ်းကြောင်းသစ်များကို ပြောင်းလဲ ထားကြသည်။ မြောက်ပိုင်းစွန်းပြည်နယ်ကန်ချနာဘူရီသည် တရားမဝင်ကုန်သွယ်မှုများအတွက်ကြားထောက်စခန်းအဖြစ် မှောင်ခိုဂိုဏ်းများက အသုံးပြုသောကြောင့် မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းများ ဆောင်ရွက်ရာဒေသ မကြာသေးမီက ဖြစ်လာခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ထိုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးတပ်ဖွဲ့များသည် ယခင်နှစ်က အဆိုပါပြည်နယ်၌ တိုးပွားလာသော မူးယစ်ဆေးဝါးမှောင်ခိုသမားများဟု သံသယရှိသူများကိုဖမ်းဆီးခဲ့သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အမ်ဖီတာမင်းဆေးပြား ၂၅၀၀၀၀ ကိုသိမ်းဆည်းခဲ့သည်။ ဤအခြေအနေသည် မူးယစ်

ဆေးဝါးမှော်ဝင်ခိုဂိုဏ်းများက ၄င်းတို့၏ လမ်းကြောင်းကို ထိုဒေသသို့ပြောင်းလဲထားကြောင်း ပြဆိုနေသည်ဟု တတိယကြည်းတပ်မတော် တပ်မှူးဆိုမိုင်ဝစ်ချာဝန်က စောစောပိုင်းတွင် ပြောကြား ခဲ့သည်။

ထိုင်းနိုင်ငံမြောက်ပိုင်း၌ နေထိုင်သူထိုင်းအမျိုးသမီးတစ်ဦးသည် သားဖြစ်သူရဲသား အား မူးယစ်ဆေးဝါးသုံးစွဲခြင်း



မူးယစ်ဆေးထိုးသွင်းနေသော ထိုင်းလူမျိုးဆေးစွဲသူတစ်ဦး

မှ ကင်းလွတ်စေရန်နှင့် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ရေးအဖွဲ့ကို သတ်ဖြတ်ရှင်းလင်းပစ်ရေးအတွက် သေနတ်သမား တစ်ဦးအား ငှားရမ်းခဲ့ရကြောင်း ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ရဲအဖွဲ့ကပြောကြား သည်။ သားဖြစ်သူဆွမ်ဆက်ခန်ခေးဆိုသူ အသက် ၂၇ နှစ် အရွယ်ရှိတပ်ကြပ်ကြီးအား သတ်ရခြင်းမှာ သားဖြစ်သူ မူးယစ်ဆေးဝါးသုံးစွဲခြင်း ကင်းလွတ် စေရန်နှင့် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်နေခြင်းကြောင့်ဖြစ်သည်ဟု မိခင်ဖြစ်သူက ဖြောင့်ချက်ပေးသည်။ အရှေ့မြောက်ပြည်နယ်ယူဒွန်သာနီတွင်လည်း မိခင်တစ်ဦး ကဘုန်းအရွယ်သမီးငယ်အမ်ဖီတမင်းဆေးများ သုံးစွဲနေသည်ကို တွေ့ရှိ၍ ဖမ်းဆီးပြီး ရဲတပ်ဖွဲ့သို့ အပ်နှံခဲ့သည်။ သမီးဖြစ်သူအား လူငယ်ထိန်းသိမ်းရေးစခန်းသို့ပို့ပြီး မိခင်ဖြစ်သူက သမီးအတွက် အာမခံပေးရန် ရဲတပ်ဖွဲ့ကိုတောင်းဆိုခဲ့သည်။

ထိုင်းတရားရုံးများတွင် မူးယစ်ဆေးဝါးမှုမျာ: သမိုင်းတွင် လောက်အောင်ပင်မြင့်မား များပြား နေကြောင်း၊ ဆက်လက်ပြီး တိုးတက်များပြား နေဦးမည့် အလား အလာများလည်း ရှိနေကြောင်း ပြစ်မှုဆိုင်ရာတရားရုံး တရား သူကြီးချုပ် ပရာမော့ ချာပါနန်က ပြောကြား သည်ဟု ဇူလိုင်လ ၁၉ ရက်နေ့တွင် " သည်နေ့ရှင်း "သတင်းစာတွင် ကိုးကားဖော်ပြသည်။ ရာဇဝတ်တရားရုံးတွင် မူးယစ်ဆေးဝါးမှု အလွန်များပြား နေပြီး ပြစ်မှုအား လုံး၏ ၇၀ ရာခိုင်နှုန်းမှာ မူးယစ်ဆေးဝါးမှုဖြစ်နေသည်။၁၉၉၉ ခုနှစ်တွင် ယခင်နှစ်များကထက် မူးယစ်ဆေးဝါးမှု အလွန်အမင်းများပြား လာနေသည်။ မူးယစ်ဆေးဝါးမှုနှင့် ပတ်သက်၍ အမြဲတမ်းရုံးထိုင်စစ်ဆေးရသော တရားသူကြီးရုံးကို ၁၀ နေရာမှ ၁၄ နေရာအထိ တိုးမြှင့်ခန့်ထားရသည်။ မူးယစ်ဆေးဝါးလက်လီရောင်းဝယ်ဖောက်ကားသူများအား ပြစ်ဒဏ်ချမှတ်ရာတွင် ထောင်ဒဏ်ငါးနှစ်မှ လေးနှစ်အထိ လျော့ချရန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဘုတ်အဖွဲ့ရုံး၏ အကြံပြုချက်ကို ထောက်ခံပါသည်၊ ယင်းကဲ့သို့ ပြစ်ဒဏ်လျှော့ချခြင်းဖြင့် မူးယစ်ဆေးဝါးမှု အရှိန်အဟုန်ဖြင့် တိုးမြှင့်လာစေလိမ့်မည် စသည်ဖြင့် တရားသူကြီးချုပ်က ပြောကြားခဲ့သည်။

မြောက်ပိုင်းချင်းမိုင်ပြည်နယ်တွင် အမ်ဒီတာမင်ဆေးပြား တစ်သန်းကို ထိုင်းရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ပြီး လူနှစ်ဦးအား ဖမ်းဆီးထားကြောင်း၊ ယခုနှစ်အတွင်း တရားမဝင် မူးယစ်ဆေးဝါးဖမ်းဆီးမှုမှာ အများဆုံးဖြစ်ကြောင်း သည်နေ့ရှင်း သတင်းစာက မတ်လ ၁၄ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ယင်းဆေးပြားများကို အရှေ့မြောက်ပိုင်း မှဒါသာန်ပြည်နယ် မှ အဆင့်မြင့်ရဲအရာရှိတစ်ဦးပိုင်သော ဂျစ်ကားတစ်စီးအတွင်းမှ ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြား သည်။ မူးယစ်ဆေးဝါးများကိုရှာဖွေရာတွင် အနုံခဲခွေးတစ်ကောင် ကို အသုံးပြုပြီး မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းက မော်တော်ယာဉ်များကို ရှာဖွေရာ အမိုက်ထည့်သောပလတ်စတစ်အိတ် ၁၀ အိတ်အတွင်းမှ အယ်ဖီတာမင်ဆေးပြားတစ်သန်းကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

အလုပ်သမားအရေး – လူမှုရေး မငြိမ်မသက်ဖြစ်မှုများကို ကာကွယ်တားဆီးရန် ကြိုးပမ်းသည့်အနေဖြင့် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးကြပါရန် အာရှနိုင်ငံများအား အလုပ်သမားရေးရာ အထူးကိုယ်စားလှယ်များနှင့် အလုပ်အကိုင်စီစဉ်ပေးသူ ကိုယ်စားလှယ်များ၏ သုံးပွင့်ဆိုင်အစည်းအဝေးကဇန်နဝါရီလ ၁၃ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ အလုပ်အကိုင်ဖန်တီးရေးသည် အာရှနိုင်ငံများ၏ ဦးစားပေးဖြစ်သင့်သည်ဟု ထိုင်းနိုင်ငံအလုပ်သမားနှင့်လူမှုဝန်ထမ်းဝန်ကြီးဌာနဒုတိယဝန်ကြီး ကျုံးချိုင်းသီယင်သမ်က ယင်းအစည်းအဝေးတွင်အဖွင့်မိန့်ခွန်းပြောကြား ခဲ့သည်။ ယင်းအစည်းအဝေးသို့ ၁၂ နိုင်ငံမှ အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ယင်းအစည်းအဝေးကို နိုင်ငံတကာအလုပ်သမားအဖွဲ့ (အိုင်အယ်အို)ကကြီးမှူးကျင်းပခြင်းဖြစ်သည်။ အလုပ်အကိုင်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရာမှ အလိုအလျောက်

ပေါ်ပေါက်လာသည်ဟု မမှတ်ယူသင့်ကြောင်း အလုပ်အကိုင်သည်ပင်ကိုသဘောအရ ဦးစားပေးမူဝါဒအပေါ် မူတည်သည်ဟု ယူဆဖွယ်ရှိကြောင်း စီးပွားရေးအကျပ်အတည်းဆိုက်နေသော အာရှတိုက်မှ နိုင်ငံအများအပြားအတွက် အဆိုဝါးဆုံးစီးပွားရေးဆုတ်ယုတ်မှုက လူမှုကာကွယ်ရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ယန္တရားနှင့် အဖွဲ့အစည်းများ၏ အားနည်းချက်ကြောင့် ဖြစ်ရကြောင်း စသည်ဖြင့် ကျဲချိုင်းသီယင်သမ်က ဆက်လက် ပြောကြား ခဲ့သည်။

ထိုင်းနိုင်ငံရှိ ကြော်ငြာလုပ်ငန်းများသည် စီးပွားရေးအကျပ်အတည်းဒဏ်ကို အပြင်းအထန်ခံနေရပြီး ၁၉၉၈ ခုနှစ်ကလူ ၅၀၀ ထက်မနည်း အလုပ်လက်မဲ့ဖြစ်ခဲ့ကြရသည်ဟု ထိုင်းနိုင်ငံကြော်ငြာလုပ်ငန်းရှင်များ အသင်း (အေအေတီ) က မတ်လ ၁၀ ရက်နေ့တွင် ပြောကြား သည်။ စီးပွားရေးအကျပ်အတည်းနှင့် ကြော်ငြာအပ်နှံသူ ဖောက်သည်များ ငွေကြေး အခက်အခဲရှိမှုတို့ကြောင့်ထိုင်းနိုင်ငံကြော်ငြာလုပ်ငန်း (၆၀) ခန့် သို့မဟုတ် ကြော်ငြာကိုယ်စားလှယ်လုပ်ငန်း စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို ၁၉၉၈ ခုနှစ်ကပင် ပိတ်ထား ခဲ့ရ၍ အလုပ်လက်မဲ့များ ပေါ်ပေါက်ခဲ့ရသည်။ ယခုအခါ ကြော်ငြာလုပ်ငန်းများတွင် အလုပ်သမား ၁၀၀၀၀ ခန့် အလုပ်လုပ်ကိုင်နေကြသည်။ ၁၉၉၈ ခုနှစ်တွင် စာနယ်ဇင်း လူထုဆက်သွယ်ရေးလုပ်ငန်း ကြော်ငြာအသုံးစရိတ်မှာ ၁၉၉၇ ခုနှစ်က အသုံးစရိတ်ထက် ရှစ်ရာခိုင်နှုန်းလျော့နည်း သွား သည်။ ၁၉၉၉ ခုနှစ်တွင် စာနယ်ဇင်းကြော်ငြာအသုံးစရိတ် အမေရိကန်ဒေါ်လာ (၁၂)ဒသမ(၁၅) ဘီလီယံရှိခဲ့ရာမှ ၁၉၉၈ ခုနှစ်တွင် (၁) ဒသမ (၀၅) ဘီလီယံအထိ ကျဆင်း သွား သည်။ စီးပွားရေးအကျပ်အတည်း ဆက်လက်မဖြစ်ပွားပါက ၁၉၉၉ ခုနှစ် အသုံးစရိတ်တွင် ၁၉၉၈ ခုနှစ်က အသုံးစရိတ်နှင့် ကွာခြားမှု ရှိမည်မဟုတ်ဟု ဆိုသည်။ ၁၉၉၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့အတွက် ကြော်ငြာစရိတ်သည် ၁၉၉၈ ခုနှစ် အလားတူကာလများကနှင့် နှိုင်းယှဉ်လျှင် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ဆက်လက်ကျဆင်းခဲ့သည်ဟု စာရင်းဇယားများတွင် လေ့လာတွေ့ရှိရသည်။

ထိုင်းနိုင်ငံသည် တရားမဝင်အလုပ်သမား ၉၂၀၀၀ အား ပြည်နှင်ဒဏ်ပေးထားရာမှ ဇူလိုင်လ ၂၇ ရက်နေ့တွင်



မူးယစ်ဆေးဝါးစွဲသူ ပြန်လည်ထူထောင်ရေးစခန်းတစ်ခု၌ တွေ့.ရသည့် ထိုင်းလူငယ်များ

သုံးလ ယာယီလွတ်ငြိမ်းခွင့်ပြုလိုက်သည်။ အလုပ်သမားများကို ဩဂုတ်လ ၄ ရက်နေ့တွင် ပြည်နှင်ဒဏ် ပေးရန် သတ်မှတ်ထားခဲ့သည်။ ထိုင်းနိုင်ငံတွင် နောက်ထပ်သုံးလ ဆက်လက်လုပ်ကိုင်ရန် တရားမဝင်အလုပ်သမားများကို ခွင့်ပြုမည်။ မည်သို့ပင်ဖြစ်စေ အနေအထားကို အကဲဖြတ်ရန် စီစဉ်ထားသည်။ အလုပ်သမားများကပြဿနာမရှာလျှင် သို့မဟုတ် ထိုင်းအလုပ်ရှင်များက အလိုရှိဆဲဖြစ်လျှင် ဆက်လက်လုပ်ကိုင်ရန် ခွင့်ပြုမည်စသဖြင့် အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး ဝပ်ဆူကိုဆိုလ်က ပြောကြားသည်။ နိုင်ငံခြားသားအလုပ်သမား အများစုသည် ထိုင်းလူမျိုးများထက် လစာနှုန်း နည်းနည်းသာရပြီး အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းကဲ့သို့ ထိုင်းလူမျိုးများမလုပ်ချင်သော လုပ်ငန်းများတွင် နိုင်ငံခြားသားအလုပ်သမားများအား အလုပ်ပေးရန် ပြင်ဆင်ထားကြသည်။ ထိုင်းအာဏာပိုင်များထံ မှတ်ပုံတင်ထားသော အလုပ်သမား ၉၁၀၀၀ မျှရှိသည်။ တရားမဝင် နိုင်ငံခြားသားအလုပ်သမား နောက်ထပ် ၅၄၀၀၀၀ ရှိရာ ဖမ်းမိလျှင် နေရပ်သို့ပြန်ပို့မည်ဟု အာဏာပိုင်များက ဆုံးဖြတ်ထားသည်။

ထိုင်းနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေမှာ ၁၉၉၉ ခုနှစ်အတွင်း စီးပွားရေးပြန်လည် ဦးမော့လာ၍ လျော့ကျသွားကြောင်း ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ဗန်ကောက်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။ နိုင်ငံအတွင်းအလုပ်လက်မဲ့နှုန်းမှာ မေလတွင် ၁ ဒသမ ၇ သန်းအထိရှိရာမှ စက်တင်ဘာလတွင် ၁ ဒ သမ ၄ သန်းသို့ ကျဆင်းသွားကြောင်း အလုပ်သမားနှင့်လူမှုဝန်ထမ်းဝန်ကြီးဌာန၏ နောက်ဆုံးသုံးသပ်ချက်ကို ကိုးကား၍ သတင်းစာက ရေးသားခြင်းဖြစ်သည်။ နိုင်ငံတွင်း၌ အလုပ်လက်မဲ့နှုန်းမှာ ၁၉၉၆ ခုနှစ်တွင် အလုပ်လုပ်သူ ၂၉ ဒသမ ၉ သန်း၏ ၂ ရာခိုင်နှုန်းထက် ပိုများရာ အလုပ်လုပ်သူ ၃၂ ဒသမ ၇ သန်း၏ ၅ ဒသမ ၂ ရာခိုင်နှုန်းအထိ ရှိလာသည်။ လူမှုလုံခြုံရေးအစီအစဉ်သို့ လျှောက်ထားဝင်ရောက်လာကြသော အလုပ်သမား အရေအတွက်မှာလည်း မတ်လမှစ၍ ပုံမှန်မြင့်တက်လာကြောင်း လေ့လာချက်၌ ဖော်ပြထားသည်။ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလအတွင်း လူမှုလုံခြုံရေးစနစ်အတွင်း ရှိစီးပွားရေးလုပ်ငန်းအရေအတွက်သည် ၉၀၀၀၀ အထိရှိပြီး အလုပ်သမား ၅ ဒသမ ၄၁ သန်းမျှရှိခဲ့သည်။ ၁၉၉၉ ခုနှစ် အောက်တိုဘာလတွင် စီးပွားရေးလုပ်ငန်း အရေအတွက်သည် ၉၈၀၀၀အထိမြင့်တက်ခဲ့ပြီး အလုပ်သမား ၅ ဒသမ ၆၁ သန်းရှိသည်။ စီးပွားရေးအကျပ်အတည်းမဖြစ်မီက လူမှုလုံခြုံရေးစနစ်အတွင်း အလုပ်သမား ၆ ဒသမ ၃ သန်းရှိခဲ့သည်။



ထိုင်းရဲတစ်ဦး မူးယစ်ဆေးဝါးရှာဖွေနေပုံ

ထိုင်းနိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ၁၃ ရာခိုင်နှုန်းဖြစ်သော ၇ ဒသမ ၉ သန်းမှာ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်တွင်နေထိုင်ကြရကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအဖွဲ့က ထုတ်ပြန်သော သတင်းလွှာ၌ ဒီဇင်ဘာလ ၂၉ ရက်နေ့က ဖော်ပြထားသည်။ လူ ၁ ဒသမ ၅ သန်းခန့်မှာ ၁၉၉၇ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော စီးပွားရေးအကျပ်အတည်းကြောင့် ဆင်းရဲချို့တဲ့မှုဖြစ်ခဲ့ရကြောင်း အစိုးရစီမံကိန်းအဖွဲ့စာရင်းတစ်ခုတွင် ဖော်ပြထားသည်။ နိုင်ငံ၏ အရှေ့မြောက်ဘက်တွင် နေထိုင်ကြသော လူ ၂၄ ရာခိုင်နှုန်းခန့်မှာ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်တွင် ရှိနေကြပြီး ထိုင်းနိုင်ငံတွင် အဆင်းရဲဆုံး ဒေသဖြစ်ကြောင်း သတင်းလွှာ၌ ဖော်ပြထားသည်။ ထိုင်းနိုင်ငံအတွင်းရှိကျေးလက်ဒေသများတွင် နေထိုင်သူတို့မှာ ဆင်းရဲသူအရေအတွက် အမြင့်မားဆုံးဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ ၁၇ ဒသမ ၃ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်တွင် နေထိုင်ကြရကြောင်း သတင်းလွှာ၌ ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် ဘတ်ဂျက်များလိုငွေပြမှုရှိနေခြင်းကြောင့် မစွမ်းမသန်သူများနှင့် ဆင်းရဲနွမ်းပါးသူများဆိုင်ရာ စာသင်ကျောင်းများမှ ကျောင်းဆရာများနှင့် ရုံးဝန်ထမ်းများ စုစုပေါင်း ၃၀၀၀ နီးပါးကို အလုပ်မှ ရပ်ဆိုင်းရတော့မည့် အခြေအနေတွင် ရှိနေကြောင်း ဒီဇင်ဘာလ ၈ ရက်နေ့ထုတ် ဗန်ကောက်ပို့စ် သတင်းစာတွင် ဖော်ပြထားသည်။ ပညာရေးဝန်ကြီးဌာနမှ အထွေထွေပညာရေးဦးစီးဌာနနှင့် မီယာဇာဝရန်ပုံငွေအဖွဲ့တို့တွင် ဘတ်ဂျက်လျော့နည်းနေခြင်းကြောင့် မစွမ်းမသန်သူများနှင့် ဆင်းရဲနွမ်းပါးသူများ စာသင်ကျောင်းမှ ကျောင်းဆရာများနှင့် ရုံးဝန်ထမ်း ၃၀၀၀ နီးပါးကို လခရိက္ခာမပေးနိုင်သော အနေအထားတွင် ရှိကြောင်း ပညာရေးဌာန ဒုတိယဝန်ကြီးကင်ချာနာဆီးဂ်ပါအာချာက ပြောကြားခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး – ထိုင်းနိုင်ငံနှင့်တရုတ်ပြည်တို့သည် စစ်မှန်သော မိတ်ဆွေများဖြစ်ကြကြောင်း အလည်အပတ် ရောက်ရှိနေသော တရုတ်နိုင်ငံခြားရေးဝန်ကြီး တမ်ကျိဟွမ်နှင့် ဖေဖော်ဝါရီလ ၆ ရက် နေ့ကဆွေးနွေးစဉ် ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်က ဗန်ကောက် မြို့တွင်ထုတ်ဖော်ပြောကြားသည်။ ၁၉၉၇ ခုနှစ်၊ နှစ်လယ်တွင် ထိုင်းနိုင်ငံငွေကြေးအကျပ်အတည်းတွေ့ချိန်က တရုတ်ပြည်က ထိုင်းနိုင်ငံအား စိတ်ရင်းစေတနာကောင်းဖြင့် အကူအညီပေးခဲ့ခြင်းအတွက် ထိုင်းနိုင်ငံက ကျေးဇူးတင်ကြောင်း ချွန်ကပြောကြားသည်။ ထိုင်းနိုင်ငံအား နိုင်ငံတကာငွေကြေးအဖွဲ့က အကူအညီပေးနိုင်ရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့သို့ တရုတ်ပြည်က ဒေါ်လာသန်း ၁၀၀၀ ထည့်ဝင်လှူဒါန်းခဲ့သည်။ ထိုင်းနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်နိုင်ငံတကာရေးရာများ၌ တရုတ်ပြည်နှင့်ပူးပေါင်းဆောင်ရွက်သွားရန် လည်းဆန္ဒရှိကြောင်း ချွန်လီပိုင်က ဆက်လက်ပြောကြားသည်။ တရုတ်ပြည်က ငွေကြေးစနစ်ပြုပြင်ပြောင်းလဲရေးတွင် ထိုင်းနိုင်ငံ နှင့် ပိုမိုပူးပေါင်းသွားရန် သစ်လွင်သော၊ တရားမျှတသော၊ အကျိုးအကြောင်းညီညွတ်သော၊ စွမ်းဆောင်နိုင်စွမ်းရှိသော ငွေကြေးနှင့်စီးပွားရေး ထူထောင်ရာတွင် ကြိုးပမ်းသွားရန် ဆန္ဒ ရှိနေသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ရထားပို့ဆောင်ရေး လုပ်ငန်းတိုးတက်ကောင်းမွန်အောင် ရထားလမ်းပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ထိုင်းအစိုးရ ရထား ပို့ဆောင်ရေးဌာနက ကမ္ဘောဒီးယား နိုင်ငံနှင့် နှားလည်မှု စာချွန်လွှာကို လက်မှတ်ရေး ထိုးလိုက်ကြောင်း ဧပြီလ ၄ ရက်နေ့ထုတ် ဗန်ကောက်ပို့စ် သတင်းစာ၌ ဖော်ပြထားသည်။ ယင်းစီမံကိန်းအရ ထိုင်းနိုင်ငံ အရန်ယာပရာသက်မှ ကမ္ဘောဒီးယား နိုင်ငံ ဆီဆိုဖုန်ဗီယာပို့ငံပက်သို့ ဆက်သွယ်ဖောက်လုပ်ထားသော လက်ရှိရထားလမ်းပြင်ဆင် ရန်နှင့် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန် ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဝင်နိုင်ငံများအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းသည် ဒေသလုံခြုံရေးကို ပိုမိုတိုးတက်စေသည်ဆိုခြင်းကို တရုတ်ပြည်က ထောက်ခံကြောင်း ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်က ဧပြီလ ၂၃ ရက်နေ့တွင် ဗန်ကောက်မြို့၌ ပြောကြားခဲ့သည်။ တရုတ်ပြည်သည် အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) နှင့် အာဆီယံကဲ့သို့ ဘက်စုံ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းအမျိုးမျိုးတွင် အလွန်အရေးပါသောကဏ္ဍမှ လုပ်ရှားဆောင်ရွက်ခဲ့သည်။ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်သူကို နှစ်ခြိုက်ခဲ့ကြပြီး ကောင်းမွန်သော လုပ်ငန်းဆက်ဆံရေးကိုလည်း တည်မြဲစေခဲ့သည်။ ဗန်ကောက်တွင် တရုတ် သတင်းထောက်များနှင့် တွေ့ဆုံမေးမြန်းရာ၌ ချွန်လီပိုင်က ဖြေကြားခြင်းဖြစ်သည်။ တရုတ်ပြည်ဒေသလုံခြုံရေး တိုးတက်မှုရှိစေရန် အထောက်အကူ ပြုပေးခဲ့သည်ကို အာရှ၌ ငွေကြေးအကျပ်အတည်းတွေ့ချိန်က တရုတ်ပြည်က ထောက်ကူပေးခဲ့သည်ကို မြင်တွေ့နိုင်သည်ဟု ချွန်လီပိုင်က ပြောကြားခဲ့သည်။

ထိုင်းနှင့်ဗီယက်နမ်တို့သည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာစေမည့် အဆိုတစ်ရပ်ကို ထိုင်း

အစိုးရအဖွဲ့က ဩဂုတ်လ ၄ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ယင်းအဆိုကို ထိုင်းနှင့်မီယက်နမ်စီးပွား ရေး ပူးပေါင်းဆောင်ရွက်သူ ဆိုင်ရာ ပူးတွဲကော်မတီကတင်သွင်းလိုက်၍ အဆိုပြုချက်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ အဟန့်အတား များကို အတတ်နိုင်ဆုံး ဖယ်ရှားကာ ကုန်သွယ်ရေး တိုးမြှင့်ပြုလုပ်သွားရန် ထိုင်းနှင့် မီယက်နမ်တို့ကို တိုက်တွန်း ဖော်ပြထား သည်။ မီယက်နမ် စက်မှုလယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် ထိုင်း နိုင်ငံအား မေတ္တာရပ်ခံထားပြီး ထိုင်းနိုင်ငံသို့ ရေနံနှင့် သဘာဝ ဓာတ်ငွေ့များ ပိုမိုတင်ပို့ရန် မီယက်နမ်နိုင်ငံအား တိုက်တွန်းထားသည်။ ထိုင်းနှင့်မီယက်နမ်နိုင်ငံတို့သည် ကုန်စည်ပြပွဲများ ခင်းကျင်းပြသခြင်း၊ ကုန်သွယ်ရေးအဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား အစည်းအဝေးပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သင့်သည်ဟုလည်း ထိုင်း အစိုးရအဖွဲ့တွင် သဘောတူညီကြသည်။ ပညာရေး၊ လယ်ယာစိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကဲ့သို့ သော ပညာရပ်ဆိုင်ရာ စီမံကိန်း ၁၀ ခုတွင် ထိုင်းနှင့် မီယက်နမ်တို့ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အဆိုပြုချက်တွင် ဖော်ပြပါရှိသည်။

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့။ ။ ၁၉၉၉ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ ရုပ်ရှင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

မြန်မာလူ့အဖွဲ့အစည်းတွင် ရှေးယခင်ကတည်းက မြန်မာ့ယဉ်ကျေးမှုအရ မိမိတို့၏ ရင်သွေးငယ်များကို မြန်မာဘုန်းတော်ကြီးကျောင်းများသို့ စာသင်ယူရန် ပို့လွှတ်သည့် အစဉ်အလာကောင်းရှိခဲ့ပြီးဖြစ်သည်။ မြန်မာ့ပညာရေးသည် မြန်မာဘုန်းတော်ကြီး ကျောင်းပညာရေးတွင် အခြေခံပြီး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာသည်။ ဘုန်းတော်ကြီးကျောင်း ပညာရေး၏ ထူးခြားချက်မှာ သင်ယူသူ၏ ကိုယ်ပိုင်သင်ယူနှုန်းနှင့် သင်ယူစေနိုင်ခြင်းဖြစ်ရာ အရည်အချင်းအလျောက် သင်ယူနိုင်ခွင့်ပေးထားသည်။ မြန်မာ့သမိုင်းတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးက မွေးထုတ်ပေးခဲ့သည့် ရဟန်းပညာရှိ၊ လူပညာရှိ များပေါ်ထွန်းခဲ့ပြီး အတွေးအခေါ် ထက်မြက်၍ နိုင်ငံကို အုပ်ချုပ်နိုင်သော အဆင့်အထိ ပညာရေးမြင့်မားကြောင်း တွေ့ရသည်။ ဘုန်းတော်ကြီး ကျောင်းများ၏ အကျိုးကျေးဇူး ကြောင့် မြန်မာနိုင်ငံတွင် စာတတ်မြောက်မှုမြင့်မားလာခြင်း ဖြစ်သည်။

ရှေးမြန်မာမင်းများလက်ထက် ခရစ် ၁၈၃၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ဗြိတိသျှကိုလိုနီ နယ်ချဲ့လက်ထက် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းထက်မြင့်မားကြောင်း ထင်ရှားသည်။ ယခင်က စာရေးစာဖတ်ကျွမ်းကျင်စွာ တတ်မြောက်သူ ၈၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ နယ်ချဲ့လက်ထက်တွင် ၃၅ ရာခိုင်နှုန်း အထိကျဆင်းသွားသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရခါစက လူဦးရေ ၁၇ သန်းခန့်ရှိပြီး လူ ၁၀၀ လျှင် ၃၅ ယောက်သာ စာတတ်မြောက်၍ ၆၅ ယောက်မှာ စာအလျဉ်းမတတ်ခြင်းကြောင့် ၁၉၄၈ ခုနှစ် လူထုပညာရေးဥပဒေကိုပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ ထိုဥပဒေအရ ၁၉၄၉ ခုနှစ်တွင် လူထုပညာရေးကောင်စီကို ဖွဲ့စည်းကာ လူထုပညာရေးသင်တန်းနှင့် "အ" သုံးလုံးကျသင်တန်းများဖွင့်လှစ်၍ စာတတ်မြောက်ရေး လုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ကြသည်။ ၁၉၅၂ ခုနှစ်တွင် ဘဝသစ်ဖန်တီးမှုစီမံကိန်းအရ အစိုးရကျောင်းများတိုးချဲ့ဖွင့်လှစ်ပြီး စာတတ်မြောက်ရေးလုပ်ငန်းကိုဦးတည်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင် အရှေ့စံပြကျေးရွာ၌ "အ" သုံးလုံးကျ သင်တန်းများကို စေတနာဝန်ထမ်းလုပ်အားပေးများဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အောင်မြင်မှုများ ရရှိသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ၂၄ နှစ်အတွင်း စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအဖြစ် ကြိုးပမ်းဆောင်ရွက်မှုကြောင့် အသက် ၁၅ နှစ်အထက် ပြည်သူနှစ်သန်းခွဲခန့် စာတတ်မြောက်လာရသည်။ မြန်မာတို့၏ စာတတ်မြောက်ရေးကြိုးပမ်းမှုအတွက် ယူနက်စကို အဖွဲ့ချုပ်က ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီ ဇာပလာ ဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် နီမာဆုများကို မြန်မာနိုင်ငံသို့ ချီးမြှင့်သည်။

၁၉၉၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၊ ဂျွန်တီယန်မြို့၌ ကမ္ဘာ့ပညာရေးညီလာခံကျင်းပပြီး လူတိုင်းအတွက်ပညာရေး (Education For ALL - EFA) အစီအစဉ်ကို ချမှတ်ပေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် လူတိုင်းအတွက်ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ဗဟိုကော်မတီကို ဖွဲ့စည်း၍ ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍနှစ်ရပ်ကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်. ၁၉၉၉ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပြခန်းကို ကြည့်ရှုစဉ်



နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပိုစတာ


ကော်မတီအောက်တွင် လူတိုင်းအတွက် ပညာရေးဆိုင်ရာ ဦးစီးကော်မတီ၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ကျေးရွာ ကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး စာတတ်မြောက်ရေးလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်း၊ ဘဝသာယာရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း တွေ့ရသည်။ ၁၉၉၆ ခုနှစ်မှစ၍ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့အထိ စီမံကိန်းမြို့နယ် ၃၂၄ မြို့နယ်အနက် ၁၄၅ မြို့နယ်တွင် စာမတတ်သူ ခြောက်သိန်းခြောက်သောင်းကျော်အနက် နှစ်သိန်းလေးသောင်းကျော် တို့သည် အခြေခံ စာတတ်မြောက်ရေးသင်တန်းများသို့ တက်ရောက်သင်ယူခဲ့ပြီး တစ်သိန်းကျော် စာတတ်မြောက်သူများ ဖြစ်လာကြသည်။ ထိုလုပ်ငန်းအတွက် အခြေခံစာစဉ်သုံးမျိုး၊ အစုံလေးသိန်း၊ အုပ်ရေ ၂၂ သိန်းခန့်ကို နိုင်ငံတော်ဘဏ္ဍာငွေကျပ် ၂၅ သန်းခန့် ကျခံသုံးစွဲခဲ့ရသည်။

အခြေခံစာတတ်မြောက်ရေးပြီးဆုံးသည်နှင့် တစ်ပြိုင်နက်တည်းစဉ်ဆက် ပညာရေးအရ စာဖတ်ရှုနိုင်မြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်ပေးရာတွင် စာဖတ်ဝိုင်း၊ စာကြည့်တိုက်များဖွင့်လှစ်ပေးရန် လိုအပ်မည် ဖြစ်သည်။ အခြေခံစာတတ်မြောက်ရေး ပြီးဆုံးသည့်မြို့နယ်အချို့တွင် ရပ်ရွာပညာပဒေသာဌာန (Community Learning Centre) များကို ထူထောင်ဖွင့်လှစ်လာကြသည်။ ရပ်ရွာပညာပဒေသာဌာနများသည် လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားရေး အစီအစဉ်များကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ စဉ်ဆက် ပညာရေးအစီအစဉ်များအောင်မြင်စွာဆောင်ရွက်နိုင်ရန် ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်းအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ-ယူနက်စကို ယဉ်ကျေးမှုဌာန (ACCU)နှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ရပ်ရွာပညာပဒေသာ ဌာနများတွင် စဉ်ဆက်ပညာရေး အကောင်အထည်ဖော်ဆောင်ရွက်နည်းဖော်ထုတ်ခြင်းဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲကို ကျင်းပပြုံးဖြစ်သည်။

၁၉၉၉ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားအပြီးတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ကျင်းပသည်။ စာတမ်းဖတ်ပွဲ နံနက်ပိုင်း အစီအစဉ်တွင် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ခရိုင်ပညာရေးမှူး ဦးတင်ဝင်းက "စစ်ကိုင်းတိုင်း စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှု အခြေအနေတင်ပြခြင်း" စာတမ်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါက်တာတင်လင်းမြင့်က "မန္တလေးတိုင်း စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှု အခြေအနေတင်ပြခြင်း" စာတမ်း၊ ဧရာဝတီတိုင်း ဖျာပုံမြို့နယ် မြို့နယ်ပညာရေးမှူး ဦးဇော်သောင်းက "ဧရာဝတီတိုင်း စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှု အခြေအနေတင်ပြခြင်း" စာတမ်း၊ ညနေပိုင်းအစီအစဉ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဟန်တင်က "EFA The Year 2000 Assessment" စာတမ်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက "An overview of literacy in the Asia and the Pacific " စာတမ်းတို့ကို အသီးသီး ဖတ်ကြားကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းများ။

။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်နေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟို



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်
တိုင်းရင်းသားလူမျိုးများ ပရဟိတ(ကျား)ကျောင်းအား
စစ်ဆေးနေစဉ်

ကော်မတီကို (၂၅.၅.၈၉) နေ့တွင် အဖွဲ့ဝင် (၅) ဦးဖြင့် လည်း ကောင်း၊ (၂၄.၁၂.၉၆) နေ့တွင် အဖွဲ့ဝင် (၉) ဦးဖြင့်လည်း ကောင်း၊ (၁၁.၂.၉၈) နေ့တွင် အဖွဲ့ဝင် (၁၀) ဦးဖြင့်လည်းကောင်း အဆင့်ဆင့် ပြန်လည်ဖွဲ့စည်းကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်မှု အတွက် မူဝါဒများ၊ စီမံကိန်းများ လမ်းညွှန်ချမှတ်ခဲ့သည်။

အဆိုပါ မူဝါဒများ၊ စီမံကိန်းများနှင့် လမ်းညွှန်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်. ကျိုင်းတုံဆေးရုံဆောက်လုပ်မှု စစ်ဆေးစဉ်

(၂၄.၉.၉၂) နေ့တွင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။ ဆက်လက်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေး လုပ်ငန်းများကို ပိုမို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် (၃၀.၁.၉၄) နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပြန်လေသည်။

တစ်ဆက်တည်းတွင် နိုင်ငံတော်အစိုးရသည် (၁၃.၈.၉၃) နေ့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြန်လေသည်။



နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်. ကျိုင်းတုံဆေးရုံဆောက်လုပ်မှု စစ်ဆေးစဉ်

၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကိုလည်း (၃၁.၅.၈၉) နေ့တွင် စတင် ဖွဲ့စည်း ခဲ့သည်။ (၁၁.၂.၉၈) နေ့တွင် လုပ်ငန်းကော်မတီကို(၄၉) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး၊ အဆိုပါလုပ်ငန်းကော်မတီ၏ အောက်တွင် ဆပ်ကော်မတီ (၁၈) ခုကိုလည်း လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်း ထားသေးသည်။

ထိုမျှသာမက နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်ကောင်းကောင်း၊ သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက် ထိရောက်စွာ ပိုမိုအကောင်အထည်ဖော်နိုင်ရန် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင် ရည်ရွယ်ချက်များ ပြဋ္ဌာန်းထားရာ ယင်းတို့မှာ –

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

၂။ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်။

၃။ တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်။

၄။ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်။

၅။ နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန် တို့ဖြစ်ကြသည်။

အဆိုပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ဒေသအလိုက် ဖွံ့ဖြိုးမှုကြိုးကြပ်ရေး ရုံးခွဲများ ဖွဲ့စည်းထားရာ ယင်းတို့မှာ ကချင်ပြည်နယ်တွင် မြစ်ကြီးနား-ဗန်းမော်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လားရှိုး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင်တောင်ကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ကျိုင်းတုံမြို့၊ ကယားပြည်နယ်တွင် လွိုင်ကော်မြို့၊ ကရင်ပြည်နယ်တွင် ဘား‌အံမြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းတွင် မြိတ်မြို့၊ ရခိုင်ပြည်နယ်တွင် စစ်တွေမြို့၊ စစ်ကိုင်းတိုင်းတွင် မုံရွာမြို့နှင့်ချင်းပြည်နယ်တွင် ဟားခါးမြို့တို့ ဖြစ်ကြသည်။ အဆိုပါ ကြီးကြပ်ရေးရုံးခွဲများအောက်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် ဒေသ (၁၈) ခုထား‌ရှိသည်။

အဆိုပါဒေသ (၁၈) ခု၏ အကျယ်အဝန်းမှာ ခန့်မှန်းစတုရန်း (၇၄၉၀၅) မိုင်ရှိပြီး ထိုဒေသများ၌ တိုင်းရင်းသားလူမျိုးများ (၅ ဒသမ ၀၆) သန်းကျော်ခန့် နေထိုင်လျက်ရှိကြလေသည်။

ထိုဒေသများတွင် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ

က။ တည်ဆောက်ရေးလုပ်ငန်းများမှာ – မြေလမ်း (၂၆၈၉) မိုင်၊ ကျောက်ခင်းလမ်း (၁၀၇၅) မိုင်၊ ကတ္တရာလမ်း (၂၁၈) မိုင် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း (၆၈၈၂) မိုင်၊ ဆောက်လုပ်ပြီးစီးသည့် တံတားကြီး (၄) စင်း၊ တံတားငယ် အစင်း (၆၇၀)၊ ကြိုးတံတား (၁၃) ခုတို့ ဖြစ်ကြသည်။

ခ။ ကျန်းမာရေးလုပ်ငန်းများမှာ – ဆေးရုံ (၄၃) ရုံ၊ ဆေးပေးခန်း (၇၉) ခန်း၊ ကျေးလက်ကျန်းမာရေးဌာန (၄၃) ဌာနတို့ ဖြစ်ကြသည်။

ဂ။ ပညာရေးလုပ်ငန်းများမှာ – မူလတန်းကျောင်း (၃၅) ကျောင်း၊ အလယ်တန်းကျောင်း (၄၆) ကျောင်း၊ အထက်တန်းကျောင်း (၁၄) ကျောင်းတို့ ဖြစ်ကြလေသည်။

ထိုမျှမက ဆည် (၃) ခု၊ တူးမြောင်း (၃) ခု၊ တည်ဆောက်ပေးခြင်း၊ ကြိုးဝိုင်းသစ်တော (၄) ခု၊ သစ်စက် (၁၂) ခု၊ သစ်တောပျိုးဥယျာဉ် (၇) ခုတို့ကို ဖွင့်လှစ်တည်ထောင်ပေးခြင်း။ ရေအား‌လျှပ်စစ်စက်ရုံ (၈) ရုံတည်ဆောက်ကာ (၁၅၇) မြို့.လျှပ်စစ်မီးရရှိနေခြင်း၊ ပြန်ကြား‌ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးပေါင်း (၅၅) ရုံး၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (၇၅) ရုံ၊ စာတိုက် (၅၂) ခု၊ ရေဒီယိုတယ်လီဖုန်း (၄၅) ခု၊ မြို့တွင်းအိပ်ချိန်း (၅၄) ခု၊ တယ်လီဖုန်းအဝေးတိုင် (၄၄၁ ဒသမ ၅) မိုင်၊ ကြေးနန်းရုံး (၄၄) ခု၊ ဂြိုလ်တုဆက်သွယ်ရေးစခန်း (၁၁) ခု၊ အိမ်တွင်းမှသက်မွေးပညာလုပ်ငန်းပညာသင်ကျောင်း (၁၀) ကျောင်း၊ ပရဟိတကျောင်း (၁) ကျောင်း၊ လူငယ်ဖွံ့ဖြိုးရေးကျောင်း (၁၆) ကျောင်း တို့ကိုလည်း တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့လေသည်။

ထို့ကြောင့် ၁၉၈၉ ခုနှစ်မှ (၃၁.၁၂.၉၉) နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ကုန်ကျသုံးစွဲငွေပေါင်းမှာ –

စဉ် –	ခုနှစ်	–	ကျပ် (သန်းပေါင်း)
၁	၁၉၈၉ - ၉၀	–	၉၈.၅၉
၂	၁၉၉၀ - ၉၁	–	၁၅၄.၉၆
၃	၁၉၉၁ - ၉၂	–	၄၆၀.၇၆
၄	၁၉၉၂ - ၉၃	–	၅၅၈.၂၉
၅	၁၉၉၃ - ၉၄	–	၅၁၄.၃၉
၆	၁၉၉၄ - ၉၅	–	၈၂၁.၁၃
၇	၁၉၉၅ - ၉၆	–	၁၂၂၃.၂၇
၈	၁၉၉၆ - ၉၇	–	၂၄၁၁.၄၂
၉	၁၉၉၇ - ၉၈	–	၂၈၉၈.၉၈
၁၀	၁၉၉၈ မှ ၃၁.၁၂.၉၉	–	၈၈၆၁.၅၁
	စုစုပေါင်း	–	၁၈၀၀၃.၃၀

စုစုပေါင်း ကျပ် (၁၈၀၀၃.၃၀) သန်းဖြစ်လေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုသည်နှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းမှာလည်း အဓိကအခန်းမှ ပါဝင်လာသည်။ နိုင်ငံတော်သည် မူးယစ်ဆေးဝါးချုပ်ငြိမ်းရေးအတွက် မဟာဗျူဟာနှစ်ရပ်ချမှတ်ထား‌သည်။ ဒုတိယမဟာဗျူဟာမှာ "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးမှု အလေ့အထ တစ်စတစ်စ ချုပ်ငြိမ်းရေး" ဖြစ်သည်။

ဤမဟာဗျူဟာနှင့် အညီစဉ်ဆက်မပြတ် အကောင်အထည်ဖော်မှုကြောင့် မူးယစ်ဆေးဝါးချုပ်ငြိမ်းရေးလုပ်ငန်းမှာ အရှိန်ကောင်းလျက်ရှိပြီး ၂၂.၄.၉၇ နေ့တွင် ရှမ်းပြည်နယ်မိုင်းလားမြို့ကို လုံးဝ မူးယစ်ဆေးဝါးကင်းရှင်းသည့် ဒေသ

အဖြစ် ကမ္ဘာတစ်ဝန်းသို့ တရား၀င် ထုတ်ဖော်ကြေညာနိုင်ခဲ့လေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးနှင့် ပညာရေးမြင့်မားရေးအတွက် ယခင်က ဖွင့်လှစ်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကိုလည်း ယခုတပ်မတော်အစိုးရလက်ထက်၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ဘက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ခဲ့လေသည်။

ဤသို့အားဖြင့် နိုင်ငံတော်အစိုးရ (တပ်မတော်) သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအား၊ ညမအား ဆောက်ရွက်မှုကြောင့် နိုင်ငံတော်အစိုးရ(တပ်မတော်)၏ စေတနာမှန်ကိုနားလည်သဘောပေါက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၇) ဖွဲ့သည် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်အစိုးရနှင့် အတူလက်တွဲလျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ကျကျပါဝင် ပူးပေါင်းဆောင်ရွက်လျက်ရှိနေလေသည်။

ပခုက္ကူ ဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု။ ။

ပခုက္ကူ ဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲအခမ်း အနား‌ကို ၂၀၀၀ ပြည့်နှစ် ဧန်နဝါရီလ ၁၇ ရက်နေ့တွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ နိုင်ငံတော်

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားပြီး ဆုများကို ပေးအပ် ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ် ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သိန်းဇော်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ စာပေပညာရှင်များ၊ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ပခုက္ကူ ဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များ၊ စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေနှင့် ဆုရစာပေပညာရှင်များ၊ ဆုရကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပခုက္ကူမြို့မြို့မြို့ဘများနှင့် အထူးဖိတ်ကြားထားသူများ တင်ရောက်ကြသည်။



ပခုက္ကူ ဦးအုံးဖေ စာပေဆုနှင့် ပညာရည်ချွန်ဆု ရရှိသူများအား အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ တွေ့ရစဉ်

ပခုက္ကူ၊ ဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု

ပခုက္ကူဦးအုံးဖေ စာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများကို သတ်မှတ်ထားသည့် ရည်ရွယ်ချက်၊ အခြေခံမူ ၅ ရပ်နှင့် ကိုက်ညီမှု ရှိမရှိ စိစစ်ရွေးချယ်သည်။ ပခုက္ကူဦးအုံးဖေစာပေဆု စတင်ချီးမြှင့်ခဲ့သည့် စာပေဆုသက်တမ်းမှာ ခုနစ်နှစ် ရှိပြီဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေ စသဖြင့် ပြိုင်ပွဲဝင်ဘာသာရပ် ငါးမျိုးတွင် ဆွတ်ခူးခဲ့သော ပုဂ္ဂိုလ်ပေါင်း ၇၉ ဦး ရှိပြီဖြစ်သည်။ ယင်းပုဂ္ဂိုလ်များထဲမှ ဆုရစာမူများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေပေးပြီး စာအုပ်ထုတ်ဝေသည့် နှစ်အလိုက် အမျိုးသားစာပေဆု ရွေးချယ်ခံရသော စာအုပ်မှာ ၅ အုပ်ရှိပြီဖြစ်သည်။

၁၉၉၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု ပြိုင်ပွဲဝင် စာမူများမှာ ကဗျာပေါင်းချုပ်ဆုအတွက် ၄၁ စောင်၊ ဝတ္ထုရှည်ဆုအတွက် ၁၂ စောင်၊ ဝတ္ထုတိုပေါင်းချုပ်ဆုအတွက် ၂၄ စောင်၊ ကျမ်းစာပေဆုအတွက် ၂၂ စောင်၊ သုတေသနစာပေဆုအတွက် ၁၃ စောင် စုစုပေါင်း ၁၁၂ စောင် ဖြစ်သည်။

တစ်သက်တာ စာပေဆုအတွက် စိစစ်ရွေးချယ်ရာတွင် ချမှတ်ထားသော အခြေခံမူများ၊ စည်းကမ်းများနှင့် ကိုက်ညီသော စာရေးဆရာကြီးများ၏ ရေးသားပြုစုခဲ့သော စာပေစာရင်း၊ စာပေလောက၏ စည်းရုံးရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ယင်းတို့၏ ကိုယ်ရေးမှတ်တမ်း၊ စာပေရေးရာလုပ်ဆောင်ချက် စသည့် ဆုစည်းကမ်းများနှင့်အညီ ရွေးချယ်သည်။

ပခုက္ကူဦးအုံးဖေ စာပေဆုအပြင် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုကိုလည်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ ထူးချွန်သည့် ကျောင်းသားကျောင်းသူများကို ရွေးချယ်ချီးမြှင့်သည်။

၁၉၉၉ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုများ

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁။	ကဗျာပေါင်းချုပ်(ပထမဆု)	ပန်းမိုးရွာတဲ့အလှမြေ	မြေလတ်မောင်မြင့်သူ
	ကဗျာပေါင်းချုပ်(ဒုတိယဆု)	လောကအလှဆင်သောနေ့	စလင်းဘုန်းကျော်
	ကဗျာပေါင်းချုပ်(တတိယဆု)	မျိုးစောင့်တရား၊ကဗျာများ	ကျောင်းကုန်းဇည့်မူး
၂။	ဝတ္ထုရှည်(ပထမဆု)	ယုံကြည်ချက် ထီးတစ်ချောင်းနဲ့ ရွာရိုးလျှောက်မယ့်လူ	မင်းတင်ထွဏ်း
	ဝတ္ထုရှည်(ဒုတိယဆု)	ရွှေအိမ်သည့်အသည်း မျက်ရည်နှင့်မလဲပါ	ပုသိမ် ရန်နိုင်စိုး
	ဝတ္ထုရှည်(တတိယဆု)	ဖြတ်လမ်းမဲ့ဂက်ပါ	ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)
၃။	ဝတ္ထုတိုပေါင်းချုပ်(ပထမဆု)	သမီးလှကျွန်းကို မြင်ရင်နှင့် အခြားဝတ္ထုတိုများ	မြေလတ်မင်းလွင်
	ဝတ္ထုတိုပေါင်းချုပ်(ဒုတိယဆု)	ကောင်းကင်ယံ သန်းရှင်းရေးဝတ္ထုတိုများ	ခင်စန်းမွန်
	ဝတ္ထုတိုပေါင်းချုပ်(တတိယဆု)	ချွေးဖြင့်ပေးဆပ်ခဲ့ပါသည်နှင့် အခြားဒဝတ္ထုတိုများ	မောင်ရည်ကျော်(ရှုပ)
၄။	ကျမ်းစာပေ(ပထမဆု)	မြန်မာ့ရိုးရာအိမ်	မောင်ယဉ်လိုင်း(ပျဉ်းမမြို့)
	ကျမ်းစာပေ(ဒုတိယဆု)	စလင်းဆရာတော်ဦးလှဲ့၏ မိတရောဝါဒပျို့	သန်းသန်းဦး(မြန်မာစာ)
	ကျမ်းစာပေ(တတိယဆု)	ကုန်းဘောင်ဖြူဝန်းမိုး	ရွှေဘိမိမိကြီး
၅။	သုတေသနစာပေ(ပထမဆု)	မန်ကျည်းစေ့ကမ္ဘဝါ ပန်းအကွရာ	ဦးညွန့်မောင်
	သုတေသနစာပေ(ဒုတိယဆု)	မြနန္ဒာ ရေချိုသန်း	အောင်ငြိမ်းချမ်း
	သုတေသနစာပေ(တတိယဆု)	ပုရပိုက်ပန်းချီ လေ့လာချက်	မောင်မောင်သိန်း
၆။	တစ်သက်တာစာပေဆု	ဆရာကြီးဦးသန်းထွတ်(တိုက်စိုး)	

ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု

၁၉၉၉ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆုတွင် ရရှိသည့် ကဗျာပေါင်းချုပ်ဆု၊ ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်း ချုပ်ဆုနှင့် တစ်သက်တာစာပေဆုရပဂိုလ်များအား နိုင်ငံတော်အောဇာသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဝတ္ထုတိုပေါင်းချုပ်တတိယဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆုများကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က လည်ကောင်း၊ ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုနှင့် ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုများကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆု ရရှိသူများ

၁။ မခင်မော်လွင် (အဝေးသင်တက္ကသိုလ်၊ တောင်ကြီးဌာနခွဲ)
၂။ မဥဝါထွေး (အဝေးသင်တက္ကသိုလ်၊ ပခုက္ကူဌာနခွဲ)
၃။ မသက်သက်အေး (အဝေးသင်တက္ကသိုလ်၊ ပုသိမ်ဌာနခွဲ)
၄။ မစန္ဒာဝင်း (အဝေးသင်တက္ကသိုလ်၊ ဟသ်ာတဌာနခွဲ)

ပခုက္ကူဦးအုံးဖေ စာပေဆု ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆု ရရှိသူများ

၁။ မောင်စိန်မင်း (ပထမနှစ်၊ ပန်းချီအထူးပြု)
၂။ မထက်ထက်အောင် (ပထမနှစ်၊ ဂီတအထူးပြု)

၂၀၀၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရရှိသူများ

စဉ်	ဘာသာရပ်	ရရှိသူ	ကျောင်းအမည်
၁။	မြန်မာဘာသာ	မကေခိုင်ဝင်း	အထက (၁) ဒဂုံ၊ ရန်ကုန်တိုင်း
၂။	မြန်မာဘာသာ	မမေသူဝင်း	အထက (၂) ရန်ကင်း၊ ရန်ကုန်တိုင်း
၃။	မြန်မာဘာသာ	မမိုးမိုးလင်း	အထက (၂) သဃ်န်းကျွန်း၊ ရန်ကုန်တိုင်း
၄။	အင်္ဂလိပ်ဘာသာ	မောင်အောင်သူ	အထက မလှိုင်၊ မန္တလေးတိုင်း
၅။	အင်္ဂလိပ်ဘာသာ	မဆွေဇင်လင်း	အထက ပျော်ဘွယ်၊ မန္တလေးတိုင်း
၆။	အင်္ဂလိပ်ဘာသာ	မနွယ်ဦးမွန်	အထက (၁၆)၊ မန္တလေးတိုင်း
၇။	သချိုဘာသာ	မောင်မျိုးမြင့်	လေ့ကျင့်ရေး အထက ကမာရွတ်မြို့နယ် ရန်ကုန်တိုင်း
၈။	သချိုဘာသာ	မကေခိုင်ဝင်း	အထက (၁) ဒဂုံ၊ ရန်ကုန်တိုင်း
၉။	သချိုဘာသာ	မောင်စိုးသန်း	အထက (၁) ဒဂုံ၊ ရန်ကုန်တိုင်း
၁၀။	သိပ္ပံဘာသာ	မောင်ဇေယျာစိုး	အထက (၁) ရမည်းသင်း၊ မန္တလေးတိုင်း
၁၁။	သိပ္ပံဘာသာ	မောင်အောင်ဇော်ထွန်း	အထက (၁) မြောင်းမြမြို့၊ ဧရာဝတီတိုင်း
၁၂။	သိပ္ပံဘာသာ	မအိအိဖြူ	အထက (၂) ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း
၁၃။	လူမှုရေးဘာသာ	မောင်အောင်သူ	အထက မလှိုင်၊ မန္တလေးတိုင်း
၁၄။	လူမှုရေးဘာသာ	မမြတ်စုမွန်	အထက (၈) အောင်မြေသာဇံ၊ မန္တလေးတိုင်း
၁၅။	လူမှုရေးဘာသာ	မသက်ထား:ရွှေစင်ဝင်း	အထက (၁) မကွေးမြို့၊ မကွေးတိုင်း

ပညာသီဟ၊ ဘဒ္ဒန္တ (ပြင်ဦးလွင်ဆရာတော်) (မြန်မာ ၁၂၉၂-၁၃၆၀) ။ ။ ဆရာတော် ဘဒ္ဒန္တပညာသီဟ (အဂ္ဂမဟာပဏ္ဍိတ) ကို မန္တလေးတိုင်း ရမည်းသင်းမြို့နယ်၊ ဝကုန်းကျေးရွာတွင် ခမည်းတော် ဦးပြား+ မယ်တော် ဒေါ်အိတို့က ၁၂၉၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်ကြာသပတေးနေ့၌ ဖွားမြင်သည်။ မွေးချင်းငါးယောက်အနက် ဒုတိယမြောက်ဖြစ်ပြီး ငယ်နာမည်မောင်ပေါမောင်ဖြစ်သည်။



ပြင်ဦးလွင်မြို့ ရတနာမာရ်အောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသီဟ

ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၃ ခုနှစ်၊ တပေါင်းလဆန်း (၁၂) ရက်နေ့၌ ရမည်းသင်းမြို့နယ်၊ ဝကုန်းရွာဦးကျောင်းဆရာတော် ဦးတေဇမဏိကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်ပညာသီဟ ဖြစ်သည်။

ဆရာတော်လောင်းလျာ ၁၃၁၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် ပျော်ဘွယ်မြို့နယ် မန်ကျည်းတန်းရွာ၊ ခဏ္ဍသိမ်တော်၌ ရှောက်ကုန်းမြောက်ကျောင်းဆရာတော် ဦးခေမာစာရကို ဥပဇ္ဈာယ်ပြု၍ ဘိုးတော်+ဘွားတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

စာပေပရိယတ္တိ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရမည်းသင်းမြို့နယ်၊ ဝကုန်းကျေးရွာ၊ ရွာဦးကျောင်းဆရာတော် ဦးတေဇမဏိ၊ ဦးသုဇာတ (ဆရာကြီး ဦးညီခင်) ရမည်းသင်းမြို့ ဆင်ကျေးတောရဆရာတော် ဦးပညာ၊ ဦးသောဘန (ရေကြည်တော်ဆရာတော်) ဦးကုမာရ၊ ဦးကောဏ္ဍည၊ မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးအရိယ၊ အမရပူရကျောင်းဆရာတော် ဦးဥက္ကံသာဘိဝံသ၊ နယားကျောင်းဆရာတော် ဦးမေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) အရှင်မြတ်တို့၏ ထံတော်၌ အခြေခံမှစ၍ ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို ဓမ္မာစရိယ စာချုတန်းစာမေးပွဲ အောင်မြင်သည်အထိ သင်ကြားဆည်းပူးတော်မူခဲ့သည်။ ဓမ္မာစရိယဘွဲ့ရတော်မူပြီးသော်အခါ ပခုက္ကူသို့ကြွ၍ မဟာဝိသုတာရာမကျောင်းတိုက် ရတနာသိဒ္ဓိဆရာတော် ဦးနန္ဒိယ၊ သာသနရက္ခိတ ဆရာတော် ဦးတေဇနိယ၊ ဓမ္မောဒယဆရာတော် ဦးနေမိန္ဒ စသောဆရာတော်မထေရ်မြတ်တို့၏ ထံတော်၌ နိကာယ်ငါးရပ် ပိဋကတ်စာပေ တို့ကို ဆိုဝါ၊ လိုက်ဝါတို့ဖြင့် ရွှေ့ပလ္လင်ပေါက် နောက်ပလ္လင်ပေါက် သင်ယူဆည်းပူးတော်မူခဲ့သည်။ ၁၃၂၃ ခုနှစ်တွင် ရမည်းသင်းမြို့ ဆင်ကျေးတောရကျောင်းတိုက်၌ ဂဏဝါစက တာဝန်ကို ထမ်းဆောင်ရင်း ပါဠိပါရဂူ စာမေးပွဲကို ဖြေဆို အောင်မြင်တော်မူသည်။

စာပေကျမ်းဂန် သင်ကြားပို့ချ ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် ရမည်းသင်းမြို့၊ ဆင်ကျေးတောရကျောင်းတိုက်၌ စာပေပို့ချတော်မူခဲ့၍ ၁၃၂၈ ခုနှစ်မှစပြီး ပြင်ဦးလွင်မြို့ ရတနာမာရ်အောင်ကျောင်းတိုက်ကို စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်လျက် စာပေပို့ချတော်မူခဲ့သည်မှာ ယနေ့အထိဖြစ်သည်။ ဆရာတော်သည် အကြောင်းအရာအားလျော်စွာရတု၊ကဗျာ၊ တေးတပ်များနှင့် ဘာသာရေးစာစောင် အမျိုးမျိုးတို့၌ စာပေဆောင်းပါးများကို ရေးသားတော်မူခဲ့သည့်အပြင် အောက်ပါစာအုပ် လေးအုပ်ကိုလည်း ရေးသားတော်မူခဲ့သည်-

(၁) အခြေခံဗုဒ္ဓဘာသာစာအုပ်
(၂) ဓမ္မနာဒတိုက်အုပ်ဆရာတော်၏ ထေရုပ္ပတ္တိ
(၃) မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ စိန်ရတုထေရုပ္ပတ္တိ
(၄) ထေရ်မြတ်မဂ္ဂင် ဖြစ်တော်စဉ်စာအုပ်

တို့ဖြစ်သည်။

သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃအဖွဲ့အစည်း သက်တမ်းသုံးကြိမ်တိုင်တိုင် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိရ အဖြစ်ဖြင့်လည်းကောင်း၊ လူသေလူဖြစ်ဝါဒ စောဒကအဖြစ် ဖြင့်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကတွဲဖက်အကျိုးတော်ဆောင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်

ဩဝါဒစရိယအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ တိပိဋကနိကာယ သာသနာပြု ဥပဒ္ဒာကအဖွဲ့ စီမံအုပ်ချုပ်မှု မဟာနာယက၊ စုံစမ်းရေးကော်မရှင်အဖွဲ့ဝင်၊ ပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲမျာ: ပညာရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြင်ဦးလွင်မြို့ ရွှေမြင်တင်ဘုရား:ကြီးနှင့် တောင်ကျောင်း:ကြီးကျောင်း:တိုက်ဘုရား:ကြီး ဂေါပကအဖွဲ့တို့၏ ဩဝါဒိစရိယ စသည် သာသနာ့ဝန်ကို ထမ်း:ဆောင်တော်မူခဲ့သည်။

ကြည်ညိုဖွယ်ရာ ထူး:ခြား:သောဂုဏ်ရည်မျာ:

ဆရာတော်သည် စာသင်တိုက် မဟုတ်သော ကျောင်း:တိုက်တို့၌ တစ်ဝါမျှ မနေထိုင်ဘူး:ခြင်း၊ သီလသမာဓိ ပညာဂုဏ်ကြီး:မာ:တော်မူကုန်သော ထေရ်ကြီး: ဝါကြီး:တို့အာ: ရှိသေလေး:စာ:မှုရှိခြင်း၊ ထိုထေရ်ကြီး: ဝါကြီး:တို့၏ ရှိသေလေး:စာ:ထိုက်သော သီလ သမာဓိ ပညာဂုဏ်မျာ:ကို တပည့်မျာ: အာ: ပေးတော်မူခြင်း၊ ကိုယ်နှုတ်ယဉ်ကျေး: အသွင်အေး:သော ရှင်ငယ်ရဟန်:ငယ်မျာ:ကို ချစ်ခင်လေး:စာ:မှုရှိခြင်း၊ ဩဝါဒပေး:ရာ၌ သုတ္တန်ပါဠိတော် တစ်ခုခုကို အခြေခံ၍သာ ပေး:လေ့ရှိခြင်း၊ ဝါဆိုဦး:တိုင်: သာရကိယတရာ: ခြောက်ပါး:ကို အကျယ်ဖွင့် ပေးတော်မူလေ့ရှိခြင်း:တို့ကြောင့် နိ:ဝေး:ဝန်:ကျင် လူရှင်ရဟန်:တို့၏ ကြည်ညိုလေး:စာ:မှုကို ရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း:

ဤသို့လျှင် သာသနာတော်၏ အကျိုး:ကို သယ်ပိုး:ဆောင်ရွက်တော်မူသော ဝိနယဂရုက ဂန္ထဓုရာဝဟပရိယတ္တိ ဝိသာရဒ လဒ္ဓိပေသလသိက္ခာကာမ စသော ဂုဏ်တို့နှင့် ကုန်လုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တပညာသိဟ မထေရ်မြတ်ကြီး:သည် ၁၃၅၃ ခုနှစ် (၁၉၉၁) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုး:ရ နိုင်ငံတော်ဦးဗိမ်ဝပ်ပိပြား:မှုတည်ဆောက်ရေး:အဖွဲ့က ဆက်ကပ်လှူဒါန်း:အပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူခဲ့သည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း:

ဆရာတော် ဘဒ္ဒန္တပညာသိဟသည် ၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၉) ရက်၊ တနလာ်နေ့ (၂၅-၁-၉၉) ည ၉ နာရီ ၄၃ မိနစ် အချိန် သက်တော် (၆၉) နှစ် သိက္ခာတော် (၄၉) ဝါ အရတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

မိယက်နမ်နိုင်ငံ။ ။မိယက်နမ် ကွန်မြူနစ်ပါတီ ထိပ်တန်: ခေါင်:ဆောင်မျာ:သည် ဒုတိယအကြိမ်ပါတီမျက်နှာစုံညီ အစည်:အဝေ:တက်ရောက်ရန် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဟနွိုင်:မြို့သို့ ရောက်ရှိလာကြသည်။ ပါတီခေါင်:ဆောင်ပိုင်:၌ အနည်:ငယ် အပြောင်:အလဲ ပြုလုပ်ပြီ: အခြာ:ပါတီတွင်: ကိစ္စမျာ:ကိုယင်:အစည်:အဝေ:၌ ဆွေ:နွေ:လိမ့်မည်ဟု မျှော်လင့်ရသည်။ အာဏာအပြည့် အဝရှိသော မိယက်နမ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖွဲ့အဝင် ၁၇၀ ခန့်တို့သည် ငါ:ရက်ခန့် ကျင်:ပမည့် အစည်: အဝေ:တွင် တက်ရောက် ဆွေ:နွေ:ကြမည် ဖြစ်သည်။ ယင်:အစည်:အဝေ:ကို ကွန်မြူ နစ်ပါတီ ဌာနချုပ် အဆောက်အအုံ၌ ကျင်:ပမည်ဖြစ်၍ ယင်:ဌာနချုပ်ကို ရဲအစောင့်မျာ: ထူထပ်စွာ ချထာ:သည်။ မိယက်နမ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အဖွဲ့ဝင် ၁၉ ဦ:အတွင်: အပြောင်:အလဲ အနည်:ငယ် ပြုလုပ်လိမ့်မည်ဟု ခန့်မှန်:ရသည်။ ယင်:အပြောင်:အလဲသည် မိယက်နမ် အစိုး:ရအဖွဲ့၏ ဝန်ကြီ:အဆင့် အပြောင်:အလဲ ပြုလုပ်သည်အထိ ဦ:တည်သွာ:ဖွယ်ရှိသည်။ မိယက်နမ် ကွန်မြူနစ်ပါတီ ခေါင်:ဆောင်ပိုင်:အပြောင်:အလဲ ပြုလုပ်မည့်ကိစ္စနှင့် ပတ်သက်၍ သံတမန်မျာ:အတွင်: မဝေခွဲနိုင်အောင် ဖြစ်နေကြသော်လည်း မည်သည့်အပြောင်:အလဲမဆို မိယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်:ရေ:မှူး လိခါဖိယူ၊ သမ္မတ ထရန်ဒက်လွန်နှင့် ဝန်ကြီ:ချုပ် ဖန်ဗန်ခိုင်တို့၏ လက်ရှိအနေအထာ:ကိုထိခိုက်လိမ့်မည် မဟုတ်ကြောင်: သံတမန်မျာ:က ပြောကြား:ကြသည်။

မိယက်နမ်ကွန်မြူနစ်ပါတီအတွင်: အကျင့်ပျက်မှုမျာ: ဖယ်ရှာ:ရေ:အတွက် အရေ:ပါသောလုပ်ငန်:တစ်ရပ်ကို မကြာမီဆောင်ရွက်သွာ:မည်ဖြစ်ကြောင်: မိယက်နမ် အာဏာရကွန်မြူနစ်ပါတီက ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြောကြား:လိုက်သည်။ လာမည့် ၂-နှစ်အတွင်: ပါတီအင်အား:ခိုင်မာ အား:ကောင်:စေရန် ရည်ရွယ်သော လုပ်ငန်:မျာ:၏ တစ်စိတ်တစ်ဒေသဖြစ် ပါတီဝင်အား:လုံ: ဝေဖန်ရေ:နှင့် ကိုယ့်ကိုယ်ကို ဝေဖန်ရေ: ပြုလုပ်ရမည်ဖြစ်ကြောင်: ဗဟိုကော်မတီ အတွေ:အခေါ်နှင့် ယခုယဉ်ကျေး:မှု ကော်မရှင် ဒုတိယညွှန်ကြာ:ရေ:မှူး ဒေါင်ဒျိုင်ကွတ်က ပြောကြား:သည်။ အဆိုပါ ဆုံ:ဖြတ်ချက်ကို ဖေဖော်ဝါရီလ ၂ ရက်နေ့က ပြီ:ဆုံ:သွာ:သော အဖွဲ့ဝင် ၁၇၀ ပါရှိသည့် ဗဟိုကော်မတီ မျက်နှာစုံညီ ဒုတိယအစည်:အဝေ:တွင် အတည်ပြုလိုက်သည်။ အကျင့်ပျက်မှုတွေ့ရှိရသော မည်သည့် ပါတီဝင်မဆို

ပြစ်ဒဏ်ပေးခံရမည်၊ ဥပဒေကို ချိုးဖောက်လျှင် ရုံးတင်စစ်ဆေး ခံရမည် စသဖြင့် ကွတ်က ပြောကြား:သည်။

ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းရေးကို မျက်နှာပြောင်တိုက်ပြီး ဝင်ရောက်စွက်ဖက်ပြောဆိုခြင်းကို အမေရိကန်နိုင်ငံခြား:ရေးဝန်ကြီး:ဌာန ပြောဆိုခြင်း:နှင့် ပတ်သက်၍ ဗီယက်နမ် နိုင်ငံခြား:ရေးဝန်ကြီး:ဌာနက အမေရိကန်နိုင်ငံခြား:ရေး:ဌာနအား: ပြင်း:ပြင်း:ထန်ထန် ဝေဖန်ရှုတ်ချခဲ့သည်။ အမေရိကန် နိုင်ငံခြား:ရေး:ဌာန ပြောခွင့်ရ ပုဂ္ဂိုလ်ဂျိမ်း:ရှာဘင်က မတ်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်သော ကြေညာချက်မှာ ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်း:ရေး:ကိုပြောင်ပြောင်တင်း:တင်း: မျက်နှာပြောင်တိုက် ဝင်စွက်ခြင်း:ပင် ဖြစ်ကြောင်း:၊ ယင်း:ကြေညာချက်မှာ နိုင်ငံတကာဆက်ဆံ ရေး:တွင် လက်မခံနိုင်စရာ ကြေညာချက်ပင် ဖြစ်ကြောင်း: ဗီယက်နမ် နိုင်ငံခြား:ရေး:ဝန်ကြီး:ဌာနမှ ပြောခွင့်ရ အမျိုး:သမီး: ဖန်သွေသန်း:က မတ်လ ၁၃ ရက်နေ့က ပြောကြား:လိုက်သည်။ ဗီယက်နမ်နိုင်ငံသား: ဖန်သန်ဂိုင်အား: ချွင်း:ချက်မရှိ အမြန်ဆုံး:လွှတ်ပေး:ရန် အမေရိကန်နိုင်ငံခြား:ရေး:ဌာန ပြောခွင့်ရ ပုဂ္ဂိုလ် ရှာဘင်၏ တောင်း:ဆိုချက်နှင့်ပတ်သက်၍ ဗီယက်နမ် နိုင်ငံခြား:ရေး:ဝန်ကြီး:ဌာနမှ ပြောခွင့်ရ အမျိုး:သမီး:က သုံး:သပ်ပြောကြား:ရာ၌ တရား:ဥပဒေကိုချိုး:ဖောက်သော မည့်သည်ဗီယက်နမ်နိုင်ငံသား:မဆို ဗီယက်နမ်နိုင်ငံက ပြဋ္ဌာန်း:ထား:သော တရား:ဥပဒေအရသာ တရား:စီရင်ရမည် ဖြစ်သည်ဟု ပြောကြား:လိုက်သည်။

မိမိပိုင်နက်နယ်မြေပြင်ပတွင် မိမိတို့၏တရား:ဥပဒေအကျိုးသက်ရောက်စေရေးအတွက်အမေရိကန်ပြည်ထောင်စုကကြိုး:ပမ်း:နေခြင်း:ကို ဗီယက်နမ်နိုင်ငံက လက်မခံကြောင်း:၊ ယင်း:ကဲ့သို့ ကြိုး:ပမ်း:နေခြင်း:သည် နိုင်ငံအချင်း:ချင်း:တန်း:တူညီမျှမှုဆိုင်ရာ နိုင်ငံတကာတရား:ဥပဒေ အခြေခံမူများ:ကို ချိုး:ဖောက်ခြင်း:ပင် ဖြစ်ကြောင်း: ဗီယက်နမ်နိုင်ငံခြား:ရေး:ဝန်ကြီး:ဌာန သတင်း:နှင့်ပြန်ကြား:ရေး:ဦး:စီး:ဌာနမှ ဇူလိုင်လ ၁၅ ရက်နေ့တွင် သတင်း:ထုတ်ပြန်ခဲ့သည်။ ဗီယက်နမ်နိုင်ငံခြား:ရေး:ဝန်ကြီး:ဌာနနှင့် အမေရိကန်နိုင်ငံရေး:ဝန်ကြီး:ဌာနတို့မှ ကိုယ်စား:လှယ်များ:သည် လူအခွင့်ရေး:နှင့် ဘာသာရပ်ဆိုင်ရာ အထူး:ဆွေး:နွေး:ပွဲများ: ကျင်း:ပခဲ့ကြသည်။ ယင်း:ဆွေး:နွေး:ပွဲမှာ ဇွန်လက ကျင်း:ပခဲ့သော သတ္တမအကြိမ်မြောက် ဆွေး:နွေး:ပွဲအပြီး:၌ ကျင်း:ပသော ဆွေး:နွေး:ပွဲ ဖြစ်သည်။ အမေရိကန် လက်ထောက် နိုင်ငံခြား:ရေး:ဝန်ကြီး: ဘင်း:နက်ဖရီး:မင်း:နှင့်ဘာသာရေး:လွတ်လပ်စွာ ကိုး:ကွယ်ခွင့်ဆိုင်ရာ အမေရိကန် သံအမတ်ကြီး: ရောဘတ်ဆီပဲလ်တို့ ဗီယက်နမ်နိုင်ငံသို့ ဇူလိုင်လ ၁၁ ရက်မှ ၁၄ ရက်နေ့အထိ လေး:ရက်ကြာ လာရောက် လည်ပတ်စဉ်က ယင်း:ဆွေး:နွေး:ပွဲကို ကျင်း:ပခဲ့ခြင်း: ဖြစ်သည်။ အမေရိကန်ဒုတိယလက်ထောက်နိုင်ငံခြား:ရေး:ဝန်ကြီး:နှင့် သံအမတ်ကြီး:တို့သည် ဗီယက်နမ်အစိုး:ရ သာသနာရေး:ရာကော်မရှင် ဥက္ကဋ္ဌ လီကွမ်ဝင့်၊ ဗီယက်နမ် အမျိုး:သား:လွတ်တော် ယဉ်ကျေး:မှု၊ ပညာရေး၊ လူငယ်နှင့် ကလေး:သူငယ်များ:ရေး:ရာ ကော်မရှင်ဥက္ကဋ္ဌ ထရန်သီတင်ဒင်နှင့် ဗီယက်နမ်ဒုတိယနိုင်ငံခြား:ဝန်ကြီး:ငုယင်ဒင်ဘင်တို့တွေ့ဆုံဆွေး:နွေး:ခဲ့ကြသည်။ အမေရိကန် ကွန်ဂရက်လွှတ်တော်က တင်သွင်း:ပြီး: ၁၉၉၇ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်သမ္မတ ဘီလ်ကလင်တန်က အတည်ပြုခဲ့သော နိုင်ငံတကာဘာသာရေး လွတ်လပ်ခွင့်ဆိုင်ရာ ဥပဒေ၏ ရည်ရွယ်ချက်ကို အမေရိကန်ကိုယ်စား:လှယ် နှစ်ဦး:တို့က ရှင်း:ပြခဲ့ကြသည်။ ဗီယက်နမ်အစိုး:ရတာဝန်ရှိ ပုဂ္ဂိုလ်များ:ကလည်း: လွတ်လပ်စွာယုံကြည်ကိုး:ကွယ်ခွင့် ပေး:ထား:သော ဗီယက်နမ်နိုင်ငံ၏ မူဝါဒကို ရှင်း:ပြခဲ့ကြသည်။

ဟိုချီမင်း:မြို့တော် ပြည်သူ့ကော်မတီသည် ပြည်တွင်း:ထုတ်လုပ်မှုတိုး:မြှင့်နိုင်ရေး:အတွက် လူမှုစီး:ပွား:ရေး:ဆိုင်ရာ အခြေခံအဆောက်အအုံများ: ဖွံ့ဖြိုး:တိုး:တက်အောင် ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၃၈၄ သန်း: အသုံး:ပြုသွား:ရန် ဆုံး:ဖြတ်ခဲ့သည်။ မြို့တွင်း: အဓိကလမ်း:မကြီး:များ:၊ တံတား:ကြီး:များ:၊ ရေပေး:ဝေရေး:စနစ်များ:၊ စာသင်ကျောင်း:များ: အဆင့်မြှင့် ပြင်ဆင်တည်ဆောက်ခြင်း:နှင့် ပစ္စည်း:ကိရိယာဝယ်ယူရာတွင် ယင်း:ငွေများ:ကို အသုံး:ပြုမည် ဖြစ်သည်။ ဟိုချီမင်း:မြို့တော်မှာ အကြီး:မား:ဆုံး:သော စီး:ပွား:ရေး: အချက်အချာဒေသကြီး:ဖြစ်သည်။သို့ရာတွင် စီး:ပွား:ရေး:တိုး:တက်မှုနှေး:ကွေး:လာကာ ပြည်တွင်း:အသား:တင် ထုတ်လုပ်မှု ဂျီဒီပီမှာ ၅ဒသမ၆ ရာခိုင်နှုန်း:သာ တိုး:တက်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဒုတိယသုံး:လပတ်တွင်: စီး:ပွား:ရေး: သိသိသာသာတိုး:တက်လာသော်လည်း: စီး:ပွား:ရေး:ဆိုင်ရာ အဟန့်အတား:အခက်အခဲများ: ရှိနေဆဲ ဖြစ်ရာ ယခင်နှစ်က စီး:ပွား:ရေး: တိုး:တက်မှုနှုန်း:ကို မီနိုင်မည့် အလား:အလာ အလွန်နည်း:ကြောင်း: ဟိုချီမင်း:မြို့တော်ကော်မတီ အစီရင်ခံစာတွင် ဖော်ပြထား:သည်။

ဗီယက်နမ်နိုင်ငံတွင် လူဦး:ရေနှင့် နေအိမ်သန်း:ခေါင်စာရင်း: ပထာမတင်ကြိုကောက်ယူရာ ၁၉၉၉ ခုနှစ်၊ ဧပြီလ ၁ ရက်၌ ဗီယက်နမ်နိုင်ငံ၏ လူဦး:ရေမှာ ၇၆ဒသမ ၃ သန်း:



ဗိယက်နမ်တိုင်းရင်းသား မျိုးနွယ်စုအမျိုးသမီးတစ်ဦးကို ဈေးခင်းတစ်နေရာ၌ တွေ့ရစဉ်

ရှိကြောင်း ဗိယက်နမ်သန်းခေါင်စာရင်းဦးဆောင်ကော်မတီက ဇူလိုင်လ ၂၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဗိယက်နမ်နိုင်ငံတစ်ဝန်းလုံး၌ တတိယအကြိမ်မြောက် သန်းခေါင်စာရင်းကောက်ယူခြင်းဖြစ်သည်။ ၁၉၉၉ ခုနှစ်၊ ဗိယက်နမ်နိုင်ငံ၏ လူဦးရေနှင့် နေအိမ်သန်းခေါင်စာရင်းပဏာမကြိုတင်ကောက်ယူမှုအရ ဗိယက်နမ်နိုင်ငံ၏ လူဦးရေမှာ ၇၆၃၂၄၇၁၃ ဦး ရှိရာ ယောကျ်ား ၃၇၁၁၇၄ ဦး (၄၉ ဒသမ ၃ ရာခိုင်နှုန်း) နှင့် မိန်းမ ၃၈၈၀၄၉၉၉ ဦး (၅၀ ဒသမ ၈ ရာခိုင်နှုန်း) ရှိသည်။

ဗိယက်နမ်နိုင်ငံတွင် ဆင်းရဲသော မိသားစုအရေအတွက်သည် ၁၉၀၀ ပြည့်နှစ်များမှစပြီး ၇၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသို့ လျော့ကျသွားသည်ဟု ဩဂုတ်လ ၂၁ ရက်နေ့ထုတ် ဗိယက်နမ်နယူးစ်သတင်းစာက ရေးသားဖော်ပြသည်။ ဗိယက်နမ်အလုပ်သမား၀န်ကြီးဌာနနှင့် မသန်မစွမ်းစစ်သည်များနှင့်လူမှုရေးအဖွဲ့တို့က ဒိန်းမတ်အစိုးရ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပူပေါင်းပြီး တိုးတက်မှုကို လေ့လာခဲ့ခြင်း ဖြစ်သည်။ ဟိုချီမင်းမြို့တော်၊ ဒွန်နိုင်၊ ဗန်တော့ကဲ့သို့ မြို့ကြီးများရှိ ကုန်သွယ်ရေးဌာနများသည် အခြေခံအဆောက်အအုံများ အထူးကောင်းမွန်ကြပြီး နိုင်ငံ၌စီးပွားဥစ္စာ အဖြစ်ထွန်းဆုံး မြို့ကြီးများဖြစ်ကြသည်ဟု လေ့လာချက်၌ ဖော်ပြထားသည်။ မဲခေါင်မြစ်ဝှမ်းဒေသမှာ နိုင်ငံ၏ ဒုတိယစီးပွား အဖြစ်ထွန်းဆုံးဒေသ ဖြစ်သည်။ သို့သော် ငတ်မွတ်ခေါင်းပါးမှု၊ ဆင်းရဲနွမ်းပါးမှုကင်းအောင် ဗိယက်နမ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုသည် အောင်မြင်မှုရရှိရန် အလှမ်းဝေးသေးကြောင်း လေ့လာတွေ့ရှိရသည်။ ဗိယက်နမ်နိုင်ငံ၏ စီးပွားရေးဒေသ ခုနစ်ခုတွင်ရှိသော မိသားစု ၄၀၀၀ ကျော်ကို လေ့လာကြည့်ရာ၌ ယခင်က(၄)ခုနှင့် မြောက်ပိုင်းရှိ အလယ်ကုန်းတွင်းဒေသများသည် အဆင်းရဲဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ ထိုဒေသများတွင် မိသားစု(၃၇)နှင့်(၅၁)ရာခိုင်နှုန်းကြား သည် ရွာက်ထည်တဲများဖြင့်သာ နေထိုင်ကြရသည်။ ထိုဒေသများရှိ အဆင်းရဲဆုံးလူများသည် စီးပွားရေးနှင့်လူမှုအခြေခံအဆောက်အအုံများ ညံ့ဖျင်းကြသည်။ ဗိယက်နမ်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်၌ ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲနွမ်းပါးမှုပမျှောက် စေမည့် အစီအစဉ်ကို ချမှတ်ဆောင်ရွက်ထားပြီး ယခုဆယ်ခုနှစ်၏ လူတစ်ဦးချင်းဝင်ငွေကို ၂၀၂၀ ပြည့်နှစ်၌ ရှစ်ဆမှဆယ်ဆ တိုးမြှင့်စေရန် အစီအစဉ်ချမှတ် ဆောင်ရွက်ထား သည်။

ဗိယက်နမ် အဖနိုင်ငံတပ်ဦး၏ ပဉ္စမအကြိမ်မြောက် အမျိုးသားကွန်ဂရက်ညီလာခံကို သြဂုတ်လ ၂၈ ရက်နေ့က ကျင်းပပြီးစီးသွားသည်။ ညီလာခံတွင် ဗိယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးလီခါဖူးတက်ရောက် မိန့်ခွန်းပြောကြား သည်။ ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု အင်အားတိုးတက်ခိုင်မာစေရန် အပြည်အဝဆောင်ရွက်ရေး၊ အမျာ:ပြည်သူတို့၏ အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် ကျင့်သုံးရေး၊ ဆင်းရဲမှုနှင့် ခေတ်နောက်ပြန်ဆွဲမှုတို့ကို ကြိုးပမ်းဖယ်ရှားရေးနှင့် စည်ပင်ဝပြောပြီးစွမ်းဆောင်ရေး မြင့်မားသောနိုင်ငံတော် တည်ဆောက်ရေးတို့ကို အားသွန်ခွန်စိုက် လုပ်ဆောင်ကြခြင်းဖြင့် ဗိယက်နမ်နိုင်ငံကို ကမ္ဘာ့ပေါ်ရှိ အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းစေမည်ဟု လီခဖိယူက ပြောကြား:ခဲ့သည်။ ညီလာခံတွင် ဗိယက်နမ်အဖနိုင်ငံတပ်ဦးဗဟိုကော်မတီ သဘာပတိအဖွဲ့ပဉ္စမမြောက် သက်တမ်းကာလဥက္ကဋ္ဌအဖြစ် ဗိယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဖန်သီဒူယက်အား: ရွေးကောက်တင်မြှောက်လိုက်သည်။

ဗိယက်နမ်အမျိုး:သား:လွတ်တော်သည် ဟနွိုင်း: ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌဟောင်း: ဒင်ဟန်နှင့်

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ဟာနမ်ပြည်နယ် ရဲတပ်ဖွဲ့ ညွှန်ကြား ရေးမှူး ဟောင်း ဗူစွမ်သွတ်တို့အား မသမာမှုနှင့် မှားယွင်းမှုတို့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဆင့်မှ ဖယ်ရှားရန် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ဗီယက်နမ် နိုင်ငံ၏ ဒသမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမအစည်း အဝေးကို ဟနွိုင်းမြို့၌ ၁၉၉၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် စတင်ကျင်းပ၍ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပြီးဆုံးသွားသည်။ ဝန်ကြီးချုပ်၏ အဆိုပြုချက်အရ ဗီယက်နမ် အစိုးရဘက်ဥက္ကဋ္ဌ ဥယင်တန်ဇွန်အား ရာထူးမှ ဖယ်ရှားရန်နှင့် လီဒွတ်သွေအား ဗီယက်နမ်အစိုးရဘက် ဥက္ကဋ္ဌအဖြစ် ခန့်အပ်ရန် ဗီယက်နမ်အမျိုးသားလွှတ်တော်က စဉ်းစားဆုံးဖြတ်ခဲ့သည်။ ၁၉၉၅ ခုနှစ်များက ဖြစ်ပွားခဲ့သော ဓာတ်မြေဩဇာ ပြဿနာနှင့် သဲလွန်ရေစီမံကိန်းတို့တွင် စီမံခန့်ခွဲမှု ညံ့ဖျင်းခဲ့သော ဒုတိယဝန်ကြီးချုပ် ဒိုဇွမ်လော့ကိုလည်း လွှတ်တော်က ရာထူးမှဖယ်ရှားခဲ့သည်။

တစ်လကျော်ကြာ ကျင်းပခဲ့သော ဗီယက်နမ် အမျိုးသားလွှတ်တော်၏ အဆိုပါအစည်းအဝေးကာလ အတွင်း လွှတ်တော်ကိုယ်စားလှယ်များမှာ ၁၉၉၉ ခုနှစ် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးစီမံချက်အပေါ် အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှု အခြေအနေကို ပြန်လည်သုံးသပ်ကြပြီး ၂၀၀၀ ပြည့်နှစ်အတွက် အဓိကရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို ဆုံးဖြတ် ချမှတ်လိုက်သည်။ ထို့အပြင် ဗီယက်နမ်ပြစ်မှုဆိုင်ရာဥပဒေ၊ မြေရာအသုံးချရေးဥပဒေကိုပြင်ဆင်သောဥပဒေနှင့် ဗီယက်နမ်ပြည်သူ့တပ်မတော်မှ အရာရှိများဆိုင်ရာ ဥပဒေကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြု ပြဋ္ဌာန်းခဲ့ကြသည်။

စီးပွားရေး– ဗီယက်နမ်နိုင်ငံသည် ၁၉၉၈ ခုနှစ်တွင် ရေနံစိမ်းတန်ချိန် (၁၂ ဒသမ ၆)သန်းနှင့် ဓာတ်ငွေ့ကုဗမီတာ တစ်ဘီလီယံကို ထုတ်လုပ်နိုင်ခဲ့သည်ဟု ဗီယက်နမ်သတင်းဌာနက ၁၉၉၇ ခုနှစ် ဒီဇင်ဘာလည ၂၇ ရက်နေ့တွင် ဖော်ပြခဲ့သည်။ နှစ်စဉ်စီမံကိန်းတွင် ရေနံစိမ်းတန်ချိန် ၃၀၀၀၀၀ တိုးလာကာ ယခင်နှစ်က စက်ရေနံစိမ်းတွင် တန်ချိန် (၂ ဒသမ ၆) သန်း တိုးပြီးဓာတ်ငွေ့၌ ကုဗမီတာ သန်း ၅၀၀ တိုးလာသည်။ ယခုနှစ်တွင် ရေနံစိမ်းတန်ချိန် တန်ချိန် ၁၂ သန်းကျော် နိုင်ငံသို့ တင်ပို့ရောင်းချခဲ့သဖြင့် အမေရိကန်ဒေါ်လာ (၁ ဒသမ ၂) ဘီလီယံ ဝင်ငွေရရှိခဲ့သည်။ ယခုအခါ ရေနံတင်ပို့ရောင်းချသော အရှေ့တောင်အာရှနိုင်ငံများတွင် ဗီယက်နမ်နိုင်ငံက စတုတ္ထအဆင့်တွင် ရှိပြီး ကမ္ဘာတွင် အဆင့် ၄၄ နေရာ၌ ရှိသည်။ ဗီယက်နမ်နိုင်ငံမှ ရေနံဝယ်ယူလေ့ရှိသောကျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့အပြင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပမြောက်ပိုင်းနိုင်ငံများသို့ ဗီယက်နမ်နိုင်ငံက ရေနံစေ့းကွက် တိုးချဲ့လျက်ရှိသည်။ ၁၉၉၉ ခုနှစ် ရေနံစိမ်း တန်ချိန် (၁၄ ဒသမ ၅)သန်းနှင့်ဓာတ်ငွေ့ကုဗမီတာ (၁ ဒသမ ၄)သန်း ထုတ်လုပ်သွားရန် ဗီယက်နမ်က စီစဉ်ထားသည်ဟု သတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် ဆန်တန်ချိန် (၃ ဒသမ ၉)သန်း ပြည်ပသို့တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိသည်။ ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်က ၁၉၉၈ ခုနှစ် ဒီဇင်ဘာလစောစောပိုင်းတွင် လက်မှတ်ရေးထိုး အတည်ပြုပေးလိုက်သော ဆုံးဖြတ်ချက်တွင် ယင်းဆန်တင်ပို့ရေးကိစ္စပါရှိသည်။ ယင်းဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ် ဆန်တင်ပို့မှုကိုနှစ်ကြိမ်ခွဲပြီး ပြုလုပ်မည်ဖြစ်သည်။ ယင်းသို့ပြုလုပ်ခြင်းမှာ ပြည်တွင်းစားသုံးမှု ဖူလုံရန် ဖြစ်သည်။ ဧန်နဝါရီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်အတွင်း ဖြစ်သော ပထမရာသီတွင် ဆန်တန်ချိန် (၃ ဒသမ ၂၄)သန်း တင်ပို့မည် ဖြစ်ပြီး နောက်ထပ် ဆန်တန်ချိန် ၆၆၀,၀၀၀ တင်ပို့ရေး ကိစ္စကို စက်တင်ဘာလ၌ ဆုံးဖြတ်မည် ဖြစ်သည်။ ၁၉၉၉ ခုနှစ်အတွင်း ဆန်တန်ချိန် (၃ ဒသမ ၈) သန်းအထိ စံချိန်တင်လောက်အောင် ထွက်ရှိခဲ့သည်။၁၉၉၈ ခုနှစ်အတွင်း ဆန်တန်ချိန် (၃ ဒသမ ၈)သန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့ရာ ယခင်နှစ်ကထက် တန်ချိန် ၄၀၀၀၀၀ ခန့် ပိုမို ရောင်းချနိုင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ၁၉၉၈ ခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းသည် (၅ ဒသမ ၈)ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ယမန်နှစ်က စီးပွားရေးတိုးတက်မှုနှုန်းသည် ပြုပြင်ပြီး စာရင်းဇယားများအရ(၈ ဒသမ ၂)ရာခိုင်နှုန်း ရှိခဲ့ကြောင်း နှစ်ကုန်တွင် ထုတ်ပြန်သော ဗီယက်နမ်အစိုးရ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ၁၉၉၉ ခုနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျဆင်းခြင်းနှင့် ထုတ်လုပ်မှုအားနည်းသော စက်မှုလုပ်ငန်းများကြောင့် အခြေအနေမကောင်းပုံကို အစီခံစာ၌ ဖော်ပြထားသည်။ မကြာမီနှစ်များအတွင်း ဂျီဒီပီတိုးတက်မှုနှုန်း ကျဆင်းသွားသော်လည်း လွန်ခဲ့သောငါးနှစ်အတွင်း ဂျီဒီပီ ပျမ်းမျှတိုးတက်နှုန်းမှာ ၉ ရာခိုင်နှုန်းနီးပါး ရှိခဲ့သည်။ ကွန်မြူနစ်ပါတီဦးဆောင်သော ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ဒေသတွင်း အခြားနိုင်ငံအများအပြားထက် မြင့်မားသည်ဟု အစီခံစာ၌ ဖော်ပြထားသည်။



မိယက်နမ်နိုင်ငံရှိ ကျောက်မီးသွေးတွင်းတစ်ခုတွင် တွေ့ရသည့် အလုပ်သမားများ

ပြုပြင် ရိုက်ညှိထား သော စီးပွား ရေးဖွဲ့စည်း တည်ဆောက်မှုအပြင် ဒေသနှင့် ကမ္ဘာ့စျေးကွက်များ ဖွဲ့ဖြိုးရေးစီမံကိန်းများနှင့်အညီ ကိုယ်ပိုင် နေရာတကာ စီးပွားရေး ပေါင်းစပ်ဖွဲ့စည်း မှု မဟာဗျူဟာတစ်ရပ်ကို စီစဉ် လုပ်ဆောင်သွား ရန် ဝန်ကြီးဌာနများနှင့် လက်အောက်ခံ ဌာနခွဲများသို့ မိယက်နမ်အစိုးရက တိုက်တွန်းခဲ့သည်။ ဝန်ကြီးချုပ် ဖန်ဗန်ခိုင် သဘာပတိအဖြစ် ဆောင်ရွက်သော ဝန်ကြီးများအဖွဲ့၏ ဇန်နဝါရီလပတ် အစည်းအဝေးကို ဟနွိုင်းမြို့တွင် ဖေဖော်ဝါရီလ ၅ ရက်နေ့က ကျင်းပရာ၌ ဝန်ကြီးဌာနအချို့နှင့် နိုင်ငံပိုင် စီးပွားရေးဌာနများက မိယက်နမ်နိုင်ငံ ကမ္ဘာ့စီးပွားရေးလောကသို့ ထိုးဖောက်ဝင်ရောက်သည်နှင့် ယှဉ်ပြိုင်မှုစနစ်ကို သတိမူခြင်း မရှိကြဟု မိယက်နမ်အစိုးရက ဝေဖန်ပြောကြား သည်။ အစိုးရပိုင် စီးပွားရေးလုပ်ငန်းအများအပြား သည် စွမ်းရည်မပြည့်ဝခြင်းနှင့် အစိုးရ အထောက်အပံ့ကို မှီခိုနေခြင်း စသော စနစ်ဟောင်း လုပ်နည်းလုပ်ဟန်များ အတိုင်း ဆက်လက် လုပ်ကိုင်မြဲ လုပ်ကိုင် လျှက်ရှိကြသည်။ အချို့ လုပ်ငန်းများမှာ ကုန်သွယ်ရေး ပိတ်ပင်တား မြစ်ချက်များကို အကာအကွယ်ယူရန် မျှော်လင့်နေဆဲပင် ဖြစ်သည်။ အခြား သော ကမ္ဘာ့ဒေသများက ကမ္ဘာ့လုံးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှုများတွင် အသီးသီးစုစည်းပါဝင်ရန် စိုင်းပြင်းနေကြချိန်၌ မိယက်နမ်နိုင်ငံသည် မိမိ၏ ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းများဖြင့် ဆောင်ရွက်နိုင်မည် မဟုတ်ဟု ဝန်ကြီးချုပ် ဖန်ဗန်ခိုင်က ဝေဖန်ပြောကြား ခဲ့သည်။

ဂျပန်နှင့် မိယက်နမ်နိုင်ငံတို့သည် မိယက်နမ်နိုင်ငံ အား ယန်းငွေ ၈၈ ဘီလီယံ အကူအညီပေးမည့် သဘောတူစာချုပ်ကို မတ်လ ၂၉ ရက်နေ့တွင် တိုကျိုမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ မိယက်နမ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံဖြစ်လာစေရန် ဂျပန်နိုင်ငံက ဆက်လက်ကူညီသွားမည်ဟု ဂျပန်ဝန်ကြီးချုပ် ကိုင်ဇိုဘိုအူချီဗန်ဆိုင်နှင့် မိနစ် ၄၀ ကြာတွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံ၏ ဒွိုင်မွိုင် စီးပွားရေး မူဝါဒအရ မိယက်နမ်နိုင်ငံ ပိုမို ဖွံ့ဖြိုးတိုးတက်သည်ကို တွေ့မြင်ရလိမ့်မည်ဟု ဂျပန်နိုင်ငံက မျှော်လင့်ကြောင်း ပြောကြား ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြား:ရင်:နှီ:မြှုပ်နှံသူများ: အတွက် ဈေး:တစ်မျိုး:တည်:မူဝါဒကို ချမှတ်ကျင့်သုံးခြင်:ဖြင့် နိုင်ငံခြား:ရင်:နှီ:မြှုပ်နှံမှု ပိုမိုဆွဲဆောင်နိုင်ရန် အကြီ:အကျယ် ကြိုး:စား:လျက်ရှိသည်။ ၁၉၉၈ ခုနှစ်တွင် နိုင်ငံခြား:ရင်:နှီ: မြှုပ်နှံမှု စုစုပေါင်: (၁ ဒသမ ၉)ဘီလီယံ ဒေါ်လာ ရရှိခဲ့ရာ ၁၉၉၈ ခုနှစ် စီမံကိန်:အရေအတွက်နှင့် နိုင်ငံခြား:ရင်:နှီ: မြှုပ်နှံမှု၌ ၁၉၉၇ ခုနှစ်ကထက်(၂၁ ဒသမ ၅)ရာခိုင်နှုန်:နှင့် (၁၀ ဒသမ ၁)ရာခိုင်နှုန်: အသီ:သီ:ကျဆင်:သွား:ခဲ့သည်။ ယင်:သို့ကျဆင်:သွား:ရခြင်:မှာ ဒေသဆိုင်ရာ ဘဏ္ဍာရေးနှင့် ငွေကြေး:အကျပ်တည်:များ:ဒဏ်ကို ခံလိုက်ရခြင်:ကြောင့် ဖြစ်သည်။ နိုင်ငံခြား:ရင်:နှီ:မြှုပ်နှံမှု တိုး:တက်ရရှိစေရန် ရည်ရွယ်ပြီ: ဆုံ:ဖြတ်ချက်အမှတ် ၅၃ ကို ဝန်ကြီ:ချုပ်ဖန်ဗန်ခိုင်က လက်မှတ်ရေး:ထိုး: ပြဋ္ဌာန်:လိုက်ပြီဟု သတင်:များ:တွင် ဖော်ပြထား:သည်။ နိုင်ငံခြား:ရင်:နှီ:မြှုပ်နှံသူများ:အား: အဆင့်ခွဲခြား:ထား:သော ဗီယက်နမ်၏ ဈေး:နှစ်မျိုး:မူဝါဒကို တဖြည်:ဖြည်း:ရပ်သိမ်း:သွား:မည်ဟုလည်း: သတင်:များ:တွင် ဖော်ပြထား:သည်။

မူးယစ်ဆေး:ဝါး:ကာကွယ်ရေး– ၁၉၉၈ ခုနှစ် နိဝင်ဘာလ၌ မူး:ယစ်ဆေး:ဝါး:အလွဲသုံး:မှုနှင့် မှောင်ခိုရောင်း:ဝယ်မှုများ:အား: အမျိုး:သား:ရေး:အသွင်ဖြင့် တား:ဆီး:နှိမ်နင်း:ရေး: အစီအစဉ်ကို ဝန်ကြီး:ချုပ်ဖန်ဗန်ခိုင် ကိုယ်တိုင်ဦး:ဆောင် အကောင်အထည်ဖော်ချိန်မှစ၍ နှစ်လအတွင်: မူး:ယစ်ဆေး:ဝါး: အမှုပေါင်: ၂၃၃၀ ကျော်ကို ဖော်ထုတ်ဖမ်း:ဆီး:နိုင်ခဲ့ကြောင်: ဗီယက်နမ်သတင်:ဌာနက ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဖော်ပြခဲ့သည်။ ယင်:သို့ဖော်ထုတ် ဖမ်:ဆီး:ရာတွင် မူး:ယစ်ဆေး:ဝါး:ဆိုင်ရာ ပြစ်မှုကျူး:လွန်သူ ၄၅၀၅ ဦး:ကို ဖမ်:ဆီး:နိုင်ခဲ့သည်။ ဘိန်:ဖြူ ၇ ကီလိုဂရမ်ကျော်၊ ဘိန်:စိမ်: ၆၇ ကီလိုဂရမ်နှင့် မူး:ယစ်ထုတ်ထိုင်:ဘေး:ဖြစ်စေသော ဆေး:ပြား:၃၀၀၀၀ တို့ကိုလည်: သိမ်:ဆည်:လိုက်သည်။ ယင်:အစီအစဉ်ကို အကောင်အထည်မဖော်မီ နှစ်လအတွင်: အခြေအနေနှင့် နှိုင်:ယှဉ်ကြည့်လျှင် ဖမ်:ဆီး:လိုက်သော မူး:ယစ်ဆေး:ဝါး: ကျူး:လွန်သူ အရေအတွက်မှာ ၁ ဒသမ ၈ ဆ တိုး:လာပြီ: သိမ်:ဆည်:လိုက်သော မူး:ယစ်ဆေး:ဝါး: ပမာဏမှာ သုံး:ဆနှီ: ပါ:တိုး:လာသည်။ ဗီယက်နမ်တပ်ရဲဖွဲ့ဝင်များ:သည် ၁၉၉၈ ခုနှစ်တွင် မူး:ယစ်ဆေး:ဝါး:ဆိုင်ရာ ပြစ်မှုကျူး:လွန်သူ ၁၈၇၀၀ တို့ကို ဖမ်:ဆီး:ခဲ့သည်။ ယင်:ပြစ်မှုကျူး:လွန်သူများ:တွင် မူး:ယစ်ဆေး:ဝါး: မှောင်ခိုမှု၊ သိုလှောင်မှုတို့နှင့် ပတ်သက် သူများ: အပါအဝင်ဖြစ်သည်။ ထိုနှစ်အတွင်: ဘိန်:ဖြူ ၅၆ ဒသမ ၅၃ ကီလိုဂရမ်၊ ဘိန်:မည်: ၁၁၃၅ ကီလိုဂရမ်နှင့် ဆေး:ခြောက် ၃၇၉ ကီလိုဂရမ်ကို ရဲတပ်ဖွဲ့ဝင်များ:က သိမ်:ဆည်:လိုက်သည်။

ဗီယက်နမ်နိုင်ငံသည် မူး:ယစ်ဆေး:ဝါး:ဆန့်ကျင်ရေး: လှုပ်ရှား:မှုများ:ကို နိုင်ငံတစ်ဝန်:လုံး:၌ ဆောင်ရွက်ရာတွင် အဖွဲ့.အစည်း:များ:၊ ပညာရေး:ဆိုင်ရာဌာနများ:နှင့် မိသား:စု များ:၏ ကောင်:မွန်သော တုံ့ပြန်မှုကိုရရှိကြောင်: ဗီယက်နမ် သတင်:ဌာနက ဇွန်လ ၂၁ ရက်နေ့တွင် သတင်:ထုတ်ပြန် ပေး:သည်။ ဗီယက်နမ်နိုင်ငံရှိပြည်နယ်ရှိမြို့ကြီ: ၆၁ ခုအနက် ၄၇ ခုတွင် မူး:ယစ်ဆေး:ဝါး: ဆန့်ကျင်လှုပ်ရှား:မှုကို ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ် နိဝင်ဘာလ ၂၈ ရက်နေ့တွင် မူး:ယစ်ဆေး:ဝါး:ဆန့်ကျင်ရေး: လမ်း:ညွှန်ချက် ထုတ်ပြန်ခဲ့ချိန်မှစ၍ ယင်:သို့ဆောင်ရွက်ခဲ့ခြင်: ဖြစ်သည်။ မူး:ယစ်ဆေး:ဝါး: အလွဲသုံး:စား:ခြင်: အန္တရာယ်နှင့်ဆိုင်သည့် သတင်:ထုတ်ပြန်ချက် များ:ကို လူနေရပ်ကွက်များ:နှင့် ကျောင်:များ:သို့ ဖြန့်ဝေပေး:ခဲ့ သည်။ ထိုသို့ ဖြန့်ဝေပေး:ခြင်:ဖြင့် မူး:ယစ်ဆေး:ဝါး:နှင့် ဆက်နွယ်သော ရာဇဝတ်မှုများ: နှိမ်နင်း:ရာတွင် လူတိုင်း: ပူး:ပေါင်း:ပါဝင် ဆောင်ရွက်လာစေရန်ဖြစ်စေမည်ဟု ဆိုသည်။ ဗီယက်နမ်ရဲတပ်ဖွဲ့.၊ အကောက်အခွန်နှင့် နယ်စပ်စောင့် တပ်ဖွဲ့.များ:သည် မူး:ယစ်ဆေး:ဝါး:နှင့် ဆက်နွယ်သော အမှု ၅၇၄၄ မှု ဖြေရှင်:ပေး:ခဲ့ရပြီ: ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှစ၍ လူ ၁၂၀၀၀ နီ:ပါ:ကို ဖမ်:ဆီး:ခဲ့ရသည်။ ၁၉၉၈ ခုနှစ်နောက် ပိုင်: ခြောက်လအတွင်: မူး:ယစ်ဆေး:နှင့် ဆက်နွယ်သော အမှု အရေအတွက် ၃၈ ဒသမ ၆ ရာခိုင်နှုန်: မြင့်တက်ခဲ့ပြီ: ဖမ်:ဆီး: ရမိသော အရေအတွက်မှာ ၄၃.၇ ရာခိုင်နှုန်:မြင့်တက် ခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် မူး:ယစ်ဆေး:စွဲသူ ၁၃၀၀၀၀ ဦး:ခန့် ရှိသည့်အနက် ၈၀၀၀၀ သာ မှတ်ပုံတင်ထား:ကြောင်: ဗီယက်နမ် အလုပ်သမား:ဝန်ကြီး:ဌာနက ခန့်မှန်း:ပြောကြား: သည်။

နိုင်ငံတကာဆက်ဆံရေး– ပါလက်စတိုင်:သမ္မတနှင့် ပါလက်စတိုင်:လွတ်မြောက်ရေး:အဖွဲ့(ပီအယ်လ်အို)ဥက္ကဋ္ဌ ယာဆာ အာရာဖတ်အား: ဧပြီလ ၉ ရက်နေ့နံနက်က ဗီယက်နမ်သမ္မတ ထရန်ဒက်လွန်က ကော်ဇောနီခင်း၍ ကြိုဆိုသော အခမ်:အနား:ကျင်:ပခဲ့သည်။ အာရာဖတ်သည် အာရှနှင့် အရှေ့အလယ်ပိုင်: နှင့် ရုရှနိုင်ငံသို့အသွား: ဂျကာတာမှ ဗီယက်နမ်သို့ရောက်ရှိလာခြင်:ဖြစ်သည်။ ဗီယက်နမ်သို့ အာရာဖတ် လာရောက်လည်ပတ်သည်မှာ ယခု သတ္တမအကြိမ်မြောက်ဖြစ်သည်။ အာရာဖတ်သည် ဟနွိုင်:မြို့တွင် တစ်ရက်ကြာနေထိုင်ပြီ:နောက် ပြန်လည် မထွက်ခွါမီ ကွန်မြူပါတီ အကြီ:အကဲနှင့်ဒုတိယဝန်ကြီ:ချုပ် တို့ကို တွေ့ဆုံခဲ့သည်။ ဗီယက်နမ်အစို:ရနှင့် ပြည်သူများ: သည် လွတ်လပ်သော ပါလက်စတိုင်:နိုင်ငံ ထူထောင်ခွင့် အပါအဝင် ပါလက်စတိုင်:ပြည်သူများ:၏ အခြေခံအမျိုး:သား:

ရေး အခွင့်အရေးများ အတွက် ပါလက်စတိုင်းပြည်သူများ၏ တရားမျှတစွာ ဆောင်ရွက်နေမှုကို အစဉ်အမြဲထောက်ခံလျက် ရှိသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး လီခါဖီယူသည် ကမ္ဘောဒီးယားဘုရင် သီဟာနု၏ ဖိတ်ကြားချက် အရ ကမ္ဘောဒီးယားနိုင်ငံတွင် အစိုးရစည်သည်တော်အဖြစ် နှစ်ရက်ကြာ လည်ပတ်ရန် ဖန္နမ်းပင်မြို့သို့ အထူးလေယာဉ်ဖြင့် ဇွန်လ(၈)ရက်နေ့တွင် သွားရောက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ အဆင့်မြင့် အရာရှိကြီးများ လိုက်ပါသွားသော မစ္စတာလီခါဖီယူနှင့်အဖွဲ့အား ဘုရင် သီဟာနုနှင့်မိဖုရားတို့အပြင် ကမ္ဘောဒီးယားလွှတ်တော်ဥက္ကဋ္ဌ ချီယာဆင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မင်းသား နိရိဒ္ဓန်ရာနာရစ်၊ ဝန်ကြီးချုပ် ဟွန်ဆန်နှင့် အခြားအစိုးရအရာရှိကြီးများက လေဆိပ်မှ လိုက်လဲစွာ ကြိုဆိုခဲ့ကြသည်။ ကမ္ဘောဒီးယားပြည်သူ ထောင်ပေါင်းများစွာတို့ကလည်း လမ်းဘေးဝဲယာမှ တန်းစီကြိုဆိုကြသည်။ ယင်းခရီးစဉ်၏ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံအကြား စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်မှု ပိုမိုတောင့်တင်းခိုင်မာစေရန်နှင့် နှစ်နိုင်ငံကြား နှစ်ရှည်ကာလကြာညောင်းစွာ ဖြစ်လျက်ရှိသော နယ်စပ်အငြင်းပွားမှုများနှင့် လူဝင်မှုကြီးကြပ်ရေး ကိစ္စများကို ဆွေးနွေးညှိနှိုင်းရန် ဖြစ်သည်။

အလုပ်သမားအရေး- နိုင်ငံခြားတိုင်းပြည်များတွင် အလုပ်လုပ်ကိုင်ကြသော ဗီယက်နမ်အလုပ်သမားအရေအတွက်မှာ ၁၉၉၉ ခုနှစ်တွင် ခန့်မှန်းခြေ ၂၅၀၀၀ ရှိမည်ဟု ဗီယက်နမ်အလုပ်သမားဌာန အာဏာပိုင်များက ပြောကြောင်း သတင်းစာများက ဩဂုတ်လ ၆ ရက်နေ့တွင်ရေးသားဖော်ပြကြသည်။ ဗီယက်နမ်အလုပ်သမားများ နိုင်ငံခြားတိုင်းပြည်များ၌ ပိုမိုအလုပ် လုပ်ကိုင်လာနိုင်ခြင်းမှာ ဒေသဆိုင်ရာ စီးပွားရေး နာလန်ထူခြင်းက နိုင်ငံ၏ အလုပ်သမားတင်ပို့ရေးလုပ်ငန်းအပေါ် အပြုသဘောဆောင်သော အရိုန်အဝါသက်ရောက်မှုကြောင့် ဖြစ်သည်ဟု ဆိုသည်။ ၁၉၉၉ ခုနှစ် ပထမနှစ်ဝက်၌ ပင်လယ်ရပ်ခြားတွင် သွားရောက်အလုပ်လုပ်ရန် စေလွှတ်ပေးခဲ့သော အလုပ်သမား ၈၀၀၀ ခန့် ရှိရာ အစဉ်အလာအားဖြင့် ရှိခဲ့သော တောင်ကိုရီးယား၊ ဂျပန်နှင့် လစ်ဗျာနိုင်ငံတို့သို့ အရေအတွက်အများဆုံး စေလွှတ်ခဲ့သည်။ နိုင်ငံခြားတိုင်းပြည်များ၌ သွားရောက်အလုပ်လုပ်ကိုင်သော အလုပ်သမားအရေအတွက် မှန်မှန်တိုးတက်လာဖွယ် ရှိသည်။ ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ နိုင်ငံခြားသို့ အလုပ်သမားပို့ဆောင်ရေး အေဂျင်စီပေါင်း

(၇၁)ခုမျှ ရှိသည်။ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယား နှစ်နိုင်ငံတို့သည် တွေ့ကြုံခဲ့ရသော စီးပွားရေးပြဿနာများကြောင့် ၁၉၉၇ ခုနှစ်က စ၍ ဗီယက်နမ်အလုပ်သမားများကို အရေအတွက် ကန့်သတ်ခဲ့သည်။ယခုအခါ ထိုနှစ်နိုင်ငံ၏ စီးပွားရေး အခြေအနေများ နာလန်ထူလာပြီဖြစ်ရာ နိုင်ငံခြား သား အလုပ်သမားများ ပိုမိုလိုအပ်လာဖွယ်ရှိသည်။ ၁၉၉၉ ခုနှစ် လျာထား ချက်ပြည့်မီစေရန် အလုပ်သမား ၂၀၀၀၀ မှ ၂၅၀၀၀ ထိ ပို့ပေးရန် လိုအပ်ရာ ဗီယက်နမ် အလုပ်သမားဝန်ကြီးဌာနက ရှိပြီးဖြစ်သော ဂျပန်၊ လာအိုနှင့် လစ်ဗျာစသော နိုင်ငံများသို့ ကြိုးပမ်းဆောင်ရွက်ရန် နှင့် အာဖရိက၊ အရှေ့အလယ်ပိုင်း ဥရောပနှင့် လက်တင်အမေရိကတို့၌လည်း စျေးကွက်ချဲ့နိုင်ရေး ကြိုးပမ်းရန် အလုပ်သမားပို့ပေးရေး အေဂျင်စီများကို ညွှန်ကြားထားသည်။

သင့်ဘဝ – ဦးရဲလွင်

ဗုဒ္ဓသာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးဆောက်ရွက်ချက်များ (၁၉၉၉)။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ထင်ထင်ရှားရှား ထွန်းကားတိုးတက်နေသော ဦးဆောင်နိုင်ငံကြီးအဖြစ် ကမ္ဘာ့နိုင်ငံများတွင် ရပ်တည်နေသည်။ ဤသည်မှာ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ထွန်းကားပြန့်ပွားရေးဟူသော သာသနာ့အရေးအရာများကိုဆရာတကာ လက်တွဲညီစွာ ကြိုးပမ်းထမ်းဆောင်နေသောကြောင့်ပင် ဖြစ်သည်။ ၁၉၉၉ ခုနှစ်အတွင်း ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များကို အကျဉ်းချုပ်မျှ ဖော်ပြအပ်ပါသည်။

သံဃာ့အဖွဲ့.အစည်း အဆင့်ဆင့်ဖြင့်ဆောင်ရွက်ခြင်း

၁၉၈၀ ပြည့်နှစ်၊ မေလတွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကျင်းပ၍ ထိုအစည်းဝေးကြီးက အတည်ပြုပြဋ္ဌာန်းသော သံဃာ့အစည်းအဝေး အခြေခံစည်းမျဉ်းနှင့်အညီ သံဃာ့အဖွဲ့.အစည်းအဆင့်ဆင့်ကို ဖွဲ့.စည်းပြီး သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို အကောင်အထည်အဖော်ဆောင်ရွက်လျက် ရှိနေပေသည်။ အလားတူပင် သာသနာ့ အနွယ်ဝင် သီလရှင်များအတွက်လည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့.က ထေရဝါဒဗုဒ္ဓဘာသာ



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စင်ညွှန့်. က တိဝိဋကဝရဝမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ
ဆရာတော်တစ်ပါး အား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်

သိလရှင် အဖွဲ့. အစည်း အခြေခံစည်းမျဉ်းကို သတ်မှတ် ပြဋ္ဌာန်းထားခဲ့သည်။

သံဃာ့အဖွဲ့. အစည်း အဆင့်ဆင့်အောက်တွင် ရဟန်း တော်ပေါင်း (၁၆၉၅၆၅) ပါး၊ သာမဏေပေါင်း (၂၄၄၂၉၂) ပါး၊ နှင့် သာသနာ့ဓမ္မယ်ဝင် သိလရှင်ပေါင်း (၂၅၉၇၇) ပါးတို့ သိတင်းသုံးနေကိုင် လျက်ရှိသည်။

နိဂုံးတော် သံဃမဟာနာယကအဖွဲ့. (၄၇)ပါးစုံညီ အစည်းအဝေးများ

စတုတ္ထအကြိမ် နိဂုံးတော်သံဃမဟာနာယက အဖွဲ့. (၄၇) ပါး စုံညီ အစည်းအဝေးများကို လေးလလျှင်တစ်ကြိမ် ပုံမှန်အားပြင့် ကျင်းပရာ ၁၉၉၉ ခုနှစ်အတွင်းတွင် အစည်း အဝေး သုံးကြိမ်ကျင်းပခဲ့သည်။ စတုတ္ထအကြိမ် နိဂုံးတော် သံဃမဟာနာယက အဖွဲ့. (၄၇) ပါးစုံညီ ထေရသမ အစည်းအဝေးကို ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၂ ရက်အထိ ကမ္ဘာအေးကျန်းမြေ ဝိဇယမဂိလာဝမ္မသဘင်တွင် ကျင်းပ၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများ ကို ဆွေးနွေးညှိနှိုင်းတော်မူကြပြီး ဆုံးဖြတ်ချက် (၂၉) ရပ် တို့ကို ချမှတ်ဆောင်ရွက်တော်မူသည်။

စတုတ္ထအကြိမ် နိဂုံးတော် သံဃမဟာနာယကအဖွဲ့. (၄၇) ပါး စုံညီ ဒုဿမအစည်းအဝေးကို ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်မှ (၁၂) ရက်အထိ ဝိဇယမဂိလာ ဝမ္မသဘင်တွင် ကျင်းပရာ ဆုံးဖြတ်ချက် (၃၀) ရပ်တို့ကို ချမှတ် ဆောင်ရွက်တော်မူသည်။

နိဂုံးတော် မဟိသံဃာဝန်ဆောင်အဖွဲ့. ပဉ္စမအစည်းအဝေး

စတုတ္ထအကြိမ် နိဂုံးတော် မဟိသံဃာဝန်ဆောင် အဖွဲ့. အစည်းအဝေးကို ၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆန် (၁၁) ရက်မှ (၁၃) ရက် (၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ရက်မှ ၂၇ရက်နေ့အထိ) ရန်ကုန်မြို့ ကမ္ဘာအေးကျန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိဂုံးတော် ညွှတ်ခစရိယ ဆရာတော်ကြီးများ၊ နိဂုံးတော်သံဃမဟာ နာယက ဆရာတော်များအပါအဝင် နိဂုံးတော်ဝင်ဟို သံဃာ ဝန်ဆောင် အဖွဲ့. ဝင်များ၊ ၇၅ ကုဋေနှုန်း ကျော်တက်ရောက် တော်မူကြသည်။

အဆိုပါအစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်း: (၁) ရပ်၊ မှတ်တမ်းတင်ခြင်း: (၈) ရပ်၊ အတည်ပြုခြင်း: (၃) ရပ်၊ ဆုံးဖြတ်ခြင်း: (၂) ရပ်တို့ကို ချမှတ်ဆောင်ရွက်တော်မူသည်။

ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကဲအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲစသည်တို့နှင့်အညီ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ ပါဝင်သော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များကိုဖွဲ့စည်း၍ သာသနာဆိုင်ရာမှုခင်းများကို စစ်ဆေးဆုံးဖြတ်ခဲ့ရာ၊ ၁၉၉၉ ခုနှစ်အတွင်းတွင် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ (၉) ဖွဲ့တို့က ဝိနိစ္ဆယမှုခင်းပေါင်း (၂၄) မှုကို စစ်ဆေးဆုံးဖြတ်ခဲ့သည်။

ဗုဒ္ဓဘာသာစာမူများကို စိစစ်ခြင်း

ဗုဒ္ဓဘာသာဆိုင်ရာ စာမူပေါင်း (၄၇၄) မူအနက် စာမူ (၃၀၂) မူကို ပြင်ဆင်ချက်မရှိ ထုတ်ဝေခွင့်ပြုခဲ့သည်။ ပြင်ဆင်ခွင့်ပြုသော စာမူ (၂၃) မူ၊ ဖြုတ်ပယ်၍ ခွင့်ပြုသော စာမူ (၁၀၄) မူ၊ ဖြုတ်ပယ်ပြင်ဆင်၍ ခွင့်ပြုသော စာမူ (၂၆)မူ၊ အမည်ပြောင်း၍ ထုတ်ဝေခွင့်ပြုသောစာမူ (၄) မူ၊ ပြန်လည်ရေးသားတင်ပြရန် စာမူ (၁) မူရှိ၍ သက်ဆိုင်ရာသို့ ပြန်လည်ပေးပို့သော စာမူ (၃) မူနှင့် ထုတ်ဝေခွင့်မပြုသော စာမူ (၁၁) မူတို့ဖြစ်သည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်- (၁၉၄၈) ခုနှစ်မှစ၍ နှစ်စဉ် မပျက်ကျင်းပခဲ့ရာ ၅၁ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို ၁၃၆၀ ပြည့်နှစ်၊ ဩဂုတ်လဆန်း (၁၀)ရက် (၂၇-၁၂-၉၈) နေ့မှ ၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၂)ရက် (၂၈-၁-၉၉) နေ့အထိ (၃၃) ရက်တိုင်တိုင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။ အဆိုပါစာမေးပွဲမှ အဘိဓမ္မာရှေ့ပိုင်း (၅) ကျမ်း၊ ရေးဖြေ (၂)ပါး၊ ဒီဃနိကာယကောဝိဒ (၄) ပါး၊ ဒီဃဘာဏက (၄) ပါး၊ ဝိနယကောဝိဒ (၅) ပါး၊ ဝိနယဓရ (၁၃)ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ (၄)ပါး၊ ဥဘတောဝိဘင်္ဂဓရ (၁၆) ပါး ဟူ၍ သာသနာ့အာဏာနည် (၄၈) ပါး ပေါ်ထွန်းခဲ့သည်။

ထိုစာအောင်သံဃာများအား ချီးကျူးပူဇော်သည့် (၅၁)ကြိမ်မြောက် တိပိဋကဓရ ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၆၁ ခုနှစ်၊ နယုန်လပြည့် (၂၉-၅-၉၉) စနေနေ့မွန်းတည့် (၁၂) နာရီအချိန်တွင် မဟာပါသာဏလိုဏ်ဂူကြီး၌ ခမ်းနားစွာ ကျင်းပခဲ့သည်။

ဓမ္မာစရိယစာမေးပွဲ

၁၉၉၉ ခုနှစ်၊ ဓမ္မာစရိယ စာမေးပွဲကို နိုင်ငံတော်တစ်ဝန်းလုံးတွင် ၁၉၉၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့မှ ဧပြီလ (၉) ရက်နေ့အထိ ကျင်းပခဲ့ရာ စာရင်းသွင်းသူ (၈၂၆၂) ပါး ဖြေဆိုသူ (၇၃၉၁) ပါးရှိ၍၊ ကျမ်းရင်းသုံးကျမ်းအောင် (၁၈၂) ပါး၊ ကျမ်းရင်းနှစ်ကျမ်းအောင် (၁၉၁) ပါး၊ ကျမ်းရင်း (၁) ကျမ်းအောင် (၂၇၉) ပါး၊ မြန်မာဂုဏ်ထူးအောင် (၆) ပါး၊ ပါဠိဂုဏ်ထူးအောင် (၃) ပါး စုစုပေါင်း (၆၆၁) ပါး အောင်မြင်တော်မူကြသည်။

ပြည်နယ်/တိုင်းအလိုက် ပထမပြန်စာမေးပွဲများ ကျင်းပခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၍ ရဟန်းသာမဏေပေါင်း လေးသိန်းကျော် သီတင်းသုံးတော်မူလျက်ရှိပြီး၊ ပထမပြန်စာမေးပွဲ ဝင်ရောက်ဖြေဆိုတော်မူကြသည့် ရဟန်းသာမဏေများမှာ ခုနှစ်သောင်းကျော်အထိ တိုးတက်များပြားလာခဲ့ရာ စာဖြေသံဃာတော်များပြားလာသည့် အလျောက် ပထမပြန်စာမေးပွဲဆိုင်ရာ လုပ်ငန်းတာဝန်များမှာလည်း ကြီးမားကျယ်ပြန့်လာသဖြင့် ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ၁၉၉၉ ခုနှစ်မှစ၍ ပထမပြန်စာမေးပွဲများကို ပြည်နယ်တိုင်းအလိုက် ကျင်းပနိုင်ရန် နိုင်ငံတော်သံဃနာယက ဆရာတော်ကြီးများနှင့် ပြည်နယ်တိုင်းသံဃနာယကဆရာတော်ကြီးများ၊ စာသင်တိုက်ကြီး များ ပဓာန ဆရာတော်ကြီးများထံ လျှောက်ထားသြဝါဒ ခံယူ၍ ပြည်နယ် တိုင်းအလိုက် ပညာရေးဗဟိုအဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက် ခဲ့သည်။

၁၉၉၉ခုနှစ် ပြည်နယ်တိုင်းအလိုက် ပထမပြန်စာမေးပွဲများ ကျင်းပရာတွင် တစ်ပြည်လုံး၌ ပထမကြီးတန်းတွင်စာဖြေဌာနပေါင်း (၂၂၀)၌ စာရင်းသွင်း(၉၉၅၉)၊ ဖြေဆိုသူ(၈၃၅၄)ဦး၊ အောင်မြင်သူ(၄၃၀၁) ဦးရှိသည်။ ပထမလတ်တန်း၌ စာရင်းသွင်းသူ(၁၃၁၃၈) ဦး၊ဖြေဆိုသူ(၁၁၅၆၀)ဦး၊ အောင်မြင်သူ(၆၄၈၈) ဦးရှိသည်။ ပထမငယ်တန်း၌ စာရင်းသွင်းသူ(၂၂၅၄၈) ဦး၊ဖြေဆိုသူ(၁၉၀၆၉)ဦး၊ အောင်မြင်သူ(၁၂၁၄၂) ဦးရှိသည်။

ပြည်နယ်/တိုင်းအလိုက် ကျင်းပ ပြုလုပ်သော ပထမပြန် စာမေးပွဲများတွင် အတန်းလိုက်ပထမ၊ ဒုတိယ၊ တတိယ စသည့်အထူးအောင်ပုဂ္ဂိုလ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ၂၁-၆-၉၉မှ ၂၃-၆-၉၉နေ့အထိ ပထမကျော်စသည့် အထူးအောင် ရွေးချယ်ရေးစာမေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

၁၉၉၉ ခုနှစ်၊ ပထမပြန်စာမေးပွဲ လုပ်ငန်းအတွေ့. အကြုံများကို အခြေခံ၍ လိုအပ်ချက်များကို ဖြည့်စွက် ဆောင်ရွက်သွားနိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ၁၉၉၉ ခုနှစ်၊အောက်တိုဘာလ (၁၉) ရက်နေ့ နှင့်(၂၀) ရက်နေ့များတွင် ကျင်းပခဲ့သည်။

အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲ

၁၉၉၉ ခုနှစ်၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲကို မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် သတ်မှတ်ထားသည့် စာဖြေဌာန(၅၂)ဌာနတို့၌၁၉၉၉ ခုနှစ်၊ဒီဇင်ဘာလ (၁၈) ရက်မှ(၂၀)ရက်နေ့အထိကျင်းပပြုလုပ်ခဲ့ရာ အဘိဓမ္မာရိုးရိုးတွင် (၈၆၁၆)ဦး၊အဘိဓမ္မာဂုဏ်ထူးတွင် (၁၂၃၇) ဦး၊ဝိသုဒ္ဓိမဂ် (၅၅၄)ဦးတို့ဝင်ရောက်ဖြေဆိုကြသည့်အနက် အဘိဓမ္မာရိုးရိုးအောင်မြင်သူ(၇၂၃၁) ဦး၊ အဘိဓမ္မာဂုဏ်ထူးဆောင် (၁၁၀၆) ဦး၊ဝိသုဒ္ဓိမဂ်အောင်မြင်သူ (၄၄၈)ဦးရှိသည်။

နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မြတ်စွာဘုရား၌ဂေါကြားတော်မူသော တရားတော်များ၏အနှစ်သာရကို ရဟန်းသာမဏေများ လူပုဂ္ဂိုလ်များပါ ကျယ်ပြန့်ပြန့် နံ့.နံ့.စပ်စပ် သိရှိနားလည်ကျင့်သုံးနိုင်ကြစေရန် နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကို (၁၉၉၂) ခုနှစ်မှ စတင်၍ကျင်းပခဲ့သည်။

သတ္တမအကြိမ် နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲကို ၁၉၉၉ခုနှစ်၊မေ၃၁ ရက်မှ ဇွန်လ(၄)ရက်နေ့အထိ ကျင်းပရာတစ်ပြည် လုံးရှိခွင့်ပြုစာဖြေဌာန (၆၂)ဌာနတို့၌ စာရင်းသွင်းသူ (၁၉၅၀၉) ပါး၊ဖြေဆိုသူ(၁၁၀၇၆)ပါးတွင် အောင်မြင်သူ(၁၁၆၀)ပါးရှိသည်။

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲများ.

၁၉၉၉ ခုနှစ်၊(၁၆)ကြိမ်မြောက်ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများကို မေ (၂၅၊၂၆၊၂၇)ရက်များတွင်



အကွင်းရေးမူး (၁) ဒုတိယမိုလ်ချုပ်ကြီး ခင်ညွန့်. တိပိဋကဝရရွေးချယ်ရေးစာမေးပွဲ ဖြေဆိုသံဃာတော်များအား ကြည့်ရှု ကြည်ညိုစဉ်

ဖွင့်လှစ်ကျင်းပခဲ့ရာ လက်ခံရရှိသော ဖြေဆိုစာရင်းအရ မြို.နယ်ပေါင်း (၁၇၈) မြို.နယ်တွင် စာရင်းသွင်းသူ (၈၈၇၈၆)ဦး၊ ဖြေဆိုသူပေါင်း (၇၈၈၀၇)ဦးတွင် ရိုးရိုးအောင်(၄၈၆၃၈) ၊ ဂုဏ်ထူးဆောင် (၁၇၈၂၄)ဦး၊ သုံးဘာသာအောင်မြင် သူ(၅၂၆၃)ဦး ဖြစ်သည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ

ဆင်းရဲချမ်းသာမရွေးလူတိုင်းအရေးအဖတ်အတွက် အခြေခံပညာရေးနှင့် ခေတ်ပညာတတ်မြောက်စေရန်၊ ပညာသင်ကြားရေးဌာန စရိတ်သက်သာပြီး လွယ်ကူမှုရှိစေရန် ကိုယ်ကျင့်တရား ကောင်းမွန်ပြီး အများအကျိုး၊နိုင်ငံ အကျိုးသယ်ပိုးလိုသည့် သား၊ကောင်းသမီး၊ကောင်းများ ဖြစ်လာစေရန်၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကိုသိရှိ နားလည်၍ မြတ်နိုးစွာ လိုက်နာခံယူတတ်ကြစေရန် ဗုဒ္ဓဘာသာသာသနာတော်ဆိုင်ရာအဆုံးအမများကို ကြားနာမှတ်သားသိရှိ လိုက်နာပြီး အနာဂတ်သာသနာကိုဟာဝန်ယူကြမည့် ဗုဒ္ဓဘာသာဝင်ကောင်းများဖြစ်ကြစေရန် အဖျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်စေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်သင်ကြားခဲ့သည်။ ယဉ်ကျေးမှု ပြည့်ဝလျက် စာရိတ္တကောင်းမွန်သော နိုင်ငံတော်၏ သား၊ကောင်းသမီး၊ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက်နယ် စပ်နှင့် တောင်တန်းဒေသများ၊ ဝေးလံခေါင်းဖျားဒေသများနှင့် ကျေးလက်အနှံ့တွင် တည်ရှိနေသော ဘုန်းတော်ကြီးကျောင်းများ၌ မူလတန်းပညာသင်ကြားပေးရင်း ဗုဒ္ဓဘာသာယဉ်ကျေးမှု အမွေအနှစ်များကို စနစ်တကျသင်ကြားပေးလျက် ရှိသည်။

၁၉၉၉ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိ မြို.နယ်ပေါင်း ၂၁၀ ၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၉၅၄ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး သာမဏေသီလရှင်၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၄၃၉၂ ဦး ရှိသည်။ သီလရှင်သင် အဖျိုးသမီးပညာရေး ကျောင်းများမှာ တစ်ပြည်လုံးတွင် ကျောင်းပေါင်း ၁၀ ကျောင်းရှိသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ၁၉၈၆ ခုနှစ်မှစ၍ ဖွင့်လှစ်ပြီး ရဟန်းတော်များအတွက် ပရိယတ္တိ စာပေများကို သင်ကြားပေးလျက် ရှိရာ-

- အက္ခရာသိက္ခာမြင့်မားစေခြင်း
- ပိဋကတ်ကျမ်းဂန် နှံ့စပ် ကျွမ်းကျင်စေခြင်း
- ပါဠိဘာသာ ကျွမ်းကျင်တတ်မြောက်စေခြင်း
- မြန်မာစာအရေးအသား တော်စေခြင်းဟူသော ရည်ရွယ်ချက်များ ထားရှိသည်။ ပြည်ပသာသနာပြုလုပ်ငန်းတွင် အထောက်အကူပြုစေရန် အင်္ဂလိပ်ဘာသာကိုလည်း သင်ကြားပေးသည်။ အောင်မြင်သူ ရဟန်းတော်များကို သာသနတက္ကသိုလ မဟာဝမ္မာစရိယ၊ သာသနတက္ကသိုလ မဟာဝမ္မာစရိယဘွဲ့များ အပ်နှင်းပေးသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ၏ ၁၃၆၀-၆၁ ခု၊ အတန်းတင်စာမေးပွဲကို ၁၆-၁၀-၉၉ မှ ၂၃-၁၀-၉၉ ရက်အထိ ကျင်းပခဲ့ရာ သာသနတက္ကသိုလ မဟာဝမ္မာစရိယ (ပထမနှစ်မှ စတုတ္ထနှစ်အထိ) ၂၇၄ ပါး၊ မဟာဝမ္မာစရိယ (ပထမနှစ်မှ ဒုတိယနှစ်အထိ) ၄၉ ပါး၊ ပြည်ပသင်တန်းသား (လာအိုနှင့် တရုတ်) ၉ ပါး၊ စုစုပေါင်း ၃၃၂ ပါး ဖြေဆိုတော်မူခဲ့သည်။

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီသည် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ၂၂ မျိုးကို ပြဋ္ဌာန်း၍ နှစ်စဉ်လှူဒါန်းပူဇော်လျက်ရှိရာ၊ ၁၉၉၉ ခုနှစ်တွင် ပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့ တံဆိပ်တော်ကို အသစ်ပြဋ္ဌာန်းပူဇော်သည်။

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် လှူဒါန်းပူဇော်ထိုက်သော ဂုဏ်အင်္ဂါရုပ်များမှာ-

-ပိဋကသုံးပုံကို နှုတ်ငုံဆောင်စွမ်းနိုင်၍ တိပိဋကဓရဘွဲ့တံဆိပ်တော် ရရှိခြင်း၊

-ပိဋကသုံးပုံ၏ ခဲရာခက်ဆစ် မေးခွန်းတို့ကို ဖြေစွမ်းနိုင်၍ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်ရရှိခြင်း၊

-တိပိဋကဓရတိပိဋက ကောဝိဒဘွဲ့ တံဆိပ်တော် ရရှိပြီးနောက် သာသနာ့တာဝန်ကို (၅) နှစ်သက်တမ်းပြည့် ထမ်းဆောင်ခြင်း၊

-သီလဂုဏ် သမာဓိဂုဏ်နှင့်ပြည့်စုံခြင်း တို့ဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ ဆရာတော် (၂) ပါးမှာ-

-ဘဒ္ဒန္တသုမင်္ဂလာ လင်္ကာရ (အဂ္ဂမဟာပဏ္ဍိတ)

တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်

မရပ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

–ဘဒ္ဒန္တသီရိန္ဒဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်

ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း တို့ဖြစ်သည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားကျင်းပခြင်း

၁၃၆၀ ပြည့်နှစ်၊ တပေါင်းလပြည့် (၁–၃–၉၉) နေ့တွင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ အခမ်းအနားကျင်းပခဲ့ရာ အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ နှီးဆော်မှုဖြင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကမ္ဘာအေးကုန်းမြေလိုဏ်ဂူတော်ကြီး ဝန်းကျင်တွင် ကျင်းပရာ သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ပူဇော်ခြင်းခံရသည့် ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးများက အလှူခံယူတော်မူကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရန်ကုန်တိုင်းအတွင်း ရှိမြို့နယ်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၄၁၆ သိန်းကျော်ဖိုး ရှိသောလှူဖွယ်ဝတ္ထုပစ္စည်းများကို ဘွဲ့တံဆိပ်ဆရာတော်ကြီး ၂၂၀ပါး၊ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီး ၃၇၄ပါးနှင့် သီလရှင်ဆရာကြီးများ ၁၀၀ပါး စုစုပေါင်း ၆၀၄ပါး တို့အား လှူဒါန်း ပူဇော်ခဲ့သည်။

မခင်နွဲ့.ဟန်ကြည်



ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဗလ

ဗိုလ်ဗလ (ရဲဘော်သုံးကျိပ်) (ခရစ် ၁၉၁၇– ၁၉၉၈)။ ။

၁၉၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင်၌ မြောင်းမြ ခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျိုက်ပိရွာတွင် အဘဦးကျော်ဟန်၊ အမိ ဒေါ်သိန်းတို့က ဖွားမြင်သည်။ မွေးချင်း ငါးဦးအနက် တတိယမြောက်ဖြစ်၍ အမည်ရင်း ဦးသန်းရင် ဖြစ်သည်။

၎င်းတို့တိုင်း၊ လပွတ္တာ အစိုးရအထက်တန်းကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။

တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ပြီးနောက် သခင်ထွန်းလွင် ဖြစ်လာသည်။ ၁၉၃၈ ခုနှစ်တွင် မြောင်းမြစီရင်စု တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ကာနိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ၁၉၃၈– ၁၉၃၉ ခုနှစ်၊ မြောင်းမြစီရင်စု ဗမာ့လက်ရုံးတပ်များ တည်ထောင်သောအခါ ခေါင်းဆောင်တစ်ဦး အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၈ ခုနှစ်၊ သာယာဝတီ တို့ဗမာအစည်းအရုံး ညီလာခံတွင် မြောင်းမြခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ထိုညီလာခံတွင် သခင်ထွန်းလွင်သည် တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၃၈ ခု၊ တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ကိုယ်တော်မိုင်း၊ သခင်မြတို့ ဦးဆောင်သော တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စတုတ္ထအသုတ် စေလွှတ်သည့်အထဲတွင် ပါဝင်ပြီး မြန်မာမျိုးချစ်လူငယ်များနှင့်အတူ (၈–၇–၁၉၄၁) ခုနှစ်၌ ကိုရိယုမာရူးသဘော်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ (၂၂–၇–၁၉၄၁)တွင် ရှန်ဟိုင်းမှ လေယာဉ်ဖြင့် ဂျပန်နိုင်ငံ ကျူးရူးကျွန်း၊ နာဂါစကီးမြို့အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနိုတောင်ပေါ်စခန်းသို့ သွားရောက်ခဲ့သည်။ ၁၉၄၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့၌ တိုကျိုမှဟိုင်နန်ကျွန်းသို့ လေယာဉ်ဖြင့် သွားရောက်ခဲ့ပြီး ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ အိုတာနီဟိရှိရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဘန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံ ယူရာတွင် ဗိုလ်ဗလ ဖြစ်လာခဲ့သည်။

ဖက်စစ်တော်လှန်ရေးကာလက ဗိုလ်ဗလဦးစီးသည့် တပ်ရင်း (၇) သည် ရှေ့တန်း စစ်ဦးစီးဌာနချုပ်၏ တိုက်ရိုက်

ကွပ်ကဲမှုအောက်တွင်ရှိပြီး၊ တိုင်း(၆)နှင့် တိုင်း(၇) ဒေသအတွင်း ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ထား၀ယ်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံအတွင်း ချီတက်၍ ဖြိုတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ၁၉၄၂ ခုနှစ်၊ ဇူလိုင် ၂၇ နေ့၌ (ဘီအိုင်အေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာ၀န်ထမ်းခဲ့သည်။

၁၉၅၈ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၆၀ ပြည့်နှစ် တတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလအမတ်လောင်းအဖြစ် ချောက်မြို့မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံခဲ့ရသည်။

ဗိုလ်မှူးဗလသည် ၁၉၇၃ ခုနှစ် ဇူလိုင် ၁၈ ရက်၌ ကြေးမုံသတင်းစာ၌ "ထိုနေ့" ဆောင်းပါးကို ရေးခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် "လွတ်လပ်ရေးတစ်ထောက်" စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် ကြေးမုံ သတင်းစာ၌ "ရဲဘော်သုံးကျိပ် ၃၄ နှစ်ခရီး" ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးခဲ့သည်။

ဗိုလ်မှူးဗလသည် ၁၉၅၅ ခုနှစ် ဇန်နဝါရီလတွင် ယူဂို စလားဗီးယား သမ္မတကြီးတီးတို့၏ စစ်သည်တော်ကောင်း (တတိယဆင့်) **Military Merit (Third Class)**ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ဗိုလ်မှူးဗလကို မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆဲဖျာ ကြိုးပမ်းဆောက်ရွက်ခဲ့မှုကြောင့် ၁၉၅၅ခုနှစ် မတ်လ ၂၇ ရက်နေ့၌ နိုင်ငံတော်က လွတ်လပ်ရေးမော်ကွန်း၀င် (ပထမဆင့်) တံဆိပ်ဖြင့်ချီးမြှင့် ဂုဏ်ပြုခဲ့သည်။


တစ်ဖန် ဗိုလ်မှူးဗလကို နိုင်ငံတော်အတွက် ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် ၁၉၈၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့၌ နိုင်ငံတော်က နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်သည်။

ဗိုလ်မှူးဗလသည် ၁၉၄၂ ခုနှစ် အောက်တိုဘာ ၂၆ တွင် ဒေါ်ခင်ခင်ပြုံးနှင့် လက်ထပ်သည်။ သမီးနှစ်ယောက် သားလေးယောက် ထွန်းကားသည်။ ဇနီး ဒေါ်ခင်ခင်ပြုံးမှာ ၁၉၉၄ ခုနှစ်၊ ဖေဖော်၀ါရီလ ၁၀နေ့၌ ကွယ်လွန်သည်။

ရဲဘော်သုံးကျိပ်၀င် ဗိုလ်မှူးဗလသည် လူကြီးရောဂါဖြင့် ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁ရက်နေ့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၂ နှစ်ရှိပြီး သမီးနှစ်ယောက်၊ သား၁ယောက် ကျန်ရစ်သည်။

မွေးငယ်ငယ်

ဘလုံလေး၊ ဦး (ပန်းချီ)(ခရစ် ၁၉၂၂–၁၉၉၈)။ ။ ပန်းချီဆရာကြီး ဦးဘလုံလေးကို မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ်၊ နယုန်လပြည့်နေ့တွင် အဘဦးသီ၊ အမိဒေါ်ပုတို့က စစ်ကိုင်းမြို့၊ တကောင်းရပ်တွင် ဖွားမြင်သည်။ သားသမီး ငါးယောက်အနက် အငယ်ဆုံးဖြစ်သည်။ ငယ်နာမည် မောင်သူတော် ဖြစ်သည်။



ပန်းချီဆရာကြီး ဦးဘလုံလေး

ဦးဘလုံလေး၏ အစ်ကို ဦးညိစိန်သည် ပန်းဆယ်မျိုးစလုံးတွင် စွယ်စုံကျွမ်းကျင်သူ ဖြစ်သဖြင့် ဦးဘလုံလေး၏ ပထမဦးဆုံး မြင်ဆရာဖြစ်သည်။ ပန်းချီပညာကို စိတ်၀င်စားလွန်းသဖြင့် သတ္တမတန်းအောင်မြင်ပြီး ကျောင်းမှထွက်ကာ ပန်းချီပညာကို ဆည်းပူးခဲ့သည်။ အစ်ကိုဖြစ်သူ ဦးညိစိန်က မန္တလေးမြို့ရှိ ပန်းချီဆရာကြီး ဦးဘရင်ကလေးထံ ဆက်သွယ်ပေးပို့သဖြင့် ပန်းချီပညာကို သင်ယူလေ့လာခဲ့သည်။

ပိုစတာရေးနည်းကို သုံးနှစ်မျှ လေ့လာသင်ကြားကာ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်သို့ဆင်းခဲ့သည်။ ရန်ကုန်တွင် မိခင်၏ မောင်တော်စပ်သည့် ဆရာကြီး မဟာဆွေ၏ ဆက်သွယ်ပေးမှုဖြင့် ပန်းချီဆရာကြီး ဦးဘလုံနှင့် ရင်းနှီးခင်မင်ကာ ထိုဆရာကြီးထံတွင် ပန်းချီပညာကို သင်ယူခဲ့သည်။

ပန်းချီဦးဘလုံလေးသည် ဆရာကြီးထံတွင် တစ်နှစ်ခန့် ပန်းချီပညာများ သင်ယူပြီး မင်းသမီးပုံကောက်ကြောင်းကို စတင်ရေးခွင့် ရသည်။ ပန်းချီဆရာကြီး ဦးဘလုံထံတွင် အပ်သည့်မျက်နှာဖုံး သရုပ်ဖော်ပုံများကို သုံးနှစ်မျှ ကူညီရေး

ဆွဲခဲ့သည်။ ပုံတူ အရေးကောင်းသူတစ်ဦးအဖြစ် ထင်ရှား ကျော်ကြား‌ခဲ့သည်။ ပိုစတာနှင့် မဂ္ဂဇင်းသရုပ်ဖော် လက်ရာ များဖြင့် နာမည်ကျော်ခဲ့သည်။

ဒုတိယကမ္ဘာစစ် ဖြစ်ချိန်အထိ ဦးဘလုံထံတွင် ပန်းချီ ပညာလေ့လာ ဆည်းပူးခဲ့သည်။ ယင်းသို့ ဆည်းပူး ဆဲတွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောကြောင့် ဆရာကြီး ဦးဘလုံ နှင့် ဝေးကွာခဲ့သည်။ ဆရာကြီး ဦးဘလုံ၏ နောက်ဆုံး တပည့်ရင်းအဖြစ် ဆရာ၏ပညာကို လေးမြတ်စွာပူဇော် ရာလည်း ရောက်စေရန်အတွက် ၄င်း၏အမည်ရင်းကို သူတော်မှ ဆရာနှစ်ဦးဖြစ်သော ဦးဘရင်ကလေးနှင့် ဦးဘလုံတို့ကိုပေါင်းစပ်ကာ "ဘလုံလေး" ဟုပြောင်းခဲ့သည်။

ဦးလေးတော်သူ မဟာဆွေ၏ ဆက်သွယ်မှုဖြင့် ဗလ ကြီးပွားရေး၊ မြန်မာ့အလင်းနှင့် သူရိယ မဂ္ဂဇင်းတို့တွင် သရုပ်ဖော်ပန်းချီများ ရေးဆွဲခွင့်ရခဲ့သည်။ တိုင်းရင်းမေ ဂျာနယ်တွင် ကဗျာသရုပ်ဖော်ပုံများ၊ အဖြည့်ပုံ များမှအစ အတွင်းသရုပ်ဖော်ပုံများအထိ ရေးဆွဲခဲ့သည်။ သရုပ်ဖော် ပန်းချီများရေးဆွဲရင်း၊ ကန်တော်မိတ်၊ အောင်မင်္ဂလာ၊ ရန်ကုန်ရုပ်ရှင်တို့၌ ပိုစတာကြီးများ ရေးဆွဲခဲ့ပြီး အေဝမ်းနှင့် နယူးဘားမားတို့တွင် ရုပ်ရှင်ပိုစတာကြီးများ ဆယ်နှစ်ခန့် ရေးဆွဲခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းကာလ(၁၉၄၇) ခုနှစ်၊ အသက် ၂၅ နှစ်တွင် စာရေးဆရာမကြီး ခင်နှင်းယု၏ ညီမဖြစ်သူ မကြွယ်ကြွယ် (ဝါးခယ်မ)နှင့် အိမ်ထောင်ကျခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ယဉ်ကျေးမှုကောင်စီ၏ ဘုတ်အဖွဲ့ ကခေါ်ယူသဖြင့် ရန်ကုန်ပန်းချီပန်းပုကျောင်း၌ ပန်းချီနည်းပြ ဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာ ဆိုဗီယက် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအရ ရုရှားနိုင်ငံ မော်စကို၊ လီနင်ဂရက်၊ တပ်ရှ်ကင်မြို့ကြီးနှင့် ကျော်ကျီယာ ပြည်နယ်သို့ တစ်လကျော် လှည့်လည်လေ့လာခဲ့သည်။

ပန်းချီ ဦးဘလုံလေးသည် ပန်းချီနည်းပြအဖြစ် အမှုထမ်းရင်း စာနယ်ဇင်းသရုပ်ဖော်ပုံများနှင့် ပိုစတာများ ရေးဆွဲခဲ့သည်။ ထိုအချိန်က ပန်းချီပန်းပုကျောင်း၏ ကျောင်းအုပ်ကြီးမှာ ဦးမြတ်ကျော်ဖြစ်သည်။

ဦးဘလုံလေးသည် ပန်းချီသင်ကြားပြသရာတွင် အလွန်စိတ်ရှည်သူဖြစ်သည်။ သင်ကြား ပြသရာတွင် လက်တွေ့ရေးပြသည်ကများသည်။ တော်သောတပည့်များ၏ ပုံများကို ဂရုတစိုက်သိမ်းဆည်းထားလေ့ရှိသည်။

ဦးဘလုံလေးက ပန်းချီနှင့် ပတ်သက်၍ အသက်မွေးမှု သည် ပထမချစ်သူဖြစ်သည်။ ပန်းချီကို ချစ်တတ်သူဖြစ်ပြီး ဝယ်ယူအား‌ပေးသူသည် ဒုတိယချစ်သူဖြစ်သည်။ ပန်းချီကို အား‌ပေးသူသက်သက်သည် တတိယမြောက်ချစ်သူဖြစ်သည် ဟု တပည့်များအား ပြောပြတတ်သည်။

ဦးဘလုံလေးသည် ပထမဆုံးရောင်းချရသော ပန်းချီကား‌မှငွေများကို မသုံးဘဲ တတိယမြောက်ရောင်းချရ သော ပန်းချီကား‌မှ ငွေများကိုသာ စတင်သုံးစွဲခဲ့သည်။

မဂ္ဂဇင်းသရုပ်ဖော်ပန်းချီများကို တိုင်းရင်းမေ၊ သပြေ၊ မြဝတီ၊ သွေးသောက်၊ ရုပ်ရှင်မျက်မှန်၊ ရှမဝ၊ ပဒေသာ၊ ယုဝတီဂျာနယ်၊ ရှေ့သို့စာစောင်၊ ဘာသာရေးစာစောင်များ တွင် မင်ခြစ်ပုံများ၊ ဒီဇိုင်းများ၊ စီပီယာပုံများ၊ ရေးဆွဲ ရောင်စုံများ ရေးခဲ့သည်။ တိုင်းရင်းမေနှင့် ဓမ္မပဒစာအုပ် တွင် ပင်တိုင်ရေးခဲ့သည်။

၁၉၈၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပို့စကတ်၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းနှစ် အထိမ်းအမှတ် ပို့စကတ်၊ ထိလက်မှတ်ဒီဇိုင်းများ ရေးဆွဲ ခဲ့သည်။ တံဆိပ်ခေါင်းများတွင် ကယား‌အမျိုးသမီးပုံကို ရေးဆွဲခဲ့ပြီး ၁၉၇၇ ခုနှစ် ပြည်တွင်းထုတ်ကုန်သွင်းကုန် ပြက္ခဒိန်တွင် ကျောင်းဆင်းပွဲပုံကို ရေဆေး‌အထူဖြင့် ရေးဆွဲ ထုတ်ဝေခဲ့သည်။

ဦးဘလုံလေးသည် ခြေးခြံခွေတာ လေ့ရှိသည်။ ဆေးလိပ်ကို အမြဲသောက်လေ့ရှိပြီး အရက်မသောက်တတ် ခဲ့။ စွန့်စားလိုစိတ်ရှိပြီး တည်ဆောက်လိုစိတ်ကြီးမား‌သည်။ စည်းကမ်းရှိပြီး အချိန်လေးစား‌သူဖြစ်သည်။ ပန်းချီရေးဆွဲရာ တွင် ဝီရိယထား‌ကာ မပြီးမချင်းရေးဆွဲလေ့ရှိသည်။

ရန်ကုန်ပန်းချီ ပန်းပုကျောင်းတွင် ပန်းချီ (နည်းပြ) ဆရာအဖြစ် အမှုထမ်းပြီး ၁၉၈၀ ပြည့်နှစ်တွင် အငြိမ်းစား ယူခဲ့သည်။ အငြိမ်းစား ယူစဉ်ကာလများတွင် ပိုစတာနှင့် ဆိုဆေး‌ကား‌များ ကြိုက်ကြား‌ရေးဆွဲခဲ့သည်။

ဦးဘလုံလေး ရေးဆွဲသော ပန်းချီကား‌များတွင် စောင်းတီးနေသော နန်းတွင်းသူလုံမပျို၊ လေသာပြတင်း ပေါက်မှ ကျေးစေတမန်လွှတ်နေဟန်၊ ပေစာရေးနေသော နန်းတွင်းသူနှင့် အောင်ခြင်းရှစ်ပါး၊ ဗုဒ္ဓဝင်စသည့် ကား‌ကြီး များပါဝင်သည်။ ပန်းချီကား‌များ ရေးဆွဲရင်း ၁၉၉၇ ခုနှစ်ထဲ တွင် နှလုံးရောဂါဖြစ်လာသဖြင့် ဆေးရုံတက်ရောက် ကုသ ကာ အနား‌ယူခဲ့သည်။ ဦးဘလုံလေးသည် ၁၉၉၈ ခုနှစ်၊ မတ်လ ၇ ရက် စနေနေ့ ညနေ (၆နာရီ၊ ၄၅မိနစ်) အချိန်၌ အမှတ် ၅၈၊ သြဘာလမ်း၊ ကျောက်မြောင်းနေအိမ်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ အသက် (၇၃) နှစ်ရှိ ဇနီး ဒေါ်ကြွယ်ကြွယ်နှင့် သမီးသုံးယောက်၊ သား‌သုံးယောက် ကျန်ရစ်သည်။

ဘသောင်း၊ ဦး (မောင်လှိုင်ဝင်း) (ခရစ် ၁၉၁၃–၁၉၉၉)။ ။စာပေလောကတွင်မောင်လှိုင်ဝင်းကလောင်အမည်ဖြင့်စာပေများ ရေးသားပြုစုခဲ့သော ဦးဘသောင်းကို ဖခင် ဦးလှိုင်၊ မိခင်ဒေါ်ကြွယ်တို့က ၁၉၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် ရှိန်းမကား ကျေးရွာ၌ ဖွားမြင်သည်။



ဆရာကြီး
ဦးဘသောင်း
(မောင်လှိုင်ဝင်း)

ဦးဘသောင်းသည် အသက် ၁၆ နှစ်မှစ၍ ရှိန်းမကား အေဗွီအလယ်တန်းကျောင်းတွင် စစ်ဖြစ်သည်အထိ ကျောင်းဆရာ အဖြစ်ဆောင်ရွက်သည်။ ၁၉၄၀ ပြည့်နှစ်မှ ဂျပန်ခေတ်အထိ ဒို့ဗမာအစည်းအရုံးဝင်ဖြစ်၍ ဝက်လက်မြို့နယ် တာဝန်မှူးအဖြစ် ထမ်းဆောင်သည်။ ဂျပန်ခေတ်တွင် အရေးတော်ပုံ တော်လှန်ရေးပါတီ၌ ပါဝင်သည်။

ဦးဘသောင်းသည် စစ်ပြီးသောအခါ မန္တလေးမြို့ ဦးလှကျော်အလွတ်ပညာသင်ကျောင်း၊ တိုင်းချစ်အထက်တန်းကျောင်း၊နန်းတွင်းတပ်မတော်ပညာရေးကျောင်း၊ ပွဲကုန်းကျောင်း၊ အာရ်အာရ်အိုင် အထက်တန်းကျောင်း၊ စိန်ပီတာကျောင်းတို့တွင် အထက်တန်းဆရာအဖြစ် ဆောင်ရွက်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီတွင် ၁၉၅၁ ခုနှစ်အထိ ပါဝင်သည်။ မန္တလေးသူရိယသတင်းစာ၊ ရန်ကုန်တိုးတက်ရေးသတင်းစာတိုက်များ၏ သတင်းထောက်အဖြစ် ဆောင်ရွက်သည်။ မန္တလေးမြင့်တင်ရေးစာအုပ်တိုက်၊ အလင်းတန်းစာစင်၊ မန္တလေးနဂါးနီဂျာနယ်၊ ပြည်ညွှန့်မဂ္ဂဇင်းတိုက်များတွင် အယ်ဒီတာ၊ မန်နေဂျာစသည်ဖြင့် လုပ်ကိုင်သည်။

ဦးဘသောင်းသည်၁၉၆၂ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ပါတီဝင်ဖြစ်လာသည်။ ၁၉၆၂ ခုနှစ်မှစ၍ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတိုက် ကြော်ငြာဌာနတွင်လည်းကောင်း၊ဘာသာပြန်ဌာနတွင်လည်းကောင်း၊ ပင်တိုင်ဆောင်းပါးရှင် အဖြစ်လည်းကောင်း၊ အယ်ဒီတာအဖြစ် လည်းကောင်းဆောင်ရွက်သည်။

ဦးဘသောင်းသည် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် နိုင်ငံတကာရေးရာ အကြောင်းရပ်များကို ၁၉၇၄ ခုနှစ်မှစ၍ ၁၉၉၉ခုနှစ်အထိလည်းကောင်း၊ သတင်းစာ ပင်တိုင်ဆောင်းပါးများကိုဝ၉၆၂ ခုနှစ်မှစ၍ ၁၉၈၀ ပြည့်နှစ်အထိလည်းကောင်း ရေးသားပြုစုသည်။ ၁၉၈၄ ခုနှစ်အထိ စာပေလုပ်သားအဖွဲ့ဗဟိုကော်မတီဝင်အဖြစ်ဆောင်ရွက်သည်။ ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သော ဘာသာပြန်သင်တန်းတွင် ၁၉၉၄ ခုနှစ်အထိ သင်ကြားပို့ချပေးသည်။

ဦးဘသောင်းသည် သင်္ကေတဝတ္ထု၊ ငွေနှင်းမှုန်ရိုဝတ္ထု၊ ကမ္ဘာ့အမျိုးသမီးကြီးသုံးဦး၊ အင်ဒီယာဂန္ဒီ၊ မင်းမိဖုရား အပါးခြောက်ဆယ်၊ ၁၉၇၄ ခုနှစ်ထူးခြားသောဖြစ်ရပ်များ၊ ရှုတိုင်းအောင်မြန်မာပထဝီ၊ အလွတ်မြန်မာစာစသည့် စာအုပ်များကို ရေးသားပြုစုခဲ့သည်။

ကလောင်အမည်မောင်လှိုင်ဝင်းဖြင့် စာပေနယ်တွင် ထင်ရှားခဲ့သော ဦးဘသောင်းသည် ၁၉၉၉ ခုနှစ်၊ ဇွန်လ၁၃ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဘက်စုံစိုက်ပျိုးရေး။ ။နိုင်ငံတော်တွင် စိုက်ပျိုးရေးကဏ္ဍမှာ အဓိကကျနေသည်။ ပြည်သူများ စားရေးကို လယ်ယာစိုက်ပျိုးရေးက လုံး၀ တာဝန်ယူရသည်။ နိုင်ငံတော်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် လိုအပ်သည့် ကုန်ကြမ်းများကို စိုက်ပျိုးရေးနယ်ပယ်က ဖြည့်ဆည်းပေးသည်။ ထိုမျှသာမက နိုင်ငံခြားငွေကိုလည်း စိုက်ပျိုးရေးကဏ္ဍက ဖြည့်ဆည်းပေးနေပြန်လေသည်။

ထိုထက်ယခု နိုင်ငံတော်တွင် လူဦးရေသန်း ၅၀ နီးပါးရှိရာ သက္ကရာဇ် ၂၀၁၀ တွင် သန်း ၆၀ ကျော်ရှိလာမည်ဖြစ်ရာ တိုးပွားလာမည့် လူဦးရေအတွက် ရိက္ခာကို စိုက်ပျိုးရေးကဏ္ဍကပင် ဖြည့်ဆည်းပေရမည် ဖြစ်လေသည်။ သို့ဖြင့် စိုက်ပျိုးရေးကဏ္ဍသည် အဓိကလည်းကျပဓာနလည်း ဖြစ်နေလေသည်။


ထို့ကြောင့်ပင် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်လေးရပ် အနက် အမှတ်စဉ် (၁) တွင် "စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး "ဟူ၍ တိကျစွာ ပြဋ္ဌာန်းထားသည်။



မိုလ်ချုပ်မှူးကြီး သန်းရွှေ ပြုပြင်နေဆဲရေနက်ကွင်းများကို ကြည့်ရှုစစ်ဆေးစဉ်

တစ်ချိန်တည်းတွင် နိုင်ငံတော်အကြီးအကဲတပ်မတော်ကာကွယ်ရေးဦးစီးချုပ် မိုလ်ချုပ်မှူးကြီးသန်းရွှေက (၁) တစ်နှစ်ပတ်လုံး စိုက်ပျိုးရန်၊ (၂) စိုက်ကေတိုးချဲ့ရန်၊ (၃) တစ်ကေချင်းအလိုက် အထွက်နှုန်းတိုးရန်နှင့် (၄) လမိုင်းစနစ်ကို အသုံးပြုရန်ဟူ၍ လမ်းညွှန်မှုပြုထားသည်။

ယင်းလမ်းညွှန်ချက်နှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်ယာကဏ္ဍ ဖွံ့ဖြိုး



ပြုပြင်ပြီး ရေနက်ကွင်းစိုက်ခင်းများ



မိုလ်ချုပ်မှူးကြီးသန်းရွှေ ပြုပြင်ပြီးသည့် ရေနက်ကွင်းစိုက်ကွင်းများတွင် ပျိုးကြဲချနေစဉ်

တိုးတက်ရေး၊ ရည်မှန်းချက် (၃) ရပ်ချမှတ်ထား လေသည်။ ယင်းတို့မှာ (၁) စပါးပိုလျှံရေး၊ (၂) စားသုံးဆီဖူလုံရေး၊ (၃) ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ ပိုမိုစိုက်ပျိုး ထုတ်လုပ်ရေးတို့ဖြစ်ကြသည်။

အဆိုပါ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (၅) ရပ်ကိုချမှတ်ပြီး၊ လက်တွေ့အကောင်အထည် ဖော်လျက်ရှိနေသည်။

ပြုပြင်ပြောင်းလဲရေး (၅) ရပ်မှာ (၁) လယ်ယာမြေသစ်များ ဖော်ထုတ်ရေး၊ (၂) ရေဖူလုံစွာရရှိရေး၊ (၃)စက်ကိရိယာများတပ်ဆင် အသုံးပြုရေး၊ (၄) နည်းပညာခေတ်မီတိုးတက်ရေးနှင့် (၅) မျိုးကောင်းမျိုးသန့်များ အသုံးပြုရေးတို့ပင် ဖြစ်လေသည်။


လယ်ယာစိုက်ပျိုးရေးဆိုသည်နှင့် ရေမှာအရေးအကြီးဆုံးနှင့် အလိုအပ်ဆုံး ဖြစ်သည်။ ထို့ကြောင့် ရေရရှိရေး နည်းလမ်းငါးသွယ်ကို ချမှတ်ထားပြန်သည်။ ယင်းနည်းလမ်း ငါးသွယ်တွင် ဆည်မြောင်းများ တာတမံများ တည်ဆောက်ရေး လည်း ပါဝင်သည်။

တပ်မတော်အစိုးရက နိုင်ငံတော်အာဏာ အရပ်ရပ်ကို ရယူသည့်(၁၈-၉-၈၈)နေ့မှ ၁၉၉၉ ခုနှစ် နှစ်ကုန်ပိုင်းအထိ တစ်နိုင် တစ်ပိုင်ဆည်များ၊ တမံများ၊ အလတ်စားဆည်များ၊ စီမံကိန်းဝင်ဆည်ကြီးများ၊ အားသွန်ခွန်စိုက် တည်ဆောက်ခဲ့သည်။ ၁၉၉၉ ခုနှစ် ကုန်ဆုံးသည့် ကာလအတွင်း စီမံကိန်းဝင်ဆည်ကြီးပေါင်းတစ်ရာကျော်မျှ တည်ဆောက်ခဲ့ပြီး ဖြစ်သည်။

၂၂-၈-၉၉ နေ့တွင် ရာပြည့်ဆည်ဖြစ်သည့် ပဲခူးတိုင်း၊ ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဝဲကြီးရေလှောင်တမံကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)မိုလ်ချုပ်ကြီးမောင်အေးကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

ယခုတစ်ဖန် နိုင်ငံတော် အကြီးအကဲ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် မိုလ်ချုပ်မှူးကြီးသန်းရွှေက ဘက်စုံစိုက်ပျိုးရေး၊ တစ်နည်းအားဖြင့် ခြေလေးချောင်းထောက် စိုက်ပျိုးရေးကို အကောင်အထည်ဖော်ရန် ထပ်မံလမ်းညွှန်ထားသည်။ ဘက်စုံစိုက်ပျိုးရေး တစ်နည်းအားဖြင့် ခြေလေးချောင်းထောက်စိုက်ပျိုးရေး ဆိုသည်မှာ (၁) စပါး၊ (၂) ကြဲ၊ (၃) ဝါဂွမ်းနှင့် (၄) ပဲမျိုးစုံနှင့် ဆီထွက်သီးနှံတို့ကို နိုင်ငံတစ်ဝန်း၌ အကြားအလပ်မရှိ၊ စိုက်ပျိုးရေးဖြစ်သည်။

ယနေ့ နိုင်ငံတော်၌ စိုက်ပျိုးထွန်ယက်နိုင်သည့် ဧရိယာကမှာ ၄၅ သန်းဖြစ်သည်။ ယင်းတို့အနက် နွေစပါးက ၄ သန်း၊ မိုးစပါးက ၁၄ သန်း၊ စုစုပေါင်း စပါးက ၁၈ သန်း စိုက်ပျိုးနေသည်။ အခြားသီးနှံကများကို ပါထည့်သွင်း ရေတွက်ပါက စိုက်ပျိုးမြေမှာ ၎င်း ၂၃ သန်းရှိပြီး စိုက်ပျိုးနိုင်သောကက ၂၂ သန်းခန့် ကျန်ရှိနေသေးသည်။



ဖြစ်ထွန်းအောင်မြင်နေသည့် အပူပိုင်းဒေသ နွေစပါးစိုက်ခင်းများ

ကျွန်ုပ်နေသောမြေကြီးသည် ၂၂ သန်းအနက်ကြီးသော ၁ သန်း ၂ သိန်းကျော်ကို တိုင်းရင်းသားပဂ္ဂလိက စီးပွားရေးအင်အားစုများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုထားသည်။

ဤသို့ဖြင့် ဘက်စုံစိုက်ပျိုးရေး တစ်နည်းဆို ရသော်ခြေလေးချောင်းထောက်စိုက်ပျိုးရေးကို မဖြစ်မနေ ခွင့်ပြုအားပေးခြင်း ဖြစ်သည်။ တိုင်းရင်းသားပဂ္ဂလိကစီးပွားရေးအင်အားစုများအား ရေနက်ကွင်းများ၊ ရေအောက်မြေများကို စိုက်ပျိုးထုတ်လုပ်ခွင့်ပြုခြင်း ဖြစ်သည်။

၁၉၉၉ ခုနှစ်အတွင်း၌ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့တွင် အရိန်ကောင်းကောင်းဖြင့် အကောင်အထည်ဖော်နေပြီဖြစ်သည်။ အခြားသောပြည်နယ်နှင့်တိုင်းများ၌လည်း စတင်စမ်းသပ်စိုက်ပျိုးနေပြီဖြစ်သည်။

ထို့အတူ ဖုန်းဆိုးတောများ၊ ပလပ်မြေများ၊ အဟာသိကဲ့ဖြစ်နေသည့်မြေယာများရှိရာ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း စသည်တို့တွင် စပါး၊ ပဲပြောင်း၊နှမ်း၊ ဝါ၊ ကျွဲတို့ကို စိုက်ပျိုးထုတ်လုပ်ရန် တိုင်းရင်းသားပဂ္ဂလိကစီးပွားရေးအင်အားစုများကို လုပ်ကိုင်ခွင့်ပြုထားသည်။ ယင်းတို့ကလည်း အားကြိုးမာန်တက် အကောင်အထည်ဖော်လျက် ရှိနေသည်။

အဆိုပါ ဘက်စုံစိုက်ပျိုးရေး၊ ခြေလေးချောင်းထောက်စိုက်ပျိုးရေး အောင်မြင်ရန်အတွက် ဆည်မြောင်းတာတမံကြီးများ တည်ဆောက်ပေးသည်နည်းတူ မိုးလေဝသမှန်ကန်ရေးအတွက် (၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေး ဟူသည့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုလည်း နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ အားကောင်းမောင်းသန် အကောင်အထည်ဖော်လျက် ရှိနေသည်။

ထို့အပြင် နိုင်ငံတော်ကငွေရေး၊ ကြေးရေးများ၊ နည်းပညာများ၊ တတ်မြောက်မှုများ၊ ပို့သတ်ဆေးများ၊ မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီလယ်ယာသုံး စက်မှုကိရိယာများ၊ ကျွမ်းကျင်သူများအပြင် အခြားလိုအပ်သည့် အောင်မြင်ရေးသွင်းအားစုများကို အဟတ်နိုင်ဆုံးဖြည့်ဆည်းပေးလျက် ရှိနေသည်။

အထူးသဖြင့် ဘက်စုံစိုက်ပျိုးရေး တစ်နည်းအားဖြင့် ခြေလေးချောင်းထောက်စိုက်ပျိုးရေးစနစ် အောင်မြင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအမှူးပြုသော နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သက်ဆိုင်ရာဝန်ထမ်းများသည် လယ်မြေများ၊ ယာမြေများထိကွင်းဆင်းကာလမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ အကူအညီပေးခြင်းများ။ မနားတမ်း ဆောင်ရွက်လျက် ရှိသည်။

သို့နှင့်အညီ ဘက်စုံစိုက်ပျိုးရေး၊ တစ်နည်းအားဖြင့် ခြေလေးချောင်းထောက် စိုက်ပျိုးရေးလုပ်ငန်းစဉ်ကြီးမှာ နိုင်ငံတော်တွင် အရိန်ကောင်းကောင်းဖြစ်ထွန်းလျက် ရှိနေလေသည်။

ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သူမြတ်များ။ ။ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာတည်းဟူသော စာပေကျမ်းဂန်များသင်ကြား၍ ကျွမ်းကျင်စွာ တတ်မြောက်မှုရှိပါမှ ပဋိပတ္တိ သာသနာတည်းဟူသော တရားကျင့်စဉ်များကို မှန်ကန်စွာ ကျင့်ကြံကြိုးကုတ်အား‌ထုတ်နိုင်၍ ပဋိဝေဓသာသနာတည်းဟူဆော မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်းသိမြင်နိုင်မည် ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်မြတ်ကြီး အစွန့်ရှည်စွာ တည်တံ့စေလိုပါက သာသနာတော်သုံးရပ်တွင် အခြေခံအုတ်မြစ်ဖြစ်သည့် ပရိယတ္တိ သာသနာတော်ကို ခိုင်ခံ့စွာ တည်ဆောက်ရမည်ဖြစ်၍၊ ယင်းအခြေခံအုတ်မြစ်ကြီးခိုင်ခံ့ပါမှပဋိယတ္တိသာသနာတော်နှင့် ပဋိဝေဓသာသနာတို့ကိုဆက်လက်၍ခိုင်ခံ့စွာ တည်ဆောက်နိုင်မည်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး နေလိုလလို ထွန်းလင်းလျက်ရှိသည်မှာ ဆရာတော်သံဃာတော်များ၏ ပရိယတ္တိသာသနာအခြေခံပေါ်တွင်ပဋိပတ္တိသာသနာကို မြှင့်တင်ကျင့်သုံးကြလျက် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးဖြင့် ချီးမြှောက်တော်မူကြသောကြောင့် ဖြစ်သည်။

ဝေနေယျသတ္တဝါများအား လောကီချမ်းသာနှင့် လောကုတ္တရာချမ်းသာတို့ကို ရရှိခံစားစေနိုင်ရေးအတွက် လမ်းညွှန်ပြသ ဆုံးမသွန်သင်ပေးတတ်သည့် ပရိယတ္တိသာသနာတည်းဟူသော ပဋိကတ်သုံးသွယ် နိကာယ်ငါးရပ်တရားတော်များကို မှေးမှိန်ပျောက်ကွယ်မှု မရှိရလေအောင် သင်အံကျက်မှတ်လေ့လာပို့ချ ဟောပြော ရေးသားတော်မူကြလျက်ဂန္ထဓုရတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူကြသည့် ဆရာတော်သံဃာတော်များစွာ ရှိသည့်အနက် ပရိယတ္တိစာပေကျမ်းဂန်အရာ၌ ထူးခြားစွာ ကျွမ်းကျင်လိမ္မာတော် မူကြသော ဆရာတော်များအား ပရိယတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို လည်းကောင်း၊ ဝိပဿနာအရာကျွမ်းကျင်လိမ္မာစွာ သာသနာပြုဆောင်ရွက်တော်မူလျက်ရှိကြသောဆရာတော်များအား ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းပြည်ပသာသနာပြု ဆရာတော်များအား သာသနာပြု ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း ဆက်ကပ်ပူဇော်လျက်ရှိသည်။

၁၉၉၉ ခုနှစ်၊ ဧန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြေငြာစာအမှတ် (၂/၉၉) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော်ကြီးများမှာ-

- အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ... ၁ ပါး
- အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ... ၂ ပါး
- တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရဆရာတော် ... ၂ ပါး
- အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ... ၄၇ ပါး
- သာသနာပြု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ... ၆၆ ပါး
- ဓမ္မကထိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ... ၁၂ ပါး
- ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ် တော်ရ ဆရာတော် ... ၂၇ ပါး
- စာချဘွဲ့တံဆိပ်တော်ရ ဆရာတော် ... ၆၃ ပါး

စုစုပေါင်း ဘွဲ့တံဆိပ်တော်ရ သံဃာတော် အရှင်သူမြတ် အပါး ၂၂၀ ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓသာသနာတော်မြတ်ကြီးတွင် သီလသိက္ခာ၊သမာဓိသိက္ခာ၊ ပညာသိက္ခာ ဟူသော အကျင့်ကောင်းအကျင့်မြတ်တို့နှင့် ပြည့်စုံတင့်တယ်စေရန်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသား ကမ္ဘာသူကမ္ဘာသား‌တို့ အသိတရား‌အကျင့်တရား‌များ‌တိုး‌ပွား‌၍ အကျင့်ပဋိပတ်နှင့် ပြည့်စုံလျက် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ကောင်းကျိုးချမ်းသာတို့ကို ရရှိခံစားနိုင်စေရန်ရည်သန်လျက်နိုင်ငံတော်ဩဝါဒ၏စာရိယ ဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ ဩဝါဒကို ခံယူကာ မည်သည့်ခေတ် မည်သည့်အခါနှင့်မျှ မတူအောင် သာသနာတော်မြတ်ကြီးအား ချီးမြှောက်ထောက်ပံ့လျက်ရှိသည်။ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းသည်လည်း ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေးက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်

သာသနာ သုံးရပ်ကို ပူဇော်ခြင်းပင်ဖြစ်၍ ဝမ်းမြောက်ကြည်နူး အထူးနှစ်သက်ဖွယ်ဖြစ်သည်။

ယင်းသို့သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်းခံရသော သံဃာတော်အရှင်သူမြတ်များအနက် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၁) ပါး၏ ထေရပတ္တိနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သံဃာတော်အရှင်သူမြတ် (၄၇) ပါး၏ အမည်စာရင်းကိုအောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြပါသည်–

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
မကွေးတိုင်း၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမအရှေ့တိုက်
ဆရာတော် ဘဒ္ဒန္တမာလာလင်္ကာရ ထေရပတ္တိအကျဉ်း
(သက်တော် ၉၃၊ သိက္ခာတော် ၆၃ ဝါ)
ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တမာလာလင်္ကာရကို စစ်ကိုင်း တိုင်း ဒီပဲယင်းမြို့နယ်၊ မင်းတည်ကုန်းရွာတွင် ခမည်းတော် ဦးမြတ်ထွား၊ မယ်တော် ဒေါ်အေးစိုးတို့က ၁၂၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁) ရက် ကြာသပတေးနေ့၌ ဖွား မြင်၍ မွေးချင်းသုံးယောက်အနက် အကြီးဆုံးသားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်ဘစိန်ဖြစ်သည်။

ရှင်, ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလှာသည် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဒီပဲယင်းမြို့နယ်၊ မင်းတည်ကုန်း အရှေ့အုတ်ကျောင်း ဆရာတော် ဦးပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။

၁၂၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ ၁နာရီ၊ ၁၅ မိနစ်၊ လေးဖဝါးချိန်တွင် ဇာတိရပ်ရွာ အရှေ့အုတ်ကျောင်း ခဏ္ဍသိမ်၌ ချောင်းဦးတောရဆရာတော် ဦးလင်္ကာဒီပကို ဥပဇ္ဈာယ်ပြု၍ တောင်သူကြီးဦးပေါဟန်၊ ဒေါ်အေးဖြူတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလှာသည် ၁၃ နှစ်သားအရွယ် ရှင်သာမဏေဘဝတွင် ဇာတိရပ်ရွာ မင်းတည်ကုန်းကျေးရွာ၊ အရှေ့အုတ်ကျောင်း ငယ်ဆရာတော် ဦးပဏ္ဍိစ္စ

ထံ၌ အခြေခံပရိယတ္တိ စာပေများကို သင်ကြား ဆည်းပူးသည်။ ရဟန်းဘဝတွင် မင်းတည်းကုန်းမြောက်ကျောင်း ဆရာတော်ဦးသုနိတ၊ မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်၊ ဒီပဲယင်းဆရာတော် ဦးဉာဏ၊ ဘာသန္တရဆရာ၊ ဘာသန္တရကောဝိဒ၊ တိပိဋကပါရဂူ ဖြစ်တော်မူသော စည်ရှင်ဆရာတော် ဦးကောသလ္လ၊ အမရပူမြို့၊ တူးမောင်းတိုက်၊ ဓမ္မဝါစက ကျောင်းဆရာတော် ဦးနန္ဒိယ၊ မိုးကုတ်ဆရာတော်ဦးဝိမလ၊ မင်္ဂလာတိုက်သစ်ဆရာတော်၊ မန္တလေးတောင်ပြင်၊ ဘုရားကြီးတိုက် ပခန်းကျောင်းဆရာတော် ဦးသုန္ဒရ၊ ဆရာတော်ဦးနာရဒ၊ ပခုက္ကူမြို့၊ မဟာဝိဇယရာမ အရှေ့တိုက်သစ် ပထမတိုက်တည် (အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော်ကြီးနှင့်တကွ ဒုတိယမြောက် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးဇောတိက၊ တတိယမြောက် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးဉာဏိန္ဒဆိုသို့ ပိဋိကသုံးပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြား ဆည်းပူးတော်မူသည်။

စာပေကျမ်းဂန် သင်ကြားပို့ချရေးသားတော်မူခြင်း

ဆရာတော်သည် ၁၃၁၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့၌ မဟာဝိဇယာရာမ အရှေ့တိုက်၏ ဂဏဝါစကအဖြစ် ချီးမြှောက်မှုကို ခံယူတော်မူပြီး၊ ၁၃၃၇ ခုနှစ်တွင် ဦးသုမန၊ ဦးသုဒဿန၊ ဦးနေမိန္ဒ၊ ဦးကဝိန္ဒ၊ ဦးအာစိဏ္ဏတို့နှင့် အတူ မဟာဝိဇယာရမတိုက်အုပ် နာယကအဖြစ် လွှဲအပ်ခံယူတော်မူသည်။ ထိုအချိန်မှစ၍ ဂဏဝါစကအဖြစ် (၂၀) နှစ်၊ တိုက်အုပ်စာချအဖြစ် (၁၆) နှစ်၊ စုစုပေါင်း (၃၆) နှစ်ကျော် စာသင်သား သဲယာတော် ၄၅၀ ကျော်တို့အား အစဉ်မပြတ် ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူသည်။

ထို့ပြင် ဆရာတော်သည် စာသင်သားတပည့်များအတွက်–

(၁) မဟာဝိဇယာရာမသေမိယတံခွန်ကျမ်း

(၂) ကမ္မဝါစာ အဆုံးအဖြတ်နှင့် ကမ္မဝါစာဖတ်နည်းကျမ်းတို့ကို ရေးသားပြုစုတော်မူသည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသင်္ဂီကတိကာရကတာဝန်၊ ဆဋ္ဌသင်္ဂီ တိ နေတ္တိဘာဏကကတာဝန်၊ မဟာ ဝိဇယရာမတိုက် ကထိကတာဝန်၊ မူလစာချတာဝန်၊ မဟာဝိဇယရာမ အရှေ့တိုက်ကြီး၏ စတုတ္ထမြောက် ဦးစီးနာယကပဓာနတာဝန်များအပြင် နိုင်ငံတော်သြဝါဒစရိယ တာဝန်၊ ပခုက္ကူဖောင်တော်ဦးဘုရား ဂေါပကအဖွဲ့သီဟိုဠ်ရှင် ဘုရား ဂေါပကအဖွဲ့နှင့် ပခုက္ကူစာဖြေဌာန၊ ကုသလဝါယမ ဆွမ်းလောင်းအသင်းနှင့် သာသနနုဂ္ဂဟ ဆွမ်းလောင်းအသင်းတို့၏ သြဝါဒစရိယစသော တာဝန်များကို ဆောင်ရွက်တော်မူသည်။

မဟာဝိဇယာရာမ ကျောင်းတိုက်ကြီး၏ ပဓာနနာယကတာဝန်ကို ဆောင်ရွက်သည်မှစ၍ တိုက်တွင်းသံဃတော်များအား သြဝါဒပေး၊ တရားပြောဟောဆုံးမခြင်း၊ ဘာသာရေး, သာသနာရေးအခမ်းအနားတို့၌လည်း တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခြင်းစသော သာသနာ့တာဝန်အစားစားတို့ကို မနားမနေကြိုးစားဆောင်ရွက်တော်မူလျက်ရှိသည်။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ၄၇ ပါး

၁။ ဘဒ္ဒန္တ ပဏ္ဍိတ (ကယား:ပြည်နယ်၊ လွိုင်ကော်မြို့၊ ရွှေကျောင်း)

၂။ ဘဒ္ဒန္တ မုနိန္ဒ (စစ်ကိုင်းတိုင်း၊မုံရွာမြို့၊ မဟာဇောတိကာ ရာမတိုက်)

၃။ ဘဒ္ဒန္တ သူရိယ (စစ်ကိုင်းတိုင်း၊ ရေဦးမြို့၊ ဝါဆိုပါဠိတက္ကသိုလ်ကျောင်းတိုက်)

၄။ ဘဒ္ဒန္တ အရိယာ လင်္ကာရ (စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ဓမ္မပါရဂူ ပါဠိတက္ကသိုလ်ကျောင်းတိုက်)

၅။ ဘဒ္ဒန္တ နယနသာမိ (စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ ပါဠိကာရီ သုံးခွကျောင်း)

၆။ ဘဒ္ဒန္တ ကေသရိန္ဒာဘိဝံသ (စစ်ကိုင်းတိုင်း၊ ရေဦးမြို့၊ ဓမ္မိကာရုံကျောင်းတိုက်)

၇။ ဘဒ္ဒန္တ ဝိသာရဒပဏ္ဍိတ (ပဲခူးတိုင်း၊ တောင်ငူမြို့၊ ဝိသုဒ္ဓါရုံသိမ် ပရိယတ္တိ စာသင်တိုက်)

၈။ ဘဒ္ဒန္တ သုမန (ပဲခူးတိုင်း၊ မဒေါက်မြို့၊ ပန်းငွေရုံတောရ ကျောင်းတိုက်)

၉။ ဘဒ္ဒန္တ ဣန္ဒာစာရ (မကွေးတိုင်း၊ ပခုက္ကူမြို့၊ မဟာဝိဇယာ ရာမ အရှေ့တိုက်)

၁၀။ ဘဒ္ဒန္တ စိန္တာသာရ (မကွေးတိုင်း၊ မကွေးမြို့၊ သဲယာရာမကျောင်းတိုက်)

၁၁။ ဘဒ္ဒန္တ ကောဝိဒ (မကွေးတိုင်း၊ ရေစကြိုမြို့၊ အောင်မြေ သာယာသူဌေးတိုက်)

ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်သူမြတ်များ

၁၂။ ဘဒ္ဒန္တ စန္ဒာသိရီ (မန္တလေးတိုင်း၊ တပ်ကုန်းမြို့၊ ရွာဦး (စန္ဒာရုံ) စာသင်တိုက်)

၁၃။ ဘဒ္ဒန္တ အဂ္ဂညာနာ ဘိဝံသ (မန္တလေးတိုင်း၊ မဟာအောင်မြေ မြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်)

၁၄။ ဘဒ္ဒန္တ ကိတ္တိ (မန္တလေးတိုင်း၊ မြင်းခြံမြို့၊ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက်)

၁၅။ ဘဒ္ဒန္တ ဇောတိကာဘိဝံသ (မန္တလေးတိုင်း၊ အောင်မြေသာဇံမြို့နယ်၊ ချမ်းသာကြီး ကျောင်းတိုက်)

၁၆။ ဘဒ္ဒန္တ ကုမာရာဘိဝံသ (မန္တလေးတိုင်း၊ မဟာအောင်မြေ မြို့နယ်၊ ဗန်းမော်ကျောင်းတိုက်)

၁၇။ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ (မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ်)

၁၈။ ဘဒ္ဒန္တ သာသနာဘိဝံသ (မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ မိုးကောင်းကျောင်းတိုက်)

၁၉။ ဘဒ္ဒန္တ ခေမိကာဘိဝံသ (မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ ခေမာဝင်းကျောင်း)

၂၀။ ဘဒ္ဒန္တ တေဇနိယ (မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ စကုတိုက်၊ အောင်မင်္ဂလာကျောင်း)

၂၁။ ဘဒ္ဒန္တ ပညာသာရ (မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ သာသနာ့ဇောတိကာရုံ စာသင်တိုက်)

၂၂။ ဘဒ္ဒန္တ ဝိသုဒ္ဓါ ဘိဝံသ (မန္တလေးတိုင်း၊ ချမ်းမြသာဇံမြို့နယ်၊ မိုးကောင်းတိုက်)

၂၃။ ဘဒ္ဒန္တ ကုမာရာဘိဝံသ (မန္တလေးတိုင်း၊ မြင်းခြံမြို့၊ သာသနာ့ဇောတိကာရုံကျောင်း)

၂၄။ ဘဒ္ဒန္တ နာဂိန္ဒ (မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဝေဇယန္တာကျောင်းတိုက်)

၂၅။ ဘဒ္ဒန္တ အာစရ (ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ကန်ချောင်း ပရိယတ္တိ စာသင်တိုက်)

၂၆။ ဘဒ္ဒန္တ ဣန္ဒာက (ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မဟာဇောဓိ စာသင်တိုက်)

၂၇။ ဘဒ္ဒန္တ ဉာဏ (ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဇယနာပရိယတ္တိ စာသင်တိုက်)

၂၈။ ဘဒ္ဒန္တ ဉာဏိကဝရ (ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဥယျာဉ်တိုက်)

၂၉။ ဘဒ္ဒန္တ သိရိဓမ္မ (ရန်ကုန်တိုင်း၊ သက်န်းကျွန်းမြို့နယ်၊ မဟာသိပ္ပံ ပရိယတ္တိ စာသင်တိုက်)

၃၀။ ဘဒ္ဒန္တ တေဇောဘာသ (ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ပဉ္စနိကာယသာသနာ့ဗိမာန် ကျောင်းတိုက်)

၃၁။ ဘဒ္ဒန္တ ဝိဇ္ဇာလင်္ကာရ (ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မဟာမြိုင်ကုန်း၊ ဘုရားစာသင်တိုက်)

၃၂။ ဘဒ္ဒန္တ နန္ဒဝံသ (ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်)

၃၃။ ဘဒ္ဒန္တ သူရိယ (ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မဟာမြိုင်ကျောင်းတိုက်)

၃၄။ ဘဒ္ဒန္တ ဇာဂရာဘိဝံသ (ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ ကလေးဝကျောင်းတိုက်)

၃၅။ ဘဒ္ဒန္တ ဂုဏာနန္ဒ (ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ဒဂုံပရိယတ္တိ စာသင်တိုက်)

၃၆။ ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ (ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ တိပါဋကကျောင်းတော်)

၃၇။ ဘဒ္ဒန္တ ပညိဿရာဘိဝံသ (ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်)

၃၈။ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသ (ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ စွန်းလွန်းကျောင်းတိုက်)

၃၉။ ဘဒ္ဒန္တ သုဓမ္မာစာရ (ဧရာဝတီတိုင်း၊ ဟသ်ာတမြို့၊ မိုးကောင်းကျောင်းတိုက်)

၄၀။ ဘဒ္ဒန္တ အရိယဝံသ (ဧရာဝတီတိုင်း၊ ဟသ်ာတမြို့၊ အတွင်း ပတ္တမြား ပရိယတ္တိစာသင်တိုက်)

၄၁။ ဘဒ္ဒန္တ ဝါသဝါဘိဝံသ (ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ မြို့လယ်ကျောင်းတိုက်)

၄၂။ ဘဒ္ဒန္တ ဓမ္မာဘိဝံသ (ဧရာဝတီတိုင်း၊ ဇလွန်မြို့၊ မဟာနာဂဝံသ သိမ်ကျောင်း)

၄၃။ ဘဒ္ဒန္တ နာဂဝံသ (ဧရာဝတီတိုင်း၊ လပွတ္တာမြို့၊ လေးထပ် ပရိယတ္တိ စာသင်တိုက်)

၄၄။ ဘဒ္ဒန္တ ဝိသုတ (ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ နံကြောတရုံ ညောင်ပင်သာ ပရိယတ္တိ စာသင်တိုက်)

၄၅။ ဘဒ္ဒန္တဇောတိဿရ (ဧရာဝတီတိုင်း၊ မဲဇလိကုန်းမြို့၊ ခေမာသိဝံကျောင်းတိုက်)

၄၆။ ဘဒ္ဒန္တ သုစိတ္တိက (ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ မူလဒွါရ ကျောင်းတိုက်)

၄၇။ ဘဒ္ဒန္တ ဝိမလနန္ဒိတိဿ (သီရိလင်္ကာနိုင်ငံ၊ ဝေလိတောတ ဗလပိတိယမြို့၊ အမ္ဗဂဟပတိ မူလမဟာဝိဟာရယ သုဂတသာသနောဒယ ပရိဝေဏ ကျောင်းတိုက်)

ဦးအုန်းလွင်

မလေးရှားနိုင်ငံ။ ။အင်အား‌ကြီးပြည်ပနိုင်ငံများက ပြည်တွင်းရပ်သေးများကို အသုံးချပြီးနိုင်ငံအား ကိုလိုနီအဖြစ်ရောက်အောင် ကြိုးပမ်းမှုများကို ဟန့်တားသွားရန်နှင့် ရာထူးအဆင့်အတန်းများကို ပိတ်ပင်ထားရန် မလေးရှား ဝန်ကြီးချုပ် မဟာသီမိုဟာမက်က သူ၏ပါတီဝင်များအား ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့က တိုက်တွန်းခဲ့သည်။ နိုင်ငံကို ထိန်းသိမ်းရန် ပြည်ပကြိုးပမ်းမှုတစ်ရပ် ပျက်ပြားသွားခဲ့သော်လည်း နောက်ထပ်ဖြစ်လာနိုင်ကြောင်း ယူနိုက်တက် မလေးအမျိုးသားအဖွဲ့(အမ်နို) အစည်းအဝေး ကိုယ်စားလှယ်များအား မဟာသီက ပြောကြားခဲ့သည်။ ရာထူးမှထုတ်ပယ်လိုက်သော ဘက္ကာရေးဝန်ကြီးဟောင်း အန်ဝါအီဘရာဟင်နှင့် ပတ်သက်၍ ရည်ညွှန်းရာတွင် အမ်နို ဥက္ကဋ္ဌ မဟာသီက နိုင်ငံခြားတိုင်းပြည်များသည် နိုင်ငံကို ချုပ်ကိုင်ရန် ကြိုးပမ်းမှုများကို အစဉ်သတိထား ကြည့်ခဲ့ကြောင်း ပြောကြားသည်။ ရုပ်သေး မည်သူဖြစ်သည်ကို မဟာသီက ထုတ်ဖော်မပြောသော်လည်း၊ စက်တင်ဘာလတွင် ရာထူးမှ ထုတ်ပယ်ခဲ့သော ဒုတိယဝန်ကြီးချုပ်ဟောင်း အန်ဝါက အကျင့်သိက္ခာမဲ့ပြီး အနောက်နိုင်ငံများနှင့် ရင်းနှီးစွာ ဆက်ဆံနေသူ ဖြစ်သည်ဟု စွပ်စွဲထား‌သည်။

အကျဉ်းချထားခြင်းခံရသော ဒုတိယဝန်ကြီးချုပ်၏ ဇနီးဖြစ်သူသည် မလေးရှားနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲ ဖြစ်စေရန် ဖိလစ်ပိုင်လူထု၏ ထောက်ခံမှုကို ရရှိအောင် ကြိုးပမ်းနေသည်ဟု ဝန်ကြီးချုပ်မဟာသီမိုဟာမက်က မေလ ၁ ရက်နေ့က စွပ်စွဲပြောကြားခဲ့သည်။ ခင်ပွန်းဖြစ်သူ အန်ဝါအီဘရာဟင်အတွက် နိုင်ငံရေးလှုပ်ရှားမှုကို ဦးဆောင်နေသော ဝမ်အဇီတဝမ်အစွမေးသည် ဖိလစ်ပိုင်သမ္မတ ဂျိုးဇက်အက်စ်ထရာဒါကဲ့သို့ နိုင်ငံခြားခေါင်းဆောင်များ၏ ရုပ်သေးရုပ်ဖြစ်လာကြောင်း



မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်



အကျဉ်းချထားခြင်းခံနေရသော
မလေးရှားဒုတိယဝန်ကြီးချုပ် အန်ဝါအီဘရာဟင်



ရွေးကောက်ပွဲအတွက် အတိုက်အခံပါတီတစ်ခုက
မဲဆွယ်စည်းရုံးသည့်အနေဖြင့်
လူထုစည်းဝေးပွဲတစ်ခုပြုလုပ်နေစဉ်

မဟာသီက ပြောကြား:သည်။ မိမိတို့သည် နောက်ဆုံး ထွက်သက်အထိ မိမိတို့၏ အချုပ်အခြာ အာဏာပိုင်များ အား: ခုခံကာကွယ်သွား:မည်။ ပြည်တွင်: ပြဿနာကို နိုင်ငံခြား: အကူအညီဖြင့် ဖြေရှင်း:ရန်ပြည်သူများ: က အား:ထား:လျှင် မလေး:ရှား:နိုင်ငံ၏ လွတ်လပ်မှုဆုံး:ခန်: တိုင် သွား:မည်။ မိမိတို့၏ ပြည်တွင်း:ရေး:ကိစ္စများ:တွင် နိုင်ငံ ခြား:သား:များ: ဝင်ရောက်စွက်ဖက်သင့်သည်ဟု ထင်မြင်သူ များ:ရှိပုံ ရသည်စသည်ဖြင့် မဟာသီမိုဟာမက်က နိုင်ငံရေး လူထုအစည်း:အဝေး:တစ်ခု၌ ပြောကြား:ခဲ့သည်။

ပြည်သူများ:အချင်း:ချင်: စည်း:လုံး:ညီညွတ်ခြင်း: သည် စီး:ပွား:ရေး:အကျပ်အတည်း:ကို ကျော်လွှား:အောင် ဆောင်ရွက်ရာတွင် အဓိကကျသော စွမ်း:အား:တစ်ရပ်ပင် ဖြစ်ကြောင်း: ဝန်ကြီး:ချုပ်မဟာသီက ဩဂုတ်လ ၃၀ ရက်နေ့က ပြောကြား:သည်။ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျရောက်သော မလေး:ရှား:နိုင်ငံ၏ ၄၂ နှစ်မြောက် အမျိုး:သား:နေ့နှင့် စပ်လျဉ်း၍ ဝန်ကြီး:ချုပ်၏သဝဏ်လွှာကို ရေဒီယိုနှင့် ရုပ်မြင်သံကြား:တို့မှ ဩဂုတ်လ ၃၀ ရက်နေ့ ညပိုင်း:တွင် လွှင့်ထုတ်သွား:ခဲ့သည်။ စီး:ပွား:ရေး အကျပ် အတည်း:ကို တွေ့.ကြုံခဲစား:ခဲ့ရသော မလေး:ရှား:နိုင်ငံ၏ အတွေ့.အကြုံသည် ၂၁ ရာစုနှစ်နှင့် ထောင်စုနှစ် အသစ်တွင် ကြုံတွေ့.လာနိုင်သော စိန်ခေါ်မှုများ:ကို ရင်ဆိုင်ရာတွင် သင်ခန်း:စာတစ်ရပ်ပင် ဖြစ်သည်။ မလေး:ရှား:နိုင်ငံ၏ ရင်း:ကျစ်ခွေသည် အမေရိကန်ဒေါ်လာ နှင့် လဲလှယ်ရာတွင် ရာနှုန်း:ပြည့်နီး:ပါး: တန်ဖိုး:လျော့ခဲ့ပြီး: စတော့ဈေး:ကွက် ရင်း:နှီး:မြှုပ်နှံမှုတွင် ရင်း:ကျစ်ခွေဘီလီယံ ၅၀၀ (ဒေါ်လာခွေ ၁၃၀ ဒသမ ၅၇၈ ဘီလီယံ) ဆုံး:ရှုံး:ခဲ့ရသည်။ ယင်: အတွေ့.အကြုံမှာ သင်ခန်း:စာပင် ဖြစ်သည်ဟု ဝန်ကြီး:ချုပ်၏ သဝဏ်လွှာတွင် ပါရှိသည်။

မလေး:ရှား:နိုင်ငံတွင် ကမ္ဘာ့အမြင့်ဆုံး: ပိတောရိ နပ်စ် အမျှော်မျှော်စင်များ:ကို ဩဂုတ်လ ၃၁ ရက်နေ့က တရား:ဝင် ဖွင့်လှစ်ခဲ့သည်။ ပိတောရိနပ်စ်မျှော်စင်သည် ဖွဲ့.ဖြိုး:တိုး:တက်သော နိုင်ငံဖြစ်လာစေရန် နိုင်ငံ၏ ကြီး:မား:သော မျှော်လင့် ချက် အထိမ်း:အမှတ်သင်္ကေတပင် ဖြစ်လာစေရန် မလေး:ရှား:နိုင်ငံ၏ ၄၁ ကြိမ်မြောက် အမျိုး:သား:နေ့တွင် ကျင်း:ပသော အမှာညီနောင်မျှော်စင် ဖွင့်ပွဲ၌ ဝန်ကြီး:ချုပ် မဟာသီက ပြောကြား:သည်။ ကွာလာလမ်ပူမြို့လယ်တွင်တည်ရှိပြီး: အထပ်ပေါင်း: ၈၈ ထပ်ရှိမျှော်စင်ကို ရင်း:ကျစ်ခွေ ၁ ဒသမ ၈ ဘီလီယံ၊ ဒေါ်လာ ၄၇၃ ဒသမ ၆၈၄ သန်း ကုန်ကျခံကာ တည်ဆောက်ခဲ့သည်။ ယင်:အဆောက်အအုံမှာ သံမဏိမှန်တို့ဖြင့် တည် ဆောက်ထား:ပြီး: အုံ့သြဖွယ်ရာ ပိသုကာလက်ရာဖြစ်သည်။ နိုင်ငံတို:တက်မှု သင်္ကေတလည်:ဖြစ်သည်။မိမိတို့နိုင်ငံသည်နိုင်ငံကြီး:တစ်နိုင်ငံလည်: မဟုတ်၊ ချမ်:သာသော နိုင်ငံလည်:မဟုတ်။ သို့သော်မိမိတို့ကြီး:ပမ်:မှုဖြင့် ပေါ်ပေါက်လာသော အမြှာညီနောင်မျှော်စင်ဖြစ်သည်စသည်ဖြင့် မဟာသီကပြောကြား:သည်။

မလေး:ရှား:နိုင်ငံ ဆက်လက် တည်ငြိမ်ပြီး: ဖွဲ့.ဖြိုး:တိုး:တက်မှုရရှိစေရေး:အတွက်ပါလီမန်ဒီမိုကရေစီ စနစ်ကို အစဉ်အလာထိန်း:သိမ်း:လိုက်နာကြရန် မလေး:ရှား: ဘုရင်သစ် စူလတန်ဆာဟဒင်အမွဒူဇစ်ရှာ:က စက်တင်ဘာလ ၂၃ ရက်နေ့ကကျင်း:ပသော နန်:တက်ပွဲ ဘိသိက် မင်္ဂလာအခမ်း:အနား:တွင် မလေး:ရှား:ပြည်သူများ: အား: တိုက်တွန်း:ပြောကြား:သွား:သည်။ ဘုရင်စူလတန် ဆာဟဒင်အမွဒူဇစ်ရှာ:အား: မလေး:ရှား:နိုင်ငံ၏ ဖွဲ့.စည်း:ပုံ အခြေခံဥပဒေအရ တင်မြှောက်သောဘုရင်အုပ်ချုပ်ရေး: စနစ်အရမလေး:ရှား:နိုင်ငံ၏ ၁၁ ပါ:မြောက် နိုင်ငံအကြီး: အကဲ အထူး:သြဇာတိက္ကမရှိသော အုပ်ချုပ်သူမလေး:ရှား: ဘုရင်အဖြစ် ကွာလာလမ်ပူမြို့.ရှိ အမျိုး:သား:နန်:တော်တွင် ရိုး:ရာ ဘိသိက်မင်္ဂလာအခမ်း:အနား:ဖြင့် တရား:ဝင် တင်မြှောက်ခဲ့သည်။ ကြီး:ကျယ်ခမ်း:နား:လှသော ယင်: ဘိသိက်မင်္ဂလာအခမ်း:အနား:တွင် မလေး:ရှား: ဝန်ကြီး:ချုပ် မဟာသီမိုဟာမက်က ဘိသိက်မြှောက်စာချွန်လွှာကို

ဖတ်ကြားပြီး အိမ်တော်ဝန်ဂူဘိယာအလိုက နိုင်ငံတော်သံလျက်နှင့် ကျမ်းသစ္စာကျိန်ဆိုလွှာကို ဘုရင်မင်းမြတ်အား ဆက်သလိုက်သည်။ မလေးရှားနိုင်ငံရှိ လူမျိုးစုအသီးသီးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားကာ အချင်းချင်းငြိမ်းငြိမ်းချမ်းချမ်းနှင့် သင့်သင့်မြတ်မြတ် နေထိုင်နိုင်ခြင်းမှာ အမျိုးသား ဂုဏ်သိက္ခာပင်ဖြစ်သည်ဟု ဘိသိက်မင်္ဂလာအခမ်းအနား၌ မလေးရှားဘုရင်သစ်က မိန့်ကြားသည်။ လူမျိုးစုံ နေထိုင်သော ဤမလေးရှားနိုင်ငံသည် အရှေ့တိုင်းသားဂုဏ်အာရိုများဖြစ်သော မြင့်မြတ်သော ကိုယ်ကျင့်တရား၌မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေပျူငှာမှုနှင့် မိသားစုပမာ စည်းလုံးသင့်မြတ်စွာ နေထိုင်ခြင်းကို ထိန်းသိမ်းစောင့်ရှောက်မှုတို့ကို လိုက်နာကျင့်သုံးသွားကြရန်ပင် ဖြစ်သည်ဟု မလေးရှားဘုရင်သစ်က ဆက်လက်မိန့်ကြားခဲ့သည်။

မလေးရှားနိုင်ငံတွင် အတိုက်အခံပါတီဖြစ်သော ကက်ဒီပင်နေရှင်နယ်ပါတီနှင့် အခြားပါတီများသည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်စေကာမူ ယင်းပါတီများအား ချီးကျူးထောပနာပြုရန် အမေရိကန် ပြည်ထောင်စုကဆုံးဖြတ်ခြင်းမှာ မလေးရှားနိုင်ငံနှင့် ပတ်သက်၍ အမေရိကန်အစိုးရတွင် ဖုံးကွယ်ထားသော လျှို့ဝှက်အစီအစဉ်ရှိနေသည်ဆိုသည်ကို ပြသခြင်းပင်ဖြစ်ကြောင်း မလေးရှားနိုင်ငံက ဒီဇင်ဘာလ ၅ ရက်နေ့က ကြေညာသည်။ မလေးရှားနိုင်ငံ၌ ဘာရီဆန် နေရှင်နယ်ပါတီ၏ ရွေးကောက်ပွဲအောင်မြင်မှုအပေါ် အသိ အမှတ်ပြုရန် အမေရိကန်က ငြင်းပယ်ခြင်းသည် မလေးရှား နိုင်ငံအား အမေရိကန်အစိုးရက အစဉ်သဖြင့် စိတ်ဝင်စားမှု ရှိပါသည်ဆိုခြင်းကို မလေးရှားနိုင်ငံက သံသယဖြစ်မှုကို ခိုင်လုံစေရန်မှတစ်ပါး အခြားအကြောင်းမရှိကြောင်း၊ ဘာရီဆန်ပါတီသည် အများစုမဲသုံးပုံနှစ်ပုံ မဲရရှိရန် ခဲယဉ်းသည့်ကြားမှ ထူးထူးခြားခြား အောင်မြင်မှုရရှိသွားခြင်းပင်ဖြစ်သည်ဟု မိမိတို့ယူဆကြောင်း မလေးရှားနိုင်ငံ နိုင်ငံတကာ ကုန်သွယ်ရေးစက်မှုဝန်ကြီးဌာနဝန်ကြီး ရာဇီဒါအာဇစ်က ပြောကြားသည်ဟု ဘာနာမားသတင်းစာကရေးသားသည်။ မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်သည် ပဋ္ဌမအကြိမ်မြောက် နောက်ထပ်ငါးနှစ်သက်တမ်းတွင် ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ရန် မကြုံစဖူးအရွေးခံလိုက်ရပြီး နောက်ပိုင်း ဒီဇင်ဘာလ ၅ ရက်နေ့တွင် မလေးရှားနိုင်ငံအား အမေရိကန်ပြည်ထောင်စုက ချီးကျူးထောပနာပြုခဲ့သည်။ သို့သော် မလေးရှား ဘဏ္ဍာရေးဝန်ကြီးဟောင်း အန်ဝါ အီဘရာဟင်အား အကျဉ်းချထားသဖြင့် စိုးရိမ်ပူပန်မိကြောင်း အမေရိကန်အစိုးရက ထပ်လောင်းပြောကြားသည်။

ဝန်ကြီးချုပ်မဟာသီမိုဟာမက်သည် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးနောက် ရက်သတ္တပတ် အကြာ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ညွှန့်ပေါင်းမဟာမိတ် အဖွဲ့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ၁၄ ပါတီဖြင့် ဖွဲ့စည်းထားသော ညွှန့်ပေါင်းအဖွဲ့မှ ခေါင်းဆောင်များသည် အစိုးရဖွဲ့စည်းရေးအတွက် မဟာသီနှင့် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဘာရီဆန်နေရှယ် နယ် (ဘီအင်)ပါတီသည် အထွေထွေရွေးကောက်ပွဲတွင် အမတ်နေရာ ၁၉၃ နေရာ အနက် ၁၄၈ နေရာ အနိုင်ရရှိခဲ့ရာ ဘီအင်မဟာမိတ် ညွှန့်ပေါင်း အဖွဲ့အနေဖြင့် ၁၉၅၇ ခုနှစ်တွင် လွတ်လပ်ရေးရပြီး နောက်ပိုင်း ၁၀ ကြိမ်မြောက်ဆက်တိုက် ရွေးကောက်ပွဲတွင် အနိုင်ရရှိ ခဲ့ခြင်းဖြစ်သည်။ မဟာသီက ညွှန့်ပေါင်း အဖွဲ့သည် အမတ်ဦးရေ လေးပုံသုံးပုံ အနိုင်ရရှိခဲ့ သော်လည်း အမတ်နေရာ ၁၆၆ နေရာရရှိခဲ့သော ယခင်ပါလီမန်ကလောက် အမတ်ဦးရေ မများခဲ့ပေ။ ဝန်ကြီး အဖွဲ့ စာရင်းတွင် တန်ကုရာရာဇာတ် ၆၂ နှစ်အား ထည့်သွင်းလိမ့်မည်ဟု သတင်းထွက်နေသည်။ သူသည် တစ်ချိန်က မဟာသီ၏အစိုးရအဖွဲ့ဝင် ပါဝင်ခဲ့သော်လည်း ၁၉၈၇ ခုနှစ် ရွေးကောက်ပွဲတွင် အကြိတ်အနယ် ပြိုင်ပွဲဝင် ခဲ့ကြသည်။ ယင်းသို့ပြိုင်ဆိုင်မှုကြောင့် မလေး မျိုးနွယ်များအကြား စိတ်ဝမ်းကွဲပြားမှုများဖြစ်ခဲ့ကြသည်။

မလေးရှားနိုင်ငံ၏ ၁၀ ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းက စတင်ကျင်းပရာ ဆန္ဒမဲပေးခြင်းမှာ တစ်နေ့သာကြာသည်။ ဆန္ဒမဲပေးသူ ၉၁သမ ၆ သန်းခန့်က တစ်နိုင်ငံလုံးရှိ မဲရုံ ၁၇၀၀၀ ၌ မဲပေးကြရာ ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်း အလုပ်သမား ၁၁၂၀၀၀ တို့က ပါဝင်ဆောင်ရွက်ကြသည်။ အထွေထွေရွေးကောက်ပွဲတွင် ပြည်နယ်အမတ်နေရာ ၃၉၄ နေရာနှင့် ပါလီမန်အမတ်နေရာ ၁၉၃ နေရာအတွက် နိုင်ငံလုံးပါတီ ၂၁ ခုမှ အမတ်လောင်း ၁၂၀၀ အပါအဝင် ယှဉ်ပြိုင်အရွေးခံသူ ၁၂၃၈ ဦးရှိသည်။ အတိုက်အခံပါတီများ ဖြစ်ကြသော မလေးရှားအစွလမ်ပါတီမှာ ယခင် ရွေးကောက်ပွဲများတွင် အမတ် ၁၀ နေရာ ရရှိခဲ့ရာမှ ယခု ရွေးကောက်ပွဲတွင် ၂၇ နေရာ ရရှိခဲ့သည်။ ဒီမိုကရက်တစ် အက်ရှင်းပါတီက ယခင်ရွေးကောက်ပွဲတွင် ၇ နေရာ ရရှိခဲ့ရာမှ ယခုရွေးကောက်ပွဲတွင် ၁၀ နေရာ

ရရှိခဲ့သည်။ အန်ဝါအီ ဘရာဟင်၏ဇနီး ဝန်အဇီဇန် တည်ထောင်သော အမျိုးသား တရားမျှတမှုပါတီက ၅ နေရာ ရရှိသည်။ မဟာသီ၏ အာဏာရ ညွှန့်ပေါင်းအဖွဲ့မှာ ပြည်နယ်ရွေးကောက်ပွဲများတွင် ၁၁ ပြည်နယ်အနက် ပြည်နယ်နှစ်ခုတွင် အရေးနိမ့်ခဲ့သည်။ လက်ရှိအစိုးရကို နှစ်ပေါင်းသုံးဆယ်ကျော် အစဉ်တစိုက် ဝေဖန်တိုက်ခိုက်ခဲ့သော လူနည်းစုတရုတ်အမျိုးသားပါတီ ခေါင်းဆောင်လင်ကစ်ဆန်းမှာ ရွေးကောက်ပွဲတွင် အရေးနိမ့်၍ ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်သွားသည်။ ဝန်ကြီးချုပ်ဟောင်း အန်ဝါအီဘရာဟင်၏ဇနီး ဝန်အဇီက ရွေးကောက်ပွဲ၌ အရွေးခံရသည်။

စီးပွားရေး – ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကွာလာ လမ်ပူမြို့၌ ကျင်းပသော အာရှပစိဖိတ်စီးပွားရေးပူပေါင်းဆောင်ရွက်မှု အေပက်ဖိုရမ်အပြီး၌ မိန့်ခွန်းပြောကြားရာတွင် မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က အမေရိကန် ဂျပန်ပေးမည့်အကူအညီ ဒေါ်လာ ၁၀ ဘီလီယံမှာ များသည်ဟု မဆိုနိုင်ကြောင်း ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံ၏ ငွေကြေးတန်ဖိုးမှာ လွန်ခဲ့သော ၁၈ လအတွင်း ၃၃ ရာခိုင်နှုန်း ကျဆင်းစေကာမူ စူလတန်ဆာဟဒင်အမွှဲဇစ်ရှာက မလေးရှားနိုင်ငံက နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ကို အကူအညီ တောင်းခံခြင်း မပြုဘဲ တင်းခံနေခဲ့သည်။ မလေးရှားသည် ပြည်ပအကူအညီ အတားအဆီးခံရသည်ကို စိုးရိမ်ကြောင်း မဟာသီက ပြောကြားသည်။ ငွေကြေးထိန်းချုပ်မှုများကို မလေးရှားက ၁၉၉၈ ခုနှစ် စက်တင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီး ငွေကြေးတန်ဖိုးထိုးကျအောင် လုပ်ခြင်းအတွက် ငွေကြေးဈေးကစားသူများကို အပြစ်ဖို့ပြောကြားခဲ့သည်။ ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ချေးယူရေးကို မလေးရှားက ဂျပန်နှင့်ဆွေးနွေးလျက်ရှိပြီး ဒေါ်လာ ၃၀ ဘီလီယံ မီယာဇာဝါ စီမံကိန်းမှ အကျိုးအမြတ်ရရှိမည်ဟု မလေးရှားက မျှော်မှန်းထားသည်။

မလေးရှားနိုင်ငံ၏ စီးပွားရေးကျဆင်း ဆုတ်ယုတ်မှု အခြေအနေသည် ၁၉၉၉ ခုနှစ်အကုန်တွင် ဆုံးခန်းတိုင်သွားလိမ့်မည်ဟု မိမိယုံကြည်ကြောင်း ဝန်ကြီးချုပ် မဟာသီမိုဟာမက်က ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၂၁ သန်းသော မလေးရှားပြည်သူများသည် စီးပွားရေး ပြန်လည်ကောင်းမွန်လာအောင် တညီတညွတ်တည်း ကြိုးပမ်းအားထုတ်ကြမည်ဆိုပါက မလေးရှားနိုင်ငံသည် အချိန်တိုအတွင်း မူလစီးပွားရေး အခြေအနေအတိုင်း ပြန်လည်ရောက်ရှိလိမ့်မည်ဟုလည်း မဟာသီက ပြောကြား:သည်။ မလေးရှား နိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မနှောက်ယှက်ကြဖို့၊ မလေးရှားစီးပွားရေးလုပ်ငန်းများ အားလုံးပြန်လည် ကောင်းမွန်အောင် အလုပ်ကြိုးစားလုပ်ကြဖို့ မလေးရှား: ပြည်သူတို့အား ဆော်သြသွား:သည်။ မလေးရှား:နိုင်ငံ၏ စီးပွားရေး ၁၉၉၈ ခုနှစ်က ကျဆင်းခြင်းမှာ ၁၃ နှစ်အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။

မလေးရှား:နိုင်ငံအပေါ် နိုင်ငံခြား:တိုင်းပြည်များ၏ ယုံကြည်မှု ပြန်လည်ရရှိလာပြီဖြစ်၍ မလေးရှား:နိုင်ငံသည် ယခုနှစ်တွင် စီးပွားရေးပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ရန် ပိုမိုကောင်းမွန်သော အနေအထား:မျိုးတွင် ရှိနေသည်ဟု မလေးရှား: ဒုတိယဘဏ္ဍာရေးဝန်ကြီး မူစတာဖာမိုဟာမက်က ဇန်နဝါရီလ ၂၀ ရက်နေ့က ပြောကြား:ခဲ့သည်။ နိုင်ငံခြား:တိုင်းပြည်များ၏ နိုင်ငံခေါင်းဆောင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များ အကြား: တွင် မလေးရှား: နိုင်ငံအပေါ် ယုံကြည်မှု ပိုမိုရှိလာသည် နှင့်အမျှ မလေးရှား: နိုင်ငံ၏ စီးပွားရေးနယ်ပယ် ကဏ္ဍ အသီးသီးတွင် နိုင်ငံခြား:ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာ မည်ဟု မလေးရှား:နိုင်ငံက မျှော်လင့်ထား:သည်။ ကျဆင်းနေသော စီးပွားရေးတွင် ပြန်လည်ကောင်းမွန်အောင် စတင်ဆောင်ရွက်မည့် မလေးရှား: နိုင်ငံ၏ အစဉ်အစီများကို ထောက်ခံကြောင်း နိုင်ငံရပ်ခြား: တိုင်းပြည်များရှိ နိုင်ငံရေးခေါင်းဆောင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များက ပြောဆိုကြသည်။ ဥရောပနိုင်ငံများသို့ မကြာမီက မိမိရောက်ခဲ့စဉ် စီးပွားရေးအကျိုးအမြတ် များစေမည့် မလေးရှား:နိုင်ငံ၏ အစီအစဉ်အပေါ် ဥရောပ ခေါင်းဆောင်အချို့က ချီးကျူးထောပနာပြုခဲ့ကြသည်။ ဂျာမနီ၊ ဂျပန်နှင့်ထိုင်းနိုင်ငံတို့မှ ဒုတိယဘဏ္ဍာရေး ဝန်ကြီးတို့က မလေးရှား:နိုင်ငံ စီးပွားရေး အခြေအနေနှင့် ပတ်သက်၍ မိမိရှင်းပြသည်ကို ကြား:နာကြပြီး:သောအခါ ယုံကြည်မှု ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည် စသည်ဖြင့် မူစတာဖာ မိုဟာမက်က သတင်းထောက်များ:အား: ပြောကြား:ခဲ့သည်။

မလေးရှား:နိုင်ငံနှင့် ကုန်ပစ္စည်း:ချင်း:ဖလှယ်ကုန်သွယ်သော ကုန်သွယ်ဖက်နိုင်ငံများ:မှာ ထိုင်း၊ အင်ဒိုနီး:ရှား:နှင့် ဖိလစ်ပိုင်နိုင်ငံတို့ ဖြစ်ကြသည်။ ထိုင်း:နှင့် မလေးရှား:နိုင်ငံတို့၏ စုစုပေါင်း ကုန်ပစ္စည်း:ချင်း:ဖလှယ်ကုန်သွယ်သော ပမာဏ မှာ ၁၉၉၆ ခုနှစ်တွင် ဒေါ်လာ ၁၄၁ ဒသမ ၂၄ သန်း:ရှိခဲ့ရာ မှ ၁၉၉၇ ခုနှစ်တွင် ဒေါ်လာ ၁၉၅ ဒသမ ၁၈ သန်း:ထိ တိုး:လာခဲ့ပြီး: လွန်ခဲ့သော ပထမကိုး:လပိုင်း:အတွက် ကုန်သွယ် မှု ပမာဏမှာ ဒေါ်လာ ၂၀၀ ဒသမ ၃၄ သန်း:ဖိုး: ဖြစ်သည်။

မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ စုစုပေါင်း ကုန်ပစ္စည်းချင်းဖလှယ် ကုန်သွယ်ပမာဏသည် ၁၉၉၆ ခုနှစ်တွင် ဒေါ်လာ ၁၇ ဒသမ ၉၄ သန်းအထိ တိုးလာခဲ့သည်။ ၁၉၉၈ ခုနှစ် ဧန်နဝါရီလနှင့် စက်တင်ဘာလ အတွင်း ကုန်သွယ်မှုတန်ဖိုးသည် ခန့်မှန်းခြေ ဒေါ်လာ ၄၄ ဒသမ ၂၄ သန်းအထိ ရှိသည်။ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့၏ ကုန်ပစ္စည်းချင်းဖလှယ် ကုန်သွယ်ပမာဏသည် ၁၉၉၆ ခုနှစ် တွင် ဒေါ်လာ ၂၇ ဒသမ ၆၆ သန်းရှိရာမှ ၁၉၉၇ တွင် ဒေါ်လာ ၆၂ ဒသမ ၃၉ သန်းအထိ တိုးလာခဲ့သည်။ လွန်ခဲ့သောနှစ် စက်တင်တင်ဘာလအထိ ကုန်ပစ္စည်းချင်းဖလှယ် ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၂၃ ဒသမ ၉၂ သန်းဖိုး ရှိသည်။ ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများနှင့် ဖလှယ်သော ကုန်ပစ္စည်းအမျိုး အစားများတွင် ငါး၊ သစ်နှင့် အဝတ်အထည်များ ပါဝင်သည်။

မလေးရှားနိုင်ငံသည် ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနိုင်ငံများကဲ့သို့ ၁၉၉၇ ခုနှစ်က ငွေကြေးကစားသူများကြောင့် ဘဏ္ဍာရေး စျေးကွက်ပြိုကွဲကာ မလေးရှားနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း အဆိုးရွားဆုံး စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းသို့စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရစေကာမူ အနောက်အုပ်စုဖွဲ့ဖြိုးပြီးနိုင်ငံများကို သြဇာလွှမ်းမိုးသော ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ညွှန်ကြားထားသော မလေးရှားစီးပွားရေး အကျပ်အတည်း ကယ်ဆယ်ရေးအစီအစဉ်များကို မလေးရှားနိုင်ငံက လက်မခံဘဲ ကိုယ့်အားကိုယ်ကို: နည်းလမ်းများဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ယင်း ပြုပြင်ပြောင်းလဲမှုများတွင် ဝန်ကြီးချုပ် ဒေါက်တာမဟာသီ၏ မလေးရှားနိုင်ငံတွင်းသို့ ငွေပင်ငွေရင်းများ စီးဝင်မှုနှင့် နိုင်ငံပြင်ပသို့ ငွေပင်ငွေရင်းများ စီးထွက်မှုကို ထိန်းချုပ်သည့် အငြင်းပွားစရာ လုပ်ဆောင်ချက်များလည်း အပါအဝင်ဖြစ်သည်။

ယခုအခါ မလေးရှားနိုင်ငံ၏ စီးပွားရေးသည် ဆိုးရွားဆုံးအခြေအနေမှ ရုန်းထွက်နိုင်ကာ ဦးမော့လာပြီဖြစ်သည်။ မလေးရှားစီးပွားရေး ဦးမော့လာသည့် လက္ခဏာကို ခက်ခက်ခဲခဲဖြင့် ရှာဖွေစရာမလို အလွယ်တကူပင် တွေ့ရှိနိုင်သည်။ ယင်းလက္ခဏာများမှာ ဧပြီလက စက်မှုလုပ်ငန်း၏ ထုတ်လုပ် မှု တိုးတက်နှုန်းသည် နှစ်အလိုက် ၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခြင်း နှင့် အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ဖော်ပြသည့် ပြည်ပပို့ကုန် တိုးတက်မှုနှုန်းတွင် ဧပြီလ၌ နှစ်အလိုက် တွက်ချက်သောနှုန်းအရ ၁၃ ရာခိုင်နှုန်း မြင့်တက်လာခြင်းတို့ကို တွေ့ရှိရသည်။ ယင်းစက်မှုလုပ်ငန်း ကုန်ထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန်တိုးတက်လာခြင်းသည် မလေးရှားနိုင်ငံ၏သုံးရင်းကျစ်ငွေတန်ဖိုးကို လျှော့ချလိုက်ခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်သည်။ လက်ရှိငွေဖလှယ်နှုန်း သည် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၃ ဒသမ ၈ ရင်းကျစ်နှုန်းရှိသည်။ ပြည်ပပို့ကုန် မြင့်တက်လာသကဲ့သို့ သွင်းကုန်ပမာဏသည်လည်း ဧပြီလတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာရာ စီးပွားရေးတိုးတက်၍ ပြည်တွင်းဝယ်လိုအား ကြီးထွားလာခြင်းကို ပြသနေသည်။ လက်ရှိ မလေးရှားနိုင်ငံ၏ သီးသန့်နိုင်ငံခြားသုံးငွေ ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံ ရှိနေပါ သည်။

အလုပ်သမားအရေး– ၁၉၉၈ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ အလုပ်သမားစျေးကွက်အခြေအနေမှာ အလုပ်လက်မဲ့နှုန်းနှင့် အလုပ်သမားလျှော့ချမှုနှုန်း သိသိသာသာ ကျဆင်းခဲ့သဖြင့် တည်ငြိမ်မှုရှိခဲ့ကြောင်း ၁၉၉၈ ခုနှစ်အတွက် အလုပ်သမား စျေးကွက်ဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၁၉၉၈ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ အလုပ်သမားလျှော့ချမှုသည် အလုပ်လုပ်သော အင်အားစုတစ်ခုလုံး၏ တစ်ရာခိုင် နှုန်းသာရှိသည်။ ယခင်နှစ်က တစ်နှစ်လုံးတွင် အလုပ်သမား ပေါင်း ၈ ဒသမ ၃ သန်းခန့် ရှိသည့်အနက် ၈၃၈၆၅ ဦးကိုသာ အလုပ်မှလျှော့ချခံခဲ့ရသည်။ မလေးရှားနိုင်ငံ၏ အလုပ် လက်မဲ့များမှာ ၁၉၉၈ ခုနှစ် ပထမပိုင်းသုံးလပိုင်းတွင် အလုပ် လက်မဲ့ ၂ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ဒုတိယသုံးလပိုင်း တွင် အလုပ်လက်မဲ့ ၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် တတိယသုံးလပိုင်းတွင် ၃ဒသမ ၃ ရာခိုင်နှုန်း ရှိလာခဲ့သည်။ မလေးရှားအလုပ်ရှင်များသည် အလုပ်သမားများအား ဖယ်ရှားခြင်း ထက် လုပ်ခလစာ လျှော့ချသောနည်းကို တွင်ကျယ်စွာအသုံးပြုနေခြင်းမှာ မလေးရှားနိုင်ငံတွင် ရေပန်းစားနေသော အစီအစဉ်ဖြစ်နေသည်စသည့်ဖြင့် အစီရင်ခံစာ၌ ဖော်ပြထားသည်။ ယင်းအစီရင်ခံစာကို လူအရင်းအမြစ်ဆိုင်ရာ ဝန်ကြီးဌာနက ဧန်နဝါရီလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ သည်။

မလေးရှားနိုင်ငံ၏ စီးပွားရေးနာလန်ထူမှုကို အခက်အခဲရှိစေမည့် အလုပ်လက်မဲ့ အင်ဒိုနီးရှား အလုပ်သမားများ မလေးရှားနိုင်ငံတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာနိုင်သည်ကို မလေးရှားနိုင်ငံက သတိထားနေစဉ်မှာပင် အင်ဒိုနီးရှားသမ္မတသစ် အဗ္ဗဒူရာမန်ဝါဟစ် မလေးရှားနိုင်ငံသို့ နိုဝင်ဘာလဆန်းပိုင်းတွင် အလည်အပတ် ရောက်ရှိခဲ့သည်။ အလုပ်လက်မဲ့ ဖြစ်နေသော အင်ဒိုနီးရှား အလုပ်သမား ၂၃၀၀၀၀ ကို ပင်လယ်ရပ်ခြားသို့ စေလွှတ်မည့် အင်ဒိုနီးရှားနိုင်ငံ၏ အစီအစဉ်ကို



အစိုးရအဖွဲ့. ပြောင်းရွှေ့ရုံးစိုက်မည့် ပူထရာဂျာယာမြို့တော်သစ်ရှိ ပူထရာဂျာယာနန်းတော်အဆောက်အအုံ

ကန့်ကွက်ကြောင်း မလေးရှားအလုပ်သမား ခေါင်းဆောင်တစ်ဦးက နိဝင်ဘာလ ၅ ရက်နေ့တွင် ပြောကြားသည်။ မိမိတို့ဒေသခံများ အလုပ်အကိုင် ရရှိရေးအတွက် ရှာဖွေနေချိန်တွင် အင်ဒိုနီးရှား အလုပ်သမားများ မိမိတို့ နိုင်ငံ၌ အဘယ့်ကြောင့်လာရောက်လုပ်ကိုင်နေသည်ကို မိမိတို့စဉ်းစားမရကြောင်း မလေးရှားကွန်ကရက် ဒုတိယ ဥက္ကဋ္ဌ မိုဟာမက်ရှဖီးက ပြောကြားသည်။ ပင်လယ်ရပ်ခြား တွင် လုပ်ကိုင်နေကြသော အင်ဒိုနီးရှားအလုပ်သမား နှစ်သန်းကျော်အနက် ရှစ်သိန်းခန့်မှာ မလေးရှားနိုင်ငံ၌ အလုပ်လုပ်နေသည်ဟု အင်ဒိုနီးရှား လူအင်အားဌာနဝန်ကြီး က ပြောကြားသည်။ မလေးရှားနိုင်ငံသည် စီးပွားရေး အကျပ်အတည်းမဖြစ်မီက နိုင်ငံခြားသား အလုပ်သမား ထောင်ပေါင်း၊ ရာပေါင်းများစွာကို လက်ခံထားခဲ့သော်လည်း အကျပ်အတည်း ပေါ်ပေါက်လာပြီး နောက်ပိုင်းတွင် အင်ဒိုနီးရှား အလုပ်သမား ထောင်ပေါင်းများစွာကို စတင်နှင်ထုတ်ခဲ့ သည်။

မြို့တော်သစ် ပူထရာဂျာယာ– ဇွန်လ ၂၁ ရက်နေ့က တည်ဆောက်ပြီးစီးသွားသော အစိုးရအဖွဲ့.ရုံးစိုက်ရာ ပူထရာ ဂျာယာမြို့.တော်သစ်၌ ဝန်ကြီးချုပ်မဟာသီမိုဟာမက် စတင်ရုံးထိုင်ခြင်းဖြင့် မြို့တော်သစ်ကို တရားဝင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ခေတ်မီစွာဖြင့် စနစ်တကျ တည်ဆောက်ထားသော ပူထရာဂျာယာ အစိုးရအဖွဲ့.ရုံးစိုက်ရာ မြို့တော်မှာ မလေးရှားနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ဂုဏ်ယူ ဝင့်ကြွားစရာ ပြယုဂ်တစ်ခု ဖြစ်သည်ဟု ဝန်ကြီးချုပ်မဟာသီက ချီးကျူးပြောကြားသည်။

ဝန်ကြီးချုပ်ရုံးခန်းမှာ သစ်သားထည် မှန်ကူ ကွက်များဖြင့် အလှဆင်ထားပြီး နားနေဆောင်ကိုမူ မာဘယ်လ်ကျောက်များဖြင့် အလှဆင်ထားလျက် အစည်းအဝေး ခန်းမဆောင်ကိုမူ အဆင့်မြင့်နည်းပညာများဖြင့် ဆင်ယင်တည်ဆောက်ထားသည်။ ကွာလာလမ်ပူမြို့၏ တောင်ဘက် ၂၅ မိုင် ကွာဝေးသော အရပ်တွင် တည်ရှိ သောပူထရာဂျာယာမြို့သစ်ဆီသို့ မကြာမီ အစိုးရဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်ရုံးတက်ကြရမည် ဖြစ်သည်။ လာမည့်သုံးနှစ် အတွင်း အစိုးရဝန်ထမ်းများနှင့် အလုပ်သမားများ အားလုံး ပြောင်းရွှေ့ပြီး မြို့နယ်သစ်များတွင် နေထိုင်ကြရမည် ဖြစ်သည်။

ဟတ္တာ ၄၅၇၀ (စက ၁၁၃၀၀) ကျယ်ဝန်းသော ပူထရာဂျာယာမြို့သစ် တည်ဆောက်ခဲ့ခြင်းနှင့် ပတ်သက်၍ ဝန်ကြီးချုပ်မဟာသီအား ဝေဖန်သူများက ပြစ်တင်ဝေဖန် ကြသော်လည်း ယင်းပြစ်တင်ဝေဖန်ချက်များကို ပထမဆုံး ရုံးထိုင်သောနေ့မှာပင် ဝန်ကြီးချုပ်မဟာသီက ပယ်ချခဲ့ သည်။ ပူထရာဂျာယာမြို့သစ် တည်ဆောက်ပေးခြင်းသည် လာမည့်နှစ် ၁၀၀ နှစ် ၂၀၀နှစ် ၃၀၀ တည်းဟူသော အနာဂတ်ကာလကို ရည်မှော်ဆောက်လုပ်ခြင်းဖြစ်သည်၊ မြို့တော်တည်ဆောက်ရာတွင် လိုအပ်သော ဆောက်လုပ်ရေး ပစ္စည်းများအံနက် ၁၀ ရာခိုင်နှုန်း ခန့် ဗျာကိုသာ ပြည်ပမှကင်သွင်း၍ အဆောက်အအုံ အားလုံးကို မလေးရှား ကုမ္ပဏီများကသာ ပုံစံရေးဆွဲ တည်ဆောက်ခဲ့သည်ဟု ဝန်ကြီးချုပ် မဟာသီတ ပြောကြားသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၉) ။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်း ကိုအမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၁၉၉၉ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းတွင် အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက် နိုင်သည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေး::ဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (မူးယစ်ဗဟိုအဖွဲ့)နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်း ကြိုးပမ်း၍ လူထုအခြေပြု မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ချရေး အမျိုးသားရေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၊ အလံပြဘုရားလမ်းရှိ ဟိုတယ် အိကွေတိုရိယယ်၌ ဧန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပသည်။

ဒုတိယအကြိမ် မြန်မာ – ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး နယ်စပ်ဖြတ်ကျော် အစည်းအဝေးကို တာချီလိတ်မြို့၊ ရွှေတြိဂံဟိုတယ်၌ ဧန်နဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် တားဆီးနှိမ်နင်းရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ခေါင်းဆောင်သော အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါး ပြစ်မှုများအား ထိရောက်စွာ အရေးယူရေးနှင့် ပြစ်မှုများအား တရားစီရင်မှု ပိုမိုကောင်းမွန်လာစေရေး သင်တန်းကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဧန်နဝါရီလ ၁၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အာရှဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ညီလာခံကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ဧန်နဝါရီလ ၃၁ ရက်နေ့မှဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ် (လေ)၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး၊ ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သို့ သွားရောက်ကာ ကိုးကန့်ဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ၊ လောက်ကိုင်ခရိုင် ဘိန်းအစားထိုးသီးနှံ ဂျပန်ပန်းဂျုံ၊ စပါး၊ လိုင်ချီး၊ ပန်းသီး စသည့်သီးနှံများ စိုက်ပျိုးနိုင်မှု အခြေအနေ၊ ၁၉၉၈ –၉၉ ခုနှစ် စိုက်ပျိုး ရာသီတွင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာအေဂျင်စီ၏ ပူးပေါင်းပံ့ပိုးဆောင်ရွက်မှုဖြင့် တာရွေထန်ဒေသ၌ ဂျပန်ပန်းဂျုံဧက ၂၀၀ စိုက်ပျိုးမှု နှင့် ထွက်ရှိမှု အခြေအနေ၊ လောက်ကိုင်ခရိုင်၌ ဘိန်းအစားထိုးသီးနှံ ဂျပန်ပန်းဂျုံ အထွက်ကောင်းမျိုး ဧက ၂၀၀၀ တိုးချဲ့ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုလေ့လာသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်၏ ၄၂ ကြိမ်မြောက် အစည်းအဝေးကို ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ မတ်လ ၁၆ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပရာ မြန်မာ ကိုယ်စားလှယ် အဖွဲ့တက်ရောက်သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှု ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အက်ဖက်တမင်းအုပ်စုဝင် စိတ်ကြွဆေးများဆိုင်ရာ လုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ မတ်လ ၃၁ ရက်နေ့မှ ဧပြီလ ၁ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

၂၁ ကြိမ်မြောက် အာဆီယံနိုင်ငံများ၏ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ဧပြီလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အရှေ့တောင်အာရှနိုင်ငံများ မူးယစ်ဆေးဝါး တစ်ခွဲ မူဆိုင်ရာဌာန အကြီးအကဲများ အစည်းအဝေးကို တရုတ်နိုင်ငံ၊ ဟောင်ကောင်၌ ဧပြီလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့ အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

မြန်မာ – ထိုင်း – လာအို မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထအကြိမ် ဝန်ကြီးအဆင့် အစည်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ)



အတွင်းရေးမှူး(၁) ဒုတိယမိုလ်ချုပ်ကြီး ခင်ညွန့်. ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းအစားထိုးသီးနှံ ကျပန်ပန်းကျဲ စိုက်ပျိုးမှုနှင့် ထွက်ရှိမှုကို ကြည့်ရှုလေ့လာစဉ်

အဝေးနှင့် ဒုတိယအကြိမ် အဆင့်မြင့် အရာရှိများ အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဧပြီလ ၂၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ ဒုတိယညွှန်ကြား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ခုခံအားကျဆင်းမှု ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ၏ နည်းပညာအလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ မေလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်းကြီးမှူး၍ အရှေ့နှင့် အရှေ့တောင်အာရှဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချရေးအတွက် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများ မှောင်ခိုရောင်းဝယ်ဖောက်ကားမှုကို စုံစမ်းဖော်ထုတ် ထိန်းချုပ်ရန်နှင့် တရားဝင်လမ်းကြောင်းမှ တရားမဝင် လမ်းကြောင်းသို့ ပြောင်းလဲ မရောက်ရှိစေရန် ဟန့်တားဆောင်ရွက်ရေးစီမံကိန်းကို အခြေခံသော National Workshop on Precursor Control for the Chemical Industry အလုပ်ရုံ ဆွေးနွေးပွဲကို ရန်ကုန်မြို့၊ အလံပြဘုရားလမ်းရှိ ဟိုတယ်အိကွေတိုရီယယ်၌ မေလ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့ အထိ ကျင်းပသည်။

မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ MOU ခြောက်နိုင်ငံ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ မေလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာ – ထိုင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်းရှိ သစ်တော ဧည့်သည်ရိပ်သာ၌ မေလ ၂၄ ရက်နေ့တွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သောအဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သောအဖွဲ့နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေလ ၂၅

ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ် လွယ်ဆန်ဆော ဒေသနှင့် မိုင်းလားမြို့သို့လည်းကောင်း ၊ မေလ ၂၆ရက်နေ့တွင် ကျိုင်းတုံမြို့နယ် မိုင်းစင်ကျေးရွာသို့လည်းကောင်း သွားရောက်၍ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုနှင့် မွေးမြူးမှု လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက် အခြေအနေများကို ကြည့်ရှုလေ့လာသည်။

မူးယစ်ဆေးဝါး သုံးစွဲသူများ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ် ၄၇/၉၉ ကို ပြည်ခရိုင်၊ ဝက်ထီးကန် စိုက်ပျိုးမွေးမြူရေးစခန်း၌ ဇွန်လ ၁ ရက်နေ့မှ စ၍ ၃၀ ပတ်ကြာ ဖွင့်လှစ်ရာ သင်တန်းသား ၅၀ တက်ရောက်သည်။

မြန်မာအိမ်နီယ စတုတ္ထအကြိမ်ဗဟိုအဆင့် မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်းရှိ သစ်တောဦးစီးရုံးသာဦး ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။


တောင်ပေါ်ဒေသ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးအတွက် အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဇူလိုင်လ ၅ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အရှေ့တောင်အာရှဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ စီမံကိန်းအလုပ်ရုံ ဆွေးနွေးပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဇူလိုင်လ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှဖက်ဒရယ် လုံခြုံရေးအဖွဲ့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၁၀ ရက်နေ့မှ ၁၅ ရက်နေ့အထိ ချစ်ကြည်ရေးခရီးသွားရောက် သည်။

အာရှပစိဖိတ်ဒေသ ငွေမည်းမှ ငွေဖြူ တရားမဝင်ပြောင်းလဲမှုဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ဖိလစ်ပိုင် နိုင်ငံ၊ မနီလာမြို့၌ ဩဂုတ်လ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

တတိယအကြိမ် မြန်မာ – ထိုင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး နယ်စပ်ဖြတ်ကျော် အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ရနောင်းမြို့၌ ဩဂုတ်လ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။



တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကျိုင်းတုံမြို့နယ်အတွင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများကို ရှာဖွေဖော်ထုတ်ဖျက်ဆီးစဉ်

MOU စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲနှင့် Overview and Selection of Assessment Methodologies for Assessing High Risk Groups Workshop ကိုထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ဩဂုတ်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

"ဝ" ဒေသ မူးယစ်ဆေးဝါးအစားထိုးဖွံ့ဖြိုးရေး စီမံကိန်းနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ပီကင်းမြို့ ၌ စက်တင်ဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက် သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်က ဆောင်ရွက်နေသော တစ်ကမ္ဘာလုံးဆိုင်ရာ မူးယစ်ဆေးဝါး တိုင်းတာရေးစနစ်ကို မြန်မာနိုင်ငံ၏ တရားမဝင် ဘိန်းစိုက်ပျိုးမှု၌ မိမိအစီအစဉ်ဖြင့် ကိစ္စရပ်များ ပံ့ပိုးကူညီပေးရန် ညှိနှိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၌ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပသည်။

အရှေ့တောင်အာရှနိုင်ငံများ မူးယစ်ဆေးဝါး ဓာတ်ခွဲမှုဆိုင်ရာဌာန အကြီးအကဲများ အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်၌ စက်တင်ဘာလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

နိုင်ငံဖြတ်ကျော် မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ကွန်ဗင်းရှင်း ရေးဆွဲရေးကော်မတီ၏ ဒါးကြိမ်မြောက် အစည်းအဝေးကို ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ အောက်တိုဘာလ ၄ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

မူးယစ်ဆေးဝါးဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်းကြီးမှူး၍ အရှေ့တောင်အာရှဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုလေ့ကျင့်ရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စီဒီရွမ် အသုံးပြု မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှု လေ့ကျင့်ရေးစီမံကိန်းဆိုင်ရာ အမျိုးသားအလုပ်ရုံ ဆွေးနွေးပွဲကို ရန်ကုန်မြို့၊ အလံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ အောက်တိုဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု ကြိတ်ကာကွယ်မှုဆိုင်ရာ သင်တန်းကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောက်တိုဘာလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့ အထိကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

မူးယစ်ဆေးဝါးပြစ်မှုများ ထိန်းချုပ်ရေးဆိုင်ရာ ဆွေးနွေးပွဲ သင်တန်းကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ အောက်တိုဘာလ ၁၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

မူးယစ်ဆေးဝါး သုံးစွဲမှုကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဆိုင်ရာ အတွေ့အကြုံဖလှယ်မှု သင်တန်းကို စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့၌ အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အရှေ့အာရှဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဖွဲ့အစည်းအဝေး၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအလုပ်ရုံ ဆွေးနွေးပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အာဆီယံဒေသအတွင်း မူးယစ်ဆေးဝါး ပြဿနာကို လူထုအတွင်း သတိမူရေး အလုပ်ရုံဆွေးနွေးပွဲကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက် သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဌာနများသို့ နိုဝင်ဘာလ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ သွားရောက် တွဲဖက်လေ့လာသည်။

ဘိန်းဖြူနှင့် ကိုကင်းဆိုင်ရာ ဓာတုဗေဒ ဓာတ်ခွဲခန်းပညာရှင်များအစည်းအဝေးကို ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ ၌ နိုဝင်ဘာလ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

အကဲဖြတ်သုံးသပ်ခြင်း အကောင်အထည်ဖော်ရေး ဆိုင်ရာ သင်တန်းဆွေးနွေးပွဲကို ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့ ၌ နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက် သည်။

သံဘမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပသတင်းနှင့် စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်း ၃၅ ဦး ပါဝင်သော အဖွဲ့သည် မူးယစ်ဆေးဝါးအဖွဲ့နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်း၍ ရှမ်းပြည်



စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဘိန်းဖြူညီလာခံဖွင့်ပွဲ အခမ်းအနား

နယ် (အရှေ့ ပိုင်း)၊ "ဝ" ဒေသ မူးယစ်ဆေးဝါး အစားထိုး ဖွံ့ဖြိုးရေး စီမံကိန်းဒေသ၊ ဟာဒါကျေးရွာ၊ ပန်ဆန်ကျေးရွာ၊ ပေါက်နွံငုကျေးရွာများတွင် ဆောင် ရွက်နေသော ကျန်းမာရေး၊ ပညာရေး၊ ရေရှုရေး၊ ဘိန်းအစားထိုး နှစ်တိုနှစ်ရှည် သီးပင်များ၊ လက်ဖက်နှင့် ပန်းဂျုံစိုက်ပျိုးမှု အခြေအနေများကို နိုဝင်ဘာလ ၁၉ ရက် နေ့မှ ၂၀ ရက် နေ့အထိ သွားရောက်လေ့လာသည်။

အမျိုးသားစီမံကိန်း ညှိနှိုင်းရေးမှူး လေ့လာရေး ခရီးစဉ်အတွက် အမေရိကန်နိုင်ငံ အပါအဝင် ခြောက်နိုင်ငံသို့ နိုဝင်ဘာလ ၂၃ ရက်နေ့မှ ဒီဇင်ဘာလ ၂၀ ရက်နေ့ အထိ မြန်မာကိုယ်စားလှယ်တစ်ဦး သွားရောက်လေ့လာသည်။

MOU နိုင်ငံများမှ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ဌာနများအား လေ့လာခြင်းကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးဆိုင်ရာ အမျိုးသမီးပညာပေးသူများ အဆင့်မြင့်သင်တန်းကို အိန္ဒိယနိုင်ငံ၊ ချန်နိုင်းမြို့၌ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ကွန်ဗင်းရှင်းရေးဆွဲရေးလုပ်ငန်းကော်မတီ ခြောက်ကြိမ်မြောက် အစည်းအဝေးကို ဩစတြေးယားနိုင်ငံ၊ ဗီယင်နာမြို့၌ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

HONLEA ၂၃ ကြိမ်မြောက် အာရှနှင့် ပစိဖိတ် ဒေသနိုင်ငံများမှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင်များ အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဒီဇင်ဘာလ ၇ ရက်နေ့မှ ၁၀ ရက်နေ့ အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဒီဇင်ဘာလ ၁၄ ရက် နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ "ဝ" ဒေသ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း စီမံကိန်းပဲ့ကိုင်ကော်မတီ၏ တတိယအကြိမ် ညှိနှိုင်း အစည်းအဝေးကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၌ ဒီဇင်ဘာ လ ၂၂ ရက်နေ့တွင် ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ ဘိန်းဖြူညီလာခံ ကျင်းပခြင်း

အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ဌာနချုပ်က ကြိုးမူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဘိန်းဖြူညီလာခံကို ရန်ကုန် မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနဌ၌ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့ အထိ ကျင်းပသည်။

ညီလာခံသို့မူးယစ်ဆေးဝါးဗဟိုအဖွဲ့ အတွင်းရေးမှူးမြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ဗဟိုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ ဌာနချုပ် အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်မှ ကိုယ်စားလှယ်များ၊ UNAIDSAPICT (Asia Pacific Inter Country Team) အာရှ ပစိဖိတ် ဒေသတွင်းဆိုင်ရာ နိုင်ငံများအသင်းမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ အဖွဲ့အစည်းဝင်နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ ဘရူနိုင်း၊ တရုတ်၊ ဂါနာ၊ မလေးရှား၊ နယူးဇီလန်၊ ဆော်ဒီအာရေးဗီးယား၊ ထိုင်း၊ ဆွစ်ဇာလန်၊ ချီလီ၊ ဂျပန်၊ မော်လဒိုက်၊ မောရစ်ရှ၊ နိုင်ဂျီးရီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တောင်အာဖရိက၊ သီရိလင်္ကာ၊



မြန်မာ– တရုတ်နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှု ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ

ညီလာခံဖွင့်ပွဲအခမ်းအနားကို အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနဌ၌ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟို အဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး တင်လှိုင် တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့်မိန့်ခွန်း ပြောကြားသည်။

တန်ဇန်နီးယား၊ မြန်မာနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံဃ်း၊ ရုရှဖက်ဒရေးရှင်းသံရုံး၊ အိန္ဒိယနိုင်ငံသံရုံး၊ အင်ဒိုနီးရှားနိုင်ငံသံရုံး၊ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံသံရုံး၊ အစ္စရေးနိုင်ငံသံရုံး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံး တို့မှ ကိုယ်စားလှယ်များ၊

စုစုပေါင်း ၂၈ နိုင်ငံ ကိုယ်စားပြု ကိုယ်စားလှယ် ၇၄ ဦး တက်ရောက် သည်။

ညီလာခံ ပိတ်ပွဲ အခမ်းအနားကို အပြည်ပြည် ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနဌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ တွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်က ညီလာခံအပိတ် အမှာ စကား ပြောကြား သည်။

အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ဌာနချုပ် INTERPOL က ကြီးမှူး၍ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ဘိန်းဖြူ ညီလာခံကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ၁၉၉၃ ခုနှစ် တွင် လည်းကောင်း၊ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ဘိန်းဖြူ ညီလာခံကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ၁၉၉၅ ခုနှစ်တွင် လည်းကောင်း၊ တတိယအကြိမ် အပြည်ပြည် ဆိုင်ရာ ဘိန်းဖြူ ညီလာခံကို အီတလီနိုင်ငံ ဂျီနိုအာမြို့၌ ၁၉၉၇ ခုနှစ်တွင် လည်းကောင်း ကျင်းပခဲ့ပြီး အရှေ့တောင် အာရှဒေသတွင် ပထမဆုံးအကြိမ် ကျင်းပသော စတုတ္ထ အကြိမ် အပြည်ပြည်ဆိုင်ရာ ဘိန်းဖြူညီလာခံကို မြန်မာ နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံ ကျင်းပခြင်း ဖြစ်သည်။

စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဘိန်းဖြူ ညီလာခံသို့ တက်ရောက်ခဲ့ကြသော ညီလာခံ ကိုယ်စားလှယ်များ၊ ပြည်ပနိုင်ငံများမှ သတင်းထောက်များ နှင့် မူးယစ်ဗဟို အဖွဲ့ အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန စစ်မဟာဗျူဟာလေ့လာ ရေးရုံးမှ ဌာနမှူး ခေါင်းဆောင် သောအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင် မြို့နယ်၊ ကွမ်းလုံမြို့နယ်၊ လားရှိုး မြို့နယ်များသို့ ဖေဖော် ဝါရီလ ၂၆ ရက်နေ့တွင် သွားရောက်၍ ကိုးကန့်ဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ၊ ဘိန်းခင်းများဖျက်ဆီးမှု အခြေအနေ၊ ဘိန်းအစား ထိုးသီးနှံ စိုက်ပျိုးမှုအခြေအနေ၊ နယ်မြေဒေသ ဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်မှု အခြေအနေတို့ကို လေ့လာသည်။

ဘိန်းခင်းများနှင့် ဘိန်းချက်စခန်းများ ဖျက်ဆီးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ် ရေး လုပ်ငန်းကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိရာ မူးယစ်ဆေးဝါးများ ဖြစ်လာမည့် ဘိန်းစိုက်ခင်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဘိန်းချက်စခန်းများကို ရှာဖွေဖော်ထုတ် ဖျက်ဆီးသည်။

၁၉၉၈ – ၉၉ ခုနှစ်ဘိန်းစိုက်ရာသီတွင် တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၉,၈၂၄ ဒသမ ၆၇ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းထွက်ရှိမှု ၄၃ ဒသမ ၂၃ တန် တားဆီး နိုင်သည်။ ၁၉၉၉ – ၂၀၀၀ ပြည့်နှစ် ဘိန်းစိုက် ရာသီတွင် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၂၀,၂၆ ဒသမ ၃၀ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းထွက်ရှိမှု ၈ ဒသမ ၉၁ တန်တား ဆီးနိုင်သည်။ ၁၉၈၈ – ၈၉ ခုနှစ် ဘိန်းစိုက် ရာသီမှ ၁၉၉၉ – ၂၀၀၀ ပြည့်နှစ် ဘိန်းစိုက်ရာသီ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့အထိ တရားမဝင် စိုက်ပျိုး ထားသော ဘိန်းခင်းစုစုပေါင်း ၉၃,၀၁၂ ဒသမ ၃၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းထွက်ရှိမှု ၄၀၉ ဒသမ ၂၂ တန် တားဆီးနိုင်ခဲ့ပြီး ဖြစ်သည်။

၁၉၉၉ ခုနှစ်အတွင်း တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ဘိန်းချက်စခန်း ၁၁ ခု၊ ရှမ်းပြည် (တောင်ပိုင်း) တွင် ဘိန်းချက်စခန်း တစ်ခု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ဘိန်းချက်စခန်းတစ်ခု စုစုပေါင်း ဘိန်းချက် စခန်း ၁၃ ခုကို ဖော်ထုတ် ဖျက်ဆီးနိုင်သည်။ ထို့ပြင် ဘိန်းဖြူ ၄၂ ဒသမ ၂၉ ကီလို၊ ဘိန်းစိမ်း ၂၀၅ ဒသမ ၂၅ ကီလို၊ ဘိန်းညို မှုန့် ၂၄ ဒသမ ၁ကီလို၊ ဘိန်းရည် ၅၅ ဂါလန်၊ မော်ဖင်း ၂ ဒသမ ၄ကီလို၊ အက်ဖက်တမင်းဇေ့စ်ဆေးမှုန့် နှစ်ကီလို၊ စိတ်ကြွဆေးပြား သုံးပြား၊ အက်စစ်တစ်အင် ဟိုက်ဒရိုက် ၁၂၃ ဂါလန်၊ ဟိုက်ဒရိုကလိုရစ် အက်စစ် ၂၀၂ ဒသမ ၁၉ ဂါလန်၊ ဆာလ်ဖျူရစ်အက်စစ် ၁၈၉ ဂါလန်၊ အီသာ ၅,၂၃၉ ဒသမ ၅ ဂါလန်၊ လိုင်ဇော ၅၃ ဂါလန်၊ အက်စီတုံးဂါလန် ၉၀၊ ကလိုရိုဖောင်းအရည် ၂၇ ဂါလန်၊ ဆိုဒီယမ်ကာဗွန်နိတ် အခဲ ၃၂၆ ကီလို၊ ဆိုဒါအက်ဆေးမှုန့် ၂၇၅ ကီလို၊ သိုင်အိုနိုင်း ကလိုရိုက်အရည် ၅စ်ဂါလန်၊ အရက်ပြန် ၂,၈၈၇ ဂါလန်၊ လက်နက်မျိုးစုံလေးလက်၊ ကျည်မျိုးစုံ ၁၂၅ တောင့်၊ လက်ပစ်ဗုံးသုံးလုံး၊ မြန်မာငွေကျပ် ၂၆၆,၁၆၅ နှင့် တရုတ်ငွေ ယွမ် ၁၂၊ တဲ ၃၁ လုံး၊ တရားခံ ၁၂ ယောက်၊ အလောင်း လေးလောင်းနှင့် အခြား ဆက်စပ်ပစ္စည်းမျိုးစုံ တို့ကိုလည်း ဖော်ထုတ်ဖမ်းဆီး ရမိသည်။

တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှု လုပ်ငန်းကို ဆောင်ရွက်လျက် ရှိသည်။ ဧန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တားဆီးနှိမ်နင်းခဲ့သော မူးယစ် ဆေးဝါး စုစုပေါင်းမှာ ဘိန်းဖြူ ၁,၇၂၈ မှုနှင့် ၂၇၃၅သမ ၁၉၂၇ ကီလို၊ ဘိန်း ၃၁၁ မှုနှင့် ၁,၄၄၅ ဒသမ ၁၉၀၇ ကီလို၊ ဆေးခြောက် ၇၅၈ မှုနှင့် ၂၇၄ ဒသမ ၂၈၂၈ ကီလို၊ အဆင့် နိမ့်ဘိန်း ၁၇၆ မှုနှင့် ၃၁၄ ဒသမ ၃၄၆၉ ကီလို၊ ဘိန်းဆီ ၃၇ မှုနှင့် ၃၃၂ ဒသမ ၄၉၅၇ ကီလို၊ ဘိန်းညို ၂၄ ဒသမ ၁ ကီလို၊ ဖင်ဆီဒိုင်း အမှု ၆၀ နှင့် ၂၇၄ ဒသမ ၆၅၄ လစ်တာ၊ စိတ်ကြွ ဆေးပြား ၄၉၇ မှုနှင့် ၂၈,၈၈၇,၅၁၄ ပြား၊ အက်ဖီဒရင်း အမှု ၉၀ နှင့် ၆,၄၈၅ ဒသမ ၁၆၃၈ ကီလို၊ ဘိန်းပါသောချောင်းဆိုးပျောက်ဆေးရည် ၄၂ မှုနှင့် ၅၅၅ ဒသမ၁၂၁ လစ်တာ၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ခြောက်မှုနှင့် ၁,၆၁၉ ဒသမ ၆ လစ်တာ၊ အခြားဓာတုဆေးရည် ၁၁ မှုနှင့် ၅၇,၀၁၈ ဒသမ ၇၈၅၆ လစ်တာ၊ ဓာတုဆေးမှုန့် ငါးမှုနှင့် ၁,၉၈၂ ဒသမ ၄၉၇၃ ကီလို၊ စိတ်ကြွဆေးပြား အကြေမှုန့် သုံးမှုနှင့် ၂၂ ဒသမ ၅၈၀၃ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသ မှု ခံယူရန် ပျက်ကွက်၍ အရေးယူမှု အမှု ၉၀၀၊ အခြားမူးယစ် ဆေးဝါးအမှု ၁၄၁ မှု၊ စုစုပေါင်း မူးယစ်ဆေးဝါး အမှု ၄,၇၆၅ မှုနှင့် တရားခံ (ကျား) ၅,၂၅၀ ဦး၊ တရားခံ (မ) ၁,၁၆၃ ဦး၊ စုစုပေါင်း တရားခံ ၆,၄၁၃ ဦး ဖြစ်သည်။

၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဘိန်းဖြူ ၁၉,၇၂၃ မှုနှင့် ၄,၃၉၈ ဒသမ ၅၀၃၁ ကီလို၊ ဘိန်း ၆,၉၃၂ မှုနှင့် ၂၉,၈၃၁ ဒသမ ၀၈၄၈ ကီလို၊ ဆေးခြောက် ၆,၇၁၆ မှုနှင့် ၆,၈၈၀ ဒသမ ၅၁၇၈ ကီလို၊ အဆင့်နိမ့်ဘိန်း ၅၃၅ မှုနှင့် ၉၃၂ ဒသမ ၃၉၄၃ ကီလို၊ ဘိန်းဆီ အမှု ၄၈၀ နှင့် ၆၅၆ ဒသမ ၃၄၃၁ ကီလို၊ ဘိန်းညို ၁၇ မှုနှင့် ၃၀၅ ဒသမ ၇၀၂၇ ကီလို၊ ဖင်ဆီဒိုင်း ၂,၃၄၂ မှုနှင့် ၃၄,၀၈၂ ဒသမ ၄၆၅၄ လစ်တာ၊ စိတ်ကြွဆေးပြား ၇၄၁ မှုနှင့် ၅၅,၈၄၉,၃၅၇ ပြား၊ အက်ဖီဒရင်း ၁၀၉ မှုနှင့် ၁၂,၇၂၄ ဒသမ ၂၈၅၉ ကီလို၊ ဘိန်းပါသော ချောင်းဆိုးပျောက်ဆေးရည် အမှု ၁၆၀ နှင့် ၁,၆၂၁ ဒသမ ၀၀၁ လစ်တာ၊ မူးယစ်ဆေးဝါး သုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု အမှု ၁၈,၂၄၀၊ အခြား မူးယစ်ဆေးဝါးအမှု ၂,၃၁၈၈ မှု၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၅၈,၇၀၇ မှု၊ တရားခံ (ကျား) ၆၅,၂၂၃ ဦး၊ တရားခံ (မ) ၁၂,၈၈၁ ဦး၊ စုစုပေါင်း တရားခံ ၇၈,၁၀၄ ဦး တို့ကို ဖမ်းဆီးအရေးယူခဲ့ပြီး ဖြစ်သည်။

မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

မူးယစ်ဆေးဝါးအနက် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၃ ကြိမ်မြောက်ဖျက်ဆီးသည့် အခမ်းအနားကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရဲရိပ်သာ၌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၊ ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ ဘိန်းဖြူညီလာခံ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် ပြည်တွင်းပြည်ပသတင်းစာ ဆရာများ ရှေ့မှောက်ရှိဘိန်းဆီ ၁၉ ဒသမ ၄၈၅ ကီလို၊ ဘိန်းရည် ၂၈ ဒသမ ၆၄၂ ကီလို၊ ဖင်ဆီဒိုင်း ၁,၄၄၃ ဒသမ ၈၆၁ လစ်တာ၊ အက်ဖီဒရင်း ၄၁၆ ဒသမ ၉၆၃ ကီလိုနှင့် ဘိန်းပါသော ချောင်းဆိုးပျောက်ဆေးရည် ၁၆၅ ဒသမ ၇၅၅ လစ်တာတို့ကို လမ်းကြိတ်စက်များဖြင့်ကြိတ်၍ ဖျက်ဆီးပြသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ဌာနချုပ် အတွင်းရေးမှူးချုပ်ရုံး မှ ညွှန်ကြားရေးမှူး၊ ထိုင်းနိုင်ငံ ဘန်ကောက် ဗျူရိုရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ ကိုယ်စားလှယ်၊ စတုတ္ထ အကြိမ် အပြည်ပြည်ဆိုင်ရာ ဘိန်းဖြူညီလာခံသို့ တက်ရောက်လာသည့် နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ နာယက လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံတမန်များသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ဓာတုဗေဒ နည်းဖြင့် စမ်းသပ်ကြည့်ရှုကြပြီး မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ဌာနချုပ် အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးဗျူရိုမှ ရဲဗိုလ်ချုပ်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတ နိုင်ငံ သံအမတ်ကြီးနှင့် မလေးရှားနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးတို့က စက်ခလုတ်များ အသီးသီးနှိပ်၍ ဘိန်းဖြူ ၄၃၁ ဒသမ ၂၅၄ ကီလို၊ ဘိန်း ၄,၀၂၃ ဒသမ ၄၆၄ ကီလို၊ ဘိန်းညိုမှုန့် ၃၃

ဒသမ ၉၄၅ ကီလို၊ ဆေးခြောက် ၁၆၂ ဒသမ ၈၇၈ ကီလို၊ စိတ်ကြွဆေးပြား ၁၅,၄၄၆,၅၂၀ ပြား၊ ဘိန်းပါသော ချောင်းဆိုးပျောက်ဆေးပြား ၁၅,၂၄၀ ပြား၊ မက်သာကွာလုံးဆေးပြား၁၄၇ ပြား၊တို့ကိုမီးရှို့ဖျက်ဆီးသည်။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်အထိ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ၁၃ ကြိမ် ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၃,၂၉၂ ဒသမ ၂၄၁ ကီလို၊ ဘိန်း ၂၀,၅၂၃ဒသမ ၅၈၁ ကီလို၊ ဘိန်းဆီ ၁၃၇ ဒသမ ၈၂၁ ကီလို၊ ဘိန်းရည် ၁၅၉ ဒသမ ၈၃၈ ကီလို၊ ဘိန်းညို ၁၉၂ ဒသမ ၄၆၉ ကီလို၊ ဆေးခြောက် ၄,၅၄၈ ဒသမ ၂၆၀ ကီလို၊ ဖင်ဆီဒိုင်း ၂၉,၅၆၉ ဒသမ ၄၁၀ လစ်တာ၊ ဘိန်းပါသော ချောင်းဆိုး ပျောက်ဆေးရည် ၁,၁၀၇ ဒသမ ၉၅၀ လစ်တာ၊ ဘိန်းအာနိ သင်ပါသော ထိုးဆေး ၁,၄၀၅ ပုလင်း၊ စိတ်ကြွဆေးပြား ၂၃,၅၇၄,၃၈၄ ပြား၊ အဆင့်နိမ့်ဘိန်း ၂၀ ဒသမ ၉၅ ကီလို၊ ဘိန်းပါသော ချောင်းဆိုးပျောက်ဆေးပြား ၂၀,၀၈၅ ပြား၊ အက်ဖီဒရင်း ၄၁၆ ဒသမ ၉၆၃ ကီလို၊ မက်သာကွာလုံး ဆေးပြား ၈၉၇ ပြား၊တို့ကိုဖျက်ဆီးပြီး ဖြစ်သည်။

စိုးအောင်

မျိုးညွှန့်၊ ဦး (ခရစ် ၁၉၃၈–၁၉၉၉)။ ။ဦးမျိုးညွှန့်ကို ဖခင်သိဟဗလ ဦးသော်ဇင် (နိုင်ငံဂုဏ်ရည် ဒုတိယဆင့်)၊ မိခင် ဒေါ်ဖွားရီတို့က ၁၉၃၈ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့၌ သထုံမြို့တွင် ဖွားမြင်သည်။



မြန်မာနိုင်ငံ
အလေးမအဖွဲ့ချုပ်
ဥက္ကဋ္ဌ ဦးမျိုးညွှန့်

ဦးမျိုးညွှန့်သည် ငယ်စဉ် သုံးနှစ်သား အရွယ်မှစ၍ ဖခင်ထံတွင် အလေးမနည်းစနစ်ကို စတင်သင်ယူသည်။ အသက် ၁၀ နှစ်အရွယ်တွင် ၁၉၄၈ ခုနှစ် ၁၄ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး ရန်ပုံငွေရှာသည့်ပွဲ၌ ဖခင်၏အလေးမနည်း စနစ်ပိုင်းဆိုင်ရာစွမ်းရည်များကို ပြသသည်။

ဦးမျိုးညွှန့်သည် အသက်၁၆နှစ်အရွယ်၌ စမ်းချောင်းမြို့နယ် အလေးမပြိုင်ပွဲ ၅၂ ကီလိုတန်းတွင် ပထမဆုကို လည်းကောင်း၊ ၁၉၅၇ ခုနှစ်၌ အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ၅၂ ကီလိုတန်းတွင် ပထမဆုကို လည်းကောင်း၊ ၁၉၅၉ ခုနှစ်ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲနှင့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ ၅၂ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ဒုတိယဆုများကို လည်းကောင်း ဆွတ်ခူးရရှိသည်။

ဦးမျိုးညွှန့်သည် ၁၉၆၃ ခုနှစ်တွင် တပ်မတော်(ရေ) သို့ စတင်ဝင်ရောက်အမှုထမ်းသည်။ တပ်မတော်(ရေ) အလေးမအားကစားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သည်။ တပ်မတော် (ရေ)တွင် ဗိုလ်မှူးအဆင့်အထိ တာဝန်ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်မှ၁၉၇၇ ခုနှစ်အထိ မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ် အမှုဆောင်ဥက္ကဋ္ဌတာဝန်အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အတွင်းရေးမှူးအဖြစ်လည်းကောင်း ၁၉၉၁ ခုနှစ်မှကွယ်လွန်ချိန်အထိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူ ဆောင်ရွက်သည်။

ဦးမျိုးညွှန့်သည် ၁၉၉၇ ခုနှစ်၊ ၁၁ ကြိမ်မြောက် အမျိုးသမီး ကမ္ဘာ့အလေးမ တံခွန်စိုက်ပြိုင်ပွဲတွင် ရွေးတံဆိပ် နှစ်ဆုအပါအဝင် အသင်းလိုက် ဒုတိယရရှိခဲ့သည့် မြန်မာအမျိုးသမီးအလေးမအဖွဲ့၊ ၁၉၉၇ ခုနှစ် ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အလေးမပြိုင်ပွဲတွင် ရွေးတံဆိပ်သုံးဆုအပါအဝင် နိုင်ငံအလိုက် ဒုတိယအဆင့်ရရှိခဲ့သည့် မြန်မာအမျိုးသမီးအလေးမအဖွဲ့၊ ၁၉၉၈ ခုနှစ် ၁၃ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အလေးမပြိုင်ပွဲတွင် အသင်းလိုက်ဒုတိယနှင့် ၁၁ ကြိမ်မြောက် အာရှအမျိုးသမီးတံခွန်စိုက် အလေးမပြိုင်ပွဲတွင် ရွေးတံဆိပ်တစ်ဆုအပါအဝင် အသင်းလိုက် ဒုတိယတံခွန်စိုက်ဆု ရရှိခဲ့သည့် မြန်မာအမျိုးသမီးအလေးမအဖွဲ့များအား စည်းရုံးစုစည်းပျိုးထောင် သင်ကြားပြသပေးခဲ့သော မြန်မာ့ဂုဏ်ဆောင်အားကစား စွမ်းဆောင်ရှင်တစ်ဦး ဖြစ်သည်။

ဦးမျိုးညွှန့်သည် မြန်မာ့အလေးမလောကနှင့် နိုင်ငံတကာအလေးမလောကတို့ကို ပေါင်းကူးဆက်သွယ်ပေးနိုင်ခြင်း၊ အလေးမအားကစားကို ဘဝတစ်လျှောက်တစိုက်

မတ်မတ်ကြီးပမ်းဆောင်ရွက်ခြင်းတို့ကြောင့် ၁၉၉၄ ခုနှစ်တွင် အာရှအလေးမအဖွဲ့ချုပ်က ဦးမျိုးညွှန့်အား စင်ကာပူနိုင်ငံသို့ ဖိတ်ကြားကာ ဂုဏ်ထူးဆောင်ငွေတံဆိပ်ဆုချီးမြှင့်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အ ပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီက မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ တစ်ဆင့် ဦးမျိုးညွှန့်ကို အားကစားဂုဏ်ထူးဆောင်ဆု (Sports Ethics 1998 -ce) ချီးမြှင့်အပ်နှင်းသည်။

ဦးမျိုးညွှန့်သည်၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပသော အာရှအလေးမအဖွဲ့ချုပ် ရွေးချယ်တင်မြှောက်ပွဲ အခြေခံဖွဲ့စည်းပုံနှင့်စည်းမျဉ်းပြင်ဆင်ရေးညီလာခံ၌ အာရှအလေးမအဖွဲ့ချုပ် စည်းမျဉ်း ကော်မတီအဖွဲ့ဝင် (Rules Committee Member) အဖြစ် လည်းကောင်း၊ ထိုင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အင်ဒိုနီးရှားတို့တွင် ကျင်းပသော အာရှအားကစားပြိုင်ပွဲကြီးငါးခု၌ ဂျူရီအဖွဲ့ဝင်အဖြစ် လည်းကောင်း တာဝန်ကျပွန်စွာထမ်းဆောင်ခဲ့ရာ အာရှအလေးမအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် ဒီပလိုမာကို ရရှိသည်။

ဦးမျိုးညွှန့်သည် ပြည်သူ့လွတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်တာဝန်၊ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး (၁) တာဝန်၊နှစ်စဉ်ကျင်းပသည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးတာဝန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်အဝေးကျင်းပရေး အစည်းအဝေးအစီအစဉ်၊ စာတမ်း၊ မှတ်တမ်းနှင့်ဆုံးဖြတ်ချက်များပြုစုရေး ဆပ်ကော်မတီ အတွင်းရေးမှူးတာဝန်၊ မြန်မာ့အလေးမအားကစားတာဝန်၊ ရန်ကုန်တက္ကသိုလ် စနရတုအထမ်းအမှတ်နေ့ ကျောင်းသားများကော်မတီဥက္ကဋ္ဌ တာဝန်စသည့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို စွမ်းစွမ်းတမံထမ်းဆောင်ခြင်းကြောင့် ၁၉၉၃ ခုနှစ်တွင် နိုင်ငံတော်ကချီးမြှင့်သော စီမံထူးချွန်တံဆိပ် (ပထမဆင့်) ကို ရရှိသည်။

ဦးမျိုးညွှန့်သည် ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့၌ ရန်ကုန်မြို့တွင်ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မြင့်မြင့်အေးနှင့် သမီးတစ်ယောက်၊ သားနှစ်ယောက်၊ မြေးတစ်ယောက် ကျန်ရစ်သည်။



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွှန့်က စာပေဆုရှင်တစ်ဦးအား ဆုချီးမြှင့်စဉ်

မြန်မာနိုင်ငံ စာပေဆုများ။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူ့အကျိုးပြုစာပေများ ထွန်းကားရေးကို ရှေးရှုပြီး အရည်အသွေးပြည့်မီသည့် စာပေများကို ရွေးချယ်ကာ နှစ်စဉ် စာပေဆုများကို ချီးမြှင့်လျက်ရှိသည်။

ထိုသို့စာပေဆုများကို ချီးမြှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနသည် အမျိုးသားစာပေဆု စိစစ် ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းလျက် ၁၉၉၈ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်များကို အမျိုးသားစာပေဆု စိစစ် ရွေးချယ်ရေးမှူ (၉) ချက်နှင့် အမျိုးသား စာပေဆုစည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်ခဲ့သည်။

၁၉၉၈ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ချီးမြှင့်သည့်ဆုပေးပွဲအခမ်းအနားကို ၁၃၆၁ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့) ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ယင်းဆုပေးပွဲ အခမ်းအနား သို့နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရား သူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်များ၊ စာပေဗိမာန်စာပေဆု စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဆုရပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကား ပြောကြား ပြီး ၁၉၉၈ ခုနှစ်အတွက် အမျိုးသား စာပေဆုရရှိသည့် ပုဂ္ဂိုလ်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၁၉၉၈ ခုနှစ်အတွင်းထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၆၁၀ အုပ်ကို အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၄ မျိုးအလိုက် စိစစ်လေ့လာဖတ်ရှုခဲ့သည်။ အမျိုးသားစာပေဆုချီးမြှင့်ရန် သတ်မှတ်ထားသည့်ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ စာပဒေသာဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု၊ လူငယ်စာပေဆု၊ ဘာသာပြန် (သုတ) စာပေဆု၊ သုတပဒေသာ (ဝိဇ္ဇာ) စာပေဆုနှင့် သုတပဒေသာ (အသုံးချသိပ္ပံ) စာပေဆုစသဖြင့် စုစုပေါင်း ဘာသာရပ် ၉ မျိုးအတွက် အမျိုးသားစာပေဆုများ ရွေးချယ်ခဲ့သည်။ ၁၉၉၈ ခုနှစ်အတွက် ဆုချီးမြှင့်ရန် ရွေးချယ်ခြင်း မပြုနိုင်သောဘာသာရပ် ၅ မျိုးမှာ ပြဇာတ်စာပေ၊ ကလေးစာပေ၊ ဘာသာပြန် (ရသ) စာပေ၊ သုတပဒေသာ (သိပ္ပံ) စာပေနှင့် နိုင်ငံရေးစာပေများဖြစ်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရပြန်ကြားရေးဝန်ကြီးဌာနသည် စာပေဗိမာန်စာမူဆုများကို ၁၉၆၆ ခုနှစ်မှ စတင်ပြီး ချီးမြှင့်လာခဲ့သည်။ ၁၉၉၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးဆိုင်ရာ မူ (၉) ချက်နှင့်အညီ စိစစ်ရွေးချယ်ခဲ့သည်။

၁၉၉၈ ခုနှစ် စာပေဗိမာန်စာမူဆုအတွက်သတ်မှတ်ထားသောဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ပြဇာတ်စာပေဆု၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ဆု၊ သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)ဆု၊ စာပဒေသာဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု၊ လူငယ်စာပေဆုနှင့် ဘာသာပြန်စာပေဆု စသဖြင့် စုစုပေါင်း ဘာသာရပ် ၉ မျိုးအတွက် စာပေဗိမာန်စာမူဆုများကို ပထမဆု ၈ ဆု၊ ဒုတိယဆု ၈ ဆု၊ တတိယဆု ၈ ဆု ရွေးချယ်ချီးမြှင့်နိုင်ခဲ့သည်။ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့သည် ၁၉၉၈ ခုနှစ်အတွက် ပြိုင်ပွဲဝင်စာမူပေါင်း ၁၉၄ စောင်ကို စိစစ်ဖတ်ရှုပြီးမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများ တင်သွင်းယှဉ်ပြိုင်ကြသော်လည်း ဝတ္ထုရှည်၊ ကလေးစာပေနှင့် နိုင်ငံရေးစာပေများမှာ အရည်အသွေး မမီခြင်း၊ အကြောင်းအရာထူးခြားလေးနက်မှု မရှိခြင်း၊ သတ်မှတ်ထားသောမူဝါဒများနှင့်ကိုက်ညီမှုမရှိခြင်းတို့ကြောင့် ဆုရွေးချယ်ချီးမြှင့်နိုင်ခြင်းမရှိပေ။

၁၉၉၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူများအား ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေကလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က လည်းကောင်း၊ တရားသူကြီးချုပ် ဦးအောင်တိုးက

လည်းကောင်း၊ ရွှေနေချုပ်ဦးသာထွန်းက လည်းကောင်း၊ စာရင်းစစ်ချုပ် ဗိုလ်မှူးချုပ် တင်အေးက လည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကိုလေး က လည်းကောင်း ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

၁၉၉၈ ခုနှစ်အတွက် သတ်မှတ်ထားသော စာပေဘာသာရပ်အလိုက် ဆုချီးမြှင့် ရွေးချယ်ခြင်း ခံရသော အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

၁၉၉၈ ခုနှစ် အမျိုးသားစာပေဆု

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁	ဝတ္ထုရှည်	ချောင်းရေယဉ်လျှမ်းပါလို့လမ်းမသိပါပြီ	နန္ဒာစိုး (ဆင်ဖြူကျွန်း)
၂	ဝတ္ထုတိုပေါင်းချုပ်	ခယောင်းမြေမှာပန်းတွေကမွေး	နေမျိုးသန့်
၃	ကဗျာပေါင်းချုပ်	ခယောင်းလမ်းနှင့်ပန်းသပြေကဗျာများ	မြင့်မှမောင်နိုင်မိုး
၄	စာပဒေသာ	ကင်းဝန်ခြေရာလိုက်၍သာ	ဝဏ္ဏကျော်ထင်ဦးသက်ထွန်း
၅	မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ	ဆူးလေစေတီတော်သမိုင်း	ဦးအေးချို (မဟာဝိဇ္ဇာ)
၆	လူငယ်စာပေ	မြန်မာပြည်ကနားဆွဲလေး	စုမြတ်ကို
၇	ဘာသာပြန် (သုတ)	နေဝင်ဘုရင်များ	ကျော်အောင်
၈	သုတပဒေသာ (ဝိဇ္ဇာ)	ကောင်းကင်မာက်ပုံများမှမြန်မာ့ရွေးကောက်ပွဲတော်များ	ဦးအောင်မြင့်
၉	သုတပဒေသာ (အသုံးချသိပ္ပံ)	ရောဂါကင်းဝေးသက်ရှည်ရေး	ဒေါက်တာကိုကို

၁၉၉၈ ခုနှစ် စာပေဗိမာန်စာမူဆု

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁	ဝတ္ထုတိုပေါင်းချုပ် (ပထမဆု) ဝတ္ထုတိုပေါင်းချုပ် (ဒုတိယဆု) ဝတ္ထုတိုပေါင်းချုပ် (တတိယဆု)	မေတ္တာဖြင့်သာအနိုင်ယူ ပါနှင့်အခြားဝတ္ထုတိုများ ဖိုးထောင်ကား:စိုးနိုင်ပြိုနှင့်အခြားဝတ္ထုတိုများ ဆင်သမား:ဝတ္ထုတိုများ	ကိုမျိုး (ဇလပ်မြေ) ကယား:မောင် (လွိုင်ကော်) ယောနက ဘိုးထောင်
၂	ကဗျာပေါင်းချုပ် (ပထမဆု) ကဗျာပေါင်းချုပ် (ဒုတိယဆု) ကဗျာပေါင်းချုပ် (တတိယဆု)	ပွင့်သစ်မြအလှဥယျာဉ်ကဗျာများ မြစ်တစ်စင်းရဲ့ချစ်ခြင်း:ကဗျာ ပန်းတစ်ထောင်ရဲ့ဝတ်ရည်အိမ်ကဗျာများ	မောင်လွန်းမြိုင် (ပင်လယ်ဘူး) ရဲရင့်ရွှန် မောင်အုန်းသောင်း (မကွေး)
၃	ပြဇာတ်စာပေဆု (ဒုတိယဆု) ပြဇာတ်စာပေဆု (တတိယဆု)	အနုပညာအလှပြဇာတ်များ:ရာမာယဏဇာတ်	ဧင်မင်း (သမိန်ထော) တင်ထွန်းဦး (ယဉ်ကျေးမှု)
၄	သုတပဒေသာ (ဝိဇ္ဇာပညာရပ်) (ပထမဆု) သုတပဒေသာ (ဝိဇ္ဇာပညာရပ်) (ဒုတိယဆု) သုတပဒေသာ (ဝိဇ္ဇာပညာရပ်) (တတိယဆု)	ကာတွန်းရုပ်ရှင်၏မူလဇာစ်မြစ်နှင့်ဖန်တီးမှုအဆင့်ဆင့် မြန်မာနိုင်ငံမီးသတ်သမိုင်းနှင့်အခြေခံမီးသတ်ပညာ မြန်မာ့ဟင်း:စားကြက်	မိုးဇော်စိုး (ယဉ်ကျေးမှုတက္ကသိုလ်) အောင်စိုးဝင်း အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)
၅	သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) (ပထမဆု) သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) (ဒုတိယဆု) သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) (တတိယဆု)	သန်းရှစ်ဆယ်ဖြစ်လာခဲ့လျှင် မြန်မာ့ကော်ဖီ ကျိုး(နှံ) Gene နှင့်မိတ်ဆက်ခြင်း:	အောင်စိုး (စိုက်ပျိုး-၁၀၇) မေမြို့ ချစ်ဆွေ ဒေါက်တာအေးကျော် (ဆေးသုတေသန)
၆	စာပဒေသာဆု (ပထမဆု)	သူနှင့်သူ့အလှ	မောင်ကျော်ရှင်း

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
	စာပဒေသာဆု (ဒုတိယဆု)	ပီတိလွမ်းခြိန်	မြင့်သူရ
	စာပဒေသာဆု (တတိယဆု)	မေတ္တာမိုးဖြင့် ပျိုးသောပန်း	မောင်မောင်ချစ်ဦး(မုံရွာ)
၇	မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆု (ပထမဆု)	ယဉ်ကျေးမှုရေးရာ ၁၀ နှစ်တာ	ဦးစန်း (ရေးဟောင်း သုတေသန)
	မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆု (ဒုတိယဆု)	သဘာဝသာတဲ့ မောင်တို့မြေ	လွင်ဦး
	မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆု (တတိယဆု)	မြန်မာ့အလှ ဂီတအမွေ	ရွှေကူနန်းခွဲ.ခွဲ.
၈	လူငယ်စာပေဆု (ပထမဆု)	မြစိမ်းရောင်ပုံရိပ်များ	မောင်ခိုင်ခန့်.
	လူငယ်စာပေဆု (ဒုတိယဆု)	မေတ္တာရနံ့မွှေးလေသော် နှင့် အခြားဝတ္ထုတိုများ	မောင်ကြည်မော် (စကု)
	လူငယ်စာပေဆု (တတိယဆု)	ထီးကလေးဆောင်းတဲ့ညနှင့် အခြားလူငယ်ဝတ္ထုတိုများ	စိုးတင့်ထူး (မအူပင်)
၉	ဘာသာပြန်စာပေဆု (ပထမဆု)	ဆွစ်မိသားစု၏ ရောဘင်ဆင်လိုဘပ	မောင်ဝင့်သူ

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၉၉ ခုနှစ်အတွင်း တိုးတက်ဖြစ်ပေါ်ခဲ့သည့်ထင်ရှားသော အကြောင်းရပ်အချို့ကို အောက်ပါ အတိုင်းဖော်ပြပါသည်။

နိုင်ငံခြားဆက်ဆံရေး– ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် တို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ အဗ္ဒုရာမန်ဝါဟစ်နှင့် ဇနီးမဒမ်စင်တာနရီယာ မဗ္ဗဒူရာမန် ဝါဟစ်တို့ ခေါင်းဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံသို့ တစ်နေ့တာ ချစ်ကြည်ရေးခရီးလာရောက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာချွန်လီပိုင်၏ ဖိတ်ကြားချက်အရ မတ်လ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုးဇက်အီဟာစီတို အာက်စ်ထရာဒါးနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၂၇ ရက်နေ့မှ ၂၉ ရက် နေ့အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ သွားရောက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့တွင် နိုဝင်ဘာလ ၂၈ ရက်နေ့က ကျင်းပသော တတိယအကြိမ် အာဆီယံထိပ်သီး အလွတ်သဘောအစည်းအဝေး ကြိုဆိုပွဲအခမ်းအနား၊ တတိယအကြိမ် အာဆီယံထိပ်သီး အလွတ်သဘော အစည်းအဝေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံတော် အကြီးအကဲများ၊ အစိုးရအကြီးအကဲများ၏ အစည်းအဝေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏အစည်းအဝေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအကြီးအကဲများနှင့် ဂျပန် နိုင်ငံဝန်ကြီးချုပ်တို့၏ အစည်းအဝေး၊အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအကြီးအကဲများ နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့၏ အစည်းအဝေးများသို့ တက်ရောက်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာကိုင်ဇိုအိုဘူချီ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာကင်ဒေးဂျုံတို့နှင့်သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များအပေါ်ဆွေးနွေးသည်။ တတိယအကြိမ်အာဆီယံ ထိပ်သီး အလွတ်သဘော အစည်းအဝေး

အတွင်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်များ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား အရှေ့အာရှသုံးနိုင်ငံတို့က ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခွင့်ရရှိပြီး မြန်မာနိုင်ငံ အကျိုးစီးပွားများကို များစွာဖော်ဆောင်နိုင်၍ မြန်မာနိုင်ငံနှင့် အခြား ၁၂နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲအောင် တည်ဆောက်နိုင်သည့် ရလဒ်ကောင်းများ ရရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော လီဒါးစ်မဂ္ဂဇင်းအယ်ဒီတာချုပ် (Mr. Henry Dormann) အား ဇန်နဝါရီလ ၈ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့် ကြည်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး (Surayud Chulanont) နှင့်အဖွဲ့ဝင် များအား ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံမှ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာ လီယွတ်ဆွမ်၊ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာဘိုတန်နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဌာနဝန်ကြီးမစ္စတာ လင်မ်ဟင်ကင်းတို့ ဦးဆောင်သော အဆင့်မြင့်စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင်ချစ်ကြည်ရေး ခရီးအလည် အပတ်ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်မှူးချုပ် လီရှန်လွန်းနှင့် အဖွဲ့ဝင်များ အား မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင်ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဘီချိုင်းရာတာကူးလ်နှင့် အဖွဲ့ဝင်များအား ဇူလိုင်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ စူရင်ပစ်နှင့်အဖွဲ့ဝင်များအား သြဂုတ်လ ၂၄ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင်ရောက်ရှိနေသော မလေးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (General Tan Sri Dato' Seri Mohd Zahidi Bin Hj Zainuddin) နှင့်အဖွဲ့ဝင်များအား စက်တင်ဘာလ ၅ ရက် နေ့တွင်လည်းကောင်း အသီးသီးလက်ခံတွေ့ဆုံသည်။

မုတ်သုံဓာတ်ပုံပြိုင်ပွဲနှင့် မြန်မာ့မြင်ကွင်း (၁၉၉၉) ဓာတ်ပုံပြပွဲ – မုတ်သုံဓာတ်ပုံပြိုင်ပွဲနှင့် မြန်မာမြင်ကွင်း (၁၉၉၉) ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ သြဂုတ်လ ၂၅ ရက်နေ့မှ စက်တင်ဘာလ ၅ ရက်နေ့အထိ ပြသသည်။ ပြပွဲတွင် ဗဟိုပြကွက်နှင့် အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုလုပ်ရှားမှုများ၊ ကူးလူးဆက်ဆံ အာဆီယံ၊ ပြည်သူ့အကျိုးပြုလုပ်ရှားမှုများ၊ တည်ဆောက်ပြုပြင် မြန်ပြည်တစ်ခွင်၊ ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်၊ ပြည်တွင်းပြည်ပ ဆုရဓာတ်ပုံများ၊ မုတ်သုံဓာတ်ပုံပြိုင်ပွဲဆုရနှင့် ပြိုင်ပွဲဝင် ဓာတ်ပုံများ၊ စက်မှုစွမ်းအားခေတ်ကျော်လွှား၊ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား၊ ရတနာသစ်တော ပြည့်သွေးကြော၊ ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်၊ စီးပွားကူးသန်း ရှေ့သိုလှမ်း၊ စွမ်းရည်မြင့်မားတို့ကြိုးစား၊ မြတ်နိုးဖွယ်ရာယဉ်ကျေးမှုအနုပညာ၊ ထိန်းသိမ်းစို့လေဒို့အမွေ၊ သာသနာရောင်ဝါထွန်းချိန်ခါ၊ မြတ်ဘုရား၌တိုက်၊ လမြတ်ဝါဆို၊ မြန်မာထမင်းဝိုင်း၊ ဖူးပွင့် ဝေဆာပန်းကမ္ဘာ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေး၊ ဓာတ်ပုံပညာရှင်များ၏ လက်စွမ်းပြ စသည့်ပြကွက်များဖြင့် ဓာတ်ပုံများကို ခမ်းနားလှပစွာ ပြသထားသည်။ မုတ်သုံဓာတ်ပုံပြိုင်ပွဲကို "သာယာရှုခင်းတို့ပြည်တွင်း" ခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ဓာတ်ပုံပညာရှင် ၁၁၈ဦးက ရောင်စုံဓာတ်ပုံ ၂၈၄ ပုံ ပေးပို့ယှဉ်ပြိုင်သည်။ မုတ်သုံဓာတ်ပုံပြိုင်ပွဲပထမဆုရ ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)၊ ဒုတိယဆုရ မင်းဇာနည်ဇော်နှင့် တတိယဆုရ ရွှေအင်းသား ခင်မောင်ဝင်း၊ အထူးဆုရ မောင်ထင်အောင်၊ ချစ်စရာ (ရန်ကင်း)၊ တက္ကသိုလ်ဟန်မင်းဦး၊ ခင်မောင်ဝင်းနှင့် သန်းအောင် (ပြန်/ဆက်) တို့အား မုတ်သုံဓာတ်ပုံပြိုင်ပွဲနှင့် မြန်မာမြင်ကွင်း (၁၉၉၉) ဓာတ်ပုံပြပွဲ ဖွင့်ပွဲတွင် ဆုများချီးမြှင့်ပေးအပ်သည်။


ရွှေဟောင်းလက်ဝတ်ရတနာများနှင့်အနုပညာလက်ရာမြောက်ရွှေဟောင်းပစ္စည်းများပြပွဲ– ရွှေဟောင်းလက်ဝတ်ရတနာများနှင့် အနုပညာလက်ရာမြောက် ရွှေဟောင်းပစ္စည်းများ ပြပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ စက်တင်ဘာလ ၇ ရက်နေ့မှ ၁၂ ရက် နေ့အထိ ပြသသည်။ ပြပွဲတွင် ကြေးခေတ်(၁၀၀၀ ဘီစီခန့်)က အိုးပုတီး၊ ကျောက်ပုတီး၊ ခရုပုတီး၊ ကျောက်လက်ကောက်များ၊ ပျူခေတ်၊

ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်တို့မှ ရွှေငွေ လက်ဝတ်ရတနာများ၊ ကျောက်နှင့် ပယင်းပုတီးများ၊ ဒဂီးများ၊ အနုပညာလက်ရာမြောက်သော ရှေးဟောင်းပစ္စည်းများ၊ ထူးခြားသော ယွန်းထည်ပစ္စည်းများကို ပြသထား သည်။ ယဉ်ကျေးမှု တိုးတက်စကာလ ကြေးခေတ် လူတို့ပြုလုပ်ဝတ်ဆင်ခဲ့ကြသည့် အရိုးပုတီးများ၊ မြေပုတီးများ၊ ကျောက်ပုတီးများနှင့် ကျောက်ကွင်းများ မှာ စိတ်ဝင်စားဖွယ် ကောင်းသည်။ ပျူခေတ်ရွှေနဂါးခေါင်း လက်ကပ်၊ လက်ကောက်၊ လက်စွပ် အမျိုးမျိုးနှင့် ကျောက်စိမ်းအရုပ်ပုတီးများမှာ လက်ရာထူးခြားလှသည်။ ပုဂံခေတ် ရွှေအုန်းဖူးဆွဲကြိုး၊ ရွှေကွင်းဆက်ဆွဲကြိုး နှင့် ငွေခါးပတ်တို့မှာ ပုဂံခေတ် ပန်းတိမ်ဆရာတို့၏ ပြောင်မြောက်သည့် လက်ရာပစ္စည်းများ ဖြစ်သည်။ အင်းဝခေတ် ရွှေနားတောင်းများနှင့် ကုန်းဘောင်ခေတ် ရွှေနော်ဇာကုံး၊ ရတနာပုံခေတ် ဒေါင်းဘယက်တို့မှာ ချီးကျူးအံ့သြရမည့် လက်ရာများဖြစ်ပြီး အနုပညာလက်ရာမြောက်စွာ ပြုလုပ်ထား သည့် ရှေးဟောင်း ပစ္စည်းများကို စီစဉ်ခင်းကျင်း ပြသထား သည်။

လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ – သံလွင်တံတား (တာဆန်း) ဖွင့်ပွဲကို တံတားအနီးရှိမင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသည်။ သံလွင်တံတား (တာဆန်း) သည် နမ့်စန်၊ မိုးနဲ၊ လင်းခေး၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဆတ်ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး မိုင်းပန်၊ မိုင်းတုံဆက်သွယ်ထား သည့် ဘေလီကြိုးတံတား ဖြစ်သည်။ တံတားအရှည်ပေ ၉၀၀၊ အကျယ်၁၆ ပေ ငါးလက်မ၊ တံတားခံနိုင်ဝန်အား ၃၆ တန်ရှိသည်။ တံတား တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၈ သန်း အပါအဝင် ကျပ်သိန်းပေါင်း ၂,၅၀၀ ကျော် ကုန်ကျသည်။

ချင်းရွှေဟော်၊ လောက်ကိုင်လမ်းနှင့် ချမ်းမြေ့တံတား ဖွင့်ပွဲကို လောက်ကိုင်မြို့ရှိ ချမ်းမြေ့တံတားသစ်၌ မတ်လ ၁၁ ရက် နေ့တွင်ကျင်းပသည်။ ချင်းရွှေဟော်၊ လောက်ကိုင်လမ်းမှာ အရှည်၂၁ ဒသမ ၂ မိုင်ရှိပြီး ကတ္တရာခင်းလမ်းဖြစ်သည်။ ချမ်းမြေ့တံတားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ချဉ်းကပ်လမ်း အပါအဝင် တံတားအရှည်မီတာ ၁၈၀၊ တံတားအကျယ် ရှစ်မီတာ ရှိသည်။

ငမိုးရိပ်တံတား (သဃ်န်းကျွန်း) ဖွင့်ပွဲကို တံတားသစ် မုခ်ဦးထိပ်မင်္ဂလာမဏ္ဍပ်၌ မတ်လ ၁၉ ရက်နေ့တွင်ကျင်းပ သည်။ ငမိုးရိပ်တံတား (သဃ်န်းကျွန်း) သည် ရန်ကုန်မြို့အဝင် အမှတ် ၂ လမ်းမကြီးပေါ်တွင် တည်



သံလွင်တံတား (တာဆန်း) ဖွင့်ပွဲအခမ်းအနား

ရှိပြီး သယံဇာန်းကျွန်းမြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်၊ မြောက်) အကြား ငမိုးရိပ်ချောင်းကို ဖြတ်ကူးတည်ဆောက်ထားခြင်းဖြစ်သည်။ တံတား:အရှည် ပေ ၇၀၀ ၊ ယာဉ်သွား:လမ်းအကျယ် ၇၂ ပေ၊ ခြောက်လမ်းသွား လမ်းဖြစ်ပြီး တံတား:၏ ဝဲယာတစ်ဖက် တစ်ချက်တွင် ခြောက်ပေအကျယ် လူသွားလမ်း ပါရှိသည်။

ကျိုင်းမြစ်ကူး ကျိုင်း (ဇာသပြင်) တံတား:ဖွင့်ပွဲကို ဘား:အံ့ ဘက်ခြမ်း ကျိုင်း (ဇာသပြင်) တံတား:အနီး:ရှိ မဂ်လာမင်္ဂလာပ် ၌ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပသည်။ ကျိုင်း (ဇာသပြင်) တံတား:ကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဆက်သွယ်ရေး လွယ်ကူစေရန် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတား အမျိုး:အစား:မှာ သံမဏိကြိုး:တံတား:အမျိုး:အစား:ဖြစ်ပြီး အရှည်ပေ၁,၉၀၀၊ ယာဉ်သွား:လမ်း:အကျယ် ၂၄ ပေခြောက် လက်မ၊ တံတား:အောက် ရေလမ်း ကင်း:လွတ်နယ်အကျယ်ပေ ၇၅၀၊ အမြင့်ပေ ၄၀ ရှိသည်။ တံတား:ပေါ်တွင် အလေးချိန် ၄၅ တန်ရှိ ယာဉ်များ ဖြတ်သန်း:အသုံး:ပြုနိုင်သည်။

ကျောင်ဆည်မြို့ ကျောက်ဆည်၊ တံတား:ဦး:လမ်း:မကြီးရှိ ဇော်ဂျီမြစ်ကူး:တံတား:ချဉ်း:ကပ်လမ်း:ဖွင့်ပွဲကို လမ်း:သစ်ထိပ်မှခဉီး:၌လည်း:ကောင်း၊ ဇော်ဂျီမြစ်ကူး:တံတား:ဖွင့်ပွဲကို တံတား: ထိပ်၌လည်း:ကောင်း၊ ဧပြီလ ၁၅ ရက်နေ့တွင် ကျင်းပသည်။ ဇော်ဂျီမြစ်ကူး:တံတား:မှာ အရှည်ပေ ၁၆၀၊ အကျယ် ၂၄ ပေ ရှိပြီး တစ်ဖက်ရှစ်ပေစီရှိ လူသွား:လမ်း ပါရှိသည်။ တံတား:၏ ခံနိုင်ဝန်အား:မှာ ၃၆ တန်ဖြစ်ပြီး တံတား: တည်ဆောက်မှုအတွက် ငွေကျပ် ၃၉၈ သိန်း ကုန်ကျသည်။

မကွေး၊ တောင်တွင်း:ကြီး:ရထား:လမ်း:သစ်ဖွင့်ပွဲကို မကွေး:ဘူတာ၌ ဧပြီလ ၁၇ ရက်နေ့တွင် ကျင်းပသည်။ အရှည် ၅၂ ဒသမ ၁၀ မိုင်ရှိ မကွေး၊ တောင်တွင်း:ကြီး:ရထား:လမ်း:ပိုင်းတွင် အောင်လံ၊ ဆတ်သွား (တောင်တွင်း:ကြီး:) ရထား:လမ်း အရှည် ၄၉ ဒသမ ၉၄ မိုင်ပိုင်းကို ၁၉၉၇ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် လည်း:ကောင်း၊ ပြည်၊ အောင်လံရထား:လမ်း:အရှည် ၄၀ ဒသမ ၃၈ မိုင်ကို ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ တွင်လည်း:ကောင်း ဖွင့်လှစ်ပြီး:ဖြစ်သည်။

မြစ်မခတံတား:ဖွင့်ပွဲကို တံတား:အနီး:မဂ်လာမင်္ဂလာပ်၌ မေလ ၃ ရက်နေ့တွင်ကျင်း:ပသည်။ ပဲခူး တိုင်း:နှင့် ဧရာဝတီ တိုင်း ဆက်သွယ်သည့် လက်ပံတန်း၊ သာရဝေါ၊ ဟသ်ာတ မဟာဗျူဟာလမ်း:မကြီး:ပေါ်ရှိ တော်သလကျေး:ရွာအနီး မြစ်မခမြစ်ကို ဖြတ်ကျော်တည်ဆောက်ထား:သည့်တံတား ဖြစ်သည်။ ပင်မတံတား:အရှည် ယာဉ်သွား:လမ်း:အကျယ် ၁၂ ပေ၊ တစ်ဖက်တစ်ချက်ရှိ လူသွား:လမ်း:အကျယ် နှစ်ပေခြောက်လက်မရှိသည်။ လက်ပံတန်း ဘက်ကမ်း:နှင့် သာရဝေါဘက်ကမ်း:တို့ မှ ချဉ်း:ကပ်လမ်း:အရှည်ပေ ၄၀၀ စီရှိပြီး တံတား:ခံနိုင်ဝန်အား ၃၆ တန်ဖြစ်သည်။ တံတား:တည်ဆောက်မှုအတွက် ငွေကျပ် ၁၈၃ ဒသမ ၆၂၂ သန်း:ကုန်ကျသည်။

ဘား:အံမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်ဆက်သွယ်ထား:သည့် ကျိုင်း (ကော့ကရိတ်) တံတား:ဖွင့်ပွဲကို တံတား:အနီး ရှိ မဂ်လာမင်္ဂလာပ်၌ မေလ ၂၂ ရက်နေ့တွင် ကျင်းပသည်။ ကျိုင်း (ကော့ကရိတ်) တံတား:သည်ဘား:အံမြို့ အရှေ့ဘက် ဘား:အံ၊ ကော့ကရိတ်၊ မြဝတီကား:လမ်း:မိုင်တိုင်အမှတ် ၃၈/၄ ကျိုင်းကျေး:ရွာအနီး:ကျိုင်းမြစ်ကို ဖြတ်ကျော် တည်ဆောက်ထား:သည့် တံတား:ဖြစ်သည်။ တံတား:အရှည်ပေ၁,၂၀၀၊ ယာဉ်သွား:လမ်း အကျယ် ၂၄ ပေ၊ တံတား:အောက်ကင်း:လွတ်နယ်မြေအကျယ် ပေ ၃၆၀ ၊ အမြင့်ပေ ၄၀ ရှိသည်။ တံတား:၏ ခံနိုင်ဝန်အား:မှာ ယာဉ်တစ်စီး:တည်း:ဖြတ်သန်း:လျှင် ၄၅ တန်ထိခံနိုင်သည်။ တံတား:တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ဝ ဒသမ ၈၉၂ သန်း:နှင့် ငွေကျပ် ၈၅၅ သန်း:ကျော် ကုန်ကျသည်။

လိုင်း:ဘွဲ့ မြစ်ကူး:တံတား (ဒေါ်လမ်း) ဖွင့်ပွဲကို တံတား:အနီး:ရှိမဂ်လာမင်္ဂလာပ်၌မေလ ၂၄ ရက်နေ့တွင်ကျင်း:ပသည်။ လိုင်း:ဘွဲ့မြစ်ကူး:တံတား (ဒေါ်လမ်း) သည် လိုင်း:ဘွဲ့မြို့နယ် နဘူး၊ ဒေါ်လမ်း၊ ဝင်း:စိန်၊ အိန္ဒလမ်း:ကြောင်း:ပေါ်ရှိ ဒေါ်လမ်း ကျေး:ရွာအနီး:၌ လိုင်း:ဘွဲ့မြစ်ကို ဖြတ်ကျော်တည်ဆောက်ထား:သည့် တံတား:ဖြစ်သည်။ တံတား:အမျိုး:အစား:မှာ ဘေလီသံပေါင် အမျိုး:အစား:ဖြစ်ပြီး အရှည်ပေ ၁,၀၀၀ ၊ ယာဉ်သွား:လမ်းအကျယ် ၁၃ ပေ ခုနှစ်လက်မ၊ ရေလမ်း:ကင်း:လွတ်နယ်မြေ အကျယ်ပေ ၁၀၀ ၊ အမြင့် ၁၀ ပေရှိသည်။ တံတား: ခိုင်နိုင်ဝန်အား:မှာ တန် ၃၀ ဖြစ်သည်။ တံတား: တည်ဆောက်မှုအတွက် ငွေကျပ် ၁၂၈ သန်း ကုန်ကျသည်။

ပျဉ်းမနား၊ တောင်ညို၊ တောင်တွင်း:ကြီး:လမ်း:ရှိ ပျဉ်းမနား၊ တောင်ညိုလမ်း:အပိုင်း ကတ္တရာလမ်း:သစ်ဖွင့်ပွဲကို ပျဉ်းမနား:မြို့၌ ဇွန်လ ၅ ရက်နေ့တွင် ကျင်းပသည်။

ပျဉ်းမနား၊တောင်ညိုလမ်းပိုင်းသည် ပျဉ်းမနား၊မှတောင်ညို အထိ ၂၃ မိုင်၊ တောင်ညိုမှ မန္တလေး၊တိုင်းနှင့် မကွေး၊တိုင်း နယ်စပ်အထိ ၂၁ မိုင် ၂ ဖာလုံ စုစုပေါင်း ၄၄ မိုင် ၂ ဖာလုံ ကို ကတ္တရာလမ်းအဖြစ် တိုးမြှင့် ဖောက်လုပ်ခြင်းဖြစ်ပြီး ပျဉ်းမနား၊မြို့နယ်နှင့် တောင်တွင်းကြီး၊ မြို့နယ် အလွယ်တကူ သွားလာနိုင်မည့် လမ်းဖြစ်သည်။

အမ်းမြို့နယ်ရှိ ဒါးလက်ချောင်း၊တံတား၊ဖွင့်ပွဲကိုတံတား၊ အနီး၊ရှိမင်္ဂလာမဏ္ဍာပ်၌ ဇွန်လ ၁၄ ရက်နေ့တွင် ကျင်းပသည်။ ဒါးလက်ချောင်း၊တံတား၊သည် ရန်ကုန်၊ စစ်တွေကား၊လမ်း၊ အမ်း၊ မင်း၊ပြား၊အပိုင်း၊တွင် အမ်းမြို့နယ် ဒါးလက်ချောင်း၊ကို ဖြတ်ကျော်တည်ဆောက်ထား၊သည့် တံတား၊ဖြစ်သည်။ တံတား၊ အရှည်ပေ ၉၉၀၊ ယာဉ်သွား၊လမ်း၊အကျယ် ၁၀ ပေကို၊လက်မ၊ ရေလမ်း၊ကင်း၊လွတ်အမြင့် ၁၅ ပေရှိသည်။ တံတား၊ခံနိုင်ဝန် အား၊ တန် ၂၀ ခံနိုင်သည်။ တံတား၊အောက်ခြေအုတ်မြစ်ကို သံကူ ကွန်ကရစ် မိုင်တိုင်ဖြင့် တည်ဆောက်ထား၊ပြီး အပေါ်ထည်မှာ ဘေလီသံပေါင်အမျိုး၊အစား၊ဖြစ်သည်။ နောင်တွင်အခိုင်အမာ ကွန်ကရစ်တံတား၊အဖြစ် ပြောင်း၊လဲ တည်ဆောက်နိုင်ရန် စီမံထား၊သည်။ တံတား၊ တည်ဆောက်မှုအတွက် ငွေကျပ် သန်း ၄၈၀ ကျော် ကုန်ကျသည်။

ရန်ကုန်၊စစ်တွေမော်တော်ကား၊လမ်း၊ပေါ်ရှိ ကျောက်တော် မြို့နယ်၊ပိကောက်တံတား၊ဖွင့်ပွဲ ကိုတံတား၊ အနီး မင်္ဂလာမဏ္ဍာပ် ၌ ဇူလိုင်လ ၅ ရက်နေ့တွင် ကျင်းပသည်။ ပိကောက်တံတား၊ သည် ကျောက်တော် မြို့နယ် ကွန်းအုံချောင်း၊ကျေးရွာအုပ်စု ရှိ ပိကောက်ချောင်း၊ပေါ်တွင် ဖြတ်သန်းတည်ဆောက်ထား၊ သည့် သံကူကွန်ကရစ်ကိုယ်ထည်နှင့် ဘေလီသံပေါင်တံတား၊ အပေါ်ထည် အမျိုး၊အစား၊ဖြစ်သည်။ တံတား၊အရှည် ပေ ၃၆၀၊ ယာဉ်သွား၊လမ်း၊အကျယ် ၁၀ ပေ ကို၊လက်မ၊ ရေလမ်း၊ကင်း၊လွတ် နယ်မြေအကျယ် ၇၅ ပေ၊ အမြင့် ၎င်းပေရှိသည်။ ခွင့်ပြုအလေး၊ချိန်မှာ တန် ၂၀ဖြစ်သည်။တံတား၊တည်ဆောက်မှုအတွက် ငွေကျပ် ၁, ၃၁၇ သိန်း၊ကုန်ကျသည်။

ရန်ကုန်၊ စစ်တွေ ကား၊လမ်း၊ပေါ်ရှိ မြေပုံမြို့နယ် ယောချောင်း၊ တံတား၊ဖွင့်ပွဲကို တံတား၊အနီး၊ရှိ မင်္ဂလာမဏ္ဍာပ်၌ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပသည်။ ယောချောင်း၊တံတား၊သည် ရန်ကုန်၊ စစ်တွေကား၊လမ်း၊ စစ်တွေ၊ အမ်း၊လမ်း၊အပိုင်း၊တွင် အဓိကကျသည့် တံတား၊ ဖြစ်ပြီး တံတား၊အမျိုး အစား၊မှာသုံး၊လွှာတစ်ထပ် ဘေလီတံတား၊အမျိုး၊အစား၊ ဖြစ်သည်။ နောင်တွင် နှစ်လမ်း၊သွား၊ ကွန်ကရစ်တံတား၊ဖြင့် အစား၊ထိုး အသုံး၊ပြုနိုင်ရန် တည်ဆောက်ထား၊သည်။ တံတား၊အရှည်ပေ ၁,၁၀၀ ၊ အကျယ် ၁၀ ပေကို၊လက်မ၊ ခံနိုင်ဝန်အား၊တန် ၂၀ ရှိသည်။တံတား၊ တည်ဆောက်မှုအတွက် အမေရိကန် ဒေါ်လာ ၀ ဒသမ ၅ သန်း၊နှင့် ငွေကျပ်သန်း ၅၈၀ ကုန်ကျသည်။

မလိုယန်တံတား၊ (ကချင်ပြည်နယ်) ဖွင့်ပွဲကို တံတား၊အနီး မင်္ဂလာမဏ္ဍာပ်၌ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျင်းပသည်။ မလိုယန်တံတား၊ (ကချင်ပြည်နယ်) သည် မြစ်ကြီး၊နား၊ ဗန်းမော် လမ်း၊ပေါ်တွင် ဝိုင်းမော်မြို့နယ် အတွင်း၌ တည်ရှိသည်။ တံတား၊အမျိုး၊အစား၊မှာ သံကူကွန်ကရစ် ဘေလီတံတား၊အမျိုး၊အစား ဖြစ်ပြီး တံတား၊ အရှည် ပေ ၃၂၀ ရှိသည်။ တံတား၊ တည်ဆောက်မှု အတွက် အမေရိကန် ဒေါ်လာ ၀ ဒသမ ၁၅ သန်း၊နှင့် ငွေကျပ်သန်း ၇၀ ဒသမ ၃ သန်း၊ကုန်ကျသည်။

တနင်္သာရီတိုင်း၊ သမုတ်လွတ်လွတ် မြစ်ကူး သစ်သား၊တံတား၊ ဖွင့်ပွဲကို တံတား၊ဖွင့်ပွဲမဏ္ဍာပ်၌ စက်တင်ဘာလ ၇ ရက်နေ့ တွင်ကျင်း၊ပသည်။ တံတား၊အရှည် ပေ ၁,၄၀၀၊ အကျယ် ၁၅ ပေ၊ ခံနိုင်ဝန်အား၊ ၁၈ တန်ရှိသည်။ တံတား၊တည်ဆောက်မှု အတွက် ၁၆၁ ဒသမ ၆၃ သိန်း၊ကုန်ကျသည်။

ဗိုလ်မြတ်ထွန်း၊တံတား၊ (ညောင်တုန်း) ဖွင့်ပွဲကို တံတား၊အနီး မင်္ဂလာမဏ္ဍာပ်၌ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်း၊ပသည်။ ဗိုလ်မြတ်ထွန်း၊ တံတား၊ (ညောင်တုန်း) သည် ညောင်တုန်း၊မြို့နယ် ၉ရာဝတီမြစ် အရှေ့ဘက်ကမ်း၊ သောင်တန်း၊ကျေးရွာမှ ၉ရာဝတီမြစ်ကို ဖြတ်၍ အနောက်ဘက်ကမ်း၊ ကြိမ်ပင်ဆည်ရွာ အနီး၊သို့ ဆက်သွယ်တည်ဆောက်ထား၊သည် တံတား၊ဖြစ်သည်။ တံတား၊အရှည် ၆,၁၆၄ ပေ၊ ချဉ်း၊ကပ်တံတား၊အရှည် ပေ ၂,၃၈၀ စုစုပေါင်း၊အရှည် ၈,၅၄၄ ပေ (တစ်မိုင်နှင့် ငါး၊ဖာလုံခန့်)၊ ယာဉ်သွား၊လမ်း၊အကျယ် ၂၈ ပေ၊ လူသွား၊လမ်း၊အကျယ် တစ်ဖက်လျှင်ခြောက်ပေစီ၊ ရေလမ်း၊ကင်း၊လွတ်နယ်မြေ အကျယ်ပေ ၃၆၀ ၊ အမြင့် ၅၇ ပေရှိသည်။ တံတား၊အမျိုး၊အစား၊မှာ အပေါ်ထည်သံပေါင်တံတား၊၊ အောက်ထည် သံကူ ကွန်ကရစ် တိုင်ဖြစ်သည်။ ခွင့်ပြုယာဉ်အလေး၊ချိန်မှာ မော်တော်ယာဉ် (HS 2044) ဖြစ်ပြီး ဝန်လေး၊ယာဉ်တန် ၆၀ ခံနိုင်သည်။ တံတား၊

တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ သန်း အပါအဝင် ငွေကျပ် ၅,၅၆၅ ဒသမ ၄၅ သန်း ကုန်ကျသည်။

မင်းပြားမြို့နယ် ရာမောင်တံတား:ဖွင့်ပွဲကို တံတား:အနီး:ရှိ မင်္ဂလာမဏ္ဍာပ်၌ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပသည်။ ရာမောင်တံတား:သည် ရန်ကုန်၊ စစ်တွေ လမ်းမကြီး၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်လမ်း အပိုင်းတွင်တည်ရှိသည်။ တံတား:၏ အောက်ထည်ပိုင်းကို ကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထား:ပြီး အပေါ်ထည် ပိုင်းမှာ ဘေလီကြိုး:တံတား: ဖြစ်သည်။ ပင်မတံတား:နှင့် ချဉ်းကပ်တံတား:နှစ်ဘက်အပါ အဝင်စုစုပေါင်း:အရှည်ပေ ၁,၃၀၀ ၊ ယာဉ်သွား:လမ်း:အကျယ် ၂၄ ပေ ခုနှစ်လက်မ၊ ရေလမ်း:ကင်း:လွတ်နယ်မြေ အကျယ် ပေ ၈၀၀ ၊ အမြင့်ပေ ၂၀ ရှိသည်။ တံတား:ပေါ်တွင် မော်တော် ယာဉ်များ: နှစ်လမ်း:မောင်း:သွား:လာနိုင်ပြီး ယာဉ်အလေး:ချိန် တန် ၆၀ ထိ ဖြတ်သန်း:နိုင်သည်။ တံတား:တည်ဆောက်မှု အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ သန်း:နှင့် ငွေကျပ် သန်း ၁,၅၈၄ သန်း:ကုန်ကျသည်။

ဆည်မြောင်း:တာတမံများ: တည်ဆောက်ဖွင့်လှစ်ခြင်း

-တပ်ကုန်း:မြို့နယ် ဆင်သေရေလောင်တမံဖွင့်ပွဲကို ရေလောင်တမံအနီး:ရှိ မင်္ဂလာမဏ္ဍာပ်၌ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပသည်။ ဆင်သေရေလောင်တမံကို တပ်ကုန်း:မြို့ အနောက်ဘက် ၁၆ မိုင်ခန့်အကွာ ဆင်သေချောင်း:ပေါ်တွင် တည်ဆောက်ထား:ခြင်း: ဖြစ် သည်။ ရေလောင်တမံ အလျား: ပေ ၁,၃၅၀၊အမြင့် ၁၀၉ ပေရှိသည်။ ဆင်သေရေလောင်တမံ သည် ဇုန်မြေသား:တမံ အမျိုး: အစား:ဖြစ်ပြီး: ဆည်ရေသောက် ဧက ၃၂,၀၀၀ ကျော်ကို ရေပေး:ဝေနိုင်၍ သီး:နှံ ဧရိယာ ဧက ၅၂,၀၀၀ ခန့်ကို အကျိုး:ပြုမည် ဖြစ်သည်။ ရေလောင်တမံ စီမံကိန်း:အတွက် ငွေကျပ်သန်း ၂,၄၉၀ ကျော် ကုန်ကျသည်။ ဆင်သေရေလောင်တမံတည်ဆောက်နိုင်မှု ကြောင့် စိုက်ပျိုး:ရေပေး:ဝေနိုင်ရုံသာမက ဆင်သေချောင်း:ရေကြိုး:မှကို ကာကွယ်နိုင်ပြီး: သောက်သုံး:ရေပါ ပေး:ဝေနိုင်မည် ဖြစ်သည်။

ဒိုက်ဦး:မြို့နယ် ဘောနီရေလောင်တမံဖွင့်ပွဲကို ရေလောင်တမံအနီး:ရှိ မင်္ဂလာမဏ္ဍာပ်၌ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပသည်။ ဘောနီရေလောင်တမံကို ရန်ကုန်၊ မန္တလေး:ကား:လမ်း:အနောက်ကို:မိုင်ခန့်အကွာ ဒိုက်ဦး:မြို့နယ် ဘောနီရွာသစ်အနီး: ဘောနီချောင်း:ကို ဖြတ်ကာ တည်ဆောက် ထား:ခြင်း: ဖြစ်သည်။ မြေသား:တမံ အမျိုး:အစား:ဖြစ်ပြီး: ပင်မ တမံအလျား: ၈၁၅ ပေ၊ ပင်မတမံအမြင့် ၈၅ ပေ ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၉,၅၀၀ ၊ ကန်ရေသေရေလှောင် ပမာဏ ဧက ၂,၅၀၀ နှင့် ကန်ရေပြင်ကျယ်ဧရိယာ ဧက ၁,၄၀၀ ရှိသည်။ ခြောက်ပေ၊ လေးပေရှိ ရေထုတ်ပြွန်တစ် ပေါက်နှင့် အလျား:ပေ ၃၀၀ ရှိ ရေပိုလွှဲတို့မှာ သံကူကွန်ကရစ် အမျိုး:အစား:ဖြစ်သည်။ ဆည်ရေသောက် တူးမြောင်း:မကြိုး:မှာ အလျား: ၅၅ မိုင်ရှိသည်။ ဆည်ရေသောက် ဧရိယာ ဧက ၆,၀၀၀ ကို ရေပေး:ဝေနိုင် မည် ဖြစ်သည်။

မအူပင်မြို့နယ် ညောင်တုန်း:ကျွန်း: ဝါး:တောရေထိန်း: တံခါး:ဖွင့်ပွဲကို ရေထိန်း:တံခါး:အနီး:ရှိ မင်္ဂလာမဏ္ဍာပ်၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ဝါး:တော ရေထိန်း:တံခါး:သည် အောက်မြန်မာပြည် လယ်ယာ မြေဖော်ထုတ်ရေး စီမံကိန်း: အပိုင်း: ၂ ဖြစ်သည့် ညောင်တုန်း:ကျွန်း: ရေနက်ကွင်း:လယ်ယာ မြေဖော် ထုတ်ရေး:တွင်ပါဝင်သော ရေထိန်း:တံခါး:တစ်ခုဖြစ် သည်။ ဝါး:တောရေထိန်း:တံခါး:တွင် ခြောက်ပေ၊ ရှစ်ပေ ရေတံခါး:ပေါက် ခြောက်ပေါက်ဖြင့် ရေသွင်း:ရေထုတ် ပြုလုပ် ကာ လယ်ယာမြေ ဧက ၁၅,၀၀၀ ခန့်ကို အကျိုး:ပြုနိုင်ရန် တည်ဆောက်ထား:သည်။ ဝါး:တောရေထိန်း: တံခါး:တည်ဆောက်မှု အတွက်ငွေကျပ် ၇၄ သန်း:ကျော် ကုန်ကျသည်။

ပြင်ဦး:လွင်မြို့နယ် စည်သာရေလောင်တမံဖွင့်ပွဲကို ရေလောင်တမံအနီး:ရှိ မင်္ဂလာမဏ္ဍာပ်၌ ဧပြီလ ၈ ရက်နေ့ တွင်ကျင်းပသည်။ စည်သာရေလောင်တမံကို ပြင်ဦး:လွင် မြို့နယ် စည်သာကျေးရွာအနီး: စည်သာချောင်း: ပေါ်တွင် တည်ဆောက်ထား:ပြီး: မြေသား:တမံအမျိုး: အစား:ဖြစ်သည်။ ရေလောင်တမံ အလျား:ပေ ၉၇၀၊ အမြင့်ပေ ၈၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁,၉၀၀ ရှိသည်။ ပြင်ဦး:လွင်မြို့နယ် ဇီး:ပင်ကြီး:ကျေးရွာ အနီး:ရှိ ဗဟို ဝန်ထမ်း:တက္ကသိုလ် (အထက်မြန်မာပြည်)၊ ဗဟို မီး:သတ်သင်တန်း:ကျောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေး:ဌာနတွင် သောက်သုံး: ရေလုံလောက်စွာ ရရှိရန် တည်ဆောက်ထား:ခြင်း:ဖြစ်ပြီး: စိုက်ပျိုး:မြေဧက ၂၅၀ ခန့်ကိုပါ အကျိုး:ပြုမည်ဖြစ်သည်။ ရေလောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ် ၁၃၈ သန်း:ခန့် ကုန်ကျ သည်။



မြောင်းမြမြို့ တန် ၂၅၀ ဆန်စက်ဖွင့်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့် ဆန်စက်အတွင်း လှည့်လည်ကြည့်ရှုစဉ်

တောင်ကြီးမြို့နယ် ဆည်ကြီးရေလွှဲဆည် ဖွင့်ပွဲကို ရေလွှဲဆည်အနီးရှိ မင်္ဂလာမဏ္ဍာပ်၌ မေလ ၁၇ ရက်နေ့တွင် ကျင်းပသည်။ ဆည်ကြီးရေလွှဲဆည်ကို တောင်ကြီးမြို့နယ် ဆည်ကြီးကျေးရွာအနီး နမ့်လက်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး ရေလွှဲတမံမှာ မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံအလျား ပေ ၁,၈၀၀ ၊ အမြင့် ၂၄ ပေရှိသည်။ ရေလွှဲဆည် တည်ဆောက်နိုင်သဖြင့် ဆည်ရေသောက် ဧက ၃,၀၀၀ အကျိုးပြုမည်ဖြစ်ပြီး သီးထပ်သီးညှပ်နှင့် နွေစပါး ဧက ၁,၅၀၀ ခန့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ဆည်ကြီးရေလွှဲဆည် တည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၁၇၀ ကုန်ကျသည်။

ပဲခူးမြို့နယ် မဇင်းရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍာပ်၌ မေလ ၂၃ ရက်နေ့တွင် ကျင်းပသည်။ မဇင်းရေလှောင်တမံကို မဇင်းချောင်းပေါ်တွင်တည်ဆောက် ထားပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျား ပေ ၄,၀၀၀၊ အမြင့်ပေ ၆၀ ရှိသည်။ ရေလှောင်တမံမှ ပဲခူးမြို့ သောက်သုံးရေအတွက် နေ့စဉ် ရေဂါလန် ၁၁ သန်းပေး၀ေနိုင်မည်ဖြစ်ပြီး ဆည်ရေသောက်ဧရိယာ ဧက ၆၅၀ နှင့် သီးနှံဧရိယာ ဧက ၆၅၀ ကို အကျိုးပြုမည် ဖြစ်သည်။ မဇင်းရေလှောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ် ၂၇၅ သန်းကျော်ကုန်ကျသည်။

ဝမ်းတွင်းမြို့နယ် သပြေရိုးရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီး မင်္ဂလာမဏ္ဍာပ်၌ ဇူလိုင်လ ၉ ရက်နေ့တွင်ကျင်းပသည်။ သပြေရိုးရေလှောင်တမံကို ဝမ်းတွင်းမြို့နယ် တောင်ညိုကျေးရွာအနီး သပြေရိုးချောင်းပေါ်တွင် တောင်ပုလုရေလှောင်တမံ၏ ရေကူကန်အဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ တမံအလျား ပေ ၁,၁၅၀ ၊ အမြင့် ၇၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၇,၁၀၀ ရှိသည်။ သပြေရိုးရေလှောင်တမံ တည်ဆောက်ခြင်းကြောင့် တောင်ပုလုရေလှောင်တမံ၏ မူလရေသောက်ဧရိယာ ၇,၆၃၆ ဧကကို ရေအပြည့်အဝပေးနိုင်မည်ဖြစ်သည်။ သပြေရိုးရေလှောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၃၀ ကျော်ကုန်ကျသည်။

တောင်တွင်းကြီးမြို့နယ် ငမင်ရေလှောင်တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍာပ်၌ ဇူလိုင်လ ၁၈ ရက်နေ့တွင်ကျင်းပသည်။ ငမင် ရေလှောင်တမံကို တောင်တွင်းကြီးမြို့နယ်၊ငမင်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျားပေ

၁,၁၈၀ ၊ အမြင့် ၁၂၆ ပေ ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧက ၇,၇၅၀ ရှိသည်။ လယ်မြေဧက ၄,၀၀၀ ကျော်ကို အကျိုးပြုမည့် ရေလှောင်တမံဖြစ်သည်။ ၎မင်ရေလှောင် တည်ဆောက်မှုအတွက် ငွေကျပ်သန်း ၄၂၀ ကျော်ကုန်ကျသည်။

ပေါင်းတည်မြို့နယ် ဝဲကြီးရေလှောင်တမံ ရာပြည့်ဆည်ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍာပ်၌ သြဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပသည်။ ဝဲကြီးရေလှောင်တမံကို ဝဲကြီးချောင်းပေါ်တွင် တည်ဆောက်ထားပြီး မြေသားတမံ အမျိုးအစားဖြစ်သည်။ ပင်မတမံအလျား ပေ ၄,၁၇၀ ၊ အမြင့် ၁၁၅ ပေ၊ ကုန်းကြောတမံ ပေ ၃,၃၇၀ ၊ ရေဆင်းဧရိယာ ၂၀၂ စတုရန်းမိုင်ရှိသည်။ တူးမြောင်းမကြီးအရှည် ၄ ဒသမ ၈၂ မိုင်၊ လက်ယာမြောင်းခွဲအရှည် ၂၂ ဒသမ ၁၁ မိုင်၊ လက်ဝဲမြောင်း ခွဲအရှည် ၁၆ ဒသမ ၇၇ မိုင်၊ လက်တံမြောင်း မိုင် ၉၀ ရှိပြီး ဧရိယာဧက ၄၅,၀၀၀ ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။

တပ်ကုန်းမြို့နယ် ဆင်သေရလွဲဆည်ဖွင့်ပွဲကို ရေလွဲ ဆည်အနီးရှိ မဂ်လာမဏ္ဍာပ်၌ စက်တင်ဘာလ ၁၄ ရက်နေ့ တွင်ကျင်းပသည်။ ဆင်သေရလွဲဆည်ကို တပ်ကုန်းမြို့နယ် ဆင်သေချောင်းပေါ်တွင် ဆင်သေရေလှောင်တမံအောက် ဘက် ၁၀ မိုင်ခန့် အကွာ၌ တည်ဆောက်ထားပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ ရေလွဲဆည်အလျား ပေ ၉၃၀၊ အမြင့်ပေ ၂၀ ရှိပြီး ဆည်တွင် အကျယ် ၁၀ ပေ၊ အမြင့်ရှစ်ပေ ရှိ တံခါးခုနစ်ပေါက်ပါ သဲထုတ်ရေတံခါးနှင့် အကျယ်ငါးပေ၊ အမြင့်လေးပေရှိရေထုတ်တံခါးစုစုပေါင်း ၁၀ ပေါက်ပါရှိသည်။ ဆင်သေရေလှောင်တမံမှ ရေများကို ဆင်သေရလွဲဆည်မှ တစ်ဆင့်လက်ဝဲလက်ယာ တူးမြောင်းလမ်းမကြီးဖြင့် စိုက်ပျိုးမြေဧက ၃၂,၀၀၀ ကျော်ခန့်ကို ရေပေးဝေနိုင်ပြီး သီးထပ် ဧက အပါအဝင် သီးနှံဧရိယာ ဧက ၅၀,၀၀၀ ကျော်ကို အကျိုးပြုမည့် ရေလွဲဆည်ဖြစ်သည်။ ဆင်သေရလွဲဆည် တည်ဆောက်မှု အတွက် ငွေကျပ်သန်း ၆၀၀ ကျော်ကုန်ကျသည်။

ပန်းတောင်းမြို့နယ် ညောင်ကိုင်း ရေလှောင်တမံမွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍာပ်၌ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကျင်းပသည်။ ညောင်ကိုင်းရေလှောင်တမံကို ပန်းတောင်းမြို့နယ် အုတ်ဖိုရွာသစ် အထက်ပိုင်းရှိ ညောင်ကိုင်းချောင်းပေါ်တွင်



မြို့ဝင်ဟဝန် ကွန်ဒိုမီနီယံအဆောက်အအုံ၊ အောရဝနာဘက်လိမိတက် မရမ်းကုန်းဘက်ခွဲနှင့် Junction '8' Supermarket များဖွင့်လှစ်ပွဲ

တည်ဆောက်ထား:ပြီး: မြေသား:တမံ အမျှို:အစား: ဖြစ်သည်။ တမံအလျား:ပေ ၃,၇၀၀၊ အမြင့် ၅၇ ပေ ရှိသည်။ ရေလှောင်တမံမှ ဆည်ရေများကို ဧက ၃၀၀၀ ခန့် ပေး:ဝေနိုင်မည်ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၄၀ ခန့် ကုန်ကျသည်။

မအူပင်မြို့နယ် ထန်း:ရေထိန်း:တံခါး:ဖွင့်ပွဲကို ရေထိန်း:တံခါး:အနှီး:ရှိ မဂ်လာမင်္ဂလာပ်၌ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်း:ပသည်။ ထန်း:ရေထိန်း:တံခါး:ကို မအူပင်မြို့နယ် ထန်း: ကျေး:ရွာအနှီး: ထန်း:ချောင်း:ပေါ်တွင် တည်ဆောက်ထား: သည်။ ထန်း:ရေထိန်း:တံခါး:တွင် ခြောက်ပေါက်၊ ရှစ်ပေ အရွယ်တံခါး: ၁၅ ပေါက် ပါရှိပြီး: ရေသွင်း:ရေထုတ်မြောင်း: အလျား:ပေ ၆,၈၀၀၊ အကျယ်ပေ ၈၀ ၊ ပျမ်:မျှအနက် ၁၄ ပေရှိသည်။ ထန်း:ရေထိန်း:တံခါး:သည် အောက်မြန်မာပြည်လယ်ယာမြေ ဖော်ထုတ်ရေး: စီမံကိန်း:အပိုင်း: ၂ ညောင်တုန်း:ကျွန်း:လယ်ယာ မြေ ဖော်ထုတ်ရေး:လုပ်ငန်း: တွင် ပါဝင်ပြီး: ဧရိယာ ဧက ၁၅,၀၀၀ ကျော်ကို အကျိုး:ပြုမည် ဖြစ်သည်။ ထန်း:ရေထိန်း: တံခါး:တည်ဆောက်မှုအတွက် ငွေကျပ် ၁၃၄ သန်း:ကျော် ကုန်ကျသည်။

ဘက်များ:ဖွင့်လှစ်ခြင်း: – အာရှဝနဘက် လိမိတက် မူဆယ် ဘက်ခွဲ ဖွင့်ပွဲကို မူဆယ်မြို့ ဟိုမွန်ရပ်ကွက် တောင်အရပ် အမှတ် ၃၃ ၌ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာအရှေ့တိုင်: ဘက်လိမိတက် မြိတ်ဘက်ခွဲဖွင့်ပွဲကို မြိတ်မြို့၌ ဇန်နဝါရီလ ၂၄ ရက်နေ့တွင်လည်:ကောင်:၊ အာရှဝနဘက်လိမိတက် တောင်ငူ ဘက်ခွဲဖွင့်ပွဲကို တောင်ငူမြို့ ကေတုမတိလမ်း၌ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် လည်:ကောင်:၊ အာရှဝန ဘက်လိမိတက် မြစ်ကြီး:နာ:ဘက်ခွဲနှင့် ရိုးမဘက် လိမိတက် မြစ်ကြီး:နာ: ဘက်ခွဲဖွင့်ပွဲကို မြစ်ကြီး:နာ:မြို့၌ မတ်လ၁ရက်နေ့တွင် လည်:ကောင်:၊ အာရှဝနဘက် လိမိတက် မြောင်:မြဘက်ခွဲ ဖွင့်ပွဲကို မြောင်:မြမြို့ ဦ:ဘချိုလမ်:နှင့် ၆ လမ်: ထောင့်၌ မတ်လ ၆ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာအ ရှေ့တိုင်: ဘက်လိမိတက် အလုံဘက်ခွဲဖွင့်ပွဲကို အလုံမြို့နယ်၌ မတ်လ ၁၄ ရက်နေ့ တွင်လည်:ကောင်:၊ မြန်မာယူနိဗာဆယ်ဘက်လိမိတက် မြောင်:မြဘက်ခွဲ ဖွင့်ပွဲကို မြောင်:မြမြို့၌ မတ်လ၂၃ရက် နေ့တွင်လည်:ကောင်:၊ အာရှဝနဘက် လိမိတက် သဃ်န်:ကျွန်:ဘက်ခွဲဖွင့်ပွဲကို သဃ်န်:ကျွန်:မြို့နယ် သုမင်္ဂလာအိမ်ရာ၌ မတ်လ ၂၅ ရက်နေ့တွင် လည်:ကောင်:၊ အာရှဝနဘက်လိမိတက် စစ်တွေဘက်ခွဲဖွင့်ပွဲကို စစ်တွေမြို့၌ ဧပြီလ ၉ ရက်နေ့တွင် လည်:ကောင်:၊ သမဝါယမဘက်လိမိတက် မဟာဗန္ဓုလ ပန်:ခြံလမ်:ဘက်ခွဲဖွင့်ပွဲကို ရန်ကုန်မြို့၌ ဧပြီလ ၂၆ ရက်နေ့တွင်လည်:ကောင်:၊ အာရှဝနဘက်လိမိတက် မရမ်:ကုန်း: ဘက်ခွဲဖွင့်ပွဲကို မရမ်:ကုန်း:မြို့နယ်ရှိ မြိုင်ဟောဝန် ကွန်ဒို မိနီယံ အဆောက်အအုံ၌ မေလ ၉ ရက်နေ့တွင်လည်: ကောင်:၊ သမဝါယမဘက်လိမိတက် ပျဉ်:မနား:ဘက်ခွဲဖွင့်ပွဲကို ပျဉ်:မနား:မြို့ မဂ်လာရပ် ၆ လမ်:အမှတ် ၁၁၇ ၌ ဇွန်လ ၁ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာယူနိဗာဆယ် ဘက်လိမိတက် ညောင်ပင်လေး: ပလာဇာဘက်ခွဲဖွင့်ပွဲကို လမ်:မတော်မြို့နယ်ရှိ ညောင်ပင်လေး:ပလာဇာ၌ ဇွန်လ ၄ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာမေဖလာ:ဝါ:ဘက်လိမိတက် ပန်:ဆိုး:တန်:ဘက်ခွဲဖွင့်ပွဲကို ရန်ကုန်မြို့ ပန်:ဆိုး:တန်:လမ်:ရှိ ပန်:ဆိုး:တန်:တာဝါအဆောက်အအုံ၌ ဇွန်လ ၁၅ ရက်နေ့တွင်လည်:ကောင်:၊ မြန်မာ စီ:ပွာ:ရေး: ကော်ပိုရေး:ရှင်: အင်:ဝဘက်လိမိတက် မန္တလေး: ဘက်ခွဲဖွင့်ပွဲကို မန္တလေး:အောင်မြေသာစံမြို့နယ် ၂၆ ဘီလမ်: နှင့် ၈၄ လမ်:ထောင့်၌ ဇွန်လ ၁၆ ရက်နေ့တွင်လည်:ကောင်:၊ မြန်မာယူနိဗာဆယ်ဘက်လိမိတက် ကျိုင်:တုံဘက်ခွဲဖွင့်ပွဲကို ကျိုင်:တုံမြို့၌ ဇူလိုင်လ ၁၈ ရက်နေ့တွင်လည်:ကောင်:၊ ရိုးမဘက်လိမိတက် စစ်တွေဘက်ခွဲဖွင့်ပွဲကို စစ်တွေမြို့၌ ဇူလိုင်လ ၂၅ ရက်နေ့တွင်လည်:ကောင်:၊ အာရှဝနဘက် လိမိတက် ရွှေတောင်တန်:ဘက်ခွဲနှင့် ကြည့်မြင်တိုင် ဘက်ခွဲဖွင့်ပွဲကို ရန်ကုန်မြို့၌ သြဂုတ်လ၁၅ ရက်နေ့ တွင် လည်:ကောင်:၊ ထွန်:ဖောင်ဒေး:ရှင်ဘက် မန္တလေး: ဘက်ခွဲဖွင့်ပွဲကို မန္တလေး: မြို့၌ စက်တင်ဘာလ ၄ ရက်နေ့ တွင် လည်:ကောင်:၊ အင်:ဝဘက်လိမိတက် မြစ်ကြီး:နာ: ဘက်ခွဲဖွင့်ပွဲကို မြစ်ကြီး:နာ:မြို့၌ စက်တင်ဘာလ ၆ ရက်နေ့ တွင် လည်:ကောင်:၊ ပထမပုဂ္ဂလိက ဘက်လိမိတက် မြိတ် ဘက်ခွဲပွင့်ပွဲကို မြိတ်မြို့ဗိုလ်ချုပ်လမ်း၌ စက်တင်ဘာလ ၁၆ ရက်နေ့တွင်လည်:ကောင်:၊ အာရှဝနဘက် လိမိတက် မြိတ်ဘက်ခွဲဖွင့်ပွဲကို မြိတ်မြို့နာရီစင်လမ်း၌ စက်တင်ဘာ လ ၁၈ ရက်နေ့တွင် လည်:ကောင်:၊ အာရှဝနဘက် လိမိတက် ထား:ဝယ်ဘက်ခွဲဖွင့်ပွဲကို ထား:ဝယ်မြို့ခုံဝင်:ဒပ် ရပ်ကွက် ဈေး:တောင်ဘက်လမ်: အမှတ် ၁၀၇ ၌ စက်တင်ဘာလ ၁၉ ရက်နေ့တွင်လည်:ကောင်:၊ မြန်မာမေဖလာ:ဝါ:ဘက် လိမိတက် လသာဘက်ခွဲဖွင့်ပွဲကို ရန်ကုန်မြို့လသာလမ်: အမှတ် ၁၂၆ ၌ စက်တင်ဘာလ ၂၀ ရက်နေ့တွင် လည်: ကောင်:၊ ကမ္ဘောဇဘက်လိမိတက် တောင်ကြီး:ဘက်ခွဲဖွင့်ပွဲကို တောင်ကြီး:မြို့၌ အောက်တိုဘာလ ၁၇ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာမေဖလာ:ဝါ:ဘက် လိမိတက် လား:ရှိ:ဘက်ခွဲဖွင့်ပွဲနှင့် အာရှဝနဘက်

လီမိတက် လား:ရှိ:ဘက်ခွဲဖွင့်ပွဲကို လား:ရှိ:မြို့၌ အောက်တို ဘာလ ၂၂ ရက်နေ့တွင် လည်:ကောင်:၊ သမ ဝါယမဘက် လီမိတက် အောင်ပန်:မြို့ ဘူတာရုံလမ်: အမှတ် ၁၁၃/ခ ၌ အောက်တိုဘာလ ၂၃ ရက် နေ့တွင် လည်:ကောင်:၊ မြန်မာမေဖလား:ဝါ:ဘက်လီမိတက် မန္တလေ:ဘက်ခွဲ ဖွင့်ပွဲကို မန္တလေးမြို့၌ အောက်တိုဘာလ ၃၀ ရက်နေ့တွင် လည်:ကောင်:၊ အာရှမနဘက်လီမိတက် မိုးကုတ်ဘက်ခွဲ ဖွင့်ပွဲကို မိုးကုတ်မြို့ရှမ်:တောရပ်ကွက် ဗိုလ်ချုပ်လမ်း၌ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာမေဖဝါ:ဘက်လီမိတက် ယုဇနပလာဇာဘက်ခွဲဖွင့်ပွဲ ကို ရန်ကုန်မြို့ဗညား:ဒလလမ်:ရှိ ယုဇနပလာဇာ၌ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာအရှေ့တိုင်: ဘက်လီ မိတက် မန္တလေး ၃၅ လမ်:ဘက်ခွဲဖွင့်ပွဲကို မန္တလေးမြို့၌ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာမေ ဖလား:ဝါ:ဘက်လီမိတက် မုံရွာဘက်ခွဲဖွင့်ပွဲကို မုံရွာမြို့၌ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာယူနီဗာဆယ် ဘက်လီမိတက် မိုးကုတ်ဘက်ခွဲဖွင့်ပွဲကို မိုးကုတ်မြို့နှင့် မြန်မာမေဖလား:ဝါ:ဘက်လီမိတက် မူဆယ်ဘက်ခွဲဖွင့်ပွဲကို မူဆယ်မြို့၌ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် လည်:ကောင်:၊ ရိုးမဘက်လီမိတက် မန္တလေးပင်မဘက်ခွဲဖွင့်ပွဲကို မန္တလေး မြို့၌ ဒီဇင်ဘာလ ၄ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာမေ ဖလား:ဝါ:ဘက် လီမိတက် မိတ္ထီလာဘက်ခွဲနှင့် မြင်:ခြံဘက်ခွဲ ဖွင့်ပွဲကို မိတ္ထီလာမြို့နှင့် မြင်:ခြံမြို့၊ အင်:ဝဘက်လီမိတက် မုံရွာဘက်ခွဲဖွင့်ပွဲကို မုံရွာမြို့၌ ဒီဇင်ဘာလ ၈ ရက်နေ့တွင် လည်:ကောင်:၊ အာရှမနဘက်လီမိတက် တောင်ဒဂုံဘက်ခွဲဖွင့်ပွဲကို ဒဂုံမြို့သစ်တောင်ပိုင်:မြို့နယ် စက်မှုလက်မှုဇုန်အနီ: ပြည်ထောင်စုလမ်:မကြီး၌ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် လည်:ကောင်:၊ မြန်မာမေဖလား:ဝါ:ဘက်လီမိတက် လိုင်သာယာဘက်ခွဲဖွင့်ပွဲကို လိုင်သာယာမြို့နယ် လိုင်သာယာစက်မှုဇုန် ရန်ကုန်၊ ပုသိမ်လမ်:မကြီးနှင့် ကနောင်မင်:ကြီးလမ်: ထောင့်၌ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် လည်:ကောင်:၊ ရိုးမဘက် လီမိတက် အောင်ပန်:ဘက်ခွဲဖွင့်ပွဲကို အောင်ပန်:မြို့ ပြည်ထောင်စုလမ်:မကြီး၌ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် လည်:ကောင်: အသိ:သိ: ကျင်:ပသည်။

လျှပ်စစ်ဓာတ်အား:ပေး:စက်ရုံများ:တည်ဆောက်ခြင်း – ကိုး:ကန်. နဂါ:ဝမ်:ချောင်: ရေအား:လျှပ်စစ်ဓာတ်အား:ပေး: စက်ရုံ ဖွင့်ပွဲ ကို လောက်ကိုင်မြို့ရှိ စက်ရုံ၌ မတ်လ ၁၁ ရက်နေ့တွင် ကျင်:ပသည်။ စက်ရုံမှ လျှပ်စစ်ဓာတ်အား: ကီလို၀ပ် ၆၄၀ ထုတ်လုပ်လျက်ရှိပြီး: လောက်ကိုင်မြို့သို့ လျှပ်စစ်ဓာတ်အား: မျာ: ပို့လွှတ်လျက်ရှိသည်။

"၀" ဒေသ စုံဖွူး:ရေအား:လျှပ်စစ်ဓာတ်အား:ပေး: စက်ရုံဖွင့်ပွဲကို ဧပြီလ ၂၆ ရက်နေ့တွင် ကျင်:ပသည်။ စက်ရုံတွင် ၂ ဒသမ ၅ မဂ္ဂါ၀ပ် ထုတ်လုပ်နိုင်သည့် စက်တစ်လုံး:ဖြင့် လည်ပတ်ထုတ်လုပ်လျက်ရှိပြီး: ၂ ဒသမ ၅ မဂ္ဂါ၀ပ်စီ ထုတ်လုပ်နိုင်သည့် စက်နှစ်လုံး: ထပ်မံတပ်ဆင် လည်ပတ်မည် ဖြစ်သည်။

မြန်မာ့လျှပ်စစ်ဓာတ်အား:လုပ်ငန်: လော်ကား: စွန့်ပစ် အပူသုံ:ဓာတ်အား:ပေး:စက်ရုံဖွင့်ပွဲကို မင်္ဂလာဒုံ မြို့နယ် ပင်မဓာတ်အား:ခွဲရုံနှင့် သဘာ၀ဓာတ်ငွေ့သုံး: ဓာတ်အား:ပေး: စက်ရုံ၀င်:အတွင်:ရှိ မင်္ဂလာမဏ္ဍာပ်၌ မေလ ၁ ရက်နေ့တွင် ကျင်:ပသည်။ လော်ကား:စွန့်ပစ် အပူသုံ:ဓာတ်အား:ပေး:စက်ရုံမှ လျှပ်စစ်ဓာတ်အား: ၅၄ မဂ္ဂါ၀ပ်ကို အား:ဖြည့်လောင်စာမလိုဘဲ ဓာတ်ငွေ့တာဘိုင်မှ စွန့်ပစ်သည့် အပူရှိန်ကို အသုံ:ပြုထုတ်လုပ်ပေး:မည် ဖြစ်သည်။ စက်ရုံတည်ဆောက်မှုအတွက် အမေရိကန် ဒေါ်လာ ၂၈ ဒသမ ၂၉ သန်:နှင့် ငွေကျပ် ၃၇၁ ဒသမ ၇၅၂ သန်: ကုန်ကျသည်။


မြန်မာ့လျှပ်စစ်ဓာတ်အား:လုပ်ငန်: စွန့်ပစ်အပူသုံ: ဓာတ်အား: ပေး:စက်ရုံ (အလုံ) ဖွင့်ပွဲကို အလုံမြို့နယ်ရှိ အလုံဓာတ်အား:ပေး: စက်ရုံ၀င်:အတွင်:၌ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကျင်: ပသည်။ စွန့်ပစ်အပူသုံ: ဓာတ်အား: ပေး:စက်ရုံ (အလုံ) တွင် ၃၃ မဂ္ဂါ၀ပ်အရွယ်သဘာ၀ ဓာတ်ငွေ့သုံ: ဓာတ်အား:ပေး:စက်သုံ:လုံ:မှ စွန့်ပစ်သော အပူငွေ့မျာ:ကို လောင်စာအဖြစ် အသုံ:ပြုပြီ: နှစ်စဉ် ဓာတ်အား:ယူနစ် သန်:ပေါင်: ၃၅၀ ခန့် ထုတ်လုပ်ပေး:မည် ဖြစ်သည်။ စက်ရုံတည်ဆောက်မှုအတွက် အမေရိကန် ဒေါ်လာ ၂၇ ဒသမ ၅၁ သန်:နှင့် ငွေကျပ် ၆၄၉ ဒသမ ၇၇ သန်: ကုန်ကျသည်။

စက်ရုံသစ်များ:ဖွင့်လှစ်ခြင်း – **Myanmar Sai Steel Industry Co, Ltd.** အမိုး:သွပ်ပြာ:စက်ရုံဖွင့်ပွဲကို သန်လျင်မြို့နယ် စက်မှုဒေသအတွင်:ရှိ စက်ရုံ၌ ဧန်နဝါရီလ ၂၂ ရက်နေ့တွင် ကျင်:ပသည်။ အမိုး:သွပ်ပြာ:စက်ရုံသည် မြေအကျယ် အဝန်: ၂ ဒသမ ၄၇ ဧကရှိပြီး: မြန်မာအထွေထွေနှင့် ပြုပြင်ထိန်:သိမ်:ရေး:စက်မှုလုပ်ငန်း၊ မြန်မာအေစီအီ:သတ္တု ပစ္စည်း:လုပ်ငန်: ကုမ္ပဏီလီမိတက်နှင့် ဂျပန်နိုင်ငံဆူမီတိုမို ကော်ပိုရေး:ရှင်:တို့ ဖက်စပ်ဖွဲ့စည်:

တည်ထောင်ထား:ခြင်: ဖြစ်သည်။ စက်ရုံမှ စီ:ပွာ:ဖြစ် စတင်ထုတ်လုပ်လျက်ရှိရာ ပထမနှစ်တွင် အိမ်မိုး:သွပ်ပြား: မက်ထရစ်တန် ၁၅,၀၀၀၊ ဒုတိယနှစ်တွင် အိမ်မိုး:သွပ်ပြား: မက်ထရစ်တန် ၁၈,၀၀၀ နှင့် တတိယနှစ်မှစ၍ နှစ်စဉ် အိမ်မိုး:သွပ်ပြား: မက်ထရစ်တန် ၂၄,၀၀၀ ထုတ်လုပ်ရန် ရည်မှန်:ထား:သည်။

(Myanmar Sigma Cable Co, Ltd.) မြန်မာ့ ဆစ်မာလျှပ်စစ်ကြိုး:ထုတ်လုပ်သည့် စက်ရုံ ဖွင့်ပွဲကို လိုင်သာယာမြို့နယ် လိုင်သာယာစက်မှုဇုန် ၃ ဗန်:မော် အတွင်:ဝန်လမ်:ရှိ စက်ရုံ၌ ဖေဖော်ဝါရီလ ၂ ရက် နေ့တွင် သကြား:စက်ရုံကို မန္တလေး:မြို့ စိန်ပန်:စက်မှုကုန်ထုတ် သမဝါယမအသင်:မှ မြန်မာအင်ဂျင်နီယာများ:က မြေးက ၂ ဒသမ ၅ ကေတွင် တည်ဆောက်ထား:ခြင်: ဖြစ်သည်။ စက်စွမ်:အား:ပြည့် လည်ပတ်ပါက တစ်နေ့သကြား: ကုန်ချော ၁၀ တန်ရရှိမည်ဖြစ်ပြီ: တစ်နှစ်အတွက်ကုန်ကြမ်: လိုအပ်ချက်မှာ ကုန်ကြမ်:ပွက်ရည်တန် ၂,၄၅၀ နှင့် တစ်နှစ်ကုန်ချော သကြား: ၁,၂၂၅ တန် ထွက်ရှိမည် ဖြစ်သည်။

အမှတ် ၁ သံမဏိစက်ရုံဖွင့်ပွဲကို အောင်လံမြို့နယ် ကျောက်ဆွယ်ကျို:ကျေ:ရွာအနီ:ရှိ စက်ရုံဝင်: မင်္ဂလာ



အမှတ် ၁ သံမဏိစက်ရုံဖွင့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် တပ်မတော်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး တင်လှ စက်ရုံအတွင်: လှည့်လည်ကြည့်ရှုစဉ်

ကျင်:ပသည်။ စက်ရုံမှ လျှပ်စစ်ဝါယာကြိုး:များ:ကို နှစ်စဉ်မက်ထရစ်တန် ၄,၅၆၀ ထုတ်လုပ်ပြီ: ရာခိုင်နှုန်: ၆၀ ကို ပြည်တွင်:တွင် ရောင်:ချ၍ ရာခိုင်နှုန်: ၄၀ ကို ပြည်ပသို့တင်ပို့ရောင်:ချမည် ဖြစ်သည်။ စက်ရုံအတွက် ရင်:နှီ:မြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၅၈ သန်: ဖြင့် လုပ်ငန်:ဆောင်ရွက်လျက်ရှိသည်။

မန္တလေး:တိုင်: ဂျီအီ:စီသကြား:စက်ရုံဖွင့်ပွဲကိုမန္တလေး:မြို့ စက်မှုဇုန် ၂ ရွှေလှဲဗိုလ်လမ်: (၄၆ နှင့် ၄၇ လမ်:ကြား:) ရှိ စက်ရုံ၌ မတ်လ ၂၂ ရက်နေ့တွင် ကျင်:ပသည်။ ဂျီအီ:စီ မဏ္ဍပ်၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်:ပသည်။ စက်ရုံမှာ အလျား: မီတာ ၃၀၀ ၊ အနံမီတာ ၆၀ ရှိပြီ: သံကူကွန်ကရစ်အုတ်မြစ်နှင့် တည်ဆောက်ထား:သည်။ စက်ရုံမှ ဆောက်လုပ်ရေး: လုပ်ငန်:သုံ:နှင့် အခြား:လုပ်ငန်:သုံ: နိုင်ငံတကာ စံချိန်စံညွှန်:မီ သံချောင်:လုံ:နှင့် လေ:ထောင့်သံ အမျို:မျို:ကို အဆင့်မြင့်နည်:ပညာများ: ပေါင်:စပ်ကာ တစ်နေ့လျှင် တန် ၁၀၀၀ နှုန်: ဖြင့် တစ်နှစ်လျှင် သံမဏိ တန်ချိန် ၂၅၀,၀၀၀ ထုတ်လုပ်မည် ဖြစ်သည်။

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး မြောင်းမြမြို့တန် ၂၅၀ ဆန်စက်ဖွင့်ပွဲကို မြောင်းမြမြို့ရှိ တန် ၂၅၀ ဆန်စက်၌ မတ်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။ ဆန်စက်တွင် စပါးမှ ဆန်အဖြစ် ကြိတ်ဖွပ်နိုင် သည့် ၁၂၅ တန် ဆန်စက်လိုင်းနှစ်လိုင်းပါရှိ၍ ကြိတ်ခွဲအား နှင့် ဆန်အမျိုး အစားကို လိုအပ်သလို စီစဉ်ကြိတ်ဖွပ်နိုင်ခြင်း၊ ရော်ဘာကြိတ် လုံးများအသုံးပြုထား၍ ဆန်ကြိတ်ထွက်နှုန်း ကောင်းမွန်ခြင်း၊ တန်းမြင့်ဆန် ၁၀၀ မှတ်၊ ၅ မှတ်၊ ၁၀ မှတ်နှင့် တန်းလတ်ဆန် ၂၅ မှတ်တို့ကို ကြိတ်ဖွပ်ပေးနိုင် ခြင်း၊ စူပါ ၁၀၀ မှတ်ဆန်ကို အခက်အခဲမရှိ ထုတ်လုပ်ပေး နိုင်သည်။

မြန်မာ၊ မာမီး ဒက်ဗယ်ဒက်ကာ လီမိတက်အသင့် စားနိုင်သောခေါက်ဆွဲခြောက်စက်ရုံဖွင့်ပွဲကို မဂ်လာဒုံ မြို့နယ် ပျဉ်းမပင်စက်မှုနယ်မြေရှိ စက်ရုံ၌ ဧပြီလ ၉ ရက် နေ့တွင် ကျင်းပသည်။ စက်ရုံမှ အသင့်စားနိုင်သော မာမီးခေါက်ဆွဲ ခြောက်များထုတ်လုပ်မည်ဖြစ်သည်။ .

Diamond Mercury Wood Products Ltd ဒမ်ကို သစ်အခြေခံပစ္စည်းထုတ်လုပ်ရေးစက်ရုံဖွင့်ပွဲကို ရွှေပြည်သာ မြို့နယ် စက်မှုဒေသရှိ စက်ရုံ၌ မေလ ၁ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံမှ ကျွန်းသစ်နှင့် အခြားသစ်မာ များဖြင့် တံခါးနှင့်တံခါးပေါင်များ၊ ပြတင်းနှင့်ပြတင်း ပေါင်များ၊ ပရိဘောဂများ၊ ပရိဘောဂနှင့် ပတ်သက်သော ကုန်ကြမ်းများ၊ ကြမ်းခင်းတုံးနှင့် အခြားသစ်ချောထည်များ ထုတ်လုပ်မည် ဖြစ်သည်။

Teakteam Limited. ပရိဘောဂစက်ရုံဖွင့်ပွဲကို လိုင်သာယာမြို့နယ် လိုင်သာယာစက်မှုဇုန် အပိုင်း ၃ ဗန်းမော်အတွင်းဝန်လမ်းရှိ စက်ရုံ၌ မေလ ၄ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံမှရုံးသုံး၊ အိမ်သုံး၊ ပန်းခြံသုံးနှင့် ကြမ်းခင်း အစိတ်အပိုင်းများ အပါအဝင်သစ်သား ပရိဘောဂပစ္စည်း များကို နှစ်စဉ်တန် ၂၀၀ မှ တန် ၉၀၀ ကျော်အထိတိုးချဲ့ ထုတ်လုပ် သွားမည်ဖြစ်ပြီး ထုတ်ကုန်များ၏ ရာခိုင်နှုန်း ၉၀ ကို ပြည်ပသို့ တင်ပို့ရောင်းချ၍ ၁၀ ရာခိုင်နှုန်းကို ပြည်တွင်း တွင် ရောင်းချမည် ဖြစ်သည်။ စက်ရုံကို အမေရိကန် ဒေါ်လာ ငါးသိန်းဖြင့် မတည်ရင်းနှီးမြှုပ်နှံထား သည်။

မြန်မာတိုကီဝါကော်ပိုရေးရှင်းလီမိတက် ခဲတံနှင့် အလှကုန် ထုတ်စက်ရုံဖွင့်ပွဲကိုမဂ်လာဒုံမြို့နယ် ပျဉ်းမပင် စက်မှုနယ်မြေရှိ စက်ရုံ၌ မေလ ၉ ရက်နေ့တွင် ကျင်းပ သည်။ ရန်ကုန်ရှိ စက်ရုံနှင့် မန္တလေးရှိ စက်ရုံမှ တစ်နှစ် လျှင် ခဲတံသန်း ၁၀၀ ထုတ်လုပ်မည်ဖြစ်သည်။ စက်ရုံလုပ်ငန်း များအတွက် အမေရိကန် ဒေါ်လာ ၇ ဒသမ ၂ သန်းရင်းနှီး မြှုပ်နှံထားသည်။

မာ:စ်ခြင်ဆေးခွေစက်ရုံဖွင့်ပွဲကို မဂ်လာဒုံမြို့နယ် အမှတ် ၃ လမ်းမကြီးရှိ စက်ရုံခန်းမ၌ ဇွန်လ ၃ ရက်နေ့တွင် ကျင်းပသည်။ မာ:စ်ခြင်ဆေးခွေစက်ရုံကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မာ:စ်အင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်တို့ အကျိုးဘူ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။

မြန်မာ့နာနတ်ရည်စက်ရုံ (ပဲခူး) ဖွင့်ပွဲကိုပဲခူးမြို့ ၁၀ မိုင်ကုန်း ဟံသာဝတီဂေါက်ကွင်းရှေ့ရှိ စက်ရုံ၌ ဇူလိုင်လ ၃၁ ရက်နေ့တွင် ကျင်းပသည်။

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြွေပြာစက်ရုံ ဖွင့်ပွဲကို သာယာဝတီမြို့ သာယာဝတီကြွေထည်ပစ္စည်း စက်ရုံဝင်းအတွင်းရှိ ကြွေပြာစက်ရုံ၌ ဩဂုတ်လ ၃ ရက် နေ့တွင် ကျင်းပသည်။ စက်ရုံကို မြေနစ်ဧကပေါ်တွင် တည်ဆောက်ထား ပြီး စက်ပစ္စည်းများကို အီတလီနိုင်ငံမှ တင်သွင်းသည်။ တပ်ဆင်စက်စွမ်းအား မှာ ခြောက်လက်မ ပတ်လည်၊ ရှစ်လက်မပတ်လည်နှင့် ၁၂ လက်မ ပတ်လည် အရွယ်ရှိ နံရံကပ်နှင့် ကြမ်းခင်းကြွေပြာများကို တစ်နှစ် လျှင် စတုရန်းမီတာ ၁၀၀၀ နှုန်း၊ ရှစ်လက်မ ပတ်လည် တစ်မျိုးတည်း ထုတ်လုပ်ပါက တစ်နှစ်လျှင် ချပ်ရေ ရှစ် သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။


ထင်းအစားထိုးလောင်စာတောင့်စက်ရုံဖွင့်ပွဲကို လှိုင်မြို့နယ် ပဏ္ဍိတာရာမကျောင်းလမ်းရှိ စက်ရုံ၌ ဩဂုတ် လ ၁၄ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံတွင် လောင်စာ တောင့်ထုတ်စက် ခြောက်စက် ပါရှိသည်။

မြန်မာ့ကြံလုပ်ငန်း အမှတ် ၁၂ သကြား(နဝဒေး) ဖွင့်ပွဲကို ပြည်မြို့နယ်၊မြရွာအနီးရှိ သကြားစက်ရုံနှင့် မြန်မာ့ဝါ နှင့် ပိုးချည်လုပ်ငန်း ဝါကြိတ်စက်ရုံဖွင့်ပွဲကို တောင်တွင်းကြီးမြို့နယ်ရှိ ဝါကြိတ်စက်ရုံ၌ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် အသီးသီး ကျင်းပသည်။ အမှတ် ၁၂ သကြားစက် (နဝဒေး) မှ ကြံတန်ချိန် ၂၄၅,၄၆၀ တန် ကြိတ်ဝါးပြီး သကြား ၂၁,၄၇၈ ထုတ်လုပ်မည် ဖြစ်သည်။ ဝါကြိတ်စက်ရုံတွင် ဂွမ်းမွေးခွာစက် နှင့် ဝါကြိတ်စက်ပူးတွဲ တည်ဆောက်ထားသည်။

မြန်မာ့ကြံလုပ်ငန်း အမှတ် ၁၀ သကြားစက် (ဒုရင်္ဂိုလ်) ဖွင့်ပွဲကို အောင်လံမြို့နယ်၊ပျဉ်းပင်လှကျေးရွာရှိ သကြားစက်၌ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည်။

စိုးအောင်

မြန်မာနိုင်ငံမှ နိုင်ငံရပ်ခြားစာပေဆုရပုဂ္ဂိုလ် (၁၉၉၉)။ ။ နိုင်ငံရပ်ခြားစာပေဆုဖြစ်သည့် "အရှေ့တောင်အာရှစာပေဆု" (S.E.A Write Award) ကို မြန်မာနိုင်ငံမှ ဒုတိယမြောက် ဆွတ်ခူးရရှိခဲ့သော မြန်မာစာပေ ပညာရှင်တစ်ဦးမှာ စာရေးဆရာကျော်အောင်ဖြစ်သည်။ စာရေးဆရာကျော်အောင်ကို အဘ ဦးကြင်မောင်၊ အမိ ဒေါ်တင်မြင့်တို့က ၁၉၂၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ပခုက္ကူမြို့၊ ပေါင်းလောင်းရှင်ရပ် ၌ မွေးဖွားသည်။



နိုင်ငံရပ်ခြား စာပေဆုရ ဆရာကျော်အောင်

၁၉၄၆ ခုနှစ်တွင် စာစတင်ရေးသားသည်။ ပထမဆုံး ရေးသောစာစောင်အမည်မှာ 'ပြည်သူ့ရဲဘော်ဂျာနယ်' ဖြစ်သည်။ သူ၏ ပင်ကိုရေးဝတ္ထုများတွင် 'နီဗွာန်ဘုံ ပျောက်ဆုံးခြင်း'၊ 'သမဂ္ဂအလံတော်အောက်ဝယ်'၊ နှင့် 'အရေးကြီးပြီ သွေးစည်းကြစို့' ဝတ္ထုများသည် ထင်ရှားသည်။ ၁၉၇၀ ပြည့်နှစ်၌ "အရေးကြီးပြီ သွေးစည်းကြစို့" ဖြင့်အမျိုးသားစာပေ ဆု (ဝတ္ထုရှည်)ရရှိခဲ့သည်။ သူ၏ ဘာသာပြန်ဝတ္ထုများတွင် 'မြစ်ကမ်းပေါ်က စက်ရုံကလေး'၊ 'အကောင်းမြင် သမား'၊'နှလုံးလှဆရာဝန်ဆမ်းမားဆက်မွန်' တို့သည်ထင်ရှားသည်။

ကျော်အောင်သည် အမျိုးသား စာပေဆုလေးကြိမ်ရရှိခဲ့ရာ 'ဘောရိုင်းမြေ'(၁၉၆၇ ဘာသာပြန်)၊ 'အရေးကြီးပြီ သွေးစည်းကြစို့' (၁၉၇၁ ဝတ္ထုရှည်)၊ 'အိုဂျေရှာဆလင်' (၁၉၉၅ ဘာသာပြန်)၊ 'နေဝင်ဘုရင်များ' (ဘာသာပြန်၊ ၁၉၉၈) စာအုပ်များဖြင့် အမျိုးသားစာပေဆုများ ရရှိခဲ့ခြင်း

ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် နိုင်ငံဂုဏ်ရည် ဒုတိယဆင့် ချီးမြှင့်ခြင်းခံရသည်။

၁၉၇၉ ခုနှစ်မှစ၍ ချီးမြှင့်လာခဲ့သော အရှေ့တောင်အာရှစာပေဆု (S.E.A Write Award) ဆုကို မြန်မာနိုင်ငံအနေနှင့် ဒုတိယမြောက်ရရှိခဲ့သည့် စာရေးဆရာကျော်အောင် (မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ) သည် ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပသည့် အရှေ့တောင်အာရှစာပေဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ အရှေ့တောင်အာရှစာပေဆုကို ရယူခဲ့သည်။

အရှေ့တောင်အာရှစာပေဆု (S.E.A Write Award) သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နိုင်ငံများမှထင်ရှားကျော်ကြားသော စာရေးဆရာ၊ ကဗျာဆရာများအား ဆုရွေးချယ်ရေးကော်မတီက ရွေးချယ်ကာ ချီးမြှင့်သည့် စာပေဆု အမျိုးအစားတစ်ခု ဖြစ်သည်။

၁၉၉၉ ခုနှစ်က ကျင်းပသော အရှေ့တောင်အာရှစာပေဆု (S.E.A Write Award) ချီးမြှင့်ပွဲ အခမ်းအနား၌ မြန်မာနိုင်ငံမှ စာရေးဆရာ ကျော်အောင် (မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်အောင်) အပါအဝင် အရှေ့တောင်အာရှနိုင်ငံများအသင်းဝင်ဆယ်နိုင်ငံမှ စာရေးဆရာ၊ ကဗျာဆရာ ဆယ်ဦးတက်ရောက်၍ ဆုများလက်ခံရယူကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ထိုင်းနိုင်ငံအိမ်ရှေ့မင်းသား (HRH Crown Prince Vajiralongkorn) ကိုယ်တိုင်တက်ရောက်၍ အရှေ့တောင်အာရှ စာပေဆုရရှိသူများအား ဆုများချီးမြှင့်သည်။ ညပိုင်း၌ စာပေဆုရှင်များအား (Oriental Hotel) တွင် ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဒေါ်တင်မွေး

မြန်မာရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ။ ။သတ္တမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲကို အောက်တိုဘာလ ၂၆ ရက်နေ့မှ နိုဝင်ဘာလ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေးစေတီလမ်းရှိ ကမ္ဘောဇာတ်ရုံနှင့် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ တို့တွင် ကျင်းပသည်။ မိမိတို့နိုင်ငံသူနိုင်ငံသား အားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ



သတ္တမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲအခမ်းအနားကို
ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းစိန်က ဤသို့ဖွင့်လှစ်ပေးသည်

ဇာတိမာန် ထက်မြက်မြင့်မား၊ရေး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးဟူသော ဦးတည်ချက် ခြောက်ရပ်ဖြင့် သတ္တမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၂၆ ရက်နေ့၌ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပရာ သတ္တမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲ ကျင်းပရေး နာယကနိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။ သတ္တမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲကို ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် ၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်)၊ အခြေခံပညာအဆင့် (အသက် ၅ နှစ်မှ ၁၀ နှစ်) ဟူ၍ အဆင့်ခြောက်ဆင့် ခွဲပြီး ကျင်းပရာ ပြည်နယ်နှင့်တိုင်းများ မှ ပြိုင်ပွဲဝင်ဦးရေ ၂,၅၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။ ထိုပြင် ဇာတ်သဘင် ပြိုင်ပွဲတွင် ရာမယဏ ဇာတ်တော်ကြီးကို ပိုမိုစနစ်ကျ ခမ်းနားထည်ဝါစွာ သမားစဉ်များအတိုင်း ယှဉ်ပြိုင် ကျင်းပသည်။

သတ္တမအကြိမ်မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာလ ၁၄ ရက်နေ့၌ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပရာ သတ္တမအကြိမ် မြန်မာ့ ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲ ကျင်းပ ရေး

နာယက နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် မိန့်ခွန်း ပြောကြားပြီး ပညာရှင်အဆင့် (အမျိုးသား)၊ ဝါသနာရှင်အဆင့် (အမျိုးသား)၊ အဆင့်မြင့် ပညာအဆင့် (အမျိုးသား)၊ အခြေခံပညာအဆင့် (အမျိုးသား၊ အသက် ၁၅ နှစ်မှ ၂၀)၊ အခြေခံပညာအဆင့် (အမျိုးသား၊ အသက် ၁၀နှစ်မှ ၁၅ နှစ်)၊ အခြေခံပညာ အဆင့်(အမျိုးသား၊ အသက် ၅နှစ်မှ ၁၀ နှစ်) မဟာဂီတ အဆိုပြိုင်ပွဲ၊ ပညာရှင်အဆင့် ရုပ်သေးကြိုးဆွဲ သောတို့ သေန သမ္ဘူလ ဇာတ်တော်ပြိုင်ပွဲ၊ ပညာရှင်အဆင့် ရာမယဏ ဇာတ်တော်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ အသီးသီး ချီးမြှင့်သည်။ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးက ပညာရှင်အဆင့် (အမျိုး သမီး)၊ ဝါသနာရှင် အဆင့် (အမျိုးသမီး)၊ အဆင့်မြင့်ပညာ အဆင့် (အမျိုးသမီး)၊ အခြေခံပညာအဆင့် (အမျိုးသမီး၊ အသက် ၁၅ နှစ်မှ ၂၀)၊ အခြေခံပညာအဆင့် (အမျိုးသမီး၊ အသက် ၁၀ နှစ်မှ ၁၅ နှစ်)၊ အခြေခံပညာအဆင့် (အမျိုး သမီး၊ အသက် ၅ နှစ်မှ ၁၀ နှစ်) မဟာဂီတ အဆိုပြိုင်ပွဲ ဆုရရှိသူများအား ဆုများ အသီးသီး ချီးမြှင့်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၃) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်က ပညာရှင်အဆင့်(အမျိုးသား)၊ ဝါသနာရှင်အဆင့်(အမျိုး သား)၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)၊ အခြေခံ ပညာအဆင့်(အမျိုးသား၊ အသက်၁၅နှစ်မှ၂၀)၊ အခြေခံ ပညာအဆင့်(အမျိုးသား၊ အသက်၁၀နှစ်မှ၁၅နှစ်)၊ အခြေ ခံပညာအဆင့်(အမျိုးသား၊ အသက်၅နှစ်မှ၁၀နှစ်) ဓမ္မ ပူဇာတေး အဆိုပြိုင်ပွဲ ဆုရရှိသူများအားဆုများ အသီးသီး ချီးမြှင့်သည်။ ဒုတိယဝန်ကြီးချုပ်နှင့် တပ်မတော်ရေးရာ ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်လှ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ်တိုင်းမှူးဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လှေကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အမျိုးသားညီ လာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်ဦးအေးမောင်နှင့်ယဉ် ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီးတို့က အဆိုအကအရေး အတီးပြိုင်ပွဲအဆင့်အသီးသီးတွင် ဆုရရှိသူများအားဆုများ အသက်၁၀ နှစ်မှ ၁၅ နှစ်)၊ အခြေခံပညာအဆင့် (အမျိုး ချီးမြှင့်သည်။



' ရာမာယဏ'ဇာတ်တော်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကပြနေသော အဖွဲ့တစ်ဖွဲ့

သတ္တမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက အရေးအတီးပြိုင်ပွဲပြည်နယ်နှင့်တိုင်းအလိုက် (ရွှေ၊ငွေ၊ကြေး)ဆုရရှိမှုစာရင်း (၁၉၉၉)

စဉ်	ပြည်နယ်/တိုင်း	ရွှေ	ငွေ	ကြေး	အထူးဆု	ပေါင်း
၁။	ရန်ကုန်တိုင်း	၅၈	၅၅	၃၇	၂	၁၅၂
၂။	မန္တလေးတိုင်း	၃၀	၂၀	၃၂	-	၈၂
၃။	စရာဝတီတိုင်း	၁၁	၂၄	၉	-	၄၄
၄။	စစ်ကိုင်းတိုင်း	၉	၆	၁၆	-	၃၁
၅။	ပဲခူးတိုင်း	၆	၆	၁၀	-	၂၂
၆။	ရခိုင်ပြည်နယ်	၄	၆	၉	၂	၂၁
၇။	ရှမ်းပြည်နယ်	၃	၇	၃	-	၁၃
၈။	ကချင်ပြည်နယ်	၃	၄	၂	၁	၁၀
၉။	မွန်ပြည်နယ်	၃	၁	၃	၁	၈
၁၀။	မကွေးတိုင်း	၂	၅	၈	-	၁၅
၁၁။	ချင်းပြည်နယ်	၂	၅	၄	၂	၁၃
၁၂။	ကရင်ပြည်နယ်	၁	၁	၆	၁	၉
၁၃။	တနင်္သာရီတိုင်း	-	၃	၄	၁	၈
၁၄။	ကယားပြည်နယ်	-	-	၃	၃	၆
	စုစုပေါင်း	၁၃၂	၁၄၃	၁၄၆	၁၃	၄၃၄

မှတ်ချက်။ ။ ဇာတ်ဆောင်အကောင်းဆုံးဆုနှင့် ဇာတ်ပို့ဆိုင်း အကောင်းဆုံးဆုများကို "ရွှေ" ဟု သတ်မှတ်ထားပါသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၁၉၉၈ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၁ ရက် နေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏခွန် ကျင်းပသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်

ခင်မောင်သန်းနှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် ကြည်အောင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာ ပန်းပုံပညာရှင်များအစည်းအရုံးတို့မှ အမှုဆောင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်များ၊ ၁၉၉၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ကား ၁၅ ကားမှ ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များ၊ အတတ် ပညာရှင်များ၊ ထုတ်လုပ်သူများ၊ အထူးဖိတ်ကြားထားသူများနှင့် ရုပ်ရှင်မြတ်နိုးသူ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် ကြည်အောင်က အမှာစကားပြောကြားပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ရွှေစင်ရုပ်ဆုနှင့် Super Coffeemix က ချီးမြှင့်သည့် ငွေကျပ် တစ်သိန်းတန် ချက်လက်မှတ်ကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ကို ၁၉၂၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နှစ်စဉ်ရိုက်ကူးထုတ်လုပ်ခဲ့သော ရုပ်ရှင်ဇာတ်ကားများမှ ထူးချွန်သရုပ်ဆောင် များကို နိုင်ငံတော်မှချမှတ်ထားသည့် ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ရေးဆိုင်ရာ မူဝါဒ(၇)ချက်ကို အခြေခံ၍မြန်မာ့ ရုပ်ရှင်အကဲဖြတ် မူဝါဒများနှင့်အညီ ရွေးချယ်ချီးမြှင့် ပေးခြင်းဖြစ်သည်။ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် ဆုပေါင်း ၂၂၁ ဆုကို စိစစ်ရွေးချယ် ချီးမြှင့်ခဲ့ပြီး ဖြစ်သည်။ ယင်းဆုများမှာ အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆု ၂၉ ဆု၊ ဒါရိုက်တာဆု ၂၈ ဆု၊ အမျိုးသားဇာတ်ဆောင်ဆု ၂၈ ဆု၊ အမျိုးသမီး ဇာတ်ဆောင်ဆု ၃၉ ဆု၊ အမျိုးသား ဇာတ်ပို့ဆု ၂၅ ဆု၊ အမျိုးသမီးဇာတ်ပို့ဆု ၂၇ ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု ၃၂ ဆု၊ ရုပ်ရှင်တေးဂီတဆု ၅ ဆု၊ ရုပ်ရှင်အသံဆု ၂ ဆု၊ ရုပ်ရှင် ဇာတ်ညွှန်းဆု ၂ ဆု၊ ရုပ်ရှင်တည်းဖြတ် ဆု ၁ ဆု နှင့် အထူးဆု ၃ ဆု တို့ဖြစ်သည်။



၁၉၉၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရ ရုပ်ရှင်အနုပညာရှင်များ

၁၉၉၈ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများကို ရုံတင်ပြသပြီး၀တ်ကား: ၁၅ ကား:မှ အကဲဖြတ်စိစစ်ပြီး: ရွေးချယ်ချီးမြှင့်ခြင်း:ဖြစ်သည်။ ယင်း၀တ်ကား: ၁၅ ကား:မှာ ပထမအချစ်ဒုတိယနှလုံး:သား:၊ တမ်း:တမ်း:တတ၊ ရွှေအင်ကြင်း:၊ အနှိုင်း:မဲ့ရင်ခွင်၊ မာယာရထား:၊ ချစ်ချစ် ချစ်တဲ့ ကိုကို၊ ရွှေဝယ်သူရဲ့မောင်း:မကန်၊ ကျွန်တော်ကျွန်မတို့သည်၊ မိန်းမနှင့်ငွေ၊ တောင်ကြီး:က ခက်ခက်မာ၊ ဇာတ်သည်၊ မိုမိုချစ်တဲ့ကွန်မန်ဒို၊ တစ်သက်တာ ထာဝရ၊ ရွှေနှဲ့သာစံအိမ် နှင့် ညမင်း:သား: ၀တ်ကား:များ: ဖြစ်ကြသည်။

၁၉၉၈ခုနှစ်အတွက် မြန်မာရုပ်ရှင်ထူးချွန်ဆုများ: ရွေးချယ်ရာတွင် သက်မှတ်ထား:သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(၁၁)မျိုး:ရှိသည့်အနက် အကောင်းဆုံး:ရုပ်ရှင်၀တ်ပုံဆု၊ အကောင်း:ဆုံး:ရုပ်ရှင်၀တ်ဆင်ဆု၊ အကောင်း:ဆုံး: အမျိုး:သမီး: ၀တ်ပို့ဆု၊ အကောင်းဆုံး: ဒါရိုက်တာဆု၊ အကောင်း:ဆုံး: ရုပ်ရှင်၀တ်ကား:ဆု၊ အကောင်းဆုံး: အမျိုး:သမီး: ၀တ်ဆောင်ဆုနှင့် အကောင်း:ဆုံး: အမျိုး:သား: ၀တ်ဆောင်ဆု စုစုပေါင်း: ဆုခုနစ်မျိုး:အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ:၊ ရွေးချယ်ခံရသည်။ အကောင်း:ဆုံး: အမျိုး:သား:၀တ်ပို့ဆု၊ အကောင်း:ဆုံး: ရုပ်ရှင်တည်း:ဖြတ်ဆု၊ အကောင်း:ဆုံး:ရုပ်ရှင် အသံဆုနှင့် အကောင်း:ဆုံး: ရုပ်ရှင်တေး:ဂီတဆုများ:အတွက်မူ ဇရွေး:ချယ်ခြင်း:မခံရပေ။

၁၉၉၈ ခုနှစ်အတွက် ရရှိသော မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ:မှာ အောက်ပါအတိုင်း:ဖြစ်သည်–

၁၉၉၈ ခုနှစ် မြန်မာ့ ရုပ်ရှင်ထူးချွန်ဆု

စဉ်	ဆုအမည်	ရရှိသူ	၀တ်ကား: အမည်
၁	အကောင်းဆုံး: ရုပ်ရှင်တတ်ပုံဆု	ဦး:သန်း:ညွန့် (ပန်း:သာ)	ညမင်း:သား:
၂	အကောင်းဆုံး: ၀တ်ညွန်း:ဆု	ကိုကိုလေး:	အနှိုင်း:မဲ့ရင်ခွင်
၃	အကောင်း:ဆုံး:အမျိုး:သမီး: ၀တ်ပို့ဆု	နန္ဒာလွိုင်	ရွှေနှဲ့သာစံအိမ်
၄	အကောင်း:ဆုံး: ဒါရိုက်တာဆု	မလိခ စိုး:ထိုက်အောင်	အနှိုင်း:မဲ့ရင်ခွင်
၅	အကောင်းဆုံး:၀တ်ကား: ဆု		အနှိုင်း:မဲ့ရင်ခွင်
၆	အကောင်း:ဆုံး:အမျိုး:သမီး: ၀တ်ဆောင်ဆု	အကယ်ဒမီ စိုးမြတ်သူ၀	ရွှေနှဲ့သာစံအိမ်
၇	အကောင်း:ဆုံး:အမျိုး:သား: ၀တ်ဆောင်ဆု	ထပ်ဆင့် အကယ်ဒမီ ရန်အောင်	ညမင်း:သား:

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။ ။စာရေးဆရာ ဆယ်လ်မင် ရှရှဒီအား အီရန်နိုင်ငံက သေဒဏ်အမိန့် ချမှတ်ခဲ့သော လွန်ခဲ့သည့် ၁၀ နှစ်မှစ၍ နှစ်နိုင်ငံဆက်ဆံရေးဆိုးရွားခဲ့သော ဗြိတိန်နှင့် အီရန်တို့သည် သံအမတ်ကြီးများ အပြန်အလှန်ခန့်ထားကြရန် သဘောတူညီပြီးဖြစ်ကြောင်း မေလ ၁၈ ရက်နေ့က ကြေညာသည်။ ယခုခြေလှမ်းသည် နှစ်ပေါင်းများစွာ အငြင်းပွားမှုကို အဆုံးသတ်စေမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ရော်ဘင်ကွတ်က ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းကိစ္စသည်၊ အီရန်နှင့် မိတ်ဆွေအဖြစ် အကျိုးတူ အပြန်အလှန် ပူးပေါင်း ဆောင်ရွက်မှုနှင့် ငြိမ်းချမ်းသာယာမှု ပြန်လည်တည်ဆောက်ရန်၊ ပြင်ပကမ္ဘာသို့ အသစ်တစ်ဖန်ဖွင့်ပေးရန်နှင့် ပူပြင်းရေးလမ်းကြောင်းကို အီရန်နှင့်အတူ ပြန်လည်တည်ဆောက်ရန် လမ်းပွင့်သွားစေကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ တိဟီရန်နှင့် လန်ဒန်တို့၏ သဘောတူညီမှုတွင် အီရန်နှင့် ဗြိတိန်တို့သည် တရားဝင်သံအမတ်အဆင့်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်၊ မေလ ၁၈ ရက်နေ့မှစပြီး သံမှူးများက သံအမတ်ကြီးများအဖြစ် ဆောင်ရွက်သွားကြမည် စသဖြင့် အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့် ပုဂ္ဂိုလ်က ကြေညာချက်တွင် ဖော်ပြ ထားသည်။

ကိုဆိုဗိုငြိမ်းချမ်းရေးဆိုင်ရာဂျီ ၈ အုပ်စု၏ အခြေခံမူများကို ယူဂိုဆလပ်သမ္မတ ဆလိုဗိုဒန်မိလိုစီဗစ်က လက်ခံမည့် လက္ခဏာများ အထင်အရှားပြသခြင်းကို ဗြိတိန်နိုင်ငံက ဇွန်လ ၁ ရက်နေ့တွင် ကြိုဆိုလိုက်သော်လည်း ကိုဆိုဗိုမြို့နယ်တွင် မည်ကဲ့သို့သော ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ချထားသည်ဖြစ်စေ ယင်းတပ်ဖွဲ့ကို မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)က ဦးဆောင်ရမည်ဆိုသော ဗြိတိသျှအစိုးရ၏ တောင်းဆိုချက်ကို ထပ်လောင်း ဖော်ပြခဲ့သည်။ ဇွန်လ ၂ ရက်နေ့တွင် ကျင်းပသော ဆွေးနွေးပွဲတွင် တိုးတက်မှုရှိကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီး ကျော့၊ ရောဘတ်ဆန်က ပြောကြား ခဲ့သည်။ ကိုဆိုဗိုနိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့ ဖြန့်ကြက်ထားရန် ဘဲဂရိတ်အစိုးရလက်ခံခြင်းမှာ တိုးတက်မှုလက္ခဏာဖြစ်သည်၊ သို့ရာတွင် နေတိုးမှာ ယင်းတပ်ဖွဲ့၏ အချက်အချာနေရာတွင် ရှိရမည်စသဖြင့် ရောဘတ်ဆန်က ပြောကြား ခဲ့သည်။

ဗြိတိန်နိုင်ငံသည် လစ်ဗျာနိုင်ငံနိုင်ငံနှင့် ၁၅ နှစ်ကြာမျှ သံတမန်အဆက်အသွယ် ဖြတ်တောက်ခဲ့ပြီးနောက် သံတမန်ဆက်သွယ်မှုများ ပြန်လည်ပြုလုပ်တော့မည်၊ အဘယ်ကြောင့်ဆိုသော် လန်ဒန်မြို့ရှိ လစ်ဗျာသံရုံးအပြင်ဘက်တွင် ၁၉၈၄ ခုနှစ်က ဗြိတိသျှရဲတပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုအပေါ် စုံစမ်းစစ်ဆေးရာ၌ ပူးပေါင်းပါဝင်ရန် လစ်ဗျာအစိုးရက သဘောတူညီလိုက်ခြင်းကြောင့် ဖြစ်သည်ဟု ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ရော်ဘင်ကွတ်က ဇူလိုင်လ ၇ ရက်နေ့တွင် ပြောကြား ခဲ့သည်။ လစ်ဗျာနိုင်ငံအား ဗြိတိန်နိုင်ငံက သံတမန်ဖြတ်တောက်သည်အထိ အရေးယူခဲ့သောအဆိုပါ သတ်ဖြတ်မှုနှင့် ပတ်သက်၍ လစ်ဗျာနိုင်ငံက လျော်ကြေးပေးရန်လည်း သဘောတူညီခဲ့သည်။ လစ်ဗျာနိုင်ငံ၏ ထိုသဘောတူညီချက်နှစ်ရပ်ကြောင့် ဗြိတိန်နိုင်ငံသည် လစ်ဗျာနိုင်ငံနှင့် သံတမန်ဆက်သွယ်မှုများ ပြန်လည်ပြုလုပ်ရန် လမ်းပွင့်သွားရသည်။ မိမိသည် လစ်ဗျာနိုင်ငံမြို့တော် ထရိပိုလီတွင် ဗြိတိသျှအကျိုးစီးပွားဌာနကို သံရုံးကြီးအဆင့်အထိ အမြန်ဆုံး တိုးမြှင့်သွားတော့မည်ဖြစ်သည်၊ မိမိတို့သည် သံအမတ်ကြီးတစ်ဦး အမြန်ဆုံးခန့်အပ်ပြီး သံရုံးကိုလည်း သံရုံးလုပ်ပိုင်ခွင့် အပြည့်အဝပေး သွားတော့မည်ဖြစ်သည်စသည်ဖြင့် ဗြိတိသျှလွှတ်တော်အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီး ရော်ဘင်ကွတ်က ပြောကြားခဲ့သည်။ ထိုအတောအတွင်း ကုလသမဂ္ဂဆိုင်ရာ လစ်ဗျာ



ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကို
မဲဆွယ်စည်းရုံးလှုပ်ရှားပွဲတစ်ခုတွင် တွေ့ရစဉ်

သံအမတ်ကြီး အဘူဇစ်အိုမာဒေါ်ဒါက ကုလသမဂ္ဂတွင် ပြောကြား‌ရာ၌ လစ်ဗျာ‌နှင့်ပြိတိန် သံတမန်ဆက်သွယ်မှုများ ပြန်လည်ပြုလုပ်ခြင်း‌သည် လုပ်ရိုး‌လုပ်စဉ်မျှသာဖြစ်သည်။ ယခုအချိန်သည် လစ်ဗျာ‌နိုင်ငံအား ကုလသမဂ္ဂပိတ်ပင်အရေး‌ယူပိတ်ပင်မှုကိုလည်း ရုပ်သိမ်း‌သင့်သော အချိန်သို့ ရောက်ပြီ ဖြစ်သည် စသဖြင့် ပြောကြား‌ခဲ့သည်။

တရုတ်သမ္မတ ကျန်ဇီမင်း‌သည် တရုတ်နိုင်ငံ၏ အကြီး‌အကဲအနေဖြင့် ပထမဆုံး‌အကြိမ် ဗြိတိန်နိုင်ငံသို့ အောက်တိုဘာလ ၁၈ ရက်နေ့တွင် အလည်အပတ်ရောက်ရှိလာရာ လူအခွင့်အရေး‌အခြေခံတစ်ခုတည်း‌ဖြင့် ဗြိတိန်နှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေး‌ကို ဗြိတိန်နိုင်ငံက အကဲဖြတ်ဆုံး‌ဖြတ်မည်မဟုတ်ဟုဆိုသော ဗြိတိန်၏အာမခံချက်ကို သမ္မတကျန်ဇီမင်း ရရှိလိုက်သည်ဟု အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရိုက်တာက ရေး‌သား‌ဖော်ပြသည်။ အောက်တိုဘာ ၂၂ ရက်နေ့အထိ သမ္မတ ကျန်ဇီမင်း ဗြိတိန်နိုင်ငံ၌ နေထိုင်လည်ပတ်စဉ် နှစ်နိုင်ငံစီး‌ပွား‌ရေး ဆက်ဆံမှုသည် ထိပ်တန်း‌ဆွေး‌နွေး‌မည့် အကြောင်း‌အရာ ဖြစ်သည်ဟု ဝန်ကြီး‌ချုပ် တိုနီဘလဲ၏ ရုံး‌အဖွဲ့က ပြော‌ကြား‌သည်။ တရုတ်သည် အာရှ၏ အကြီး‌မား‌ဆုံး‌စျေး‌ကွက်ဖြစ်၍ တရုတ်၏ဖွံ့ဖြိုး‌တိုး‌တက်ရေး အရေး‌ကြီး‌ချိန်ကာလတွင် တရုတ်စျေး‌ကွက်၌ မိမိတို့နေရာရရှိရေး‌သည် အရေး‌ကြီး‌သည်ဟု ဝန်ကြီး‌ချုပ်ရုံး ပြောခွင့်ရသူက သတင်း‌ထောက်များ‌အား ပြော‌ကြား‌သည်။ သမ္မတကျန်ဇီမင်း‌သည် ဇနီး‌ဖြစ်သူ ဝမ်ယီပင်း၊ ဒုတိယဝန်ကြီး‌ချုပ် ကျင်ကျိချင်၊ နိုင်ငံခြား‌ရေး‌ဝန်ကြီး‌ တန်ကျီဟွာ၊ နိုင်ငံတော်စီမံကိန်း‌အကြီး‌အကဲ ဧင်ဝီဟန်နှင့် နိုင်ငံခြား‌ကုန်သွယ်ရေး‌ဝန်ကြီး ရှီဂွမ်ရှန်း‌တို့ လိုက်ပါလျက် အောက်တိုဘာ ၁၈ ရက်နေ့က ဗြိတိန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိလာခဲ့သည်။ သမ္မတကျန်ဇီမင်း‌သည်၊ အောက်တိုဘာ ၁၉ ရက်နေ့တွင် ဘုရင်မကြီး အဲလိဇဘတ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဝန်ကြီး‌ချုပ် တိုနီဘလဲတို့နှင့် တွေ့ဆုံဆွေး‌နွေး‌ခဲ့သည်။ ဗြိတိန်နိုင်ငံသို့ ရောက်ရှိလာစဉ် သမ္မတကျန်ဇီမင်း‌က ကြေညာချက်ထုတ်ပြန်ရာ၌ မိမိ၏ အလည်အပတ်ခရီး‌သည် နှစ်နိုင်ငံချစ်ကြည်ရင်း‌နှီး‌စွာ ဆက်ဆံမှုနှင့် ပူး‌ပေါင်း‌ဆောင်ရွက်မှုကို ဖွံ့ဖြိုး‌တိုး‌တက်စေသည်။ မကြာသေး‌သော နှစ်များ‌အတွင်း‌က မိမိတို့၏ ပူး‌ပေါင်း‌ဆောင်ရွက်မှုများ အတွက် ကျေး‌ဇူး‌တင်ရှိသည်၊ မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်း‌နှီး‌စွာ ပူး‌ပေါင်း‌ဆောင်ရွက်မှုများ‌က နိုင်ငံရေး၊ စီး‌ပွား‌ရေး၊ ကုန်သွယ်ရေး‌နှင့် အခြား နယ်ပယ်များ‌တွင် အကျို‌းဖြစ် ထွန်း‌ခဲ့သည်ဟု သမ္မတ ကျန်ဇီမင်း‌က ပြော‌ကြား‌ခဲ့သည်။



ဗြိတိသျှဘုရင်မကြီး အဲလ်လိဇဘတ်

ဩစတြေး‌လျနိုင်ငံ၏ နိုင်ငံတော်အကြီး‌အကဲမှာ ဗြိတိသျှဘုရင်မကြီး ဒုတိယမြောက် အဲလ်လိဇဘတ်ဖြစ်ရာ ဩစတြေး‌လျနိုင်ငံတော်အကြီး‌အကဲအဖြစ် အခြား နိုင်ငံမှ လာရောက်စို့‌မို့‌နေခြင်း‌ကို အဆက်ဖြတ်ရန် သမ္မတ စနစ် လိုလား‌သော ဩစတြေး‌လျနိုင်ငံသား‌တို့က နှစ်ပေါင်း‌များ‌စွာ လှုပ်ရှား‌ဆောင်ရွက်ခဲ့ကြသည်။ ဩစတြေး‌လျနိုင်ငံအတွက် ဩစတြေး‌လျနိုင်ငံသား‌ကိုသာ နိုင်ငံတော် အကြီး‌အကဲအဖြစ် ရွေး‌ချယ်တင်မြှောက်စေလိုကြသည်။ ထို့ကြောင့် ဖွဲ့စည်း‌ပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး သမ္မတ စနစ်ကျင့်သုံး ရန် ဩစတြေး‌လျနိုင်ငံတွင် နိုဝင်ဘာလ ၆ ရက်နေ့က လူထုဆန္ဒခံယူပွဲကျင်း‌ပ၍ ဘုရင်စနစ်လိုလား သူများ‌နှင့် သမ္မတစနစ်လိုလား‌သူများ ဩစတြေး‌လျနိုင်ငံ တစ်ဝန်း‌တွင် အပြိုင်အဆိုင် မဲဆွယ်ခဲ့ကြသည်။

မဲပေးပြီးနောက် မဲရေတွက်သောအခါ သမ္မတနိုင်ငံထူထောင်ရေးအဆို ရှူးနိမ့်သွားသည်။ ဆန္ဒမဲများကို ရေတွက်ရာတွင် ဘုရင်စနစ် ဆက်လက်ကျင့်သုံးလိုသူများဘက်က ထောက်ခံမဲ ၅၅ ရာခိုင်နှုန်းရရှိပြီး သမ္မတစနစ်အစားထိုးလိုသူများဘက်က ထောက်ခံမဲ ၄၅ ရာခိုင်နှုန်းရရှိသည်။ ဗြိတိသျှနန်းတော်အုပ်စိုးမှုကို ဖျက်သိမ်းပြီး လွှတ်တော်သုံးပုံနှစ်ပုံမဲဖြင့် နိုင်ငံတော်သမ္မတရွေးချယ်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးအဆိုကို မဲဆန္ဒရှင်အများစုက ပယ်ချခဲ့သည်။ နိုင်ငံတော်သမ္မတကိုလွှတ်တော်မှ ရွေးချယ်ခြင်း၊ မပြုဘဲ ပြည်သူလူထုက တိုက်ရိုက် ရွေးချယ်စေလိုသဖြင့် ကန့်ကွက်မဲပေးခဲ့ခြင်း ဖြစ်ကြောင်း ဘုရင်စနစ်လိုလားသော မဲဆန္ဒရှင်များက တင်ပြ ခဲ့ကြသည်။ သမ္မတစနစ်ကိုလိုလားသောသူများက ဘုရင်စနစ်ကို မဖယ်ရှားနိုင်လျှင် ဩစတြေးလျနိုင်ငံသူ နိုင်ငံသား တို့သည် တစ်နေ့သောအခါ ချာလ်ဘုရင်နှင့် မိဖုရားကာမီလာပါကာ ဘောင်းလ်တို့အား ဦးခိုက်ရပေလိမ့်မည်ဟု ဆွယ်တရားဟောခဲ့ကြသည်။

စစ်ရေး- အီရတ်နိုင်ငံသည် မိမိ၏ လက်နက်ကျွမ်းကျင်သူများနှင့် အပြည့်အဝပြန်လည်ပူပေါင်းခြင်းမရှိ၍ အမေရိကန်နှင့် ဗြိတိသျှတို့က လေကြောင်းမှ တိုက်ခိုက်ရန် စိုးရိမ်ပူပန်မှုဖြစ်လာစေသည်ဟု ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့အကြီးအကဲ ရစ်ချတ်ဘတ္တလာက ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဘတ္တလာ၏ အစီရင်ခံစာသည် အီရတ်ကို အမေရိကန်နှင့် ဗြိတိသျှတို့ လေကြောင်းမှ တိုက်ရန် အခြေခံဖြစ်လာခဲ့သည်။ အမေရိကန်နှင့် ဗြိတိသျှတို့က နောက်ထပ်သံတမန်ရေး သို့မဟုတ် သတိပေးခြင်း တစ်စုံတစ်ရာမရှိဘဲ တိုက်ခိုက်နိုင်ကြောင်း အစီရင်ခံစာ၌ ဖော်ပြထား၊သည်။

ကုလသမဂ္ဂ လက်နက်စစ်ဆေးသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် အီရတ်နိုင်ငံ နောက်ဆုံးပျက်ကွက်ခြင်းသည် အခြေအနေကို အလွန်စိုးရိမ်စရာဖြစ်စေခဲ့ကြောင်း ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုက လေကြောင်းမှ တိုက်ခိုက်မည်ဆိုလျှင် သတိပေးခြင်းကို မမျှော်လင့်ရန် သမ္မတ ဆက်ဒမ်ဟူစိန်အား သတိပေးထားခဲ့ကြောင်း ဗြိတိန်နိုင်ငံက ၁၉၉၈ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ ယခုအစီရင်ခံစာမှာ အလွန်လေးနက်ပြီး စိုးရိမ်စရာကောင်း၍ မိမိတို့သည်အလွန် အလေးထားကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ရော်ဘင်ကွတ်က ဘီဘီစီရေဒီယိုအား ပြောကြားခဲ့သည်။ ဆက်ဒမ်ဟူစိန်အား နောက်ထပ်သတိပေးခြင်း ပြုမည်မဟုတ်ကြောင်း မိမိတို့နောက်ဆုံးပြောကြား ခဲ့သည်ဟု ရော်ဘင်ကွတ်က ပြောကြားသည်။ ယခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြုခဲ့သော ဆုံးဖြတ်ချက်များမှာ လေကြောင်းမှ တိုက်ခိုက်ရေးအတွက် တိကျရှင်းလင်း ပြတ်သားသော တရား၀င်အာဏာရှိသည့် အဓိပ္ပာယ်ဖြစ်ကြောင်း ဗြိတိသျှ နိုင်ငံခြားရေး၀န်ကြီးက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ညကအီရတ်နိုင်ငံအား စတင်တိုက်ခိုက်ခြင်းမှာ ကြာသပတေးနေ့တွင် ပြီးဆုံးနိုင်မည်မဟုတ်ပါ။ ယင်းတိုက်ခိုက်မှုတွင် ခရုဇ်ဒုံးပျံများကိုသာ အသုံးပြုတိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းသို့တိုက်ခိုက်လိုက်ခြင်းအားဖြင့် အီရတ်နိုင်ငံ၏ ဓာတုဗေဒနှင့် ပိုးမွှားလက်နက်အစီအစဉ်ကို သုံးလေးနှစ်မျှ နောက်ဆုတ်သွားစေပါသည်။ ဘာဖြစ်လိမ့်မည်၊ ဘယ်လောက်ကြာလိမ့်မည်ဟု ပြောပြပြီး ဆက်ဒန်ဟူစိန်ကို မိမိကယ်မည်မဟုတ်ကြောင်း၊ သေချာသည်မှာ ဗြိတိသျှတပ်များ ပါဝင်နေမည်ဆိုသော အချက်သာဖြစ်ပါသည် စသည်ဖြင့် ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးက ဆက်လက် ပြောကြားခဲ့သည်။ အမေရိကန် နှင့် ဗြိတိသျှတပ်များက အီရတ်နိုင်ငံရှိ ပစ်မှတ်များကို နှစ်ရက်တိုင် တိုက်ခိုက်ဖျက်ဆီးခဲ့ပြီး ဖြစ်သော်လည်း ယင်းစစ်ဆင်ရေးမှာ မပြီးဆုံးသေးကြောင်း ဗြိတိသျှကာကွယ်ရေး၀န်ကြီး ကျော့ရော်ဘင်ဆန်က ပြောကြားခဲ့သည်။

အီရတ်နိုင်ငံအား အမေရိကန်နှင့် ဗြိတိသျှတို့တိုက်ခိုက်မှုကို နိုင်ငံအတော်များများက ရှုတ်ချပြစ်တင်ခဲ့ကြသည်၊ ယင်းတိုက်ခိုက်မှုတွင် ဗြိတိန်နိုင်ငံပါဝင်ပတ်သက်နေ၍ ဥရောပသမဂ္ဂ၊ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော လုပ်ရပ်ဖြစ်သည်။ ဥရောပသမဂ္ဂ ကာကွယ်ရေးထူထောင်မည့် ဗြိတိသျှ-ပြင်သစ်နှစ်နိုင်ငံအစီအမံကို ပြန်လည်သုံးသပ်ရမည်ဟု ပြင်သစ်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကောင်စီဥက္ကဋ္ဌ ဂျက်လမ်းက ပြောကြားသည်။

ဒီဇင်ဘာစစ်ဆင်ရေးတွင် အနောက်နိုင်ငံတပ်များကို ကူညီပေးခဲ့သော အိမ်နီးချင်းနိုင်ငံများအား ခြိမ်းခြောက်နေမည်ဆိုပါက နောက်ထပ်စစ်ရေးအရ တိုက်

ခိုက်ခြင်းခံရမည်ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက အီရတ်နိုင်ငံအား ဇန်နဝါရီလ ၉ ရက်နေ့တွင် ပြောကြား ခဲ့သည်။ ဒီဇင်ဘာလအတွင်း အီရတ်နိုင်ငံအား တိုက်ခိုက်စဉ်က ပါဝင်ခဲ့သော ဗြိတိသျှပိုင် တိုနေဒိဗုံးကြဲလေယာဉ် ၁၂ စင်းအနက် တစ်စင်းစီ ရွေ့တွင် မတ်တပ်ရပ်လျက် ဝန်ကြီးချုပ် ဘလဲက ပြောကြား ခြင်း ဖြစ်သည်။ အီရတ်သမ္မတ ဆက်ဒမ်ကို ရှင်းလင်းပြတ်သားစွာ သိစေခြင်းမှာ အိမ်နီးခြင်းနိုင်ငံ တစ်ခုခုအား ခြိမ်းခြောက် ရန် ကြိုးပမ်းမည်ဆိုပါက စစ်ရေးအရ ထပ်မံတိုက်ခိုက်မည် ဆိုခြင်းနှင့် လိုအပ်ပါက နောက်ထပ်မိမိတို့ တိုက်ခိုက်သည် ဆိုခြင်းပင်ဖြစ်သည်ဟု အီရတ်နယ်စပ် တောင်ဘက် ၃၅ မိုင် အကွာရှိ ကူဝိတ်ပိုင် လေတပ်စခန်းသို့ ရောက်ရှိလာစဉ် ဗြိတိသျှဝန်ကြီးချုပ် ဘလဲက ပြောကြား သည်။

ဗြိတိသျှနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အီရတ်နှင့် စစ်ရေးအရ အဆင်မပြေဖြစ်မှုကို သဲတမန်နည်းလမ်းဖြင့် ဖြေရှင်းရန် အစဉ်အမြဲလိုလားသော်လည်း သမ္မတဆက်ဒမ်က သဲတမန်နည်းလမ်းဆိုသော ဘာသာရပ်ကို အင်အားခြိမ်းခြောက်မှု အထောက်အကူ ပြုထားကြောင်းသာ နားလည်သဘောပေါက်သည်ဟု ဘလဲက ပြောကြား သည်။ ဗြိတိသျှဝန်ကြီးချုပ်သည် ကူဝိတ်၌ တစ်ရက်ကြာနေထိုင်ရန် ဇန်နဝါရီလ ၉ ရက်နေ့တွင် ရောက်ရှိလာပြီး ကူဝိတ်စော်ဘွား ရှိတ်ဂျဘား အာလ်အာမက်အင်ဆား ဘား နှင့် တွေ့ဆုံဆွေးနွေး ခဲ့သည်။

အီရတ်ကို ကုလသမဂ္ဂက ပိတ်ပင်အရေးယူထားမှုအား စောင့်ကြပ်ကြည့်ရှုသော အမေရိကန်နှင့် ဗြိတိသျှ တပ်များနှင့် ပူးပေါင်းရန် ပင်လယ်ကွေ့သို့ သွားရောက်သော ဗြိတိသျှ အိတ်ချ်အက်စ်အင်ဗစ်စီဗယ် လေယာဉ်တင် သဘော်ကြီးသည်စူးအက်တူးမြောင်းအတွင်းသို့ ဇန်နဝါရီလ ၂၁ ရက်နေ့က ဝင်ရောက်ခဲ့သည်။ တန် ၂၀၀၀၀ ရှိ လေယာဉ်တင် သဘော်ကြီးနှင့် အတူ ဖျက်သဘော် အိတ်ချ် အမ်အက်စ်နယူးကက်စတယ်နှင့် အထောက်အကူ သဘော်နှစ်စင်းလည်း လိုက်ပါလာသည်။ အင်ဗစ်စီဗယ် သဘော်ကြီး သည် ဆိုက်ပရပ်စ်နိုင်ငံရှိ ဗြိတိသျှအခြေစိုက်စခန်း၌ ဂွန်ခဲ့ သော ၂ ရက်က ခေတ္တရပ်နားခဲ့သည်။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ပင်လယ်ကွေ့သို့ ဆိုက်ရောက်မည်။ ယင်းလေယာဉ်တင်သဘော်ပေါ်၌ တော်ဝင်ရေတပ် အက်ဖ်အေ ၂ ဆီးဟယ်ရီယာနှင့် ဆီးကင်းရဟတ်ယာဉ်များကို တင်ဆောင်ပြီး ရေတပ်သား ၁၂၀၀ ပါရှိလာပြီး ပင်လယ်ကွေ့ရှိ အမေရိကန် ဗြိတိသျှတပ်များနှင့် ပူးပေါင်းမည်ဖြစ်သည်။ ဒီဇင်ဘာလက အီရတ်ကို စစ်ရေးဆောင်ရွက်ပြီးနောက် အီရတ်အခြေအနေကို ဆွေးနွေးရန်ဗြိတိသျှကာကွယ်ရေးဝန်ကြီး ဂျော့ရော်ဘတ်ဆင်သည် အီဂျစ်၊ အာရပ်စော်ဘွားများနိုင်ငံနှင့် ကာတာနိုင်ငံများသို့ မကြာမီသွားရောက်မည် ဖြစ်သည်။

အမေရိကန်နှင့် ဗြိတိသျှစစ်လေယာဉ်များသည် အရပ်ဘက် အဆောက်အအုံများကို ဇွန်လ ၂၄ ရက်နေ့က ပစ်ခတ်တိုက်ခိုက်ရာ အီရတ်အရပ်သား လေးဦး ဒဏ်ရာရရှိသွားကြောင်း အီရတ်စစ်ဘက်ပြောခွင့်ရ ပုဂ္ဂိုလ်ကကြေညာသည်။ ရန်သူလေယာဉ်များကို အီရတ်လေကြောင်း ကာကွယ် ရေးတပ်ဖွဲ့များက ပြန်လှန်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူလေယာဉ်များ ပြန်လည်ထွက်ခွာကြသည်။ အမေရိကန်နှင့် ဗြိတိသျှလေယာဉ်များမှာ ဒီဇင်ဘာလမှစပြီး အီရတ်နိုင်ငံရှိ မပျံသန်းရေးဇုန် နှစ်ခုအတွင်း လေကြောင်းမှတိုက်ခိုက် လျက်ရှိရာ အရပ်သားအများအပြား သေကြေဒဏ်ရာရ၍ ပစ္စည်းဥစ္စာများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

လူမျိုးရေးမုန်းတီးတိုက်ခိုက်မှုများ – လန်ဒန်မြို့ အိုးလ်ကွပ်ပတမ်းလမ်းမကြီးရှိ အဒမ်မိုင်ရယ် ဒန်ကင်းအရက်ဆိုင်အတွင်း၌ ထောင်ထားသော ဗုံးပေါက်ကွဲရာ လူနှစ်ဦး သေဆုံး ပြီး ၇၀ ကျော်ဒဏ်ရာရရှိခဲ့သည်။မေလ ၁ ရက်နေ့တွင်ဒဏ်ရာ ပြင်းထန်သူတစ်ဦး ထပ်မံသေဆုံးရသည်။ ဧပြီလ ၁၇ ရက်နေ့ကလည်း အာဖရိကကာရစ်ဘီယန် နွယ်ဖွားများနေထိုင်ရာ ဘရစ်တန်အရပ်တွင် အလားတူ ဗုံးမျိုးပေါက်ကွဲခဲ့ရာ လူ၃၉ ဦး ဒဏ်ရာရရှိခဲ့သည်။ ဧပြီလ ၂၄ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ် နွယ်ဖွားများနေထိုင်ရာ လန်ဒန်မြို့အရှေ့ပိုင်း ဘရစ်လိမ်းလမ်းတွင်

အလား:တူ ဘင်္ဂလား:ဒေ့ရှ် နွယ်ဖွား:များ နေထိုင်ရာ လန်ဒန်မြို့ အရှေ့ပိုင်း:ဘရစ်လိမ်း:လမ်း:တွင် အလား:တူဗုံး:မျိုး: ထပ်မံပေါက်ကွဲပြန်ရာ လူ ၆ ဦး: ဒဏ်ရာရရှိခဲ့သည်။ ဗြိတိန်နိုင်ငံတွင် လူနည်း:စုများ:အား: တိုက်ခိုက်မှုများ:တွင် ဆိုဟို အရပ်၌ ဗုံး:ပေါက် ကွဲမှုက အပြင်း:ထန်ဆုံး: ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဆိုဟိုဗုံး: ပေါက်ကွဲမှု ဖြစ်ပွား:ပြီး:နောက် ဗြိတိသျှပြည်ထဲရေး: ဝန်ကြီး:ဂျက်ထရော က ဗုံး:ပေါက်ခွဲသူများသည် လူသား:စိတ်ဓာတ်မရှိဟု ပြစ်တင်ရွတ်ချခဲ့သည်။

ဗုံး:ပေါက်ကွဲမှုနှင့် ပတ်သက်၍ မည်သည့်အုပ်စု အား: အပြစ်ဖို့ရမည်ကို ရဲတပ်ဖွဲ့က အတိအကျ မသိခဲ့ဟုဆို ၏။ သို့ရာတွင် ဆိုဟိပေါက်ကွဲမှု ဖြစ်ပွား:ပြီး:နောင်း နှစ်နာရီခန့်အကြာတွင် လူတစ်ဦး:က ဘီဘီစီရေဒီယိုအသံလွှင့်ဌာနသို့ ဖုံး:ဆက်ပြီး ဗုံး:ပေါက်ကွဲမှုမှာ နာဇီလက်သစ်အုပ်စုဖြစ်သော ဝံပုလွေဖြူများ:အမည်ရှိ အုပ်စု၏ လက်ချက်ဖြစ်သည် ဟု ပြောပြသည်။ ဘရပ်တန်အရပ်နှင့် ဘရစ်လိမ်း:လမ်း:တို့၌ ပေါက်ကွဲသောဗုံး:များ:သည်လည်း: သူတို့၏လက်ချက်ဖြစ်သည် ဟုဆိုသည်။ ဝံပုလွေဖြူများ:အုပ်စုသည် အဖွဲ့ငယ် ကလေး:ဖြစ်ပြီး: သိုသိုသိပ်သိပ်လှုပ်ရှား:သည်။ သူတို့အုပ်စု၏ အမည်မှာနာဇီ ဂျာမနီခေတ်က စစ်တပ်မှတပ်ဖွဲ့တစ်ဖွဲ့၏ အမည်ကို ယူထား:ခြင်း:ဖြစ်သည်။ ဗုံး:ပေါက်ကွဲမှုများ: မဖြစ် ပွား:မီက အဆိုပါအုပ်စုသည် လူနည်း:စုခေါင်း:ဆောင်များ:၊ ဖက်ဆစ်ဝါဒဆန့်ကျင်ရေး:အုပ်စုများ:နှင့် သတင်း:စာတိုက် များ:သို့ ခြိမ်း:ခြောက်စာများ: ပေး:ပို့ခဲ့သည်။ စာတွင်အဓိကဖော်ပြထား:သောအချက်မှာ ၁၉၉၉ ခုနှစ်အကုန်တွင် လူဖြူ မဟုတ်သူများ:နှင့် ဂျူး:ရဟူဒီလူမျိုး:များ: ဗြိတိန်နိုင်ငံမှ ထွက်ခွာသွား:ကြရန်၊ ထွက်မသွား:ခဲ့လျှင် မျိုးဖြုတ်ခံရမည်ဆိုသော အချက်ပင်ဖြစ်သည်။ မေလဆန်း:တွင် ဗုံး:ပေါက်ကွဲမှုနှင့် ပတ်သက်၍ လူငါး:ဦး:ကို ရဲတပ်ဖွဲ့က ဖမ်း:ဆီး:ထား:သည်။ ယင်း:ငါး:ဦး:အနက် တစ်ဦး:မှာဟမ်ရှိုင်း: ယား:အရပ်တွင် နေထိုင် သူဖြစ်ပြီး: သူ၏အိမ်တွင် ဖောက်ခွဲပစ္စည်း:များ:ကို ရှာဖွေတွေ့ရှိခဲ့သည်။ ကျန်လေး:ဦး:ကို လွှတ်ပေး:ခဲ့ပြီး: သူကိုလန်ဒန်မြို့ရဲစခန်း:တွင်ချုပ်ထား:သည်။

ဝံပုလွေဖြူများ:အုပ်စုမှာ ၁၉၉၄ ခုနှစ်တွင် တိုက်ခိုက်ရေး: ၁၈ အမည်ရှိ နာဇီလက်သစ်အုပ်စုမှ ခွဲထွက်ခဲ့၍ အဖွဲ့ဝင်မည်မျှရှိသည်ကို သေချာစွာမသိရသော်လည်း: ဘောစနီး:ယား:စစ်သွေး:ကြွအုပ်စုများ:နှင့် အဆက်အသွယ် ရှိသည်ဟုဆိုသည်။ နာဇီလက်သစ်လှုပ်ရှား:မှုများ: ပြန်လည် ခေါင်း:ထောင်လာမှုကြောင့် ဗြိတိန်ပြည်သူများ:က သတိဝိရိယ ထား:လာကြသည်။ ၁၉၇၀ ပြည့်လွန်နှစ်များ:တွင် လူဖြူများ:ကြီး:စိုး:ရေး: အုပ်စုများ:က လှုပ်ရှား:ခဲ့ကြသော်လည်း: ထိုအချိန်နောက်ပိုင်း:၌ သူတို့လှုပ်ရှား:မှုကို လူကြိုက်နည်း:လာသည်။ ၁၉၉၀ ပြည့်လွန်နှစ်များ:က အဖွဲ့ဝင် ၂၅၀ ခန့်ရှိသော် လည်း: ယခုအခါ ၅၀ ခန့်သာ ရှိတော့သည်ဟု ဆိုသည်။ ဗြိတိန်နိုင်ငံမှ လူဖြူကြီး:စိုး:ရေး: ဝါဒီများ:သည် ပြည်ပအကူအညီကို အနည်း:အကျဉ်း: လောက်သာ ယူကြဖွယ်ရှိသည်။ နည်း:ဗျူဟာများ:ကို အမေရိကန် နာဇီလက်သစ် ခေါင်း:ဆောင်များ:ထံမှ နည်း:ယူဖွယ်ရှိသည်ဟု ဖက်ဆစ် ဆန့်ကျင်ရေး:အုပ်စုများ:က ယူဆထား:ကြသည်။

ယခုအခါတွင် လန်ဒန်မြို့တော်ကြီး:မှာ ယဉ်ကျေး:မှုမျိုး:စုံပြန့်ပွား:ရာ မြို့ကြီး:ဖြစ်လာသည်။ လွန်ခဲ့သော ရာစုနှစ်အတွင်း: ပြည်ပမှပြောင်း:ရွှေ့နေထိုင်သူများ:က လူဖြူအများ:စုနေထိုင်ရာ မြို့ကြီး:အဖြစ်မှ ဘာသာစကား: ၂၀၀ ခန့် ပြောဆိုနေထိုင်ရာ မြို့ကြီး:အဖြစ်သို့ အသွင်ပြောင်း:ခဲ့သည်။ လန်ဒန်မြို့သူမြို့သား:ငါး:ဦး: အနက်တစ်ဦး:မှာ လူနည်း:စုနွယ်ဖွား:များ: ဖြစ်နေသည်။ လူဖြူများ:ကြီး:ချည်း: နေထိုင်ရာ အရပ် လူမည်း:များ:နေထိုင်ရာ အရပ်ဟူ၍မဆို သလောက်သာ ရှိတော့သည်။ ဗုံး:ပေါက်ကွဲမှုများ:ကြောင့် လန်ဒန်မြို့ရှိ လူနည်း:စုနွယ်ဖွား:တို့ အချင်း:ချင်း: နိး:စပ်မှု ရှိလာသည်။ ဆိုဟိဒေသ အရက်ဆိုင်များ:တွင် လုံခြုံရေး: တိုး:မြှင့်ချထား:သည်။ တိုက်ခိုက်ဖွယ်ရှိသည်ဟု စိုး:ရိမ်နေကြသော ဂျူး:နှင့် အာရှတိုက်သား: အဖွဲ့အစည်း:များ:က ဘုရား:ရှိခိုး:ကျောင်း:များ:၊ ဗလီ နှင့်ဈေး:များ:ကို အပြန်အလှန် ကင်း:လှည့်စောင့်ကြပ်ပေး:ရန် စကား:ကမ်း:လှမ်း:လာကြသည်။ ဘရစ်တန်နှင့် ဆိုဟိအရပ်တို့တွင် ဖက်ဆစ် ဆန့်ကျင်ရေး: သမား:များ:က ချီတက်ဆန္ဒပြကြသည်။ လန်ဒန်မြို့အနောက်ဘက် ဆောက်ဟောလ် အရပ်တွင်လည်း: ဈေး:ဝယ်သူများ:အား: အစောင့်အရှောက်ပေး:နိုင်ရေး: အတွက် ကင်း:လှည့်အဖွဲ့များ: ဖွဲ့စည်း:ရန် ရဲတပ်ဖွဲ့က လူမည်း:နှင့် အာရှတိုက်သား:တို့၏ အဖွဲ့ အစည်း:များ:နှင့် ပူးပေါင်း:လှုပ်ရှား:နေသည်။ သို့ရာတွင် ရက်သတ္တပတ်



ချားလ် မင်းသား

ကုန်ဆုံးချိန်တွင် လန်ဒန်လမ်းများပေါ်၌ တုန်လှုပ်ခြောက်ခြားမှုက ပေါ်လွင်လှသည်။ မိဘများက သားသမီးများကို အိမ်တွင်းအောင်းစေသည်။ လူတိုင်း သတိရှိကြရန် ရဲတပ်ဖွဲ့က သတိပေးထားသည်။ ဗြိတိန်နိုင်ငံ၏ လန်ဒန်မြို့တော်ရှိ လူနည်းစုတို့၏ လူနေမှုဘဝ တုန်လှုပ်ခြောက်ခြားရခြင်းမှာ ခေါင်းပြန်ထောင်လာသော နာဇီလက်သစ်အုပ်စုများ၏ ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုများကြောင့်ပင် ဖြစ်သည်။

တော်ဝင်မိသားစုနှင့် အချစ်ရေး– ဗြိတိသျှနန်းလွှာ ချားလ်မင်းသား၏ ညီတော်မင်းသား အင်ဒရူးနှင့် ဆာရာဖာဂူဆန် တို့မှာ ကလေးနှစ်ခါရရှိပြီးကာမှ ကွာရှင်းခဲ့ကြသော်လည်း ယခုအခါပြန်ပေါင်းထုတ်မည့် အလားအလာရှိနေသည်ဟု ဆိုသည်။ မင်းသားအင်ဒရူးနှင့်ဖာဂီတို့သည် ငယ်စဉ်ကလေး ဘဝကပင် ရင်းနှီးခင်မင်ခဲ့သူများဖြစ်ကြသည်။ ဖာဂီ၏ဖခင် ဗိုလ်မှူးရော်နယ်ဖာဂူဆန်သည် ဘုရင်မြင်းတပ်မှ ဖြစ်သည်။ ဖာဂီနှင့်အင်ဒရူးတို့သည် ၁၉၈၆ ခုနှစ် ဇူလိုင်လတွင် လက်ထပ်ခဲ့ကြ၍ ၁၉၉၆ ခုနှစ် မေလတွင် ကွာရှင်းပြတ်စဲ ခဲ့ကြသည်။ ဘီရက်ထရစ်နှင့် လူဂျနီအမည်ရှိ သမီးငယ်နှစ်ဦး ထွန်းကားပြီးကာမှ ကွာရှင်းခဲ့ကြသည်။ ဗေဒင်ကိန်း ဂဏန်းများအရ အင်ဒရူးနှင့်ဖာဂီတို့ ပြန်ပေါင်းထုတ်ကိန်းမရှိ ဟု ဗေဒင်ဆရာမအေသင်နာက ဟောကိန်းထုတ်သည်။ သို့သော်သမီးငယ်နှစ်ဦးက မိဘနှစ်ဦး ပြန်ပေါင်းစေချင်ကြ သည်။ ဖာဂီသည် တော်ဝင်မိသားစုရှိရာသို့ ပြန်လာမည်မထင်ကြောင်း ဗေဒင်ဆရာမက ပြောသည်။

ဟောခ်မြို့စား အင်ဒရူးသည် နှစ်စဉ်အခွန်ငွေ ဒေါ်လာ ၆၂၅၀၀၀ ရရှိပြီး ရေတပ်ဗိုလ်မှူးအဖြစ် တာဝန်ထမ်းဆောင်ရာမှ ဒေါ်လာ ၁၂၅၀၀၀ ရရှိသည်။ နေအိမ် မှာ ဒေါ်လာ ၁၄ သန်းတန်၍ မိဘအမွေ ဒေါ်လာသန်း ၂၀ ကျော် ရရန်ရှိသည်။ ချာ:လ်မင်းသား ကြီးနှင့် ကမီလာတို့၏ အခြေအနေကိုသြစတြေးလျှနိုင်ငံ၌ အရောင်းရအသွက်ဆုံး အမျိုးသမီးများနေ့ အပတ်စဉ် မဂ္ဂဇင်းအတိုင်ပင်ခံ နက္ခတ္တဗေဒ ပညာရှင် ဆရာမအေသင်နာက တွက်ချက်ပြီး ဟောကိန်းထုတ်ခဲ့သည်။ မည်သို့ဆက်လက် ဇာတ်လမ်းခင်းကြမည်ကို ကာယကံရှင်များကိုယ်တိုင်သာ အသိဆုံးဖြစ်ပေလိမ့်မည်။

၁၉၇၂ ခုနှစ်တွင် ချားလ်မင်းသားနှင့် ကမီလာတို့သည် ဆုံဆည်းခဲ့ကြသည်။ ကပွဲတစ်ခုသို့ တက်ရောက်စဉ် ဗြိတိသျှကြည်းတပ်မှ ဗိုလ်မှူးချုပ် အင်ဒရူးပါကဘောင်၏ဇနီး ဖြစ်သူ ကလေးနှစ်ယောက်မိခင်က မိလာအား ချားလ် မင်းသားက မျက်စိကျခဲ့သည်။ ချားလ်မင်းသားနှင့် ကမီလာတို့ လာမည့်တစ်နှစ် နှစ်နှစ်အတွင်း လက်ထပ်ကြမည်ဟု ဗေဒင်ဆရာမက ဟောကိန်းထုတ်ခဲ့ကြသည်။ တိုင်းသူ ပြည်သားများက ကမီလာကို လက်ခံမည်ဟု ဆိုပါက ချစ်သူနှစ်ဦးမှာ အနေးအမြန်ဆိုသလို လက်ထပ်ကြမည်ဟု ဗေဒင်ကိန်းခန်းများတွင် ဖော်ပြထားသည်။ ချားလ်မင်းသားမှာ ၁၄-၁၁-၄၈ တွင် မွေးဖွားပြီး ကမီလာမှာ ၁၇-၇-၄၇ နေ့တွင် မွေးဖွားသည်။

ချားလ်မင်းသားမှာ ဒေါ်လာသန်းပေါင်းများစွာ ပိုင်ဆိုင်ပြီး လျို့ဝှက်ဥစ္စာဓနများကိုလည်း ပိုင်ဆိုင်သည်။ အမွေအနှစ်များနှင့် အစုရှယ်များ၏ တန်ဖိုးဒေါ်လာ သန်း ၅၀ ကျော်ပိုင်သည်။ သန်းပေါင်းများစွာတန်သော ပန်းချီကားများ၊ ကျောက်မျက်ရတနာများ၊ မော်တော်ကားများကိုလည်း ပိုင်ဆိုင်သည်။ ဘုရင်မကြီးကွယ်လွန်သောအခါ ဒေါ်လာ နှစ်ဘီလီယံအထိ အမွေရရှိမည်ဖြစ်သည်။ ကမီလာ၏ နေအိမ်မှာ ဒေါ်လာနှစ်သန်းတန်သည်။ ဒေါ်လာသုံး သန်းတန်ဖိုးရှိသော ကျောက်မျက်ရတနာများကို အမွေရ ထားသည်။ မြင်းသုံးကောင်ကိုပိုင်ဆိုင်ပြီး ဒေါ်လာနှစ်သန်းဖိုး အစုရှယ်ယာများကို ဝယ်ထား သည်။

ကုန်သွယ်ရေး- လွန်ခဲ့သော နှစ်နှစ်ခန့်က ဗြိတိန်နှင့် ဥရောပ တွင် နွား‌ရူး‌ရောဂါ သတင်းမှာ ရေပန်းစား‌ခဲ့သည်။ ယင်းပြဿနာမှာ ဗြိတိန်နိုင်ငံ မွေးမြူ‌ရေးလုပ်ငန်းမှ ထုတ်လုပ်သော‌အမဲသား‌များ‌တွင် လူ၏ဦးနှောက်ကို ထိခိုက် စေနိုင်သော ဗိုင်းရပ်စ်ပိုး‌များ ပါဝင်မှုကြောင့် ပေါ်ပေါက်ခဲ့ရ သော ပြဿနာဖြစ်သည်။ ထိုစဉ်က နွား‌ရူး‌ရောဂါကို တား‌ဆီး သည့်အနေဖြင့် ဗြိတိန်နိုင်ငံမှ အမဲသား‌များ‌ရောင်း‌ချခြင်းကို ဥရောပတွင် ပိတ်ပင်ခဲ့ပြီး ဗြိတိန်နိုင်ငံ မွေးမြူ‌ရေး‌ခြံများ‌ရှိ နွား‌ကောင်‌ရေသန်း‌ချီပြီး သတ်ဖြတ်ရှင်း‌လင်း‌ခဲ့ရသဖြင့် ဗြိတိန်နိုင်ငံအဖို့ စီး‌ပွား‌ရေး အရ များ‌စွာထိခိုက်နစ်နာခဲ့သည်။ သို့‌ရာတွင် နွား‌ရူး‌ရောဂါ ကင်း‌ရှင်း‌ရေးနှင့်ပတ်သက်၍ ဗြိတိန် နိုင်ငံ၌ အဆင့်‌ဆင့် စိစစ် ရှင်း‌လင်း‌ဆောင်‌ရွက်ခဲ့သဖြင့် ဗြိတိန်အမဲသား‌များ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့‌ရောင်း‌ချမှု ပိတ်ပင်ထား ခြင်းကို ဥရောပသမဂ္ဂက သြဂုတ်လတွင် ပြန်လည် ရုပ်သိမ်း‌ပေး‌လိုက်သည်။

သို့‌ရာတွင် ဥရောပသမဂ္ဂဝင် ပြင်သစ်နိုင်ငံကမူ ဗြိတိန်အမဲသား‌များ တင်သွင်း‌မှုပိတ်ပင်ခြင်းကို ၂၀၀၁ ခု သြဂုတ်လအထိ ဆက်လက်ပိတ်ပင်ထား‌မည် ဆိုသဖြင့် ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ် ရေး၌ မပြေမလည်ဖြစ်လာခဲ့သည်။ ဗြိတိန်နိုင်ငံ၏ အမဲသား‌များကို ပြင်သစ်‌ကလက်မခံသဖြင့် လက်စား ချေသည့်အနေဖြင့် ပြင်သစ်လယ်ယာထွက်ကုန်များကို ဗြိတိန်နိုင်ငံက လက်မခံဘဲ ဗြိတိန်နိုင်ငံ တစ်‌ဝန်း‌လုံး‌ရှိကုန် တိုက်ကြီး‌များ‌ရှိ ကုန်‌ပစ္စည်း‌တင်သော ကောင်တာ စင်မြင့်မှ ပြင်သစ် ပန်း‌သီး‌များနှင့်သစ်တော်သီး‌များကို ဖယ်ရှား‌ရှင်း‌လင်း ပစ်ခြင်း‌ဖြင့် ကန့်‌ကွက်ဆန္ဒပြခဲ့သည်။ အခြေအနေပိုမို ပြင်း‌ထန်လာပြီး ပြင်သစ်နိုင်ငံတွင် အကြီး ဆုံး ပြင်သစ် လယ်သမား‌သမဂ္ဂအကြီး‌အကဲက ဗြိတိန် အမဲသား ကိစ္စ အငြင်း‌ပွား‌မှုကို အကြောင်း‌ပြု၍ ဗြိတိန်က ပြင်သစ် ကုန်‌ပစ္စည်း‌များ‌အား ပိတ်ပင်မှုမှန်သမျှကို ပြင်သစ်က ဆန့်‌ကျင်သွား‌မည်ဟု အောက်တိုဘာ ၂၅ ရက်နေ့တွင် သတိ‌ပေး‌ခဲ့သည်။

ပြင်သစ်လယ်ယာ သမဂ္ဂဥက္ကဋ္ဌ လုစ်ဝူယောက အချက်တစ်ချက်တည်း‌ကိုသာ မိမိ‌ပြောကြား‌လိုက်ကြောင်း၊ ယင်း‌အချက်မှာ ဗြိတိန်သည် ကျွန်း‌နိုင်ငံ ကလေး‌ဖြစ်၍ ကျွန်း‌တစ်ကျွန်း‌လုံး‌ကို အလွယ်တကူပင် ပိတ်ဆို့၍ ရကြောင်း ပြော‌ကြား‌သည်။ ပြင်သစ်လယ်သမား‌များက ဗြိတိန်နှင့် ပြင်သစ် ဆက်သွယ်ထား‌သော ပင်လယ်ရေ အောက် ဥမင်လမ်း‌၏ ပြင်သစ်နိုင်ငံဘက် ထွက်ပေါက် အဝ၌ မီး‌ပုံကြီး‌များ‌ဖို့‌ကာ ပိတ်ဆို့ဆန္ဒပြခြင်း‌ဖြင့် ဗြိတိန် အမဲသား အငြင်း‌ပွား‌မှုမှ ပေါ်ပေါက်လာသော ပြဿနာကို ဘက်စုံကုန်သွယ်ရေး စစ်ပွဲအသွင်သို့ ပြောင်း‌လဲစရန် ခြိမ်း‌ခြောက်သော တတ်ပုံများ‌ကို အောက်တိုဘာ ၂၇ ရက်နေ့ထုတ် သတင်း‌စာများ၌ ဝေဝေဆာဆာ ဖော်ပြထား သည်ကို တွေ့‌ရှိရသည်။

ဗြိတိန်အမဲသား ပိတ်ပင်ချက်ကို ရုပ်သိမ်း‌ကြောင်း ဥရောပသမဂ္ဂ၏ ဆုံး‌ဖြတ်ချက်ကို ပြင်သစ်နိုင်ငံက ဆက်လက်အာခံ ဆန့်‌ကျင်သွား‌ရန် ဆုံး‌ဖြတ်ခဲ့ခြင်း‌အပေါ် မိမို စိုး‌ရိမ်ပူပန်‌ကြောင်း ဝန်ကြီး‌ချုပ်တိုနီဘလဲက ပြော‌ကြား‌သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး‌စစ်ပွဲ အရှိန် ပြင်း‌ထန်လာခြင်း‌သည် ဗြိတိန်နိုင်ငံ၏ အကောင်း‌ဆုံး‌အကျိုး‌စီး‌ပွား မဟုတ်သလို ပြင်သစ်နိုင်ငံ အတွက်လည်း အကောင်း‌ဆုံး အကျိုး‌စီး‌ပွား‌မဖြစ်နိုင် ကြောင်း တိုနီဘလဲ၏ ပြော‌ဆိုခွင့်ရ ပုဂ္ဂိုလ်က ပြော‌ကြား‌သည်။ ဗြိတိန်အမဲသား‌များ‌တွင် နွား‌ရူး‌ရောဂါ ယခုအခါ ကင်း‌ရှင်း‌သွား‌ပြီဖြစ်၍ ဗြိတိန်အမဲသား‌ရောင်း‌ချမှု ပိတ်ပင်တား‌မြစ်ချက်အား ဥရောပသမဂ္ဂ ရုပ်သိမ်း‌လိုက်ခြင်း‌ကို ပြင်သစ်‌ကလက်မခံဘဲ ငြင်း‌ပယ်ပါက ပြင်သစ်အား ဥပဒေ‌ကြောင်း‌အရ အရေး‌ယူရ လိမ့်မည်ဟု ဝန်ကြီး‌ချုပ်ဘလဲက ခြိမ်း‌ခြောက်လိုက်သည်။ ပြင်သစ် အစို်း‌ရပြင်သစ် လယ်ယာစိုက်ပျို်း‌ရေး‌ဝန်ကြီး ဂျင်း‌ကလာ: ဗာနီကလည်း ဗြိတိန်ကတွေ့‌ဆုံသည့် အစီအစဉ်ကို ဖျက်သိမ်း‌လိုက်ခြင်း‌ဖြင့် ပြင်သစ်လယ် သမား‌များ‌၏ လုပ်ရပ်ကို ထောက်ခံလိုက်သဖြင့် နွား‌ရူး ရောဂါမှ အစပြုသော ပြင်သစ်ဗြိတိန်လယ်ယာထွက် ကုန်‌ပစ္စည်း: ကုန်သွယ်ရေး စစ်ပွဲမှာ ဘက်စုံကုန်သွယ် ရေး‌စစ်ပွဲသို့ ဦး‌တည်နေပြီ ဖြစ်သည်။


သင့်ဘဝ- ဦး‌ရဲလွင်

ရွေးဟောင်းလက်ဝတ်ရတနာများနှင့် အနုပညာလက်ရာမြောက်ရွေးဟောင်း ပစ္စည်းများပြပွဲ

။ ။ရွေးဟောင်းလက်ဝတ်ရတနာများနှင့် အနုပညာလက်ရာမြောက် ရွေးဟောင်းပစ္စည်းများပြပွဲကို ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့မှ ၁၂ ရက်နေ့ထိ ရန်ကုန်မြို့၊ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ပြသသည်။ ပြပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၇ ရက်နေ့၌ အမျိုးသားပြ တိုက် ဘက်စုံခန်းမတွင် ကျင်းပသည်။

ပြပွဲတွင် မြန်မာမင်းများလက်ထက် ခေတ်အလိုက် ခွဲခြား၍ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင် ခေတ်၊ ကြေးခေတ်၊ ရတနာပုံခေတ် စသည်တို့၏ လက်မှု အနုပညာ ရွေးဟောင်းအမွေအနှစ် မြို့နယ် သမိန်ထောကျေးရွာမှ ရရှိသည့် အမြင့်လေးပေ သက်တမ်း ၂၀၀ ရှိ နဂါးရုပ်၊ ဟင်္သာရုပ်၊ ခြူးပန်းခြူးနွယ်၊ ဖောင်းကြွ ကနုတ်လက်ရာ ရွေးဟောင်းမှန်စီရွှေချ ယွန်းသပိတ် ကြီးတို့ကို ပြသထား သည်။

သီပေါမင်း ပါတော်မူပြီးနောက် မြန်မာ့နန်းသုံး ရွေးဟောင်းပစ္စည်းများကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးပို့ခဲ့ရာ ကိုးပေခြောက်ပေရှိ သင်္ဖြူးဖျာ ရက်သကဲ့သို့ ငွေမျှင်များဖြင့် ရက်လုပ်ထား ကာ အလွန်ရှားပါး ရွေးဟောင်းပစ္စည်း ဖြစ်သော ရတနာပုံခေတ်နန်းသုံး ငွေသင်္ဖြူး (အေဒီ ၁၉ ရာစု)၊ ဗိသ္ဏုနှင့်သရေခေတ္တရာ ပျူဒင်္ဂါးများ၊ ဟန်လင်းဒင်္ဂါးများ ပေါ်တွင် သီရိဝစ္ဆပုံနှင့် ဘဒ္ဒဋပုံ၊ တက်နေဝန်းပုံတို့ကို လက်ရာမြောက်စွာ ကျက်သရေ



ရွေးဟောင်းလက်ဝတ်ရတနာများနှင့် အနုပညာ လက်ရာမြောက်သော ရွေးဟောင်း ပစ္စည်းများပြပွဲတွင် ခင်းကျင်းပြသထားသော ပစ္စည်းများကို ဧည့်ပရိသတ်များလှည့်လည်ကြည့်ရှုစဉ်

ပစ္စည်းများနှင့် အခြား နန်းတွင်းသုံးပစ္စည်း လက်ရာများကို ကဏ္ဍ အလိုက် ခွဲခြား ပြသထား သည်။ ပြခန်းအဝင် ယာဘက်တွင် မြန်မာဇာတ်တော်ကြီး ဆယ်ဘွဲ့မှ ရာမာဇာတ်တော်နှင့် နေမိဇာတ်တော်ကြီးများကို ရုပ်ကြွ များဖြင့် သရုပ်ဖော်ထား သော ရွေးဟောင်းအနုပညာမြောက် ငွေပန်းအိုးကြီး၊ ယွန်းကွမ်းအစ်ကြီးတွင် ပုဂံခေတ် ဇာတ်လမ်းဇာတ်ကွက်များကို ယွန်းပန်းချီဖြင့် ရေးဆွဲသရုပ်ဖော်ထားပြီး ယွန်းဆွမ်းချိုင့်ကြီး အပေါ်ဖုံးနှစ်ဆင့်ကို မှောက်လိုက်လျှင် ရေခွက်နှင့် ရေခွက်အောက်ခံအဖြစ် အသုံးပြု၍ရသည့် ရတနာပုံခေတ် အနုပညာလက်ရာ မြောက်သော ရွေးဟောင်းယွန်းထည်ပစ္စည်းများ၊ ဖျာပုံ မင်္ဂလာ အထိမ်းအမှတ် ပုံဖော်ထား သည့် ပျူငွေဒင်္ဂါးများ (အေဒီ ၅ ရာစုမှ ၉ ရာစု) မွန်ပြည်နယ်. ကျိုက္ကသာမြို့ဟောင်းမှ တူးဖော်ရရှိသော ငွေဒင်္ဂါးများပေါ်တွင် တစ်ဖက်တစ်ချက်၌ ကလသာအိုး၊ သီရိဝစ္ဆပုံနှင့် ခရုသင်းပုံပါ ကျိုက္ကသာဒင်္ဂါးများ (အေဒီ ၅ ရာစု)၊ မြောက်ဦးခေတ်မှ ရခိုင်ဘုရင် အချို့ထုတ်ဝေသော ဒင်္ဂါး တစ်ဖက်တစ်ချက်တွင် ဆင်ဖြူသခင်၊ ဆင်နီသခင်၊ သီရိသုဓမ္မရာဇာဘုရင်၏ဘွဲ့နှင့် ဒုဂရီဘာသာတို့ကို ရွေးဟောင်းလက်ရာအတိုင်း တွေ့ရသည့် ရခိုင် ရွေးဟောင်း ငွေဒင်္ဂါးများ (အေဒီ ၁၆ ရာစုမှ ၁၇ ရာစု) ပြသ ရာတွင် ပါဝင်သည်။

ထို့ပြင် ငါးကြင်းရုပ်ပုံပါ အိုးတော်ဒင်္ဂါး၊ ဒေါင်းတံဆိပ်ပါ ရတနာပုံရွှေဒင်္ဂါးနှင့် ငွေဒင်္ဂါး၊ တိုးနရားရုပ်ပုံပါ ရတနာပုံ ကြေးဒင်္ဂါးနှင့် ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်ဒင်္ဂါးများ (အေဒီ ၁၈ ရာစုမှ ၁၉ ရာစု)၊ ကော့မှူးမြို့နယ် အဖျောက် ကျေးရွာမှ တူးဖော်ရရှိခဲ့သည့် ကျက်သရေမင်္ဂလာ အထိမ်းအမှတ်သိရိဝစ္ဆနှင့် ဘဒ္ဒပိဋ္ဌပုံပါ ပျူဒင်္ဂါးများ(အေဒီ ၈ စုခန့်)၊ ပျူငွေဒင်္ဂါးပေါ်တွင် တွေ့ရလေ့ရှိသည့် သိရိဝစ္ဆနှင့် ဘဒ္ဒပိဋ္ဌပုံတို့ကို မြေပြားဝိုင်းပေါ်တွင် ခတ်နှိပ်ထားသော အလွန်ရှား၀ါး ပျူမြေဒင်္ဂါး(၀ါ)မြေတံဆိပ်(အေဒီ ၅ ရာစု)တို့ကို ပြသထားသည်။

ဟံသာဝတီမြို့ဟောင်းမှရရှိသော ဟင်္သာရုပ်ပုံပါ ခဲဒင်္ဂါးများ၊ ဟံသာဝတီခေတ်(အေဒီ ၁၆ ရာစု)၊ အခြေယ် အလှယ်လှပဆန်းကြယ်ခိုင်ခဲ့၍ လက်ရာမြောက်ပြီး လှပသည့် စဉ့်ဝါသုတ်၍ ခတ်နှိပ်ထားသောရုပ်ပုံပါ စဉ့်အိုးများ (အေဒီ ၁၇ ရာစု)၊ ရှေးခေတ် ဆီထည့်အသုံးပြုသော စဉ့်ညို သုတ် ရွှေဖရုံသီးပုံ ဆီအိုး(အေဒီ ၁၈ ရာစု)၊ လက်ကိုင်ကိုင်း တွင် ငါးရုပ်ပုံသဏ္ဌာန် ဆန်းပြားစွာ တပ်ဆင်ထား၍အိုး၏ အဝပတ်လည်တွင် တြိဂံပုံလှပသော အရေးအခြစ်များဖြင့် ခြယ်မှုန်းထားသည့် စဉ့်စိမ်းသုတ်အိုးများ (အေဒီ ၁၆ ရာစု)၊ စဉ့်သုတ်ကန္တာပန်းရုပ်ကြွများ (အေဒီ ၁၁ ရာစု) စသည့် ရှားပါးသော ရှေးဟောင်းအမွေအနှစ် ယဉ်ကျေးမှုပစ္စည်းများ ကို ပြသထားရာ ရှေးဟောင်းအမွေအနှစ် လက်ရာမွန်များ လေ့လာသူများအတွက် အလွန်အဖိုးတန်သော ပြကွက်များ ဖြစ်သည်။

ထို့ပြင် ၁၈၅၂ ခုနှစ်ရတနာပုံ နေပြည်တော်ခေတ် မင်းတုန်းမင်းကြီး လက်ထက်အသုံးပြုခဲ့သော အလွန်ရှား၀ါး ငါးကျပ်သုံးရတနာပုံ ဒေါင်းဒင်္ဂါး (၎င်း)၊ မြန်မာ့သတ္တိကို ဖော်ဆောင်သည့် စာနှင့်ငွေစာအိမ် (အေဒီ ၁၉ ရာစုမှ ၂၀ ရာစု) တို့ကို ပြသထားရာ စာနှစ်လက်သည် ရတနာပုံခေတ် ပန်းပဲပညာရှင်နှင့် ငွေပန်းတိမ်ပညာရှင်တို့ ပေါင်းစပ်ပြုလုပ် ထားသော လက်စွမ်းပြစာဖြစ်ပြီး စာရွက်တွင် ဗျတ်ဝိဇာတ် ကို ပုံဖော်ထား၍ ငွေဖောင်းကြွရုပ်ကြွများဖြင့် စာအိမ်ကို တန်ဆာဆင်ကာ ဆင်စွယ်တပ် ငွေစာရိုးဖြစ်သည်။

မြေပုတီးများ၊ ခရုပုတီးများ၊ အရိုးပုတီးများ စသည့် ကြေးခေတ်ကျောက်တွင်းနှင့် အရိုးပုတီးအဆင် တန်ဆာများ (ဘီစီ ၁၀၀၀ ခန့်)၊ ပုဂံခေတ်က အလှူဒါန ပြုပြီး တိုင်း ရေစက်သွန်းချ အမျှပေးဝေရာတွင် အသုံးပြုသည့် ရွှေစင်တော်သွန်းကြေးအိုး (အေဒီ ၁၁ ရာစု)၊ ကလသာအိုး ပိုက်ပြီး ပုဂံခေတ်ဝတ်စုံနှင့် ပုဂံလှပျိုဖြူပုံရုပ်တု၊ သဲကျောက် ရုပ်တု (အေဒီ ၁၃ ရာစု)၊ ကျောက်ပျဉ်ခြထောက်ငါးခုခွံ ရွှေဖျဉ်းညီနောင် ဇာတ်လမ်း ဇာတ်ကွက်များ ထုလုပ်ပုံ ဖော်ပြထား၊ကာ ကျောက်ပျဉ်ပတ်လည်တွင် မျဉ်းကွေးမျဉ်းကောက် ဒီဇိုင်းပုံများဖြင့် ထုလုပ်တန်ဆာဆင်ထားပြီး ပန်းတမော့ လက်ရာမြောက်စွာ ပြုလုပ်ထား၊သည့် ကျောက်ပျဉ် (အေဒီ ၁၉ ရာစု)၊ ကြာပွင့်ဖတ်ရှစ်ခုခွံ ဗုဒ္ဓဝင်ရှစ်ခန်း ရုပ်ကြွပုံဖော်ကာ ကြာဖူးအလယ်ခွံ ဌာပနာစေတီငယ်တည်ရှိပြီး အနုပညာ လက်မှုပညာ မြောက်ရာ၀ါး၊ပုဂံခေတ် ကြေးကြာဖူး (အေဒီ ၁၁ ရာစု) တို့ကို ခင်းကျင်းပြသ ထားသည်။

ထို့အတူ ရွှေဆွဲကြိုးကို အုန်းဖူးပုံသဏ္ဌာန် ပုံဖော်ပြုလုပ်ထားပြီး ရွှေကွင်းငယ်များကို တစ်ကွင်းနှင့်တစ်ကွင်း ဆက်သွယ်ထား၊သော ပုဂံခေတ် ရွှေပန်းထိမ် လက်ရာမြောက် ပုဂံခေတ် ရွှေကွင်းဆက်ဆွဲကြိုးနှင့် ရွှေအုန်းဖူးဆွဲကြိုး (အေဒီ ၁၁ ရာစုနှင့် ၁၂ ရာစု)၊ ပျူခေတ် လှပျိုဖြူတို့ လက်မောင်း တွင် ဝတ်ဆင်သော ရွှေနဂါးခေါင်းလက်ကျပ်၊ လက်တွင် ဝတ်ဆင်ထား၊သော ရွှေနဂါးခေါင်းလောင်းလက်ကောက်၊ လက်ချောင်းတွင် ဝတ်ဆင်သော ရွှေနဂါးခေါင်းလက်စွပ်၊ လည်တွင် ဝတ်ဆင် သော နဂါးရုပ်ရွှေပုတီး (အေဒီ ၅ ရာစုမှ ၉ ရာစု)၊ ကချေသည်အရုပ်၊ လင်းကွင်းတီးနေပုံအရုပ်၊ ပလွေ မှုတ်နေပုံ အရုပ် စသည့် ပျူအနုပညာသည် ကြေးရုပ်ငါးရုပ် (အေဒီ ၅ ရာစု) တို့ကို ခမ်းနားစွာ ပြသထား၊သည်။

ရှေးဟောင်း လက်ဝတ်ရတနာများနှင့် အနုပညာလက်ရာမြောက် ရှေးဟောင်းပစ္စည်းများပြပွဲတွင် ရှေးဟောင်းရှားပါးပြောင်မြောက်သည့် အနုစိတ်လက်ရာ ယဉ်ကျေးမှုအမွေအနှစ်များကို မကြုံစဖူးထူးကဲစွာ ခမ်းကျင်းပြသထား၊ရာ ဖွင့်ပွဲနေ့မှ နောက်ဆုံးနေ့အထိ ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများ၊ စာပေပညာရှင်များ၊ ဓာတ်ပုံပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ ရဟန်းရှင် လူပြည်သူများစသည့် ရှေးဟောင်းယဉ်ကျေးမှု အနုပညာ လေ့လာလိုက်စားကြသူများ လာရောက်ကြည့်ရှု လေ့လာသည်။

ရွှေရတုတိပိဋကဓရ သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ။ ။သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား၌ ပရိနိဗ္ဗာန်စံဝင်တော် မူခါနီး အချိန်တွင် စိုးရိမ်ပူဆွေး ငိုကြွေးတော်မူနေသည့် အရှင်အာနန္ဒာမထေရ်အား မြတ်စွာဘုရား၌က ဤသို့မိန့်ကြား တော်မူ၏–

"ချစ်သား အာနန္ဒာ မစိုးရိမ်မပူဆွေး မငိုကြွေးလင့်၊ ချစ်သား အာနန္ဒာ သင်တို့အား ငါဘုရားသည် သုတ္တန် အဘိဓမ္မာ တရား ဒေသနာတော်တို့ကိုလည်း ဟောကြား အပ်ခဲ့ပြီ၊ ဝိနည်းတရားတော်ကိုလည်း ပညတ်တော်မူအပ်ခဲ့ပြီ၊ ငါဘုရား ဟောကြား ပညတ်တော်မူအပ်သော ထိုသုတ္တန် အဘိဓမ္မာ ဝိနည်းတရားတော်များသည် ငါဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ သင်တို့ ဆရာဘုရား အဖြစ်တည်ရှိရစ်လိမ့်မည်" ဟူ၍ မိန့်ကြားတော်မူခဲ့၏။

အဋ္ဌကထာ ဆရာအရှင်မြတ်ကလည်း–

"အကြင်မျှလောက်သော ကာလပတ်လုံး ဓမ္မဝိနယသည် တည်ရှိ၏၊ ထိုဓမ္မဝိနယတည်ရှိနေသမျှ ဘုရား၏ စကားတော်သည် ဘုရားရှိ၏၊ ဗုဒ္ဓပါဝစန ပိဋကတ်တော်များ ရှိနေသမျှ ဘုရား ပရိနိဗ္ဗာန်စံတော်မမူသေး" ဟူ၍ ဖွင့်ဆိုတော်မူခဲ့၏။

ထိုမြတ်စွာဘုရား၏ မိန့်မှာတော်မူချက်အရ မြတ်စွာဘုရား၏ ဓမ္မဝိနယတော်များ မပျောက်မပျက် တည်ရှိစေရေးအတွက် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် (၄) လမြောက် (၃ လနှင့် ၅ ရက်) အရောက်တွင် အရှင်မဟာကဿပ အမှူးပြုသော တိပိဋကဓရ၊ ပဋိသမ္ဘိဒါပတ္တ၊ ရဟန္တာအရှင်မြတ် ၅၀၀ တို့သည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းကို အမှီပြု၍ ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူတော်၌ မြတ်စွာဘုရား၏ ဝိနည်းသုတ္တန် အဘိဓမ္မာဒေသနာတော်များကို (၇) လပတ်လုံး ပေါင်းစုရွတ်ဆိုတော်မူကြကာ ပထမသင်္ဂါယနာ တင်တော်မူကြ၏။

မြတ်စွာဘုရား၌ ပရိနိဗ္ဗာန်စံဝင်တော်မူသည့် နှစ်မှစ၍ သာသနာနှစ် စတင်သတ်မှတ်ခဲ့ရာ သာသနာတော်နှစ် (၁၀၀) မြောက်ရောက်သောအခါ ဝဇ္ဇီတိုင်းသား ရဟန်းများတို့၏ ဝိနည်းတရားတော်နှင့်မညီသော အဓမ္မဝတ္ထုဆယ်ပါးတို့ကိုအကြောင်းပြု၍ အရှင်မဟာ ယသအမှူးပြုသော တိပိဋက ဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ၇၀၀ တို့သည် ဝေသာလီပြည် ကာလာသောကမင်းကို အမှီပြု၍ (၈) လပတ်လုံး မြတ်စွာဘုရား၏ ဓမ္မဝိနယ ဒေသနာတော်များကို ပေါင်းစုရွတ်ဆိုတော်မူကြကာ ဒုတိယသင်္ဂါယနာတင်တော်မူကြ၏။

သာသနာတော်နှစ် (၂၃၅) နှစ်မြောက်ရောက်သော အခါအခြား အခြားသော သာသနာပဝါဒ မိစ္ဆာဒိဋ္ဌိအယူရှိသူများသည် စာဝတ်နေရေးခက်ခဲမှုကို အကြောင်းပြု၍ ဗုဒ္ဓသာသနာတော်အတွင်း သို့ဝင်ရောက်ခါ မိမိတို့၏ မိစ္ဆာအယူဝါဒများကိုသာ ဟောပြောပြသနေကြ၏။ သီရိဓမ္မာသောကမင်းတရားကြီးသည် ဗုဒ္ဓသာသနာတော် အတွင်း သို့ ဝင်ရောက်နှောင့်ယှက်နေကြသော သာသနာပ မိစ္ဆာဝါဒီများကို အရှင်မဟာမောဂ္ဂလိကပုတ္တထေရ်၏ လမ်းညွှန်ပြသခြင်းဝါဒကိုခံယူ၍ အာဏာစက်ဖြင့် ကုန်စင်အောင် သုတ်သင်ဖယ်ရှား၏။ ထို့နောက်အရှင်မဟာ မောဂ္ဂလိကပုတ္တထေရ် အမှူးပြုသော တိပိဋကဓရပဋိသမ္ဘိဒါပတ္တ ရဟန္တာ ၁၀၀၀ တို့သည် သီရိဓမ္မာ သောကမင်းတရားကြီးကို အမှီပြု၍ အသောကာရုံကျောင်းတော်၌ (၉) လပတ်လုံး တတိယသင်္ဂါယနာ တင်တော်မူကြ၏။

သာသနာတော်နှစ် (၄၅၀) မြောက်ရောက်သောအခါ ပိဋကသုံးပုံဆောင် တိပိဋကဓရပုဂ္ဂိုလ်များ ရှားပါးလာ၏။ ထို့သို့ဖြစ်ရခြင်းမှာ သီဟိုဠ်ကျွန်း၌ ၁၂ နှစ်တိုင်တိုင် မိုးခေါင်ခြင်း၊ ခိုးသားဓားပြတို့ နှိပ်စက်ခြင်းကြောင့် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်ခဲ့၏။ သီဟိုဠ်ကျွန်းတွင် ထိုကဲ့သို့ ၁၂ နှစ်တိုင်အောင် ဒုဗ္ဘိက္ခန္တရကပ်ဆိုက်သောအခါ ရဟန္တာပုဂ္ဂိုလ်ကြီးများသည် ဘုဉ်းပေးရန် သစ္စရွက်စိမ်း၊ သစ္စရွက်ပြုတ်ကိုမျှ မရနိုင်သဖြင့် ရေဆွမ်းကိုသာ ဘုဉ်းပေးတော်မူကြရသည်။ ဝမ်းဗိုက်ပူလောင်မှု သက်သာစေရန် သဲပုံပေါ်၌ ဝမ်းဗိုက်ကိုမှောက်လျက် အသံမထွက်နိုင်သဖြင့် ခေါင်းချင်းဆိုင်ကာ စိတ်ဖြင့် ရွတ်ဆိုတော်မူကြသည်။ ဆင်ခြင်တော်မူကြသည်။ ထို ၁၂ နှစ်ကာလကျော်လွန်သောအခါ ရဟန္တာအရှင်မြတ်ကြီးများသည် နှောင်းခေတ်လူတို့သည် ဝီရိယနည်းပါးကာ ဉာဏ်ပညာများဆုတ်ယုတ်လာမည်ကို မြင်တော်မူကြသဖြင့် ဘုရား၌ဟောကြားတော်မူအပ်သော ဓမ္မဝိနယဒေသနာတော်များ မပျောက်ပျက်စေရေးအတွက် မဟာဓမ္မရက္ခိတထေရ် အမှူးပြုသော ရဟန္တာအရှင်မြတ် ၅၀၀ တို့သည် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းကို အမှီပြုတော်မူကြ၍ မာတုလဇနပုဒ် အာလောကလိုဏ်ဂူ၌ ပိဋကသုံးပုံကို အဋ္ဌကထာကျမ်းများနှင့်တကွ ပေထက် အက္ခရာတင်တော်မူကြကာ ပေါင်းစု ညီညာရွတ်ဆိုတော်မူကြ၍ (ပေါတ္ထကာရုဠ္ဟ) စတုတ္ထသင်္ဂါယနာတင်တော် မူကြ၏။

မြတ်စွာဘုရား၌ ရွှေလက်ထက်တော်မှစ၍ နှုတ်တက် အာဂုံဆောင်ကာ သင်ကြား၊ပို့ချတော်မူခဲ့သော ဓမ္မဝိနယ ဒေသနာတော်များကို ရဟန္တာမထေရ်မြတ်ကြီးများသည် ဘုရား၌ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာနှစ် (၄၅၀) စတုတ္ထသင်္ဂါယနာတိုင်အောင် အာဂုံနှုတ်တက် ဆောင်တော်မူကြ အဆင့်ဆင့်သင်ကြား၊ပို့ချတော်မူခဲ့ကြသော ဓမ္မဝိနယဒေသနာတော်များကို နောင်လာနောင် သားများ အလွယ်တကူ လေ့လာသင်ယူနိုင်ကြစေရေး မြော်ချင့်တော်မူကြကာ ပေထက်အက္ခရာတင်တော် မူခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုအချိန်အခါမှစ၍ ပေထက်အက္ခရာတင်ထား သည့် ပိဋကသုံးပုံကို ဆရာတပည့် အစဉ်အဆက် သင်ကြား၊ပို့ချတော်မူခဲ့ရာ တစ်စတစ်စ ပိဋကသုံးပုံအာဂုံဆောင် တိပိဋကဝရပုဂ္ဂိုလ်များ ရှား၊ပါး၊လာခဲ့ပါတော့သည်။

သာသနာတော်နှစ် (၂၄၁၅)၊ ကောဇာသက္ကရာဇ် (၁၂၃၃) ခုနှစ်တွင် မြန်မာနိုင်ငံ ရတနာပုံမန္တလေး၊နေပြည်တော်၌ ဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ် အမှူးပြုသော ရဟန်းတော် (၂၄၀၀) တို့သည် မင်းတုန်းမင်းကိုအမှီပြု၍ ပိဋကသုံးပုံကို ကျောက်ချပ်ရေ (၇၂၉) ချပ်ပေါ်၌ရေးထိုး၍ ပေါင်းစုညီညာရွတ်ဆိုတော်မူကြကာ (သေလက္ခရာရုဠ်) ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။ ယင်း၊ပဉ္စမသင်္ဂါယနာတင်ပွဲကို ကြီးမှူးတော်မူခဲ့သော ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် ပိဋကသုံးပုံကို နှုတ်ငုံဆောင်နိုင်တော်မူသော မဟာထေရ်ကြီး၊ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပရိယတ္တိဝန်ဆောင်သာသနာ့ဥည့္ဿာင်ဆရာတော်ကြီးများ အစဉ်အဆက်သည် ပိဋကသုံးပုံလုံးကိုသော်လည်ကောင်း၊ အစိတ်အပိုင်းကိုသော်လည်း ကောင်း၊ နှုတ်ငုံဆောင်တော်မူခဲ့ကြ၏။ ဤကဲ့သို့ ပိဋကသုံးပုံကို ထုံးလိုချေ၊ ရေလိုနှောက် တစ်ဖက်ကမ်းခတ် တတ်မြောက်ခဲ့သော ဆရာတော်သံဃာတော်များ၊ မြောက်မြားစွာရှိသဖြင့် ပဉ္စမသင်္ဂါယနာတင်ပွဲကြီးကို အောင်မြင်စွာ ကျင်း၊ပ နိုင်ခဲ့ခြင်း၊ဖြစ်သည်။

ဗုဒ္ဓသာသနာတော်၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ရှုပါက ဗုဒ္ဓသာသနာတော်သည်တိုင်းပြည်အုပ်ချုပ်သော မင်းအစိုးရများကို အမှီပြု၍သာလျှင် စည်ပင်ပြန့်ပွား ထွန်းကားနိုင်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ဗုဒ္ဓသာသနာတော်ကို အား၊ပေး၊ချီး၊မြှောက်ထောက်ပံ့သော မင်းအစိုးရများ လက်ထက်အခါ၌ ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကား၊ပြန့်ပွား၏။ အား၊ပေး၊ချီး၊မြှောက် ထောက်ပံ့မှုမရှိသော မင်းအစိုးရလက်ထက်အခါ၌ ဗုဒ္ဓသာသနာတော် အရောင်အဝါသည် ညှိုးမှိန်ခဲ့ရ၏။

ဗုဒ္ဓသာသနာတော်ကို အား၊ပေး၊ချီး၊မြှောက်ထောက်ပံ့လိုသော အစိုးရမင်းများနှင့် တိုင်းသူပြည်သားတို့သည် စာတော်ပြန်ပွဲများ ကျင်း၊ပ၍လည်းကောင်း၊ ပထမပြန်စာမေး၊ပွဲများ ကျင်း၊ပ၍လည်းကောင်း အား၊ပေး၊ချီး၊မြှောက်ထောက်ပံ့ ခဲ့ကြ၏။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် သာလွန်မင်း လက်ထက်မှစ၍ ပထမပြန်စာမေး၊ပွဲများကို စတင်ကျင်း၊ပခဲ့ခြင်း၊ဖြစ်၏။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တိုင်း၊တစ်ပါး၊လက်အောက်ရောက်ရှိချိန် ဗုဒ္ဓဘာသာဝင်အမျိုးကောင်းသား အမျိုးကောင်းသမီးများသည် နယ်မြေဒေသအလိုက် အမျိုးသား၊စာမေး၊ပွဲများ ကျင်း၊ပ၍ အမျိုးဘာသာသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။

ဤသို့လျှင် ဗုဒ္ဓဘုရား၏ ဓမ္မဝိနယဒေသနာတော်များသည် နှုတ်တက်အာဂုံအဆင့်ဆင့် ဆောင်ခဲ့သည်မှ ပေထက်အက္ခရာတင်ခြင်း၊သို့လည်းကောင်း၊ ထိုမှဘစ်ဆင့် ကျောက်ထက်အက္ခရာတင်ခြင်း၊သို့လည်းကောင်း ရောက်ရှိခဲ့ရပြီး ပုံနှိပ်ခေတ်သို့ ရောက်ရှိသည့်အခါ စာအုပ်အဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။

ဗုဒ္ဓ၏ ဓမ္မဝိနယဒေသနာတော်များ၊ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိလာသည့်အခါ ထိုင်း (ယိုး၊ဒယား) မူ၊ ကမ္ဘောဒီး၊ယားမူ၊ လာအိုမူ၊ သီရိလင်္ကာမူ၊ လန်ဒန်မူ၊ မြန်မာမူ စသည်ဖြင့် မူအမျိုးမျိုးကွဲပြား၊လာခဲ့သည်။ မြန်မာမူ တစ်ခုတည်း၌ပင် ဟံသာဝတီမူ၊ သုဓမ္မာဝတီမူ၊ ဇမ္ဗူမိတ်ဆွေ မူ၊ ကဝိမျက်မှန်မူ စသည်ဖြင့် အမျိုးမျိုးကွဲပြား၊လာခဲ့သည်။ ထိုကဲ့သို့မူ အမျိုးမျိုးကွဲပြား၊လာသဖြင့် ယင်းမူကွဲများကို ပြန်လည်ညှိနှိုင်း၊သုတ်သင်တည်း၊ဖြတ်၍ ထေရဝါဒနိုင်ငံအား လုံး၊က လက်ခံနိုင်သည့်မူတစ်ရပ်လိုအပ်နေပေသည်။

ဤအခြေအနေတွင် ထေရဝါဒ၊ပါး၊နိုင်ငံစုပေါင်း၍ ပိဋကတ်တော်မူမှန်တစ်ခုရှိအောင် စုပေါင်း၊ညှိနှိုင်း ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်း၊ပရန် စီစဉ်ဆောင်ရွက်ကြရာတွင် ပထမသင်္ဂါယနာတင်ရာ၌ ပိဋကသုံးပုံ နှုတ်ငုံဆောင်နိုင်သော ဓမ္မဘဏ္ဍာဂါရိက (တရား၊ဘဏ္ဍာစိုး) အရှင်အာနန္ဒာမထေရ်ကို ဦး၊တည်ထား၍ သင်္ဂါယနာတင်တော်မူခဲ့ကြသကဲ့သို့ ပိဋကသုံးပုံ အာဂုံဆောင်သာသနာ့အာဏာနည်တစ်ပါး၊ရှိမှသာ ဆဋ္ဌသင်္ဂါယနာတင်ပွဲပြုလုပ်သင့်ကြောင်း၊

ထေရဝါဒနိုင်ငံ အသီးသီးမှ ဝေဖန်ပြောဆိုလာကြသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ပိဋကသုံးပုံနှုတ်ငုံဆောင် (တိပိဋကဓရ) အာဏာနည် ပုဂ္ဂိုလ်ထူးရွေးချယ်ပွဲ ကျင်းပရန် အခြေအနေဖြစ်ပေါ်လာတော့သည်။

မြန်မာနိုင်ငံဗုဒ္ဓသာသနာနဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌ ဆာဦးသွင် အမှူးပြုသော အဖွဲ့ဝင်လူကြီးများသည် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ တစ်ခုကိုဖွဲ့စည်း၍ နာယကဆရာတော်ကြီးများ၏ သြဝါဒကိုခံယူကာ စည်းမျဉ်းဥပဒေများ ရေးဆွဲသတ်မှတ်ခဲ့ပါသည်။

(က) ဗုဒ္ဓသာသနာတော်အတွင်း၌ ဘုန်းကံပါရမီထူး ဉာဏ်ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊

(ခ) ပရိယတ္တိ သာသနာတော်ကြီးကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေး၊

(ဂ) သာသနာတော်အတွင်း၌ ဓမ္မစေတီထိုက်သော ပိဋကအာဂုံဆောင် ပုဂ္ဂိုလ်များ ပေါ်ပေါက်ရေး

ဟူသော အဓိကရည်ရွယ်ချက်ကြီး သုံးရပ်ဖြင့် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၆ ရက် (၁၉၄၈ ခုနှစ်) မှ စတင်၍ ကျင်းပခဲ့ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ကျင်းပသည့် စာမေးပွဲများအနက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးသည် အဆင့်အတန်းအမြင့်မား‌ဆုံးနှင့် အခက်ခဲအနက်နဲဆုံး စာမေးပွဲကြီးဖြစ်သည့်အပြင် ရက်အရှည်ကြာဆုံးသော စာမေးပွဲကြီးလည်းဖြစ်ကြောင်း၊ ယင်းစာမေးပွဲကြီးကို ဘုန်းထူးကံထူး ဉာဏ်ထူးပါရမီထူး ဝိရိယထူးရှိသူများသာ ဝင်ရောက်ဖြေဆိုနိုင်ကြသည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး ကျင်းပရာတွင် အာဂုံပြန်အပိုင်း သဘောရေးဖြေအပိုင်းဟူ၍ နှစ်ပိုင်းရှိ၏။ အာဂုံပြန်အပိုင်းတွင် မြတ်စွာဘုရား‌ရှင်ဟောကြား‌တော်မူအပ်ခဲ့သော ပိဋကသုံးပုံပါဠိတော်အုပ်ရေ ၄၀ ရှိရာတွင် သင်ရိုး ပိဋကအုပ်ရေ ၂၀ နှင့် သင်ရိုးမပါအုပ်ရေ ၂၀ ဟူ၍ ခွဲခြားထား ပြီး သင်ရိုးပိဋကအုပ်ရေ ၂၀ ကို အာဂုံပြန်ဆိုရန် သတ်မှတ် ပြဋ္ဌာန်းထား၏။ သို့ရာတွင် ဝိနယပိဋကအာဂုံရေးဖြေ အောင်မြင်ပြီး‌ပါက သုတ္တန်တပိဋက၊ အဘိဓမ္မာပိဋကများကိုလည်းကောင်း၊ အခြားအခြား‌သော အဂုံတွဲရနိုင်ကာယ်၊ သံယုတ္တနိကာယ်၊ မဇ္ဈိမနိကာယ်၊ ခုဒ္ဒကနိကာယ်ကျမ်းများကိုလည်းကောင်း ပြန်ဆို ဖြေဆိုလိုပါကလည်း ပြန်ဆို ဖြေဆိုခွင့်ပြုထား၏။

ဝိနယပိဋကအာဂုံပြန်ဆိုရာတွင် ဝိနည်းငါးကျမ်း-

(က)	ပါရာဇိကပါဠိတော်	၃၈၁ မျက်နှာ
(ခ)	ပါစိတ်ပါဠိတော်	၄၇၀ မျက်နှာ
(ဂ)	မဟာဝါပါဠိတော်	၅၁၁ မျက်နှာ
(ဃ)	စူဠဝါပါဠိတော်	၅၀၈ မျက်နှာ
(င)	ပရိဝါပါဠိတော်	၃၉၀ မျက်နှာ

စုစုပေါင်း ၂၂၆၀ မျက်နှာ။

ယင်းဝိနည်းငါးကျမ်းကို တစ်ကျမ်းလျှင် သုံးရက် ပြန်ဆိုရမည်ဖြစ်ရာ စုစုပေါင်း ၁၅ ရက် ပြန်ဆိုရန် သတ်မှတ် ထား၏။ တစ်နေ့လျှင် ပျမ်းမျှခြင်းအားဖြင့် ဆဋ္ဌသင်္ဂီယနာမူ စာမျက်နှာ ၁၀၀ မှ ၁၅၀ ခန့်အထိ နံနက် (၈) နာရီမှ (၁၀) နာရီအထိ တစ်ကြိမ်၊ နေ့လယ် (၁) နာရီမှ (၄)နာရီအထိ တစ်ကြိမ် အာဂုံပြန်ဆိုရ၏။ ထိုသို့ အာဂုံပြန်ဆိုရာတွင် (၂၅) မိနစ်လျှင်တစ်ကြိမ် (၁၀) မိနစ်ခန့် နား‌ခွင့်ရှိ၏။

အာဂုံပြန်ဆိုပွဲ၌ စာပြန်သံယာတစ်ပါး‌အတွက် ပလ္လင်တစ်လုံး၊ ပလ္လင်ရှေ့တွင် ကနက္ကဒဏ်ထိုး‌ဖြူတော်တစ်လက်ဆောင်းမိုးစိုက်ထူထား‌ရပြီး စာပြန်သံယာတော်၏ ဘွဲ့အမည်၊ ပလ္လင်အမှတ်၊ ဂုဏ်ထူးနှင့်သီတင်းသုံးရာမြို့တို့ ဖော်ပြပါရှိသည့် ကတ်ပြား‌ကို ထိုး‌ဖြူတော်၌ထင်ရှား‌စွာ ချိတ်ဆွဲထား‌ရ၏။ ထို့အပြင်စာပြန်ပလ္လင်၏ ရှေ့တည့်တည့်၌ စာထောက်စာမဆရာတော်ကြီး‌အတွက် ခန့်ငြား‌ထည်ဝါသည့် ဂေါ့ကုလား‌ထိုင်ကြီးတစ်လုံး၊ လက်ယာဘက်၌ စာထောက်စာမဆရာတော်အတွက်စား‌ပွဲတစ်လုံး၊ ကုလား‌ထိုင်တစ်လုံး၊ လက်ဝဲဘက်၌ စာထောက်စာမှတ် လူပုဂ္ဂိုလ်အတွက် စား‌ပွဲငယ်တစ်လုံး စီစဉ်ချထား‌ပေး‌ရ၏။ စာပြန်သံယာတစ်ပါး‌လျှင် စာထောက် စာမဆရာတော်နှစ်ပါး‌နှင့် စာထောက်စာမှတ် လူပုဂ္ဂိုလ်ပညာရှင်တစ်ဦး‌တို့က ကျမ်းစာအုပ်များ‌ကိုယ်စီကိုင်၍ ကြပ်မတ်ပြန်ဆိုစေ၏။ စာထောက်စာမ ဆရာတော်များနှင့် စာထောက်စာမှတ် လူပုဂ္ဂိုလ်များကို ချထား‌ပေး‌ရာ၌ ပုံသေချထား‌ခြင်းမပြုဘဲ နေ့စဉ်စာပြန်သံယာ မထပ်ရအောင် ပြောင်းလွဲချထား‌ပေး၏။

စာထောက်စာမ ဆရာတော်များနှင့် စာထောက်စာမ လူပုဂ္ဂိုလ်တို့သည် ထောက်မ ပေးရလျှင် (ထောက်)ဟု စာမျက်နှာနှင့် တစ်ကွမှတ်သား:ထား:ပြီး: ထောက်မ ပေး:ပါလျှက် တစ်မိနစ်တွေး:တောစဉ်း:စား:၍လည်း: မပြန်ဆိုနိုင်လျှင် (မ)ဟုမှတ်သား:၍ ပြန်ဆိုနိုင်လျှင် (ရ) ဟုမှတ်သား:ရ၏။ (မ)ဟု မှတ်သား:ခြင်း:ခံရလျှင် ကျရှုံး:၏။ စာပြန်ရက်တစ်ရက်လုံး:အတွက် (၅)ကြိမ်သာ ထောက်မပေး:နိုင်ခွင့်ရှိ၏။ (၅)ကြိမ်ထက် ကျော်လျှင် စာရသော်လည်း: ကျရှုံး:၏။ ဝါကျတစ်ခုလုံး: ထောက်မပေး:ပါလျက် ဆက်လက်မပြန်ဆိုနိုင်လျှင် ကျရှုံး:၏။

စာပြန်ပုဂ္ဂိုလ်သည် စာထောက်စာမ ဆရာတော်များ:ဆန္ဒအတိုင်း: ရှေ့သို့ခုန်ကျော်၍ ပြန်ဆိုစေလျှင်လည်း: ပြန်ဆိုရ၏။ နောက်စာမျက်နှာသို့ ပြန်ဆိုစေလျှင်လည်း: ပြန်ဆိုရ၏။ သဘောသွား:တူသဖြင့် မြုပ်ထား:သော ပေယျာလဝါကျ များ:ကို ဖော်ထုတ်၍ ပြန်ဆိုစေလျှင်လည်း: ထုတ်ဖော်၍ပြန်ရ၏။ ဝိနည်း:ဝါ:ကျမ်း:အာဂုံပြန်ဆို အောင်မြင်လျှင် "ဝိနယဝရ" ဘွဲ့လက်မှတ် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း:၏။

အာဂုံပြန်ဆိုပွဲ၌ နေ့စဉ်အစမှအဆုံး:အထိ စာထောက်စာမလွတ်ကင်း:၍ သန့်ရှင်း:ထူး:ကဲစွာ သာယာနာပျော်ဖွယ်ရှိ အောင်ပြန်ဆိုနိုင်သောပုဂ္ဂိုလ်အား: ပိဋကအလိုက် ရိုး:ရိုး: ဘွဲ့ လက်မှတ်နှင့် တံဆိပ်တော်တွင် (ဝိသိဋ္ဌ) အထူး:အောင်အဖြစ် ထပ်ဆင့်ချီး:ကျူး: ဂုဏ်ပြုပူဇော်ရန် သတ်မှတ်ထား:၏။

ဝိနယပိဋကသဘောရေး:ဖြေပိုင်း:တွင် ဝိနယပိဋကဝိနည်း:ဝါ:ကျမ်း:ကို အာဂုံပြန်အောင်မြင်ပြီး:မှသာ သဘောရေး:ဖြေပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၏။ ဝိနည်း:ဝါ:ကျမ်း:ကို တစ်ကျမ်း:လျှင်တစ်ရက်စီ (၅)ရက်ဖြေဆိုရ၏။ ဝိနည်း:ဝါ:ကျမ်း:ပါဠိတော်နှင့် သက်ဆိုင်သည့် အဋ္ဌကထာ ဋီကာဂဏ္ဌိအနုမဒုံယာဇနာ ကျမ်း:ပေါင်း:များ:စွာတို့ကို လေ့လာကျက်မှတ်ဖြေဆိုရ၏။ သဘောရေး:ဖြေပွဲကို နေ့စဉ် (၁၂) နာရီ ခွဲမှ (၄) နာရီခွဲအထိ တစ်နေ့လျှင် တစ်ကြိမ်သာဖြေဆို ရ၏။ တစ်နေ့တာအတွက် မေးခွန်း:ပုစ္ဆာ (၁၂) ရပ်ရှိသည့် အနက် မိမိနှစ်သက်ရာ (၁၀) ပုစ္ဆာကို ဖြေဆိုခွင့်ရှိပြီး: တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ သတ်မှတ်ထား:ရာ အမှတ် ရာခိုင်နှုန်း: (၇၅) မှတ် ရရှိမှသာ အောင်မြင်၏။ ဝိနည်း: ဝါ:ကျမ်း: သဘောရေး:ဖြေ အောင်မြင်လျှင် "ဝိနယကောဝိဒ" ဘွဲ့လက်မှတ် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း:၏။ နေ့စဉ်အောင်မှတ် (၈၅)မှတ်ရလျှင်သော်လည်း: ကောင်း၊ နေ့စဉ်(၈၀)မှတ်ထက်မနည်း: ရရှိကာ ပျမ်း:မျှ ရာခိုင်နှုန်း:(၉၀)ရရှိလျှင်သော်လည်း:ကောင်း၊ ဘွဲ့လက်မှတ်နှင့် တံဆိပ်တော်တွင် (မဟာ)အထူး:အောင်အဖြစ် သတ်မှတ်ချီး:ကျူး: ဂုဏ်ပြုပူဇော်ရန် သတ်မှတ်ထား:၏။ ဝိနည်း:ဝါ:ကျမ်း:အာဂုံနှင့် သဘောရေး:ဖြေနှစ်ရပ်လုံး: အောင်မြင်ပြီး:ပါက ပိဋကတ်တစ်ပုံအောင်အဖြစ် သတ်မှတ်ပူဇော်၏။

ဝိနယပိဋကဝိနည်း:ဝါ:ကျမ်း:ကိုအာဂုံနှင့် သဘောရေး: ဖြေအောင်မြင်ပြီး:ပါက သုတ္တန္တပိဋကသုတ်သုံး:ကျမ်း:ကို အာဂုံပြန်ဆိုရ၏။ သုတ္တန္တပိဋကသုတ်သုံး:ကျမ်း:ကို အာဂုံပြန်ဆိုရာ၌-

(က) သုတ်သိလက္ခန်ပါဠိတော်	၂၃၆-မျက်နှာ
(ခ) သုတ်မဟာဝါပါဠိတော်	၂၈၃-မျက်နှာ
(ဂ) သုတ်ပါထေယျပါဠိတော်	၂၆၀-မျက်နှာ
စုစုပေါင်း:	၇၇၉-မျက်နှာ

အဆိုပါသုတ်သုံးကျမ်း:ကို တစ်ကျမ်း:လျှင် ၃ ရက်ပြန်ဆို၍ သုံး:ကျမ်း:အတွက် ၉ ရက်ပြန်ဆိုရန် သတ်မှတ်ထား:၏။ သုတ်သုံး:ကျမ်း:အာဂုံပြန်ပွဲအောင်လျှင် "ဒီဃဘာဏက" ဘွဲ့လက်မှတ် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း:၏။ သုတ်သုံး:ကျမ်း: အာဂုံပြန်ဆိုအောင်မြင်ပြီး:လျှင် သဘောရေး:ဖြေပွဲကို ဝင်ရောက်ဖြေဆိုခွင့်ရှိ၏။ သဘောရေး:ဖြေပွဲတွင် သုတ္တန္တပိဋကပါဠိတော်များ:နှင့် သက်ဆိုင်သည့် အဋ္ဌကထာ ဋီကာဂဏ္ဌိ စသောကျမ်း:ပေါင်း:များ:စွာကို လေ့လာဖြေဆိုရ၏။ သုတ္တန္တပိဋကသုတ်သုံး:ကျမ်း:သဘော ရေး:ဖြေအောင်မြင်ပါက "ဒီဃနိကာယကောဝိဒ" ဘွဲ့လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း:၏။ သုတ္တန္တပိဋကသုတ်သုံး:ကျမ်း: အာဂုံသဘောရေး:ဖြေနှစ်ရပ်လုံး: အောင်မြင်ပြီး:ပါက ပိဋကနှစ်ပုံဆောင်အဖြစ် သတ်မှတ်ပူဇော်၏။

သုတ္တန္တပိဋကသုတ်သုံး:ကျမ်း:ကို အာဂုံရေး:ဖြေအောင်မြင်ပြီး:ပါကအဘိဓမ္မာပိဋကကို ဆက်လက်အာဂုံပြန်ဆိုရ၏။ အဘိဓမ္မပိဋက အဘိဓမ္မာ(၇)ကျမ်း:ရှိသော်လည်း: စာအုပ်အရေအတွက်အား:ဖြင့် ၁၂ အုပ်ရှိသည်။ ယင်း:အဘိဓမ္မာ(၇)ကျမ်း:ကို ရှေ့ပိုင်း:ဝါ:ကျမ်း: နောက်ပိုင်း: နှစ်ဟူ၍ အပိုင်း:နှစ် ပိုင်း:ခွဲခြား:ပြီး:လျှင် နှစ်ကြိမ်ခွဲ၍ ပြန်ဆိုခွင့်ပြုထား:သည်-

အဘိဓမ္မာရှေ့ပိုင်း:ဝါ:ကျမ်း:		
(က) ဓမ္မသင်္ဂဏိပါဠိတော်	၂၉၈	မျက်နှာ
(ခ) ဝိဘင်းပါဠိတော်	၄၅၃	မျက်နှာ
(ဂ) ဓာတုကထာပါဠိတော်	၁၀၀	မျက်နှာ

(ဃ) ပုဂ္ဂလပညတ်ပါဠိတော် ၈၅ မျက်နှာ
(င) ကထာဝတ္ထုပါဠိတော် ၄၅၄ မျက်နှာ
စုစုပေါင်း ၁၃၉၀ မျက်နှာ

ယင်းအဘိဝမ္မာ ရှေ့ပိုင်းငါးကျမ်းကို အာဂုံပြန်ဆိုရာ၌-
အမှတ်စဉ် (က) (ခ) (င) ကျမ်းများကို တစ်ကျမ်း ၃ ရက်ပြန်ဆိုရ၍ အမှတ်စဉ် (ဂ) (ဃ) ကျမ်းများကို ၁ ရက်စီ ပြန်ဆိုခွင့်ပြုထား၍ စုစုပေါင်း ၁၁ ရက်ပြန်ဆိုရ၏။ အဘိဝမ္မာရှေ့ပိုင်းငါးကျမ်းကို အာဂုံပြန်အောင်မြင်ပါက အသိအမှတ် ပြုလက်မှတ်ဆက်ကပ်လှူဒါန်း၏။ အဘိဝမ္မာရှေ့ပိုင်းငါးကျမ်း အာဂုံပြန်အောင်မြင်ပြီးပါက သဘောရေးဖြေပွဲကို ဆက်လက်ဖြေဆိုရ၏။ အဘိဝမ္မာရှေ့ပိုင်းငါးကျမ်း သဘောရေးဖြေအောင်မြင်ပါက အသိအမှတ်ပြုလက်မှတ်ဆက်ကပ် လှူဒါန်း၍ ပိဋကနှစ်ပုံခွဲအောင်အဖြစ် အသိအမှတ်ပြုထား၏သည်။

အဘိဝမ္မာ ရှေ့ပိုင်းငါးကျမ်းအာဂုံနှင့် သဘောရေးဖြေ အောင်မြင်ပြီးပါက အဘိဝမ္မာနောက်ပိုင်းနှစ်ကျမ်း စာအုပ်ရေ ၈ အုပ်ကို ၁၈ ရက်တိုင်တိုင် အာဂုံပြန်ဆိုရ၏။

အဘိဝမ္မာနောက်ပိုင်းနှစ်ကျမ်း-

(က)ယမကပါဠိတော် (ပထမတွဲ) ၂၆၅ မျက်နှာ
(ခ) ယမကပါဠိတော် (ဒုတိယတွဲ) ၃၁၆ မျက်နှာ
(ဂ) ယမကပါဠိတော် (တတိယတွဲ)၃၃၀ မျက်နှာ
(ဃ)ပဋ္ဌာနပါဠိတော် (ပထမတွဲ) ၄၆၄ မျက်နှာ
(င) ပဋ္ဌာနပါဠိတော် (ဒုတိယတွဲ) ၄၉၃ မျက်နှာ
(စ) ပဋ္ဌာနပါဠိတော် (တတိယတွဲ) ၆၀၅ မျက်နှာ
(ဆ)ပဋ္ဌာနပါဠိတော် (စတုတ္ထတွဲ) ၆၃၆ မျက်နှာ
(ဇ) ပဋ္ဌာနပါဠိတော် (ပဉ္စမတွဲ) ၄၈၈ မျက်နှာ
စုစုပေါင်း ၃၅၉၇ မျက်နှာ

အဘိဝမ္မာ နောက်ပိုင်းနှစ်ကျမ်းအာဂုံပြန်ဆိုရာ၌ အမှတ်စဉ် (က) မှ (င) အထိ တစ်ကျမ်း ၂ ရက်စီ၊ အမှတ်စဉ် (စ) (ဆ) တစ်ကျမ်း ၂ ရက်ခွဲစီ၊ အမှတ်စဉ် (ဇ) ၃ ရက် စုစုပေါင်း ၁၈ ရက်ပြန်ဆိုရ၏။ ယင်းအဘိဝမ္မာနောက်ပိုင်းကျမ်းအနက် နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးမှာ အလွန်တရာကျယ်ဝန်းလှ၏။ နက်နဲခက်ခဲလှ၏။ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး နောက် စတုတ္ထသတ္တာဟလေးပတ်မြောက်တွင် အဘိဝမ္မာခုနစ်ကျမ်းကို ရွေးဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူရာ နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်တော်မူသောအခါ မြတ်စွာဘုရားရှင်၏ ကြီးမားကျယ်ပြန့်စူးရှထက်မြက်သော ဉာဏ်တော်သည် စိတ်တိုင်းကျ ဉာဏ်တော်ကွန့်မြူးခွင့် ရရှိ တော့သည်။

ထိုအခါ မြတ်စွာဘုရားရှင်၏ မျက်နှာတော်၊ မျက်လုံးတော်၊ နှုတ်ခမ်းတော် အစရှိသော ရူပကာယတော် အစိတ်အပိုင်းအသီးသီးသည် ကြည်လင်တောက်ပလာ၍ အရောင်တဖျတ်ဖျတ် ထွက်ပေါ်လာပြီး ရောင်ခြည်ခြောက်သွယ် ကွန့်မြူးကာ အနန္တစကြာဝဠာ အဝက်ဘက်သို့ ဖြာထွက်သွား၏သည်။ ထိုရောင်ခြည်တော် ခြောက်သွယ်တို့သည် ယနေ့တိုင်အောင် အဆုံးအပိုင်း အခြားမရှိသော အာကာသ ကောင်းကင်ပြင်ကြီးအတွင်း၌ ဆက်လက်ဖြတ်သန်း ပြေးလွှားလျက် ရှိကြနေပေသည်။

အဘိဝမ္မာနောက်ပိုင်း နှစ်ပိုင်းကျမ်းကို အာဂုံပြန်အောင်မြင်သည့်အခါ အဘိဝမ္မိကဘွဲ့တံဆိပ်၊ ဘွဲ့လက်မှတ်တော်နှင့် "တိပိဋကဝရ" ဘွဲ့တံဆိပ် ဘွဲ့လက်မှတ်တော် တို့ကို ဆက်ကပ်လှူဒါန်း ပူဇော်၏။ ထို့နောက် သဘောရေးဖြေပွဲကို ဆက်လက်ဖြေဆိုနိုင်ရန် ကျမ်းစာပေါင်း မြောက်မြားစွာကို လေ့လာကျက်မှတ်ရ၏။ အဘိဝမ္မာ နောက်ပိုင်းနှစ်ကျမ်း သဘောရေးဖြေဆို အောင်မြင်ပါက "အဘိဝမ္မကောဝိဒ" ဘွဲ့တံဆိပ် ဘွဲ့လက်မှတ်တော်နှင့် "တိပိဋကဝရ တိပိဋကကောဝိဒ" ဘွဲ့တံဆိပ် ဘွဲ့လက်မှတ်တော်တို့ကို ဆက်ကပ်လှူဒါန်း ပူဇော်၏။

ဤသို့လျှင် "တိပိဋကဝရ တိပိဋကကောဝိဒ" သာသနာ့အာဏာနည် အရှင်မြတ်များသည် သင်ရိုးပိဋကသုံးပုံ ပါဠိတော် အုပ်ရေ ၂၀၊ စာမျက်နှာပေါင်း ၈၀၂၆ ကို အာဂုံနှုတ်တက်ဆောင်တော်မူရပြီး အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိအနုမဒုယောဇနာ စသော ကျမ်းပေါင်းများစွာကို လေ့လာကျက်မှတ်၍ မည်မျှခက်ခဲနက်နဲသော မေးခွန်းကို ဖြစ်စေ ဖြေဆိုနိုင်အောင် ကြိုးစားအားထုတ်တော် မူရ၏။ ထို့ကြောင့်ပင် ဘုရားရှင်ကိုယ်တော်တိုင် ပိဋကသုံးပုံ နှုတ်ဆောင် အရှင်မြတ်များကို "ဗုဒ္ဓ" အရာထား၍ မူခဲ့၏။

ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ

တိပိဋကဝရ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသော သာသနာ့အာဏာနည် အရှင်မြတ်များအား ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက အောင်မြင်တော်မူသည့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်း ပူဇော်၏။

ဝိနယပိဋကဝရ ဝိနည်းငါးကျမ်း အာဂုံဆောင် သာသနာ့ အာဏာနည်း အရှင်မြတ်အား

(က) ဝိနယဝရ ဘွဲ့လက်မှတ်တော်

(ခ) ဝိနယဝရ ဘွဲ့တံဆိပ်တော်

(ဂ) အရိုးနှံ ကနက္ကဒက် ထိုးဖြူတော်တစ်လက် တံဆိပ် ပါရှိသော သာသနာ့အောင်လံ တော်

ဝိနယပိဋက ဝိနည်းငါးကျမ်းသဘော ရေးဖြေ အောင် သာသနာ့အာဏာနည်း အရှင်မြတ်အား

(က) ဝိနယကောဝိဒ ဘွဲ့လက်မှတ်တော်

(ခ) ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်

(ဂ) အရိုးဝါ ကနက္ကဒက် ထိုးဖြူတစ်လက် တံဆိပ် ပါ ရှိသော သာသနာ့အောင်လံတော်

(ဃ) နောက်ပါတပည့်တစ်ဦးနှင့်အတူ အထက် တန်းမှ အခမဲ့ စီးနင်းနိုင်သော မီးရထား၊ မီးသင်္ဘောလက်မှတ်

(င) လစဉ် ဆွမ်းဆန်တော်အတွက် နဝကမ္မ အလှူ ငွေ

သုတ္တန္တပိဋက ဒီဃနိကာယသုံးကျမ်း အာဂုံဆောင် သာသနာ့အာဏာနည်း အရှင်မြတ်အား

(က) ဒီဃဘာဏကဘွဲ့လက်မှတ်တော်

(ခ) ဒီဃဘာဏကဘွဲ့တံဆိပ်တော်

(ဂ) အရိုးနှံ ကနက္ကဒက် ထိုးဖြူတော်နှစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်

သုတ္တန္တ ပိဋကဒီဃနိကာယသုံးကျမ်း ရေးဖြေအောင် သာသနာ့အာဏာနည်း အရှင်မြတ်အား

(က) ဒီဃနိကာယကောဝိဒ ဘွဲ့လက်မှတ်တော်

(ခ) ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်

(ဂ) အရိုးဝါ ကနက္ကဒက် ထိုးဖြူတော်နှစ်လက် တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်

(ဃ) နောက်ပါတပည့်တစ်ဦးနှင့်အတူ အထက် တန်းမှ အခမဲ့ စီးနင်းနိုင်သော မီးရထား၊ မီးသင်္ဘောလက်မှတ်

(င) လစဉ် ဆွမ်းဆန်တော်အတွက် နဝကမ္မ အလှူငွေ

အဘိဓမ္မပိဋက အဘိဓမ္မာ (၇) ကျမ်း အာဂုံဆောင် သာသနာ့အာဏာနည်း အရှင်မြတ်အား

(က) အဘိဓမ္မိက ဘွဲ့လက်မှတ်တော်

(ခ) အဘိဓမ္မိက ဘွဲ့တံဆိပ်တော်

(ဂ) တိပိဋကဝရ ဘွဲ့လက်မှတ်တော်

(ဃ) တိပိဋကဝရ ဘွဲ့တံဆိပ်တော်

(င) အရိုးနှံ ကနက္ကဒက်ထိုးဖြူတော် သုံးလက် တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်

အဘိဓမ္မပိဋက အဘိဓမ္မာ (၇) ကျမ်း သဘော ရေးဖြေအောင် သာသနာ့အာဏာနည်း အရှင်မြတ်အား

(က) အဘိဓမ္မကောဝိဒ ဘွဲ့လက်မှတ်တော်

(ခ) အဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်

(ဂ) တိပိဋကကောဝိဒ ဘွဲ့လက်မှတ်တော်

(ဃ) တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်

(င) အရိုးဝါ ကနက္ကဒက် ထိုးဖြူတော် သုံးလက် တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်

(စ) နောက်ပါတပည့်နှစ်ဦးနှင့်အတူ အထက် တန်းမှ အခမဲ့ စီးနင်းနိုင်သော မီးရထား၊ မီးသင်္ဘော၊ လေယာဉ် လက်မှတ်


(ဆ) လစဉ် ဆွမ်းဆန်တော်အတွက် နဝကမ္မ အလှူ ငွေ

(စ) ဖယ်တော်၊ ခမည်းတော်များအတွက် လစဉ် ထောက်ပံ့ငွေ

တိပိဋကဝရ ရွေးချယ်ရေး စာမေးပွဲကြီး စတင် ကျင်းပသည့် ၁၃၁၀ ပြည့်နှစ်မှ ၁၃၆၀ ခုနှစ်အထိ (၅၀) နှစ်တာ ကာလအတွင်း တိပိဋကဝရ တိပိဋကကောဝိဒ သာသနာ့ အာဏာနည်း အရှင်မြတ်ကြီး (၆) ပါး၊ တိပိဋကဝရ သာသနာ့ အာဏာနည်း (၃) ပါး ပေါ်ထွန်းခဲ့ပါသည်။

ပထမတိပိဋကဝရ တိပိဋကကောဝိဒ သာသနာ့ အာဏာနည်း

တိပိဋကဝရ ရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၁၀ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ စစ်ကိုင်းပြည်၊ မင်းကွန်းဝမ္မာဒ ကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၂ ခုနှစ်၊ တတိယအကြိမ် တိပိဋကဝရ ရွေးချယ်ပွဲကြီးတွင် ဝိနယပိဋက ဝိနည်းငါးကျမ်းကို အာဂုံသဘော ရေးဖြေ



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး
ဦးဝိစိတ္တာသာရာဘိဝံသ

နှစ်ရပ်စလုံး၌ ဂုဏ်ထူး ဖြင့် အောင်မြင်တော်မူသောကြောင့် ဗုဒ္ဓသာသနာ ဝိသိဋ္ဌဝိနယဓရ၊ မဟာဝိနယကောဝိဒဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၁၃ ခုနှစ်၊ စတုတ္ထအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် အဘိဓမ္မပိဋကအဘိဓမ္မာ ပထမရှေ့.ပိုင်းငါးကျမ်း အာဂုံသဘောရေးဖြေ နှစ်ရပ်လုံး၌ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူသောကြောင့် လည်းကောင်း၊ ၁၃၁၄ ခုနှစ်၊ ပဉ္စမအကြိမ် တိပိဋက ရွေးချယ်ပွဲကြီး၌ အဘိဓမ္မပိဋက ဒုတိယပိုင်း အာဂုံသဘော ရေးဖြေနှစ်ရပ်လုံး၌ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်သောကြောင့် ဗုဒ္ဓသာသနာဝိသိဋ္ဌ အာဘိဓမ္မိက၊ မဟာအဘိဓမ္မ ကောဝိဒဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၁၅ ခုနှစ်၊ ဆဋ္ဌမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ သုတ္တန္တပိဋက သုတ်သုံးကျမ်း အာဂုံသဘောရေးဖြေ နှစ်ရပ်စလုံး၌ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူသောကြောင့် ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃနိကာယ ကောဝိဒဘွဲ့တံဆိပ် တော်ကိုလည်းကောင်း ရရှိတော် မူခဲ့ပါသည်။ အရှင်ဝိစိတ္တာသာရာဘိဝံသသည် သင်ရိုးပိဋက သုံးပုံ အလုံးစုံကို အာဂုံသဘော ရေးဖြေနှစ်ရပ်စလုံး၌ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူသောကြောင့် “ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ” ဘွဲ့တံဆိပ်တော်ကို အရှင်ဝိစိတ္တာသာရာဘိဝံသ ဘုရားအိုးဆက်ကပ် လှူဒါန်းခဲ့ပါသည်။

နိဂုံးတော်အစိုးရကလည်း “တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက” ဘွဲ့တံဆိပ် ခပ်နိပ်အပ်သော ဆင်စွယ်ယပ် ဝန်းနှင့်တကွ ကုန်း၊ ရေ၊ လေ အထက်တန်းမှ ခရီးသွားလာခွင့် အခမဲ့လက်မှတ်များနှင့် လစဉ်ဆွမ်းဆန်တော် အလှူငွေအတွက် နဝကမ္မ ဝတ္ထုငွေများကိုလည်း လှူဒါန်းခဲ့ပါသည်။ မင်းကွန်းတိပိဋက ဆရာတော်ဟူ၍ သာသနာ့သမိုင်းတွင် ထင်ရှားခဲ့ပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသသည် ၁၃၁၆ ခုနှစ်မှ ၁၃၁၈ ခုနှစ်အထိ (၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ) နှစ်နှစ်တိုင်တိုင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် ပါဠိတော်အုပ်ရေ ၄၀ မျက်နှာပေါင်း ၁၆၇၅၅ မျက်နှာကို အလွတ်ရွတ်ဆို၍ သင်္ဂါယနာတင်ခြင်းကို ဆောင်ရွက်တော်မူခဲ့ပါသည်။ မင်းကွန်းဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ၏ ထူးခြားပြောင်မြောက်စွာ စွမ်းဆောင်မှုကို အခြားသော ထေရဝါဒနိုင်ငံများမှ ဆရာတော်ကြီးများသည် ရင်သပ်ရှုမော အံ့သြချီးမွမ်း၍ မကုန်နိုင်အောင်ပင် ဖြစ်ကြရသည်။

ဒုတိယတိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဏာနည်

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်မှ အရှင်နေမိန္ဒသည် ၁၃၁၆ ခုနှစ်၊ သတ္တမအကြိမ်ရွေးချယ်ပွဲကြီးတွင် ဝိနည်းငါးကျမ်းကို အာဂုံသဘောရေးဖြေ နှစ်ရပ်လုံး၌ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူသောကြောင့် “ဗုဒ္ဓသာသနာဝိသိဋ္ဌဝိနယဓရ၊ မဟာဝိနယကောဝိဒ” ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၁၇ ခုနှစ်၊ အဋ္ဌမအကြိမ် ရွေးချယ်ပွဲကြီး၌ သုတ္တန္တပိဋကသုံးကျမ်း အာဂုံပြန်ဆိုရာ၌ သန့်ရှင်းထူးကဲစွာ ပြန်ဆိုနိုင်သဖြင့် “ဗုဒ္ဓသာသနာဝိသိဋ္ဌ ဒီဃဘာဏက” ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၁၈ ခုနှစ်၊ နဝမအကြိမ် ရွေးချယ်ပွဲကြီး၌ သုတ္တန္တပိဋကသုတ်သုံးကျမ်း သဘောရေးဖြေပွဲကို အောင်မြင်တော်မူသောကြောင့် “ဗုဒ္ဓသာသန ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၁၉ ခုနှစ်၊ ဒသမအကြိမ်ရွေးချယ်ပွဲကြီးတွင် အဘိဓမ္မပိဋက ရှေ့ပိုင်းငါးကျမ်း အာဂုံသဘော ရေးဖြေနှစ်ရပ်လုံး အောင်မြင်တော်မူသဖြင့် လည်းကောင်း၊ ၁၃၂၁ ခုနှစ် ဒွါဒသမအကြိမ် ရွေးချယ်ပွဲကြီးတွင် အဘိဓမ္မပိဋက နောက်ပိုင်းနှစ်ကျမ်းကို

အာဂုံရေးဖြေ အောင်မြင်တော်မူသောကြောင့် လည်းကောင်း၊ "ဗုဒ္ဓသာသန ဝိသိဋ္ဌအာဘိဓမ္မိအာဘိဓမ္မကောဝိဒ" ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပါသည်။ အရှင်နေမိန္ဒအား သင်ရိုးပိဋကသုံးပုံအလုံးစုံကို သန့်ရှင်းထူးကဲစွာ အာဂုံပြန်ဆိုနိုင်သဖြင့် ဗုဒ္ဓသာသနာဝိသိဋ္ဌ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ နိဂုံးတော်အစိုးရကလည်း "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်ခပ်နိပ်အပ်သော ဆင်စွယ်ယပ်ဝန်းနှင့် ကုန်း၊ ရေ၊ လေ အထက်တန်းမှ ခရိုးသွားလာခွင့်လက်မှတ်များနှင့် လစဉ်ဆွမ်းဆန်တော် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ပခုက္ကူ တိပိဋကဓရ ဆရာတော်ဟူ၍ သာသနာ့သမိုင်းတွင် ထင်ရှားခဲ့ပါသည်။



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးကောသလ္လ

တတိယတိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ပေါ်ထွန်းလာခြင်း

ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက်မှ အရှင်ကောသလ္လသည် ၁၃၁၇ ခုနှစ်တွင် သုတ္တန္တ ပိဋကသုတ်သုံးကျမ်း အာဂုံပြန်ဆိုပွဲတွင် သန့်ရှင်းထူးကဲစွာ ပြန်ဆိုနိုင်သဖြင့် "ဝိသိဋ္ဌဒီဃဘာဏက" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၂၀ ခုနှစ်တွင် သုတ္တန္တပိဋကသုတ်သုံးကျမ်း အာဂုံသဘော ရေးဖြေ အောင်မြင် တော်မူသဖြင့် လည်းကောင်း၊ ၁၃၅၂ ခုနှစ်၊ အဘိဓမ္မာ ရှေ့ပိုင်းငါးကျမ်း အာဂုံသဘော ရေးဖြေ အောင်မြင် တော်မူသဖြင့် လည်းကောင်း၊ ၁၃၅၂ ခုနှစ်တွင် အဘိဓမ္မာ နောက်ပိုင်းနှစ်ကျမ်းကို အာဂုံသဘော ရေးဖြေအောင်မြင် တော်မူသဖြင့် "အာဘိဓမ္မိက အာဘိဓမ္မကောဝိဒ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ရရှိတော်မူပါသည်။ အရှင်ကောသလ္လသည် သင်ရိုးပိဋကသုံးပုံအလုံးစုံကို အာဂုံသဘော ရေးဖြေနှစ်ရပ်စလုံး ပြီးဆုံးအောင်မြင်တော်မူသဖြင့် ဆရာတော်အား "တိပိဋကဓရ တိပိဋက ကောဝိဒ" ဘွဲ့တံဆိပ်တော်ကို ဆက်လက်လှူဒါန်း ခဲ့ပြီး "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ် ခပ်နိပ် အပ်သော ဆင်စွယ်ယပ်ဝန်းနှင့်တကွ ကုန်း၊ ရေ၊ လေ အထက်တန်းမှ ခရိုးသွားလာခွင့် အခမဲ့လက်မှတ်များနှင့် လစဉ်ဆွမ်းဆန်တော်အတွက် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ပြည်တိပိဋက ဓရဆရာတော် ဟူ၍ သာသနာ့သမိုင်းတွင် ထင်ရှားခဲ့ပါသည်။


စတုတ္ထတိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်မှအရှင်သုမင်္ဂလာ လက်ံာရသည် ၁၃၃၀ ပြည့်နှစ်တွင် ဝိနယ ပိဋကဝိနည်း ငါးကျမ်းအာဂုံ သဘောရေးဖြေနှစ်ရပ်စလုံး အောင်မြင်တော်မူသဖြင့် "ဝိနယဓရ ဝိနယကောဝိဒ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၃၁ ခုနှစ်တွင် အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းအာဂုံသဘော ရေးဖြေ အောင်မြင်တော်မူသဖြင့် အသိအမှတ်ပြုလက်မှတ်များကို လည်းကောင်း၊ ၁၃၃၃ ခုနှစ်တွင် အဘိဓမ္မာ နောက်ပိုင်း နှစ်ကျမ်းအာဂုံသဘောရေးဖြေနှစ်ရပ်လုံး အောင်မြင်တော်မူသဖြင့် "အာဘိဓမ္မိက အာဘိဓမ္မကောဝိဒ"ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၃၅ ခုနှစ်တွင် သုတ္တန္တပိဋကသုတ်သုံးကျမ်း အာဂုံသဘောရေးဖြေနှစ်ရပ်စလုံး အောင်မြင်တော်မူသဖြင့် "ဒီဃဘာဏက ဒီဃနိကာယကောဝိဒ"ဘွဲ့ တံဆိပ်တော်ကို လည်းကောင်း၊ လက်ခံရရှိတော်မူပါသည်။



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆရာတော်အရှင်သုမင်္ဂလာ လင်္ကာရ

အရှင်သုမင်္ဂလာလင်္ကာရသည် သင်ရိုးပိဋကသုံးပုံ အလုံးစုံကို အာဂုံသဘော ရေးဖြေနှစ်ရပ်စလုံး အောင်မြင်တော်မူသဖြင့် ဆရာတော်အား "တိပိဋကဓရ တိပိဋက ကောဝိဒ" ဘွဲ့တံဆိပ်တော် ဘွဲ့လက်မှတ်များ ကုန်း၊ ရေ၊ လေ အခမဲ့ အထက်တန်း ခရီးသွားလာလက်မှတ်များနှင့် လစဉ်ဆွမ်းဆန်တော်အတွက် နဝကမ္မဝတ္ထုငွေများကို နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြပါသည်။ ရန်ကုန်တိပိဋကဓရ ဆရာတော်ဟူ၍ ထင်ရှားတော်မူပါသည်။ ယခုအခါ ဆရာတော်သည် မရမ်းကုန်းမြို့နယ် တိပိဋက မဟာဂန္ဓရုံ ကျောင်းတိုက်ကြီး၌ စာသင်သား သံဃာတော် ၄၀၀ ကျော်တို့အား စာပေပို့ချ တော်မူလျက်ရှိ ပါသည်။



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိနှာဘိဝံသ

၁၃၃၃ ခုနှစ်တွင် အဘိဓမ္မပိဋက အဘိဓမ္မာ ရှေ့.ပိုင်း ငါးကျမ်း အာဂုံပြန် အောင်မြင်တော်မူသဖြင့် လည်းကောင်း၊ ၁၃၃၆ ခုနှစ်တွင် အဘိဓမ္မာရှေ့.ပိုင်း ငါးကျမ်း သဘောရေးဖြေပွဲကို လည်းကောင်း အောင်မြင်တော်မူသဖြင့် အသိအမှတ်ပြုလက်မှတ်ကို လည်းကောင်း၊ ၁၃၃၈ ခုနှစ်တွင်အဘိဓမ္မာပိဋကအဘိဓမ္မာ နောက်ပိုင်း နှစ်ကျမ်း အာဂုံသဘော ရေးဖြေနှစ်ရပ်စလုံး အောင်မြင်တော်မူသဖြင့် "အာဘိဓမ္မိက အဘိဓမ္မ ကောဝိဒ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၄၀ ပြည့်နှစ်တွင် သုတ္တန္တပိဋကသုတ်သုံးကျမ်း အာဂုံပြန် အောင်မြင်တော်မူသဖြင့် "ဒီဃဘာဏက" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ သင်ရိုးပိဋကသုံးပုံအလုံးစုံကို အာဂုံပြန် အောင်မြင်တော်မူသဖြင့် "တိပိဋကဓရ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ရရှိတော်မူပါသည်။ အရှင် သိရိနှာဘိဝံသသည် ၁၃၄၆ ခုနှစ်တွင် သုတ္တန္တ ပိဋကသုတ် သုံးကျမ်းသဘော ရေးဖြေ

ပဋ္ဌမတိပိဋကဓရတိပိဋကကောဝိဒ
သာသနာ့အာဇာနည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ အရှင်သိရိနှာဘိဝံသသည် ၁၃၃၂ ခုနှစ်တွင် ဝိနယပိဋကဝိ နည်းငါးကျမ်း အာဂုံသဘော ရေးဖြေနှစ်ရပ်စလုံး အောင်မြင်တော်မူသဖြင့် "ဝိနယဓရဝိနယကောဝိဒ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊

အောင်မြင်တော်မူသဖြင့် "ဒီဃနိကာယကောဝိဒ" ဘွဲ့တံဆိပ်တော် ကို လည်းကောင်း၊ သင်ရိုးပိုင္ၚကသုံးပုံ အလုံးစုံကို သဘောရေးဖြေ အောင်မြင်တော်မူသဖြင့် "တိုပိုင္ၚကဝရ တိုပိုင္ၚကကောဝိဒ" ဘွဲ့တံဆိပ်တော် ဘွဲ့လက်မှတ် တော်နှင့်တကွ နိုင်ငံတော်အစိုးရက လွှဲဒါန်းသော ကုန်း၊ ရေ၊ လေ အထက်တန်း အခမဲ့ခရီးသွား လက်မှတ်များနှင့် လစဉ်ဆွမ်းဆန်တော်အတွက် နဝကမ္မဝတ္ထုငွေများကို အလှူခံရရှိတော်မူပါသည်။ (ယော) တိုပိုင္ၚကဝရ ဆရာတော်ဟူ၍ ထင်ရှားတော်မူပြီး ရန်ကုန်မြို့၊ ဗဟန်း မြို့နယ်၊ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်၌ စာသင်သားသံဃာတော်တို့အား စာပေပို့ချတော်မူလျက် ရှိပါသည်။



တိုပိုင္ၚကဝရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ

ဆဋ္ဌမတိုပိုင္ၚကဝရ တိုပိုင္ၚကကောဝိဒ သာသနာ့အာဏာနည်

စစ်ကိုင်းမြို့၊ မင်းကွန်းတိုပိုင္ၚကနိကာယ ကျောင်းတိုက်မှ အရှင်ဝါယာမိန္ဒာဘိဝံသသည် ၁၃၄၀ ပြည့်နှစ်တွင် ဝိနယ ပိုင္ၚက ဝိနည်းငါးကျမ်း အာဂုံအောင်မြင်တော်မူသဖြင့် "ဝိနယဝရ" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၄၂ ခုနှစ် တွင် ဝိနယပိုင္ၚက ဝိနည်းငါးကျမ်း သဘောရေးဖြေ အောင်မြင်တော်မူသဖြင့် "ဝိနယကောဝိဒ" ဘွဲ့ကို လည်းကောင်း၊ ၁၃၄၃ ခုနှစ်တွင် သုတ္တန္တပိုင္ၚကသုတ် သုံးကျမ်းအာဂုံပြန် အောင်မြင်တော်မူသဖြင့် "ဒီဃဘာဏက" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၄၆ ခုနှစ်တွင် သုတ္တန္တ ပိုင္ၚကသုတ် သုံးကျမ်း သဘောရေးဖြေ အောင်မြင်တော်မူ သဖြင့် "ဒီဃနိကာယ ကောဝိဒ" ဘွဲ့တံတော်ကို လည်းကောင်း၊ ၁၃၄၈ ခုနှစ်တွင် အဘိဓမ္မပိုင္ၚက ရှေ့ပိုင်း ငါးကျမ်း အာဂုံပြန် အောင်မြင်တော်မူသဖြင့် အသိအမှတ်ပြု လက်မှတ်ကို လည်းကောင်း၊ ၁၃၁၅ ခုနှစ်တွင် အဘိဓမ္မ ပိုင္ၚက အဘိဓမ္မာရှေ့ပိုင်းငါးကျမ်း သဘောရေးဖြေအောင်မြင် တော်မူသဖြင့် အသိအမှတ်ပြု လက်မှတ်ကို လည်းကောင်း၊ ၁၃၅၄ ခုနှစ်တွင် အဘိဓမ္မပိုင္ၚက အဘိဓမ္မာ နောက်ပိုင်း နှစ်ကျမ်း အာဂုံပြန် အောင်မြင်တော်မူသဖြင့် "အဘိဓမ္မိက" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ သင်ရိုး ပိုင္ၚကသုံးပုံးလုံးကို အာဂုံပြန် အောင်မြင်တော်မူသဖြင့် "တိုပိုင္ၚကဝရ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ရရှိတော် မူပါသည်။ အရှင်ဝါယမိန္ဒာဘိဝံသသည် ၁၃၅၆ ခုနှစ်တွင် ကျင်းပသော တိုပိုင္ၚကရွေးချယ်ရေး စာမေးပွဲကြီးတွင် အဘိဓမ္မပိုင္ၚက အဘိဓမ္မာ နောက်ပိုင်းနှစ်ကျမ်းကို သဘောရေးဖြေ အောင်မြင်တော်မူသော ကြောင့် "အဘိဓမ္မကောဝိဒ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ သင်ရိုးပိုင္ၚကသုံးပုံး အလုံးစုံကို သဘောရေးဖြေ အောင်မြင်တော်မူသဖြင့် "တိုပိုင္ၚကဝရ တိုပိုင္ၚကကောဝိဒ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း လက်ခံရရှိတော်မူပါသည်။ နိုင်ငံတော်အစိုးရက အရှင်ဝါယာမိန္ဒာဘိဝံသအား ကုန်း၊ ရေအထက်တန်းမှ ခရီးသွားခွင့် လက်မှတ်များနှင့် လစဉ်ဆွမ်းဆန်တော် နဝကမ္မဝတ္ထုများကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။ ရေစကြို တိုပိုင္ၚကဝရ ဆရာတော်ဟူ၍ ထင်ရှားတော်မူပါသည်။

တိုပိုင္ၚကဝရ ရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ် (၁၉၄၈ ခုနှစ်) ကစတင် ကျင်းပခဲ့ရာ ၁၃၁၅ ခုနှစ် (၁၉၅၃ ခုနှစ်) တွင် တိုပိုင္ၚဝရ မင်းကွန်းဆရာတော် ဘုရားကြီး ပေါ်ထွန်းတော်မူခဲ့၍ နောက်ခြောက်နှစ်ကြာ ၁၃၂၁ ခုနှစ် (၁၉၅၉ ခုနှစ်) တွင် တိုပိုင္ၚကဝရ ပခုက္ကူဆရာတော် အရှင်နေမိန္ဒ ပေါ်ထွန်းခဲ့ပါသည်။ တစ်ဖန် လေးနှစ်ကြာပြီးနောက် ၁၃၂၅ ခုနှစ် (၁၉၆၃ ခုနှစ်) တွင်

တိုပိုင္ဌကဝရ ပြည်ဆရာ တော် အရှင်ကောသလ္လ ပေါ်ထွန်းတော်မူခဲ့သည်။ တစ်ဖန် ၁၀ နှစ် ကြာပြီးနောက် ၁၃၃၅ ခုနှစ် (၁၉၇၃ ခုနှစ်) တွင် ရန်ကုန် တိုပိုင္ဌကဝရ အရှင်သုမင်္ဂလာလင်္ကာရ ပေါ်ထွန်းတော်မူခဲ့သည်။ ထိုမှ ၁၁ နှစ်ကြာပြီးနောက် ၁၃၄၆ ခုနှစ် (၁၉၈၄ ခုနှစ်) တွင် တိုပိုင္ဌကဝရ ယောဆရာတော် အရှင်သီရိနွာဘိဝံသ ပေါ်ထွန်းတော်မူခဲ့ပါသည်။ ထို့နောက် ၁၀ နှစ်ကြာ ၁၃၅၆ ခုနှစ် (၁၉၉၅ ခုနှစ်) တွင် တိုပိုင္ဌကဝရ ရေစကြို အရှင်ဝါယာ မိန္ဒာဘိဝံသ ပေါ်ထွန်းခဲ့ပါသည်။

ရွှေရတုတိုပိုင္ဌကဝရ ရွေးချယ်ပွဲကြီးတွင် တစ်ပြိုင်နက် ပေါ်ထွန်းခဲ့သော တိုပိုင္ဌကဝရ တိုပိုင္ဌကကောဝိဒ သာသနာ့ အာဏာနည်နှစ်ပါး

အထက်ဖော်ပြပါ တိုပိုင္ဌကဝရ ရွေးချယ်ရေး စာမေးပွဲကြီး၏ သမိုင်းကြောင်းကို လေ့လာကြည့်ရှုပါက တစ်နှစ်တည်း ၌ တိုပိုင္ဌကဝရ သာသနာ့ အာဏာနည် (၂) ပါး တစ်ပြိုင်နက် ပေါ်ပေါက်ခဲ့ဖူးခြင်း မရှိပါ။ အကြိမ် (၅၀) မြောက် တိုပိုင္ဌကဝရ ရွေးချယ်ပွဲကြီး၌ ထူးထူး ခြားခြား တိုပိုင္ဌကဝရ သာသနာ့ အာဏာနည် အရှင်မြတ်နှစ်ပါး တစ်ပြိုင်နက် ပေါ်ထွန်းလာသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သား များအပေါင်းမှာ နှစ်ထောင်း အား ရပိတိသောမနဿများ ဖြစ်ပွားကြရပါသည်။

အကြိမ် (၅၀) မြောက် ရွှေရတု တိုပိုင္ဌကဝရ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၅၉ ခုနှစ်၊ နတ်တော်လပြည့် ကျော် (၁၄) ရက် (၂၈-၁၂-၉၇) ရက်မှ ၁၃၅၉ ခုနှစ်၊ တပို့တွဲလဆန်း (၁) ရက် (၂၈-၁-၉၈) နေ့အထိ (၃၃) ရက်တိုင်တိုင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပပါသည်။

တိုပိုင္ဌကဝရ ရွေးချယ်ရေး စာမေးပွဲကြီးကျင်းပရာ၌ ရှေ့အစဉ်အလာအတိုင်း နံနက်ပိုင်းတွင် ဖွင့်ပွဲအခမ်းအနား ကိုခမ်းနားသိုက်မြိုက် စွာကျင်းပရ ပါသည်။ ဖွင့်ပွဲအခမ်းအနား သို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိုပိုင္ဌကဝရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်ကြီးများ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူကြမည့် သာသနာ့အာဏာနည် အရှင်မြတ်များအား အခမ်းအနားဖြင့် ပင့်ဆောင်ကြရပါသည်။ ယင်းအခမ်းအနား၌ အခမ်းအနား အစီအစဉ်အရ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ပြီး၊ တိုပိုင္ဌကဝရ ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်သံဃာတော်များ ရွတ်ဆိုပွာများ ချီးမြှင့်တော်မူအပ်သော ပရိတ်တရားတော်များကို နာယူကြပါသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး၏ သမ္မာဒနိယဩဝါဒကထာကို နာယူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားပါသည်။ ဆက်လက်၍ ဝမ္မာသနပလ္လင်တော်များနှင့် ကနက္ကဒဏ်ထိုးဖြူတော်များကို အဘိသေကမန္တန်တော်ဖြင့် အဘိသိက်သွန်း၍ ဝမ္မာသန ပလ္လင်တော်များထက်သို့ သာသနာ့အာဏာနည် အရှင်မြတ်များအား ပင့်ဆောင်ပါသည်။ ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပါသည်။ နေ့လယ်ပိုင်းတွင် တိုပိုင္ဌကဝရ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲကို ကျင်းပပါသည်။

အကြိမ် (၅၀) မြောက် ကျင်းပအပ်သော ရွှေရတု တိုပိုင္ဌကဝရ ရွေးချယ်ရေး စာမေးပွဲကြီးတွင် စစ်ကိုင်းမြို့၊ မင်းကွန်း၊ တိုပိုင္ဌက နိကာယ ကျောင်းတိုက်မှ အရှင်သီလကန္ဓာဘိဝံသသည် အဘိဓမ္မပိုင္ဌက အဘိဓမ္မာ (၇) ကျမ်းကို သန့်ရှင်းထူးကဲစွာ အာဂုံပြန်ဆိုတော်မူနိုင်သဖြင့် "ဝိသိဋ္ဌအာဘိဓမ္မိက" ဘွဲ့တံဆိပ်တော်ကို လည်း ကောင်း၊ သင်ရိုးပိုင္ဌကသုံးပုံ အလုံးစုံကို အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် "တိုပိုင္ဌကဝရ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ရရှိတော်မူပါသည်။

စစ်ကိုင်းမြို့၊ မင်းကွန်းတိုပိုင္ဌကနိကာယ ကျောင်းတိုက်မှ အရှင်ဝံသပါလာ လင်္ကာရသည် အဘိဓမ္မပိုင္ဌက အဘိဓမ္မာ (၇) ကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် "အာဘိဓမ္မိက" ဘွဲ့တံဆိပ်တော်ကို လည်း ကောင်း၊ သင်ရိုးပိုင္ဌကသုံးပုံ အလုံးစုံကို အာဂုံပြန်ဆို အောင်မြင် တော်မူသဖြင့် "တိုပိုင္ဌကဝရ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ရရှိတော်မူပါသည်။ ထိုသာသနာ့အာဏာနည် အရှင်မြတ် နှစ်ပါးသည် ရွှေရတု တိုပိုင္ဌကဝရ ဆရာတော်များ ဟူ၍ ထင်ရှားပါသည်။

ထိုရွှေရတု တိုပိုင္ဌကဝရ သာသနာ့ အာဏာနည် အရှင်မြတ်နှစ်ပါးသည် ၁၃၆၁ ခုနှစ်၊ နတ်တော်လပြည့်

ကျော် ၄ ရက်နေ့မှ ပြာသိုလပြည့်ကျော် ၅ ရက်အထိ (၁၆-၁၂-၉၉ နေ့မှ ၂၅-၁-၂၀၀၀ နေ့အထိ) ကျင်းပအပ်သော (၅၂) ကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မပိဋက အဘိဓမ္မာ နောက်ပိုင်းနှစ်ကျမ်း သဘောရေးဖြေပွဲကို အောင်မြင်တော်မူသဖြင့် "အဘိဓမ္မကောဝိဒ" ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူပါသည်။ ထိုအရှင်မြတ်နှစ်ပါးသည် သင်ရိုးပိဋက သုံးပုံ အလုံးစုံကို သဘောရေးဖြေ အောင်မြင်တော်မူသဖြင့် "တိပိဋကဓရ တိပိဋကကောဝိဒ" ဘွဲ့တံဆိပ်တော် ဘွဲ့လက်မှတ်နှင့် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသောကုန်း၊ ရေ၊ လေ အထက်တန်းမှ အခမဲ့ခရီးသွားလာခွင့် လက်မှတ်များနှင့် လစဉ်ဆွမ်းဆန်တော်အတွက် နဝကမ္မဝတ္ထုငွေများကို အလှူခံ ရရှိတော်မူပါသည်။

ထို့ပြင် (၅၂) ကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီးတွင် စစ်ကိုင်းမြို့၊ မင်းကွန်း၊ တိပိဋက နိကာယ ကျောင်းတိုက်မှ အရှင်ဂန္ဓမာလာ လက်ံာရသည် အဘိဓမ္မပိဋက အဘိဓမ္မာ နောက်ပိုင်း နှစ်ကျမ်းအာဂုံပြန် အောင်မြင်တော်မူသဖြင့် "အာဘိဓမ္မိက" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ သင်ရိုးပိဋက သုံးပုံအလုံးစုံကို အာဂုံပြန် အောင်တော်မူသဖြင့် "တိပိဋကဓရ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ရရှိတော်မူပါသည်။

အရှင်ဂန္ဓမာလာလက်ံာရ မတိုင်မီ တိပိဋက သာသနာ့ အာဏာနည်တစ်ပါး ၁၃၅၈ ခုနှစ်က ပေါ်ထွန်းခဲ့ရာ ထိုအရှင်မှာ အရှင်ကောဏ္ဍညဖြစ်ပါသည်။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်မှ အရှင်ကောဏ္ဍညသည် ၁၃၂၁ ခုနှစ်တွင် သုတ္တန်တပိဋကသုတ်သုံးကျမ်းကို အာဂုံပြန် အောင်မြင်တော်မူသဖြင့် "ဒီဃဘာဏက" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၂၃ ခုနှစ်တွင် သုတ်သုံးကျမ်း သဘောရေးဖြေပွဲကို အောင်မြင်တော်မူသဖြင့် "ဒီဃနိကာယကောဝိဒ" ဘွဲ့တံဆိပ်တော်ကို လည်း ကောင်း၊ ၁၃၂၉ ခုနှစ်တွင် ဝိနယပိဋက ဝိနည်းငါးကျမ်း အာဂုံပြန် အောင်မြင်တော်မူသဖြင့် "ဝိနယဓရ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၃၁ ခုနှစ်တွင် ဝိနည်း ငါးကျမ်း သဘောရေးဖြေ အောင်မြင်တော်မူသဖြင့် "ဝိနယကောဝိဒ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၃၁ ခုနှစ်တွင် အဘိဓမ္မာရှေ့ပိုင်းငါးကျမ်းကို အာဂုံပြန် အောင်မြင်တော်မူသဖြင့် အသိအမှတ်ပြု လက်မှတ်ကို လည်းကောင်း၊ ၁၃၅၂ ခုနှစ်တွင် အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်း သဘောရေးဖြေ အောင်မြင်တော်မူသဖြင့် အသိအမှတ်ပြုလက်မှတ်ကို လည်းကောင်း၊ ၁၃၅၈ ခုနှစ်တွင် ကျင်းပသော (၄၉) ကြိမ်မြောက် ရွှေရတုအကြို တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲကြီး တွင် အဘိဓမ္မပိဋက အဘိဓမ္မာ နောက်ပိုင်းနှစ်ကျမ်း အာဂုံပြန် အောင်မြင်တော်မူသဖြင့် "အာဘိဓမ္မိက" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ သင်ရိုးပိဋက သုံးပုံအလုံးစုံကို အာဂုံပြန်အောင်မြင်တော်မူသဖြင့် "တိပိဋကဓရ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ လက်ခံရရှိတော်မူပါသည်။ အရှင်ကောဏ္ဍညသည် အဘိဓမ္မာ နောက်ပိုင်းနှစ်ကျမ်း သဘောရေးဖြေပွဲ ဖြေဆိုရန်အတွက် ယောကျ်ား မြတ်တို့၏ ကြီးမားသော ဇွဲလုံ့လ ဥဿဟဖြင့် ကြိုးစား အားထုတ်လျက် ရှိပါသည်။

(၅၂) ကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋက ကောဝိဒ သာသနာ့ အာဏာနည် အရှင်မြတ်တစ်ပါးနှင့် တိပိဋကဓရ သာသနာ့ အာဏာနည် အရှင်မြတ်တစ်ပါးတို့ ထူးခြားစွာတစ်ပြိုင်နက် ပေါ်ထွက်လာသဖြင့် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲသမိုင်းတွင် မှတ်တမ်းတင်ရမည့် ထူးခြားချက်တစ်ရပ်ပင် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်ကို ဘုန်းကံကြီးမားသော အစိုးရမင်းများနှင့် တိုင်းသူပြည်သား တို့သာ ချီးမြှောက် ထောက်ပံ့ပူဇော်ခွင့် ရရှိကြပါသည်။ ယနေ့ကမ္ဘာပေါ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ထေရဝါဒ ဗုဒ္ဓ သာသနာတော် အထွန်းကားဆုံးနိုင်ငံ ဖြစ်ပါသည်။ ကမ္ဘာ ပေါ်တွင် မည်သည့်နိုင်ငံမှ မကျင်းပနိုင်သော တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲကြီးကို ကျင်းပနိုင်ခဲ့ပြီး တိပိဋကဓရ တိပိဋက ကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက သာသနာ့ အာဏာနည်များ ထင်ရှားစွာ ပေါ်ထွက်လာခဲ့ခြင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ထူးခြားထင်ရှားသော ဝိသေသ လက္ခဏာများ ဖြစ်ပါသည်။ ထို့အပြင်လည်း ပိဋကတ်နှစ်ပုံခွဲအောင် နှစ်ပုံအောင် တစ်ပုံအောင် သာသနာ့ အာဏာနည်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလျက် ရှိပါသဖြင့် တိပိဋကဓရ တိပိဋကကော်ဝိဒ သာသနာ့ အရှင်မြတ်များ အစဉ်မပြတ် ဆက်၍ဆက်၍ ပေါ်ထွက်လာဦးမည် ဖြစ်ပါကြောင်း ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။ ။

ဦးထွန်းနိုင်(သာသနာရေး)

လက်တင်အမေရိက။ ။၁၉၉၉ ခုနှစ်သည် တစ်ကမ္ဘာလုံးအတွက် ဆိုးဆိုးဝါးဝါးဖြစ်စေခဲ့စေသည့် နှစ်တစ်နှစ်ဖြစ်ရာ လက်တင်အမေရိကတွင်လည်း ဆိုးရွားသော ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည်။ အမေရိကတိုက်တွင် အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှာ မြောက်အမေရိကတိုက်ဖြစ်၍ ကျန်နိုင်ငံများကို လက်တင်အမေရိက၊ တောင်အမေရိက၊ အလယ်ပိုင်း အမေရိကဟု ခေါ်ဝေါ် ကြသည်။ ယင်းနိုင်ငံများတွင် နိုင်ငံရေးမငြိမ်သက်မှု ဖြစ်ခြင်း၊ မီးတောင် ပေါက်ကွဲခြင်း၊ တောမီးလောင်ခြင်း၊ မိုးသက်မုန်တိုင်း တိုက်ခတ်၍ ရေကြီးခြင်းစသော သဘာဝ ဘေးအန္တရာယ်တို့ ထူပြောလှပေရာ ယင်းဖြစ် ရပ်များကို နိုင်ငံနှင့် နေ့စွဲအလိုက် ဖော်ပြထားပါသည်။ (ကနေဒါနှင့် အမေရိကန် ပြည်ထောင်စု–ရှု)

မနာဂွာ(နီကာရာဂွာ)–အလယ်ပိုင်းအမေရိကတွင် အပြင်းထန်ဆုံး အတ္တလန္တိတ် မုန်တိုင်းတစ်ခုဖြစ်သော မစ်ခ်မုန်တိုင်း တိုက်ခိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၀၀၀ အထိရှိလာချိန်တွင် နီကာရာဂွာ အနောက်မြောက်ဘက်တွင် မီးတောင်တစ်ခုအောက်ရှိ ရွာ.နွံများ အတွင်းမှ လူသေလောင်း ရာပေါင်းများစွာ နိုဝင်ဘာ ၁ ရက် နေ့ကတွေ့ရှိခဲ့သည်။ နီကာရာဂွာနိုင်ငံ မနာရွာမြို့ အနောက်ဘက် မိုင် ၄၀ ခန့် အကွာရှိ ကာစီတာ မီးတောင်မှရွာ.များ ဆင်ခြေလျှောတစ်လျှောက် စီးဆင်းပြီး လူ ၂၀၀၀ နေထိုင်ရာ ကျေးရွာ များကို တိုက်ချသွားရာ လူ ၃၃၀ ထက်မနည်း အရှင်လတ်လတ် မြေမြှုပ်ခံ လိုက်ကြရသည်။ ယခု သီတင်း ပတ် အစောပိုင်းတွင် စတုတ္ထမြောက် အင်အား အပြင်းထန်ဆုံး အတ္တလန္တိတ်မုန်တိုင်းဖြစ်သော မစ်ချ်မုန်တိုင်းမှာ ဂွာတီမာလာမြောက်ပိုင်းနှင့် မက္ကဆီကိုတောင်ပိုင်းစွန်းဒေသများ အနီးတွင် ပြိုကွဲအားပျော့သွားပြီး တစ်ပတ်ကြာရွာနေ သော မိုးမှာလည်း သည်းထန်စွာရွာပြီး လေပြင်းတိုက် ခတ်မှုများ အဆုံးသတ်သွားခဲ့သည်။ ထို့သို့ မိုးသည်းထန် ပြီး လေပြင်းတိုက်ခတ်မှုကြောင့် အလယ်ပိုင်း အမေရိက ဒေသများ ပျက်စီးခဲ့ရသည်။

နီကာရာဂွာနှင့် ဟွန်ဒူရပ်နိုင်ငံရှိ ကျေးရွာများမှာ ကျယ်ပြန့်သော ရွာ.နွံ.များနှင့် ရေလွှမ်းမိုးမှုအောက်တွင် နစ်မြုပ်သွားသဖြင့် လူထောင်ပေါင်းများစွာ ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။ သေဆုံးသူ ဈာပနပေါင်းအရေအတွက် ယခုချိန်အထိ ၈၆၉ ဦး ရှိပြီး တိုးလာလျက်ရှိသည်။ နီကာရာဂွာတွင် ၄၆၇ ဦးသေဆုံးပြီး ဟွန်ဒူရပ်၌ ၃၁၇ ဦးသေဆုံးခဲ့သည်။ ထို့ပြင် အယ်ဆာဗေဒိုရ် ၆၃ ဦး၊ ဂွာတီမာလာ၌ ၂၅ ဦး၊ မက္ကဆီကို၌ ၄ ဦးနှင့် ကော့စတာရီကာနှင့် ပနားမားနိုင်ငံတွင် တစ်ဦးစီ သေဆုံးခဲ့သည်။



ကိုလံဘီယာ၌ ငလျင်လှုပ်ပြီး အသက်မသေဘဲ ကျန်ရစ်သူများကို ကယ်ဆယ်ရေးစခန်းတစ်နေရာတွင် တွေ့ရစဉ်

ကိုလံဘီယာ၌ငလျင်လှုပ်– ကိုလံဘီယာနိုင်ငံတွင် ၁၉၉၉ ခုနှစ် ဧန်နဝါရီလ ၂၆ ရက်နေ့က လှုပ်ခဲ့သော ငလျင်ကြောင့် လူ ၁၀၀၀ ကျော်သေဆုံးခဲ့ရာ နှစ်ပေါင်း ၁၀၀ ကျော်အတွင်း အဆိုးဝါးဆုံး ငလျင်တစ်ခု ဖြစ်သည်။ ယင်း ငလျင်ကြောင့် လူထောင်ပေါင်းများစွာ ဒဏ်ရာရ၍ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြသည်။ ကိုလံဘီယာနိုင်ငံ အနောက်ပိုင်းတွင် ငလျင်ဒဏ်ခံသည် ၂၀၀၀ အထိ ရှိမည်ဟု ကယ်ဆယ်ရေးသမားများက ခန့်မှန်းထားကြသည်။ ပြင်းအား ရစ်ချ်တာစကေး ၆ ရှိသော ယင်းငလျင်လှုပ်မှုကြောင့် ကိုလံဘီယာ အနောက်ဘက်တလွှား ရှိမြို့များနှင့် ကျေးရွာများ ပျက်စီးခဲ့ရသည်။ လူဦးရေ သုံးသိန်းရှိသော အာမီးနီးယားမြို့တွင် သေဆုံးသူ ၅၅၀ ရှိ၍ အဆောက်အအုံများ ပျက်စီးခဲ့ရသည်။

ကိုလံဘီယာနှင့်အကြမ်းဖက်မှု–၁၉၉၉ ခုမေလ၏ တစ်ခုသော တနင်္ဂနွေနေ့ နံနက် ခင်းတွင် ကိုလံဘီယာနိုင်ငံကာလီမြို့အနီး ဘုရားရှိခိုး ကျောင်း တစ်ကျောင်း၌ ဝတ်ပြုဆုတောင်းပွဲ အခမ်းအနား ကျင်းပရန်စီစဉ်နေချိန် အမျိုးသား လွတ်မြောက်ရေး တပ်မတော် (အီးအယ်အင်)မှ ပြောက်ကျား ၃၀ ကျော် တို့က ဘုရား၌ ခိုးကျောင်းအတွင်း ဝင်ရောက်ပြီး ဘုရား ဝတ်ပြုနေသူများကို ပိတ်ဆို့တား ဆီးခဲ့သည်။ အီးအယ် အင်ကို ၁၉၆၈ ခုနှစ်အထိ

ခေါင်းဆောင်ခဲ့သူမှာ ကက်သလစ်ဘုန်းကြီးဘဝမှ လူဝတ်လဲခဲ့သူ မာက္ခစ်ဝါဒီ တစ်ဦးဖြစ်သည်။ လက်နက်ကြီးများ ကိုင်ဆောင်လာ သော ပြောက်ကျားများသည် ဘုရားဝတ်ပြုသူ ၁၄၃ ဦးကို တာလပတ်များ ဖုံးအုပ်ထားသော ကုန်တင်ကားနှစ်စီးနှင့် တိုယိုတာကားတစ်စီးအတွင်း ထိုးထည့်ကာ မြို့ပြင်သို့ ထွက်ပြေးလာကြသည်။ အစိုးရတပ်များနှင့် အပြန်အလှန် ပစ်ခတ်ကြပြီးနောက် ခြောက်နာရီခန့်အကြာတွင် ပြောက်ကျားများက ဓားစာခံ ၅၉ ဦးကို ဆက်လက်ထိန်း သိမ်းထားခဲ့သည်။ အခင်းဖြစ်ပွားရာ ဘုရားရှိ ခိုးကျောင်း မှ ဘုန်းတော်ကြီးကျော်ကျိကာဒါဗစ်လည်း ထိန်းသိမ်းထား သူများတွင် ပါဝင်သည်။ ဤဖြစ်ရပ်ကြောင့် ကာလီမြို့မှ ဘုန်းတော်ကြီးအစ်ဆိုင် အပ်စ်ဒွါတေက ပြန်ပေးဆွဲသူများအား သာသနာမှ ကြဉ်ထုတ်သင့်သည်ဟု အကြံပြုသည်။ လွန်ခဲ့သော ၁၀ လခန့်မှစ၍ ကိုလံဘီယာ သမ္မတ အင်ဒရက်စ် ပါစထရာနာ၏ အစိုးရသည် သူပုန်အုပ်စုများနှင့် ငြိမ်းချမ်း ရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ သို့ရာတွင် ကိုလံဘီယာပြည်သူများကမူ ၃၅ နှစ်ကြာခဲ့သော ပြည်တွင်းစစ်မှာ ပိုမိုပြင်းထန်လာသည်ဟုပင် ယူဆကြသည်။ အကြီးဆုံးအုပ်စု ဖြစ်ပြီး အင်အား ၃၀၀၀ ရှိသော ကိုလံဘီယာ၏ တော်လှန်သောလက်နက်ကိုင်တပ်ဖွဲ့များ၏ ရက်စက်မှုများကလည်း ဆက်လက်ဖြစ်ပွားနေသည်။ လက်ယာဂိုဏ်းတပ်ဖွဲ့များကလည်း ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်နေသည်။

လွန်ခဲ့သော နှစ်လခန့်ကပင် ပြောက်ကျားသူပုန်အဖွဲ့သည် ခရီးသည်တင် လေယာဉ်တစ်စင်းကို အပိုင်စီးပြီး ခရီးသည် ၄၁ ဦးကို ဓားစာခံများအဖြစ် ဖမ်းဆီးခဲ့၍ ၂၅ ဦးကို ယခုတိုင် ဖမ်းဆီးထားဆဲဖြစ်သည်။ ယင်းဖြစ်ရပ်မှာ ကိုလံဘီယာ နိုင်ငံသမိုင်း၌ ပထမဆုံးအကြိမ် ဖြစ်သည်။ ကက်သလစ် ဘာသာဝင်အများစုနေထိုင်ရာ ကိုလံဘီယာနိုင်ငံအဖို့ ယင်းဖြစ်ရပ်ကြောင့် တုန်လှုပ်ခဲ့ရလေရာ ကိုလံဘီယာ ပြည်သူအချို့က ငြိမ်းချမ်းရေးမှာဖြစ်နိုင်ဖွယ်မရှိဟု ယူဆလာကြသည်။

ပြည်တွင်းစစ်ဆင်နွှဲနိုင်ရေးအတွက် ငွေကြေးဖြည့်ဆည်းရန် ၁၉၉၈ ခုနှစ်က ၅၆ ကြိမ် ပြန်ပေးဆွဲမှု ကျူးလွန်ခဲ့သော သူပုန်အုပ်စုကို သောင်းကျန်းသူနယ်မြေများဒေသများမှ မောင်းထုတ်ခဲ့ပြီးဖြစ်သည်။ ယင်းအဖွဲ့ခေါင်းဆောင် သုံးလေးဦးကိုလည်း ဖမ်းဆီးမိခဲ့သည်။ သို့ရာတွင် ကိုလံဘီယာနိုင်ငံ၌ အကြမ်းဖက်မှုများက ပြင်းထန်နေဆဲ



ပြန်ပေးဆွဲခံရသည့် ဘုရားဝတ်ပြုသူများကို အစိုးရတပ်ဖွဲ့က ကယ်ဆယ်ပြီးနောက် ပြန်လည်ခေါ်ဆောင်လာစဉ်

ဖြစ်သည်။ ဇန်နဝါရီလကလည်း အသေခံတပ်ဖွဲ့များသည် နိုင်ငံတစ်ဝန်းလုံးတွင် လေးရက်ကြာ မွေနှောက်ကာရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ခဲ့ကြသည်။ လူ ၁၃၉ ဦးကို သတ်ခဲ့သည်။ မေလကလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် နေရာတစ်နေရာရရှိရန်နှင့် သူတို့ကို အစိုးရက မတိုက်ရန် အတိုက်အခံနိုင်ငံရေး ခေါင်းဆောင်တစ်ဦးကို ပြန်ပေးဆွဲပေးခဲ့သေးသည်။

၁၉၉၈ ခုနှစ်တွင် (အက်ဖ်အေအာရ်စီ) အုပ်စုအတွက် ကြားခံစစ်မဲ့ဒုန်တစ်ခုကို အစိုးရက သတ်မှတ်ပေးခဲ့သည်။ ၁၉၉၈ ခုနှစ် နိုဝင်ဘာလတွင် စတုရန်းမိုင် ၁၆၀၀၀ ကျယ် ဝန်းသော စစ်မဲ့ဒုန်အတွင်းမှ အစိုးရတပ်သားများကို ရုပ်သိမ်းပေးခဲ့သည်။ ထိုအချိန်မှစ၍ သူပုန်များက အရပ် သားများကို သူတို့အဖွဲ့ထဲဆွဲ၍ မူးယစ်ဆေးဝါး အရောင်းအဝယ်လုပ်ပြီး လက်နက်စုဆောင်းသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ရပ်ဆိုင်းသွားအောင် လုပ်လာသည်။ ထိုအခါ အစိုးရစစ်တပ်မှ အရာရှိများက ဒေါသထွက်ကြသည်။ ကြားခံစစ်မဲ့ဒုန်ကို အချိန်အကန့်အသတ်မရှိ ပေးထားကောင်း ပေးထားမည်ဟု ကိုလံဘီယာအစိုးရ၏ ငြိမ်းချမ်းရေး ကျင်းပရေးကော်မရှင် အကြီးအကဲက မေလထဲတွင် ကြေညာလိုက်သောအခါ ယင်းကြေညာချက်ကို ကန့်ကွက် သည့်အနေဖြင့် ကာကွယ်ရေး ဝန်ကြီးရိုဒရီဂုိအယ်လိုရီဒါရာထူးမှ နုတ်ထွက်သွားခဲ့သည်။ ဗိုလ်ချုပ်ကြီး ၁၇ ဦးတို့ကလည်း ရာထူးမှနုတ်ထွက်မည်ဟု ခြိမ်းခြောက်လာပြန်သည်။

မေလအတွင်းက ကိုလံဘီယာ သတင်းစာတစ်စောင်ကောက်ယူခဲ့သော လူထုစစ်တမ်းအရ ကိုလံဘီယာပြည်သူ ၇၀ ရာခိုင်နှုန်းက သူပုန်များအတွက် ကြားခံစစ်မဲ့ဒုန် အချိန် အကန့်အသတ်မရှိ သတ်မှတ်ထားသည်ကို ဆန့်ကျင်ကြောင်း ဆန္ဒပြကြသည်။ မေလအတွင်း သူပုန်များဖမ်းဆီး ထားသော ဓားစာခံ ၅၉ ဦးအနက် ၃၄ ဦးကို ထိန်းသိမ်းထားသော စခန်းအတွင်းသို့ ရိုက်တာသတင်းဌာနမှ ဓာတ်ပုံသတင်းထောက်များကို ဝင်ခွင့်ပြုသည်။ အသက် ၄၀ ခန့်ရှိ သူပုန်တပ်မှူး အယ်ဗီဂျိုသည် ခေါင်းပေါ်တွင် စစ်လေယာဉ်များပျံဝဲကာ အနီးတစ်ဝိုက်ရှိ တောင်တန်းများတွင်လည်း အစိုးရတပ်သား ၃၀၀၀ ကျော် လှုပ်ရှားနေသော်လည်း သူကိုယ်သူ ယုံကြည်မှု အပြည့်အဝရှိပုံရသည်။ အစိုးရက အပစ်အခတ်ရပ်စဲလျှင် ဓားစာခံအချို့ကို လွှတ်ပေးမည်ဟု သူကပြောသည်။ ထို့ကြောင့် အစိုးရက စစ်ဆင်ရေးကို ရပ်ဆိုင်းခဲ့ရသည်။ ပြောက်ကျားတို့ကလည်း ဓားစာခံငါးဦးကို နိုင်ငံတကာ ကြွက်ခြေနီ ကော်မတီနှင့် ကုလသမဂ္ဂကိုယ်စားလှယ်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အကယ်၍သာ ဓားစာခံများအားလုံးကို လွှတ်ပေးခဲ့လျှင် အီးအယ်အင် ပြောက်ကျားများအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် နေရာတစ်နေရာရရှိနိုင်မည့် ပထမဆုံးခြေလှမ်းဖြစ်လိမ့်မည်ဟု အကဲခတ်သမားများက သုံးသပ်ကြသည်။ ကာလီမြို့အနီး ဘုရားရှိခိုးကျောင်းမှ ဘုန်းတော်ကြီး ဒွါတေကမူ အီးအယ်အင်အုပ်စုအား ကိုလံဘီယာနိုင်ငံ၏ ယုံကြည်ကိုးကွယ်မှုကို သတ်ဖြတ်နေသော လူသတ်သမားများဟု ပြစ်တင်ရှုတ်ချခဲ့သည်။ သို့ရာတွင် ရာပေါင်းများစွာသော ကိုလံဘီယာနိုင်ငံသားများကမူ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး အတွက် ချီတက်ဆန္ဒပြကြရန် ကာလီမြို့ဆီသို့ ထွက်ခွာခဲ့ကြသည်။

ပနားမားတူးမြောင်း- အမေရိကန်ပြည်ထောင်စုထံမှ ရေကြောင်းလမ်းထိန်းချုပ်မှုကို လွှဲပြောင်းဆောင်ရွက်ရန် ပြင်ဆင်နေစဉ်ပနားမားတူးမြောင်း ဖွင့်လှစ်ခဲ့သော (၅၈)နှစ် မြောက် အခမ်းအနားကို သြဂုတ်လ ၁၅ ရက်နေ့တွင် ပနားမားနိုင်ငံက ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ ကိုလံဘီယာသမ္မတ အင်ဒရက်စ်ပတ် တရာနာ၊ ကော့စကာရိကာ သမ္မတ မိဂူးလ်အင်ဂျယ်လ် ရိုဒရီဂျဇ်၊ မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး ရိုဆာယိုဂရင်းနှင့် အမေရိကန်နိုင်ငံများအဖွဲ့ အတွင်းရေးမှူးချုပ် ဆီဆာဂါဗီရိယာတို့သည် ပနားမား သမ္မတ အာနက်စ် တိုပီရက်ဇ် ဘော်လာဒါရီနှင့်အတူ တက်ရောက်ကြသည်။ အခမ်းအနားကို အင်လန်တစ် တူးမြောင်းဝင်ပေါက်အနီးရှိ ဂတ်တန်လော့စ်၌ ကျင်းပပြီး ကြေးပြားဆိုင်းဘုတ်ကို ဖွင့်လှစ်ခြင်း ဖြစ်သည်။ ပနားမား တူးမြောင်းကို အမေရိကန် သမ္မတလောင်းဂျင်မီကာတာနှင့် ပနားမား ဗိုလ်ချုပ်ကြီး အိုမာတော်ဂျိုးတို့ ၁၉၇၇ ခုနှစ်က စာချုပ်ချုပ်ဆိုခဲ့သော သဘောတူညီချက်အရ ပနားမား နိုင်ငံက ဒီဇင်ဘာလ (၃၀) ရက်နေ့မှစ၍ ပြောင်းလဲချုပ်ကိုင်သွားမည် ဖြစ်သည်။ ပနားမားတူးမြောင်းကို အမေရိကန် ပြည်ထောင်စုက ဒေါ်လာ ၃၅ သန်းအကုန်အကျခံကာ တည်ဆောက်ခဲ့ရာ စူးအက်တူးမြောင်းထက် ကုန်ကျစရိတ်လေးဆပိုများ၍ ၁၀ နှစ်ကြာ တည်ဆောက်ခဲ့ရသည်။ ပနားမားတူးမြောင်း တည်ဆောက်စဉ်က အလုပ်သမား စုစုပေါင်း ၅၆၀၅ ဦး သေဆုံးခဲ့ရသည်။

ပနား:မား:တူး:မြောင်း:ကို ရေယာဉ်များ: ဖြတ်သန်း: ရာတွင် ရှစ်နာရီမှ ဆယ်နာရီကြာသည်။ တူးမြောင်း:မှာ မိုင် ၅၀ ရှည်လျား:၍ တစ်ဖက်တစ်ချက်စီတွင် ရေတံခါး:အကန့် သုံး:ကန့် ပါရှိသည်။ ရေတံခါး:အကန့်များ:ကပစိဖိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာ ရေပြင်မှ သင်္ဘောများ:ကို တူး:မြောင်း: အလယ်ပိုင်း:ရှိ ရေအိုင်ကြီး:ဆီသို့ ပင့်တင်ပေး:သည်။ ထို့နောက် တူး:မြောင်း:၏ အခြား:တစ်ဖက်စွန်း:သို့ ရောက်သောအခါ သင်္ဘောကို တစ်ဆင့်ပြီး:တစ်ဆင့် နိမ့်ချကာ ပင်လယ်ရေမျက်နှာပြင်နှင့်ညီအောင် ပြုလုပ် ပေး:ခြင်း:ဖြင့် တူး:မြောင်း:ဖြတ်သန်း:မှု ပြီး:ဆုံး:စေသည်။ တူး:မြောင်း:တွင် သင်္ဘောများ: ဖြတ်သန်း:ခ ဝင်ငွေမှာ တစ်နှစ်လျှင် ဒေါ်လာသန်း: ၆၅၀ ရရှိသည်။ သင်္ဘော တစ်စင်: ဖြတ်သန်း:ခမှာ ပျမ်း:မျှဒေါ်လာ ၃၄၀၀၀ ခန့်ရှိသည်။ တူး:မြောင်း:ကိုင်တွယ်လည်ပတ်ရေး:တွင် ပနား:မား:နိုင်ငံသား: ၉၀၀၀ အလုပ်လုပ်ကိုင် နေကြသည်။

ပနား:မား:တူး:မြောင်း:သည် အမေရိကန်ပြည်ထောင်စု အတွက် စစ်ရေး:အရရော စီး:ပွား:ရေး:အရပါ အရေး:ပါသည့် ရေလမ်း:ကြောင်း:ဖြစ်သည်။ ထို့ကြောင့် ပနား:မား: တူး:မြောင်း: ဒေသကို အမေရိကန်ပြည်ထောင်စုက ထိန်း:ချုပ်သောကာလတွင် အမေရိကန်တောင်ပိုင်း: စစ်ဌာနချုပ်ကို ပနား:မား:တွင် အခြေစိုက် ဖွင့်လှစ် ခဲ့သည်။ ပနား:မား:တူး:မြောင်း:၏ လုံခြုံရေး:ကို တောင်ပိုင်း: စစ်ဌာနချုပ်က တာဝန်ယူ၍ မူး:ယစ်ဆေး:ဝါး: မှောင်ခိုမှု များ:ကိုလည်း: နှိမ်နင်း:ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ပနား:မား: တူး:မြောင်း:၏ အစွန်း:နှစ်ဖက်လုံး:၌ သင်္ဘောများ: ဝင်ထွက်ခြင်း: လုပ်ငန်း:အတွက် ၂၅ နှစ်ကြာ ကန်ထရိုက် လုပ်ငန်း:ကို ဟောင်ကောင် ကုမ္ပဏီ တစ်ခုက ရရှိခဲ့သည်။ ပနား:မား:တူး:မြောင်း:သည် ကုန်သွယ်ရေကြောင်း:သွား: သင်္ဘောများ:အတွက် အမြတ်အစွန်း:မယူဘဲ ဝန်ဆောင်မှု ပေး:ခဲ့သော်လည်း၊ ပနား:မား:အစိုး:ရ၏ထိန်း:ချုပ်မှု အောက်သို့ ပြန်လည်ရောက်ရှိသောအခါတွင် အခြေအနေ ပြောင်း:လဲဖွယ် ရှိသည်။

ပနား:မား:နိုင်ငံသမ္မတသစ် နမီရိယာမိုစကို ဆိုသည် သမ္မတအဖြစ် ကျမ်း:သစ္စာ ကျိန်ဆိုပြီး: နောက်ပနား:မား: တူး:မြောင်း:၏ အနာဂတ်ရေး:အတွက် အရေး:တစ်ကြီး: ဆောင် ရွက်ရမည့် အစီအစဉ်များ:ကို ချမှတ်ဆောင်ရွက် ခဲ့သည်။

ယင်:အစီအစဉ်ကို ပနား:မား:တူး:မြောင်း:၏ လုပ်ငန်း: များ:သို့ ပနား:မား:နိုင်ငံအတွင်း:၌ ကူး:စက်ရောဂါသဖွယ် ပျံ့နှံ့ နေသော အဂတိလိုက်စား:မှုများ:၊ ကူး:စက်မလာစေရန် အတွက် ကာကွယ်စောင့်ရှောက်မှုပေး:ပြီး: တူး:မြောင်း:၏ ကြား:နေရပ်တည်ချက်ကို ဆက်လက်ထိန်း:သိမ်း:သွား:ရမည် ဖြစ်သည်။ စီး:ပွား:ရေး:နယ်ပယ်များ:တွင် ပနား:မား:နိုင်ငံ သမ္မတ သစ်သည် ပနား:မား:နိုင်ငံ၌ အလုပ်လက်မဲ့ဦး:ရေ ၁၃ ရာခိုင်နှုန်း:အထက်တွင်ရှိသော အခြေအနေနှင့် ရင်ဆိုင် နေရပြီး: ပနား:မား:ရှိ အမေရိကန် စစ်စခန်း:များ: ပိတ်ပစ် လိုက်သည့် အခါတွင်အလုပ်လက်မဲ့ဦး:ရေ ပို၍များ:လာမည့် ပြဿနာနှင့် ရင်ဆိုင်ရဦး:မည် ဖြစ်သည်။ လုံခြုံရေး: အပိုင်း:တွင်ပနား:မား:နိုင်ငံသည် ကိုလံဘီယာနိုင်ငံမှ သောင်း:ကျန်း:သူများ: ပနား:မား:နိုင်ငံတောတွင်း:သို့ ပျံ့နှံ့ လာခြင်း:နှင့် ရင်ဆိုင်နေရသည်။ ပနား:မား:တွင် စစ်တပ် မရှိ။ရဲတပ်ဖွဲ့ဝင် အင်အား:သည် ၁၃၀၀၀ သာရှိရာ ကိုလံဘီယာသူပုန်များ:၏ အန္တရာယ်ကို တား:ဆီး:နိုင်စွမ်း: မရှိဖြစ်နေသည်။

ကိုလံဘီယာနိုင်ငံ၏ လက်အောက်မှ ၁၉၀၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် လွတ်လပ်ရေး:ရရှိကြောင်း: ပနား:မား:နိုင်ငံက ကြေညာခဲ့သည်။ ယင်း:ကြေညာချက်ကို အမေရိကန်ပြည်ထောင်စု အသိအမှတ်ပြု၍ အမေရိကန် ရေတပ်က ပနား:မား:နိုင်ငံကို ကိုလံဘီယာနိုင်ငံ၏ အန္တရာယ်မှ ကာကွယ်ဟန့်တား:ပေး:ခဲ့သည်။ ယင်း:သို့ ကာကွယ်ပေး:မှုကြောင့် ပနား:မား:တူး:မြောင်း:ဒေသ ထိန်း:ချုပ်ခွင့်၊ အသုံး:ပြုခွင့်ကို အမေရိကန် ပြည်ထောင်စု အား: စာချုပ် ဖြင့် ပေး:အပ်ခဲ့ရသည်။ ၁၉၇၈ ခုနှစ်တွင် စာချုပ်ကို ပြင်ဆင်ချုပ်ဆိုပြီး: ၊ တူး:မြောင်း:အား: ထိန်း:ချုပ်ခြင်း:ကို ပနား:မား:နိုင်ငံ အစိုး:ရသို့ တဖြည်း:ဖြည်း: လွှဲပြောင်း:ပေး:ရန်နှင့် အမေရိကန်တပ်ဖွဲ့များ:ကိုလည်း: ၁၉၉၉ ခုနှစ်တွင် အပြီး:သတ် ရုပ်သိမ်း:ရန်သဘော တူညီခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ပနား:မား:နိုင်ငံသို့ ၂၃၂၁ ဟက်တာ ကျယ်ဝန်း:သော မြေနှင့် တိုက်တာ အဆောက်အအုံများ:ကို လွှဲပြောင်း:ပေး:ရမည် ဖြစ်ကြောင်း: ပြည်တွင်း:သမုဒ္ဒရာဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြောကြောင်း: ပနား:မား:စီး:တီး:တွင် ဒွန်လ ၁၃ ရက်နေ့က သတင်း:ထွက်ပေါ်ခဲ့သည်။ ယင်း:အာဏာပိုင်အဖွဲ့မှာ ၁၉၉၇ ခုနှစ်မှစ၍ ပနား:မား:နိုင်ငံသို့ ပြန်လည်လွှဲပြောင်း: ပေး:သော ပိုင်ဆိုင်ခွင့်ရှိသည့် ပစ္စည်း:အား:လုံး:ကို စီမံခန့်ခွဲနေသော အာဏာပိုင်အဖွဲ့ ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေး: ထိုး:ခဲ့သော အမေရိကန် ပနား:မား:

သဘောတူညီချက်အရ အမေရိကန်ပြည်ထောင်စုသည် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ထက် နောက်မကျစေဘဲ ပနားမားနိုင်ငံမှ အပြီးအပိုင် ထွက်ခွာသွားရမည် ဖြစ်သည်။


ပနားမားနိုင်ငံသို့ အမေရိကန်ပြည်ထောင်စု ပိုင်ဆိုင်ခွင့်ရှိသောပစ္စည်းများ နောက်ဆုံးလွှဲပြောင်းပေးအပ်သော အခမ်းအနားကို ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျင်းပ၍ ယင်းအခမ်းအနားတွင် ပြည်တွင်းသမုဒ္ဒရာရေကြောင်းလမ်းကို အမေရိကန်က ပနားမားသို့ လွှဲပြောင်းပေးအပ်မည် ဖြစ်သည်။ ယင်းရေလမ်းကြောင်းသည် အမေရိကန်ပြည်ထောင်စု၏ ထိန်းချုပ်မှုအောက်တွင် နှစ်ပေါင်း ၈၀ ကြာခဲ့သည်ဟု သတင်းစာများတွင် ရေးသားဖော်ပြထားသည်။ ၁၉၉၉ ခုနှစ် ပထမခြောက်လပတ်အတွင်းဂါလက်တာကျွန်း ဆက်သွယ်ရေးစခန်းနှင့် ရောမန် နှင့် ကိုကိုလီရေတပ် အခြေစိုက်စခန်းရှိ အဆောက်အအုံများကို အမေရိကန်က ပနားမားသို့ လွှဲပြောင်းပေးအပ်ပြီး ဖြစ်သည်။ နောက်ထပ် စစ်ဘက်အဆောက်အအုံ ၂၀သာ လွှဲပြောင်း ပေးအပ်ရတော့မည် ဖြစ်သည်။

၁၉၉၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း (စက်တင်ဘာလ ၃၀ ရက်ကုန်အထိ)ပနားမားတူးမြောင်းအတွင်း ရေယာဉ်ဖြတ်သန်းသွားလာမှုမှာ ၁၉၉၈ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၁ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ကြောင်း တူးမြောင်းအာဏာပိုင်အဖွဲ့က အောက်တိုဘာလ ၅ ရက်နေ့တွင် ပြောကြားသည်။ ယခင်နှစ်က ရေယာဉ် ၁၂၀၇၁ စင်း ဖြတ်သန်းသွားပြီး ယခု ဘဏ္ဍာနှစ်အတွင်း ရေယာဉ် ၁၂၂၀၁ စင်း ဖြတ်သန်းသွားလာခဲ့ကြောင်း ပနားမားအာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ၁၉၉၉ ခုနှစ်က ကုန်ပစ္စည်းအလေးချိန် ၁၇၇၈၉၂ တန် တင်ဆောင်ခဲ့ပြီး ၁၉၉၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း ကုန်အလေးချိန် ၁၈၁၁၁၁ တန် တင်ဆောင်ခဲ့ရာ ၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ကော်မရှင်အဖွဲ့က ပြောကြားသည်။

ပီရူးနိုင်ငံ မူးယစ်ဆေးဝါး နှိမ့်နှင်းရေး– ပီရူးနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် နိုင်ငံတကာ မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်ရေးကိုကြီးကို ရှာဖွေဖော်ထုတ်နိုင်ပြီး မှောင်ခိုအဖွဲ့ဝင် ၂၆ ဦးကို ပီရူးနိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းမြို့တော် ချင်ဘုတ်မြို့တွင် ဖမ်းဆီးနိုင်ခဲ့သည်ဟု ပီရူးအမျိုးသား မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဗျူရိုက ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။ လိမာမြို့ရှိ ပီရူးရဲတပ်ဖွဲ့ဝင်များသည် ချင်ဘုတ်မြို့သို့သွားမည့် ရေယာဉ်တစ်စင်းအား ရှာဖွေစစ်ဆေးရာ၌ ကိုကင်းကိလို ၁၀၀ ကို တွေ့ရှိပြီး ရေယာဉ်ပေါ်၌ မသက်ဆိုင်သူနှစ်ဦးကို ဖမ်းဆီးမိရာ ထိုသူနှစ်ဦးမှာ ချင်ဘုတ်မြို့ မူးယစ်ဆေးဝါး ကိုကင်းအဖွဲ့ဝင်များ ဖြစ်နေသည်။ ပီရူးရဲတပ်ဖွဲ့ဝင်များသည် နောက်ပိုင်းတွင် အခြားမူးယစ်ဆေးဝါးကိုကင်းဝင်အား လုံးကို ၄၈ နာရီအတွင်း ဖမ်းဆီးလိုက်နိုင်ပြီး လက်နက်နှင့် ခဲယမ်း မီးကျောက်အမြောက်အမြားကို သိမ်းဆည်းနိုင်ခဲ့သည်။ အဖမ်းခံရသူများတွင် ပီရူးနိုင်ငံသား ၁၅ ဦး၊ ကိုလံဘီယာနိုင်ငံသား ၁၀ ဦးနှင့် ဒတ်ချ်တစ်ဦးတို့ ပါဝင်သည်။ ချင်ဘုတ်မြို့မှ အမေရိကန်ပြည်ထောင်စုသို့ သန့်စင်ပြီး ကိုကင်း ၂ ဒသမ ၅ တန်ကို မှောင်ခိုရောင်းဝယ်သူများက သဘော်ဖြင့် တင်ပို့တော့မည့်အချိန်၌ အဖမ်းခံရခြင်း ဖြစ်သည်။ မူးယစ်ဆေးဝါးမှောင်ခိုကိုကင်းမှာ ပီရူးနိုင်ငံ၌ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှစ၍ မူးယစ်ဆေးဝါးမှောင်ခို လုပ်ငန်း များနှင့် ငွေမည်းမှ ငွေဖြူပြောင်းလဲရေး လုပ်ငန်းများကို ပြုလုပ်သူများ ဖြစ်သည်ဟု ရဲအဖွဲ့ ကြေညာချက်၌ ဖော်ပြထားသည်။

မက္ကဆီကို၌ ကိုကင်း ၁၀ တန်ဖမ်းမိ– မက္ကဆီကိုရေတပ်သည် နိုင်ငံတောင်ပိုင်း မက်ချိုကင်နှင့် ကွာရေရှိပြည်နယ်များ၏ ကမ်းလွန်ပင်လယ်ရှိ ငါးဖမ်းသင်္ဘောတစ်စင်းတွင် ကိုကင်း ၁၀ တန်ကို ဩဂုတ်လ ၁၅ ရက်နေ့တွင် ဖမ်းဆီးရမိလိုက်သည်။ မက်ချိုကင်ပြည်နယ်လာဇာရိုကာဒိနာ ဆိပ်ကမ်းမှ ၄၇၃ ကီလိုမီတာ အကွာ ပစိဖိတ် သမုဒ္ဒရာအတွင်း ဆိုလိုစကွင်တိုင် အမည်ရှိ မက္ကဆီကိုနိုင်ငံပိုင် သင်္ဘောကိုရေတပ်က ပုံမှန်စစ်ဆေးမှုမျာ ပြုလုပ်စဉ် အဆိုပါ ကိုကင်းမူးယစ် ဆေးဝါးများကို တွေ့ရှိသွားခြင်း ဖြစ်သည်ဟု မက္ကဆီကို ရေတပ်ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးများကို ထိုငါးဖမ်းသင်္ဘော၏ ဝမ်းဗိုက်အတွင်း အထုပ်များထုပ်၍ ဝှက်ယူလာသည်ကို မက္ကဆီကို ရေတပ်က တွေ့ရှိခြင်းဖြစ်သည်။

လက်တင်အမေရိက ထိပ်သီးစည်းဝေးပွဲ– ကျူးဘား ခေါင်းဆောင်ဖီဒယ်ကက်စထရို၊ ကိုလံဘီယာသမ္မတ အန်ဒရက်ပက်ထရန်နာနှင့် ဗင်နီဇွဲလား သမ္မတအဖြစ် ရွေးချယ်ခံထားသူ ယူဂိုချာဗက်ဇ်တို့သည် ဆယ်စုနှစ်



ကျူးဘားသမ္မတ ကက်စထရို

များစွာ ကြာမြင့်ခဲ့သော ကိုလံဘီယာသူပုန် အဆုံးသတ်ရေး ဆွေးနွေးရန် ဟာဗာနာမြို့တွင် ဇန်န ဝါရီလ ၉ ရက်နေ့က အလွတ်သဘော ထိပ်သီးအစည်းအဝေး ကျင်းပကြသည်။ ကိုလံဘီယာသမ္မတ ပက်ထရန်နာက ကိုလံဘီယာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်မှု အခြေအနေကိုအစည်းအဝေးတွင် တင်ပြသည်။ ကက်စထရိုနှင့် ချာဗက်ဇ်တို့က ရေရှည်တည်တံ့၍ တည်ငြိမ်သော ငြိမ်းချမ်းရေးကို ထောက်ခံကြောင်း၊ အစည်းအဝေးအပြီး တွင် ထုတ်ပြန်သော ပူးတွဲကြေညာချက်၌ ဖော်ပြထား သည်။ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ စီးပွား ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်း ညီညွတ်မှုကို မြှင့်တင်ရန်လည်း အဆိုပါ ခေါင်းဆောင် သုံးဦးက သန္နိဋ္ဌာန်ချလိုက် ကြသည်။ ဧပြီလတွင် ဒိုမီ နီကန်နိုင်ငံ၌ ကျင်းပမည့် ကာရစ် ဘီယံနိုင်ငံများ အသင်း၏ ထိပ်သီး အစည်းအဝေး၊ ဘရာဇီး နိုင်ငံတွင် ညြဂုတ်လတွင် ကျင်းပ မည့် ဥရောပသမဂ္ဂ (အီးယူ)နှင့် လက်တင်အမေရိက နိုင်ငံများ၏ ထိပ်သီး အစည်းအဝေး၊ ၁၉၉၉ ခုနှစ်ကုန်တွင် ကျူးဘားနိုင်ငံ၌ ကျင်းပမည့်

အိုင်ဘရီယန် အမေရိကန် နိုင်ငံများ၏ ထိပ်သီးအစည်း အဝေးတို့သည် ပေါင်းစည်းညီညွတ်ရေး တိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍ၌ တည်ရှိလိမ့်မည် ဖြစ်ကြောင်းခေါင်းဆောင် သုံးဦးတို့က ဖော်ပြကြသည်။

ကျူးဘားသမ္မတနှင့်ဗင်နီဇွဲလားသမ္မတ– ကျူးဘား သမ္မတ ကက်စထရိုသည် ဗင်နီဇွဲလားသမ္မတ ဟူဂို ချာဗက်ဇ်အား တော်လှန်ရေးသမား အဖြစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဟာဗားနားမြို့၌ ချီးကျူးထောပနာ စကား ပြောကြား ခဲ့သည်။ သို့ရာတွင် မစ္စတာဟူဂိုချာဗက်ဇ်သည် ကွန်မြူနစ် တစ်ယောက်မဟုတ်ကြောင်း၊ ကျူးဘား နိုင်ငံ အစိုးရအား မစ္စတာချာဗက်ဇ်က ချစ်ခင်ရင်နှီးစွာ ဆက်ဆံနေခြင်းနှင့် ပတ်သက်၍ မစ္စတာချာဗက်ဇ်သည် မတရားဝေဖန် ပြောဆိုခဲ့နေရသည်ဟုလည်း ကျူးဘား သမ္မတ ကက်စထရိုက ဆက်လက်ပြောကြား သည်။ မစ္စတာဟူဂိုချာဗက်ဇ်သည် ဗင်နီဇွဲလားနှင့် ကွန်မြူနစ် ကျူးဘားနိုင်ငံတို့အကြား နိုင်ငံရေး၊ စစ်ရေးနှင့် စီးပွားရေး ဆိုင်ရာ မဟာမိတ်သစ်အဖြစ် ဖန်တီးထူထောင် နေသည် ဟူသော မစ္စတာ ချာဗက်ဇ်အား ဝေဖန်သူတို့၏ ပြောဆို စွပ်စွဲချက်များမှာ ဗရုတ်သုတ်ခ၊ စိတ်ကူးယဉ်မှုနှင့် လိမ်လည်မှုသာ ဖြစ်သည်ဆိုကာ ကျူးဘားသမ္မတ ကက်စထရိုက လက်မခံဘဲ ပယ်ချလိုက်သည်။

ဗင်နီဇွဲလား သတင်းစာဆရာများနှင့် တိုက်ရိုက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ၌ မစ္စတာကက်စထရိုက ယင်းကဲ့သို့ပြောကြား သွားခြင်း ဖြစ်သည်။ မစ္စတာ ယူဂို ချာဗက်ဇ်မှာ တော်လှန်ရေးသမားကြီးတစ်ဦး ဖြစ်သည် ဆိုသည်ကို မိမိပြောရဲကြောင်း မစ္စတာကက်စထရိုက ပြောကြား သည်။ သို့သော် ယူဂိုချာဗက်ဇ်သည် ဆိုရှယ် လစ် တော်လှန်ရေးသမားတစ်ဦး၊ မက်စ်ဝါဒီတော်လှန်ရေး သမားတစ်ဦး၊ လီနင်ဝါဒီ တော်လှန်ရေးသမားတစ်ဦး ဖြစ်သည်ဟု ချာဗက်ဇ်ဝေဖန်ရေးသမား များက မိမိအား ပြောကြားလျှင် မဟုတ်ပါဟု မိမိပြန်လည်ဖြေကြား မည် ဖြစ်ကြောင်း မစ္စတာကက်စထရိုက ဆက်လက် ပြောကြား ခဲ့သည်။

သင့်ဘဝ– ဦးရဲလွင်

ဝါဒိုလာ, မူအစ်ဈေဒင် (ဘရူနိုင်းဘုရင်) (ခရစ် ၁၉၄၆–) ။ ။ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင်မင်းမြတ်သည် ၁၉၄၆ ခုနှစ်ဇူလိုင်လ ၁၅ ရက်နေ့တွင် ဘရူနိုင်းမြို့ (ယခု ဘန်ဒါဆရီ ဘီဂါဝန်မြို့) ၌ မွေးဖွားခဲ့သည်။



ဘရူနိုင်းဘုရင် မူအစ်ဇာဒင်ဝါဒိုလာ

ဘုရင်မင်းမြတ်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတွင် ဦးစွာ ပညာဆည်းပူးခဲ့ပြီးနောက် မလေးရှားနိုင်ငံကွာလာလမ်ပူမြို့သို့ သွားရောက်၍ ပညာဆက်လက်ဆည်းပူးခဲ့ပါသည်။ ဘုရင်မင်းမြတ်သည် ၁၉၆၆၊ ၆၇ ခုနှစ်တွင် ယူနိုက်တက် ကင်းဒမ်းနိုင်ငံ ဆင်းဟတ်စ်မြို့ရှိ ဘုရင်စစ်တက္ကသိုလ်တွင် အရာရှိတစ်ဦးအဖြစ် သင်တန်းတက်ရောက်ခဲ့သည်။

၁၉၆၁ ခုနှစ် အသက် ၁၅ နှစ်အရွယ်တွင် ,အိမ်ရှေ့မင်းသားအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး ဖခင်ဖြစ်သူ ဘုရင်ကြီး အယ်မာဟွန်၊ ဆူလ်တန်၊ ဟာဂျီ၊ အိုမာအလီ၊ ဆိုင်ဖူဒင်း၊ ဆာ့အဒူ၊ ခိုင်ရီ၊ ဝါဒီယန်က ထီးနန်းကို ၄င်း၏ သဘောဆန္ဒအရ စွန့်လွှတ် လွှဲပြောင်းခဲ့သည့်အတွက် ၁၉၆၇ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ဆူလ်တန် ဘုရင်မင်းမြတ် အရှိုက်အရာကို အပ်နှင်းခြင်းခံရပြီး ၁၉၆၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၉) ဆက်မြောက် ဘုရင်မင်းမြတ်အဖြစ် ဘိသိက်ခံပါသည်။

ဘုရင်မင်းမြတ်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ ဝန်ကြီးချုပ် တာဝန်ကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီး၏ တာဝန်များကိုလည်းကောင်း ပူးတွဲထမ်းဆောင်သည်။ ထို့အပြင် ဘုရင်မင်းမြတ်သည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၏ အမြင့်ဆုံး အုပ်ချုပ်မှု အာဏာပိုင်ဖြစ်သည်။

ဘုရင်မင်းမြတ်၏ တာဝန်ယူစီမံအုပ်ချုပ်မှုကို ဝန်ကြီးများအဖွဲ့ကောင်စီ၊ အရိုက်အရာဆက်ခံမှု ဆိုင်ရာကောင်စီ၊အကြံပေးကောင်စီနှင့် ဘာသာရေးကောင်စီ စသည့် ကောင်စီများ၏ ပံ့ပိုးထောက်ကူမှုဖြင့် ဆောင်ရွက်သည်။

ဘုရင်မင်းမြတ်သည် ၁၉၇၈ ခုနှစ်တွင် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ လန်ဒန်မြို့သို့သွားရောက်ခဲ့ပြီး ဘရူနိုင်း ဒါရူဆလမ်နိုင်ငံအား အချုပ်အခြာအာဏာပိုင်ဆိုင်သော လွတ်လပ်သည့်နိုင်ငံအဖြစ် ပြောင်းလဲအသိအမှတ်ပြုရန် ဖြိတိသျှအစိုးရအဖွဲ့နှင့် ဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးပွဲ၏ ရလဒ်မှာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် ဖြိတိန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှု သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ပြီး စာချုပ်အရဖြိတိသျှအစိုးရသည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၏ နိုင်ငံရေးနှင့် ကာကွယ်ရေးဆိုင်ရာ တာဝန်ရယူထားမှု အားလုံးကို ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ စွန့်လွှတ် ခဲ့သည်။

ဘုရင်မင်းမြတ်သည် မိဖုရား ရာဇာ၊ အစ်တရီ၊ ပင်ဂျီ ယန်၊ အနတ်ခ်၊ ဟာဂျာ၊ ဆယ်လ်လီယာနှင့် ကြင်ရာတော် ပင်ဂျီယန်၊ အစ်တရီ၊ ဟာဂျာ၊ မာရိယမ်တို့နှင့် လက်ဆက်ခဲ့ပြီး သား၊တော်လေးပါးနှင့် သမီးတော်ခြောက်ပါးရှိပါသည်။

ဘုရင်မင်းမြတ်သည် ပိုလို၊ စကွပ်ရှိနှင့်ကြက်တောင်တို့ကို ကစားသည်။ ဘုရင်မင်းမြတ်သည် ရဟတ်ယာဉ်မောင်းရာတွင် ကျွမ်းကျင်သူတစ်ဦးလည်း ဖြစ်သည်။

ဘုရင်မင်းမြတ်သည် **Sovereign and Chief of The Family Orders of The Crown of Brunei (DKMB)** ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိခဲ့သည်။ ထို့အပြင် ပြည်ပမှ အခြားဂုဏ်ထူးဆောင်ဘွဲ့များနှင့်တံဆိပ်များကိုလည်း ရရှိခဲ့သည်။

နန္ဒယဉ်

ဝံသပါလာလင်္ကာရ ။ ။သာသနာ့ အာဏာနည်း ဘဒ္ဒန္တ ဝံသပါလာလင်္ကာရသည် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်၊ ခွက်ခွင်းရွာ၊ ခမည်းတော် ဦးကျော် မယ်တော် ဒေါ်ကျင်မြိုင်တို့က ၁၃၂၇ ခုနှစ်၊ တန်ဆောင်းမုန်းလဆန်း (၁၀) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သောသား၊ရတနာ ဖြစ်သည်။



တိပိဋကဓရ၊တိပိဋကကောဝိဒ
ဝံသပါလာလင်္ကာရ

ပဇ္ဇမ္မမင်္ဂလာ

၁၃၃၈ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ခွက်ခွင်းရွာ၊ အောင်မြေဘုမ္မိဆရာတော် ဘဒ္ဒန္တပဝရကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ် သို့ ရောက်ရှိခဲ့သည်။

ဥပသမ္ပဒမင်္ဂလာ

၁၃၄၆ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့၊ မှန်ကင်းပဇ္ဇောကာရုံကျောင်းတိုက်၊ ခဏ္ဍသိမ်တွင် မုံရွာမြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ သူဌေးတန်းရပ်ကျောင်းဒကာကြီး ဦးဘိုးမို့+ကျောင်းအမကြီး (သုဓမ္မသိဒ္ဓိ) ဒေါ်ရွှေညွှန့်၊ သား ကိုဌေးလွင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိခဲ့သည်။

လျှပ်စစ်စွမ်းအား၀န်ကြီးဌာန၊ ၀န်ကြီး ဗိုလ်ချုပ်တင်ထွတ် ဒေါ်တင်တင်ညွှန့် မိသား၊စုနှင့်တစ်ကွ ဒကာဒကာမတို့လည်း ပစ္စယာနုဂ္ဂဟဖြင့် သိမ်ထပ်မင်္ဂလာပြုခဲ့ကြသည်။

ကျေးဇူးရှင် ဆရာတော်ကြီးများ

မြင်းမူမြို့နယ်၊ ခွက်ခွင်းကျေးရွာ၊ အောင်မြေဘုမ္မိဆရာတော်ဘဒ္ဒန္တပဝရ၊ မုံရွာမြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် ပဓာန နာယကဆရာတော်နှင့် စာချဘုန်းတော်ကြီးများ၊ ဆားလင်းကြီးမြို့နယ်၊ ကြေးနီ၊ မိုင်းမြို့၊ ဝါးတန်းရွာ သဒ္ဓမ္မဇောဓိဆရာတော် ဘဒ္ဒန္တဉာဏိသရ၊ မြင်းမူ၊ စစ်ကိုင်း၊ မန္တလေး ပဇ္ဇောတာရုံကျောင်းတိုက်မှ နာယက ဆရာတော်များ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကုမာရဘိဝံသ (သ-စ-အ ဓမ္မာစရိယ၊ သိရောမဏိ၊ ဘိအေ)၊ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့် နာယက ဆရာတော်များထံ ပရိယတ္တိစာပေများကို သင်ကြားခဲ့သည်။

အောင်မြင်ခဲ့သောစာမေးပွဲများ

ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော် (မန္တလေး) သာသနဓဇ ဓမ္မာစရိယဘွဲ့၊ တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲတွင်-

၁၃၄၉ ခုနှစ်တွင် ဝိနယဓရဘွဲ့၊

၁၃၅၁ ခုနှစ်တွင် ဝိနယ ကောဝိဒဘွဲ့၊

၁၃၅၂ ခုနှစ်တွင် ဝံသဒ္ဒဒယ ဘာဏကဘွဲ့၊

၁၃၅၃ ခုနှစ်တွင် ဒီဃနိကာယ ကောဝိဒဘွဲ့၊

၁၃၅၄ ခုနှစ်တွင် မူလ အာဘိဓမ္မိက ကောဝိဒဘွဲ့၊

၁၃၅၇ ခုနှစ်တွင် တိပိဋကဓရဘွဲ့. များ အောင်မြင်ရရှိပြီးနှင့် နိကာယ်စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည်။

အဘိဓမ္မ ကောဝိဒ ဘွဲ့တံဆိပ်တော်

၁၃၆၁ ခုနှစ်၊ ၅၂ ကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီးတွင် အဘိဓမ္မပိဋကဓ၊ အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်းသဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသဖြင့် အဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်

သက်တော် (၃၄) နှစ်ရှိ အရှင်ဝံသပါလာလင်္ကာရသည် ယခုအခါသင်ရိုး ပိဋကတ်သုံးပုံလုံးကို အာဂုံရောသဘောရေးဖြေပါ အောင်မြင်တော်မူပြီး ဖြစ်သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် အောင်

လက်မှတ်၊ အရိုးဝါကနက္ကဒဏ် ထီးဖြူတော်သုံးလက်တဲဆိပ်ပါရှိသော သာသနာ့ အောင်လံတော်များ အပြင် ရထား၊ သင်္ဘော၊ လေကြောင်း အခမဲ့အထက်တန်း ခရီးသွားလက်မှတ်၊ ဆွမ်းဆန်တော် စသည်တို့ကို ဆက်ကပ်ခြင်း ခံတော်မူရမည် ဖြစ်သည်။

သီလကွန္ဓာဘိဝံသ။ ။အရှင်သီလကွန္ဓာဘိဝံသ သည် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပန်းတောစု ရွာခမည်းတော် ဦးထွန်းတင်+ မယ်တော် ဒေါ်သန်းရီတို့က ၁၃၂၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့တွင် ဖွားမြင်သော သားဦးရတနာဖြစ်သည်။



တိပိဋကဓရ၊တိပိဋကကောဝိဒ
သီလကွန္ဓာဘိဝံသ

ရှင်သာမဏေပြုတော်မူခြင်း

၁၃၃၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ စနေနေ့တွင် မော်လမြိုင်ကျွန်းမြို့၊ မရမ်းရွာ၊ မဟာအောင်မြေဘုံသာကျောင်း ဆရာတော်ဦးဣန္ဒက မဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး အဘိုးအဘွား တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိ ခဲ့ပါသည်။

ရဟန်းပြုတော်မူခြင်း

၁၃၄၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈) ရက် အင်္ဂါနေ့တွင် မြင်းခြံမြို့၊ ကိုးဆောင်တိုက် ခဏ္ဍသိမ်တော်၌ အင်းစိန် ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ပစ္စည်းလေးပါး ထောက်ပံ့လျက် ရဟန်းဒါယကာဒါယိကာမများ အဖြစ်ခံယူကြသူများမှာ မြင်းခြံမြို့၊ သုခိတာ ဆေးလိပ်ခုံပိုင်ရှင် ဦးရှိန်၊ ဒေါ်ပုလေးမိသား၊ ရန်ကုန်မြို့ အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်တင်ငွေ၊ ဒေါ်လှလှသိန်း မိသား၊ မန္တလေးမြို့ ဦးဟန်ရှိန် (မန္တလေးတိုင်း ဥပဒေအရာရှိ) သိဟသုဝမ္မသိင်္ဃ သီရိသုဝမ္မသိင်္ဃ ဒေါ်မြမြလေး မိသား၊ ရန်ကုန်မြို့ ဦးခင်ကြွယ်၊ ဒေါ်တင်မြင့် (မြိတ်ရတနာစတိုး) မိသား၊ ချောက်မြို့ ငါးသုံးလုံးတိုက် ဦးစိန်မောင် ဒေါ်ခင်ညွန့်၊ သမီး မနီလာစိန် မိသား၊ မန္တလေးမြို့ အိမ်တော်ရာဆင် တံတား ငါးသုံးလုံး သင်္ကန်းတိုက် ဦးအေးချို ဒေါ်သိတာစိန် မိသား၊ ရန်ကုန်မြို့ ဦးသင်္ကေဝ၊ ဒေါ်ချိုချိုစန်း မိသား၊ ရန်ကုန်မြို့ ဒေါ်ခင်စီ (ငဝါစတိုး) မိသား၊ ရန်ကုန်မြို့ ဦးအောင်သန်း ဒေါ်လှကြည် မိသား၊ တောင်ငူကလာပမြို့ ဦးအေးမောင် ဒေါ်ဆင်၊ ဦးဝင်းစိန်ဒေါ်ခင်မြင့်မိသား စု တို့ဖြစ်ကြသည်။

ကျေးဇူးရှင်ဆရာတော်ကြီးများ

အရှင်သီလကွန္ဓာဘိဝံသသည် မော်လမြိုင်ကျွန်းမြို့၊ မရမ်းရွာ၊ မဟာအောင်မြေဘုံသာ ကျောင်းဆရာတော် ဦးဣန္ဒက၊ ဦးတေဇောဘာသာရ၊ အင်းစိန်မြို့၊ ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဦးနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ တိုက်အုပ်ဆရာတော် ဦးတိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)နှင့် စာချဆရာတော်များ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပဏ္ဍိတာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)နှင့် ဆရာတော်များ၊ ကြည့်မြင်တိုင်မြို့နယ်၊ မဟာထူပါရုံကျောင်းဆရာတော် ဦးဓမ္မသာမိ၊ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော်ကြီးနှင့် ဆရာတော်များ၊ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ဆရာတော် ဦးကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်များထံတွင် လောကီလောကုတ္တရာ ပညာများကို သင်ကြားဆည်းပူးတော်မူခဲ့သည်။

အောင်မြင်ခဲ့သောစာမေးပွဲများ:

အရှင်သီလကွန္ဓာဘိဝံသသည် ပထမပြန်စာမေးပွဲငယ်၊ လတ်၊ ကြီး ၃ တန်းလုံးကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီး ပထမကြီးတန်းကိုမူ တစ်နိုင်ငံလုံး တတိယဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၃၄၈ ခုနှစ်တွင် အစိုးရဓမ္မာစရိယ စာမေးပွဲကို အောင်မြင်ပြီးနောက် ပါဠိဂုဏ်ထူး စာမေးပွဲများ ဆက်လက်ဖြေဆိုခဲ့ရာ ဝိနယပါဠိပါရဂူဘွဲ့၊ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူဘွဲ့၊ ဒီဃနိကာယပါဠိပါရဂူဘွဲ့၊ အဘိဓမ္မပါဠိ ပါရဂူဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပသည့် တိပိဋကဓရ စာမေးပွဲကြီးကို ၁၃၄၁ ခုနှစ်မှ စတင်ဝင်ရောက်ဖြေဆိုခဲ့ရာ အောက်ပါအတိုင်း အောင်မြင်တော်မူခဲ့သည်။

၁၃၄၇ ခုနှစ်တွင် ဝိနည်းရှေ့ပိုင်း အာဂုံ

၁၃၄၈ ခုနှစ်တွင် ဝိနည်းနောက်ပိုင်း အာဂုံ (ဝိနယဓရ)

၁၃၄၉ ခုနှစ်တွင် ဝိနည်းရှေ့ပိုင်း ရေးဖြေ

၁၃၅၀ ပြည့်နှစ်တွင် ဝိနည်းနောက်ပိုင်း ရေးဖြေ (ဝိနယကောဝိဒ)

၁၃၅၁ ခုနှစ်တွင် သုတ္တန်ပိဋက အာဂုံ (ဂုဏ်ထူး–ဝိသိဋ္ဌဒီဃဘာဏက)

၁၃၅၂ ခုနှစ်တွင် သုတ္တန်ပိဋက ရေးဖြေ (ဒီဃနိကာယ ကောဝိဒ)

၁၃၅၃ ခုနှစ်တွင် အဘိဓမ္မာ ရှေ့ပိုင်းအာဂုံ (ဂုဏ်ထူး)

၁၃၅၆ ခုနှစ်တွင် အဘိဓမ္မာ ရှေ့ပိုင်းရေးဖြေ

၁၃၅၉ ခုနှစ်တွင် အဘိဓမ္မာ နောက်ပိုင်း အာဂုံ (ဂုဏ်ထူး–ဝိသိဋ္ဌ အာဘိဓမ္မိကနှင့် တိပိဋကဓရဘွဲ့)


၁၃၆၁ ခုနှစ်တွင် အဘိဓမ္မပိဋက နောက်ပိုင်း နှစ်ကျမ်း ရေးဖြေအောင်မြင်တော်မူ၍ တိပိဋကကောဝိဒဘွဲ့။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်

သက်တော် (၃၆) နှစ်ရှိ အရှင်သီလကွန္ဓာဘိဝံသသည် ယခုအခါ သင်ရိုးပိဋကတ်သုံးပုံလုံး အာဂုံရော သဘောရေးဖြေပါ အောင်မြင်တော်မူပြီး ဖြစ်သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော် အောင်လက်မှတ်၊ အရိုးဝါ ကနက္ကဒဏ် ထိုးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်မျာ:အပြင် ရထား၊ သင်္ဘော်၊ လေကြောင်း အခမဲ့အထက်တန်း ခရီးသွား:လက်မှတ်၊ ဆွမ်းဆန်တော် စသည်တို့ကို ဆက်ကပ်ခြင်း ခံတော်မူရမည် ဖြစ်သည်။

ဟူစိန်(ကျော်ဒန်ဘုရင်)(ခရစ် ၁၉၃၅–၁၉၉၉)။ ။ အရှေ့အလယ်ပိုင်းဒေသတွင် သက်တမ်းအရှည်ကြာဆုံးဖြစ်ခဲ့သော ကျော်ဒန်ဘုရင်ဟူစိန်သည် ကင်ဆာရောဂါဖြင့် ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ဘုရင်ဟူစိန်ကို အမှန်မြို့တွင် ၁၉၃၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့က အိမ်ရှေ့မင်းသား တာလယ်နှင့် မင်းသမီး ဇိန်းတို့က ဖွားမြင်ခဲ့သည်။



ကျော်ဒန်ဘုရင် ဟူစိန်

ငယ်စဉ်က အီဂျစ်နိုင်ငံ အလက်ဇန်းဒရီးယား:ရှိ ဝိတိုရိယတက္ကသိုလ်တွင် ပညာသင်ကြား:ခဲ့သည်။ ထို့နောက် ဗြိတိန်နိုင်ငံရှိ ဟာဂိုး:စစ်တက္ကသိုလ်နှင့် ဆန့်ဟန့်တော်ဝင်စစ်တက္ကသိုလ်များ:တွင်လည်း ပညာသင်ကြား:ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ဘိုး:တော်ဘုရင် အဗ္ဗဒူလာမှာ ဘုရား:ကျောင်း:တွင် ဝတ်ပြုနေစဉ် လူသတ်သမား:များ:၏

လက်ချက်ဖြင့် ကွယ်လွန်ခဲ့သည်။ သား:တော်တာလယ်မှာ စိတ်ရောဂါဖြင့် ဆွစ်ဇာလန်နိုင်ငံတွင် ဆေးကုသခံနေစဉ် ဖြစ်သဖြင့် လွတ်တော်က ဟူစိန်အား: ကျော်ဒန်ဘုရင်အဖြစ် တင်မြှောက်ခဲ့သည်။ သို့ဖြင့် ဟူစိန်သည် ၁၉၅၂ ခုနှစ်မှ စ၍ ဘုရင်အဖြစ် ဘိသိတ်ခံကာ တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည်။

ဟူစိန်သည် နှစ်ပေါင်း ၄၇ နှစ်မျှ နန်းစံတော်မူခဲ့ပြီး နန်းသက်ကာလအတွင်း အာရပ်-အစ္စရေး ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကျင်းပရေးဆိုင်ရာ အရေးပါသော အခန်းကဏ္ဍ မှ ပါဝင်လှုပ်ရှား:ခဲ့သည်။

၁၉၉၁ ခုနှစ်က အီရတ်နိုင်ငံသည် ကူဝိတ်နိုင်ငံအား: ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ရာတွင် ဘုရင်ဟူစိန်သည် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်ဘက်မှ ထောက်ခံအား:ပေး:ခဲ့သည်။

အခြေအနေတင်:မာနေသော အာရပ်ကမ္ဘာတွင် ဘုရင်ဟူစိန်သည်အကြမ်:မဖက်ဘဲ ပျော့ပျော့ပျောင်:ပျောင်: သဘောထား:ရှိသူ ဖြစ်သည်။

ဘုရင်ဟူစိန်သည်အမေရိကန်ပြည်ထောင်စု မီနီဆိုတာပြည်နယ်၊ ကော်ချက်စတာမြို့ရှိ မေရီဆေး:ရုံတွင် ကင်ဆာရောဂါကို ခြောက်လကြာမျှ ဆေး:ဝါး:ကုသမှု ခံယူပြီး: ကျော်ဒန်နိုင်ငံ အမှန်မြို့တော်သို့ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။ ၄င်း၏သား: အကြီး:ဆုံး:ဖြစ်သူ မင်:သား:အဗ္ဗဒူလာအား: ကျော်ဒန်ဘုရင် လောင်:အဖြစ် ကြေညာလိုက်သည်။

အသက်(၃၇)နှစ်ရှိ မင်:သား:အဗ္ဗဒူလာသည် ကျော်ဒန် အထူးတပ်မှ ဗိုလ်ချုပ်တစ်ဦး:ဖြစ်ပြီး: ဘုရင်ဟူစိန်နှင့် ဒုတိယမိဖုရား: ဗြိတိန်နိုင်ငံသူ တိုနီဂါဒီနာတို့၏ သား:တော် ဖြစ်သည်။

ဘုရင်ဟူစိန်သည် ၄င်း၏ညီတော် မင်:သား:ကြီး: ဟက်ဆန်(၅၁)နှစ်အား: ၁၉၆၅ ခုနှစ်မှစ၍ အိမ်ရှေ့စံ အဖြစ် ခန့်အပ်ပြီး: ၄င်း:ကို ဆက်ခံမည့်သူအဖြစ် ၃၄ နှစ်ကြာ တာဝန်ပေး: ထမ်:ဆောင်စေခဲ့သည်။

ပြည်သူများ:က အိမ်ရှေ့မင်:သား: ဟက်ဆန်အား: ဘုရင်အဖြစ် ရွေး:ချယ်လိမ့်မည်ဟု ထင်ကြေး:ပေး:နေချိန် သား:တော်အကြီး:ဆုံး:ကို ဘုရင်လောင်:အဖြစ် ခန့်အပ်ကြောင်း: ကြေညာခဲ့သည်။

ဘုရင်ဟူစိန်သည် ဖေဖော်ဝါရီလ ၇ ရက် နံနက်ပိုင်း: တွင် ကွယ်လွန်ပြီး: နာရီပိုင်း:အကြာမှာပင် အဗ္ဗဒူလာက ကျော်ဒန်ဟာရှီမိုက်မင်:ဆက်၏ စတုတ္ထမြောက် ဘုရင် အဖြစ် အထက်အောက်လွှတ်တော် နှစ်ရပ်ပေါင်း: အစည်: အဝေး:တွင် ကျမ်:သစ္စာ ကျိန်ဆိုခဲ့သည်။

ထို့နောက် ဘုရင်ဟူစိန်၏ အချစ်ဆုံး:သား:တော် တစ်ဦး:ဖြစ်သည့် အဗ္ဗဒူလာနှင့် အဖေတူ အမေကွဲ ညီတော်မင်:သား: ဟမ်ဇာဘင်ဟူစိန်(၁၈)နှစ်ကို ကျော်ဒန်နိုင်ငံ၏ အိမ်ရှေ့မင်:သား:အဖြစ် ခန့်ထား:လိုက်သည်။ ဟမ်ဇာသည် ဘုရင်ဟူစိန်၏ စတုတ္ထမြောက် သား:တော်ဖြစ်သကဲ့သို့ အမေရိကန်သူ မိဖုရား:နူး:ရ်နှင့် ဟူစိန်တို့၏ သား:တော်လေး:ယောက်အနက် သား:အကြီး:ဆုံး:လည်း: ဖြစ်သည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်:ပသော ဘုရင် ဟူစိန်၏ စွာပနအခမ်:အနာ:သို့ ဘုရင်ဟူစိန်၏ မိတ်ဆွေ များ:ရော၊ ဆက်ဆံရေး:မပြေပြစ်သူများ:ပါ တက်ရောက်ခဲ့ကြသည်။ အမေရိကန်နိုင်ငံမှ လက်ရှိသမ္မတ ဘီလ်ကလင်တန်နှင့် သမ္မတဟောင်း:ကျော့်ဘုရှ်၊ ဂျင်မီကာတာနှင့် ဂျရယ်ဖို့ဒ်တို့ တက်ရောက်ကြသည်။ ဆေး:ရုံတက်ရောက် ကုသနေသောရုရာ:သမ္မတ ဘောရစ်ယဲ့လ်ဆင်၊ အစ္စရေးနိုင်ငံမှ အီဇာဝိုက်ဇာမန်း၊ ဝန်ကြီး:ချုပ်ဘင်ဂျမင်နတန်ယာဟုနှင့် အတိုက်အခံခေါင်း:ဆောင်များ: တက်ရောက်ခဲ့ကြသည်။

ဘုရင်ဟူစိန်၏ စွာပနာသို့ ထင်ပေါ်ကျော်ကြား: သည့် ကမ္ဘာ့ခေါင်း:ဆောင်များ: တက်ရောက်ခဲ့ကြရာ နှစ်နိုင်ငံ ဆက်ဆံရေး အေး:တိအေး:စက် ဖြစ်နေသော ဆီး:ရိ:ယား:သမ္မတ အာဆက်လည်: တက်ရောက်ဂါရဝ ပြုခဲ့သည်။

ကျော်ဒန်ဘုရင်ဟူစိန်တွင် အိမ်ထောင်လေး:ဆက်ရှိပြီး: သား:တော်ငါး:ပါး:နှင့် သမီး:တော်ခြောက်ပါး: ထွန်း:ကား:ခဲ့သည်။ မွေး:စား:သား:သမီး: ၁၂ ဦး: ရှိသည်။

အမေရိကန်ပြည်ထောင်စု။ ။အမျိုးသမီးများနှင့် အကြိမ်ကြိမ် ရုပ်ပွေခဲ့သော သမ္မတ ကလင်တန်၏ လိင်မှုအရှုပ်တော်ပုံဖြစ်ခဲ့မှုမှာ အခြေခံဥပဒေအရ စွပ်စွဲပြစ်တင်မှုအဆင့် အထိရောက်ရှိလာသည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလတွင် ကွန်ဂရက်အောက်လွှတ်တော်က သမ္မတအပေါ် မဟာဂျူရီအဖွဲ့၌ လိမ်လည်ထွက်ဆိုခဲ့မှု၊ တရားစီရင်ရေးကို ဟန့်တားနှောက်ယှက်မှုတို့ဖြင့် စွပ်စွဲပြစ်တင်ရန် မဲခွဲဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် ၁၉၉၉ ခုနှစ် ဇန်နဝါရီလတွင် ကလင်တန်၏အမှုသည် ကွန်ဂရက်အထက်လွှတ်တော်သို့ ရောက်ရှိလာခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ သမိုင်းတွင် သမ္မတ ကလင်တန်သည် အထက်လွှတ်တော် အထိ စွပ်စွဲပြစ်တင်မှုဖြင့် စစ်ဆေးခံရသော ဒုတိယမြောက် သမ္မတ ဖြစ်လာခဲ့သည်။ ၁၈၆၈ ခုနှစ်တွင် သမ္မတ အင်ဒရူး ဂျွန်ဆင်အား စွပ်စွဲပြစ်တင်မှု၌ အထက်လွှတ်တော်က အနိုင်မဲ တစ်မဲဖြင့် တရားသေလွှတ်ပစ်ခဲ့သည်။ အင်ဒရူးဂျွန်ဆင်သည် ထိုစဉ်က စစ်ရေးဝန်ကြီး အက်(ဒ်) ဝင်စတန်အား ဆီးနိတ်(အထက်လွှတ်တော်)ကို အသိ မပေးဘဲ ရာထူးမှဖယ်ရှားခဲ့မှုဖြင့် စွပ်စွဲပြစ်တင်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလ ၇ ရက်နေ့တွင် ကလင်တန်၏ အမှုကို အထက်လွှတ်တော်က စတင်ကြားနာ စစ်ဆေးမှု စတင်ပြုလုပ်ခဲ့သည်။ တရားရုံးချုပ် တရားသူကြီးချုပ် ဝီလျံရင်းကွစ်က ခုံသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ စွပ်စွဲပြစ်တင်မှုနှင့် စပ်လျဉ်း၍ အမေရိကန် အခြေခံဥပဒေ၏ တိကျရေရာမှု မရှိခြင်း၊ ကွန်ဂရက်လုပ်ထုံး လုပ်နည်းများက ရှုပ်ထွေးလှခြင်း၊ အမေရိကန် တရားစီရင်ရေးစနစ်၏ ပျော့ကွက် ဟာကွက်များ ရှိခြင်းတို့ကြောင့် ယခုကဲ့သို့ အထက်လွှတ်တော်က အမှုစစ်ဆေးကြားနာရာတွင် နှစ်ဘက်ပညာပြမှု၊ အချိန်ဆွဲမှု၊ ဥပဒေကို မျှော်ကြိုးကဲ့သို့ လိုရာဆွဲမှု အမျိုးမျိုးပေါ်ပေါက်ခဲ့သည်။

ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကာလများ အတွင်း နှစ်ဘက်ရှေ့နေများက အမှုနှင့် ပတ်သက်၍ တင်ပြခဲ့ကြသည်။ ထိုရက်များအတွင်း အထက်လွှတ်တော် အမတ် ၁၀၀ တို့သည် နှုတ်ဆိတ် ငြိမ်သက်စွာသာ နားထောင်နေခဲ့ကြရသည်။ နှစ်ဘက် ရှေ့နေများ၏ တင်ပြချက်များကို ကြားနာပြီးနောက်မှသာ အမတ်များ အနေဖြင့် ခုံသဘာပတိမှတစ်ဆင့် သိရှိလိုသမျှ ကို မေးမြန်းခွင့်ရခဲ့ကြသည်။

အမတ် ၁၀၀ ရှိသော ဆီးနိတ်အထက်လွှတ်တော်တွင် ရီပတ်ဘလီကန် အမတ် ၅၅ ဦးနှင့် ဒီမိုကရက်တစ် အမတ် ၄၅ ဦးအသီးသီးရှိခဲ့သည်။ သမ္မတအပေါ် စွပ်စွဲပြစ်တင်မှုဖြင့် အဆုံးအဖြတ် ချမှတ်နိုင်ရေးအတွက်



အထက်လွှတ်တော်တွင် ၄င်း၏အမှုကို ကြားနာမစစ်ဆေးမီ ရက်ပိုင်းအလိုတွင် နောက်ဆုံးအချိန်အထိ ရုပ်တည်သွားမည်ဟု ၄င်း၏ သဘောထားကို ပြောကြားနေသော သမ္မတ ကလင်တန်

အခြေခံဥပဒေအရ အမတ်စုစုပေါင်း၏ မဲသုံးပုံ နှစ်ပုံရှိရန် လိုအပ်သည်။ သို့ဖြစ်ရာ ပါတီစွဲဖြင့် မဲပေးနေသော လွှတ်တော်၌ သမ္မတအပေါ် ပြစ်ဒဏ်ချမှတ်ရန် ဖြစ်နိုင်ခြေမရှိဘဲ ဖြစ်ခဲ့သည်။ ဒီမိုကရက်တစ် အမတ်များက အမှုစစ်ဆေးကြားနာမှုကို ပယ်ဖျက်ရန်နှင့် အမှုနှင့် ပတ်သက်ပြီး ဆက်လက်၍မဲခွဲ ဆုံးဖြတ်ရန် အဆိုများ တင်သွင်းခဲ့သည်။ ယင်းသို့သော အဆိုများကို သာမန်မဲ အများစုဖြင့် ဆုံးဖြတ်နိုင်သည်။သို့ဖြစ်၍ ဒီမိုကရက်တစ်ပါတီ အမတ်များ၏ အဆိုများကို ပယ်ချခဲ့သည်။

ပြည်ထောင်စုအခြေအနေမိန့်ခွန်း- ဇန်နဝါရီလ ၁၉ ရက်နေ့တွင် သမ္မတကလင်တန်သည် အထက်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်းထားသောကွန်ဂရက်သို့ ပြည်ထောင်စုအခြေအနေ မိန့်ခွန်းကို ပြေကြားခဲ့သည်။ ထိုမိန့်ခွန်း၌ ကလင်တန်သည် စွပ်စွဲပြစ်တင်မှုအကြောင်း မပြောကြားဘဲ ၄င်း၏လက်ထက် စွမ်းဆောင်အောင်မြင်မှုများအကြောင်းတို့ကိုသာ ဦးစားပေးပြောကြားခဲ့သည်။ ငြိမ်းချမ်းရေးကာလ စီးပွားရေး တိုးချဲ့မှုအချိန်သည် သမိုင်းတွင် အရှည်ကြာဆုံးဖြစ်ခဲ့ကြောင်း၊ အလုပ်အကိုင်သစ်များ ၁၈ သန်းပေါ်ပေါက်ခဲ့ကြောင်း၊ လုပ်ခသည် ငွေကြေးဖောင်းပွမှုနှုန်းထက် နှစ်ဆပို၍ မြင့်မားခဲ့ကြောင်း၊ နေအိမ်ပိုင်ဆိုင်မှုလည်း အများဆုံးဖြစ်ခဲ့ကြောင်း၊ အလုပ်လက်မဲ့ဦးရေ အနည်းဆုံးဖြစ်ခဲ့ကြောင်း၊ ၁၉၉၂ ခုနှစ်တွင် ဘတ်ဂျက်လိုငွေ ဒေါ်လာဘီလီယံ ၂၉၀ အထိ ဖြစ်ခဲ့ကြောင်း၊နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ် ချိန်ခွင်ညီ ဘတ်ဂျက်ဖြစ်အောင် လုပ်ပြနိုင်ခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်က ဘတ်ဂျက်ပိုငွေ ဒေါ်လာဘီလီယံ ၇၀ ရှိခဲ့ပြီး နောင် ၂၅ နှစ်ကြာသည်အထိ ဘတ်ဂျက်ပိုငွေပြရေးလမ်းကြောင်းပေါ်သို့ တင်ပေးထားနိုင်ပြီ ဖြစ်ကြောင်း စသည်တို့ကို ပြောကြားခဲ့သည်။ ထိုမိန့်ခွန်း နိဂုံးချုပ်၌ ၂၀ ရာစုနှစ်သည် တောင်ထိပ်ပေါ်သို့ရောက်နေသော အမေရိကန်ရာစုနှစ်ပင် ဖြစ်ကြောင်း ဂုဏ်ယူဝံ့ကြွားစွာ ပြောဆိုခဲ့သည်။

အောက်လွှတ်တော် သဘာပတိသစ်- နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲများ၌ ရီပတ်ဘလီကန် ပါတီ ရုံးနိမ့်ခဲ့သည့်အတွက် ညုဂင်းဂရစ်(ချ်)သည် သဘာပတိရာထူးမှ နုတ်ထွက်ခဲ့သည်။ထို့နောက် အရွေးချယ်ခံသဘာပတိ ဘော့(ဘ်) လစ်ဗင်းစတန်မှာလည်း အိမ်ထောင်ရေးကျင့်ဝတ် ဖောက်ဖျက်မှု ရှိခဲ့သဖြင့် ရာထူးကို လက်မခံရဘဲ နောက်ဆုတ်သွားခဲ့သည်။ ဤသို့ဖြင့် ဇန်နဝါရီလ ၆ ရက်နေ့၌ ရီပတ်ဘလီကန်အမတ် ဒဲနစ်ဟက်(စ်)တက်သည် အောက်လွှတ်တော် သဘာပတိဖြစ်လာခဲ့သည်။အမေရိကန်နိုင်ငံရေး၌ အောက်လွှတ်တော် သဘာပတိရာထူးသည် တတိယအရေးကြီးဆုံးနေရာ ဖြစ်သည်။

တရားသေလွတ်သွားသော ကလင်တန်- ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သမ္မတကလင်တန်သည် စွပ်စွဲပြစ်တင်မှုမှ တရားသေလွတ်သွားခဲ့သည်။ မဟာဂျူရီအဖွဲ့တွင် လိမ်လည်ထွက်ဆိုခဲ့မှုနှင့် စပ်လျဉ်း၍ ဆီးနိတ်အမတ်များက ၅၅-၄၅ မဲဖြင့် ကလင်တန်ဘက်မှ အနိုင်ပေးခဲ့သည်။ ရီပတ်ဘလီကန် အမတ် ၁၀ ဦးတို့က ဒီမိုကရက်တစ်ပါတီအမတ်များနှင့်အတူ ဘက်ပြောင်း၍ မဲပေးခဲ့ကြသည်။ တရားစီရင်ရေးကို ဟန့်တားနှောင့်ယှက်မှုနှင့် စပ်လျဉ်း၍ ဆီးနိတ်အမတ်များက ၅၀-၅၀ မဲဖြင့် ကလင်တန်အား ပြစ်ဒဏ်ချမှတ်ခြင်းမှကင်းလွတ်စေခဲ့သည်။ ရီပတ် ဘလီကန်အမတ် ၅ ဦးတို့က ဒီမိုကရက်တစ် အမတ် များနှင့် အတူဆန္ဒမဲပေးခဲ့ကြသည်။ ဆီးနိတ် (အထက်လွှတ်တော်)၌ မဲခွဲဆုံးဖြတ်ပြီးနောက် နှစ်နာရီကြာတွင် ဤသို့သော ဖြစ်ရပ်များပေါ်ပေါက်လာအောင် ၄င်းအနေဖြင့်ပြုမူပြောဆိုခဲ့မှုများအတွက် အလေးအနက် ဝမ်းနည်းမိပါကြောင်း၊ ယခုကဲ့သို့ တရားသေလွတ်ခြင်းအတွက် ရိုကျိုးနှိမ့်ချစွာဖြင့် အလွန်ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

သေနတ်ထိန်းချုပ်ရေးပြဿနာများ- လွန်ခဲ့သောဧပြီလအတွင်းက ကိုလိုရာဒိုပြည်နယ်၊ ဒင်ဗာမြို့စွန်ရှိ လစ်တယ်(လ်)တန်အရပ်မှ ကိုလံဘိုင်းအထက်တန်းကျောင်း တွင် အရွယ်မရောက်သေးသူ ကျောင်းသားလေးနှစ်ဦး၏ ပစ်ခတ်မှုကြောင့် လူသတ်ပွဲဖြစ်သွားခဲ့သည်။ ထိုလူသတ်ပွဲ သတင်းသည် အမေရိကန်ပြည်ထောင်စုတစ်လွှား တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ ထိုဖြစ်ရပ်မှ သင်ခန်းစာများ ထုတ်ယူနိုင်ရေးအတွက် စကားအချေအတင် ငြင်းဆိုပွဲများ ဖြစ်ပေါ်လာခဲ့သည်။ သေနတ်ထိန်းချုပ်ရေးနည်းလမ်းများ နှင့်စပ်လျဉ်း၍ တစ်မျိုးသားလုံး သဘောဆန္ဒညီမျှမှု ရရှိရေး အတွက် ကြိုပမ်းနေကြသည်။ ကလင်တန် အစိုးရအဖွဲ့မှာ သေနတ် ထုတ်လုပ်သူများ၊ သေနတ်ကိုင်ဆောင်လိုစိတ် ပြင်းပြသောသေနတ်ပိုင်ရှင်များကတစ်ဘက် သေနတ်ရောင်းချကိုင်ဆောင်မှုနှင့် ဆက်စပ်နေသော အကြမ်းဖက်မှုများ ပြန့်ပွားလာနေမှုကတစ်ဘက်၊ ဤသို့သော ဘက်နှစ် ဘက်အကြား၌ အကျပ်ရိုက်နေသည်။

ဤသို့ အကျဉ်းအကျပ်တွေ့နေမှုမှ ထွက်ပေါက်ရှာနိုင်ရေးအတွက်မေလ ၁၀ ရက်နေ့တွင် သမ္မတကလင်တန်သည် အိမ်ဖြူတော်၌ ဆွေးနွေးပွဲတစ်ရပ်ကို သုံးနာရီကြာကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲ၏ အကြောင်းအရာခေါင်းစဉ်မှာ ကလေးသူငယ်များ၊ အကြမ်းဖက်မှု၊ တာဝန်ရှိမှုဟူ၍ ဖြစ်သည်။ ထိုဆွေးနွေးပွဲသို့ ဖျော်ဖြေရေးလုပ်ငန်းအဖွဲ့အစည်းများမှ အကြီးအကဲ ၆၀ ဦး၊ သေနတ်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ကျောင်းသားခေါင်းဆောင်များ၊ တရားဥပဒေထိန်းသိမ်းစောင့်ရှောက်ရေး အရာရှိများကို ဖိတ်ကြားတက်ရောက်စေခဲ့သည်။ လူငယ်များအကြားအကြမ်းဖက်မှုများ တိုးပွားကျယ်ပြန့်လာနေမှုနှင့် အကြမ်းဖက် မှုများလျော့ပါးရေး နည်းလမ်းများကို ဆွေးနွေးကြရန် တိုက်တွန်းခဲ့သည်။ သမ္မတကလင်တန်၏ အဆိုပြုချက်များမှာ(၁)သေနတ်ကိုင်ဆောင်ခွင့်အသက် ကန့်သတ်ချက်ကို ၁၈နှစ်မှ ၂၁ နှစ်အထိတိုးမြှင့် သတ်မှတ်ရေး၊(၂) ပေါ့ဆလစ်ဟင်းမှုကြောင့် အရွယ်မရောက်သေးသူတို့ထံ သေနတ်ရောက်သွားစေသော မိဘများအားတရားစွဲဆိုခွင့်ပြုရေး၊ (၃) ပြစ်မှုများဖြင့် အပြစ်ပေးခံရဖူးသော လူငယ်များ အားသေနတ်ကိုင်ဆောင်ခွင့်ကို ရာသက်ပန် တားမြစ်ပိတ်ပင်ရေး (၄) သေနတ် ရောင်းချသူတို့အနေဖြင့် သေနတ်ဝယ်သူတို့၏ ရာဇဝတ်မှု နောက်ခံသမိုင်းကြောင်းကို စိစစ်ရေးဟူသော အချက်များကို သေနတ် ထုတ်လုပ်သူများနှင့် ရောင်းချသူတို့က မူအရ လက်ခံသွားခဲ့ကြသည်။

သေနတ်ထိန်းချုပ်ရေး ဥပဒေပြဋ္ဌာန်းရန်ကိစ္စနှင့် စပ်လျဉ်း၍ ဒီမိုကရက်တစ်ပါတီ အမတ်များနှင့် ရီပတ်ဘလီကန်ပါတီအမတ်တို့အကြား သူတစ်ပြန်ကိုယ်တစ်ပြန် အငြင်းပွားလျက် မပြီးပြတ်နိုင်ဘဲ ဖြစ်နေကြသည်။

ဤသို့ အငြင်းပွားနေဆဲ အတွင်းမှာပင် စာသင်ကျောင်း များ၌ သေနတ်ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ အဆိုးဆုံးဖြစ်ရပ်မှာ မေလ ၂၀ ရက်နေ့က ဖြစ်သည်။ ကျော်ဂျီယာပြည်နယ်၊ အက်တလန်တာမြို့ရှိ အထက်တန်းကျောင်းတစ်ခု၌ အသက် ၁၅ နှစ်အရွယ် စိတ်လှုပ်ရှားနေသော ကျောင်းသားလေးတစ်ဦးက ရိုင်ဖယ် သေနတ်၊ ခြောက်လုံးပြူးသေနတ်တို့ဖြင့် ပစ်ခတ်ခဲ့သဖြင့် လူငယ် ၆ ဦး ဒဏ်ရာ ရရှိသွားခဲ့သည်။

ကိုလံဘိုင်းအထက်တန်းကျောင်း လူသတ်ပွဲနှင့် ဆက်စပ်လျက် စုံစမ်းစစ်ဆေးမှုများအရ ထိုကျောင်းထွက် အသက် ၂၂ နှစ်ရှိ လူငယ်တစ်ဦးအား စွဲချက်တင်နိုင်ခဲ့သည်။ ထိုလူငယ်သည် သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့သည့် ကလေးငယ် နှစ်ဦးအနက် တစ်ဦးကို သေနတ်ထုတ်ပေးခဲ့သည်။ ထို့ပြင် ကျောင်းတွင်း၊ ကျောင်းဝန်းကျင်ဗုံးများထောင်ရာ၌လည်း ဘေးမှ ကူညီပံ့ပိုးမှုများ ရှိခဲ့ကြောင်းကို သတင်းဖော်ထုတ်ရရှိခဲ့သည်။ ထိုကျောင်း လူသတ်ပွဲ၌ ကျူးလွန်ခဲ့သော ကလေးငယ်တစ်ဦးသည် စိတ်ကြွဆေးများ စားထားကြောင်းကိုလည်း တွေ့ရှိရပြန်သည်။

လူငယ်အကြမ်းဖက်မှုများ ပြန့်ပွားလာခြင်းနှင့် လူကြိုက်များသော တေးဂီတ၊ ရုပ်ရှင်၊ တီဗွီ၊ ဗွီဒီယိုဂိမ်း၊ သွေးထွက်သံယိုမှုနှင့် ကာမဂုဏ်ညစ်ညမ်းမှုကို အားပေးသော စာနယ်ဇင်းနှင့် အခြားမီဒီယာများ ပြန့်ပွားလာမှု၊ လူငယ်များအတွင်း အပြိုင်အဆိုင်များလာမှု၊ ထင်ပေါ်ကျော်ကြားလိုမှုတို့သည် ဆက်စပ်နေကြောင်း တွေ့ရှိလာကြသည်။ ထို့ကြောင့် လူငယ်အကြမ်းဖက်မှုများ လျော့ပါးရေးတွင် သေနတ်ထိန်းချုပ်မှုအပါအဝင် အခြားနည်းလမ်းများပါ အသုံးပြုရန်လိုအပ်ကြောင်း တွေ့ရှိလာကြသည်။

သမ္မတလောင်းနှစ်ဦး၏ တရားဝင်ကြေညာချက်– သမ္မတလောင်း ဂျော့ဘွတ်(ရှ်)၏ အကြီးဆုံးသားဖြစ်ပြီး တက်ဆပ်(စ်)ပြည်နယ်အုပ်ချုပ်ရေးမှူးလည်း ဖြစ်နေသော ဂျော့ဒဗလူ ဘွတ်(ရှ်)(အသက် ၅၂ နှစ်)က ဇွန်လ ၁၂ ရက်နေ့တွင် သူသည် ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းတစ်ဦးဖြစ်ကြောင်းတရား၀င် ကြေညာခဲ့သည်။ သူသည် တက်ဆပ်(စ်)ပြည်နယ်၏ ပြင်ပသို့ ပထမဆုံးခရီးထွက်စဉ်တွင် အိုင်အိုဝါးပြည်နယ်၊ ဆီဒါရက်ပစ်(စ်)မြို့၌ သမ္မတလောင်းအမည်စာရင်း တင်သွင်းပွဲ၌ ဤကဲ့သို့ တရား၀င်ကြေညာခဲ့ခြင်းဖြစ်သည်။ ဘွတ်(ရှ်)သည် ပဋိသန္ဓေဖျက်ချမှု စသော အလွန်သိမ်မွေ့သည့် ပြဿနာများတွင် ရီပတ်ဘလီကန် အမာခံမဲများ ဆုံးရှုံးမသွားစေရန် အလယ်အလတ် လမ်းကြောင်းကို ယူထားသည်။ ကရကာသက်၀င်မှုရှိသော ရှေးအစဉ်အလာ ထိန်းသိမ်းမှုဟူသူ့ရပ်တည်ချက်ကို ဖော်ပြ ထားသည်။ အထက်နှင့် အောက်လွှတ်တော်ရှိ ရီပတ်ဘလီကန် အမတ်အများစုက ဘွတ်(ရှ်)ကို ထောက်ခံထားကြသည်။ ရီပတ်ဘလီကန် သမ္မတလောင်း နေရာအတွက် ယှဉ်ပြိုင်နေကြသော ပုဂ္ဂိုလ်များမှာ အယ်လီဇဘက်ဒို:(လ်)၊ ဂျွန်ကာ:ဆစ်(ချ်)၊ လာမာအလက်ဇန်:ဒါ:၊ အော်ရင်ဟက်(ချ်)တို့ ဖြစ်ကြသည်။

ဒုတိယသမ္မတ အယ်(လ်)ဂို:(အသက် ၅၁ နှစ်) သည် ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်ကြောင်း ဇွန်လ ၁၆ ရက်နေ့တွင် တင်နက်ဆီပြည်နယ်ရှိ သူ၏ ဇာတိမြို့

ဖြစ်သော ကာသေ့(ဂျ်)မြို့၌ တရား၀င် ကြေညာခဲ့သည်။ သတင်မီဒီယာများနှင့် တွေ့ဆုံမေးမြန်းခန်းများ၌ လူ၀င်စကီး အရေးကိစ္စတွင် သူပါ၀င်ပတ်သက်မှု မရှိကြောင်း၊ ကလင်တန်နှင့် ခပ်ခွာခွာ ရပ်တည်မှု အနေအထားကို ပေါ်လွင်စေခဲ့သည်။ လက်ရှိဒုတိယ သမ္မတရာထူးယူထားမှု စီးပွားရေးကျွမ်းကျင်မှု၊ ကိုယ်ကျင့်ကောင်းသောခေါင်းဆောင် ဖြစ်မှုတို့အပေါ် သူသည်အားကိုးအားထားပြုလျက်ရှိသည်။ အထက်နှင့်အောက် လွှတ်တော်ရှိ ၀ါရင့်ဒီမိုကရက်ခေါင်းဆောင်များ၏ ထောက်ခံမှုကို ရရှိထားသည်။ သမ္မတလောင်းနေရာအတွက် ဒီမိုကရက်တစ်ပါတီတွင်း၌ ပြိုင်ဘက်အဖြစ် ဘီဘရက်(ဒ်) လေ တစ်ဦးတည်းသာ ဇွန်လကုန်အထိ ရှိနေသေးကြောင်း တွေ့ရသည်။

ဒက်ဒွေချမှတ်ခံရသည့် သမ္မတကလင်တန်– ၁၉၉၈ ခုနှစ်တွင် ပေါ်လာဂျုံး(စ်)သည် ကလင်တန်အပေါ် လိင်မှုဆိုင်ရာ ကာယိန္ဒြေထိပါး၊နှောင့်ယှက်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ထိုအမှု၌ ကလင်တန်သည် လိမ်လည်ထွက်ဆိုခဲ့ကြောင်း ပေါ်လွင်သွားသည်။ သို့ဖြစ်၍ ခရိုင်တရားသူကြီးစူစန်၀က်ဘရိုက်က ပေါ်လာဂျုံး(စ်) ကုန်ကျခဲ့သော တရားရုံးစရိတ်များအတွက် ဒေါ်လာ ၉၀၆၈၆ ကို ပေါ်လာဂျုံးသို့ ပေးလျော်စေရန် ဇူလိုင်လ ၂၉ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဘတ်ဂျက်ဥပဒေအတည်ပြုခြင်း– အောက်တိုဘာလ ၁ ရက်နေ့ကို နောက်ဆုံးထားသတ်မှတ်ခဲ့ သော်လည်း နိုဝင်ဘာလ ၂၉ ရက်နေ့တွင်ကျမှ သမ္မတကလင်တန်က ၂၀၀၀ ပြည့်နှစ်အတွက် ဘတ်ဂျက်ဥပဒေကို လက်မှတ်ရေးထိုးပေးခဲ့သည်။ ဤဥပဒေအရ သမ္မတအစိုးရအဖွဲ့သည် ပညာရေး၊ တရားဥပဒေထိန်းသိမ်းရေး၊ ကျန်းမာမှုစောင့်ရှောက်ရေးတို့အတွက် ဒေါ်လာ ၃၉၀ ဘီလီယံကို လိုအပ်သလို လွှတ်လပ်စွာသုံးစွဲ ခွင့် ပြုထားလိုက်သည်။

ကွန်ဂရက်နှင့် အစိုးရအဖွဲ့တို့ အကြား နိုဝင်ဘာလ ၁၈ ရက်နေ့က သဘောတူညီချက်အရ အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂသို့ ပေးသွင်းရန် ကျန်ရှိနေသေးသောဒေါ်လာတစ်သန်းခန့် ပေးသွင်းရေးကို ရီပတ်ဘလီကန်အမတ်တို့က သဘောတူခဲ့သည်။ ပြည်ထောင်စုလုပ်ငန်း အစီအစဉ်အားလုံးအတွက် အသုံးစရိတ်များမှ ၀.၃၈ ရာခိုင်နှုန်းကို ဖြတ်ချလိုက်ခြင်း ပင်လယ်ရပ်ခြားဒေသများ၌ ပဋိသန္ဓေ ဖျက်ချခွင့်ကို တောင်းဆိုနေကြသော မိသားစု စီမံကိန်းအဖွဲ့များအတွက် ပြည်ထောင်စုရန်ပုံငွေမှ ထောက်ခံနေမှုကို ပိတ်ပင်တားဆီးနေခြင်းတို့အတွက် အပြန်အလှန်လိုက်လျောသည့်အနေဖြင့် ရီပတ်ဘလီကန်အမတ်များက သမ္မတအစိုးရအဖွဲ့အား ပညာရေးနှင့်တရားဥပဒေထိန်းသိမ်းရေးကိစ္စများတွင် ပိုမိုသုံးစွဲခွင့် ပြုခဲ့ကြသည်။

မိုက္ကရိုဆော့ (ဖ်) ကိုဆန့်ကျင်သည့်အချက်အလက်ရှာဖွေတွေ့ရှိမှု– ၀ါရှင်တန်ဒီစီတွင် ရုံးထိုင်သော ခရိုင်တရားသူကြီး သောမတ်စ်ပင်းဖီးလ်ဂျက်ဆင်သည် မိုက္ကရိုဆော့(ဖ်) ကော်ပိုရေးရှင်းကို ဆန့်ကျင်သည့်အချက်အလက်ရှာဖွေတွေ့ရှိမှုကို နို ဝင်ဘာလ ၉ ရက်နေ့က ထုတ်ပြန်လိုက်သည်။ ထိုစာတမ်း၌ စာမျက်နှာ ၂၀၇ မျက်နှာပါရှိသည်။ ထိုတွေ့ရှိ ချက်များအရ တရားသူကြီးဂျက်ဆင်သည် တရားရေး ဝန်ကြီးဌာနက မိုက္ကရိုဆော့(ဖ်) အပေါ် လက်ဝါးကြီး အုပ်ချုပ်မှု ဆန့်ကျင်ရေးအက်ဥဒေဖြင့် ငြိစွန်းမှုရှိကြောင်း အဓိကစွပ်စွဲချက်အား လုံးကို လက်ခံကြောင်း ဖော်ပြခဲ့သည်။ မိုက္ကရိုဆော့(ဖ်)သည် ပုဂ္ဂလိကသုံးကွန်ပျူတာဆော့(ဖ်)၀ဲ စျေးကွက်ကို ကြီးစိုးထားခြင်းဖြင့် ယှဉ်ပြိုင်ဘက်များကို ခြိမ်းခြောက်နေခြင်း၊ တီထွင်ဆန်းစစ်မှုကို ပိတ်ဆို့နေခြင်း၊ ယှဉ်ပြိုင်မှုကို ချိုးနှိမ်ထားခြင်းတို့ ရှိသည်ဟု တရားရေး၀န်ကြီး ဌာနက စွပ်စွဲထားသည်။ ဤတွေ့ရှိချက်အပေါ်အခြေခံလျက် ပြည်ထောင်စုအစိုးရသည် မိုက္ကရိုဆော့(ဖ်) ကော်ပိုရေးရှင်းကို ခွဲခြားစိတ်ဖြာ ပစ်စေနိုင်သည်။ စီးပွားရေးအရ အကဲပါသော သတင်းအချက်အလက်များကို မိုက္ကရိုဆော့(ဖ်)က မျှ၀ေပေးရမည် ဖြစ်သည်။ ယှဉ်ပြိုင်ဘက် ကုမ္ပဏီများအနေဖြင့် မိုက္ကရိုဆော့(ဖ်)က ပြုလုပ်ထားသော Windows ဆောင်ရွက်ပုံစနစ်နှင့် အံ၀င်ခွင်ကျရှိမည့်ဆော့(ဖ်)၀ဲများကို ထုတ်လုပ်နိုင်တော့မည် ဖြစ်သည်။ မိုက္ကရိုဆော့(ဖ်)ကော်ပိုရေးရှင်းသည် ရုံးပြင်တွင် ကျေးဇူးမှုရှိအောင် ကြိုးစားနေရင်း ဂျက်ဆင်၏ စီရင်ချက်ကိုလည်း အယူခံ၀င်ရန် စဉ်းစားနေကြောင်း သိရှိ ရသည်။

ဦးခင်မောင်မြ

အရှေ့ဖျားနှင့် တောင်ပစိဖိတ်နိုင်ငံများ မသန်စွမ်းသူများအားကစားပြိုင်ပွဲ။ ။သတ္တမအကြိမ် အရှေ့ဖျားနှင့် တောင်ပစိဖိတ်နိုင်ငံများ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပ သည်။ အရှေ့ ဖျားနှင့် တောင်ပစိဖိတ်နိုင်ငံများ မသန်စွမ်းသူများ အားကစား ပြိုင်ပွဲကျင်းပရာတွင် မသန်စွမ်းသူများ၏ ဘဝကို အားကစားမှ တစ်ဆင့်မြှင့်တင်ပေးရန်၊ မသန်စွမ်းသူများ၏ စွမ်းပကား ကို လူမှုပတ်ဝန်းကျင်မှ သတိမူ၍ ဂရုပြုလာစေရန်နှင့် မသန် စွမ်းသူများ၏ ကာယစွမ်းအားမြင့်မားလာပြီး ထူးချွန်သည့် အားကစားများပေါ်ပေါက်လာစေရန်ဟူသော ရည်ရွယ်ချက် များဖြင့် ကျင်းပခြင်းဖြစ်သည်။ သတ္တမအကြိမ်ပြိုင်ပွဲ၏ ဆောင်ပုဒ်ကို Equality in One World (ကမ္ဘာတစ်လွှား လူသားများတွင် မသန်လည်းလူ သန်လည်းလူ တူညီခွင့်ရေး ဦးစားပေး) ဟု ချမှတ်ထားသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၅ မျိုးကျင်းပရာ ပြိုင်ပွဲဝင်နိုင်ငံ ၃၄ နိုင်ငံမှ နိုင်ငံလိုက်ရွေးစင် မသန်စွမ်းအားကစားသမား ၂,၄၃၀ ဝင်ရောက်ယှဉ်ပြိုင်သည်။ ပါဝင်ယှဉ်ပြိုင်သူ အားကစားသမားအများဆုံး နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး ၃၈၆ ဦးရှိသည်။ မြန်မာနိုင်ငံမှ လက်ရွေးစင် အားကစားသမား ၂၉ ဦးဖြင့် ရေကူး၊ ဂျူဒို၊ ဘော်လီဘော၊ ပြေးခုန်ပစ် အားကစားနည်းလေးမျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ၁၆ ခု၊ ကြေးတံဆိပ် ၁၈ ခု စုစုပေါင်းဆုတံဆိပ် ၄၁ ခု ရရှိပြီး ပြိုင်ပွဲဝင်နိုင်ငံ ၃၄ နိုင်ငံ အနက် ဆုတံဆိပ်ဆွတ်ခူးသည့် ၂၉ နိုင်ငံတွင် မြန်မာနိုင်ငံ သည် အဆင့် ၁၀ ဖြစ်သည်။ မြန်မာနိုင်ငံမှ ဆွတ်ခူးသော ရွှေတံဆိပ် ခုနစ်ခုတွင် ပြေးခုန်ပစ်မှ ခြောက်ခုနှင့် ဘော်လီဘော မှ တစ်ခု၊ ငွေတံဆိပ် ၁၆ ခုတွင် ပြေးခုန်ပစ်မှ ၁၅ ခုနှင့် ရေကူး မှ တစ်ခု၊ ကြေးတံဆိပ် ၁၈ ခုတွင် ပြေးခုန်ပစ်မှ ၁၇ ခုနှင့် ရေကူးမှ တစ်ခု ဆွတ်ခူးသည်။



မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်. အရှေ.ဖျားနှင့် တောင်ပစိဖိတ်နိုင်ငံများ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် အောင်နိုင်ခဲ့ကြသော အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

အရှေ့ဖျားနှင့် တောင်ပစိဖိတ်နိုင်ငံများ မသန်စွမ်းသူများ၏ ကာယစွမ်းအား မြင့်မားလာပြီး ထူးချွန်သည့် အားကစားများပေါ်ပေါက်လာစေရန်ဟူသော ရည်ရွယ်ချက် များဖြင့် ကျင်းပခြင်းဖြစ်သည်။ သတ္တမအကြိမ်ပြိုင်ပွဲ၏ ဆောင်ပုဒ်ကို Equality in One World (ကမ္ဘာတစ်လွှား လူသားများတွင် မသန်လည်းလူ သန်လည်းလူ တူညီခွင့်ရေး ဦးစားပေး) ဟု ချမှတ်ထားသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၅ မျိုးကျင်းပရာ ပြိုင်ပွဲဝင်နိုင်ငံ ၃၄ နိုင်ငံမှ နိုင်ငံလိုက်ရွေးစင် မသန်စွမ်းအားကစားသမား ၂,၄၃၀ ဝင်ရောက်ယှဉ်ပြိုင်သည်။ ပါဝင်ယှဉ်ပြိုင်သူ အားကစားသမားအများဆုံး နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး ၃၈၆ ဦးရှိသည်။ မြန်မာနိုင်ငံမှ လက်ရွေးစင် အားကစားသမား ၂၉ ဦးဖြင့် ရေကူး၊ ဂျူဒို၊ ဘော်လီဘော၊ ပြေးခုန်ပစ် အားကစားနည်းလေးမျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ၁၆ ခု၊ ကြေးတံဆိပ် ၁၈ ခု စုစုပေါင်းဆုတံဆိပ် ၄၁ ခု ရရှိပြီး ပြိုင်ပွဲဝင်နိုင်ငံ ၃၄ နိုင်ငံ အနက် ဆုတံဆိပ်ဆွတ်ခူးသည့် ၂၉ နိုင်ငံတွင် မြန်မာနိုင်ငံ သည် အဆင့် ၁၀ ဖြစ်သည်။ မြန်မာနိုင်ငံမှ ဆွတ်ခူးသော ရွှေတံဆိပ် ခုနစ်ခုတွင် ပြေးခုန်ပစ်မှ ခြောက်ခုနှင့် ဘော်လီဘော မှ တစ်ခု၊ ငွေတံဆိပ် ၁၆ ခုတွင် ပြေးခုန်ပစ်မှ ၁၅ ခုနှင့် ရေကူး မှ တစ်ခု၊ ကြေးတံဆိပ် ၁၈ ခုတွင် ပြေးခုန်ပစ်မှ ၁၇ ခုနှင့် ရေကူးမှ တစ်ခု ဆွတ်ခူးသည်။

အရှေ့ဖျားနှင့် တောင်ပစိဖိတ်နိုင်ငံများ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသည် နိုင်ငံတကာ အားကစားပြိုင်ပွဲ တစ်ခုဖြစ်ပြီး ပြိုင်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပရန် သတ်မှတ်ထားသည်။ ၁၉၇၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသော ပထမ အကြိမ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားသမားသုံးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် တစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခု၊ ၁၉၇၈ ခုနှစ်တွင် သြစတြေးလျ နိုင်ငံ၌ ကျင်းပသော ဒုတိယအကြိမ် ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားသမား ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၁၅ ခု၊ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ် ၃၂ ခု၊ ၁၉၈၂ ခုနှစ်တွင် ဟောင်ကောင်၌ ကျင်းပသော တတိယအကြိမ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားသမား ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် လေးခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခု၊ ၁၉၈၉ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသော ပဉ္စမ အကြိမ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ

အား:ကစား:သမား: ၁၅ ဦး: ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ်ကိုး:ခု၊ ကြေး:တံဆိပ် ၁၀ ခု စုစုပေါင်: ဆုတံဆိပ် ၂၇ ခု၊ ၁၉၉၄ ခုနှစ် တွင် တရုတ်နိုင်ငံ၌ ကျင်းပသော ဆဋ္ဌမအကြိမ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အား:ကစား:သမား: ၂၂ ဦး:ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် လေး:ခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေး:တံဆိပ် ၁၄ ခု စုစုပေါင်: ဆုတံဆိပ် ၂၅ ခုရရှိခဲ့ရာ ပြိုင်ပွဲခုနစ်ကြိမ်အနက် ပြိုင်ပွဲ ခြောက်ကြိမ်သို့ အား:ကစား:သမား: ၁၀၀ ဝင်ရောက် ယှဉ်ပြိုင်ရာမှ ရွှေတံဆိပ် ၄၂ ခု၊ ငွေတံဆိပ် ၅၁ ခု၊ ကြေး:တံဆိပ် ၄၇ ခု စုစုပေါင်: ဆုတံဆိပ် ၁၄၀ ဆွတ်ခူး: နိုင်ခဲ့ပြီး:ဖြစ်သည်။

အရှေ့.အလယ်ပိုင်း:ဒေသ။ ။ပါလက်စတိုင်:ဥပဒေပြုကောင်စီ၌ ဇန်နဝါရီလ ၁၃ ရက်နေ့ပါလက်စတိုင်: အမျိုး:သား: အာဏာပိုင်အဖွဲ့.အနေဖြင့် နိုင်ငံရေး:အရ ဖမ်:ဆီး:ချုပ်နှောင်မှုများ: ရပ်စဲရေး:နှင့် နိုင်ငံရေး အကြောင်: ပြချက်များ:သက်သက်ဖြင့် ဖမ်:ဆီး:ထား:သူ အား:လုံး: လွှတ်ပေး: ရေး:အဆိုကိုတင်သွင်:ခဲ့သည်။ယင်:အဆိုကို လိုက်နာ ဆောက်ရွက်သည့်အနေဖြင့်ပါလက်စတိုင်: အမျိုး:သား: အာဏာပိုင်အဖွဲ့.က အစွန်လာမ်ဝါဒီ ၃၆ ဦး:နှင့် ပါလက်စတိုင်: လွတ်မြောက်ရေး: ပြည်သူ့တပ်ဦး:မှ အဖွဲ့.ဝင်တစ်ဦး: အပါအဝင် အကျဉ်:သား:စုစုပေါင်: ၃၇ ဦး:တို့ကို ထောင်မှ လွှတ်ပေး:ခဲ့သည်။ ထို့သို့လွှတ်ပစ်ခြင်း:ကို အစွန်ရေး:တို့က ဝေဖန်ခဲ့သည်။ ၁၉၉၇ ခုနှစ် အောက်တိုဘာလတွင် ချုပ်ဆို ခဲ့သော ဝိုင်:မြစ်သဘော တူညီချက်အရ "အကြမ်:ဖက်မှ သံသယ" ဖြင့် ဖမ်:ဆီး:ထား:သူတစ်ဦး:အား: လွှတ်ပေး:မည်ဟုဆိုလျှင် ပါလက်စတိုင်:အမျိုး:သား: အာဏာပိုင်အဖွဲ့သည် အမေရိကန်ပြည်ထောင်စုသို့ အကြောင်:ကြား:ရမည် ဖြစ်ကြောင်း၊ သို့မှသာ အမေရိကန်ပြည်ထောင်စု အနေဖြင့် အစွန်ရေး:သို့ အသိပေး:နိုင် ကြောင်: ပါရှိနေပါလျက် ယခုကဲ့သို့ လွှတ်ပစ်ခြင်း:မှာ ဝိုင်:မြစ်သဘောတူညီချက်ကို ဖောက်ဖျက်ရာရောက်ကြောင်: ဝေဖန်ခဲ့ခြင်း:ဖြစ်သည်။

ကိုလန်ကုန်း:မြင့်နှင့် အရှေ့.ဂျေရုဆလင်နယ်မြေကိစ္စ– ဇန်နဝါရီလ ၂၆ ရက်နေ့တွင် အစွန်ရေး:လွှတ်တော်ဖြစ်သော ကနက်ဆက်က ဥပဒေကြမ်:တစ်ရပ်ကို ပြဋ္ဌာန်း: လိုက်သည်။ အဆိုပါ ဥပဒေကြမ်:အရ ကိုလန်ကုန်:မြင့်နှင့် အရှေ့.ဂျေရုဆလင်နယ်မြေ လွှဲပြောင်:ပေး:ရေး: ကိစ္စ အတွက်အမတ်ဦး:ရေ ၂၀ ရှိသောကနက်ဆက် လွှတ်တော်တွင် ထောက်ခံမဲ ၆၁ မဲ ရရှိရန် လိုအပ်ကြောင်း၊ ထို့ပြင် ပြည်လုံး: ကျွတ် ဆန္ဒခံယူမှုဖြင့် အတည်ပြုချက်ရယူရန် လိုအပ်ကြောင်း: တို့ပါရှိသည်။ ကနက်ဆက်လွှတ်တော် ၌ ထိုဥပဒေကြမ်:ကို ၅၃–၃၀ မဲဖြင့် အတည်ပြု ပြဋ္ဌာန်း:ခဲ့သည်။

ပါလက်စတိုင်း–ကျော်ဒန်ပြည်ထောင်ပေါင်းချုပ် ဖွဲ့စည်းရေး – ပါလက်စတိုင်:ခေါင်:ဆောင် ယာဆာအာရာဖတ်သည် ပါလက်စတိုင်:– ကျော်ဒန် ပြည်ထောင်ပေါင်းချုပ်(ကွန်ဖက်ဒရေး:ရင်:) ဖွဲ့စည်:တည်ထောင်ရန် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ရုတ်တရက်တောင်:ဆိုလိုက်သည်။ ကျော်ဒန်ဘုရင် ကွယ်လွန်ပြီး:နောက် ရက်ပိုင်:အတွင်:မှပင် အာရာဖတ်က ဤသို့ ကြေညာလိုက်ခြင်: ဖြစ်သည်။ ၁၉၈၅ ခုနှစ်က ပါလက်စတိုင်:နှင့် ကျော်ဒန်တို့ ပူး:တွဲ၍ ငြိမ်:ချမ်:ရေး:အတွက် စတင်ထို:ဖောက် လှုပ်ရှား:ခဲ့စဉ်ကပင် ပြည်ထောင်ပေါင်:ချုပ် ဖွဲ့စည်:ရေး: စိတ်ကူး:စိတ်သန်:ရှိခဲ့ဖူး:သည်။ သို့ရာတွင် ၁၉၈၆ ခုနှစ်၌ ကျော်ဒန်ဘုရင်သည် ထိုစိတ်ကူး:စိတ်သန်:ကို စွန့်လွှတ်ခဲ့ပြီး: ဖြစ်သည်။ ထိုအဆိုပြုချက်အပေါ် ကျော်ဒန်နိုင်ငံသည် အေး:စက်စက်ပင် သဘောထား:ခဲ့သည်။ အနောက်ဘက် ကမ်:ခြေနှင့် ဂါဇာကမ်:မြောင်တို့မှ အစွန်ရေး:တို့အပြီး: အပိုင်ဆုတ်ခွာထွက်သွား:ပြီး: နောက်မှသာ ဤသို့ ပြည်ထောင် ပေါင်:ချုပ်ကို ဖွဲ့စည်:ရန် ဆုံ:ဖြတ်နိုင်မည် ဖြစ်ကြောင်: ကျော်ဒန် အာရာရှိတစ်ဦး:က ပြောကြား: လိုက်သည်။

ပါလက်စတိုင်:လွတ်လပ်ရေး: ကြေညာရက်ရွှေ့.ဆိုင်:ဖွယ်– အော့စလို သဘောတူညီချက်အရ နောက်ဆုံ:အပြီ:အပြတ် ဖြေရှင်:ရေးအတွက် ဆွေး:နွေး:မှုများ: ကုန်ဆုံ:မည့် နေ့ရက်ဖြစ်သော မေလ ၄ ရက်နေ့တွင် ပါလက်စတိုင်: လွတ်လပ်ရေး:ကို ကြေညာမည်ဖြစ်ကြောင်: အာရာဖတ်က ပြောကြား: သည်။ သို့ရာတွင် ဒမက်(စ်)ကပ်(ခ်)ကို အခြေဆိုက်ထား:သော ပါလက်စတိုင်:လွတ်မြောက်ရေး: ဒီမိုကရေစီတပ်ဦး:မှ အရာရှိများ:နှင့် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က တွေ့ဆုံဆွေး:နွေး:ရာ၌ လွတ်လပ်ရေး:ကြေညာမည့် နေ့ရက်ကို ရွှေ့.ဆိုင်:ထား:ရန် အာရာဖတ်အပေါ် နိုင်ငံတကာ ဖိအား: ပေး:မှုများ:ကလည်: ရှိနေသည်။

အထွေထွေညီလာခံဆုံ:ဖြတ်ချက်– ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ဇူလိုင်လ ၁၅ ရက်နေ့၌ အထူး:ကွန်ဖရင့်တစ်ရပ် ကျင်:ပရန် ဆုံ:ဖြတ်ခဲ့သည်။ ထိုအထူး: ကွန်ဖရင့်မှာ ၁၉၄၉ ခုနှစ်တွင် ကျင်:ပခဲ့

သည့် စတုတ္ထအကြိမ်မြောက် ဂျီနီဗာကွန်းဗင်းရှင်း ဆုံးဖြတ်ချက်များအတိုင်း အစွန်ရေးတို့ သိမ်းပိုက်အုပ်ချုပ်ထားသောဒေသများ၌ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှုကို ပိတ်ပင်ရေးကိစ္စများအတွက် ဆွေးနွေးရန်ဖြစ်သည်။ အထွေထွေညီလာခံ၌ ထိုဆုံးဖြတ်ချက်ကို ချမှတ်ရာ၌ ထောက်ခံမဲ ၁၁၅ မဲနှင့် ကန့်ကွက်မဲ ၂ မဲ ရှိခဲ့သည်။ အမေရိကန် ပြည် ထောင်စုနှင့် အစွန်ရေးတို့က ကန့်ကွက်ခဲ့ကြသည်။

နိုင်ငံတကာအလှူရှင်များ၏ထောက်ပံ့မှု– ဖေဖော်ဝါရီလ ၄ ရက်နှင့် ၅ ရက်နေ့များတွင် ဂျာမနီနိုင်ငံ၊ ဖရင့်ဖက်မြို့၌ နိုင်ငံတကာ အလှူရှင်များ အစည်းအဝေးကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေးက ပါလက်စတိုင်း အာဏာပိုင် အဖွဲ့သို့ ဒေါ်လာသန်း ၇၀၀ ထောက်ပံ့ရန် ကတိပြုခဲ့ ကြသည်။ ငွေကြေးထောက်ပံ့မှုကို ခွင့်ပြုငွေ၊ အတိုးသက်သာ ရေရှည်ပေးဆပ်ရသည့်ချေးငွေ၊ အာမခံချက်ပြုသည့်ငွေ ပုံစံများဖြင့် ပြုလုပ်ကြမည်ဖြစ်သည်။

အပြန်အလှန်နှစ်လိုဖွယ်စကားများ– ဆီးရီးယားသမ္မတအာဆတ်၏ အတွုပ္ပတ္တိရေးသားသူ ဗြိတိသျှလူမျိုး ပက်ထရစ်ဆီးသည် သမ္မတအာဆတ်၊ အစွန်ရေး အရွေးချယ်ခံဝန်ကြီးချုပ် အေဟုဘာရက်တို့နှင့် တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်ခဲ့သည်။ မေလအလယ်ပိုင်းက ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်း အကြောင်းအရာများကို လန်ဒန်အခြေစိုက် အာရပ်ဘာသာစကားနှင့် ထုတ်ဝေသော အာလ်ဟာယတ်သတင်းစာ၌ ဖော်ပြခဲ့သည်။

သမ္မတအာဆတ်က အေဟုဘာရက်သည် ခိုင်မာ၍ ရိုးသားသူဖြစ်ကြောင်း၊ ဆီးရီးယားနှင့် ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ပေးစွမ်းနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အရွေးချယ်ခံဝန်ကြီးချုပ် ဘာရက်ကလည်း အာဆတ်၏ အမွေအနှစ်မှာ ခိုင်မာတောင့်တင်းသော၊ လွတ်လပ်သော၊ မိမိကိုယ်မိမိကိုယ် ယုံကြည်မှုရှိသော ဆီးရီးယားနိုင်ငံပင် ဖြစ်ကြောင်း၊ ဆီးရီးယားသည် အရွေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးအတွက် အလွန်အရေးကြီးကြောင်းများကို ပြောကြားခဲ့သည်။

ယင်းသို့ အပြန်အလှန် နှစ်လိုဖွယ်စကားများကို ထောက်ရှု၍ အရွေ့အလယ်ပိုင်းဒေသအရေးနှင့် ဆက်စပ်ပြီး ဆီးရီးယားနှင့် အစွန်ရေးတို့အကြား ညှိနှိုင်းမှုကို ၁၉၉၆ ခုနှစ်ကပင် ရပ်ဆိုင်းထားခဲ့မှုအား အဆုံးသတ်စေ၍ နှစ်ဘက် စေ့စပ်ဆွေးနွေးမှုများ ပြန်လည်စတင်ဖွယ်ရာ အရိပ်နိမိတ်ဟု အကဲခတ်သမားအများက ပြောဆိုနေကြသည်။

အနောက်ဘက် ကမ်းခြေနှင့်ဂါဇာအကြား ခရီး လမ်းပန်းဆက်သွယ်ရေး– ဇွန်လ ၁၈ ရက်နေ့တွင် အစွန်ရေးသတင်းစာ ဟာရက်(၆)နှင့် တွေ့ဆုံမေးမြန်းခန်း၌ ဝန်ကြီးချုပ် ဘာရက်က အနောက်ဘက်ကမ်းခြေဒေသနှင့် ဂါဇာ ကမ်းမြောင်တို့အကြား ကုန်လမ်းနှင့် မီးရထားလမ်းဖောက်လုပ်မှု အစီအစဉ်များကို ပြန်လည်ပြုလုပ်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အစွန်ရေးတို့ သိမ်းပိုက်ထားသော နယ်မြေများအတွင်း ပါလက်စတိုင်းလူမျိုး၏ သွားလာမှုများကို ကန့်သတ်ချုပ်ချယ်ထားမှုများသည် ပါလက်စတိုင်းနှင့်အစွန်ရေး နှစ်ဘက်ဆွေးနွေးညှိနှိုင်းမှုများ၌ အကျိတ်အနယ် ငြင်းခုံနေကြသော အကြောင်းအရာပြဿနာ တစ်ရပ်ဖြစ်သည်။

အနောက်ကမ်းခြေဒေသမငြိမ်သက်မှု– မေလနောက်ပိုင်းတွင် အစွန်ရေးကာကွယ်ရေးဝန်ကြီး ပိုရေအာရင်း(စ်)က အနောက်ကမ်းခြေဒေသ၌ ဂျူးတို့ အကျယ်ပြန့်ဆုံးအခြေစိုက် နေထိုင်ကြသော မာအာလေအဒူမင်းအရပ်၌ ဂျူးအခြေစိုက်နေထိုင်သူ ၂၅၀၀၀ မှ ၅၀၀၀၀ အထိ တိုးချဲ့နေထိုင်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းသို့ ပြောကြားချက်ကို ကန့်ကွက် ဆန္ဒပြသည့် အနေဖြင့် "ဒေါသထွက်နေသောနေ့" အဖြစ် လူထုဆန္ဒထုတ်ဖော်ပြသရန် ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်က တိုက်တွန်း ခဲ့သည်။ ထိုတိုက်တွန်းချက်အရ ဇွန်လ ၃ ရက်နေ့တွင် ဂျူးအခြေစိုက်စခန်းများကို တိုးချဲ့ဆောက်လုပ်မှုကို ကန့်ကွက်သော လူထုဆန္ဒပြပွဲကြီး တစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ ကန့်ကွက်ဆန္ဒပြသူများကို အစွန်ရေးတပ်ဖွဲ့တို့က ပစ်ခတ်သဖြင့် လူတစ်ဦးသေဆုံးပြီး အမြောက်အများ ဒဏ်ရာရရှိ သွားခဲ့ကြသည်။

ဆွေးနွေးညှိနှိုင်းမှု နောက်ဆုံးအဆင့်သို့– ဇူလိုင်လ ၆ ရက်နေ့တွင် အေဟုဘာရက်သည် တရား၀င်ဝန်ကြီးချုပ်ဖြစ်လာပြီးသည်မှစ၍ ဒေသတွင်း သံခင်းတမန်ခင်းကိစ္စများကို ဆောင်ရွက် လာတော့သည်။ တရား၀င်ဝန်ကြီးချုပ်ဖြစ်လာပြီးသည့် ပထမ သီတင်းပတ်အတွင်းမှာပင် ဇူလိုင်လ ၁၁ ရက်နေ့က ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်နှင့် အေရက်(ခ်)အရပ်၌ တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ထိုနောက် အီဂျစ်သမ္မတ မူဘာရက်၊ ဂျော်ဒန်ဘုရင် အဗ္ဒူလာ၊ တူရကီ သမ္မတစူလေမန် ဒီမီရဲ(လ်)တို့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

ဇူလိုင်လ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့များအတွင်း ဘရက်သည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ကာ သမ္မတ ကလင်တန်၊ နိုင်ငံခြားရေးဝန်ကြီး အောလ်ဘရိုက် တို့နှင့် ဆွေးနွေးခဲ့သည်။ ပါလက်စတိုင်းတို့နှင့် သဘောတူညီ ထားခဲသည့် အချက်များကို ဆက်လက်အကောင်အထည်ဖော်ရေး၊ ဆီးရီးယားနှင့် ညှိနှိုင်းမှုများ ပြန်လည်စတင်ရေး တို့ကို ဆွေးနွေးခဲ့သည်။ နောင်လာမည့် ၁၅ နှစ်အတွင်း ဆီးရီးယား၊ လက်ဘနွန်၊ ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များ ပြုလုပ်ကာ ဘက်စုံလွှမ်းခြုံသော ဘောင်အတွင်းမှ ဆက်လက်ညှိနှိုင်းမှုများ ပြုလုပ်ရန်တို့ကို ဆွေးနွေးခဲ့သည်။

မော်ရော့ကိုဘုရင် ဒုတိယမြောက် ဟတ်ဆန်၏ စွာပနအခမ်းအနား ကျင်းပစဉ်အတွင်း ဇူလိုင်လ ၂၅ ရက်နေ့ကလည်း ဘရက်နှင့် အာရာဖတ်တို့သည် သမ္မတ ကလင်တန်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးစဉ် ဘရက်က သူသည် ဝိုင်းမြစ်သဘောတူညီချက်များမှ တတိယအပိုင်းနှင့် ဆွေးနွေးညှိနှိုင်း နောက်ဆုံးအဆင့်တို့ကို ပေါင်းစပ်ပြုလုပ်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ စက်တင်ဘာလ ၁ ရက်နေ့တွင် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးအောလ်ဘရိုက်သည် အဆိုပါဒေသသို့ လာရောက်မည်ကို ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပါလက်စတိုင်းနှင့် အစ္စရေးအရာရှိများသည် ဝိုင်းမြစ်သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးပွဲများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြသည်။ ဩဂုတ်လနှောင်းပိုင်းအထိ ကာလများအတွင်း ဥရောပနိုင်ငံအချို့ကလည်း အရှေ့အလယ်ပိုင်း သံတမန်ရေးရာ ကိစ္စများ၌ ပိုမိုတက်ကြွစွာ ပါဝင်လာကြသည်။ နော်ဝေနှင့် နယ်သာလန် နိုင်ငံတို့မှ အဆင့်မြင့်အရာရှိများသည် အစ္စရေး၊ ဆီးရီးယားနှင့် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများသို့ သွားရောက်ခဲ့ကြသည်။

ဆီးရီးယား–အစ္စရေး ဆွေးနွေးပွဲ– ဇွန်လအတွင်းက ဆီးရီးယားနှင့် အစ္စရေးခေါင်းဆောင် နှစ်ဦးတို့ချင်း အပြန်အလှန် နှစ်လိုဖွယ်စကားများ ဖလှယ်ကြပြီးနောက် ဇူလိုင်လအတွင်း နှစ်နိုင်ငံဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ခဲ့သည်။ ဇူလိုင်လ စောစောပိုင်းတွင် ဆီးရီးယား ဒုတိယ သမ္မတခတ်ဒမ်သည် အစ္စရေးနိုင်ငံ ဖြစ်တည်မှုကို လုံးဝငြင်းပယ် ဆန့်ကျင်နေကြသည် အဖွဲ့များမှ ခေါင်းဆောင်တို့နှင့် ဆီးရီးယားနိုင်ငံတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ပါလက်စတိုင်း လွတ်မြောက်ရေးပြည်သူ့တပ်ဦး၊ ပါလက်စတိုင်းလွတ်မြောက်ရေး ပြည်သူ့တပ်ဦး– အထွေထွေစစ်ဦးအဖွဲ့၊ ဖါတာတော်လှန်ရေးကောင်စီ အာလ်ဆိုင်ကာအဖွဲ့တို့အနေဖြင့် အစ္စရေးပစ်မှတ်များအား တိုက်ခိုက်နေမှုများကို ရပ်ဆိုင်းကြရန် ဒုတိယသမ္မတ ခတ်ဒမ်က အလေးအနက် ပြောကြားခဲ့သည်။

ဩဂုတ်လအတွင်းက အာရာဖတ်သည် အစ္စရေးနိုင်ငံဖြစ်တည်မှု ဆန့်ကျင်ရေးအဖွဲ့များမှ ခေါင်းဆောင်တို့နှင့် အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးမှုများနှင့် ဆက်စပ်လျက် ဆီးရီးယားခေါင်းဆောင်များက အာရာဖတ်အပေါ် သံသယဝင်ခဲ့ကြသည်။ အရှေ့အလယ်ပိုင်းအရေးနှင့်ပတ်သက်၍ အစ္စရေးတို့နှင့် ဆွေးနွေးရာ၌ အာရာဖတ်သည် သူ့ကိုယ်သူ ပါလက်စတိုင်းအုပ်စု အများအပြားအတွက် ရပ်တည်ကိုယ်စားပြုမှုကို ပေါ်လွင်စေရန် ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း၊ ဆီးရီးယား–အစ္စရေး ဆွေးနွေးပွဲလမ်းကြောင်းများ ပိုမိုကျယ်ပြန့်လာရေးအတွက်လည်း အာရာဖတ်က ပင် လုပ်နေကြောင်း ပေါ်လွင်စေရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့သည်။ ဩဂုတ်လ ၂ ရက်နေ့တွင် ဆီးရီးယားကာကွယ်ရေးဝန်ကြီး မူ(စ်)တာဖာကလပ်(စ်)က အာရာဖတ်သည် “အရှက်မဲ့စွာ ကိုယ်လုံးတီးချွတ်ပြခဲ့သူ”ဟူ၍ လည်းကောင်း၊ “ခွေး ၆၀၀၀ ၏သား” “ပြည့်တန်ဆာမ ၆၀၀၀၀ တို့၏သား” ဖြစ်သည်ဟူ၍ လည်းကောင်း ရင့်သည်းစွာ ရှုတ်ချပြောဆို ခဲ့သည်။

ဟားမာ့(စ်)အဖွဲ့ဝင်တို့၏ လှုပ်ရှားမှု– ဩဂုတ်လ နောင်းပိုင်းအတွင်း အနောက်ဘက်ကမ်းခြေဒေသတွင် မော်တော်ကားကို အခမဲ့စီးနင်းလိုက်ပါလာသော အပျော်ခရီးသွားအစ္စရေးခရီးသည်နှစ်ဦး သတ်ဖြတ်ခံခဲ့ရသည်။ ယင်းသို့ သတ်ဖြတ်ခြင်းကို ဟားမာ့(စ်)အဖွဲ့(အစ္စရေး ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့က ပြုလုပ်ခဲ့ကြောင်း စက်တင်ဘာလ ၁ ရက်နေ့က ကြေညာခဲ့သည်။ ထို့အပြင် ဂါဇာရှိ ပါလက်စတိုင်း လုံခြုံရေးတပ်ဖွဲ့များက ဟားမာ့(စ်) လှုပ်ရှားရေးသမား ၉၀ ဦးကို ဖမ်းဆီးလိုက်ခြင်းကြောင့်၄င်းတို့၏ လွတ်မြောက်ရေး လှုပ်ရှားမှုကို ဆုံးခန်းတိုင်အောင် လှုပ်ရှားဖို့ တွန်းပို့ရာ ရောက်ကြောင်း ကြေညာချက်တစ်စောင်လည်း ထုတ်ပြန်ခဲ့သည်။ ဂျော်ဒန်နိုင်ငံ၊ အက်မန်းမြို့ရှိ ဟားမာ့(စ်)အဖွဲ့၏ ရုံးခန်းများကို စီးပွားရေးလုပ်ငန်းများအတွက် ဖွင့်ခွင့်ပေးထားသော်လည်း နိုင်ငံရေးရည်ရွယ်ချက်များပါ အသုံးချနေသောကြောင့် ဩဂုတ်လ ၃၀ ရက်နေ့တွင် ထိုရုံးများကို ပိတ်ပစ်လိုက်သည်။

ပါလက်စတိုင်း အကျဉ်းသားများကို လွှတ်ပေးလိုက်ခြင်း- နှစ်ဘက်သဘောတူ ညှိနှိုင်းချက်များအရ အစ္စရေးသည် ပါလက်စတိုင်းအကျဉ်းသားများကို လွှတ်ပေးလျက်ရှိသည်။ အောက်တိုဘာလ ၁၅ ရက်နေ့က ထပ်မံ၍ ပါလက်စတိုင်း အကျဉ်းသား ၁၅၁ ဦးကို စေလွှတ်ပေးခဲ့သည်။ ထိုသို့ စေလွှတ်ပေးခဲ့သူများတွင် ဟားမာ့(စ်)နှင့် ဂျီဟဒ်အဖွဲ့ဝင် ၁၀ ဦးခန့် ပါဝင်သွားခဲ့သည်။

"နောက်ဆုံးအဆင့်" ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင်များ- "နောက်ဆုံးအဆင့်" ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင်အဖြစ် ပါလက်စတိုင်းတို့ဘက်မှ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီး အဘစ်အာရ်ရပ်ဘူးအား စက်တင်ဘာလ ၁၃ ရက်နေ့က ခန့်အပ်တာဝန်ပေးခဲ့သည်။ အစ္စရေးတို့ဘက်မှ ဂျော်ဒန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး အိုဒက်အေရန်ကို အောက်တိုဘာလ ၂၅ ရက်နေ့က ခန့်အပ်တာဝန်ပေးခဲ့သည်။

နောက်ဆုံးအဆင့် ဆွေးနွေးပွဲများတွင် ကွဲလွဲချက်များ လျော့ပါးသွားစေရေးကို ရှေးရှုပြီး အတွင်းလှို့ဝှက်ဆက်သွယ်ရေး လမ်းကြောင်းဖြင့်လည်း ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။ ယင်းသို့ လှို့ဝှက်ညှိနှိုင်းမှုများကို အောက်တိုဘာလ ၁၉ ရက်နေ့မှစ၍ အမေရိကန်ပြည်ထောင်စုတွင် နှစ်ဖက်ကျွမ်းကျင်သူများက ပြုလုပ်ခဲ့ကြသည်။ နောက်ဆုံး အဆင့် ဆွေးနွေးပွဲများကို နိဝင်ဘာလ ၇ ရက်နေ့မှစ၍ တရားဝင် ကျင်းပရန် သဘောတူထားကြသည်။

လိပ်ခဲတည်းလည်းဖြစ်နေသော ဂျူးအခြေစိုက် နေထိုင်မှုများ ကိစ္စ- "နောက်ဆုံးအဆင့်" ဆွေးနွေးပွဲများ၌ အဓိကလိပ်ခဲတည်းလည်းဖြစ်နေသော အငြင်းပွားမှုမှာ ဂျူးအခြေစိုက်နေထိုင်မှုများကိစ္စ ဖြစ်သည်။ အေဟု ဘာရက်၏ အစိုးရအဖွဲ့သစ် အာဏာရလာပြီးသည့် နောက်ပိုင်းတွင်လည်း ဂျူးအခြေစိုက်စခန်းများ တိုးချဲ့ ဆောက်လုပ်မှုများ ရှိနေခဲ့သည်။ ဂါဇာတောင်ပိုင်းနှင့် အနောက်ဘက်ကမ်းခြေတောင်ပိုင်းတို့၌လည်း "စစ်ရေး ရည်ရွယ်ချက်များ"အတွက်ဟုဆိုကာ အစ္စရေးတပ်ဖွဲ့များက နယ်မြေသိမ်းယူမှုများ ရှိခဲ့သည်။ ယင်းသို့ ဖြစ်နေသည့်အတွက် ပါလက်စတိုင်းတို့နှင့် အစ္စရေး လက်ဝဲ အင်အားစုတို့က ကန့်ကွက်ဖိအားပေး ပြောဆိုလျက် ရှိကြသည်။ ပါလက်စတိုင်းတို့ဘက်မှ နောက်ဆုံးအဆင့် ဆွေးနွေး ညှိနှိုင်းရေး ခေါင်းဆောင် ရပ်ဘူးက အစ္စရေးတို့ အနေဖြင့် အခြေစိုက်စခန်းများကို မရပ်ဆိုင်းပါက "နောက်ဆုံးအဆင့်" ဆွေးနွေးညှိနှိုင်းပွဲကို သပိတ်မှောက် ထွက်သွားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၈ ရက်နေ့က ပြောကြားခဲ့သည်။

သုံးပွင့်ဆိုင်အော့စလို ဆွေးနွေးပွဲ- နိဝင်ဘာလ ၂ ရက်နေ့တွင် နော်ဝေနိုင်ငံ၊ အော့စလိုမြို့တော်၌ သမ္မတကလင်တန်၊ အေဟုဘာရက်နှင့် ယာဆာအာရာဖတ်တို့သည် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။ ၄င်းတို့ သုံးဦးသည် အစ္စရေးဝန်ကြီးချုပ်ဟောင်း ရာဗင် လုပ်ကြံခံရမှုလေးနှစ်မြောက် အခမ်းအနား သို့ တင်ရောက်ကြရင်း တွေ့ဆုံဆွေးနွေးခဲ့ရခြင်း ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် နောက်ဆုံးထား၍ "နောက်ဆုံးအဆင့်" သဘောတူညီချက်အတွက် ကြားဖြတ်သဘောတူညီချက် ထုတ်ပြန်နိုင်ရေးအတွက် ရှေးရှုဆွေးနွေးခဲ့ကြသည်။ ဒေးဗစ်စခန်း ထိပ်သီးဆွေးနွေးပွဲ ပုံစံမျိုး ဆွေးနွေးပွဲတစ်ရပ် ဖြစ်နိုင်ခြေ အလားအလာကိုလည်း ဆွေးနွေးခဲ့ကြသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြန်လည် အားကောင်းလာပြီး ငြိမ်းချမ်းရေးအခွင့်အလမ်း များများလည်း အံ့အားသင့်လောက်အောင် ရုတ်တရက် တိုးတက်ပြောင်းလာကြောင်း သမ္မတကလင်တန်က ပြောကြားခဲ့သည်။ "နောက်ဆုံးအဆင့်" ဆွေးနွေးပွဲအောင်မြင်ရေးအတွက် နှစ်ဖက်လုံးက အားထည့်၍ ဆွေးနွေး ကြရန်လည်း ကလင်တန်က တိုက်တွန်း ပြောကြားခဲ့သည်။

"နောက်ဆုံးအဆင့်"ဆွေးနွေးပွဲစပြီ- နိဝင်ဘာလ ၈ ရက်နေ့တွင် အနောက်ဘက်ကမ်းခြေရှိ ရာမာလာလ်မြို့၌ အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ "နောက်ဆုံးအဆင့်" ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို စတင် ကျင်းပခဲ့သည်။ နိဝင်ဘာလ တစ်လျောက်လုံးတွင် နှစ်ဖက်စလုံးသည် မြေစမ်းခရမ်းပျိုးဖြင့် ဆွေးနွေးခဲ့ကြသည်။ အဓိက အနှစ်သာရ ပါသော အချက်များအထိ ရောက်အောင် မဆွေးနွေးခဲ့ကြသေးပေ။

ယင်းဆွေးနွေးပွဲ အစနေ့မတိုင်မီ အကြိုအဖြစ် ဝန်ကြီးချုပ် ဘာရက်က သူ၏ ဝန်ကြီးအဖွဲ့သို့ မိန့်ခွန်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်း၌ ၁၉၆၇ ခုနှစ်က ချမှတ်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၄၂၄ နှင့် ၁၉၇၃ ခုနှစ်က ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အမှတ် ၃၃၈ တို့သည် အနောက်ဘက်ကမ်းခြေနှင့် မသက်ဆိုင်ကြောင်း ပြောကြားခဲ့သည်။ ဝန်ကြီးဘာရက်၏ ပြောကြားချက်ကို သူ၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးက နိဝင်ဘာလ ၉ ရက်နေ့တွင် လူသိ ရှင်ကြား အတည်ပြုပြောကြားလိုက်သည်။ ယင်းသို့ ပြောကြားချက်သည်

ပါလက်စတိုင်း- အစ္စရေးလ် ဆွေးနွေး ပွဲများအတွက် များစွာအရေးပါ အရာရောက်မှုရှိသည်။ ကုလ သမဂ္ဂ လုံခြုံရေးကောင်စီ၏ အထက်ပါဆုံးဖြတ်ချက် နှစ်ရပ် အရ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့အတွက် ၁၉၆၇ ခုနှစ်က ဖရက်ကြာစစ်ပွဲဖြင့် အစ္စရေးတို့က သိမ်းပိုက်ယူခဲ့သော နယ်မြေများမှ အစ္စရေးတို့က ဆုတ်ခွာပေးရန် ဖြစ်သည်။ ဘက်စုံလွှမ်းခြုံသော ငြိမ်းချမ်းပြေလည်မှု ရရှိရေးအတွက် ထိုဆုံးဖြတ်ချက်နှစ်ရပ်ကို အခြေခံရမည်ဟု ပါလက်စတိုင်းတို့က တောင်းဆိုလျက်ရှိသည်။

အစ္စရေး တပ်ဖွဲ့များ ရှ ပ်သိမ်းမှု ရွှေ့ဆိုင်းခြင်း- ယခင်ကြိုတင်သဘောတူညီချက်များအရ အစ္စရေး တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရေးနှင့်စပ်လျဉ်းပြီး အသုံးပြုမည့် မြေပုံများနှင့် ပတ်သက်၍ သဘောတူညီမှုမရသောကြောင့် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အစ္စရေးတပ်ဖွဲ့များ ပြန်လည် ရုပ်သိမ်းရေးကို ရပ်ဆိုင်းလိုက်သည်။ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် တဲလ်အဗီမြို့၌ အာရာဖတ်နှင့် ဘာရက်တို့ တွေ့ဆုံ ဆွေးနွေးခဲ့သော်လည်း ဤသို့ မြေပုံအငြင်းပွားမှု ကိစ္စကို မဖြေရှင်းနိုင်ခဲ့ကြပေ။ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်အထူးသံတမန် ဒဲနစ်ရော့(စ်) ဝင်ရောက် ဖြေရှင်းသော်လည်း အခြေအနေမထူးခြားလာဘဲ ဖြစ်ခဲ့ရသည်။

ပြန်လည်စတင်သည့် အစ္စရေး -ပါလက်စတိုင်း ဆွေးနွေးပွဲ - ဒီဇင်ဘာလလယ်ပိုင်းတွင် ဝါရှင်တန်၌ အစ္စရေး- ပါလက်စတိုင်း ဆွေးနွေးပွဲများကို ပြန်လည်စတင်မည်ဖြစ်ကြောင်း သမ္မတကလင်တန်က ဒီဇင်ဘာလ ၈ ရက်နေ့တွင် ကြေညာ ခဲ့သည်။ ဒီဇင်ဘာလ ၁၅-၁၆ ရက်နေ့တွင် အစ္စရေးဝန်ကြီးချုပ် ဘာရက်နှင့် ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး အာလ်ရှာရာတို့ ဦးဆောင်သော အဖွဲ့များသည် ပထမအချီဆွေးနွေးပွဲကို အမေရိကန် ပြည်ထောင်စုမှာပင် ၂၀၀၀ ပြည့်၊ ဧနနဝါရီလ ၃ ရက်နေ့တွင် ဆက်လက်ပြုလုပ်သွားရန် သဘောတူညီကြသည်။

"နောက်ဆုံးအဆင့်"ဆွေးနွေးပွဲ ရပ်ဆိုင်းလိုက်ခြင်း- အနောက်ဘက်ကမ်းခြေဒေသ၌ ဂျူးအခြေဆိုက် စခန်းများ တိုးချဲ့နေမှုများ ရပ်တန့်မသွားမချင်း "နောက်ဆုံးအဆင့်" ဆွေးနွေးပွဲများ၌ ပါလက်စတိုင်းတို့ ပါဝင်ပတ်သက်ခြင်း ပြုတော့မည်မဟုတ်ကြောင်း ပါလက်စတိုင်းတို့ဘက်မှ အဖွဲ့ခေါင်းဆောင် ရပ်ဘူးက ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။ အစ္စရေး အိုးအိမ် ဆောက်လုပ်ရေး ဝန်ကြီးက နောက်ဘက်ကမ်းခြေဒေသ၌ နေအိမ်သစ် ၅၀၀ ဆောက်လုပ်ရေး တင်ဒါခေါ်ထားမှုကို ခွင့်ပြုကြောင်း ကြေညာခဲ့သည်။ အစ္စရေးနိုင်ငံရှိ "လက်ငင်းငြိမ်းချမ်းရေး အုပ်စု"ဟု အမည်ပေးထားသော အဖွဲ့ကလည်း ဇူလိုင်လတွင် အေဟုဘာရက်အစိုးရ တက်လာသည့်အချိန်မှစ၍ ဂျူးအခြေစိုက်နေအိမ်များကို တိုးချဲ့မှုအရေးအတွက်ကို ကြေညာခဲ့သည်။ ယင်းသို့သော ကြေညာချက်နှစ်ရပ် ထွက်လာပြီးနောက်တွင် ပါလက်စတိုင်း အဖွဲ့ခေါင်းဆောင်ရပ်ဘူးက "နောက်ဆုံး အဆင့်" ဆွေးနွေးပွဲ၌ ပါဝင်နေမှုကို ရပ်ဆိုင်းလိုက်ကြောင်း ကြေညာခြင်း ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးနေဆဲ ကာလအတွင်း ဂျူးအခြေဆိုက် နေအိမ်သစ်များ ဆောက်လုပ်ရန် တင်ဒါခေါ်ဆိုနေမှုများကို ရပ်တန့်ပေးမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်ဘာရက်က ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ ပါလက်စတိုင်းတို့က ဘာရက်၏ ကြေညာချက်သည် မလုံလောက်ကြောင်း ဂျူးအခြေစိုက်စခန်းများ ဆောက်လုပ်နေမှုလုပ်ငန်းများ အားလုံး ရပ်ဆိုင်း ပေးရန် လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

အာရာဖတ်နှင့် ဘာရက်တို့သည် ဒီဇင်ဘာလ ၂၁ ရက်က အနောက်ဘက် ကမ်းခြေဒေသရှိ ရာဘလာလ်မြို့တွင် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ဘာရက်သည် ပါလက်စတိုင်းတို့ အုပ်ချုပ်ထားသည့် မြို့သို့ ရောက်ရှိကာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးသော ပထမဆုံးအစ္စရေး ဝန်ကြီးချုပ် ဖြစ်သည်။ ထိုဆွေးနွေးပွဲသို့ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လဲဗီလည်း လိုက်ပါသွားခဲ့သည်။ ထိုဆွေးနွေးပွဲသည် နှစ်ဖက် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အားသစ် လောင်းပေးခဲ့ကြောင်း ဒေးဗစ်လဲဗီက ပြောကြားခဲ့သည်။

ဦးခင်မောင်မြ

ဥရောပသမဂ္ဂ။ ။ဥရောပသမဂ္ဂဝင်နိုင်ငံတို့သည် ယူရိုငွေကြေးကို ဥရောပ၏ တစ်ခုတည်းသော ငွေကြေးအဖြစ် ဧနနဝါရီလ ၁ ရက်နေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ ဥရောပ၏ ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်မှုတွင် ၁၈ ဒသမ ၆ ရာခိုင်နှုန်း ပါဝင်သည်။ ကမ္ဘာ့စီးပွားရေး၏ ငါးပုံတစ်ပုံခန့်မှာ ဥရောပ စီးပွားရေး ဖြစ်သည်။ ဤမျှအရေးပါသော ဒေသတွင် ယူရိုငွေကြေးသည် အထင်အရှား ပေါ်ပေါက်လာပြီ ဖြစ်ပေသည်။ ယူရိုငွေကြေး ပေါ်ပေါက်လာခြင်းကြောင့် ဘဏ်တိုးနှုန်း

များ: သတ်မှတ်ရေးနှင့် ငွေကြေးမူဝါဒလို လက်တွေ့ကျင့်သုံး: အကောင်အထည်ဖော်ရေး လုပ်ပိုင် ခွင့်အာဏာသည် အဖွဲ့ဝင်နိုင်ငံ အသီးသီး၏ အမျိုးသား: အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာနိုင်ငံများ၏ ဗဟို ဘဏ်တို့၌ မရှိတော့ဘဲ ဖရင့်ဖတ်မြို့ကို အခြေစိုက်ထား:သော ဥရောပဗဟိုဘဏ်သို့ ကူး:ပြောင်း:ရောက်ရှိသွား:သည်။

ယူရိုငွေကြေး: ပေါ်ပေါက်လာခြင်း:သည် ဥရောပပေါင်း:စည်း:ရေး:သမိုင်း:တွင် ထင်ရှား:သောမှတ်တိုင်ဖြစ်ကြောင်း:၊ ကမ္ဘာစစ်ကြီး: နှစ်ကြိမ်ဖြစ်ပွား:ခဲ့သည့် အတိတ်သမိုင်း:ကို မေ့ပျောက်ကာ ဘုံတူညီသောစီး:ပွား:ရေး: အကျိုး:စီး:ပွား:များ:၊ နိုင်ငံရေး:နှင့် ကာကွယ်ရေး: ဆက်ဆံမှုများ: တိုး:တက် ဖြစ်ပေါ်လာရေး:တို့ကို အခြေခံလျက် သဟဇာတဖြစ်မှု၊ တည်ငြိမ်မှု တို့အတွက် နှစ်ပေါင်း: ၅၀ ကျော် ကြိုး:ပမ်း:ခဲ့မှု တို့၏ ထင်ရှား:သော အမှတ်အသား: လည်း:ဖြစ်ကြောင်း: ဥရောပခေါင်း:ဆောင် များ:က ချီး:ကျူး:ပြောကြား:ခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေး:ရန်ပုံငွေအဖွဲ့ (IMF) ၏ စီမံခန့်ခွဲမှု ဒါရိုက်တာ မစ်ချဲလ် ကမ်ဒေဆူး:က ယူရိုငွေကြေး:အဖြစ်အသွင် ကူး:ပြောင်း:ရေး:တွင် ထူး:ခြား:စွာညွှန်ကြားခဲ့သည်။ ယူရိုနှင့်ဆက်စပ် နေသော အမြဲတမ်း: အရင်း:အနှီး:များ:ကို ဇန်နဝါရီလ ၄ ရက်နေ့က ကမ္ဘာ့ငွေကြေး:စျေး:ကွက်များ:တွင် စတင်ကုန်သွယ်မှု ပြုခဲ့သည်။ ယင်း:သို့သော ကုန်သွယ်မှုကို ဩစတြေး:လျှနိုင်ငံ ဆစ်ဒနီမြို့ရှိ အီလက်ထရွန်း:နစ် ကုန်သွယ်မှုစျေး:ကွက်၌ စတင် အရောင်း:အဝယ်ပြုစဉ်က ယူရိုတစ်ယူနစ်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆၇၅ နှင့် ညီမျှခဲ့သည်။ သို့ရာတွင် ဇန်နဝါရီလ ၈ နေ့သို့ရောက်သောအခါ ဒေါ်လာ ၁ ဒသမ ၁၅၉၆ နှင့်သာ ညီမျှတော့သည်။ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်၍ ယူရို၏တန်ဖိုး:သည် နိမ့်ကျသွား:ခဲ့ကြောင်း: တွေ့ရသည်။

ကော်မရှင်နှင့်ပါလီမန်ထိပ်တိုက်ရင်ဆိုင်မှု– ဥရောပသမဂ္ဂတွင် အရေး:ပါသော ဥရောပကော်မရှင်နှင့် ဥရောပပါလီမန် တို့အကြား: ထိပ်တိုက်ရင်ဆိုင်မှုများ: ပေါ်ပေါက်လျက်ရှိသည်။ ဥရောပကော်မရှင်သည် အလွဲ သုံး:စား:ပြုမှု၊ စီမံခန့်ခွဲရေး: ညံ့ဖျင်း:မှု၊ နိုး:စပ်ရာ ဆွေမျိုး: တို့အတွက် မျက်နှာလိုက်မှုတို့ရှိ၊ မရှိစုံစမ်း: အစီရင်ခံရန် ဥရောပပါလီမန်သည် သီး:ခြား:လွတ်လပ်သော ကျွမ်း:ကျင်သူများ:ဖြင့် ဖွဲ့စည်း: တာဝန်ပေး:ခဲ့သည်။ ထို အဖွဲ့၏ အစီရင်ခံစာအပေါ် မူတည်လျက် ဥရောပပါလီမန်တွင် ဥရောပကော်မရှင်အား: အလွဲသုံး:စား:ပြုမှု၊ စီမံခန့်ခွဲရေး:ညံ့ဖျင်း:မှုတို့ဖြင့် ဝေဖန်ပြစ်တင်ကြောင်း: အဆို ကို ဇန်နဝါရီ ၁၄ ရက်နေ့က တင်သွင်း:ခဲ့သည်။ ထို အဆိုမှာ ထောက်ခံမဲ ၂၃၂ မဲ၊ ကန့်ကွက်မဲ ၂၉၃ မဲဖြင့် ရှုံး:နိမ့်သွား:ခဲ့သည်။ ထို အဆို ရှုံး:နိမ့်သွား:သော်လည်း: ဥရောပကော်မရှင်၏ ဂုဏ်သိက္ခာမှာ ထိခိုက်ကျဆင်း:ခဲ့သည်။

အလှည့်ကျဥက္ကဋ္ဌ– ဂျာမန်– ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဥရောပသမဂ္ဂ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို ဂျာမန်က ဩစတြီး:ယား:တို့ထံမှ လွှဲပြောင်း:လက်ခံယူလိုက်သည်။ ဂျာမန်တို့၏ အလှည့်ကျဥက္ကဋ္ဌအား: သက်တမ်း: ၆ လ အတွင်း: ငွေကြေး:ဓနအင်အား: ဖြုန်း:တီး:ရာရောက်သော တူညီသည့် စိုက်ပျိုး:ရေး:ဆိုင်ရာ မူဝါဒ (CAP) ကို အခြေခံကျကျ ပြုပြင်ပြောင်း:လဲမှုများ: ပြုလုပ်ရန် ဂျာမန်တို့က အဆိုပြုခဲ့သည်။ ဥရောပသမဂ္ဂဝင် နိုင်ငံတို့၏ ဘဏ္ဍာရေး: အဆောက်အအုံကို ပြောင်း:လဲဖွဲ့စည်း: တည်ဆောက်မှု ပြုပြင်ရေး:အတွက် ချမှတ်ထား:သော အစီအစဉ် ၂၀၀၀ (Agenda 2000)ကို လက်ခံ အကောင်အထည်ဖော်ကြရန် ဝန်ကြီး:ချုပ် ဟဲလ်မွတ်ခိုး:လ်က တိုက်တွန်း:လျက် ရှိသည်။ ထို့ပြင် နိုင်ငံရေး:နှင့် စီး:ပွား:ရေး: ပေါင်း:သင်း:မှုကို အထောက်အကူ ဖြစ်စေသည့် အစီအစဉ်များ:ကိုလည်း: ဂျာမန်တို့က အဆိုပြုထား:သည်။

ဆောင်ရွက်မှုသီး:သန့်ရန်ပုံငွေ– ဥရောပတိုက်ရှိ ဆင်း:ရဲသော ဒေသများ:၌ အထူး:စိတ်ဝင်စား:ဖွယ် ကောင်း: သော စီမံချက်များ:ကို အကောင်အထည်ဖော်နိုင်ရန် ငွေကြေး: ထောက်ပံ့ပေး:မည့် "ဆောင်ရွက်မှု သီး:သန့်ရန်ပုံငွေ" (Performance Reserve) ထား:ရှိရေး:ကို ဥရောပသမဂ္ဂဝင် နိုင်ငံခြား:ရေး:ဝန်ကြီး:များ:သည် ဇန်နဝါရီလ ၂၅ ရက်နေ့က သဘောတူညီခဲ့ကြသည်။ ဤသဘောတူညီချက်အရ ဥရောပသမဂ္ဂ၏ ဖွဲ့စည်း:တည်ဆောက်မှုဆိုင်ရာ ရန်ပုံငွေမှ ၄ ရာခိုင်နှုန်း:ကို ဆောင်ရွက်မှု သီး:သန့်ရန်ပုံငွေအဖြစ် သီး:ခြား:ခွဲဝေ ထား:မည် ဖြစ်သည်။ ရန်ပုံငွေထောက်ပံ့ပေး:သင့်သော လုပ်ငန်း:များ:မှာ မည်သို့သော လုပ်ငန်း:များ:ဖြစ်ကြောင်း: သတ်မှတ်ချက်များ:ကို အဖွဲ့ဝင်နိုင်ငံများ:နှင့် ဥရောပကော်မရှင်တို့က ပူး:ပေါင်း:ပြုလုပ်ပေး:ကြမည်ဖြစ်သည်။

တူညီသည့်စိုက်ပျိုး:ရေး:မူဝါဒပြုပြင်ရေး– ဥရောပသမဂ္ဂအတွင်း: ဘဏ္ဍာရေး: အဆောက်အအုံ ပြန်လည်ဖွဲ့စည်း: တည်ဆောက်မှု၏ အစိတ်အပိုင်း:တစ်ရပ်အနေဖြင့် တူညီသည့် စိုက်ပျိုး:ရေး:မူဝါဒကို ပြုပြင်ပြောင်း:လဲရန် ကြိုး:ပမ်း: လျက်ရှိသည်။ ဤသို့မူဝါဒ ပြုပြင်ရေး:အရ အစိုး:ရအဖွဲ့များ:၏ စိုက်ပျိုး:ရေး:အတွက် အသုံး:စရိတ်များ:ကို လျှော့ချရမည် ဖြစ်သည်။ အရှေ့ဥရောပနိုင်ငံများ:အား: သမဂ္ဂဝင်အဖြစ် တိုး:ချဲ့ဖွဲ့စည်း:နေမှုကို ရပ်တန့်ရမည် ဖြစ်သည်။ လယ်ယာ

အစိုးရများက အဆိုပြု၍ ဥရောပပါလီမန်က အတည်ပြုပေးသည့် ထုံးတမ်း စဉ်လာရှိသည်။ သို့ရာတွင် ကော်မရှင်အဖွဲ့ဝင်ခန့်အပ်ရာ၌ ကော်မရှင်ဥက္ကဋ္ဌလည်း ပါဝင်ခွင့်ရှိလာမှုကို အသုံးချကာ မေလ ၆ ရက်နေ့တွင် အိုင်ယာလန်နိုင်ငံသားတစ်ဦးအား သူ၏ သီးသန့်ရုံးအကြီးအကဲအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။

ယူရိုငွေကြေးဈေးသစ်– မေလ ၄ ရက်နေ့တွင် အက်စတာဒမ် ဘရပ်ဆဲလ်၊ ဖရင့်ဖတ်၊ လန်ဒန်၊ မဒ်ဒရစ်၊ အီလန်၊ ပဲရစ်နှင့် ဇူးရစ်(ချ်) တို့ရှိ စတော့ဖလုယ်ရေး ဈေးကွက်များမှ ကိုယ်စားလှယ်တို့သည် အစည်းအဝေး ကျင်းပခဲ့သည်။ ထိုအစည်းအဝေးက အဆင့်မြင့်နည်းပညာသုံး ခြစ်ပြားများ နှင့် ပတ်သက်၍ ယူရိုငွေသုံး တစ်ခုတည်းသော စတော့ဈေးသစ်ကိုဖန်တီးရန် သဘောတူခဲ့ကြသည်။ ဖလုယ်ရေးစခန်း ရှစ်ခုတို့သည် မတည် ရင်းနှီးငွေဒေါ်လာ ဘီလီယံ ၆၈၀၀ ဖြင့် စတင်ရန် သဘောတူခဲ့ကြသည်။

ဥရောပသမဂ္ဂနှင့်အနောက်ဥရောပသမဂ္ဂပူးပေါင်းရေး– ဘယ်လ်ဂျီယမ်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ(စ်)၊ အီတလီ၊ လူဇင်ဘာ့ဂ်၊ နယ်သာလန်၊ ပေါ်တူဂီ၊ စပိန်၊ ယူကေ ဟူသော အနောက်ဥရောပသမဂ္ဂဝင် ၁၀ နိုင်ငံတို့သည် ဥရောပသမဂ္ဂနှင့် တစ်ပေါင်းတည်းပူးရေးကို အခြေခံမူသဘောအရ မေလ ၁၁ ရက်နေ့တွင် သဘောတူခဲ့ကြသည်။ ဤသို့သော သဘော တူညီချက်အရ ဥရောပ၏ ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ ထူထောင်ရေး ကြိုးပမ်းချက်မှာ တစ်ဆင့်တက်လှမ်း လာနိုင်ခဲ့သည်။ ဥရောပလုံခြုံရေးအတွက် အမေရိကန်တို့၏ ဗိုလ်ကျစိုးမိုး နေမှုကို ဖယ်ရှားလိုမှု အရိပ်အယောင်ပင် ဖြစ်သည်။ ဤ ဆုံးဖြတ်ချက်ကို ဇွန်လတွင် ကျင်းပသည့် ထိပ်သီးအစည်းအဝေးက အတည်ပြုပေးဖွယ်ရှိသည်။

ဘော်လကန်ဒေသတည်ငြိမ်ရေးစာချုပ်အဖွဲ့– ကိုဆိုဗို အရေးအခင်းတွင် ယူဂိုဆလပ်၏ အိမ်နီးချင်းနိုင်ငံများက နေတိုးကို ထောက်ခံခဲ့သဖြင့် နိုင်ငံရေး၊ စီးပွားရေးတို့အရ နစ်နာဆုံးရှုံးမှုများ ရှိခဲ့ကြောင်း ညည်းတွားပြောဆိုနေကြသည်။ ယင်းသို့ ညည်တွားနေမှုကို တုံ့ပြန်သောအားဖြင့် မေလ ၂၆ ရက်နေ့တွင် ဥရောပကော်မရှင်သည် ဘော်လကန်ဒေသ တည်ငြိမ်ရေးစာချုပ်အဖွဲ့ကို ဖွဲ့စည်းရန် အဆိုပြုခဲ့သည်။ ဤအဆိုပြုချက်အတိုင်း အတည်ဖြစ်လာပါက ရိုမေးနီးယား၊ ဘူးဂေးရီးယား၊ ခရိုအေးရှားနှင့် မက်ဆီဒိုးနီးယားနိုင်ငံတို့သည် နေတိုးနှင့် ဥရောပသမဂ္ဂတို့ထံမှ လုံခြုံရေးအာမခံချက်များနှင့် စီးပွားရေး အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ကြတော့မည် ဖြစ်သည်။

ထွက်ကုန်များကို ပြည်ပသို့ ပို့မိုတင်ပို့ရောင်းချ ရမည် ဖြစ်သည်။ ဤအစီအစဉ်ကို တောင်သူလယ်သမားများက မကြိုက်ဖြစ်နေသည်။ ထို့ကြောင့် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပြင်သစ်၊ ဘယ်လ်ဂျီယမ်နှင့် ဂျာမနီတို့မှ တောင်သူလယ်သမားပေါင်း သုံးသောင်းကျော်တို့သည် ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မြို့၌ စုစည်း၍ ဆန္ဒပြခဲ့ကြသည်။

ဥပဒေများပြဋ္ဌာန်းခြင်း– ဥရောပသမဂ္ဂဝင်နိုင်ငံများအကြား ခြိုးခြံချွေတာ စုဆောင်းမှုမှ အတိုးငွေများအပေါ် အခွန် ကောက်ခံမှုစနစ်များ မတူညီကြပေ။ ဥပမာ–လူဇင်ဘာ့ဂ်လ် နိုင်ငံသည် နိုင်ငံသားများ၏ ချွေတာစုဆောင်းငွေမှ အတိုးများအတွက် အခွန်ကောက်ခံမှုကင်းလွတ်ခွင့် ပြုထားသည်။ သို့ဖြစ်၍ ချွေတာစုဆောင်းငွေများမှ အတိုးငွေများအပေါ် အခွန် ကောက်ခံမှု ကို ဥရောပပါလီမန်က ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဥပဒေ ပြဋ္ဌာန်းလိုက်သည်။

ဤ၊ ပြောင်းစသည့် ကောက်ပဲသီးနှံများကို ထုတ်လုပ်ရာတွင် ဗီဇမော်ဒစ်ပြောင်း နည်းပညာအရ အသုံးပြုနေကြပြီ ဖြစ်သည်။ ဗီဇမွှတ်ပြောင်းထားသော ပြောင်းခင်းမှ ဝတ်မှုန်တို့သည် အခြားပြောင်းခင်းသို့ ကူးစက် ပြန့်ပွားသွားနိုင်သည့် အန္တရာယ်ရှိသည်။ ထို့ပြင် ဗီဇမွှတ် ပြောင်းထားသော သီးနှံများသည် ပဋိဇီဝဆေးများကို ခုခံနိုင်ကြောင်းလည်းရှိသည်။ ပို၍သတ်ဆေးများ ထိုးမဖောက်နိုင်ဘဲ ဖြစ်တတ်သည်။ ဗီဇမွှတ် ပြောင်း ကောက်ပဲသီးနှံများသည် လူနှင့်တိရစ္ဆာန်တို့အတွက် အန္တရာယ် ရှိနိုင်သည်။ ထို့ကြောင့် ဥရောပပါလီမန်သည် ဖေဖော်ဝါရီလအတွင်းက ဗီဇမွှတ်ပြောင်း ထွက်ကုန်များကို ထုတ်လုပ်ခြင်း၊ ရောင်း ချခြင်းတို့အပေါ် တားမြစ်ဟန့်တားသည့် ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒစ်ဂျစ်တယ်လ်ခေတ်၌ အဆင့်မြင့်နည်းပညာအသုံးချမှု၊ တီထွင်ဆန်းသစ်မှုများကို အားပေးသည့်အနေဖြင့် ဥရောပပါလီမန်သည် မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေးဥပဒေသစ်ကိုလည်းအတည်ပြုပြဋ္ဌာန်းပေး လိုက်သည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌသစ်– ဥရောပပါလီမန်သည် အီတလီနိုင်ငံမှ ရိုမာနိုပရိုဒီအား ဥရောပကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခြင်းကို အတည်ပြုပေးခဲ့သည်။ ကော်မရှင်ဥက္ကဋ္ဌပရိုဒီသည် အခြားကော်မရှင်အဖွဲ့ဝင် ၁၉ ဦးတို့အား ခန့်အပ်တာဝန်ပေးရာ၌ ဝင်ရောက်ပြောဆိုခွင့်ကို လည်း မေလ ၁ ရက်နေ့က ရရှိခဲ့သည်။ ပရိုဒီသည် ယင်းသို့ ပြောရေးဆိုခွင့်ရရှိသော ပထမဆုံး ဥက္ကဋ္ဌလည်း ဖြစ်သွားသည်။ ကော်မရှင်အဖွဲ့များကို နိုင်ငံအသီးသီးမှ

တိုနီဘလဲအတွက်ရှာလ်မိန်းဆု– အတ်ခင်းမြို့တော်က ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအား ရှာလ်မိန်းဆုကို ချီးမြှင့်လိုက်သည်။ ဥရောပပေါင်းစည်း ညီညွတ်ရေးအတွက် ထူးချွန်စွာ စွမ်းဆောင်နိုင်မှုကြောင့် ဤသို့ ဆုချီးမြှင့်လိုက်ခြင်း ဖြစ်သည်။ ထိုဆုကို လက်ခံရရှိပြီးနောက် တိုနီဘလဲက ဗြိတိန်အနေဖြင့် စိတ်နှစ်ခွ ရှိနေတော့မည် မဟုတ်ကြောင်း၊ ဥရောပသမဂ္ဂအတွင်း ပါဝင်လျက် ဦးဆောင် လှုပ်ရှားသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြင်သစ်သမ္မတ ဟောင်း မီထရောင်းနှင့် ဂျာမန်ဝန်ကြီးချုပ်ဟောင်း ခိုးလ်တို့သည် လည်း ရှာလ်မိန်းဆုကို ရရှိထားကြသည်။

ဥရောပပါလီမန်ရွေးကောက်ပွဲများ– ဇွန်လ ၁၀၊ ၁၁ သို့မဟုတ် ၁၃ ရက်များက ဥရောပသမဂ္ဂဝင် ၁၅ နိုင်ငံလုံး၌ ဥရောပပါလီမန်အမတ် ရွေးကောက်ပွဲများကို ကျင်းပခဲ့ကြသည်။ ထိုရွေးကောက်ပွဲ၌ အများအားဖြင့် လာရောက် ဆန္ဒမဲပေးသူ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ဥပမာ– ဗြိတိန်နိုင်ငံတွင် မဲပေးခွင့်ရှိသူ စုစုပေါင်း၏ ၂၃ ရာခိုင်နှုန်းကသာ ဆန္ဒမဲပေးခဲ့ကြသည်။ ရွေးကောက်ပွဲ ရလဒ်များကို သုံးသပ်ကြည့်လျှင် ဂျာမနီနှင့် ဗြိတိန်တို့၏ လက်ယာယိမ်းပါတီများကို ထောက်ခံမှု တိုးတက်လာကြောင်း တွေ့ရသည်။ ပြင်သစ်နိုင်ငံတွင် ဆိုရှယ်လစ်များအား ထောက်ခံမှု တက်လာကြောင်း၊ ဩစတြီးယား နိုင်ငံ၌ ဆိုရှယ် ဒီမိုကရက်များကို လူကြိုက်များလာကြောင်း တွေ့ရသည်။ ထို့ပြင် အဆိုပါ ရွေးကောက်ပွဲများ၌ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးသမားများ၊ လက်ဝဲပါတီများ၊ အမျိုးသားရေးဝါဒီ ပါတီများအတွက် ထောက်ခံအားပေးမှုများ တိုးတက်လာ ကြောင်းကိုလည်း တွေ့ရှိရသည်။

ကိုလုံးထိပ်သီးဆွေးနွေးပွဲ– ဇွန်လ ၃ ရက်နေ့နှင့် ၄ ရက်နေ့များတွင် ဥရောပကောင်စီ အစည်းအဝေးကို ဂျာမနီနိုင်ငံ၊ ကိုလုံးမြို့တွင် ကျင်းပခဲ့သည်။ ဇွန်လကုန်၌ ဂျာမနီ၏ အလှည့်ကျဥက္ကဋ္ဌ သက်တမ်းကုန်ဆုံးပြီး ဇူလိုင်လ ၁ ရက်နေ့ မှစ၍ ထိုတာဝန်သည် ဖင်လန်နိုင်ငံအပေါ် လွှဲပြောင်း ရောက်ရှိသွားတော့မည် ဖြစ်သည်။ ထိုထိပ်သီး အစည်း အဝေးက ဟာဗီးယာ ဆိုလာနာ မာဒါရီယား၀ါး အား ဥရောပ သမဂ္ဂ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒ ဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။ ဤရာထူးမှာ မကြာသေးမီကမှ တီထွင်ဖန်တီး လိုက်သော ရာထူးဖြစ်သည်။ လက်ရှိအခြေအနေတွင် ဆိုလာနာသည် နေတိုးအဖွဲ့၏ အထွေထွေ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ဆဲဖြစ်သည်။ သို့ရာတွင် ဒီဇင်ဘာလ ၃၁ ရက်နေ့၌ ဆိုလာနာ၏ ထိုရာထူး သက်တမ်း ကုန်ဆုံးသွား လျှင် ဥရောပသမဂ္ဂ၏ ရာထူးတာဝန်ကို ထမ်းဆောင်သွားမည် ဖြစ်သည်။ ဥရောပ ခေါင်းဆောင်များသည် လုံခြုံရေး၊ ကာကွယ်ရေးတို့နှင့် ပတ်သက်၍ တူညီသောမူဝါဒကို ကျင့်သုံးရန် သဘောတူညီခဲ့ကြသည်။ လုံခြုံရေး၊ ကာကွယ်ရေးကိစ္စများတွင် ဥရောပသမဂ္ဂ၏ ပုံရိပ်မြင့်မားလာကြောင်း တွေ့ရှိရသည်။ နေတိုးအဖွဲ့၏အကူအညီမလိုဘဲ ဥရောပသမဂ္ဂအတွင်း ငြိမ်းချမ်းမှု ထိန်းသိမ်းရေး၊ အကျပ်အတည်း ဖြေရှင်းရေး၊ ကယ်ဆယ်ရေး လုပ်ငန်းများကို ဥရောပသမဂ္ဂ၏ အင်အား သက်သက်ဖြင့် စွမ်းဆောင်နိုင်ကြောင်း ပေါ်လွင်စေရန် ကြိုးပမ်းလျက်ရှိကြသည်။

တရားစီရင်ရေးနှင့်ပြည်ထဲရေးအထူးထိပ်သီးအစည်းအဝေး– အောက်တိုဘာလ ၁၅၊ ၁၆ ရက်နေ့များတွင် ဖင်လန်နိုင်ငံ၊ ကမ်ပီယာမြို့၌ ဥရောပသမဂ္ဂ၏ အထူးအစည်းအဝေးကို ကျင်းပခဲ့သည်။ "လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု ရှိသော ဥပဒေသ" ကို တည်ထောင်ရန် ရည်မှန်းချက်ဖြင့် တရားစီရင်ရေး၊ ပြည်ထဲရေးကိစ္စများ၌ ဥရောပသမဂ္ဂ၏ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး အတွက် ဆွေးနွေးခဲ့ကြသည်။ အထူးသဖြင့် လူဝင်မှုကြီးကြပ်ရေး၊ ခိုလှုံခွင့်ပြုရေး၊ ဒုစရိုက်ဂိုဏ်းများ နှိမ်နင်းရေး၊ ဥရောပသမဂ္ဂ နယ်မြေ တစ်ခွင်လုံးနှင့် အကျုံးဝင်တရား စီရင်ရေး နယ်မြေတည်ထောင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ထိုအစည်းအဝေးမှ အချက် ၁၀ ချက်ပါသော လုပ်ငန်းစဉ်ကို ချမှတ်ပေးခဲ့ သည်။ ထိုအချက်၌ သမဂ္ဂဝင် နိုင်ငံတစ်ခု၏ တရားစီရင်ထုံးများကို သမဂ္ဂဝင် အခြားနိုင်ငံများက အသိအမှတ်ပြုရေး၊ ပြစ်မှုကျူးလွန်သူဟု သံသယရှိသူများအား တရားရုံး လုပ်ထုံးလုပ်နည်းများဖြင့် မကြန့်ကြာစေဘဲ သက်ဆိုင်ရာ နိုင်ငံသို့ လွှဲပြောင်းပေးရေး၊ ခိုလှုံခွင့် တောင်းခံသူဒုက္ခသည်ဟူသော ဝေါဟာရ အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက် တူညီရေး စသည်တို့ ပါဝင်သည်။ ဥရောပကော်မရှင် ဥက္ကဋ္ဌပရိဒက "ဘုံချေး၊ ဘုံငွေကြေး၊ နယ်နိမိတ်မဲ့ ဘုံနယ်မြေ"တို့ကို ထူထောင်ခဲ့ပြီးသော ဥရောပသမဂ္ဂအဖို့ ယခုခြေလှမ်းသည် ဥရောပပေါင်းစည်းရေးအတွက် တစ်ဆင့်တက်လှမ်းခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုထိပ်သီး အစည်းအဝေးက ဥရောပသမဂ္ဂသို့ ဝင်ခွင့်တောင်းခံသော နိုင်ငံများ၏ အရေအတွက်ကို နှစ်ဆတိုး၍ လက်ခံရန် သဘောတူခဲ့ကြသည်။ ယခုအခါ တူရကီ၏ သမဂ္ဂဝင်ခွင့် တောင်းခံလွှာကို လက်ခံထားပြီး ဖြစ်

သော်လည်း လူအခွင့်အရေးနှင့်ပတ်သက်၍ ကျေနပ်ဖွယ်မရှိသောကြောင့် တူရကီ၏ သမဂ္ဂဝင်ခွင့် တောင်းခံလွှာကို မဆွေးနွေးဘဲ ရပ်ဆိုင်းထားသည်။ ဘောလတစ်နိုင်ငံများ၊ အရှေ့ဥရောပနိုင်ငံများကလည်း သမဂ္ဂဝင်ခွင့် တောင်းခံလွှာ တင်သွင်းခွင့်ပြုရန် တောင်းဆိုလျက် ရှိကြသည်။

ဘုံလုံခြုံရေးမူဝါဒဆွေးနွေးပွဲ– နိဝင်ဘာလ ၁၅ ရက်နေ့တွင် ဥရောပသမဂ္ဂဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးများ၏ ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ဥရောပသမဂ္ဂ၏ သမိုင်းတွင် ဤသို့သော ဆွေးနွေးပွဲသည် ပထမဆုံးအကြိမ် ဖြစ်သည်။ ဘော့စနီးယားနှင့် ကိုဆိုဗို ပဋိပက္ခများတွင် ဥရောပနိုင်ငံများသည် အမေရိကန်တို့ အပေါ်များစွာ မှီခိုအားထား ခဲ့ရသည်။ နောင်အခါတွင် ယင်းသို့မဖြစ်စေရန် ဥရောပသမဂ္ဂ၏ စစ်အင်အားတိုးချဲ့ရေး နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရေးအတွက် ယခုကဲ့သို့သော ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ဘရပ်ဆဲလ်မြို့၌ ကျင်းပခဲ့သော ထိုအစည်းအဝေး၌ ဗြိတိန်နှင့်ပြင်သစ်တို့က ဥရောပ အနီးပတ်ဝန်းကျင်တွင် ဘေးဒုက္ခကြုံတွေ့သော နေရာများရှိလာပါက ယင်းဒေသများသို့ အမြန်ဆုံးစေလွှတ် နေရာချထားပေးနိုင်မည့် အမြန်တုံ့ပြန်ရေးအဖွဲ့ အင်အား ၄၀၀၀၀ အထိထားရှိရန် အဆိုပြုခဲ့သည်။ ထိုအဆိုကို လက်ခံစဉ်းစားထားပြီး ဥရောပဘုံ လုံခြုံရေးစနစ် ပေါ်ထွန်းလာရေးကို ဆွေးနွေးသဘောတူခဲ့ကြသည်။ ဥရောပကာကွယ်ရေးအတွက် ဥရောပသမဂ္ဂဝင် နိုင်ငံအားလုံး ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ကြရန်လည်း သဘောတူခဲ့ကြသည်။

"တတိယလမ်းစဉ်" ကွန်ဖရင့်– နိဝင်ဘာလ ၂၀–၂၁ ရက်နေ့များတွင် အီတလီနိုင်ငံ၊ ဖယောရင့်(စ်) မြို့၌ "၂၁ ရာစုတွင် တိုးတက်သော စီမံအုပ်ချုပ်မှုစနစ် ကွန်ဖရင့်(စ်)" ကို ကျင်းပခဲ့သည်။ ထိုကွန်ဖရင့်(စ်) ကို "တတိယလမ်းစဉ် ထိပ်သီးအစည်းအဝေး" ဟု အမည်ပေးခဲ့ကြသည်။ ထိုကွန်ဖရင့်သို့ အမေရိကန် သမ္မတကလင်တန်၊ ဂျာမန်ဝန်ကြီးချုပ် ရှရိုဒါ၊ ပြင်သစ်ဝန်ကြီးချုပ်ဂျော့စပင်၊ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၊ ဘရာဇီးလ်ဝန်ကြီးချုပ် ကာဒိုးဘိုး၊ အီတလီဝန်ကြီး အာယေးမားတို့ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးက တစ်ကမ္ဘာလုံး လွှမ်းခြုံမှုဖြစ်စဉ် ပေါ်ပေါက်နေသည့် ခေတ်အခါ၌ ဆိုရှယ်ဒီမိုကရေစီနှင့် လက်ဝဲယိမ်း ဗဟိုအင်အားစုတို့၏ သဘောအနက်အဓိပ္ပာယ်နှင့် အခန်းကဏ္ဍတို့ကို သတ်မှတ်ပိုင်းခြား နိုင်ကြရန် စဉ်းစားခဲ့ကြသည်။

ထိုအစည်းအဝေး၌ ဥရောပဇော်မရှင် ဥက္ကဋ္ဌ ပရိဒီက "အသိပညာကိုအခြေခံသော သတင်းအချက်အလက်များကို အသုံးပြုသည့် လူအဖွဲ့.အစည်းသို့ ကူးပြောင်း ရာတွင် အခွင့်အလမ်းနှင့် ဝင်ငွေများမျှတစွာ ခွဲဝေမှု ရှိသင့် ကြောင်း၊ လူအများပါဝင် ပူးပေါင်းလာမှု ရှိသင့်ကြောင်း" ဆွေးနွေးခဲ့သည်။ သမ္မတကလင်တန်က "လူအဖွဲ့.အစည်း အတွင်းနည်းပညာနှင့် အင်တာနက်တို့ကို အသုံးပြုနိုင်သူနှင့် အသုံးမပြုနိုင်သူတို့ဟူ၍ ကွဲပြားခြားနားလာနေကြောင်း" ပြောကြား ခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက "အသိပညာကို အခြေခံသော စီးပွားရေးခေတ်တွင် လူအများကို လုပ်ပိုင်ခွင့် အာဏာများ အပ်နှင်းပြီး အသိပညာ ရရှိစေအောင် လမ်းဖွင့်ပေးသင့်ကြောင်း၊ စီးပွားရေးတွင် ပညာရေးသည် ဗဟိုအချက်အချာဖြစ်လာကြောင်း" ပြောကြား ခဲ့သည်။

ဟယ်(လ်)ဆင်ကီထိပ်သီးအစည်းအဝေး– ဒီဇင်ဘာလ ၁၀–၁၁ ရက်များတွင် ဥရောပကောင်စီ ထိပ်သီးအစည်းအဝေးကို ဖင်လန်နိုင်ငံ၏ မြို့တော်ဟယ်ဆင်ကီ၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသည် ဖင်လန်နိုင်ငံ၏ အလှည့်ကျ ဥက္ကဋ္ဌ သက်တမ်းကုန်ဆုံးမှုနှင့် နောက် ၆ လအတွက် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ တာဝန်ယူမှုတို့ကို အထိမ်းအမှတ်ပြုသော အစည်းအဝေးလည်းဖြစ်သည်။ ထို အစည်းအဝေး၏ ထူးခြားချက်မှာ ဥရောပသမဂ္ဂတွင် အဖွဲ့ဝင် ၁၅ နိုင်ငံမှ ၂၇ နိုင်ငံအထိ တိုးချဲ့ရန် သဘောတူ လိုက်ခြင်း ဖြစ်သည်။ တူရကီကို အဖွဲ့ဝင်လောင်းအဖြစ် တရားဝင်အဆင့် သတ်မှတ်ပေးခဲ့သည်။ ဥရောပသမဂ္ဂသို့ ဝင်ခွင့်တောင်းထား သော ဆိုက်ပရပ်(စ်)၊ ချက်သမ္မတနိုင်ငံ၊ အက်(စ်)တိုးနီးယား၊ ဟန်ဂေရီ၊ ပိုလန်၊ ဆလိုဗင်းနီးယားတို့အပြင် ဘူလ်ဂေးရီးယား၊ လစ်သူယေး နီးယားနိုင်ငံတို့နှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများကို စတင်ပြုလုပ်ရန် ဟယ်(လ်)ဆင်ကီ ထိပ်သီးအစည်းအဝေးက သဘောတူခဲ့သည်။

ဥရောပသမဂ္ဂသည် ၄င်း၏စစ်ရေးစွမ်းရည်ကို ပြသရင်း နိုင်ငံတကာနယ်ပယ်၌ အခိုင်အမာ၊ အထင်အရှား ရပ်တည်နေသော အင်အားစုတစ်စု ဖြစ်ကြောင်း ပုံရိပ်ပေါ်စေ ပြုလာပြီ ဖြစ်ပေသည်။

ဦးခင်မောင်မြ

အင်ဒိုနီးရှားနိုင်ငံ။ ။အင်ဒိုနီးရှားနိုင်ငံတွင် ရွေးကောက်ပွဲ ကာလအတွင်း နိုင်ငံ့ဝန်ထမ်းများသည် မည်သည့်နိုင်ငံရေး ပါတီနှင့်မျှ ပါဝင်ပတ်သက်ခြင်းမပြုဘဲ ကင်းကင်းရှင်းရှင်း နေကြရန် သမ္မတဘီဂျေ ဟာဘီဘီက ညွှန်ကြားချက် ထုတ်ပြန်လိုက်ကြောင်း ဇန်နဝါရီလ ၂၇ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြသည်။ ယင်းစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်မှာ သမ္မတဆူဟာတိုကို ရာထူးမှ ဖယ်ရှား လိုက်ပြီးနောက် ၁၉၉၈ ခုနှစ် မေလ ၂၁ ရက်နေ့မှစ၍ အင်ဒိုနီးရှား အစိုးရအာဏာကိုရယူခဲ့သောသမ္မတ ဟာဘီဘီ ချမှတ် ဆောင်ရွက်နေသည့် အောက်ခြေသိမ်း နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၏ တစ်စိတ်တစ်ဒေသပင် ဖြစ်သည်။ အင်ဒိုနီးရှားသမ္မတ ဆူဟာတို နိုင်ငံတော်အာဏာယူထား ခဲ့သော ၃၂ နှစ်တာ ကာလအတွင်း စုစုပေါင်း ၄ ဒသမ ၁ သန်း ရှိသော နိုင်ငံဝန်ထမ်းများသည် အာဏာရ ဂိုလ်ကာပါတီ၏ မဝင်မနေရ အလိုအလျောက် ပါတီဝင်များ ဖြစ်ခဲ့ကြသည်။

အင်ဒိုနီးရှားသမ္မတ ဘီဂျေဟာဘီဘီနှင့် မလေးရှားဝန်ကြီး ချုပ် မဟာသီမိုဟာမက်တို့ အင်ဒိုနီးရှားနိုင်ငံ ဘာတမ်ကျွန်း တွင် မေလ ၂၀ ရက်နေ့က ကြုံတောင့်ကြုံခဲ့တွေ့ဆုံဆွေးနွေး ရာ နှစ်နိုင်ငံ ပြဿနာအချို့ကို ဖြေရှင်းနိုင်ခဲ့သည်။ မိမိ တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် သစ်ခုတ်လွဲမှုဆိုင်ရာ လုပ်ဆောင်ချက်အချို့ နှင့် ပတ်သက်သောနှစ်နိုင်ငံ ပြဿနာ များကို ဖြေရှင်းနိုင်ခဲ့ကြောင်း မလေးရှားဝန်ကြီးချုပ်က ဆွေးနွေးပွဲမှာ ၁၉၉၈ ခုနှစ် နိုဝင်ဘာလက မလေးရှားနှင့် ကျင်းပသော အာရှပစိဖိတ် ထိပ်သီးများ အစည်းအဝေး၌ ဆွေးနွေးခဲ့ကြပြီး နောက်ပိုင်း၌ နှစ်နိုင်ငံပြဿနာကို ပထမဦးဆုံးအကြိမ် တွေ့ဆုံကြခြင်း ဖြစ်သည်။ ဟာဘီဘီသည် အင်ဒိုနီးရှား သမ္မတအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်ရှိပြီ ဖြစ်သော်လည်း မဟာသီ မိုဟာမက်နှင့် ဆွေးနွေးမှု၊ ဆက်ဆံမှု မပြုခဲ့ဟု ဆိုသည်။ ယခုဆွေးနွေးပွဲမှာ အမှန်တကယ် ရင်းရင်းနှီးနှီး တွေ့ဆုံ ဆွေးနွေးခြင်း ဖြစ်သည်။ ယင်းပြဿနာများ အနက်အချို့ကို မိမိတို့ မည်သို့မည်ပုံ ဖြေရှင်းနိုင်ကြောင်း စီးပွားရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များ၌ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု အားပေးရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ စင်ကာပူ နိုင်ငံရှိ အင်ဒိုနီးရှားပိုင် ဘာတမ်ကျွန်းတွင် ပြုလုပ် သော နိုင်ငံ့ခေါင်းဆောင်များ၏ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ အကြား အငြင်းပွားမှုဖြစ်ရသော အကြောင်းရင်းပြဿနာ ဖြစ်ရသည့် လူဝင်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေး ခဲ့ကြသည် စသဖြင့် မဟာသီမိုဟာမက်က ပြောကြား သည်။ မလေးရှား နိုင်ငံသည် ၁၉၉၈ ခုနှစ်က တရားမဝင် အင်ဒိုနီးရှား အလုပ်သမား ထောင်ပေါင်းများစွာကို နေရပ်သို့ ပြန်ပို့ ခဲ့သည်။

လက်နက်ကိုင်တပ်များ၏ စစ်ဘာနချုပ်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ဇွန်လ ၇ ရက် အထွေထွေရွေးကောက်ပွဲ



သမ္မတအဗ္ဗဒူရာမန်ဝါဟစ်ကို ပါလီမန်တွင် ပထမဆုံးမိန့်ခွန်းပြောကြားရန် ခေါ်ဆောင်လာစဉ် (ဝဲ) နှင့် မိဂါဝတီ ဆိုကာနို ပူထရီကို သမ္မတဝါဟစ်နှင့် အတူတွေ့ရစဉ်

ရလဒ်များကို လိုက်လဲစွာ လက်ခံကြရန် အင်ဒို နီးရှား ပြည်သူများအား စစ်ဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဝီရန်တိုက ဇွန်လ ၈ ရက်နေ့တွင် ပြောကြား‌ခဲ့သည်။ ရွေးကောက်ပွဲရလဒ်များအပေါ် မကျေနပ်ကြသော အုပ်စုများအား တိုက်တွန်းပြောကြားရာ၌ ရလဒ်ကို လက်မခံနိုင်သည့်အကြောင်း ဆင်ခြေပေးရာတွင် တရားမျှတမှုနှင့် လုပ်ငန်းနည်းစနစ်ပိုင်းကို ထောက်မပြကြရန် ဝီရန်တိုက ပြောသည်။ ဇွန်လ ၇ ရက်နေ့ ရွေးကောက်ပွဲကာလအတွင်း ငြိမ်းချမ်းသော ပတ်ဝန်းကျင်ကို ဖန်တီးပေးသည့်အတွက် လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ အင်ဒိုနီးရှား ပြည်သူများအား လုံးကို မိမိတို့ ကျေးဇူးတင်သည်ဟုလည်း ဝီရန်တိုက ပြောသည်။

အင်ဒိုနီးရှား အထွေထွေရွေးကောက်ပွဲတွင် ပဏာမမဲရေတွက်ပြီးချိန်၌ အင်ဒိုနီးရှား ဒီမိုကရက်တစ် ရုန်းကန်လှုပ်ရှားရေးပါတီ (ပီဒီအိုင်-ပီ) က ဦးဆောင်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံကို ထူထောင်ခဲ့သူ သမ္မတဟောင်း ဆိုကာနို၏ သမီး မီဂါဝတီဆိုကာနိုပူထရီဦးဆောင်သော (ပီဒီအိုင်-ပီ) ပါတီက မဲ ၁၉ ဒသမ ၁ ကျော် ရရှိပြီး ဂိုလ်ကာပါတီက မဲ ၁၂ ဒသမ ၄ သန်းကျော် အသီးသီးရရှိနေသည်။ အင်ဒိုနီးရှား အာဏာရဂိုလ်ကာပါတီသည် အထွေထွေရွေးကောက်ပွဲတွင် အရေးနိမ့်ခဲ့သည်ဟု ဇွန်လ ၁၃ ရက်နေ့တွင် သတင်းစာ များ၌ ရေးသားဖော်ပြကြသည်။ ယာယီဆန္ဒမဲများအရ ပီဒီအိုင်-ပီ ပါတီက ရေတွက်ပြီး မဲဆန္ဒများ၏ ၃၃ ဒသမ ၂၈ ရာခိုင်နှုန်း ရရှိကာ အာဏာရ ဂိုလ်ကာပါတီက မဲဆန္ဒ ၂၁ ဒသမ ၇၆ ရာခိုင်နှုန်း ရရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် အရွေးတိုမောဒေသသို့ နိုင်ငံခြားငြိမ်းချမ်းထိန်းသိမ်းမှုတပ်ဖွဲ့များ ဝင်ရောက်ခွင့်ပြုရန် သဘောတူလိုက်ပြီ ဖြစ်ကြောင်း စက်တင်ဘာလ ၁၃ ရက်နေ့သတင်းစာများတွင် ရေးသားဖော်ပြကြသည်။ တိုင်းပြည်သို့ ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် သမ္မတဟာဘီဘီက အရွေးတိမောဌ် ဖြစ်ပျက်ခဲစား‌ရမှုများကို ချက်ချင်းရပ်ဆိုင်းစေခဲ့သည်ဟုပြောသော်လည်း နိုင်ငံခြားငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များ မည်သည့်အချိန်တွင် အရွေးတိမောသို့ဝင်ခွင့်ပြုမည်ကို ပြောဆိုခြင်းမပြုပေ။ အရွေးတိမောဌ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေအနေပြန်လည်ရရှိရန်၊ ပြည်သူများကို အကာအကွယ်ပေးရန်နှင့် ဩဂုတ်လ ၃၀ ရက်နေ့က ပြုလုပ်သော တိုက်ရိုက်ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ရန် ကုလသမဂ္ဂမှ တစ်ဆင့် မိတ်ဆွေနိုင်ငံများမှ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ကို မိမိတို့ လက်ခံဖို့အသင့်ရှိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်အား ဆက်သွယ်အကြောင်းကြား‌ထား‌သည်ဟု ဟာဘီဘီက ပြောသည်။ ယခင်ပေါ်တူဂီကိုလိုနီဖြစ်သော အရွေးတိမောတွင် အကြမ်းဖက်မှုအဆုံးသတ်ရေးအတွက် နိုင်ငံခြားတပ်များကို ဝင်ခွင့်ပြုဖို့ နိုင်ငံတကာဖိအားပေးမှုအား အင်ဒိုနီးရှားနိုင်ငံက ထပ်ခါတလဲလဲ ဟန့်တား‌ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် လွန်ခဲ့သော နှစ် ၅၀ ကျော်က ဒတ်ချ်ထံမှ လွတ်လပ်ရေးရခဲ့ချိန်မှစ၍ ယခုကဲ့သို့ နိုင်ငံခြားလက်နက်ကိုင်တပ်များကို နိုင်ငံခြားသို့ ဝင်ခွင့်ပြုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတသစ် အဗ္ဗဒူရာမန်ဝါဟစ်သည် ဂျကာတာမြို့တွင် အောက်တိုဘာလ ၂၀ ရက်နေ့ ညပိုင်းက ကျင်းပသော ပြည်သူ့အတိုင်ပင်ခံလွှတ်တော်စုံညီအစည်းအဝေး၌ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဩဇာတိက္ကမကြီးမား‌သော မွတ်ဆလင်ခေါင်း‌ဆောင် အဗ္ဗဒူရာမန်ဝါဟစ်သည် အစ္စလာမ်တရား‌တော်နှင့် အညီတရား‌သူကြီးချုပ် ဆာဝါတာရှေ့မောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ဂတ်စ်ဒူး‌ရ်ခေါ်မစ္စတာဝါဟစ်သည် အင်ဒိုနီးရှား ဒီမိုကရက်တစ်ပါတီလှုပ်ရှား‌မှုက အမည်စာရင်းတင်သွင်း‌သော မီဂါဝတီဆိုကာနိုပူထရီနှင့် အကြိတ်အနယ်ယှဉ်ပြိုင်အရွေး‌ခံပြီး‌နောက် အောက်တိုဘာလ ၂၀ ရက် ညပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ၏ စတုတ္ထမြောက် သမ္မတအဖြစ် ရွေး‌ချယ်ခံရခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် အာဏာအရှိဆုံး အဖွဲ့အစည်းဖြစ်သော အမ်ပီအာက သမ္မတအဖြစ် လျှို့ဝှက်မဲစနစ်ဖြင့် ရွေး‌ချယ်ရာ၌ ဆန္ဒမဲစုစုပေါင်း ဖိုဝ မဲ ရရှိသည့် အနက်မစ္စတာဝါဟစ်က ၃၇၃ မဲ၊ မီဂါဝတီက ၃၁၃ မဲ ရရှိသည်။ ကျန်ငါးမဲမှာ ပျက်ကွက်မဲများ ဖြစ်ကြသည်။ အမ်ပီအာ ဥက္ကဋ္ဌ အမီယင်နေး‌စ်က မဲရရှိမှု အခြေအနေကို ကြေညာလိုက်ရာ အစည်းအဝေး‌တက်ရောက်လာသူ အား‌လုံး‌က အင်ဒို‌နီး‌ရှား အမျိုး‌သား‌သီချင်းဖြစ်သော အင်ဒိုနီးရှားရာယာကိုကြွေးကြော်သီဆိုကြသည်။ ယခုကဲ့သို့ မစ္စတာဝါဟစ် ၅၉ နှစ် အောင်မြင်မှုရရှိခြင်းမှာ မွတ်ဆလင်အခြေခံနိုင်ငံရေး‌ပါတီများ‌၏ တစ်ခဲနက် အား‌ပေး‌ထောက်ခံမှုကြောင့် ဖြစ်သည်ဟုနိုင်ငံရေး‌အကဲခတ် သမား‌များ‌က ယူဆကြသည်။

အင်ဒိုနီးရှားသမ္မတသစ် အဗ္ဗဒူရာမန်ဝါဟစ်သည် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး‌နောက် ချက်ချင်းမိန့်ခွန်းမြွက်ကြားရာ၌ အမျိုး‌သား‌စည်း‌လုံး‌ညီညွတ်ရေး‌ကို တိုးမြှင့် ပြုလုပ်သွားမည် ဖြစ်ကြောင်း ကတိပြုပြောကြား‌သွား‌သည်။ မိမိတို့သည် နိုင်ငံတကာအလယ်တွင် မိမိတို့နိုင်ငံ၏ စည်း‌လုံး‌ညီညွတ်မှုကို ထိန်း‌သိမ်း‌သွား‌ရန် လိုအပ်ကြောင်း၊ ရံဖန်ရံခါတွင် မိမိတို့သည် ကမ္ဘာ့အလယ်၌ မျက်နှာပျက်အရှက်ရခဲ့ရသည်များ‌ရှိကြောင်း၊ ဘုရား‌သခင်၏ အလိုတော်ကျ မိမိသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ သမ္မတအဖြစ် တာဝန်ကို ကျေပွန်စွာဆောင်ရွက်သွား‌မည်ဖြစ်ကြောင်း မစ္စတာဝါဟစ်က အင်ဒိုနီးရှား ပြည်သူ့အတိုင်ပင်ခံလွှတ်တော်တွင် ပြောကြား‌ခဲ့သည်။

သမ္မတသစ်သည် သူ၏ အုပ်ချုပ်မှုအောက်တွင်လောလော ဆယ်လောတွေ့ရမည့် ပြဿနာများနှင့် ပတ်သက်၍ အောက်တိုဘာလ ၂၂ ရက်နေ့တွင် အဓိကထား ပြောကြားခဲ့သည်။ တိုင်းပြည်၏ ချွတ်ခြုံကျသွားသော စီးပွားရေးကို မည်သို့ပြန်လည်ပြုစုပျိုးထောင်လုပ်ဆောင်မည်။ စီးပွားရေးနာလန်ထူလာစေရန်မည်သူက ဦးစီးလုပ်ကိုင်မည် စသည်တို့ကိုလည်း မစ္စတာဝါဟစ်က အလေးထားပြောကြားသည်။ အစိုးရအဖွဲ့၌ မည်သူပါဝင်သင့်သည်ဟူသောကိစ္စနှင့် ပတ်သက်၍ ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်များ၊ ဒုတိယသမ္မတ မီဂါဝတီဆိုကာနိုပူထရီတို့နှင့် ညလုံးပေါက်တိုင်ပင်ညှိနှိုင်းပြီးနောက် သမ္မတဟောင်း၊ ဆူဟာတိုအစိုးရနှင့် ရင်းနှီးသူများ၊ အပါအဝင် စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်များမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

သမ္မတသစ် ရွေးချယ်ပွဲတွင် လက်ရှိသမ္မတ ဘီဘီဟာဘီဘီသည်လွန်ခဲ့သော ၁၇ လ၌ သမ္မတအဖြစ်တာဝန်ယူစဉ်က အင်ဒိုနီးရှားသမိုင်းတွင် အကြမ်းဖက်မှုများ၊ အဆိုးရွားဆုံးပေါ်ပေါက်ခဲ့ခြင်းအတွက် ပြည်သူ့အတိုင်ပင်ခံညီလာခံ၏ ယုံကြည်မှုကိုလက်လွတ်ဆုံးရှုံးရသဖြင့် နောက်ဆုံးအချိန်တွင် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်း မပြုတော့ဘဲ နုတ်ထွက်သွားခဲ့သည်။

သမ္မတသစ် ဝါဟစ်သည် အသက် ၅၉ နှစ်သာရှိသေးသော်လည်း လေဖြတ်ရောဂါနှစ်ကြိမ် ခံစားခဲ့ရပြီး ဦးနှောက်ခွဲစိတ်ကုသမှု ခံယူထား၍ မျက်စိကွယ်လုနီးပါးဖြစ်နေသည်။

ဒုတိယသမ္မတ ရွေးကောက်ပွဲကို ပြည်သူအတိုင်ပင်ခံလွှတ်တော်၌ အောက်တိုဘာလ ၂၁ ရက် ကြာသပတေးနေ့တွင် ကျင်းပရာ သမ္မတရွေးချယ်ပွဲတွင် အရေးနိမ့်သော မီဂါဝတီဆိုကာနိုပူထရီ ရွေးချယ်ခံရသည်။ ပြိုင်ဖက်မွတ်ဆလင်နိုင်ငံရေးသမား ဟမ်ဇာဟက်ဇ်ကိုမီဂါဝတီက ၃၉၆ မဲဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယသမ္မတ ရွေးချယ်ပွဲတွင် မူလက ပါဝင်ယှဉ်ပြိုင်ရန် အမည်စာရင်း တင်သွင်းထားသော အင်ဒိုနီးရှားကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဝီရန်တိုနှင့် ယခင်က အာဏာရ ဂိုလ်ကာပါတီဥက္ကဋ္ဌ အက္ကဘာတန်ဂျန် တို့က ရွေးကောက်ပွဲမှ နုတ်ထွက်သွား၍ မီဂါဝတီအလွယ်တကူ အနိုင်ရရှိခြင်း ဖြစ်သည်။ ဗိုလ်ချုပ်ကြီးဝီရန်တိုနှင့် အက္ကဘာတန်ဂျန်တို့သည် နိုင်ငံတော်အကျိုး၊ သွေးစည်းညီညွတ်မှုရရှိရေးဟူသော အကျိုးစီးပွားအတွက် ဒုတိယသမ္မတရွေးချယ်ပွဲမှ နုတ်ထွက်သွားကြခြင်း ဖြစ်သည်။ သမ္မတ ဟာဘီဘီကလည်း နိုင်ငံရေးလောကသို့ မိမိပြန်လာတော့မည်မဟုတ်ဟု ပြောကြား၍ ပြည်သူ့အတိုင်ပင်ခံညီလာခံ မှ ရွေးချယ်ပေးလိုက်သောသမ္မတသစ်ကို ထောက်ခံအားပေး ကြရန်နှင့် ပြည်သူများစည်းလုံးညီညွတ်မှုရရှိကြရန် တိုက်တွန်းလိုက်ရာ အင်ဒိုနီးရှားနိုင်ငံရေးမှာ တည်ငြိမ်အေးချမ်းရေး ဆီသို့ နီးနေပြီဟု ဆိုနိုင်ပေသည်။

အင်ဒိုနီးရှားသမ္မတ အဗ္ဗဒူရာမန်ဝါဟစ်နှင့် ဂျကာတာမြို့သို့ရောက်ရှိနေသော အရှေ့တီမောအမျိုးသားတော်လှန်ရေးကောင်စီခေါင်းဆောင် ဆာနာနာဂတ်စမောတို့သည် နှစ်ဦးနှစ်ဖက်ဆက်ဆံရေး ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်သွားကြရန် သမ္မတနန်းတော်တွင် နံဝင်ဘာလ ၃၀ ရက်နေ့က သဘောတူညီခဲ့ကြသည်။ သမ္မတဝါဟစ်၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံတွင် လေးရက်ကြာနေထိုင်လည်ပတ်ရန် ဂျကာတာမြို့သို့ မစ္စတာဆာနာနာဂတ်စမောရောက်ရှိလာ၍ ပြန်လည်ထူထောင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံက ကူညီပံ့ပိုးလိမ့်မည်ဟု မျှော်လင့်ထားသည်။ အရှေ့တီမော၌ ရင်းနှီးမြှုပ်နှံရေးအတွက် အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းရှင်များအား မိမိမေတ္တာရပ်ခံမည်ဟု မစ္စတာဝါဟစ်က ပြောကြားသည်။ အရှေ့တီမော ပြည်သူများသည် အင်ဒိုနီးရှားနှင့် ပူးပေါင်းနေထိုင်စဉ် ၂၃ နှစ်ကာလအတွင်း တွေ့ကြုံခံစားရသော ဒုက္ခအဝဝနှင့် ကစဉ့်ကလျားနေထိုင်ခဲ့ရသည့် အခြေအနေများအတွက် အင်ဒိုနီးရှားအစိုးရထံမှ လျော်ကြေးတောင်းလိမ့်မည်မဟုတ်ကြောင်း၊ မစ္စတာနာနာကစောစောပိုင်းက ဂျကာတာမြို့တွင် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့သည် ၂၄ နှစ်ကြာမျှ သံတမန်ဆက်ဆံရေး ဖြတ်တောက်ထားခဲ့ကြရာမှ မကြာမီသံတမန်ဆက်သွယ်မှုများ အပြည့်အဝ ပြန်လည်ပြုလုပ်ကြတော့မည်ဖြစ်ကြောင်း အရှေ့တီမောကို အုပ်ချုပ်ခဲ့သော ပေါ်တူဂီနိုင်ငံက ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကြေညာခဲ့သည်။ ပေါ်တူဂီအစိုးရက ဂျကာတာမြို့၌ သံရုံးကို မကြာမီပြန်လည်ဖွင့်လှစ်မည်။ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ပေါ်တူဂီနိုင်ငံသို့ မကြာမီ သွားရောက်လည်ပတ်မည်ဟု ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များအား ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနှင့် ပေါ်တူဂီနိုင်ငံတို့သည် ပေါ်တူဂီနယ်ချဲ့တို့ရုတ်တရက်ထွက်ခွာသွားပြီးနောက်ပိုင်း၌ အင်ဒိုနီးရှားတပ်မှူးက အရှေ့တီမောသို့ ဝင်ရောက်ခဲ့ချိန်မှစ၍ ၂၅ နှစ်နီးပါး ဆက်ဆံရေးအခြေအနေဆိုးရွားခဲ့သည်။

မိမိသည် တပေါင်းတစည်းတည်းရှိသော အင်ဒိုနီးရှားနိုင်ငံကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားမည်၊ လွတ်လပ်သော "အာဆေးနိုင်ငံ" ထူထောင်လိုသော အာဆေး

လူမျိုးစုများအား သည်းခံခွင့်လွှတ်မည်မဟုတ်၊ အာဆေးသည် တပေါင်းတစည်းတည်းရှိသော အင်ဒိုနီးရှားနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အမြဲတည်ရှိနေမည် စသဖြင့် အောက်လွှတ်တော်ခေါင်းဆောင်များနှင့် ဆွေးနွေးရာတွင် ဒီဇင်ဘာလ ၈ ရက်နေ့၌သမ္မတဝါဟစ်က ပြောကြားခဲ့သည်။

စီးပွားရေး – အင်ဒိုနီးရှားနိုင်ငံသို့ ဒေါ်လာသန်း ၁၁၀၀ ထုတ်ချေးရန်နှင့် ယင်းထုတ်ချေးငွေများကို ဇွန်လ ၇ ရက်နေ့တွင် အထေထေရွေးကောက်ပွဲကျင်းပမပြီးမချင်း အစိုးရက ထုတ်ယူရမည်မဟုတ်ကြောင်း ကမ္ဘာ့ဘဏ်က မေလ ၂၁ ရက်နေ့တွင် အတည်ပြု ပြောကြားလိုက်သည်။ ရက်သတ္တတစ်ပတ်အတွင်း အင်ဒိုနီးရှားသို့ ဒုတိယအကြိမ်ငွေထုတ်ချေးခြင်း ဖြစ်ရာ ဒေါ်လာသန်း ၆၀၀ ကိုလုံခြုံရေးလုပ်ငန်းများနှင့် ဒေါ်လာသန်း ၅၀၀ ကိုမူ ပြုပြင်ပြောင်းလဲမှု လုပ်ကိုင်ရာတွင် အထူးသဖြင့်ဘဏ်လုပ်ငန်းများနှင့် အဖွဲ့အစည်းလုပ်ငန်းဌာနများအတွက် သုံးစွဲသွားမည်ဖြစ်သည်။ ယင်းချေးငွေများကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှကမ္ဘာတွင် စတုတ္ထမြောက် လူဦးရေအများဆုံးဖြစ်သော အင်ဒိုနီးရှားနိုင်ငံသို့ ဒေါ်လာသန်း ၄၃၀၀၀ ထုတ်ချေးရာတွင် ချေးငွေဒေါ်လာသန်း ၄၅၀၀ အနက် တစ်စိတ်တစ်ဒေသအဖြစ် ထုတ်ချေးခြင်းဖြစ်သည်။ ယခုချေးငွေများမှာ စီးပွားရေး တည်ငြိမ်မှုနှင့် ပြန်လည်ရှင်သန်ရေးတို့အတွက် နိုင်ငံတကာငွေချေးအဖွဲ့က အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ မရှိမဖြစ်လိုအပ်ချက် တစ်စိတ်တစ်ဒေသအဖြစ် ထုတ်ချေးခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ကြေညာချက်၌ ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စက်မှုစွမ်းအားနှင့် စက်မှုပစ္စည်းသုံးစွဲမှုသည် ၂၀၀၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းမြင့်တက်လာပြီး အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးမှာ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း နိုဝင်ဘာလ ၁၇ ရက်နေ့ထုတ် မီဒီယာအင်ဒိုနီးရှား သတင်းစာက ရေးသားဖော်ပြသည်။ မိမိတို့ အင်ဒိုနီးရှားအမျိုးသားစီးပွားရေးအခြေအနေမှာ ပိုမိုကောင်းမွန်လာမည့် အနေအထားသို့ ဦးတည်နေရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအတွင်း ရောက်ရှိလာတော့မည်ဖြစ်ကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးယူစွပ်ကယ်လာက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှု ပြန်လည်ရရှိလာပြီ ဖြစ်၍ နိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်လာရေးအစီအစဉ်မှာလည်း ချောချောမောမော အောင်မြင်မှုရရှိမည်ဟု မျှော်လင့်ရသည်။ ၁၉၉၇ ခုနှစ်အလယ်ပိုင်းတွင် စီးပွားရေးဆိုးရွားစွာ ကျဆင်းခဲ့၍ ၁၉၉၈ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်းကျော် စီးပွားရေးဆုတ်ယုတ်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကျဲဒီပီ မှာ အနုတ်တစ်ရာခိုင်နှုန်းနှင့် သုညရာခိုင်နှုန်းကြား အထိသာ တိုးတက်လာဖွယ်ရှိသည်ဟု အင်ဒိုနီးရှားဗဟိုဘဏ်က ကြေညာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ၁၉၉၉ ခုနှစ်အတွင်း ဆီအုန်းထုတ်လုပ်မှုမှာ တန်ချိန် ၅ ဒသမ ၉ သန်းအထိ ရောက်ရှိမည်ဟု အင်ဒိုနီးရှားဆီအုန်းထုတ်လုပ်သူများ အသင်းက ဒီဇင်ဘာလ ၇ ရက်နေ့က ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။ နိုင်ငံတွင်းနှင့် ပင်လယ်ရပ်ခြားတိုင်းပြည်များမှ ဆီအုန်းမှာယူထားမှုမှာ ဆက်လက် မြင့်တက်လျက်ရှိနေသည်ဟု အသင်းဥက္ကဋ္ဌ ရှန်ဘန်ဂန်က ပြောသည်။ ဆီအုန်းထုတ်လုပ်မှုတန်ချိန် ၅၁ သန်းအနက် ၄၅ ရာခိုင်နှုန်းမှာ ပုဂ္ဂလိကစိုက်ခင်းများမှ ဖြည့်စီးပေးမည်ဟု ပါလီမန်တွင် အသင်း ဥက္ကဋ္ဌက ပြောကြားသည်။ ပြုပြင်ထားခြင်းမရှိသော ဆီအုန်း ၆၀ ရာခိုင်နှုန်းကို နိုင်ငံတွင်း၌ စားသုံးကြပြီး ကျန်သောဆီအုန်းများကို အနောက်ဥရောပနှင့် အခြားနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း မစ္စတာ ဘန်ဂန်က ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရက စီစဉ်ထားသည့်အတိုင်း လွတ်လပ်သော ကားဈေးကွက်ကို အကောင်အထည်ဖော်သွားမည်ဟု စီးပွားရေးသတင်းစာ၌ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ရေးသားဖော်ပြထားသည်။ လွတ်လပ်သော ကားဈေးကွက်ကို ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အကောင်အထည်ဖော်မည်ဟုကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးယူဆွတ်ကာလာကပြောကြားသည်။ စီးပွားရေး အခက်အခဲကြောင့် ဒေသအတွင်း၌ထိုလွတ်လပ်သောကားဈေးကွက်အကောင်အထည်ဖော်မှုကို ဆိုင်းထားရန် အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံဝင်နိုင်ငံများကို မလေးရှားနိုင်ငံက တောင်းဆိုထားခဲ့သည်။ သို့ရာတွင် ယင်းတောင်းဆိုမှုမှာ တစ်နှစ်ကြာမျှသာ ဖြစ်သည်။

နိုင်ငံတွင် အမျိုးသားကုန်ထုတ်လုပ်မှုမှန်မှန် တိုးတက်နေ၍ နိုင်ငံတော်၏ဆန်စပါးမှာယူတင်သွင်းမှုမှာ ၁၉၉၉ ခုနှစ်တွင် လျော့နည်းကျဆင်းသွားကြောင်း အင်ဒိုနီးရှားထောက်လှမ်းရေး အေဂျင်စီ အကြီးအကဲယူဆွတ်ကာလာကမကြာမီက ပြောကြားခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ဆန်စပါးတန်ချိန် ၁ ဒသမ ၅ သန်းတင်သွင်းခဲ့ရလေရာ ၁၉၉၈ ခုနှစ်က တင်သွင်းမှုနှုန်း အောက်သို့ သိသိသာသာကျဆင်းသွားခဲ့သည်။ ၁၉၉၈ ခုနှစ်က ဆန်စပါးတန်ချိန် ၅ ဒသမ ၉ သန်းတင်သွင်းခဲ့ရ၍ ၁၉၉၉ ခုနှစ်တင်သွင်းရသောနှုန်းမှာ ၇၅ ရာခိုင်နှုန်း ပိုလာသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဆန်စပါးတန်ချိန် ၁ ဒသမ ၅ သန်းတင်သွင်းရန် စီစဉ်ထား သည်။

ပြည်ပမှ ဆန်တန်ချိန် ၁ သန်းခန့်ရရှိမည်ဟု မစ္စတာကာလာက ပြောကြား၊ခဲ့သည်။

၁၉၉၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ စပါးရိပ်သိမ်းထုတ်လုပ်မှု ပမာဏသည် တန်ချိန် ၄၉ ဒသမ ၉ သန်းရှိမည်ဟု မျှော်မှန်းရကြောင်း အင်ဒိုနီးရှားအမျိုးသားစာရင်းအင်းဗျူရိုက ခန့်မှန်းထား၊သည်။ ၁၉၉၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ စပါးရိပ်သိမ်းထုတ်လုပ်မှု ပမာဏသည် တန်ချိန် ၄၉၈၇၅၂၄ ရှိပြီး ဆန်ထွက်တန်ချိန် သန်း ၃၀ ခန့်ရှိမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးချုပ် အန်ဝါရာဆာဟင်က ပြောကြား၊သည်ဟု ဒီဇင်ဘာလ ၂၀ ရက်နေ့ထုတ် ကွန်ပတ်နေ့စဉ်သတင်းစာ၌ ရေးသား၊ဖော်ပြသည်။ ယင်းဆန်စပါးထွက်ပမာဏကို တစ်နိုင်ငံလုံးရှိ လယ်မြေဧရိယာ ဟက်တာ ၁၁၇၁၈၅၇၇ မှ ရိတ်သိမ်းထုတ်လုပ်မှုအပေါ်တွက်ချက်ဖော်ပြခြင်း ဖြစ်သည်။ ယခုနှစ်ဆန်စပါးထုတ်လုပ်မှုမှာ ယခင်နှစ်ကထက် ၁ ဒသမ ၃ ရာခိုင်နှုန်းတိုး၊လာသည်။ နိုင်ငံအတွင်း ဆန်စပါးအမြောက်အမြားထွက်သဖြင့် ဆန်ဈေးထိုးကျမည်ဟု ခန့်မှန်းထား၊သည်ဟု ညွှန်ကြားရေးမှူးချုပ်က ပြောကြား၊သည်။

၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီး၊သည် လုပ်ငန်းမှ နိုင်ငံခြားငွေ အနည်းဆုံး ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံနှင့် အများဆုံးဒေါ်လာ ၆ ဒသမ ၃ ဘီလီယံရရှိရန် မျှော်မှန်းထား၊ကြောင်း အင်ဒိုနီးရှားကမ္ဘာလှည့်ခရီး၊သွား လုပ်ငန်းနှင့် အနုပညာဝန်ကြီးဌာနမှ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာဌာနခွဲအကြီးအကဲ အဆက်ဟီဒါယက်က ပြောကြား၊ခဲ့သည်။ ယင်းမျှော်မှန်းချက်မှာ နိုင်ငံခြား ကမ္ဘာလှည့်ခရီး၊သည်လာရောက်လည်ပတ်မှုအပေါ် မူတည်ပြီး ရရှိလာမည်ဟု ခန့်မှန်းချက်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီး၊သည် ၅ ဒသမ ၄ သန်းမှ ၆သန်းအထိ လာရောက်လည်ပတ်မည်ဟု မျှော်မှန်းထား၊သည်။ ကမ္ဘာလှည့်ခရီး၊သွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ခရီး၊သွား လုပ်ငန်း အထောက်အကူပြု ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အင်ဒိုနီးရှားအစိုးရက တိုးမြှင့်ပြုလုပ်သွားမည့် ကမ္ဘာလှည့်ခရီး၊သွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၊ဆောင်ရွက်လျက်ရှိကြောင်း မစ္စတာအဆက်ဟီဒါ၏ ပြောကြားချက်ကို သတင်းစာက ဒီဇင်ဘာလ ၂၁ ရက်နေ့က ရေး၊သား၊ဖော်ပြခဲ့သည်။

မူးယစ်ဆေးဝါးအန္တရာယ် – မူးယစ်ဆေးဝါးသုံးစွဲမှုသည် လောလောဆယ်တွင် အင်ဒိုနီးရှားလူငယ်အနည်းဆုံး ၉၀၀၀၀၀ ကိုထိခိုက်စေလျက်ရှိကြောင်း နိုင်ငံကြီးသားဘဝတိုးတက်ရေးဆိုင်ရာ လူမှုပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဟက်ဂျိမင်းက ပြောကြား၊သည်။ ယခုဖော်ပြသောကိန်းဂဏန်းမှာ ဖော်ထုတ်သိရှိရသော အသက် (၁၂) နှစ်နှင့် (၅၅) နှစ်အတွင်းရှိ မူးယစ်ဆေးဝါးသုံးစွဲသူ (၁) ဒသမ (၃) သန်း၏ ရာခိုင်နှုန်း ၇၀ ကိုကိုယ်စား၊ပြုသည်ဟု ဆိုသည်။ လက်တွေ့တွင် လူအဖွဲ့အစည်းအဆင့် အသိ၊သိ၊၊ အရွယ်အုပ်စုအသိ၊သိ၊၊ အိမ်ထောင်ရေး၊ပြိုကွဲသော မိသား၊စုအသိ၊သိ၊နှင့် အိမ်ထောင်စုသာယာသော မိသား၊စုအသိ၊သိ၊သည် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ထိခိုက်လျက်ရှိကြသည်ဟု ကျာကာတာပို့စ် သတင်းစာတွင် စက်တင်ဘာလ ၂၈ ရက်နေ့က ရေး၊သား၊ဖော်ပြသည်။ အင်ဒိုနီးရှားတွင် မူးယစ်ဆေးဝါးဖြန့်ဖြူး၊သော အဓိကနေရာများမှာ မီဒင်၊ ကျာကာတာ၊ အူကျာပန်ဒန်နှင့် ဘာလီကဲ့သို့ဆိပ်ကမ်းကြီးများမှ အရှေ့တောင်ပိုင်း ဆူလာဝီဆီရှိပါလူကဲ့သို့ ဆိပ်ကမ်းငယ်များအထိ ကျယ်ပြန့်နေသည်။ မူးယစ်ဆေးဝါးဖြန့်ဖြူး၊မှုသည် လူမှုရေးနယ်ပယ်အစိတ်အပိုင်း၊အား၊လုံးကို ထိခိုက်လျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်၍ ထိပ်တန်းအစိုးရအရာရှိကြီးများ၏ ကလေး၊များ၊ပါဝင်ပတ်သက်မှု ရှိနေသည် စသဖြင့် ဗိုလ်ချုပ် ဟက်ဂျိမင်းက တွေ့ဆုံမေး၊မြန်း၊ရာတွင် ပြောကြား၊ခဲ့သည်။

ကျာကာတာမြို့တွင် ရဲစုံထောက်များကနိုဝင်ဘာလ ၁၀ ရက်နေ့က ဝင်ရောက်စီး၊နင်း၊ရှာဖွေရာတွင် ဆေး၊ခြောက် ၁ ဒသမ ၅ တန်နီးပါး တစ်ကြိမ်တည်း၊ဖြင့် ဖမ်း၊ဆီး၊ရမိခဲ့ကြောင်း နိုဝင်ဘာလ ၁၁ ရက်နေ့ထုတ် ကျာကာတာပို့စ်သတင်း၊စာတွင် ရေး၊သား၊ဖော်ပြသည်။ ရဲပီလား၊ငွေ သုံးဘီလီယံဖိုး၊ခန့်ရှိ အဆိုပါ ဆေး၊ခြောက်များကို ဆီပုံး (၁၂) လုံး၊အတွင်း၌ ဝှက်ထား၊ခြင်း ဖြစ်သည်။ မြောက်ဆုမတ္တရာပြည်နယ်မြို့တော် မီဒန်မြို့မှ ဆေး၊ခြောက်များ ထည့်သွင်း၊ယူဆောင်လာသော ဓာတ်ဆီပုံးများကို ကျာကာတာမြို့တွင်း၊သို့ သွင်း၊ပြီး ဖြန့်ဖြူး၊ရန် အာချီလူမျိုးလေး၊ဦး၊က စီစဉ်ဆောင်ရွက်ခဲ့ခြင်း၊ဖြစ်ကြောင်း ကျာကာတာရဲစုံထောက် အကြီးအကဲ ဗိုလ်ချုပ်ကြီးအလက်စ်ဘမ်တင်းရီယက်မိုးဂျိုက ပြော၊သည်။ ၁၅ နှစ်အတွင်း ထုထည်ပမာဏအကြီးမား၊ဆုံး၊ဖြစ်သော ဆေး၊ခြောက်များကို ဖမ်း၊ဆီး၊မိခြင်း၊ဖြစ်သည်။ ကျာကာတာမြို့ အလယ်ပိုင်း၊ရပ်ကွက်တစ်ကွက်ရှိ အိမ်တစ်အိမ်ကို နိုဝင်ဘာလ ၉ ရက်နေ့ညက ဝင်ရောက်စီး၊နင်း၊ရှာဖွေရာ ဆေး၊ခြောက်နှင့် ဆက်နွယ်နေသော လူကို ဖမ်း၊ဆီး၊ပြီး ဆေး၊ခြောက် ၄ ဒသမ၃ ကီလိုကို နိုင်ငံပိုင်ပစ္စည်း အဖြစ် သိမ်း၊ဆည်း၊နိုင်ခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး – သမ္မသစ် အမှုဒူရာမန်ဝါဟစ်သည် အရှေ့တောင်အာရှနိုင်ငံများသို့ ခရီး၊ထွက်လျက်ရှိရာ

နိုဝင်ဘာလ ၅ ရက်နေ့တွင် စင်ကာပူသို့ ပထမဆုံးခရီးစဉ် အဖြစ် ရောက်ရှိလာစဉ် အင်ဒိုနီးရှားနိုင်ငံစီးပွားရေး ပြန်လည် ကောင်းမွန်လာစေရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံမှ အာမခံချက်ရရှိခဲ့သည်။ သမ္မတဝါဟစ်က စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်နှင့် တွေ့ဆုံဆွေးနွေးရာ၌ အင်ဒိုနီးရှားနိုင်ငံအား အကူအညီပေးရာတွင် လျင်မြန်စေရေးအတွက် စင်ကာပူလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ကိုယ်တိုင်ဦးဆောင်ကာ ဂျကာတာမြို့သို့သွားရောက်မည်ဖြစ်ကြောင်း စင်ကာပူ ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံမှာ ယိုယွင်းနေသော စီးပွားရေးပြုပြင်ရန် အလွန်လိုအပ်နေသော ရင်းနှီးမြှုပ်နှံမှုအဖြစ် ဒေါ်လာသန်းပေါင်းများစွာ ရနိုင်မည်ဟု မျှော်လင့်ထားသည်။ သမ္မတ ဝါဟစ် သည် စင်ကာပူနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ ဟည်ခင်းသော နေ့လယ်စာ စားပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး အင်ဒိုနီးရှားနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလာကြရန် ဆွဲဆောင်မည် ဟု မျှော်လင့်ရသည်။

အိန္ဒိယသမ္မတနိုင်ငံ။ ။ ဩစတြေးလျနိုင်ငံသား ခရစ်ယာန်သာသနာပြု ဂရာဟမ်စတိန်း(စ်) (အသက် ၅၈ နှစ်) သည် အသက် ၁၀ နှင့် ၈ နှစ်အသီးသီးရှိကြသော သားနှစ်ဦးတို့နှင့် အတူ မော်တော်ကားအတွင်း အိပ်နေစဉ် အကြမ်းဖက်လူအုပ်တစ်စုက ဇန်နဝါရီလ ၂၃ ရက်နေ့တွင် မီးရှို့သတ်ဖြတ်ခဲ့သည်။ အချင်းဖြစ်ပွားသောနေရာမှာ ဩရိသပြည်နယ် အရှေ့ပိုင်း မနောဟာပူရ်ရွာဖြစ်သည်။ စတိန်း(စ်)သည် ၁၉၈၂ ခုနှစ်မှစ၍ ဒေသခံအနာကြီးဆေးရုံတစ်ခုဌ၌ ဒါရိုက်တာအဖြစ် ဆောက်ရွက်လျက်ရှိသည်။ ထိုလူသတ်မှုနှင့် စပ်လျဉ်း၍ လူအနည်းဆုံး ၄၇ ဦးကို ဖမ်းဆီးခဲ့သည်။ဖမ်းဆီးခံရသူအများစုမှာ ဟိန္ဒူအမျိုး သား အစွန်းရောက်အဖွဲ့တစ်ခုဖြစ်သော ဘာ့(ဂျ်)ရန်း၊ဒါး၊လ်အဖွဲ့ဝင်များ ဖြစ်သည်။ လူသတ်မှု ကျူးလွန်ခဲ့သော အကြမ်းဖက်လူအုပ်အား လှုံ့ဆော်ခဲ့သည်ဟု သံသယအဝင်ခံရသော ဓရဆင်းအား ဖမ်းဆီးမိရေးအတွက် ဩရိသရဲအဖွဲ့က ဆုငွေပေးမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယအစိုးရက ထိုလူသတ်မှုကို ပြစ်တင်ရှုတ်ချလိုက်ပြီး ထိုအမှုနှင့် စပ်လျဉ်း၍ တရား၌တမှုဖြစ်အောင် ဆောင်ရွက်ပေးမည်ဟု ကတိပြုကြေညာခဲ့သည်။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် တရားဝင်စုံစမ်းရေးအဖွဲ့ကလည်း အစီရင်ခံစာထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာနှင့်ပင်းကိုယ်တိုင် ဩရိသပြည်နယ်သို့ သွားရောက်ခဲ့မှုတို့ကို အခြေခံလျက် ထိုလူသတ်မှု၌ ဘာ့(ဂျ်)ရန်း၊ဒါး၊လ်အဖွဲ့ ပါဝင်ပတ်သက်မှု သက်သေခံ အထောက်အထား မတွေ့ခဲ့ရကြောင်း၊ ကာကွယ်ရေးဝန်ကြီးကျေးဖါနင်ဒတ်(စ်)က ပြောကြားခဲ့သည်။ ဘာရတ္တိယာဂျနတာပါတီဥက္ကဋ္ဌသော အစိုးရအဖွဲ့အပေါ် ဂုဏ်းဂဏ အကြမ်းဖက်မှုကို အားပေးနေကြောင်း နာမည်ဖျက်လိုသည့် အကြံအစည်ဖြင့် ကြိုးပမ်းဆောက်ရွက်မှုများ ရှိနေကြောင်း ပင်းက ဆက်လက်စွပ်စွဲခဲ့သည်။

ဝန်ကြီးချုပ်ဟာ(ဂျ်)ပါယီးသည် ခရစ်ယာန်ဆန့်ကျင်ရေး အကြမ်းဖက်မှုထူပြောသောဂူဂျရက်ပြည်နယ်သို့ သွားရောက်ခဲ့သည်။ ပင်းပြည်နယ်ရှိဒန်းခရိုင်သို့ရောက်ရှိစဉ် ဘာသာရေးအယူဝါဒ ကူးပြောင်းမှုနှင့် စပ်လျဉ်း၍ အမျိုးသားဆွေးနွေးပွဲပြုသင့်ကြောင်း ဇန်နဝါရီလ ၁၀ ရက်နေ့က ပြောကြားခဲ့သည်။ ခရစ်ယာန်တို့သည် မိမိတို့၏ ဘာသာရေးသို့ ကူးပြောင်းလာရေးအတွက် အပြင်းအထန် ကြိုးစားနေကြခြင်းကြောင့် ပင်းတို့ အပေါ် တုံ့ပြန်အကြမ်းဖက်မှုများ ဖြစ်ပေါ်စေသည်ဟုသော အယူအဆကို ဝန်ကြီးချုပ်က လက်ခံထားသယောင်အထင် ပေါက်စေခဲ့သည်။ ဘာသာရေး အယူဝါဒကူးပြောင်းမှုကိုပိတ်ပင်တားမြစ်မည်မဟုတ်ကြောင်းကိုလည်း ဝန်ကြီးချုပ်က ကြေညာခဲ့သည်။ စတိန်း(စ်) ၏ အသုဘချသောနေ့ဖြစ်သည့် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နယူးဒေလီမြို့တော်၌ ခရစ်ယာန် နှင့် မွတ်ဆလင်များ ဦးဆောင်သည့် လူထုဆန္ဒပြ ချီတက် ပွဲကို ပြုလုပ်ခဲ့သည်။ အစိုးရအနေဖြင့် ဘာသာရေး လူနည်းစုတို့အား ကာကွယ်စောင့်ရှောက်မှု မပြုဟု စွပ်စွဲခဲ့ကြသည်။

အမေရိကန်ဆန့်ကျင်ရေး ဗုံးခွဲရန်ကြံစည်မှု – ဇန်နဝါရီလ ၇ ရက်နေ့က နယူးဒေလီဘူတာရုံ၌ ဖောက်ခွဲယမ်းများကို ကိုင်ဆောင်လာသော ဘင်္ဂလားဒေ့(ရှ်) အမျိုးသားတစ်ဦးအား ဖမ်းဆီးမိခဲ့သည်။ ထိုသူသည်မဒရပ်(စ်)နှင့်ကာလကတ္တာမြို့တို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးများနှင့် နယူးဒေလီမြို့မှ နေရာအချို့ကို ဗုံးခွဲရန် ဖြစ်သည်ဟု ဖြောင့်ချက်ပေးထွက်ဆိုခဲ့ကြောင်း သိရှိရသည်။ ပင်းသည် အာဖဂန်နစ္စတန်ရှိ အိုဆာမားဘင်လာဒင်နှင့် အဆက်အသွယ်ရှိကြောင်း၊ ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့ဝင်လည်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့(ရှ်)မှ တစ်ဆင့် အနောက်ဘင်္ဂလားပြည်နယ်သို့ ဖြတ်ကူးဝင်ရောက်ခဲ့ကြောင်း တို့ကိုလည်း ဖြောင့်ချက်ပေးထွက်ဆိုခဲ့သည်။

အကုမြူးမပြန့်ပွားရေးဆွေးနွေးပွဲ – အိန္ဒိယနှင့် အမေရိကန်တို့အကြား အကုမြူးမပြန့်ပွားရေး အတွက် ရှုစ်ကြိမ်မြောက် ဆွေးနွေးပွဲကို ဇန်နဝါရီလ ကုန်ရက်များတွင် နယူးဒေလီမြို့၌ ပြုလုပ်ခဲ့ကြသည်။ ထိုသုံးရက်ကြာဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျပ်(စ်) ဝမ့်ဆင်းနှင့် အမေရိကန် ဒုတိယ



ဂူဂျရက် ပြည်နယ်တွင်
အကြမ်းဖက်တိုက်ခိုက်ခြင်း
ခံရသည့်ခရစ်ယာန်
စာသင်ကျောင်းတစ်ကျောင်းသို့
ဆိုနီယာဂန္ဒီသွားရောက်ကာ
ကျောင်းသားများနှင့်
ဤသို့တွေ့.ဆုံခဲ့သည်

နိုင်ငံခြား:ရေး:ဝန်ကြီး: တာလ်ဘော့(တ်)တို့ တက်ရောက်ခဲ့ကြသည်။ ထိုဆွေး:နွေး:ပွဲတွင် တိုး:တက်မှုရှိခဲ့သည်ဟု ဆိုကြသော်လည်း: တိကျသေချာသော သဘောတူချက်တစ်ရပ် ထွက်ပေါ်မလာခဲ့ပေ။

အိန္ဒိယရောက် ပထမဆုံး:ပါကစ္စတန်ဘတ်(စ်)ကား: – အိန္ဒိယနှင့်ပါကစ္စတန်ဟူ၍ ပိုင်:ခြား:ပြီး:နောက်ပိုင်: နှစ်ပေါင်: ၅၀ အတွင်: ပါကစ္စတန်နိုင်ငံ၊ လာဟို:မြို့မှ ဘတ်(စ်)ကား:သည် ဧန်နဝါရီလ ၁၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ နယူး:ဒေလီမြို့သို့ လုံခြုံချောမောစွာ ရောက်ရှိခဲ့သည်။ စစ်သွေး:ကြွရှိဗာဆေနအဖွဲ့က ခြိမ်း:ခြောက်မှုများ: ရှိခဲ့သော်လည်း: ထိုပါကစ္စတန်ဘတ်(စ်)ကား:သည် အိန္ဒိယသို့ရောက်ရှိလာသော ပထမဆုံး:ကား:ဖြစ်သည်။ ထိုဘတ်(စ်)ကား:သည် ဧန်နဝါရီလ ၁၇ ရက်နေ့တွင် လာဟို:မြို့သို့ကောင်:မွန်စွာ ပြန်လည်ဆိုက်ရောက်သွား:ခဲ့သည်။ ဤသို့အစမ်း:မောင်း:နှင်အောင်မြင်မှုအပေါ် နှစ်ဖက်နိုင်ငံအရာရှိများက ကျေနပ်အား:ရခဲ့ကြသည်။ လာမည့်ဖေဖော်ဝါရီလမှ စ၍ နှစ်နိုင်ငံအကြား: ဘတ်(စ်)ကား: ခရီး:ပုံမှန်ပြေး:ဆွဲရန် စီစဉ်လျက်ရှိကြသည်။

ဝန်ကြီး:ချုပ်နှစ်ဦး:ဆွေး:နွေး:ပွဲ – အိန္ဒိယဝန်ကြီး:ချုပ် ဗာ့(ဂ်)ပါယီ: သည် အိန္ဒိယမှ ပါကစ္စတန်သို့ ခရီး:စဉ်စတင် ဖွင့်လှစ်သည့် ဘတ်(စ်)ကား:ဖြင့် လိုက်ပါသွား:ခဲ့သည်။ ၁၉၈၉ ခုနှစ်နောက်ပိုင်:တွင် ဗာ့(ဂ်)ပါယီ:သည် ပါကစ္စတန်သို့ရောက်ရှိခဲ့သော ပထမဆုံး:အိန္ဒိယဝန်ကြီး:ချုပ်ဖြစ်သည်။ အိန္ဒိယနှင့်ပါကစ္စတန် ဝန်ကြီး:ချုပ်များ:ဖြစ်ကြသော ဗာ့(ဂ်)ပါယီ:နှင့် နဝပ်(ဇ်)ရှရစ်(ဖ်) တို့သည် လာဟို:မြို့၌ ဖေဖော်ဝါရီလ ၂၀၊ ၂၁ ရက်နေ့များ:တွင် တွေ့.ဆုံဆွေး:နွေး:ခဲ့ကြသည်။ ဆွေး:နွေး:ပွဲအပြီး:တွင် လာဟို: ကြေညာချက်ကို ထုတ်ပြန်ခဲ့ကြသည်။ ထိုကြေညာချက်၌ နှစ်နိုင်ငံအစုမြူလက်နက်အပြိုင်အဆိုင်တပ်ဆင်နေမှုတို့၏ အန္တရာယ်ကို အသိအမှတ်ပြုကြောင်း၊ အစုမြူနှင့် ဆက်စပ်သော မတော်တဆဖြစ်မှု ရှိလာပါက ချက်ချင်း:အသိပေး:ရန် လိုကြောင်း၊ တဝေးပစ်ဒုံး:ကျည်စမ်း:သပ် ပစ်လွှတ်ပါကလည်း: အခြား:တစ်ဖက်ကို ကြိုတင်သတိပေး:ရန်လိုကြောင်း:တို့ကို ထည့်သွင်း:ဖော်ပြခဲ့ကြသည်။ အစုမြူစွမ်း:ဆောင်နိုင်မှု အသိ:သိ:နှင့် ပတ်သက်၍လည်း: သတင်း:အချက်အလက်များ: ဖလှယ်ကြရန်ထည့်သွင်း:ကြေညာခဲ့သည်။ သို့ရာတွင် ဘက်စုံလွှမ်း:ခြုံသည့် အစုမြူစမ်း:သပ်မှုပိတ်ပင်ရေး:စာချုပ်၌ ပါဝင်လက်မှတ်ရေး:ထို:ရေး:အတွက် ဆုံး:ဖြတ်ချက်မချခဲ့ကြပေ။ ထို့ပြင် ဂျမ်ဖုနှင့်ကတ်(ရ်) မီး:ယား:ဒေသအရေး:နှင့် စပ်လျဉ်း၍ ဆက်လက်ဆွေး:နွေး:မှုများ: ပြုလုပ်ရေး:လောက်ကိုသာ ထည့်သွင်း:ကြေညာခဲ့ကြသည်။

လျှပ်စစ်နှင့်ဓာတ်ငွေ့ဝယ်ယူရေး – အိန္ဒိယနိုင်ငံခြား:ရေး:ဝန်ကြီး: ဂျပ်(စ်)ဝမ့်ဆင်း:သည် လန်ဒန်သို့ ရောက်နေခိုက်၌ အိန္ဒိယသည် ပါကစ္စတန်မှ လျှပ်စစ်စွမ်း:အား:ကို ဝယ်ယူမည်ဖြစ်ကြောင်း: ဖေဖော်ဝါရီလ ၇ ရက်နေ့က ထုတ်ဖော်ပြောကြား:ခဲ့သည်။ ပါကစ္စတန်၌ လျှပ်စစ်စွမ်း:အား:ထုတ်လုပ်မှုသည် ပြည်တွင်း:သုံး:ထက် ပိုလျှံနေသဖြင့် ပြည်ပသို့ရောင်း:ချရန် ကမ္ဘာ့ဘဏ်က တိုက်တွန်း:ထား:ခဲ့သည်။ ဘင်္ဂလား:ဒေ့(ရှ်) ကမ်း:လွန်ဒေသ၌ ဓာတ်ငွေ့သိုက်ကြီး:ကို တွေ့.ရှိထား:ရာ ထိုနိုင်ငံမှလည်း: ဓာတ်ငွေ့များ:ကို အိန္ဒိယက ဝယ်ယူရန်အစီအစဉ်ရှိကြောင်း: အိန္ဒိယနိုင်ငံခြား:ရေး:ဝန်ကြီး:က ပြောကြား:ခဲ့သည်။ အိန္ဒိယသည် စွမ်း:အား: မလုံလောက်သောနိုင်ငံဖြစ်သည်။

ဘီဟာပြည်နယ်တွင် သမ္မတအာဏာဖြင့် တိုက်ရိုက်အုပ်ချုပ်ခြင်း – ဘီဟာပြည်နယ်၊ ဂျေဟာနာဘဒ်ခရိုင်၌ ဘူမိဟာဇာတ်မြင့် မြေပိုင်ရှင်ကြီးများ၏ ခါးပိုက်ဆောင်ရန် ဘီဟာဆေန လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျောမွဲနင်းပြားများဟု အဓိပ္ပာယ်ရသော ဒလစ် ၁၂ ဦးကို သတ်ဖြတ်ခဲ့ကြသည်။ ဘီဟာပြည်နယ်တွင် အခြေခံဥပဒေယန္တရားရပ်ဆိုင်းသွားပြီး တရားဥပဒေစိုးမိုးရေးလည်း ပျက်ပြားနေခဲ့သည်။ ထို့ကြောင့် အိန္ဒိယသမ္မတ နာရာ ယန်နန်က ပြည်ထောင်စု အခြေခံဥပဒေပုဒ်မ ၃၅၆ ကို ကျင့်သုံးလျက် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုစနစ်ကို ဖော်ဆောင်လိုက်သည်။ ရွေးကောက်ပွဲဖြင့် တက်လာသော ဘီဟာပြည်နယ် ဝန်ကြီးချုပ် ရက်ဘရီဒေဗီကို ဖယ်ရှားကာ အုပ်ချုပ်ရေးမှူး ဆွန်ဒါဆင်းဘန်ဒါရီကို အုပ်ချုပ်ရေးတာဝန်များ ပေးအပ်ခဲ့သည်။ အစိုးရခန့် ဝန်ထမ်းအကြီးအကဲက ပြည်နယ်အုပ်ချုပ်ရေးကို တာဝန်ယူဆောင်ရွက်စေလိုက်ခြင်း ဖြစ်သည်။ လူသတ်မှုကို စုံစမ်းစစ်ဆေးနိုင်ရန် ပြည်နယ် ရဲတပ်ဖွဲ့က ရန်ဘီယာဆေနတပ်ဖွဲ့ဝင် ၄၀ ကျော်တို့ကို ဖမ်းဆီးခဲ့သည်။

စစ်ရှိန်မြင့်လာသည့်ကက်(ရှ်)မီးယားပဋိပက္ခ – မေလဘောဘောပိုင်းတွင် ၁၉၄၉ ခုနှစ်က သတ်မှတ်ထားခဲ့သည့် အပစ်အခတ်ရပ်စဲရေး မျဉ်းကြောင်းသို့မဟုတ် ထိန်းချုပ်ရေးမျဉ်းကြောင်းတစ်လျှောက်တွင် ထိတွေ့ပစ်ခတ်မှုများမကြာခဏဖြစ်ပေါ်နေခဲ့သည်။ ဤသို့ဖြစ်ပျက်နေခဲ့ရာမှ မေလ ၉ ရက်နေ့တွင် သောင်းကျန်းသူများသည် ပါကစ္စတန်တို့၏ အမြောက်ပစ်ခတ်ပေးမှုကို အကာအကွယ်ယူလျက် ထိန်းချုပ်ရေးမျဉ်းကြောင်းအနီးရှိ ကားဂျီးလ်မြို့မှ အိန္ဒိယစစ်တပ်၏ လက်နက်တိုက်ကိုတိုက်ခိုက်ခဲ့ကြသည်။တိုက်ခိုက်လာသူများကို တွန်းလှန်ရင်း လိုက်လံချေမှုန်းရာမှ ကားဂျီးလ်မြို့ကို စိုးမိုးထားသော တောင်ရိုးပေါ်ရှိ အခိုင်အမာကတုတ်များကို လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် စစ်သွေးကြွပုဂ္ဂိုလ် အနည်းဆုံး ၆၀၀ တို့က အပိုင်စီးထားကြောင်းတွေ့ရှိခဲ့ရသည်။ ထိုကတုတ်များကို အိန္ဒိယတပ်တို့က ဆောက်လုပ်ထားခဲ့ခြင်းဖြစ်ပြီး ဆောင်းတွင်းကာလ၌ ထိုကတုတ်များမှ စွန့်ခွာခဲ့ခြင်းဖြစ်သည်။

အိန္ဒိယက အုပ်ချုပ်ထားသော ဂျမ်ဟုနှင့် ကက်(ရှ်)မီးယား နယ်တွင်းသို့ အစွလာမ်ပြောက်ကျားတပ်များ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုကို အကြောင်းပြုကာ ကက်(ရှ်)



သမ္မတ၊ ဝန်ကြီးချုပ်ကဲ့သို့သော ရာထူးကြီးများတွင် အိန္ဒိယနိုင်ငံသားစစ်စစ်မှတစ်ပါး နိုင်ငံခြားသားများကို မခန့်အပ်ရန် ဆန္ဒပြနေကြသည့် ဘီဂျေပီပါတီအဖွဲ့ဝင်များ

ထုတ်ပယ်ခံလိုက်ရသော ဝါရင့်ပုဂ္ဂိုလ်ကြီးသုံးဦးတို့ကလည်း အမျိုးသားရေးကွန်ဂရက်ပါတီဟူသော အမည်ဖြင့် ပါတီသစ်ထူထောင်ကာလာမည့်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာခဲ့ကြသည်။

ကတ်(ရှ်)မီးယား ပဋိပက္ခ – အစ္စလာမ်ဘာကျားတပ်ဖွဲ့တို့ထိုးဖောက်သိမ်းခဲ့သော တောင်တန်းဒေသများကို ပြန်လည်သိမ်းပိုက်ရန် ဇွန်လအတွင်းက အိန္ဒိယတပ်များသည် အမြောက်များ၊ လေကြောင်းပစ်ခတ်မှုနှင့် ခြေလျင်တပ်တို့၏ ထိုးစစ်နည်းဗျူဟာများကိုပေါင်းစပ်ကျင့်သုံးခဲ့သည်။ ဇွန်လ ၂၁ ရက်နေ့တွင် တိုလိုလင်းတောင်တန်းတစ်ကြောလုံးကို ပြည်လည်သိမ်းပိုက်နိုင်ခဲ့ကြသည်။ ထိုတောင်ကြောသည် ဆရီနဂါးနှင့် လေးတို့ကိုဆက်သွယ်ထားသောလမ်းမကြီးအား ထိန်းချုပ်ပေးနိုင်သည်။ ထို့ပြင် ၄င်းတောင်ကြောကို အသုံးပြုလျက် ပြောက်ကျားတပ်ဖွဲ့တို့သည် ပါကစ္စတန်အမြောက်များ၏ ကာပစ်ပေးမှုကို တိုက်ရိုက်ရယူနိုင်ခဲ့ကြသည်။ အိန္ဒိယတပ်များသည် ကားဂျီးလ်မြို့၏ အရှေ့မြောက်ဒေသကိုလည်းစိုးမိုးထားနိုင်ခဲ့ကြသည်။ ထိန်းချုပ်ရေးမျဉ်းကြောင်းကို ကျော်ဖြတ်လျက် အမြောက်အမြားဖြင့် နှစ်ဘက်ပစ်ခတ်မှုများလည်း ရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးအဇစ်(စ်) သည် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဂျပ်(စ်) ဝမ့်ဆင်းနှင့်ဆွေးနွေးရန် ဇွန်လ ၁၂ ရက်နေ့က နယူးဒေလီမြို့သို့လာရောက်ခဲ့သည်။ ကတ်(ရှ်)မီးယားပဋိပက္ခကို အဆုံးသတ်ရေးအတွက်ဆွေးနွေးရန်လာရောက်ခဲ့ခြင်းဖြစ်သည်။ သို့သော် အိန္ဒိယတို့ဘက်က ကျူးကျော်သူများ အနေဖြင့် ထိန်းချုပ်ရေးမျဉ်းကြောင်း၏ တစ်ခြားဘက်သို့တိုင် ဆုတ်ခွာပေးရန်လိုကြောင်း၊ ဤပဋိပက္ခတွင် ပါကစ္စတန်စစ်တပ်က ပါဝင်ပတ်သက်မှု ရှိကြောင်းတို့ကိုအထောက်အထားများနှင့် တကွပြန်လည်ချေပခဲ့သည်။

နိုင်ငံခြားအကဲခတ်သမားများက ဤပဋိပက္ခတိုးမြှင့်လာခြင်းမှာ ပါကစ္စတန်တို့၏ဖန်တီးမှုဖြစ်ကြောင်း၊ ဤပြဿနာကို နိုင်ငံတကာပြဿနာဖြစ်လာအောင် ဖန်တီးပြီး အိန္ဒိယအပေါ် နိုင်ငံတကာဖိအားပေးမှုတိုးလာစေရန်ဖြစ်ကြောင်း ပြောဆိုနေကြသည်။ သို့ရာတွင် ပါကစ္စတန်တို့ မျှော်လင့်ထားသလိုဖြစ်မလာဘဲ နိုင်ငံတကာအသိုင်းအဝန်းက ပါကစ္စတန်တို့ဘက်မှ ဆုတ်ခွာပေးရန်ကိုသာ တိုက်တွန်းလာကြသည်။

ဇူလိုင်လ ၄ ရက်နေ့တွင် ပါကစ္စတန်ဝန်ကြီးချုပ်နဝပ်(စ်) ရှရစ်(ဖ်) သည် ဝါရှင်တန်သို့သွား၍ သမ္မတ ကလင်တန်နှင့် ဆွေးနွေးခဲ့သည်။ အမေရိကန်မှ အပြန်တွင် ရှရစ်(ဖ်)က ထိန်းချုပ်ရေးမျဉ်းကြောင်းကို ကျော်နေသော မူဂျာဟေဒင် (ပြောက်ကျားတပ်ဖွဲ့များ) တို့အနေဖြင့် ပါကစ္စတန်နိုင်ငံမီးယားပဋိပက္ခမှာ ပိုမိုပြင်းထန်လာတော့သည်။ မေလ ၂၆ ရက်နေ့ အိန္ဒိယတပ်များက ပြောက်ကျားတို့၏ စခန်းများကို ဂျက်တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များမှ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ၁၉၇၁ ခုနှစ်၏ နောက်ပိုင်းတွင် လေကြောင်းအင်အားကို သုံးခဲ့ခြင်းမှာ ယခုပထမဆုံးအကြိမ်ဖြစ်သည်။ အိန္ဒိယတို့ဘက်မှ အမ်အိုင်ဂျီလေယာဉ်တစ်စီးသည် မေလ ၂၇ ရက်နေ့တွင် ပစ်ချခံခဲ့ရသည်။ ထိန်းချုပ်ရေးမျဉ်းကြောင်းကို ကျော်၍ ပါကစ္စတန်ဘက်သို့ ၇၂ မိုင်တာကျူးလွန်လာခဲ့သည်ဟု ပါကစ္စတန်တို့က ဆိုသည်။ ကွယ်လွန်သူ အိန္ဒိယလေယာဉ်မှူး၏ အလောင်းကို ပါကစ္စတန်က ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ မေလ ၂၈ ရက်နေ့တွင်လည်း အိန္ဒိယ ရဟတ်ယာဉ်မှာ ပစ်ချခံခဲ့ရပြန်သည်။

အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံလုံးတွင် အကျမြူမှုုထုတ်လုပ်နိုင်စွမ်းရှိပြီး ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်နေသဖြင့် တရုတ်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်နှင့် ကုလသမဂ္ဂတို့က ဤသို့ စစ်ရိုန်မြင့်လာခြင်းအပေါ် များစွာစိုးရိမ်မကင်းရှိကြောင်း ထုတ်ဖော်ပြောဆိုနေကြသည်။ ရန်စခြင်းမရှိဘဲ ကျူးကျော်လာမှုပြုသည်ဟု အပြန်အလှန်စွပ်စွဲနေကြသော်လည်း အိန္ဒိယနှင့်ပါကစ္စတန်ခေါင်းဆောင်များက စစ်ပွဲအဆင့်အထိရောက်နိုင်ဖွယ်မရှိကြောင်း ပြောဆိုခဲ့ကြသည်။ ဤပဋိပက္ခနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ရန် ကြိုးပမ်းခဲ့ကြသည်။

ကွန်ဂရက် (အိုင်) ပါတီတွင်းခေါင်းဆောင်မှုအကျပ်အတည်း – ကွန်ဂရက် (အိုင်) ပါတီမှ ဝါရင့်ပုဂ္ဂိုလ်ကြီးသုံးဦးတို့က ပါတီဥက္ကဋ္ဌဖြစ်နေသူဆိုနီယာဂန္ဓီထံသို့ မေလ ၁၆ ရက်နေ့က စာတစ်စောင်တင်ပြခဲ့သည်။ ထိုစာတွင်မည်သူမဆို အိန္ဒိယနိုင်ငံ၏ သမ္မတ၊ ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်တာဝန်ယူမည့်သူများသည် အိန္ဒိယနိုင်ငံသားစစ်စစ်ဖြစ်ရမည် ဟူသော အချက်ကို အခြေခံ ဥပဒေပြင်ဆင်ချက်အဖြစ် အဆိုတင်သွင်းမှုကို ထောက်ခံပါရန် တင်ပြခဲ့သည်။ ထိုစာနှင့်ပတ်သက်၍ ကွန်ဂရက်(အိုင်) ပါတီ အတွင်း အမြင့်ဆုံး လုပ်ပိုင်ခွင့်ရှိသော အလုပ်အမှုဆောင် ကော်မတီတွင် သူမအား ထောက်ခံမည့်သူမရှိသဖြင့် ပါတီ ဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်ကြောင်း မေလ ၁၇ ရက်နေ့က တင်သွင်းခဲ့သည်။

မေလ ၂၀ ရက်နေ့တွင် အလုပ်အမှုဆောင်ကော်မတီက သူမထံသို့ စာတင်ပြသူ သုံးဦးကို ပါတီမှ ထုတ်ပယ်လိုက်ကြသည်။ မေလ ၂၅ ရက်နေ့တွင် သူမသည် ပါတီဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ဗာ့ (ဂျ်)ပါယီးဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုနေစဉ်

ဘက်ရှိအဇစ်ဒေသသို့တိုင် ဆုတ်ခွာပေးကြရန်ပန်ကြားခဲ့သည်။ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ဝန်ကြီးချုပ်သစ်အဖြစ် သို့ရာတွင် နှစ်ဘက်တိုက်ပွဲများမှာ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ အိန္ဒိယတို့ဘက်မှ စစ်ရေးအသာစီးရနေခဲ့သည်။ ဇူလိုင်လ ၁၁ ရက်နေ့တွင် အိန္ဒိယနှင့်ပါကစ္စတန်စစ်ဘက်အရာရှိချင်း ဆွေးနွေးကာ ဇူလိုင်လ ၁၇ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးကို သဘောတူခဲ့ကြသည်။ စစ်ရေးအသာစီးရနေသည့် အိန္ဒိယဝန်ကြီးချုပ် ဗာ့(ဂျ်) ပါယီးက ပါကစ္စတန်တို့၏ သစ္စာဖောက်ဖျက်မှုကို ပြုပြင်ပြီးမှသာ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

အထွေထွေရွေးကောက်ပွဲရလဒ် – (၁၃) ကြိမ်မြောက် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) အတွက် အထွေထွေရွေးကောက်ပွဲများကို စက်တင်ဘာလမှ အောက်တိုဘာလ (၃) ရက်နေ့အထိ ငါးသုတ်ခွဲ၍ ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲ၌ ဘာရတ္တိယာဂျနတာပါတီက ဦးဆောင်သည့် ၂၄ ဖွဲ့ပါဝင်သော အမျိုးသား ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့က အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ ထိုမဟာမိတ်ညွှန့်ပေါင်းအဖွဲ့က အမတ်နေရာ ၂၉၆ နေရာရရှိသဖြင့် လွှတ်တော်တွင်း၌ လုံ၀အများစုရရှိသွားခဲ့သည်။ မဟာမိတ်ညွှန့်ပေါင်းအဖွဲ့က ဗာ့(ဂျ်)ပါယီးကို လွှတ်တော်ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့သည်။ သို့ဖြစ်ရာ အမတ်အများစုရရန် သေချာနေသဖြင့် ကျမ်းသစ္စာကျိန်ဆိုမှု ပြုစေခဲ့သည်။

အစိုးရအဖွဲ့သစ် – ဝန်ကြီးချုပ် ဗာ့(ဂျ်) ပါယီးခေါင်းဆောင်သော ညွှန့်ပေါင်းအစိုးရသစ်တွင် ပြည်နယ်ဝန်ကြီးများ အပါအ၀င်ဝန်ကြီးပေါင်း ၇၀ ဦးပါရှိသည်။ ဝန်ကြီးများသည်လည်း အောက်တိုဘာလ ၁၃ ရက်နေ့ကပင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။ ဝန်ကြီးအဖွဲ့ဦးရေ၌မူများပြားခြင်းမှာ ဘာရတ္တိယာဂျနတာပါတီအနေဖြင့် ဒေသဆိုင်ရာမဟာမိတ်များကို နေရာပေးလို၍ ဖြစ်ကြောင်းအများက ယူဆထားကြသည်။ အစိုးရအဖွဲ့သစ်တွင် အရေးကြီးသောဝန်ကြီးနေရာလေးခုအတွက် ယခင်အတိုင်းပင်ဆက်လက်ထားရှိခဲ့သည်။ ပြည်ထဲရေး၊ ကာကွယ်ရေး၊ နိုင်ငံခြားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနေရာများ ဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် အစိုးရအဖွဲ့သစ်တွင် လူသစ် ၁၁ ဦးပါဝင်သည်။ တစ်ဦးတည်းသော အမျိုးသမီးဝန်ကြီးမှာ မီးရထားဝန်ကြီး မာမာတီးဘနာဂျီး ဖြစ်သည်။

အစိုးရလုပ်ငန်းစဉ် – အောက်တိုဘာလ ၂၅ ရက်နေ့တွင် အစိုးရ၏ လုပ်ငန်းစဉ်ကို အထက်နှင့်အောက်လွှတ်တော်နှစ်ရပ်ပေါင်းသို့တင်ပြခဲ့သည်။ ထိုလုပ်ငန်းစဉ်တွင် အခြေခံဥပဒေပြင်ဆင်ချက်များ ပြုလုပ်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့်ပြည်နယ်လွှတ်တော်များ၏ သက်တမ်းကို ပုံသေသတ်မှတ်ထားရေး၊ လွှတ်တော်များ၌ အမျိုးသမီးအမတ်ဦးရေခွဲတမ်း

၃၃ ရာခိုင်နှုန်းပါဝင်ရေး၊ ဥတ္တရန်ချာလ်၊ ဗနန်ချာလ်၊ ချာတစ္စဂါးရိတို့အားပြည်နယ်သစ်များအဖြစ် ထူထောင်ဖန်တီးရေးတို့ပါဝင်သည်။ သမ္မတ၏ မိန့်ခွန်းဌ လူနည်းစုတို့အား ကာကွယ်စောင့်ရှောက်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများပြုလုပ်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပေးထားသည်။ ထို့ပြင် အစိုးရအဖွဲ့သည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ အခွန်ကောက်ခံမှုစနစ်ကို ပြုပြင်ရေး၊ ဘတ်ဂျက်လိုငွေပြမှုလျှော့ချရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးပွားရေး၊ အဝေးပြောဆက်သွယ်မှုနှင့် စက်မှုလုပ်ငန်းပြုပြင်ရေးတို့ ပါဝင်သည်။

ဩရိဿပြည်နယ်ဆိုက်ကလုန်းမုန်တိုင်း – အောက်တိုဘာလ အတွင်းက ဩရိဿပြည်နယ်အရှေ့ပိုင်းတွင် ဆိုက်ကလုန်းမုန်တိုင်းနှစ်ကြိမ်ရိုက်ခတ်ခဲ့သည်။ အောက်တိုဘာလ ၁၈ ရက်နေ့က တိုက်ခတ်သောမုန်တိုင်းမှာ တစ်နာရီလျှင်ကီလိုမီတာ ၂၀၀ နှုန်းဖြစ်ခဲ့သည်။ ၂၉ ရက်နေ့က တိုက်ခတ်ခဲ့သောမုန်တိုင်းမှာ တစ်နာရီလျှင်ကီလိုမီတာ ၃၀၀ နှုန်းဖြစ်ခဲ့သည်။ ရေကြီးရေလျှံမှုများ၊ လူနေအိမ်ခြေပျက်စီးမှုများနှင့် လူအများသေဆုံးမှုများဖြစ်စေခဲ့သည်။ လူပေါင်း ၁၀၀၀၀ ကျော်သေဆုံးခဲ့သည်ဟု ခန့်မှန်းကြသည်။ ဩရိဿပြည်နယ်မှာ စိုက်ပျိုးရေးဒေသဖြစ်၍ ရေကြီးရေလျှံမှုကြောင့် များစွာအတိဒုက္ခရောက်သွားခဲ့သည်။

ပုပ်ရဟန်းမင်းကြီး၏ခရီးစဉ် – ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်သည် နိုဝင်ဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ အိန္ဒိယနိုင်ငံသို့လာရောက်ခဲ့သည်။ စစ်သွေးကြွ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများက ပုပ်ရဟန်းမင်းကြီး၏ ခရီးလာရောက်မှုကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ၁၆ ရာစုနှစ်အတွင်းက ဂိုအာနယ်တွင် ဂိုဟန်ကတ်သလစ်ဘာသာဝင်ပေါ်တူဂီတို့၏ ရက်စက်ကြမ်းကြုတ်မှုများအတွက် ဝန်ချတောင်းပန်ရန် တောင်းဆိုခဲ့ကြသည်။ ယခုလောလောဆယ်ကာလ၌ ဘာသာရေးအယူဝါဒပြောင်းလဲရေးအတွက် လိမ်လည်လှည့်ဖျားမှု၊ အင်အား သုံးမှုတို့ဖြင့် လုပ်ဆောင်နေမှုများကို ရပ်တန့်ပေးရန် တောင်းဆိုခဲ့ကြသည်။

အိန္ဒိယအစိုးရအဖွဲ့က ဘာသာရေးအရ ကန့်ကွက်ဆန္ဒပြမှုများ မပြုလုပ်ရန် တားမြစ်ခဲ့သော်လည်း ဟိန္ဒူအယူသည်းသူတို့က မနာခံဘဲ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ဘရတ္တိယာဂျနတာပါတီသည် ဟိန္ဒူအယူသည်းဂိုဏ်းများနှင့် ခပ်ကင်းကင်းနေပြခဲ့သည်။

ပုပ်ရဟန်းမင်းကြီးသည် အိန္ဒိယသမ္မတ၊ ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မတူညီသောဘာသာရေးအဖွဲ့အစည်းချင်းတွေ့ဆုံဆွေးနွေးရေး၊ ဘာသာအယူဝါဒပြောင်းလဲမှုလွတ်လပ်စွာ ပြုလုပ်ခွင့်ရှိရေးတို့ကိုဆွေးနွေးခဲ့သည်။ ပုပ်ရဟန်းမင်းကြီးသည် နိုဝင်ဘာလ ၇ ရက်နေ့က ဟိန္ဒူ၊ ဆစ်(ခ်)၊ မူဆလင်၊ ဂျိန်း၊ ဂျူး၊ ဘဟာယီဘာသာဝင်တို့နှင့် အတူအစည်းအဝေးတစ်ခုသို့ တက်ရောက်ခဲ့သည်။

ကတ်(ရှ်)မီးယား၌ထွက်ရေးဝါဒီတို့၏ လေယာဉ်အပိုင်စီးမှု – ကတ်(ရှ်)မီးယားခွဲထွက်ရေးဝါဒီတို့သည် ဒီဇင်ဘာလ ၂၄ ရက်နေ့က နိုပေါနိုင်ငံ၊ ခတ္တမန္ဒူလေဆိပ်မှ နယူးဒေလီသို့ ပျံသန်းမည့် အိန္ဒိယလေကြောင်းလိုင်းပိုင်လေယာဉ်ကို အပိုင်စီးကာ အာဖဂန်နစ္စတန်လေဆိပ် ကန်ဒါဟာသို့ ခေါ်ဆောင်ထိန်းချုပ်ထားခဲ့သည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်မှာ ခရီးသည် ၁၅၈ ဦးနှင့် လေယာဉ်အဖွဲ့တို့ကို လွှတ်ပေးခဲ့သည့် အတွက်အိန္ဒိယအစိုးရက ကတ်(ရှ်)မီးယားခွဲထွက်ရေးဝါဒီများဖြစ်ကြသော မော်လာနာမာဆွတ်အဇာ၊ မူဆလင်ဘုန်းကြီးတစ်ဦးနှင့်မူဆလင်စစ်သွေးကြွသူတို့၏ သဘောတရားဆရာတစ်ဦးစုစုပေါင်း သုံးဦးတို့ကို အိန္ဒိယအကျဉ်းထောင်မှ လွှတ်ပေးခဲ့ရသည်။ လေယာဉ်အပိုင်စီးထားမှုကာလအတွင်း အိန္ဒိယအစိုးရသည်တာလိဘန်အာဏာပိုင်များနှင့် မလွှဲမရှောင်သာဆက်သွယ်ခဲ့ရသည်။ လေယာဉ်အပိုင်စီးမှုဖြစ်ပွားသည့် အချိန်မှစ၍ ဆုတ်ယုတ်ပျက်ပြားနေပြီဖြစ်သော အိန္ဒိယ၊ ပါကစ္စတန်ဆက်ဆံရေးမှာ ပိုမိုဆိုးရွားလာခဲ့သည်။

ဝန်ကြီးသုံးဦးနုတ်ထွက်ပေးရေးကိစ္စ – ၁၉၉၂ ခုနှစ်တွင် အယုဒ္ဓယမြို့၌ ဘာဘရီမူဆလင်ဗလီ ဖျက်ချခံရမှုနှင့် ဆက်စပ်ပြီး တာဝန်ရှိဝန်ကြီးသုံးဦးနုတ်ထွက်ပေးရန် အတိုက်အခံပါတီများက နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပသည့် အောက်လွှတ်တော်၌ တောင်းဆိုခဲ့သည်။ ဝန်ကြီးချုပ်က ထိုတောင်းဆိုချက်ကို ပယ်ချခဲ့သည်။ အယုဒ္ဓယမြို့ရှိမူဆလင်ဘလီကို ဖျက်ချမှုနှင့်ပတ်သက်၍ လွှတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အဆိုးရွားဆုံးဂိုဏ်းဂဏအကြမ်းဖက်မှုများဖြစ်ပေါ်စေခဲ့သည်။

နုတ်ထွက်ပေးရန်တောင်းဆိုခြင်းခံရသည့် ဝန်ကြီးများမှာ ပြည်ထဲရေးဝန်ကြီးအက်ဗာနီ၊ လူအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးမနောဟာဂျိရှိနှင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတော်ဝန်ကြီး အူမာဘာရတ်တီတို့ဖြစ်ကြသည်။

ဦးခင်မောင်မြ

အကွရာစဉ်အညွှန်း

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၂၀၀၀)

ဤမြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်း ဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန်ရှာဖွေလိုပါကလည်း အကွရာစဉ် အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏အမည်ကို ဖတ်ရှုနိုင်သည့်ဆိုင်ရာ စာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။

 က

ကနေဒါနိုင်ငံ ၁၀၆–၁၀၈။
ကလေးသူငယ် ၁၀၈–၁၁၀။
အခွင့်အရေးများ
ဆိုင်ရာသဘောတူ
စာချုပ်
ကလင်တန်,ဘီလ် ၂၊၁၁၉၊၂၀၅၊ ၃၀၀၊၃၀၆၊၃၁၅။
ကာဘိလာ ၁၂၈၊၁၃၃။
ကုလသမဂ္ဂ ၁၁၀၊၁၁၂။
ကုလသမဂ္ဂ အေအိုင်ဒီအက်စ်တိုက် ဖျက်ရေးအေဂျင်စီ ၇။
ကိုရီးယားသမ္မတနိုင်ငံ ၁၁၂ – ၁၁၉။
ကတ်စထရို, ဖီဒယ် ၁၊၂၈၇။
ကင်မ်ဒေးယုံ ၁၁၃ – ၁၁၆၊ ၁၁၈၊၁၁၉၊၂၄၄။
ကင်မ်ယောင်ဆမ် ၁၁၅။
ကမ္ဘာ့ ၇။
ကျန်းမာရေးအဖွဲ့
ကမ္ဘာ့လူဦးရေ သန်း ၆၀၀၀ ပြည့်နေ့ ၁၁၉ – ၁၂၂။
ကမ္ဘောဒီးယား နိုင်ငံ ၃–၅၊၁၂၃–၁၂၈။
ကျင်ကျိချင် ၂၆၂။
ကျော်အောင် ၁၀၂၊၂၅၆။
ကျန်ဇီမင်း ၇၊၁၈၈၊၁၇၅၊ ၂၆၂။
ကြိုင်ကြိုင်၊ ဒေါ် ၃၉၊၄၀၊၂၄၄။
ကြည်အေး ၁၀၀။
ကွတ်,ရော်ဘင် ၂၆၁။
ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ၁၂၈–၁၃၁။
ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ ကျော်အောင် ၁၀၂၊၂၅၆။

ခ

ခင်ညွှန့်၊ဒုတိယ ဗိုလ်ချုပ်ကြီး ၁–၄၊၉၊၁၀၊၄၁–၄၅၊၁၉၅၊၁၉၈၊ ၂၀၀၊၂၃၉၊ ၂၅၇–၂၅၉။
ခင်ဆွေဦး ၉၈
ခင်မျိုးချစ်၊ ဒေါ် ၁၄၄။
ချီချင်ညာအရေး အခင်း ၁၄၄–၁၄၉။
ခွန်ထီး၊ ဦး ၁၅၀။
ချမ်လီပိုင် ၄၊၁၈၆၊၁၈၇၊ ၁၉၄။

(ဂ)

ဂုဏ၁ဘဒ္ဒန္တ ၁၅၁၊၁၅၂။
ဂေါဘာချော့, ရိုင်ဆာ ၁၃၈။
ဂိုချောက်တောင် ၁၆၄၊၁၆၆၊၁၆၇။
ဂျာနယ်ကျော် မမလေး ၁၀၀။
ဂျာမနီနိုင်ငံ ၁၅၅–၁၆၀။

ဝ

စတုတ္ထ သင်္ဂါယနာ ၂၇၀။
စပင်,ကျော့ ၃၀၆။
စောကြာဒိုး၊ဦး ၁၆၀၊ ၁၆၁။
စောဝိလျံပေါ၊ဦး ၁၆၁၊ ၁၆၂။
စင်ကာပူနိုင်ငံ ၁၆၂–၁၆၉။

ဆ

ဆိုကာနိုပူထရို, မိဂါဝတီ ၃၀၈၊၃၀၉။
ဆင်ဖြူရှင်မင်း ၃၇၊၃၈။
ဆဋ္ဌသင်္ဂါယနာ ၂၇၁။

(ည)

ညီရေးရေး, ဂျူလီယပ်(စ်) ၁၃၉။

ဋ

ဋေးမောင် ၉၇။

တ

တတိယ သင်္ဂါယနာ ၃၅၂၊၂၇၀။

တရုတ်ပြည်သူ ၂-၃၊
သမ္မတနိုင်ငံ ၁၆၉-၁၇၆။
တိုးတက်
ပြောင်းလဲလာ
သည့်လက်မှု
အနုပညာ
တက္ကသိုလ် ၁၀၁။
ဘုန်းနိုင်
တက္ကသိုလ် ၁၀၁။
မြစိမ်း:
တင်တင်မူ၊ဒေါ် ၁၇၆၊၁၇၇။
တင်မော်(စာတု) ၁၀၄။
တင်ဦး၊ဒုတိယ ၁၊၇-၉၊၃၉၊၄၁၊
ဗိုလ်ချုပ်ကြီး ၄၃။
တောင်အာဖရိက ၁၇၈-၁၈၃။
နိုင်ငံ
တည်ဆောက် ၆၀-၆၉။
ဖွင့်လှစ်ပြီး
စမ်ကန်း:ဝင်
တံတား:ကြီး:များ
တံတေး:သိန်း:တန် ၁၈၃-၁၈၅။

ထ

ထရန်ဒက်လွန် ၂၀၄။
ထိုင်း:နိုင်ငံ ၁၈၅-၁၉၅။

ဒ

ဒုတိယ ၂၇၀။
သင်္ဂီယနာ
ဒေဝူး:ကုမ္ပဏီ ၁၁၇၊၁၁၈၊၁၈၀။

ဝ

ဝမ္မစေတီမင်: ၃၆။

န

နဝပ်(ဖ်) ၃၁၃၊၃၁၅။
ရှုရစ်(ဖ်)
နာဂတောင်တန်: ၉၉။
မောင်ကြည်ဇင်
နုနုရည်(အင်း:ဝ) ၁၀၃။
နေတိုး:အဖွဲ့. ၉။
နိုင်ငံတကာ ၁၉၅-၁၉၇။
စာတတ်
မြောက်ရေး:နေ.
နိုင်ဝင်း:ဆွေ ၁၀၃။
နှစ် ၅၀အတွင်: ၉၄-၁၀၄။
မြန်မာဝတ္ထုများ:
တွင် မြန်မာ့
လူအဖွဲ့.အစည်း:နှင့်
လူမှုဓလေ့
ထင်ဟပ်ချက်
နယ်စပ်ဒေသနှင့် ၁၉၇-၂၀၀။
တိုင်း:ရင်း:သား:
လူမျိုး:များ:ဖွဲ့ဖြိုး:
တိုး:တက်မှု
အကောင်အထည်
ဖော်ရေး:လုပ်ငန်း:များ:

ပ

ပခုက္ကူ၊ဦး:အုံး:ဖေ ၂၀၀-၂၀၂။
စာပေဆုနှင့်
ပညာရည်မြှင့်ဆု
ပထမသင်္ဂီယနာ ၂၇၀။
ပညာသိပ၊ ၂၀၃။
ဘဒ္ဒန္တ
ပရိမာကော့(ဖ်) ၁၇၃။
ပါပါဒိုပိုး:လော့စ်, ၁၄၀။
ဂျော့
ပီထရိုနပ်(စ်) ၂၂၇။
အမြွာမျှော်စင်
ပူတင်, ဗလာဒီမာ ၁၄၆၊ ၁၄၈။
ပိုပေါ့ ၁၂၃၊ ၁၂၄။
ပေါလ်, မာတင် ၁၀၆။
ပဉ္စမသင်္ဂီယနာ ၂၇၁။

ဖ

ဖန်ဗန်ခိုင် ၂၀၄၊၂၀၇၊၂၀၈။

ဗ

ဗာလဲ, တိုနီ ၁၇၈၊ ၂၆၄၊
၃၀၅၊၃၀၆။
ဗာရက်,အေဟု ၂၉၉။
ဗာလုံလေး၊ ဦး: ၂၁၆၊ ၂၁၇။
ဗာသောင်း၊ ဦး: ၂၁၈။
ဗာဟာနူဒင်, ၁၄၁။
ကာရှီးယား:
ဘေက, ၁၇၈၊ ၁၈၂။
သာဘိုအမ်
ဘိုသာ ၁၈၂။
ဘိုအူချီဗန်ဆိုင်, ၂၀၈။
ကိုင်ဇို
ဘက်စုံစိုက်ပျို: ၂၁၈ - ၂၂၁။
ရေး:
ဘတ္တလာ, ၁။
ရစ်ချတ်
ဘွဲ့တံဆိပ်တော်ရ ၂၂၂ -၂၂၆။
ဆရာတော် အရှင်
သူမြတ်များ:

မ

မစန္ဒာ ၁၀၃။
မလေးရှား:နိုင်ငံ ၂၂၆ - ၂၃၁။
မဟာသီမိုဟာ ၄၊ ၁၆၆၊ ၂၂၆၊
မက် ၂၂၇၊ ၂၂၉၊၂၃၁၊
၃၀၇။

မာဒေါ်ဗ်, အက်စလန် ၁၄၉။
မိလိုဆီဗစ် ၁၀။
မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါး များ အန္တရာယ် တားဆီးကာကွယ် ရေး (မြန်မာနိုင်ငံ) (၁၉၉၉) ၂၅၂ – ၂၄၀။
မိုဟာမက်ရီဇာ ပလီဗီဆု ၁၉၅။
မိုးမိုး (အင်းလျား) ၁၀၃။
မင်ဒဲလာ: ၁၇၈။
မင်းတုန်းမင်း: ၃၈၊ ၂၇၁။
မင်းအောင် ၉၇။
မောင်ထင် ၉၇၊၉၉။
မောင်အေး၊ ဗိုလ်ချုပ်ကြီး: ၂၊ ၄၊ ၇၊ ၈၊ ၃၉၊ ၄၀၊ ၄၃၊ ၄၄။
မျိုးညွန့်၊ ဦး: ၂၄၀၊ ၂၄၁။
မြသန်းတင့် ၁၀၂။
မြတ်ဘုရား: ၃၄ – ၄၅။
ရွှေတိဂုံထီးတော် တင်ပွဲ
မြန်မာနိုင်ငံ ၇၆ – ၈၁။
ငါးလုပ်ငန်း: မြန်မာနိုင်ငံ ၂၄၁ – ၂၄၄။
စာပေဆုများ: မြန်မာနိုင်ငံတော်၊ ၂၄၄– ၂၅၅။
ပြည်ထောင်စု မြန်မာနိုင်ငံမှ ၂၅၆။
နိုင်ငံရပ်ခြား: စာပေဆုရပုဂ္ဂိုလ်
မြန်မာ့ရိုးရာ ၂၅၆ – ၂၅၉။
ယဉ်ကျေးမှုအဆို အကအရေးအတီး: ပြိုင်ပွဲ
မြန်မာ့ရိုးရာ ၂၅၉ – ၂၆၀။
ထူးချွန်ဆု
ယ
ယူနိုက်တက် ကင်းဒမ်းနိုင်ငံ ၂၆၁ – ၂၆၇။
ယဲ့လ်ဆင် ဘောရစ် ၁၁၉၊ ၁၇၃။
ရ
ရန်ကုန်ဘဆွေ ၉၅။
ရွှေဟောင်း: လက်ဝတ်ရတနာ များနှင့် အနုပညာ လက်ရာမြောက် ရွှေဟောင်းပစ္စည်း: များ ပြပွဲ ရွှေရတု တိပိဋ္ဌက ၂၇၀ – ၂၈၁။
ဓရဿာသနာ့ အာဇာနည်ပုဂ္ဂိုလ် များ:
လ
လာမည့်နှစ်များ: ၈၂ – ၉၃။
အတွက် ကျန်းမာ ရေး မိတ်ဆက်
လက်တင် အမေရိက ၂၈၂ – ၂၈၇။
လင်းယုန် သစ်လွင် ၉၇။
လှကျော်, ဂျိမ်း(စ်) ၉၅။
ဝ
ဝါဒိုလာ,မူအစ် ဇာဒင် ၂၈၇၊ ၂၈၈။
ဝါဟစ်,အဗ္ဗဒူရာမန် ၂၃၀၊ ၂၄၄၊ ၃၀၈၊ ၃၀၉။
ဝံသာပါလာ လင်္ကာရ ၂၈၈ – ၂၉၀။
ဝင်းမြင့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး: ၃၉၊ ၄၃။
သာဓု ၉၇။
သီလကွန္ဒာဘိဝံသ ၂၉၀၊ ၂၉၁။
သန်းရွှေ၊ ၁၊ ၂၊ ၄၊ ၇၊
ဗိုလ်ချုပ်မှူးကြီး: ၃၉ – ၄၁၊ ၆၂၊ ၆၅၊ ၇၂၊ ၇၈၊ ၈၁၊ ၁၉၇၊ ၂၁၉၊ ၂၄၄။
သိန်းဖေမြင့် ဟ
ဟူစိန်(ကျော်ဒန် ဘုရင်) ၂၆၃၊ ၂၉၁၊ ၂၉၂။
ဟယ်(လ်)ဆင်ကီ ထိပ်သီးအစည်းအဝေး: ၃၀၆။
ဟွန်ဆန် ၇၊ ၁၂၃၊ ၁၂၅– ၁၂၇၊ ၂၁၀။
အ
အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေ: အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို များနှစ် အမေရိကန် ပြည်ထောင်စု ၁၊ ၂၉၃ – ၂၉၆။
အရှေ့ဖျာနှင့် တောင်ပစိဖိတ် နိုင်ငံများ: မသန်စွမ်း သူများ: အားကစား: ပြိုင်ပွဲ ၇၀ – ၇၅၊ ၂၆၄ – ၂၇၀။
အရှေ့အလယ်ပိုင်း: ဒေသ ၂၉၈ – ၃၀၂။
ဥရောပသမဂ္ဂ ၃၀၂ – ၃၀၆။
အင်ဒိုနီးရှားနိုင်ငံ ၃၀၇ – ၃၁၂။
အိန္ဒိယ သမ္မတနိုင်ငံ ၃၁၂ – ၃၁၇။